

မင်းကွန်းတိပိဋကတ်= ဒီကာယ သာသနာပြုအဖွဲ့.

ဒုတိယသုံးနှစ်ခရိုး

ဝမ္မဒီက

၂၀၄၀တ

ဒုတိယ သုံးနှစ်စရိုး

၁၃၄၃ ၁၃၄၄ ၁၃၄၅

ဆရာဆန္ဒအရ ဝိဇ္ဇာကြွယ်ပွားရေးဦးစီးဌာန
စာကြည့်တိုက်
ဆပ်ပြာစေး - ရန်ကုန်။

တိပိဋကတ = နိကာယ သာသနာပြုဒေသမှ ဓမ္မဒါန ထုတ်ဝေသည်။

သာသနာ ၂၅၂၁ ကောဇာ ၁၃၇၉ စရဏ ၁၉၈၇

၂၂၅

မင်းကွန်း
တိပိဋကဓရ ဆရာတော်ဖြင့်။
ညွှတ်ပါး

မြတ်စွာဘုရား
ဟောဖော်ကြားသည့်
တရားတော်ယာဉ်
ဒေသနာ စဉ်ဟူ
ဘောဇဉ် ဖြိုက်ခဲ
ဓမ္မ ပွဲလျှင်
လက်ထဲ ပုံသေ
ဆိုက်ရောက် နေလျှက်
ရှောင်သွေ နှုလုံး
ကိုယ်မသုံး ဒေသ်
အာရုံး ကိုယ့် ပြင်
ရှိစျိမ့်လော ။ ။

ဤသာသနာ့ဓမ္မ၊ ပဋိဘာဏကောဇဿတ္ထရာဇာ၏ ဝေဒဂူဠာဓိပတိ ဦးဝိစိတ္တသာရာဘိဝံသ
တိပိဋကဓရဆရာတော်
ညွှတ်ပါး
(၁၁၊ ဖေ၊ ၁၉၈၅)

မင်းကွန်းမိုးမိတ်ကုန်းပြေရှုခင်း



ပင်းကွန်းတောင်ရိုးမိုးမိတ်ကုန်းပြေမှ ပဂိုယတ်မျိုးဆက် ဇာနည်လောင်းလျာများ

ဗောဓိသုံးမျိုးပင်ပျိုခြောက်ဆူပင့်ဆောင်ပွဲ

ဘုဉဂ ခုတန်ဆောင်မုန်းလဆန်း၁၁ ရက်၊ ဘုဂ၂၃၂၃ နိုဝင်ဘာလ၂၂ရက်၊သောကြာနေ့၊

မန္တလေးမြို့ဝိဇိတဒါနသာသနာ့အထူးကုသေဆးရုံကြီးအုတ်မြစ်ချပွဲ

ဘုဉ်ဖေ့တန်ခူးပြည့်နေ့၊ ဘုဂဂဒု မြေလယ်ဇာရုက်၊ ကြာသပတေးနေ့၊

ရန်ကုန်မြို့နှင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တည်ဆောက်ရေး
အစီအစဉ်ကိုဥက္ကဋ္ဌဆရာဝန်ကြီးဦးသာလှရှင်းလင်းလျှောက်ထားစဉ်

ဘုဂ္ဂဓုစာနှုးပြည့်ကျော် ၆ ရက်၊ ဘွဲ့ရဒု ပြေလမ်းဟာရက်၊ ဝင်နေ့

မန္တလေးပြိုနိုင်ငံတော်ဟရိယတ္တိသာသနာ့တက္ကသိုလ်အုတ်မြစ်ချပွဲ

ဘုဉ္ဇရာဖါဆိုလ်သန်းရာဂုက်၊ဘဉ္ဇာဘုရားလိုင်လာဘုရက်၊တနင်္္ဂနွေနေ့၊

နိုင်ငံတော်ဟရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများဆောက်လုပ်လျှဒါန်းရေးအတွက်
ဆရာ-ဒကာအထက်အောက်စုန်ဆန်ကာ ပဏာမပန်းရွက်ဆောင်လျက်

အရိယမဂ္ဂင် ဆရာတော်ဘုရားကြီး

အဂ္ဂမဟာသဒ္ဓမ္မဇောတ ဘဒ္ဒန္တအာရိယမ ၊ အရိယမဂ္ဂင်ချောင် ၊ မင်းကွန်းတောင်ကြီး

စစ်ကိုင်းဖွေဟသီ ဆရာတော်ဘုရားကြီး

အရှေ့ဟားဟက်တိတ၊ အာဂိဝရမဟာရဋ္ဌရဋ္ဌ အနှစ်ဟက်တဒိဋ္ဌိ၊ ဖွေဟသီကထိကသဒ္ဓ၊ ဓမ္မဆိုင်ရှိ၊

ကျော်ရင်



ဝန်းသို ခန္ဓီးဆရာတော်ဘုရားကြီး

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒန္တသဉ္စာန၊ ခန္ဓီးတောင်တိုက်၊ ဝန်းသိုမြို့



ဗျွေဝေတီ ဆရာတော်ဘုရားကြီး

အင်္ဂုတ္တရာပဠိတော် ဘာဒန္တသုတ္တရဲ့ ဗျွေဝေတီသာသနာ့ဂိုဏ်းသား၊ စစ်ကိုင်းမြို့ရှိ၊

ပဌာန်းသိပ္ပံ ဆရာတော်ဘုရားကြီး

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုန္ဒကာ၊ ပဌာန်းသိပ္ပံကျောင်း၊ စစ်ကိုင်းတောင်ကို၊



စစ်ကိုင်းနန္ဒမူဇောင် ဆရာတော်ဘုရားကြီး

ဓာတ်ပုံအားယူသူတော် ဘန္တေဒဿမဟာ၊ နန္ဒမူဇောင် ၊ စစ်ကိုင်းတောင်ခွဲ၊



မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ ဒဿမဟာပဏ္ဍိတ၊ အာဒိဝဒမဟာရဋ္ဌဂုရု

ဘဒ္ဒန္တ ဝိဇိတာဝီသ၊ ဓမ္မနာဒတိဒ္ဒိက၊ မင်းကွန်းတောင်ပိုင်း၊

(ဓာတိပုံ - ဒေကာင်ထွန်းမိုင်း၊ ပြည်ကြီးမြို့နယ်၊ ၏ ဖျင်ဒိန်)

ဥက္ကဋ္ဌ ဆရာဝန်ကြီးဦးသာလှ

<ဓာတ်ပုံ-အောင်ထွန်းနိုင်၊ပြည်ပြုန်းမှ၊၏ ဝယ်ယူရန်>



မင်းကွန်းတိုပင်ုက=နိကာယသာသနာပြုအာပွဲ့
ဒုတိယသုံးနှစ်ခရိုး

စာစောင်ကော်မတီ

ဥက္ကဋ္ဌ ● ဦးအောင်မွန်၊ဦးကျော်ဝင်းမြင့်၊မင်းကွန်းတိုပင်ုကဝရဆရာတော်၊ဦးအောင်သန်းဦးအောင်၊

ဒေနကိတန်း ● ဦးမောင်မောင်ကြီး၊ဦးတင်မြင့်၊ဦးဆန်းထွန်းဦးချမ်းသာ၊ဦးသာလှ၊ဦးသုခ၊ဒဂုန်ဦးစန်းငွေ၊
ဦးတင်ဟိန်း၊ဦးအေးမြင့်၊ <ဓာတ်ပုံ-အောင်ထွန်းနိုင်၊ပြည်ပြန်မာ၊ဇာဝမ္ဘဒါန>

၂။ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် အဖြေဆရာတော်အဖြစ် ဆောင်ရွက်တော် မူ၍ သာသနာပြုတော်မူခြင်း၊

၃။ မဟာဗုဒ္ဓဝင် ကျမ်းကြီး ခြောက်တွဲ ရှစ်အုပ်ကို ဦးစီး ရေးသားတော်မူခြင်းတို့ပင် ဖြစ်ပါသည်။

ထို ဒုတိယပိုင်း ပထမ သာသနာပြု လုပ်ငန်းရပ်ဖြစ်သော တိပိဋကရွတ်ဆိုတော်ရ အရှင်မြတ်များ ပေါ်ထွန်းရေး ဆောင်ရွက်ရာတွင်....

၁။ ဗုဒ္ဓပူဇာအဖြစ် မိုးမိတ် စေတီတော်ကြီးအား နှစ်စဉ် နိဗ္ဗုဒ္ဓ ပူဇနီယပွဲတော် ကျင်းပ ပြုလုပ်၍ ပူဇော်ခြင်း။

၂။ ဓမ္မပူဇာအဖြစ် နှစ်စဉ် တိပိဋကနှင့် နိကာယ စာအောင် အရှင်မြတ်များအား ဂုဏ်ပြု ပူဇော်ခြင်း။

၃။ သံဃ့ ပူဇာအဖြစ် နှစ်စဉ် မင်းကွန်းတောင်ရိုးမှရဟန်း, သာမဏေများအား သင်္ကန်းဒွိစုံ ကပ်လှူ ပူဇော်ခြင်းများအပြင် ထေရီအသွင် သီလရှင် ဆရာကြီး, ဆရာကလေး အပါး (၄၀၀)ကျော်တို့အား ဝတ်စုံအလှူ လှူဒါန်းခြင်းများ ပြုလုပ် ကျင်းပလာခဲ့ရာ သာသန့ ပူဇာအတွက် ဆောင်ရွက်ရန် တာဝန်ကျရောက်လာသဖြင့် ဒုတိယ သုံးနှစ်ခရီး စာစောင် ထုတ်ဝေရန် ကိစ္စမှာ နှောင့်နှေး ကြန့်ကြာခဲ့ရပါသည်။

သာသနာ့ပူဇာ ဝမ်းမြောက်ဖွယ်ရာကို တင်ပြရပါသော်- နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ကြီးက ပရိယတ္တိ ပညာရေး မူလေးချက် ချမှတ်ရာတွင် ပိဋကတ် သုံးပုံကို ဘာသာငါးမျိုး ဖြစ်သော အင်္ဂလိပ်၊ မြန်မာ၊ ပါဠိ၊ ဟိန္ဒူ၊ သင်္ဃကရိုက် ဘာသာများဖြင့် သင်ကြားပို့ချပြီး ပြည်တွင်း ပြည်ပသို့ သာသနာပြုနိုင်မည့် ရဟန်းတော်များ ပေါ်ထွန်းရေးအတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် နိုင်ငံတော် ပရိယတ္တိ သာသန့ တက္ကသိုလ်ကြီးများ ဆောက်လုပ် လှူဒါန်းရန် တာဝန်ကို တိပိဋက=နိကာယ သာသနာပြုအဖွဲ့၏ လုပ်ဆောင်ချက်များအပေါ် အောင်မြင်မှု ရရှိနေသည်ကို တွေ့မြင်သည့် အားလျော်စွာ မင်းကွန်း တိပိဋကဓရ ဆရာတော် ဘုရားကြီးအား ၁၃၄၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈)ရက် နေ့ခဲ့ပါစာဖြင့် မန္တလေးမြို့တွင် နိုင်ငံတော် ပရိယတ္တိ သာသန့ တက္ကသိုလ်ကြီး တစ်ခု ဖွင့်လှစ်နိုင်ရန် ခေတ်မီစံပြ ကမ္ဘာ့စံချိန်မီ လိုအပ်သော သာသနိက အဆောက်အအုံများကို ဆောက်လုပ်လှူဒါန်းပါရန် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့က မေတ္တာရပ်ခံ၍ တာဝန်ပေးအပ်ခဲ့ပါသည်။

ထိုကဲ့သို့ တာဝန်ပေးအပ်ချက်အရ မူလ ပထမဦးထိပ်ဌာ တင်ရွက်၍ ထား ရှိသော ရေချမ်းအိုးကြီးတစ်လုံးမှ နှစ်လုံးဖြစ်ပေါ်လာပြီး တစ်နှစ်အကြာ ၁၃၄၅ ခု၊ တန်ဆောင်မုန်း လပြည့်ကျော် (၅)ရက် နေ့စွဲဖြင့် ထပ်မံ၍ ရန်ကုန်မြို့တွင် လည်း အလားတူပင် ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး တစ်ခုဖွင့်လှစ်ရန် သာသနိက အဆောက်အအုံများကို ဆောက်လုပ်လှူဒါန်းပါရန် မေတ္တာရပ်ခံ တာဝန်ပေးအပ်ပြန်ပါသည်။

တိပိဋကာ=နိကာယ သာသနာပြုအဖွဲ့ဝင် သူတော်စင်များနှင့် နာယကကြီး များ၊ ပင်မအဖွဲ့နှင့် အဖွဲ့ခွဲများမှ အမှုဆောင်လူကြီးများတို့အား လုံး ညီညာ သဘောတူညီကြသည်မှာ ဗုဒ္ဓဘာသာ မြန်မာလူမျိုး ဖြစ်လာခွင့် ရရှိကြသော အချိန်အခါတွင် တိုင်းပြည်အတွက်, လူမျိုးအတွက်, ဘာသာအတွက်, သာသနာ အတွက် မိမိတို့ စွမ်းဆောင်နိုင်သလောက် ဆောင်ရွက်ကြရမည့် တာဝန် ရှိသည်ဟု ခံယူကြပါသည်။

ထိုခံယူချက်အရ ရေချမ်းအိုးကြီး သုံးလုံးကို ဦးခေါင်းပေါ်တွင် တင် ဆောင်ကာ တိပိဋကမရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်များ ပေါ်ထွန်းရေးအတွက် ဆောင်ရွက်ဆဲ ရှိပါသော သာသနာပြုလုပ်ငန်းများ အရှိန်အဟုန် မလျော့ပါး စေရေးနှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများ ဖွင့်လှစ်နိုင်ရန် အထူးလိုအပ်လျက် ရှိပါသော သာသနိက အဆောက်အအုံများ ပြည့်ပြည့်စုံစုံ ဆောက်လုပ်လှူဒါန်းနိုင်ရေးတို့ကို အားသွန် ခွန်စိုက် နေ့မအား ညမအား အနယ်နယ်သို့ ခရီးသွားကြပြီး စီစဉ်ဆောင်ရွက် နေကြရသဖြင့် ဒုတိယသုံးနှစ်ခရီး စာစောင် ထွက်ပေါ်လာရန်အတွက် နှောင့်နှေး ခဲ့ရပါသည်။

ဖော်ပြပါ ရေချမ်းအိုးကြီး သုံးလုံးကို ဦးထိပ်ဌာ တင်ဆောင်ကြလျက် ဆောင်ရွက်ကြရာတွင် ဗုဒ္ဓဘာသာနွယ်ဝင်သူတော်စင်တိုင်း ပါဝင်၍ ကာယအား အလှူတော်၊ ဒါနအား အလှူတော်၊ ဉာဏအား အလှူတော်များဖြင့် ပါဝင်လှူဒါန်း ပူဇော်ကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

ဦးသာလှ

ဝက္ကကျော်ထင်၊ အထူးကု ဆရာဝန်ကြီး

ဥက္ကဋ္ဌ

ရန်ကုန်-မန္တလေး၊ နိုင်ငံတော် ပရိယတ္တိ

သာသနာ့ တက္ကသိုလ်ကြီးများ

ဆောက်လုပ်လှူဒါန်းရေးအဖွဲ့

တိ-နိဒ္ဒတိယသုံးနှစ်ခရီးတအုပ်
ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း ပထမအကြိမ်

သာသနာနှစ်-၂၅၃၁

ကောဇာသက္ကရာဇ်-၁၃၄၉-ခုနှစ်

၁၉၈၇-ခုနှစ်

အောက်တိုဘာလ

ဓမ္မဒါန

အုပ်ရေ ၃၀၀၀

အဖုံးပန်းချီ မောင်အေးမြင့်

(မြန်မာ့ရိုးရာဒီဇိုင်း)

အဖုံးရိုက် ညွှန့်အော့ဖ်ဆက်

စာအုပ်ချုပ် ပပစိုး

ခွင့်ပြုချက် မျက်နှာဖုံး (၁၄၈)

ဘာသာရေး (၁၈၄)

ထုတ်ဝေသူ ဒေါက်တာ သာလှ (ကင်းလွတ်ခွင့်-၅၅)ဥက္ကဋ္ဌ
မင်းကွန်း တိပိဋကနိကာယသာသနာပြုအဖွဲ့
အမှတ် ၁၂၊ နယူးလင်းလမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဦးကြည်(မြ-၀၂၄၀၉) ပညာဒီပဓာန်ပုံနှိပ်တိုက်၊
အမှတ်-၄၁၊၄၄လမ်း၊ ရန်ကုန်မြို့၌ ရိုက်နှိပ်သည်။

စာတည်းအဖွဲ့

* ဦးဆောင် ပဓာန နာယက
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဆရာတော်ဘုရားကြီး
ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ

* ဥက္ကဋ္ဌ
ဝဏ္ဏကျော်ထင်၊ အထူးကုဆရာဝန်ကြီး
ပါမောက္ခ ဦးသာလှ

* အကျိုးတော်ဆောင်
ဦးမောင်မောင်ကြီး

* စာတည်းချုပ်
ဒဂုန်ဦးစန်းငွေ

* ကဗျာစာတည်းမှူး
လက်ဝဲမင်းညို
(မဟာသရေစည်သူ ဦးချမ်းသာ၊
အိုင်-စီ-အက်၊ အငြိမ်းစား)

* စာတည်းအဖွဲဝင်
ဦးသုခ
ဦးဆန်းထွန်း
ဦးစောမြင့်
ဦးအောင်သန်း
ဦးတင်ဟိန်း
ဦးအောင် (ဘဏ်လင်း စာပေ)
ဦးအေးမြင့်
(မြန်မာ့ရိုးရာဒီဇိုင်း)
ဦးကျော်ခင်မြင့်
ဦးအောင်မွန်

စာတည်းစာပြင်

ဆရာကြီးဦးရန်အောင်
ဆရာကြီးဦးထွန်းလှိုင်
(ဝဋ်သကာ+သိရောမဏိ)
ဦးထွန်းလွင်
(ဓမ္မာစရိယ၊ ဘီအေ)
ဦးအောင်ဝင်း
ဦးစိုးမြင့်

စာပေ

ပထမ ဓမ္မနာဒဆရာတော်ကြီး
ရွှေဟင်္သာဆရာတော်ကြီး
မစိုးရိမ်၊ ပဌာန်းဆရာတော်ကြီး
ဝန်းသို၊ ခန္ဓီးဆရာတော်ကြီး
ရွှေစေတီဆရာတော်ကြီး
ဘုံပျံဆရာတော်ကြီး
တောင်လေးလုံးဆရာတော်ကြီး
ဖျာပုံတိုက်သစ် ဆရာတော်ကြီး
မြင်းခြံကိုးဆောင်ဆရာတော်ကြီး
မင်းကွန်းတိပိဋကဓရဆရာတော်
ဗြဟ္မနိမ္မိတာရုံဆရာတော်ကြီး
နယားကျောင်းဆရာတော်ကြီး
ရဝေထွန်း
ဝိသုဒ္ဓါရုံဥုးအဂ္ဂိယ
အရှင်ဥက္ကံသာဘိဝံသ
အရှင်ဝိမလာဘိဝံသ
အရှင်ကုသလသာမိ
အရှင်ဝဇ္ဇာသီရီ
အရှင်ပဏ္ဍိတာဘိဝံသ
အရှင်ကောသလ္လ(ပြည်)
အရှင်ကုမာရ(ရွှေပရိယတ္တိ)
အရှင်စန္ဒောဘာသ(ဂန္ဓာရုံ)
အရှင်အာစရ (ဝန်းသို)
အရှင်ဂ္ဂန္ဓက
အရှင်ကုမာရ(မြောင်းမြ)
ရတနာမာရ်အောင်ထေရ်
ဌေးလွင် (ဆားလင်းကြီး)
အရှင်ဉာဏိသရ(သီတဂူ)
အရှင်ယောသိတ(ရေနံချောင်း)
ဥုးမာနိတသ်ရီ
ပခုက္ကူ ဦးကေလာသ
ပခုက္ကူ အရှင်ကေသရ
မြတ်ဆုမွန် (ငါန်းဇွန်)
အရှင်ကောဏ္ဍည (တောင်ရင်း)
အရှင်စန္ဒန (ဘားအံ)
အရှင်သုစိတ္တသာရ(နတ်မောက်)
အရှင်ဂ္ဂန္ဒာဝုဓ (မစိုးရိမ်)
ရှင်ဝေရဇယ (မင်းကွန်း)
မာဂဓီ(သာစည်)
ဥုးခမ်းသာ
ပါမောက္ခဥုးမောင်
ဒဂုန်ဦးစန်းငွေ
ဦးသုခ
ဦးဆန်းထွန်း
ဒေါက်တာမောင်မောင်
ဦးသာလှ
ဇေယျာမောင်
ကြည်မြ
အမ်အေဒေါ်အုန်း
ဦးကြည်ညွန့် (စစ်ကိုင်း)
မင်းယုဝေ
ဦးကြင်
ဓမ္မဃောသက ဦးမောင်မောင်
ဦးဒိုး
ဦးကျော်ဒင်
ဦးစောလှိုင်
ရန်အောင်
ဒေါ်ဓမ္မစာရီ
လူထုဒေါ်အမာ
ပါဠိပါမောက္ခ ဦးတင်လွင်
ဦးမောင်မောင်တင် -မဟာဝိဇ္ဇာ



ပန်းချီ

ဓမ္မာစရိယ ဦးဌေးလှိုင်
ဦးတင်ဟိန်း
ဆရာဝန်တင်ရွှေ
ဦးတင်လှိုင်
မောင်အေးမြင့်
(မြန်မာ့ရိုးရာဒီဇိုင်း)
ဦးကိုကို
တက္ကသိုလ်မောင်စောလွင်
ထွန်းလွင်
တင်ထွန်း(ဇိုလ်)
မြကေခိုင်
မင်းဘူးမျိုးသက်အောင်
ကျော်လှိုင်(ရန်ကုန်တက္ကသိုလ်)
ဦးမောင်မောင်ကြီး
(အကျိုးတော်ဆောင်)

ဦးဘလုံလေး
ဦးကြွယ်လေး
ဦးသောင်းဟန်
ဦးအုန်းခင်(သုခုမ)
ဦးအမ်တင်အေး
ဦးအောင်စိုး
ဦးစန်းလှိုင်
ဦးကျော်
ဦးသန်းအောင်
ဦးစံတိုး
ဦးတင်လှဝင်းထင်
ဦးပေါဦးသက်
ဦးဘီဟန်စိန်
ဦးမောင်မောင်သိုက်
ဦးကျော်သောင်း
ဦးဝင်းမောင်(တမွဝတီ)
ဦးကျော်ဖြူစံ

ဦးကြည်သိန်း
ဦးကောင်းစံ
ဦးမြင့်မောင်ကျော်
ဦးမျိုးမြင့်
ဦးရွှေစိုးဟန်
ဦးဇော်မင်း
ဦးအေ-သာတင့်ထက်
ဦးတင်မောင်မျင့်
ဦးသဇာ
ဦးစိုးဝင်းလွန်း
ဦးမာလာ
ဦးတင်ဝင်း
ဦးကျော်တင့်
မှိုး
ဦးအေးမြင့်
(မြန်မာ့ရိုးရာဒီဇိုင်း)

ကောင်းစံ

ရွတ်ပတ်သီဆိုပူဇော်

ဦးဆန်းထွန်း
ဆရာဦးသုခ
ဗိုလ်ကလေးတင့်အောင်
ဂီတလှုလင်မောင်ကိုကို
ရွှေမန်းအောင်ကြည်
မင်းနောင်
မောင်မော်ကြီး
တင်တင်မြ
မာမာအေး
ရီရီသန့်

ကာလာခွဲ

ဦးဆန်းဝင်း
ဦးခင်မောင်ကြီး
ဦးကြီးမြင့်
ဦးမောင်မောင်ဟိန်း
အတွင်းဗလင်များ
အောင်း

ပိန်းပိုး

ရွှေကိုင်းသား၊
ပန်းသာဦးထွန်းရီ
အောင်ထွန်းနိုင်(ပြည်မြန်မာ)
စစ်ကိုင်းလှမြင့်
ရန်အောင်(နယူးဇဟို)
ကျော်မြင့်(နယူးဇဟို)
မောင်မောင်သန်း
(မိုးမိတ်ကုန်းမြေ)
ဦးသိန်းတန်(မန္တလေး)
ဦးအောင်(ဘဏ်လင်းစာပေ)

ပုံနှိပ်

* ပညာဗိမာန်ပုံနှိပ်တိုက်
  အတွင်းစာသားများနှင့်
  သရုပ်ဖော်ပန်းချီဓာတ်ပုံများ
* ညွန့်ပုံနှိပ်တိုက်
  မျက်နှာဖုံး
* သိန်းမြင့်ဝင်းအော့ဖ်ဆက်
  ကြွေစက္ကူဖြင့်ရိုက်သော
  မျက်နှာစာရောင်စုံမှတ်တမ်း
  ဓာတ်ပုံများ
* ချိုတေးသံရောင်စုံပုံနှိပ်တိုက်
  အဖွင့်မျက်နှာ
  နယူးပုံနှိပ်တိုက်
  ပိဋကတ်စေတီရွှေပြား စာလုံးရိုက်

ပလက်တွဲ

ကိုသိန်းအောင်
ကိုဉာဏ်
ကိုအုန်းကြိုင်

စာတည်းအဖွဲ့၏

ကျေးဇူးတင်မှတ်တမ်းလွှာ

ဤ တိပိဋကတ=နိကာယ သာသနာပြုအဖွဲ့ကြီး၏ ဒုတိယ သုံးနှစ်ခရီးစဉ်အုပ်ကို ပြုစုထုတ်ဝေရာ၌ အဘက်ဘက်မှ ကာယအား၊ ဉာဏအား၊ ဒါနအားတို့ဖြင့် ပါဝင် ကူညီလှူတော်မူကြသော ဂန္ထကာရက မဟာထေရ်မြတ်ကြီးများ၊ စာပေပညာရှင် ပုဂ္ဂိုလ်ကြီးများနှင့် ပန်းချီပညာရှင်ကြီးများ၊ အထူးအားဖြင့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များနှင့် ဌာနအသီးသီးတို့ကို ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြရပါသည်။

* **ပိဋကတ်တိုက်**
  သာသနာရေးဦးစီးဌာန
  ကမ္ဘာအေး။
* **တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်**
  တက္ကသိုလ်နယ်မြေ၊
  ရန်ကုန်။
* **ဆရာဦးဝန်**
  (မင်းသုဝဏ်)
* **ဦးပညာဇောတ(ကိုပညာ-အမရပူရ)**
  တောင်လေးလုံးကျောင်းတိုက်၊အမရပူရ။
* **ဦးသော်ကောင်း**
  စာကြည့်တိုက်မှူး၊
  တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်။
* **ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)**
* **ဦးရည်စိန်**
* **သမ္မောဒနီယကဆာကဏ္ဍ၏ အဖွင့်သရုပ်ဖော်**
  ရေးဆွဲပြီး ဒါနပြု ကူညီ ယူသော
  ပန်းချီဆရာကြီး ဦးအမ်တင်အေး ....

စာတည်းအဖွဲ့

ဒုတိယသုံးနှစ်ခရီး စာစောင်

မင်းကွန်းတိ=နိဿလနာပြုအဖွဲ့

အယ်ဒီတာချုပ်၏ ပရိုလောဂ်

သာသနာပြုရန် ဟူသော ဦးတည်ချက်ဖြင့် တိပိဋကတ=နိကာယအဖွဲ့ကြီးကိုဖွဲ့စည်းပြီးသာသနာပြု ကိစ္စရပ်များတွင် အားကြိုး မာန်တက် ဦးဆောင်လျက် ဆောင်ရွက် လုပ်ကိုင်လာခဲ့ပါသည်။ မန္တလေးမြို့၌ လည်းကောင်း၊ ရန်ကုန်မြို့၌ လည်းကောင်း သာသနာ့ဘက္ကသိုလ် ကျောင်းတော်ကြီးများကိုတည်ဆောက်လျက်ရှိနေကြောင်း သိကြသည့် အတိုင်းပင် ဖြစ်ပါသည်။

ထိုကဲ့သို့ ကြီးမားလှစွာသော သာသနာ့တာဝန်များကို အားသွန်ခွန်စိုက် ကြိုးပမ်းနေရသည်နှင့် ဤ "ဒုတိယသုံးနှစ် ခရီး" စာစောင်မှာ သတ်မှတ်ထားသော နေ့ရက်အချိန် ပြက္ခဒိန်အမီ ထွက်မလာနိုင်ဘဲ အချိန် ပိုလွန်မှ ထွက်လာရကြောင်းကို ရှေးဦးစွာ အစီရင်ခံလိုပါသည်။

ထိုမှတစ်ပါး-ဤစာစောင်အတွက် ရှုထောင့် အမျိုးမျိုးမှ မိမိတို့ မြင်သောအမြင်ဖြင့် စေတနာအဓိကထား၍ ရေးသားပေးပို့သော ရဟန်းပညာရှိ၊ လူပညာရှိ အသီးသီးတို့၏ ဆောင်းပါးများစွာ ရရှိခဲ့ပါသည်။ ရရှိသော ဆောင်းပါးများ၏ အင်အားနှင့်ထုတ်ဝေမည့် စာစောင်၏ ပမာဏမှာ မမျှတအောင် ဖြစ်နေပါသည်။ စာဖောင်ပေါင်း ရာနှင့်ချီ၍ ထုတ်ဝေသည့် တိုင်အောင်လည်း ဆောင်းပါးများမှာ ကုန်နိုင်ဖွယ် မရှိအောင် များပြားလှပါကြောင်း။

ထို့ကြောင့် ဇကနိပါတ်၊ ကဉ္စနက္ခန္ဓဇာတ်၌ လာသော တောင်သူကြီး၏ထုံးကို အခြေအနေနှင့် လိုက်ဖက်အောင် ကျင့်သုံးလိုက်ရပါသည်ဆိုသော အချက်ကိုလည်း ဆက်၍ အစီရင် ခံလိုပါသည်။ အဆိုပါ ကဉ္စနက္ခန္ဓဇာတ်တွင် တောင်သူကြီး တစ်ယောက်သည် ရှေးမြို့ဟောင်းနေရာမြေကွက်၌ ယာထွန်နေစဉ် ရွှေတုံးကြီးတစ်တုံးကို တွေ့ရလေ၏။ ထိုရွှေတုံးကြီးမှာ အဆမတန် ကြီးမားလှသော ကြောင့် မိမိ၏ ခွန်အားဖြင့် မယူနိုင်၊ မသယ်ဆောင်နိုင်ဖြစ်နေ၏။ မည်သို့ သယ်ဆောင်ရပါမည်နည်းဟူ၍ ရွှေတုံးကြီးအတွက် ပြဿနာ တက်လာပါကြောင်း။

သို့သော် ထိုတောင်သူကြီးသည် တွေးတောရင်းမှ အကြံကောင်းတစ်ခု ရရှိပါလေသည်။ "တစ်ယောက်အားနှင့် မသယ်ဆောင်နိုင်သော ထိုရွှေတုံးကြီးကို တစ်နိုင်စာ တစ်နိုင်စာ ပိုင်း၍ ပိုင်း၍ ဖြတ်ယူလျှင်သယ်နိုင်သည်"။ ဤသို့ အကြံရလာသဖြင့် ထိုရွှေတုံးကြီးကို တစ်နိုင်စာ တစ်နိုင်စာ ပိုင်းဖြတ်၍ သယ်ယူလေသောအခါ အောင်မြင်သွားလေသည်။

ဤတွင်လည်း ပေးပို့သော ဆောင်းပါးအားလုံးပါဝင်၊ အဆင်ပြေမှုကို ရှေးနှလျက် တောင်သူကြီး၏ထုံးကို ကျင့်သုံးကာ ဆောင်းပါးများစွာတို့ကို တစ်အုပ်စာတစ်အုပ်စာ ပိုင်း၍ပိုင်း၍ ထွက်ဆဲထွက်လာလတ္တံ့သော တတိယ သုံးနှစ်၊ စတုတ္ထ သုံးနှစ်စသည့် သုံးနှစ်ခရီး စာစောင်များတွင် အသုံးပြုခြင်းအားဖြင့် ထိုဆောင်းပါးများကို မြင်တွေ့ကြရမည် ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။

ဒဂုန်ဦးစန်းဝင်း

အယ်ဒီတာချုပ်

တိပိဋကတ = နိကာယသာသနာပြုအစွဲ.

ဒုတိယ သုံးနှစ်ခရီး

ဝိဇ္ဇာကာ

သာသနာ = ၂၅၃၁
ကောဇာ = ၁၃၄၉
ခရစ် = ၁၉၈၇

ကဏ္ဍ(၁)သမ္မောဒနီယကထာ

– အနုမောဒနာကထာ..... ....စစ်ကိုင်း၊ ရွှေဟင်္သာဆရာတော်ကြီး ၁
– အနုမောဒနာဩဝါဒကထာ.... ....ဝန်းသို့၊ ခန္တီးဆရာတော်ကြီး ၆
– မရှိလျှင်မဖြစ်သောသူမြတ်ပုဂ္ဂိုလ်ထူး.... ... တောင်လေးလုံးဆရာတော်ကြီး ၇
– မမ္မစေတီမျှား တည်ထားခြင်း.....မြင်းခြံ၊ ကိုးဆောင်ဆရာတော်ကြီး ၁၄
– ထောမနာစာတမ်း..... .... ရွှေစေတီ ဆရာတော်ကြီး ၁၉
– အစ္ဆရိယကထာ... .....ဘုံပျံဆရာတော်ကြီး ၂၂
– ဆယ့်သုံးပါးသော ဂုဏ်ရည်... ....ဖျာပုံတိုက်သစ်ဆရာတော် ၂၈

ကဏ္ဍ(၂)နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ

– နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ..... ....ဦးတင်ဟိန်း ၃၃
– ခေတ်ကာလရဲ့တောင်းဆိုချက် ပရိယတ္တိတက္ကသိုလ်.....လူထု ဒေါ်အမာ ၅၄
– နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကိုကြိုဆိုပါသည်
.....ကျော်လှိုင်(ရန်ကုန် တက္ကသိုလ်) ၆၅
– မမ္မရ သာဒၢန သောဘိဏီသိမ်အောင်စာ..... .....အရှင်ဥက္ကံသာဘိဝံသ ၇၅
– မမ္မရ သာသနသောဘိဏီသိမ်တော် ရတုပိုဒ်စုံ..... .....လက်ဝဲမင်းညို ၉၁
– ရန်အောင်မြင် ဆင်းတုတော်ကြီး.... .....ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ) ၉၄
– ရန်ကုန် မဟာသိမ်တော်ကြီးဘွဲ့.....ဒဂုန်ဦးစန်းငွေ ၁၀၂
– နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ရှိမဟာသိမ်တော်ကြီး.....
.....နတ်မောက် အရှင်သုစိတ္တသာရ ၁၀၄

ဒုတိယ သုံးနှစ်ခရီး

ပဒုမ်းကာ

တိပိဋကတ = နိကာယသာသနာပြုအစွဲ.

သာသနာ = ၂၅၃၁
ကောဇာ = ၁၃၄၉
ခရစ် = ၁၉၈၇



- မမ္မဒုတ တက္ကသိုလ်ကြီးများ... ....အရှင်ဉာဏိသရ(သီတဂူ) ၁၁၀
- ပြည်တွင်းပြည်ပ သာသနာပြုရေး..... .....ကြည်မြ ၁၂၂
- ကမ္ဘာတစ်ဝန်း သာသနာရှာင်လွှမ်းစေမည်.....စန္ဒန(ဘားအံ) ၁၂၅
- လူမှန် မူမှန် နေရာမှန်သို့..... .....ဦးချမ်းသာ ၁၅၀
- သာသနာ့အသက် ဗမာကဆက်.... ....အမ်အေ ဒေါ်အုန်း ၁၆၂
- သာသနာပြုဟူသော်ကား.....တိုက်သစ်ပဇ္ဇောတာရုံဆရာတော် ၁၇၂
- နှလုံးသား၏ တောင့်တချက်.... ....ထွန်းလွင် ၁၈၀
- အလွန်ကံကောင်းကြသောမြန်မာပြည်ရဟန်းတော်.... ....အရှင်ဃောသိတ (တဘဝသာသနာ) ၁၉၂

ကဏ္ဍ(၃)မင်းကွန်းမိုးမိတ်ကုန်းမြေ

- စတီသာလော နိမ္မာလော.... ....အရှင်ကောဏ္ဍည(တောင်ရင်း) ၁၉၇
- မိုးမိတ်ကုန်းမြေသို့ တစ်ခေါက်ပြန်.....ဒေါက်တာမောင်မောင် ၂၁၀
- ပလိဗောဓ .... ရဝေတွန်း ၂၂၁
- ဦးပဉ္ဇင်းတို့ အလွန်ကံကောင်းတယ်..... .....မြတ်ဆုမွန် (ငန်းဇွန်) ၂၂၈
- တိပိဋကဓရ ပေါ်ထွန်းရေး .... ဦးကြင် ၂၄၄
- သာသနာ့ကျက်သရေဆောင်.....မင်းဘူး မျိုးသက်အောင် ၂၅၂
- တိပိဋကဓရ ဆရာတော်ကြီး၏ မေတ္တာစေတနာ.....မင်းယုဝေ ၂၅၆
- တပေါသုခ အရပိုင်ကြစေ..... ....တက္ကသိုလ်မောင်စောလွင် ၂၆၀
- မိုးမိတ်ကုန်းမြေ စာအောင်သံဃာတော်များ ထောမနာမင်္ဂလာရတုပိုဒ်စုံ.... ....လက်ဝဲမင်းညို ၂၆၅

တိပိဋကဂ = နိကာယသာသနာပြုအစွဲ.

ဒုတိယ သုံးနှစ်ခရီး

ဝိဇ္ဇာမာယာ

သာသနာ = ကျင့်ဝတ်
ကောဇာ = သင့်လျော်
ခရစ် = ဘုရားရှင်မွေးနေ့

– ဆုံးမမြွက်ဟ ဩဝါဒ.... .... အရှင်ကေန္ဒာဝုဓ ၂၆၉
– ရေကြောင်းအလှူတော် ပဲပူဇော် ပုံဖော်ခဲ့လေသူ.....ဘိက္ခုဝေဂဇယ ၂၃၀
– မင်းကွန်းကုန်းမြေမှ သမီးတို့၏ အမျှဝေသံ.....
.....ရတနာမာရ်အောင်ထေရ်(မေမြို့) ၂၈၉
– တိပိဋကဓရဆရာတော်ဘုရား ကြီးမှူးတည်ထောင်တော်မူသော ....
သာသနာတော်ကြီး၏ ဘဏ္ဍာရေးအခြေအနေ..... ....ဦးကိုကို ၂၉၄
– တိပိဋကဓရဘွဲ့တံဆိပ်တော်ရ ငွေရတုပူဇော်မှတ်တိုင်များ.....ဦးသာလှ ၃၀၅
– မင်းကွန်း မိုးမိတ်ကုန်းမြေရှိ တောဒက်ဘွဲ့ရပုဂ္ဂိုလ်များ၏ .....
ရုပ်လုံးရုပ်တုတော်များ စာရင်းနှင့်ဓာတ်ပုံမှတ်တမ်း..... ..... ၃၁၉
– ဗောဓိသုံးစုံစိုက်ပျိုးပွဲကေပိုဒ်ရတု.... ....ဦးချမ်းသာ ၃၄၉
– ဗောဓိသုံးမျိုး ပင်ပျိုခြောက်ဆူ.....မမွေးသောသက ဦးမောင်မောင် ၃၅၀
– တိပိဋကဓရဆရာတော်ဘုရားကြီး၏ဗောဓိယင်္ကာဝတ်ဓာတ်ပုံမှတ်တမ်း ၃၆၁
– ဗောဓိဝန္ဒနာလေးဂါထာ.... .... ၃၆၄
– ပိဋကတ်စေတီ သမိုင်းလင်္ကာ.... ....ဦးချမ်းသာ ၃၆၉
– ထူးစွာ့စေတီ ဖူးရပေပြီ ကျူးလွန်ဘေရီ.... ....လင်္ကာစံထား ၃၇၀
– ပိဋကတ်စေတီတော် ဓာတ်ပုံမှတ်တမ်းတင်..... .... ၃၇၇
– ပိဋကတ်စေတီတော် သိမ့်တ်ဖွယ်အကျဉ်း.... ... .
.....မောင်အေးမြင့်(မြန်မာ့ရိုးရာဒီဇိုင်း) ၃၈၅
– ပိဋကတ်ဥဒေစေတီတော် ဓာတ်ပုံမှတ်တမ်းတင်..... ... . ၄၀၅



ဒုတိယ သုံးနှစ်ခရီး

ဓမ္မဝိဇ်ဇာ

တိပိဋကာ = နိကာယသာသနာပြုအာဖွဲ့

သာသနာ = ၂၅၃၁
ကောဇာ = ၁၃၄၉
ခရစ် = ၁၉၈၇



ကဏ္ဍ(၄)မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး

– တိပိဋကဓရဆရာတော်ဘုရား သက်တော်(၇၁)နှစ်ပြည့်..... ၄၀၉
မွေးနေ့ပူဇော်ပွဲ မင်္ဂလာရတုပိုဒ်စုံ.... ....ဦးချမ်းသာ
– သာသနာ့ရေးရာ ကိုယ်တွက်တာ... .... ဘဒ္ဒန္တကုသလသာမိ ၄၁၃
– အတုယူဖွယ် နည်းယူဖွယ်..... ....ဘဒ္ဒန္တဝိမလာဘိဝံသ ၄၁၇
– သုံးနှစ်ခရီးစာစောင် အကြိမ်တစ်ထောင်ကျော်.... .....
ထွက်ပေါ်စေချင်း.... ....ဝိသုဒ္ဓါရုံဥုးအင်္ဂယ ၄၂၁
– မင်းကွန်းတိပိဋကနိကာယသာသနာပြုအဖွဲ့ကြီးသို့.....
အရှင်စန္ဒောဘာသ(မဟာဂန္ဓာရုံ) ၄၂၄
– အစ္ဆရိယ အဗ္ဘုတပုဂ္ဂိုလ်.... ....အရှင်ဝဇ္ဇသိရီ(အဂ္ဂမဟာကျော်) ၄၂၈
– ဓမ္မဝိဟာရီ.... ....အရှင်ပဏ္ဍိတာဘိဝံသ(မဟာစည်သာသနာ့ရိပ်သာ) ၄၄၄
– သာသနာပြုလုပ်ငန်းများဆိုင်ရာကန်တော့ပန်း .... အရှင်ကောသလ္လ(ပြည်) ၄၄၈
– အရိယ ပန်းကုံး.... ....ဘဒ္ဒန္တသဟမ္မတိ ၄၅၂
– တာဝန်နှင့် လုပ်ကိုင်ခွင့်.... ....ဘဒ္ဒန္တကုမာရာဘိဝံသ ၄၅၄
– ဗဟုသုတ ရဟန်းတော်များ.... ....ဦးမေဓိယာဘိဝံသ ၄၅၉
– ထူးထူးခြားခြား အမိန့်တော်များ..... ....အရှင်ကဿက(ညောင်ကန်အေး) ၄၆၂
– ပိဋကတ်၏အခြေအမြစ်.... ....ဥုးမာနိတသိရီ ၄၆၆
– မင်းကွန်းဆရာတော်ဘုရားကြီး.... ....ပခုက္ကူ အရှင်ကေလာသ ၄၇၀
– မြင်းခြံမြို့၊ အောင်ဇာတိနယ်မြေမှ ပူဇော်လျက်..... ....ဦးကျော်ဒင်် ၄၇၅
– ဆရာဘပည့်,ဒကာနှင့်သာသနာ.... ....မာဂဓီ(သာစည်) ၄၈၄
– ရှင်မဟောသဓာ..... .....ဦးဒိုး ၄၈၉
– ကျွန်တော့်အကြံကို စိစစ်ကြပါရန်..... .....ဦးကြည်ညွှန့်(စစ်ကိုင်း) ၄၉၂
– ညီညီညာညာ သာသနာပြုကြပါစို့.....ဘဒ္ဒန္တအာစရ(ဝန်းသို့) ၄၉၇
– နှစ်သက်မှုပီတိ ဖြာလောက်ပါသည်.....ပခုက္ကူအရှင်ကေသရ ၅၀၁



တိပိဋကက = နိကာယသာသနာပြုအဖွဲ့

ဒုတိယ သုံးနှစ်ခရီး

ပဝါရဏာ

သာသနာ = ၂၅၃၁
ကောဇာ = ၁၃၄၉
ခရစ် = ၁၉၈၇



– ရွှေရတုအကြို ပုလဲရတုပူဇော်ပွဲ..... .....ဦးစောလှိုင်(မြင်းခြံ) ၁၀၅
– တိပိဋကရ ဆရာတော်ဘုရား သက်တော်(၇၂)နှစ်ပြည့်.... ....
မွေးနေ့ပူဇော်ပွဲ မင်္ဂလာရတုပိုဒ်စုံ.... ....ဦးချမ်းသာ ၁၁၃
– ဆူးလေစေတီမြတ်နှင့်..... .....ဆူးလေဂေါပကအဖွဲ့ ၁၂၁
– တိပိဋကရ ဆရာတော်၏ စာပေစိတ်နှင့် စာပေအရေးအသား
.....ဌေးလွင်(ဆားလင်းကြီး) ၁၂၃
– ဗုဒ္ဓညီဖွား အာနန္ဒလော..... ....တင်ထွန်း(ဗိုလ်) ၁၃၀
– ပရိယတ္တိ သာသနဟိတ(သက္ကသီဟ)အသင်းကြီး၏ လျှောက်ထားလွှာ
.....ဦးတင်လှိုင် ၁၃၄
– တိပိဋကရ ဆရာတော်ဘုရားသက်တော်(၇၃)နှစ်ပြည့်
မွေးနေ့ပူဇော်ပွဲ မင်္ဂလာရတုပိုဒ်စုံ.... ....ဦးချမ်းသာ ၁၃၉
– မန္တလေးမြို့၊ ပရိယတ္တိ သာသနဟိတအသင်းကြီးမှ ဂုဏ်ပြုစာတမ်း.....
.....အသင်းမလူကြီးများ ၁၄၇
– အဖျင်းအည့ံစာလွှာ တင်ဆက်ပါ၏.....ရန်အောင် ၁၅၄
– ဓမ္မဘဏ္ဍာဂါရိက မာတာ.... ....ဒဂုန်ဦးစန်းငွေ ၁၅၅
– မယ်တော်ကြီး ဒေါ်မမ္မစာရီ.... ....ဦးဆန်းထွန်း ၁၆၃
– ဆရာတော်ဘုရား၏ ဉာဏပုဗ္ဗင်္ဂမ.... ....သုခ ၁၆၇
– တိပိဋကဓရ ဆရာတော်ဘုရားနှင့်.... ....ဆရာဝန်တင်ရွှေ ၁၇၂
– ဒုတိယသုံးနှစ်ခရီး ဓမ္မပူဇာပါဘုရား.... ....ဓမ္မာစရိယ ဦးဌေးလှိုင် ၁၇၆
– ဝံမေသုတံ.... ....ဇေယျာမောင် ၁၈၇
– ပရိယတ် အောင်လံ.... ....ပါဠိဓပါမောက္ခ ဦးတင်လွင် ၁၉၄
– ဆုမြတ်ပန်ထွာ ထေရ်မဟာ.... ....မြကေခိုင် ၁၉၅
– ဒုတိယသုံးနှစ်ခရီး မော်ကွန်းမှတ်တမ်း
.....ဦးမောင်မောင်ကြီး(အကျိုးတော်ဆောင်) ၁၉၇

သမ္မာဒိဋ္ဌိယကထာ

ပရိယတ္တိ နုခေါ မူလံ၊ သာသနဿ မဟေသိနော။
ဥဒါဟု ပဋိပတ္တိ တိ၊ ပရိယတ္တိ တိ ဒီပယေ။ ။

မဟေသိနော= သီလကွန္ဓ၊ စသည်ကျေးဇူး၊ ဂုဏ်အထူးကို၊ ဆည်းပူးရှာမှီးတော်မူပြီးသော မြတ်စွာဘုရား၏။ သာသနဿ=အဆုံးအမဖြစ်သော သာသနာတော်မြတ်၏။ မူလံ=အရင်းမူလ ပဓာန သည်ကား။ ပရိယတ္တိနုခေါ=ပရိယတ္တိလေလော။ ဥဒါဟု=သို့တည်းမဟုတ်။ ပဋိပတ္တိနုခေါ= ပဋိပတ္တိ လေလော။ ဣတိပုစ္ဆယျ=ဤသို့မေးငြားအံ့။ သာသနဿ=သာသနာတော်၏။ မူလံ=အရင်း မူလ ပဓာနသည်ကား။ ပရိယတ္တိတိ=ပရိယတ္တိသာသနာပါဟူ၍။ ဒီပယေ= ဖြေဆိုပြောကြားရာ၏။

မြတ်စွာဘုရား၏ သာသနာတော်သည် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ အားဖြင့် နှစ်ပါး ရှိသည်။ ထိုနှစ်ပါးသော သာသနာတော်တို့တွင် အရေးကြီးသော အခြေအမြစ် ပဓာနမူလဖြစ်သော သာသနာတော်သည် အဘယ်သာသနာ ဖြစ်ပါသနည်းဟူ၍ တစ်စုံတယ်ယောက်သော ပုဂ္ဂိုလ်က မေးမြန်းခဲ့သည်ရှိသော် ပရိယတ္တိသာသနာတော်သည်သာလျှင် အရင်းမူလ ပဓာနသာသနာ ဖြစ် ပေသည်ဟု ဖြေကြားရမည်ဟု ဆိုလိုသည်။

ဤအထက်ပါ အဖြေစကားကို ထုတ်ဖော်ရေးသားခဲ့သော ပုဂ္ဂိုလ်သည်ကား သာမည– အပ္ပါကတ–အုတ်ကြားမြက်ပေါက်–ကသောက်ကယောက် ပုဂ္ဂိုလ်မဟုတ်ချေ။ ပရိယတ္တိသာသနာ

အလွန်ထွန်းကားခဲ့သော ပုဂံပြည်၌ ထင်ရှားကျော်ကြား သော သဒ္ဒါတတ် စာတတ် သိမ်ဟိုင်္ဂ (သီရိလင်္ကာ) သံဃာ တို့ကပင် ချီးကျူးအံ့သြကြရသော-သဒ္ဒနီတိ သဒ္ဒါကျမ်း ကြီးကို စီရင်ရေးသားတော်မူသော 'အရှင်အဂ္ဂဝံသမထေရ် မြတ်' ဖြစ်တော်မူသည်။

ပရိယတ္တိ သာသနာ၊ ပဋိပတ္တိ သာသနာအားဖြင့် သာသနာတော် နှစ်ပါးရှိသည်တွင် ပဋိပတ္တိကိုလည်း အား ထုတ်ရမည် ဖြစ်သည်။ပဋိပတ္တိသည် ဒုက္ခခပ်သိမ်းအေးငြိမ်း ချမ်းသာရာဖြစ်သော နိဗ္ဗာန်သို့နီးသော ရောက်ကြောင်း တရားဖြစ်သည်။ ပဋိပတ်ကို အားမထုတ်ဘဲ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို မရနိုင်၊ မရောက်နိုင်ချေ။ သို့ကြောင့် ပဋိပတ် ကိုလည်း အားထုတ်ပွားများရမည်ပင် ဖြစ်သည်။

သို့ရာတွင် အားထုတ်အပ်သော ပဋိပတ္တိတရားသည် အားထုတ်ကျင့်သုံးသော ပုဂ္ဂိုလ်၏ သန္တာန်၌ သာလျှင် တည်၏။ ထိုပုဂ္ဂိုလ် သန္တာန်၌သာ ထင်ရှားဖြစ်၏။ ထို ပုဂ္ဂိုလ်သည်သာလျှင် သိမြင်၏။ အခြားပုဂ္ဂိုလ်တို့၌ သိခြင်း မရှိ၊ မြင်ခြင်းမရှိ၊ တည်ခြင်းမရှိချေ။ မိမိအား ထုတ်သော တရားကို မိမိသာလျှင် ရရှိခံစားနိုင်၏။ အခြားပုဂ္ဂိုလ် တို့ကား ခံစားနိုင်ခြင်း မရှိပေ။ ပေးကမ်း၍လည်းရသော သဘောမရှိပေ။ မိမိကိုယ်တိုင် ရရှိပြီးသော တရားသဘော ကို ဟောပြောပြသစေကာမူ ကြားနာသော ပုဂ္ဂိုလ်သည် ကိုယ်တိုင်အားထုတ်ပွားများမှသာလျှင် ရရှိသည်၊သိသည်၊ ကိုယ်တိုင်မြင်သည်။ မိမိကိုယ်တိုင် ရရှိသိမြင်ခြင်းကြောင့် ပြန့်ပွားစေရန် အဓွန့်ရှည်စွာ တည်စေရန် ပရိယတ္တိကဲ့သို့ ကား မဖြစ်နိုင်ချေ။ သို့ကြောင့် ပဋိပတ္တိသာသနာတော် သည် ပရိယတ္တိကဲ့သို့-အမြစ်မူလ-ပင်မပဓာနသဘောမရှိဘဲ ပရိယတ္တိသာသနာတော်သည်သာလျှင် အရင်းမူလ ပဓာန သာသနာတော် ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

ပရိယတ္တိ သာသနာတော် ဟူသည်ကား မြတ်စွာဘုရား ဟောကြားတော်မူသော နတ်ရွာနိဗ္ဗာန် ရောက်ကြောင်း သဒ္ဓမ္မတည်းဟူသော သူတော်ကောင်း တရားတို့ပင်ဖြစ် သည်။ သုတ္တန်ပိဋကတ်၊ ဝိနည်းပိဋကတ်၊ အဘိဓမ္မပိဋကတို့ သည်ပင်လျှင် ပရိယတ္တိ သာသနာဖြစ်ကြကုန်၏။ အဖန်ဖန်



သင်အံလေ့ကျက် ဆောင်ရွက်အပ်သော သဘော တရားတို့ဟူ၍ အဓိပ္ပာယ် ရရှိပေသည်။

ယင်းသို့သော ပရိယတ္တိ သာ သ နာ တော်ကို မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူပြီး ကာလ မကြာမီ အရှင်မဟာကဿပ အရှင်အာနန္ဒ အစ ရှိကုန်သော ငါးရာသော မထေရ်မြတ် ကြီးများ သည် မဇ္ဈိမ် မပျက် မပျက်အောင်၊ မမှား မယွင်း အောင်၊ အတုအပ မဝင်နိုင်အောင် စုပေါင်း ရွတ်ဆို သရဇ္ဈာယ်တော်မူကြ၍ ပဌမသင်္ဂါယနာ တင်ကာ ထိန်းသိမ်းတော် မူခဲ့ကြသည်။

ထိုမှနောက်၌ အရှင်မဟာယသ အမှူးရှိသော ခုနစ်ရာသော အရှင်မြတ်တို့သည် ဒုတိယအကြိမ် သင်္ဂါယနာတင်၍ ဆောင်ရွက်တော် မူခဲ့ကြသည်။ အရှင်မဟာမောဂ္ဂလိပုတ္တတိဿအမှူးရှိသော တစ် ထောင်သော အရှင်မြတ်တို့သည် တတိယအကြိမ် သင်္ဂါယနာတင်၍ ဆက်လက် ထိန်းသိမ်းတော်မူခဲ့ ကြသည်။ သီရိလင်္ကာ၌ ပေထက် အက္ခရာတင်၍ သီရိလင်္ကာ မထေရ်မြတ်တို့သည် စတုတ္ထအကြိမ် သင်္ဂါယနာတင်၍ ထိန်းသိမ်းတော် မူခဲ့ကြသည်။

မြန်မာနိုင်ငံ၌ မင်းတုန်းမင်းတရားကြီး လက် ထက်၌ မြန်မာဆရာတော် မဟော်ရမြတ်ကြီးများ သည် ညီနိုင်းသရေဇ္ဈာယ်တော်မူပြီး ကျောက်ထက် အက္ခရာတင်ကာ ပဉ္စမသင်္ဂါယနာတင်၍ ထိန်းသိမ်း တော်မူခဲ့သည်။

မြန်မာနိုင်ငံတော်၌ပင် သာသနာတော် နှစ် ၂၅၀၀ ပြည့်နှင့်ညီ၍ ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ သံဃာ့ထေရ်ကြီးများ ရှေ့ဆောင်ကာဆဋ္ဌသင်္ဂါ-ယ နာ ဆင်ယင် ကျင်းပတော်မူကြသည်။ ယင်းသို့ ဆောင်ရွက်တော် မူခဲ့ကြသောကြောင့် ယနေ့တိုင်

မြန်မာနိုင်ငံတော်၌ မြတ်စွာဘုရား၏ ပရိယတ် ပဋိပတ် သာသနာတော်သည် နေလပမာ ထွန်းလင်း တောက်ပလျက် ရှိပေသည်။

ပရိယတ္တိ သာသနာ တော်တည်း ဟူသော သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မ ပိဋကတော်များသည် သံဃာတော် အရှင်မြတ်တို့၏ သန္တာန်၌ အသိဉာဏ်ဖြင့် တည်ရှိနေသမျှ ကာလ ပတ်လုံး မြတ်စွာဘုရား၏ သာသနာတော် အပြည့်အစုံသည် မြန်မာနိုင်ငံ၌ ယနေ့ကဲ့သို့ပင် ပွင့်လင်းထွန်းကား စည်ပင်လျက် တည်ရှိ မည် သာ ဖြစ်ပေသည်။ ပဋိပတ် အကျင့်မှန်ကို သဒ္ဓါစေတနာဖြင့် ဖြောင့်စင်းသော စိတ်ဆန္ဒဖြင့် အားထုတ်လိုသော ပုဂ္ဂိုလ်တို့သည်လည်း သံဃာတော်များ ပို့ချသင်ကြား၍ ဆောင်ရွက်တော် မူလျက်ရှိသော ပရိယတ်တို့မှ ထုတ်ယူ၍ အားထုတ် ကျင့်သုံးကြရသည်။ပရိယတ်တို့ သာသနာမှ ထုတ်ယူသော ပဋိပတ်တို့သည်သာလျှင် သွာက္ခာတအစရှိသော တရားဂုဏ်တော် တို့နှင့် ပြည့်စုံသော ပဋိပတ်တို့ အစစ်ဖြစ်ပေသည်။သို့ကြောင့် လည်း ပရိယတ်တို့ သာသနာတော်သည် မူလ၊ ပင်မ၊ ပဓာန သာသနာ ဖြစ်သည်ဟု မိန့်တော်မူကြခြင်းဖြစ်သည်။

ယင်းသို့ အရေးပါ အရာရောက်၍ မြတ်စွာဘုရား၏ သာသနာတော် နှစ်ရပ်တွင် အရင်းမူလ ပဓာနဖြစ်သော ပရိယတ်ထို သာသနာတော်သည် အဓွန့်ရှည်သမျှ ကာလပတ်လုံး မြတ်စွာဘုရား၏ သာသနာတော်သည်လည်း အဓွန့်ရှည်စွာ မြန်မာနိုင်ငံ၌ တည်ရှိပေမည်။ ပရိယတ်တိသာသနာ ကွယ်ပျောက်လျှင် မြတ်စွာဘုရား သာသနာတော် ကွယ်ပျောက်မည်ကို သိမြင်တော်မူကြသော သံဃာ့ထေရ်ကြီးများသည် ပရိယတ်တို စာသင်တိုက်ကြီးများကို တည်၍ ဆင်းရဲပင်ပန်းတော် မူကြသည်ကို အပထား၍ စာပေ ကျမ်းဂန်တို့ကို ပို့ချတော် မူလျက်ရှိကြသည်။

ပရိယတ်တို သာသနာတော်ကို ဆောင်ရွက်လျက် ရှိကြသည်။ ထိုကဲ့သို့ ဆောင်ရွက်တော်မူကြသော ဆရာတော် ဖြစ်တော်မူကြကုန်သော သံဃာ့ထေရ်

ကြီးတို့တွင် မင်းကွန်း တောင်ရိုး ဓမ္မနာဒ ကျောင်းတိုက်ဆရာတော် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်သည် သာသနာတော် နှစ်ရပ် အဓွန့်ရှည်ကြာစွာ တည်ရှိစေလိုသော သမ္မာဆန္ဒမနသိကာရဖြင့် ပိဋကိုယ်တိုင် အာဒိကမ္မိက အဖြစ်ဖြင့် တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက အဖြစ်သို့ ရောက်အောင် အား-ထုတ်ကာ လမ်းပြ၍ ကျွဿာမစ္ဆေရ ကင်းရှင်း-သော သန့်ရှင်းစင်ကြယ်သော သုဒ္ဓမနသိကာရ ဖြင့် ပရိယတ္တိဓရ တိပိဋကဓရ နိကာယပါရဂူ သံဃာတော်တွေ မြောက်မြားစွာ ပေါ်ထွန်းကာ မြတ်စွာဘုရား၏ သာသနာတော်သည် အဓွန့်ရှည်-စွာ ထွန်းကားပွင့်လင်းစေရန်ရည်ရွယ်၍ မင်းကွန်း တောင်ရိုး မိုးမိတ်ကုန်းတော်၌တိပိဋကဓ နိကာယ ကျောင်းတိုက်ကြီးကို ဖြစ်ပေါ်စေ၍ စွမ်းရည်ရှိ-ကြသော သံဃာငယ်များကို စုစည်း၍ အားပေး ချီးမြှောက်ခဲ့ရာ ယခုအခါ ဒုတိယသုံးနှစ် ပြည့်-ခြင်းသို့ ရောက်ခဲ့ပြီဟု သိရှိရသည်။

ထို တိပိဋက နိကာယ ကျောင်းတိုက်မှ အချို့ အချို့ ပိဋကအစိတ်အပိုင်း အောင်မြင်သော ပုဂ္ဂိုလ်များ ပေါ်ထွက်လာကြပြီး နိကာယ်ဆောင် တို့လည်း ပေါ်ထွက်လာကြပြီ။ ကာလ မကြာမီ အတွင်း၌ တိပိဋက နိကာယ ပုဂ္ဂိုလ်တို့ မြောက်-များစွာ ထွန်းပေါ်ရန် အရာ်အလင်းကို မြင်ကြ သကဲ့သို့ တွေ့မြင်ကြလေပြီ။

ထို့ကြောင့် ဆရာတော် အရှင်ဝိစိတ္တသာရာ-ဘိဝံသ၏ သာသနာတော် အဓွန့်ရှည်စွာ တည်ရှိ ထွန်းလင်းကြောင်း ဖြစ်သော သာသနာပြု လုပ်-ငန်းသည် မှန်ကန်ကောင်းမွန် သန့်ရှင်းစင်ကြယ်-သော သာသနာပြု လုပ်ငန်းကြီး ဖြစ်ကြောင်းကို ဝမ်းမြောက်စွာဖြင့် ကောင်းချီးနူမော် သာဓုခေါ် လိုက်ရပေသတည်း။ ။

ဘရှင်ပဏ္ဍိတဆရာ
ရွှေဟင်္သာ ဆရာတော်
အဘိဓဇမဟာရဋ္ဌဂုရု

ဘဒ္ဒန္တ သုဇာတ

အဘိဓဇမဟာရဋ္ဌဂုရု ဝန်းသိုဆန်းဆရာတော်ဘုရား

မင်းကွန်း တိပိဋကနိကာယ သာသနာပြုအဖွဲ့မှ ပထမ (သုံးနှစ်) ခရီးစာစောင်၌ ဝိနယ ဘာဏက ကောဝိဒ၊ ဒီဃဘာဏက ကောဝိဒ၊ အဘိဓမ္မဘာဏကကောဝိဒ၊ ကေပိဋက၊ ဒွိပိဋကဘွဲ့ထူး ဂုဏ်ထူးရရှိကြသည့် သာသနာ့အာဇာနည် ပုဂ္ဂိုလ်များစာရင်းကိုကြည့်ရှုရတုန်းကပင် ဘုန်းကြီးလွန်စွာအားရကျေနပ်ဝမ်းမြောက်မိပါသည်။

ပထမ (သုံးနှစ်) ခရီးထက် ဒုတိယ (သုံးနှစ်) ခရီးတွင် ပို၍ အောင်မြင်ကြောင်း ကြားသိရပြန်သဖြင့် ထပ်မံဝမ်းမြောက်ရပြန်ပါသည်။ ဤသို့အောင်မြင်လာခြင်းသည် အမြော်အမြင်ကြီးသည့် တိပိဋကဆရာတော်ဦးဝိစိတ္တာအရှင်နှင့် လောကခံကြံ့ကြံ့ခံပြီး မလျှော့သောဇွဲဖြင့် အားထုတ်ကြသောအဖွဲ့ကြီး၏သဒ္ဓါစေတနာ၊ အဖွဲ့ကြီး၏ပစ္စည်းလေးပါးကို မှီခိုပြီး၊ ကာယစိတ္တသုခနှစ်ဖြာနှင့် ကြိုးစား အားထုတ်ကြသော စာသင်သားတို့၏ ဇွဲလုံ့လတို့ကြောင့် ဖြစ်ပါသည်။

စာသင်အရှင်မြတ်တို့ကလည်း အလင်္ကာပမာ-မြွေဖမ်းဥပမာလျှင်စာသင်ခြင်း၊ နိဿရဏတ္ထ-သံသရာမှလွတ်မြောက်ရန် စာသင်ခြင်း၊ ဘဏ္ဍာဂါရိက-မင်းဘဏ္ဍာစိုးကဲ့သို့ တရားဘဏ္ဍာဖြစ်ရန် သင်ကြားခြင်းသုံးမျိုးအနက် အလင်္ကာပမာ သင်ခြင်းမဖြစ်စေဘဲ၊ သံသရာမှလွတ်မြောက်ရန် ရည်ရွယ်ချက်ဖြင့် ကြိုးစားသင်ယူကြပါလျှင် နိကာယအဖွဲ့ကြီးနှင့် စာသင်အရှင်များပါအကျိုးရှိပြီး အနာဂတ်သာသနာအတွက် အားတက်ဖွယ်ရာဖြစ်ပါသည်။

ဝန်းသို ခန္ဓိဿဆရာတော်

"သာသနဋ္ဌိတိယာ ပန ပရိယတ္တိမူလံ" ဟူသည့်နှင့်အညီ ပရိယတ္တိသာသနာတည်နေသမျှ သာသနာသုံးရပ်တည်နေမည်ဖြစ်၍ မင်းကွန်း နိကာယအဖွဲ့ကြီး၏ သာသနာပြုလုပ်ငန်းသည်၊ သာသနာသုံးရပ်ကို ပြုစု ဆောင်ရွက်သည့် ကောင်းမြတ်သောလုပ်ငန်းဖြစ်ပါသည်။

သို့ဖြစ်၍ ဒုတိယသုံးနှစ် ခရီးမှသည် နောင်နှစ်ပေါင်းများစွာကြာမြင့်အောင် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်နိုင်ကြစေရန်နှင့် အနာဂတ်သာသနာအတွက် ဤနိကာယ သာသနာပြုအဖွဲ့ကြီးမှ သာသနာ့အာဇာနည် ပုဂ္ဂိုလ်များ မွေးထုတ်ပေးနိုင်ပါစေဟု ဆန္ဒပြုရင်း နိဂုံးချုပ်လိုက်ပါသည်။ ။

ဘဒ္ဒန္တ သုဇာန
အဘိဓဇမဟာရဋ္ဌဂုရု

အဘိဓေယျဟာရဋ္ဌဂုရု တောင်လေးလုံး ထရာတော်

ဘဒ္ဒန္တနာဂသေနမဟာထေရ

"ပုဂ္ဂလဝိသေသော ဇာနိတဗ္ဗော"

"ပုဂ္ဂလဝိသေသော၊ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကို။ ဇာနိတဗ္ဗော၊ သတိချပ်၍ အသိအမှတ်ပြု အပ်၏" ဟူသည်နှင့်အညီ ကံအား၊ ဉာဏ်အား၊ ဝီရိယအား ကြီးမားမြင့်မြတ်၍ ကြံတိုင်းအောင်ဆောင်တိုင်းမြောက်ပြီး၊ ဘုန်းမီးနေလ တောက်ပကျော်ကြား လွန်ထင်ရှားလျက်ရှိသော အဘိပါကဋ္ဌ ဝိသေသပုဂ္ဂလ၊ တိပိဋကဓရမဟာဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓမ္မမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တ-သာရာဘိဝံသ အရှင်သူမြတ်သည် ဘာသာသာသနာရေး အတွေးရှိသူတိုင်းတို့၏ စိတ်အာရုံထဲမှာ အမြဲတည်ရှိနေမည့် သူမြတ်ပုဂ္ဂိုလ်ထူး ဖြစ်ရကား ဗုဒ္ဓမြတ်စွာသာသနာတော်သည် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်အတွက်မရှိလျှင်မဖြစ်သော ဘာသာသာသနာ ဖြစ်သကဲ့သို့တိပိဋကဓရမ

မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေပြင်မှာ ကြည့်မကောင်းလှမပျော်
ကြည်လင်မှုမပေါ်နိုင်အောင်ဖြစ်ရှိနေသည့် ရှေးဘုရားများကို....

ဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော် မှာလည်း သာသနာ့ ခေါင်းဆောင် ဦးသျှောင်သရဖူ ဆရာတော်တစ်ဆူအဖြစ် မရှိလျှင်မဖြစ်သော သူမြတ်ပုဂ္ဂိုလ်ထူးတစ်ပါးပင် ဖြစ်သည်ဟု ထင်မြင်ယူဆမိသည့်အပြင် သာသနာကုန်ဆုံးသည့်တိုင်အောင် မြန်မာပြည် သာသနာသမိုင်းစဉ်မှာ ထိပ်ပိုင်းက မှတ်ဘမ်း တင်ထားရမည့် အရှင်တစ်ပါးပင် ဖြစ်သည်ဟုလည်း အမြင်ပွားကာ ရွှင်အားတက်စွာဖြင့် ဝမ်းမြောက်နူမော် သာဓုခေါ်မိပေသည်။

ကိုယ်တိုင်တတ်သိရေး

ကိုယ်တိုင် တတ်သိရေး အတွက် ကံဟောင်းဆက်၊ ဉာဏ်ကောင်းသက်၊ ဝီရိယစောင်း ထက်ထက်ဖြင့် သင်ယူခဲ့ရာ နိဒ္ဒါယ်ငါးရပ် တစ်ဖက်ကမ်းခပ် တတ်မြောက်ခဲ့သဖြင့် အဖွဲ့အသီးသီးတို့က ပထမကျော်၊ ဝဠုံသကာ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ထူးကြီး လက်မှတ်တံဆိပ်ခတ်၍ ပူဇော်ခဲ့ကြရုံမက နိုင်ငံတော် အစိုးရကလည်း ''အဘိဓဇမဟာရဋ္ဌဂုရု'' ဟု ဆိုအပ်သော အမြင့်ဆုံး ဂုဏ်ဘွဲ့တံဆိပ်ဖြင့် ဂုဏ်ပြုပူဇော်ခံရသည့် တိုင်အောင် တစ်မိုးအောက်တစ်ယောက် သူနှင့် သူသာ နှိုင်းစရာ ဆိုရလောက်အောင် ကျွမ်းကျင်တတ်မြောက်သော မုံသောက်မာတင်ဇာနည်ဝင်းပညာရှင်ကြီး တစ်ပါးပင် ဖြစ်ပေသည်။

ပရဟိတ ဆောင်ရွက်ချက်

ဆဋ္ဌသင်္ဂါယနာ ဝိသဇ္ဇက၊ သောဓက အဖြစ် ဆောင်ရွက်ခဲ့ပြီး ဒီမိုင်းဆိုက် (၆)တွဲ (ဂ)အုပ် မဟာဗုဒ္ဓဝင်ကျမ်းကြီး တစ်မျိုးတည်းကို ပြုစုခြင်းဖြင့် ဂန္ထကာရကထိပ်တန်းစာရင်းဝင် ဖြစ်ခဲ့လေသည်။ ဂိုဏ်းပေါင်းစုံ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဆောင်ရွက်ခြင်း စသော အရေးကြီးသော အခန်းကဏ္ဍတို့မှ စွမ်းစွမ်းတမံ အပင်ပန်းခံ၍ ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်ထူး ဇာနည် မဟာထေရ်ကြီးဖြစ်ပေသည်။

ထို့ပြင် မင်းကွန်း ဓမ္မနာဒ ကျောင်းတိုက်၊ တိပိဋက နိကာယကျောင်းတိုက်၊ မင်းကွန်း ဗုဒ္ဓဘာသာလူအိုရုံ၊ မင်းကွန်း တိုက်နယ် ဆေးရုံ၊ မိုးမိတ်စေတီတော် ပြုပြင် စောင့်ရှောက်ရေးအဖွဲ့

"သစ် တစ်ပင် ကောင်း၊ ငှက်တစ်သောင်း နား...."ဟူသော မြန်မာစကားပုံနှင့်လည်း စံဇင် အံဝင်လျက်ရှိပေသည်။

အဟောင်းပြင်၌ အသစ်ထွင်

၁၃၁၀-ခုနှစ်၊ စစ်ကိုင်း ငလျင်ကြီး အပြင်း အထန်လှုပ်ခဲ့စဉ်က စေတီပုထိုး၊ ကျောင်းကန် တိုက်တာ လူနေအိမ်များ ကြောက်ခမန်းလိလိ ပြိုလဲ ပျက်စီးခဲ့သဖြင့် မင်းဝံ တောင်ရိုး အပါ အဝင်ဖြစ်သော မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်း မြေပြင်မှာ ကြည့်မကောင်း ရှုမပျော်၊ ကြည်လင်မှု မပေါ်နိုင်အောင် ဖြစ်ရှိနေသည်ကို ဆရာတော် သည် ပြုပြင်စောင့်ရှောက်ရေး အဖွဲ့ဖွဲ့ကာ ကံ အား၊ ဉာဏ်အား၊ လာဘအားဖြင့် ပြန်လည် ပြင်ဆင် အမွှန်းတင်ထားသဖြင့် ရှုမြင်ရသူ စိတ်နှလုံး မှာ ကြည်နူးမဆုံး၊ ပီတိဖုံးမျှ ကြည်ညိုခွင့်ရကြ ပေသည်။ ထို့နှင့်နမူ အလားတူ မြန်နယ်တစ်ခွင် အဟောင်းပြင်၌ အသစ်ထွင်နိုင်သော ဘုန်းရှင် ကံရှင် အစဉ်ပေါ်ထွန်းနိုင်ပါစေဟု အကြောင်း သင့်၍ အတောင်းဆင့်မိပေသည်။

နှင့် မြင်းခြံမြို့နယ်၊ ဇာတိခက်ကြွေ၊ မွေးရပ်မြေ စသည်တို့၌ နှစ်ထပ်တိုက်ကျောင်းကြီးငယ်၊ဓမ္မာရုံ၊ ဆေးရုံ၊ မူလတန်း၊ အလယ်ဘန်း၊ အထက်တန်း နှစ်ထပ်ကျောင်းဇပါင်းများစွာတို့ကို ဆောက်လုပ် လှူဒါန်းထောက်ပံ့နေရုံသာမက စစ်ကိုင်း၊ မင်း ကွန်း၊ မင်းဝံတောင်ရိုး သုံးဌာနရှိ သံဃာတော် များနှင့် သူတော်စင် သီလရှင်များအား ဆွမ်းဆန် တော်ထောက်ပံ့ရေး မလွန်ဆန်လှူ အသင်းကြီး ဖွဲ့စည်းကာ တစ်နိုင်ငံလုံးရှိ ထက်အောက်မြို့ရွာ တို့၌ နှိုးဆော်လှုက် ထောက်ပံ့နေခြင်း စသော အံ့မခန်းပြောဖွယ်မကုန် သိန်းပေါင်း ရာထောင်ခို အကုန်အကျခံ၍ တည်ဆောက် ထောက်ပံ့လှုက် လောကသာသနာ နှစ်ဖြာသော ပရဟိတအကျိုး၊ ကိုယ်ကျိုးမဖက်ရက်ရက်ရောရော စွန့်လွှတ်ဆောင် ရွက်ခြင်းတို့သည်လည်း ပုဂ္ဂိုလ် သာမန်တို့ မကြံ ရက်၊အလွန်ခက်သောအချက်ကြီးပင်ဖြစ်ပေသည်။

"သားကောင်း တစ်ယောက်၊ ထွန်း ပေါ် ပေါက်က၊ သူ့နောက်ဆွယ်ကျုံး၊ တစ်နယ်လုံး လည်း၊ ကံဘုန်းဆင့်လှောက်၊ အမြင့် ရောက်၏" ဟူသည်နှင့်အညီပင်တည်း။

ဆရာတော်သည် အမြော်အမြင်ကြီးစွာ ပြန်လည်ပြင်ဆင် အမွှန်းတင်ထားသဖြင့် ရှုမြင်ရသူ စိတ်နှလုံးမှာ ကြည်နူးမဆုံး ပီတိဖုံးမျှ ကြည်ညိုခွင့်ရကြပေသည်၊



ပရိယတ်မျိုးဆက် ခက်လက်ညွှန်စည် အခွန့်ရှည်စေရှိ

မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေထက်၌ ဇာနည်လောင်းလျာများကို....

"ဝင်းဝင်း ပြောင်ပြောင်၊ သာသနာ ရောင်လည်း၊ တန်ဆောင်း ဓမ္မအိမ်၊ ရွှေသိမ် ရွှေကျောင်း၊ တန်ဆောင်းပြာသာဒ်၊ မွေမောတ် သရီ၊ စေတီ ဗောဓိ၊ သီရိမျိုး ပေါင်း၊ မျှမညောင်းတည့်" ဟူသော မဃဒေဝလင်္ကာ သစ်နှင့်အညီ ယခုအခါဆရာတော်၏ ဘုန်း ဟုန် စွမ်းသတ္တိဂုဏ်ဖြင့် ဖန်ဆင်းထားသည်ကို ဖူးမြော်ခွင့်ရကြလေပြီ။

ပရိယတ်မျိုးဆက် ခက်လက်ညွှန့်စည် အခွန့်ရှည်

"ပရိယတ္တိနာမ သာသနဿ မူလံ၊ ပရိယတ္တိ-ယာ ဋ္ဌာယ သာသနံ ဋ္ဌိတံ ဟောတိ"

ဟူ၍ အဋ္ဌကထာဆရာ အမှာစကား ပမာထားပြီး၊ သာသနာ့တော်၏ အမြစ်ဖြစ်သော ပရိ-ယတ္တိမကျိုင် ခိုင်စည်မျိုးဆက် ခက်လက်ညွှန့်စည် အခွန့်ရှည်စွာ တည်ပါစေခြင်းအလို့ငှာ မင်းကွန်း တောင်ရိုးမိုးမိတ်ကုန်းမြေထက်၌ တိပိဋကနိကာ-ယကျောင်းတိုက်ကြီး ကို ၁၃၄၀-ပြည့်နှစ်တွင် စတင်စိုက်ကာ ဇာနည်လျာ (၄၈) ပါး အစထား၍ ယင်း တိပိဋကနိကာယ စာသင်သားကြီးတို့ အား နည်းညွှန်လမ်းပြ ပေးတန်သမျှ ပေးကာ မွေးမြူခြင်းတည်းဟူသော ဓမ္မာနုဂ္ဂဟဖြင့် ပြုစုစောင့်ရှောက်လျက် ရှိသော ဘဒ္ဒန္တဝိစိတ္တသာရာ-ဘိဝံသ ဆရာတော်သည် နိုင်ငံတော် အစိုးရက မိမိအား တိပိဋကဓရအတွက် လစဉ် လှူဒါန်း သော ဆွမ်းဆန်တော် (၃၁ ဒိ-) နှင့် အဂ္ဂမဟာ ပဏ္ဍိတအတွက် နှစ်စဉ် လှူဒါန်းသော ဆွမ်းဆန်-တော် (၁၀၀ ဝိ-) တို့နှင့် တရားပွဲ ပူဇော်ပွဲ တို့မှ ပူဇော်ကြသည့် ဓမ္မပူဇာ ပစ္စည်းလေးပါး အလျာ တို့ကို ငါးဖြာနိကာယ် သုံးသွယ်ပိဋကတ် ပရိယတ် သာသနာတော်အား လှူဒါန် ခြင်းတည်းဟူသော ပစ္စယာနုဂ္ဂဟဖြင့်လည်း ပြုစု စောင့်ရှောက်လျက် ရှိနေသည် ဖြစ်ပေရာ ၁၃၄၂-ခုနှစ်က (၁၀၃) ပါး အာဇာနည်လောင်းလျာများထဲမှ (၉၈) ပါး ဝင် (၉၀) ပါး အောင်မြင်ခဲ့သည်ကို ထောက်ဆ

ဘဒ္ဒန္တ ဝိစိတ္တသာရဘိဝံသ ဆရာတော်သည် ပစ္စည်းလေးပါးတို့ဖြင့် လိုလေသေးမရှိအောင် ထောက်ပံ့စောင့်ရှောက်သည်ဖြာ....

ကာ ယခု ၁၃၄၂-ခုနှစ်တိုင်အောင် အတွင်းမှာ (၂၀၀)ကျော် လောင်းလျာထဲမှ (၁၀၀)ကျော်မျှ အောင်မြင်ကောင်း အောင်မြင်နေကြပြီး ဖြစ်ပေလိမ့်မည်ဟု ခန့်မှန်းရပေသည်။

ယင်းသို့ ပရိယတ္တိ သာသနာတော် နေရောင်လရောင်ကဲ့သို့ ထွန်းလင်းပြောင်စေလျက် သာသနာတော်တည်တံ့ စည်ပြန့်အောင် ထိန်းသိမ်းစောင့်ရှောက်တော်မူကြမည့် သာသနာ့ အာဇာနည်အလျာ တိပိဋကနိကာယ စာသင်သားကြီးများကို အချိန်စေ့ နာရီပြည့် ဆန္ဒရှိသလောက် ကျက်၊ မှတ်၊ ရွတ်ပြန်၊ ကြံကြည့် နိုင်ကြစေရန် ပစ္စည်းလေးပါးတို့ဖြင့် လိုလေသေးမရှိအောင် ထောက်ပံ့စောင့်ရှောက်ပြုနိုင်စွမ်းရှိသော ဘဒ္ဒန္တ ဝိစိတ္တသာရဘိဝံသ ဆရာတော်မျိုးကား သာသနာ ၂၅၀၀-ကျော် ခရီးတစ်လျှောက်မှာ အံ့ဘနန်း ချီးမွမ်း နှုတ်ပန်းမဆုံးနိုင်သော ရှာမှရှားဇာနည်ဝင် ဘုန်းရှင် ကံရှင် တစ်ပါး ပါပေဟု ဆိုထိုက်ဆိုသင့်ပေသည်။

ကမ္ဘာ့ ဘာသာကြီးအဖြစ် လွှမ်းသစ် လာနိုင်ဖွယ်

မင်းကွန်းတောင်ရိုး မိုးမိတ် ကုန်းမြေပေါ်ရှိ မူလ တိပိဋကနိကာယ ကျောင်းတိုက်ကြီးကို သိန်း (၃၀)ကျော်မျှသုံးစွဲတည်ဆောက်လျက် သာသနာ့ အာဇာနည်များ မွေးထုတ် ပေးနေသည့်အပြင် ၁၃၄၂-ခုနှစ် ရန်ကုန်မြို့ တွင်လည်း တိပိဋကနိကာယတိုက်ခွဲကို သိန်းပေါင်း (၂၀)ကျော်မျှ အကုန်အကျခံ၍ တိုးခဲ့တည်ဆောက်ကာ ဖွင့်လှစ်ထားပြန်လေသည်။ မင်းကွန်း တိပိဋကဆရာတော်၏ သာသနာပြုလုပ်ငန်း ကြိုးပမ်းချက်သည်ကား ဒီရေအလား အားပါးတရ တိုးတက် ဆန်းသစ်လျက်ပင် ရှိပါသည်။ ယခုတစ်ဖန် ထက်သန်သော ဆန္ဒ၊ ထက်သန်းသောစိတ်၊ ထက်သန်သော ဇွဲလုံ့လနှင့် ထက်သန်သော ပညာဟူသော (ထက်လေးချက်) ပိုင်ရှင် မင်းကွန်း တိပိဋကဓရဆရာတော်သည်ပင် ဦးဆောင်ပဓာန၊ နာယကအဖြစ် နည်းပေးလမ်းပြ စီမံခန့်ခွဲလျက် ပြည်တွင်းပြည်ပ

မန်လေးမြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကျောင်းတိုက် ကိုးဌာနနှင့် နာရီစင် အုတ်မြစ်ချ ပွဲတော် အခမ်းအနား

သာသနာပြုနိုင်မည့် သာသနာ့ အာဇာနည်များ ပေါ်ထွက်နိုင်ရေးအတွက် ရန်ကုန်မြို့နှင့်မန္တလေးမြို့တွင် ဘာသာငါးမျိုးဖြင့် ပိဋကတ် သုံးပုံကို သင်ကြားပို့ချမည့် နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး များကိုလည်း အားသွန်ခွန်စိုက် တည်ဆောက်လျက် ရှိနေကြပြန်ရာ ၁၃၄၈-ခုနှစ် တန်ခူးလပြည့်နေ့တွင် စတင် ဖွင့်လှစ် ပြန်တော့ မည်ဟု သိ ရ ပြန် သော ကြောင့် အဘိနန္ဒတ် သောမနသ်ဖြင့် ရှေ့သို့ မျှော်မှန်း အတွေးလမ်း တွင် ငါဘို့၏ ဗုဒ္ဓသာသနာတော်သည် ယခုလို ဆရာဒကာ ရေနှင့်ကြာကဲ့သို့ လက်တွဲ ညီညာ ဆောင်ရွက် နေကြပါလျှင် မင်းကွန်း တိပိဋကဆရာတော်၏ ဆောင်စွမ်းနိုင်မှု အားအဟုန်ကို ဥပနိဿယ အမှီရကြပြီး မကြာတော့သော အချိန်မှာ ကမ္ဘာ့ဗုဒ္ဓ သာသနာပြု အဖွဲ့ကြီး ပေါ်ပေါက်လာကာ ဗုဒ္ဓသာသနာသည် ကမ္ဘာ့ဘာသာကြီး

အဖြစ် လွှမ်းသစ်လာနိုင်ဖွယ်ရာ မြင်ယောင်လာ၍ ဝမ်းသာပီတိ ဆီထိုက်မိုက်မှ ဖြစ်မိရပေသည်။

ကမ္ဘာပတ်လုံး သင်ကျင့်သုံး
မသုဉ်း မကွယ် တည်လိမ့်မည်

ဗုဒ္ဓမြတ်စွာ သာသနာတော် အသက်သည် အနှစ် (၅၀၀၀)သာ တည်မည်။ (၅၀၀၀)ပြည့်လျှင် ကွယ်ပသွားမည်ဟု ဆိုပြော နေကြသော စကားသည် မုန်သလော၊ မှန်ကန်ပါလျှင် ယခုလို လူရှင်ရဟန်းတို့ လုံ့လဖြင့် ပြုစုပျိုးထောင်အရှည် တည်အောင် အားထုတ်နေကြသော်လည်း အရှည်တည် ကြီးပွားအောင် မတတ်နိုင်။ သူ့အလိုလို ဓမ္မတာ သဘောအတိုင်းသာ ဖြစ်သည်ဟု မလိုအပ်သော အဓိပ္ပာယ် ပေါ်ထွက် လာပေလိမ့်မည်။ ယင်းသို့ ဖြစ်သော် အဓွန့်ရှည်စွာ ကြီးပွား စည်အောင် အားမထုတ်ဘဲ နေကြ ပြန်လျှင် လည်း အဓွန့်ရှည်တည် ကြီးပွားစည်အောင် အားထုတ် အပ်ကြောင်း ဟောကြားတော် မူချက်များသည် အလကား ဖြစ်ကုန်ပေလိမ့်မည်။ဘုရားဟောတော် မူတိုင်းသာ လိုက်နာသင်ကျင့် အားပေးခြီးမြှင့်နေကြပါမူ လောကဥ္စ ရဟန္တာ မဆိတ်မသုဉ်းရာဟု ဟောချက်လည်း ထင်ရှားရှိနေ၏။ သတိပဋ္ဌာန် သုတ်၌လည်း လိုက်နာသူ ကျင့်ကြံသူ ရှိနေသမျှ အကျင့် တရားဘည်၍ အကျိုးရှိမည်ဟု ဟောထား ခဲ့၏။ယင်းသို့ဖြစ်မူ ဂုဏ်ရပုဂ္ဂိုလ်ကို အဓိကထား၍ ဝေဝံ့ခဲ့သော(၅၀၀၀)လော၊သို့မဟုတ် သာသနာ သက်တမ်းကို အဓိကထား၍ ဝေဝံ့ခဲ့သော (၅၀၀၀)လောဟု။

ယင်းစကားနှစ်ရပ်ကို စိစစ်ရပေမည်

ပဋိသမ္ဘိဒါပတ္တိ ရဟန္တာခေတ် (၁၀၀၀) ဆဋဘိည ရဟန္တာခေတ် (၁၀၀၀)၊ တေဝိဇ္ဇ ရဟန္တာခေတ် (၁၀၀၀)၊သုက္ခဝိပဿက ရဟန္တာ ခေတ် (၁၀၀၀)၊ ပါတိမောက္ခသီလဝန္တခေတ် (၁၁၀၀) ပေါင်းလျှင် ဂုဏ်ထူးရ ပုဂ္ဂိုလ်ခေတ်

(၅၀၀၀)ဟု သုတ်ပါထေယျအဋ္ဌကထာဆရာက ရေတွက်ပြ၏။ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ခေတ် (၁၀၀၀)၊ သုက္ခဝိပဿက ရဟန္တာခေတ် (၁၀၀၀)၊ အနာဂါမ် ခေတ် (၁၀၀၀)၊ သကဒါဂါမ်ခေတ် (၁၀၀၀)၊ သောတာပန်ခေတ် (၁၀၀၀) ပေါင်းလျှင် ဂုဏ်ထူးရ ပုဂ္ဂိုလ်ခေတ် (၅၀၀၀)ဟု စူဠဝါအဋ္ဌကထာဆရာက ရေတွက်ပြ၏။ ယင်းစကား နှစ်ရပ်မှာ အဆိုကွဲသော်လည်း ဂုဏ်ထူးရပုဂ္ဂိုလ် ခေတ်ကိုသာ ဆိုသောကြောင့် သဘောသွားမှာ အတူတူပင် ဖြစ် လေ သည်။ သာသနာတော် အသက်ကို ဆိုသည်လည်းမဟုတ်၊ ဘုရားဟောသည်လည်း မဟုတ်ပေ။ ထို့ပြင် ဝိမုတ္တိယုဂခေတ် (၅၀၀)၊ သမာဓိယုဂခေတ် (၅၀၀)၊ သီလယုဂခေတ်(၅၀၀)၊သုတယုဂခေတ်(၅၀၀)၊ ဒါနယုဂခေတ်(၅၀၀)ပေါင်း၍ (၂၅၀၀)ပြည့်လျှင် ဝိမုတ္တိယုဂခေတ်ကစ၍ ပြန်ရေတွက်လျှင် (၅၀၀၀)ဖြစ်၏ဟု သံယုတ်အဋ္ဌကထာ ဆရာက ရေတွက်ပြ၏။ ယင်းစကား အားလုံးသည် ဂုဏ်ထူးရ ပုဂ္ဂိုလ်ကို အဓိကထား၍ ဝေပုံချသော စကားများသာ ဖြစ်ကြသည်။ သာသနာကို အဓိကထား၍ ဝေပုံချသော စကားများ မဟုတ်ပါလေ။

အဋ္ဌကထာ ဆရာတို့ အလိုမှာ သတ္တဝါတို့ သန္တာန်၌ ကိလေသာစရိုက် ထူပြောလာသော ဧရုချိန်အလိုက် ဆိုခဲ့သော ဂုဏ်ထူးရပုဂ္ဂိုလ်တို့တည်နိုင်သောကာလကို အဓိက သန်ျာနည်းဖြင့် ပိုင်းခြားတော် မူခဲ့ဟန်ရှိပေသည်။ သာသနာတော်သည် နှစ်ပေါင်း မည်ရွေ့မည်မျှသာ တည်မည်ဟု ကန့်သတ်ဖော်ပြဟန် မရှိပေ။ သို့မို့ကြောင့်ပင် အထက်အဆိုပါ မင်းကွန်းတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်နှင့် အဖွဲ့တို့ အားထုတ်ပြုစုစောင့်ရှောက် ချီးမြှောက် နေကြသကဲ့သို့ နိုင်ငံတွင်းရှိ မြို့ရွာတိုင်း၌ စဉ်ဆက်မပြတ် ကမ္ဘာပတ်လုံး သင် ကျင့် ချီးမြှင့်နေကြပါမူ ဤပဋိသာသနာတော်သည် ကမ္ဘာပတ်လုံး ကမ္ဘာဆုံးသည့် တိုင် အောင်ပင် တည်တံ့ စည်ပြန့်နေပေမည်သာ။ ဆရာဒကာ လက်တွဲဖြုတ်၍ သင်ကျင့်ချီးမြှင့်မှု မပြုလုပ်သောအချိန်မှာ သာသနာတော်ကြီး အမြစ်ပြုတ်၍ တစ်မုဟုတ်ချင်း ပြိုလဲပျက်စီးသွားသော တောစိုးသစ်ပင်ကြီးပမာ ပျောက်ကွယ်သွားမည်မှာ ဧကန်မုချပင် ဖြစ်ပေသည်။

ဘုရား ပစ္စေက ဗုဒ္ဓါ၊ ရဟန္တာတို့ စတင်ဖြစ်ထွန်း သာသနာရောင်ဝါ လွှမ်းခဲ့သော အိန္ဒိယနိုင်ငံမှာ ဗုဒ္ဓသာသနာ ပျောက်ကွယ် သွားခဲ့သော သမိုင်း သင်ခန်းစာကို သတိသမ္ပဇဉ် ဉာဏ်ယှဉ်ကြည့်သင့်သည်။ တစ်ချိန်က ဗုဒ္ဓမြတ်စွာ သာသနာထွန်းကားခဲ့ကြသော အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံတို့ကိုလည်း စံတင်လို့ ဉာဏ်ယှဉ် ကြည့်သင့်သည်။ ကြီးမားမြင့်မြတ်သော အမြော်အမြင်ဖြင့် သာသနာနှင့် သတ္တဝါတို့ကို ချစ်ခင်မြတ်နိုး တန်ဖိုးအနဉ္ဃ ထားရှိနိုင်ကြသော မင်းကွန်း တိပိဋကဓရ ဆရာတော်နှင့် အဖွဲ့ဝင် လူသူတော်ကောင်းကြီးတို့သည် ကိုယ်ကျိုးမဖက် ဆောင်ရွက်တော်မူကြနိုင်ပါပေသည်ဟု ဝမ်းသာအားရ ရှိလှ၍ တိပိဋကဆရာတော်အား သာ သ နာ့ ခေါင်း ဆောင်ဦးသျှောင်သရဖူ ဆရာတော် တစ်ဆူအဖြစ် မရှိလျှင် မဖြစ်သော သူမြတ် ပုဂ္ဂိုလ်ထူး တစ်ပါးဝင် ဖြစ်သည်ဟု ခေါင်းစီးတင်၍ ရေးသားအပ်သော တိပိဋကနိကာယအဖွဲ့ ဒုတိယသုံးနှစ်ခရီး စာအုပ်ကြီး၌ ဓမ္မဒါနအတွက် ရေးသားချက် ဂုဏ်ပြုထောမနာ ဆောင်းပါးစာကား ဤတွင် ကမ္ပတ် အဆုံးသတ်လိုက်ရပါသတည်း။

လောကနှင့် သာသနာအတွက် အားထုတ်ကြရာ၌ ဘေးမသန်း ရန်မသီ ကြုံစည်တိုင်း အောင်မြင်၍ ကိုယ်စိတ်နှစ်ဖြာ စမ်းလိုအေး၊ ဂုဏ်သိက္ခာပန်းလိုမွှေးနိုင်ကြပါစေ။ ။

ဘဒ္ဒန္တနာဂသေနာဘိဓံသ (အဘိဓဇမဟာရဋ္ဌဂုရု)

တရားတော်ကိုပူဇော်လိုက
ပရိယတ္တိ ဓမ္မ ဗဟုသုတရှိသော
ပုဂ္ဂိုလ်များကို ပူဇော်ရမည်

မြင်းခြံကိုးဆောင်
ဆရာတော်

အဘိဓဇမဟာရဋ္ဌဂုရု မြင်းခြံကိုးဆောင် ဆရာတော်

ဟဒ္ဒန္တသာဒီက

ဓမ္မဟူသည် ပါဠိဘာသာ ဝေါဟာရတစ်ခု ဖြစ်သည်။ ထိုဓမ္မကို တရားဟု မြန်မာဘာသာပြန်ဆိုကြသည်။ တရားအမျိုးမျိုး ရှိသည်တွင် ကျင့်သုံးလိုက်နာသူကို အပါယ်အစရှိသော ဘေးဒုက္ခအပေါင်းတို့မှ ကယ်တင်သောအားဖြင့်လည်း ၎ကာင်း၊ ကာကွယ်စောင့်ရှောက်သောအားဖြင့်လည်းကောင်း ဆောင်ထားတတ်သောကြောင့် မဂ် ၄ ပါးသည်သာ မုချ"ဓမ္မ"အမည်ရထိုက်ပေသည်။

သို့သော် မဂ် ၄ ပါး၏ ချက်ချင်းလက်ငင်းအကျိုးရ ဖိုလ် ၄ ပါးနှင့် ဆင့်ပွားအကျိုး နိဗ္ဗာန်ကိုလည်းကောင်း၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်းလမ်းစဉ်ပြ ပရိယတ်ဓမ္မကွန် ကျမ်းဂန်များကိုလည်းကောင်း သွာဂ္ဂာတတာ စသော ဂုဏ်အင်များနှင့် ပြည့်ဝစုံလင်သည့်အတွက် "ဓမ္မ"ဟု ခေါ်ဝေါ်ကြရတော့သည်။ ထို့ကြောင့် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ဟူသော ကိုးပါးသော လောကုတ္တရာ တရားများတွင် ပရိယတ္တိဓမ္မထည့်၍ ဆယ်ပါးသော တရားဖြစ်လာရသည်။

ဘုရားဟော ပရိယတ္တိဓမ္မကွန်ရှာများတည်ရှိနေသရွေ့ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် တရားများ မပျောက်မပျက် တည်ရှိမည်သာ ဖြစ်ပြီး သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ပရိယတ္တိဓမ္မများ ပျောက်ကွယ်လျှင်ကား နောင်သက္ကဲသို့ တလောကလုံးအမှောင်ဖုံးကွယ်လိမ့်မည်....ဟု မိန့်ကြားတော်မူခဲ့လေသည်။

သာသနာတော် တည်တံ့ ပြန့်ပွားဖွံ့ရန် ပရိယတ္တိဓမ္မကို ထိန်းသိမ်း စောင့်ရှောက်ဖို့ လိုအပ်ပါသည်။ မှန်၏။ သက်တော်ရှည်ဘုရားရှင်တို့၏ သာသနာသည် မျက်မှောက် သာဝက တစ်ဆက်လောက်သာ တည်တံ့ပြီး ဆက်လက် မတည်တံ့သည်မှာ ပရိယတ္တိဓမ္မ မရှိခြင်းကြောင့်သာ ဖြစ်ပါသည်။

ဤ ဆိုခဲ့ပြီးသော အခြေအနေ အရပ်ရပ်ကို ထောက်ရှုလျှင် ပရိယတ္တိဓမ္မသည်သာ သာသနာတော် အရှည် တည်တံ့ပြန့်ပွားဖို့ အမှန်တကယ် ဖြစ်သည်မှာ ထင်ရှားလှပေသည်။ ပရိယတ္တိဓမ္မ တည်တံ့ဖို့ရန်မှာလည်း စက္ကူ၊ ရွှေ၊ ငွေ၊ ကျောက်ချပ်များပေါ်တွင် တင်ထားရုံဖြင့် မပြီးနိုင်ပါ။ ပျူခေတ်ကျောက်စာများ ယနေ့တိုင် ရှိနေသော်လည်း အဓိပ္ပာယ်ဖော်နိုင်သူ တစ်ဦးတစ်ယောက်မျှ မြန်မာနိုင်ငံတွင် မရှိတော့ပေ။ ပရိယတ္တိဓမ္မ တည်တံ့ ပြန့်ပွားရေးမူကို မြတ်စွာဘုရားက အင်္ဂုတ္တိုရ်၊ ပဋ္ဌာန်းပါတ်၊ ပထမသဒ္ဓမ္မသမ္မောသုတ်၌ အတိအလင်း ဖော်ညွှန်း ခဲ့ပေသည်။ ယင်းမူများမှာ....

ပဋိမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ ဋ္ဌိတိယာ အသမ္မောသာယ အနန္တရာယ သံဝတ္တန္တိ၊ ကတမေ ပဉ္စ....

မဂ် ၄ ပါး
ဖိုလ် ၄ ပါး
နိဗ္ဗာန် ၁ ပါး
ပရိယတ် ၁ ပါး

ဤ ဆယ်ပါးသော တရား အားလုံးသည်ပင် သွာက္ခာတတာစသော ဂုဏ်တော် ၆ ပါးနှင့်ပြည့်စုံခြင်းကြောင့် "ဓမ္မံ သရဏံ ဂစ္ဆာမိ" အရကိုးကွယ်ဆည်းကပ်ထိုက်သော တရားတို့ချည်းသာ ဖြစ်ကြသည်။ ပရိယတ္တိသဒ္ဓမ္မ၊ ပဋိပတ္တိသဒ္ဓမ္မ၊ ပဋိဝေဓသဒ္ဓမ္မ ဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော်ဆိုသည်မှာလည်း ဤတရား ဆယ်မျိုးပင်ဖြစ်ပေသည်။

အနာရောဂါ ပျောက်ကင်းဖို့ရန် ဆေးဝါးသည် အဓိကဖြစ်သော်လည်း မှန်ကန်သောဆေးဝါးဖြစ်ရန်မှာ ဆေးနည်း ဆေးမှတ်တမ်းများနှင့် ကင်းချိမဖြစ်နိုင်ပေ။ ဆေးနည်းဆေးမှတ်တမ်းများရှိနေလျှင် လိုအပ်သောဆေးကို အချိန်မရွေး ဖော်စပ်သုံးစွဲနိုင်ပေသည်။ ထို့အတူ မဂ်ဖြင့် ကိလေသာ ရောဂါမှန်သမျှပယ်ဖျောက်ရန်နှင့် ဝိမုတ္တိသုခကို ခံစားနိုင်ရန် မရှိမဖြစ်၊ မသိမဖြစ်။ တကယ်ပင် လိုအပ်သော ဓမ္မ မှာ ဆေးနည်း ဆေးမှတ်တမ်းသဖွယ် ဖြစ်သော ပရိယတ္တိဓမ္မသာ ဖြစ်ပေသည်။ ရှေးခရှေး သာသနာ့ဥဒ္ဓါးဆောင် မထေရ်များကလည်း....

"သုတ္တန္တေ ရက္ခိတေ သန္တေ၊ ပဋိပတ္တိ ဟောတိ ရက္ခိတာ။
ပဋိပတ္တိယံ ဋ္ဌိတော ဓီရော၊ ယောဂက္ခေမာ နမံသတိ။
သုတ္တန္တေသု အသန္တေသု၊ပမုဋ္ဌော ဝိနယမ္ပိ စ။
တမော ဘဝိဿတိ လောကော၊ သူရိယေ အတ္ထင်္ဂတေ ယထာ။"



ဆရာတော်၏ အာဝေဠချေငြာဂါထာကို ရန်ကြသဖြင့် နှစ်စဉ် သာသနာ့အာဇာနည်
ရဟန်းသာမဏေများ ပေါ်ထွန်းလျက်

ဆရာတော်၏ အားဝေးခိုးမြောက်မှုကိုရန်ကြသဖြင့် သာသနာ့အာဇာနည် ရဟန်း သာမဏေများသည် ပရိယတ္တိဓံမှများကိုကြုံးစားအားထုတ်လျက်ရှိပေသည်။ နှစ်စဉ် တိပိဋကနှင့် နိကာယ်ဟာမေးပွဲများ ဖြေဆို အောင်မြင်ကြလေသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် ဆရာတော်၏ ဓမ္မစေတီတည်ထားမှုလုပ်ငန်း မည်မျှ အောင်မြင်နေသည်ကို မှန်းဆနိုင်ပေသည်။

တိပိဋကဆောင် ပုဂ္ဂိုလ်တစ်ပါးသည် ဆင့်ပွားပိဋကဆောင် ပုဂ္ဂိုလ် အများအပြားကို မွေးထုတ်ပေးနိုင်လိမ့်မည်ဖြစ်ခြင်းကြောင့် တိပိဋကဓရဆရာတော် ဒရုင်ဝိစိတ္တာသာရာဘိဝံသ၏ ဓမ္မစေတီဘည်ထားမှု သာသနာပြုလုပ်ငန်းသည် မခန့်မှန်းနိုင်လောက်အောင် အကျိုး အာနိသင်များ ဖြစ်ပွားနိုင်မည်မှာ မလွဲပေ။ ဆရာတော်၏ဓမ္မစေတီ တည်ထားခြင်း သာသနာပြုလုပ်ငန်း အောင်မြင်ရန် ပစ္စည်းအား၊ လူအားထောက်ပံ့လှုံ့ရှိသည်ကား တိပိဋကနိကာယသာသနာပြုအဖွဲ့ပင်ဖြစ်ပါသည်။

သာဂါရာ အနာဂါရာ စ၊
ဥဘော အညောညနိဿိတာ။
အာရာမယန္တိ သဒ္ဓမ္မံ၊
မယာဂကွေမ မနုတ္တရံ။

ဟူသော ဒေသနာတော်အရ ဆရာ ဒကာလက်တွဲညီညီဖြင့် သာသနာပြုနေသည်မှာ အားရစရာပင်ဖြစ်ပေသည်။ ယခုဆိုလျှင် ဒုတိယ သုံးနှစ်ခရီးအပြီးသို့ပင် ရောက်ခဲ့ပေပြီ။ ဆက်လက်၍ တတိယ၊ စတုတ္ထ၊ ပဉ္စမ သုံးနှစ်ခရီးစသော အဓွန့်ရှည်ကြာစွာ သာသနာပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်းနှင့် နိဂုံးချုပ်အပ်ပါသတည်း။ ။

ဘဒ္ဒန္တ ဒေသာဘိဝ
နိုင်ငံတော်သံဃမဟာနာယက-ဒုတိယဥက္ကဋ္ဌ

ရှေးဟိုဆရာတော်ဘုရားကြီး

၏

ထောပနာစာတမ်း



မြန်မာနိုင်ငံတော် စစ်ကိုင်းတိုင်း မင်းကွန်း တိပိဋကနိကာယ သာသနာပြုအဖွဲ့ကြီး၏ ပထမ သုံးနှစ်တာခရီးသည် ယခုအခါ ပြီးစီးလွန်မြောက်ခဲ့လေပြီ။ ပထမ'သုံး'နှစ်ခရီးအတွင်းမှာ ထူးထူးခြားခြား လွန်စွာတိုးတက်လျက် ပရိယတ္တိ သာသနာတော်အတွက် အထူးပင် ဂုဏ်တက်လျက် ရှိခဲ့ပေသည်။ ယခု ဒုတိယ 'သုံး'နှစ် ခရီးသို့ပင် ဝင်ရောက်တော့မည် ဖြစ်ပေသည်။

တိပိဋကဓရမဟာဇဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အကျိုးတော်ဆောင် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီး ဦးဆောင် ပဓာန နာယကအဖြစ် ဆောင်ရွက်တော်မူသည့် မင်းကွန်း တိပိဋကနိကာယအဖွဲ့ကြီး၏ ဒုတိယ 'သုံး'နှစ် ခရီးအတွက် ထုတ်ဝေမည့် စာစောင်အတွက် အမှာစာ အနည်းငယ်အဖြစ် ရေးသားအပ်ပါသည်။

တစ်ဦးထံမှ တစ်ဦး လက်ဆင့်ကမ်းလျက်

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါက ပရိယတ္တိသာသနာတော်အတွက် ထူးထူးခြားခြား ကြိုးပမ်းအားထုတ်ကြသည် မဟုတ်ပေ။ မြတ်စွာဘုရားထံ ချဉ်းကပ်၍ တရားတော်ကို နာယူခြင်း၊ မြတ်စွာဘုရားထံတော်မှ ကမ္မဋ္ဌာန်းတရားများ တောင်းခံလျက် ကြိုးပမ်း အားထုတ်ကြသဖြင့် မိမိတို့နှင့် ထိုက်တန်သော ပဋိဝေဓ တရားထူးများကို ရရှိခံစားကြရပေသည်။

မြောက်စွာဘုရား မရှိသည့်နောက် နှစ်ပေါင်းများစွာပင် ပဋိပတ္တိကျင့်စဉ်များမကွယ်မပျောက်ဘဲ တစ်ဦးထံမှ တစ်ဦး လက်ဆင့်ကမ်း ဆောင်ရွက်ခဲ့ကြသဖြင့် ပဋိပတ္တိ ကျင့်စဉ်များ ပေါပေါလွင်လွင် ထင်ထင်ရှားရှား ထွန်းကားလျက်ပင် ရှိခဲ့သည်။

ကျမ်းဂန် အမျိုးမျိုး ပေါပေါက်ခဲ့

မြန်မာနိုင်ငံတော် ပုဂံခေတ်၌ ဘုရင်နော်ရထာနှင့် မမွေဒဿီခေါ် ရှင်အရဟံတို့ခေတ်မှာ ရွေးကရှိနှင့်ပြီးသော သာသနာ့ဘေးရန် အန္တရာယ်ဖြစ်သည့် အရည်းကြီးတို့အား သုတ်သင်ရှင်းလင်းပြီးနောက် သန့်ရှင်းစင်ကြယ်သောသာသနာတော်ကို စတင် တည်ထောင်ခဲ့ကြလေသည်။

သာသနာတော် သုံးရပ်

မြတ်စွာဘုရားအဆုံးအမတော်သည် သာသနာတော် မည်၏။ထို အဆုံးအမ သာသနာတော်သည် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူ၍ သုံးမျိုးသုံးစား ရှိလေသည်။

ပရိယတ္တိ သာသနာဟူသည်မှာ မြတ်စွာဘုရား (၄၅)ဝါ အခါကာလပတ်လုံး ဟောကြားတော်မူခဲ့သော နိကာယ် ငါးရပ်နှင့်တကွ ယင်းတို့၏ အဖွင့် အဋ္ဌကထာ၊ ဋီကာများကို သင်အံလေ့ကျင့်ခြင်းပင် ဖြစ်သည်။

ပဋိပတ္တိ သာသနာဟူသည်မှာ မြတ်စွာဘုရား၏ သွန်သင်ဆွန်ကြား ပြသထားသော ဒေသနာတော်အရ အားထုတ်ခြင်းပင် ဖြစ်သည်။

ပဋိဝေဓ သာသနာဟူသည်မှာ မြတ်စွာဘုရား ဟောကြား ဆွန်ပြသည့်အတိုင်း ကြိုးပမ်း အားထုတ်သဖြင့် ရရှိလာသော စျာန်-မဂ်-ဖိုလ် တရားပင် ဖြစ်သည်။ ထိုအချိန်က နိုင်ငံတော် အုပ်ချုပ်သော ဘုရင်နှင့်တကွ တိုင်းသူပြည်သား လူအများကပါ သာသနာတော်ကို လေး လေး စား စား အားပေးခဲ့ကြသဖြင့် ပရိယတ္တိ သာသနာတော်မှာ အလွန်အမင်း ထွန်းလင်းခဲ့ပေသည်။

ပုဂံခေတ်မှစ၍ မင်းအဆက်ဆက် သာသနာ့ဒါယကာခံယူကာ သာသနာတော်ကို အားပေးခိုးမြှောက် ထောက်ပံ့ ခဲ့ကြသဖြင့် ပရိယတ္တိသာသနာတော်ဘက်တွင် အလွန်ပင် ရှင်သန်ကြီးထွားလာခဲ့ပေသည်။ ပရိယတ္တိအရာတွင် တစ်ဖက်ကမ်းခပ် တတ်မြောက်ကြသော ပိဋကတ္တယပါရဂူမထေရ်ကြီးများ ထိုစဉ်က ရေးသားခဲ့ကြသည့် ကျမ်းဂန်အမျိုးမျိုး၊ ဋီကာအဖုံဖုံနှင့် ကျမ်းကြီးကျမ်းငယ် အသွယ်သွယ်တို့မှာ ပရိယတ္တိဘက်တွင် အလွန်ပင် ပြောင်မြောက်ခဲ့လေသည်။

ထူးထူးခြားခြား မထွန်းကားခဲ့ပေ

ထို ပုဂံခေတ်မှ စ၍ ခေတ် အဆက် ဆက် ကုန်းဘောင်ခေတ်အထိ မြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော်သည် အံ့ဖွယ်ဘနန်း ထွန်းကားခဲ့ပေသည်။ သို့သော် ပဋိပတ္တိ သာသနာတော် ဘက် မှာကား ထူးထူးခြားခြား ပြောပလောက်အောင် ထွန်းကားမှုကား နည်းပါး ခဲ့လေသည်။ ပရိယတ္တိသာသနာတော်ကို ရှင်သန် ကြီးထွားလေအောင် ရှင်ရောလူပါ ကြိုးပမ်း နေကြရသဖြင့် ပဋိပတ္တိသာသနာတော်ဘက်တွင် ဖြစ်ဖြစ်မြောက်မြောက် မရှိခဲ့ပေ။

ပိုး ထမ်းဆောင်လာခဲ့ပေသည်။ ယင်း ကံ၊ ဉာဏ်၊ ဝီရိယတို့ ပါလာသည့်အတွက် ငယ်ရွယ်စဉ် သာမဏေဘဝကပင် မြန်မာနိုင်ငံတွင် ကျင်းပခဲ့ကြသော စာမေးပွဲများ၌ သူမဘူ တန်အောင် အထက်တန်းမှ ထူးထူးခြားခြား အောင်မြင်ခဲ့လေသည်။ လွတ်လပ်ရေး ခေတ်တွင်လည်း မြန်မာနိုင်ငံ ပုဒ္ဓသာသနအဖွဲ့မှ ကြီးမှူးကျင်းပခဲ့သော တိပိဋကဓရ စာမေးပွဲတွင်လည်း သူများနှင့်မတူ တစ်မူထူးခြားလျက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တော်ကို ချမ်းသာလွယ်ကူစွာပင် ဆွတ်ခူးနိုင်ခဲ့ပေသည်။

ဥယျာဉ်ကြီးမှ အသီးအပွင့်များ

ဤဆရာတော်သည် မိမိတာဝန်များ ပြီးစီးပြီးနောက် သာသနာတော်တွင် မိမိကဲ့သို့ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက လောင်းလျာတွေ မြောက်မြားစွာ ပေါထွန်း လာရေးအတွက် တိပိဋက နိကာယ သာသနာပြု အဖွဲ့ကြီး တည်းဟူသော ဥယျာဉ်ကြီးကို ကိုယ်တိုင်ဦးစီး ဖွဲ့စည်းတည်ထောင်လျက် ရှိခဲ့ရာ ပထမ (၃)နှစ်တာခရီး ပြီးစီးခဲ့၍ ယခု ဒုတိယ(၃)နှစ်တာ ခရီးသို့ ဝင်ရောက်လာပြီ ဖြစ်ပေသည်။

မကြာလှသော အချိန်ကာလ အတွင်းမှာ ထို ဥယျာဉ်ကြီးမှ အသီးအပွင့်များကို နိုင်ငံတော်သူ နိုင်ငံတော်သားများ မျှဝေ စားသုံးကြရောက်မည် ဖြစ်ပေသည်။ ။

ရွှေစေတီဆရာတော် အရှင်သုန္ဒရ

အဂ္ဂမဟာပဏ္ဍိတ - နိုင်ငံတော် ဩဝါဒဓိပတိ

သို့သော်....လုံးဝ ဆိတ်သုဉ်းသည်ကား မဟုတ်ပေ။ ပဋိပတ္တိဘက်တွင် အားသွန်ခွန်စိုက် ကြိုးကုတ်လျက် နေကြသော ပုဂ္ဂိုလ်များ ရှိခဲ့ကြပေသည်။

ကွယ်ခဲ့ပျောက်လုမတတ် ရှိခဲ့

မြန် မာ နိုင် ငံ တော် သည် ကံ မ ကောင်းအကြောင်းမလှသဖြင့် ကုန်းဘောင်ခေတ် နောက်ဆုံးပိုင်းတွင် တိုင်းတစ်ပါးသား အင်္ဂလိပ်တို့၏ လက်အောက်တွင် နှစ်ပေါင်း (၁၀၀)နီးပါး ကျရောက်လျက် ရှိနေခဲ့ရသည်။ သို့သော်လည်း ထိုစဉ်က လက်ရှိ သာသနာ့ဝန်ဆောင် ဖြစ်တော်မူကြသည့် သာသနမာမက ဆရာတော်ကြီးများနှင့် သာသနမာမက ဖြစ်ကြသည့် ဒါယကာများ၏ အ မြော် အ မြင် ကြီးမား မှုနှင့် သာ သ နာတော်ကို မည်သို့မျှ နှစ်ရစေဘဲ ကြိုးပမ်းမှုတို့ကြောင့် အမြဲပင် ရှင်သန် ကြီးထွားခဲ့ပေသည်။ တစ်နိုင်ငံလုံး စာသင်တိုက်တွေ အများအပြား တည်ထောင်ကြလျက် သင်္ဃာရှိ မြို့ရွာ ဒါယကာ ဒါယိကာမများ၏ အကူအညီ အထောက် အပံ့ အဖြစ် ပါဠိတော် အသံ၊ အဋ္ဌကထာ အသံ၊ ဋီကာအသံတွေ ပျံ့လွင့်ခဲ့ပေသည်။

ပရိယတ္တိ သာသနာတော်ဘက်မှာ မေ့မိုန့်မှုမရှိခဲ့ကြပေ။ နေ–လ အသွင် ပေါ်လွင်ထင်ရှားခဲ့ကြပေ၏။

တိပိဋက ဆရာတော်

တိပိဋက ဓမ္မဘဏ္ဍာဂါရိက လောင်းလျာ အရှင်ဝိစိတ္တာသာရသည် မွေး ဖွား လာ စဉ် က ပင် တကယ်ထူးခြားသောကံ၊ တကယ် ထူးခြားသော ဉာဏ်၊ တကယ်ထူးခြားသော ဝီရိယများကို သယ်



တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင် ဝိစိတ္တ သာရာဘိဝံသ ဆရာတော် ပိဋကတ် သုံးပုံကို နှုတ်ငုံရွရွ ပြန်ဆိုခြင်းမှစ၍ အခါက စာထောက်စာမဘဝနှင့် မိမိ ကိုယ်တိုင် တွေ့ကြုံ ခဲ့ရသော အချက် အလက်များကို အရှင် ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ စာမေးပွဲအောင်စက သာသနာ့ ရိပ်သာ ဓမ္မာရုံ ချီးကျူးပွဲ၌ လည်းကောင်း၊ (၂၅)နှစ်မြောက် ငွေရတုသာဂင်ပွဲ ဆင်နွှဲကျင်းပရာ သာသနာ့ရိပ်သာ ဖလ်ယဉ် ဓမ္မာရုံ ချီးကျူးပွဲ၌ လည်းကောင်း၊ ပုဇွန်တောင် ဘုရားဖြူကျောင်းတိုက် ချီးကျူးပွဲ၌ လည်းကောင်း ထိုမှ ဤမှ ချီးကျူးပွဲ ကြီးငယ် အသွယ်သွယ်တို့၌ လည်းကောင်း မိမိမှတ်မိသမျှတို့ကို ထောက်ပြ ချီးကျူးခဲ့သော အကြိမ်ပေါင်း များသင့်သလောက် များခဲ့ပေပြီ။

ဂုဏ်ပြင် ဝန်ကြီးချုပ်ဟောင်း ဦးနုက....

''တပည့်တော်တို့ရဲ့ မျက်စိသက်လှမ်းတမီ၊ နားလက်လှမ်းတမီ၊ ဗဟုသုတ လက်လှမ်းတမီ သာသနာတော် ဘစ်လျှောက်အတွင်းမှာ ကြုံတောင့်ကြုံခဲ့၊ ပေါ်တောင့်ပေါ်ခဲ့၊ ဖြစ်တောင့်ဖြစ်ခဲ့ဖြစ်သော ထူးထူးဆန်းဆန်း အံ့သြဖွယ်ရာ အလွန်ကောင်းလှသော တိပိဋကရ ပိဋကတ် သုံးပုံဆောင် ပုဂ္ဂလဝိသေသ များကို ချီးကျူး ပူဇော်ခွင့်ရကြသည့်အလျောက် ချီးကျူး ပူဇော်ခြင်းတို့ဟာ အလွန် ကောင်းမွန်လှပါသည်။သို့ရာတွင် ဤကဲ့သို့ ဝုန်းဝုန်းဒိုင်း ဒိုင်းချီးကျူးကြ၊ပူဇော်ကြတဲ့ ပွဲမျိုးဟာ ပြီးပြီး ပျောက် ပျောက် ပွဲပြီးမီးသေချီးကျူး ပူဇော်ခြင်းမျိုးဖြစ်၍ တစ်ပွဲတိုးမျှသာဖြစ်ရာ နောက်လူ နောက်သားတို့လဲအမှတ်တရ ဖြစ် စေခြင်းငှာ ပေါ်လွင်ထင်ရှားတဲ့ နေရာ များဌ ကျောက် ထက် အ ကွ ရာ ကျောက်စာ ရေး ထိုး တင် ထား လိုပါ၊ကြောင်း ဆရာတော်ဘုရား မှတ်သားမိသမျှ ရေး သား ပေး တော် မူ ပါရန်''

လျောက် ထား လာသဖြင့် ခဲရာခဲဆစ် အချက်အလက် ခပ်များများကိုသဲ ချီးကျူး ပူဇော်ပွဲနှင့် ကျောက်စာအတွက် မြွက်ကြား ရေးသားပေးအပ်ပြီးပြီဖြစ်၍ ချီးကျူး အပ်ခဲ့ပြီးသည် တို့မှ ကြွင်းကျန်သော အချက်အလက်များကိုသာ မှတ်တမ်းတင်ပါအံ့။

သို့ မှတ်တမ်းတင်ရာ၌ တိပိဋကရ ပိဋကတ် သုံးပုံဆောင် အရှင်မြတ်ငါးပါး ရှိသည့်အနက် ပထမဆုံး အောင်မြင်တော် မူသော အရှင်ဝိစိတ္တသာရာဘိဝံသ အရှင်မြတ် ဖြေဆို အောင်မြင် တော်မူပုံကို ဖော်ပြ လိုက်လျှင် ကြွင်းသောအရှင်မြတ်တို့၏ဖြေဆို အောင်မြင်တော်မူပုံ များ ကိုပါ အကဲခတ် ဆုံးဖြတ်နိုင်လောက်ပြီ ဖြစ်၍လည်းကောင်း၊ မင်းကွန်း တိပိဋက နိကာယ သာသနာပြု အဖွဲ့၏ ဒုတိယ သုံးနှစ်ခရီး စာ စောင်ဖြစ်၍လည်းကောင်းအရှင် ဝိစိတ္တသာရာဘိဝံသ အရှင်မြတ် ဖြေဆိုပုံကိုသာ အသင့်အတင့် ဖော်ပြပါအံ့။

စာမေးပွဲဆိုတာ အာဂုံစာမေးပွဲ၊ သဘောရေးဖြေ စာမေးပွဲရယ်လို့ နှစ်မျိုး ရှိတဲ့ အနက် အာဂုံစာမေးပွဲဆိုတာက...



တိပိဋကဓရရွေးချယ်ပွဲတွင် ဆရာတော်ဘုရားကြီးပြန်ဆိုတော်မူစဉ်...

၁။ ဘယ် စာပုဒ်ကို အစမှ အဆုံး အကုန်လုံးပြန်ပြ ပါဟူ၍ လည်းကောင်း၊

၂။ အဲဒီစာပုဒ်ရဲ့ ရှေ့နား က စာပုဒ်ကို ပြန်ပြပါ ဟူ၍လည်းကောင်း၊

၃။ အဲဒီ စာပုဒ်ရဲ့ နောက် နားက စာပုဒ်ကို ပြန်ပြ ပါဟူ၍ လည်းကောင်း စသည်ဖြင့် မေးတာမျိုးပဲ ဖြစ်ပါ တယ်။အဲဒါက ပါးစပ်နှင့်ပြန်ဆို တာကို နားနဲ့ ထောင်ရတာဖြစ် တော့ (ဂငယ်)နှင့်(ဃကြီး) မကွဲ ဘူး။ (ဇကွဲ)နှင့် (ဈမြင်းဆွဲ၊ ဋနှင့် တ၊ ဌနှင့် ထ၊ ဍနှင့် ဒ၊ ဎနှင့်ဓ၊ ဏနှင့် န၊ ဗနှင့် ဘ၊ လနှင့် ဠ၊ မကွဲဘူး။ ရောနှော လုံးထွေးချလို့ရတယ်။

စာမေးတဲ့ စာထောက်စာမ ဆရာတော်တို့၊ အုပ်ချုပ် နား ထောင်ကြီးကြပ်နေကြတဲ့ နာယ က ဆရာတော်ကြီးတို့၊ ဘေးနား ကဒနပြီး မှတ်ချက်ရေးသားနေ ရတဲ့ စာမှတ်လူဆရာတို့ လစ်ရင် လစ်သလို ကျော်လွှား သွားတာ တို့၊ မပီကလာ ပီကလာနှင့်ဘေး က နားထောင်နေတဲ့သူ နား မလည်အောင် ပြန်ဆို သွားတာ မျိုးတို့လဲ ဖြစ်တတ်သေးတယ်။

တွေ့ဖူးပါတယ်။ တစ်နေရာ စာပြန်ပွဲတစ်ခုမှာ ဒီလိုပဲ စာမရ တာနှင့် တောင်ဆို မြောက်ဆို မဟုတ်ကဟုတ်ကတွေလျှောက်ပြီး အသံတိတ်ရုံ၊ အသံမပြတ်ရုံ ဆို နေတော့....

"မဟုတ်ဘူး၊ ဒီလို မပြန်ဆို ပါနှင့်"လို့ ပြောတော့....

"သူပြန်ဆိုချင်တာ ပြန်ဆိုရ တာ မဟုတ်ဘူး၊ အထက်ဆရာ ကြီးများက နှုတ်ခမ်းမှာ ပူးဝင် ပြီး ပြန်ဆိုနေတာပါ" အထက် ဂိုဏ်းဆရာကြီးများ ပြန်ဆိုနေတဲ့ စာကို စာအုပ်နှင့်လိုက်ပြီး တိုက် ဆိုင် နေ လို့ ရ မှ ာ မ ဟု တ် ပါဘူး"လို့ စာပြန်ပွဲထဲ ဂိုဏ်း တို့၊ အထက် ဆရာ ကြီး တွေ တို့တောင် ဝင်လာဖူးသေးတယ်။

အဲဒီလိုဖြစ်တတ်တော့ အရှင် ဝိစိတ္တသာရာဘိဝံသဆရာတော်ရဲ့ အာဂုံပြန်ဆိုပွဲမှာ ကြပ်မတ်ကြတဲ့ ဆရာတော် များနှင့် လူပညာရှိ စာမှတ်ပုဂ္ဂိုလ်များကလဲ အလစ် မပေးဘူး။ အာဂုံ ပြန်ဆိုတော်မူ တဲ့ ဆရာတော် ဦးဝိစိတ္တသာရာ-ဘိဝံသကလဲ တစ်တစ်ခွခွ ပီပီ သသ ပြတ်ပြတ် သားသား အ များ ကြားနာ ကြည်ညိုနိုင် လောက်အောင်အသံကိုဖွဲ့ပြီးပြန် ဆိုတော်မူသွားပါတယ်။

အဲဒီလို ပြန်ဆိုတော့ (၃၃) ရက်တိုင်တိုင်ကျင်းပတဲ့ တိပိဋ္ဌက စာပြန်ပွဲကြီးမှာ နေ့စဉ် စာပြန် ချိန်တိုင်း စာနာသူ ပရိသတ်များ ဖြင့် အလွန် စည်ကားပြီး အုန်း အုန်းသဲသဲ တစ်ခဲနက် ဖြစ်နေပါ တယ်။ များသော အားဖြင့် သမ္မတဟောင်း စစ်ရွှေသိုက်တို့ ဇာတ်ဆရာကြီး ဂရိတ်ဦးဘိုးစိန် တို့၊ ဒေါ်ကျင်ယုံတို့ဟာ အမြဲ လိုလိုလာရောက်စာနာကြတာကို တွေ့ရပါတယ်။ အဲဒါကပိဋ္ဌကတ် သုံးပုံခေါ်တဲ့ စာအုပ်ရေ(၂၀)၊ စာမျက်နှာ (၇၀၀၀) ကျော် (၈၀၀၄)ကျော်ကို အလွတ်ပြန် တဲ့ ပိဋ္ဌကတ်သုံးပုံ အာဂုံပြန်ဆိုပွဲ ကြီးဖြစ်တယ်။

သဘောရေးဖြေစာမေးပွဲဆို တာက အဲဒီပါဠိတော်၊ အဲဒီပါဠိ တော်နှင့်သက်ဆိုင်တဲ့အဋ္ဌကထာ၊ ဋီကာ၊ မူလဋီကာ၊ အနုဋီကာ၊ ဓမ္မဋီကာ၊ ယောဇနာ၊ နိဿယ၊ ဂဏ္ဌိ၊ ဝိနိစ္ဆယ စတဲ့ ကျမ်းဂန် တွေထဲမှာလာတဲ့ ခဲခဲခဲဆစ် အဖု အထစ်တို့ကို စာနှင့်ရေးပြီး မေး ခြင်းမျိုးပဲ ဖြစ်ပါတယ်။ အဲဒီလို စာနှင့်ရေးပြီး မေးမြန်းခြင်းမျိုး ကတော့ အာဂုံ၊ နှုတ်နှင့် ဖြေဆို တာမျိုးလို ဖြန်းချလို့၊ ဖြီးချ လို့ မရတော့ဘူး။ မဖြေနိုင်ရင် ကလောင်တံကိုင် ထိုင်ပြီး မှိုင်နေ ရုံပဲရှိတယ်။

အရှင် ဝိစိတ္တသာရာ ဘိဝံသ ဖြေဆို တုန်း ကတော့ သည်လို မဟုတ်ဘူး။ ဝိုင်းကြည့်နေကြတဲ့ သူတွေဟာ အုန်းအုန်း ထနေ တာပဲ။ ဘာပြုလို့လဲ ဆိုတော့ သူစာဖြေတာက အဆန်းဖြင်နေ တယ်။ ဘယ်လို အဆန်းဖြစ်နေ သလဲ ဆိုရင် ဘစ်ပါးသော သူ တွေ စာဖြေတာက ရိုးရိုးဆိုင်ခုံ ပေါ်ဆိုင်ပြီး စားပွဲပေါ် စာရွက် တင်ပြီး လက်နှင့် ရေးဖြေကြ တယ်။ အရှင် ဝိစိတ္တသာရက တော့ စားပွဲပေါ် လက်နှိပ်စက် တင်ပြီး အျက်အစီး အပြင် အဆင်မရှိ ပကတိရိုးရိုး သူ့ လက် ညှိုးနှစ်ချောင်းနှင့်စက်ကို နှိပ်ပြီး ချက်ချင်း ရိုက်တော့တာပဲ။

စာထောက်စာမ ဆရာတော် များ၊ နာယက ဆရာတော်များ၊

အရှင် ဝိစိတ္တသာရာ ဘိဝံသသည် တိပိဋကဓရ စာပေးပွဲကြီးတွင် လက်နှိပ်စက်ဖြင့် ရိုက်၍ ဖြေနေစဉ်

အရှင် ဝိစိတ္တသာရာဘိဝံသသည် တိပိဋကဓရ စာပြန်–ဖြေတော်မူစဉ် စာနာသူ ပရိသတ်များဖြင့် အလွန်စည်ကားလျက်....



စာမှတ် ဆရာများနှင့် စာမေးပွဲ ကြုပ်တော်ရေး တာဝန်ခံ ပုဂ္ဂိုလ် များလဲ့ ကိုယ့်ထောင့်က ကိုယ့် တာဝန် မလစ်ဟင်း ရအောင် ကြည့်ရှုနေကြသည်မှာလဲ ဝိုင်း ဝိုင်းလည်လို့ နေတာပဲ။ အချို့ နာယက ဆရာတော် များက အရှင် ဝိစိတ္တာသာရာဘိဝံသအား 'လက်နှိပ်စက်ကို လက်ညှိုး နှစ် မချောင်းတည်းနှင့် အလွန် မြန် အောင် ရိုက်နိုင်သကိုး' ဟု ပြော ရာ ဆရာတော် အရှင် ဝိစိတ္တ-သာရာဘိဝံသက 'ဒါက ဆင်းရဲ သားရိုက်ခေါ်ပါတယ်ဘုရား' ဟု ပြန်ကြားလျောက်ထားရာ အား လုံး ပွဲကျသွားပါတယ်။

မင်ခံစက္ကူ (ကာဗွန်) မခံဘဲ (ဝါ-မပါဘဲ) လက်နှိပ်စက်နှင့် ရိုက်ပြီး တစ်ခါတည်းအပြီးသတ် ဖြေကြားတဲ့ အဖြေလွှာများကို သက်ဆိုင်ရာ စစ်ဆေးတဲ့ ဆရာ တော်များက စစ်ဆေး ကြည့်ရှု တော် မူတဲ့အခါ စာလုံးပိုလျှ နေ လို့ ဖျက်ရခြင်း၊ စာလုံးကျန်ရစ် ခဲ့လို့ ထပ်မံထည့်ရခြင်း၊ စာလုံး များနေလို့ ပြင်ဆင်ရိုက်နှိပ်ရခြင်း စသည့် အချက် အလက် တွေကို လုံးဝမတွေ့ရသဖြင့် စစ်ဆေးတဲ့ ဆရာတော်များ အလွန် အံ့သြ တော် မူကြသည်ကို တွေ့ရ ပါ တယ်။

အကျွန်ုစာလုံးများနှင့်သတ်ပုံ သတ်ညွှန်းများကို လက်နှိပ်စက် နှင့် ရိုက်ပြီး အပြီးသတ် အချော ကိုင် အပိုင် ဖြေ ဆို ခြင်း ထက် ဂဏန်း တွက်ချာ၌ ရလဒ်များ ကို ရိုက်နှိပ် ဖြေဆိုသည့် အတွက် ဆရာတော်များ ပိုမို အံ့သြတော် မူကြပါတယ်။အဘယ်ကြောင့်ဆို သော် ဂဏန်း အပေါင်းအနုတ် အမြောက်အစားကိုလက်နှိပ်စက် နှင့် ရိုက်ရတာ အလွန် မလွယ်ကူ တဲ့ အလုပ်ဖြစ်ပါတယ်။ ပေါင်း ပြီး၊ နုတ်ပြီး၊ မြောက်ပြီး၊စား ပြီး ဂဏန်းများကို ကူးရိုက်ရတာက မခက်ပါဘူး။ အပေါင်း၊အနုတ်၊ အမြောက်၊အစား အားလုံးဟာ ခု,ကွက်ကစပြီး ဆယ်ကွက်၊ ရာ ကွက်၊ထောင်ကွက် စသည်တို့သို့ ပြောင်းပြန်ရိုက်လာရတဲ့အတွက် မလွယ်ကူခြင်းဖြစ်ပါတယ်။ ကူး ရိုက်ဖို့ကလဲ စက္ကူတိုစက္ကူစ၊ စာ ရွက်တို့ စာရွက်စအနီးအနားမှာ လုံးဝ ရှိရတာ မဟုတ်ပါဘူး။ အားလုံးမှ ဖြေတဲ့ စာရွက် တစ် ရွက်တည်းရှိရပါတယ်။ စာရွက် အပိုတွေ့လျှင်လဲ အရေးယူခံရပါ မယ်။

အမျှားအားဖြင့် ဒီတိပိဋ္ဌက-ရေ ရွေးချယ်ရေး စာမေးပွဲကြီး သို့ ဝင်ရောက် ဖြေဆိုကြလျှင် ကျမ်း စာမျက်နှာ အားဖြင့် (၆၆၄)မျက်နှာသာ ရှိတဲ့ ဒီဃ နိကာယ်(၃)ကျမ်းက စပြီး ဖြေ ကြတယ်။သည့်နောက်နည်းနည်း ပိုခက်တဲ့ စာမျက်နှာ (၂၀၀၀) ခန့်ရှိတဲ့ ဝိနည်း(၅)ကျမ်းကိုဖြေ ဆိုကြတယ်။ သည့်နောက် တော် တော် ပိုခက်တဲ့ ဓာ မျက် နှာ (၂၀၀၀)ခန့် ရှိတဲ့ အဘိဓမ္မာ ရှေ့ (၅)ကျမ်း၊ သည့်နောက် အခက်ဆုံးစာမျက်နှာ(၂၅၀၀) ခန့်ရှိတဲ့ အဘိဓမ္မာ နောက်နှစ် ကျမ်း(၇)အုပ်၊ အဲဒီလို ဖြေကြ ရပါတယ်။ဆရာတော်ဦးဝိစိတ္တ-သာရာ ဘိဝံသ ကတော့ ဒီလို မဟုတ်ဘူး။ ခက်လဲခက် စာလဲ များတဲ့ဝိနည်းကို ၁၃၂၂ ခုနှစ်က သုံးကြိမ်မြောက် ကျင်းပတဲ့တိပိ-ဋ္ဌကဓရ ရွေးချယ်ရေး စာမေးပွဲ ကြီးမှာ ဖြေဆိုအောင်မြင်တော်မူ တယ်။ နောက် ၁၃၁၃ ခုနှစ်၊ အဘိဓမ္မာ ရှေ့ပိုင်း၊ ၁၃၁၄ ခုနှစ်မှာ အဘိဓမ္မာ ဒုတိယပိုင်း၊ ၁၃၁၅ ခုနှစ်၊ ဒီဃနိကာယ် (၃)ကျမ်း၊အဲဒီလိုအခက်ကစပြီး ဖြေဆို အောင်မြင်တော်မူလာပါ တယ်။

အောင်ပြန်တော့လဲ အဲဒီ စာ မေးပွဲကြီးရဲ့ အောင် မှတ် ဟာ (၃၅)မှတ်ရမှ အောင်ရုံကလေး ရှိသေးတယ်။(၈၅)မှတ်စီ အညီ ရသွားမှ မဟာဆုံတဲ့ ဘွဲ့ထူးကိုရ နိုင်ပါတယ်။ ကျမ်းပေါင်း(၂၀) ကို အာဂုံပြန်ဆိုစဉ်ကအထောက် အမ မခဲ့။ ကရား ရေလွှတ်သလို တတွတ်တွတ် ပြန်ဆိုနိုင်မှ 'ဝိသိဋ္ဌ တိပိဋ္ဌကဓရ' ဆုံတဲ့ ဘွဲ့ထူးကိုရ တယ်။ တစ်နေ့လုံးအတွက် ၅-



အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော
"The Guinness Book Of Records 1985"
စာအုပ်ကြီး၊ စာမျက်နှာ-၁၆၅၌
ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏
အံ့ချီးဖွယ်မှတ်ဉာဏ်ကောင်းမှုကို
အောက်ပါအတိုင်း ဖော်ပြထားပါသည်။

● Human memory

Bhandanta Vicitsara recited 16,000 pages of Bhuddist canonical texts in Rangoon, Burma in May 1954. Rare instances of eidetic memory—the ability to re-project and hence 'visually' recall material—are known to science.

ကြိမ် ထောက်မ ပေးရလျှင် ကျ ရှုံး၍ ၄--ကြိမ်၊ ၄-ကြိမ်အောက် ထောက်မရလျှင် လှုပ်လှုပ်ကတ် ကတ် အာဂုံပြန်ဆိုပွဲမှာ အောင် ရုံလေး အောင်ပြီး တိပိဋကရ လို့တော့ ခေါ်ရပါရဲ့ 'ဝိသိဋ္ဌ တိပိဋကရ' လွန်ကဲထူးမြတ်တဲ့ တိပိဋကရလို့တော့ မခေါ်ရ တော့ဘူးပေါ့။ ဘုန်းကြီး လော က ပရိယတ္တိသာသနာ နယ်ပယ် မှာ 'ဝိသိဋ္ဌ' ဆိုဘဲ့ စာသုံးလုံး ဟာ အဘယ်မျှ တန်ဖိုး ရှိပြီး အဘယ်မျှ ခရီးရောက်တယ် ဆို တာ ရှင်းသွားကြရော မဟုတ် လား။ ဒါက အာဂုံ အတွက် ပြောတာ။

ရေးဖြေအတွက်ကတစ်ကျမ်း အမှတ်(၁၀၀)အနက်၊ (၇၅) မှတ်ရမှ လှုပ် လှုပ် ကတ် ကတ် အောင်ရုံရှိတယ်။'မဟာတိပိဋကကောဝိဒ'ဆိုတဲ့ ဘွဲ့ထူးကို မရသေးဘူး၊ ကျမ်းတိုင်း (၈၅) မှတ်စီ ရသွားမှ 'မဟာ' ဆိုတဲ့ ဘွဲ့ထူးကို ရတာ ဒီနေရာမှာလဲ 'မဟာ' ဆိုတဲ့ စာ နှစ်လုံးဟာ အဘယ်မျှအရေးပါတယ်ဆိုတာ ရှင်းသွားကြရော မဟုတ်လား။

တိပိဋကရ အတွက် သင်အံ့ လေ့လာ ကျက်မှတ်ရတဲ့ ကျမ်း စာကြီးများက ကျမ်းရင်း အုပ် ရေ (၂၀) ရှိတော့ အာဂုံ အတွက် အဲဒီအုပ်ရေ(၂၀)စလုံး 'ဝိသိဋ္ဌ'ဆိုတဲ့ ဂုဏ်ထူး(၂၀)ကို ရရှိဖို့ရယ်၊ သဘော ရေးဖြေ အတွက် အဲဒီအုပ်ရေ(၂၀)စလုံး 'မဟာ'ဆိုတဲ့ ဂုဏ်ထူး(၂၀)ကို ရရှိဖို့ရယ် မလွယ်ကူလှ ပါဘူး။ အမှန်က အဲဒီ အုပ်(၂၀)စလုံး အာဂုံမှာ အထောက်အမလွတ် ကင်းခြင်း၊ သဘောရေးဖြေမှာ (၈၅) မှတ် ကျော်ရခြင်း တို့ ကြောင့် အုပ်စုဖွဲ့ပြီး ဝိနည်းအုပ် စုအတွက်'ဝိသိဋ္ဌဝိနယဓရ မဟာ ဝိနယ ကောဝိဒ'အဘိဓမ္မာအုပ်စု အ တွက် 'ဝိသိဋ္ဌအာဘိဓမ္မိက မဟာ အဘိဓမ္မကောဝိဒ'၊ ဒီဃ နိကာယ် အုပ်စုအတွက် 'ဝိသိဋ္ဌ ဒီဃ ဘာဏက မဟာ ဒီဃ နိကာယကောဝိဒ'လို့ သုံးအုပ်စု ဖွဲ့ပြီး ဘွဲ့ပေးထားခြင်းပဲ ဖြစ်ပါ တယ်။

အကယ်၍ ဇာစ်ကျမ်းစီခွဲလိုက်လျှင် ဝိသိဋ္ဌ(၂၀)၊ မဟာ(၂၀) ဂုဏ်ထူး(၄၀)ဖြစ်လာပါတယ်။ ဒါကြောင့် တိပိဋကနှင့်ပတ်သက်ပြီး ဂုဏ်ထူးတွေ၊ ဘွဲ့ထူးတွေ အများဆုံးရရှိတဲ့ ပုဂ္ဂိုလ်ကိုလက်ညှိုးညွှန်ပြပါလို့ ဆိုလျှင် အရှင်ဝိစိတ္တာသာရာဘိဝံသကိုပဲ ညွှန်ပြရမှာ ဖြစ်ပါတယ်။ အဲဒီလို ဖြစ်ဘောင်ဖြစ်ခဲ့၊ ကြုံတောင်ကြုံခဲ့၊ ဆုံဘောင်ဆုံခဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်ပေါ် တွေ့ကြုံ ဆုံစည်းခိုက် သာသနာကျိုးကို အဟုတ်တန်း သယ်ပိုးကြသော မင်းကွန်းတိပိ-ဋ္ဌက နိကာယ သာသနာပြု အဖွဲ့ဝင် သူတော်စင်တို့ကလဲ လသာ တုန်းဗိုင်းငင်ဆိုသလို အကြောင်း အခွင့်သင့်ခိုက် အားစိုက်လုံးပန်း ကြရန် တိုက်တွန်း စကား မိန့် ကြားအပ်ပေကြောင်း။ ။

ဘုံပျံ ဆရာတော်

သရက်တောဗျာပုံတိုက်သစ်
ဘဒ္ဒန္တသြဘာသာဘိဝံသ
၊အဂ္ဂမဟာပဏ္ဍိတ၊
ဆယ့်သုံးပါးသောဂုဏ်ရည်

အရှင်ဝိစိတ္တာသာရမထေရ်
တာ ပိဋကတ်သုံးပုံစာပြန်ပဲ့
ကြီးကို ၁၃၁၄ - ခုနှစ်က
စပြီး ၁၅-ခုနှစ်၊ ၁၆-ခုနှစ်
အထိ တစ်နှစ်ကို တစ်ပုံ၊ နှုတ်ဝှံ-
ရေးဖြေ ဝင်ရောက် ပြန်ဆို နေတဲ့
အချိန်တုန်းက ဘုန်းကြီး ကိုယ်တိုင်
သူ့ရဲ့ စာပြန်ပလ္လင် ထီးဖြူတော်ရိပ်မှာ ဆိတ်ငြိမ်
နိုးကပ်စွာ ထိုင်ပြီး သူပြန်ဆိုတာတွေကို အမှား
အမှန် နားထောင် စစ်ဆေးခဲ့ရပါတယ်။

အဲသည်အခါမှာ သူ့ရဲ့ မုခပါဠိက သန့်ရှင်း
သာယာ ပြတ်သားစွာနဲ့ မြည်ဟည်း ပေါ်ထွက်
လာတဲ့ အသံဗလံ ဉာဏ်ရည်စွမ်းအင်တွေဟာ အ
လှံဝေဝေကောက်ပြီး ပိဋကတ်သုံးပုံကို ဓမ္မန္ဒောက်
ချောက်ချား ချေမှုန်းနေသလိုပဲ ထင်ရတယ်။ စာ
အုပ်ကြီးထဲက အမှားပုဒ်ကလေးတွေကိုလဲ သူက
ထုတ်ထုတ်ပြီး စာပြန်ရင်း ဖြေရှင်းပေးသွားလိုက်
သေးတယ်။

သူ့ရဲ့ ပြန်ဆိုပုံတွေကို မှန်မမှန် နားထောင်
စစ်ဆေးနေတဲ့ ဘုန်းကြီးရဲ့ စိတ်ထဲမှာ 'အင်း...
သူက စာပြင်ဆရာ၊ ငါက သူ့ရဲ့ ပြင်ဆင်ချက်
တွေကို လိုက်နာမှတ်သားမနေရတဲ့ သူ့ရဲ့တပည့်
ဖြစ်နေပါကလား' ဟု သူ့အား လေးစားကြည်ညို
တဲ့ နှစ်သက်မှု ပီတိတွေဖြစ်ကာ မျက်ရည်တွေဝဲပြီး
သူ့ကို ပေးလှူချင်တဲ့စိတ်တွေ၊ ရှိခိုးချင်တဲ့စိတ်တွေ



ဟာ နှလုံးသားထဲက တဖွားဖွားနဲ့ ပေါ်ထွက်လာကြတယ်။

ဒါကြောင့်လဲ ဘုန်းကြီးရေးပြုတဲ့ သုတေသန သရုပ်ပြ အဘိဓာန်ကျမ်းကြီးရဲ့ တတိယနိပ်ခြင်း အ-အက္ခရာအပိုင်းကဏ္ဍမှာ အရှင်ဝိစိတ္တာသာရမထေရ်မြတ်၏ အောင်မြင်မှုဂုဏ်ရည်(၁၃)ပါးကို အောက်ပါအတိုင်း သရုပ်ထုတ်ကာ ဖော်ပြထည့်သွင်းထားခဲ့ပါသည်။ [သာသနာ (၂၆)ရာစုအတွင်းက ဖြစ်၏။]

ထို ဂုဏ်ရည် (၁၃)ပါးမှာ-

(၁) ဘဒ္ဒန္တ ဝိစိတ္တာသာရာဘိဝံသ၊ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝဠံသကာဂုဏ်။

(၂) အဋ္ဌကထာ ပြန် အကျော် ဂုဏ်။

(၃) အစိုးရ ပဌမ ကျော် ဂုဏ်။

(၄) သာသနဓဇ သိရီ ပဝရ ဓမ္မာစရိယ ဂုဏ်။

(၅) ဝိသိဋ္ဌ ဝိနယဓရ မဟာဝိနယ ကောဝိဒ ဂုဏ်။

(၆) ဝိသိဋ္ဌ အာဘိဓမ္မိက မဟာ အာဘိဓမ္မ ကောဝိဒဂုဏ်။

(၇) ဝိသိဋ္ဌ ဒီဃဘာဏက မဟာ ဒီဃနိကာယ ကောဝိဒ ဂုဏ်။

(၈) ဗုဒ္ဓသာသနာ ဝိသိဋ္ဌ တိပိဋကဓရဂုဏ်။

(၉) ဗုဒ္ဓသာသနာ ဝိသိဋ္ဌ တိပိဋကဓရ မဟာ တိပိဋက ကောဝိဒ ဂုဏ်။

(၁၀) တိပိဋက ဓရ ဓမ္မ ဘဏ္ဍာ ဂါရိက ဂုဏ်။

(၁၁) ဆဋ္ဌ သင်္ဂီတိ ဝိသဇ္ဇက ဂုဏ်။

(၁၂) အဂ္ဂ မဟာပဏ္ဍိတ ဘွဲ့ထူး ဂုဏ်။

(၁၃) အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့ထူးဂုဏ်တို့ပင်ဖြစ်ပါသည်။

ဒါကြောင့် အရှင် ဝိစိတ္တာသာရမထေရ်မြတ်ရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ စိတ်ဓာတ် ကြံ့ခိုင်တည်မြဲတဲ့ ဇွဲ၊ လုံ့လ၊ ဝီရိယတို့နဲ့ သာသနာပြု လုပ်ရည်ကိုင်ရည် ကြံရည်ဖန်ရည်တွေကို အထူးပဲ ယုံကြည်ပြီးသားဖြစ်လို့ ထိုအရှင်မြတ် ဦးဆောင်ဖန်တီး ဆောက်လုပ် ဖော်ထုတ်ပေးနေတဲ့ ကမ္ဘာ့ဗုဒ္ဓသာသနာပြု နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် ကျောင်းတော်ကြီးတွေအတွက် ဘုန်းကြီးရဲ့ နဝကမ္မအတွက်ဖြစ်တဲ့ အနာမာသ ဝတ္ထုငွေ တစ်သိန်း၊ တစ်သောင်း၊ တစ်ထောင်၊ တစ်ရာ၊တစ်ဆယ်၊ တစ်ကျပ်



(၁၁၁၁၁၁ကျပ်)တို့ကို ၁၃၄၇-ခုနှစ်၊ ဒုတိယ ဝါဆိုလပြည့်ကျော် (၁၀)ရက်၊ တနင်္ဂနွေနေ့က ဥက္ကဋ္ဌကြီး ဦးသာလှမှတ်ဆင့် အရှင်ဝိစိတ္တာသာရ မထေရ်မြတ်၏ နဝကမ္မအား ပေးလှူ ပူဇော်ခဲ့ပါ တယ်။ ဒါဟာ မိမိရဲ့ ကိုယ်ရည်သွေး ဂုဏ်ဖော် တာ မဟုတ်ပါဘူး။ ဆရာတော် အရှင်ဝိစိတ္တာသာရ မထေရ်မြတ်အပေါ်မှာ ဘုန်းကြီးရဲ့ ကြည်ညိုချက် တွေ ယိုစီးထွက်ပေါ်လာလို့ နှုတ်မွှက်ပြောဆိုမိ တာပါ။

ကဲ....မင်းကွန်း တိပိဋကနိကာယ သာသနာပြု အဖွဲ့ကြီး၏ ဦးစီးဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် အထူးကု ဆရာဝန်ကြီး ဦးသာလှက မရမငြိမ် အကြိမ်ကြိမ် တောင်းခံလာလို့သာ ဤ စာလွှာကို ရေးရပါ တယ်။ အရှင်ဝိစိတ္တာသာရ၏ ဝတ်ပွန်းတေးပာ ရေး တယ်။ အရှင်ဝိစိတ္တာသာရ၏ ဂုဏ်ပုဒ်တွေဟာ ရေး ထုတ်လို့ ကုန်ဆုံးစရာ မရှိတာ အမှန်ပါပဲ။ ဒါ ကြောင့် ဘုန်းကြီးရဲ့ ဉာဏ်မီသလောက် ထောက်ခံ ရေးသားပါတော့မယ်။

ဂုဏာဝန္တော ပဿန္တိ ဂုဏ်ဆန္တိ တုဿန္တိ
မာနေန္တိ ထောမေန္တိ ပူဇေန္တိ ဂရုံကရောန္တိ
သမ္မာကရောန္တိ ဒေဝ မနုဿာ။ ။

ဟူသော ပရိဘာသာအရ လောက၌ သူမတူ အောင် ဂုဏ်ရည်ဂုဏ်သွေး ဂုဏ်ပဂေးမှူး ဂုဏ်ထူး ဂုဏ်သိန် ဂုဏ်ရှိန်ဂုဏ်ဝါတွေနဲ့ ပြည့်စုံလာအောင် ကြိုးကြိုးစားစား လုပ်ယူရရှိထားဖို့ကား အလွန် အလွန် ခက်ခဲလေသည်။ လွယ်ကူသော အရာမျိုး မဟုတ်ပေ။ ထို့ကြောင့်ပင် ပညာရှင်တို့က ဒေဝ-မနုဿာ=နတ်လူအများ လောကသား အားလုံး တို့သည်။ (၀၇) လောကသား အား လုံး တို့၏ မျက်စိနှင့် စိတ်ဝိညာဉ်တို့သည်။

ဂုဏ်ဝင်ခြင်း (တိပိဋကဓရမမ္မ ဘဏ္ဍာဂါရိက အဘိဓဇ မဟာရဋ္ဌဂုရု နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး၏ အကျိုးတော် ဆောင် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ မထေရ်မြတ် ကြီးတို့လို) ဂုဏ်ရှိသော ပုဂ္ဂိုလ်မျိုးကိုသာလျှင်....

(၁) **ပဿန္တော** တွေ့လို မြင်လို ကြည့်လို ရှုလို ပေါင်းလို သင်းလို ရင်းလို နှီးလို ဆက်လို ဆံ့လို ဖူးမြော်လိုကြကုန်၏။

(၂) **ဣဉ္ဇန္တော** လိုလိုချင်ချင် တောင့်တောင့်တာ မျော်မျော် လင့်လင့်နဲ့ ရယူရန် အသင့် ပြင်ဆင်ထားကြကုန်၏။

(၃) **ဘုဿန္တော** နှစ်နှစ် သက်သက် သာသာ ယာယာ ကြည်ကြည် လင်လင် ဖြူဖြူ စင်စင် ခင်ခင် မင်မင် ရွှင်ရွှင် ပျပျနဲ့ အားရ တင်းတိမ်ကာ ကျေနပ်ကြကုန်၏။

(၄) **မာနေန္တော** ကြည်ကြည် ညီညီ မြတ်မြတ် နိုးနိုး ရှိခိုး တုပ်ဝပ် ဦးညွတ်ကြကုန်၏။

(၅) **ထေးမေန္တော** သောင်းသောင်း ညံညံ ဘဝင် လျှံသော ကောင်းချီး သံတို့ဖြင့် ချီးမွမ်း ထောမနာ ဩဘာဟစ်ကြွေး ဂုဏ်ပဂေးများစွာ ဂုဏ်ပြုလွှာ အမျိုးမျိုးတွေ ရေးရေးပြီး မော်ကွန်းထိုး မှတ်တမ်း တင်ကြကုန်၏။

(၆) **ပူဇေန္တော** အရှင် ဝိစိတ္တသာရ မထေရ်မြတ်၏ အမှသစ် ကိစ္စ နဝကမ္မ အား လိုသလို တိုးတိုးပြီး ဖြိုးထိန်ဝေဖြာစွာ ပြုလုပ်နိုင်စေရန် အိုးအိမ်ဂေဟာ မြေနေရာနှင့် ရတနာ ရွှေငွေ အထွေထွေသော ဝတ္ထုပစ္စည်းတို့ကို ပေးလှူလို့ မဝအောင် ပူဇော် ပသမှု ပြုကြကုန်၏။

(၇) **ဇရံဂစ္ဆန္တော** ထွတ်မြတ်အားထား ကိုးစား ကြည်ညို ရိုသေ လေးစား



ဦးထိပ်ထားလျက် ခန့်ညားသမှု အလေးအမြတ် အဆပ်ထပ် ပြုကြကုန်၏။

(၈) သမ္မာကရောန္တေ အရှင်ဝိစိတ္တာသာရ မတေရ်မြတ်၏ အသက်ရှည် ရာအနာကင်းကြောင်း ကောင်း ကောင်း မွန် မွန် လွန်လွန် ဖူးဖူး ထူးထူး ချွန်ချွန် ယုဉ်ယှဉ်ယဉ်နဲ့ ဆရာတော်၏ အလိုက်ဖြစ်အောင် လေးဝသော ပစ္စည်းတို့ဖြင့် အသင့်ပြင်ကာ စောင့်ရှောက် ပြုစုပေးနေကြကုန်၏။

အရှင်ဝိစိတ္တာသာရ မထေရ်မြတ်သည် ဘုန်းကြီးတို့ မျက်မှောက်သာသနာတော်ခေတ်တစ်လျှောက်မှာ အထက်ဖော်ပြပါ ကောင်းကြီးအင်္ဂါ ၇ ပါး (၈)ချက်တို့ဖြင့် ပြည့်နှက်စုံလင်သော သာသနာ့သူရဲကောင်း ဂုဏ်ကြီးရှင် အမှန်ပင် ဖြစ်လေသည်။

ဂုဏ်ဝတော လောကေ ကိံနာမ ကမ္မံ နသိဈတိ

လောကဌ် (အရှင်ဝိစိတ္တာသာရ မထေရ်မြတ်တို့လို) ဂုဏ်သိန် သမာဓိ အပြည့်အဝ ရှိနေသည့် ပုဂ္ဂိုလ်မျိုးက ဦးစီးခေါင်းဆောင် ပြုကာ စီမံအားထုတ်နေသော အလုပ်ကိစ္စ ဟူသမျှသည် မပြီးမရှိ ဆုံးခန်းတိုင်ရောက် ပြီးမြောက် အောင်မြင်ရမည်သာတည်း ဟူသော သူရဲကောင်း ဂုဏ်ကြီးရှင်တို့ ကြိမ်းမောင်း မြွက်ဆိုသည့် ရဲထွက်သံများကိုလည်း ဘုန်းကြီးတို့က အထူးပဲ ယုံကြည်လေးစား အမှန်ယူထားပြီးသား ဖြစ်တယ်။

လောကသားတို့ အလေးထား ဦးစားပေးရသောဂုဏ်ဟူသည်မှာ သူတဘ်ဦး တစ်ယောက်အဖို့ အလိုလို ဖြစ်ပေါ် ပြီးမြောက် ကျရောက်လာခြင်းမျိုးလည်းမဟုတ်ပေ။ ဂုဏ်စစ် ဂုဏ်မှန်ကိုရအောင် နတ်သိကြားနှင့် တန်ခိုးသိဒ္ဓိရှင် ဘုရားသခင်တို့က ဖန်ဆင်းပေးနိုင်သော အရာမျိုးလည်း မဟုတ်ပေ

အမှန် အဟုတ် ကတော့ လော က သား တို့ ကောင်းကျိုးစီးပွား ခံစားဖွယ်ရာ ချမ်းသာသုခ ဟူသမျှတို့ကို ပင်ပင်ပန်းပန်း နွမ်းနွမ်း နယ်နယ် ဆင်းရဲခြင်း ဒုက္ခအမျိုးမျိုးတို့ကို သည်းခံ၍ သည်း ခံ၍ ကြိုးစားပြုလုပ် ထုတ်ဖော်ဆောင်ယူ ပေးနိုင် သူ၏ လုပ်ငန်းရပ် ဒြပ်စင်မှ ဆွက်ပေါ်လာသော ဦးနှောက်လည်နေတဲ့ စွမ်းရည်သတ္တိ တစ်မျိုးကို နှတ်လူပညာရှိ အပေါင်းတို့က ထို လုပ်ငန်းပိုင် ဂုဏ်ထူးရှင် သူရဲကောင်းအား မီးမောင်းထိုးကာ ကျေးဇူးဆပ်ကြတဲ့ ပဲ တင်ဆပ် ခြီးမွမ်းသံများပင် ဖြစ်လေသည်။

ဘုန်းကြီးသည် မင်းကွန်း တပ်ပဋ္ဌာန နာယ သာသနာပြု အဖွဲ့ကြီး၏ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှ၏နှစ်ကြိမ်မြောက် ထပ်လောင်း ပန်ကြား လျှောက်ထား တောင်းခံ ချက်အရ ၎င်းတို့အဖွဲ့ကြီး၏ သုံးနှစ်မြောက် ခရီး စာစောင်တွင် ပါဝင်ထည့်သွင်း ဖော်ပြပေးနိုင်ရန် ဆိုအဖွဲ့ကြီး၏ ဦးဆောင်နာယက ပမာနဖြစ်တော် မူသော တိပိဋကမရ မမ္မဘဏ္ဍာဂါရိက၊ အဘိဓဇ မဟာရဋ္ဌဂုရု နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ကြီး၏ အ ကျိုး တော် ဆောင် ဘဒ္ဒန္တ ဝိစိတ္တ သာရာဘိဝံသ မဟာထေရ်မြတ်ကြီး၏ ဂုဏ်ပုဒ် တွေကို တတ်အားသမျှ ထုတ်ဖော်၍ ပြခဲ့လေပြီ။

ဘုန်းကြီးတို့သာသနာတော်မှာ သည်လို ပရိ ယတ်ရော ပဋိပတ်ပါ အဘက်ဘက်ကပြည့်စုံလျက် ဘုန်းကံပါရမီ တိုးတက် ဖွံ့ဖြိုး အားကိုးရသော ရဟန်းမြတ်မထေရ်တစ်ပါး နေ-လအလား ထွန်း ကား ပေါ်ထွက်လာခြင်းဟာ မိမိတို့ သာသနာ တော်ကြီး သန့်ရှင်းတည်တံ့ ကမ္ဘာနှံ့အောင်ပြန့် ပွားတိုးတက်ရေး အတွက် သံဃမဟာထေရ်မြတ် ကြီးများ၏ အားထားစေခိုင်းစရာ မထေရ်တစ်ပါး ထွန်းကား၍လာခြင်းပင် ဖြစ်လေသည်။



သည်နေရာမှာ မိမိတို့သာသနာတော် အတွက် ဖြည့်စွက်ပေးဖို့ အထူးလိုနေတဲ့ ပျော့ကွက် ဟာ ကွက်ကြီးတစ်ခုရှိနေတယ်။ အဲဒါကတော့ဘုန်းကြီး တို့ရဲ့ ဗုဒ္ဓဘာသာ ထေရဝါဒ တရားဓမ္မများဟာ အမေရိကန်၊ အင်္ဂလိပ်၊ ဂျပန်၊ ပြင်သစ်၊ ဂျာမန်နီ စတဲ့ တိုင်းကြီး ပြည်ကြီးတွေမှာ သည်နေ့အထိ အခြေကျကျနဲ့ တည်တံ့ပြန့်ပွားမှုပြုပေးရန် နေရာ မရရှိသေးဘူး။

အဲဒါ ဘာကြောင့်လဲ၊ ဘာဖြစ်လို့လဲဟု မေးရင် ထိုထို တိုင်းကြီး ပြည်ကြီးသားတို့ ပြောဆိုတဲ့ ဘာသာစကား အရပ်ရပ် တို့ဖြင့် မြန်မာရဟန်းတော်များက မိမိတို့ဗုဒ္ဓရဲ့တရားဓမ္မများကို လည်လည်ပတ်ပတ်နဲ့ မပြောတတ်၊ မဟောတတ်ကြသေးလို့ဘဲဖြစ်တယ်။ ဒါဟာအရှင်းဆုံးအဖြေပဲ။ သာသနာတော်အတွက် အရေးအကြီးဆုံး အဓိကအချက်လဲ ဖြစ်တယ်။ ဆီမီးခွက်ကလေးနဲ့ ကိုယ့်တိုင်းပြည်အတွင်း လင်းနေတာကို ကြည့်ကြည့်ပြီး ကျေနပ်နေရင်တော့ မှားမှာပဲ။

သည်အဖြေရဲ့ဆိုလိုရင်းကတော့ ဘုန်းကြီးတို့ ဗုဒ္ဓဘုရား ဟောကြားဆုံးမတော်မူသွားတဲ့ ဘဝရဲ့ကယ်တင်ရှင်၊ တစ်နည်း ဘဝ၏ငြိမ်းအေးရာ သုခကို ပေးနိုင်တဲ့ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ စတဲ့ တရားဒေသနာတော်များရဲ့ အနှစ်သာရကို ကမ္ဘာသားတို့ နားလည် သိရှိလာအောင် ကမ္ဘာ့ဘာသာစကား အမျိုးမျိုးတို့ဖြင့် သင်ကြားပို့ချပေးနိုင်သော သာသနာပြု တက္ကသိုလ် ကျောင်းတော်ကြီးများ ရှိထားဖို့ရာ အထူးပဲလိုနေတယ်။

အဲသည် ကျောင်းတော်ကြီးမျိုးကလဲ မြန်မာနိုင်ငံမှာ မင်း အဆက်ဆက် တွေသာ ပြောင်းပြောင်း တက်တက်သွားကြတယ်။ ဘယ်မင်းလက်ထက်တယ်အခါကမှမရှိခဲ့မပေါ်ပေါက်ခဲ့သေးဘူး၊ ယခုအချိန်အခါ သည်မင်းလက်ထက် ကာလမျိုးမှာ သာသနာတော် တည်တံ့ပြန့်ပွား စည်ကား

တိုးတက်ရေးအတွက် အဲသည်လို ကမ္ဘာ့ဗုဒ္ဓသာသနာပြု မူလအခြေခံ တက္ကသိုလ်ကျောင်းတော်ကြီးမျိုးတွေ မိမိတို့တိုင်းပြည်နိုင်ငံမှာ ပေါ်ဖို့ရှိဖို့ အချိန်ကောင်းသမယကြီး ဖြစ်နေလို့ နိုင်ငံတော်သံဃမဟာ နာယက အဖွဲ့ကြီးက ဘုန်းတန်ခိုးဂုဏ်အင်နှင့် ပြည့်စုံသော အရှင် ဝိစိတ္တ သာရမထေရ်မြတ်အား ကိုးစား ယုံကြည်စွာနဲ့ ကမ္ဘာ့သာသနာပြုတက္ကသိုလ်ကျောင်းတော်ကြီးမျိုးတွေ တည်ဆောက် ဖော်ထုတ် ပေးပါရန် တိုက်တွန်းစေခိုင်းထားကြတယ်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ဘုရားကြီးများ၏ တိုက်တွန်း စေခိုင်းချက်စကားကို အရှင် ဝိစိတ္တသာရ မထေရ်မြတ်ကလဲ ဦးထိပ်ရွက် ပန်ဆင်ကာ ထိုမျှ ဖြစ်နိုင်ခဲ၊ ပေါ်နိုင်ခဲတဲ့ ကြီးကျယ်ခံ့ညားသော နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကျောင်းတော်ကြီးများကို မန္တလေးမြို့တော်နှင့် ရန်ကုန်နေပြည်တော်တို့တွင် စတင်ဆောက်လုပ်နေချေပြီ။

ယထာ-ဝါဒီ၊ တထာ-ကာရီ "အပြောသံထက် အလုပ်သံသည် ပို၍မြည်၏" ဟူသော သူရဲကောင်း အလောင်းအလျာကြီးတို့၏ ထုံးနည်းစံမူအရ အရှင်ဝိစိတ္တသာရမထေရ်မြတ်သည် အပြောတွင်မဟုတ်ဘဲ သမ္မာဝါယာမ ဝီရိယ ဇွဲကောင်းကောင်းဖြင့် ကိုယ်တိုင် ဦးစီးခေါင်းဆောင်လျက် ကြိုးပမ်းပြုလုပ် ဖော်ထုတ်ပေးခဲ့ရာ ယခုအခါ အကောင်အထည် ရုပ်လုံးပေါ်ရုံမျှမကပြီး မြောက်အောင်မြင်ခါနီးသို့ပင် ရောက်၍လာချေပြီ။

အရှင်ဝိစိတ္တသာရ မထေရ်မြတ်၏ ကြီးကျယ်ခမ်းနားသော လုပ်ငန်းရပ် ဒြပ်စင်များကလည်း ထိုအရှင်အား တုံ့ပြန်၍ ဂုဏ်ရောင်တွေ ဟပ်ကာ ဟပ်ကာ တဖျပ်ဖျပ်ထွန်းလင်း တောက်ပ၍ ပေးနေလေသည်။ မြတ်စွာဘုရား သာသနာတော်ကို ကြည်ညို လေးစား သည့် သူ တော် ကောင်း

အပေါင်းတို့သည် အရှင်ဝိစိတ္တာသာရ၏ သီလ-သမာဓိ-ပညာ စတဲ့ တန်ခိုး ဂုဏ်ရည်များကို ယုံကြည်ကာ ဖူးမြင်ဦးတင်ကြကုန်လျက်ပေးလှူပူဇော်ကြရာဝယ် မဝမစဲ မရောင့်ရဲနိုင် ရှိနေကြလေပြီ။

ဗုဒ္ဓမြတ်စွာ၏သာသနာတော်တွင် ဓမ္မာစရိယ၊ ဓမ္မကထိက၊ ဂဏဝါစက၊ ဂန္ထကာရက၊ပညာဝန္တ ဖြစ်ကြ၍ ပညာ၏တန်ဖိုး တန်ခိုးဂုဏ်ရည်ကိုသိမြင်ကြကုန်သော ပဏ္ဍိတ်နွယ်ဝင် သူတော်စင် လူရှင်ထေရ်မြတ်အပေါင်း တို့သည် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့ကြီး၏ အကျိုးတော်ဆောင် ဘဒ္ဒန္တ ဝိစိတ္တာသာရာဘိဝံသ မထေရ်မြတ်၏ စိတ်ဓာတ် ကြံ့ခိုင်ခြင်း၊ စိတ်ရှည်ခြင်း၊ နှလုံးပျော့ပျောင်းသဘောကောင်းခြင်း၊ သည်းခံခြင်း၊ မဖြစ်မနေ ကြိုးစား အားထုတ်လုပ်ကိုင်နိုင်ခြင်း စသည့်စသည့် သတ္တိ၊ ဗျတ္တိ၊ ဇွဲလုံ့လတို့ကြောင့် ထင်ရှား ဖြစ်ပေါ် လာကြသော စေတီပုထိုး၊ ရေတွင်းရေကန်၊ ဇရပ်တန်ဆောင်း၊ စောင်းတန်းပြာသာဒ်၊ပန်းမန်ဥယျာဉ်၊ ကျောက်တိုင်ကျောက်စာ၊ သာယာ ကြည်နူးဖွယ် ကောင်းသော သာသနာ့ အဆောက်အအုံ အလုံးစုံတို့ကို တွေ့မြင်နေကြရပြီ ဖြစ်သောကြောင့် ထိုအရှင်ဝိစိတ္တာသာရ၏ ကျေးဇူး ဂုဏ်ရည်များကို ယုံကြည်စွာ ခံယူကြကုန်လျက် မိမိတို့ ခေတ်အခါ သာသနာတော်နယ်မြေအတွင်း၌ သူမတူအောင် စွယ်စုံပြောင်မြောက် လျောက်ပတ် ထူးမြတ်သော ပုဂ္ဂိုလ်ကြီးတစ်ပါးအဖြစ် ဖွင့်လှစ်နူတ်မြွေးခိုးကျူးဂုဏ်ပြုကာ ဤမှတ်တမ်းတင် မော်ကွန်းလွှာကို မြတ်နိုးစွာ ရေးထိုးပေးပို့ရပါကြောင်းကောင်းချီးသာမု ခေါ်ကြစေ....။ ။

ဘုန်းကြီး ဦးဩဘာသ

ဗျာပုံတိုက်သစ်

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ

မန္တလေးမြို့
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ပုံစံငယ်

ဦးတင်ဟိန်း တင်ပြသည်

ဗုဒ္ဓ ရှင်တော်ဘုရား သာသနာတော်တွင် "**ပရိယတ္တိ သာသနာတော်သည်သာ အရင်းကျသည်**" ဟု အဋ္ဌကထာ ဆရာများက ဖွင့်ဆိုကြပါသည်။

"ဘုရားရှင်၏ သာသနာတော်သည် ကြာပန်း ကြာဖွင့်တို့နှင့် ပြည့်စုံ၍ ခိုင်မာသည့် ကန်ဘောင်ရိုးကြီးဖြင့် ဖွဲ့စည်းထားအပ်သော ရေကန်ကြီးတခု ဖြစ်ခဲ့သော်.... ပရိယတ္တိ သာသနာတော်သည် ကန်ဘောင်ရိုးကြီးနှင့်တူပြီး ပဋိပတ္တိသာသနာတော်သည် ကန်ကြီး အတွင်းရှိ အေးမြကြည်လင်သော ရေနှင့်တူသည်၊ ပဋိဝေဓ သာသနာတော်သည်ကား ထိုကန်ကြီးကို အမှီပြု၍ ဖူးနေပွင့်နေကြသော ကြာဖူး ကြာပွင့်များနှင့် တူပေသည်" ဟု ဖွင့်ဆိုကြလေသည်။

ကြာဖူး ကြာပွင့်တို့သည် ကန်ရေကို အမှီပြု၍ ဖူးရပွင့်ရသကဲ့သို့ ကန်ရေသည်လည်း ခိုင်ခံ့သော ကန်ဘောင်ရိုးအပေါ်တွင်သာ မှီ၍ တည်ရှိနိုင်သည်။ ပရိယတ္တိတည်းဟူသော ခိုင်ခံ့သော ကန်ဘောင်ရိုး မရှိလျှင် ကန်ရေသည် တည်နေနိုင်တော့မည် မဟုတ်ပေ။ ထိုအခါ အဘယ်မှာလျှင် ပဋိဝေဓ သာသနာတော်ဖြစ်သည့် ကြာဖူး ကြာငုံတို့ ဖူးနိုင် ပွင့်နိုင်ကြပါတော့မည်နည်း။



အိန္ဒိယအစိုးရက
တူးဖော်လိုက်သော
နာလန္ဒာတက္ကသိုလ်
ပင်မ ကျောင်းဆောင်ကြီး



ဂန္ဓာရတိုင်း
တက္ခသီလာ
ဓမ္မရာဇိက ဘုရားကြီး
နှင့် အနီးဝန်းကျင်

မြန်မာနိုင်ငံပရိယတ္တိ သာသနာ့တက္ကသိုလ်

ဤသည်ကို ရည်၍ မင်းကွန်း တိပိဋကဓရဆရာတော်ကြီးသည်ဗုဒ္ဓ ဘုရားရှင်၏ သာသနာတော်သုံးရပ် ကမ္ဘာ ချဉ်းအောင် တည်စိမ့်သော ဌာ ရန်ကုန်နှင့် မန္တလေးတွင် နိုင်ငံ တော် ပရိယတ္တိသာသနာ့တက္ကသိုလ် ကြီး ၂-ဆူ ပေါ်ထွက် လာအောင် ကိုယ်တော်တိုင် ဝါယာမစိုက်၍ လုပ် ဆောင်တော် မူနေပါသည်။

ဆရာတော် ဘုရားကြီးက နိုင်ငံ တော် ပရိယတ္တိသာသနာ့တက္ကသိုလ် ကြီးတွင် မဟာဌာန ၅-ဌာန ဖွင့် လှစ်မည်။ ၎င်းတို့မှာ....

(၁) ဝိနယဘာသာ - မဟာ ဌာန်။

(၂) သုတ္တန္တဘာသာ- မဟာ ဌာန။

(၃) အဘိ ဓမ္မ ဘာ သာ - မဟာဌာန။

(၄) ပိဋကတ်စာပေဘာသာ- မဟာဌာန။

(၅) သာသနာ့ သမိုင်း ဘာ သာ-မဟာဌာန။



သီပေါမင်း
မိဖုရားခေါင်ကြီး
ကုသိုလ်တော်
မဟာဝိဇယပုည
မှန်ကျောင်းတော်ကြီး



ဒုတိယကမ္ဘာစစ်အတွင်း
မီးလောင် ပျက်စီးသွား
သော မှန်ကျောင်းတော်
ကြီးမှ ကြွင်းကျန်ရစ်သော
အုတ်လှေကား

မဟာ ဌာန ခွဲများ အဖြစ် နှင့် လည်း....

(က) ပိဋကတ် ဆိုင်ရာ ပါဠိ ဘာသာ-မဟာ ဌာနခွဲ။

(ခ) ပိဋကတ်ဆိုင်ရာအဂ်လိပ် ဘာသာ-မဟာ ဌာနခွဲ။

(ဂ) ပိဋကတ်ဆိုင်ရာ မြန်မာ စာပေ- မဟာ ဌာနခွဲ။

(ဃ) ဗုဒ္ဓ ဘာသာ သမိုင်း-မဟာဌာနခွဲ။

(င) ပိဋကတ် သမိုင်း-မဟာ ဌာနခွဲ။

(စ) ကဝိ လက္ခဏာ ဘာသာ သမိုင်း-မဟာ ဌာနခွဲ။

(ဆ) ကမ္ဘာ့ ကိုး ကွယ် မှု ဘာသာကြီးများ သမိုင်း မဟာဌာနခွဲ။

စိတ်ကြိုက် ဘာသာ အဖြစ်နှင့် လည်း....

ပါဠိဘာသာ၊ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ သက္ကတဘာသာ နှင့် ဟိန္ဒီဘာသာတို့ကိုပါဝိုဏ်းမည် ဖြစ်သည်။ အမ်-အေ- (M.A.)



မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် 'ဓမ္မဓရသာသနသောဘိဏီ ဝိဇ္ဇကတ်တိုက် သိမ်တော်ကြီး' ပုံစံငယ်

နှင့်ညီမျှသော မဟာမမ္မာစရိယဘွဲ့ သင်တန်းကာလမှာ ၅-နှစ်ဖြစ်သည်။ စာသင်ချိန် ၂-နှစ်နှင့် ကျမ်းပြုချိန် ၃-နှစ်ဟုလျာထားတော်မူပါသည်။

စင်စစ် ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော် မူပြီးနောက် ရှင်တော်မြတ်ဘုရား၏ သာသနာ့ ပင်လယ်ပြင်ကြီးကို ကူးခပ်ရန် အတွက် ကျမ်းကျင် တတ်သိသော ဗိသုကာကြီးများနှင့် ဝါရင့်သာသနာ့မှူးကြီးများသည် သာသနာ့ တက္ကသိုလ်တည်းဟူသော သင်္ဘောကြီးများကို နည်း အမျိုးမျိုးဖြင့် တည်ဆောက်ကူးခပ် ခဲ့ကြသည်ဟာ ဖြစ်သည်။

ခရစ် ၅-ရာစု လောက် ဆီက အိန္ဒိယပြည်တွင် အလွန် ထင်ရှားသော ဗုဒ္ဓစာပေကျမ်းဂန် ပရိယတ္တိများကို အဓိက သင်ကြားပေးသည့် တက္ကသိုလ် ကျောင်းတော်ကြီးများ ရှိခဲ့ဖူးသည်။

တက္ခသိလာ

ရှေဆောင်တက္ကသိုလ် ကျောင်းတော်ကြီးများအနက် 'တက္ခသိလာ' (TAXILA) ၏ အမည်ကို ဗုဒ္ဓစာပေကျမ်းဂန်များ၌အများအပြား တွေ့ရှိ နိုင်ပါသည်။

ထိုတက္ခသိလာ ကျောင်းတော်တွင် ဗုဒ္ဓစာပေ ကျမ်းဂန် များကို အဓိကအားဖြင့် ပြဋ္ဌာန်းထားသည့် အပြင် စိတ်ကြိုက် အဝိဘာသာ အဖြစ် ဝေဒကျမ်းများ၊ ဒဿနပညာရပ်များ၊ အတွေ့သျှရ-ခေါ် စီးပွားရေးပညာရပ်များ၊ နိုင်ငံ အုပ်ချုပ်

မန္တလေးတောင်ခြေရှိ မဟာဝိဇယပုည မှန်ကျောင်းတော်မြေနေရာကို နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ်ရန် မင်းကွန်း တိပိဋကဓရ ဆရာတော် ဘုရားကြီးနှင့်အတူ တီ=နီ ဥက္ကဋ္ဌ ဆရာဝန်ကြီးဦးသာလှ။ အကျိုးဆောင် ဦးမောင်မောင်ကြီးနှင့် အမှုဆောင်များလှည့်လည် ကြည့်ရှုစဉ်။ ၁၃၄၄-ခု၊နတ်တော် လဆန်း ၂ ရက် ၁၉၈၂-ခု၊ဒီဇင်ဘာလ ၁၇ ရက်၊ သောကြာနေ့

➡



မန္တလေးမြို့ ပရိယာယ်တိုက်
သာသနာ့တက္ကသိုလ် ပန်းချီ
ပုံစံတို့ကို မင်းကွန်းတိုက်ဝင်ရောက်
ဆရာတော်ဘုရားကြီး
ကိုယ်တော်တိုင် ကြည့်ရှု
စစ်ဆေးနေတော်မူစဉ်

ဆောက်လုပ်ရေး ဆပ်ကော်မတီ
တာဝန်ခံ ဦးအောင်ဇင်
(အငြိမ်းစားဗိုလ်မှူးကြီး)
ဦးဆောင်သောအဖွဲ့က
မှန်ကျောင်းမြေသန့်ရှင်းနေစဉ်

ရေး-နီတိ-စသော ပညာရပ်များ၊ အာယုမ္မေဒ ပညာရပ်များ စသည်တို့ကိုလည်း သင်ကြား ပေးလေသည်။ ခွဲစိတ်ကုသမှု ပညာရပ်များကိုလည်း ထို ကျောင်း တော် တွင် သင်ကြား ပို့ချ ပေးသေးသည်။

အနောက်နိုင်ငံနှင့် အရှေ့ နိုင်ငံတို့တွင် ဘာသာအမျိုး မျိုးဖြင့် ပြန်ဆိုထားကြသော 'ပါဏိနီ သက္ကတ သဒ္ဒါကျမ်း'ကို ပြုစုသော, ပဏ္ဍိတ ပါဏိနီမှာ ထိုတက္ကသိုလ် ကျောင်းတော်တွင် အထူး ထင်ရှား ကျော်ကြားသော ဆရာကြီးတဆူ ဖြစ်ခဲ့ပေသည်။

တက္ခသီလာ ကျောင်းတော်ရာမှာ ယခုအခါပါကစ္စတန်ပြည်၊ ရာဝါပင်ဒီမြို့ နှင့် ၁၈-မိုင် အကွာ တွင် တည်ရှိပေသည်။ ဗုဒ္ဓ ဝါဒ ရေးရာနှင့် ပညာရပ်များ အပြင် စာပေရေးရာ များမှာလည်း ထိုခေတ်က လူသုံး များသော အာရဗီစာ၊ ဗြဟ္မီစာ စသည်တို့ကိုလည်း ပို့ချ ပေးလေသည်။ ထို တက္ခသီလာ ကျောင်း တော် ရာ ဟောင်း တွင် တူးဖော် ကြစဉ်က အာရဗီစာ၊ ဗြဟ္မီစာနှင့် ခရေဒ့်သျှကိစာများကို တွေ့ရှိရလေသည်။

နာလန္ဒာ တက္ကသိုလ်

တက္ခသီလာ ကျောင်းတော်ကြီး နောက်တွင် ထင်ရှားသော ဗုဒ္ဓ တက္ကသိုလ် ကျောင်း တော် မှာ 'နာလန္ဒာ' (NALANDA) ပင် ဖြစ်သည်။ ထိုနာလန္ဒာ တက္ကသိုလ် တွင် ထိုခေတ်က ကမ္ဘာ အရပ်ရပ်မှ စာသင်သား အများအပြားလာရောက် ပညာ ဆည်းပူးကြသည်။



သံဃမဟာနာယကနှစ်ပတ်လည်ဗဟိုဝန်ဆောင် စုံညီအစည်းအဝေးတွင် မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ပုံစံငယ်ကို ဆောက်လုပ်ရေးတာဝန်ခံ ဦးဝင်းထိန်က ရှင်းလင်း လျှောက်ထားနေစဉ် ၁၃၄၅-ခုနှစ်၊ နယုန်လဆန်း ၁၄-ရက် ၁၉၈၃-ခု၊ ဇွန်လ ၂၄-ရက်၊ သောကြာနေ့

ထို မှတ်တမ်းဌာပင် တွေ့ဆုံင်က နာလန္ဒာ တက္ကသိုလ်ကို အုပ်ချုပ်သော ဒိသာပါမောက္ခဆရာကြီးမှာ ပဏ္ဍိတ သီလဘဒ္ဒ ဖြစ်သည်။

နာလန္ဒာတက္ကသိုလ်သည် ခရစ်ဒု-ရာစုတွင် စတင် တည်ထောင်ခဲ့သည်။ ခရစ် ၁၂-ရာစုတွင်အိန္ဒိယပြည်ကို ဝင်ရောက် တိုက်ခိုက်သော တူရကီအနွယ် လူမျိုးတို့ ဖျက်ဆီးသဖြင့် ပျက်စီးခဲ့ရသည်။ တက္ကသိုလ်သက် နှစ်ပေါင်း ၈၀၀-မျှတည်တံ့ (၁၅၀၀) ခန့် အမြဲ ရှိနေသည်။ တက္ကသိုလ် ကျောင်း တော် တွင် စာသင်ခန်းမပေါင်း (၁၀၀) ခန့် ရှိ၏။ စာသင်သားများ အမြဲနေထိုင်ရန် အဆောင်ပေါင်း (၃၀၀) ကျော် ရှိပေသည်။

(၁) ရတနာသာဂရ၊
(၂) ရတနာသိဂ်၊
(၃) ရတနာရဇ္ဇက ဟူသော စာကြည့်တိုက်ကြီး ၃-ဆောင်လည်း ရှိ၏''ဟု ရေးသား ထားပေသည်။

ထို့ကြောင့် ထိုတော်က နာလန္ဒာ တက္ကသိုလ်သည် ကမ္ဘာ အရပ်ရပ်သို့ ဗုဒ္ဓ မေ ဆိုင်ရာ ပညာရပ်များကို ဖြန့်ဖြူးပေးရာ ပဓာန ဌာန ဖြစ်သည်ဟု ပြောစမှတ် ရှိလေသည်။

ထိုခေတ်က ရောက် သွားသော တရုတ်ရဟန်းတော်ဟွေ့ဆင်၏ မှတ်တမ်းတွင် ''နာလန္ဒာ တက္ကသိုလ်၌ နှစ် စဉ် စာ သင် သား ပေါင်း (၁၀၀၀၀) ကျော် ရှိပြီး စာပေပို့ချသူ ကထိက ဆရာ ပေါင်း

ခဲ့သော တက္ကသိုလ် ကျောင်းတော်ကြီး ဖြစ်လေသည်။ တက္ကသိုလ်ကြီး တည်ရာဌာနမှာ ယခုအခါ အိန္ဒိယပြည် နာလန္ဒာဘူတာနှင့် တမိုင်ခန့် အကွာတွင် တည်ရှိနေပေသည်။

ဝိကရမသီလာ

ထို့အပြင် အိန္ဒိယပြည်၌ဝိကရမသီလာ (VIKARAMAXILA) ဗုဒ္ဓသာသနာ့ တက္ကသိုလ်ကြီးလည်း ရှိသေးသည်။ ဘာဘဲလ်လူးခရိုင်တွင် တည်ရှိ နေပေသည်။

ထိုခေတ်က ထို တက္ကသိုလ်သို့ ဝင်ရောက် ပညာ သင်ကြားရန်မှာ ခက်ခဲလှသည်ဟု ဆို ရှိသည်။ အကြောင်းမှာ အရည် အချင်းစစ် စာမေးပွဲကို အောင်မြင်ပြီးမှ ဝင်ရောက်သင်ကြားခွင့်ရှိသောကြောင့် ဖြစ်လေသည်။

ထို တက္ကသိုလ် ကျောင်းတော်တွင် ဗုဒ္ဓဓမ္မဆိုင်ရာ ပညာရပ်များကို ပဏ္ဍိတ ရတနာကရ, က တာဝန်ယူ ပို့ချသည်။ ဒီသာ ပါမောက္ခ ပဏ္ဍိတ ဒီပင်္ကရာ သီရိဉာဏမှာ ကျောင်းအုပ်ကြီး ဖြစ်သည်။

ဝိကရမသီလာ တက္ကသိုလ် ကျောင်းတော်ကို ပါလမင်းဆက် (ခရစ်နှစ် ၁၁၉၃) ကောဝိန္ဒ ပါလမင်းလက်ထက် လူမျိုးခြားတို့ ဖျက်ဆီးသဖြင့် နာလန္ဒာတက္ကသိုလ်နှင့် တပြိုင်တည်း ဖျက်စီး ကြေပြုန်းခဲ့ရလေသည်။ ရာပေါင်း များစွာ သောစာသင်သားတို့သည် မိမိတို့၏ တက္ကသိုလ် ကျောင်းတော်ကို မစွန့်ပဲ အသက်ကို စွန့်သွားခဲ့ကြလေသည်။

သာသနာ့အုတ်မြစ်ဖြစ်သော သိမ်တော်ကြီးကို မန္တလေးခိုင် စတင်ဆောက်လုပ်ရန် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် ဆောက်လုပ် လှူဒါန်းရေးအဖွဲ့ ဥက္ကဋ္ဌ ဆရာဝန်ကြီးဦးသာလှနှင့် မြန်မာမှုဒိသုကာကြီး ဦးခင်အောင်တို့က ပုံစံငယ်ဖြင့် ရှင်းလင်း ပြသနေစဉ်

'ဘုန်းကြီးကျောင်းနှင့်တူအောင် ဆောက်ကြ' ဟူသော ဆရာတော်ဘုရားကြီး၏ ဩဝါဒအတိုင်း မြန်မာ့ရိုးရာဒီဇိုင်းဦးဆောင်မြင့်က မြန်မာမှုဆိုင်ရာဘဖြာဖြာကို တင်ပြလျှောက်ထားနေစဉ်



မန္တလေးမြို့ ဇီဝဓာတုနသာသနာ့ အထူးကုဆေးရုံကြီးနာလန်ထဆောင်အတွက်
မင်းကွန်းတိပိဋကရေ ဆရာတော်ဘုရားကြီးနှင့် ဆောက်လုပ် လျှဒါန်းရေး ဥက္ကဋ္ဌ
ဆရာဝန်ကြီး ဦးသာလှတို့ အုတ်မြစ်ချမင်္ဂလာအခမ်းအနားကျင်းပစဉ်
၁၃၄၆-ခုနှစ်၊ တန်ခူး လပြည့်နေ့
၁၉၈၅ခုနှစ်၊ ဖေဖော်ဝါရီ၊ ကြာသပတေးနေ့

ဗုဒ္ဓ တက္ကသိုလ်ကြီးများ

ဆိုခဲ့ပြီးသော ဗုဒ္ဓ တက္ကသိုလ်များနှင့် နိုင်းယှဉ်၍ဆိုရလျှင် ဇုတလီနိုင်ငံ ဘလာနီမြို့တွင် ဝေးညိုထောင်ခဲ့သော တက္ကသိုလ်မှာ ဧရပ်နှစ်ဂဝဝ ခန့်ကဖြစ်၍ ရှေးအကျဆုံးတက္ကသိုလ်ဖြစ်သည်ဟု အနောက်နိုင်ငံများကယူဆ ထားကြပေသည်။ သို့သော် နာလန္ဒာတက္ကသိုလ်၊ ဝိကရမသီလာ ဗုဒ္ဓ တက္ကသိုလ်တို့ထက် နှစ်ပေါင်းလေးရာမျှ နောက်ကျ မဲ့ပေသည်။ ဤသည်ကို ထောက်လျှင် ဗုဒ္ဓ ဓမ္မ ပညာရပ်များ၌ ဘင်ကြား ခဲ့သည် တက္ကသိုလ် များသည် ကမ္ဘာပေါ်၌ ရှေးအကျဆုံး တက္ကသိုလ် များဟု အပါအဝင် ဖြစ်သည်ဟု ဆိုသင့်လှပေသည်။

အဆိုပါ ဗုဒ္ဓတက္ကသိုလ်ကြီးများသည် ခရစ် ၁၂ ရာစုနှစ်တွင်လူမျိုးခြား၊ ဘာသာခြားတို့၏ လက်ချက်

နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်အခြေအနေ

ထိုတွင် မန္တလေး တောင်ခြေအနီး ၁၄ ကေ ကျယ် ဝန်း သော မှန်ကျောင်းဟုခေါ်ကြသည့် 'မဟာဝိဇယပုညတိုက်' နေရာဟောင်း၌ တည်ဆောက်ဆဲဖြစ်သော အဆောင်ဆောင် အခန်းခန်းနှင့် တိုက်တန်းကြီးများကို မြင်တွေ့လိုက်ရပါသည်။ ယင်းအဆောက်အအုံ တို့သည်ကား မကြာမြင့်မီ ကာလအတွင်း ကမ္ဘာအရပ်ရပ်သို့ သာသနာပြု ကြွကြမည် တနည်းအားဖြင့် ဗုဒ္ဓမြတ်စွာ၏ အလွန် နက်ရှိုင်းသော သာသနာ့ပင်လယ်ပြင်ကြီးကိုကူးရန် မာလိန်မှူးကြီးအဖြစ် ဆောင်ရွက်တော်မူနေသော မင်းကွန်းတိပိဋကဓရ ဆရာတော် ဘုရားကြီးသည် သာသနာ့တက္ကသိုလ်တည်းဟူသော သင်္ဘောနာဝါကြီးကို မန္တလေးနှင့် ရန်ကုန်တွင် တည်ဆောက်နေပြီ ဖြစ်ရာ ကျွန်တော်တို့သည် ထိုကြီးပမ်းချက်များကို ကြည်ညိုနိုင်ရန် မန္တလေးသို့ ၁၉-၂-၁၆ ရက်နေ့က ရောက်ခဲ့ကြပါသည်။

ကြောင့် ကမ္ဘာ့မြေအပြင်မှ ပျောက်ကွယ်သွားသည်မှာ ယနေ့ဆိုပါလျှင် နှစ်ပေါင်း ကိုးရာ၊ တထောင်ရှိပြီဖြစ်သည်။ ထို့အတူ ထိုဒေသများတွင် ဗုဒ္ဓသာသနာတော်ကြီးကွယ်ပျောက်သွားသည် မှာ လည်း နှစ်ပေါင်း ကိုးရာ၊ တထောင်ပင် ရှိခဲ့ပေပြီ။ ထိုဆုံးရှုံးမှုကြီးကို မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများ တည်ဆောက်၍ အစားထိုးထူထောင်ရန် ဂါယာမ စိုက်နေခြင်းဖြစ်ပါသည်။

မန္တလေး တပေါင်းနေ့ ခြစ်ခြစ်တောက်ပူချင်ပူပါစေ။ စေတနာတော ထက်လွသော အလှူရှင်များနှင့် ထပ်တူ အင်ဂျင်နီယာအဖွဲ့ကလည်း လုပ်အားကုသိုလ်ပါဝင်ကြ၏

မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် နာယကချုပ် ဆရာတော်ကြီး၏ ကျောင်းဆောင်အတွက် ပန်ကန်ရိုက်နေစဉ် ၁၃၄-ခ၊ တန်ဆောင်မုန်း လပြည့်နေ့ ၁၉၁၄-ခ၊ နိုဝင်ဘာလ ၇ ရက်၊ ဗုဒ္ဓဟူးနေ့

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ယောက်ကော်ကျွန်းနေရာ၌
ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ဆောက်လုပ်ရန်
နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ မြေနေရာကြည့်ခဲ့စဉ်က
၁၃၄၅-ခုနှစ်၊ ဝါခေါင် လပြည့်ကျော် ၁ ရက်၊
၁၉၈၃-ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်၊ဗုဒ္ဓဟူးနေ့

ဖြစ်သော ရဟန်းတော်များ စီးနှင်းကြွသည်သဘော နာဝါကြီးပင်ဖြစ်ပါသည်။

ကွန်တော်တို့သည် သာသနာ့ဘက္ကသိုလ် ငင်းကြီးအတွင်း နေရာအနှံ့လိုက်ကြည့်ကြသည်။ 'ဓမ္မရေ သာသနသောဘိက်' သံဃတော်ကြီး မာပြုံးဖြီးနေပေပြီ။

ဘက္ကသိုလ်ကြီးကယ်ဆောက်ရန် မြေနေရာ ရွေးခဲ့သည်မှ ၁၈၈ တလျောက်လုံး ကျုံးရုန်း လုပ်လာသော ဧတဒဂ္ဂဝန်တမ်း ဆောက်လုပ်ရေးအဖွဲ့ အင်ဂျင်နီယာ ဦးဝင်းထင်နှင့်ကိုလည်း သူ့ အလုပ်သမားများနှင့် မန္တလေး၏ မွန်းတည့်နေအောက်တွင် မြင်ခဲ့ရသည်။ အိုးပစ် အိမ်ပစ် လာရောက် အကျိုးဆောင်နေသော ရန်ကုန်မှ ဒီသုကာဆရာကြီး ဦးငင်အောင်ကိုလည်း လူငယ်များနှင့် အတူ နေပူထဲတွင် တွေ့ရသည်။အားလုံးသော အလုပ်သမားတို့သည် တက်ကြွစွာရှိနေကြသည်။ ကြိုးကြိုး ကြားကြား နေရာတကာ၌ ဖြင့်တွေ့နေရသူမှာ အကျိုးဆောင် ဦးမောင်မောင်ကြီး ဖြစ်သည်။

ဆောင်းတွင်း ဖြစ်လင့်ကစား မန္တလေးနေသည် ပူလှသည်။ ကျွန်တော်တို့ ရတနာမွန်အဖွဲ့သည်အရပ် ဒေါရန် ဆော်က်လုပ်ဆဲ နာရီစဉ်ကြီး အနီး ထနောင်းပင် အောက်သို့ ဝင်လိုက်ကြပါသည်။ အဝေးတွင် တလှုပ်လှုပ်နှင့် အလုပ် လုပ်နေကြသော ဆောက်လုပ်ရေး အလုပ်သမားများကိုမြင်နေရသည်။ထိုးထိုးထောင်ထောင် မြေပေါ်၌ပေါက်နေသော အဆောက်အအုံ များကိုလည်း မြင်ရသည်။

ထိုမြင်ကွင်းသည် ဗုဒ္ဓရှင်တော်မြတ်၏ သာသနာ့ပင်လယ်ပြင်ကျယ်ကြီးကို ကူးခပ်ရေးအတွက် သာသနာ့တက္ကသိုလ် သင်္ဃာနာဝါကြီးကို တည်ဆောက်နေကြသော မြင်ကွင်းပင်ဖြစ်ပါသည်။ ထိုအချိန်



ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေတွင် တည်ဆောက်မည့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်မြေနေရာ

တွင် သာသနာ့ မာလိန်မှူးကြီးသည် အနီးတွင်မရှိပါပဲ မြန်မာပြည် တနံတလျားအနှံ့အပြားကြွ၍ သာသနာ့ တက္ကသိုလ် ကြီး ဖြစ် မြောက် ရေးအတွက် ကြိုးပမ်းလျက်နေတော်မူပါသည်။

ဓမ္မမာလိန်မှူးကြီး

ယင်းမာလိန်မှူးကြီးကား အခြား မဟုတ်၊ မင်းကွန်းတိုင်ဒကရေဆရာတော် ဘုရားကြီးပင် ဖြစ်ပါသည်။ ဆရာတော် ဘုရားကြီးသည် ဗုဒ္ဓဘာသာထေရဝါဒသာသနာတော်တခုလုံးအတွက် အားကိုးထိုက်အားကိုးရသော ပုဂ္ဂိုလ်မွန် အစစ်ပင်ဖြစ်တော့သည်။ ထို့ကြောင့် လည်း ပြည်သူများက 'ဓမ္မဘဏ္ဍာဂါရိက' အရှင်အာနန္ဒာနှင့် နှိုင်းယှဉ် ဂုဏ်ပြု ခဲ့ကြပါသည်။ တိုင်ဒကကိန္နတ်တက် အာဂုံဆောင်ခဲ့သည်ကြောင့် အရှင် အာနန္ဒာ၏ ဘဲ့ထူးဖြစ်သော 'ဓမ္မဘဏ္ဍာဂါရိက' ဟူသောဘဲ့ကို တိုင်းနေပြည်သူ ရဟန်းရှင်လူအပေါင်းတို့က ဂုဏ်ပြု ချီးမြှောက် ပူဇော်ထားခြင်းဖြစ်ပါသည်။ ဒိဋ္ဌကသုံးပုံကို မှေနှောက် ချောက်ချားနိုင်သူ ဖြစ်ကြောင်းကိုလည်း ဆရာတော်ဘုရား



ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေတွင် တည်ဆောက်မည့် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်ပုံစံငယ်



ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် တည်ဆောက်ရေး အစီအစဉ်ကို နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ် လှူဒါန်းရေးအဖွဲ့ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဆရာဝန်ကြီး ဦးသာလှက ရှင်းလင်း လျှောက်ထားနေစဉ်

၁၃၄၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်
၁၉၈၄ခုနှစ်၊ ဧပြီလ ၂၁ ရက်၊ စနေနေ့

ကြီးသည် ဆဋ္ဌသင်္ဂါယနာ ပွဲတွင် ဝိသေဋ္ဌက ပုဂ္ဂိုလ်အဖြစ် သက်သေထူခဲ့ပါသည်။

ပထမ သင်္ဂါယနာ တင်စဉ်က အရှင်အာနန္ဒာနှင့်အရှင်ဥပါလိတို့၏ စွမ်းဆောင်မှုနှေ့ချာကို ယနေ့ ဆရာတော်ဘုရားကြီးက ဝင်ရောက် ခံယူတော်မူခြင်းပင် ဖြစ်သည်။ ဆရာတော်ဘုရားကြီး၏ ထိုစွမ်းဆောင်မှုသည် မြန်မာပြည်သာမက ထေရဝါဒနိုင်ငံအားလုံးက ဂုဏ်ယူခွင့်ရခဲ့ကြပါသည်။

ယနေ့ ဆရာတော်ဘုရားကြီးက ဦးဆောင်ပြီး ရန်ကုန်နှင့် မန္တလေးတွင်တည်ဆောက်နေသော ပရိယတ္တိသာသနာ့တက္ကသိုလ်ကျောင်းတော်ကြီးများကား ဗုဒ္ဓရှင်တော်၏ စစ်မှန်သော အယူဝါဒ ရေးရာများကို ဆရာထေရ်စဉ် အစဉ်အဆက် ထိန်းသိမ်းစောင့် ရှောက် သင်ကြား ဟတ်မြောက်လာခဲ့ကြသည် အားလျော်စွာ အစဉ်အလာမပျက် ထေရဝါဒတက္ကသိုလ်ဟုခေါ်ရလောက်အောင် ကမ္ဘာနှင့်ရင်ဘောင်တန်းပြီးဂုဏ်ယူဝင့်ကြွား နိုင်သော သာသနာ့တက္ကသိုလ်ကြီးများပင် ဖြစ်ပေလိမ့်မည်။ ဆရာတော်ကြီး၏ စေတနာသဒ္ဓါတရားကား ကြီးမားလှပါဘိသည်။ ကျွန်တော်တို့မှာ ဆရာတော်ဘုရား၏ စေတနာကို အထောက်အကူပြုပေးရုံသာရှိပေသည်ဟုတွေးကာ ဆောက်လုပ်ဆဲ အဆောက်အအုံများကိုငေးရှုကြည့်နေမိသည်။

ထို့နောက် 'ဤမျှကြီးကျယ်သော သာသနာ့လုပ်ငန်းကြီးကိုပြီးမြောက်အောင် ဆောင်ရွက် နိုင်ကြပါမည်

လား၊ ပြီးမြောက်သည့် အခါလည်း ရှေဆက်၍ နှစ်ပေါင်း များစွာ တည်တံ့နိုင်အောင် ဆက်လက် ထိန်းသိမ်း သွားရမည့်တာဝန်သည် ပေါ့ပေါ့တန်တန် ကိစ္စမဟုတ်၍ ထင်သလောက် ကြာရှည်စွာမှ တည်တံ့ခိုင်မြဲအောင်ဆောင်ရွက်သွားနိုင်ပါ မည်လား'ဟု တွေးမိ ပြန်ပါသည်။

သို့ရာတွင် ယခုကဲ့သို့ သာသနာ့တက္ကသိုလ်ကြီးများ ဖွင့်လှစ်၍ ပုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သော ဓမ္မတရားများ ဖြစ်သည့် ပိဋကတ် သုံးပုံကို ဘာသာငါးမျိုးဖြင့် သင်ကြား တတ်မြောက်ပြီး၊ ပြည်တွင်း ပြည်ပ သာသနာ ပြု နိုင် ကြ မည့် အာဇာနည် အရှင်မြတ်များ ပေါ်ထွန်းရေးကိစ္စမှာ မြန်မာပြည်ဗုဒ္ဓသာသနာ သမိုင်းတွင် မပေါ်ပေါက်ဖူးသေးပါ။

သို့ပါ၍ ယခုလို ဘဝကံကောင်းထောက်မ၍ ကြံတောင့်ကြုံခဲ့ ကြကြောက်သည့်အခါတွင် ပုဒ္ဓဘာသာဝင် သူတော်စင်တိုင်း ပါဝင် လှူဒါန်း၍ ကုသိုလ်ထူး ပြုနိုင်ကြရန်အတွက် စိမ်ဆောင်ရွက်သင့်ပါသည်။ 'မလှူဖူးသေးသော အလှူကို ပေးလှူရခြင်းကြောင့် မရဖူးသေးသော ကုသိုလ်ထူးကိုရရှိနိုင်ပါသည်'ဟူသော နိုင်ငံတော် သြဝါဒစကားတော်ကြီးများ၏ မိန့်ဆိုချက်ကိုသွား၍ သတိရသည်။

အလွန်သေးငယ်သောခြင်ကောင် ကလေးများ၏ အလွန် သေးငယ်သော မြေမှုန့်များဖြင့် ဇွန်းကောင်းကောင်းနှင့် တည်ဆောက် လာခဲ့မှုကြောင့် ကြီးမားသော တောင်ဘို့ကြီး ဖြစ်ပေါ်လာရသည်။

ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် နာယကချုပ်၊ ဒု-နာယကချုပ်၊ ပါမောက္ခ၊ ကထိက၊ လ/ထ ကထိက သီတင်းသုံးဆောင်များ အုတ်မြစ်ချ

မင်္ဂလာ အခမ်းအနား

၁၃၄၇-ခု၊ နယုန်လဆန်း ၇-ရက်

၁၉၈၅-ခုနှစ်၊ မေလ ၂ ရက်၊ စနေနေ့



အငြိမ်းစား မြန်မာစာ ပါမောက္ခ ဦးအေးမောင် နာမကျန်း ဖြစ် စဉ်တွင် သာသနာအတွက် ကျင်ငွေ(၇-သိန်း)ကျော်တို့နှင့် တက္ခ ဝင်း ခြံ မြေ - တိုက် အိမ် တို့ ကို လှူဒါန်းနေပုံ

၁၃၄၄-ခု၊ ပြာသို လဆန်း ၁၀-ရက်
၁၉၈၃ ခု၊ ဇန်နဝါရီလ ၂၃ရက်



မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် မဟာဒါန ဝိဟာရ ကျောင်း အလှူ အကြို ရေစက်ချပွဲ အခမ်းအနား

၁၃၄၄-ခု၊ ပြာသို လဆန်း ၁၀-ရက်
၁၉၈၃ ခု၊ ဇန်နဝါရီလ ၂၃ရက်

ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် သာသနိက အဆောက်အအုံများအတွက်ကျပ် သိန်း၅၀ကျော် မဟာဒါန အကြို ရေစက်ချအလှူတော်

၁၃၄၆-ခု၊ တန်ခူး လပြည့် ကျော် ၆-ရက်
၁၉၈၄ ခု၊ ပြီလ ၂၁-ရက် တနင်္ဂနွေနေ့



၁
နာယက
ကထိက
လ/ထကထိကများ
သီတင်းသုံးရန်ကျောင်းဆောင်
(ရန်ကုန်)



၂
ပါမောက္ခများ
သီတင်းသုံးရန်အဆောင်
(မန္တလေး)



၃
စာသင်သံဃာတို့
သီတင်းသုံးရန်အဆောင်
(မန္တလေး)



ဆောက်လုပ်ဆဲ ရန်ကုန် သာသနာ့တက္ကသိုလ်

ကြီးမား ကျယ်ဝန်းသော ပင်လယ် ရေပြင်ကြီးသည် သေးငယ်သောရေစက်ရေပေါက်ကလေးအစုအပေါင်းများမှဖြစ်ပေါ်လာခဲ့သည်။

ဤအတူပင် ဤသည့် တိဝိဠကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရားကြီး ဦးဆောင်သော နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကား ထိုမျှအထိ ဖြစ်ပေါ်လာရန် ခဲယဉ်းသော အရာဖြစ်သည်ဟုယူဆသင့်တော့ပေ။

တိဝိဠကရေ ဆရာတော်ဘုရားကြီး၏ စေတနာ စွမ်းအားကြောင့် ဗုဒ္ဓရှင်တော်၏ စစ်မှန်သော တရားတော်များကို ဖြန့်ချီရာ သာသနာ့တက္ကသိုလ် ကျောင်းတော်ကြီးသည် စေတနာရှင် ရဟန်း ရှင် လူတို့၏ စေတနာ အင်အား၊ သဒ္ဓါ တရား အင်အားတို့အားဖြင့် ငွားငွားစွင့်စွင့် ပေါ်ထွက်၍ လာပါချေတော့မည်။

ထိုသို့ ပေါ်ထွန်းလာမည့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးသည် ရှေးက နှစ်ပေါင်း (၁၀၀) တိုင်တိုင် တည်တံ့လာခဲ့သော နာလန္ဒာ တက္ကသိုလ်ထက် နှစ်ပေါင်း ဆောင်ပေါင်းများစွာ တည်တံ့ခိုင်မြဲပါစေဟု ကျွန်တော်တို့ ရတနာမွန် အဖွဲ့က ဆုတောင်း ပတ္ထနာ ပြုလိုက် ရပါကြောင်း။ ။

ဦးတင်ဟိန်း

နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်နှစ်ခုအတွက်ဆရာလောင်း (၆)လမှမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနား

၁၃၄၅-ခု၊နှတ်တော်လဆန်း ၁-ရက် ၁၉၈၃-ခု၊ဒီဇင်ဘာလ ၅-ရက်

မင်းကွန်းတိပိဋကဓရ ဆရာတော် ဘုရားကြီးနှင့် ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှတို့၏ ဦးဆောင်မှုဖြင့် အသိပညာရှင်များ၊ အတတ် ပညာရှင်များ၊ စေတနာရှင်များက 'ပရိယတ္တိ သာသနာ့ တက္ကသိုလ်များ' အမြန်ပေါ်ထွန်းရေးအတွက် ကျွှိသို့ အစဉ်မပြတ် ညှိနှိုင်း တိုင်ပင်ကြခဲ့သည်

မင်းကွန်း တိ=နိသာသနာပြုအဖွဲ့ မော်ကွန်းတင်ဆပ်ကော်မတီကလည်း ဓာတ်ပုံ၊ ဗီဒီယို၊ တိပ်ခွေမှတ်တမ်း သာမက စာထက်အကွရာ၊ ကျောက်ထက်အကွရာတို့ဖြင့် မော်ကွန်းတင်၍ ပြန်ကြားရေးဆပ်ကော်မတီကလည်း ကျွှိသို့ကျွှိနှယ်သာသနာပြုကြသည်မှာ နှတ်လူသာစုခေါ်ဖွယ် ဖြစ်ခဲ့သည်

ဂ ဓတကား။



ဖွံ့ဖြိုးတိုးတက်နေတဲ့အနောက်နိုင်ငံ ကြီးတွေမှာ သိပ္ပံပညာနဲ့ စက်မှုဘက်က အလွန် တိုးတက်လာတာကြောင့် ရုပ်ဝတ္ထုတွေဘက်ကဟာ တိုးတက်မှုက အလွန်ကြီး လျင်မြန်နေပါဘယ်။ ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း ၅၀လောက်ကဆိုရင် စာရေး ဆရာကြီးများက လာမယ့်နှစ်ဘယ်လောက်ဆိုရင် ဒီလူသားဟာဘယ်လိုရှိလိမ့်မယ် ဆိုတဲ့ သိပ္ပံပညာဆိုင်ရာ ဗိတ်ကူးယဉ်ဝတ္ထုမျိုးတွေ ရေးလေ့ ရှိကြတယ်။ ဖတ်သူတွေကလဲ ဟုတ်လိမ့်နိုးနိုး ကျေကျေနပ်နပ် ဖတ်ခဲ့ကြတယ်။

ခုခေတ်မှာတော့ ရုပ်ဝတ္ထုဆိုင်ရာ ယဉ်ကျေးမှုတွေ တိုးတက်ပုံက အရှိန်အဟုန် ကြီးမားလွန်းလို့ ဘယ်တော့ ဘာဖြစ်မှာ ပါလိမ့်ဆိုတာကို အလေးအနက် သဘောထားသူတွေက မခန့်မှန်းရဲလောက်အောင်ကို ဖြစ်လာတော့တယ်။ တစ်နေ့တစ်မျိုး အံ့မခန်းတွေက တွေ့မြင်ကြားသိနေရတာကိုး၊ အဲဒီတော့ ကြိုတင်တွက်ဆဖို့မဝံ့ရဲကြကော့ဘူးပေါ့။ ရုပ်ဝတ္ထုတွေ ဘက်က အဲဒီလို တိုးတက်လာရင်ဘော့ လူတွေရဲ့ ပင်ပန်း ဆင်းရဲမှုတွေ တစ်နေ့တခြား လျော့ပါးပြီး သာယာတဲ့ လူ့လောကကြီး တစ်နေ့တော့ ဖြစ်ပေါ်လာတော့မှာပဲ ထင်ပါရဲ့လို့ တွေးမယ်ဆိုရင် တွေးစရာပေပေါ့။ နို့ပေမယ့် မူမြင်ရတာက အဲဒီလိုမဟုတ်လေဘူး။ ဖွံ့ဖြိုးတိုးတက်လှတယ်ဆိုတဲ့ နိုင်ငံကြီး

တွေမှာ ရုပ်ဘက်ယဉ်ကျေးမှုက သာ အလွန်အမင်း တိုးတက် လာပြီး နာမ်ဘက်ဆိုင်ရာ ယဉ် ကျေးမှုက ရုပ်နဲ့ အမီ လိုက်ပြီး တိုးတက် ယဉ်ကျေး မလာဘူး။ စိတ်ဘက် ဆိုင်ရာမှာက မူလ အတိုင်းပဲရှိနေတယ်။ အဲဒီတော့ ရုပ်နဲ့စိတ်ရဲ့ တိုးတက်ခြင်းက ကွာ ဟမှု အလွန် ကြီးကြီးမားမား ခြားနားသွားတယ်။ ဒီလိုဖြစ်နေ တာကို အရင်းရှင်လူ့ဘောင်က အဆင်ပြေပြေနဲ့ သဟဇာတဖြစ် အောင် ပေါင်းကူးလို့ မပေးနိုင် ဘူး။ ကြီးမားတဲ့ ချောက်ကြီး ခြားနေဘာကို ရောက်တတ်ရာရာ ကမောက်ကမနည်းတွေနဲ့ ပေါင်း ကူးဖို့ ကြိုးစားနေကြလေတော့ သူတို့ဆီမှာ လူ့ ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး မြင် မကောင်း ကြားမကောင်းတဲ့ တိုးတက်ဆိုး ရွားမှုတွေ ဖြစ်ပွားနေပါတယ်။ ကိုင်းသူပြည်သားတွေက မူးယစ် ဆေးဝါးကို ဆင်းရဲ ချမ်းသာ မရွေး၊ ကျား-မ မဟူ၊ ကလေး လူကြီး မခွဲခြားဘဲ မတရားသုံးစွဲ လာကြတယ်။ အလွန် ရက်စက် ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုကြီး တွေကို အပျော်တမ်း ကျူးလွန် နေကြတယ်။ လူ့သိက္ခာ၊ လူ့ ကျင့်ဝတ် ဆိုတာ ဘာရယ်လို့ သတ်သတ်မှတ်မှတ် မရှိတော့ဘဲ ဖြစ်နေပြီ၊ လူ့ အမွှန် အမြတ် ဆိုကာ လုံးဝ ပျောက်ကွယ်မယ့် အဖြစ် ဆိုက်ရောက် နေတာပါ။ ဆင်းရဲနဲ့ ချမ်းသာတို့ရဲ့ ကွာဟမှု ဆိုတာကတော့ ပိုလို့ပဲ နက်ရှိုင်း

ဗုဒ္ဓ အဘိဓမ္မာကို
စိတ်ဝင်စားကြသော
အင်္ဂလန်နိုင်ငံသားများနှင့်
ဆရာတော်
အရှင် သေဋ္ဌိလာဘိဝံသ
(၁၉၄၉-ခုနှစ်)

နေပြီး၊ ဒီကိစ္စကို ထည့်လို့တောင် မစဉ်းစားကြတော့ သလောက် ဖြစ်နေပါပြီ။ လူတွေကို အုပ်စိုး တဲ့ အစိုးရတွေကတော့ သိပ်ပဲနဲ့ စက်မှုတိုးတက်လာတာကိုအဖျက် လက်နက်ကြီးတွေထုတ်လုပ်ရာမှာ သုံးစွဲစေပြီး လက်နက်နဲ့ အသာစီး ယူနိုင်ဖို့အတွက် ကြောက်မက်ဖွယ် လက်နက်ကြီးတွေကို ထုတ်လုပ်ပြီး စုပုံ သိုလှောင်နေကြပါတယ်။ ဒါကြောင့် ကမ္ဘာစစ်ဖြစ်ရင် မဆိုထားနဲ့ မတော်တဆ တစ်ခုခုဖြစ်ရင်တောင် ဒီကမ္ဘာ ဒီလူ့လောကဟာ လွယ်လွယ်နဲ့ ပျက်စီး ပျောက်ကွယ်သွားနိုင်တဲ့ အနေအထားမှာရှိနေပါတယ်။

အဲဒီတော့ လူ့ဘဝ လူ့လောကကို နည်းနည်း ပါးပါး ဖြစ်ဦးတော့ အလေးအနက်ထား ချင်သူတွေက 'ဘယ့်နယ်လဲ၊ တို့လူ့ဘောင်ဟာ ဒီအတိုင်း ဆိုရင် ဘယ်သောင်တင်လို့ ဘယ်ကမ်း ဆိုက်မယ့် လူ့ဘောင်မျိုးလေလဲ၊ ဒီအဖြစ်မျိုးကတော့ မဟန်သေး ပါဘူး' လို့ တွေးခေါ် လာကြ တယ်။ ဒီဘဝမျိုးကို မကျေနပ် နိုင်သူတွေ၊ စက်ဆုပ်စိတ်ပျက်သူ တွေလဲ တစ်နေ့တခြား များ လာတယ်။ ဒါကြောင့် တချို့က တစ်ဦးချင်း၊ တချို့က အစု ကလေးနဲ့ ဘဝအလင်းရောင် ရှာ နေကြတယ်။ ဒီလိုရှာကြတဲ့အခါ ဗုဒ္ဓ အဘိဓမ္မာနဲ့ ပတ် သက် ပြီး တစ်စွန်းတစ်စဖတ်ဖူးလို့ ဖြစ်စေ၊ နားစွန်နားဖျား ကြားမိလို့ ဖြစ် စေ တချို့က ဗုဒ္ဓ အဘိဓမ္မာကို စိတ်ဝင်စား လာကြတယ်။ ဒါ ကြောင့် ဒီလိုလေးနက်တဲ့ အဘိ ဓမ္မာမျိုးတွေ ကမ္ဘာ့ အရှေ့ ဘက် နိုင်ငံတွေမှာတော့ ရှိလေ ရဲ့လို့ဆိုပြီး ငွေကြေးတတ်နိုင်သူ များက အရှေ့နိုင်ငံတွေကိုလာပြီး ဘဝအဓိပ္ပာယ်ရှာကြသတဲ့။

သူတို့နိုင်ငံတွေမှာ ဒီလိုအခြေ အနေ ပေးနေတဲ့အခါ ဗုဒ္ဓ သာသနာတော်ရဲ့ ရောင်ခြည် ကျယ်ပြန့် ထွန်းလင်းစေလိုတယ်၊ သာသနာတော် ပြန့်ပွားစေလို တယ်ဆိုရင်ဖြင့် ဒီအချိန်အခါဟာ သာသနာပြုဖို့ အချိန်ကောင်း အခါကောင်း ဖြစ်ပါလိမ့်မယ်။ အခြေအနေက အဲဒီလိုရှိနေသော်လဲ ဘဝအလင်းရောင်ရှာနေတယ် ဆိုတဲ့ လူတချို့ မြန်မာနိုင်ငံကို ရောက်ပေါက်လာတဲ့ အခါတော့ သိပ်ပံပညာရဲ့ အချောက် အချား ခံနိုင်တယ်ဆိုတဲ့ဗုဒ္ဓဘာသာကိုနိုင် ငံခြားသားတစ်ယောက်သဘော ပေါက် ဘဝင် ကျသွားလောက် အောင် ရှင်းလင်း ပြောပြနိုင်သူ



ဆဋ္ဌသင်္ဂါယနာ တင်စဉ်က လောနိုင်ငံမှ သံဃရာ အရှင်မြတ်

များက ရှားနေပြန်ပါတယ်။ ဗုဒ္ဓ အာဘိဓမ္မာကို ခြေခြေ မြစ်မြစ် သိချင်လို့ ငွေကုန် ကြေးကျခံပြီး လာကြသူများထဲက တချို့လဲ ဂျပန်နိုင်ငံဟာ ဗုဒ္ဓဘာသာနိုင်ငံ လို့ သူတို့ သိမှတ် ထားတာ ကြောင့် ဂျပန်ပြည်ကို သွားခဲ့ကြသတဲ့။ ဂျပန်ပြည် ရောက်တဲ့ အခါ စျင်ဗုဒ္ဓဘာသာနဲ့ပဲတွေ့ခဲ့ရသတဲ့။

ဗုဒ္ဓဘာသာ စတင်ရာ အိန္ဒိယ နိုင်ငံကြီးကို သွားတဲ့လူက သွားကြတယ်။ အိန္ဒိယမှာက ဗုဒ္ဓသာသနာ စတင် ထွန်းကားရာ ဒေသ ဗုဒ္ဓဂယာရှိရာနိုင်ငံတော့ မှန်ပါရဲ့။ ဗုဒ္ဓဘာသာ ဆိုင်ရာ ဂူကျောင်း ပုထိုးနဲ့ သာသနာ့ အဆောက် အအုံ တွေလဲ ရှိသလောက် ရှိပါသေးရဲ့။ နို့ပေမယ့် လူဦးရေ ၆၆၀ သန်း လောက်ရှိတဲ့ နိုင်ငံမှာ ဗုဒ္ဓဘာသာဝင်က သိန်းဂဏန်းသာရှိတယ်။ အင်မတန် အားနည်းမှုန်နေတယ်။ ဒါကြောင့် ထေရဝါဒ ထွန်းကားရာ ၅-နိုင်ငံကို လာရောက် ရှာဖွေသူတွေက ရှာဖွေနေကြပါတယ်။ ထေရဝါဒ ၅-နိုင်ငံမှာ ကလဲ မြန်မာနိုင်ငံ ရန်ကုန်မြို့ ဆဋ္ဌသင်္ဂါယနာတင် နိုင်စဉ် က နဲ့တောင် မတူဘဲ ဒီ၅နိုင်ငံမှာ သာသနာတော်ရဲ့ အခြေအနေတွေက တချို့နိုင်ငံ တွေမှာ ဆုတ်ယုတ် အားနည်း နေပါပြီ။ ဥပမာ-လောနဲ့ကမ္ဘောဒီးယားဆိုပါတော့။ ဆဋ္ဌသင်္ဂါ-ယနာ တင်စဉ်က ကြွတော်မူလာတဲ့ ဆရာတော်ကြီး တွေဟာ ပရိယတ် ပဋိပတ်မှာ ၂-တန် စလုံး အဆင့်မြင့်တဲ့ ဆရာတော်ကြီးတွေပါ။ နို့ပေမယ့် သူတို့ နိုင်ငံတွေမှာ ပြည်တွင်း ရေးရာတွေ မငြိမ်မသက်ဖြစ်ပြီး စစ်ရေး



မက်ရေး ဘေးကြီးနဲ့ ကြုံတွေ့နေရတာက နှစ်ပေါင်း ကြာလှပြီမို့ သာသနာတော်ဟာ မလွန်ဆန်နိုင်တဲ့ သဘာဝအတိုင်း မှေးမှိန် အားနည်းလို့နေရပါတယ်။

သီဟိုဠ်နိုင်ငံမှာလဲမြန်မာနိုင်ငံကို ထေရဝါဒ သာသနာသွင်းပို့တဲ့ အမိနိုင်ငံတော့ မှန်ပါရဲ့၊ နို့ပေမယ့် အခုအခါ မှာတော့ ပရိယတ္တိဘက်ကလဲ အားရစရာမကောင်းလှ၊ ပဋိပတ္တိဘက်ကလဲ အားရစရာ မကောင်းတော့ဘဲ ဖြစ်နေပါတယ်။ သီဟိုဠ်သံဃာများဟာ အင်္ဂလိပ် စကားပြော သိပ်ကောင်းပါတယ်။ သီဟိုဠ်နိုင်ငံသားတွေ ကိုယ်နှိုက်ကလဲ အင်္ဂလိပ် စကားပြော တတ်သူများကြတာကလား။ နို့ပေမယ့် သံဃာတွေက ဝိနည်းလဲသိပ်မသိတော့ဘူး၊ သင်္ကြိဟ်လဲ မသိတော့ဘူး။ ဘုန်းကြီးကို လူကကိုးကွယ်ပြီး ပစ္စည်းလေးပါး ထောက်ပံ့နေတဲ့ အနေအထားမျိုးလဲ မရှိတော့၊ သံဃာများက ကိုယ့်ဝမ်းကိုယ်ကျောင်း ကြရတဲ့ အခြေဖြစ်လာတယ်။ ဒါကြောင့်သီဟိုဠ်ဘုန်းကြီးက ဥယျာဉ် ခြံမြေစိုက်ပြီး ဆွမ်းစရိတ်ရှာတဲ့ ဘုန်းကြီးက ရှာရတယ်။ တချို့က စာသင်ကျောင်းထောင် စာသင်စာပြပြီး ဆွမ်းစရိတ် ရှာနေကြရတယ်။ လူက ဘုန်းကြီးကို ကြည်ညိုပြီး ပစ္စည်းလေးပါး ထောက်ပံ့မှုမျိုး မြန်မာနိုင်ငံမှာလို မရှိတော့ဘူး၊ လူနဲ့ဘုန်းကြီးနဲ့ ကင်းကွာနေပြီ။

ယိုးဒယားခေါ်တဲ့ ထိုင်းနိုင်ငံမှာတော့ ထေရဝါဒ ဘုန်းတော်ကြီးများက ဝိနည်း တော်ကိုလေးစားသမှုရှိပါတယ်။ အင်္ဂလိပ်စာနဲ့ ပြင်သစ်စာကိုလဲ သင်ယူတတ်မြောက် ကြတာ များပါတယ်။ ထိုင်းသံဃာက ပရိယတ်ထက် ပဋိပတ်ကို ပိုအလေးထားပြီး မနက်လင်းတာနဲ့ ပဋိပတ်အလုပ်ကို မလုပ်မနေ လုပ်ကြတယ်။ လောနဲ့ ကမ္ဘောဒီးယားမှာလဲ ပဋိပတ်အလုပ်ကို လက်မလွတ်ဘူး။ နို့ပေမယ့် ပရိယတ်

ဘက်မှာတော့ မြန်မာနိုင်ငံရဲ့ အဆင့်အတန်းကို မမီဘူး။ သူတို့ နိုင်ငံက ၇-ဆင့် အောင်လို့ ပရိယတ်ဘက်မှာ အဆင့်မြင့်လွတယ် ဆိုတာဟာ ဒီက ပထမငယ်အဆင့်လောက် သာပဲရှိတာပါ။ ပါဠိဘက်ကလဲ အဆင့်နိမ့်ပါတယ်။ ထိုင်းမှာ အဋ္ဌကထာ၊ ဋီကာ၊ ယောဇနာ၊ ဂဏ္ဌိစတာတွေ မသင်ယူနိုင်ဘူး၊ သင်ပေးနိုင်တဲ့ သံဃာမရှိဘူး၊ မြန်မာနိုင်ငံကသံဃာတွေကတော့ဘာသန္တရဖြစ်တဲ့ တိုင်းတစ်ပါးစာနဲ့ စကားတတ်သူတော့နည်းတယ်၊ ပဋိပတ်မှာလဲအားနည်းဘယ်။ ပရိယတ်ဘက်မှာတော့ ထေရဝါဒ နိုင်ငံတွေထဲမှာ အဆင့် အမြင့်ဆုံးနိုင်ငံပါ။

၁၉၀၆ ခုနှစ် ထဲမှာ တော့ မန္တလေးမြို့နဲ့ ရန်ကုန် မြို့မှာ ပရိယတ္တိ သာသနာ့ တက္ကသိုလ် နှစ်ခု မရှေးမနှောင်း ဖွင့်လှစ်လာတယ်။ ဒါဟာ မြန်မာနိုင်ငံမှာပထမဆုံးအကြိမ်ဖွင့်လှစ်နိုင်တဲ့ ဘုန်းကြီး တက္ကသိုလ်တွေပါ။ ပရိယတ်ကို ခေတ်မီတဲ့နည်းနဲ့ သင်ပြတော့မယ်လို့ ပထမဆုံးကြိုးပမ်း ချက် ပါ။ ရန်ကုန် တက္ကသိုလ်က ကမ္ဘာအေး ကုန်းမြေမှာ(၂၃-၆-၁၆)နေ့မှာဖွင့်လှစ် လိုက် တာ ဖြစ်ပါတယ်။ မန္တလေးမြို့မှာတော့ တိပိဋကဓရ မင်းကွန်း ဆရာတော်က အဆောက်အအုံနဲ့နေရာအတွက် သူ အလှူခံပေးမယ်လို့ တာဝန်ယူပြီး သီပေါမင်း နဲ့ မိဖုရားခေါင်တို့ ဆောက်လုပ်လှူဒါန်းခဲ့တဲ့ မဟာဝိဇယ ပုည မှန် ကျောင်း တော်မြေနေရာကိုအလှူခံပေးပါတယ်။ အဲဒီနေရာဟာ အတုမရှိကျောင်းတော်ကြီးအရှေ့ဘက်၊ပြီးတစ်ခါ ရွှေနန်းတော်ကျောင်းတော်ကြီးရဲ့ အရှေ့ဘက်ဒေါနဘွားရပ်ထဲ ကဖြစ်လမ်းပေါ်မှာရှိပါတယ်။

ကျောင်းမြေနေရာရရှိတဲ့အခါ လိုအပ်တဲ့ စာသင် ဆောင်တွေ၊ စာသင် သံဃာ သီတင်းသုံးဆောင်တွေ၊ ဆရာများ သီတင်းသုံးဆောင်တွေ ရရှိဖို့ အတွက် တိပိဋကဓရဆရာတော်က ဒကာဒကာမတွေ ဆီမှာ အလှူခံပါတယ်။လိုအပ်တာဟာအဆောက် အအုံ၂၀ကျော်၊ ငွေသိန်း၅၀၀ လောက်လို့ ခန့်မှန်း ပါတယ်။

ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် သာသနိုက အဆောက်အအုံများ ရေစက်ချအဖွဲ့တော်

မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် သာသနိုက အဆောက်အအုံများ ရေစက်ချအဖွဲ့တော်



သာသနာ့တည်ဆောက်မှုအတွက်
တိုင်းကရရဆရာတော်ကြ
၁၈၁-၁၈၃မြောက်အလှူခံပါတယ်

ဆရာတော် အလှူခံတဲ့ သုံးနှစ်အတွင်းမှာ သိန်း ၃၀၀နီးပါးရရှိပါပြီ။ ဒါကြောင့် အဆောက်အအုံများ စတင်ဆောက်လုပ်တဲ့အခါသိမ်၊စာသင်ဆောင်အချို့၊ သီတင်းသုံး ဆောင် နှစ်ဆောင်၊ ဆရာများ သီတင်းသုံး ဆောင် အချို့နဲ့ နာရီစင်ကြီးအပါအဝင် အဆောက်အအုံ ၁၁-ခုအပြီးမှာ (၂၁-၈-၁၆) နေ့က ပြီးနှင့် သလောက် အဆောက်အအုံနဲ့ တက္ကသိုလ်ကို စတင်ဖွင့်လှစ်လိုက်ပါတယ်။

ဘုန်းကြီးက ဟည် ထောင်ဖွင့်လှစ်တဲ့ ပထမဆုံး သာသနာ့တက္ကသိုလ်မှာ ဘာတွဲတွေပေးရမှာတဲ့လဲ၊ဘယ်လိုဆရာတွေနဲ့သင်ကြားမပေးမှာလဲ၊ ရှိမရင်းစွဲသံဃာ့စာသင်တိုက်ကြီးတွေကို ဘယ်လိုသဘောထားမှာလဲ၊ ဘာအရည်အချင်းရှိမှ ဒီတက္ကသိုလ်ကို တက်ခွင့်ရမှာတဲ့လဲ ဆိုတဲ့ ကိစ္စတွေက သိချင်စရာတွေပါ။

စုံစမ်းလိုက်တော့ ဒီနှစ်စဖွင့်တဲ့သင်တန်းက မဟာ မမ္မာစရိယ ဘွဲ့ပေးမယ့်သင်တန်း၊ သင်တန်းသက်က နှစ်နှစ်၊ မဟာ မမ္မာ-စရိယဲအတွက် ကျမ်းပြု သက်က သုံးနှစ်အတွင်း ဖြစ်တယ်။ ဒါကြောင့် အများဆုံး ငါးနှစ်သင်တန်းမအောင်ရင် အမ်အေခေါ်တဲ့ မဟာဝိဇ္ဇာဘွဲ့နဲ့ တူညီတဲ့ မဟာ မမ္မာစရိယဘွဲ့ကိုအပ်နှင်းမှာ။ ဒါကြောင့် သင်တန်း တက်လိုရင် အနည်းဆုံး မမ္မာစရိယ ဘွဲ့ရပြီး ပုဂ္ဂိုလ်မှ လျောက်လွှာ တင်နိုင်တယ်။ ဝင်ခွင့်စာမေးပွဲကိုထိုင်ရဦးမယ်။ လူတွေ့စစ်ဆေးမှုခံရဦးမယ်၊အားလုံးအောင်မှ ရွေးချယ်မယ်။ပို့ချပေးမယ့်ဆရာတော်များကတော့ (၁) သိရီပဝရ ဓမ္မာစရိယဘွဲ့နဲ့ ပါဠိပါရဂူဘွဲ့၊ (၂) တိပိဋကစာမေးပွဲ ကောဝိဒဘွဲ့၊ (၃) သက္ကသိဟဓမ္မာစရိယ ဘွဲ့၊ (၄) စေတီယင်္ဂဏဓမ္မာစရိယဘွဲ့ဆိုတဲ့ ဘွဲ့လေးမျိုးမှာ အနည်းဆုံး နှစ်ဘွဲ့၊ သုံးဘွဲ့ရတဲ့ ပုဂ္ဂိုလ်မျိုးမှ ရွေးချယ်တယ်။ဘာသန္တရတတ်ကျွမ်းမှုရှိရင် ပိုပြီး ဦးစားပေးရွေးချယ်တယ်ဆိုကိုး။

ဒီတက္ကသိုလ် မန္တလေးမှာဖွင့်မယ်လို့ကြေညာပြီး တက်ရောက်လိုသူများကို လျှောက် ထားဖို့ကြေညာ ခေါ်ယူတဲ့ အခါ လျှောက်လွှာ အစောင် ၉၀ ဘောင်း ခံတယ်။ ၅၃ ပါး လျှောက်ထားတယ်။ ဝင်ခွင့်စာမေးပွဲကို ၄၉ပါး ဖြေဆိုတယ်။ လူတွေ့အစစ်ခံဖို့ ၄၆ပါး လာ



ဆရာတော်
အလှူခံတဲ့
သုံးနှစ်အတွင်းမှာ
သိန်း ၃၀၀ နီးပါး
ရရှိပါ၀ါ့မြို့....

ရောက်တယ်။ ရေးဖြေနဲ့ လူတွေ့ စစ်ဆေး အောင်မြင်တဲ့ သံဃာ ၃၇ပါး ဖွင့်ပွဲနေ့မှာတက်ရောက် ကြတယ်လို့သိရပါတယ်။

တကယ် ကတော့ သံဃာ့ လောကမှာ ဓမ္မာစရိယ ဘွဲ့ လောက်အထိ အောင် မြင် ပြီး ရဟန်းတစ်ပါးဟာ ကိုးကွယ်တဲ့ ဒကာဒကာမပရိသတ်နဲ့ကျောင်း နဲ့ ကန်နဲ့ဆိုသလိုဖြစ်နေတဲ့အနေ အထားမျိုးပါ။ အဲဒီ အနေ အထားကနေပြီး သင်ကြားပြသ ပေးမယ့်ဆရာလုပ်ဖို့၊ ဒါမှမဟုတ် ကျောင်းသား လုပ်ပြီး ထပ်မံ ပညာဆည်းပူးဖို့ အတွက် ကိုယ့် တိုက်တာနဲ့ ကိုယ့်ကျောင်းကိုယ့် ကန်ကို စွန့်လွှတ်ပြီး တက္ကသိုလ် မှာ လေး ငါး နှစ် လာရောက် သီတင်းသုံးဖို့ ဆိုတာ တော်ရုံ သဖြင့် လုပ်ဆောင်နိုင်ဖို့ မလွယ် ပါဘူး။ ဒါကြောင့် တက္ကသိုလ် ဖွင့်တယ်ဆိုလို့ စမ်းကြည့်ဖို့ ကြွ လာကြတာလား၊ တကယ် တက် ကြွရဲ့လား ဆိုတာ ဖွင့်ပွဲနေ့က သံဃာတွေကို အကဲခတ်တဲ့အခါ အားလုံးတက်တက်ကြွကြွနဲ့ယုံယုံ ကြည်ကြည် ဖူးတွေ့ ခဲ့ရတာမို့ ဝမ်းသာရပါတယ်။

နာယကချုပ် ဖြစ်တဲ့ ဆရာ တော်ဆိုရင် သက်တော်က ၅၀ ကျော်ကလေးမို့ တာ၀န်နဲ့ လုံက် ဖက်တဲ့ အရွယ်ပဲ။ ကျန်းမာရေး ကလဲ ပြည့်စုံတယ်။ ပညာရေးက လဲ အဘိဓမ္မာပါဠိပါရဂူ၊ သီရိ ပ၀ရ ၉ကျမ်းပြီး၊ သက္ကသီဟ ဓမ္မာစရိယ၊ သက္ကတ၊ ပါကတ၊ ပါဠိ၊ ဟိန္ဒီ၊ အင်္ဂလိပ်၊ ဥတ္တရ မုချ ဆန်းစကရစ်ယူနီဗာစီတီ (ဗာရာဏသီ)၊ယူပီ၊အိန္ဒိယကဘွဲ့ ရမို့ လိုလေသေးမရှိပြည့်စုံတယ်။ ဆရာတော်ရဲ့ ယုံကြည်တက်ကြွမှု ကလဲပြင်းထန်တယ်။စည်းရုံးရေး လဲ ကောင်းပုံ ရလေတော့ ဒီ တက္ကသိုလ် တည်တဲ့ အောင်မြင် အောင်ဦးဆောင်နိုင်မယ့်အရည် အသွေးရှိတဲ့ ဆရာတော်ပေပဲလို့ အားတက်ရတယ်။ဆရာတော်က တက္ကသိုလ်ဖွင့်တဲ့နေ့က ''၁၉၂၄ ခုနှစ်က ရန်ကုန်မှာ စက်မှု တက္ကသိုလ် စ,ဖွင့်တော့ ဆရာက နှစ်ယောက်နဲ့ ကျောင်းသား ၁၇ ယောက်ပဲရှိတယ်။ ခု နှစ်၆၀ ကြာလာတဲ့ အခါ ကျောင်းသူ ကျောင်းသား ၆၀၀၀ကျော်ရှိ နေတဲ့ တက္ကသိုလ်ကြီး ဖြစ်နေပြီ။ မန္တလေး သံဃ့ တက္ကသိုလ်မှာ စ,ဖွင့်ဖွင့်ချင်း ကျောင်းသား ၃၇ ပါးနဲ့ ဆရာ၁၉ပါးနဲ့ စတင် ဖွင့် လှစ်နိုင်တာဖြစ်လို့အားငယ်စရာ မရှိတဲ့အကြောင်း'' တက်ကြွယုံ

ကြည်မှုနဲ့အဖွင့်နေ့က မိန့်ခွန်းမှာ ထည့်သွင်း မိန့်ကြား သွားပါ တယ်။ ရွေးထားတဲ့ဆရာတွေထဲမှာ ဂုဏ်ထူးဆောင်ဘွဲ့ အနည်းဆုံး နှစ်ဘွဲ့သုံးဘွဲ့ရပြီးများအပြင် လူ တက္ကသိုလ်က ဘွဲ့ရပြီး သံဃာ ငါးပါးပါဝင်တာလဲ တွေ့ရပါ တယ်။

ဆရာတော်တို့ တက္ကသိုလ်က သာသနာ သန့်ရှင်းတည်တံ့ပြန့် ပွားရေးအတွက် ရည်စူးပြီး ရှေ့ ဆောင်ရွေ့ရွက် ပြုမယဲ့ ပုဂ္ဂိုလ် များကို မွေးထုတ်ဖို့ ခေတ်မီ အဆင့်မြင့် ပရိယတ္တိ သင်ကြား ပေးဖို့ ရည်ရွယ်တာ ဖြစ်လေ တော့ ကမောက်ကမ လူ့အဖွဲ့ အစည်းထဲမှာ စိတ်ပျက်အားငယ် နေတဲ့ နိုင်ငံခြားသား များကို ဗုဒ္ဓ အဘိဓမ္မာ အလင်း ရောင် ညှိထွန်းပြသပေးနိုင်မယ့် ပုဂ္ဂိုလ် များ ပေါ်ထွက်လာနိုင်တယ်လို့ လဲ မျှော်လင့် အာရုံပြုနိုင်ပါ တယ်။ တောင်တန်း ဒေသတွေ အပါအဝင် ကိုယ့်နိုင်ငံတွင်းမှာ လဲ သာသနာပြုနိုင်မယ့် ပုဂ္ဂိုလ် တွေ ထွက်ရှိလာလိမ့်မယ်လို့ ယုံ ကြည်ရပါတယ်။ မြန်မာနိုင်ငံမှာ က သူတစ်ပါးက သာသနာပြု နေတာတွေပဲ တွေ့နေရတယ်။ ကိုယ့်တိုင်းပြည်တွင်းမှာ ကိုယ်က သာသနာပြုနိုင်မှ အနည်းသား ကလား။ ပြီးတော့ဒီတက္ကသိုလ် တွေမှာ သင်ကြားရေး ခေတ်မီ ပြီး အဆင့်မြင့် လာတာနဲ့ အမျှ ဗုဒ္ဓဘာသာ ဆိုင်ရာ ပရိယတ္တိကို တခြားနိုင်ငံတွေက လာရောက် သင်ကြားရာ တက္ကသိုလ် များ အဆင့်ကိုလဲ ရောက်ရှိလာ နိုင်ပါ တယ်။ ဒီလိုဖြစ်ဖို့အတွက် ပါဠိ အသံထွက် ကိုတော့ ပြုပြင်ဖို့လို လိမ့်မယ်။ မြန်မာ အသံထွက်ကို ဖျောက်ပြီး နိုင်ငံတကာ အသံ ထွက်မူရင်းအသံထွက်မျိုးထွက်ရှိ အောင်တော့ ပြင်ရပေလိမ့်မယ်။ ဒီလိုဆိုရင်ထေရဝါဒနိုင်ငံတွေက သံဃာတွေ လာရောက် ပညာ ဆည်းပူးနိုင်တဲ့ ဌာနကြီးတစ်ခုလဲ ဖြစ်လာရမှာပဲ။

နိုင်ငံတော် ပရိယတ္တိသာသနဌာနတက္ကသိုလ်ကြီးများ ဆောက်လုပ်လျှက်ဒါန်းရေးအတွက် ဆရာ-ဒကာအထက်အောက် စုန်ဆန်ကာ မမောမပန်း ရွက်ဆောင်လျက်

ဖွင့်ပွဲနေ့က
ဘဘိဓဇနဲ့ အဂ္ဂမဟာပဏ္ဍိတ
ဆရာတော်ကြီးတွေ
မန္တလေး လေးပြင်လေးရပ်က
စာချ ဆရာတော်ကြီးတွေကို
ဖူးတွေ့ရတာ
အုပ်အုပ်ဆိုင်းဆိုင်းနဲ့
သိုက်သိုက်ဝန်းဝန်း ရှိလှပါတယ်

မြန်မာနိုင်ငံမှာ မူလကတည်းက ရှိနေတဲ့ စာသင်တိုက်ကြီးတွေကိုတော့ ကော လိပ် ကျောင်းများ သဖွယ် သဘောထားပြီး ဓမ္မာစရိယအပါအဝင် ငယ်လတ်ကြီး စတဲ့ စာ မေးပွဲတွေအောင်မြင် အောင် သင် ကြား ပေး တဲ့ ကျောင်းတိုက်ကြီးတွေ အဖြစ်နဲ့ တာဝန်ယူစေချင်သတဲ့၊ ဒီတက္ကသိုလ်တွေမှာ ဘီအောဘွဲ့နဲ့ တူညီတဲ့ဓမ္မာစရိယဘွဲ့ကိုတော့ နောင်အခါမှာပေးဖို့ ရည်မှန်းတယ်လို့ သိရတယ်။ ဒီတက္ကသိုလ်များကို မြန်မာနိုင်ငံ တစ်နိုင်ငံလုံးမှာ ရှိတဲ့သံဃာထုတစ်သိန်းကျော်ကလဲ ထောက်ခံတဲ့ သဘောပဲ။ ဖွင့်ပွဲနေ့က အဘိဓဇနဲ့ အဂ္ဂမဟာပဏ္ဍိတဆရာတော်ကြီးတွေ၊ မန္တလေး လေးပြင် လေးရပ်က စာချဆရာတော်ကြီးတွေကို ဖူးတွေ့ရတာ အုပ်အုပ်ဆိုင်းဆိုင်းနဲ့ သိုက်သိုက် ဝန်းဝန်း ရှိလှပါတယ်။

ဒီနှစ် စဖွင့်တဲ့ တက္ကသိုလ်မှာ မန္တလေးမြို့ပေါ် စာသင်တိုက်ကြီးတွေကသံဃာများက အများဆုံး တက်ရောက် သင်ကြားလာတာမှန်ပေမယ့် မုံရွာ၊ မြင်း ခြံ၊ ပခုက္ကူ၊ ရေနံချောင်း၊ မကွေးစတဲ့ အ လယ် ပိုင်း က သံဃာတွေ၊ တောင် ငူ၊ ညောင် လေး ပင်၊ ရန် ကုန် စတဲ့ အောက်ပိုင်းက သံဃာတွေ ပါတယ်။ အသက်တွေကြည့်လိုက်တော့ အကြီးဆုံး ၃၅နှစ်အငယ်ဆုံး ၂၃နှစ်၊ ပျမ်းမျ ၃၀ရှိ အရွယ်ကောင်းတွေချည်း ဖြစ်တာကိုလဲ သတိပြုမိပါတယ်။ ဒီတက္ကသိုလ်မှာ သင်ကြားမယ့် အပိုင်းကတော့ ဖွင့်စဖြစ်တဲ့ ဒီနှစ်မှာ နိကာယ်ငါးရပ်အစုံ၊ ဝိနယ မ ဟာ ဌာန၊ သုတ္တန္တမဟာဌာန နဲ့ အ ဘိ ဓ မ္မ မ ဟာ ဌာ နသုံးခုကိုသာ သင်ကြားနိုင်ဦးမှာ ဖြစ်သတဲ့။ သင်ကြားနည်းစနစ်ကတော့ လက်ရှိထက် နည်းနည်းထူးမှာ ဖြစ်သတဲ့။ ဥပမာ ပါဠိ၊ အဋ္ဌကထာနဲ့ ဋီကာ သုံးရပ်ကို ယှဉ် ထုတ် ပြီး အနက်ပေးနည်း အမျိုးမျိုး၊ ဝါကျနဲ့ သဒ္ဒါပုဒ်ခက် ခဲ ကာ တွေ၊ အဓိပ္ပာယ်ယူနည်း၊ ကြံစည်နည်း၊ ခေတ်လေ့လာနည်း၊ လူမှုရေး၊ ဘာသာရေး၊ ပညာရေး၊ သဘာဝသိပ္ပံနည်းနာနယ်ပယ်နဲ့ သုတေသနပြုနည်းများသင်ပေးမှာ ဖြစ်သတဲ့။ မန္တလေးတက္ကသိုလ်ကပညာရှင်တွေကိုလဲ ညွှန်ပါမောက္ခ၊ ညွှန်ကထိကများအဖြစ် ဖိတ်ကြားပြီး ပို့ချစေဖို့အစီအစဉ်တွေ ရှိသတဲ့။ ဒီနှစ်ပြီးရင် ရှေ့နှစ်မှာ စာပေဘာသာနဲ့ သမိုင်းဘာသာကို တိုး

မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
ဥပဒ္ဒာက ပြန်ကြားရေးအဖွဲ့၏အရှုံးခံဝန်

ခဲ့သင်ကြားသွားမှာ ဖြစ်သတဲ့။ စာပေဆိုတဲ့ နေရာမှာ ပိဋကတ်ဆိုင်ရာပါဠိစာပေ၊ ပိဋကတ်ဆိုင်ရာ မြန်မာစာပေနဲ့ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေရယ်လို့ သုံးဌာနသင်ကြားမှာဖြစ်တယ်။

သမိုင်းမှာလဲ ဗုဒ္ဓသာသနာ့သမိုင်း၊ ထေရဝါဒနဲ့မဟာယာနသာသနာဝင်များကို သင်ကြားမှာ ဖြစ်တယ်။ ပိဋကတ်သမိုင်းမှာတော့ အိန္ဒိယ၊သီဟိုဠ်၊မြန်မာပြည်ရေး ကျမ်းများရဲ့ ဂန္ထဝင်ကိုသင်ကြားမှာဖြစ်သတဲ့။ ကမ္ဘာ့ကိုးကွယ် မှု ဘာသာကြီးများသမိုင်းကိုလဲ သင်ဦးမယ်။ အဲဒီအထဲမှာတော့ ဗုဒ္ဓဘာသာ၊ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာတွေရဲ့ သမိုင်းကိုသင်ကြားမှာဖြစ်တယ်။ ဒီသင်တန်းတွေမှာ ပို့ချဖို့အတွက် လိုအပ်ရင် နိုင်ငံခြားက ပညာရှင်တွေကို ဌားရမ်း ခေါ်ယူဖို့လဲ အစီအစဉ်တွေရှိသတဲ့။

ဆရာတော် များ ရည်မှန်းချက်ကတော့ ခေတ်မီ ကျယ်ပြန့်တဲ့ ပရိယတ္တိတက္ကသိုလ် ဖြစ်ပေါ်ရေးပဲဖြစ်တယ်။ ဒါကြောင့် စိတ်စေတနာကောင်းနဲ့ ဝိုင်းဝန်းအကြံပြုကြဖို့၊ လိုအပ်ရာရာများကို လှူဒါန်းကြဖို့ တာဝန်ရှိကြတယ်။

တက္ကသိုလ် ဝင်းကြီးမှာတော့ ဆောက်လုပ်ရေး တာဝန်ခံများက ဆောက်လုပ်ဆဲ အဆောက်အအုံများနဲ့ အလုပ်များနေသလို သဒ္ဓါပေါက်တဲ့ စေတနာရှင်များကလဲ ဝင်လာမစဲ တဖွဲဖွဲ လိုအပ်ရာရာများကို လာရောက် လှူဒါန်းနေတာ တွေ့ခဲ့ရတယ်။

ရည်ရွယ်ချက် ကြီးမား မွန်မြတ်တဲ့ ပရိယတ္တိတက္ကသိုလ်ကြီးဟာ ဒီကမ္ဘာမှာ ဗုဒ္ဓသာသနာထွန်း ပ ရေးအတွက် ကြီးစွာသော အထောက်အကူပြု ယန္တရား ကြီး ဖြစ် ပါစေသတည်းလို့ ဆုတောင်းရင်း လှူနိုင်သူများက လှူဒါန်းကြပါလို့တိုက်တွန်းပါရစေ။ ။

လူထု ဒေါ်အမာ

ဗုဒ္ဓစာပေ ပရိယတ္တိ အခြေခံသည် မြန်မာနိုင်ငံတွင် မည်သည့် အချိန်က စတင်ခဲ့သည်ဟု အတိအကျ မဆိုသာပါ။ သို့သော် သရေခေတ္တရာ မြို့ဟောင်း မှော်ဇာအရပ်မှ တူးဖော်တွေ့ရသော ရွှေပေလွှာများ၌ ပိဋကတ အဆိုအနှစ်၊ ဗုဒ္ဓဘာသာ အဆိုအနှစ် ကောက်နုတ် ချက်တို့ ရေးထိုးထားသည်ကို ထောက်ချင့်၍ ထိုခေတ် ကတည်းကပင် ပရိယတ္တိ အခြေခံ အတော်အတန် ခိုင်မာနေပြီဟု ဆိုနိုင်ပါသည်။

ဒီဘယ့်ကြောင့် ဆိုသော်.... တူးဖော်တွေ့ရသော ရွှေဟောင်း အထောက်အထားအရ မြို့ထောင့် တိုင်များ၌ မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တာသုတ်၊ မောရသုတ် စသော ပရိတ်တော်များ ရေးထိုးထားသည်ကိုလည်း တွေ့ရသော ကြောင့် ဖြစ်ပါသည်။



ဘောဘောကြီးဘုရား



ဘုရားကြီး

ယို့ကြောင့်, သရေခေတ္တရာတစ်ဝိုက်တွင် ယနေ့တိုင် ဖူးတွေ့နိုင်သေးသော ဘောဘောကြီးဘုရား၊ ဘုရားကြီးဘုရား စသော ဘုရားပုထိုးများ။ တူးဖော်တွေ့ထားရသော ရွှေပေလွှာအထောက်အထားများအရ ပုဒ္ဓဘာသာ ယဉ်ကျေးမှုနှင့် တကွ စာပေပရိယတ္တိအခြေခံသည် ထိုသရေခေတ္တရာ ခေတ်ဆီကပင်လျှင် မြန်မာနိုင်ငံ၌ အမြစ်တွယ် ခိုင်မာနေပြီဖြစ်ကြောင်း ထင်ရှားပါသည်။

မှော်ဇာဝရှင့်ကန့်ကုန်းမှ ဆင်းတုတော်

မှော်ဇာခင်ဘ ကုန်းတွင်တွေ့ရှိသော ရွှေပေလွှာ

ဤ အခြေခံကြောင့်ပင် ပုဂံခေတ်သို့ ရောက် သော အ ခါ ကျမ်းတတ် အကျော် ဆရာတော် တို့သည် ပါဠိဘာသာဖြင့် ကျမ်း ဂန်များ ပြုစုတော် မူခဲ့ကြပါသည်။ ခရစ်နှစ် ၁၁၅၄-တွင် ရှင်အဂ္ဂဝံသသည် သီဟိုဠ် သံဃာ တို့ပင် လက်ဖျား ခါရသော သဒ္ဒနီတိ ကျမ်းကို စီရင်တော် မူနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ထို ပုဂံခေတ်မှာပင် ရှင်ဓမ္မသေနာ ပတိသည် ကာရိကာ သဒ္ဒါဝေယ် ကျမ်းကို လည်းကောင်း၊ သံဃျင် အမတ်သည် ကစ္စည်း သဒ္ဒါကြီး ၏ ဋီကာဖြစ်သော သံဃျင်ဋီကာ ကိုလည်းကောင်း ရေးစီရင်ခဲ့ပါသည်။ ထိုမျှမက ကျစ္စာမင်းကြီး ကိုယ်တိုင်လည်း သဒ္ဒဗိန္ဒုခေါ် သဒ္ဒါသံခိပ် ကျမ်းကို ပြုစုခဲ့ပါသည်။ ပုဂံခေတ်၏ ဗုဒ္ဓစာပေ ပလဲ့လာ မှုကို သုံးသပ် ကြည့် သောအခါ ပိဋကပါဠိ အရအမိ ရှိလှသည်ဟု ယူဆမိ ပါသည်။

အာဇာယ်ကြောင့် ဆိုသော် ထို ခေတ်တွင် ပိဋကတော်ကျမ်း သဖြင့်သာ ကစ္စည်း သဒ္ဒါကြီး၏ အခြံအရံ ကျမ်းပေါင်း များစွာ ကို ရေးစီရင်ကြခြင်းကြောင့် ဖြစ် ပါသည်။

ဤ အ ခြေ ခံ သည် ပင်းယ ခေတ်သို့တိုင် ဆက်လက်တည်တံ့ နေကြောင်း ဆူးတွင်းပစ် ဆရာ တော် ရှင်နာဂိတ၏သဒ္ဒသာရတ္ထ ဇာလိနီနှင့် စတုရဂ်ဗလ အမတ် ကြီး၏ အဘိဓာနပဒီပိကာဋီကာ တို့က ထောက်ပြနေပါသည်။

ပုဂံခေတ် ရှေးမြန်မာ ကြီး များသည် ကဝိလက္ခဏာ - ဟု အမည်တွင်သော သဒ္ဒါ၊ အဘိ-ဓာန်၊အလင်္ကာကိုအထူးလေ့လာ ကြဟန် ရှိပါသည်။ ခရစ်နှစ် ၁၄၄၂ - ခုနှစ်ထိုး၊ တက် နွဲ့ ကျောင်း ကျောက်စာ၌ သဒ္ဒါ မျိုး ၅၆ကျမ်းမျှ တွေ့ရပါသည်။

တက်နွဲ့ကျောင်း
ကျောက်စာရုံ-ညောင်ဦး



ဗုဒ္ဓသာသနာတော် နေလိုလိုထွန်းကားခဲ့သော ပုဂံမြေ





ရှင်မဟာအရိယဝံသ၏ စာပွဲသဘင်ခံရာ ဆွမ်းဦးပူဇော်ကျွန်းတော်

ရှင်မဟာအရိယဝံသ၏ မဏိသာရမဉ္ဇူသာ ကျမ်းပြုသည့် ရည်ရုယ်ချက်



ဤ ကျောက်စာ အရပင် ရှေးခေတ် မြန်မာကြီးများ၏ပရိယတ္တိအခြေခံ မည်မျှ ရှိသည်ကို ခန့်မှန်းနိုင်ပါသည်။ ဤ ကျောက်စာပါ ကျမ်းစာရင်းကို လေ့လာကြည့်သော အခါ ပိဋကသုံးပုံပါဠိ၊ အဋ္ဌကထာ၊ ဋီကာနှင့်တကွ သဒ္ဒါကျမ်း၊ အဘိဓာန်၊ ဆန်း၊ အလင်္ကာ။ ဘာသန္တရအဖြစ် သင်္ကတ ဘာသာရေး ဆေးကျမ်း၊ ဓာတ်ကျမ်း၊ သဒ္ဒါကျမ်း၊ အလင်္ကာ ကျမ်းတို့ ပါဝင်သည်ကို တွေ့ရပါသည်။ တချို့ ကျမ်းများကို နှောင်းခေတ် မြန်မာတို့ အကျိုးငှာ နိဿယ ပြန်ခြင်း၊ မြန်မာ ပြန်ခြင်း ပြုခဲ့သည်ကိုလည်း တွေ့ရပါသည်။

ပရိယတ္တိ အခြေခံ အားကောင်းခဲ့သော မြန်မာတို့သည် သဒ္ဒါ ကျမ်းများကို သာမက အဘိဓမ္မာဆိုင်ရာ ကျမ်းဂန်တို့ကိုလည်း ပါဠိဘာသာဖြင့်ပင် ပြုစုခဲ့ကြပါသည်။ ပုဂံခေတ် ကျစွာမင်းကြီးမှ လွတ်လပ်ရေး မရမီ အထိ အဘိဓမ္မာဆိုင်ရာ ကျမ်းပေါင်း ၄၂ ကျမ်းမျှ ရှိသည်ကို တွေ့ရပါသည်။ ထို ကျမ်းတို့ အနက် ရှင်ဉာဏကိတ္တိ၏ ဒေဝသာလိနီယောဇနာပါဠိ၊ စစ်ကိုင်း ရှင်အရိယဝံသ၏ ဋီကာ ကျော် အဖွင့် မဏိသာရမဉ္ဇူသာဋီကာ၊

လယ်တီဆရာတော်

မင်းကွန်းဇေတဝန်
ဆရာတော်

ဆရာတော်
ဦးသေဠိလ

မူလပဉ္စာန်း
ဆရာတော်

ဦးရွှေဇံအောင်

ဦးဖေမောင်တင်

အဋ္ဌသာလိနီ အဖွင့် မဏိဒီပ ဋီကာ၊ဋီကာကျော်တန်ပြန်ဋီကာ မော်တွင်သည့် လယ်တီ ဆရာတော်၏ ပရမတ္ထ ဒီပနီဋီကာ ပါဠိတို့သည် အထူး ထင်ရှားပါသည်။

သုတ္တန်တက် ဆိုင်ရာ ကျမ်းဂန်တို့၌ ပရိတ်ကြီး ဋီကာတစ်ဆူသာ အထင်အရှား တွေ့ရပါသည်။ပါဠိတော် ကျမ်းစာရင်း၌ အဋ္ဌကထာ မရှိဘဲ ဋီကာသာ ရှိနေသော မိလိန္ဒပဉ္ဉာနှင့် ပေဋကောပဒေသ ကျမ်းတို့၏ အဋ္ဌကထာ ကျမ်းများကို မင်းကွန်းဇေတဝန် ဆရာတော် ပြုစုသွားခဲ့ပါသေးသည်။

သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တည်းဟူသော ပိဋကသုံးပုံတွင် မြန်မာနိုင်ငံသည် အဘိဓမ္မာလေ့လာမှု၊ တတ်ကျွမ်းမှု၌ ကမ္ဘာ့ထိပ်တန်း နေရာမှာ ရှိနေပါသည်။ လယ်တီ ဆရာတော် ပင်လျှင် လန်ဒန်ဒေဝီ၏ ယမိုက် ဆိုင်ရာ မေးခွန်းများကို လန်ဒန် ဒေဝီပုစ္ဆာ ဝိသဇ္ဇနာအဖြစ် ဖြေဆိုတော် မူခဲ့ရပါသည်။ အဘိဓမ္မာ အရာတွင် ထိပ်တန်းနေရာ ယူထားသည့် အတိုင်း လန်ဒန် ပါဠိ စာပေ အသင်း အတွက် ဦး ရွှေ ဇံ အောင် သည် ကထာ ဝတ္ထုကျမ်းနှင့် သင်္ဂြိဟ် ကျမ်းတို့ ကိုလည်းကောင်း၊ မူလပဋ္ဌာန်း ဆရာတော်ဦးနာရဒသည်ပဋ္ဌာန်း ကျမ်းနှင့် ဓာတုကထာ ကျမ်းတို့ ကို လည်းကောင်း၊ ဆရာတော် ဦးသေဠိလသည် ဝိဘင်းကျမ်းကို လည်းကောင်း၊ ဦးဖေမောင်တင် သည် ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့် အဋ္ဌသာလိနီ ကျမ်းတို့ကို လည်းကောင်း အင်္ဂလိပ်ဘာသာ ပြန်ဆိုပေးခဲ့ပါသည်။

ကမ္ဘာ့ ဗုဒ္ဓ ဘာ သာ နိုင်ငံ အသီးသီးတွင် ပရိယတ်တစ်ပေကို အခြေကျကျ ပို့ ချ နေ သော၊ ပို့ ချ နိုင်သော နိုင်ငံဟူ၍ မြန်မာနိုင်ငံ တစ်ခုတည်းသာရှိပါသည်။

ပိဋကသုံးပုံဆောင် 'တိပိဋကဓရ' ဆရာတော် ၅-ပါး

ကျေးဇူး၊ ၎င်
ဆရာတော်ဦးစန္ဒြမဏိ
၁၄-၁၀-၅၆ ရက်နေ့
အိန္ဒိယပြည်၊ နဂဂျုမြို့တွင်
လူပေါင်းနှစ်သိန်းကျော်တို့အား
ဆရာတော် ဦးစန္ဒြမဏိက
ငါးပါးသီလပေးဖြိုး
ဗုဒ္ဓဘာသာဆိုသွင်းနေပုံ

ပထမပြန်စာမေးပွဲ များကိုလည်း ရှေးထုံးစဉ်လာ မပျက် ကျင်းပခဲ့သည်မှာလည်း ယနေ့တိုင် ဖြစ်ပါသည်။ ထိုမျှမက ပိဋကသုံးပုံဆောင် 'တိပိဋကဓရ' ဘွဲ့တံဆိပ်တော်ရဆရာတော်ဟူသည်လည်း မြန်မာ တစ်နိုင်ငံ တည်းမှာသာ ရှိပါသည်။ ပိဋကသုံးပုံပြန် စာမေးပွဲလည်း မြန်မာ တစ်နိုင်ငံတည်းမှာသာ ကျင်းပ ပါသည်။ ဗုဒ္ဓသာသနာ့ အမွေကို အခြေခံကျကျ ဆက်ခံရယူခဲ့သောမြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာ၏ မူလဌာန ဖြစ် သော မဇ္ဈိမဒေသ အိန္ဒိယကို တန်ပြန်၍ သာသနာပြန့်ပွားစေနိုင်ခဲ့ပါသည်။ အိန္ဒိယမြေပေါ်တွင် ပျောက်ကွယ် ခဲ့ရသော ဗုဒ္ဓဘာသာကို မြန်မာ ရဟန်းတော်များက အိန္ဒိယ မြေပေါ်၌ ပြန်လည် အခြေစိုက်မိအောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ယခုအခါ အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာဦးရေ တိုးတက် ထွန်းကားလျက် ရှိနေပါသည်။

ऊ. तिलोक झाण, सासनधज धम्माचरिय

महास्थविर "ञ वे ध्व"

गुह्यम्यां गणेशकुमारीया जीवनय रहस्यास

लवीका विस्तार

'သမီးချစ်'စာအုပ်ပြုစုသူ

ဆရာတော်ရဝေထွန်း

अनागारिका धम्मावती

सासनधज धम्माचरिय

जन्म-नै० सं० १०५४

गुह्यसित कथाः भ्व उपन्यास निर्मित जुल

ဒေါ်ဓမ္မဝတီ (ဒေါ်)

မန်ပေါလ်

ယခုအခါ မှာပင် ပြည်ဇွင်း ပြည်ပ သာသနာ ပြုနိုင်သည့် သာသနာ့ အာဇာနည် ရဟန်း တော်များ ပေါ် ထွန်းရေးကို ဦးတည်၍ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ဘာသာငါး မျိုးဖြင့် ပိဋကသုံးပုံကို သင်ကြား ပို့ ချ မည့် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများ တည်ထောင်လျက် ရှိနေပါသည်။ ဤ တက္ကသိုလ်မျိုး မြန်မာနိုင်ငံတွင် ပေါ် ထွန်းသင့်သည်မှာ ကြာချေပြီ။ အဘယ့်ကြောင့် ဆိုသော်.... ဆဋ္ဌသင်္ဂါယနာတင်ပွဲအပြီးတွင် နေပါလ်နှင့် အာသံမှရဟန်းနှင့် သီလရှင်များ မြန်မာနိုင်ငံတွင် ပရိယတ္တိလေ့လာသွားခဲ့ကြသဖြင့် အချို့ ဓမ္မာစရိယတန်း၊ အချို့ ပထမကြီးတန်းထိ အောင်မြင်တော် မူခဲ့ကြပါသည်။ ထို့ အ ထဲ တွင် ရဝေထွန်း၏ 'သမီးချစ်'ကို နေပါလီ ဘာသာ ပြန်ဆိုရာတွင် ၎ပေဆု ရယူခဲ့သော ရဟန်းတော် သိက္ခာဥာဏပုဏ္ဏိက၊ ရဝေထွန်း၏ သမီးချစ်-ဥ် အဓိက သီလရှင် ဖြစ်သူ ဒေါ်ဓမ္မဝတီ (မနီပေါလ်)သည် အထင်ရှားဆုံး ဖြစ်ပါသည်။ ထို အရှင်နှင့် အရှင်မ တို့သည် မြန်မာနိုင်ငံမှ ပရိယတ္တိ အခြေခံကိုသာ မက ပဋိပတ္တိ အခြေခံကိုပါ ရယူ၍ နေပါလ် နိုင်ငံ၌ သာသနာပြုတော်မူလျက် ရှိပါသည်။

နေပါလ်သည် မြန်မာနှင့် အမျိုးတူ၊ ဘာသာ စကားတူ ဖြစ်ရကား မြန်မာဘာသာဖြင့် ပို့ချရာ၌ အခက်အခဲမရှိကြောင်း နေပါလီအမျိုးသား ဘိက္ခုဉာဏ ပုဏ္ဏိကနှင့် ဒေါ်ဓမ္မဝတီ (မနီ-ပေါလ်)တို့က သက်သေခံနေပါသည်။အာသံသည်လည်း မြန်မာ့ တောင်တန်း သာသနာပြုအဖွဲ့၏ နယ်ပယ်ဖြစ်၍ မြန်မာ နိုင်ငံရည်းခံပိပိ မြန်မာစကား ပြောတတ်ကြ၏။ ရေးတတ်ကြ၏။ ထို့ကြောင့် အာသံမှ ဦးကေတုမာလာသည် မြန်မာနိုင်ငံ၌ ပထမကြီးတန်းထိ ပရိယတ္တိ စာပေလေ့လာ သင်ယူ ခဲ့ ပါ သည်။ အိန္ဒိယပြည်၊ ဗာ ရာ ဏ သီမြို့၌ ပုံလွန်တော် မူသွားပြီ ဖြစ်သော ဆရာတော် ဦးစန္ဒိမာ ကျောင်း၌ တာဝန်ယူ သီတင်း သုံးနေစဉ် ပရိသုဒ္ဓ ပြုသွားသည်ဟု ကြားသိရပါသည်။

ဤအချက်ကို ထောက်ရှု ပါက မကြာမီ အစပျိုးတော့မည့် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်သည် ပြည် တွင်း မှ ရဟန်းတော်များကို သာမက ပြည်ပမှ အထူးသဖြင့် အိမ်နီးချင်း နိုင်ငံများမှ ရဟန်းတော်များ၊ မြန်မာ နိုင်ငံရည်းခံ ရဟန်း သာမဏော များကိုပါ လက်ခံ၍ ပရိယတ္တိ ပို့ချပေးနိုင်ပါလျှင် ရည်ရွယ်ချက်အောင်မြင် နိုင်လိမ့်မည်ဟု ယူဆပါသည်။

အဘယ့်ကြောင့် ဆိုသော်.... ကမ္ဘာ့နိုင်ငံ အသီးသီး၌ သီတင်း သုံးနေကြသော မြန်မာ ရဟန်း တော်များ မည် သို့ ကြိုး စား ဆောင်ရွက် နေရသည်။ မည်သို့ ရပ်တည် နေရသည်ကို သင်ခန်း စာ ယူ၍ မိမိတို့ အ မျိုး သား ရဟန်းတော်များကိုယ်တိုင် ကြိုး ပမ်းခြင်းထက် ငါးကြင်းဆီနှင့် ငါးကြင်း ကြော်သည့် လုပ်ငန်း က ပိုမို ထ်ရောက် အောင်မြင်နိုင် မည်ဟု ယူဆသောကြောင့် ဖြစ် ပါသည်။ မိမိတို့ အ မျိုး သား ရဟန်းတော် များ၏ အဓိက တာဝန်မှာ ကမ္ဘာ့နိုင်ငံ အသီး သီးသို့ အခါအားလျော်စွာ ကြွ ရောက်၍ သို့မဟုတ် အခြေစိုက် သီတင်းသုံး၍ တ ရား ပွဲ များ ကျင်းပခြင်း၊ ဆွေးနွေး ပွဲများ ကျင်းပ ခြင်းဖြင့် ဗုဒ္ဓ ဝါဒကို စိတ်ဝင်စား သူတို့၊ စူးစမ်းသူတို့၏ သံသယ ငြောင့်တံသင်းနှင့် လွဲ မှားစွာ ခံယူထားသော အယူ အဆ ဆူးကို ပယ် နုတ် ပေး ခြင်းသည်သာ ပဓာနကျဖွယ် ရှိ ပါသည်။

"ထေ ရ ဝါ ဒ ဗုဒ္ဓ ဒေ သနာတော်ကို အမှီ ပြုကာ မြန်မာပြည်တွင်းနှင့် အတိုင်း တိုင်း အပြည်ပြည်တို့မှ လာ ရောက်ကာ အ ရှေ့ တိုင်း အ နောက် တိုင်း ဘာသာ ယဉ်ကျေးမှု၊ကော် ခဲ နက် နဲ သော ပညာ အ စ ရှိ သော ဘာသာရပ် များကို ပညာ ဖလှယ်ပေးသော နည်းဖြင့် ဆွေးနွေး တိုင်ပင် လေ့လာ ကာ တစ်တိုင်းပြည်နှင့် တစ် တိုင်းပြည် နားလည်မှု ပိုမို ရရှိနိုင်ရန် တစ်နည်းအားဖြင့် ကမ္ဘာ့ ငြိမ်း ချမ်း ရေး ကို တစ်ဖက် တစ်လမ်းမှ စွမ်း ဆောင် နိုင် ရ န် အ တွ က် ယေဘုယျ မျော်မှန်းချက်ဖြင့် ဤ ဗုဒ္ဓအထက်တန်း သုတေ သန တ က္က သိုလ် ကို တည် ထောင်ခဲ့ပါသည်"

ဟူသော ကြွေးကြော်သံဖြင့် တည်ထောင်ခဲ့သော ကမ္ဘာအေး ကုန်းမြေမှ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ် ကြီးသည် အကြောင်း အမျိုးမျိုး ကြောင့် အကောင်အထည် ပေါ် မလာခဲ့လင့်ကစား ယ ခု အ ခါ ဘူမိနက်သန် မှန်သော သီရိ မင်္ဂလာ ကမ္ဘာအေး ကုန်းမြေ၌ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး ပေါ်ထွန်းလာပြီ ဖြစ်ပါသည်။ ဤ တက္ကသိုလ်ကြီး မှ ကမ္ဘာ့ဗုဒ္ဓ သာသနာပြု သာ သနာ့ အာဇာနည်များ ပေါ် ထွန်းလာတော့မည် ဖြစ်၍ နှစ် ထောင်း အားရ ရှိလှပါသည်။

ယနေ့ ကမ္ဘာ့နိုင်ငံ အသီးသီး ရှိ တက္ကသိုလ်များ၌ ဗုဒ္ဓ အဘိ-ဓမ္မာကို ပို့ချလျက် ရှိနေကြပါ သည်။ အချို့ တက္ကသိုလ်များမှ ပါမောက္ခကြီးများသည် မြန်မာ နိုင်ငံမှ ဗုဒ္ဓအဘိဓမ္မာ အယူ အဆတို့ကို လေ့လာလို နေကြ ပါသည်။ ယခုကဲ့သို့ ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး ပေါ် ထွန်း လာခြင်းကြောင့် လော လေ လွင့် ဖြစ်နေသေးသော ဤ လို အပ်ချက်ကို ဖြည့်စွမ်းနိုင်လိမ့်မည် ဟု မျှော်လင့်ရပေသည်။

အဘယ့် ကြောင့် ဆိုသော် မြန်မာ ရဟန်းတော် လောက၌ မိမိတို့ အထူးပြု လေ့လာ ကျွမ်းကျင်သော ဘာသာရပ်ဖြင့် ကျော် စောသော ဆရာတော် များ အထင်အရှား ရှိခဲ့ဖူး၏။ ယခုလည်း ရှိနေဆဲ ဖြစ်ပါသည်။ နောင်လည်း ရှိဦးမည် ဖြစ်ပါ သည်။ ထိုဆရာတော်များသည် ပရိယတ္တိ အခြေခံထဲမှ အထူးပြု လေ့လာလိုသူ မည်သူ့ကိုမဆို ပါရဂူမြောက် ဖြစ်အောင် ပို့ချ နိုင်စွမ်း ရှိကြပါသည်။

ဤနည်းဖြင့်....မိမိတို့ သန်ရာ သန်ရာ ကျမ်းစာ၌ တံခွန်ထူခဲ့ သော ဆရာ စဉ်ဆက်လည်း မပျက်။ လေ့လာ လိုသူတို့ အတွက်လည်း ကျေးဇူး များ သော အကျိုးတရားကို ခံစားရ လိမ့်မည် ဖြစ်ပါသည်။ ဤသို့.... ဘာသာရပ် အလိုက်၊ ကျမ်း အလိုက် ကျွမ်းကျင်သော ဆရာ တော်များဖြင့် အင်အား ဖြည့်

တင်းထားနိုင်လျှင် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးသည်ရှေးက အိန္ဒိယပြည်ရှိ နာလန္ဒာ တက္က-သိုလ် ကြီးကဲ့သို့ ကမ္ဘာ့နိုင်ငံအသီးသီးက လေးစား ကြည်ညိုစရာ တက္ကသိုလ်ကြီး ဖြစ်လာပေလိမ့်မည်။

ရှေးက အိန္ဒိယ ပြည်တွင် နာလန္ဒာ တက္ကသိုလ်ကြီး ရှိခဲ့ဖူးပါသည်။ ထို တက္ကသိုလ်ကြီးသည် အိန္ဒိယပြည် ဗီဟာရ် ပြည်နယ်၊ ရာဇဂြိုဟ်၏ မြောက်ဘက် ၇ မိုင်ခန့် အကွာတွင် ရှိပါသည်။ ဤ နာလန္ဒာ တက္ကသိုလ်၏ ပရိယတ္တိဂုဏ်ရည်ကို တရုတ် ရဟန်းတော် ဘုရားဖူးခရီးသည် ဂှင်ယှင်သည် အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့ပါသည်။

"ထောင်ပေါင်း များစွာသော ရဟန်းတော်များသည် ပညာရှိ ကဝိများ ဖြစ်ကြပါသည်။ ထို အရှင်တို့၏ ကျော်စော မှုသည် အရပ်တစ်ပါး သို့ပင် ပျံ့နှံ့နေပါသည်။ အလွန် တရာထင်ပေါ် ကျော်ကြား ပါသည်။ ထိုအရှင်တို့၏ အနေအထိုင် အပြု အမူသည် သိက္ခာ ရှိလှပါသည်။ အပြစ်တင်စရာ တစ်စက်မျှ မရှိပါ။

ဝိနည်းသိက္ခာပုဒ်ကို ရိုသေစွာ လိုက်နာ ကြပါသည်။ ဇမ္ဗူဒီပမှ ရဟန်း တော်များသည် လေးစား ကြည်ညို ကြပါသည်။ နည်းခဲ့ ကြပါသည်။ တစ်နေ့တာသည် ခက်ခဲ နက်နဲသော ပုစ္ဆာပြဿနာများကို မေးဖြေရန် ပင်မလောက် နိုင်အောင် ရှိပါသည်။ နေထွက်မှ နေဝင်သည့်တိုင် တရားဓမ္မ ဆွေးနွေးခြင်းဖြင့် အချိန်ကုန်ကြပါသည်။

တရုတ်ရဟန်းတော် ဂှင်ယှင် (ဝါ) ယွမ်ကျွန်

ထေရ်ကြီးနှင့် ထေရ်ငယ်တို့သည် တစ်ဦးကို တစ်ဦး ကူညီ ကြပါသည်။ ပိဋကသုံးပုံနှင့် ဆိုင်ရာ ပုစ္ဆာပြဿနာများကို မမေးနိုင်၊ မဖြေနိုင်၊ မဆွေးနွေးနိုင် သူတို့သည် သိမ်ငယ် ရှက်ရွံ့စွာဖြင့် ရှောင်ပုန်း နေကြရသည်။ ဤအကြောင်းကြောင့် အခြား ဒေသမှ



ပညာရှိ ပုဂ္ဂိုလ် တို့သည် သံသယရှိသမျှကို ဤဌာနသို့ လာရောက် တင်ပြ ကြပါသည်။ ဤနည်းဖြင့် နာ-လန္ဒာ၏ ထင်ပေါ် မှုသည် ဝေးလံသော ဒေသ သို့ တိုင် ပျံ့နှံ့ခဲ့ပါသည်။ ဤဂုဏ်ပုဒ်ကြောင့် အချို့သည် နာလန္ဒာ၏ အမည်ကို ဂုဏ်ယူ ဝင့်ကြွားစွာ ခံယူကြပါသည်။

အရပ်တစ်ပါးမှ တစ်စုံတစ်ယောက်သည် နာလန္ဒာသို့ ဝင်လိုပါက တံခါးစောင့်၏ ပုစ္ဆာ များကို ဦးစွာ ဖြေရပါသည်။အများစုသည် အလွန်တရာ ခက်ခဲသော၊ ပင်ပန်းသော မေးခွန်းများ ဖြစ်ပါသည်။ နာ-လန္ဒာသို့ ဝင်လို သူသည် ရှေးဟောင်း ကျမ်းများနှင့် ပေါ်ပင်ကျမ်းများကို နှံ့စပ်အောင် လေ့လာ ရပါသည်။ ထို့ကြောင့် တရုံစာများသည် နာလန္ဒာသို့ အဝင် တွင် စွမ်းရည် ပြရပါသည်။ ဤသို့ ပြရာတွင် အောင်မြင်သူသည် ဆယ်ယောက်တွင် နှစ်ယောက် သုံးယောက် မျှသာ ရှိပါသည်။"

ယခု ပေါ်ထွန်း လာသည့် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်သည်လည်း ဗုဒ္ဓစာပေကို လည်းကောင်း၊ ဗုဒ္ဓအဘိ-ဓမ္မာကို လည်းမကောင်းအခြေကျ ကျလေ့လာ လိုကြသော၊ သိလိုကြသော ကမ္ဘာ အရပ်ရပ်မှ သုတေသီ ရဟန်း ရှင် လူ တို့၏ မေးသံ ဖြေသံတို့ဖြင့် မဆိတ် သောဌာနကြီးဖြစ်ပါစေသောဝ်ဟု ပတ္ထနာပြုပါသတည်း။ ။

ကျော်လှိုင်



ဓမ္မဓရသာသနသောဘိကီသိမ်အောင်စာ
အရှင်ဥက္ကံသာဘိဝံသထေရ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(သိဒ္ဓမ်)။ ။ကရောန္တီ ဇိန စက္ကဿ၊သောဘဏံ သာဓုနန္ဒိတာ။
သိမာ အနာကုလာ ဌာတု၊စိရံ ထေရဟိ သမ္မတာ။ ။

ထေရေဟိ=ခြိုးမွှမ်းအပ်တုံ သိလ + သမာဓိ+ပညာဂုဏ်တို့နှင့် ပြည့်စုံဟိတောင်း မထေရ်မြတ်အပေါင်းတို့သည်။ သမ္မတာ = ဆယ်ဖြာသော ဗျူဟာနဗုဒ္ဓိ စောင်းကြိုးကို ညှိ သကဲ့သို့ ထိမိမှန်ကန် ကရိဏ်းနှင့်ပယတ် + ဌာန်တို့ကို မလွန်မယွင်း ငင်တံသုတ်သို့ နှုတ်တော်ရွတ်ဖတ် သမုတ်အပ်သော။ သာဓုနန္ဒိတာ = နှလုံးပျော့ပျောင်း သူတော်ကောင်း တို့"ကောင်း၏"နှုတ်နက် ခြွေညွှန်းမြွက်၍ နှစ်သက်အပ်ပေသော။သိမာ="ဓမ္မဓရ သာ-သနသောဘိကီ"ဘွဲ့မည်ထိန်လျှပ် သိမ်တော်မြောက်သည်။ ဇိနဿက္ကသ=ဒေဝပုတ္တ စသည် ငါးတန် မာရ်ကိုပယ်ရှား ဘုရားမြတ်စွာ သာသနာသုံးရပ် စက်တော်မြတ်၏။ သောဘ-ဏံ = သိက္ခာသုံးချက် တရားနက်တို့ ဆင့်လျက်ဆင့်လျက် မြင့်သည်ထက် မြင့်ကယ် အတင့်တယ်ခြင်းကြီး တင့်တယ်မှုကို။ကရောန္တီ=ဥပနိဿရည်းပစ္စည်းအဖြစ် စင်စစ်ရောက် ကာ ကောင်းစွာကျေးဇူးပြုလျက်။ အနာကုလာ=နှောင့်ယှက်ပိတ်ပင် ရန်မထင်သည် ဖြစ်၍။ စိရံ=သာသနာခေတ် အနှစ်ငါးထောင် မြားမြောင်ရှည်ကြာ အခါကာလပတ် လုံး။ ဌာတု=တက်သစ်နေဝန်း ထွန်းသစ်သောလ ပွင့်စပဒုံ ပုံတန္တန်းနန်း ဂုဏ်ရည် လျှမ်း၍ တည်ထွန်းတောက်ပ ပါစေသတည်း။

အောင်သူတကာတို့၏မဟာ မဟန္တာဓိပတိ သိရီမကုဋ အတုလတုလာ အ–ဒုတိယာဒိစ္စ အ–တုလိယမှန်ကင်း သုံးလောက တိုက်အတွင်းဝယ် မင်းဆုံးမမှရာဇ် ဘုန်းလျှံသစ်သော ရှင် ချစ်ဦးသျှောင် မြတ်ဘုရား= ငါးမာရ်အောင်သည်.... ရွှေဖောင်ဌင်္ဂါမာ ယာဉ်နာဝါဖြင့် သင်္ဃာ ကြော မြစ်အပြင်ဝယ် နစ်မျောကုန်သူ ဝေနေယ္ယတို့ကို ဆယ်ယူကယ်မ မြို့က်ဆုဌလျက် ရာဇဂြိုဟ်ပြည်မွန် ဂိဇ္ဈကုဋ်ဒေတောင်ယံဝယ် လေးတန်ယာပထ ညီမျှ ရှင်ပြုံး သီတင်းသုံးနေတော်မူသောအခါ "တွာ ဝတာ သာမဂ္ဂီ၊ ယာဝတာ ကောဝါသော" ရှင်စောမိန့်ဖော် တရားကော်ဠ အာဘော်ခဲကြိတ် ဉာဏ်မစိတ်နိုင်ကြသဖြင့် "ကိတ္တာဝတာ နု ခေါ ကောဝါသော ပေါတိ"="အဘယ်မျှ အပိုင်း အခြားရှိမှ သာမဂ္ဂိအရာ ကောဝါသ အမည်ရ သနည်း" ဟု တည်းလည်းပုစ္ဆာ ဤအရာဝယ် ပြဿနာစကား ရဟန်းများတို့ လျှောက်ထားသမှု ကြောင်းဝတ္ထုဠ်။ "အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုံ"။ ရွှေခွန်းငုံ၍ လေးပုံသော သံဃကံကို စီမံပြုစု ရဟန်းတို့ လွယ်ကူမှုအတွက် ကရဏာ ဆော်သွေး သိမ်သမုတ်ရန် အရေးကို ခွင့်ပေး ပညတ်တော် မူခဲ့ပါသတည်း။

မဟာကာရုဏိက မြတ်ဗုဒ္ဓသည် သီမသမ္မုတိ-ကံ ရွက်ဆောင်ရန်အရေး အခွင့်တော် ပေးလတ်သော် ရွေးရွေးသာသနာဝင် သူတော်စင် မြောက်မြား ဗုဒ္ဓဝါဒီအမျိုးသမီး+အမျိုးသား တို့သည်–

"ဘုရားမြတ်စွာ သာသနာကား သံဃာတော် အရှင်မြတ်တို့ သျှင် မချုတ်မူလ အရင်းခံပဘဝ ဖြစ်ချေ၏။ သံဃာ့ဂိုဏ်းဝင် ထေရ်အရှင်တို့ သည်လည်း ရှင်ပင်ဆုံးမ ဟောဩွန်ပြသည့် သံဃကံ လေးပါးတို့လျှင် ထင်ရှားမူလ ပဘဝ အရင်းခံရှိကုန်၏။ သံဃကံ လေးပါးတို့သည်လည်း ပိုင်းခြားဩွန်ပြ ခဏ္ဍ+မဟာသိမ်နှစ်ဖြာလျှင် ပထမာဒိက မူလအမွန် ရှိကုန်၏။

ထို့ကြောင့်ပင်လျှင် မြတ်ရှင်ဩဝါ သာသနာသည် မဟာ+ခဏ္ဍာ သိမ်နှစ်ဝလျှင် မူလပဒဋ္ဌာန် အခြေခံပဘဝ အကြောင်းရင်း ရှိကုန်ရကား "သီမသမ္မုတိကံ" ဒါယကာခံရမူ ဘုန်းလျှံ မြတ်စွာ သာသနာကို ပထမာဒိက

မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဓမ္မဓရသာသန
သောဘိကာဝိဇ္ဇကတ်တိုက်၊ သိမ်တော်ကြီး အုတ်မြစ်ချမည့်နေ့ရာသို့ သိမ်သမုတ်ရန်ကြွတော်မူစဉ်....
၁၃၄၄-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂-ရက်၊ (၃၀-၃-၈၃) ဗုဒ္ဓဟူးနေ့



သံဃာတော်
ဘုရင်မြတ်များ
ကမ္ဘဝါစာဖတ်၍
သိမ်သမုတ်တော်မူကြစဉ်

အရင်းမူလမှ အနုဂ္ဂဟ ပြုရာ ရောက်ခြိမ့်မည်'' ဟုအေးကြည်ရွှင်မော ကုသိုလ်ဇောတို့ ဖြောဖြော ထက်သန် သိမ့်ဒါယကာခံကြရကား နိုင်ငံတော် အရပ်ရပ်ဝယ် ပြာသာဒ် ရောင်မောင်း သိမ်တန်-ဆောင်းတို့ဖြင့် မညောင်းရှဖွယ် ကောင်းမှုခတ် နယ်ကျယ်၍ ဘုန်းကြွယ်မြတ်စွာ သာသနာလည်း အခါမျက်မှောက် ယနေ့ ရောက်အောင် ထွန်း တောက် ထိန်လင်းခဲ့ပါသတည်း။

မဟာမုနိ တုမရှိ၏ တြိဝိဓာ သာသနာလျှင် ရောင်ဝါရှိန်ငွေ့ ထွန်း ထိန်လေ့ ဖြင့် ယနေ့ မျက် မှောက် အခြိန်ရောက်၍ မြားမြောက်လှစွာ မဟာ ကုသလ မြိုက်ဗီဇကို ပျိုးချနိုင်ရန် အခွင့်ကောင်း ဖန်သဖြင့်–

> ''ပဉ္စန္နံ ဝေရာနံ သာဓာရဏာ ဘာဝေန အသာရဏ မနဿ ဒါနံ သာရော=လောကီ ဥစ္စာ ရတနာကား ငါးဖြာရန်စု ဆက်ဆံမှု ကြောင့် သူ့သဘော အကာမျှတည့် ဒါန ဆယ်ဖြာ ကောင်းမှုသာလျှင် သပြာမန အဝေ ၏ သာရ=အနှစ် ကောန်ဖြစ်၏''

ဟု ရှင်ချစ်အလျာ မဟာကဿသေဌေး၏လေးနက် သော ဆင်ခြင်ပုံကို အာရုံယူထင်ထင် ကုသိုလ်ဇော အစဉ်ဖြင့် ဆင်ခြင်နက်လေး မြော်ထောက်တွေး ကြ၍ မန္တလေး+ရန်ကုန် မြို့နယ်ပေါင်းအစုံစုံတို့မှ သုံးပုံရတနာ သဒ္ဓါဇောထက်သန်စွာဖြင့် ပါဏာ-ပေတ သက်ဆုံးတိုင် ,ဆည်းကပ်ကြသည့် အတွက် သန္ဓိယျာတန ဥပါသက + ဥပါသိကာ သိမ် ဒါ ယကာတို့သည် ဝိနယာနုလောမ ဝိသုဂါမ ဘော ဇက=သီးခြား ရွာစားအဖြစ် ရရှိရေး တိုင်ပင် ဆွေးနွေးကြ၍ မန္တလေးမြို့၊ ၂၆/ဘီလမ်း၊ဆိုင်း တန်းရပ်နေ (တိပိဋကက=နိကာယသာသနာပြုအဖွဲ့ အတွင်းရေးမှူး)မန်းခေတဲ့ ဦးလှရွှေကို ဒေသနာ ဓမ္မစက် မိန့်မှာတော် မူချက်နှင့် အဘက်ဘက်မှ ကိုက်ညီ ပညာဝန် ''သံဃ မဟာနာယက'' ထိုထို မထေရ်တို့ ရှင်ကြည်နှစ်သိမ့်''ကောင်း၏+ကောင်း ၏ 'ဟု ဦးခေါင်းတော် ညိတ်ရသည့် သိမ်အမိန့် မျိုး ရရှိရေး ရွှက်ဆောင် ပေးရန် တိုက်တွန်း တောင်းပန်ကြသဖြင့် အမိန့်ခံခဲ့ရာ သာသနာတော် အရေး ဖင့်မနှေးဘဲ အားပေးထောက်ခံ ကြည်ညိုဖွေ ထက်သန်သည့် ''ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် အစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး၊သာသနာ့အကျိုး စီးပွား လိုလားစိတ် ခိုင်ဖြီး ကြည်ညိုသဒ္ဓါ ယိုစီး သည့် ဒုတိယဝန်ကြီးချုပ် သူရ ဦးထွန်းဘင်''၏ အလျင်မနှေး ဝိသုဂါမ ဖြစ်ရန်အရေး ညွှန်ကြား အမိန့်ပေးချက်အရ ''သာသနာ့ကိစ္စ တို့ကိစ္စ''ဟု ကုသလ အခြေခံ ကြည်ညိုဖွေ ထက်သန်သည့် နိုင်ငံတော် အစိုးရကိုယ်စား ရွှက်ဆောင်ခွင့် ရရှိ ထားသဖြင့် အားရရွှင်မြူး ''မန္တလေး အနော်က် မြောက်မြို့နယ် အခွန်ဦးစီးဌာနမှူး ဒါယကာ'' ကလည်း–

(ဒီကွန်မှန်)

ဝိသုဒ္ဓိမဂ် သိမ်အဖြစ် အသုံးပြုရန် မြေပေးအမိန့်

မြန်မာနိုင်ငံတော် အထက်ပိုင်း မြေခွန်တော်နည်းဥပဒေ ၅၃-က၊
မြန်မာနိုင်ငံတော် အောက်ပိုင်း မြေခွန်တော် နည်းဥပဒေ ၅၄၊
မြန်မာနိုင်ငံတော် အောက်ပိုင်း မြို့ရွာရှိမြေယာ နည်းဥပဒေ ၅၂၊

မန္တလေးခရိုင်၊ အနောက်မြောက်မြို့နယ်၊ သီရိမာလာအရှေ့ရပ်နေ လျှောက်ထားသူ မန်းခေတ် ဦးလှရွှေ သိသာရန်မှာ မန္တလေးခရိုင်၊ အနောက်မြောက်မြို့နယ်၊ ဒေါနဘွား ရင်ကွက်၊ ကွင်း အမှတ်(၄၁၇)ဦး၊ မြေကွက်အမှတ် (၂၉၈)တွင်တည်ရှိ၍ ပူးတွဲပါ မြေပုံအရ အောက်ပါ နယ်နိမိတ် များအတွင်း ပိုင်းခြား သတ်မှတ်ထားသောကေ(၀.၀၈)ရှိ မြေကို ပကတိဂါမ=မူလရွာမှ၊ ဝိသုဒ္ဓါမ= အသီးအခြားရွာတစ်ခု ဖြစ်စေရန် သတ်မှတ်ပေးလိုက်သည်။

ဤပိုင်းခြား သတ်မှတ်ပြီးသော အသီးအခြားအရပ်ကို လျှောက်ထားသူ မန်းခေတ် ဦးလှရွှေ အမျိုးသား မှတ်ပုံတင် အမှတ် (၁၂အီး-၂၀၆၁၂၈)အား ဗဒ္ဓသိမ်အဖြစ် အသုံးပြုရန် ဝိသုဒ္ဓါမ ဘောဇက = အသီးအခြား ရွာစားအဖြစ် ခန့်ထားပေးအပ်ပါသည်။

နယ်နိမိတ်များ

မြောက်အလား — ဦးပိုင် (၁၀၇) မြို့နယ်သမဝါယမအသင်း။
အရှေ့အလား — အကွက် (၄၁၇) ဦးပိုင်၉၀/က
မြို့နယ် သမဝါယမအသင်း မြေအစ၊
တောင်အလား — သာသနာမြေ။
အနောက်အလား — သာသနာမြေ။

(ခင်မောင်သန်း)
ကိုယ်ပိုင်အမှတ်-၂၀၃၁၉
မြို့နယ်အခွန်ဦးစီးဌာနမှူး၊
မန္တလေးအုပ်နောက်မြောက်မြို့နယ်။

ရက်စွဲ-၁၉၀၃ခုနှစ်၊မတ်လ၇ရက်။



အရိယမဂ္ဂင်ဆရာတော် အမှူးဖြစ်သော....

ပဲခူးမြို့မဆရာတော် အမှူးဖြစ်သော....

ဤမိတ္တူလွှာ စာပါအတိုင်း မဆိုင်းပြည့်စုံအချိန်ကို မကုန်စေပဲ ဝိသုဂါမ ဘောဇက=သီးခြားရွာစား စင်စစ် ဖြစ်ပစေတည့် သဒ္ဓါစိတ် အရင်းရှိ၍။ ။"အယမ္မိ ဝိသုဂါမော ဟောတူ တိ ရာဇာ ကဿစိ ဒေတိ"။ ။ပါဠိ ဝတ္ထုနာ ပကိဏ္ဏကဒေသနာ အဋ္ဌကထာပါဠိ ကျမ်းဂန်နှင့် ညီလတ်အောင် ခန့်ထားပေးအပ်ပါသတည်း။

မဟာ အသခ်္ဓတ နိဗ္ဗာန၏ ဥပနိဿရည်း ပစ္စည်းကုသိုလ် ကြိုရန်အရေး ဝိသုဂါမ အမိန့်တော် ပေးလတ်သော် ရှေးမဆွကပင် "သီမာယ သီမံ သမ္ဘိန္ဒန""သီမာယ သီမံ အဇ္ဈောတ္ထရဏ" ဒေါသမထင် အပြစ်ကင်းစင်အောင်-

၁။ အရှင်ဥက္ကံသာဘိဝံသ၊ ဓမ္မနာဒတိုက်အုပ် ဆရာတော်၊ မင်းကွန်း။

၂။ အရှင် စန္ဒိမာ၊ ရွားပင် တိုက်သစ် ဆရာတော်၊ မင်းကွန်း။

၃။ အရှင် ဇောတိက၊ ဝေယန်ဘုံမြင့်ချောင် ဆရာတော်၊မင်းကွန်း။

ဤ ဆရာတော် ထေရ်အရှင်တို့ ပုဗ္ဗဂ်မ ရှေ့ဆောင် ဦးစီးကြ၍ တိပိဋကဓရ=နိကာယနှင့်ဓမ္မနာဒ ကျောင်းတိုက်ကြီး နှစ်တိုက်တို့မှ အရေအတွက် သန်း၂(၁၀၀)တစ်ရာကျော် သံဃာတော် အရှင်မြတ်တို့သည် ခရုပတ်၊ပျားကြီး၊ တနည်း ခြသေ့ထိုင်၊ ခရိုင်နယ်ဖြတ်၊ ထောင့်တန်းဖတ်၊ရင်ပေါင်တန်း၊ ရက်ကန်းခတ်ကြွက်ခြေ အထွေထွေ အသီးသီး သိမ်နုတ်နည်းတို့ဖြင့် သိမ်နုတ်ပြီး အသင့်ရှိနေလင့်သော (မန္တလေးမြို့ "နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်" ကျောင်းတိုက်ကြီးအတွင်း အရှေ့မြောက်ထောင့် အရပ်၌ စတုရန်း(၅၉) ပေရှိသော)မြေအရပ်ဝယ် ထပ်၍ ဆင့်ကာ ဝိနယာလင်္ကာရဋီကာထွက် ညောင်စောင်းကွက်တို့ဖြင့် လက်ယာခွေပတ် သုံးကြိမ်စပ်အောင်ရွတ်ဖတ် ညီညာ ကမ္မဝါစာဖြင့် သီမာသမ္မုဟနန ပုဗ္ဗဘာဂ ပရိကံ စီမံ ပြီးပြေလတ်သည်ရှိသော်-

၁။ နိုင်ငံတော် ဩဝါဒစရိယ အဂ္ဂမဟာ ပဏ္ဍိတ၊ သက်တော် (၉၃)နှစ်၊ သိက္ခာတော် (၇၃)ရှိ မင်းကွန်း အရိယ မဂ္ဂင် ဆရာတော်ဘုရားကြီး(နှင့်)

၂။ နိုင်ငံတော် သံဃ မဟာ နာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂ မဟာ ပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ ပဲခူးမြို့ မြို့မစာသင်တိုက် ဆရာတော်ဘုရားကြီး။

၃။ နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့ အကျိုးတော်ဆောင်၊ အဂ္ဂမဟာ ပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်း ဓမ္မနာဒ ဆရာတော်ဘုရား အစရှိသော-

နိုင်ငံတော် သံဃ မဟာ နာယက သုံးဖွဲ့စုံညီ မဟာ နာယက ဆရာတော်များ၊ မန္တလေးမြို့

တိုင်းသဲဃနာယကအဖွဲ့နှင့် မြို့နယ် သံဃနာယက အဖွဲ့ဝင် ဆရာတော်များ၊ မင်းကွန်း တိပိဋကဓိကာယ သာသနာပြုအဖွဲ့၏ ဩဝါဒစရိယနာယက ဆရာတော်များ၊ မင်းကွန်း တိပိဋကနိကာယ ကျောင်းတိုက်မှ နိကာယ်ဆောင် သံဃာတော်များ၊ ဤဆရာတော် သံဃာတော် အရှင်မြတ်များကို ဝပ်တွားချေ လျှောက်ထားတောင်းပန်၍ သီမာမဏ္ဍလင် မြေအပြင်ဝယ် စုလင်တပြေးစည်းဝေးညီမှုတော်မှုမိကြသော်အခါ ပါသာဏနိမိတ္တ ရက္ခက အဖြစ်ဖြင့်–

၁။ အရှေ့အရပ်မှ (ဒီဃနိကာယကောဝိဒ) အရှင်ကောဝိဒ။
၂။ အရှေ့တောင်အရပ်မှ(ဝိနယဓရ) ဦးဥေ့ယျာနန္ဒ။
၃။ တောင် အရပ်မှ (ဥဘတောဝိဘင်္ဂဓရ) အရှင်ဝိနယ။
၄။ အနောက်တောင်တောင့် အရပ်မှ(ဒီဃ-ဘာဏက)အရှင်နေမိန္ဒ။
၅။ အနောက်အရပ်မှ(ဒီဃဘာဏက) အရှင် ပညာဇောတ။
၆။ အနောက်မြောက်ထောင့်အရပ်မှ (ဒီဃ-ဘာဏက)အရှင်ဝိမလသာရ။
၇။ မြောက်အရပ်မှ (ဒီဃဘာဏက) အရှင် သောဘဏ။
၈။ အရှေ့မြောက် ထောင့် အရပ်မှ (ဒီဃ-ဘာဏက)အရှင်ကွန္ဒဝံသ။

ဤအရှင်မြတ်တို့ကို လျှောက်ပတ် နံသင့်စွာ နိမိတ်စောင့် ထားပြီးသောအခါဝယ် ဦးစွာမဆို ပထမ၌ သံဃပုဂ်ဝေါ် ကျေးဇူးကျော်သော–

၁။ နိုင်ငံတော် ဩဝါဒစရိယ အဂ္ဂမဟာပဏ္ဍိတ မင်းကွန်း အရိယမဂ္ဂင်ချောင် ဆရာတော်ဘုရားကြီးက (အရှေ့)အရပ်မှ လက်မွန် စ၍ ပါသာဏ နိမိတ္တ ပုဗ္ဗကိတ္တိတ ဌာနတိုင်းလတ် လက်ယာပတ်၍ ရှစ်ရပ်နယ်ဘောင် စပ်မိအောင် နိမိတ်ကြားခြင်း၊ ထို့အတူ–
၂။ (ဧတောင်)အရပ်မှ လက်မွန်စ၍ နိုင်ငံတော် သံဃ မဟာ နာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရုပဲခူးမြို့မ ဆရာတော်ဘုရားကြီး။

ဓမ္မဓရသာသနသောဘိဏီ သိဒ်တော်ကြီး အုတ်မြစ်ချပွဲ
၁၃၄၅-ခု၊ဝါဆိုလဆန်း ၈-ရက်၊ (၁၇-၇-၈၃)

သိမ်ဒုတ်မြစ်ချပွဲတွင် မင်းခမ်းမင်းနားဖြင့် ဝင်းခင်း၍ ဆင်ယင်ကျင်းပစဉ်....

၃။ (အနောက်) အရပ်မှ လက်မွန်စ၍ ဖျာပုံမြို့ တိုက်သစ်ကျောင်း အဂ္ဂမဟာပဏ္ဍိတ သံဃမဟာနာယက ဘဒ္ဒန္တဓမ္မစက္က ဆရာတော်ဘုရားကြီး၊

၄။ (မြောက်)အရပ်မှ လက်မွန်စ၍ မြင်းခြံမြို့ ကိုးဆောင်တိုက် နိုင်ငံတော် သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘိတ ဆရာတော်၊

ဤဆရာတော် မထေရ်မြတ်တို့က နိမိတ်စောင့်များ ရှိရာအရပ်သို့ အနီးကပ် ကြွရောက်ကြကာ ပါသာဏ နိမိတ္တ=ကျောက်နိမိတ်စပ်အောင် ကြားတော်မူကြခြင်း....၊

၅။ ထိုမှနောက်ဝယ် သံဃာတော်တို့အလယ်၌ စံပယ်ရွှင်ပျော် သီတင်းသုံး နေတော်မူလျက် နိုင်ငံတော် သံဃမဟာနာယက ပထမ အဖွဲ့ခွဲဝင် အရှင်ဝေဗုလ္လသာမိ (ပခုက္ကူမြို့ ရွှေပေါက်ပင် စာသင်တိုက် ဆရာတော်)က(အရှေ့)အရပ်မှအစပြုကာ ပါသာဏနိမိတ္တ ဒုရကိတ္တနုနည်း သဘောဖြင့် "သော ပါသာဏော နိမိတ္တံ" အောင်သံသပ်ရပ် ရှစ်နယ်လုံး နှံ့စပ်အောင် ပြတ်ပြတ်သားသား အဝေးမှ နိမိတ်ကြားခြင်းတို့ဖြင့်....

သေဋ္ဌနင်း ဘုန်းလျှံ ဟောမိန့် ညွှန်သော ။ ။ "ဇထမံ နိမိတ္တာ ကိတ္တေတဗ္ဗာ" ။ ။ဒေသနာတော်အရ နိမိတ္တကိတ္တန ပထမအမှုကို ပြုလုပ်ပြီးပြေ အောင်မြင်စေတော်မူကြပါသတည်း။

နိမိတ္တ ကိတ္တန ပထမအမှုကို ပြုလုပ် ပြီးခြင်းအောင်မြင်စေ၍။ ။"နိမိတ္တေ ကိတ္တေ ဘွာ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဥပေတဗ္ဗော" ။ ။ မိန့်ဟော ဒေသနာ မဟာဝဂ် ဥပေါသထက္ခန္ဓက ဒေသနာတော်မြင့်နှင့်သမဃ ညီလျော်အောင်....

၁) နိုင်ငံတော် သံဃမဟာနာယက အဂ္ဂမဟာ ပဏ္ဍိ [illegible] ပဓာန်းကုရ ပဲခူး မြို့မ [illegible]

(က) နိုင်ငံတော် သံဃမဟာနာယက (ဒုတိယ အဖွဲ့ခွဲ) ဒုတိယဥက္ကဋ္ဌ ပြည်မြို့၊ အဂ္ဂမဟာ-ပဏ္ဍိတ ဗာရာဏသီ ဆရာတော်ဘုရားကြီး၊

(၊) နိုင်ငံတော် သံဃမဟာနာယက (ပထမ အဖွဲ့ခွဲ) ဒုတိယ ဥက္ကဋ္ဌ မြင်းခြံမြို့၊ ကိုးဆောင်ကျောင်းတိုက်အဂ္ဂမှဟာပဏ္ဍိတ ဘဒ္ဒန္တဇသောဘိတမထေရ်၊

ဤမထေရ်မြတ် သုံးပါးတို့က။ ။"ဝိနယဓရ ပဠမေနာတိ အနုသာဝန အာစရိယပဠမေန"။ ။ ဟူသော ဝိနည်းမဟာဝါ အဋ္ဌကထာနှင့်အညီ တပါးစီ တပါးစီ မြင်းမိုရ်တောင်ကို မြှောက်ချီသော အာဇာနည်ယောကျ်ား ကဲ့အလားလျှင် ဆယ်ပါးသော ဗျူဟာနုဒ္ဓိ အက္ခရာတိုင်း မိစေ ကြလျက် "သမာနသံဝါသသိမ်"ကို အောင်မြင်စွာ သမုတ်တော်မူကြပါသည်။

ထို့နောက်။ ။"ပေါရာဏာ ဝိနယဓရထေရာ ကမ္မဝိပတ္တိသင်္ကာ ပရိဟာရတ္ထံ ဒ္ဝိဟိ ဝါ တီဟိ ဝါ ကေတော ကမ္မဝါစံ သာဝယန္တီ"။ ။ဟူသော ဝိနယဝိနိစ္ဆယဋီကာ မိန့်မှာတော်မူချက်နှင့် လိုက်ဖက်သင့်ထွေ သမသတ်ညီစေလျက်....

(၂) နိုင်ငံတော် သံဃမဟာနာယက (ပထမ အဖွဲ့ခွဲဝင်)စစ်တွေမြို့၊ ဘုရားကြီးကျောင်း (မူလ ဓမ္မာစရိယ) ဘဒ္ဒန္တနရသီဟ ဆရာတော် မထေရ်၊

(၂) နိုင်ငံတော် သံဃမဟာနာယက(ပထမအဖွဲ့ ခွဲဝင်)စလင်းမြို့၊ မဟာဝိသုတာရုံမတိုက် (မူလ ဓမ္မာစရိယ)ဘဒ္ဒန္တကိတ္တိ ဆရာတော် မထေရ်၊

(ခ) နိုင်ငံတော် ဩဝါဒစရိယ မန္တလေးမြို့၊ မဟာနန္ဒိသေနာရာမတိုက် နာယကချုပ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒိသေန ဆရာတော် မထေရ်။

(ခ) နိုင်ငံတော် သံဃမဟာနာယက(ပထမအဖွဲ့ ခွဲဝင်) မိုးမိတ်မြို့၊ ရွှေကျောင်း နာယက ချုပ် ဘဒ္ဒန္တဓမ္မာနန္ဒ ဆရာတော်မထေရ်၊

မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ရှိ ဓမ္မဓရသာသနသောဘိဏီပဋ္ဌာန်တိုက်

၁၃၅၅-ခု၊သီတင်းကျွတ်လမြင်ကွင်း

၁၃၄၆-ခု၊တန်ဆောင်းလမြင်ကွင်း



(၉) နိုင်ငံတော် သံဃမဟာနာယက (ပထမ အဖွဲ့ခွဲဝင်) ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး ဘုရားကြီးတိုက် (မူလ ဓမ္မာစရိယ) ဘဒ္ဒန္တအာဒိစ္စ ဆရာတော် မထေရ်၊

(၉) နိုင်ငံတော် သံဃမဟာနာယက(ပထမအဖွဲ့ခွဲဝင်)မကွေးမြို့၊ ဓမ္မိကာရာမတိုက်(သက္ကသီဟနှင့် အစိုးရ ဓမ္မာစရိယ) ဘဒ္ဒန္တ ကုမာရာဘိဝံသ ဆရာတော်မထေရ်၊

(၉) နိုင်ငံတော် သံဃမဟာနာယက (ပထမ အဖွဲ့ခွဲဝင်)တိုက်ကြီးမြို့၊ ပြည်ဇောတိကာရုံ ကျောင်းတိုက် နာယကချုပ်(အစိုးရဓမ္မာ-စရိယ)ဘဒ္ဒန္တဉာဏဝံသဆရာတော်မထေရ်၊

(၈) နိုင်ငံတော် သံဃမဟာနာယက(ပထမအဖွဲ့ခွဲဝင်) မိတ္ထီလာမြို့၊ မြတောင် ကျောင်းတိုက် နာယကချုပ်(သက္ကသီဟနှင့် အစိုးရ ဓမ္မာစရိယ) ဘဒ္ဒန္တ ကေလာသာ ဘိဝံသ ဆရာတော်မထေရ်။

(၈) နိုင်ငံတော် သံဃမဟာနာယက (ပထမ အဖွဲ့ခွဲဝင်)လားရှိုးမြို့၊ မြို့လယ်ကျောင်း နာယကချုပ် (အစိုးရဓမ္မာစရိယ) ဘဒ္ဒန္တ ကဝိန္ဒာဘာရ ဆရာတော် မထေရ်၊

(၈) နိုင်ငံတော် သံဃမဟာနာယက (ပထမ အဖွဲ့ခွဲဝင်)တောင်ငူမြို့၊ မြစည်းခုံ စာသင်တိုက် နာယကချုပ် (အစိုးရဓမ္မာစရိယ) ဘဒ္ဒန္တတိက္ခသာရ ဆရာတော် မထေရ်၊

(၁၁) နိုင်ငံတော် သံဃမဟာနာယက (ဒုတိယ အဖွဲ့ခွဲဝင်)ညောင်ရွှေမြို့၊ကန်ကြီးပရိယတ္တိ ကျောင်း (သက္ကသီဟနှင့် အစိုးရဓမ္မာ-စရိယ) ဘဒ္ဒန္တဝိမလာဘိဝံသ ဆရာတော် မထေရ်၊

(၁၁) မန္တလေးမြို့၊ ဝိသုဒ္ဓါရုံတိုက် ရွှေကျင် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဝါဆိုကျောင်း ဘဒ္ဒန္တအင်္ဂဳယ မထေရ်၊

ဤမထေရ်မြတ်တို့က ယထာကမ္မ နည်းနာကျ အောင် ဗျူဟာဗုဒ္ဓိ အက္ခရာတိုင်း မိစေလျက် နှစ်ပါးတတွဲ နှစ်ပါးတတွဲ သုံးတွဲ သုံးကြိမ် "သမာနသံဝါသသိမ်"ကို သမုတ်တော် မူကြပါသည်။

ဆိုနောက် ဖော်ပြရာပါ ဝိနယဝိနိစ္ဆယ ဋီကာ။ ။"တိဟိ ဝါ ကေတော ကမ္မဝါစံ သာဝယန္တိ"။ ။ပါဠိအထွက်နှင့် လိုက်ဖက်သင့်ထွေ သမသတ်ညီစေလျက်....

သိမ်တော်ကြီး တည်ဆောက်မှု မြင်ကွင်းများ....

ဒုဒ္ဓဖ-ခု၊ သီတင်းကျွတ်လမြင်ကွင်း ⬇



ဓမ္မဓရသာသနသောဘိကော ဝိဇ္ဇကတ်တိုက် သိမ်တော်ကြီး အထွတ်တွင် တင်မည့် ထီးတော်နှင့် စိန်ဖူးတော်

ဤသို့လျှင် စာရင်းဖော်ပြရာပါ သီဟိုဠ်နာယက ဆရာတော်မထေရ်မြတ်တို့က တစ်ပါးစီ သုံးကြိမ်၊ နှစ်ပါးစီသုံးကြိမ်၊ သုံးပါစီသုံးကြိမ်၊ ဤသို့အားဖြင့် (၉)ကြိမ်တိုင်တိုင် အခိုင်အမာ သမာန-သံဝါသသိမ်ကို သမုတ်တော်မူကြရာ သာသနာတော်နှစ်(၂၅၂၆)၊ ကောဇာသက္ကရာဇ် ၁၃၄၄ ခုနှစ်၊ ဥတုဂိမှာန ဝဿန် ရတုသို့ ရောက်သစ်စတပေါင်းလပြည့်ကျော် ၂-ရက်(ခရစ်နှစ်၁၉၈၃ခု၊ မတ်လ-၃၀ရက်)၊ ဗုဒ္ဓဟူးနေ့၊နံနက်-၈နာရီအချိန်တွင် အောင်မြင်ထမြောက် အပြီးသို့ ရောက်ပါသတည်း။ ။

ဤသို့လျှင် (၉) ကြိမ်တိုင်တိုင် အခိုင်အမာ "သမာနသံဝါသသိမ်"ကို သမုတ်တော် မူကြပြီးနောက်။ ။ "ပစ္ဆာ တိစီဝရေန အဝိပ္ပဝါသော သမ္မန်္နတ္ထော"။ ။ဟူသော ပါဠိတော်။ ။ "တဿာ ဒဋ္ဌကမ္မတ္ထံ အဝိပ္ပဝါသကမ္မဝါစာ ပိကာတဗ္ဗာ"။ ။ဟူသော အဋ္ဌကထာတို့နှင့် အညီထို သမာနသံဝါသသိမ်ကို ခိုင်မြဲ စေခြင်း ငှာ 'အဝိပ္ပဝါသသိမ်'ကိုသမုတ်တော်မူကြရာ၌လည်း....

ပထမအကြိမ်

(ပ) နိုင်ငံတော် သံဃမဟာနာယက (တတိယအဖွဲ့ခွဲဝင်)မန္တလေးမြို့ မစိုးရိမ်တိုက်သစ်နာယက (သ+စ+အ–ဓမ္မာစရိယ) ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ ဆရာတော် မထေရ်။

(ပ) နိုင်ငံတော် သံဃမဟာနာယက (တတိယအဖွဲ့ခွဲဝင်)ထားဝယ်မြို့၊ မြောင်းပုလဲရပ်၊ ရွှေဂူကျောင်း နာယက (သက္ကသီဟန္ဒဋ္ဌအစုံးရ ဓမ္မာစရိယ) ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ ဆရာတော်မထေရ်၊

(ပ) နိုင်ငံတော် သံဃမဟာနာယက (တတိယအဖွဲ့ခွဲဝင်) ညောင်တုန်းမြို့၊ ပုဏ္ဏာမာရာဓနာရုံကျောင်း နာယက (အစိုးရနှင့် သုဓမ္မာ ပရိယတ္တိ ဓမ္မာစရိယ) ဘဒ္ဒန္တ သြဘာဘိဝံသ ဆရာတော် မထေရ်၊

(ပ) နိုင်ငံတော် သံဃမဟာနာယက (တတိယအဖွဲ့ခွဲဝင်) ညောင်တုန်းမြို့၊ ပုဏ္ဏာမာရာဓနာရုံကျောင်း နာယက (အစိုးရနှင့် သုဓမ္မာ ပရိယတ္တိ ဓမ္မာစရိယ) ဘဒ္ဒန္တ သြဘာဘိဝံသ ဆရာတော် မထေရ်၊

(၁၁) နိုင်ငံတော် သံဃမဟာနာယက (တတိယအဖွဲ့ခွဲ၏ တွဲဖက် အကျိုးဆောင်) မန္တလေးမြို့၊ မိုးကောင်းတိုက် စာချကျောင်း နာယက (သ+စ+အ–ဓမ္မာ-စရိယ၊ဒီဃနိကာယဓကာဝိဒ)ဘဒ္ဒန္တဉာဏာဘိပံသဆရာတော်မထေရ်။

ဤဆရာတော် မထေရ်မြတ်တို့က ယထာဂ္ဂါမနည်းနာကျအောင် ဗျဥ္ဇနဗုဒ္ဓိ အက္ခရာတိုင်း မိစေလျက် သုံးပါးတွဲ သုံးပါးတွဲ သုံးတွဲသုံးကြိမ် "သမာနသံဝါသသိမ် 'ကို သမုတ်တော်မူကြပါသည်။

တတိယအကြိမ်	ဒုတိယအကြိမ်
(တ) နိုင်ငံဘော် သံဃမဟာနာယက (တတိယ အဖွဲ့ခွဲဝင်) ရန်ကုန်တိုင်း၊ တွံတေးမြို့၊ ညောင်ဝိုင်းကျောင်း နာယက (အစိုးရ ဓမ္မာစရိယ၊ ဘီ+အေ) ဘဒ္ဒန္တ နန္ဒဝံသ ဆရာတော် မထေရ်၊	(ဒု) နိုင်ငံတော် သံဃမဟာနာယက (တတိယ အဖွဲ့ခွဲဝင်) ဟင်္သာတမြို့၊ ရတနာ ဗိမာန် ကျောင်း နာယက (အစိုးရ ဓမ္မာစရိယ) ဘဒ္ဒန္တလာဘသာမိ ဆရာတော် မထေရ်၊
(က) နိုင်ငံတော် သံဃမဟာနာယက (ဒုတိယ အဖွဲ့ခွဲ တွဲဖက်အကျိုးဆောင်) မုံရွာ မြို့၊ သထုံဝံသကျောင်း နာယက (အစိုးရ ဓမ္မာစရိယ) ဘဒ္ဒန္တ ပညာဝံသ ဆရာတော် မထေရ်၊	(ဒု) နိုင်ငံတော် သံဃမဟာနာယက (တတိယ အဖွဲ့ခွဲဝင်) စစ်ကိုင်းမြို့၊ လေးကျွန်းမြေ အုတ်ကျောင်း နာယက (အစိုးရ ဓမ္မာ-စရိယ) ဘဒ္ဒန္တ သာဂရ ဆရာတော် မထေရ်၊
(တ) နိုင်ငံတော် သံဃမဟာနာယက(ပထမအဖွဲ့ ခွဲဝင်) ပခုက္ကူမြို့၊ ရွှေပေါက်ပင် စာသင် တိုက် နာယက (အစိုးရ ဓမ္မာစရိယ) ဘဒ္ဒန္တ ဝေပုလ္လသာမိ ဆရာတော် မထေရ်၊	

ထီးတော်နှင့်စိန်ဖူးတော်ကို ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ဝင်လူကြီးများ
သိုက်သိုက်ဝန်းဝန်းပင့်ဆောင်လာကြစဉ်....
ဒုဂုဖ-ခု၊ တန်ဆောင်မုန်းလပြည့်နေ (၇-၁၁-၈၄)





မဂ်လာအချိန်ကျရောက်စဉ် ပုဏ္ဏားတော်များ အခါတော်ကြားဖြိုး....

ပဥ္စမအကြိမ်

(မ) နိုင်ငံတော် သံဃမဟာနာယက (ပထမအဖွဲ့ခွဲ အကျိုးတော်ဆောင်) မင်းကွန်းမမှနာဒတိုက် တိပိဋကဓရမဟာဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဆရာတော် မထေရ်၊

(မ) နိုင်ငံတော် သံဃမဟာနာယက (ပထမအဖွဲ့ခွဲ တွဲဖက်အကျိုးတော်ဆောင်)ပေါင်းတည်မြို့၊ ရွှေကျောင်းတိုက် နာယက (စေတ်ယဂ်ဏ+ အစိုးရမမှာစရိယ၊ ဒီဃနိကာယ ကောဝိဒ) ဘဒ္ဒန္တ တေဇောဘာသာဘိဝံသ ဆရာတော် မထေရ်၊

(မ) နိုင်ငံတော် သံဃမဟာနာယက (ဒုတိယအဖွဲ့ခွဲဝင်) ပေါ်မြို့နယ်၊ ကဒုံစီးကျောင်း နာယက (မူလ ဓမ္မာစရိယ) ဘဒ္ဒန္တရဝိန္ဒ ဆရာတော် မထေရ်။

စတုတ္ထအကြိမ်

(စ) နိုင်ငံတော် သံဃမဟာနာယက (ဒုတိယအဖွဲ့ခွဲဝင်) ကော့ကရိတ်မြို့၊ ဖားကျကျောင်း နာယက (အစိုးရ ဓမ္မာစရိယ) ဘဒ္ဒန္တ စန္ဒောဘာသ ဆရာတော် မထေရ်၊

(စ) နိုင်ငံတော် သံဃမဟာနာယက (ဒုတိယအဖွဲ့ခွဲဝင်) ညောင်ရွှေမြို့၊ သာသနဝိပုလရွှေဂူစာသင်တိုက် နာယက (သက္ကသီဟနှင့် အစိုးရ ဓမ္မာစရိယ) ဘဒ္ဒန္တ ဝိလာသာဘိဝံသ ဆရာတော် မထေရ်၊

(စ) နိုင်ငံတော် သံဃမဟာနာယက (ဒုတိယအဖွဲ့ခွဲဝင်)သရက်မြို့၊ အောင်မင်္ဂလာတိုက် (အစိုးရ ဓမ္မာစရိယ) ဘဒ္ဒန္တ ကေသရ ဆရာတော် မထေရ်၊

တိဝိဠကရဆရာတော်ဘုရားကြီး ရေစက်ချ အနုမောဒနာတရား ချီးမြှင့်တော်မူစဉ်....

ဤ ဆရာတော် မထေရ်မြတ်များက သုံးပါးစီ သုံးပါးစီ ဌာန်ကရိဏ်း ပီပီဖြင့် အင်ညီမယုတ် "အဝိပ္ပဝါသသိမ်"ကို သမုတ်တော် မူကြသဖြင့် သမာနသံဝါသသိမ် (၉)ကြိမ်၊ အဝိပ္ပဝါသသိမ် (၅)ကြိမ် = ပေါင်းသော် (၁၄)ကြိမ် ပိုင်းဖြတ် အထပ်ထပ်လျှင် သမုတ်ကြတော် မူအပ်သော ကြောင့် "ဓမ္မဓရသာသနသောဘိဏီ" ဘွဲ့မည် ထိန်လျှပ် ဤသိမ်မြတ်သည် သာသနာတော်နှစ် (၂၅၂၆)ခု၊ ကောဇာသင်္ကရာဇ် ၁၃၄၄-ခု၊ ဝသန္တရတု ဂိမှာန ဥတုဆန်းစ တပေါင်းလပြည့် ကျော် ၂ ရက်၊ (၃၀-၃-၈၃) ဗုဒ္ဓဟူ နေ့ နံနက် စက် ၉)နာရီ (၂၃)မိနစ်အချိန်၊ အရိပ်ဖဝါး အသိုအားဖြင့် (၁၁)ဖဝါး (၁) ဖိလာအချိန်၌ ဒေဝိန္ဒရာဇ် ကောင်းကြီး ဟစ်လျက် နှစ်သိန်း လေးသောင်း ယူဇနာပေါင်းများစွာ သိလာ+ ပံသု နှစ်ခုညီညာ မဟာပထဝီ ဤမြေကို ထွင်း ဖောက် အောက်ရေအပြင်သို့ သဏ်ရောက် တည် ဝင် ပြီးမြောက် အောင်မြင်လတ်ပါသတည်း။ ။

ဤသို့လျှင် သမာနသံဝါသသိမ် အကြိမ် (၉) ကြိမ်၊ အဝိပ္ပဝါသသိမ် အကြိမ် (၅) ကြိမ် သမုတ်တော် မူကြသဖြင့် "ဓမ္မဓရသာသနသော-ဘိဏီ" ဘွဲ့မည်ထိန်လျှပ် သိမ်တော်မြတ်လျှင် လူနတ်နဂါးမော် ကောင်းကြီး ခေါ်၍ ဇေယျော်-သဘင် အောင်ပွဲယင်လတ်သောအခါ သာသနာပြု အဖွဲ့ဝင် သူတော်စင် ဒါယကာ+ဒါယိကာမတို့ ကလည်း သိမ သမုတိုက် စီမံဆောင်ရွက်တော် မူကြသည့် နိုင်ငံတော် သံဃမဟာနာယက ဆရာ တော်များ အမှူးထား၍ များပြားစုံညီ (၂၀၀) နှစ်ရာကျော်သောသံဃာမထေရ်တို့အား လေးလီ-ယာပထ မျှတတော်မူကြရန် အလို့ငှာ လေးဖြာ သော ပစ္စည်းတို့ကို အနည်းငယ်မျှ လိုလေသေး မရှိရအောင် အစစလှူဒါန်းကြခြင်းဖြင့် လင်းလင်း သမွှေဉ် ကိုယ်စီယှဉ်ကြ၍ ခေမင်ကြင့်နှံး နိရော်နန်း ကို စောင်းတန်းလှေကား သွယ်ကြသတည်း။ ။

ဆုတောင်းနှင့် အမျဝေ မော်ကွန်းတင် လက်ာ

စေတနာ သမဂ္ဂီ၊ စဉ်အညီ တည်း၊ ပါရမီစိတ်သန်၊ တိဟိတ်ဉာဏ်ဖြင့်၊ နိဗ္ဗာန်တံခါး၊ ပွင့်စေသားဟု၊ ပွားများလေ လာ၊ ပြုကြ၊ါသား၊မဟာကုသလ၊ မြိုက်ဗိဇ္ဇကြောင့်၊ ဆန္ဒရှိရှိ၊ အားသစ်ဘိလှိုက်၊ ဗောဓိ ဉာဏ်ကြီး၊ ရွယ်တိုင်းပြီး၍၊ ရှစ်ထီး မင်္ဂ+ဖိုလ်၊ ဖွင့်ရလိုဇ၊ ထိုကုသလ၊ ဖို့ဘာဂကို၊ မိ+ဘ+ဆရာ၊ ဉာတကာ က၊ ပထမာ ဒီက၊လက်မွန် စ၍၊ နရ မရူ၊ ဗိုလ်+ဗိုလ်လူအား၊ ကိုယ်တူရေး၊ မျဝေပေး၏။ ချမ်းအေးကြည်ညို၊ ရှင်+လူ ဗိုလ်တို့၊ ကုသိုလ် ပွားစည်၊ ဖြစ်စိမ့် ရည်၍၊ ဤသိမ်တော်မြတ်၊ အတ္ထုပ္ပတ်ကို၊ ဖတ် ရှု+နာအီ၊ စာဖွဲ့ စီလျက်၊ ထေရ် ဥက္ကံသ-ဘိဝံသလျှင်၊ အာစေဋဘုန်းမို့၊ ဉာဏ်ရိပ် ခို၍၊ မပို+မယွင်း၊ မော်ကွန်းထွင်းသည်။ ။သလင်းရွှေစာ သံပိုင်းတည်း။ ။

(ပြီး၏)

အရှင်ဥက္ကံသာဘိဝံသထေရ်

ထီးတော်နှင့်စိန်ဖူးတော်တင်ပွဲတွင် ကြွရောက်ကြည်ညိုကြသော
မရိသတ်များမှာ ကြက်ပျံမကျ စည်ကားလှ၏။





မန်းရွှေမြို ရှိ၊ ပရိယတ္တိသာသနာ့၊ မြတ်လှတက္ကသိုလ်၊ မြေမင်းမိုမှ၊ 'ဓမ္မဓရ-သာသနသောဘိကို'၊ သိမ်ထွတ်ဆီသို့၊ ခန့်ထည် ထီးတော်၊ စိန်ဖူးတော်တို့၊ ပူဇော်ပင့်ခန်း၊ နတ်စောင်းတန်းသို့....

သီနွှောနွယ်လူး၊ တိမ်ညွှန့် ခူးသည့်၊ မြင်းထူးမြင်းပျံ၊ ရထားပျံနှင့်၊ မိုးယံသိကြား၊ ဗြဟ္မာများတို့၊ ပင့်ငြားလေဟန်၊ စီရင်ဖန်၍....

နတ်မိမယ်သွင်၊ ခြယ်သဆင်၍၊ ကြည်လင်ရွှန်းပ၊ ဝန်းရံခလျက်....

မန္တလေး ဓမ္မရသာသန သောဘိကာ သိမ်တော်ကြီး

ဓမ္မရ....ပါတဲ့၊ သာသနသောဘိကာ။ ။ မန်းမြေမှာ လျှမ်းဝေတင့်ပါဘိ၊ နန်းမြင့်ငယ် တာဝတိံသို့၊ မဟာသိမ်ဘွဲ့ပုံညွှန်း၊ ထွန်းခဲ့လေပြီ။ ။ သုံးပုံတော်ပိဋကတ်၊ ငါးရပ်နိကာယ် တို့၊ ပျော်စံပယ်အထက်ထပ်၊ ကိန်းဝပ်စေသည်။ ။မြေညီထပ် ခြားကန့်တည်၊ အောက်ထပ် ဆီမှာကား။ ။ ဗုဒ္ဓစာ....၊ ငါးမျိုးငယ် ဘာသာဖြင့်၊ စုံလင်စွာ ထားသိုသန့်၊ ကျမ်းဂန် အများ။ ။



ဓမ္မစရိယာသနသောဘိကီပိဋကတ်တိုက်သိမ်တော်ကြီး
သိမ်သမုတ် မဟာမင်္ဂလာပွဲဦး ချီးမွမ်းဖတ်ကြားအပ်သော ထောမနာရတနပိုဒ်စုံ

လက်ဝဲမင်းညို

(၁)။ ။**မင်္ဂလာနေမာ၊ ဆောင်ပို့ရာဟု၊ ခြွေကာမြွက်ခွန်း၊** ဗျာသိုက်ညွှန်းသား၊ လျှံဝန်းထောင်ဝါ၊ သာသနာလျှင်၊ သေလာမြည်ဩ၊ မန်းရိပ်ခိုမှ၊ ထိုထိုပြည်ရွာ၊ ကမ္ဘာ+မ္ဘာသို့၊ ဆောင်ရာဦးစွာ၊ "နာလန္ဒ"နှင့်၊ စံပြယူရာ၊ နမူနာဖြင့်၊ မန္တလာဇေယျုံ၊ သီရိမြုံတွင်၊ ကုံလုံမွန်မြတ်၊ ပရိယတ်သာသနာ့၊ ဂုဏ်ရောင်ပလျက်၊ တက္ကသီလာ၊ ကျောင်းမဟာကို၊ ထေရာအကျော်၊ နိုင်ငံတော်၏၊ မြင့်မော် သံဃ-မဟာနာယကတို့၊ ဆန္ဒအာသာ၊ ပြည့်စိမ့်ငှာဟု၊ သာသနာ စံဝင်၊ ဘုန်းသစ်လွင်သား၊ သုံးအင်ပိဋက၊ မြတ်ဓရှင့်၊ ဓမ္မဘဏ္ဍာ-ဂါရိကာမှ၊ မဟာအဂ္ဂ-ပဏ္ဍိတ-ဟု၊ ဝိစိတ္တသာရ-ဘိဝံသလျှင်၊ သာသနာ့တာဝန်၊ ကုံကျေပွန်ဖို့၊ ငါးတန်ဗလ၊ တံခွန်ပြလျက်၊ မာယစေယုံ၊ ဝိသကြုံသို့၊ ပြည့်စုံဂုဏ်မြောက်၊ အပြီးဆောက်မည့်၊ ထက်+အောက်နှံ့သိ၊ တိ = နိ = သာသနာ၊ လင်းရာဖန်တီး၊ အဖွဲ့ကြီး၏၊ **ဦးစီးဥက္ကဋ္ဌ**၊ ဦးသာလှနှင့်၊ ဒေဝဂုဏ်ဆောင်၊ သုံးကျိပ်မောင်အား၊ ဝန်ဆောင်တာနှင်း၊ ပေးအပ်လျှင်းတည့်....၊ ခပင်းဗိုလ်လူ၊ ပြည်ပြည်သူတို့၊ နိဗ္ဗုဆုပန်၊ ရည်စိတ်သန်လျက်၊ သုံးတန်စေတနာ၊ ညွှန့်ဝေဖြာ၍၊ သဒ္ဓါဗိုလ်ဆောင်၊ ကြံ+ပြီး+အောင်ဟု၊ တောက်ပြောင်ဩဝါ၊ မိန့်မြွက်ကာဖြင့်၊ သပြာသိန်းငွေ၊ ရာကျော်စေလျက်၊ ဒီရေပမာ၊ တိုး၍လာ၏....၊ သေလာရိပ်ခို၊ တက္ကသိုလ်လျှင်၊ မြည်ဟိန်ခဲ့၊ ဝန်းရံကာလျက်၊ ရွှေဗျာသိုက်ညွှန်း၊ သာသနာထွန်းဟု၊ သွန်းလောင်းပတ္ထနာ၊ တောင်းဆုဖြာသည်....။

ခေမာ မင်္ဂလာ တက်ထွန်း နေလ ဖြာဘိသို့၊
မြေဗျာ နက်စွန်း ဘက်ကျွန်း ဒေသ ရှာဘိသို့၊
နေဝါ တက်ထွန်း မြွက်ခွန်း ရွှေဟ မှာဘိသို့....။ ။



ဗမာရေးသားသန် သောဘိကာ ဝိဇ္ဇာကာတို့ကိုသိမ်းတော်ကြီး
သိမ်းသမုတ် မဟာမင်္ဂလာပွဲ ရိုက်ခဲ့ဆင်းသော ထောမနာရုတုပိဋိကံ
လက်ခဲ့ခေါင်းညှို့

စံဆို ပူဇော်သူ

စာဆိုတော်

မဟာသရေစည်သူ

ဦးချမ်းသာ

တတ်ကြား ပူဇော်သူ

အဆိုကျော်

ဇီဇီရီသန့်

(၂)

တက်ထွန်းနေဝါ၊ သူရိယာလျှင်၊ ပြုဇွာရွှေကွန်း၊ ဥဒည်စွန်းမှ၊ လေးကျွန်းလည်လှည့်၊ ဇမ္ဗူပြည့်သို့၊ ဆိုက်သည့်ခါကြုံကြိုက်၊ သော စဉ်၌ဝယ်၊ သောင်းတိုက်နတ်လူ၊ သာဓုမူသား၊ သောင်းဂူမြန် ပြည်၊ ကုသိုလ်စည်လှက်၊ ထောင်ခြည် ဖန်ဝါ၊ သာသနာလည်း၊ မြင့်ကြာနှစ်ရှည်၊ ငါးထောင်တည်ဟု၊ ဇာနည်မြတော၊ မိုးလုံး ဝေလှက်၊ သုံးထွေပိဋကတ်၊ ငါးမြတ်နိကာယ်၊ ပြန့်ပွားကြွယ်၍၊ မကွယ် သာသနာ၊ တည်စိမ့်ဌာဟု၊ သာသနာပြုမင်း၊ ကူညီခြင်း ဖြင့်၊ သန့်ရှင်းတည်တံ့၊ ပြန့်ပွား အံ့–ဟု၊ ဝံ့ဝံ့စားစား၊ ဝန် ဆောင်ထားသည့်၊ ထင်ရှားဘုန်းကျော်၊ နိုင်ငံတော်၏၊ မြင့်မော် ''သံဃ–မဟာ နာယက''တွင်၊ ထူးစွာ့ထေရ်မြတ်၊ ဥက္ကင်္ဌဓိပတိ၊ ''အဘိဇ – မဟာရဋ္ဌဂုရု''၊ ပြည်သူ့ ဆရာ၊ သံဃိန္ဒာ တည့်၊ ''သက္ကာစာရ''၊ ထေရ်မြတ်စွာ့နှင့်၊ ဟိတကျိုးဆောင်၊ သာဝင် ပြောင်သား၊ သုံးဆောင်ပိဋကာ၊ မြတ်ဓရ တည့်၊ ဓမ္မ ဘဏ္ဍာ–ဂါရိ ကာဟု၊ ''ဝိစိတ္တာသာရ–အဘိဝံသ''က၊ ''မ+ဟ+နာ''တံဆိတ်၊ ဘွဲ့ထူးနှိပ်သား၊ ဗုဒ္ဓိပ် ကျော်ဝှန်၊ ထေရ်မြတ်မွန်တို့၊ ရည်ညွှန် မြင့်မော်၊ နိုင်ငံတော်၏၊ ထင်ပေါ်ထူးဘီ၊ ပရိယတ်ဖြန့်ရာ၊ ''သာသနာ့ ဘက္ကသိုလ်'' တည်ထောင်လို၍၊ ဇဟိုနက်သန်၊ ဓမြမြတ်ကြန်တွင်၊ နတ်ဖန်ဆော်ညွှန်း၊ က မ္ဘာ ကျွန်း အောင်၊ တည် ထွန်း ဘူမိန်၊ ဇေယျသိရိဟု၊ တေဇိန်မြတ်ဗွေ၊ သိမ်တော်မြေကို၊ ဇာနေလောင်း လျာ၊ ထေရ်သံဃာတို့၊ တစ်ရာငါးဆယ်၊ တိ=နိကာယ်မှ၊ သရဇ္ဈာယ် ရွေးနှုတ်၊ သိမ်တော်နှုတ်က၊ အယုတ်မှန်လေး၊ ဝေးရပ်ပြေး၏...၊ ဇီနေး မြတ်စွာ၊ သာသနာသည်....။

နေဝါ တက်ထွန်း မြွက်ခွန်း ရွှေဟ မှာဘိသို့၊
ဒေဝါ ဆက်ညွှန်း ထက်ကွန်း ဒွေလှ လာဘိသို့၊
ရွှေဗျာ မြွက်ခွန်း မဂ်ကျွန်း ခေမ သာဘိသို့....။ ။

မြက်စွန်း ခြွေဗျာ၊ သိုက်ညွှန်းရာဟု၊ သေလာ သိရိုန်၊ မန်း ဂိရိုန် တည့်၊ ဒေဝိန် နတ်လူ၊ လွန်ကြည်ဖြူသား၊ ပုဒ္ဓကုံလျာ၊ မင်းမဟာလျှင်၊သင်္ဂီယန၊ ပဥ္စမကို၊ မန်းမြအောင်ဘုံ၊ ရတနာပုံဥာဉ်၊ ပြည့်စုံတင်မြောက်၊ အောင်ခြင်းရောက်၍၊ အံ့လောက် "ကျောက်တော်"၊ "ကုသိုလ်တော်" နှင့်၊ "ကျောင်းတော်ဝိဟာ"၊ "ဇရပ်သာ" က၊ "စန္ဒာမုနိ"၊ အစရှိသား၊ များဘိကောင်းမှု၊ ဆည်းပူးပြု၍၊ လုလုမွေ့လျော်၊ နတ်ထီးပျော်က၊ သားတော်ဆက်ခံ၊ ဒုနန်းစံဟူ၊ နတ်ထံကျော်ကြား၊ မင်းတရားနှင့် ပိုင်စား မြတောင်၊ ထိပ်စုခေါင်တို့၊ ရည်ဆောင်ခေမံ၊ ရောက်ကြောင်း ကြံလျက်၊ ကျောင်းရံရှစ်ရပ်၊ လေးဆင့် ထပ်သား၊ ရောင်လျှပ် ပြက်ဝါ၊ ကျောင်းဝိဟာဟု၊ "မဟာစံလွတ်"၊ အထွတ်ဝေယန်၊ နန်းဗိမာန်သို့၊ "မှန်ကျောင်းတော်ကြီး"၊ ဆောက်လုပ်ပြီးသော်၊ မဂ်ထီးရှစ်ဆူ၊ ဆုပန်လှူသား၊ ဘူမိနတ်ညွှန်း၊ ဤ အောင်ကွန်းဝယ်၊ တက်ထွန်း နေ+လ၊ ကမ္ဘာစတွင်၊ ပေါ်ကြလှူဌာ၊ ခါကောင်းကြုံက်သော်၊ အမိုက်မှောင်ခွင်း၊ ကြောက်ခြင်းကိုဖျောက်၊ ရဲစိတ်တောက်လျက်၊ ဝမ်းမြောက်ရွှင်လတ်၊ လောကဓာတ်သို့၊ လမြတ်အပေါင်း၊ ရက်မြတ်ကောင်းသည့်၊ ဖန်ဒေါင်းရဝိန်၊ နေသူရိန်နှင့်၊ ပုဏ္ဏမိန်စန္ဒာ၊ ဖဂ္ဂုဏာတို့၊ မန္တလာ ဘူမိန်၊ ဆိုက်သည့်ချိန်ကား၊ ဂုဏ်သိရ်ဘုန်းလှစ်၊ သက္ကရာဇ်လျှင်၊ တစ်ထောင့်သုံးရာ၊ လေးဆယ်သာ၍၊ စွန်းကာ လေးခု၊မိန်ရတုတွင်၊ဂုဏစုံစွာ၊ မဟာနာယက၊ ထေရိန္ဒတို့၊ ဘူမ ဘူမာ၊ မှန်ကျောင်းရာ၌၊ တက္ကာသီလ၊ နာလန္ဒသို့၊ ကမ္ဘာ့ရပ်လုံး၊ သုံးရောင်ဖုံးအောင်၊ ရှေ့ဆုံး ပရိယတ်၊ အမြတ် သာသနာ၊ လင်းစိမ့်ဌာဟု၊ သာသနာအုတ်၊ သိမ်သမုတ်၍၊ မိန့်ထုတ်နာမ၊ "ဓမ္မရတည့်၊ သာသနသောတိကာ"၊ သည်မည်ရ၊ သိမ်ဗဒ္ဓလျှင်၊ သာစွဉ် ဗိမာန်၊ နတ်တို့ဖန်သို့၊ ဝေယန်တုန်း၊ ဘုန်းပဒေသာ၊ တက်ဝေဖြာသည်....။

ခြွေဗျာ မြက်စွန်း မဂ်ကျန်းခေမ သာဘိသို့၊
မေဃာ ထက်ဝန်း မျက်ရှုန်း ရွှေမြ ရွာဘိသို့၊
ခေမာ မဂ်ကျန်း တက်ထွန်း နေ လ ဖြာဘိသို့....။

ဓမ္မရောဘာသန သောဘိကာ ဝိဇ္ဇကတ်တို့ကိုသိမ်ဗဒ္ဓတော်ကြီး
အိမ်သမုတ် မဟာမင်္ဂလာပွဲဖြစ် နိုင်ငံတော်ကြီးဆောင်သော ထောမနာရတုဝိဒိန်
လောက်ဝင်းညို

အမှာ။

စပယ်ချီ+ချ၊ မြင်းဆက်စွဲ၊
အဖျားကောက်၊သေတ်တာရောင်
အာသာဝတီဝတ်ဆံ၊
(၁၁)လုံး သုံးဆင့်၊
သုံးဝိဒ်(၉၉)လုံး၊(ကိုးနဝင်း)
"ဇမ္ဗူတံခွန် သုံးဆင့်ခွန်"
ချနည်း။ ။

ဂုဏ်တော်ဆည်

ဆင်းတုတော်ကြီး

ဦးဖေငြိမ်းဖေငြိမ်းဆင်(မဟာဝိစိန္တာ)

မင်းကွန်း တိပိဋကဆရာတော်ကြီးသည် နိကာယ သာသနာပြုအဖွဲ့၏ ဒုတိယ "သုံး" နှစ်ခရီး စာစောင်အတွက် ရေးသားရန် မေတ္တာရပ်ခံချက်ကို ရပါသည်။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးဆောင် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး ဦးဆောင်လျက် ပရိယတ္တိသာသနာတော်ကြီး စည်ပင် ပြန့်ပြော စေရန် မင်းကွန်းတောင်ရိုး မိုးမိတ် စေတီတော်ကြီးကုန်းမြေတွင် တိပိဋက နိကာယ ကျောင်းတိုက်ကြီး ဖွင့်လှစ်ကာ ပရိယတ္တိ သာသနာတော်ကြီးကို ပျိုးထောင်ခဲ့ရာ အောင်မြင်ခဲ့သည်ကို ထင်ရှားသိရှိကြပြီး ဖြစ်ပါသည်။

မင်းကွန်းတိပိဋက နိကာယ သာသနာပြုအဖွဲ့(ရန်ကုန်ဌာနခွဲ)မှလည်း စာအုပ်စာပေထုတ်ဝေရေး အဖွဲ့ငယ်ဖွဲ့လျက် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် တကွ အဖွဲ့ကြီးက သာသနာပြု စာအုပ်စာပေများကို ထုတ်ဝေခဲ့ကြပြီး ပထမ"သုံး"နှစ်ခရီး စာစောင်ကြီးကိုလည်း ခမ်းနားသိုက်မြိုက်စွာ ထုတ်ဝေခဲ့ပေသည်။

ရှေးထုံးစဉ်လာအတိုင်း ဝင်းခင်းမြီး စည်ကားသိုက်မြိုက်စွာ
မန္တလေးတောင်ခြေ သာသနာ့တက္ကသိုလ်ကြီးရှိရာဆီ ပင့်ဆောင်လာကြစဉ်....

ဝင်းခင်း၍ ပဲ့ဆောင်လာကြသော ပရိသတ်များ၌မှ ရှေ့ပြေးမြင်းသည်တော်များ....

ယခု ဒုတိယ သုံးနှစ်ခရီးအတွင်း ဆရာတော်ကြီး ဦးဆောင်၍ ပြည်တွင်းပြည်ပ သာသနာပြုနိုင်မည့် သာသနာ့ အာဇာနည်များ ပေါ်ထွက်နိုင်ရေးအတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ဘာသာငါးမျိုးဖြင့် ပိဋကသုံးပုံ သင်ကြားပို့ချနိုင်ရန် ဖွင့်လှစ်သည့် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးများလည်း ဆောက်လုပ်လျက်ရှိရာ အတော်ကြီးပင် ပြီးစီးနေပေသည်။

ယင်းသို့ ဆောက်လုပ်နေသော မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးတွင် ကြီးကျယ်ခမ်းနားသော ကျောင်းဗိမာန်ကြီးများနှင့်တကွ ဘုရားဆောင်၊ သိမ်တော်ကြီး၊ စာသင်ဆောင်များ၊သံဃာဆောင် စသည့် အဆောက်အအုံများမှာလည်း အချို့ ဆောက်ဆဲ၊ အချို့ ဆောက်ပြီးစီးလျက် ရှိပေသည်။ ပဋ္ဌာန်းတိုက်နှင့် သိမ်တော်ကြီးကိုလည်း အထွတ် ရွှေထီးတင်ပြီး အများပရိသတ်တို့ ပူဇော်နိုင်စေရန် ဆရာတော်ဘုရားကြီး၏ ဆန္ဒအရ ရုပ်ပွားတော်ကြီး တစ်ဆူကို ပင့်ဆောင်ရန် မူလဦး ကြံစည်ခဲ့ပေသည်။ ဤရုပ်ပွားဆင်းတုတော်ကြီး သည်ကား ယခုအခါ "ရန်အောင်မြင်" ဘွဲ့ဖြင့် ဗုဒ္ဓဆင်းတုတော် တစ်ဆူကို ဖူးမြော်ကြရပေပြီ။ အခြား တစ်ဆူသည်ကား "ရန်မျိုးလုံ" ဘွဲ့ဖြင့် ဖူးမြော် ကြရပေသည်။

ဤသို့ ပင့်ဆောင်သည့် ပထမ ရုပ်ပွားဆင်းတုတော်ကြီးနှင့် ပတ်သက်ပြီး သမိုင်းဝင်မည့် မှတ်တမ်းကို ရေးသားတင်ပြအပ်ပေသည်။ ရန်ကုန်မြို့မြန်မာ့ရိုးရာ ပန်းချီဆရာကြီး ဦးအေးမြင့်ထံမှ

ကဆွန်ရွာမှ ပဲခင့်ဆောင်လာသော
"ရန်အောင်မြင်" မဟာဘုရားကြီးအား
အနှီးကပ်ဖူးမြင်ရပုံ

စာဖြင့် သတင်းပေးချက် အရ (၂၂-၄-၀၄) နေ့က မြစ်သားမြို့နယ် ကူမဲအရှေ့ ကဆွန်ကျေးရွာသို့ သွားကြပါသည်။ ဦးအေးမြင့်၏ စာတွင် "ရွှေးဟောင်း မဟာဘုရားကြီး ကောဇာ ၆၀၄ ခု ကျစွာမင်း လက်ထက်က ဆိုပါသည်။ ယခု တည်ရှိရာ ကူမဲ ကဆွန်ကျေးရွာအုပ်စု၊ ကန်ဘောင်ရွာ ကျောင်းတိုက်တွင် ရှိပါသည်။ မူလတည်ရာ နေရာသည် ပန်းလောင်မြစ် စူဋ္ဌာမုနိဘုရား (ကျောက်စာရှိ-ကူးပြီး၊မန္တလေး ကျောက်စာရုံး) အနီး ဖြစ်ပါသည်။ ဆက်သွယ်ရန်မှာ ကူမဲတောင်ရပ် အသက် ၇၀ ရွယ် ဦးစောလွင် ဖြစ်ပါသည်။ မင်းကွန်း တိပိဋကဆရာတော်အား ဆင်းတုတော်ကြီး ပင့်ဆောင်ရန် ပြောထားပြီး ဖြစ်ကြောင်း လာမည့် ၁၉၇၅-ခု၊ ဇူလိုင်လ၊ ၁ရက်နေ့တွင်ပင့်ရန် အတွက် မန္တလေး ပရိယတ္တိ သာသနာ့တက္ကသိုလ် ဓမ္မာရုံကြီးတွင် တည်ထား ကိုးကွယ်ရန် ဖြစ်ပါသည်" ဟူ၍ ဖြစ်ပါသည်။

ကျွန်တော်နှင့် မန္တလေးမြို့မှ သုတေသီအဖွဲ့တွင် ခေတ်အဆက်ဆက် ရုပ်ပွား ဆင်းတုတော်များကို လေ့လာပြီး စာတမ်းပြုစုသူ တမွဝတီရပ်မှ ပန်းချီပန်းပု ဦးဝင်းမောင်၊ ပန်းချီဆရာ ကိုစိုးလေး၊ ပန်းချီ ဦးစိန်မြင့်၊ စာရေးဆရာ စိုးရန်နိုင်၊ သမိုင်းဘွဲ့ရ ဆရာတော် ဦးသုတာလင်္ကာရ စသည်တို့ ပါဝင်ကြပါသည်။

ကျွန်တော်တို့ ကူမဲသို့ ရောက်ကြသောအခါ ကူမဲရွာမ ကျေးရွာပါတီမှ ဦးစိန်လှိုင်၊ ကူမဲတောင်ရပ် တောင်သူကြီး ဦးခစာလွင် (၇၆)နှစ်တို့နှင့် တွေ့ဆုံပြီး ရုပ်ပွားတော်ကြီး ကိန်းဝပ်တည်ရာ ကဆွန်ဘွဲ့ကျန်ကျောင်း ဆရာတော်ဦးသုဇာတထံသို့ ဦးတိုက်ကန်တော့ ပင့်ဆောင်ခဲ့ပြီး ရုပ်ပွားတော်ကြီး ထားရာ ရွာဦး အုတ်ဇရပ်သို့ သွားကြပါသည်။

ကဆွန်ရွာကြီးသို့ ကျွန်တော် ၁၉၅၄ ခုနှစ်က ပြက်ကရွေ၊ တောင်ကြီးပွဲ ဘုရားဖူး သွားစဉ် ရောက်ဖူးပါသည်။ ကူမဲတွင် တပည့်ဟောင်း မောင်ကျော်ဇံ၊ မောင်ကျော်စိန်၊ ချစ်လှ (ဘိုဘို)တို့ နှိုပါသည်။ယခု ရုပ်ပွားတော်ကြီး ကိန်းဝပ်သော အုတ်ဇရပ်သည်လည်း မောင်

မြစ်သားကုမဉ်
ကဆုန်ကျေးရွာမှ
လှဒါန်း၍ ပင့်ဆောင်လာသော
''ရန်အောင်မြင်''
ရှေးဟောင်းမဟာဘုရားကြီး

ကျော်စိန်၏ မိဘများ (ကွမ်းခြံ လုပ်ငန်း)က ဆောက်လုပ် လှူဒါန်းထားကြောင်း သိရသည်။ ဆရာကြီး ဦးစောလွင်ပြောပြချက်အရ ဤ မဟာဘုရားကြီးသည် မူလက ကဆွန်ကန်ရိုးမှ ပန်းလောင်မြစ်၏ မြောက်ဘက်ကမ်း မြစ်နား ကျောင်းဟောင်းကြီး အနီး ရှေးပြာသာဒ်ပျက်ကြီးမှ ပြောင်းယူခဲ့ကြောင်း ဆိုပါသည်။ ထိုစဉ်က ဦးစောလွင်မှာ ရှစ်နှစ်သားအရွယ် (သက္ကရာဇ် ၁၂၇၈-ခု ခရစ်နှစ် ၁၉၁၆ ခု)လောက် ဖြစ်ကြောင်း၊ ဆရာတော် ဦးဝိဇယက ပင့်ဆောင်လာခဲ့ကြောင်း၊ ကဆွန်ရွာသို့ ရောက်လာခြင်း ဖြစ်ကြောင်း ဤမျှသာ ပြောပြနိုင်ပါသည်။

မဟာဘုရားတော်ကြီးသည် သပ္ပာယ်၍ အပျက်အစီးကင်းစင်ပြီး ရွှေများ တဝင်းဝင်းရှိပါသည်။ အလွန် ကြည်ညိုသဒ္ဓါပွားများဖွယ်ဖြစ်ပြီး ဉာဏ်တော်မှာ စမ္မခဏ်ပါ အမြင့် ခုနစ်တောင်နှင့်တစ်မိုက်ရှိပြီး ဒူးခွင်သည် သုံးတောင်တစ်မိုက်ရှိသည်။ အုတ်ဇရပ်တွင်း၌ အခြားသော အရွယ်အစားစား ဗုဒ္ဓရုပ်ပွား ဆင်းတုများနှင့် ရှေးဟောင်းပစ္စည်း အကျိုးအပဲ့များရှိပါသည်။ ဆရာတော် ဦးသုဇာတနှင့်ဦးစောလွင်တို့က ပင့်ဆောင်ကြမည့် ရုပ်ပွားတော်သမိုင်းကို အတိအကျမပြောနိုင်ကြတော့ပါ။ အုတ်ဇရပ်တွင်းရှိ မဟာဆင်းတုတစ်ဆူတွင်မူ ''၁၁၇၈ ခု ကွမ်းသီးချန်ကြီးမောင်ပို၊ ဘုရားအမ အိမ်သူ သမီးမောင်နှံကောင်းမှုနိဗ္ဗာန်ဆု သာမုနတ်လူ ခေါ်စေသော်'' ဟူ၍ သက္ကရာဇ်နှင့် ကုသိုလ်ရှင် စာတန်းကို ရေးသားပါသည်။ ပင့်ဆောင်ရန်ဖြစ်သော ဆင်းတုတော်



ရန်ကုန်မြို့ ရွှေတိုဘုရား ဝေါပကအဖွဲ့မှ ကျော်ခါန်း၍ ပင့်ဆောင်လာသော "ရန်မျိုးလုံ" ရုပ်ပွားဆင်းတုတော်ကြီး

ကြီး၌ သက္ကရာဇ် အမှတ်အသားများ မတွေ့ကြရပါ။

မံဆင်းတုတော်များနှင့်ပတ်သက်၍ ပါမောက္ခ ဒေါက်တာ သန်းထွန်းက စာဖမ်းပြုစုထားပြီးရှိပါသည်။ နယ်လှည့် ရာဇဝင်(၁)၌ လည်း "သက္ကရာဇ်စဉ် ဘုရားဆင်းတုတော်တို့မှ စာ" ကိုလည်း တွေ့ရှိ၍ အချို့ကို မာတ်ပုံများလည်းဖော်ပြထားပါသည်။ တမွဝတီဦးဝင်းမောင်ကလည်း ခေတ်အဆက်ဆက် ရုပ်ပွား ဆင်းတုတော်များ စာတမ်းပြုစုထားပါသည်။ ဤသို့ လေ့လာမှုများနှင့် ကုမဲကဆွန် ကျေးရွာမှ ရုပ်ပွားတော်ကြီးကို ဖူးမြော် လေ့လာကြခြင်းဖြစ်ပါသည်။

ကျွန်တော်ပုဂံမြို့ဟောင်းနှင့်စလေမြို့ဟောင်းသို့ ၁၉၆၀ လောက်က သုတေသန ခရီးထွက်စဉ် ဉာဏ်တော်အမြင့်ဆုံး မံဆင်းတုတော်ကြီး တစ်ဆူကို ဖူးတွေ့ခဲ့ဖူးပါသည်။ မန္တလေးကျောက်တော်ကြီး ရုပ်ပွား ဆင်းတုတော်၏ ဉာဏ်တော်ထက်ပင် ကြီးပါသည်။ ဆင်းတုတော် ပုံသဏ္ဌာန်သည် ပုဂံခေတ် ပုံသဏ္ဌာန် ဖြစ်ပါသည်။ ယခုဆင်းတုတော် မူလတည်ရှိရာ စူဠာမုနိ ဘုရားကို သက္ကရာဇ်၆၀၄ခု ကျစွာမင်းလက်ထက် ကျောက်စာ ရှိကြောင်း ကြားသိရပါသည်။ ဆင်းတုတော်မှာ ပုဂံခေတ်လက်ရာနှင့်ခြားနားလျက်သက္ကရာဇ် အမှတ်အသားကိုလည်း မတွေ့ရပါ။

မင်းကွန်း ဆရာတော်ကြီး၏ ဆန္ဒအရ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကျောင်းတိုက်ကြီးသို့ ပင့်ဆောင်ရန် ကျေးရွာ ပါတီ၊ ကောင်စီနှင့် ဆရာတော်ကြီးများက ခွင့်ပြုပြီးဖြစ်ရာ မင်းကွန်း ဆရာတော်ဘုရားကြီး၏ဆန္ဒသည် တစ်လုံးတစ်ဝ ပြည့်စုံပါပြီ။

''ရန်အောင်မြင်'' မံဘုရားကြီးနှင့် ''ရန်မျိုးလုံ'' ဘုရားကြီးပင့်ဆောင်ရာ လမ်းတစ်လျှောက်ဝယ်....

ဤဘုရားဆင်းတုတော်ကြီးကို ''ရန်အောင်မြင်'' ဟူသော ဘွဲ့ပေးလျက် ၁၉၇၄ခု အောက်တိုဘာလ ၂၂ရက်ဘနဂ်္ဂလာနေ့က ကဆွန်ရွာမှအခမ်းအနားဖြင့် ပင့်ဆောင်ပြီး မန္တလေးမြို့မဟာသကျသီဟ ဘုရားဝင်း ဝေဇယန္တာ ဓမ္မာရုံကြီးတွင် ကိန်းဝပ်စံပယ် အပူဇော်ခံ၍ ၁၉၇၄ခု နိုဝင်ဘာလ ၇ရက် ဗုဒ္ဓဟူးနေ့(၁၃၃၆ခု တန်ဆောင်မုန်းလပြည့်နေ့)တွင် မန္တလေးတောင်ခြေ နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ် ကျောင်းကြီး အရောက် ခမ်းနားသိုက်မြိုက်စွာ ပင့်ဆောင်ပါသည်။

ဤရန်အောင်မြင် မြတ်စွာဘုရားကြီးနှင့် အတူ ရန်ကုန်မြို့ ရွှေတိုက်ဘုရားဂေါပကအဖွဲ့မှ လှူဒါန်းသော ဉာဏ်တော် ၅ပေခွဲရှိ ''ရန်မျိုးလုံ'' ဗုဒ္ဓဆင်းတုတော်ကြီး ကိုလည်း (၂၁-၁၀-၇၄)နေ့ ရန်ကုန်မှ ပင့်ဆောင်ကာ မန္တလေးမြို့ မဟာသကျသီဟဘုရားဝင်း ဝေဇယန္တာ ဓမ္မာရုံကြီးတွင် အပူဇော်ခံပါသည်။ထိုဆင်းတုတော်''ရန်မျိုးလုံ'' မြတ်စွာဘုရားပါ မန္တလေးတောင်ခြေသို့ပင့်ဆောင်ကြခြင်း ဖြစ်သည်။ ရန်မျိုးလုံ ဆင်းတုတော်ကြီးကို ရန်ကုန်မြို့ တိပိဋကနိကာယ သာသနာပြုအဖွဲ့နာယက (အငြိမ်းစားဗိုလ်မှူးကြီး) ဦးအောင်ဇင် (နိုင်ငံ့ဂုဏ်ရည်ပထမအဆင့်)ကဦးစီးပင့်ဆောင်ခဲ့ခြင်းဖြစ်သည်။ မန္တလေးမြို့မဟာသကျသီဟဘုရားဝင်း ဝေဇယန္တာဓမ္မာရုံကြီးမှ မန္တလေးတောင်ခြေ သာသနာ့တက္ကသိုလ်သို့ ပင့်ဆောင်ယူရာ၌ ရွှေးမြန်မာမင်းများ လက်ထက်တော်အခါက ဗုဒ္ဓဆင်းတု ရုပ်ပွားဘုရားများ ပင့်ဆောင်သည့် အစီအစဉ် ရွှေးဟောင်း စာတမ်းများနှင့်အညီ ခမ်းနားသိုက်မြိုက်စွာ ပင့်ဆောင်ကြရာ၌ ထေရ်ကြီး ဝါကြီး ရဟန်းသံဃာ ဆရာတော်ကြီးများက

ရှေ့ဆောင်လျက် သိကြားနတ်ပြဟ္မာများ ပါဝင်ခင်းခင်းလျက် "ရန်အောင်မြင်" နှင့် "ရန်မျိုးလုံ" ဆင်းတုတော် နှစ်ဆူကို ပြာသာဒ်ယာဉ်မှာတင်၍ ပင့်မဆောင်ကြလေသည်။

ဤသို့ဖြင့် တိပိဋကဆရာတော်ကြီး၏ ဗုဒ္ဓဆင်းတုတော်ကို တောင်ခြေ မမှောရုံကြီး၌ ပူဇော်ရန် ဆန္ဒသည် ပြည့်ဝအောင်မြင်ခဲ့ပေပြီ။ ဆရာတော်ကြီး၏နိုင်ငံတော်ပရိယတ္တိသာသနာ့ကျောင်းတိုက်ကြီး အမြဲစည်ပင်တိုးတက်လျက် ဒုတိယ သုံးနှစ်ခရီးမှသည် တတိယ သုံးနှစ်ခရီးသို့၊ ထိုမှ စတုတ္ထ သုံးနှစ်ခရီး၊ ထိုမှ ပဉ္စမ စသည် စသည် သုံးနှစ် သုံးနှစ် ခရီးများသို့ တိုင်တိုင် သာသနာတော်ကြီး၏ ဝန်ကို ကျန်းကျန်းမာမာ ချမ်းချမ်းသာသာထမ်းဆောင်နိုင်ပါစေကြောင်းဆုတောင်းမေတ္တာပို့ကြရပါသည်။ ။

ဦးဓမ္မာဓမ္မာတင်(မဟာဝိဇ္ဇာ)



ဆောက်လုပ် လှူဒါန်းရေးနှင့်
ပင့်ဆောင်ရေးကော်မတီ
လူကြီးများက
ကြိုဆိုပူဇော်နေကြစဉ်

ရန်ကုန်မြို့

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်

မဟာသိမ်တော်ကြီး

ဒဂုန်ဦးစန်းငွေ

မြို့ရန်ကုန် တောက်ထိန်ဝင့်၊
ရောက်ချိန်သင့် သင်္ဂီ၊
ခြောက်ကြိမ်ဆင့် တင်ရာမှာ၊
မင်္ဂလာဥဒါန်း။ ။
သိမ်တော်ကြီးဆွင်ပုံ့ပုံကို၊
မြင်ရုံ့ရုံ အံ့လောက်ခမန်း။ ။
ဧရုံးပျူ့ခေတ်မြန်မာ့ဟန်၊
စံပြရန်တစ်ခန်း။
နှစ်ထောင်ပေါ်ငါးရာလွှမ်းပါတဲ့၊
ဖြတ်ရဟန်း သံဃာ။ ။
သမုတ်သိမ်မှတ်စေရစ်၊
စာတ်မွေ့နှစ် ကိန်းဝပ်စံရာ။ ။
သိမ်တော်ကြီးချီးစရာ၊
ကမ္ဘည်းစာသွန်းထုလို့၊
ကျွန်းဇမ္ဗု့ တံခွန်အာသွင်၊
အညွှန့်လွင်လွင်။ ။
ဗူးလေတိုင်း ဗိတိုရင်သည်၊
ဆီထိသွင်ဝါဝွမ်းသို့လေး။ ။

ရန်ကုန်မဟာသိမ်တော်ကြီး



ရုန်ကုန်မြို့
နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် ၌

မဟာသိမ်တော်ကြီး

နတ်မောက် အရှင်သုစိတ္တသာရ

(၂၄-၁၂-၇၅)နေ့က စာရေးသူသည် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းပြု ဆရာများအတွက် ဖွင့်လှစ်သော "မွမ်းမံ" သင်တန်းသို့ ရောက်ဖြစ်သွားပါသည်။ ယင်းသင်တန်းသည် ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပ ကျောင်းအနီးရှိ သုံးထပ်ဆွမ်းစား တိုက်ကျောင်းကြီးတွင် တည်ရှိသည်။

ရဟန်းတော်များ၊ သီလရှင်များ၊အမျိုးကောင်းသား အမျိုးကောင်းသမီးများ စိတ်ဝင်တစား တက်ရောက် သင်ယူနေကြသည်ကို တွေ့ရသဖြင့် များစွာ နှစ်ထောင်းအားရ ဖြစ်မိပါသည်။ ထိုနေ့က လေ့လာသူများ အပါအဝင် ၃၀၀ကျော်ခန့်ရှိပါသည်။

ထိုသင်တန်းကျောင်းမှ အပြန်တွင် ဇမ္ဗူဒီပ ကျောင်းဆောင်၏ တောင်ဘက်တွင် တည်ဆောက်နေသော သာသနာ့တက္ကသိုလ် တည်ရာသို့ သွားရောက်ကြည့်ရှုလေ့လာမိပါသည်။

မဟာသိမ်တော်ကြီး

ဒီဟိုဠ်ပုံကို အတုယူ၍ တည်ဆောက် ခဲ့သော မဟာသိမ်တော်ကြီးသည် အဝေးမြင်ကွင်းမှ ပင် ပြောင်းလဲ တိုးတက်နေသည်ကို တွေ့ရသည်။ရှည်မျောမျော ပုံတော်မှသည် ဝိုင်းစက် ခံ့ညားသော ကောင်းမှုတော် အသွင်သို့ ဆောင်လာသည်။ ပြောင်ချောနေသော စေတီ၏ ခါးလယ်တွင် မြန်မာဆန်သော မြန်မာပီသသော မြန်မာမှု စဉ့်အုတ်ချပ်များဖြင့် တင့်တင့်တယ်တယ် စီခြယ်မွမ်းမံထားအပ်ပေသည်။ အဖြူပေါ်တွင် အစိမ်းရောင် စဉ့်အုတ်ချပ်ပန်းတို့က ကြည်နူးနှစ်သိမ့်မှု၊ အေးမြချမ်းသာမှုကို ရရှိစေပါသည်။ ထီးရှိရုံမျှတင်ထားခဲ့သော ပုံစံမှသည် ငွားငွား စွင့်စွင့် ကြွားကြွားဝင့်ဝင့် ရွှေရောင် တဖိတ်ဖိတ် တောက်ပနေသော ရွှေထီးတော်ကို ဖူးမြော်ရသည်မှာ အလိုလိုပင် လက်အုပ်ချီမိပြီး ဗုဒ္ဓါရမ္မဏ ပီတိများစွာ ပွားများနိုင်ခဲ့ပေသည်။

"မဟာသိမ်တော်ကြီး" ဟူသော ဆိုင်းဘုတ်တပ်ဆင်မှုမှာလည်း သိမ်၏ဥပစာလေ့ကားဦးတွင် တွဲရရွဲဆွဲထားသဖြင့် 'မချင့်မရဲ အံ့အဲ့မကုန် ထူးခြားဆန်းပြားသော ပန်းချီဆရာတို့၏ ကြံစည်ဖန်တီးမှုပေပဲ' ဟု ချီးကျူးရပေတော့သည်။

လေ့ကားကိုလည်း ကြည့်ပါဦး။ လေ့ကား ဟုသာ ဆိုရသည်။ ခြေမနှင်းရက်စရာ၊ လက်မထိရက်စရာ ဖြစ်အောင်ပင် လှပကောင်းမွန် နေပေတော့သည်။ နီရဲသော ဟင်းပဒါးရောင်ဖြင့် လက်ရန်းနှစ်ဖက်ကို ခြယ်လှယ် ထားပေသည်။ အပေါ်သို့ရောက်ပါလျှင်မူ–

'အို....သူတော်ကောင်းတို့ ကြည့်လှည့်ကြပါကုန်လော့'

'အို....သူမြတ်လောင်းတို့ ရှုလှည့်ကြပါကုန်လော့'

မဟာသိမ်တော်ကြီးတွင် သက်တော်ထင်ရှားမြတ်စွာဘုရားသည် ဓမ္မဒေသနာဟောကြားတော်မူနေပါသည်။ အသီတိ မဟာသာဝက အရှင်မြတ်ကြီးတို့သည်လည်း လက်ဝဲလက်ယာရံကြ၍ မြတ်စွာဘုရားရှင်၏ အသရေတော်ကို ဖူးမြော်ကြကာ ပူဇော်သမ္မာပြုနေကြပါဘိသည်။

ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြေ၌ တည်ရှိသော မဟာသိမ်တော်ကြီးသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀ခန့် တည်ခဲ့ပါသည်။ အပြောက်များမပါရှိခဲ့၊ အထက်ပိုင်းမြင်ကွင်း....

ထီးတော်မှအစ အမွမ်းတမ်း ပြုပြင် မွမ်းမံမှု မပြုမီ

ဂုက်ပျောဖူးအတွင်း ဝိဇ္ဇာတိုင်မစိုက်ခဲ့ ထီးတော်တင်နိုင်ခဲ့သည်။ ဟမ္မာကခေါ် ဓာတ်တော်တိုက်လေးထောင့်နေရာတွင် ပန်းဆွဲနှင့် ဓမ္မစကြာခန်းထည့်ကာ သဝိတ်မှောက်ကို တန်ဆာဆင်ခဲ့သည်။ ရင်ဖွဲ့တွင် စဉ်ခါးပတ်ပန်းများဖြင့် ပတ်ထားနိုင်ခဲ့သည်။





ဘုရားရှင်၏ ဦးထိပ်အထက်ပေါ်တွင် လည်းကောင်း၊ ကျောဘက်တွင် လည်းကောင်း၊ ဆန်းကြယ်သော ပန်းချီဆရာတို့သည် သူတို့၏ အဘတ်ပညာမျှားကို လက်စွမ်းပြ၍ ပူဇော်ဆားကြပါသည်။ ထိုသူတို့သည် ဘုရားအား ပူဇော်၍ အားမရကြသည်နှင့်ပင် ဘုရားတပည့်သားတော်များ၏ ဦးထိပ်ထက်တွင်လည်း လှပသော၊ ဆန်းကြယ်သော ထီးတော်များ တစ်လက်စီ တစ်လက်စီ အစီရရီလှူဒါန်းပူဇော်ကြပြန်လေသည်။

မြတ်စွာဘုရား၏ တရားမမှကိုနှစ်ခြိုက်ယုံကြည်ကြသည့် မြန်မာ့ စေတနာရှင် မိသားစုတို့သည် ဆန်းကြယ်သော ပန်းချီအတတ်ပညာရှင်၊ ပန်းပုအတတ်ပညာရှင်၊ကည်ဆောက်ရေးအတတ်ပညာရှင်တို့နှင့် တိုင်ပင် ညှိနှိုင်းကြ၍ ဆင္ဒသင်္ဂါယနာတင်ပွဲ၏အထိမ်းအမှတ် တိုင်လုံးကြီးခြောက်လုံးတို့ကိုလည်း အဆန်းတကြယ် စီခြယ်မွမ်းမံပစ်လိုက်ကြပြန်ပါသည်။

ထိုတိုင်ကြီးခြောက်လုံးတို့၏ အမြင့်ကို ကြည့်ရင်းကပင် အထက်မျက်နှာကြက်ဆီသို့ စိတ်ဖလင်ဖြင့် တဖျပ်ဖျပ် ရိုက်ကူး မှတ်တမ်းတင်မိရပြန်ပါသည်။

ဖြူဖွေးလှပသော, ကြည်နူးတင့်တယ်သော, တည်ငြိမ် အေးဆေးသော, ဆိတ်ငြိမ် ချမ်းမြေ့



ယင်းကြောင့်လည်း ယခု ဖူးရ တွေ့ရ မြင်ရ သော ရှကွင်း ရှကွက်တို့မှာ ရှေးကနှင့် လုံးဝမတူ ပါသဖြင့် ရင်သပ် ရှမော အံ့ဩခြင်း ဖြစ်ကာ ဝမ်းပန်းတသာ ဖိတ်ခေါ်ခြင်း ပြုမိရပါသည်။

ဤမဟာသိမ်တော်ကြီးသည် ယခုအခါ "**နိုင်ငံတော် သံဃ မဟာနာယက**" အဖွဲ့ဝင် ဆရာတော်ကြီးများ ဥပုသ်ပြုကြ၍ ဗုဒ္ဓသာသနာတော်၌ အမြင့်မြတ်ဆုံးဟော ဝိနည်းကံများ ဆောင်ရွက်ပြုလုပ်ရာ ဌာနမွန် ဖြစ်ပေသည်။ သာသနာ့တက္ကသိုလ်ကြီး တည်ဆောက် ပြီးစီးလျှင်မူ သာသနာ့တက္ကသိုလ်နာယက၊ကျောင်းအုပ်၊ ကထိက၊ သော, ဝိုင်းစက် ညီညာသော,ဖြ ခုသောမီးဝိုင်းကြီးမျှားတွဲရရွဲဆွဲထားသည်ကို တွေ့ရ ပြန်သည်။ ဤအရာတို့သည် မူလကဘာဝတစ်ခုမှမရှိကြပါကုန်။

ကျွန်ုပ်ကား ဤသိမ်တော်ကြီးသို့ တစ်လ နှစ်ကြိမ် ဥပုသ်ပြုရင်း သံဃာအများနှင့်အတူ သုံးနှစ်တိတိ လာရောက်ဖူးသူဖြစ်ပါ၏။ရံဖန်ရံခါ၌ တစ်ပတ် တစ်ကြိမ် ရှင်ပြု ပဉ္စင်းတက်လိုသူများအား ကူညီရင်း ကာရကသံဃာ အဖြစ်ဖြင့်လည်းကောင်း၊ အနုသာသကအဖြစ်ဖြင့် လည်းကောင်း လာရောက်ဖူးသူဖြစ်ပါ၏။

ရတနာသုံးပါးကို ဦးတည်၍—ပန်းတဥ်း၊ ပန်းတော့၊ မှန်စီရွှေချ၊ ပန်းပုရုပ်လုံးရုပ်ကြွ၊ ပန်းလက်ရာမွန်များဖြင့် ပန်းပညာရှင် အသီးသီးတို့က ကုသိုလ်ရှင်များ၏ စေတနာ သဒ္ဓါထက်သန်မှုအပေါ် အခြေပြုကာ မွမ်းမံခဲ့ကြသည်။



တိုင်လုံးကြီးများတွင်
မှန်ရောစိုစီ ခါးပတ်ပန်းများ

မဟာသိမ်တော်ကြီး
အဝင်ဘေးနှစ်ဖက်တွင်
သဲကျောက်(ပန်းတမော့)
လက်ရာကောင်းဖြင့်
ဝိသုကမွန်တမင်းနှင့်
မော်ကွန်း ကျောက်စာတိုက်

နှင့်သင်တန်းသား သံဃာတော်များပါသုံးစွဲကြရာ မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီးအစဉ်တည်တံ့ပြန့်ပွားအောင် ဆောင်ရွက်တော်မူကြပေလိမ့်မည်။

သိမ်တော်ကြီးမှ အပြန်တွင် သိမ်ဥပစာ၏ တစ်ဖက်တစ်ချက်စီတွင် တည်ရှိသော မော်ကွန်းကျောက်စာတိုင်များကို အနီးကပ် လေ့လာကြည့်ရှုမိရပြန်ပါသည်။ ပျူခေတ် မြန်မာ့ အနုပညာလက်ရာများဖြင့်ပင် စိတ်ဘဝင်ကြည်နူး ဆွတ်ပျံ့ဖွယ် တည်ဆောက်ထားရှိသည်ကို 'အနုပညာခံစားမှု၊ ပန်းချီရှုထောင့် ခံစားမှု၊ ဤနှစ်ရပ်သော ခံစားမှုတို့မှ ခံစားကြည့်ရှုမိခဲ့ရပါသည်။

သားမြီးယပ်ကို ကိုင်၍ ခပ်ပြေပြေထိုင်လျက်ရှိသော နတ်သူမြတ်၏ ပုဟန်မှာ ငြိမ်းချမ်းမှု အသွင်ကို အထင်းသားဖော်ဆောင်နေပေသည်။ ယင်းရုပ်တု၏ ဦးခေါင်းပေါ်ဝယ် ထီးဆောင်း၍ ထားပြန်သည်မှာ အေးချမ်းသာယာမှု ကို ပို၍ပေါ်လွင်ထင်ရှားစေပြန်ပါသည်။

လမ်း၏ မြောက်ဘက်တွင် မဟာဗောဓိပင်နှင့် လုမ်ဗိနီအင်ကြင်းပင်ပျိုတို့ကို စီတန်း၍ တင့်တယ်စွာ စိုက်ပျိုးထားပြန်သည်မှာလည်း အလွန်မှ မြန်မာ့ ဗုဒ္ဓဘာသာဆံ၍ ကျောင်းကန်ပရိဝုဏ်၏ သရုပ်သကန်ကိုမီပြင်လှပ ကျက်သရေစေပြန်ပေသည်။

ထို့ထက်သော်ကား ရုပ်နာမ်တို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ဆိပ်ကမ်းသို့ ဤလမ်းမှပင် လှမ်းတက်ရန် ကြွမြန်းပန်ဆင်ကြပါဘိဟုဖိတ်ခေါ်သယောင် ရှိနေပြန်ပေသည်။

ထိုမှ အရှေ့ဘက်သို့ မော်ဖူးလေလျှင် ရွှေစင်သင်္ကန်းတော် တို့ကို ဝတ်ရုံလျက် အထူးပင်တင့်တယ်သော ကမ္ဘာအေး စေတီတော်မြတ်ကို ချဉ်းကပ်ကြည်ညိုနိုင်ပြန်ပေသည်။

ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး ပေါ်ပေါက်အောင် ကြံစည် အားထုတ်မှု၊ ဖြစ်မြောက်

အောင်မြင်အောင် ကြိုးပမ်းလုပ်ကိုင်မှု၊ ဤနေရာ ဤဒေသကိုမှ ထူးခြားသော မြော်မြင်မှုတို့ဖြင့် ရွေးချယ်ကြသည်ကို ဘာသာ သာသနာ့ မျက်စိ၊ အမျိုးသား ယဉ်ကျေးမှုမျက်စိ၊ မျက်စိတစ်ထောင် တို့ဖြင့်ပင် ကြည့်သော်လည်း "ဟုတ်တယ်၊ ကောင်းတယ်၊ မှန်တယ်၊ ဆန္ဒပေးတယ်" ဟူသော ထောက်ခံချက်တို့ဖြင့်သာ ဝမ်းမြောက်ကြရမည် ဖြစ်ပေသည်။

အနာဂတ်ရေး ရင်အေးရပြီ

မျက်မှောက်ခေတ် မြန်မာပြည် သာသနာရေးကား အလွန်မတန်မှ စိတ်ကြည်နှူးဖွယ်ရာကြီး ဖြစ်ပေသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး၏ ဓမ္မစက်ညွှန်ပြမှုဖြင့် ဆောင်ရွက်ချက် အသွယ်သွယ်တို့ကို မင်းအစိုးရတို့မှ အာဏာစက် ဖက်၍ လုပ်ကိုင်ကူညီပံ့ပိုးထောက်ပံ့မှုများမှာ အဓမ္မဝါဒ များစွာ ကွယ်ပသွားခြင်းဖြင့် ဝမ်းမြောက်ကြည်နူးနိုင်ကြပေသည်။

အနာဂတ်ကို မျှော်ကြည့်လေလျှင် မြန်မာပြည်သာသနာရေးကား ရင်အေးဖွယ်ကြည်နူးဖွယ် ရာကြီး ဖြစ်ပေသည်။

ဗုဒ္ဓမြတ်စွာ သာသနာ ဟောင်ဝါ နေသို့ ထွန်းစေသော်။

အကျွန်ုပ်သည် ဆောက်လုပ်ဆဲ တက္ကသိုလ် ဆောင်များကို လှည့်ကာပတ်ကာ ကြည့်ရှုဝမ်းသာရင်း ပါဠိ-မြန်မာ ဘာသာရ စုံလင်စွာတို့ဖြင့် ကမ္ဘာတစ်ဝန်း ကြွမြန်း သာသနာပြုတော်မူကြမည့် မြန်မာ့အာဇာနည်, သာသနာ့ အာဇာနည် အရှင်ကောင်းအရှင်မြတ်တို့အား ကြိုတင်ဖူးမြော်ရင်း ကန်တော့မိပါသည်။

နှတ်မောက်အရှင်သုစိတ္တသာရ

မူလက နဖူးစီး ပတ်လည်
မှန်ပြတင်း၊ ဆင်ဝင်တို့တွင်
အမွမ်းပန်းများမရှိခဲ့

မဟာသမ္မတော်ကြီး

ယခုနဖူးစီးပတ်လည်တွင် ပျူခေတ်ဟန် စဉ်ပန်းနွယ်များ

စမ္မဒုတတက္ကသိုလ်ကြီးများ

အဂ္ဂဉ်ညကိသရ(သီတဂူ)



တိပိဋကနိကာယ သာသနာပြုအဖွဲ့ကြီး၏ သက်တမ်းသည် ခြောက်နှစ်သက်တမ်းရှိလေပြီ။ ခြောက်နှစ်သက်တမ်းအတွင်း ဆောင်ရွက်ပြီးသမျှမှာ ကြွက်သီး မွေးညှင်း တဖျဉ်းဖျဉ်း ထလောက်အောင် ဝမ်းမြောက်ရလေသည်။ တိပိဋကနိကာယ တက္ကသိုလ်များ၊ ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ တစ်ဦးပြီးတစ်ခု၊ တစ်ဆောင်ပြီး တစ်ဆောင် တည်ထောင်လျက် သာသနာ့ အာဇာနည်များကို တစ်ပါးပြီး တစ်ပါး မွေးထုတ်လျက် ရှိသည်မှာ မြန်မာနိုင်ငံ သာသနာ့ သမိုင်း၌ လက်ဖျစ်တီး၍ အံ့ချီးဖွယ်ဖြစ်ပေသည်။ အနာဂတ် ထေရဝါဒ ဗုဒ္ဓသာသနာ တည်တံ့ ပြန့်ပွားရေး အတွက် အားတက်ဖွယ်ရာလည်း ဖြစ်ပေသည်။



မဟာချုံလာလောင်ကွန် တက္ကသိုလ်

ဗန်ကောက်မြို့ ဝတ်မဟာဆ (မဟာဓာတု) ကျောင်းပရိုဏ်းနှင့် ချုံလာယောင်ကွန် ဘုရင်မင်းမြတ်ပုံ

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဝတ်မဟာဆကျောင်းတိုက် (မဟာဓာတုကျောင်းတိုက်) အတွင်း၌မဟာချုံလာလောင်ကွန်တက္ကသိုလ်ကို ရာမ မင်း(၅) က ၁၈၉၀ ခုနှစ် မှာ စတင် တည်ထောင်ခဲ့သည်။ မဟာဓာတုကျောင်းတိုက်အတွင်း၌ တည်ထောင်သောကြောင့် မဟာဓာတုဝိဇ္ဇာလယဟု စတင်ခေါ်တွင်ခဲ့သည်။ နောင်ခုနစ်နှစ်ကြာသော အခါ တက္ကသိုလ်ကို အမည်ပြောင်းခဲ့သည်။ တက္ကသိုလ်ကြီးကို စတင် တည်ထောင်သော သာသနာ့ဒါယကာ မင်းတရား၏ အမည်အတိုင်း



'မဟာချုလ·လောင်ကွန် သံဃာ့တက္ကသိုလ်' ဟုပြောင်းလဲခဲ့လေသည်။ ထိုတက္ကသိုလ်၌ သာသနာပြု ဓမ္မဒူတပုဂ္ဂိုလ်များကို ယနေ့တိုင် မွေးထုတ်လျက်ရှိနေသည်။

ထိုင်းနိုင်ငံရဟန်းသာမဏေများ၏ ပညာရေးစနစ်မှာ သံဃာ့တက္ကသိုလ်၏ရှေ့၌ ၎င်းတက္ကသိုလ်အား လျော်သော**Elementary Schools, Secondary Schools** နှင့် **Pre-university Schools** များ ရှိလေသည်။ ထိုကျောင်းများ၌ ပါဠိနှင့် မမ္မစာပေကို အဓိကထား၍ တက္ကသိုလ်အတန်း အသီးသီး၊ ဘာသာရပ်အသီးသီးနှင့် ဆက်သွယ်နိုင်အောင် ကြိုတင်သင်ကြား ပေးထားလေသည်။

မဟာချုလာသံဃာ့တက္ကသိုလ်၌ ဆရာဖြစ်လိုင်း၊ ပညာရေးလိုင်း၊ လူမှုရေးနှင့် သာသနာပြုလိုင်း၊ ဗုဒ္ဓဝါဒနှင့် အတွေးအခေါ်စိတ်ပညာလိုင်းတို့ ရှိပြီး **B.A., M.A., Ph.D.** ဘွဲ့အသီးသီး ပေးအပ်လေသည်။ သမိုင်း ဘာသာရေး၊ ပညာရေး၊ သိပ္ပံ၊ ပထဝီ၊ သခ်ၤာ၊ ဥပဒေ၊ အုပ်ချုပ်ရေး၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ရှေးဟောင်းသုတေသန ပညာရပ်တို့ကိုလည်း သင်ကြားပေးလေသည်။

ယနေ့ကမ္ဘာ၌ ထိုင်းသံဃာတော်များသည် အမေရိက၊ ဩစတြေးလျ၊ အင်္ဂလန်၊ ဥရောပ၊ အိန္ဒိယ စသော မြေအနှံ့၊ နေရာအနှံ့ မြတ်ဗုဒ္ဓ၏ သာသနာကို ဖြန့်ခိုလျက် ရှိနေကြလေပြီ။

အသောကာရုံ တက္ကသိုလ်

ဗုဒ္ဓသာသနာသမိုင်း၌ ယေရဝါဒ သာသနာကို ကမ္ဘာသို့ ကျယ်ကျယ်ကြီးဖြန့်ပို့ခဲ့ရာ ဖြစ်သော၊ ယေရဝါဒသာသနာပြု ဓမ္မဒူတတို့ကို မွေးထုတ်ခဲ့ရာလည်းဖြစ်သော အသောကာရာမ ကျောင်းတိုက်ကြီးကို သာသနာနှစ် ၂၃၀ ကျော်က ဓမ္မာသောကမင်းကြီးသည် ပါတလိပုတ် (ယနေ့ ပတ္တနား) မြို့မှာ တည်ထောင်ခဲ့သည်။ မင်းကြီးသည် ကျောင်းတိုက်ပေါင်း ၎၄၀၀၀ တို့ကို ဇမ္ဗူဒီပ်အနှံ့ တည်ဆောက်လှူဒါန်းခဲ့သည်။ ယနေ့ ထိုကျောင်းပေါင်း ၎၄၀၀၀ တို့ကို အစအန ရှာမရတော့ချေ။ ပါတလိပုတ်၌မူကား အသောကာရုံကျောင်းတော်ကြီး၏ ကျောင်းတိုင်ငုတ်များကိုသာ အနည်းအပါး မျှ တွေ့ရတော့သည်။ သာသနာပြုအာဇာနည်များဖြစ်ကြသော အရှင်မဟိန္ဒ၊ အရှင်မဟာဓမ္မရက္ခိတ၊ အရှင်သောဏ၊ အရှင်ဥတ္တရ၊ အရှင်နာဂသေန စသော မထေရ်သူမြတ်တို့သည် အသောကာရုံ တက္ကသိုလ်ကျောင်းထွက်များ ဖြစ်ကြလေသည်။



အဂ္ဂသာဝက အရှင်သာရိပုတ္တရာ၏ ဖွားတော်မူရာနှင့် ပရိနိဗ္ဗာန် ပြုတော်မူရာ ဌာနတို့ကို အလယ်ဗဟိုထား၍တည်ဆောက်ခဲ့သည်ဆိုသော နာလန္ဒာ ကျောင်းတော်ကြီး။ ။

အရှင်သာရိပုတ္တရာ၏ အရိုးအိုး ဂူသည်လည်း ဤကျောင်းတော်ကြီးမှာပင် တည်ရှိနေ၏။

နာလန္ဒာ

နာလန္ဒ တက္ကသိုလ်

သာသနာနှစ် ၁၀၀၀ ကျော်က နာလန္ဒမြို့၌ နာလန္ဒတက္ကသိုလ်ကို ကုမာရဂုတ္တမင်းက စတင်တည်ထောင်ခဲ့သည်။ ထိုခေတ်က အိန္ဒိယတွင် ထေရဝါဒသာသနာ မှေးမှိန်၍ မဟာယာနသာသနာ အားကောင်းခဲ့ရာ ထိုနာလန္ဒတက္ကသိုလ်၌ မဟာယာန စာပေများ၊ ဟိန္ဒူဝေဒများကိုသာ သင်ကြားပို့ချခဲ့၏။ သာသနာနှစ် ၁၇၀၀ ကျော် ၁၇ ရာစုသို့ ရောက်သောအခါ တူရကီနွယ်ဖွား ဘာသာခြားတို့ တိုက်ခိုက်ဖျက်ဆီး မီးရှို့ခဲ့သဖြင့် သံဃာတော် တစ်သောင်းကျော် ပျံလွန်တော်မူ၍ တက္ကသိုလ်ကျောင်းတိုက်ကြီး ပျက်စီးခဲ့ရလေသည်။

အေဒီ ငါးရာစုခေတ်မှစ၍ အေဒီ ဆယ့်နှစ်ရာစုတိုင် နှစ်ပေါင်း ၇၀၀ ခန့် စာသင်ရဟန်းတော်ပေါင်း တစ်သောင်းကျော်တို့ မှီတင်းပညာသင်ရာ ကျောင်းတော်ကြီးဖြစ်ခဲ့သည်။ မဟာယာနဂိုဏ်း၏ အတွေးအခေါ်ပညာရှင် (အဘိဓမ္မာပညာရှင်) အရှင် နာဂဇုနတို့ကဲ့သို့သော ပုဂ္ဂိုလ်ကျော်တို့ကို မွေးထုတ်ရာလည်း ဖြစ်ခဲ့သည်။

နာလန္ဒတက္ကသိုလ်သို့ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ လာအို၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာနိုင်ငံများမှ ပညာတော်သင် ရဟန်းတော်များ တက်ရောက်ပညာသင်ခဲ့ရာ အာရှတစ်ခွင် မဟာယာန ဝါဒများကို ဤတက္ကသိုလ်မှ ဖြန့်ချိခဲ့၏။ ယနေ့ နာလန္ဒတက္ကသိုလ်ဟောင်းကို အုတ်ပုံအုတ်ကျိုး အဖြစ်သာမြင်တွေ့နိုင်ပေသည်။ ယနေ့ဖွင့်လှစ်သည့် 'နာလန္ဒတက္ကသိုလ်အသစ်'မှာ ရှေးဘက္ကသိုလ်ကြီးကဲ့သို့ မထင်ရှားတော့ချေ။



မင်းပေါင်းစုံ တင်ပဏ္ဏာကြို့
ပညာနှို့ သုံးဆောင်။
မင်္ဂလာအဘို့ တဘုန်းပြောင်သည်၊
ထုံးတပေါင် ဇော်ဇော် ။
တက္ကသိုလ်ပြည် မြတ်မဟာကို၊
မှိကပ်ကာ ဦးညွတ်ပန်ကျော့။

တက္ကသိလာ

တက္ကသိလာ

ပိဋကစာပေ၌ ထင်ရှားသော တက္ကသိလာသည်လည်း ယခုအခါ ပါကစ္စတန်ပြည်မြောက်ပိုင်း၌ တိမ်မြုပ် ပျက်စီးလျက် ရှိနေပေပြီ။ ဗာတ်တော်ပေါင်း များစွာတို့၌ မင်းသားတို့အား အဋ္ဌာရသ အတတ်ပညာတို့ကို သင်ကြားပေးခဲ့ရာ တက္ကသိုလ်ကြီးဖြစ်ခဲ့ဖူးသည်။ ဤတက္ကသိုလ်မှပင် ကမ္ဘာကျော် ကမ္ဘာ၏ ပထမဦးဆုံးသော သဒ္ဒါကျမ်းပြုဆရာကြီး ပါဏိနီ ပေါ်ထွန်းခဲ့ခြင်း ဖြစ်လေသည်။ ထို တက္ကသိုလ်ကြီးလည်း ပါကစ္စတန်ပြည်အတွင်း ပက်ရှဝါမြို့အနီးတွင် အုတ်ပုံဘဝ ရောက်နေပေပြီ။



သျင်တော်မြတ်ဖျား၊
ကြွသွားနိဗ္ဗာန်။
ကိုယ်စားတော်အား၊
တည်ထားတဖန်။
စေတီသျင်မြတ်၊
မြင်လတ်ကြုံပြန်။
ထွတ်ဘုရား၊
ဝပ်တွားခါဖန်ဖန်။

ကုသိနာရုံ

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုမည့်အခါဝယ် ကုသိနာရုံမြို့သည် မြို့သိမ် မြို့ငယ်ကလေးအဖြစ်ရောက်နေပါပြီ။ အရှင်အာနန္ဒာက မြတ်စွာဘုရား ဤမျှခေါင်းပါးနေသော မြို့ငယ်မြို့သိမ်ကလေးမှာ ပရိနိဗ္ဗာန်မပြုပါနှင့် ဘုရား၊ သာဝတ္ထိ၊ ရာဇဂြိုဟ် စသည့် မင်းသေဋ္ဌေးပေါများ စည်ကားသည့် မြို့ကြီးများမှာ ပရိနိဗ္ဗာန်ပြုတော်မူပါဘုရားဟု လျှောက်ထားလေသည်။

မြတ်ဗုဒ္ဓက "အာနန္ဒာ ကုသိနာရုံကို အထင်မသေးလေနှင့်၊ ယခုသာ မြို့ငယ်ကလေး၊ ရှေးကနတ်မြို့တော်ကြီးလိုပဲ စည်ကားခဲ့ဖူးပြီ၊ ငါဘုရား ဤနေရာမှာ ခြောက်ဘဝ စကြာမင်းဖြစ်ခဲ့ဖူးပြီ" စသည်ဖြင့် မဟာသုဒဿနဟူသော 'သုတ်မင်း(သုတ္တရာဇာ)' ကို ဟောတော်မူသည်။ ခမ်းနားကြီးကျယ် စည်ကားသည်ကို ဟောပြီးမှ—

'အနိစ္စာသင္ခသခ်ၤရာ'ဟု နိဂုံးချုပ်လေသည်။မည်မျှကြီးကျယ်စေကာမူ အကြီးအသေး အားလုံးပျက်စီးမှာချည်းပဲဟု ပူပင်မှုကို ဖြေတော်မူပါသည်။မြတ်ဗုဒ္ဓ၏ သားတော် သမီးတော်တို့သည် မြတ်ဗုဒ္ဓ၏ စိတ်ဖြေတရားကို နာကြားရလေလျှင် ပြေကြသည်။ ကျေနပ်ကြသည်။ ပြေကျေကြပြီးလျှင် ရပ်သွားတတ်ကြသည်။ ဇွဲလုံ့လကို လျှော့ချထားတတ်ကြလေသည်။

'အနိစ္စာသင္ခသခ်ၤရာ' စသည့် ဆင်ခြင်မှုသည် ယောက်ျားတို့၏ ရဲရင့်သောစိတ်၊ ဝီရိယတို့ကို စွန့်ပစ်ဖို့ မဟုတ်ပါချေ။ ပျက်တတ်သည့် သင်္ခါရတို့ကို ရှု၍ အသင်္ခတအနှစ်ကို ရအောင် လုပ်ယူဖို့သာ ဖြစ်ပါသည်။ အကုန်လုံးပျက်မှာပါဟု ဆိုပြီး ယောက်ျားတို့ ဝီရိယကို မစွန့်သင့်ပါပေ။



မဟာဝိဟာရ

သာသနာ နှစ် ၂၃၆တွင် မမ္မာသောကမင်း၏ သားတော် အရှင်မဟိန္ဒနှင့်အဖွဲ့ သီရိလင်္ကာသို့ ကြွသည်။ အနုရာမပြည့်ရှင် ဘုရင် ဒေဝါနံပ်ယတိဿမင်းနှင့် မိဿကတောင်မှာ ဆုံကြသည်။ သမင်လိုက်သော ရှင်ဘုရင်သည် မထေရ်ကိုတွေ့သည်။မထေရ်မြတ်နှင့် မမ္မဒူတအဖွဲ့ကို အနုရာမ နန်းတော်သို့ပင့်၍ တရားနာကြသည်။ ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ သစ္စသံယုတ်တို့ကို ဟောသည်။အနုဋ္ဌာဒေဝီနှင့် အမျိုးသမီး ငါးရာ သောတာပန် တည်ကြသည်။

ဒေဝဒူတ သုတ္တန်ကို ဆက်ဟောရာ လူပေါင်း ၈၀၀၀ သောတာပန် တည်ကြပြန်သည်။ ရွှေနန်းတော် မဆံ့၍ နန္ဒဝန်ဥယျာဉ်တော်သို့ ပြောင်းရွှေ့ကာ အာသီဝိသောပမသုတ္တန်ကို ဟောရာလူပေါင်း ၁၀၀၀ သောတာပန် တည်ကြပြန်သည်။ နန္ဒဝန်ဥယျာဉ်သည် ဝိဝေကမဖြစ်သည့်အတွက် မဟာမေဃဝန် ဥယျာဉ်တော်သို့ ပြောင်းရွှေ့ကာ မင်း၏စံနန်းတော် မင်းကွန်းကို ကျောင်းအဖြစ် လှူသည်။

ထိုမဟာမေဃဝန် ဥယျာဉ်၌ အရှင်မဟိန္ဒသည် ခဇ္ဇနီယသုတ္တန်၊ ဂေါမယပိဏ္ဍသုတ္တန်၊ အာသီဝိသောပမသုတ္တန်၊ ဓမ္မစက္ကပဝတ္တနသုတ္တန်တို့ကို ဟောတော်မူရာ အနုဋ္ဌာဒေဝီနှင့် အမျိုးသမီး ငါးရာ သကဒါဂါမ်ဖိုလ်ရကြ၍ လူပေါင်း ၇၅၀၀ ကျွတ်တန်းဝင်ကြလေသည်။



မထေရ်မြတ် ဆွမ်းဘုဉ်းပေးပြီး သရက်စေ့ကိုမင်းကြီးစိုက်၍ မထေရ်ဟ ရေလောင်းရာ သရက်ပင် ချက်ချင်း ပေါက်လာလေသည်။ ထိုနေရာ၌ ဘုံခုနစ်ဆင့်ရှိ လောဟပါသာဒ ကြေးပြာသာဒ်ကြီး ကျောင်းအရံများနှင့်တကွ မဟာဝိဟာရ ကျောင်းတိုက်ကြီးတို့ကို တည်ဆောက်လှူဒါန်းလေသည်။

ထိုမဟာမေဃဝန် ဥယျာဉ်တော်အတွင်း ဘုရားရှင်သုံးဆူ (ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ) သမဒ်ပတ်ဝင်စားရာ နေရာ၌ ဂေါတမဘုရားရှင်၏ ဓာတ်တော် တစ်စိတ်ဌာပနာ၍ မဟာစေတီကို တည်ထားကိုးကွယ်လေသည်။ ရှေးဘုရားရှင် သုံးဆူတို့ အသုံးအဆောင် ရေစစ်၊ခါးပန်းရေသနုပ်တို့ ကိုန်းဝပ်ရာ တောင်ကုန်းတစ်ခု၌ ထူပါရုံစေတီကို တည်ထားခဲ့လေသည်။

သီရိလင်္ကာ၌ မဟာဝိဟာရ၊ ဇေတဝန၊ အဘယဂိရိဟူ၍ ကိုဏ်းကြီး သုံးကိုဏ်းရှိရာ မဟာဝိဟာရကိုဏ်းတစ်ခုသာလျှင် ရှင်မဟိန္ဒ၏ အဆက်အနွယ်ထေရဝါဒ (သမာနဝါဒ)ဖြစ်၍ဇေတဝနနှင့် အဘယဂိရိကိုဏ်းတို့မှာ မဟာယာနအနွယ် ဝိတဏ္ဍဝါဒများ ဖြစ်ကြလေသည်။

ယနေ့ ထေရဝါဒသာသနာ၌ ထင်ရှားသော အဋ္ဌကထာကျမ်းပြု ဆရာတော်ကြီး အရှင်မဟာ-ဗုဒ္ဓဃောသနှင့် အရှင်ဓမ္မပါလတို့ အိန္ဒိယမှ သီရိလင်္ကာသို့ ရောက်သောအခါ မဟာဝိဟာရသို့သာ ဂင်ရောက်တော်မူခဲ့ကြလေသည်။

မဟာဝိဟာရ ဧးကျောင်းတိုက်မှာပင် အဋ္ဌကထာကြီးများကို ပြုစုတော်မူခဲ့ကြလေသည်။ မဟာ-ဝိဟာရကျောင်းတိုက်ကြီးသည် သောင်းသိန်းချီ၍ ရဟန်းတော်များပညာသင်ရာ သာသနာ့တက္ကသိုလ်ကြီးတစ်ခုသဖွယ်ဖြစ်ခဲ့လေသည်။ သခ်ါရဓမ္မတာဟု ဆိုရဦးမည်လား၊ သာသနာနှစ်၄၀၄၄မှာ နန်းတက်သော နာဂတီသ(စောရ)မင်းသည် ကျောင်းတိုက်ကြီးများမှာမီခိုး၍ ပုန်ကန်ရေး စစ်ရေးဌာနချုပ်လုပ်ကာ နန်းလုရန်ကြိုးပမ်းခဲ့သည်။ မဟာထေရ်မြတ်တို့က ခွင့်မပြုခဲ့ကြချေ။ ထို့ကြောင့် လောဟပါသာဒနှင့်တကွ မဟာဝိဟာရကျောင်းတိုက်ကြီးတစ်ခုလုံးကို မီးရှို့ ဖျက်ဆီးခဲ့လေသည်။ မဟာဝိဟာရထေရဝါဒတက္ကသိုလ် အဋ္ဌကထာတက္ကသိုလ်၊ မဟိန္ဒတက္ကသိုလ်ကြီးကား နှစ်ပေါင်း ၂၄၀၀ခန့်သာ တည်ခွင့်ရခဲ့လေသည်။

ယခုအနုရာဓမြို့ မဟာစေတီအနီးဝန်းကျင်တွင် ကျောက်တိုင်ကြီးများကိုသာ ထိုးဆိုးထောင်ထောင် တွေ့မြင်နိုင်ပေတော့သည်။

အဖောင်းတို့ ပျက်လေသမျှ အသစ်တည်၍ လမ်းရိုး လမ်းဟောင်းပေါ်မှာ ဆက်လျှောက်ရမည်သာဖြစ်ပါသည်။ ယနေ့သီရိလင်္ကာတွင် ဝိဇ္ဇောဒယ၊ ဝိဇ္ဇာလင်္ကာရ တက္ကသိုလ်များ ပေါပေါက်လာပါသည်။

အောက်စ်ဖို့ဒ် တက္ကသိုလ်

အင်္ဂလန်နိုင်ငံက အောက်စ်ဖို့ဒ်(OXFORD) တက္ကသိုလ်ကို A.D-၁၂၄၉ခုနှစ်က စတင်တည်ထောင်ခဲ့သည်။အောက်စ်ဖို့ဒ်သည် ဥရောပတွင် ရှေးအကျဆုံး အသက်အကြီးဆုံးသော တက္ကသိုလ်ကြီးများစွာတွင် တစ်ခုအပါအဝင် ဖြစ်သည်။

OX=နွားး၊ FORD=(Shallow Place Where One Can Cross A River သို့ဖြင့်၍ (OXFORD)ဟူသည် နွားများ၊ လူများ ဖြတ်သန်းသွားလာနိုင်လောက်အောင် ရေနည်း၍ တိမ်ကောနေသောမြစ်အတွင်းက ဖြတ်လမ်းနေရာကလေး တစ်ခုဖြစ်သည်။

နွားမွေး နွားရောင်းကြသည့် လူတစ်စုရွေးရွေးက နွားအုပ်ကြီးတစ်အုပ်ကိုမောင်း၍ အရောင်းထွက်ခဲ့ရာ အင်္ဂလန်၏ ထင်ရှားသော သိမ်း(Thames)မြစ်၏ ရေတိမ်တစ်နေရာဝန်းကျင်မှာ ဖြတ်သန်းသွားလာဖို့ လွယ်ကူသောကြောင့် အခြေချ၍ စွဲမြဲစွာ နေခဲ့ကြလေသည်။မြစ်ကောတစ်နေရာ၏ မြက်ခင်းပြင်ဝယ် (Meadow Church)ခေါ်ခရစ်ယာန် ဘုရားရှိခိုးကျောင်း တစ်ကျောင်း ရှိလေသည်။ ထိုကျောင်း၌ ခရစ်ယာန်ဘုန်းကြီးများစွာတို့ ပညာသင်ကြားနေခဲ့ကြလေသည်။ အင်္ဂလိပ်ရှေးဟောင်းရာဇဝင်များအရ A.C.872တွင် Alfred ဘုရင်သည် သိမ်းမြစ်၏ မြစ်ဝှမ်းဒေသ Ford သို့ရောက်ရှိခဲ့၍ ဘုန်းကြီးများနှင့်တွေ့ဆုံခဲ့သည်။ ဘာသာရေး၊ ပညာရေးတို့ကို များစွာ စိတ်ဝင်စားသဖြင့် ခရစ်ယာန်ဘုန်းကြီးများအား အထောက်အပံ့ များစွာပေးခဲ့လေသည်။ ဤအချက်သည်ပင် အောက်စ်ဖို့ဒ်တက္ကသိုလ်အတွက် မျိုးစေ့စတင်ချခြင်း ဖြစ်တော့သည်။

A.C.(After Christ)၁၁၆၇တွင် ၁၁-ဆက်မြောက် ဟင်နရီဘုရင်သည် ပြည်နှင်ဒဏ်ကြောင့်ပြင်သစ်ပြည်တွင်ခိုလှုံနေသော ခရစ်ယာန်ဂိုဏ်းချုပ် သောမတ်စ် ဘက်စ်ကက် (Archbishop Thomas Backet)ကို ပြန်လည်ခေါ်ယူ၍ အောက်စ်ဖို့ဒ်တွင် ကျောင်းဖွင့်ရန်တိုက်တွန်းခဲ့လေသည်။ ကမ္ဘာအရပ်ရပ်သို့ရောက်ရှိနေကြသည့် များစွာသော အင်္ဂလိပ်ကျောင်းသားတို့ကိုလည်း မိခင်တိုင်းပြည်သို့ပြန်လာကြရန်နှင့် အောက်စ်ဖို့ဒ်မှာ ပညာသင်ကြားကြရန် အမိန့်ထုတ် ဆင့်ခဲ့လေသည်။

၁၂၀၉ခုတွင် မြို့သားများနှင့် ကျောင်းသားများ ပဋိပက္ခဖြစ်ကြရာ ကျောင်းကို ပိတ်ခဲ့ရလေသည်။ ကျောင်းဆရာများ၊ ကျောင်းသားများသည် အင်္ဂလန်နိုင်ငံ၏ မြို့ငယ်များ ဖြစ်ကြသော Readingနှင့် Cambridge (ရက်ဒင်းနှင့် ကိမ်းဘရစ်ဂျ်)မြို့များသို့ ထွက်ပြေးကြခဲ့ရာ ထိုမြို့များမှာပင် ပြေးရင်း လွှားရင်း တက္ကသိုလ်အသစ်များ ထူထောင်ခဲ့ကြလေသည်။ ဤသို့လျှင် Reading Universityနှင့် Cambridge Universityတို့လည်း ပေါ်ပေါက်ခဲ့ရလေသည်။

ကျောင်းများ မရှိကြသောအခါ ကျောင်းသားဖြင့် စီးပွားဖြစ်နေကြသော ကုန်သည်ပွဲစားစီးပွားရေးသမားတို့သည် စီးပွားရေးလုပ်ငန်းမရှိ ဖြစ်သွားကြရာ အလွန်အကျင်အတည်းဖြစ်ကြရလေသည်။ ထို့ကြောင့် ကျောင်းနှင့် ကျောင်းသားများအတွက် အုပ်ချုပ်ရေးဥပဒေများ၊ စည်းကမ်းများ ရေးဆွဲပြီး ဥပဒေစည်းကမ်းအရ အုပ်ချုပ်ရေးအာဏာပိုင် (ကျောင်းအုပ်)တစ်ယောက် ခန့်ထား၍ ကျောင်းသားများကို ပြန်လည်ဖိတ်ခေါ်ကြရလေသည်။

၁၃၅၅ခုနှစ်မှာ နှစ်ရက်အတွင်း အပြင်းအထန် ဖြစ်ခဲ့သော ပဋိပက္ခကြောင့် ကျောင်းသားပေါင်းများစွာ သေခဲ့ကြရသည်။ ဘုရင့်အာဏာပိုင်များက အောက်စ်ဖို့ဒ် မြို့ဘော်ဝန်နှင့် မြို့သားပေါင်း ၂၀၀ကျော်တို့ကို ဆောင်ရွက်ခဲ့ရလေသည်။ ထို့အပြင် တက္ကသိုလ် ကျောင်းအုပ်ကြီးအား လည်းကျောင်းနှင့်မြို့ကို တစ်ဦးတည်းအပိုင် အုပ်ချုပ်ရန် ဘုရင်က တိုက်ရိုက် ခန့်အပ်ခဲ့သည်။ စာမေးပွဲများ စနစ်တကျတရားဝင်စစ်ဆေးခြင်း၊ ဘွဲ့ဒီဂရီပေးခြင် မပြုလုပ်နိုင်ခဲ့သေးဘဲ ကျောရှင်ကျောင်းအဆင့်မျိုးဖြင့်သာ ရုန်းကန်လှုပ်ရှား ချီဘာက်ဆဲသာ ရှိနေခဲ့သည်။

A.C ၁၂၄၉ခုတွင် ခရစ်ယာန်ဘုန်းကြီး ဒါဟန်(Bishop Durham)က တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ဥပဒေများကို ညီး ရေးဆွဲ၍ ကျောင်းကောင်စီ၊ ကျောင်းအုပ်ကြီး၊ဒုတိယကျောင်းအုပ်ကြီးများ ဖွဲ့စည်း ခန့်အပ်ခဲ့လေသည်။ မဟာဝိဇ္ဇာဘွဲ့ရသူတို့အား ထောက်ပံ့ကြေးများပေးခဲ့လေသည်။

OXFORD

LOOKING WESTWARD ALONG THE "HIGH" AT OXFORD

တက္ကသိုလ်အာဏာပိုင်အဖွဲ့က ကျောင်းကို တိုက်ရိုက်အုပ်ချုပ်၍ စာမေးပွဲကျင်းပခြင်း၊ ဘွဲ့ဒီဂရီ ပေးအပ်ခြင်း၊ သင်ရိုးညွှန်းတမ်းနှင့် စည်းကမ်းများရေးဆွဲခြင်းစသည်တို့နှင့် တက္ကသိုလ်ကို ဗဟိုပြုင်ပြင် တည်ထောင်ခဲ့ကြလေသည်။ စည်းကမ်းဥပဒေဆိုင်ရာ ကျောင်းအုပ်ကား ခရစ်ယာန်ဘုန်းကြီးတစ်ပါး ဖြစ်ပြီး အာဏာပိုင်အဖွဲ့၏ ဥက္ကဋ္ဌမှာလည်း ခရစ်ယာန်ဘုန်းကြီးပင် ဖြစ်လေသည်။ ဤသို့လျှင် ဘုန်းကြီးများ၊ ဘုရင်များ၊ မြို့စားများက အဆင့်ဆင့် ထောက်ပံ့ စောင့်ရှောက်ခဲ့ရာ ဘုရင်ပိုင်လည်း မဟုတ်၊ အစိုးရပိုင်လည်း မဟုတ်ခဲ့သော အောက်စ်ဖို့ဒ် တက္ကသိုလ်ကြီးသည် ခေတ်အဆက်ဆက်၊ စနစ် အထွေထွေ၊ ဘုရင်အမျိုးမျိုးနှင့် ပြည်တွင်းစစ်၊ ကမ္ဘာစစ်၊ ပဋိပက္ခ အစားစားတို့ကို ဖြတ်သန်းလာခဲ့ ရသော်လည်း ပျက်စီးသည်ဟူ၍မရှိ၊ မှေးမှိန်သည်ဟူ၍မရှိ။ အစဉ်တိုးတက်လျက် ရှိနေခဲ့ပေသည်။ ပင်မ တက္ကသိုလ်ကြီး၏ အဆွယ်ကောလိပ်များကို မင်းစိုးရာဇာ သေဋ္ဌေးနှင့် ဘုန်းကြီးများ အဆင့်ဆင့် တည်ဆောက်လာခဲ့ရာ ၎င်းတို့နာမည်ဖြင့်ပင် ယနေ့တိုင် ထင်ရှားနေပေသည်။

ဥပမာ–အင်္ဂလန် နန်းရင်းဝန်ဝေါလ်တာ ဒီမာတန်(Walter De Merton) တည်ဆောက် သော ကျောင်းတိုက်ကို မာတန်ကောလိပ်ဟုခေါ်ပြီး၊ ကွယ်လွန်သည့် မိဖုရားအတွက် အလွမ်းပြေ ဘုရင်တို့ တည်ဆောက်သော ကောလိပ်သည် ဘုရင်မကောလိပ် (Queen College) စသည် ဖြစ်ခဲ့ လေသည်။ စာအုပ်ပေါင်း သုံးသန်းသိုလှောင်ထားသော စာကြည့်တိုက်ကြီးကလည်း ဘယ်တိုင်းပြည်မှာ ဘာစာအုပ်ထွက်ပြီလဲဟု နေ့တိုင်းမေးနေသည့်အတွက် ကမ္ဘာ့အကြီးဆုံး စာကြည့်တိုက်ကြီး ဖြစ်နေပေ သည်။

ဘုရားရှိခိုးကျောင်း၊ ဆေးရုံ၊ စေ့းရုံ၊ အားကစားရုံ၊ ဇာတ်ရုံများစွာတို့ဖြင့် ဝန်းရံ၍လည်း နေပေသည်။ ၁၉၇၉ခုနှစ်က ဂရင်းကောလိပ် Green College)ကို နောက်ဆုံးဖွင့်လှစ်ခဲ့လေသည်။

၁၉၆၂ခုနှစ်စာရင်းအရ အောက်စ်ဖို့ဒ် တက္ကသိုလ်တွင် အမျိုးသားတို့အတွက် သီးသန့်ဖွင့်လှစ်ထားသော ကောလိပ်ပေါင်း ၂၁ ခုဖြစ်ပြီး အမျိုးသမီးတို့အတွက် သီးသန့် ဖွင့်လှစ်ထားသော ကောလိပ်များမှာ ၎င်းခုဖြစ်သည်။ မသင်သောဘာသာမရှိ၊ မပေးသောဒီဂရီမရှိ၊ ဘာသာအားလုံးကိုသင်၍ ဒီဂရီအားလုံးပေးသည်။ ၁၉၇၉ခုနှစ် စာရင်းအရ အဆောင်နေ၍ ကျောင်းဘက်သော ကျောင်းသားပေါင်း ၉၀၀၉ဖြစ်ပြီး အမျိုးသမီးကျောင်းသူပေါင်း ၃၂၃၄ဖြစ်သည်။ ဘွဲ့ရပြီးအလုပ်နှင့်ကျောင်းတက်သူ ကျောင်းသားကျောင်းသူပေါင်း ၂၉၆၃ဖြစ်သည်။

ရှေ့သို့သာချီ

ခမ္မာသောကမင်း၏ အသောကာရုံကျောင်းတိုက်(ထေရဝါဒ တက္ကသိုလ်)ကြီးသည် နှစ်ပေါင်း ၃၀၀ကျော်တည်၍ ထေရဝါဒကို ဖြန့်ချိခဲ့သည်။

ကုမာရဂုတ္တမင်းတည်သော နာလန္ဒာတက္ကသိုလ်ကြီးသည် နှစ်ပေါင်း၃၀၀ကျော်တည်၍ မဟာယာနဝါဒကို ဖြန့်ချိခဲ့သည်။ ဒေဝါနံပိယတိဿမင်း၏ မဟာဝိဟာရနှင့် လောဟပါသာဒ ကျောင်းတိုက်ကြီးများသည် နှစ်ပေါင်း ၂၄၀ကျော်တည်၍ ထေရဝါဒအဓိကဃာ၊ ဋီကာကြီးများကို ပြုစုဖြန့်ချိခဲ့သည်။

အောက်စ်ဖို့ဒ်တက္ကသိုလ်ကြီးကား စတင်တည်ထောင်သည့် ၁၂၄၉ခုနှစ်မှစ၍ ယနေ့အထိ နှစ်ပေါင်း ၇၃၅နှစ်ဘိုင် တည်ရှိနေဆဲဖြစ်၍ ကမ္ဘာ့သို့ ပညာရပ်မျိုးစုံကို ဖြန့်ချိဆဲပင် ဖြစ်ပါသည်။ 'ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု'ဟူသော ကြွေးကြော်သံသည် ထုတိမင်္ဂလာ သုတိသာလှပါသည်။ ထိုအသံကို အဆံပါအောင်-

'ဒဋ္ဌံ ပဂ္ဂဏှ-ဝီရိယံ၊ မာနံဝဇ္ဇာ အဘဉ်္ဂမ။'
'ဇွဲကိုကိုင်ဆုပ်၊ နောက်မဆုတ်၊ အဟုတ်မျှော်သို့တက်။'

ကြီးကျယ်သော လုပ်ငန်းကြီးများကို ခွန်အားဖြင့် တည်ဆောက်သည်မဟုတ်၊ ဇွဲလုံ့လဖြင့်သာ ဟည်ဆောက်ကြသည်။

Great Work Are Performed Not By Strength But By Perseverance.

သီဘဂ္ဂစန်းလပမာ ချမ်းမြေ့သာယာရှိကြပါစေ။

သီဘဂ္ဂ-အာနန္ဒကိသရ

စစ်ကိုင်းတောင်

ပြည်တွင်းပြည်ပ သာသနာပြုရေး

ကြည်ပြ

ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများ တည်ဆောက်လျက် ရှိသည့် သတင်းကား နိုင်ငံတစ်ဝန်းမှာ အကျော်ဇောယျပင်ရှိပါ၏။

ယင်းတက္ကသိုလ်တို့ပြီးစီးသော်ဘာသာငါးမျိုးဖြင့် ပိဋကတ်သုံးပုံကို သင်ကြား ပို့ချပေးရင်း ပြည်တွင်းပြည်ပ သာသနာပြုနိုင်မည့် သာသနာ့အာဇာနည်များကို မွေးထုတ်ကာ သာသနာပြုစေမည်ဟု သိရပေသည်။

ဤရည်ရွယ်ချက်ကား မွန်မြတ်လှပါ၏။ ခေတ်အခြေအနေအရလည်း အလွန်လိုအပ်သည်ဟု ဆိုချင်ပါသေးသည်။

ဗုဒ္ဓ သက်တော်ထင်ရှား ရှိစဉ်ကလည်း ဗုဒ္ဓကိုယ်တော်တိုင် ဆုံးမသြဝါဒပေးကာ ဤသို့ပင် ကိုင်းဌာနအသီးသီးသို့ သာသနာပြု ပုဂ္ဂိုလ်များ စေလွှတ်ခဲ့ကြောင်းတွေ့ရ၏။ အသောကမင်းသည် ဘီစီ (၂၃၅) တွင် တတိယ သင်္ဂါယနာ တင်ခဲ့သည်။ သင်္ဂါယနာပွဲ ပြီးဆုံးသော် အခါ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုအဖွဲ့များ စေလွှတ်သော သမိုင်းအစဉ် အလာလည်း ရှိခဲ့ပေသည်။

ဆောင်းပါး၏ အဟက်တစ်နေရာတွင် သာသနာပြုလုပ်ငန်းသည် ခေတ် အခြေအနေအရ အလွန်လိုအပ်သည်ဟူသော အဆုံးအနှန်းပါရှိခဲ့ရာ ယင်းအချက်ကို အနည်းငယ်ရှင်းလင်းလိုပါသည်။

ဤကမ္ဘာ၌ တစ်လုံးသုံးရုံနှင့်၊ တစ်ဆန်ပစ်ရုံနှင့် လူတွေ့ သိန်းသန်းခြီ၍ သေနိုင်သော လက်နက်များကို ပိုင်ဆိုင်သူ ခေါင်းဆောင်များသည်လည်း ယင်းလက်နက်ဆန်းများကိုမှီ၍ မာန တက်လျက် ရှိကြသည်ဟုထင်ပါသည်။ ရေနံသုံးမကုန်အောင် ထွက်သည့်နိုင်ငံတို့ကလည်း ထိုရေနံဖြင့် ကမ္ဘာကို ခြိမ်းခြောက်မာနထန်လျက်ရှိသည်ဟုထင်ပါသည်။ လူသုံးကုန်ပရိဘောဂမျိုးစုံကို ထုတ်လုပ်နိုင်သည့် တိုင်းပြည်ကလည်း ထိုပစ္စည်းများဖြင့် လောဘကို အတောမသတ်နိုင်အောင်ရှိကြပြန်သည်။ လူဦးရေ အဆမတန် များပြားနေသော နိုင်ငံတို့ကလည်း အကြောင်းပေါလာလျှင် မိမိတို့ လူဦးရေဖြင့် ဟန်ရေးတပြပြ၊ ဒေါသတထောင်ထောင် ဖြစ်နေကြသည်ဟု ယူဆမိပါသည်။

သို့ကြောင့် ယနေ့ကမ္ဘာကို လှမ်းမျှော်ကြည့်သော် သည်းထိတ်ရင်ဖိုဖွယ်ရာပင်တွေ့ချည်း မြင်တွေ့နေရသည်။ ကြားသိနေရပါသည်။

ယင်းပြဿနာ အရပ်ရပ်ကို နိုင်ငံအသီးသီးမှ ခေါင်းဆောင်များသည် နည်း အမျိုးမျိုးဖြင့်

အဖြေရှာလျက်ရှိကြ၏။ လက်နက်ကိုင် တိုက်ပွဲဖြင့် ဖြေရှင်းကြ၏။ ပြန်ပေးဆွဲခြင်း၊ လေယာဉ်နှင့် သဘော်ဂကို အပိုင်စီးခြင်း စသည် စသည်တို့။ မျက်နှာစုံညီ တွေ့ဆုံဖြေရှင်းနည်းကိုလည်း ကျင့်သုံးကြ၏။ပြေသည်လည်းရှိ၏။ သို့သော် မပြေသည့် အခြေက ဒုနှင့်ဒေး။ ပုထုဇဉ်မှန်သမျှ လောဘ ဒေါသ မောဟမာနတွေ ရှိကြသည်ချည်းဖြစ်၏။ ပြင်းထန်သူနှင့်ပါးလျားသူသာ ကွာ၏။ ထန်ပြင်းသော လောဘဒေါသ၊မောဟ၊ မာနတွေ ဓာတ်ခံရှိသူတို့၏ တွေ့ဆုံဖြေရှင်းမှုကား စစ်မှန်သော ပြေလည်မှု ပြည့်စုံသော ငြိမ်းအေးမှုကို ရလိမ့်မည်ဟု မမျှော်လင့်မိပါ....။

အကြောင်းကား ဤကမ္ဘာရှိ များလှစွာသော လူသားထုကြီးမှာ(ကမ္ဘာ့ ခေါင်းဆောင်ကြီးများ အပါအဝင်) လောဘ၊ ဒေါသ၊ မောဟ၊ မာနခိုးတို့ဖြင့် ပိတ်ဖုံး ကာဆီးခံနေ ကြရသောကြောင့် တည်း။ကမ္ဘာ့ပြဿနာကို ဖြေရှင်းကြသူတို့၊ နိုင်ငံတွင်းပြဿနာကိုဖြေရှင်းကြသူတို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်နည်းများကို တတ်ကျွမ်း နားလည်ကြသူတွေ ဖြစ်ပါလိမ့်မည်။ သို့သော် ခေါင်းဆောင်ကြီးတို့၌ အရေးကြီးသော နည်းတစ်နည်း လိုဒနသည်ဟု ထင်ပါသည်။ ထို့နည်းမှာ ဗုဒ္ဓ၏ ဗုဒ္ဓဝါဒနည်းပင် ဖြစ်ပါသည်။

ဤလူ့လောက၌ ရုပ်ပိုင်း လိုအပ်ချက်တွေ ပြည့်စုံလျှင် လောကနိဗ္ဗာန်ဟုအချို့က ထင်နေကြ၏။ သို့သော် စာရှင်းဇယား ပြုစုသူတို့၏ဘင်ပြဲချက်အရ ဤကမ္ဘာတွင် ကိုယ့်ကိုယ်ကိုယ်သင်္ခ၌ ဘဝဆုံးကြသည့် လူဦးရေအများဆုံး နိုင်ငံများမှာ ရုပ်ပစ္စည်း ပြည့်စုံသော နိုင်ငံတွေချည်း ဖြစ်နေကြလေသည်။ သို့ဆိုလျှင် ရုပ်ပစ္စည်းပြည့်စုံတိုင်း စိတ်ငြိမ်းချမ်းမှု မရနိုင်ကြောင်း ထင်ရှားသည်။ ပစ္စည်းမပြည့်စုံသော်လည်း စိတ်ငြိမ်းအေးမှု ရနိုင်သောနည်းကား ဗုဒ္ဓရှင်၏ ဆုံးမသြဝါဒ တရားကို သိရှိကျင့်သုံးလိုက်နာခြင်းပင်တည်း။

ဗုဒ္ဓတရားသည် တစ်ဦးတစ်ယောက်၏ ငြိမ်းချမ်းမှု သာမက ကျင့်သုံးတတ်လျှင် တိုင်းပြည်နှင့် ချီ၍လည်း အကျိုးရှိနိုင်ပါသည်။

အမျှားချမ်းသာရေးအတွက် ကိုယ်ကျိုး ကိုယ့်စီးပွားကို စွန့်ခြင်း၊ သတ္တဝါတွေအပေါ် ကိုယ်ချင်းစာတရားထားခြင်း၊ မေတ္တာပွားများခြင်း၊ ချမ်းသာသူတို့အပေါ် ဝမ်းမြောက်ဝမ်းသာ စိတ်ထားနိုင်ခြင်း၊ မပြည့်စုံသူတို့၏ လိုအပ်ချက်ကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးခြင်း၊ ရှိသမျှနှင့် ရောင့်ရဲတင်းတိမ်နိုင်ခြင်း၊ အား ကြီးသူက အားနည်းသူအပေါ် မညှဉ်းဆဲခြင်း၊ လောဘ၊ဒေါသ၊ မောဟတရားတွေဖြင့် ပါးလျားရာကုန်ရာကို ကျင့်သောနည်းရှိခြင်း၊ အကုသိုလ်ဘရားဖြင့် ချမ်းသာအောင် စီးပွားမရှာခြင်း စသည့်လူသားတို့ လိုက်နာကျင့်သုံးထိုက်သည့် လောကအဆီအနှစ်တွေများ ဗုဒ္ဓဝ!ဒတွင် စုဝေးလျက်ရှိကြပေသည်။

ထို့ကြောင့် နိုင်ငံအသီးသီး၏ ခေါင်းဆောင်ကြီးများအဖို့ ပြည်သူလူထုအဖို့ရှိပြီး အရည်အချင်းနှင့် ဗုဒ္ဓဝါဒသာ ပေါင်းစပ်လိုက်ရလျှင် ကမ္ဘာ့အခြေအနေမှာ ယခုထက် ငြိမ်းချမ်းသာယာမှု ရလိမ့်မည်ဟု ယူဆမိပါသည်။

ဤ အယူအဆကြောင့်ပင် ပြည်ပသာသနာပြုရေးကို ထောက်ခံရခြင်းဖြစ်ပါသည်။

တစ်ခါ ကိုယ့်ပြည်တွင်းကို လှည့်လိုက်သော် ဘာသာသာသနာရေးနှင့် ပတ်သက်၍ လူငယ်လူလတ်များကို ကြည့်ရသည်မှာ အားရစရာမရှိလှ။ အထူးသဖြင့် မြို့ကြီးပြကြီးနေ လူငယ်လူလတ်များ၊ ကျွန်တော်တို့ နိုင်ငံ၏ယဉ်ကျေးမှုများဓလေ့ထုံးစံများ၊ လူမှုဆက်ဆံရေးများသည် များသောအားဖြင့် ဗုဒ္ဓဝါဒလောင်းရိပ်မှ ကင်းလွတ်ကြသည်မဟုတ်။ တချို့ အယူအဆ အမြင်အထင်များမှာ ဗုဒ္ဓဝါဒနှင့် ခွဲခြား၍ပင် မရဟုဆိုနိုင်ပါသည်။

သုံးဆယ့်ရှစ်ဖြာသော မင်္ဂလာတရား၊ သိင်္ဂါလောဝါဒသုတ်လာ မိဘဝတ္တရားနှင့် သားသမီးဝတ္တရား၊ ဆရာဝတ္တရားနှင့်တပည့်ဝတ်၊ လင်သားဝတ်နှင့်မယားဝတ်၊ မိတ်ဆွေကောင်း ဝတ္တရား

စသည်တို့မှာ ယနေ့တိုင် ခေတ်မီလျက်ရှိကြသည်။ သို့ဖြင့် လောက သာရပျို့၊ ပုတ္တော ဝါဒပျို့၊ လောကနီတိကျမ်း၊ စာဏကျနီတိ၊ မဟာဘာရတကျမ်းစသည်တို့ကလည်း သုံးတတ်သူ အဖို့လောကီလောကုတ်အဖိုးမဖြတ်နိုင်သည့် ရတနာများပင်ဖြစ်ပေလိမ့်မည်။ သို့သော် ယနေ့ လူငယ်လူလတ်တို့မှာ များသောအားဖြင့် အထက်ပါ ဆုံးမသြဝါဒများနှင့် ကင်းဝေးလျက်ရှိကြ၏။ သို့ကြောင့် အနန္တောအနန္တ ငါးပါး၏ ကျေးဇူးတရားတွေကို ဥပေက္ခာပြုလာကြ၏။ ယဉ်ကျေးမှုတရားတွေ ဆိတ်သုဉ်းလာကြ၏။ အဆင့်ဆင့် စောင့်ထိန်းရမည့် မိမိ၏ ဝတ္တရားများလည်း ပျက်ကွက်လာကြ၏။ ဝမ်းနည်းဖွယ် ကောင်းလှသည်။ အထက်ဖော်ပြပါ အားနည်း ချက်များကြောင့် ပြည်တွင်းသာသနာပြုလုပ်ငန်းကိုလည်း ယခုထက်စည်းစနစ်ကျကျ ခေတ်မီမီ ဆောင်ရွက်သင့်ကြောင်း တင်ပြရခြင်း ဖြစ်ပါသည်။ ပြည်တွင်း သာသနာပြုရေးတွင် အတုယူစရာရှိပါသေးသည်။

ကျွန်တော်တို့နိုင်ငံ တောင်ပေါ် ဒေသတွင် နေထိုင်ကြသည့် တိုင်းရင်းသားများအား နိုင်ငံခြား သာသနာပြုတို့သည် နှစ်ပေါင်း များစွာ သာသနာပြုခဲ့ကြ၏။ သူတို့လုပ်ဆောင်ချက် အောင်မြင်သည်ဟု ဆိုရပေမည်။ နောက်ခံ အထောက်အပံ့ အင်အားတောင့်တင်းခြင်း၊ အုပ်ချုပ်သူအစိုးရက အားပေးခြင်း၊ ငွေလုံလျှိခြင်း၊ ကိုယ်ကျိုး ကိုယ့်စီးပွားကို စွန့်လွှတ် အနစ်နာခံခြင်း၊ သစ္စာသမာဓိရှိခြင်းတို့ကား သူတို့၏ အောင်မြင်မှုများဟု ဆိုသော် ရအံ့ထင်ပါသည်။ ကျွန်တော်တို့ သာသနာပြုများ သတိမူရပေလိမ့်မည်။

ဤနေရာ၌ ဗုဒ္ဓဘက္ကသိုလ်ဦးစီးနာယကပြုလုပ်ကြမည့်ပုဂ္ဂိုလ်ကြီးများအား သာသနာပြုရေးနှင့် ပတ်သက်၍ တင်ပြရန် အချက်အလက်များ ရှိပါသည်။ ယနေ့ခေတ်သည် လကမ္ဘာသို့ လူသားတွေ ရောက်ပြီဖြစ်သောခေတ်၊ ကွန်ပြူတာခေတ်၊ ဒုံးစက်မှုသိပ္ပံဖြင့် မြေလျှိုး မိုးပံ့ နေသော ခေတ်ဖြစ်ရာ ဗုဒ္ဓ သာသနာပြုရာ၌ အရေး အသား အပြောအဟော အယူအဆတွင် ဘိုးတော် ဘုရား ခေတ်အခြေအနေ ပုံစံမျိုး ဆိုလျှင်လည်း အံဝင်ခွင်ကျဖြစ်ကြမည် မဟုတ်ပါပေ။

ထို့ပြင် သာသနာပြု ပုဂ္ဂိုလ်များသည် ဗုဒ္ဓ၏ သုတ် ဝိနည်းအဘိဓမ္မာ သာမက အခြားသောဗဟုသုတများလည်း သင့်တင့်လျောက်ပတ်စွာသိထားဖို့ ရှိထားဖို့လိုပါလိမ့်မည်။

ဗုဒ္ဓသည် ဘီစီ ခြောက်ရာစုဆီက ပွင့်တော်မူခဲ့၏။ မဇ္ဈိမဒေသ၌ ဗုဒ္ဓ ပွင့်တော်မူသော အချိန်တရုတ်ပြည်သမိုင်းတွင် လောင်အိုဇီနှင့်ကွန်ဖြူးရှပ်ကဲ့သို့သောပညာရှင်ကြီးများပေါ်လာသောခေတ် ဖြစ်ပါသည်။ ဂရိ ပြည်တွင်လည်း ကမ္ဘာကျော်သည့် "ပိုင်သာဂိုရတ်" အမည်ရှိ ပညာရှင်ကြီးပေါ်ထွန်းသည့်ခေတ် ဖြစ်သည်။

ထို့ကြောင့် ဘီစီခြောက်ရာစုခေတ်က အချို့သော ကမ္ဘာ့နိုင်ငံတို့၏ သမိုင်းကိုလည်း လေ့လာဖို့ လိုမည်ထင်ပါသည်။ အိန္ဒိယပြည်၏ အခြေအနေကိုလည်း သိထားဖို့လိုပါမည်။ ဘီစီခြောက်ရာစုမတိုင်မီ ဘီစီတစ်ထောင်စုအတွင်းအိန္ဒိယပြည်၏ ကိုးကွယ်မှု အုပ်ချုပ်မှု၊ စီးပွားရေး လူမှုရေးတို့ကိုလည်း တီးမိခေါက်မိဖို့ လိုပါလိမ့်မည်။

ဤတွင်သာမက မဇ္ဈိမဒေသဟု သတ်မှတ်ထားရာဒေသ၏ ပထဝီအနေအထား၊ ထိုစဉ်ကအကျော့ငယ္ယု ဖြစ်ခဲ့ကြသည့် တိုင်းကြီးများ၊ မင်းနေပြည်များ၊ ကျေးရွာများ၊ မြစ် မျှောင်း အင်း အိုင် တောတောင်များအပြင် ယနေ့အိန္ဒိယတိုက်ငယ်၏ ပထဝီအနေအထားတို့ကိုပါ သိထားသင့်ပါသည်။

ယင်းဗဟုသုတများသည် သာသနာ ပြုရေး၌ များစွာပင် အထောက်အကူ ပြုပါလိမ့်မည်။

ဤသို့ ဘက်စုံတော်သော သာသနာပြုပုဂ္ဂိုလ် အာဇာနည်များဖြင့် ဗုဒ္ဓသာသနာကို ပြည်တွင်း ပြည်ပပြုကာ အေးငြိမ်းချမ်းသာသော ကမ္ဘာကြီး အဖြစ်သို့ပို့ဆောင်နိုင်ကြပါစေဟုဆန္ဒပြုရပါသည်။

ကြည်မြ

ကမ္ဘာတစ်ဝန်းသာသနာရောင်လွှမ်းစေမည့် စန္ဒမုနိ | ဘားအံ |

ပန်းချီ ကြည်သိန်း

မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ဘုရားရှင်၏ သာသနာတော်သုံးရပ် ကမ္ဘာချင်းအောင် တည်စိမ့်သောငှာ ရန်ကုန်နှင့် မန္တလေးတွင် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး ၂ ဆူ ပေါ်ထွက်လာရေးကို ကိုယ်တော်တိုင် ဝါယာမစိုက်၍ လုပ်ဆောင်တော် မူနေပါသည်။

ဤသည်ကို မြင်ရသောအခါ ရှေးက ပေါ်ထွန်းခဲ့ဖူးသော ပုဒ္ဓတက္ကသိုလ်ကျောင်းတော် ကြီးများ အကြောင်းကို လက်လှမ်းမီသမျှ တင်ပြချင်လာပါသည်။ အာဘယ်ကြောင့်ဆိုသော် သမိုင်းဟောင်းသည် သမိုင်းသစ်အတွက် အထောက်အကူပြုရိုးရှိသောကြောင့် ဖြစ်ပါသည်။

ಪ್ರಾಚೀನ ಬೃಹದ್ವಿಗ್ರಹ
ಶ್ರೀಕೃಷ್ಣರಾಜಪುರ ಗ್ರಾಮದಲ್ಲಿ
ಎಲ್ಲಮ್ಮನ ಬೆಟ್ಟದ
ಸಮೀಪದಲ್ಲಿ

ಕೇಶವಸ್ವಾಮಿ ದೇವಾಲಯದ
ಮುಖಮಂಟಪದಲ್ಲಿ ಇರುವ
ಶ್ರೀವಿಷ್ಣುವಿನ ಎಲ್ಲಮ್ಮನ ಬೆಟ್ಟದ
ಸಮೀಪದಲ್ಲಿ





မဟာဘာရတ ခေတ်

ဗုဒ္ဓ ခေတ်တွင် မဟာဘာရတ (အိန္ဒိယပြည်)၌ အထူးထူးသော ပညာရပ်များကို သင်ကြားရာ ဗဟို ဌာနသည် 'တက္ခသိလာ' ဖြစ်လေသည်။

တက္ခသိလာတွင်ဗုဒ္ဓဝါဒရေးရာ ပညာရပ်များကိုအဓိကထား၍ပို့ချသော်လည်း ဝေဒ-ဒဿနပညာရပ်များ ၊အတ္ထသျှတြ - အုပ်ချုပ်ရေး ပညာရပ်များ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ပညာရပ်များ၊အုပ်ချုပ်ရေးနှင့်လူမှုရေးဆိုင်ရာပညာရပ်များ၊ စာပေ စီကုံးထုံးဖွဲ့မှုဆိုင်ရာ သဒ္ဒါကျမ်းတို့ အပြင် ခေတ်ကာလ အလျောက် တိုင်းပြည် တစ်ပြည်နှင့် တစ်ပြည် လူမျိုးတစ်မျိုးနှင့်တစ်မျိုးယဉ်ကျေးမှု ဆက်ဆံရေး အတွက် ပြဿို အကွာရာ စာပေ၊ အာရဗီ အကွာရာ စာပေနှင့်ခရေ့သျှိုအကွာရာစာပေ တို့ကိုပါ သင်ကြား ပို့ချကြောင်း တက္ခသိလာကို တူးဖော် ကြစဉ်က ခိုင်လုံသော အထောက် အထား များ တွေ့ရပေသည်။

ယနေ့ကမ္ဘာ့ဘာသာ အသီးသီး ဖြင့် ပြန်ဆိုနေကြသော 'စာဏကျ နီတိ'မှာ တက္ခသိလာမှ ဆရာကြီး



မဟာဘာရတခေတ် တက္ခသိလာမြေပုံ



တကွသိလာကို တူးဖော်ရာ ရှိရှိ၍
တကွသိလာ ပြတိုက်တွင် ပြသထားသော

(၁) ရွှေလည်ဆွဲ
(၂) ရွှေနားဆွဲ
(၃) အာရမစ် အက္ခရာရေး
ကျောက်စာတိုင်ငယ်





တက္ခသိလာ ပြတိုက်ရှိ
(၄) ကျောက်စိန်ရွေနားဆွဲ
(၅) ရွှေလက်စွပ်
(၆) ရွှေလက်ကြပ်
(၇) ဒင်္ဂါးအမျိုးမျိုး

Plan of Pippala Monastery, Taxila.



စာဏာကျပြုစုသော နိတိဖြစ်သည်။ ယနေ့တိုင် ပြိုင်ဘက် ကင်းသော ပါဏိနီသင်္ကတ သဒ္ဒါကျမ်း မှာလည်း တက္ခသိလာမှ **ဆရာကြီး** ပဏ္ဍိတပါဏိနီ၏ လက်ရာ ဖြစ်ပါသည်။ ခွဲစိတ်ကုသမှုပညာရပ် ဆိုင်ရာ ဆရာကြီးမှာ 'ပဏ္ဍိတ ကုမာရဇီဝက'ဟု ဆိုသည်။ တက္ခသိလာကျောင်း တော် ရာသည် ယနေ့ပါကစ္စတန်ပြည် ရာဝါပင်ဒီမြို့နှင့် ၁၈ မိုင်အကွာတွင် ရှိနေပေသည်။

မဂဓခေတ်

ထို့နောက် အိန္ဒိယ ပြည်ကို မဂဓဘုရင်များ ကြီးစိုးလာသော အခါ အထူးထူးသော ပညာရပ်များကို သင်ကြားရာ ဌာနသည် (ကာသီ)ဗာရာဏသီတွင် ဖြစ်လာလေသည်။ ပညာ လိုလားသော မဂဓ ဘုရင် မင်းမြတ်တို့ ထံမှ အထောက် အပံ့ကို ရရှိကြသဖြင့် ဗုဒ္ဓဝိဟာရ ကျောင်းတော်ကြီးများနှင့် သံဃာရာမ ကျောင်းတော်ကြီးများလည်း ပေါ်ထွန်း လာခဲ့သည်။



အပေါ်ပုံ
တက္ခသိလာရှိ ဗိဟာရဂိုဏ်း စေတီပျက်အတွင်းမှ ရသော ကျောက်စေတီငယ်

အောက်ပုံ
တက္ခသိလာရှိ ကုန်လ စေတီ

နာလန္ဓာတကၠသိုလ္မွ
တူးေဖၚရရွိေသာ
မိသန္း ေၾကြးသြန္းရုပ္

နာလန္ဓာတကၠသိုလ္

နာလန္ဓာတကၠသိုလ္ကို ဂုတ္တမင္း ဆက္ ကုမာရဂုတ္တလက္ထက္ ခရစ္ ၄၂၀ တြင္ စတင္ တည္ေထာင္ သည္ဟု အဆို ရွိသည္။ စင္စစ္ နာလန္ဓာသည္ ကုမာရဂုတ္တ ဘုရင္ လက္ထက္ မတိုင္ခင္ ကတည္းက သံဃာရာမ စာသင္တိုက္ၾကီးအျဖစ္ ရွိၿပီး ျဖစ္သည္။ ကုမာရဂုတ္တ ဘုရင္လက္ထက္တြင္ စာသင္တိုက္ အဆင့္မွ တကၠသိုလ္ အဆင့္သို့ ျမွင့္၍ တည္ေထာင္လိုက္ျခင္း ျဖစ္သည္။

တရုတ္ဘုန္းေတာ္ၾကီး 'ဟုအင္ ဆင္ၿင္အိဆင္'တို့၏ မွတ္တမ္းတြင္ နာလန္ဓာတကၠသိုလ္ အေၾကာင္းကို အက်ယ္တဝင့္ ေရးထားေပသည္။ ဘုန္းေတာ္ၾကီး ဟုအင္ ဆင္ မွာ နာလန္ဓာတြင္ ဗုဒၶဒဿနပညာရပ္ ကို ၁၀ ၿခံ့ၾကာမ်ွ သင္ၾကားခဲ့၏။ လက္ေထာက္ဆရာ အျဖစ္ လည္း ဝင္၍ တာဝန္ထမ္းဖူး၏၊ မိမိတိုင္း ျပည္သို့ သယ္ေဆာင္ သြားရန္ အတြက္လည္း ေျမာက္ေျမာက္ျမားျမား သေဘာ စာအုပ္စာတမ္းမ်ားေရး၏။ ကူး၏။

နာလန္ဓာတကၠသိုလ္ကို ထိုတကၠသိုလ္မ်ားတြင္ ဗုဒၶဝါဒ အာဘိဓမၼာေရးရာ ပညာရပ္ မ်ား အျပင္ ေဝဒ-ဒဿန ပညာရပ္၊ ဆေးပညာ၊ သခ်ၤာပညာ၊ အရိယ ေဝဒိက ပညာရပ္မ်ားကိုပါ သင္ ၾကား ပို့ခ်လ်ေသည္။

ထိုအခါသမယက ဟိန္ဒူဘုရင္ တို့ကသာ ထိုတကၠသိုလ္ ေက်ာင္း ေတာ္ၾကီးမ်ားကို ေထာက္ပံ့ ကူညီ ၾကသျဖင့္ ဗုဒၶတကၠသိုလ္ ျဖစ္လင့္ ကစား ဟိန္ဒူဓမၼေရးရာနွင့္ ဟိန္ဒူ ဒဿန ပညာရပ္မ်ားကို အတုံ့ အျပန္သေဘာျဖင့္ သင္ၾကားပို့ခ် ေပးေနလ်ေသး၏။ ယင္း အခ်က္ကို ေထာက္၍ ဗုဒၶဘာသာနွင့္ ဟိန္ဒူ ဘာသာတို့သည္ အခ်င္းခ်င္း ရိုင္း ပင္းကူညီၾကလ်က္ လိုက္ေလ်ာ ခြင့္ လြတ္နိုင္ၾကေၾကာင္း ထင္ရွားေပ သည္။



ရဟန်းတော် ၄၀၀၀-ကျော် သီတင်းသုံးသော နာလန္ဒာတက္ကသိုလ်မှ အဆောင်ကြီးသည် နိုင်ငံခြား ဘာသာခြား စစ်နိုင်ငံတို့၏ ဖျက်ဆီးခြင်းကြောင့် အုတ်ပုံကြီးအဖြစ် မြင်တွေ့ရပုံ

နာလန္ဒာတက္ကသိုလ်မှ ထင်ရှားသော ကထိက ပဏ္ဍိတ များ၏ အမည်များမှာ-

၁။ ဇိနမိတ္တရ၊
၂။ သီဂရဗုဒ္ဓ၊
၃။ စန္ဒြပါလ၊
၄။ ဉာဏစန္ဒြ၊
၅။ ဈေရမတြ၊
၆။ ပဘာကရမိတ္တ၊
၇။ ဓမ္မပါလ၊
၈။ ဘဒ္ဒသေန၊
၉။ ပဏ္ဍိတသန္တရက္ခိတတို့ ဖြစ်သည်ဟု အာဆင်၏မှတ်တမ်းက ဆိုသည်။

တက္ကသိုလ်ဝင်ခွင့်

တရုတ်ဘုန်းတော်ကြီး ဟုအင် ဆင်ရေးသော 'ဒွါရပဏ္ဍိတ စာတမ်း'တွင်....

နာလန္ဒာ တက္ကသိုလ် ကျောင်းတော်ကြီးကို အလွန်မြင့်မားသော တံတိုင်းဖြင့် လေးဘက် လေးတန် ကာရံထားသည်။ ကောင်းမှုရှင်မှာ 'ဟသ' ဘုရင်မင်းကြီး ဖြစ်နိုင်စရာ ရှိသည်။ တံတိုင်းလေးဘက်ရှိသော် လည်း ဝင်ပေါက်မှာ တစ်ပေါက် တည်းရှိသည်။ ထိုတံခါးပေါက် တဲကျောင်းတွင် အင်္ဂြိသိတင်းသုံး နေတော်မူသော ပညာရှိ ရဟန်း တော် တစ်ပါး ရှိသည်။ သူ့ကို 'ဒွါရပဏ္ဍိတ'ဟု ခေါ်သည်။

ရပ်ဝေးမှ နာလန္ဒာသို့ ပညာသင်ကြားရန် ရောက်လာကြသော သူများကို ဒွါရပဏ္ဍိတက သူ့ တဲကျောင်းသို့ခေါ်၍ အရည်အချင်း စစ်ဆေးသည်။ အကြင် သူသည် ဒွါရပဏ္ဍိတ၏ စစ်ဆေးမေးမြန်းသော ပုစ္ဆာ ပြဿနာများကို ကျေနပ်လောက်အောင် ဖြေဆိုခြင်းမပြုနိုင်ခဲ့လျှင် ထိုသူသည် ဝမ်းနည်းစွာပင် လာရင်းသို့ ပြန် ရသည်သာဖြစ်သည်။

ဒွါရပဏ္ဍိတ၏မေးခွန်းကိုဖြေဆို နိုင်ရန်အတွက်ရှေးကျမ်းများအပြင် ထိုခေတ်က ထင်ရှားသော ပညာရှိ တို့၏ လက်ရာ ကျမ်းစာပေများကို ပါ ဖြေဆိုနိုင်ခြင်း ရှိရ ပေမည်။ အသစ်ရောက်လာသော စာသင် သား တိုင်း သည် ဒွါရပဏ္ဍိတ၏ စေ့စပ်သေချာသော မေးခွန်းများ နှင့် ရင်ဆိုင်တွေ့ကြုံရမည်သာဖြစ် သည်။ နာလန္ဒာတက္ကသိုလ် ဝင်ခွင့် စာမေးပွဲအတွက် ဒွါရပဏ္ဍိတရှေ့၌ မည်မျှခက်ခဲစွာဖြေဆိုရသနည်းဟူမူ ၁၀ ယောက် ဝင်ရောက် ဖြေဆိုရာ တွင် ရှစ်ယောက်၊ ခုနစ်ယောက် မှာ မအောင်မြင်ဘဲ ပြန်လှည့်သွား ရသည်ချည်း ဖြစ်သည်ဟု ဘုန်း တော်ကြီး ဟုအင်ဆင်က မှတ်တမ်း တင်ခဲ့သည်။

ဝိကရမသီလာ တက္ကသိုလ်တွင် လည်း ဤနည်းစနစ်အတိုင်း ကျင့် သုံးပေသည်။ ကွဲပြား သည် မှာ ဝိကရမသီလာက တံခါးခြောက် ပေါက် ထား၍၍ တံခါးပေါက် တိုင်း၌ ဒွါရပဏ္ဍိတ တစ် ဦး စီ ရှိခြင်းပင် ဖြစ်သည်။

ဒွါရပဏ္ဍိတ၏ မေးခွန်းပုစ္ဆာကို ဖြေဆိုနိုင်၍တက္ကသိုလ်သို့ဝင်ရောက် ပညာသင်ခွင့်ရသော ပုဂ္ဂိုလ်သည် မိမိ၏ အောင်မြင်မှု အပေါ် မာန် မာနဟက်ကြွရန် အခွင့်အရေးမရ နိုင်ကြပေ။ သူတို့၏ မာန်မာနသည် တက္ကသိုလ်တွင်းသို့ ဝင်ရောက်လာ သည်နှင့်တပြိုင်နက်တည်း အရည် ပျော်ကျသွားတော့သည်သာ ဖြစ် ၏။

ဤမျှခက်ခဲသော ပညာရပ်များ ကိုဖြေဆိုအောင်မြင်ပြီးမှတက္ကသိုလ် သို့ ဝင် ရောက် ရ သော် လည်း နာလန္ဒာတွင်ပညာသင်ကြားနေသူ အပေါင်းမှာ တစ် သောင်း ခန့် ရှိသည်။ ထိုကျောင်းတော်ကြီး၌ ပါမောက္ခမှအစ ကထိက အဆုံး သင်ကြားပို့ချသူ ဆရာများမှာ ဗုဒ္ဓဘာသာရဟန်းတော်များချည်း ဖြစ်သည်။

ကထိကဆရာများ

ပညာပို့ချသော ကထိကဆရာ ကြီးများသည် ရှေးထုံး ဓလေ့ အတိုင်း အလွန်ရိုးသားစွာ ကျင့်ကြံ နေထိုင်ကြသည်။ စာသင်သားများ ကလည်း ဆရာအရှင်တို့ကို အလွန် ရိုသေလေးစားကြရသည်။ သီးသန့် ခွဲထားသော အခန်းများ၌ ဝေဒ ကျမ်းပညာရပ်၊ ဟေတုဝိဇ္ဇာပညာ

မီးလောင်ပျက်စီးသည်ဟု ယူဆရသော နာလန္ဒာတက္ကသိုလ် အမှတ်(၁)ပုံ





နာလန္ဒာကျောင်းတော်မှ စာသင်ခန်းတစ်ခန်းပုံ

ရပ်၊ သမ္မဝိဇ္ဇာ ပညာရပ်၊ တန္တရ ပညာရပ်များ သင်ကြား ပို့ချ လိုက်နာ သင်ယူ သူများ လည်း အခန်းပြည့် ရှိသည်။

သင်ကြားသော ကထိက ဆရာ အရှင်တို့သည် ဘာသာရပ် အား လုံး၌ ဒိုးလိုမွှေ့နှိုင်သော အရည် အချင်း ရှိကြသည်။ ကျောင်းစည်း ကမ်း၌မူ ရှိနေသော ကထိကပညာ ရှင် တစ်ထောင်သည် ဆယ်မျိုး သော ပြဋ္ဌာန်းစာ ပညာရပ်ကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက် ရမည်။ အခြား ငါး ရာ သော ကထိက ပညာရှင်များက အမျိုး သုံးဆယ်သော ပြဋ္ဌာန်းစာ ဘာ သာရပ်ကိုကျွမ်းကျင်ရမည်။ အခြား ဆယ်ဦးသော ပဏ္ဍိတပညာရှင်တို့ သည် ပြဋ္ဌာန်းစာပညာရပ် အမျိုး ငါးဆယ်ကို ပါရဂူမြောက် တတ် ကျွမ်းကြရသည်။

အထူးသဖြင့်နာလန္ဒာတက္ကသိုလ် ၏ ပဓာန အာစရိယ ဖြစ်တော်မူ သော ဆရာတော် သီလဘဒ္ဒမှာ မူကား ကျောင်းတော်တွင် သင် ကြားသော ပဓာနပြဋ္ဌာန်းစာပညာ ရပ်အား လုံးကို တစ်ဖက်ကမ်းခပ် တတ်မြောက်တော်မူပါသည်။

ဘုန်းတော်ကြီး ဟုအင်ဆင်က ဆက်၍ ရေးသည်။

နာလန္ဒာတွင် သင်ကြားသည့် ပညာရပ်ကို အဆင့်နှစ်ဆင့်ထား၍ သင်သည်။ ပထမအဆင့်နှင့် တန်း မြင့်အဆင့်ဟူ၍ နှစ်မျိုး နှစ်စား ခွဲထား သည်။

ပထမအဆင့်တွင် ဗျာကရဏ သဒ္ဒါကျမ်းများကို စတင် လေ့လာ သင်ကြား ကြရသည်။ ပြီး လျှင် ဟေတုဝိဇ္ဇာ အတတ်၊ အဘိဓမ္မာ ကောသနှင့် ဇာတကများကို အစဉ် အလိုက် သင်ရသည်။ ကျေညက် အောင် သင်ကြား ပြီးသောအခါ တန်းမြင့်အဆင့်သို့ တက်ရန် သင့် လျော်သွားပြီ ဖြစ်သည်။

တန်းမြင့်အဆင့်တွင် အထူးထူး သောပညာရပ်များကိုဆရာအဆူဆူ ထံ ငါးနှစ်မျှ သင်ကြားပြီးသော် မှတ် ကျောက်တင် ခံနိုင် လောက် သည့် ပညာရှိပဏ္ဍိတ ဘွဲ့ထူးကို ချီးနှိုင်ပြီ ဖြစ်သည်။ ပညာရပ်ကို အပတ်ဟာကုတ် ကြိုးစားအားထုတ် ၍ ဆုံးခန်းတိုင်အောင် သင်ကြား ပြီး စာမေးပွဲ ပင်လယ်ကြီးကို ကူး မြောက်နိုင်သောအခါ ထိုပညာရှိ ပဏ္ဍိတသည် မင်းပွဲသဘင်အခမ်း အနား၌ ဘုရင်မင်းမြတ်၏ အထူး ချီးမြှောက်သော ဆုကို ခံယူရပေ သည်။

ဤကဲ့သို့ အောင်မြင်စွမ်းရှိပြီး



နာလန္ဒာကျောင်းတော်ရှိ တရားဆွေးနွေးရာအဆောင်မှ ယခုကျန်ရှိနေသော အဆောက်ခြေအခင်းကိုမြင်တွေ့ရပုံ

သော ပဏ္ဍိတသည် ဆက်လက်၍ ဘာသာရပ် တစ်ခုခုကို အလေ့အကျင့်လုပ်ရသည်။ လွတ်လပ်စွာ ဆရာနှင့် တိုက်ရိုက် အမေးအဖြေ ပြုလုပ်ခွင့်လည်း ရရှိလာသည်။ ထိုအချိန်တွင် ဆရာအရှင်တို့ ထံမှ တန်ဖိုး မဖြတ်နိုင်သော ပညာဗဟုသုတများကို ရရှိနိုင်လေသည်။

နာလန္ဒာတွင် စာသင်သားတို့သည် မိမိတို့အချင်းချင်း၊ သို့မဟုတ် ဆရာတို့နှင့် ဉာဏ်ရည်သွေးပုစ္ဆာများ အမေးအဖြေ ပြုလုပ်ခြင်း၊ စကား အချေအတင် ပြောခြင်း၊ လျှို့ဝှက်သော ပညာရပ် ဆိုင်ရာ အဖြေရှာခြင်းဖြင့်လည်း တစ်နေ့တာအချိန်ကို အကျိုးရှိရှိ အသုံးချကြသည်။

ထို့ပြင် ကျောင်းစည်းကမ်းကိုလည်း မူဘုရားရှင်ကိုယ်တော်တိုင် ချမှတ်ထားသော စည်းကမ်းအဖြစ် စာသင်သားတိုင်းကမှတ်ယူထားကြသည်။ သို့ဖြစ်၍ ကျောင်းစည်းကမ်းကိုတစ်သဝေမတိမ်း လိုက်နာကြသည်။ စည်းကမ်းလိုက်နာရာ၌ အဆင့်အတန်းအသားအရောင် အယူဝါဒအကြီး အငယ် ခွဲခြားခြင်း မရှိဘဲတစ်စည်းတစ်လုံးတည်း ဖြစ်၏။

ကျောင်းသားတို့၏ စာသင်ခွင့်ကို နှစ်နှင့်ပိုင်းခြား ကန့်သတ်ထားခြင်းမရှိပေ။ မိမိမျှော်မှန်း ထားသည့် အဆင့် သို့ မရောက်မချင်း နှစ်ပေါင်း မည်မျှ ကြာပါစေ သင်ကြားနေခွင့်ရှိသည်။ သို့ရာတွင် မိမိအောင်မြင်ရမည့်အဆင့်ကို အောင်မြင်ကျော်လွန်သွားခြင်း မရှိမချင်း ထိုသူသည် လက်ရှိ အဆင့်တွင်သာ သာမန် တပည့်တစ်ဦး အနေဖြင့် နေထိုင်သွားရမည်။ ဆိုလိုသည်မှာ ထိုသူအား သူ၏အဆင့်အတန်းကို သူ၏ပညာရပ်ဖြင့်သာ ခွဲခြား သတ်မှတ်ထားခြင်းဖြစ်သည်။

ဆချိန်

နာလန္ဒာ၌ ကျောင်းသားတို့ငဲ့အချိန်ကို တိတိကျကျ လိုက်နာရသည်။ သူ့အချိန်နှင့်သူ့လုပ်ငန်းကို လုပ်ဆောင်သွားကြရသည်။ ဘုရားဝတ်ပြုမှုနံ၊ စာဖတ်ချိန်၊ စာလိုက်ချိန်၊ ဆွမ်းစားချိန်၊ အိပ်ချိန်မှစ၍ ပိုင်းခြားပြီး သတ်မှတ်ထားသည်။

အချိန်ကိုတိကျစွာသိရန်အတွက် ထိုခေတ်က ရေနာရီကို သုံးကြသည်။နာရီချိန်ရောက်တိုင်း ခေါင်းလောင်းနှင့် အချက် ပေး သည်။ နာရီခေါင်းလောင်းထိုးရန်အတွက် အထူးအလုပ်သမား လူငယ်တစ်ဦးကို ခန့်ထားသည်။ ဘုန်းတော်ကြီးဟုအင်ဆင်က သူ့ 'မွါရပလ္လိတစာတမ်း'တွင် ရေနာရီနှင့် ခေါင်းလောင်း အကြောင်းကို အကျယ်တဝင့် ရေးသား ထားပေသည်။ အကယ်၍ တစ်စုံဟစ်ယောက်သည် ပိုင်းခြား သတ်မှတ် ထား သော အချိန်အတိုင်း အလုပ်ပျက်ကွက်ပါက သတ်မှတ်ထားယော ကျောင်းစည်းကမ်းအရ ဒဏ်ထမ်းရသည်။

''ကျွန်ုပ်တို့သည် သံဃာ့ အာရာမ်အတွင်း သတ်မှတ်ထားသော စည်းကမ်းချက်ကို မည်မျှပင် တင်းကျပ်စေဦးတော့ တိကျစွာလိုက်နာကြသည်သာဖြစ်သည်'' ဟု ဘုန်းတော်ကြီး အိဆင်ကလည်း သူ့၏မှတ်တမ်းတွင် ရေးခဲ့၏။



တရုတ်ဘုန်းတော်ကြီး ဟုအင်ဆင် စာပေသင်ကြားခဲ့သော နာလန္ဒာကျောင်းတော် တစ်နေရာ



နာလန္ဓာကျောင်းတော်ထဲမှ ရဟန်းတော်များ ကျိန်းစက်ရာ နေရာများနှင့်
ရေတွင်းတို့ကို တူးဖော် တွေ့ရပုံ

သံဃာ့အာရာမ်ဌ

သံဃာ့အာရာမ်အတွင်း စာသင်သားများအတွက် တစ်ယောက်အိပ် အခန်းများ ဖွဲ့ထားသည်။ အခန်းတိုင်းဌ် ကျောက်သား ညောင်စောင်း တစ်ခုစီရှိသည်။ ကိုယ်ပိုင် အသုံးအဆောင် ပစ္စည်း ကလေးများ ထားနိုင်အောင်လည်း စီစဉ်ထားသည်။ အခန်းပြင် ဝရန်တာကျယ်ကြီးဌ်အရာမကသောကျောက် ညောင်စောင်းများ စီ၍ ချထားသည်။ ဆရာအရှင်တို့ ကြွလာသည့် အခါ ထိုင်ပြီး တပည့်နှင့် ပညာရပ် ဆိုင်ရာ ဆွေးနွေးပြောဆိုရန်ပြုလုပ်ထားခြင်းဖြစ်သည်။

သံဃာ့အာရာမ်ဌ စာသင်သား ရဟန်းတော် နှစ်ထောင်ခန့် ဆံသော ခန်းမကြီးရှိသည်။ နက္ခတ္တဗေဒပညာရပ် သင်ကြား သူများအတွက် အလွန်မြင့်သော နက္ခတ်ကြည့် မျော်စင်ကြီးလည်း သံဃာ့အာရာမ်ဘေးဌ် တည်ဆောက်ထားသည်။

ရွာပေါင်းတစ်ရာ

နာလန္ဓာရှိ စာသင်သား တို့ ကြောင့်ကြမဲ့ပညာသင်ကြားနိုင်ရန် ဟဿ ဘုရင်ကြီးက ရွာပေါင်းတစ်ရာမှထွက်သော အခွန်တော်ငွေ တော်ဌေကို သီးသန့်လှူဒါန်းထားသည်။ ထို့အပြင် ဘုရား အမှူးရှိသော သံဃာ လေးဆယ်တို့ကို နေ့စဉ် ဆွမ်းလုပ်ကျွေးရန် ထို ရွာပေါင်းတစ်ရာအတွင်းရှိအိမ်ထောင်နှစ်ရာမှရရှိသော ဆန်အလေးချိန် မောင်းတစ်ရာ၊ နို့ အလေးချိန် မောင်းတစ်ရာနှင့် မခန်း (ဆီဉီး) အလေးချိန် မောင်းတစ်ရာ တို့ကိုလည်း လှူဒါန်းသည်ဟု-ဟုအင်ဆင်၏ မှတ်တမ်းတွင် တွေ့ရသည်။

ဟုအင်ဆင်က ဆက်၍ ဒန်ပူ၊ ကွမ်း၊ ကွမ်းသီး၊ ထုံးတို့ နေ့စဉ်ရ၍ ဆီကိုမူ တစ်လလျှင် အလေးချိန် ၃၄ စီယာရသည်။ထို့အပြင်အခြားလိုအပ်သော ပစ္စည်းပစ္စယများကိုလည်း ရရှိသေးသည်ဟု ရေးသားခဲ့၏။

တရုတ်ဘုန်းတော်ကြီး အိဆင်ရောက်ရှိချိန်တွင် နာလန္ဓာကျောင်းတော်ကြီးကို ထောက်ပံ့သောကျေးရွာ နှစ်ရာခန့်ရှိနေသည်။ ဤကျေးရွာများဖြင့် ထောက်ပံ့မှု သည်မင်းဆက် တော်တော်များများတိုင်အောင် တည်ရှိခဲ့သည်။ ပါလမင်းဆက်များတိုင်အောင် အစဉ်အလာမပျက် ထိန်းသိမ်းထားခဲ့၏။

နာလန္ဒာမွ တူးေဖၚ်ရွိသော
လက်ဆယ့်ရွစ်ဘက်ရှိ
ပညာပါရမီတာ နတ်သမီး
ကြေးသွန်းရုပ်တု

ဒေဝပါလ ကြေးပုရပိုက်

အိန္ဒိယ အစိုးရ ရှေးဟောင်း သုတေသနဌာနမှ ပညာရှင် ရှရီဟီရာနန်သျှာစတြီသည် နာလန္ဒာတက္ကသိုလ် သံဃာ့ အာရာမ်နေရာကို တူးဖော်ရာတွင် ပါလမင်းဆက်မှ ဒေဝပါလမင်း၏ ကြေးပုရုပိုက်တစ်ဆူ ရရှိခဲ့သည်။ ထိုကြေးပုရုပိုက်တွင်–

'ဤ သံဃာ့တက္ကသိုလ် ကျောင်းတော်သို့ အရပ်လေးမျက်နှာမှရောက်လာကြသော အာဂန္တုကရဟန်း ဧကာ်များ အတွက်နှင့်ရပ်ဝေးမှကြွရောက်လာကြသော ကျမ်းစာရေးသူ ရဟန်းတော်များအတွက်ပါ အသုံးပြုနိုင်ရန် ရာဇာ်ဂြိုဟ်နှင့် ဂယာမှ ရွာပေါင်း ငါးရွာကိုလည်း လှူဒါန်းခဲ့သည်'

ဟု ရေးသားထားပေသည်။

ဤသို့အားဖြင့်စာသင်သားများနှင့် လေ့လာသူတို့အတွက် ထိုတက္ကသိုလ်၌ ချမ်းသာ လွယ်ကူစွာ အစဉ်အဆက်အားဖြင့် သင်ကြား လေ့လာနိုင်ကြပေသည်။

စာကြည့်တိုက်ကြီးများ

နာလန္ဒာတက္ကသိုလ် ကျောင်းတော်ကြီးတွင် အလွန်ကြီးကျယ်သော စာကြည့်တိုက်များလည်းတည်ထောင်ထားသည်။'ဓမ္မဂဇ' အရပ်တွင်. စာကြည့်ပိဋကတ်တိုက်ကြီး သုံးတိုက်ရှိသည်။

၁။ ရတနသာဂရ၊

၂။ ရတနဇမိ (ရတနသိဂ်ဟုလည်း ခေါ်သည်)

၃။ ရတနရဉ္ဇက တို့ဖြစ်သည်။

၎င်းတို့တွင် ရတနဇမိ၌ ခန်းမဆောင်ကြီးကိုးဆောင်ရှိသည်။ ခန်းမဆောင်များအတွင်း၌ မရေတွက်နိုင်သော စာအုပ်၊ပေထုပ်၊ စာတမ်းများဖြင့် တန်ဆာဆင်ထား၏။

စာကြည့်ပိဋကတ် ဆောင်များအတွင်း ဗုဒ္ဓဓမ္မကျမ်းစာများကို တစ်ဆင့် ကူးယူရန်အတွက် များစွာသော ရဟန်းတော်များတို့ အစဉ်မပြတ်ရှိနေကြ၏။ နိုင်ငံရပ်ခြားမှ ပညာရှိရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့သည် ဤနေရာသို့လာရောက်ကာ မိမိတို့အလိုရှိသော ကျမ်းစာ ပေစာများကို တစ်ဆင့်ကူး၍ ပြန်သွား လေ့ရှိကြ၏။

တရုတ်ဘုန်းတော်ကြီး ဟုအင်ဆင်သည် ဤစာကြည့်တိုက်တွင် ၂ နှစ်မျနေထိုင်ပြီး အရေအတွက်အားဖြင့် ၆၅၇ ဆူရှိသော ကျမ်းစာများကို ကူးယူ၍ မိမိနှင့်ဘတူခေနရင်းဌာနသို့ ယူဆောင်သွားခဲ့သည်။ တရုတ်ရဟန်းတော် အီဆင်ကမူ ကျမ်းစာအဆု ၄၀၀ မျသာကူးနိုင်ပြီး မိမိ၏နေရင်း ဌာနသို့ ယူသွားနိုင်ခဲ့၏။

နာလန္ဒာတက္ကသိုလ်၌ ရေးသမျသော ကျမ်းပြု ပုဂ္ဂိုလ်တို့၏ စာမူများတွင် ကျမ်းပြုသူအမည်အပြင်ထိုအချိန်က အုပ်စိုးသော ဘုရင်၏ရာဇဝင်နှင့် ထိုခေတ်၏ အကြောင်းများပါ ထည့်သွင်း ရေးသားလေ့ ရှိကြသည်။ ထို့ကြောင့် နာလန္ဒာ တက္ကသိုလ်မှ





တိဘက် ကျန်စစ်ရှိုင်ယမ်မှ
ရုပ်ပွားတော်(၁၀၀၀)ရှိသည့်
ဂန္ဓကုဋီတိုက်
၁၅ ရာစုက တည်ထားခဲ့ပြီး
ယခုယိုယွင်းနေသော တိဘက်
လားမား ဗုဒ္ဓဘာသာ ဝတ်ပြု
ကျောင်း





1 လာဆာဖြိုရှိ ပေါတလ တိဘက်လားမား ဘုန်းကြီးကျောင်း

မှတ်တမ်း မှတ်ရာ စာအုပ်စာတမ်း များးတွင် ထိုခေတ်အကြောင်းအရာ ရာဇဝင်အတွဲ့ပုတိများကို အတော် အသင့် သိရပေသည်။ နာလန္ဒာ ကက္ကသိုလ်မှ ပြန်လည်ရရှိစုဆောင်း မိသမျှစာအုပ် စာတမ်းအရပ်ရပ်တို့ ကို ယခုအခါ 'ကိန်းဗရစ် (ချ) တက္ကသိုလ်စာကြည့်တိုက်နှင့် လန်ဒန် စာကြည့်တိုက်တို့တွင် တွေ့နိုင်ပေ သေးသည်။

ဒကျောင်းတော်ထွက်ပဏ္ဍိတများ

နာလန္ဒာတက္ကသိုလ်နှင့်ပတ်သက် ၍အဆိုရှိသည်မှာနာလန္ဒာကျောင်း တော်ထွက် ပညာရှိပဏ္ဍိတ တစ်ဦး စီတိုင်းသည်ဆယ်မျိုးဆယ်မျိုးသော မူလကျမ်းစာနှင့် ဋီကာများကိုပြုစု ရေးသားပြီး တိုင်းပြည် အသီးသီး သို့ ဖြန့်ချိပြီးသားဖြစ်သည်ဟူသော စကားပင် ဖြစ်သည်။ ထိုသို့သော ပညာရှင်များထဲတွင် အရှင်ပဘာ ကရမိတ္တ၊ အရှင်ဇိနမိတြ၊ အရှင် ဉာဏစန္ဒြ၊ အရှင်သီလဘဒ္ဒတို့ ပါ ဝင်၍ အရှင်ဇိနမိတြသည် နောင် မဟာယာနဂိုဏ်းကြီးဖြစ်လာသော မူလသဗ္ဗတ္ထိဝါဒ-နိကာယ၏ခေါင်း ဆောင် ဖြစ်လေသည်။

တရုတ်ဘုန်းတော်ကြီး ဟုအင် ဆင်တို့ရောက်စဉ်က နာလန္ဒာတက္က သိုလ်၏ ဒိသာပါမောက္ခကျောင်း အုပ်ဆရာကြီးမှာ အရှင်သီလဘဒ္ဒ ဖြစ်သည်။ ထိုအရှင်သည် ဘင်္ဂလား ပြည်မှ မင်းသားတစ်ဦး ဖြစ်သည်။ သူသည် လောကီကိုငြီးငွေ့၍တရား ဓမ္မဘက်သို့ဦးညွတ်လာသူဖြစ်သည်။ ဘုန်းတော်ကြီး ဟုအင်ဆင်သည် သူ၏တပည့်ဖြစ်ခဲ့သည်။

အထက်ပါ အရှင်များ အပြင် အရှင်နာဂါရ်ဇုန်(နာဂဇုန)၊အရှင် အသဃောသ၊ အရှင်ဝသုဗန္ဓု၊ အရှင်ဒိန္နာဂ၊ အရှင်ကမလသီလ၊ အရှင်ရတနသိ်ဟ အစ ရှိသော ပညာရှင်များ အကြောင်းကိုလည်း အိဆင်က မှတ်တမ်း ပြုစုထား၏။

တိဗက်သို့

ခရစ် (၉)ရာစုအစပိုင်း၌ နာ လန္ဒာတက္ကသိုလ်အကြီးအကဲ သန္တ ရက္ခိတမထေရ်သည် 'ဘောဋ္ဌ'ခေါ် တိဗက်ပြည့်ရှင်ဘုရင်၏ ပင့်ဆောင် ချက်အရ လိုက်ပါကြွသွားခဲ့သည်။ သူသည် တိဗက်ပြည်၌ ယနေ့တွေ့ မြင်နေရသော 'လားမား ဗုဒ္ဓဘာသာဂိုဏ်း'ကို စတင် ထူထောင် သူဖြစ်သည်။

ထို့နောက် ဒုတိယအကြိမ်အကဲ ဖြစ်သော အရှင် ကမလသီလသည် လည်း တိဗက်ပြည်သို့ လိုက်ပါကြွ သွားပြန်ရာ ဒေဝပါလဘုရင်သည် နာလန္ဒာတက္ကသိုလ်၏ ပဓာန အာ စရိယ ကျောင်းအုပ်ကြီး အဖြစ် အရှင်ဝိရဒေဝကို ခန့်တား လိုက် လေသည်။

ပါလမင်းဆက် ဇယပါလမင်း လက်ထက်တွင် နာလန္ဒာတက္ကသိုလ် ကျောင်းတော်၏ ပဓာန အာစရိယ ကျောင်းအုပ်ကြီး များမှာ အရှင် ဒီပင်္ကရသီရိဘဒ္ဒ ဖြစ်သည်။ သူ သည်လည်း တိဗက်ဘုရင်၏ ပင့် ဆောင်ချက်အရ နောက်ပိုင်းတွင်တိ ဗက်ပြည်သို့ ကြွသွားပြန်လေသည်။

တရွေ့ရွေ့ဖြင့်

ဤမျှကြီးကျယ် ထူးခြားသော နာလန္ဒာ ကျောင်းတော်ကြီးတွင် သင်ကြားပို့ချသည့် ဗုဒ္ဓဓမ္မ အယူဝါဒသည် တရွေ့ရွေ့ဖြင့် မဟာယာနအတွင်း ပါဝင်သော သဗ္ဗတ္ထိဝါဒရေးရာ ဆိုင်ရာ အယူ အဆများ၏ ဖောက်ထွင်းဝင်ရောက်လာခြင်းကို မခံနိုင်ဘဲ ရှိလာလေသည်။ ဘုန်းတော်ကြီး ဟုအင်ဆင်က သူ နာလန္ဒာမှ ထွက်ခွာ တော့မည့် အချိန်တွင် နာလန္ဒာသည် တန်ခိုးကြီး အယူဝါဒရှိသူတို့၏ အချက်အချာ ဗဟိုဌာနဖြစ်လာခဲ့ပြီဟု မှတ်တမ်း တင်ထားခဲ့၏။

နာလန္ဒာသည် ဗုဒ္ဓဝါဒရေးရာ ဆိုင်ရာပညာရပ်များကိုအဓိကထား၍ သင်ကြားပို့ချသော ကျောင်းတော်ကြီးပင်ဖြစ်သော်လည်းမူအရ အခြားသောအယူဝါဒရေးရာများနှင့် ဆန့်ကျင်ခြင်း မပြုပေ။ လိုက်လျော ညီထွေ ရှိခဲ့သည်သာ ဖြစ်သည်။ သို့ဖြင့် ကျောင်းတော်၌ ဗုဒ္ဓရှင်တော်မြတ်၏ ရုပ်ပွား ဆင်းတုတော်များအပြင် သိဝ၊ ပါဝတီအစရှိသော ဟိန္ဒူဘာသာရေးဆိုင်ရာ နတ်ရုပ်တုများကိုလည်း တွေ့လာရပေ၏။

နာလန္ဒာတက္ကသိုလ် တူးဖော်စဉ်က တွေ့ရသည့် လက်လေးဘက်ပါရှိသော နတ်သမီးကျောက်ဆစ်ရုပ်

ဗုဒ္ဓဘဒ္ဒ

ထိုအချိန်တွင် ဘုန်းကြီး ဟုအင်ဆင်က သူနေသော ကျောင်းဆောင်ကို ဗုဒ္ဓဘဒ္ဒကျောင်းဆောင်ဟု ခေါ်သည်။ အခန်းကြီး လေးခန်းဖွဲ့၍ တည်ဆောက်ထားသည်။ ဘုံအဆင့်ဆင့်တို့သည် နံနက်အခါကျတိုင်း ကောင်းကင်၌ လွင့်ပါးနေသော တိမ်တိုက်ထဲတွင် နှစ်မြုပ်လျက်ရှိသည်။ လှပခန့်ညားလွန်းသဖြင့် ဗောဓိသတ္တသည် အစဉ်သဖြင့် ဤကျောင်းဆောင်၌ ကြွရောက် သီတင်းသုံး နေလေရာ့သလားဟု တွေးထင် ရကြောင်း ရေးသားခဲ့ပေသည်။

ဗုဒ္ဓဘဒ္ဒ ကျောင်းဆောင်ဝင်းအပြင်ဘက်တွင် 'ကေသရီ'အမည်ရှိသော အောက်တွင် လုံးခန်းလေးခန်း ဖွဲ့ထားသည့် စေတီကြီးရှိသည်။ ရောင်စုံ ခြယ်မှုန်းထားသည့် အနုပညာ လက်ရာမြောက်အမွမဲ်းအပြောက် အဆင် အပြင်လက်ရာများဖြင့် တန်ဆာဆင်ထားပုံမှာ အံ့မခန်းပင် ဖြစ်သည်ဟု အိဆင်ကလည်း ရေးခဲ့၏။

တရုတ်ဘုန်းတော်ကြီးနှစ်ပါး၏ မှတ်တမ်းကို အိန္ဒိယ ကျောက်စာဌာနက အာဘည်ပြုပေသည်။



တရုတ် စေတီပုံစံများအဖြစ် ထင်ရှားလာမည့် ရုပ်ကြွမှုန်ကပါ စေတီတစ်ဆူကို နာလန္ဒာ ကျောင်းကြီး၌တွေ့ရပုံ

တူးဖေဒေသစဉ်ကာ

နာလန္ဒာတက္ကသိုလ်ကျောင်းတော်ရာကို စဝင်တူးဖော်စဉ်ကတွေ့ရသော ကြေးသွန်း ရုပ်တုများ၊ ကျောက်ဆစ်လက်ရာ အစိတ်အပိုင်းများ၊ နံရံဆေးရေးပန်းချီ အပိုင်းအစများမှာ လွန်ခဲ့သော နှစ်ပေါင်းထောင်ကျော် ကာလက ပညာရှင်တို့၏ ပြောင်မြောက်သော လက်ရာများ ဖြစ်ကြသည်။ အာရုဇ်တို့ထံမှ သင်ယူတတ်မြောက်ထားသော အနုပညာ လက်ရာမျိုးဖြစ်နိုင်စရာရှိသည်။ အိန္ဒိယကိုယ်ပိုင် အနုပညာလက်ရာများမှာ မထင်မရှားသာ တွေ့ရသည်။

ကျောင်းတော်ကို အလွန်မာကျောသော အုတ်ချပ်များဖြင့် တည်ဆောက်သည်။ ကျောက်သလွန်တွင် ထုထားသော အရုပ်များမှာ မကြာသေးမီက ထုထားသလားဟု မှတ်ရသည်။ နံရံအချို့၌ ဗုဒ္ဓဝင်ပန်းချီကားများ ရေးဆွဲထားပြီး အချို့နေရာ၌သိဝ-ပါဝတီတို့၏ ရုပ်ပုံများကို ရေးဆွဲထားသည်။ ကိန္နရာကိန္နရီတို့ပုံ၊ မဟာပိန္နဲပုံ၊ ကုဝေရနတ်ဘီလူးပုံ၊ မကာန်း ပုံများသည်း ရေးဆွဲထားသည်။

ကျောင်းဝင်းရှိ ပြိုပျက်နေသော စေတီကြီးတစ်ဆူ၏အနီးတွင် ဘုမိဖသ်လက်တော်ထားဟန် အနေအထား နှင့် ဗုဒ္ဓရုပ်ပွားတော် တစ်ဆူကို တွေ့ရသည်။ ထို ရုပ်ပွားတော်မှာ ဂယာရှိ ရုပ်တုတော် အတိုင်းပင် ဖြစ်သည်ဟု ထိုဒေသ တစ်ဝိုက်မှ လူတို့က ဤဆင်းတုတော်ကို 'ဘဋ္ဋကဘေရဝ' ကလေးကို ဖမ်းစားသောနတ်ဟု အထင်မှားပြီး လာရောက်ပူဇော်လေ့ရှိကြသည်။ ထို့အပြင် ဝရမုဒြာနှင့် မတ်ရပ်တော် တစ်ဆူကိုလည်း တွေ့ရသည်။

နာလန္ဒာတူးဖော်စဉ်က ရရှိသော အာဘယမုဒြာလက်တော် ဟန်ဖြင့် ဗုဒ္ဓမြတ်စွာ ဘုရားကြေးဆင်းတုတော်နှင့် ပဒ်မပါဏီ ကြေးသွန်းရုပ်တု

နာလန္ဒာတက္ကသိုလ်
တူးဖေါ်စဉ်က
ရရှိသော
ကျောက်ဆစ်ရုပ်ကြွများ



အဝလောကိတေသ္ဝရကို
တာရာဒေဝီ, ဘရိကုဋီဒေဝီ
တို့နှင့်အတူထုထားသော
ကျောက်ဆစ်ရုပ်ကြွပုံ

ခဿပကာ လောကေသ္ဝရ
ကျောက်ဆစ်ရုပ်ကြွပုံ



နာလန္ဒာ၏နိဂုံး

နာလန္ဒာတက္ကသိုလ်ကိုရှေးဦးစွာ ဖျက်ဆီးသူမှာ 'ဗာလာဒိစ္စ' နရသီဟဂုတ္တမင်း မြတ်၏ ရန်သူဖြစ်သော 'မိဟိရကုလ' ဖြစ်မည်ဟု ယူဆရသည်။ဗာလာဒိစ္စဘုရင်သည်အပျက်အစီးကို ပြန်လည် တည်ဆောက်ခဲ့သည်။ ဒုတိယအကြိမ် ဖျက်ဆီးသူမှာ 'သျှသျှကာ'ဖြစ်သည်။ဤအကြိမ် ပြန်လည် တည်ဆောက် ပေးသူမှာ 'ဟသျဝဓုန' မင်းဖြစ်သည်။ ထိုမင်းလက်ထက် ကျောင်းတော်လေးဘက်လေးတန်ကို မြင့်မား ခိုင်ခံ့သော အုတ်တံတိုင်းကြီးဖြင့် ကာရံသည်။ နာလန္ဒာကျောင်းတော်ကြီးအား နောက်ဆုံးလုံးဝနာလန်မထူနိုင်အောင်ဖျက်ဆီး လိုက်သူများမှာ တိုင်းတစ်ပါးသားမဟာမေဒင်များဖြစ်သည်။

မဟာမေဒင်သမိုင်းဆရာ မိနာဇ်၏မှတ်တမ်းတွင်....

'မဂဓတိုင်းသို့ မူဆလင်များ ဝင်ရောက် တိုက်ခိုက်သည်တွင် တက္ကသိုလ်ကြီးသုံးခု (နာလန္ဒာ၊ ဝိကရမသီလာ၊သြဒန္တပူရီ)သည်လည်း မြေသို့ဗုန်းဗုန်းလဲအောင် အဖျက်အဆီးခံရသည်။'ဟုဖော်ပြထားလေသည်။

တာရာနာထ၏ မှတ်တမ်းတွင်....

'မဂဓတိုင်းအတွင်းသို့ပထမဆုံးအကြိမ် ဝင်ရောက်တိုက်ခိုက်စဉ်က မျှော်လင့်ချက်ကင်းမဲ့စွာဖြင့် ပြန်လည်ဆုတ်ခွာထွက်ပြေးကြရသည်။ ထို့နောက် ဒုတိယအကြိမ် 'မိုဟာမက်ဝရိန္ဒပကရ်' ခေါင်းဆောင်ပြီး ရုတ်တရက် ဝင်ရောက် တိုက်ခိုက်သောအခါ အောင်မြင်သည်။ သူ၏မုန်တိုင်းစစ်ဆင်ရေးကို မည်သူမျှကြိုတင်၍ မသိရှိရသောကြောင့် ခုခံတိုက်ခိုက်မှု တစ်စုံတစ်ရာ မပြုလုပ်နိုင်ခဲ့ချေ'ဟု ဖော်ပြ ပေသည်။

ထိုခေတ်က မဂဓဘုရင်မှာ 'ဂေါဝိန္ဒပါလ' မင်းကြီးဖြစ်သည်။ ထိုအချိန်တွင် အိုမင်းလှပြီဖြစ်၏။ သို့သော်ထိုတိုက်ပွဲတွင် သူသည် စစ်သူရဲ ကောင်း တို့ ၏ သွားရာလမ်းအတိုင်းသွားခဲ့၏။

ထိုအကြိမ် အဖျက်ဆီးခံရစဉ်က ရဟန်းတော်ပေါင်းမြောက်မြားစွာ အသတ်ခံကြရသည်။ အချို့ ရဟန်းတော်များသည် နိုင်ငံခြားသို့ပင် ထွက်ပြေး တိမ်းရှောင် ကြရ၏။ ဒါယကာ အချို့က တိဗက်တို့၏ အကူအညီဖြင့် နာလန္ဒာကို ထပ်မံ တည်ဆောက်ရန်ကြိုးစားခဲ့ကြသေး၏။ မအောင်မြင်ပေ။

နာလန္ဒာကို တူးဖော်ကြရာ၌ တွေ့ရှိရသော အပျက်အစီးများတွင် မီးလောင်ကျွမ်း၍ပျက်စီးသော လက္ခဏာရပ်များကို တွေ့ကြရသည်ဟုဆိုသည်။ ဗာလာဒိစ္စ ဘုရင်၏ ကျောက်စာတွင် 'နာလန္ဒာကျောင်းတော်ကြီး မီးလောင်ကျွမ်းစဉ် ၎င်းနှင့်အတူ စပါးကျီကြီးပါမီးလောင်သွားခဲ့သည်'ဟု ရေးထိုးထားပေသည်။

ထိုစပါးကျီမှာတရုတ်ဘုန်းတော်ကြီး ဟုအင်ဆင်၏ မှတ်တမ်းပါ 'မဟာသာလိ'စပါးမျာလောင်ရာ ကျီကြီးပင် ဖြစ်ရာရှိသည်။ မဟာသာလိစပါးဆိုသည်မှာ အလုံးသေးသော်လည်း မွှေးကြိုင်၍ အရသာချိုမြိန်သည်။ ဤမဟာသာလိ စပါးမျိုးကို မဂဓတိုင်းအတွင်းမှာသာ တွေ့ရှိနိုင်ပြီး၊ မင်းစိုးရာဇာများနှင့် သူတော်စင် အကြီးအကဲ များသာ စားသုံးခွင့်ရသော စပါးဖြစ်သည်။ ထို့ကြောင့် ထိုစပါးကို 'သာလိစပါး'ဟုရိုးရိုးမခေါ်ဘဲမဟာတပ်၍ မဟာ သာလိစပါးဟု ခေါ်ခြင်းဖြစ်သည်။

နာလန္ဒာ ကျောင်းတော် မူရင်ကပ်ရိုက်ပြောမိသည့် ဘုရားလောင်း၊ ကျောက်ဆစ်ရုပ်တုပုံတော်

ဝိကရမသီလာ တက္ကသိုလ်

ဝိကရမသီလာတက္ကသိုလ်ကြီးကို 'ပါလ'မင်းဆက်၊ 'ပရမ ပရမေသျာရ ပရမ ဘဋ္ဌာရက မဟာရာဇာဓိရာဇ'ဘွဲ့ခံ ဓမ္မပါလမင်းလက်ထက်ခရစ်(၉)ရာစုနှစ်လောက်တွင် တည်ဆောက်ခဲ့လေသည်။

တာရာနာထ၏ မှတ်တမ်းအရ ဝိကရမသီလာတွင် တက္ကသိုလ်ဝင်စာမေးပွဲ စစ်ဆေးသူ ဒွါရပဏ္ဍိတ ၆-ဦးထား၍သည်။ တောင်ဘက်တံခါးတွင် သီတင်းသုံး နေထိုင်သော ဒွါရပဏ္ဍိတ၏ အမည်မှာ အရှင် ပညာကရမတိ ဖြစ်သည်။ အရှေ့ဘက်တံခါးတွင် သီးတင်းသုံးသော ဒွါရပဏ္ဍိတ၏ အမည်မှာ အရှင်ရတနကရသန္တိ ဖြစ်သည်။ တောင်ဘက်တံခါးမှ ဒွါရပဏ္ဍိတ၏ အမည်မှာ အရှင်ဝါဂီသရကိတ္တိ ဖြစ်သည်။ မြောက်ဘက် တံခါးမှ ဒွါရပဏ္ဍိတ၏ အမည်သည် သီရီမိတြ ဖြစ်သည်။

ဝိကရမသီလာ၌ ဘာသာရပ်တစ်ခုကို 'သိက္ခာ' (ကထိက) ၁၀၀ ဦး သင်ကြား ကြရသည်။ ကထိကအားလုံးပေါင်း ၆၄၀ ဦး ရှိသည်။ ထိုတက္ကသိုလ်ကျောင်းဘွင် စာသင်သားပေါင်း ၈၀၀၀ ထိုင်ပြီး ပညာသင်ကြားနိုင်သော ခန်းမဆောင်ကြီးရှိသည်။ ကျောင်းတော်ကြီး၏ တံတိုင်းအပြင်ဘက်တွင် ကြီးမားသော ညှော်ရိပ်သာ အဆောက်အအုံကြီးရှိသည်။ ထိုအဆောက်အအုံကြီးဘွင် တက္ကသိုလ်ကျောင်းတော်သို့ ဝင်ရောက် သင်ကြားနိုင်ရန် ဝင်ရောက်ခွင့်ကို မျော်လင့်နေကြသော စာဘင်သားများ နေထိုင်ကြသည်။

ဝိကရမသီလာ တက္ကသိုလ်သည် စင်စစ် မဟာယာန တန္တရပညာရပ်များကို သင်ကြားရာ ဗဟိုဌာန ဖြစ်သည်။ တန္တရဝိဇ္ဇာပညာရပ်များကို အကြီးအကျယ် သင်ကြားဖြန့်ချိပေးသော ခေတ်ဖြစ်ရကား တန္တရဝါဒကို သင်ကြားပေးရန် ရည်ရွယ်ချက် အပြည့်ထားသော တက္ကသိုလ် ဖြစ်သည်။ အရှင်ရတနဝဇ္ဇရ၊ အရှင်ရတနကီတ္တိ၊ အရှင် ဉာဏသီရိမိတြ၊ အရှင် ရတနကရသန္တိ၊ အရှင် ဒီပင်္ကရ အတိသတို့သည် ဝိကရမသီလာ၏ ကျော်ကြားသူ ပဏ္ဍိတများ ဖြစ်၏။

နောက်ပိုင်းတွင် အရှင်ဒီပင်္ကရအတိသသည် တိဗက်ဘုရင်၏ ပင့်ဆောင်ချက် အရ တိဗက်ပြည်သို့ ကြွသွားခဲ့၏။ သူသည် တိဗက်ပြည်တွင် ဝေါ်ရုံနီလားမား ဝါဒကို တည်ထောင်ခဲ့ပေသည်။

အရှင်ဒီပင်္ကရအတိသ တိဗက်ပြည်သို့ ကြွသွားသောအခါ ဝိကရမသီလာ ကျောင်းတော်ကြီးကို အရှင်ဉာဏသီရိမိတြက တာဝန်ယူ၍ ဒိသာပါမောက္ခဆရာကြီး အဖြစ် ဆောင်ရွက်ရသည်။

ဝါမောက္ခကြီးများ

ဝိကရမသီလာ တက္ကသိုလ်၏ ကျော်ကြားသော ပါမောက္ခကြီးများမှာ-

ပဏ္ဍိတဒီပင်္ကရာသီရိဉာဏ၊
ပဏ္ဍိတရတနဝဇ္ဇီရ၊
ပဏ္ဍိတ တလ်လာဝဇ္ဇီရ၊
ပဏ္ဍိတ ကဏှာသမရဝဇ္ဇီရ။
(ကရစ္စနဆမရ်ဘဂျ်ရ)
ပဏ္ဍိတ တထာဂတရက္ခိတ၊
ပဏ္ဍိတ ဇောခိဘဒ္ဒ၊
ပဏ္ဍိတ ကမလာရက္ခိတ၊
ပဏ္ဍိတ နလိန္ဒာသီရိဉာဏ - နှင့်
ပဏ္ဍိတ ရတနကရ - တို့ ဖြစ်သည်။

မဟာယာနတန္တရပညာရပ်ကိုသာ ပဓာနထား၍ ပို့ချသော ကျောင်းတော်ကြီးတွင် အရှင်ပဏ္ဍိတရတန-ကရသည် ဇုဒ္ဓမမ္မ ပညာရပ်များကို ပို့ချတော် မူသည့် တစ်ဦးတည်းသော ပါမောက္ခ ဖြစ်လေသည်။

ဝိကရမသီလာ တက္ကသိုလ်သည် နာလန္ဒာ တက္ကသိုလ်နှင့်အတူ ဘာသာခြား သူမျိုးခြားတို့၏ ဖျက်ဆီးခြင်းကို ခံလိုက်ရပေသည်။ ဝိကရမသီလာ တက္ကသိုလ် တည်ရာသည် ဘင်္ဂလားပူရိမြို့အနီးတွင် ရှိပေသည်။

ဥဒယန္တပူရတက္ကသိုလ်

ဥဒယန္တပူရ (သြဒန္တပူရီ) တက္ကသိုလ်သည် ပါလမင်းဆက် 'ဂေါပါလ' ဘုရင်က တည်ထောင်သော တက္ကသိုလ်ဖြစ်သည်။ နာလန္ဒာတက္ကသိုလ်၊ ဝိကရမသီလာ တက္ကသိုလ်တို့နှင့် စာလျှင် သြဒန္တပူရီ တက္ကသိုလ်သည် အနည်းငယ်မျှမှ်နသယောင် ထင်ရသည်။ သို့သော် ခရစ်(၁၂) ရာစုနှစ်တွင် ဤတက္ကသိုလ် ကျောင်းတော်၌ ထောင်ပေါင်းများစွာသော စာသင်သားများနှင့် ရာပေါင်းများစွာသော ကထိက ဆရာတို့ ရှိခဲ့သည်ဟု ကျောက်စာများအရ သိရပေသည်။

ခရစ် ၁၁၉၉ - ခုနှစ်၌ မဟာမေဒင်ခေါင်းဆောင် 'မိုဟာမက် ဗင်ဗစ်တီယာရ်စီလ် ဦးဆီး၍(ဂေါ

ဝိန္ဒပါလမင်း လက်ထက်တွင်) ဤကျောင်းတော်ကို ဝင်ရောက် တိုက်ခိုက်ကြပြီး ကျောင်းတော်ရှိ စာသင်သား ရဟန်းတော်များ အားလုံးနှင့် ကထိက အကုန်လုံးကို သတ်ပစ်လိုက်ကြလေသည်။ သို့ လက်စွမ်းထက်ငြားသော်လည်း သူတို့သည် ကျောင်းတော်တွင်း၌ ရဟန်းတော် တစ်ပါးတည်းသာ ကျန်နေသည့် အချိန်တိုင်အောင် အတွင်းသို့ မဝင်နိုင်ကြပေ။ ၎င်းတို့ယိမ်းပိုက်မိသော အခါတွင်မူ ကျောင်းတော်ကြီးနှင့် တကွ စာကြည့်တိုက်ကြီးကို မီးတင်ရှို့လိုက်ကြလေ၏။ ဤတွင် ရှေးကသော အိန္ဒိယပညာဘဏ္ဍာတိုက်ကြီးသည် ထိုအခါကပင် မီးလောင်ပြာကျသွားခဲ့ရပြီ ဖြစ်လေ၏။

ဒိဝါကရမုနိကျောင်းတော်

ဒိဝါကရမုနိ (ဒိဝါကရမိတြ) ကျောင်းတော် ဟူ၍လည်း ရှိပါသေးသည်။ အယူဝါဒနှင့် ဓလေ့ထုံးစံချင်း မတူညီသော အရပ်ဒေသအသီးသီးမှ စာသင်သား အမျိုးမျိုးတို့ကို လက်ခံသင်ကြားသော ကျောင်းတော်ကြီးဖြစ်သည်။

ထိုကျောင်းတွင် အဓိက သင်ကြားသော ပညာရပ်မှာ ရဟန်းတော် ဝသုဗန္ဓု၏ အဘိဓမ္မာပညာရပ်များ၊ ဗောဓိသတ္တဇာတကများနှင့် ဗြာဟ္မဏဝေဒိက ကျမ်းလာ ပညာရပ်များဖြစ်သည်။

ထိုကျောင်းတော်ကြီးမှာ ယနေ့မည်သည့်နေရာတွင်ရှိသည်ဟု မည်သူမျှ မပြောနိုင်သေးပေ၊ ဝိန္ဒျာတောင်တန်း တောနက် တစ်နေရာတွင် ရှိပေလိမ့်မည်ဟုသာ မှန်းဆကြ၏။

နာလန္ဒာ၊ ဝိကရမသီလာ၊ သြဒန္တပူရီ၊ ဒိဝါကရမိတြ အစရှိသော ဗုဒ္ဓတန္တြသိုလ်ကျောင်းတော်ကြီးများ အဖျက်ဆီးခံရ၍ စာသင်သား သံဃာတော်ပေါင်း သောင်းနှင့် ချီကာ အဆတ်ခံရပြီးသည်၏ နောက်၌ အိန္ဒိယပြည်တွင် ဗုဒ္ဓသာသနာသည် ကွယ်ပျောက်သွား လေ၏။

မြန်မာနိုင်ငံတွင်

ထိုအချိန်တွင် (ခရစ် ၁၂ ရာစု အတွင်း) မြန်မာနိုင်ငံ၌ အနော်ရထာ ဘုရင်၏ ကြိုးပမ်းချက်ကြောင့် ထေရဝါဒ ဗုဒ္ဓသာသနာတော်သည် ပွင့်လန်းနေပြီ ဖြစ်ပါသည်။ သုတ္တပိဋကဓရ၊ ဝိနယပိဋကဓရ၊ အဘိဓမ္မ ပိဋကဓရ တို့ကို ပေါက်မြောက်သော ရဟန်းတော်များလည်း ပေါ်ထွက်ခဲ့ပေသည်။ သီဟိုဠ်ဒေသနာသနာနှင့်လည်း ဆက်သွယ်မှုရှိသည်ဖြစ်၍ ထေရဝါဒဗုဒ္ဓသာသနာသည် မြန်မာနိုင်ငံတော်၏ အထွတ်အမြတ် သာသနာ ဖြစ်လာလေ၏။

ထိုသို့ ထွန်းလင်းတောက်ပလျက်ရှိသော သာသနာတော်ကြီးသည် တရုတ်ပြေးမင်း လက်ထက် ပုဂံပြည်ကြီး ပျက်လေသောအခါ ရုတ်ခြည်း ညှိုးမှိန်၍သွားလေ၏။

သို့ဖြင့် ပရိယတ္တိဆောင် ရဟန်းတော်များ အား နည်းနေသော အင်းဝခေတ်ဦးတွင်အလှူအောင်မြင်သောကြောင့် ရဟန်းတော်တို့ သေသောက်ပွဲကြီးများ ကျင်းပကြပုံကို ရေးထိုးထားသည့်ကျောက်စာများ အမျာ:အပြား တွေ့ရှိနေရခြင်း ဖြစ်ပါသည်။

သို့ရာတွင် ပရိယတ္တိ ဆောင်ဆရာတော်ကြီးများ၏ ကြိုးပမ်းချက်ကြောင့် ဝိနည်းဒေသနာတော်ပြန်လည်ထွန်းကားလာ၍ အလင်္ကာ မျာ:ကွယ်ပကုန်ချိန်တွင် ဂငယ်သုံးခုစစ်ပွဲကြီး ဖြစ်လိုက်ရသော အခါတက်သစ်စ အင်းဝခေတ် သာသနာသည် ဆိတ်သုဉ်း၍ သွားရပြန်လေသည်။

ဤနည်းဖြင့် မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာတော်သည်ခေတ်အား လျော်စွာ မင်းဆက်အား လျော်စွာ ကျချည် တက်ချည်ဖြင့် ဖြစ်နေခဲ့ရာ ယနေ့သို့ တိုင်ခဲ့ပေသည်။ ယနေ့ကား သာသနာအတွက် အား တက်ဖွယ် အခြေအနေတွင် ရှိနေပေသည်။ ပရိယတ္တိဆောင်ပုဂ္ဂိုလ်များ အမျာ:အပြား ထွန်းကားလျက်ရှိသည်။ ပဋိပတ္တိအရာ၌လည်း ကမ္မဋ္ဌာန ရိပ်သာများ ကျေးလက်တောရွာမကျန် ရှိနေသည်။

ထိုအခြေအနေတွင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် '**ကမ္ဘာတစ်ဝှမ်း သာသနာရောင် လွှမ်းစေမည်**' ဟူသော ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး နှစ်ဆူကို ထူထောင်လျက်ရှိနေပါသည်။ အိန္ဒိယပြည်မှ နာလန္ဒာ၊ ဝိကရမသီလာ၊ သြဒန္တပူရီ၊ ဒိဝါကရမိတြ ဗုဒ္ဓဘက္တသိုလ် ကျောင်းတော်ကြီးများသည် နှစ်ပေါင်း ဂဝဝ ခန့် တည်မြဲခဲ့ပြီး စစ်ကြောင့်ပျက်စီးခဲ့ရခြင်း ဖြစ်သည်။ ယခု မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ အာသီသ အတိုင်း တည်ဆောက်သည့် တက္ကသိုလ်ကြီးနှစ်ဆူသည် စစ်တားဆီးရေး ကမ္ဘာ့ငြိမ်းချမ်းရေးကို ဗုဒ္ဓဝါဒဖြင့် အကောင်အထည်ဖော်နိုင်သော တက္ကသိုလ်ကြီးများ ဖြစ်ပါစေဟု ဆန္ဒပြုရပါကြောင်း။

စန္ဒာ (ဘားအံ)

မင်းကွန်း တိပိဋကနိကာယ သာသနာပြုအဖွဲ့၏ ဒုတိယသုံးနှစ်ခရီးစာစောင် ထုတ်လုပ်ရေးနှင့် ပတ်သက်၍ စာအုပ်စာပေထုတ်ဝေရေးအဖွဲ့ငယ် အစည်းအဝေးဘွဲ့ကျွန်တော်က အောက်ပါအကြံပြုချက်ကို တင်ပြပါသည်။

ယခုထုတ်မည့် ဒုတိယ သုံးနှစ်ခရီး စာစောင်တွင် ကွယ်လွန်သူ ပါမောက္ခ ဦးဧမောင်က သူကိုယ်တိုင်ရေးလက်မှင့်ထိုးပြီး သူကိုယ်တိုင် ကျွန်တော့်အား ပေးခဲ့သော ၎င်း၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်ကို ထည့်သွင်းဖော်ပြရန်အခွင့်ကောင်းကြုံ၍ အကြံပြု တင်ပြပါသည်။

ကျွန်တော်၏ အကြောင်းဖော်ပြချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ ကွယ်လွန်သူ ပါမောက္ခဦးဧမောင်သည်ဘုရားလောင်းမျာဒါနပါရမီဖြည့်ကျင့်သကဲ့သို့ မိမိပိုင်ရွှေ့ပြောင်းနိုင် မရွှေ့ပြောင်းနိုင် ပစ္စည်းအရပ်ရပ်အား လုံး (ခန့်မှန်းကာဂဏန်းဖိုး သိန်း ၆၀ ကျော်)ကို ပြတ်ပြတ်သားသား ရက်ရက် ရောရောရဲရဲတင်းတင်းစေတနာသုံးတန်အပြည့်အဝနှင့် သာသနာတော်သို့ တိပိဋကရေမွှာဇာတ်ဖွာဂါရိုကဆရာတော်ကြီးထံမှောက်တွင် ရေစက်သွန်းချလှူဒါန်းခဲ့သော အလွန်ထူးသည့် တိဟိတ်ပုဂ္ဂိုလ်ဖြစ်သည့်အားလျော်စွာ ၎င်း၏ အတ္ထုပ္ပတ္တိကို ထိုက်တန်သောနေရာဟု ဆိုနိုင်သည့် ဤဒုတိယသုံးနှစ်ခရီး စာစောင်တစ်နေရာ၌ ထည့်သွင်းဖော်ပြရန် အကြံပေး တင်ပြပါသည်။

ဤအကြံပြုချက်ကို စာအုပ်စာပေထုတ်ဝေရေးအဖွဲ့ငယ်ဥက္ကဋ္ဌကြီး ဦးသာလှနှင့်တကွ အစည်းအဝေးတက်သူအားလုံးက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလက်ခံခဲ့ပြီး ကျွန်တော့်ကိုပင် ထို အတ္ထုပ္ပတ္တိအတွက်

ဆရာဦးမောင်
ဂျာဒါန်းသော တိုက်များ

ပုံ ၁။ အမှတ် ၁၀၃၊ တက္ကသိုလ် ရိပ်သာ
လမ်းရှိ ဖြိုနှင့်တိုက်

ပုံ ၂။ အမှတ်(၅၉)၊ ပြည်လမ်းရှိ
ဖြိုနှင့်တိုက်

ပုံ ၃။ ဦးမောင် နာမကျန်း ဖြစ်စဉ်
တွင် သာသနာအတွက် ငွေ
(၇သိန်း) ကျော် တို့နှင့် တက္ကဝင်းဖြိုမြေ-တိုက်အိမ် အစုစုံသိန်း
(၆၀)ကျော်ကို ဂျာဒါန်းနေပုံ





ရန်ကုန်မြို့ ရွှေဂုံတိုင် ခြောက်ထပ်ကြီးကျောင်းတိုက်
ပထမနာယကဆရာတော် ဦးကောဏ္ဍည

စာတမ်းတစ်ခု ရေးသား ပေးရန် တိုက်တွန်း၍ တာဝန် ပေးလိုက်ပြန် ပါသည်။ ပုဂ္ဂိုလ် မှန်၏ မူမှန် အတ္ထုပ္ပတ္တိသည် နေရာမှန်သို့ရောက် မည် သေချာ၍ ကျွန်တော် အလွန် ဝမ်းသာမိပါတော့သည်။

မှန်ပါသည်။ ပါမောက္ခ ဦးဓ မောင်သည် ရုတ်ချည်း သာသနာ တော်ကို သဒ္ဓါတရား ပေါက်လာ၍ အရေးပေါ်လှူဒါန်းခြင်းမျိုး လုံးဝ မဟုတ်ပေ။ ဦးမောင်နှင့် သာသနာ ဘော် နီးကပ် ဆက်စပ်နေပုံ၊ သာ သနာတော်ကို ပကာသန မဖက် ရိုးရိုးကုပ်ကုပ် သဒ္ဓါ စစ်စစ်နှင့် သက်ဝင်ယုံကြည်ကာ ပစ္စယာနုဂ္ဂဟ အမျိုးမျိုး အဖုံဖုံကို လှူဒါန်းခဲ့ပုံ တို့ကို အကျဉ်းမျှ ကျွန်တော်သိ သလောက် တင်ပြပါမည်။ သာ သနာတော်ဘက်ကို ကိုင်းရှိုင်းလာ သည်မှာ ဒုတိယကမ္ဘာစစ်ကြီးပြီးစ ကပင်ဟု သိရပါသည်။ ရန်ကုန်မြို့ ရွှေဂုံတိုင် ခြောက်ထပ်ကြီးကျောင်း တိုက် ပထမ နာယက ဆရာတော် ဦးကောဏ္ဍည လက်ထက်တွင် ပရိ ယတ္တိစာသင်တိုက်ကြီး တိုးခဲ့ရန် မြေမျာ်းကို စာချုပ် ပြုလုပ်၍ လှူ ဒါန်းခဲ့ပါသည်။

ပဋိပတ္တိသာသနာနှင့်မူပါမောက္ခ ဦး ဇ မောင် သည် စစ် ပြီး ပဋိပတ္တိ သာသနာတော် ခေတ်တွင် နေတစ်ဆူ လတစ်ဆူကဲ့သို့ ထင်ရှား လှသော **ဝေဘူဆရာတော်** ဘုရားကြီး၊ **တောင်ပုလု ဆရာတော်** ဘုရားကြီးများ၏ အလွန် ရင်းနှီး သောဒါယကာတစ်ဦးဖြစ်ပါသည်။ ဝေဘူဆရာတော်ဘုရားကြီး၏ သာသနာပြုဌာနများ၊တောင်ပုလုဆရာတော် ဘုရားကြီး၏ သာသနာပြုဌာနများတွင် သိမ်၊ ကျောင်း၊ တန်ဆောင်း ဘုရားမှစ၍ သာသနိုက အဆောက်အအုံများစွာကိုစေဓနာသုံးတန် ပြဋ္ဌာန်းကာ လှူဒါန်းထားခဲ့သူ ဖြစ်ပါသည်။ တောင်ပုလုဆရာတော်ဘုရားကြီး၏ မကြာခဏသွန်သင်လေ့ရှိသော ဆုံးမချက် တစ်ခု ရှိသည်။ ''မိမိ ပစ္စည်း ဥစ္စာကို နမြောစုံမက်ရင်ပေးလှူပါ၊ မလှူရင် မိမိသေတော့ ကျန်ရစ်ခဲ့လိမ့်မယ်၊ လှူရင်တော့ မိမိသေရင် မိမိနောက် (ဒါနကုသိုလ်က်)က လိုက်ပါလာလိမ့်မယ်''ဟု ဆိုသော သွန်သင် ဆုံးမချက်ပင် ဖြစ်သည်။ ထိုဆုံးမ ချက်ပါသဘောအတိုင်း ဦးမောင် သည် သူ့ပစ္စည်းအာဒေါသကို ခြွင်း ချက်မရှိ မထားဘဲ အိတ်သွန် ဖာမှောက် သာသနာတော်သို့ ရက်ရောရောလှူဒါန်းခြင်း ဖြစ်သည်ဟု ယူဆနိုင်ပါသည်။

ဦးမောင်နှင့် တောင်ပုလု သာသနာရင်းနှီးဆက်စပ်ခဲ့ပုံကိုအနည်းငယ် ဖော်ပြလိုပါသည်။ ၎င်းသည် ၁၉၂၁ ခု၊ မူလတောင်ပုလုကပ်ိယကာရကအဖွဲ့တွင် ဒုဥက္ကဋ္ဌ အဖြစ်ဖြင့် လည်းကောင်း၊ ၁၉၁၂ ခု အောက်တိုဘာလတွင် ဆရာတော် ဘုရားကိုယ်တိုင်လက်မှတ်ရေးထိုး၍ ပြုပြင်ဖွဲ့စည်းသော ကပ်ိယကာရက အဖွဲ့တွင် နာယကအဖြစ်ဖြင့်လည်းကောင်း၊ ၁၉၁၄ ခုနှစ်က တည်ထောင်သော ရန်ကုန် တောင်ပုလု ပဋိပတ္တိ သာသနာနုဂ္ဂဟ ဂေါပက အဖွဲ့၏ ဂုဏ်ထူးဆောင် နာယကကြီးအနေဖြင့်လည်းကောင်းအသက်ထက်ဆုံး ဆောင်ရွက် သွားခဲ့ပါသည်။ တောင်ပုလု ဆရာတော် ဘုရားကြီး၏ မြေးတော်သူ ဦးဝဏ္ဏိသရ (ဦးဟာဟ) ကို ရန်ကုန်၊ ကန်ပဲ့၊ ဘောက်ထော်၊ မိုးကောင်း ဘုရားယမ်းရှိမဟာဗောဓိကျောင်း တိုက်ဘွဲ့ ရွှေကျင် သာသနာပိုင် မြောင်းမြဆရာဟော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြုကာဦးမောင်ဒေါခင် မြမူတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းတက်ပေးခဲ့ပါသည်။ (စကားချပ်၊ တောင်ပုလု ဆရာတော် ဘုရားကြီးက ရန်ကုန် တက္ကသိုလ် ရဲပ်သာလမ်း တောင်ပုလု ဆု တောင်း ပြည့် ကျောင်းတိုက်တွင် ကျောင်းအလှူတော်ကို ခံယူပြီးသည်နှင့် တစ်ဆက်တည်း တူတော်သူ ဦးနာရဒ ကို ကျောင်းထိုင်တိုက်အုပ် အဖြစ်ဖြင့်

ကျေးဇူးရှင်
ဝေဘူဆရာတော်
ဘုရားကြီး

၁၉၂၁ ခု၊ မူလတောင်ပုလုကပ်ိယကာရကအဖွဲ့တွင် ဒုဥက္ကဋ္ဌ အဖြစ်ဖြင့် လည်းကောင်း၊ ၁၉၁၂ ခု အောက်တိုဘာလတွင် ဆရာတော် ဘုရားကိုယ်တိုင်လက်မှတ်ရေးထိုး၍ ပြုပြင်ဖွဲ့စည်းသော ကပ်ိယကာရက အဖွဲ့တွင် နာယကအဖြစ်ဖြင့်လည်း ကောင်း၊ ၁၉၁၄ ခုနှစ်က တည် ထောင်သော ရန်ကုန် တောင်ပုလု ပဋိပတ္တိ သာသနာနုဂ္ဂဟ ဂေါပက အဖွဲ့၏ ဂုဏ်ထူးဆောင် နာယက ကြီးအနေဖြင့်လည်းကောင်းအသက် ထက်ဆုံး ဆောင်ရွက် သွားခဲ့ပါ သည်။ တောင်ပုလု ဆရာတော် ဘုရားကြီး၏ မြေးတော်သူ ဦးဝဏ္ဏိ သရ (ဦးဟာဟ) ကို ရန်ကုန်၊ ကန်ပဲ့၊ ဘောက်ထော်၊ မိုးကောင်း ဘုရားယမ်းရှိမဟာဗောဓိကျောင်း တိုက်ဘွဲ့ ရွှေကျင် သာသနာပိုင် မြောင်းမြဆရာဟော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြုကာဦးမောင်ဒေါခင် မြမူတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်း တက်ပေးခဲ့ပါသည်။ (စကားချပ်၊ တောင်ပုလု ဆရာတော် ဘုရားကြီးက ရန်ကုန် တက္ကသိုလ် ရဲပ်သာလမ်း တောင်ပုလု ဆု တောင်း ပြည့် ကျောင်းတိုက်တွင် ကျောင်းအလှူ တော်ကို ခံယူပြီးသည်နှင့် တစ်ဆက် တည်း တူတော်သူ ဦးနာရဒ ကို ကျောင်းထိုင်တိုက်အုပ် အဖြစ်ဖြင့်

လည်းကောင်း၊ မြေး တော် သူ ဦးဝဏ္ဏိသရကို တိုက်ကြပ် အဖြစ် လည်းကောင်း လွှဲအပ်ခဲ့မြင့်ထား ခဲ့ပါသည်။)

သာသနာတော်နှင့် ပတ်သက်၍ ဦးမောင် ဒေါ်ခင်မြမူကို မလှူ ဖူးသေးသောအလှူ ကျန်မည်ဟုပင် မထင်မိတော့ပါ၊ မိမိ၏ ဇာတ်မြို့ ဖြစ်သော ကျုံပျော်မြို့တွင် သံဃာ့ ဆေးရုံလှူခြင်း၊ သာသနာရေးဌာန က ပုံနှိပ်၍ ဦးမောင် ကိုယ်ပိုင် ကင်းလွတ်ခွင့်အမှတ် ဝ၂၅၉၉ ဖြင့် ထုတ်ဝေသော ပဲခူး ဝိပဿနာ ကျောင်း ဆရာတော် အရှင်ဝရိန္ဒ ရေးသားစီရင်သော 'နာမ်ရုပ်အစ နိဗ္ဗာန်ပြ' ကျမ်းအုပ်ရေ ၁၀၀၀ ကို ဓမ္မဒါနအဖြစ် လှူဒါန်းခြင်း၊ တောင်ပုလုဆရာတော်ဘုရားကြီးထံ ရေစက် သွန်းချ၍ တောင်ပုလု ဆုကောင်းပြည့်ကျောင်း ဆောက် ရန်အတွက် ကျပ်ငွေ တစ်သိန်း လှူဒါန်းခြင်းများလည်းရှိပါသည်။ အခြားမသိရသောကုသိုလ်ကောင်း မှုများလည်း ကျန်ရှိနိုင်ပါသည်။ ယခု တိပိဋကဓရဆရာတော် ဘုရား ကြီးထံ သာသနာတော် အတွက် ရေစက်ချ၍ လှူဒါန်းမှုမှာ အဘက် ဘက်မှ ထောင့်စေ့ လှပါသည်။ ကွက်လပ်ပင်မကျန်တော့ဟုဆိုထိုက် ပါပေသည်။ ထူးပေစွ၊ သာဓုခေါ် ထိုက်ပေစွ။

ပရိယတ္တိ သာသနာအတွက်သာ မက ပဋိပတ္တိ သာသနာ အတွက် အထူးသဖြင့် အသက် ထက်ဆုံး၊ အရင်းအနှီးဆုံးဖြစ်သော ဝေဘူ နှင့်တောင်ပုလုသာသနာတော်များ အတွက်လည်း လှူဒါန်း ရာတွင် မမေ့ပါ၊ ပါဝင်ပါသည်။ သေ သည့်အထိ ဝေဘူ ဆရာတော်၊



ကျေးဇူးရှင် တောင်ပုလု ဆရာတော်ဘုရားကြီး

တောင်ပုလု ဆရာတော် များ၏ ပုံတော်များကို ခေါင်း ရင်း မှာ ထား၊ကာ ကိုးကွယ်ပါသည်။ ဦးဧ မောင်သည် ဒါနမှု သီလမှုလောက် နှင့်သာ ကျေနပ် တင်းတိမ်ခြင်း မရှိပါ။ ကျွန်တော်နှင့် ဇနီးမောင်နှံ တို့၏ သတိပေးချက်ဖြင့် မသေမီ ငါးနှစ်ခန့်ကပင် စတင်၍ သမထ ဝိပဿနာဘာဝနာ အလုပ်ကိုအချိန် သတ်မှတ်ကာ တရားအား ထုတ်ပါသည်။ ဝေဘူဆရာတော်ဘုရားကြီး၏ နှာသီးဖျား မှာ သတိထား၍ ထွက်လေ ဝင်လေကို အမှတ်ပြု၍ ပွား များ ရသော အာနာပါနဿတိ ပဋ္ဌာန်၊ တောင်ပုလု ဆရာတော် ဘုရားကြီး၏ရပ်သွား ထိုင် လျောင်း ကျရိယာပထ သတိပဋ္ဌာန်၊ ခု၂-ကောဋ္ဌာသ ဏာယကတာ သတိ ပဋ္ဌာန်များကို ပွား များ အား ထုတ် ပါသည်။

သာသနာတော်နှင့် ပါမောက္ခ ဦးဧမောင်အကြောင်းကိုအကျဉ်းမျ ဖော်ပြပြီးနောက် ကျွန်တော်နှင့် ဦးဧမောင် အကြောင်းကို အနည်း ငယ် အကျဉ်းမျ ဖော်ပြရန် လိုအပ် နေပါသည်။

ဦးဧမောင်က သူကိုယ်တိုင် ရေး ပြီး သူလက်မှတ်ထိုးထား သည့် သူ၏ အတ္ထုပ္ပတ္တိအကျဉ်းကို ကျွန်တော် ''ဦးချမ်းသာ၊ ခင်ဗျားဟာ ကျွန် တော်၏ အရင်းနှီးဆုံး မိတ်ဆွေ အလေးစား အပ်ဆုံး မိတ်ဆွေဖြစ်၍ ကျွန်တော်၏ အတ္ထုပ္ပတ္တိ အကျဉ်း ကိုပေးတာပါ''ဟု ဝိသေသနပုဒ် များထပ်၍ ပြောဆိုကာ သူကိုယ် တိုင်ပေးပါသည်။(၁) ဘာကြောင့် ပေးသနည်း၊ (၂) ဘယ်တုန်းက ပေးသနည်း၊ (၃)ဘာကိစ္စအတွက် ပေးသနည်းဟု ဤနေရာတွင် မေး ခွန်း သုံးခု ထပ်ဆင့်ကာ မေးရန် သင့်ပါသည်။ ဘာကြောင့် ပေး သနည်းဆိုသော အမှတ် (၁)မေး ခွန်း၏အဖြေကို ယခုဖြေဆိုပါမည်။ ထိုမေးခွန်း အဖြေမှာ မေးခွန်း၏ ဝိသေသနပုဒ် နှစ်ခုတွင် ပါဝင်နေ ပါသည်။ သို့ဖြစ်၍ နောက်ကြောင်း ပြန်ကာ အနည်းငယ် ဖော်ပြရန် လိုအပ်ပါသည်။

ဦးဧမောင်သည် ၁၉၂၅ ခုနှစ် တွင် တက္ကသိုလ် ရောက်၍ကျွန်တော် က ၁၉၂၆ ခုနှစ်မှာ ရောက်သည်။ အသက်လည်း မကွာလှ၊တက္ကသိုလ် ရောက်သောနှစ်လည်း မကွာလှပါ၊ အသိမိတ်ဆွေလောက်ပင် ဆက်ဆံ မှုရှိပါသည်။ နောက်ဦးဧမောင်က အမ်အေ မြန်မာစာ ဖြေရန်၊ ကျွန် တော်က ဘီအေရာဇဝင် ဂုဏ်ထူး ဖြေရန် အောက်တိုဘာလ တစ်လ ကျော်းပိတ်ရက် အိမ် မပြန် ဘဲ အင်းဝ ကျောင်းဆောင် အပေါ် ဆုံးထပ်မှာ အတူ စာကျက်ကြရာ တွင်တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီး မှု ရရှိခဲ့ပါသည်။

ဦးဧမောင်သည် ရိုးသား ဖြောင့် မတ် တည်ကြည်သည်၊ ယဉ်ကျေး သိမ်မွေ့သည်၊ အေးဆေးစွာ နေ တတ်၊ ပြောတတ်သည်။ စိတ်ရင်း ကောင်းရှိ၍ စေတနာ သန့်ရှင်း ပြည့်ဝသည်ကိုအထူးတွေ့ရှိရသည်။ သူငယ်ချင်း မိတ်ဆွေ များများ မရှိ၊ ထီးထီးနေတတ်သည်၊ မြန်မာ စာနှင့် မြန်မာမှုကိုလေးစား မြတ်နိုး တန်ဖိုးထား သည်၊ မြန်မာ စာကို ဝါသနာပါရုံမျ သက်သက်မဟုတ် ပေ။ မြန်မာစာပေတွင် အမျိုးသား စိတ်ပြည့်ဝသည်၊ မြန်မာ သဒ္ဒါချင်း



ဦးတင် (၁၈၆၁-၁၉၃၃)

ကြီးများကို ဝါသနာ ပါသည်။ အဓိပ္ပာယ် နားလည်သည်၊ ကိုယ် တိုင်တယောထိုးနိုင် သီဆိုနိုင်သည်၊ ရတု၊ ရကန်၊ အဲ အန်ချင်း ၊လေး ချိုး၊ဒွေးချိုး၊တေးထပ်၊ဘောလယ် တို့တွင်လည်း ထို့အတူပင်၊ ကျွန် တော့် ဆရာကြီးများ ဖြစ်ခဲ့ဖူးသူ ပုဂံဝန်ထောက်မင်း ဦးတင်၊ ဆရာ လင်း၊ ဆရာပွား၊ ရွှေးမြန်မာပညာ ရှိကြီးများ ကဲ့သို့ ပျို့လက်ာကို အာဂုံဆောင်၍ အလွတ်ရွတ်ပြနိုင် သည်။ ထိုဧတ်က ထုံဂုဏ်ရည်မှာ ကျောင်းသားဘဝတွင် အလွန်ရှား ပါးပေသည်။ ချီးမွမ်းဖွယ်ပင် ဖြစ် တော့သည်။

တက္ကသိုလ် ကျောင်းသားဘဝ ကိုတစ်ခန်းရပ်ပြီး ဘဝဇာတ်ခုံတွင် ကိုယ့်လမ်းကိုယ် သွားကြပြီးနောက် ဒုတိယကမ္ဘာစစ်ကြီးပြီးသော အခါ ရန်ကုန်တွင် မသေ၍ ပြန်တွေ့ကြ ပြန်သည်၊ သူက ကျွန်တော့်ကို ကောလိပ်နေစဉ်မှာ ကဲ့သို့ ကိုချမ်း

ဦးပွား (၁၈၇၁-၁၉၅၀)

သာဟု မခေါ်ဘဲ ဦးချမ်းသာဟု ခေါ်သည်၊ ကျွန်တော် သူ့ကို ကိုမောင်ဟု မခေါ်တော့ဘဲ ဆရာ မောင်လို့ တစ်ဦးနှင့် တစ်ဦး လေးစားစွာ သုံးနှုန်း ခေါ်ဝေါ် ကြသည်၊ ကျွန်တော်က သူနှင့် စာပေ၊ ဗေဒင်ကို ဆွေးနွေးသည်၊ သူက ကျွန်တော်နှင့် 'လူမှုရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ကမ္ဘာ့ ရေးနှင့်' ရေးပေါင်းစုံကိုဆွေးနွေး ကြသည်၊ အကြား အသိ အမြင် ချင်း ဖလှယ်ကြသည်၊ အငြိမ်းစား ယူပြီးနောက် အဆက်အသွယ်ပိုများ လာသည်။ အမြင်ချင်းတူ၊ စရိုက် ချင်းတူ၊ အကြိုက်ချင်းတူ၊ အကျင့် ချင်းတူလေတော့ ညီအစ်ကို ရင်း ချာကဲ့သို့ပင် ဝင်ထွက် ကူးသန်း ဆက်ဆံကာ နေသည်၊ တွေ့ဆုံ စကားပြောရသောအခါ သူ့မှာ အလွန် စိတ်ချမ်းသာသည်ဟု ဆို သည်၊ကျွန်တော်ကလည်း ထို့အတူ ပင် ဖြစ်ကြောင်း ပြောကြားသည်။

ဦးမောင်သည် ကျွန် တော်

ဦးလင်း (၁၈၇၅-၁၉၅၄)

ပန်းချီဆွဲတာ လာကြည့်ပြီး လိုချင် သော ဆီဆေးကားကို အတင်း ဝယ်သည်၊ မရောင်းသော် မရ၊ ဆေးဖိုး အတင်းပေးသည်၊ မယူလဲ မရ၊ အိုင်စီအက် နှစ်ယောက် ဆွဲ သော ကောက်တလင်းကား ပါ သွားလေပြီ၊ ကျွန်တော်က မေတ္တာ နှင့်ဆွဲပေးသော ဆီဆေး ရေဆေး ကားချပ်များ သူ့ထံတွင် ရှိသည်၊ ကျွန်တော်၏ ပဒေသာ ရတုတွင် သူ စကားလက်မွန် ရေးသားပေး သည်၊ ကျွန်တော်ကလည်း ကျွန် တော် စတင်ပြုစု ပျို့ထောင်သော အမျိုးသား ယဉ်ကျေးမှု အသင်း တွင် ဆရာကိုစာတည်းချုပ်အဖြစ် တောင်းပန်၍ တာဝန် ပေးထား သည်။ ပါမောက္ခ ဖြစ်သည့် အား လျော်စွာ ကျောင်းတော်ကြီးမှာ စာချ ဆရာတော်ကြီးများ ကဲ့သို့ စာပေနှင့် တပည့်က လွဲ၍ အပြင် လောကနှင့် ထိတွေ့မှု နည်းသဖြင့် ထီးထီး သီးသီး သန့်သန့် နေထိုင် ရာမှ အငြိမ်းစား ယူသော အခါ

စိတ်တူသဘောတူ ဖြစ်သူ အလိုရှိ နေချိန်တွင် ကျွန်တော်နှင့် ပြန်တွေ့ ရ၍ ဝမ်းသာကြောင်း ခဏခဏ ပြော ပါသည်။ တွေ့ ဆုံ တိုင်း လောက အကြောင်း အရာသာ မဟုတ်သေး တရား ဓမ္မကိုလည်း အမြဲ ဆွေးနွေးလေ့ ရှိကြသည်။ ထိုအကြောင်းများကြောင့်ပင် ကျွန်တော် အား သူ၏ အတ္ထုပ္ပတ္တိကို ပေးရာတွင် 'အရင်းနှီးဆုံး မိတ်ဆွေ' 'အလေးစားဆုံး မိတ်ဆွေ' ဟု သူ၏ နှုတ်က ဖွင့်ဟ ဂုဏ်ပြု ပြောဆိုသတ်မှတ်ကာ ပေးခြင်းဖြစ် သည်ဟု ယုံကြည်ပါသည်။

ဒုတိယ မေးခွန်းဖြစ်သော 'ဘယ် တုန်းကထိုအတ္ထုပ္ပတ္တိကို ဦးဧမောင် က ပေးသနည်း' ကိုယခုဖြေပါမည်။ အချိန်ကာလမှာ ဦးဧမောင် အင်း စိန်ဆေးရုံတွင် ကုသခံပြီး အိမ်ပြန် ရောက်ခါစက ဖြစ်သည်၊ သွား ရောက်ခြင်း အကြောင်း ကတော့ ကိစ္စနှစ်ရပ်နှင့် သက်ဆိုင်သည်။

(၁) ၎င်း၏ ကျန်းမာ ရေး အခြေအနေကို သိလို၍ သွားခြင်း ဖြစ်သည်။ တစ်ပတ်ခြား နှစ်ပတ် ခြားလောက် အမြဲသူနှင့် တွေ့ဆုံ ပြီး သူ့ကျန်းမာရေး အခြေအနေ ကို မေးမြန်းပြီး တရားစကား ပြောနေကျ ဖြစ်သော်လည်း သူ ရ၊ မမေးရ၊ မပြောရတာ ကြာ သွားပြီဖြစ်၍ တစ်ကြောင်း။

(၂) သူကတိ ပေးထားသော စာမူ ရယူရန် အကြောင်းကြောင့် သူ့ထံ သွားရောက်ခြင်းလည်းဖြစ် သည်၊ စာမူနှင့်ပက်သက်၍ အနည်း ငယ် ရှင်းလင်းရန် လိုပါသည်၊ တိပိဋကနိကာယ သာသနာပြု ပထမ သုံးနှစ် ခရီးစာစောင်ထုတ် လုပ်ရေးအတွက် ခေါ်သော ပထမ အစည်းအဝေးတွင် စာမူတောင်း ခံရန် စာမူရှင်များ စာရင်းပြု လုပ်ကြရာ၌ ကျွန်တော်ကပါဓမာက္ခ ဦးဧမောင်အား စာရင်းတွင် ထည့် အဆိုပြု၍ ၎င်းဆံသွားကာ စာမူ တောင်းခံမည်ဟုလည်း တာဝန်ယူ ထားခဲ့ပါသည်။ အစည်း အဝေး တွင် အားလုံးက ထောက်ခံကြပါ သည်။

ထိုတာဝန်အရ ၎င်းထံ သွား၍ လွန်ခဲ့သော နှစ်လခန့်က စာမူတစ်ခု ကို တောင်းထားခဲ့ပြီး ဖြစ်ပါသည်။ စာမူရသင့်သောခါ ရောက်သေပြီ။ စာမူဟောင်းစဉ်ကဆရာ၏ကျန်းမာ ရေးမှာ မဆိုးလှသေးခဲ့။ အသင့် အတင့်ကိုယ်သက်လှုပ်ရှားသွားလာ နိုင်သေးသည်။ အင်းစိန် ဆေးရုံက ပြန်ရောက်သောအခါကိုယ်တစ်ခြမ်း သေတော့မယောင် အခြေမှာရှိ၍ နေ့ည သူနာပြု ဆရာမများ ထား နေရလေပြီ။ သို့သော် ကောင်းစွာ စကား ပြော နိုင်သည်ကို တွေ့ရ သည်။ဟိုသည်ပြောပြီးနောက် စာမူ ကို စောင့်ကြို နေကြကြောင်း ကျွန် တော်က စ,ပြောပါသည်။ မူလက သူကတိပေးထားသော်လည်း သူ့ ကျန်းမာရေး အခြေအနေကြောင့် သူရေးမှ ရေးပေးနိုင်မည်လောဟု တွေးမိသည်။ ကျွန်တော်က သူ့ ခုတင်ဘေးမှာ ကုလားထိုင်နှင့်ထိုင် သည်။ သူကခုတင်အိပ်ရာ ပေါ်တွင် လဲလျောင်းနေသည်။ ဇနီးဒေါ်ခင် မြမူကို ခေါ်သည်။ စာမူကိုတောင်း သည်။ ယူလာရာ ခုတင်အခြားဘက် မှ ထိုင်စေ၍ ဆရာက ၎င်းအား ဖတ် ပြခိုင်းသည်။

စာမူ၏ ခေါင်းစီးမှာ ''ပထမ မဟာတိပိဋကဓရ ဆရာတော်'' ဟု ရေးသားဖော်ပြထားသည်။ စာ၏ အကျယ်အဝန်းအတိမ်အနက်ကို ခန့် မှန်းနိုင်၍ ကြိုက်လှပေပြီ။ လက်ာ ၅ပုဒ် ဖြစ်သည်။ အချိုအချမတွေ့၍ သာမန်ရတုမျိုးပင်ဟု ဆိုနိုင်သည်။ ကောင်းစွာ မကျန်းမာသေးဘဲနှင့် ဤကဲ့သို့ အချိန်မီ ပြောင်မြောက်စွာ ရေးပေး နိုင်သဖြင့် ကျေးဇူး တင် ကြောင်း၊ ဝမ်းသာကြောင်း ပြော သည်။ ကျွန်တော့် အား စာမူကို ဒေါ်ခင်မြမူဆီကယူ၍ပေးသည်။စာ မူရ၏ ကျေးဇူး တင်ကြောင်း ထုပ်

ပြောလိုက်သည်။ သို့သော် လည်း ဝမ်းမသာလှပါ။ အကြောင်းကား စာမူကို ဒေါ်ခင်မြမူက ဖတ်ပြ၍ ကျွန်တော် နားစိုက်ထောင် နေစဉ် ကျွန်တော် စိတ်ထဲတွင် ၎င်းစာသည် ဆရာ၏ နောက်ဆုံးစာပင် ဖြစ်လေ မလားဟု တွေးထင်မိ၍ ဖြစ်သည်။ ဒီလိုတွေးမိတာကလည်းအကြောင်း မရှိ မဟုတ်ပါ။ အကြောင်းရှိပါ သည်။အကြောင်းက ဒီလိုပါ။

သူ့ကဗျာ လက်ာ ၅ပုဒ်အနက် နောက်ဆုံးအမှတ်(၅)တွင် ဆရာ၏ စိတ်ဇောဟာ တာဝတိ်သာ နတ်ပြည် ရောက်နေသည်ကို တွေ့နေရ သည်။ ဝါသဝသိကြားမင်းက နတ် မိဖုရားကြီး သုဇာတာကိုပြောနေဟန် ပါရှိ၍ ဆရာကလည်း အရသာရှိ စွာဖြင့် အိပ်ရာပေါ်မှာ လဲလျောင်း လျက်ပင် မဇ္ဈိမသက၊ စန္ဒရ၊ကက္ကရု၊ မဏ္ဍဝ၊ အာသာဝတီ စသော နတ် ပန်းမျာ အကြောင်း တုလွတ်ပန်း အ ကြောင်း နှင့် အထူး သ ဖြင့် မြိန်ရေ ရှက် ရေ ဖြင့် ဒေဝဓ္ဓရာ အကြောင်းကို ပြောသွားသည်မှာ မမေ့နိုင် လောက်အောင်ပင် စိတ် ကူးကောင်းသည်နှင့်အမျှစကားလုံး များမှာလည်း တောက်ပြောင် ခန့် ညား လှပလှပေသည်ဟု မှတ်ချက်ချ မိသည်။ ဒေဝဓ္ဓရာ အကြောင်းကို ဆရာ ပြောနေစဉ်က ဘာကြောင့် မတွေးတတ်ပါ။ ဆရာကတော်ဒေါ် ခင်မြမူကအနည်းငယ်ပြုံးသယောင် ကို သတိပြုမိလိုက်သည်။ဒေါ်ခင်မြ မူသည် ဦးမောင်ထက် လအနည်း ငယ် စောကာ တာဝတိ်သာ နတ် ပြည်သို့ ရောက်နှင့်ပြီး ဦးမောင်ကို စောင့်မျှော်ကြိုဆိုနေသည်ဟု တွေး ဆနိုင်ပါသည်။

အဆိုပါ စာမူကို ကျွန်တော် အား ပေးပြီး နှုတ်ဆက်၍ ပြန်တော့ မည်အပြုတွင်မှ အထက်၌ ဖော်ပြ သော သူ့အတ္ထုပ္ပတ္တိ အကျဉ်းကို သူကိုယ်တိုင်ပေးသည်။ကျေးဇူးတင် ကြောင်း ပြော၍ ကျွန် တော် က လေးလေး စားစား လက်ခံသည်။ သို့သော် ကျွန်တော် အနည်းငယ် တွေဝေသွားသည်။ ကြက်သေသေ သလိုလည်း ဖြစ်သည်။ ဘာကြောင့် သူပေးသလဲ။ ဘာအတွက် သူပေး သလဲ၊ ဘယ်လိုသုံးဖို့လဲလို့ ကျွန် တော် မမေးနိုင်ဘဲ မေးခိုင်သလိုပင် ဖြစ်တော့သည်။ မေးရန်လည်း လို မည် မ ထင် တော့ ပေ။ အဘယ် ကြောင့် ဆိုသော် သူ့အကြောင်း သူသိ၍ လက်ာ ၅ပုဒ်တွင် ဆရာက နိမိတ်ပြုပြီး ဖြစ်သည်။ ယခုလည်း ထေရပုတ္တိမခေါ်ဘဲ အတ္ထုပ္ပတ္တိ ဟု အမဲည်တပ်ကာ ပေးခြင်းဖြင့် ထပ် လောင်းပြီး သူအတည်ပြုလိုက်ခြင်း ဖြစ်သည်ဟု ယူဆမိပါ တော့သည်။

နောက်ဆုံး တတိယ မေးခွန်း ဖြစ် သော ''ဘာ ကြောင့် သူ့ အတ္ထုပ္ပတ္တိကို ကျွန်တော့် အား ပေး ရသနည်း'' အဖြေမှာ ယခုဖြေပြီး ပြီဟု ယူဆနိုင်၍ ဖြေရန် လိုတော့ မည်မထင်ပါ။ပုဂ္ဂိုလ်မှန် ဦးမောင် ၏ မူမှန် အတ္ထုပ္ပတ္တိစာကို နေရာမှန် ဖြစ်သော တိပိဋကနိကာယ သာ သနာပြု ဒုတိယ သုံးနှစ်ခရီး စာ စောင်သို့ မိတ်ဆွေမှန် ကျွန်တော်က ပို့ပေးနိုင်စေရန် ပါမောက္ခ ဦးမောင်က သူ ကိုယ် တိုင် ရေး၍ ၈-၂-၂၄ နေ့စွဲဖြင့် လက်မှတ်ထိုး သော သူ၏ အတ္ထုပ္ပတ္တိ စာတမ်းကို သူကိုယ်တိုင် ကျွန်တော့် အား ကိုယ် ထိလက်ရောက် ပေးခဲ့ခြင်း ဖြစ်သည် ဟု ယုံကြည်စွာဖော်ပြ၍ နိဂုံးချုပ် ပါသည်။ ၎င်းအတ္ထုပ္ပတ္တိ၏ မူရင်း မိတ္တူကို ဤစာစောင်တွင် ဆက်၍ ဖော်ပြထားပါသည်။

ဦးချစ်သာ
၁၃-၈-၈၆



ဦးဖေမောင် ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ

ဝဏ္ဏကျော်ထင်
သီရိပျံချီ
ဦးဖေမောင်
(၁၉၀၅ မှ ၁၉၇၅)

* မြန်မာစာ ပါမောက္ခ
* ရန်ကုန်တက္ကသိုလ် ဆီးနိတ်အဖွဲ့ဝင် လူကြီး
* အမျိုးသား ယဉ်ကျေးမှု စာစောင်၏ စာတည်း ချုပ်
* ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာ အသင်း ဒု-ဥက္ကဋ္ဌ

၁၉၀၅ခုနှစ်တွင် ကျုံပျော်မြို့၌မွေးဖွားသည်။ အဖ ပိုးကုန်သည်ကျောင်းဒါယကာကြီး ဦးဘိုးညွှင်းအမိဒေါ်လှပုံဖြစ်သည်။

၁၉၂၀ ပြည့်နှစ်တွင် ကျုံပျော်မြို့ အစိုးရမြန်မာအထက်တန်းကျောင်း **Government Vernacular High School**မှ အစိုးရစစ်မြန်မာ ကိုးတန်းကို အောင်မြင်ခဲ့သည်။ ကြည့်မြင်တိုင် ဦးမောင်မောင် အလတ်ပညာသင်ကျောင်းတွင် အင်္ဂလိပ်စာကိုကိုးလခန့်သင်ကြား ပြီးနောက် ရန်ကုန်မြို့စိန်ဂျွန်းကောလိပ်တွင် ဆက်လက်ပညာသင်သည်။ ၁၉၂၂ခုနှစ်၊ ဒီဇင်ဘာလတွင် အင်္ဂလိပ်ခုနစ်တန်း စာမေးပွဲ(**English Middle School Examination**)ကိုအောင်မြင်သည်။၁၉၂၃ခုနှစ်-မေလတွင် ရန်ကုန်အစိုးရအထက်တန်းကျောင်း (**Goverument High School, Rangoon**)မှာ ရှစ်တန်းကျော်ပြီး ကိုးတန်း၌ ပညာဆက်လက်ဆည်းပူးသည်။ ၁၉၂၅ခုနှစ်၊မတ်လတွင် ဆယ်တန်းစာမေးပွဲကို **အင်္ဂလိပ်ဘာသာ၊ အထူးအင်္ဂလိပ်ဘာသာ၊ မြန်မာ ဘာသာနှင့် ပထဝီဝင် ဘာသာ**တို့တွင် ဂုဏ်ထူးဖြင့် အောင်မြင်သည်။ သို့နှင့် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ရာ အစိုးရခိုးမြင့်သော ပညာရည်ချွန် ဆုငွေကို ၁၉၂၅ ခုနှစ်မှစ၍ လေးနှစ်တိုင်တိုင်ရရှိသည်။

၁၉၂၇ ခုနှစ် တွင် ဥပစာတန်းကို **ဘာသာဗေဒ၊ အနောက်တိုင်းရာဇဝင်၊ ပထဝီဝင်ဘာသာ**တွဲဖြင့် အောင်မြင်ပြီး နောက် မြန်မာစာဝိဇ္ဇာဂုဏ်ထူးတန်းသို့ တက်ရောက်သည်။ ၁၉၂၉ ခုနှစ်၊ မတ်လတွင်မြန်မာစာဝိဇ္ဇာ ဂုဏ်ထူးစာမေးပွဲကို ဒုတိယတန်းပထမဆင့်ဖြင့် အောင်မြင်သည်။ထို့နောက်ခြိန်ပက်နည်းပြဆရာ အဖြစ်ဖြင့် အမှုထမ်းရင်း မဟာဝိဇ္ဇာဂုဏ်ထူးတန်းသို့တက်ရောက်ရာ ၁၉၃၁ခုနှစ်၊မတ်လတွင် မဟာဝိဇ္ဇာဂုဏ်ထူးစာမေးပွဲကိုပထမတန်းဂုဏ်ထူးဖြင့် အောင်မြင်သည်။

ရန်ကုန်
တက္ကသိုလ်
ဓမ္မာရုံကြီး

ထိုခုနှစ်၊ ဇွန်လတွင် ရန်ကုန် တက္ကသိုလ် ကျောင်းတိုက်၌ အချိန်ပြည့် နည်းပြဆရာ၊ ၁၉၃၄ ခုနှစ်တွင်အထက်တန်းနည်းပြဆရာ၊ ၁၉၃၆ ခုနှစ်တွင် လက် ထောက်ကထိကဖြစ်လာသည်။ ၁၉၄၁ခုနှစ်၊ ဇန်နဝါရီလတွင် အရှေ့တိုင်းစာပေဌာနလက်အောက်မှ မြန်မာစာပေဌာန ခွဲထွက်၍ သီးခြား ရပ်တည်လာရာ မြန်မာစာပေဌာန၏ ဌာနမှူးအဖြစ်ဖြင့် လည်းကောင်း၊ ထိုနှစ် အောက်တိုဘာ လမှ စ၍ ၁၉၆၂ ခုနှစ်၊ မေလတိုင်အောင် မြန်မာစာပါမောက္ခအဖြစ်ဖြင့် လည်းကောင်း အမှုထမ်းရသည်။ ထိုသို့ဆောင်ရွက်နေစဉ် ၁၉၄၉ခုနှစ်တွင် အင်္ဂလန်ပြည် လန်ဒန်တက္ကသိုလ်အရှေ့တိုင်းနှင့် အာဖရိက ပညာရပ်များ လေ့လာရေးကျောင်း၌ တိဗက်စာနှင့် ဝေါဟာရဗေဒ(**Philology**)ကို ခြောက်လခန့် လေ့လာ ဆည်းပူးခဲ့သည်။ ၁၉၅၂ ခုနှစ် တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့ ချစ်ကြည်ရေးအဖွဲ့တစ်ဖွဲ့စေလွှတ်ရာ ကိုယ်စားလှယ် ကစ်ဉီးအဖြစ် လိုက်ပါခဲ့သည်။

ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီး၏ ဥက္ကဋ္ဌ အဖြစ်ဖြင့် လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ်ဖြင့် လည်းကောင်း၊နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သည်။ တက္ကသိုလ် ဓမ္မာရုံကြီး ဆောက်လုပ် ပြီးစီးရေးအတွက် အထူးအားသွန်ကြိုးပမ်းခဲ့သည်။ မြန်မာနိုင်ငံ သုတေသနအသင်းတွင် ရှေးကာလကပင် ရာသက်ပန် အသင်းသားအဖြစ် ခံယူလာခဲ့သည့်ပြင် ၁၉၅၂ ခုနှစ်တွင် အသင်း၏ အမှုဆောင် အဖွဲ့ဝင်တစ်ဦး အဖြစ်ဖြင့် လည်းကောင်း၊ ၁၉၅၃ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ အသင်း၏ စာအုပ် ထုတ်ဝေရေး ကော်မတီဥက္ကဋ္ဌ အဖြစ်ဖြင့် လည်းကောင်း၊ ၁၉၅၆ခုနှစ်မှ ၁၉၅၉ခုနှစ်အထိ အသင်း၏ ဒုတိယ ဥက္ကဋ္ဌ အဖြစ်ဖြင့် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ဆီးနိတ်အဖွဲ့ဝင် လူကြီး ကောင်စီ အဖွဲ့ဝင်လူကြီးအဖြစ်ဖြင့် (၁၄)နှစ် ထမ်းဆောင် ခဲ့သည်။ ဝိဇ္ဇာမဟာဌာနမှူး အဖြစ်ဖြင့်လည်း (၂)နှစ် ဆောင်ရွက်ခဲ့သည်။

၁၉၆၂ခု၊ မေလတွင်အငြိမ်းစားယူသည်။ အငြိမ်းစား မယူမီ ဝဏ္ဏကျော်ထင်ဘွဲ့နှင့် သီရိပံ့ချီဘွဲ့အသီးသီးကို ရရှိခဲ့သည်။

စာပေ ရေးသားမှု

အစိုးရ မြန် မာ အ ထက် တန်းကျောင်းသား ဘဝကပင် ကဗျာနှင့် ဆောင်းပါးများကို ဝါသနာအရ ရေးသားခဲ့သည်။ တက္ကသိုလ်ကျောင်းသား ဘဝတွင်လည်း **ပုဂံလက်သီး** လက်ရေးစာစောင်၏ စာတည်း၊ **'သထုံသန်လျက်'** လက်ရေးစာစောင်၏ စာတည်းမှူး အဖြစ်ဖြင့် ဆောင်ရွက်ခဲ့သည်။တက္ကသိုလ်ဆရာဘဝတွင် **'အင်္ဂလိပ်ရာဇဝင်၏မူလအစ'**နှင့် **'အထက်တန်းမြို့တိုသမ္မာဇဝင်'**စာအုပ်တို့ကို မြန်မာ ဘာသာပြန်ခဲ့သည်။ ၎င်း**'အထက်တန်းမြို့တိုသမ္မာဇဝင်'** ဘာသာပြန် စာ

ဘာသာပြန်၊ မြို့ရွာဒေသ အမည်များ၊ စာဆိုနှင့် ပတ်ဝန်းကျင်၊ နဝဒေးကြီးနှင့် သူ့စာပေ၊ ရှင်မဟာရဋ္ဌသာရ၏ ဘဝနှင့် စာပေ၊ ရတုဘုရင် နတ်သျှင်နောင်၊ ယခုခေတ်နှင့် ရှေးခေတ် ကဗျာများ စသည်တို့ ဖြစ်၍ ဟာပြောသော နေရာများမှာဝိုင်အမ်ဘီအေအသင်းတိုက်၊ ပြည်လမ်းနှင့် ကုန်သည်လမ်းအသီးသီးရှိ စာပေဗိမာန်၊ မြို့တော်ခန်းမ၊ ရာမာရစ်ရှနာ စာကြည့်တိုက်၊ နော်မန်ကျောင်း၊ ရန်ကုန်မြို့ဗဟို အထက်တန်းကျောင်း စသည်တို့ဖြစ်သည်။

မြန်မာနိုင်ငံတော်လှုန်ရေးအစိုးရ လက်ထက်တွင်ပညာရေးဝန်ကြီးဌာန၊ မြန်မာစာပေ ပြုစုရေးနှင့် ဘာသာပြန် ကော်မရှင်၏ ဒုတိယဥက္ကဋ္ဌ အဖြစ်ဖြင့် ၁၉၆၄ ခုနှစ်မှ ၁၉၇၁ခုနှစ်အထိ ထမ်းဆောင်ခဲ့သည်။ ။

ပါမောက္ခဦးမောင်(ငြိမ်း)
၁၁၃၊ တက္ကသိုလ်ရိပ်သာလမ်း၊
ရန်ကုန်မြို့။

၈-၂-၂၄

စိန်ဘဲ ကျော်သူ ဦး ဩ၏ ကဝိလက္ခဏာ သတ်ပုံကျမ်း သုံးသစ်ချက် ကို ပြုစုခဲ့သည်။

ဆုတောင်းခန်း ပျို့၊ ပါရမီတော်ခန်းပျို့၊ ကိုးခန်းပျို့၊ ဘုရဒတ် ဇာတ်ပေါင်းပျို့၊ နေမိဘုခန်းပျို့၊ နေမိငရဲခန်းပျို့ တို့ကို ရိုက်နှိပ်ရာ အထွေထွေ တည်းဖြတ်အုပ်ချုပ်သူ အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၁ခုနှစ်ထုတ် 'အမျိုးသား ယဉ်ကျေးမှုစာစောင်'၏ စာတည်းချုပ်လည်း ဖြစ်ခဲ့သည်။

ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါး၊ စာအုပ် စာတမ်းများကို ရေးသားရာ၌ 'တက္ကသိုလ် မောင်သန့်စင်' 'ပါမောက္ခဦးမောင်'အမည်တို့ကို သုံးစွဲသည်။ ပါမောက္ခ ဦးမောင် အမည်ကို သုံးစွဲသည်က ပိုများသည်။ 'ရေခဲမောင်'အမည်၊ 'စိန်သန်လျက်'အမည်၊ 'မောင်ဆန်းစစ်' အမည်ဖြင့်လည်း တစ်ကြိမ်စီ စာပေဆောင်းပါး ရေးသားခဲ့သေးသည်။

တက္ကသိုလ်ပြင်ပ၌ စာပေဟောပြောမှု များကိုလည်း အခါအားလျော်စွာ ပြုခဲ့သည်။ ဟောပြောသော အကြောင်းအရာ ခေါင်းစဉ်များမှာမြန်မာစာပေလေ့လာနည်း၊ အုပ်ကို ၁၉၃၉ခုနှစ် စာပေပြိုင်ပွဲတွင် အကောင်းဆုံး စာအုပ်အဖြစ် ရွေးချယ် သတ်မှတ်သည်။ ဘာသာပြန်သူအား လည်း 'ဝေလမင်းသားဆု'ခေါ်'ပညာရေးဆု'ငွေ ၁၀၀၀ ကျပ်ကို မြန်မာနိုင်ငံတော် အစိုးရ ပညာရေးဌာနက ချီးမြှင့်သည်။

မြန်မာနိုင်ငံ သုတေသနအသင်း အတွက်'မွေ့နွန်းရကန်'ကို ၁၉၃၃ ခုနှစ်က တည်းဖြတ် ရိုက်နှိပ်ပေးခဲ့သည်။ ၁၉၅၆ခုနှစ်၊ ဒီဇင်ဘာလထုတ် သုတေသန ဂျာနယ် တွင် **Some Place-names in Burma** ခေါ် သုတေသန စာတမ်းကို အင်္ဂလိပ်ဘာသာဖြင့်ရေးခဲ့သည်။ သူရိယ၊ မြဝတီ၊ တက္ကသိုလ် မဂ္ဂဇင်း စသည်တို့တွင်လည်း စာပေဆောင်းပါးများ၊ ကဗျာ များနှင့် ဝတ္ထုတိုများကို ရေးခဲ့သည်။

ကဗျာ့ပန်းကုံး၊ အနုစာပေကောက် နုတ် ချက် ပထမတွဲ၊ အလယ်တန်းကျောင်းသုံးစကားပြနှင့် ကဗျာကောက်နုတ်ချက်၊ အထက်တန်း စကားပြ နှင့် ကဗျာကောက်နုတ်ချက်ပထမတွဲ၊ စစ်တက္ကသိုလ်သုံး မြန်မာစကားပြ လက်ရွေးစင် တို့ကို ရွေးချယ်တည်းဖြတ်ခဲ့သည်။ ပုဂံကျောက်စာ လက် ရွေး စင်၊ မြန် မာသတ်ပုံသမိုင်း အကျဉ်းချုပ် နှင့်

သာသနာ့အသက်
ဗမာကဆုတ်

အမ်ဒေအမအုန်း

ယနေ့ ကမ္ဘာတွင် သိပ္ပံပညာရပ် အံ့မခန်း တိုးတက် ထွန်းတောက် သည်နှင့်အမျှ ဗုဒ္ဓဝါဒကို အာရုံစူးစိုက် စိတ်ပါဝင်စားသူ အမြောက်အမြား ပေါက်ပွားလျက်ရှိပါသည်။ တစ်ဦးတစ်ယောက်တည်း အနေသာမက အစုအဝေးသဘောဖြင့် ဗုဒ္ဓဝါဒ၊ (ဝါ) ဗုဒ္ဓ သာသနာတော်ကို လေ့လာစူးစမ်းရန် စိတ်ခွင်းတူရာ အသီးအမြင်ခွင်း တိုက်ဆိုင်ရာ ပေါင်းစု ဖွဲ့စည်းအပ်သည့် "ဗုဒ္ဓဝါဒ လေ့လာဆည်းပူးရေး အသင်း အဖွဲ့များ"လည်း အရှေ့အနောက် ကမ္ဘာအနှံ့အပြားတွင် အများအပြား ပေါ်ပေါက်လျက် ရှိကြပါသည်။ တစ်ဖက်တွင်ဗုဒ္ဓဝါဒ လေ့လာရေးအဝိုင်းက အားတက်သရော သက်ဝင်လှုပ်ရှားကြသလိုတစ်ဖက်၌လည်းဗုဒ္ဓဒေသနာပညာပေး အဝိုင်းကလည်း ဟောပြောပွဲများဖြင့်လည်းကောင်း၊ စာအုပ် စာတမ်း ပြုစုရေးသား ဖြန့်ဝေခြင်း အားဖြင့်လည်းကောင်း အင်တိုက် အားတိုက် လုံးပန်း ဆောင်ရွက်လျက် ရှိကြပါသည်။

သို့ရာတွင် မြန်မာ့အပါအဝင် အရှေ့အနောက် စာပေအချို့တို့မှာ ဗုဒ္ဓစာပေဟု အမည်တပ်ထားသော်လည်းဗုဒ္ဓ၏အဆုံးအမ၊(ဝါ)ဗုဒ္ဓ၏ ဒေသနာဖြစ်သော သုတ္တပိဋကတ်၊ ဝိနယပိဋကနှင့် အဘိဓမ္မပိဋကတ် (တနည်း) ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်နှင့် ခုဒ္ဒကနိကာယ် စသည်တို့ကို ပေါက်မြောက်အောင်စနစ်တကျ သင်ယူမှတ်သား တတ်ကျွမ်း လာသူများ မဟုတ်ဘဲ ဗုဒ္ဓ၏ ဆိုလိုရင်း အနှစ်သာရကို အစစ်အမှန်အတိုင်း နှလုံးသွင်း သိမြင်နားလည်နိုင်စွမ်း မရှိသူ၊ ဗုဒ္ဓစာပေနှင့် ထိဖူး၊ စမ်းဖူး၊ တွေ့ဖူးရုံဆိုကာ မတွေ့မမျှ ဗုဒ္ဓဒေသနာနှင့်ပတ်သက်၍သာမည မတောက်တခေါက် အသိဉာဏ်ဖြင့် နှုတ်စုံမ်းလက်စွမ်း ပြဆားကြသည့် ဟောပြောချက်၊ ရေးသားချက်များဖြစ်ရကား ယင်းစာအုပ် စာတမ်းပါညွှန်ပြချက်များမှာ ဗုဒ္ဓ၏ အစ်အမှန် အာဘော်နှင့်ပြဒါးတစ်လမ်းသံတစ်လမ်း တိမ်းစောင်း ချွတ်ချော်ချင်တိုင်း ကိမ်းစောင်းချွတ်ချော်လျက် နေပါသည်။

ဤသည်မှာ ဗုဒ္ဓဝါဒကို လေ့လာသူတိုင်း ကြုံတွေ့ရသော ပြဿနာတစ်ရပ်ဖြစ်ပါသည်။ ဤပြဿနာကို ဖြေရှင်းရန် ဗုဒ္ဓဝါဒ လေ့လာသူတိုင်း ကိုယ်စီ ကိုယ်စီ ကြိုးပမ်းကြသည်ကို တွေ့ရပါသည်။ ဤသို့ ကြိုးပမ်းကြသည်မှာ ဗုဒ္ဓဝါဒ လေ့လာသူတိုင်း ကိုယ်စီ ကိုယ်စီ ဗုဒ္ဓဝါဒကို နားလည်သဘောပေါက်ရန် ကြိုးပမ်းကြသည်ဟု ဆိုလိုပါသည်။

ဗုဒ္ဓဝါဒကို နားလည်သဘောပေါက်ရန် ကြိုးပမ်းကြသည်မှာ ဗုဒ္ဓဝါဒကို ကိုယ်တိုင် ကျင့်သုံးပြီး ကိုယ်တိုင် ကောင်းကျိုးခံစားရန်ဟု ဆိုလိုပါသည်။ ဗုဒ္ဓဝါဒကို ကိုယ်တိုင် ကျင့်သုံးပြီး ကိုယ်တိုင် ကောင်းကျိုးခံစားရန် ကြိုးပမ်းကြသည်မှာ ဗုဒ္ဓဝါဒကို ကိုယ်တိုင် ကျင့်သုံးပြီး ကိုယ်တိုင် ကောင်းကျိုးခံစားရန်ဟု ဆိုလိုပါသည်။

အရှင်မဟာမုဒ္ဓဃောသထေရ်
ဝိသုဒ္ဓိကျမ်းကြီးကို သံဃာတော်များအား
ပြသတော်မူပုံနှင့် သံဃာတော်များက
စစ်ဆေးတိုက်ဆိုင်တော်မူပုံ
(သီဟိုဠ်ကျွန်း ကလျာဏီ ဘုရားကျောင်းပန်းချီ)

အဓိပ္ပာယ် ဖွင့်ဆိုချက်တို့ကို ဗုဒ္ဓ၏ အဆို အမိန့် တကယ်အစစ်အမှန်သဖွယ် လက်ခံ ယုံကြည်နေကြလေသည်''စသည်ဖြင့် အပြင်းအထန် ထိပါး ပုတ်ခတ်ခဲ့ဖန်ကြပါသည်။

၎င်း အပြင် ဒုတိယကမ္ဘာစစ်ကြီးအပြီး နောက်ပိုင်းတွင်လည်း အနောက်တိုင်း ပညာရှင်အချို့က ''အတ္တဝါဒ''ကို ဗုဒ္ဓ လက်ခံသယောင် ထိုးနှက်တင်ပြ လာကြပါသည်။ အကြောင်း အမျိုးမျိုးကြောင့် အရှေ့တိုင်း ဗုဒ္ဓဝါဒီသောကမှ တနဲပြန် တိုက်ခိုက်မည့် ဓမ္မအာဇာနည်ပုဂ္ဂိုလ် အကန်ကြာကင်းဆိတ်နေရာမှ ဗုဒ္ဓစာပေ ပရိယတ်များနှင့် ပတ်သက်၍ ''သီဟိုဠ်ဗုဒ္ဓသာသနာဝင်ကျမ်း' ပြုစုခြင်းဖြင့် သီဟိုဠ်ဘိက္ခုတကွသို့ ဒေါက်တာ(ပါရဂူ) ဘွဲ့ကို အောင်ပန်း ဆင်မြန်းသည့်အပြင် လန်ဒန်တက္ကသိုလ်၏ ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ကို ဆွတ်ခူးနိုင်ရုံမျှမက ပါရီမြို့ ဒဆော်ဗွန် တက္ကသိုလ်ကွင် ရှစ်နှစ်တိတိ သုတေသန အလုပ်ကို ဇောက်ချ လာ၍ တိဗက်ဘာသာစကားနှင့် တရုတ်ဘာသာစကားများကိုလည်း ကာလကတ္တား တက္ကသိုလ်မှ လေ့လာ ဆည်းပူးလာသူ အရှင် ''ဝါလ်ပိုလာ ရာဟုလာ'' အာဇာနည်မြတ် ပေါ်တောင့် ပေါ်ခဲ ဘွားကနဲ ပေါ်ပေါက်လာကာ **''What the Buddha Taught''** ဟူသော ကျမ်းဖြင့် ဗုဒ္ဓသာသနာကြီးကို ကာကွယ် စောင့်ရှောက်ကာ အနောက်တိုင်း ပညာရှင်တို့၏ ထိပါးချက်ကိုတန်ပြန် ချေမှုန်းလိုက်ပါသည်။ ယင်းကျမ်းမှာ မူလက အင်္ဂလိပ်ဘာသာဖြင့် ရေးသား ထုတ်ဝေ ခဲ့သော်လည်း ယခုအခါ သီဟိုဠ်ဘာသာ၊ ပြင်သစ်ဘာသာ၊ စပိန်ဘာသာ၊ ဂျပန်ဘာသာ စသည်များဖြင့် ပြန်ဆိုထုတ်ဝေပြီးကြသည်မှာ ကာလအတော်ပင် ညောင်းလေပြီ၊ ဗမာနိုင်ငံ၌လည်း မန္တလေးတက္ကသိုလ်၊ အငြိမ်းစား ဒုတိယ အဓိပတိဟောင်း ဇေယျာဓမောင်က ''မြတ်ဗုဒ္ဓဒေသနာ'' ဟူသော အမည်ဖြင့် မြန်မာဘာသာပြန်ဆိုဖြန့်ဝေလျက်ရှိပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း သိပ္ပံပညာရပ် ထွန်းကားချိန်ဝယ် ယနေ့ ကမ္ဘာလူထုက စာပေ ရှုထောင့်မှလည်းကောင်း၊ ဒဿနိက ရှုထောင့်မှလည်းကောင်း ဗုဒ္ဓဝါဒသို့ ညွှတ်ကိုင်း အာရုံစူးစိုက်ရှုမှန်း သိမြင် နားလည်၍ လာကြလေရာ မဟုတ်မမှန် စွပ်စွဲတိုက်ခိုက်ခြင်း ခံနေရသော ''ဗုဒ္ဓသာသနာ'' ကို ကာကွယ် စောင့်ရှောက်မည့် ဘာသန္တရကျွမ်းကျင်သူ ပိဋကမရအရှင် ဝါလ်ပိုလာ လိုအာ ဇာနည် အမြောက်အမြား အရေးတကြီးလိုအပ်ပါသည်။



သီဟိုဠ်ကျွန်း
အနုရာဓပုရီရှိ
မဟာစေတီတော်ကြီး(ပုံ)
ဇေတဝန်စေတီတော်ကြီး(ယာပုံ)



ယနေ့ ဗုဒ္ဓသာသနာ့အခြေ

ယနေ့ ဗုဒ္ဓသာသနာ့ အခြေကို သုံး သပ် လျှင် သာသနာ စတင် ပဋိသန္ဓေတည်ရာ အိန္ဒိယ အပါ အဝင်ယိုးဒယား၊ ကမ္ဘောဒီးယားနှင့်သီရိလင်္ကာရ စသော ထေရဝါဒ ဗုဒ္ဓဘာသာ နိုင်ငံများတွင် အင်္ဂလန်၊ အမေရိကန်၊ ဥရောပ အစရှိသော အနောက်တိုင်း ယဉ်ကျေးမှုနှင့် ခေတ်ပညာရပ်များက လွှမ်းမိုးထိုးဖောက် နေရာ ယူလိုက်သော ကြောင့် သာမန် လောကီကျောင်း၊ကောလိပ်နှင့် တက္ကသိုလ်များကိုထားဘဲဦး၊ သံဃာ့လောကတွင်ရာ ဝိဟာရများနှင့် ကောလိပ်တက္ကသိုလ်ကြီးများ၌ပင် ရိုးရာ ဗုဒ္ဓစာပေကို အမြည်းအစမ်းဖြင့်သာ ပြဋ္ဌာန်း လျက် ခေတ်ပညာရပ်များကို ဦးစားပေးသင်ကြား ပို့ချနေကြ၍သည်းကောင်း၊ တချိန်က အရှင်ဗုဒ္ဓ-ဃောသ၊ အရှင်ဗုဒ္ဓဒတ္တနှင့်အရှင်ဓမ္မပါလ စသော အဋ္ဌကထ၊ ပါရဂူကြီးများ အသက်သွင်း ထုတ်လုပ် ပေးရာ သီဟိုဠ်ကျွန်း အနုရာဓပြိုရှိ မဟာဝိဟာရ ကျောင်းတိုက်ကြီးများ၊ ဥဇ္ဈာဝန် ကျောင်းတိုက် ကြီးများနှင့် အာဘယဂိရိ ကျောင်းတိုက်ကြီးများ လည်းအနိစ္စသဘောတရားရွေ့လျောသွားပြီဖြစ်၍ လည်းကောင်း၊ ပရိယတ်တိသာသနာကြီး၏ အရိုးန် အဟုန်သည် မြန်မာပြည်အပြင်ဖြစ်သည့် ထေရဝါဒ ဗုဒ္ဓနိုင်ငံများ၌ ကျဆင်း ညှိုးနွမ်း မှေးမှိန်လျက်ရှိ ကြောင်း နှမြောတသ ယူကျုံးမရဖွယ်ရာ ကြားနာ ဖတ်ရှုရပါသည်။



ရသေ့ကြီးဥိးခန္ဒီ တည်ထားခဲ့သော အဋ္ဌကထာ ကျောက်စာတော်များ

(စန္ဒာမုနိပရိဝုဏ်၊ မန္ဒလေးတောင်ခြေ)

သာသနာ့ဘသက် ဗမာကဆက်

မြန်မာနိုင်ငံ၌မူ သာသနာ ရောက်သည်မှစ၍ မြင့်တုံနိမ့်တုံ လောကဓံသိုင်းဟုန်၏ ရိုက်ပုတ်မှုဒဏ်ကို အခါအခွင့်အခြေအနေအလိုက် တွေ့ထိခဲ့သော်လည်း အမြင့်ရင့်ကျက် သဒ္ဓါ ထက်မြက်သော သာသနာ့ဝန်ဆောင် အနန္တ ကျေးဇူးရှင် ဆရာတော်ကြီးများ၊ အစိုးရနှင့် ဒါနရှင် ပြည်သူလူထုတို့၏ဖိုခုံလောက်ဆိုင် သုံးဦး အညီအညွတ် အပေးအယူ မျှတစွာ ပူးတွဲကြိုးပမ်း၍ အနိမ့်ဆုံး သဒ္ဓါသဒြိုဟ် စာမေးပွဲမှအစ အမြင့်ဆုံး တိပိဋကဓရ စာမေးပွဲတိုင် အဆင့်အမျိုးမျိုး ကန့်သတ်လျက် ပရိယတ္တိစာမေးပွဲစနစ်ဖြင့် စာအောင် ရဟန်း, ရှင်, သီလရင်ပါမကျန်တို့အား သူ့အဆင့်နှင့်သူ့ပစ္စည်းလေးပါး ပံ့ပိုး ဂုဏ်ပြုခြင်းဖြင့် ပရိယတ္တိသာသနာကြီးကို ထိန်းသိမ်းစောင့်ရှောက် ခိုးမြှင့်၍လာခဲ့ရာ သံဃာကျောင်းတိုက်ကြီးများကို ခေတ်ပညာရပ်တို့ တိုးဝင်အန္တရာယ်မပြုနိုင်ဘဲယခုအခါ ပရိယတ္တိ သာသနာကြီးသည် ဗမာ့ဘူမိနက်သန်အောင်မြေတွင် အခေါင်အထွတ်၌ လန်းဆန်း ရှင်သန်လျက် အခြား ဗုဒ္ဓဝါဒနိုင်ငံများတွင် ရှာမှရှားဖြစ်သည့်တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇ မဟာရဋ္ဌဂုရု မင်းကွန်း ဓမ္မနာဒ ဆရာတော်အရှင် ဝိစိတ္တသာရာဘိဝံသ အဦးပြုသော၊ အရှင်

ကောသလ္လ တိပိဋကဓရဆရာတော်၊ အရှင်နေမိန္ဒ တိပိဋကဓရ ဆရာတော်၊ အရှင် သုမင်္ဂလ တိပိဋက ဓရ ဆရာတော်နှင့် အရှင်သိရိန္ဒာဘိဝံသ တိပိဋက ဓရဆရာတော် တည်းဟူသော သာသနာ့ အောင် တံခွန်ကြီးများဖြင့် မြင့်မား ဝင့်ကြွားလျက် ရှိပါသည်။

လမ်းပြ မီးရှူး တန်ဆောင်

မင်းကွန်း ဓမ္မနာဒ ဆရာတော် အရှင် ဝိစိတ္တ-သာရာဘိဝံသသည်-

(က) သက်တော် ၁၃ နှစ်အရွယ်ရှင်သာမဏေ ဘဝမှစ၍အမျိုးသားစာမေးပွဲများတွင် ထိပ်ဆုံးမှ တစ်ဖွဲ့၍လည်းကောင်း-

(ခ) အစိုးရ ပထမပြန် ငယ်, လတ် တန်း စာဓမ်းပွဲများတွင် အနား အရပ် မရှိ နှစ်ချင်းပေါက်၍လည်းကောင်း-

(ဂ) ဝါမရမီ ရဟန်း ဖြစ်စတွင် အစိုးရ ပထမကြီးတန်းနှင့် မန္တလေးမြို့ အိမ် တော်ရာ အမျိုးသား စာပြန်ပွဲတွင် ပထမကြီးတန်းကို ထိပ်ဆုံးမှ ဒေါင် ပန်းပန်နိုင်တော်မူ၍ အောင်လက်မှာ နှင့် အဘူ ''ပရိယတ္တိ သာသန အနုရက္ခက'' ဘွဲ့တံဆိပ် ချီးမြှင့်ခံ ယူ၍ လည်းကောင်း-



ဆဋ္ဌသင်္ဂါယနာ ဝိသဇ္ဇက(အဖြေ)
မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး

(စ) ယင်းသက္ကသီဟ စာချုတန်းအောင်မြင်သည့်နှစ်မှာပင် အစိုးရ ပထမကျော်စာမေးပွဲကို တစ်ပြိုင်တည်း ဆက်၍ လည်းကောင်း-

(ဆ) ရဟန်းသိက္ခာတော် (၉)ဝါ အရတွင် ဓမ္မာဂရိယ စာမေးပွဲ၌လည်း "သာသနဓဇသိရီပဝရဓမ္မာစရိယ" ဂုဏ်ထူးဖြင့် နှစ်ချင်းပေါက်၍ လည်းကောင်း အောင်ပန်းအသီးသီးကို ထူးထူးခြားခြားဆွတ်ခူးတော်မူခဲ့ပါသည်။

(ဇ) ယခု လွတ်လပ်သော ပြည်ထောင်စု သမ္မတ ဗမာနိုင်ငံတွင်ကြုံတောင့်ကြုံခဲ တမူထူးခြား ပေါ်ပေါက် လာသော

ဆဋ္ဌသင်္ဂါယနာ ပုစ္ဆက(အမေး)
မဟာစည်ဆရာတော်ဘုရားကြီး

(ဃ) သိက္ခာတော်(၂)ဝါအရတွင်ထိုခေတ် ထိုအချိန်ခါက သာသနာ့အထွတ်ဆုံး သတ်မှတ်ထားသော ပရိယတ္တိသာသနဟိတ သက္ကသီဟ စာသင်တန်းစာမေးပွဲကိုနှစ်ချင်းပေါက်၍လည်းကောင်း-

(ဈ) ရဟန်းသုံးဝါအရတွင် ဖော်ပြပါသက္ကသီဟ စာချုတန်း စာမေးပွဲကို အကြားအလပ်မရှိ ဆက်တိုက် အဋ္ဌကထာကြီးသုံးကျမ်းကိုနှစ်ချင်းပေါက်အောင်မြင်တော်မူ၍ ပရိယတ္တိ သာသနဟိတ သက္ကသီဟဓမ္မာစရိယဝင်္သကာဘွဲ့ထူးကို အဆက်ကပ် အပူဇော်ခံယူ၍လည်းကောင်း-

သဒ္ဓါဆင့်ပွား သာသနာ့အား

အရှင် ဝိစိတ္တာသာရာဘိဝံသကား မိမိကိုယ်တိုင် သာသနာ့ အခေါင်အထွတ် ပန်းတိုင်သို့လှမ်းတက် ရရုံမျှဖြင့် အားရတင်းတိမ်ခြင်း မရှိသေး။ မျက်မှောက်နှင့် အနာဂတ် သာသနာ့ဒေကျိုးအတွက် မိမိအသားတူ သာသနာ့ဝန်ကို ထမ်းဆောင်သယ်ပိုးနိုင်မည့် သာသနာ့မကိုင်ပန်း အမျာအပြား ထွန်းလင်းတောက်ပြောင် စေလိုသည့်ဆန္ဒ ပြင်းပြတောက်မူသည်။ ဆန္ဒပြင်းပြသည်နှင့် အမျှ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး စသော ပစ္စည်းလေးပါးကြောင့် ဖြူးဖြူး ဖြောင့်ဖြောင့် ပရိယတ္တိအားမထုတ် မကြိုးကုတ် နိုင်မည့် အန္တရာယ်ကို လည်း ကောင်းကောင်းကြီး စာနာသဘောပေါက်တော်မူပါသည်။ ယင်းကြောင့်ပင် မဟာကရုဏာရှင် အရှင်ဝိစိတ္တာသာရာဘိဝံသသည် မိမိရရှိသော ဆွမ်းဆန်လစာတော်၊ အဂ္ဂမဟာပဏ္ဍိတ နှစ်စဉ် ဆွမ်းဆန်တော်များနှင့် တိပိဋကဓရ (၂၅)နှစ်မြောက် ငွေရတုသဘင် ပူဇော်ပွဲတွင် လှူဒါန်း ဆက်ကပ် ကြသည့် နဝကမ္မ ပစ္စည်း အစုစုတို့ကို အရင်းပြု မတည်လျက် ၁၃၄၀ ပြည့် မြန်မာနှစ်ဆန်းတစ်ရက်နေ့၌မိုးမိတ်စေတီတော်ကြီးကုန်းမြေ၌ တိပိဋကနိကာယကျောင်းတိုက်ကြီး ဖွင့်လှစ်၍ တိပိဋကနိကာယ သာသနာပြု အဖွဲ့ကြီးဖွဲ့စည်းကာ အဖွဲ့၏ဥက္ကဋ္ဌအဖြစ် အထူးကုဆရာဝန်ကြီး ဦးသာလှကို တင်မြှောက်ပြီးလျှင် ထိန်းသိမ်းစောင့်ရှောက်စေခဲ့ပါသည်။

ဖော်ပြပါ တိပိဋကနိကာယကျောင်းသို့ လာရောက် ဗုဒ္ဓစာပေဆည်းပူးကြသော တိုင်းနှင့်ပြည်နယ် အသီးသီးမှ စာချုတန်း ဓမ္မာစရိယ အောင်မြင်ပြီးသူ သံဃာတော်များကား ကံကောင်းလေစွ၊ ကုသိုလ်ထူးလေစွ၊ ပစ္စည်းလေးပါးနှင့် ပတ်သက်၍ လုံးဝကြောင့်ကြမှု ဆင်းရဲမှုမရှိဘဲ ကိုယ်သာသနာ့ အခေါင်အထွတ် သာသနာ့ မကိုင်ဖြစ်သည့် တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲကြီး၌ သင်ရိုးပိဋကသုံးပုံနှင့်စပ်လျဉ်း၍ ဝိနယပိဋက ၁ နှစ်၊ အဘိဓမ္မပိဋက ၂ နှစ်၊ ဒီဃနိကာယ် သုတ္တန်ပိဋက ၁ နှစ် စသည်ဖြင့် လေးနှစ်ပိုင်းခြား စီစဉ်သတ်မှတ်ထားသည်နှင့်အညီ သက်တော် ၄၃ နှစ်၊ သိက္ခာတော် ၂၃ ဝါအရွတွင် အပြတ်အလပ် မရှိ နှစ်မခြားဘဲ နှစ်ချင်း ဆက်တိုက်စွဲကာ တိပိဋကသာသနာ့ မကိုင်ပန်းကို လမ်းပြ မီးရှူးတန်ဆောင် အဦးဆုံး ပုဂ္ဂိုလ်အဖြစ်ဖြင့် ဆွတ်ခူးနိုင်ပါသည်။ သို့ ဆွတ်ခူးရာ၌လည်း သာမန် ရိုးရိုး မဟုတ်မူဘဲ "အာဂုံပြန်" တွင် "ဝိသိဋ္ဌ" သဘောတရားရေးဖြေတွင် "မဟာ" ဂုဏ်ထူး နှစ်ရပ်ဖြင့် "ဗုဒ္ဓ သာသန ဝိသိဋ္ဌ တိပိဋကဓရမဟာကောဝိဒ" ဟူသော ဘွဲ့တံဆိပ်ပန်းဖြင့် ဆွတ်ခူးနိုင်ခြင်း ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတ ဗမာနိုင်ငံတော် အစိုးရကလည်း ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီးကို ရည်မှန်းလျက် "ဘဒ္ဒန္တဝိစိတ္တာသာရာဘိဝံသတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက တရားဘဏ္ဍာစိုး" ဟူသည့် ညီဘော်အာနန္ဒာ၏ ဘွဲ့တံဆိပ်ဂုဏ်ထူးကို ဆက်ကပ်လှူဒါန်းခြင်း ခံခဲ့ရပါသည်။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ထူးကို စိုးပိုင်နိုင်သူပီပီ အရှင်ဝိစိတ္တာသာရာဘိဝံသသည် ဆဋ္ဌသင်္ဂါယနာမဟာဓမ္မသဘင်ကြီးတွင် အရှင်အာနန္ဒာနှင့် အရှင်ဥပါလိတို့ နှစ်ဦး ခွဲဝေဖြေကြားကြသော သုတ္တာပိဋကနှင့် ဝိနယပိဋကဘို့ကို တစ်ပါးတည်း "ဝိဿဇ္ဇက" ပုဂ္ဂိုလ်အဖြစ်ဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ပါသည်။

စိတ်နှစ်ဖြာ ချမ်းသာစွာ စာပေများကို သင်အံ့အားထုတ်ခွင့် ရကြပါသည်။ ဆရာတော်၏ ကျေးဇူးကား အတိုင်းမသိ ကြီးမား ပါဘိတောင်း။ ဆရာတော်၏ စေတနာဗလဝ သိနေဟကြောင့် "အူမ မတောင့်လို့ သီလ မစောင့်နိုင်" ဟူသော ပြဿနာ "ဝိပိဋကနိကာယကျောင်း"မှာ လုံးဝ မရှိ။ သီလ စောင့်မည့် သူများဘက်က တာဝန် ကျေပွန်ဖို့သာ အရေးကြီးသည်။ "နံနက်အရုဏ်ဆွမ်းမှ ညအဖျော်ယမကာမကျန်" သူ့ကဏ္ဍနှင့်သူ အဆင်သင့်ပင်။

ဗုဒ္ဓလက်ထက်ကအရှင်ကောဏ္ဍည၊ အရှင်ဝပ္ပ၊ အရှင်အဿဇိ၊ အရှင်မဟာနမ်၊ အရှင်ဘဒ္ဒိယ တည်းဟူသော ပဉ္စဝဂ္ဂိငါးဦးပင် ဤသို့ဇသောအခွင့် ကောင်း အခါကောင်းမျိုး ကြုံတွေ့ခံစားခွင့်မရရှိကြပါ။ ဆွမ်းကိစ္စကြောင့် ငါးဦးစလုံး စုံစုံညီညီ တစ်စုဘဉ်း တစ်ပြိုင်တည်း ဗုဒ္ဓထံမှ တရားဦးဓမ္မများကို နာကြား နှလုံးသွင်းခွင့် မရရှိကြပါ။ နှစ်ဦးက ဗုဒ္ဓအပါအဝင် ခြောက်ဦးအဖို့ မျှတရန် ဆွမ်းခံကြွချိန်ဝယ် သုံးဦးက ဆွမ်းမခံဘဲ နောက်ချန် နေရစ်၍လည်းကောင်း၊ သုံးဦးက ဆွမ်းခံထွက်ချိန်၌ နှစ်ဦးက ဆွမ်းခံမကြွဘဲနောက်ချန်နေရစ်၍လည်းကောင်း တစ်လှည့်စီ တစ်လှည့်စီ သူ့အလှည့်နှင့်သူ တရားနာယူကြရပါသည်။

တစ်နေ့လျှင် နေ့စဉ် ၁၂ နာရီ စာကျက်၊ စာကြံ၊ စာအံ့၊ စာကြည့်စနစ်ဖြင့် ဗုဒ္ဓ၏ သာသနာဖြစ်သော တိပိဋကနိကာယ စာပေများကို လေ့လာဆည်းပူးရန် တိပိဋကနိကာယ သာသနာပြုအဖွဲ့ကြီးကထောက်ပင့်ချီးမြှောက်လာခဲ့ရာတိပိဋကနိကာယ သာသနာပြုအဖွဲ့ကြီး၏ သုံးနှစ်မြောက်တွင် တိပိဋက နိကာယ ကျောင်းတိုက်ကြီးမှ တိပိဋကဓရ စာမေးပွဲ၊ နိကာယ် စာမေးပွဲအောင်မြင်သူ စာအောင်ပုဂ္ဂိုလ်များမှာ ၉၀ ရာခိုင်နှုန်းမျှရှိသည့်ပြင် ပထမသုံးနှစ် (၁၃၄၀-၁၃၄၁-၁၃၄၂ခုနှစ်) တွင် ပိဋကတ် တစ်ပုံအာဂုံဆောင် ၃၉ ပါး၊ ပိဋကတ်တစ်ပုံ အာဂုံရေးဖြေ နှစ်ဆင့်ပြီး ၃ ပါး။ ဒုတိယ သုံးနှစ် (၁၃၄၃-၁၃၄၄-၁၃၄၅ ခုနှစ်)တွင် ပိဋကတ်တစ်ပုံ အာဂုံဆောင် ၉ ပါး၊ ပိဋကတ် တစ်ပုံ အာဂုံရေးဖြေ နှစ်ဆင့်ပြီး ၁ ပါး၊ တစ်ပုံနှင့်တစ်ပိုင်းအောင် ၂ ပါး၊ ဒွိပိဋကဓရ ၂ ပါး၊ ပေါ်ထွန်းခြင်းမှာ နှယ်နှယ်ရရ အောင်မြင်မှုမဟုတ်ပါ။ "သာသနာ ဗမာမှာသာရှိသည်"ဟူသော ဝိသေသကို ထင်လင်းစွာ ဖော်ထုတ်ပြခြင်းဖြစ်ပါသည်။

အသက်ရှည်စေလို မန်းတောင်ရိပ်ခို

"အသက်ရှည်စေလို မြန်နွာရေချိုသန်း မန်းတောင်ရိပ်ခို" ဆိုသော ရှေးစကားအရ သာသနာကြီးအစွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးကို မြော်မြင်လျက်ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး၏—

(၁) နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး တည်ထောင် ဖွင့်လှစ်၍ "ဓမ္မာစရိယ" နှင့် "မဟာ ဓမ္မာစရိယ" ဘွဲ့တံဆိပ်တော်များ ဆက်ကင်လှူဒါန်းရန်။

(၂) ထို နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး၌ သင်တန်း မဟာဌာနကြီး (၇)ဌာန ဖွင့်လှစ်ထားရှိရန်။

(၃) ထို သင်တန်းများ၌ "ပါဠိ၊ မြန်မာ၊ ဟိန္ဒူ၊ သက္ကတ၊ အင်္ဂလိပ်"ဘာသာ ငါးမျိုးဖြင့် သင်ကြားပို့ချရန်။

(၄) "မဟာဓမ္မာစရိယ ဘွဲ့တော်ရ အရှင်မြတ်တို့သည် ပြည်တွင်း ပြည်ပ သာသနာပြု ကြွရောက်တော် မူကြရန်အတွက် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး ဖွင့်လှစ်ရန်။

ဟူသော အညီအညွတ် စည်းဝေး ဆုံးဖြတ်အတည်ပြုထားသည့် ပရိယတ္တိ မူ (၄)ချက် အရ

မန္တလေးတောင်ခြေရှိသမိုင်းဝင်မဟာဝိဇယာပုည မှန်ကျောင်းတိုက်နေရာနှင့် ၎င်းတောင်ဘက်တွင် ကပ်လျက်ရှိသည့် စိန်တုံးကျောင်းတိုက်ရှိ မြေကွက်တို့ကို "ရက္ခိတဂေါပိတ"ဖြစ်သည့် နွယ်ခွေဆရာတော်နှင့် စိန်တုံးတိုက်ပိုင်ဆရာတော်များက မင်းကွန်းမမှနာဒဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသအား သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးကြည်ညွှန့်နှင့် ပရိသတ်အများ ရှေ့ဝယ် ဝမ်းမြောက် ဝမ်းသာ လှူဒါန်းတော်မူကြရာ ယခုအခါ လေးနှစ် စီမံကိန်းအရ တက္ကသိုလ်ကြီးမှာ တစ်စိတ်တစ်ဒေသ အကောင်အထည် ပေါ်၍နေလေပြီ။ မင်းကွန်း တိပိဋကဓိကာယ သာသနာပြု အဖွဲ့ကြီး၏ ဒုတိယ သုံးနှစ်ခရီးတာအတွင်း စာပေ ပရိယတ်လည်း အဟုတ် တကယ် တတ်ကျွမ်း၊ အဟောအပြောလည်းအဟုတ်တကယ်တတ်ကျွမ်း၊ ဘာသနွံရလည်း အဟုတ်တကယ် တတ်ကျွမ်းသည့် "တတ်သုံးကတ် ပါရဂူ"အာဇာနည် ပုဂ္ဂိုလ်ကြီးများ မလွဲကေန် ပေါ်ထွန်းပေတော့မည်။

ဤအာဇာနည်ကြီးများသည် ပြည်တွင်းဌာသနာမက ပြည်ပသို့ပင် သာသနာပြု ထွက်ကြရမည် ဖြစ်ရာ "ဗုဒ္ဓဝါဒ(ထေရဝါဒနှင့်မဟာယာနဝါဒ) နှင့်ပတ်သက်၍ ဗုဒ္ဓဝါဒီနှင့် ဗုဒ္ဓဝါဒီ မဟုတ်သူ ပဏ္ဍိတ်တို့က သမိုင်းကြောင်းအရလည်းကောင်း၊ စာပေ အရလည်းကောင်း၊ သာသနာကြောင်း အရလည်းကောင်း အစေ့အစပ် သုတေသန ပြုလုပ်ကာ မည်သို့မည်ပုံ ခံယူတင်ပြထားကြသည်။ မည်ရွေ့ မည်မျှ စွဲမှတ် ယုံကြည် ကြသည်။ သိပ်ပံပါရဂူကြီးများကလည်း ရုပ်ခန္ဓာနှင့် ပတ်သက်၍လည်းကောင်း၊ နာမ်ခန္ဓာနှင့်ပတ်သက်၍ လည်းကောင်း၊ မည်မျှ အတိုင်းအတာအထိ လက်တွေ့စမ်းသပ်အောင်မြင်နေကြသည်"စသည်တို့ကို မိမိတို့ပိုင်ဆိုင်သည့် တတ်သုံးတတ်တွင် "သုတေသနတတ်ကျွမ်း"၊ "ဒေသန္တရတတ်ကျွမ်း" တည်းဟူသော "တတ်နှစ်တတ်"ဖြည့်စွက်လိုက်လျှင် ဗုဒ္ဓဝါဒကို မဟုတ်မမှန် စွပ်စွဲထိပါးကြသည့်ပြည်တွင်းပြည်ပ သာသနာ့ အန္တရာယ်များကို ပြတ်ပြတ်တောက်တောက် ကျွမ်းကျွမ်း ကျင်ကျင် ပိုင်ပိုင်နိုင်နိုင် သုတ်သင်ဖယ်ရှင်းနိုင်မည် မုချဆတ်ဆတ်တည်း၊

ယင်း ပေါ်ထွန်းလာမည့် အာဇာနည်ပုဂ္ဂိုလ်ကြီးများကို ငမ်းပန်း တသာ ငံ့လင့် ဆီးကြိုပူဇော်ရင်း "ကြံတိုင်းဖြစ်၊ ဖြစ်တိုင်းကြံ" ဥဏှာပညာအရာတွင် "မဟောသဓာ"၊ ဇွဲလုံ့လ၊ သတ္တိဗျတ္တိအရာတွင် "မဟာဇနက"၊ အလှူဒါန အရာတွင် "ဝေဿန္တရာ၊ သိဝိ"၊ ဘုန်းကံပါရမီ အရာတွင် "နေမိ"စသည့် အလားတူ ပါရမီထူးရှင် သာသနာ့ထိပ်တင် တိပိဋကဓရမဟာဂ္ဂဟာဂါရိက မင်းကွန်း ဓမ္မနာဒ ဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသအား ပဓာနအားဖြင့် ရိုကျိုးဦးညွတ်ဂါရဝပြုလျက် သာသနာ့ကြီး ထွန်းပြောင်ဖွံ့ဖြိုးမြင့်မားရေးအတွက် ဥဏှာအား, လူအား, နှုတ်အား, ငွေအားတို့ဖြင့် အစွမ်းဆောင်နိုင်ဆုံး တာဝန်ယူထမ်းဆောင်နေကြသည့် အဖွဲ့ဝင် အပေါင်းနှင့် ကုသိုလ်ရှင်အပေါင်းတို့—

"ခွမ်းသာပါစေ၊ ရန်ကင်းပါစေ၊ ချမ်းသာသောစိတ်နှင့် ပြည့်စုံပါစေ"ရန် အလေးအနက် ဆုတောင်းမေတ္တာပို့သလိုက်ပါသတည်း။

ဘမ်၊ အော၊ မအုန်း

သာသနာပြုဟူသော်ကား

တိုက်သစ်
ပရောဟာရံဆရာတော်

ယခုအခါ ရန်ကုန်၊ မန္တလေး မြို့ကြီးနှစ်မြို့၌ နိုင်ငံခြားပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ ဆောက်လုပ်ဖွင့်လှစ်ရန် တိပိဋကဆရာတော်ဘုရားကြီးဦးဆောင်၍ သံဃမဟာနာယကအဖွဲ့က ဆောင်ရွက်လျက်ရှိပေသည်။ရည်ရွယ်ချက်မှာ ပြည်တွင်းပြည်ပသာသနာပြုနိုင်မည့် သာသနာ့အာဇာနည်များ ပေါ်ထွက်နိုင်ရေး အတွက် ဖြစ်၏။ ယင်းတက္ကသိုလ်ကြီးများမှ ပေါ်ထွက်လာသော သာသနာ့အာဇာနည်များက ပြည်တွင်းပြည်ပ သာသနာသန့်ရှင်းတည်တံ့ ပြန့်ပွားအောင် သာသနာပြုကြမည် ဖြစ်၏။

ဘာသာ သာသနာရေးဖြစ်စေ၊ တိုင်းရေး ပြည်ရေး ဖြစ်စေ တိုးတက်အောင် ပြုပြင်လုပ်ကိုင်ကြရာ၌ မည်သည့် အပြုလုပ်ငန်းမဆို မလွယ်ကူလှပေ။ ခက်ခဲ၏။ နက်နဲ၏။ သိမ်မွေ့၏။ ချွတ်ချော်တိမ်းပါးမှုမခံ။ ပြုပြင်သည့်ပုဂ္ဂိုလ်များက အဘက်ဘက်မှ အရည်အချင်းပြည့်ပြည့်အကွက်စေ့စေ့ဖြင့် ပြုပြင်လုပ်ကိုင်ဆောင်ရွက်ကြရ၏။

သာသနာပြုရာ၌ အရည်အချင်းဟူသည်မှာ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်သည် ပဓာနအကျဆုံးဖြစ်၏။ မိမိက သီလရှိမှ အခြားသူကို သီလရှိအောင် ပြုပြင်နိုင်၏။ မိမိက သမာဓိကောင်းမှ အခြားသူကို သမာဓိကောင်းအောင် ပြုပြင်နိုင်၏။ မိမိက လောကီပညာ၊ လောကုတ္တရာပညာ ပြည့်စုံပါမှ အခြားသူကို ပညာနှစ်မျိုးတိုးတက်အောင် ပြုပြင်ပေးနိုင်မည်ဖြစ်၏။သို့မဟုတ်ပါက "ငါပြောသလိုလုပ်၊ ငါလုပ်သလိုမလုပ်နဲ့"ဟု ဆုံးမသကဲ့သို့ ဖြစ်ပေလိမ့်မည်။ ဘုရားရှင်ကိုယ်တော်တိုင်ပင်....

အတွဲ၁နမေ၀ ပဌမံ၊ ပဋိရူပေ နိဝေသယေ။ အထညမနုသာသေယျံ၊ နာ ကိလိဿေယျ ပဏ္ဍိတော။

'တပါးသူကို၊ ပြုပြင်လိုက်၊ ကိုယ့်ကို ပထမ၊ ပြုပြင်ရ၏။ ကိုပ်ကမပြင်၊ သူ့ကိုပြင်က၊ ကိုယ့်ပင် ဗာလ၊ သူရှုတ်ချလိမ့်'

ဟု ပြုပြင်ဖို့ နည်းပေးတော်မူခဲ့၏၊ သာသနာ ပြုရေးဌာန ဤဘုရားရှင် ပေးတော်မူသောနည်းကို လက်လွှတ်၍မဖြစ်ပေ။ မျက်ခြည်ပြတ်ခံ၍ မဖြစ်ပေ။

ဘုရားရှင်ပေးတော်မူခဲ့သည့်နည်းကို မလွှဲဉာဏ် ပြု၍ သာသနာပြုလုပ်ငန်းကို အမြဲမပြတ် ပြုလုပ် နေရမည်ဖြစ်၏။ တန့်ရပ်မနေထိုက်၊ အစဉ်သဖြင့် လည်ပတ်နေစေရမည်။ တစ်ခါသော် စာတုမရွာ တွင် ရဟန်းဖြစ်စ တပည့် ပရိသတ် ဘုန်းရာတို့၏ ဆူညံမှုကြောင့် ဆရာဖြစ်သူ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ကိုပါ ဘုရားရှင်က နှင်ထုတ် တော်မူ၏။ စာတုမရွာသား ဒကာများ၏တောင်း ပန်မှုကြောင့် ဘုရားရှင်ခွင့်လွှတ်ကျေနပ်တော်မူရာ "ငါနှင်ထုတ်စဉ်အခါက သင်တို့ အာဃာတကဲ့သို့ သဘောထား ရှိကြကြောင်း" မေးတော်မူ၏။ အရှင်သာရိပုတ္တရာက "သံဃာ့တာဝန် မထမ်း ဆောင်တော့ဘဲ အေးအေးဆေးဆေး နေလို ကြောင်း" လျှောက်ထားရာ ဘုရားရှင်က လက်ခံ ဘော်မမူပေ။ အရှင်မောဂ္ဂလာန်က သံဃာ့တာဝန် ထမ်းဆောင်ပါမည့်အကြောင်း လျှောက်ထားရာ ဘုရားရှင်က သာဓုခေါ်တော်မူ၏။

ဤဥစ္စာ အရှင်သာရိပုတ္တရာ၏ သာသနာ မပြု တော့ဘဲ အေးအေးဆေးဆေးနေလိုမှုကို (ပါထိ က) အဋ္ဌကထာဆရာက "မနောဒုစရိုက်" အရာ၌ ဖွင့်ပြတော်မူပ်သည်။ (အမျှားနားလည် နေကြ သည့် အကြမ်းစား ဒုစရိုက်မျိုးမဟုတ်၊ ဘုရားရှင် မချီးမွမ်းအပ်သည့် "နှလုံးသွင်း" ဟု ယူအပ်၏။)

ဘုရားရှင်သာသနာပြုတော်မူပုံ

ဤသို့လျှင် အေးအေးဆေးဆေးမနေဘဲ သာသနာ စည်ကားပြန့်ပွားအောင် အားထုတ်မှုကို ဘုရားရှင် လိုလားတော်မူသည်။ မိမိ ကိုယ်တိုင်လည်း ကြောင့်ကြစိုက်တော်မူသည်။ ဘုရားရှင်သည် မိမိတပည့်ပရိသတ်ကို ဘယ်တော့မှ ပစ်မထား၊ အမြဲစောင့်ရှောက်တော်မူ၏။ ဂရုစိုက်တော်မူ၏။ အကဲခတ်တော်မူ၏။ တော်လျှင်တော်သလို ခြီးမြှောက်၍ ညှဲ့သျင်ညှဲ့သလို ဖိဖိစီးစီး နှိပ်ကွပ်တော်မူ၏။ တစ်နေ့သော် ရဟန်းပရိသတ်အတွင်း၌ သီလပျက်စီးနေသော ရဟန်းအတော်များများကို တွေ့မြင်တော်မူရသည်။ ဒီသီလပျက် ရဟန်းများကို မိမိကိုယ်တိုင် ထူထောင်သာသော သာသနာမှာ ဒီအတိုင်း ထားနိုင်ပါမည်လား၊ ဒီအတိုင်းထားမည်ဆိုပါက သာသနာ ညစ်ထေး သည်ထက်သာ ညစ်ထေးနိုင်သည်။ ထို့ကြောင့် ဒီအတိုင်းထားလို့ဖြစ်နိုင်စရာမရှိ။ တစ်ဦးမထောက် တစ်ဦးထောက် ဆိုသလို ပစ္စည်းလေးပါးထောက်ပံ့နေကြသည့် ဒကာ ဒကာမတို့က ရှိသေးသည်။ သူတို့တတွေကိုလည်း ငဲ့ညှာရပေဦးမည်။

ဤကဲ့သို့ သံဃာ့အညစ်အကြေး ဖြစ်နေစဉ် အတွင်းမှာပင် သီတင်းသုံးဆဲ သာဝတ္ထိပြည် ဇေတဝန်ခကျောင်းတော်မှ ကောသလတိုင်းသို့ခရီးထွက် ကြွတော်မူသည်။ လိုက်လိုသောရဟန်းများ လိုက်နိုင်၏ဟု မိန့်တော်မူသောကြောင့် ရဟန်းအတော်များများ လိုက်သွားကြ၏။ လမ်းခုလတ်တွင် သစ်ပင်ကြီးတစ်ပင် မီးလောင် နေသည်ကို တွေ့ရ၏။ ဘုရားရှင်က လက်ညှိုးညွှန်ကာပြတော်မူ၏။ 'မြင်ကြရဲ့လား' ဟုသည်း မေးလိုက်သေး၏။ ထို့နောက် ဆက်ကာဆက်ကာမေးတော်မူပြန်၏။

(၁) "ဘိက္ခုတို့၊ အဲဒီမီးလောင်နေတဲ့ သစ်ပင်ကြီးကို ပွေ့ဖက်နေရတာနဲ့ နုနယ်ပျိုမျစ်တဲ့ မိန်းမပျိုကို ပွေ့ဖက်နေရတာ ဘယ်ဟာက ကောင်းမလဲ"

(၂) "ဘိက္ခုတို့၊ အားကောင်းသောယောက်ျား တစ်ယောက်က သင်တို့ရဲ့ ခြေသလုံးနှစ်ဖက်ကို ရိုးတွင်းခြင်ဆီ ခိုက်အောင် သားမြီးကြိုးဖြင့် တိုက်ဖြတ်တယ် ဆိုပါတော့၊ အဲဒီလိုတိုက်ဖြတ်ခံရတာနဲ့ ဒကာ ဒကာမတွေရဲ့ ရှိခိုးမှုခံရတာ ဘယ်ဟာက ကောင်းမလဲ"

(၃) "ဘိက္ခုတို့၊ အားကောင်းသောယောက်ျား တစ်ယောက်က မြမြထက်သည့် လှံဖြင့် သင်တို့ရဲ့ ရင်ဝကို ထိုးစိုက်တယ်ဆိုပါတော့၊ အဲဒီလို ရင်ဝလှံထိုး ခံရတာနဲ့ ဒကာ ဒကာမတွေရဲ့ လက်အုပ်ချီမိုးမှု ခံရတာ ဘယ်ဟာက ကောင်းမလဲ"

ဤကဲ့သို့ဘုရားရှင်က ပုစ္ဆာခုနစ်ချက်ကိုဆင့်ကဲဆင့်ကဲ မေးတော်မူရာ မေးတိုင်းမေးတိုင်း ရဟန်းအားလုံးက "မိန်းမပျိုကို ပွေ့ဖက်နေရတာက ကောင်းပါကြောင်း၊ ဒကာဒကာမတွေရဲ့ ရှိခိုးမှုခံရတာက၊ လက်အုပ်ချီမှုခံရတာက၊ ဒကာဒကာမတွေ လှူဒါန်းတဲ့ သင်္ကန်းကိုဝတ်ရတာက၊ ဆွမ်းကိုစားရတာက၊ ခုတင်ကုလားထိုင် ပေါ်မှာ အိပ်ရထိုင်ရတာက ကျောင်းပေါ်မှာ နေရတာက ကောင်းပါကြောင်း" လျှောက်ထားကြသည်။

ထိုအခါ ဘုရားရှင်က "ဘိက္ခုတို့၊ ဒီလိုမဟုတ်ဘူး။ ဒီလိုမဟုတ်ဘူး။ ငါပြောပြမယ်။ နားထောင်ကြ။ ငါဘုရားသာသနာမှာနေတဲ့ ရဟန်းတစ်ပါးဟာ သီလမရှိဘူး၊ သီလပျက်စီးနေတယ်။ အကျင့်မကောင်းဘူး။ ကိုယ်နှုတ်နှလုံး မစင်ကြယ်ဘူး။ အခြားသူအဖို့ သံသယဖြစ်စရာတွေ ရှိနေတယ်။ ကိုယ့်မှာရှိတဲ့ အပြစ် ဖုံးဖိ ထားတယ်။ ရဟန်းမဟုတ်တော့ဘဲ ရဟန်းလို့ ဝန်ခံနေတယ်။ အကျင့်မြင့်မကျင့်ဘဲ ကျင့်သူလို့ ဝန်ခံနေတယ်။ အပြင်ပန်း ဟန်ဆောင်ပြုံးပေမယ့် အတွင်း ပုပ်နေတယ်။ ကိလေသာမိုး တသွင်သွင် ယိုစီးနေတယ်။ အမှိုက် သရိုက်လို ဘာမှ အသုံးမကျဘူး ဆိုပါတော့။

"အဲဒီလို ရဟန်းမျိုးအတွက်ဆိုရင် မီးလောင်နေတဲ့ သစ်တုံးကြီးကို ဖက်နေရတာက ကောင်းပါသေးတယ်။ ရိုးတွင်း ခြင်ဆီ ခိုက်အောင် ခြေသလုံးကို သားမြီးကြိုးနဲ့ တိုက်ဖြတ်ခံရတာကမှ၊ ရင်ဝ လုံနဲ့ အထိုးခံရတာကမှ၊ သံပြားပူကြီးနဲ့ အကပ်ခံရတာကမှ၊ အလျှံရဲရဲ သံတွေခဲကို မျိုရတာကမှ၊ အခိုးတထောင်းထောင်း ထနေတဲ့ သံခုတင် သံကုလားထိုင်ပေါ် အိပ်ရ ထိုင်ရတာကမှ၊ သံရည်ပူအိုးထဲ ပစ်ချခံရတာကမှ ကောင်းပါသေးတယ်။ ဘာကြောင့်လဲ ဆိုတော့ အဲဒီလို မီးလောင်သစ်တုံးကို ပွေ့ဖက်ရခြင်း စသည်ကြောင့် ဒီတစ်

(၄) "ဘိက္ခုတို့၊ အား ကောင်း သော ယောက်ျားတစ်ယောက်က ရဲရဲညီးအောင် မီးဖုတ်ထားတဲ့ သံပြားကြီးနဲ့ သင်တို့ကို ကပ်ထားတယ် ဆိုပါတော့၊ အဲဒီလိုအကပ်ခံရတာနဲ့ ဒကာ ဒကာမတွေ လှူဒါန်းတဲ့ သင်္ကန်းကိုဝတ်ရတာ ဘယ်ဟာကကောင်းမလဲ"

(၅) "ဘိက္ခုတို့၊ အား ကောင်း သော ယောက်ျားတစ်ယောက်က သင်တို့ရဲ့ ပါးစပ်ကို သံချိတ်ကောက်နဲ့ ဆွဲဖြဲပြီး နီရဲအောင် မီးဖုတ်ထားတဲ့ သံလုံးကို ထည့်လိုက်တယ်ဆိုပါတော့၊ အဲဒီလို အထည့်ခံရတာနဲ့ ဒကာ ဒကာမတွေ လှူဒါန်းတဲ့ ဆွမ်းကို စားရတာ ဘယ်ဟာက ကောင်းမလဲ"

(၆) "ဘိက္ခုတို့၊အားကောင်းသောယောက်ျားတစ်ယောက်က သင်တို့ကို တစ်ကိုယ်လုံး တင်းတင်း ကျပ်ကျပ် ပွေ့ပိုက်ပြီး ရဲရဲပြောင်ပြောင်၊ မီးလောင်နေတဲ့ သံခုတင် ကုလားထိုင်ပေါ်မှာ အအိပ်ခိုင်း၊ အထိုင်ခိုင်းတယ် ဆိုပါတော့၊ အဲဒီပေါ်မှာအိပ်ရထိုင်ရတာနဲ့ ဒကာဒကာမတွေလှူဒါန်းတဲ့ ခုတင် ကုလားထိုင် ပေါ်မှာ အိပ်ရထိုင်ရတာ ဘယ်ဟာက ကောင်းမလဲ"

(၇) "ဘိက္ခုတို့၊အားကောင်းသောယောက်ျားတစ်ယောက်ကသင်တို့ကိုဦးခေါင်းစောက်ထိုး ခြေထောက် မိုးမျှော် မြှောက်ကိုင်ပြီး အင်မတန်ပူနေတဲ့ သံရည်အိုးထဲပစ်ချလိုက်တယ်ဆိုပါတော့၊ အဲဒီလို ပစ်ချခံရတာနဲ့ ဒကာဒကာမတွေ လှူဒါန်းတဲ့ ကျောင်းပေါ်မှာ နေရတာ ဘယ်ဟာက ကောင်းမလဲ"

ဘဝအတွက်သာ ဆင်းရဲဒုက္ခခံရမယ်၊ နောက်ဘဝ အဆက်ဆက်မှာ ခံစရာမရှိဘူး။

"ဘိက္ခုတို့၊ မိန်းမပျိုကိုပွေ့ဖက်မယ်။ သီလမရှိဘဲ ဒကာဒကာမတွေရဲ့ ရှိခိုးမှုခံမယ်။ လက်အုပ်ချီမိုးမှုခံမယ်။ ဒကာဒကာမတွေ လှူဒါန်းထားတဲ့ သင်္ကန်းကို ဝတ်မယ်။ ဆွမ်းကို စားမယ်။ ခုတင်ကုလားထိုင်နှင့် ကျောင်းပေါ်မှာ နေထိုင် လဲလျောင်းမယ် ဆိုရင်တော့ ဒီဘဝမှာပင် ဒုက္ခအပြည့်ဖုံး ရဟန်းအညွန့်တုံးပြီး သေသည့်နောက် မှာလဲ အပါယ်ဝရဲရောက်လိမ့်မယ် ဘိက္ခုတို့"

ဤသို့လျှင် ဘုရားရှင်သည် ဒုဿီလ ရဟန်းများကို ရည်စူး၍ နှစ်နှစ်ကာကာ မိန့်တော်မူပါသည်။ ရဟန်းပရိသတ်ကား တုတ်တုတ်မျှ မလှုပ်၊ အတွေးကိုယ်စီဖြင့် ငြိမ်သက်လျက်ရှိ၏။

ထို့နောက် ဘုရားရှင်သည် သီလဝန္တ ရဟန်းများကို ရည်စူး၍ "ဘိက္ခုတို့၊ သီလမရှိသည့် ဒုဿီသရဟန်းများကား ဤအတိုင်းသာဖြစ်ရပေလိမ့်မည်။ ဒါကြောင့် သင်တို့ဟာ 'ငါတို့ကို ပစ္စည်းလေးပါး ထောက်ပံ့နေကြသော ဒကာဒကာမတွေ ကောင်းကျိုးဘရား ဖွံ့ထွားကြပါစေ၊ ကြီးမားကြပါစေ'လို့ နှလုံးပိုက်ကျင့်ထိုက်ကြပေတယ်။

"ဘိက္ခုတို့၊ မိမိအကျိုးစီးပွားကို ဖြစ်စေ၊ သူတစ်ပါးအကျိုးစီးပွားကို ဖြစ်စေ၊ မိမိ၊ သူတစ်ပါး နှစ်ဦးသားလုံး၏အကျိုးစီးပွားကို ဖြစ်စေမြော်မြင်သော ရှင်ရဟန်းသည် မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် မနေသင့်၊ အမြဲသတိရှိနေရမည်"ဟု သတိပေးရင်း ဒေသနာတော်ကို နိဂုံးချုပ်တော်မူလိုက်သည်။

ဒေသနာတော်၏ အဆုံး၌ ပါရာဇိက ကျနေသော ရဟန်းခြောက်ကျိပ် သွေးစိမ်းအန်ကြသည်။ နောက် ခြောက်ကျိပ်သော ရဟန်း များကား "မြတ်စွာဘုရား၊ ဒီလိုဆိုလျှင် တပည့်တော်များ ရဟန်းတရားမကုန်နိုင်ကြပါဘုရား"ဟု လျှောက်ထားကာ လူထွက်ကုန်ကြသည်။ နောက်ထပ် ရဟန်းခြောက်ကျိပ်ကား ရဟန္တာ ဖြစ်တော်မူကြသည်။

ဤဒေသနာတော်ကို အဆင့်ဆင့် ကြားသိရ၍ အကျင့် လျော့လျဲလျဲနေလာကြသော ရဟန်းများမှာ "ဘုရားရှင်သာသနာတော်၌ ရဟန်း သိက္ခာပြည့်စုံအောင်၊ လုံခြုံအောင် ကျင့်ဖို့ မလွယ်ကူပါတကား"ဟု သဘောပေါက်ကာ လူထွက်ကုန်ကြသည်။ ဆယ်ပါးတစ်တွဲ၊ အပါးနှစ်ဆယ် တစ်တွဲစသည်ဖြင့် တစ်ပြိုင်နက် လူထွက်ကြသည်မှာ ရာလိုက်အုပ်စု, ထောင်လိုက်အုပ်စုအထိပင် ရှိ၏။ (အင္ဒ၊ပ၊၅၂)

ဤကဲ့သို့ ဒေသနာတော်ဖြင့် ဘုရားရှင်သည် မိမိသာသနာကိုသန့်စင်စေတော်မူခဲ့သည်။ ဒုဿီလ အမြုပ် ရဟန်းယုတ်များကို ဖယ်ရှားသုတ်သင်တော်မူခဲ့သည်။ သံဃာ့အဖွဲ့အစည်းကို စင်ကြယ်စေတော်မူခဲ့သည်။ ဤကား ဘုရားရှင်၏ ကိုယ်တော်တိုင် သာသနာပြုခြင်းတစ်ရပ်ပေတည်း။

သာဝကတို့ သာသနာပြုတော်မူပုံ

ထို့ပြင် ဘုရားရှင်၏ တပည့်သာဝကတို့ သာသနာပြုပုံကိုလည်း အဘန်ငယ်ပြလိုသေး၏။ အရှင်သာရိပုတ္တရာ သက်နှံးမညီမညာ ဖြစ်နေသည်ကို ခုနစ်နှစ်အရွယ် ရှင်ဖြစ်စ သာမဏေငယ်က တွေ့မြင်ရ၍ သက်နှံး မညီမညာ ဖြစ်နေပါ့ကြောင်း လျှောက်ထား၏။ အရှင် သာရိပုတ္တရာက ဝမ်းမြောက်စွာ လက်ခံကာ ညီညာအောင် ပြန်ဝတ်၏။ "ဆရာ၊ ညီညာပါပြီလား၊ နောင်တွေ့ရင်လဲ ဆုံးမပါ" ဟုဖိဘ်မန်၏။ မိဓ်ကို ပြုပြင်ပေးမည့်သူ ပေါ်လာ၍ ဥဒါန်းပင် ကျူးလိုက်သေး၏။

တဒဟု ပဇ္ဇဇိတော သန္တော၊ဇာတိယာ သတ္တဝဿိကော။

သောပိ မံ အနုသာသေယျ၊သမ္မဒဋ္ဌိစ္ဆာ-မိ မတ္ထကေ။

ခုနစ်နှစ်စေ့၊ ယနေ့မှာင်ဖြစ်၊ သာမဏေသစ်က၊ အပြစ်ပြကာ၊ ဆုံးမပါမူ၊ နာခံယူ၍၊ ဆံဖြူပေါက်လတ်၊ ဦးခေါင်းမြတ်ဖြင့်၊ မပြတ်ကြည့်လင်၊ ဆောင်ထားချင်၏။'

၁၅-ရက် ဥပုသ်နေ့ တစ်နေ့ဖြစ်၏။ ဥပုသ်ပြုရန် ဘုရားရှင်နှင့်တကွ သံဃာများ စုဝေးကာထိုင်နေကြော်မူကြ၏။ ဘုရားရှင်ကား မည်သည့်စကားကိုမျှ မိန့်ကြော်မမူ။ ပထမယာမ် ကုန်သည်အထိထိုင်ဆဲ။ မဇ္ဈိမယာမ်လဲ ထိုင်ဆဲ၊ ပစ္ဆိမယာမ်လဲ ထိုင်ဆဲ၊ တစ်ပါးတလေပင်တုတ်တုတ်မျှမလှုပ်၊ အရဏ်တက်ဖို့ တဖြည်းဖြည်း နီးကပ်လာလေပြီ။ မဖြစ်သာသည့်အဆုံး အရှင်အာနန္ဒာက လျှောက်ထားရတော့၏။ "မြတ်စွာဘုရား အရဏ်တက်ဖို့ နီးပါပြီ၊ သြဝါဒပါတိမောက် ပြတော်မူပါ။"

ဤတွင်မှ ဘုရားရှင်က "အာနန္ဒာ၊ ပရိသတ်မသန့်ရှင်းဘူး" ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသော် အရှင်မောဂ္ဂလာန်လည်း မနေသာတော့၊ ပရိသတ်ကို ခြုံကြည့်တော်မူ၏။ တွေ့ပါလေပြီ။ ပါရာဇိက ကျူးနေသော ရဟန်းတစ်ပါး၊ "ငါ့ရှင် ထလော့၊ ငါ့ရှင်ကို မြတ်စွာဘုရား မြင်တော်မူ၏။" ထိုရဟန်းကား ဓာတ်ပဲ့ လုပ်နေ၏။ သုံးကြိမ် ပြောမှ မရသော် အရှင်မောဂ္ဂလာန်ကိုယ်တိုင်လက်မောင်းဆွဲကာ ထုတ်ပစ်ရ၏။ အရှင်မောဂ္ဂလာန်၏ သာသနာပြုနည်းကား ရဲရင့်ပါပေသည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက်အရှင်မဟာကဿပအစရှိသော သင်္ဃာယနာတင်မထေရ်မြတ်တို့ သာသနာပြုခဲ့ပုံကားအထင်းသားအရှင်းသား မြင်သာလှပေသည်။

အံ့လောက်သည့် နောက်တစ်ပါး ရှိသေး၏။ ဤမထေရ်ကား သုသာန်၌ သီတင်းသုံး၏။ ထို့ကြောင့် "သောသာနိက မထေရ်" ဟု အမည်တွင်၏။ ဤမထေရ် သုသာန်ဓူတင် ဆောက်တည်သည်မှာ အနှစ်ခြောက်ဆယ်ပင် ကြာပြီဖြစ်သော်လည်း သုသာန်ဓူဘင် ဆောက်တည်နေကြောင်း မည်သူမှ အားသိမပေး။ မည်သူမှလည်း မသိကြ။ ထိုသို့ မသိသည်ကိုပင် သူ့မှာ ပီတိဖြာလျက်ရှိ၏။ မထေရ်၏ သာသနာပြု လုပ်ငန်းသည် အံ့ဩဖွယ်ပင်တည်း။ မထေရ် ကျူးရင့်သည့် ဥဒါန်းမှာ အောက်ပါအတိုင်း ဖြစ်၏။

သုသာနေ သဋ္ဌိဝဿာနိ၊ အဇ္ဇော-
ကိဏ္ဏံ ဝသာမဟံ။

ဒုတိယော မံ နဇာနေယျ၊ အဟော
သောသာနိကုတ္တမော။

'သုသာန်ဓူတင်၊ မြတ်ကျင့်စဉ်ဖြင့်၊ လူရှင်
ကင်းပြတ်၊ တောအရပ်သို့၊ ချဉ်းကပ်
နှစ်ပေါင်း၊ ခြောက်ဆယ် ညောင်းလည်း၊
အပေါင်းလူမှာ၊ မသိပါခဲ့၊ သောသာ
နိကော၊ ကျင့်သဘောသည်၊ ဗဟော....
မြတ်လှပါတကား'

မထင်မရှား ရဟန်းတစ်ပါးကား ကုရဏ္ဍကလိုဏ်ဂူကြီး၌ သီတင်းသုံးနေ၏။ ထိုလိုဏ်ဂူကြီး၏ နံရံ၌ ဝိပဿီစသော ဘုရားခုနစ်ဆူတို့၏ တောထွက်ခန်းကို အဆန်းတကြယ် ပန်းချီခြယ်ထား၏။ ထိုပန်းချီဆေးရေးရုပ်များ ရှိကြောင်းကို ဒေသန္တရခရီးသွားရဟန်းငယ်များ ရောက်လာ၍ လျှောက်ထားမှ သိရ၏။ "ငါ့ရှင်တို့၊ ငါဒီလိုဏ်ဂူကြီးထဲ နေလာတာ အနှစ်ခြောက်ဆယ် ကျော်ပြီ၊ ပန်းချီဆေးရေးရုပ်တွေ ရှိမှန်းတောင် မသိရဘူး၊ ငါ့ရှင်တို့ ပြောပြလို့ သိရပေဘယ်၊ ငါ့ရှင်တို့ဟာ မျက်စိကောင်းကြပါပေ့" ဟုမိန့်တော်မူ၏။ သာသာဖြင့် နာနာနက်လိုက်သောသာသနာပြုခြင်း ပေတည်း။ မထေရ်၏အမည်ကား စိဟ်နှင့်တကွ စက္ခုစသော ဣန္ဒြေဘို့ကို ဧစာင့်စည်းသောကြောင့် "စိတ္တဂုတ္တ မထေရ်" ဟု တွင်၏။

ဤသို့လျှင် ဘုရားရှင်နှင့်တကွ တပည့်သာဝကတို့၏ သာသနာပြုပုံကို သရုပ်ပေါ်ရုံမျှ အတန်ငယ် ထုတ်ပြခဲ့ပြီးပါပြီ။ ကောက်ချက်ချလိုက်သည့်အခါ သာသနာပြုရေးဟူသည် သီလ သမာဓိ ပညာ သိက္ခာသုံးပါး ခိုင်ခဲ့ ကောင်းမွန်ရေးပင် ဖြစ်ပါသည်။ သီလ သမာဓိ ပညာ ခိုင်ခံ့မှသာလျှင် သာသနာ ခိုင်ခံ့နိုင်၏။ သီလ သမာဓိ ပညာ မခိုင်ခံ့က သာသနာ ယိမ်းယိုင် ပြိုလဲမည် ဖြစ်၏။

သို့ဖြစ်၍ ဘုရားရှင်နှင့်တကွ အရှင်သာရိ-ပုတ္တရာ စသော တပည့်သာဝကတို့သည် သီလ သမာဓိ ပညာတိုးတက်ကောင်းမွန်ရေးကို ဦးစား ပေးကာ သာသနာပြုတော် မူခဲ့ကြ၏။ ထိုသို့ သာသနာပြုတော်မူရာ၌ ဘုရားရှင်၏ ဟောပြော ချက် အရှင်သာရိပုတ္တရာ စသော တပည့် သာဝက တို့၏ ကြွေးကြော်ချက် မြွက်ဟချက် ဥဒါန်း ကျူးရင့်ချက်တို့ကြောင့် ထွက် ပေါ် လာ သည့် စိတ္တဇ သဒ္ဒ ရုပ်ကလာပ်တို့သည် သဘာဝ ဓမ္မ အနေအားဖြင့် ချုပ်ပျောက်ပျက်သုဉ်း ကုန်ဆုံးကြ ပြီး ဖြစ်၏။ သို့သော် ဥတုဇသဒ္ဒ ရုပ်ကလာပ်အနေ အားဖြင့် ဘုဉ်အဆက်ဆက် သွယ်တန်းကာ ပဋ္ဌာန်း ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုလျက်ပင် ရှိသေး၏။

ထို့ကြောင့် ယခု သံ ဃ မ ဟာ နာယက မထေရ်ကြီးများ၏ သာသနာ သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဆောင်ရွက်ချက်တို့သည် လည်း ကောင်း၊ တည်ဆောက်နေဆဲ နိုင်ငံတော် ပရိယတ်တို့ သာသနာ့ တက္ကသိုလ်ကြီးများသည် လည်း ကောင်း၊ တဖန် ပြည်တွင်း ပြည်ပ သာသနာ ပြုကြမည့် အစီအစဉ်တို့သည် လည်းကောင်း ဆိုခဲ့ပြီး အဆက်ဆက် နွယ်ယှက်ကာ ကျေးဇူးပြု နေကြသည့် ပစ္စယသတ္တိ အဟုန်နှင့် ဆက်စပ်မှု မရှိ၊ ကင်းကွာလျက်ဖြစ်၏-ဟု အဘယ်သူ တစ်စုံ တစ်ယောက်က ပြောဆိုဝံ့ ရေးသားဝံ့ပါအုံးနည်း။

ထိုဥတုဇ သဒ္ဒ ရုပ်ကလာပ်တို့၏ တုန်ခါမှု တို့သည် ဂျိုးဂျိုး ဂျိန်းဂျိန်း တဒိန်းဒိန်းဖြင့် မြည် ဟိန်း တုန်ဟည်း အပြီးမသတ် ကပ်ကမ္ဘာပတ်သုံး တည်ရှိနေမည်ဖြစ်ရာ ထိုဥတုဇ သဒ္ဒ ရုပ်ကလာပ် တို့၏ ကျေးဇူးပြုမှုကို ခံနေရသမျှ ဘုရားရှင်၏ သာသနာသည်လည်း အမြဲသစ်လွင် သန့်စင်နေ မည်သာတည်း။

တိုက်သစ် ပဒဋ္ဌာတားခဲ့ဆုံးတဲ့

မြောင်းမြ

ကိုဘိုးကြွယ်ရေ....
အမျှ....အမျှ....တော့။
တော် ကြည်ညိုလွန်းတဲ့
မင်းကွန်းဆတော်ကြီးကို
လှူရ၊ ဖူးရပြီတော့။
ကျုပ်တို့လဲ ငွေတစ်ကျပ်တစ်ပြားလှူရုံနဲ့
ဘုန်းကြီး တက္ကသိုလ်ရဲ့ ဒကာတွေဖြစ်ရပြီ
တော်ရောက်ရာ ဘုံကနေ
သာဓု ခေါ်ပါတော့ ကိုဘိုးကြွယ်ရေ....

ထွန်းလွင်(စမ္မာစရိယ-ဘီဒေ)

နှလုံးသားငါးတောင့်တန်ချက်



(၁)

သွားကျိုးဆံဖြူ နားအူမျက်မွဲ တွန့်တွဲ ယိုယွင်း အိုမင်းခြင်းဟူသော မစွမ်းမသန်သည့် လက္ခဏာတို့သည် အဘွားဖြူအပေါ် ကျရောက်နေပေပြီ။ အဘွားဖြူက ပြောတတ်သေးသည်။

"အမယ်.... ငါ့မျက်စိ သိပ်မမှုန်သေးပါဘူး၊ အဝေးလောက်သာ အနည်းအပါးမှုန်တာ၊ အနီးဆို အပ်ပေါက်လောက်တော့ တည့်အောင်ထိုးနိုင်ပါသေးတယ်"

အဘွားဖြူသည် ကွယ်လွန်သွားပြီ ဖြစ်သော သမီးအထွေး၏ သမီး မြေးမကလေး နှစ်ယောက်နှင့်အတူ နေရှာသည်။ အဘွားဖြူ၏ ခင်ပွန်းအဘိုးကြွယ်ဆုံးသွားသည်မှာ ကြာပြီ။ လွန်ခဲ့သော ဆယ်နှစ်ခန့်က ဖြစ်သည်။ သမီးထွေးဆုံးပြီး နှစ်နှစ်လောက်အကြာ၌ သမက်က နောက်အိမ်ထောင်ပြု၍ တရပ်ဘကျေး ပြောင်းရွှေ့ သွားပြန်သည်။

အခုတော့ အဘွားဖြူအဖို့ သည်မြေးမကလေး နှစ်ယောက်ကိုသာ အားကိုး တွယ်တာ နေရရှာသည်။ မြေးမအကြီးက ဆယ့်ခုနစ်နှစ်၊ အငယ်မလေးက ဆယ့်ငါးနှစ်၊ နှစ်ယောက်စလုံး လိမ္မာကြသည်။ အဘွားဖြူကို လုပ်ကျွေး နေကြသည်။ စပါးရိတ်ကြသည်။ ကောက်စိုက်ကြသည်။ ထို အလုပ်မျှားမရှိခြိန်တွင် မုန့်စိမ်းပေါင်း လုပ်ရောင်းကြသေးသည်။

(၂)

ပြာသိုဆန်းပြီကြောင့် လယ်တော တစ်ခွင်တွင် စပါးရိတ်ခြင်းကိစ္စ မရှိသလောက်ရှိကြပြီ။ သက်ကြီးစပါးပါသည့် လယ်သမားများသည် လက်စသိမ်း မဲရိတ်နေကြသည်။ ကျွန်တော်တို့ပင် စပါးရိတ်သိမ်းပြီးလို့တစ်ရက်နှစ်ရက်သာ ရှိသေးသည်။

ကျွန်တော် ဇနီးနှင့် ကလေးနှစ်ယောက်လည်း မနက်ခြေကပင် ရွာသို့ အလည်ပြန်သွားကြသည်။ ကျွန်တော်တို့က လယ်တဲကိုသာ အိမ်လုပ်နေကြသည်။ လယ်တစ်ခု၊ တဲတစ်ခုနှင့် အပိုလုပ်မနေတော့။ လယ်နှင့်ရွာကလည်း အဝေးကြီး မဟုတ်သဖြင့် နေပျော်ကြပါသည်။ နောက် ကျွန်တော်တို့တဲနှင့် မလှမ်း မကမ်းဆီတွင်လည်း အခြားလယ်လုပ်တဲ နှစ်တဲ သုံးတဲရှိနေသေးသည်။ သူတို့လည်း ရွာမဝင်ကြတော့။

"ဟဲ့....ဖိုးခင်၊ ခွေးကြည့်ဦးဟဲ့...."

ကျွန်တော်သည် တဲဝမှထွက်ကြည့်လိုက်သည်။ အဘွားဖြူနှင့် ဒေါ်ခွေးမ၊ နောက် ခင်ချို၊ မတော၊ကို့ကောက်သင်းကောက်ရာမှပြန်လာကြဟန်တူသည်။ အဘွားဖြူက ခံတောင်းတစ်လုံး ရွက်ဆာသည်။ တောင်းထဲ၌ကောက်သင်း စည်းနှစ်စည်းသုံးစည်းပါလာသည်။ အဘွားတစ်ကိုယ်လုံးလည်း ချွေးတွေ သံတွေက ရွဲရွဲစိုနေသည်။ ပြာသို၏အအေးဓာတ်ကို တွန်းလှန်၍ ယိုစီးထွက်လာကြဟန်တူသည်။

"မောလိုက်တာဟယ်၊ ခရေလေး တစ်ပေါက် လောက် သောက်ချင်တာနဲ့ဝင်လာတာ"

"အဘွားက ကောက်သင်း လိုက်ကောက်နေ တယ် ဟုတ်လား"

ကျွန်တော်က စူးစမ်းသောအကြည့်နှင့် ကြည့် မေးလိုက်သည်။ ထို မေးခွန်းကို ဒေါ်ခွေးမက ဝင်ဖြေသည်။

"ဖုံးခင်ရယ်၊ ဒီအဘွားကြီး ကောက်သင်း လိုက်ကောက်နေတာကြာပြီဟဲ့၊ ရွာနားက လယ် ကွက်တွေဆို သူ့လက်ချည်းပဲ၊ ဒီနေ့ကျမှ တို့နဲ့ ကဲလိုက်လာတာ၊ တို့ကလဲ အရှေ့ကွင်း မှာ ကောက်နေကြတာ၊ ဒီကနေ့ပဲ နင်တို့ တောင်ဘက် ကွင်းကို လာကောက်ကြတာ၊ မစ္စ်ပါဘူးဟယ်.... နင်တို့ကွင်းလဲ ရိတ်လို့ သိမ်းလို့ ပြီးနေကြမှကိုး"

ဒေါ်ခွေးမတို့ တစ်သိုက်က နှစ်စဉ် ကောက် သင်းကောက်သမားများဖြစ်ကြသည်။ သူတို့သည် တစ်နှစ်တစ်နှစ် စပါးအတင်း လေးငါးဆယ်အထိ ရတတ်ကြသည်။

ကျွန်တော်က လက်ဖက်ရည်ကြမ်းအိုး ချပေး သည်။ သူတို့ ရေအငတ်ပြေ သောက်ကြသည်။ အဘွားဖြူက သုံးလေးခွက်သောက်ပြီး ဆေးလိပ် ဖွာနေရာမှ တုံးလုံးလှဲနေလိုက်သည်။

"နင်တို့ ရိတ်ပြီးတာ ကြာပြီလား ဖိုးခင်"

"သိပ်မကြာသေးပါဘူး အဘွား၊ တစ်ရက် နှစ်ရက်ပဲ ရှိသေးတယ်"

"ကြိုးကြိုးစားစားလုပ်ဟဲ့၊ စောပြီးမှကောင်း တာ....

"ဟုတ်ကဲ့....မကြာခင် နယ်ရ လှေ့ရတော့မှာ ပဲ၊ ဒါတောင် ကျွန်တော်က သက်နုထက် သက် ကြီးပိုများသွားလို့ပါ၊ ရေကြီးကွင်း မဟုတ်လား အဘွားရဲ့၊ ရေကြီးလို့ နှစ်ခါတောင် ပြန်စိုက်လိုက် ရတယ်လေ"

ဒေါ်ခွေးမတို့ကရောက်တုန်းရောက်ခိုက်ပေါ်က် ပန်းဖြူရွက် တောင်းခူးကြသည်။ ဘူးညွှန့်လည်း တောင်းခူးကြသည်။ ကန်ထဲမှ ကညို့ရွက်၊ ကန ဖော့၊ ကန်စွန်းရွက်တို့ကိုလည်း ဆင်းခူးကြသေး သည်။

"အဘွားက ဘာလို့ ကောက်သင်း လိုက် ကောက်နေရတာလဲ"

ကျွန်တော်က တုံးလုံးလှဲ အမောဖြေနေသော အဘွားကို မေးရပြန်သည်။

"ဘာရယ်လို့တော့ မဟုတ်ဘူးကွယ့်၊ ဒီနှစ်ထဲ နေလို့ထိုင်လို့လဲကောင်းနေတာနဲ့ လိုက်ကောက် နေတာ။

"ဝေးဝေးလံလံကြီးတော့မဟုတ်ပါဘူးကွယ်၊ ရွာနားတစ်ဝိုက်ပါဘဲ၊ ဒီနေ့မှ မင်းတို့ဆီလဲ ဝင် ချင်ဝင်ရအောင် ခွေးမတို့နဲ့လိုက်လာတာ"

"ကောက်မနေပါနဲ့ အဘွားရယ်၊မတော်ဘဆ လယ်ကွက်ထဲမှာ မူးလဲနေမှဖြင့် အလကားနေရင်း ဒုက္ခပိုနေပါဦးမယ်"

ကျွန်တော်က အဘွား သံယောဇဉ်နှင့်မို့ တား ဆီးလိုက်ရသည်။

"ငါ ဒီလောက်ဟော့ လုပ်နိုင်ပါသေးတယ်၊ အခုဆို အသက် ရှစ်ဆယ်ပြည့်တော့မယ်၊ လေးလ လား လိုတော့တယ်၊ မျက်စိကလဲ အသုံးချလို့ရ ပါသေးတယ်၊ လူအိုမို့သာ မောတာလောက်ပဲ"

"ဒါပေမယ့်အဘွားရယ် မလုပ်တာဘဲကောင်း ပါတယ်၊ ကျွန်တော်တို့လဲ ရှိသားပဲဟာ"

ထိုနေ့ညနေက အဘွားဖြူကို ရွာခြေနားအထိ သူ့တောင်းကိုထမ်းပြီး ကျွန်တော် လိုက်ပို့သည်။ ဘူးညွှန့်နှင့် ငါးခြောက်သုံးပြားလည်း ထည့်ပေး လိုက်သည်။

(၃)

အဘွားဖြူ တဲလာပြီးနောက် ကျွန်တော် ရွာ ပြန်ရသေးသည်။ ကိစ္စက စပါးနယ်, နွားကျောင်း ရန်အတွက် ကောင်လေးတစ်ယောက်လိုချင်လို့ဖြစ် သည်။ ထိုကိစ္စ အဆင်ပြေပြီးနောက် အပြန်မှာ အဘွားဖြူအိမ်ဘက် လှည့်ဝင်ခဲ့သည်။

အဘွားဖြူသည် ပုလင်းကြီး တစ်လုံး နှင့် ကောက်သင်း စပါးတွေကို ရိုက်ခြွေ နေသည်။ ကျွန်တော်ဝင်လာသည်ကို တွေ့သဖြင့် အဘွား ဖြူက....

"လာဟော့ ဖိုးခင်"ဟု စတင်နှုတ်ဆက်သည်။

"ဟဲ့....ရေခွေးတစ်လုံးသွားကျို"ဟုအနားက ကူလုပ်ပေးနေသည့် မြေးမငယ်လေးကို တစ်ဆက် တည်း ခိုင်းလိုက်သည်။

"နေပါစေ အဘွား၊ ကျို့မနေပါနဲ့၊ တဲပြန် ဘော့မလို့ဟာ ကြုံတာနဲ့ဝင်လာတာ"

ကျွန်တော်သည် ပြောပြော ဆိုဆိုနှင့် အဘွား ဖြူအနားမှာ ဝင်ထိုင်လိုက်သည်။

"အဘွားမြေးမကြီးကောမမြင်ပါလား၊ စပါး ရိတ်လို့ မပြီးသေးဘူးလား"

"မပြီးကြသေးဘူးကွယ့်၊ ဒီနှစ်တော့ အရှေ့ ကွင်းက သူ့ဘကြီး သာညွန့်ဆီမှာ သွားရိတ်တယ် လေ၊ တစ်ရက်နှစ်ရက်စာလောက်ပဲ ကျန်တော့ တယ်လို့ ကြားတာပဲ၊ သူတို့လဲ ဒီနှစ်ရေကြီးလို့ နှစ်ခါပြန်စိုက်ကြရတယ်တဲ့၊ နောက်ပြီး သက်ကြီး စပါးလဲ့များတယ်၊ ဒီအငယ်မကတော့ အလုပ်ပြီး တာ တစ်ပတ်လောက်တောင် ရှိသွားပြီ၊ မြောက် ပိုင်းက မင်းဒွေးလေး တင်မေတို့အဖွဲ့နဲ့ လိုက်ရိတ် တယ်လေ"

"ကျွန်တော်တို့ဆီက ကုန်းသမား ရှားပါ တယ်၊ ရေကြီးကွင်းဆိုတော့ ဒီလိုပဲပေါ့၊ သိမ်း ချိန် ရိတ်ချိန်မှာ အမြဲလိုလို နောက်ကျ နေတတ် တယ်"

"ငါ့ကောက်သင်းစပါးလေး ဘယ်လောက် ရမယ်ထင်လဲ ဖိုးခင်"

ကျွန်တော်သည် အိမ်ရှေ့တွင် ပုံထားသော အဘွားဖြူ ကောက်သင်းစပါးပုံလေးကို ကြည့် ပြီး....

"လေးငါးတင်းလောက်တော့ရမယ်ထင်တယ် အဘွားရေ့"

"အေးကွယ်၊ ငါလဲ ဒီလောက်ပဲ ရမယ်ထင် တယ်၊ ရသလောက်ပေါ့ဟယ်"

"နို့....နေပါဦး၊ အဘွားတို့ ဆန်စားစရာမရှိ တော့ဘူးလား"

ကျွန်တော်က အဘွားဖြူ ကောက် သင်း ကောက်နေတာနဲ့စပ်ပြီး မေးကြည့် လိုက်သည်။

"ရှိပါတယ် ဖိုးခင်၊ တလောကပဲ ငါ့တူ မောင်အေးတစ်ယောက်က တစ်တင်းလောက် ရှိ မလားဘဲ သူ ဆန်ကြိတ်တာနဲ့ ဝင်ပေးသွားသေး တယ်လေ"

ကျွန်တော်သည် အဘွားဖြူနှင့် ခဏမျှစကား စမြည်ပြောပြီး တဲသို့ပြန်လာခဲ့သည်။ တစ်လမ်း လုံးလည်း အဘွားဖြူ ကောက်သင်းကောက်စား နေရခြင်းနှင့် ဆက်စပ်ပြီး စဉ်းစား လာမိသည်။ အဘွားတို့ မြေးအဘွားသုံးယောက်ကို သနားကြ သည်။ သူတစ်လက်၊ ငါတစ်လက် ပေးစားကြ သည်။ ဝိုင်းဝန်းစောင့်ရှောက်လာကြသည်။ သည် အထဲ ကျွန်တော်တို့က အပိုဆုံး၊ သူတို့ကလည်း ကျွန်တော့်ကိုအခင်တွယ်ဆုံးဖြစ်သည်။ သို့အတွက် အဘွားဖြူ ကြီးဘောင့် ကြီးမနှင့် ကောက်သင်း ကောက်နေတာကိုကျွန်တော်စိတ်မကောင်းဖြစ်နေ မိသည်။ ဘယ်သူက ဘာတွေပြောလို့များ ဘွား အိုမာန်ထဲဦး ကောက်နေသလဲဟု လည်း တွေး ကြည့်လာမိသည်။

(၄)

တပေါင်းနေသည် ခြစ်ခြစ်တောက် ပူပြင်းလှ သည်။ တိုက်လေသမျှလေမှာလည်း လေပူလေရှူး ချည်းသာ ဖြစ်နေသည်။ အခုတော့ လယ်ကွင်း ပြင်သည် ပြင်းထန်သည့် နေ ရှိန် အောက် တွင် အညှာပ်းဆဲခံနေရသလို ရှိနေသည်။ ဘယ်ကြည့် ကြည့် ရေလှိုင်းများ ထနေသလို တံလှပ်များက တရိပ်ရိပ် ပြေးနေကြသည်။ ရိုးပြတ် ငုတ်တို ထိုးထိုး ဧထောင်ထောင်များ လွှမ်းမိုး နေသော လယ်ကွင်းပြင်သည် အရပ်ဆိုး အကျည်းတန်လှ သည်။

ထိုသည့် အပူကြိုးတွင်မှ ညနေ ၃ နာရီ လောက်တွင်အဘွားဖြူမြေးမကလေး နှစ်ယောက် ကျွန်တော်တို့ဆီ ပေါက်ချလာသည်။ ကျွန်တော့် ဇနီးက....

"ဟဲ့....ပူလိုက် လောင်လိုက်တာဟယ်၊ ညနေ အေးမှပဲ လာရောပေါ့"ဟု ဆီးကြို နှုတ်ဆက် လိုက်သည်။

"သမီးတို့လဲ ညနေဘက် အေးမှပဲ လာမလို့ ဟာ၊ လှည်းကြုံရတာနဲ့ လိုက်လာတယ် အဒေါ်၊ ပူလိုက်တာမှ"ဟု အငယ်မက နှုတ်သွက် အာသွက် နှင့် ဖြေသည်။

"ညည်းတို့က ဘာအကြောင်းထူး ရှိလို့လဲ"

"ဘွားဘွား လွှတ်လိုက်ဘာလေ၊ နက်ဖြန် သူ့ကို သက္ကလရွာကြီးသို့ လိုက်ပို့ပေးဖို့ ဦးကို အပြောခိုင်းလိုက်တာ"

ညီအစ်မ နှစ်ယောက် တဝွတ်ဝွတ်နှင့် ရေခပ် သောက်နေကြသည်။ နောက် အအိုက်ပြေ ယပ် ခတ်ရင်း လာထိုင်ကြသည်။ အငယ်မက "ဘာ စားစရာရှိသလဲ"ဟု မေးသဖြင့် ကျွန်တော့် ဇနီး က ကြိုးဖြင့်ချိတ်ဆွဲထားသည့် ငှက်ပျောချဉ်အခိုင် ကို မေးငေါ့ပြလိုက်သည်။ သူတို့ညီအစ်မ ဝမ်း သာအားရနှင့် ဖြုတ်စားကြသည်။

"ဒါနဲ့ .မေးရဦးမယ်၊ ညည်းတို့အဘွားလဲ ဒီနှစ် ဘယ်လိုဖြစ်နေမှန်းမသိဘူး၊ ကောက်သင်း ထွက်ကောက်နေတယ်ဆို၊ ရွာက လူတွေ တစ်ချို့ ပြောကြတယ်၊ တုန်တုန်ချည့်ချည့်နဲ့လယ်ကွက်ထဲမှာ တွေ့ရတာ သနားစရာထက်အမြင်ကတ်စရာဖြစ်နေ သတဲ့တော့၊ ကိုယ့်အသက်ကြီးနဲ့ အေးအေးမနေ နိုင်ဘူးတဲ့၊ လောဘဇောတွေ ထွက်နေသတဲ့"

ဇနီးသည်က ရွာက သူကြားသမျှကို ဖောက် သည်ချပြနေသည်။ ထိုအခါ အကြီးမလေးက....

"သမီးလဲကြားပါတယ်၊ မကောက်ဖို့လဲ လူ ကြုံနဲ့ အဘွားဆီမှာလိုက်သေးတယ်၊ ကိုယ်ဆင်းရဲ

မှန်း၊ မရှိမှန်း လူသိတာပေါ့ အဒေါ်ရယ်၊ သမီးလေ ကြားစက စိတ်မကောင်းလို့ မျက်ရည်ကျရသေးတယ်''ဟု ဝင်ပြောသည်။ အငယ်မကလည်း...

''သမီးကလဲ တားတာပဲ၊ ဒါပေမယ့် ဘွားဘွားက နားမထောင်ဘူး၊ညည်းတို့မသိပါဘူးတဲ့၊ ငါ့ကိစ္စရှိလို့ ငါကောက်တာ''တဲ့ဟု ပြောသည်။

''အေးဟေ့၊ ဒါဖြင့် မဟုတ်မှလွဲရော၊ ညည်း အဘွား စပါးစျေးတွေကောင်းတာနဲ့ သူ့မသာ စရိတ် ကြိုစုနေသလား မသိဘူး၊ ပေါက်ပေါက် ရှာရှာအဘွားကြီးနှယ်''

သူတို့ သုံးယောက်ရယ်ကြသည်။ နောက်.... အငယ်မလေးက....

''ဘွားဘွား စပါးစုခရောင်းတာမဟုတ်ဘူးရှင့်၊ လက်ထိုးကြိတ်နဲ့ခွဲပြီး သမီးတို့ကို ဆန်ထောင်းခိုင်းတယ်၊ သူ့ဆန်က နှစ်တင်းကျော်ကျော် ရတယ်လေ'' ဟုဆက်ပြောပြန်သည်။

သို့ဖြင့် သူတို့ သုံးယောက်သည် အဘွားဖြူ အကြောင်းကို တစ်ယောက်တစ်မျိုး ဝေဖန် ပြောဆိုနေကြသည်။

သူတို့ ညီအစ်မသည် ညနေစာ စားပြီး အေး

 မှပင် ရွာသို့ပြန်သွားကြသည်။

(၅)

ကျွန်တော်သည် မနက်စောစောထ၍ ရေနွေးတစ်အိုးကျိုသောက်သည်။ နောက် အဘွားဖြူကို လိုက်ပို့ပေးရန် လှည်းတပ်ပြီး ရွာဘက်သို့မောင်းထွက်လာခဲ့သည်။

ရှေးယခင်များကလည်း ယခုလိုပင် အဘွားဖြူကို လိုက်ပို့ပေးရလေ့ ရှိသည်။ ကျွန်တော့် လှည်း သူတို့အိမ်ရှေ့သို့ ရောက်သည့်အခါ မြေးအဘွားသုံးယောက်စလုံး အိမ်ရှေ့မှာဆိုင်ပြီး ကျွန်တော်ကို စောင့်နေသည်ကို တွေ့ရသည်။

''အဘော်ပဲ ဖိုးခင်၊ တို့လဲ မင်းကို စောင့်နေကြတာ၊ ဟိုကို စောစော ရောက်မှ နို့မဟုတ်ရင် အပြန် နှေားနေပူနေမယ်''

''ဟုတ်ကဲ့....သွားကြမယ်လေ''

''ဟဲ့ ဖိုးခင်၊ ဒီဆန်နှစ်အိတ်လဲ လှည်းပေါ် တင်ဦးကွယ့်''

ဟိုအခါတွင်မှ ဆန်နှစ်အိတ်လည်း ပါသေး မှန်းသိရသဖြင့် လှည်းပေါ်မှ ကမန်းကတန်းဆင်းကာ ဆန်နှစ်ဗိုးတ်ကို လှည်းပေါ်တင်လိုက်ရသည်။ ဆန်နှစ်အိတ်ဆိုသော်လည်း ဆန် တစ်အိတ်လျှင် တစ်တင်းသာ ပါသော ဆန်နှစ်အိတ် ဖြစ်သည်။ ယူရ ငင်ရ လွယ်ကူအောင် ခွဲထည့်သာခြင်း ဖြစ်

သည်။ ကျွန်တော်သည် အားလုံးအဆင်သင့် ဖြစ်သည့်အခါ နွားကိုကြိမ်တို့ပြီး မောင်းထွက်လာသည်။ သက္ကလရွာကြီးနှင့် ကျွန်တော်တို့ရွာသည် ခရီးအဝေးကြီး မဟုတ်။ တစ်မိုင် ကျော်ကျော် လောက်သာ ဝေးပါသည်။

လှည်းထွက်လာခဲ့သည်အထိ ကျွန်တော် နှဲ့မလည်သေးသည်မှာ အဘွားဖြူကိုပင် ဖြစ်သည်။ ခါတိုင်း ကျွန်တော် အဘွားဖြူကို လိုက်ပို့စဉ်က ဝန်ထုပ်ဝန်ပိုးမပါခဲ့ပါ။ အလည်အပတ် ဆိုသဘို့ သူ့အမျိုးတွေဆီ သွားတာမျိုးလောက်သာ ဖြစ်သည်။ အခု ဘစ်ခေါက်မှာမူ ဆန်နှစ်တင်း ပါလာသဖြင့် ဘာလုပ်မည်မှန်း မသိရသေးပါ။ သို့နှင့် အဘွားဖြူအား လှည့်မေးရသည်။

"နေပါဦး အဘွားရ၊ ကျွန်တော်က သက္ကလ ဘယ်ကိုမောင်းပို့ရမှာလဲ"

"အေး....ဟုတ်သားပဲ၊ ငါကမှ မင်းကို မပြော ပြရသေးတာကိုး၊ သက္ကလ ဘုန်းကြီးကျောင်းကို မောင်းပို့ရမှာ"

"ဆန် သွားလှူမလို့လား"

"အေး....ဟုတ်ဘယ်ဟဲ့၊ ဒါပေမယ့် သက္ကလ ကျောင်းကိုလှူမှာမဟုတ်ဘူး၊ မင်းကွန်းကိုလှူမှာ"

"ဗျာ....အဘွား၊ ဘယ်လိုရယ်"

ကျွန်ဘော် နားမလည်သဖြင့် မေးရခြင်း ဖြစ်ပါသည်။ အဘွားဖြူပြောသည့် 'မင်းကွန်း' ဆိုသည်ကို ကျွန်ဘော်နားမရှင်းပါ။

"ဖိုးခင်ရယ်၊ နင်မှ မသိသေးပဲကိုး....

"ဒါက ဒီလိုကွယ့်....

"တန်ဆောင်မုန်းလကွယ် ဥပုသ်နေ့ တုန်းက ပေါ့၊ တို့သီလယူပြီးတော့ တို့ကျောင်းထိုင် ကိုယ်တော်က အဓိန့်ရှိတယ်၊ ဒီတစေ့ပါင်းလမှာ တို့ကွင်းက မင်းကွန်းဆရာကြီးကို ဆန်လှူကြမယ်တဲ့၊ မင်းကွန်းဆရာတော်ကြီးကျောင်းက သံဃာတော်တွေအတွက်တဲ့၊ တို့လှူတဲ့ဆန်တွေကို ဟိုအထိ ယူသွားမယ်တဲ့....

"နောက်ပြီး လှူဘဲ့နေ့မှာလဲ မင်းကွန်းဆရာကြီးကိုယ်တော်တိုင် ရောဂါခံမယ်၊ တရားဟောမယ်တဲ့၊ ဒီမှာတင်ပဲ တို့ကွင်းဘက်က ကျောင်းထိုင်ကိုယ်တော်တွေက မင်းကွန်းဆရာကြီး ကြွတုန်း စုပေါင်းကန်တော့ကြဦးမတဲ့....

"အဲဒါ ကြုံတောင့်ကြုံခဲမို့ ဝတ္ထုငွေပဲဖြစ်ဖြစ်၊ ဆွမ်းဆန်ပဲဖြစ်ဖြစ် လှူချင်တဲ့လူရှိရင် လှူနိုင်တယ်လို့ အမိန့်ရှိလိုက်တယ်....

"ဒီတုန်းက အရှေ့ပိုင်းက ဒေါပုကြီးတို့၊ ဦးကုလားတို့က ဆန်ရော ဝတ္ထုငွေရော သွားလှူကြမယ်လို့လျှောက်တင်ကြတယ်၊ ရွာလယ်ပိုင်းက ဒေါကြာပွင့်တို့ကမျှား ဆန်သုံးတင်းနဲ့ငွေတစ်ရာတောင် လှူမယ်လို့ ကတိပေးကြတယ်၊ သူတို့ကတော့ ပြေလဲပြေလည်တယ်မဟုတ်လား၊ လှူနိုင်ကြမှာပေါ့....

"ဒါနဲ့ တိုတိုပဲပြောရတော့မယ်၊ အဘွားလဲ သိပ်လှူချင်လာတယ်၊ ကိုယ့်မှာ လှူဖို့နေနေသာသာ စားဖို့တောင် သူပေး လူပေးမဟုတဲ့လား၊ အသာလေးငြိမ်နေရတယ်၊ စိတ်ထဲကတော့ သိပ်ကိုလှူချင်နေတာ၊ နောက်ပြီး မင်းကွန်းဆရာကြီးကို ဖူးကလဲသိပ်ဖူးချင်နေလိုက်တာဟယ်၊ဆရာကြီးရဲ့တရားသံကံသာ ဘုန်းကြီးက ဖွင့်ဖွင့်ပြနေလို့ နာဖူးနေတယ်၊ မင်းနှယ်.... အသံတေဇကြီးက အောင်ကအောင်နဲ့ ချိုအေးနေတာပဲ၊ ကြည်ညိုစရာကြီးသိလား....

"ဒီလိုနဲ့ ဆရာတော်ကြီးကို ဖူးချင်လှူချင်တဲ့ စိတ်တွေက ငါ့မှာသိပ်များနေတယ်၊ အိမ်ရောက်လို့လဲ မပြေဘူး၊ ဘယ်လိုလုပ်လှူရပါ့မလဲလို့သာ စိတ်ကူးနေမိတယ်၊ နောက်တော့အကြံတစ်ခုရလာတယ်"

"နို့.... အဘွားလှူချင်တာ ကျွန်တော့်ကို ဘာလို့မပြောတာလဲ"

သို့နှင့် ထိုနေရာသို့ ကျွန်တော်တို့ ခြေးအဘွား တစ်စု သွားကြသည်။ ဖြတ်ပိုင်း ရေးမှတ်သူက မေးသည်။

"အလှူရှင် အမည်ပြောပါ"

"ဒေါ်ဖြူပါ"

"ဆန့် ဘယ်လောက်လဲ ခင်ဗျ"

"နှစ်ဘင်းပါ"

"နေရပ်ကော"

"မုဒုရွာကပါ"

ဖြတ်ပိုင်း ရေးမှတ်သူသည် လိုအပ်သမျှမေး၍ ရေးမှတ် ပြီးသောအခါ ဖြတ်ပိုင်း တစ်ပိုင်းကို အဘွားဖြူအား တရို တသေ ပေးရှာသည်။ ခနာက် ကျွန်တော်တို့ကို သူတို့ရွာက မဟုတ်မှန်း သိသဖြင့် အနားက တာဝန်ခံ တစ်ယောက်က....

"မင်းကွန်း ဆရာတော်ဘုရားကြီး ဒီညနေမှာပဲ ပဲခူးကနေ ကားနဲ့ ကြွလာပါတော့မယ်၊ နက်ဖြန် နေ့တစ်နာရီမှာ ရေစက်ချတရားဟောပါ့မယ်၊တရားဟောပြီးရင်ကျွန်တော်တို့ဆီကကျောင်းထိုင် ဆရာတော်များက စုပေါင်း ကန်တော့ကြမယ်....

"ဒီတော့ အဘွားတို့လဲ လာဖြစ်အောင်လာခဲ့ပါ၊ အဘွားတို့ဆီက အလှူရှင်တွေလဲ စောစောရက်တွေက လာလှူသွားကြပါသေးတယ်၊ တရားနာလဲ ကျွန်တော်တို့ ဖိတ်လိုက်ပါတယ်"ဟု ရှင်းပြသည်။

"အေးအေး... အဘွားလဲ လာဖြစ်အောင်လာခဲ့မယ်"ဟု အဘွားဖြူက ပြောသည်။ နောက် တာဝန်ခံတစ်ယောက်က ပြောပြပြန်သည်။

"လာဖြစ်အောင်လာအဘွား၊ မင်းကွန်းဆရာတော်ဘုရားကြီးဆိုတာ ပဲဒူက သုံးပုံကို ပထမဦးဆုံး အလွတ်ရခဲ့တဲ့ ပုဂ္ဂိုလ်ထူးကြီးပါ၊ ဖူးရခဲပါတယ်၊ အခုဆိုရင် သက်ဘော်က (၃၅)နှစ်ပြည့်ပြီး (၃၆)နှစ်ထဲတောင် ရောက်နေပြီ၊ တစ်ချက်

ကျွန်တော်က အဘွားအတွက် စိတ်မကောင်းလွန်းလို့ ဝင်ပြောမိသည်။ အဘွား ခြေးမ နှစ် ယောက်ကလည်း....

"သမီးတို့ကို ဖွင့်ပြောရောပေါ့ အဘွားရယ်၊ သမီးတို့ အဝတ်အစား မဝယ်ပေါင်၊ အဘွား အတွက်ကူညီကြမှာပေါ့"ဟု ဆိုသည်။

"ဒီအကြောင်း နင်တို့ကို ပြောမလို့ပေါ့ဟဲ့၊ မင်းတို့ကိုပြောရင်ရမယ်ဆိုတာ အဘွား သိတာပေါ့၊ ဒါပေမယ့် ဒီနှစ်မှာ အဘွားလဲ နေထိုင်ကောင်းနေတယ်မဟုတ်လား၊ အချိန်ကလဲအစောကြီး ကျန်သေးတယ်၊ ကိုယ် တစ်သက်လုံးကလဲလယ်အလုပ်ကို ဓားမဦးချ လုပ်လာတာဆိုတော့ နိုင်နင်းနေပြီးသားပဲ ဥစ္စာ၊ ဒီတော့...."

"မင်းကွန်းဆတော်ကြီးအား ငါကောက်သင်းကောက်ပြီး ရသလောက်လှူမယ်လို့ အကြံရလာတယ်၊ ဒါနဲ့ပဲ ကောက်သင်း ထွက်ကောက်တယ် ဆိုပါတော့"

ယင်းသို့ စကားတပြောပြောနှင့် မောင်းလာရာ သက္ကလေဘုန်းကြီးကျောင်းနားသို့ ရောက်လာသည်။ သို့နှင့် ကျောင်းဝင်းအတွင်းသို့မောင်းဝင်လိုက်သည်။

နေရာလွတ်တစ်ခုတွင် လှည်းရပ်ပြီး နွားဖြုတ်ကာ အဘွားဖြူကို လှည်းပေါ်က တွဲချပေးလိုက်ပြီးနောက် ကျွန်တော်ကဆန်တစ်အိတ်၊ ကောင်မလေး နှစ်ယောက်က ဆန်တစ်အိတ်ကို သယ်ပြီး မဏ္ဍပ်အတွင်းဆန်လှူရာဌာနသို့ဝင်လာခဲ့ကြသည်။

မဏ္ဍပ်အတွင်း၌မူ ဆန်အိတ်များက တပုံတပင်ကြီးရောက်နှင့်နေသည်။ ဆန်လှူသူများလည်း ရွှင်လို့ ထမ်းလို့ တဖြောက်ဖြောက် လာလှူနေကြသည်။

ကျွန်တော်တို့ဆန်ကို တာဝန်ရှိသူများက လှယ်ပြီး သေဘာအခါ ဖြတ်ပိုင်းခပေးမည့် နေရာသို့သွားရန် ညွှန်ပြပေးကြသည်။

ကလေးမှ အနာ မယူနိုင်ရှာသေးဘူး၊ ဘုရား သာသနာအတွက် လုံးပန်းနေလိုက်တာဗျာ၊ သူ့ ဂုဏ် သူ့ဩဇာတွေနဲ့ဆို သူ့ကျောင်းမှာ အမြိန်သား အေးအေးနေနိုင်တယ်လေ၊ အခုတော့ ကျွန်တော် သိရသလောက်ဆိုရင် ဆရာတော် တစ်သက်မှာ အများအကျိုး၊ သာသနာတော် အကျိုးတွေကို တရစပ် သယ်ပိုးနေလိုက်တာ''

ဆန်လျှူပြီး ဖြတ်ပိုင်းလာဖြဘ်သူ အလှူရှင်များလည်း တစ်စတစ်စ များလာသည်။ နောက် ပြန် မထွက်သေးဘဲ ကျွန်တော်နှင့်အတူဝိုင်းနားထောင် နေကြသည်။ ထို ပဂိုလ်က ဆက်ပြောပြန်သည်။

''အဲဘွားတို့ဘော့ ကြားပြီးပြီလား မသိဘူး၊ မင်းကွန်းဆရာတော်ဘုရားကြီးဦးဆောင်ပြီး နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးတွေ၊ အဘွား နားလည်အောင်ဆိုရင် ဘုန်းကြီး တက္ကသိုလ်ကြီးတွေပေါ့၊ ရန်ကုန်နဲ့ မန္တလေး မြို့ကြီးတွေမှာ တည်ဆောက်နေတယ်၊ ဒီဘက္ကသိုလ်ကြီးဟွေ ဆောက်ရာမှာ ကျွန်တော်တို့ အဘွားတို့လို တော်သူ တောင်သားတွေလဲ လှူနိုင်အောင်ဆိုပြီး ဆရာတော်ကြီးက စီစဉ်ပေးတယ်၊ တတ်နိုင် သလောက် ပါဝင် ထည့်ဝင်ခြင်းဖြင့် ကျောင်းဒကာ၊ ကျောင်းအမ ဖြစ်နိုင်အောင်ဟဲ့....

''လှူဘဲ့အခါမှာလဲ ကိုယ် တတ်နိုင်သလောက် ပါပဲ၊ တစ်ကျပ်တတ်နိုင်တတ်နိုင်၊ တစ်ဆယ်တစ်ရာ တတ်နိုင်တတ်နိုင်ပေါ့၊ တတ်နိုင်သလောက်လှူဒါန်း နိုင်တယ်တဲ့၊ ဆရာတော် အနေနဲ့က တစ်နိုင်ငံလုံး တက္ကသိုလ် ကျောင်းဒကာ ဖြစ်စေချင်တယ်လေ....

''ဒီးတော့ တက္ကသိုလ်ကြီး ဆောက်ဖို့ ငွေတစ်ကျပ် ထည့်ဝင်ခဲ့ပါတယ်ဆိုပြီး ကျွန်တော်တို့မှာ သွေးလန့်စရာမလိုတော့ဘူး၊ တစ်နိုင်ငံလုံးက ငွေတစ်ကျပ် တစ်ပြားတွေနဲ့ စုပေါင်းပြီး ဆောက်နေတယ်ဆိုတော့ ဇတ်ကြည့်ရင် အားတက်စရာ ဂုဏ်ယူ စရာကြီးပါ၊ ငွေ တစ်ကျပ်တည်းနဲ့ အမြတ် မင်ဖိုလ်ရတဲ့ကိန်းပေါ့ အဘွားရဲ့...

''အခုဆို ကျွန်တော်တို့ ပဲခူးတိုင်းက တာဝန်ယူ လှူဒါန်းရမယ့် သုံးထပ် ကျောင်းဆောင်ကြီး အတွက် သက်ဆိုင်ရာတွေက အလှူငွေ ကောက်ခံ နေပြီလေ....

''ကျွန်တော်တို့လို မရှိဆင်းရဲတဲ့လူတွေအတွက် ရောမ အလှူကြီးလှူနိုင်အောင် စီမံပေးတဲ့ မင်းကွန်း ဆရာတော်ကြီးရဲ့ စေတနာ၊ မေတ္တာ၊ ကရုဏာ တွေဟာ အလွန်ကြီးမားလှပါဘယ် အဘွားရယ်''

ကျွန်တော်တို့သည် ဟောပြောချက်များကိုဆက် လက်နားထောင်လိုသေးသော်လည်း အပြန်နေပူ မည် စိုးသဖြင့် တာဝန်ခံပဂိုလ်ကြီးထံ ပြန်ခွင့်ပြု ရန် နှုတ်ဆက်၍ မဏ္ဍပ်က ထွက်လာကြသည်။ အဘွားဖြူအား လှည်းပေါ်တွဲတင်ပေးပြီး နွားတပ်ကာ လှည်းကို မောင်းထွက် လာခဲ့သည်။ ကောင်မလေး နှစ်ယောက်က သက္ကလေးထဲမှာ စေ့းဝင်ဝယ်ကြဦးမှာမို့ မလိုက်တော့ဘဲ ချန်နေခဲ့ ကြသည်။ သူတို့မှာ စေ့းဝယ်ပြီးနောက် ကုန်းကြောင်းပြန်လာကြမည်။ အပြန် ခရီးတွင်မူ ကျွန်တော်နှင့်အဘွားဖြူသာ။

(၆)

အပြန်ခရီးတွင် နွားများကလည်း ခြေသွက်ကြသည်။ ဟဲ့ဆိုသည်နှင့် တစ်ချီးတည်းရှန်းကြတော့သည်။ သို့သော် သက္ကလ ရွာကြီးမှ အထွက်သည် လှည်းမောင်းရခက်သည်။

ရွာတွင်းသို့ မောင်းဝင်လာသောလှည်းများ၊ ကားများက ရှုပ်ထွေးနေသည်။ ရေနှိမ့်ပိုင်းတွင် တည်ရှိသော ရွာကြီးမို့ ရွာအတွင်း၌ ထိုးထားသော တံတားများကလည်း ရှုပ်လှသည်။ ထို့ကြောင့် တံတားများနှင့် မငြိရန် အဝင်ကား၊

လှည်းများနှင့် မတိုက်မိရန်သတိထား၍မောင်းနှင်ရသည်။

ကျွန်တော် လှည်းသည်တဖြည်းဖြည်းနှင့် ဘေးရန်ကင်းစွာ ရွာပြင်သို့ ရောက်လာသည်။ ရွာပြင်ရောက်၍ လမ်းရှင်းသည်နှင့် လှည်းကိုရွာဘက်သို့ ဦးတည်ပြီးလွှတ်လိုက်သည်။ နွားများလည်း ကြိုးတောင့်ခြင်း မခံရတော့သဖြင့် ခြေကုန်သုတ်တော့သည်။ အခုမှပင် ငြိမ်ချက်သား ကောင်းလှသော အဘွားဖြူအား လှည့်ကြည့်မိသည်။

"ဟင်....အဘွားဖြူ ငိုနေလား"

အဘွားဖြူမျက်နှာတွင် မျက်ရည်များ ရွဲရွဲစိုနေသည်။ မျက်ရည်ကြည်ကလေးများသည် တွန့်တွဲချိုင့် ဟောက် နေ သော ပါး ရေ တွန့် များတစ်လျှောက် ဘစ်လုံးချင်း လိမ့်ဆင်းနေသည်။ လက်ထဲတွင်မူ အလှူခံဖြတ်ပိုင်းလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်ကို တွေ့ရသည်။

ကျွန်တော် မေးမိခါမှ အဘွားဖြူမှာ တဟင့်ဟင့်နှင့် ရှိုက်ကြီးတငင် ငိုနေပြန်သည်။

"ဘယ်လိုဖြစ်လို့တုံး အဘွား"

"ဘယ်လိုမှ မဖြစ်ပါဘူး သားရယ်၊ အဘွား ဝမ်းသာလွန်းလို့ပါ"

"ဟာ.... အဘွားကလဲ ဝမ်းသာတာများ ငို စရာကျနေတာပဲ"

"ငိုစရာရယ်လို့တော့ ဘယ်ဟုတ်မလဲ ကွယ်.... အဘွားအနေနဲ့ ကြိုးကြိုးစားစားကြီးလုပ်၍ လှူရတဲ့အလှူမို့ တွေးတွေးပြီး ဝမ်းသာလွန်းလို့ပါ။

"နောက်ပြီးတော့လဲ"

အဘွားဖြူက စကားကို မဆက်သေးဘဲ ရှိုက်ငိုနေပြန်သည်။

"နောက် ဘာဖြစ်လို့လဲ အဘွား"

"ဩော်....မင်းတို့ အဘိုးကို သွားသတိရလို့ပါ၊ ကိုဘိုးကြွယ်တို့များ အသေ စောလိုက်တာသားရယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီမင်းကွန်းဆတော်ကြီးဆိုတာ တခြား မဟုတ်ဘူး၊ ကိုဘိုးကြွယ် သိပ်ကြည်ညိုပြီး ကိုယ်တိုင် ကိုယ်ကျ မြင်မသွားရတဲ့ ကိုယ်တော်ကြီးကွယ့်"

ကျွန်တော် မှာ အဘွားပြောသည်ကို နားမလည်နိုင်သဖြင့်....

"ဘယ်လို....ဘယ်လို အဘွား၊ အဘိုးက မင်းကွန်း ဆတော်ကြီးကို သိလို့ပေး"ဟု မေးရသည်။

"ကိုယ်တိုင် ကိုယ်ကျဘော့ ဘယ်ဟုတ်မလဲ.... မင်းအဘိုးမသေခင်ကပေါ့၊ ရန်ကုန်မှာသင်္ဘောနာဆိုလား၊ သာသနာ တစ်ဝက်ပွဲဆိုလားကွယ်လုပ်တယ်၊ အဘွားလဲ ကောင်းကောင်းမမှတ်မိတော့ဘူး၊ ဒီတုန်းက မင်းအဘိုးက အသက် ငါးဆယ်အရွယ်လောက်ကွယ့်၊ အဲ....အဲဒီ ပွဲတော်ကြီးမှာ ဘုန်းကြီးနှစ်ပါးရဲ့ တရားသံဘွေကို ရေဒီယိုကလွှင့်တယ်၊ ကိုယ်တော်တစ်ပါးအသံက ကောင်းလိုက်ဘာ ကြည်ညိုစရာကြီးသိလား၊ အဲဒီ ကိုယ်



တော်က ပိဋ္ဌက သုံးပုံလုံးကိုလဲ သူတစ်ပါးတည်း အောင်သတဲ့၊ အလွတ်ရသတဲ့....

''တိုတိုပြောပါစို့ကွယ်၊ တို့ကျောင်းက အရင် ပုံ့လွန်ဘော်မူသွားတဲ့ ဘုန်းကြီးက ရှင်းရှင်းပြလို့ ကိုဘိုးကြွယ်ဘို့ အဲဒီကိုယ်ဒေါသအကြောင်း သိနေကြတယဲ့ ညညဆိုရင် အဘွားတို့အိမ်မှာ မင်းအဘိုးတို့လူကြီးတွေ ဒီ ကိုယ်တော်ကို ချီးမွမ်းပြီး ကြည်ညိုနေကြတာကွယ်....

''အဲဒေ့ မင်းအဘိုးတို့ ဟိုး အရင်က ပြောပြောနေတဲ့ ကိုယ်တော်မှန်း အခု ငါအသက် ရှစ်ဆယ်ပြည့်ခါနီးမှ ဟို တာဝန်ကြီး ပြောလို့ သိလိုက်ရတယ်၊ မင်း အဘိုးများ ရှိရင်လား...''

အဘွားသည် ပြောရင်း ဆိုရင်း အသံတိမ်ဝင်သွားသည်။ စကားကိုမဆက်နိုင်သေးဘဲ စီးကျလာသည့်မျက်ရည်ကို သုတ်လိုက်သည်။ နောက် ဆက်ပြန်သည်။

''ဒါပေမယ့် သားရယ်၊ ကိုဘိုးကြွယ်မဖူးလိုက် မရပေမယ့် အဘွား က သူ့ကိုယ်စားရေပေါ့၊ အခု ကံရှိလို့ ဖူးရတော့မယ်၊ စင်ကြယ်သန့်ရှင်းတဲ့အလှူလဲ လှူလိုက်ပြီ....

''ကိုဘိုးကြွယ်ရေ အမျှ အမျှတော့၊ တော်ကြည်ညိုလွန်းတဲ့ မင်းကွန်းဆတော်ကြီးကို လှူရဖူးရပြီတော့၊ ကျုပ်တို့လဲငွေတစ်ကျပ်တစ်ပြားလှူရုံနဲ့ ဘုန်းကြီးတက္ကသိုလ်ရဲ့ ဒကာတွေဖြစ်ရပြီ၊ တော်ရောက် ရာဘုံကနေ သာမုဒေါပါတော့ ကိုဘိုးကြွယ်ရေ၊ဟီး... ဟီး....''

''တိတ်ပါ အဘွားရယ်၊ ဘာဖြစ်လဲ ကျွန်တော်တို့ရှိသားပဲ၊ အဘွားပိုလှူချင်ရင် ကျွန်တော် ကူညီပါ့မယ်''

''လှူတာတော့ တော်ပြီကွယ့်၊ နက်ဖြန်သာ တရားနာ ပို့ပေးနော် သား''

''ဟာ....ပို့ပေးပြီကော အဘွားရယ်၊ ပို့ရုံသက်သက်တင် ဘယ်ကမလဲ၊ ကျွန်တော်တို့ကလဲ မင်းကွန်းသံဃာအတွက် ဆန်လဲလှူမယ်၊ မင်းကွန်းဆတော်ကြီးကိုလဲဖူးရဦးမယ်လေ၊ နောက်ပြီး....''

"အေး အေး....လူသာလူကွယ်၊ အတွားလေ အတတ်နိုင်ဆုံး အလှူငွေပါဝင်မယ်လေ"

သို့ဖြင့် စကား တပြောပြောနှင့် လှည်းမောင်း လာခဲ့ရာ ရွာခြေနားသို့ပင် ချဉ်းကပ်လာသည်။ ရွာတွင်းဝင်သည့်လှည်းလမ်းနှင့် ကျွန်တော်တို့ တဲ ဘက်ဆီသွားသော လှည်းလမ်းဆုံသည့် နေရာသို့ ရောက်သည့်အခါ နွားနှစ်ကောင်သည် တဲဘက် လမ်းခွဲသို့ အဘင်းရုန်းတော့သည်။ ထို့ကြောင့် ကြိမ်တုံးပြီးနွားကြိုးကိုဆွဲကာ ရွာဦးအဝင် ကုက္ကို ပင်ကြီးနှစ်ပင်ကြားသို့ မောင်းနှင် လိုက်ရသည်။

ကျွန်တော်တို့ ရွာထဲရောက်ချိန်တွင် နံနက်ခင်း နေရောင်ခြည်သည် ရင့်စပင် ပြုခဲ့ပြီ။ ကုက္ကို ပင်ယံထက်မှ ချိုးကွဲသံလွင်လွင်ကိုမူ ကြားနေရဆဲ ဖြစ်သည်။ ။

ထွန်းလွင်

"နောက်ပြီး ဘာဖြစ်လဲကွယ့်"

ကျွန်တော်က ရုတ်တရက် စကားမဆက်နိုင် သေး။ ရှေ့တူရှုဆီက မောင်းလာသော စပါး လှည်းကြီးအတွက် လှည်းရှောင်မောင်းနေရသည်။

"ဟို ဘုန်းကြီးတက္ကသိုလ်ဆိုတာလေ အတွား ရဲ့...."

"အေး....ဟုတ်တယ်ဟဲ့၊ ဟုတ်တယ်ဟဲ့၊ဟန်ကျ လိုက်တာ၊ တစ်ကျပ်တစ်ပြားလှူနိုင်ရုံနဲ့ တက္ကသိုလ် ကျောင်းဒကာ ဖြစ်ရတာ၊ ငါဖြင့် ဝမ်းသာလို့ ချည့်နေတာပဲ"

"ဒါပေါ့ အတွားရဲ့၊ ကျွန်တော်တို့ ကံရှိလို့ လှူခွင့်ရတာ၊ တက္ကသိုလ်ဆိုတာ နေဖို့ နေနေသာ သာ ကျွန်ဘော်တို့မှာ မြင်တောင် မမြင်ဖူးသေး ဘူး၊ ကျွန်တော်တော့ တစ်ကျပ်မကပါဘူး အလှူ ငွေထည့်မယ်လေ"



*ကပိလဝတ် နေပြည်တော်သို့ ဘုရားရှင် ကိုယ်တော်မြတ် အဦးဆုံး ကြွလာတော်မူပြီးစ သာသာ ဖြစ်သည်။ ပွင့်ထွန်းတောက်ကြွားသော ဘုရားရှင် ကိုယ်တော် မြတ်သည် စိမ်းစိုရွှန်းမြသော အနုပဿ သရက်ပင်ပျို ဥယျာဉ် တောအုပ်ကြီး၌ သီတင်းသုံးတော် မူခိုက် ဖြစ်၏။

ဘဒ္ဒိယမင်း၊ အနုရုဒ္ဓါ၊ အာနန္ဒာ၊ ဘဂု၊ ကိမိလ၊ ဒေဝဒတ်ဟူသော သာကီဝင်မင်းသား(၆)ယောက်တို့နှင့် အတူ ဥပါလိသည် သာသနာ့ဘောင်သို့ ဝင်လာခဲ့၏။ ဥပါလိသည် ရဟန်းဖြစ်ပြီးနောက် ဘုရားထံမှောက်တွင် ဤသို့ လျှောက်တော့သည်။

* *"မြတ်စွာဘုရား.... တပည့်တော်အား ကမ္မဋ္ဌာန်း ပေးတော်မူပါ၊ ဆိတ်ငြိမ်ရာ တောသို့ သွား၍ တစ်ပါးတည်းနေပါအံ့၊ ခွင့်ပြုတော်မူပါဘုရား"

ထိုအခါဘုရားရှင်ကိုယ်တော်မြတ်က နှောင်ရေးကို ထောက်ထားပြီး ဤသို့ မိန့်တော်မူ၏။

"ရဟန်း.... ငါဘုရားနှင့် ခွဲ၍ တောထဲမှာ တစ်ပါးတည်း နေလျှင် ဝိပဿနာ ဓူရ တစ်ခုမျှသာ ပြည့်စုံမည်၊ ငါဘုရား အနားမှာ နေလျှင် တော့ဝိပဿနာဓူရ, ဂန္ထဓူရနှစ်ဝလုံး ပြည့်စုံနိုင်လိမ့်မည်"

---

* ဝိ၊ ၄၊ ပါ၊ ဆ-၃၃၆။

* * အပဒါန်၌၊ ပ၊ ဆ-၃၀၉။

ဤနေရာတွင် ဘုရားရှင်၏ အလို ဆန္ဒတော်ကို ခန့်မှန်းနိုင်ပါပြီ။ သာသနာ တွင်း သို့ ရောက် လာ သော ပုဂ္ဂိုလ် တို့ အား အ စွမ်း သ တို့ အလျောက် ဓူရတစ်ပါး်ကို ဖြစ်စေ၊ ဓူရ နှစ်ပါး်လုံး်ကိုဖြစ်စေ ဆောင်စေ တော် မူလို၏။အကြောင်းမှာ-သာသနာတော်ကြီး အရှည်ခံ၍တည်တံ့စေတော် မူလိုသောကြောင့် ဖြစ်ပေသည်။

ကန်ရိမ္ဗရေတင်၊ ခေ့ငှ်ဉ်ကြးဒွင်

ထို့ ကြောင့်လည်း ဘုရား ရှင် ကိုယ်တော်မြတ်ကြီးလက်ထက်တော် ရမည့် လမ်းကို အရေး စာယူ (မူ) ချ လျက်ပေးနေပြီ မဟုတ်ပါလား။

ထိုစကား တော်အတိုင်း လိုက်နာ နေထိုင်ရာ မကြာမီ အာသဝေါကုန် ခန်း၍ရဟန္တာဖြစ်တော့၏။ ပိဋကတ် ကိုလည်း ဘုရားရှင် ကိုယ်တော်တိုင် သင်ပြပေး သဖြင့် ဝိနည်း အရာ၌ ခေါင်ထိပ်သို့ ရောက်ရလေတော့ သည်။ ထို့ကြောင့် ဝိနည်းအရာ၌ တဒဂ်ဘွဲ့ထူးဖြင့် ချီး ကျူး ခြင်း ခံရ၏။

ဥပါလိ ရဟန်းသည် ရွှင်လန်း အား တက် သွား တော့၏။ နှလုံး အိမ် ပီတိလွှမ်း၍ ဝမ်း သာ သွား ရတော့ သည်။ ဝမ်းမသာဘဲ နေနိုင်မည် လော။

ဘုရားရှင် ကိုယ်တော်မြတ်ကပင် မိမိဘဝအတွက် ခြေချ၍ လျှောက်



တုန်းက စွမ်းနိုင်သော ရဟန်းတော်တို့သည် နိကာယ်ကြီးတစ်ခုကို ဖြစ်စေ၊ (၂)ခု (၃)ခု (၄)ခုကိုဖြစ်စေ၊ (၅)ခုစလုံးကိုဖြစ်စေ ဆောင်ထားတော် မူကြ၏။

မိမိတို့ သန်ရာ သန်ရာ အချို့က သုတ္တန်ဘက်၊ အချို့က ဝိနည်းဘက်၊ အချို့က အဘိဓမ္မာဘက်ကို ဆောင်ရွက်တော် မူခဲ့ကြ၏။ ဤသို့ ဆောင်ရွက်တော် မူ ကြ သည် ကို ''ပရိယတ် သာသနာ့ တာဝန်ထမ်းသည်''ဟုဆိုရ၏။''ဂန္ထဓူရ တာဝန်ကို ယူသည်''ဟုလည်း ဆိုနိုင်သည်။

ဤသို့ ဆောင်ရွက်တော် မူကြသည်ကို အဋ္ဌကထာ ဆရာ အရှင်မြတ်တို့က ဤသို့ ဥပမာပေးတော် မူကြ၏။

၁။ ပရိယတ်အလုပ်သည် ကန်ပေါင် ဆည်ဖို့ ခြင်းနှင့်တူ၏။

၂။ ကျင့်ကြံအားထုတ်မှုပဋိပတ်သည် ထိုကန် အတွင်းမှ ရေတွေ့နှင့် တူ၏။

၃။ တရားထူး သိမြင်မှု ပဋိဝေဓသည် ထိုရေတွင်းမှ ဖူးပွင့်သော ကြာဖူးကြာပွင့်တို့နှင့် တူသည်ဟူ၍။

ရေနှင့် ကြာဖူး ကြာပွင့်တို့သည် စားသောက်သုံးစွဲဖို့ရာ အဓိက ဖြစ်သော်လည်း ရေကန်ဆည်ဖို့ ထားမှု မရှိလျှင် ထိုအရာတို့သည် လုံးဝ ခပ်သိမ်း ဖြစ်ပေါ်မလာနိုင်ကြချေ။ ထို့အတူပင် သာသနာ တော်၌ ပဋိပတ်-ပဋိဝေဓတို့သည် အဓိက ဖြစ်သည်ဟု ဆိုရသော်လည်း ပရိယတ် မတည်ရှိခဲ့ပါလျှင် ထို အရာခပ်သိမ်းတို့ ပေါ်ပေါက်ခွင့် မရဘဲ ပျောက်ကွယ်ရချေတော့မည်။

ထို့ကြောင့်ပင် ဘုရား ရှင်ကိုယ်တော်မြတ်က ပရိယတ်ဆောင်မှု ဟူသော ဂန္ထဓူရကို ဦးစွန်ပြုအား ပေးတော် မူခဲ့ခြင်း ဖြစ်ပေသည်။

ထိပ်ခေါင်တောင်ကြီးများ တာဝန်ကျေခဲ့ကြ

ဤသဘော အတိုင်းပင် ပထမ သင်္ဂါယနာ အပြီးတွင် ထိပ်ခေါင်တောင် အရှင်မဟာကဿပ မထေရ်ကြီးက ဤသို့ ဝေပုံချ၍ မိန့်ဟ ညွှန်ကြားတော်မူခဲ့၏။

''ဝိနည်း ပိဋကတ်တို့ကို အရှင် ဥပါလိ၏ တပည့် အဆက်ဆက်တို့က ဆက်လက် ဆောင်ရွက် ကြပါ။

''သုတ္တန်ပိဋကတ် တို့ကို အရှင် အာနန္ဒာ၏ တပည့်အဆက်ဆက်တို့က ဆက်လက် ဆောင်ရွက်ကြပါ။ အဘိဓမ္မာပိဋကတ်တို့ကို (အဘိဓမ္မာဘက်တွင် ဝင််ဝင််ကွဲ ပိုင်နိုင်ကြသော)အရှင်သာရိပုတ္တရာ၏ တပည့် အဆက်ဆက်တို့က ဆက်လက် ဆောင်ရွက်တော် မူကြပါ''ဟူ၍။

ဤနည်းအားဖြင့် အဆက်ဆက် တာဝန်ကျေကျေ ဆောင်ရွက်တော် မူလာခဲ့ကြ၍သာ ယခုအခါ တိုင်အောင် သာသနာတော်ကြီး သုံးရပ် မတ်မတ်ခန့်ထည် မပျောက်ကွယ်ဘဲ တည်ရှိလာခဲ့နိုင်ခြင်း ဖြစ်ပေသည်။

ထိုတွင်လည်း ထေရဝါဒ ဗုဒ္ဓဘာသာ နိုင်ငံများရှိကြရာ၌ ပရိယတ်ကို အခြေခံသော မြန်မာနိုင်ငံက သာ၍ ကြွံကြဲ ခိုင်ခံ့သည်ကို မျက်မြင်ဒိဋ္ဌ တွေ့ရှိ နိုင်ကြပါ၏။ သာဓကမှာ ပဉ္စမ သင်္ဂါယနာနှင့် ဆဋ္ဌ သင်္ဂါယနာ ၂-ကြိမ်တိုင်တိုင် တင်ခွင့်ရသည်က သက်သေခံလျက် ရှိပါသည်။

ဆဋ္ဌသင်္ဂါယနာ ခေါင်းဆောင်ကြီး၏ တာဝန်သိမှု

ယခုအခါတွင်လည်း ဤတာဝန်တို့ကိုဆက်လက်ထမ်းဆောင်နိုင်ဖို့ရာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘုရာကြီး အရှင်ဝိစိတ္တသာရာဘိဝံသက မင်းကွန်း တောင်ရိုးမိုးမိတ် ကုန်းမြေတွင် (မူ) ချ၍ ဥဒ္ဒါန်းကြီးတစ်ခု ဖွင့်လှစ် ဆောင်ရွက်ခဲ့လေပြီ။

စွမ်းဆောင်မှု လုပ်ငန်းများနှင့် အောင်မြင်မှု အရပ်ရပ်တို့ကိုလည်း

သို့ဖြစ်၍ စွမ်းနိုင်သော အမျိုးကောင်းသား မြန်မာရဟန်းတော်များတို့သည် အားပါးတရ သင်ယူကြ၍ သာသနာ့ တာဝန်ကြီးများကို အပြည့်အဝ ထမ်းဆောင် နိုင်ခွင့်ရကြ ပေတော့မည်။

ထို့ကြောင့် မြန်မာပြည် ရဟန်းတော် များကား အလွန့်အလွန် ကံကောင်းကြလေစွ....။ ။

အရှင်ဃောသိတ
(တဘဝ သာသနာ)
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
သံဃတက္ကသိုလ် ကျောင်းတိုက်
ရေကူး၊ ဘူတာရုံလမ်း
ကမ္ဘာအေး၊ ရန်ကုန်မြို့။
ရက်စွဲ။ ၁၈-၁၁-၅၅

ပထမ (၃)နှစ်ခရီး စာစောင်တွင် ဖော်ပြခဲ့၍ ယခု ဒုတိယ(၃)နှစ်ခရီး စာစောင်တွင်လည်း တွေ့မြင် ဖတ်ရှုကြည်ညိုကြရမည် ဖြစ်ပါသည်။

ထိုမျှမက— အဂ္ဂမဟာ ပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အကျိုးတော်ဆောင်၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တသာရာဘိဝံသ ဦးဆောင်၍ နိုင်ငံတော် တဝန်းလုံးရှိ သံဃာတော်များ အတွက် "နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ" ဖွင့်လှစ်ရန်လည်း စီမံနေကြလေပြီ။

မကြာမီ အချိန်အတွင်း ပညာစုံသင်ကြားပေးသော (တချိန်တုန်းက အိန္ဒိယမှ နာလန္ဒာတက္ကသိုလ်ကြီးကဲ့သို့)တက္ကသိုလ်ကြီးများ၊ မန္တလေးမြို့ကြီး၌ တစ်ခု၊ ရန်ကုန်မြို့ကြီး၌ တစ်ခု ပေါ်ပေါက်လာတော့မည်။

ရှေးရှေးသော သင်္ဃနာယကတို့ ထိပ်ခေါင်တင် ခေါင်းဆောင် မထေရ်ကြီးများက တဝန်ထိထိ ဖြင့် စီစဉ် ဆောင်ရွက်ခဲ့ကြ သလို ယခုခေတ်ဆဋ္ဌသင်္ဃနာ၏ ခေါင်းဆောင်ကြီး တစ်ပါး ဖြစ်သော ဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တသာရာဘိဝံသ ကလည်း တဝန်ထိ၍ တဝန်ရှိရှိဖြင့် ဆောက်ရွက်တော် မူနေချေပြီ။

တရုတ်ဘုန်းတော် ဟွေဆင်၊ ဝှင်ယှင်၊ ဟုအင်ဆင်နှင့် အိဆင်ရှင်းလင်းချက်

ဤနိုင်ငံတော်ပရိယတ္တိတက္ကသိုလ်များကဤ၌ ပါဝင်သော ဆောင်းပါးတို့တွင် နာလန္ဒစသော ရှေးတက္ကသိုလ်ကြီးများ အကြောင်းကို ခရီးသွားမှတ်တမ်း ရေးသားကြသူ တရုတ်ဘုန်းတော်ကြီးတို့၏ ဘွဲ့အမည်ကိုမူရင်း တရုတ်ဘာသာအသံထွက်အတိုင်း ဖော်ပြကြရာ၌ စာရေးသူတစ်ဦးနှင့်တစ်ဦး မူမတူ ရှိနေခဲ့ပါသည်။ ထိုဆောင်းပါးတို့တွင် စာရေးသူတို့၏ မူအတိုင်းသာ ရှိစေခဲ့ပါသည်။

ဦးတင်ဟိန်း၏ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဆောင်းပါး (စာမျက်နှာ ၄၂-စသည်)၌ ဖော်ပြထားသော တရုတ်ရဟန်းတော် ဟွေဆင်၊ ကျော်လိုင်၏ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကို ကြိုဆိုပါသည် (စာမျက်နှာ ၃၃-စသည်)၌ တရုတ် ရဟန်းတော် ဝှင်ရှင် နှင့် စန္ဒာန (ဘားအံ)၏ ကမ္ဘာတစ်ဝန်း သာသနာရောင် လွှမ်းစေမည် ဆောင်းပါး (စာမျက်နှာ–၁၃၂)၌ တရုတ်ဘုန်းတော်ကြီး ဟုအီဆင် တစ်ပါးတည်းသာ ဖြစ်ပါသည်။ မူရင်း တရုတ်အသံထွက်နှင့် အနီးဆုံးရေးရလျှင် (ယွမ်ကျန့်)အင်္ဂလိပ်အက္ခရာ **Hsuan-tsang** ဖြစ်ပါသည်။

စန္ဒန(ဘားအံ)၏ ဆောင်းပါး စာမျက်နှာ (၁၁၂)၌ပင် တရုတ်ဘုန်းတော် အိဆင်သည်လည်း မူရင်း တရုတ်အသံထွက်နှင့်သော်ကား (ယီကျင့်) အင်္ဂလိပ်အက္ခရာ (**I-tsing**) ဖြစ်ပါသည်။

ထိုရဟန်းတော် နှစ်ပါးအပြင် ဖာဟီယန်ဟု အသိများ ထင်ရှားသော (ဖာ့ယှ့်-ယတ်န်) (**Fa-hsien**)အကြောင်းတို့ကို တရုတ် ဗုဒ္ဓသာဘာအဘိဓာန်ကျမ်း(ဒေါက်တာဆွတ်ဟီနှင့် ဒေါက်တာ အိုက်တဲ)တို့၏ ကျမ်းတို့မှတစ်ဘက်၌ ကူးယူ ဖော်ပြထားပါသည်။ ။

法顯 Fa-hsien, the famous pilgrim who with fellow-monks left Ch'ang-an A.D. 399 overland for India, finally reached it, remained alone for six years, and spent three years on the return journey, arriving by sea in 414. His 佛國記 *Records of the Buddhistic Kingdoms* were made, on his information, by Buddhabhadra, an Indian monk in China. His own chief translation is the 僧祇律, a work on monastic discipline.

玄奘 Hsüan-tsang, whose name is written variously e.g. Hsüan Chuang, Hiüen-tsang, Hiouen Tsang, Yüan Tsang, Yüan Chwang; the famous pilgrim to India, whose surname was 陳 Ch'ên and personal name 禕 Wei; a native of Honan, A.D. 600–664 (Giles). It is said that he entered a monastery at 13 years of age and in 618 with his elder brother, who had preceded him in becoming a monk, went to Ch'ang-an 長安, the capital, where in 622 he was fully ordained. Finding that China possessed only half of the Buddhist classics, he took his staff, bound his feet, and on foot braved the perils of the deserts and mountains of Central Asia. The date of his setting out is uncertain (629 or 627), but the year of his arrival in India is given as 633; after visiting and studying in many parts of India, he returned home, reaching the capital in 645, was received with honour and presented his collection of 657 works, "besides many images and pictures, and one hundred and fifty relics," to the Court. T'ai Tsung, the emperor, gave him the 弘福寺 Hung Fu monastery in which to work. He presented the manuscript of his famous 大唐西域記 *Record of Western Countries* in 646 and completed it as it now stands by 648. The emperor Kao Tsung called him to Court in 653 and gave him the 慈恩寺 T'zŭ En monastery in which to work, a monastery which ever after was associated with him; in 657 he removed him to the 玉華宮 Yü Hua Kung and made that palace a monastery. He translated seventy-five works in 1335 chüan. In India he received the titles of 摩訶耶那提婆 Mahāyánadeva and 木叉提婆 Mokṣadeva; he was also known as 三藏法師 Tripiṭaka teacher of Dharma. He died in 664, in his 65th year.

義淨 I-ching, A.D. 635–713, the famous monk who in 671 set out by the sea-route for India, where he remained for over twenty years, spending half this period in the Nālandā monastery. He returned to China in 695, was received with much honour, brought back some four hundred works, tr. with Śikṣānanda the Avataṁsaka-sūtra, later tr. many other works and left a valuable account of his travels and life in India, died aged 79.

ဝတိံသာလော နိမ္မာလော

အရှင်ကောဏ္ဍည

(တောင်ရှင်း)

စိမ်းလန်းစိုပြည် မိုးမိတ်မြေ

၁၃၁၉ ခုနှစ် ဗုဒ္ဓနေ့ ဗုဒ္ဓပွင့်ချိန် ပြီဿရာသီ ခါအညီဖြစ်သော ကဆုန်လမှာ သစ္စဝါဒီ ဦးကာကျမ်းပြု သာသနာ့မိခင်ကြီးဖြစ်သော သီလရှင် ဆရာကြီး ဒေါ်ဓမ္မစာရီနှင့် ရှင်သာမဏေငယ်များ၊ သီလရှင်ငယ်များနှင့်အတူ ဤစာရေးသူ အရှင်သည် စက်တော်ရာစေတီကို ရေသပ္ပာယ်ရန် ရေပုံးကခလေးတွေ ကိုယ်စီဆွဲ၍ သွားခဲ့ကြပါသည်။

ထိုသို့သွားရာ၌ တံမြက်စည်းပင်များကို ဖယ်ရှား ကျော်လွှား၍ ခဲခဲယဉ်းယဉ်း ဆင်းဆင်းရဲရဲ သွားကြရပေသည်။ အချို့နေရာ၌ နွယ်ယောင်ပင်ယောင် ဆူးကောက်ကောက်နှင့် ပေါင်ပဲ့ချုံများ၊ဆီးချုံများအကြား အငြိ အစူးအခြစ်ခံကာ ငုံ့လျှိုးတိုးဝင်၍ သွားကြရပေသည်။ သို့ဖြစ်စေကာမူ ငယ်ရွယ်သောအချိန်၊ အရှိန်ကောင်းသော သဒ္ဓါဓာတ်ကြောင့် ပင်ပန်းခွန်းနယ်ရမှန်း မသိခဲ့။

သစ္စဝါဒီဦးကာ ကျမ်းဖြို့ သာသနာ့မိခင်ကြီး ဒေါ်ဓမ္မစာရီ

မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ ရှုခင်း

စက်တော်ရာစေတီ ကိန်းအောင်းရာ အုတ် ပြာသာဒ်ကြီး၏ထိပ်တွင် အကိုင်းအခက် ဝေဝေ ဆာဆာနှင့် လုံးပတ် သေးထွာခန့်ရှိသော ရှော် ဖျူပင်ခေါ် ဆေးကုလားမပင်ကြီး ပေါက်နေ သည်။ ဤအရှင်တို့သည် ရှေးဦးစွာ စက်တော်ရာ ပေါ်၌ တင်ရှိနေသော လင်းနို့ချေးများကို သစ် ခက်တံမြက်စည်းဖြင့်ရှင်းလင်းသုတ်သင်ကြရသည်။ အနံ့အသက်များကို ယူဆောင်လာသောရေဖြင့် ဆေးကြောသုတ်သင်ကြရသည်။ပြီးမှ အနီးအနား ရှိ ခင်ပုပ်ပန်းပင်များ၊ တောင်တဇင်(တောင် သဇင်)ပန်းများကို ခူးယူ ပူဇော်ကြပြီး ပြန်လာ ခဲ့ရသည်။

ထိုစဉ်အခါက ညို့ညို့မှိုင်းမှိုင်း အုံ့ဆိုင်း ဝေဆာ သစ်ပင်ချုံနွယ် အသွယ်သွယ် အဆန်း ဆန်းတို့ဖြင့် စိမ်းလန်းစိုပြည်သော တောကြီးဝနာ မြိုင်ဟေမာကဲ့သို့ပင်။

နာမည်မတပ် ထိုအရပ်

ထိုစဉ်အခါက ဤနေရာ ဤဒေသကို မိုးမိတ် ဘုရား၊ မိုးမိတ်ကုန်းမြေဟု အခေါ်အဝေါ် မရှိ သေးချေ။

နောက် သုံးနှစ်အကြာ ၁၃၂၁ ခုနှစ်ကျမှ သမင်ခြံရွာ၊ ပတ်ဝဲရွာတို့မှ ရေတက်ချိန် အခါ နွားကျောင်းရန် လာကြသော (၃၀) ကျော် အဘိုးကြီးများက "သူတို့မိဘ ဘိုးဘွားများက ဒီချောင်းကို မိုးမိတ်ချောင်းလို့ ခေါ်တယ်၊ ဒီ ဘုရားကို မိုးမိတ်ဘုရားလို့ ခေါ်တယ်လို့ ပြောသံ ကြားဖူးကြောင်း"ဆရာတော်အား လျှောက်ထား ကြသဖြင့် မသဲမချာ မရေမရာနှင့်မိုးမိတ်ခချောင်း၊ မိုးမိတ်ဘုရားဟု သင်္ကေတ ပြုခဲ့သည်။

ထို့နောက်တဖန် အမရပူရမြို့မှ မိုးမိတ် မင်းသားကြီး၏ မြေးမြစ်တော်စပ်သည်ဟု အဆို ရှိသော အသက် (၇၀)ကျော် အဘွားကြီးအား မေးမြန်းသောအခါ သူတို့ ငယ်စဉ်တောင်ကျေး ကလေးဘဝက အဘိုးအဘွားများနှင့် ဒီဘုရား စေတီတော်တို့အား ဆွမ်းကပ်လိုက်ပါဖူးကြောင်း ပြောပြသဖြင့် ဟုတ်မှန်တိကျသော သဲလွန်စကို ရကြပေသည်။

ယင်းသဲလွန်စကို အခြေခံ၍ ရာဇဝင်နှင့် ဆက် စပ်ပြီး သုတေသန ပြုသောအခါမှ ထိုဘုရား၏ ဒါယကာသည် မိုးမိတ်မင်းသားကြီး လွတ်တက် မဟာဓမ္မရာဇာ မင်းရဲရွှေတောင်၊ဘုရားဒါယိကာ မမှာ ကြင်ရာတော် (ဟင်္သာမော်ထိပ်ခေါင်တင်) ဖြစ်ကြောင်း သမိုင်းကြောင်း အထောက်အထား တို့ဖြင့် ခိုင်ခိုင်မာမာ ဖော်ထုတ်နိုင်ခဲ့ပေသည်။

အတိတ်ကာလ၏ ရှာင်းတစ်ခု

ထိုအချိန် ၁၃၂၁ ခုနှစ်က အာဒိကမ္မိက တိပိဋကမရ ဓမ္မဘဏ္ဍာဂါရိက ကျေးဇူးတော်ရှင် ဆရာတော်ဘုရားသည် ဦးခေါင်းတစ်ခြမ်းထုံသွား သောရောဂါ စွဲကပ်နေသည်။

မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး၌ တာဝန် ကျနေသူ ဆရာဝန်ကြီး ဦးသာလှသည် ရှင်တော် ဘုရားလက်ထက်က သမားတော်ကြီး ဆရာဇီဝက ၏ အတ္ထုပ္ပတ္တိကို ရှုကြည့်၍ သတောပေါက်နေ သလား မပြောတတ်။ မင်းကွန်းဘက်ရှိ သူအိုရုံ၊ ဓမ္မနာဒတိုက် သံဃာတော်များနှင့်တကွ ဆရာ တော်ဘုရား၏ ကျန်းမာရေးကို ကုသ စောင့် ရှောက်သည်။ တစ်လလျှင် မန္တလေးမှ အစိုးရ သဘော်ဖြင့် နှစ်ခေါက် သုံးခေါက် လာရောက် စစ်ဆေးကုသလေ့ရှိသည်။

သာသနာ့မိခင် သီလရှင် ဆရာကြီးနှင့် ဝဏ္ဏ ကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှမိသား

စုတို့က သားအမိသဖွယ် ချစ်ခင်ကြည်ညိုကြသည်ကို တွေ့မြင်ရပေသည်။

တစ်နေ့သောအခါ ကျေးငှူးတော်ရှင် ဆရာတော်၊ သာသနာ့မိခင်ဆရာကြီး၊ ဆရာဝန်ကြီး ဦးသာလှ သုးဦးသား စပ်မိစပ်ရာ စကားပြောကြရာမှ စက်တော်ရာ ဘုရားအကြောင်း ရောက်သွားသည်။ စက်တော်ရာ ထုထွင်းပုံ လက်ရာမှာ ဘိုးတော်ဘုရားလက်ထက် လက်ရာဖြစ်သဖြင့် ပီပီပြင်ပြင်ရှိသည်။ ကျောက်သား ကျောက်ရေကလည်း ကြည်လင်သည်။ အလွန် ကြည်ညိုဖွယ်ရာကောင်းသည် စသည်ဖြင့် စကား ဦးတည် မိကြသည်။

ထိုအခါ ဆရာဝန်ကြီးက ၎င်းစက်တော်ရာကို ဖူးမြင်လိုကြောင်းလျှောက်ထားသဖြင့်ဆရာတော်၊ ဆရာဝန်ကြီး၊ စာရေးသူ၊ ဆရာကြီးဒေါ်မမစာရီ အားလုံး လှည်းများဖြင့် ဖူးမြော်ရန် သွားခဲ့ကြသည်။

ထိုစက်တော်ရာစေတီကို ဖူးမြော်၍ ပြန်အလာတွင် မြတ်တိုင်းကြီးပမာ ပေါင်ပဲ့၊ ဆူးရစ်၊ နဘဲ၊ တောင်သင်္ဘောင်၊ ဆေးကုလားမပင်တို့ဖြင့် ဝန်းရံကာ အပူဇော်ခံနေရသော မိုးမိတ် စေတီတော်ကြီးကို အမှတ်မဆင် မော်၍ ဖူးပြော်လိုက်သော ဆရာဝန်ကြီး၏ စိတ်ထဲ၌ 'သုံးလောကဆွတ်တင်သဗ္ဗညု ဘုရားရှင်သည် လွန်ကဲသော တန်ခိုးကြွင်္ဒပါဒ်တို့ဖြင့် ပြည့်စုံသော မာရ်နတ်မင်းရန်ကို နှိမ်နှင်း ဖျက်ဆီးနိုင်သော်ငြားလည်း နိဗ္ဗာန်ယူသိမ်း ငြိမ်းတော်မူငြား မြတ်ဘုရား၏ မာတ်တော်မွေသရီ ကိန်းအောင်းရာ စေတီတို့သည် အဝိညာဏက သက်မဲ့ဝတ္ထု ချုပ်တော်ပေါင်းတို့၏ မကောင်းသဖြင့်ပြု၍ နှိပ်စက်ဖျက်ဆီးခြင်းကိုခံနေရပါတကား' ဟု နှလုံးမသာ စိတ်ထဲ၌ ဖြစ်ပေါ်လာသလား မသိရ "ဆရာတော်ဘုရား၊ ဒီစေတီကြီးကို ပြုပြင်မွမ်းမံလိုက်လျှင် ကြည်ညိုဖွယ်ရာသပ်သပ်ပယ်ပယ် ဖြစ်သွားနိုင်ပါသည်ဘုရား" ဟု သဒ္ဓါပသန္န ဥဒါန်းစကား လျှောက်ထားသည်ကို ဤစာရေးသူကိုယ်တိုင် ကြားလိုက်ရပါသည်။

ဤအရှင်ကား နားထောင်ရင်းပင် ဝဏ္ဏကျော်ထင် ဆရာဝန်ကြီး ဦးသာလှ၏ 'အဟောင်းပြုပြင်ခြင်းအစ မိုးမိတ်စေတီက' ဟုသာ မနသိကာရ နှလုံးအိမ်၌ မှတ်တမ်း တင်မိပါတော့သတည်း။

သုဒတ္တ သုဘဒ္ဒါအဖွဲနှင့် မိုးမိတ်မြေ

'သာသနပုညဝန်ဆာ၊ပုညဝန်ဆာဝလဘိနော' ဟူသော ဒေသနာအရ ကုသိုလ်ရိယ စသည့် ခြောက်ဖြာ ဘုန်းသမ္ဘာနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးသည် ရှေးရှေးဘဝ သံသရာက ဘုန်းစက်ထူး၊ ပါရမီထူး ရှိကြသော ပုဂ္ဂိုလ်တို့သည်သာ ပစ္စယာနုဂ္ဂဟ၊ မမ္မာနုဂ္ဂဟ နှစ်ပါးဖြင့် ချီးမြှင့်ထောက်ပံ့ခြင်းကို ပြုနိုင်ကြပေသည်။

ကျမ်းဂန်စကားအရ မကြာမီမှာပင် ဝဏ္ဏကျော်ထင် ဆရာဝန်ကြီးဦးသာလှ၊ ဆရာကတော် ဒေါ်ခင်ညွန့်တို့သည် မြေမြတ် ကုန်းမြတ် မိုးမိတ်ရင်ပြင် တစ်နေရာတည်းမှာပင် မြတ်စွာဘုရားရှင်၏ ကိုယ်စား စေတီတော်မြတ်ကြီးနှင့် မဟေသရနတ်မင်းကြီး ကိုးကွယ်သော ရုပ်ပွားတော်ပမာ အာရုံခံအတွင်း ဝင်းဝင်းရောင်ဖိတ် မြရိပ်မြရောင် တောက်လောင်ဘုန်း ဆန်းဆန်း ပြားပြားပဋ္ဌဝဂို မထေရ်မျှားခြံရံကာထားသော ဓမ္မစကြာရုပ်ပွားတော်ကြီး၊ သာလာယံ သုဓမ္မာဇရပ်တော်ကြီးတို့ကို မြင်မြင်သူ ဘဝင်နူးအောင် ကောင်းမှုပြုပြီးလေပြီ။

၁၉၄၇ ခုနှစ် ငွေရတုသဘင် မိုးမိတ်ပွဲတော်ကြီး၌လည်း တိုင်းနိ သာသနာပြုအဖွဲ့ ဥက္ကဋ္ဌ

ဆရာဝန်ကြီးဦးသာလှသည် သုဒတ္တာအဖွဲ့၊ သုဘဒ္ဒါ အဖွဲ့သား နှင့်ရှင်သာမဏေ(၄၅၀)(၁၀၀)ခန့်ကို ၃၅ ကျပ်တန် တိုက်သပိတ်အတွင်း ဆွမ်း ဆွမ်း ဟင်းအပြည့်အစုံထည့်၍ လှူနေသည်ကို မြင်တွေ့ နေရပေသည်။

မိုးမိတ်ငွေရတုသဘင် ပွဲတော်ကြီး၌ ဆွမ်း လောင်းရုံပင်အားမရသေးဘဲ စာရေးတံမဲတွေက လည်း ဗလာမရှိ စုံစုံစွေစွေဖြစ်အောင် အားထုတ် ပေသည်။ ထို့အပြင် ပဉ္စသံဃာ(၅၅၀)ပါးတို့ကို သက်နှံးဒွိစုံစီ၊ သီလရှင် (၂၇၅၀)ပါးရေတို့ကို လည်း ဝတ်စုံတစ်စုံစီ၊ ၎င်းပြင် ဘွဲ့ရအရှင်မြတ် တွေကို ဘွဲ့အလိုက် လှူဒါန်းပူဇော်ပေသေးသည်။ သဒ္ဓါပါးရှား ဥစ္စာပါးသော်သူမျှား ကြက်သီး ထစရာဟု ဆိုရမလားမသိ၊ လာမည့်နှစ်ကျရင် သာမဏေတွေအကုန်သက်နှံးတစ်စုံစီလှူနိုင်အောင် ကြိုးစားမည်တဲ့။ အဲဒီအသံကြားရတော့ စာရေး သူ စိတ်ထဲမှာ 'ဩော်....ပါဠိလိပုတ်ပြည်ကြီးအရှင် ဘုရင်သီရိဓမ္မာသောကမင်းတရားကြီးနှင့်နိုင်ငြာဓ သာမဏေအရှင်ကဲ့သို့ သုဒတ္တာ-သုဘဒ္ဒါ အဖွဲ့နှင့် မင်းကွန်းတိုက်နယ်မှ ရှင်သာမဏေလေးများသည် ပုံတပြေးညီဖြစ်၍ နေ ပါ ပေါ့ တ ကား....' ဟုပင် အတိတ်ရှေးကို ပြေး၍မြင်မိသည်။

ငွေရတုသဘင် ရောက်ခဲ့စဉ်က

ဤစာရေးသူကား မင်းကွန်းတိပိဋကဓရဆရာ တော်ဘုရားအထံမှ ပညာရင်နှီး သောက်စို့ပြီး သည့်နောက် မိမိဇာတိဖြစ်သော စစ်ကိုင်းမြို့နယ်

အလက်ကျောက်စာပန်းချီဆရာကြီးဦးစောမောင်၏ မူလစက်တော်ရာ စေတီပုံတော်ပန်းချီကား ၁၃၂၂-ခု



အထက်ပုံ။ ။အလက်ာကျော်စွာ ပန်းချီဆရာကြီး ဦးစောမောင်၏ မူလ စက်တော်ရာ စေတီပုံတော်ပန်းချီကား ၁၃၂၂-ခု

အောက်ပုံ။ ။မိုးမိတ်စက်တော်ရာပုံတော်



မိုးမိတ် စေတီတော်ကြီး ပြင်ဆင်ရန်
ချုံနွယ်ဝိတ်ပေါင်း ရှင်းလင်းပြီးစ ဖူးမြင်ရပုံ

တောင်ရင်းကျေးရွာ နိုဂြောဓရုံ ရွှေဘုံသာ ကျောင်းတိုက်၏ နာယကအဖြစ် နေထိုင်သီတင်းသုံးပါသည်။ ထိုသို့သတင်းသုံးနေစဉ် ၁၃၄၅ ခုနှစ်မှ စ၍ ရှေးကာလက တစ်ခါတလေမျှမကြား ဖူး၊မပေါ်ပေါက်ဖူးသေးသော နိုင်ငံတော်သံဃ-မဟာနာယကအဖွဲ့ စီမံချက်ကတော့ တစ်တိုင်းလျှင် တစ်ကျောင်း၊ ပြည်နယ် တစ်ခုမှာ တစ်ကျောင်းဟု မူချထားပြားသော်လည်း ရန်ကုန်တိုင်းက ပထမ၊ စစ်ကိုင်းတိုင်းက ဒုတိယ ဖွင့်နိုင်ပါသေးသည်။ ရည်ရွယ်ချက်ကတော့ အကျင့်သိက္ခာမြင့်မားရေး၊ ပိဋကတ် ကျမ်းဂန်နှံ့စပ်ရေး၊ ပါဠိဘာသာ တတ်မြောက်ကျွမ်းကျင်ရေး၊ မြန်မာစာ အရေးအသား ကောင်းမွန်ရေး ဟူသော မူလေးချက်ဖြင့် တည်ထောင် ဖွင့်လှစ်ခဲ့သော ကျောင်းထိုင် ဘုန်းကြီး သင်တန်းကျောင်းသည် စစ်ကိုင်းတိုင်းအတွက် ရွှေဘိုမြို့ မဟာအောင်မြေ

ကျောင်းတိုက်ကို တည်ရာဌာနပြု၍ ၁၃၄၂ ခုနှစ် ကဆုန်လကွယ်နေ့က နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ကိုယ်စား ကျေးဇူးတော်ရင်(တိပိဋကမံရ မမ္မဘဏ္ဍာဂါရိက၊ အဘိဓဇမဟာရဋ္ဌဂုရု) မင်းကွန်း ဓမ္မနာဒဆရာတော်ဘုရားက ဖွင့်လှစ်ပေးခဲ့ပါသည်။ ထိုကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ မရှိလျှင် မဖြစ်သော နယဒေသက၊ ဂဏဝါစက ဆရာတော်များ လိုအပ်ကြောင်းသိရသောအခါ....

၁။ ကျေးဇူးတော်ရင် တိပိဋကရေမမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာ ပဏ္ဍိတ၊ အဘိဓဇ-မဟာရဋ္ဌဂုရု ဆရာတော်ကိုယ်တိုင် ဖွင့်လှစ်သည်က တစ်ကြောင်း၊

၂။ ဤစာရေးသူသည်ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းတွင် (၂၅)နှစ်ခန့်အတူတက္ခ

၁၃၂၁-ခုနှစ်
တိဝိဋ္ဌကဓရဆရာတော်
ဘုရားကြီး၏ ကျွန်းမာရေးကို
စောင့်ရှောက်ရန် မန္တလေးမှ
မင်းကွန်းသို့ ဦးသာလှ(ထိုစဉ်က
အာသက် ၃၇-နှစ်အရွယ်)
သင်္ကော်ဖြင့်ကူးလာစဉ်

ဦးသာလှ မိသားစုတို့
စက်တော်ရာစေတီဝန်းကျင်၌
ဘုရားဖူး လည်ကြစဉ်

နေထိုင်ပေါင်းသင်းခဲ့သော ဒဋ္ဌိမိတ္တကျောင်းအုပ်ဆရာတော် အရှင်ပဏ္ဍိဘဒ္ဒထေရ်က တောင်းပန် လျှောက်ထားသည်ကတစ်ကြောင်း၊

၃။ မိမိတို့၏ စစ်ကိုင်းတိုင်း တိုင်းကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးသူရ ကျော်စွာကိုယ်တိုင် ဖွင့်ပွဲသို့ တက်ရောက်၍ အနုမောဒနကထာကို ကြားရ၍ ဝမ်းမြောက်သည်က တစ်ကြောင်း၊

၄။ မိမိတို့၏ စစ်ကိုင်းတိုင်းဟူသော တိုင်းသံယောဇဉ် အမျှင်တွယ်ငြိမှုက တစ်ကြောင်း၊

၅။ သာသနာတော် တည်တံ့ပြန့်ပွားရေးကိုအလေးဂရုပြု၍ အားပေးလိုသည်ကတစ်ကြောင်း....

ဤအကြောင်းများကြောင့် မိမိတို့က်တာ ကျောင်းဝိဟာနှင့်တကွ တပည့်တပန်း ဒကာ,ဒကာမတို့ကို ကျိုးကြောင်း ပြကာ ဥပေက္ခာထား၍ ရွှေဘိုမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ မဟာအောင်မြေ ဝိဇ္ဇာလယကျောင်းတွင် နယဒေသက၊ ဂဏဝါစက အဖြစ်ဖြင့် ဥာဘောဝိဘင်း ဘာသာကို တာဝန်ယူ ဆောင်ရွက်နေခဲ့ပါသည်။

ထိုသို့နေစဉ်ပင် နှစ်စဉ်နှစ်တိုင်း မိုးမိတ်ဘုရားပွဲတော် ရွက်ဆောင်နေကျ အတိုင်းသွားရောက်ရပါသည်။ အထူးမှာ ရိုးရိုးအခါဆိုရင် ဝါဆိုလဆန်းမှာပဲ ပွဲတော်ကျင်းပကြပါသည်။ ယခုနှစ်မှာတော့ ငွေရတုပွဲဆင်နွှဲလို၍ မူလ

ဘူတဖြစ်သော တော်သလင်းလကိုပဲ ပွဲတော်သဘင် ဆင်ယင်ကြပါသည်။

မင်းကွန်းဓမ္မနာဒရောက်တယ်ဆိုရင် တည်းခိုနေကျဖြစ်သော သလွာဝတီ ကျောင်းမှာပင် တည်းခိုရ် ရမည်းသင်းမြို့ ရွှေလမင်း ဆွမ်းကျွေးအဖွဲ့၏ ဆွမ်းကျွေးမှုကိစ္စ သံဃာ့တာဝန်ကို တာဝန်ယူ ဆောင်ရွက်ပါသည်။

အတုယူစရာ ရွှေလမင်းစေတနာ

ဤဒုတိယ (၃) နှစ်ခရီးစာစောင်ကို ဖတ်သူသည် ဤခေါင်းစဉ်စာတန်းကိုဖတ်ရှုရ်၍ "ဘယ်လို ဆက်စပ်သလဲ၊ ဘာအတုယူစရာရှိသလဲစသည်ဖြင့် (လဲ)ပေါင်းများစွာ တွေးတောမှုတွေ ပေါ်လာပေလိမ့်မည်။သို့အတွက် စာဖတ်သူနှင့်ရွှေလမင်း၏ စေတနာကို ဤစာရေးသူကပဲ မိတ်ဆက်ပေးပါရစေ။

ရွှေလမင်းဆိုသည်မှာ လူနာမည် မဟုတ်ပါ။ ဇာတိကား မန္တလေး၊ ပဝတ္တိ ရမည်းသင်းသူ ဖြစ်သော ဒေါ်ဒေါ်တင် တည်ထောင်ခဲ့သော ဆေးလိပ်ခုံအမည်ပင်။

ရွှေလမင်းဆေးလိပ်ခုံပိုင်ရှင် ဒေါ်ဒေါ်တင်ကား မိုးမိတ်စေတီတော်ကြီးနှင့် မည်သို့ မည်ပုံ ရေစက်နီးသည်မသိ။ မိုးမိတ် စေတီတော်ကြီး ပွဲတော်ကျင်းပသောနှစ်မှစ၍ တိပိဋကဓရ ဆရာတော်၏ သာသနာ့မိခင်ကြီး တစ်ဦး အနေဖြင့် လိုအပ်သောနေရာမှ ကွက်လပ်ဖြည့်ကာ ဘုရားပွဲတော်ကျင်းပသည့် (၇)ရက် အစအဆုံးဓမ္မနာဒကျောင်းတိုက်သို့ ကြွရောက်လာကြသော ရဟန်းပရိသတ်၊ လူပရိသတ်တို့ကို လူပေါင်း (၄၀) ကျော်ဖြင့် မိမိတို့ကိုယ်တိုင် ဝယ်ခြမ်း ချက်ပြုတ် ကျွေးမွေးခြင်းအမှုကို မငြိုမငြင် မပင်မပန်း လက်ညီတက်ညီ စေတနာညီ ဝီရိယညီ ပြုလုပ်ကျွေးမွေးခဲ့သည်မှာ (၂၅)နှစ် (၂၅)ကြိမ် ရှိခဲ့လေပြီ။

ပဓာနနည်းအားဖြင့် ၁၃၄၇ ခုနှစ် မိုးမိတ်ဘုရားပွဲတော်၏ ငွေရတုသဘင် ဆိုသော်လည်း အပွဓာနနည်းအားဖြင့် ရွှေလမင်း ဆွမ်းကျွေးအဖွဲ့၏ ငွေရတုသဘင်ဆိုက မှားမည်မထင်ပေ။

ရွှေလမင်းဆေးလိပ်ခုံပိုင်ရှင် ဒေါ်ဒေါ်တင်ကား အသက် (၉၂) နှစ်အရွယ် လွန်ခဲ့သော

မိုးမိတ်စေတီတော်
ဖြူဖြင်ရေးအတွက်
စည်းဝေး တိုင်ပင်ဖြစ်

(၁၃၄၃)ခုနှစ်က ''ယေ ဓံမှာ ဥပ္ပါဒေဘာတိကာ၊ တေ ဓံမှာ နိရုဇ္ဈရေ'' ဟူသော ဒေသနာ အရ ဘဝခန္ဓာချုပ်ဆုံးခဲ့လေပြီ။

သို့ပါသော်လည်း ဒေါ်ဒေါ်တင် စိုက်ပျိုးတည်ထောင်ထားခဲ့သော 'နိဗ္ဗဒ္ဓ' ကုသိုလ်အဟုန်ကို မပျက်စေဘဲ ''ဒါယဇ္ဇ' ပဋိပဇ္ဇာမိ၊ အထဝါ ပန ပေတာနံ ကာလင်္ကတာနံ ဒက္ခိဏံ အနုပဒဿာမိ'' ဟူသော သိင်္ဂါလောဝါဒသုတ်နှင့် အညီလည်းကောင်း။

က။ မွေးတုံ့မွေးမည် မှုထိုက္ခါ ဆောင်မည် တို့ကိုယ်စား၊
ခ။ မျိုးဆက်ရှည်ထွေ တို့အမွေ ခံပေလိမ့် တကား၊
ဂ။ ကောင်းမှုဘာဂ တို့သေက မျှလိမ့် ငါတို့အား၊ မိခင် ဖခင် သားပေါ်တွင် မြော်မြင် အကြောင်းငါး....

ဟူသော ကျေးဇူးရှင် ဆရာတော်ဘုရား၏သြဝါဒနှင့်အညီ သားသမီးများဖြစ်ကြသော ဦးအုံးထွန်း-ဒေါ်အမ၊ မြေးမြစ်များနှင့် ဆွေမျိုးအားလုံးတို့ ပါ ဝိုင်းဝန်း၍ မိခင်ကြီး တည်ထား ခဲ့သော နိဗ္ဗဒ္ဓကောင်းမှုအလုပ်ကို ဆက်လက် ဆောင်ရွက်နေပေသည်။

သာသနာ့ ဖခင်၊ မိခင်နှင့် မိုးမိတ်မြေ

မှန်ပေသည်။ တိနိသာသနာပြုအဖွဲ့ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှ ကား မိုးမိတ်ကုန်းမြေ တိပိဋကနိကာယ ကျောင်းတော်နှင့် ရန်ကုန်ဌာနခွဲရှိ စာကျက် စာအုံ့ စာပြန် စာကြည့် တိပိဋကနိကာယ သံဃာတော် အရှင်မြတ်များအပေါ်၌ မိခင်ကြီး၏ နှလုံးသွင်းပမာ ရင်အုပ်နှင့် မကွာမကွေ သူ၏မေတ္တာ ကရုဏာ တည်းဟူသော ဘယ်ပြန် ညာပြန် အတောင်ပံကြီးနှစ်ဖက်ဖြင့် ဖြန့်ယုံက်ကာအုပ်ထားဘိသကဲ့သို့ ရှိလေဘော့သည်။

သို့ပင်တစေ သူ၏မေတ္တာ ကရုဏာ အတောင်နှစ်ဖြာအောက်မှ မသိ မလိမ္မာ ငယ်ရွယ်သော ကြက်ငယ်ကလေးများ တိုး၍တိုး၍ ထွက်ဘိသကဲ့သို့ အချို့အချို့သော သားဆိုးသားမိုက်ကလေးများလည်း ပါရှိကောင်း ပါရှိပေလိမ့်မည်။သို့ပင် ပါရှိလင့်ကစား ဆရာဝန်ကြီး၏ မျက်နှာကား

သုဒတ္တ၊သုဘဒ္ဒါ
အမှတ်တို့၏ ရှင်(၅၀၀)
ဆွမ်းသင်္ဃာအား

ပြုံးပန်းမပျက်ဘဲ မေတ္တာ ကရုဏာခေတ် တည်း ဟူသော အတောင်နှစ်ဖက်ကတော့ မရုပ်သိမ်း။ ဖြန့်ယှက်မြဲ၊ ဖုံးအုပ်မြဲပင်။

ဆရာဝန်ကြီး၏ စိတ်နေစိတ်ထား သဘောရပ် ကား ကြီးမားပါပေစွ....

သာသနာ့ဖခင် ဆ ရာ တော် ဘု ရား ကား ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် အာဂုံ ဆောင်သော သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူးပင် မဟုတ်ပါလော....

အတ္တဟိတ=မိမိအကျိုးစီးပွားကိုသာ ပြုလုပ် ဆောင်ရွက်သော ပုဂ္ဂိုလ်။

ပရဟိတ=သူတပါး အကျိုးစီးပွား ကိုသာ ပြုလုပ်ဆောင်ရွက်သောပုဂ္ဂိုလ်။

အတ္တဟိတ-ပရဟိတ=မိမိ သူတပါး အကျိုး စီးပွားတို့ကို ပြုလုပ်ဆောင်ရွက်သော ပုဂ္ဂိုလ်တို့ တွင် သဗ္ဗညုတဉာဏ်ရှင်ဖြစ်တော်မူသော မြတ်စွာ ဘုရားသခင်သည်

ဗုဒ္ဓါ ဗောဓေယျံ
မုတ္တော မောစေယျံ
တိဏ္ဏော တာရေယျံ

ဟူသော သုမေဓာ ရှင်ရသေ့ဘဝက ကြုံးဝါး ခဲ့တင်သံကို ထောက်ဆသောအားဖြင့် ပရဟိတ ပုဂ္ဂိုလ်အစစ်ကြီး ဖြစ်သလို ကျေးဇူးတော်ရင် တိပိဋကဓရ ဆရာတော်ဘုရားကြီးဟာလည်း....

သစ္စံ ပုနပိ သစ္စန္တိ၊ ဘုဇမုက္ခိပ္ပဝုစ္စတေ။
သကတ္ထော နတ္ထိ နတ္ထေဝ၊ ပရဿတ္ထ
မကုဗ္ဗတော....

ဟူသော ပဋိကာဋိကာကျမ်းလာ အရှင် သံဃ ရက္ခိတ မဟာသာမိ မထေရ်၏ မှာတမ်းကိုလက်ခံ ယုံကြည်ပြီး....

အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာ ဆရာ တော်သည် အာဘိဓမ္မာပိဋကအဖွင့် အဋ္ဌသာလိနီ အဋ္ဌကထာ၊ ပဋ္ဌာနကရဏ အဋ္ဌကထာ ကျမ်းကြီး များအဆုံး နိဂုံးခွဲ 'ယံပတ္တံကုသလံတဿ' အစရှိ သော လေးဂါထာတို့ဖြင့် ဆုတောင်းအာသီသ ပြုတော်မူခဲ့ပါသည်။

အကျွန်ုပ်တို့သည်လည်း ထိုအရှင် မဟာဗုဒ္ဓ-ဃောသ အဋ္ဌကထာဆရာတော်၏ ဆုတောင်း အာသီသဂါထာတို့ဖြင့်ပင် အလွန် ကြည်ညိုစွာ ဆုတောင်းအာသီသမူပြုကြပါသည်ဟူသောမဟာ ဗုဒ္ဓဝင်နိဂုံးဆုတောင်းစကားရပ်ကို ထောက်ဆ၍ အတ္တဟိတမဖက် သက်သက်သော ပရဟိတပုဂ္ဂိုလ် မှင်တော်ဘုရား၏ သားကောင်း ပုတ္တအနန္တတို့ တွင်(ဘယ်သူတွေမှ လိုက်မရသည့်)ဗုဒ္ဓဒိဋ္ဌာနုဂတ စံပြပုဂ္ဂိုလ်ကြီးပါပေတကား။

မိုးမိတ် မင်းသားသည် ကုန်းဘောင် ရာဇဝင် စားတမ်းအရ ဤစေတီကို တည်ထား စဉ်က တစ်နေ့တစ်ခေါက် မိုးမိတ်ကုန်းမြေ အရောက် လှမ်း၍ ကြွမြန်းကာ ဖိဖိစီးစီး တည်ထား ပြုလုပ် ခဲ့သော မိုးမိတ်မင်းသားကဲ့သို့....

ထို့အတူ ကျေးဇူးတော်ရင် တိပိဋကဓရ ဆရာ တော် ဘုရားသည်လည်း မိုးမိတ်စေတီတော်ကြီး၊ စက်တော်ရာ စေတီတော်ကြီး၊ ရွှေဘုန်းပွင့် စေတီ တော်ကြီးများ များများမတ်မတ် အပူဇော်ခံနိုင် အောင် ပြုပြင်တည်ထားပြီးသည်နောက်....

အဓွန့်ရှည်ကြာ သာသနာငါးထောင် တည်နေ အောင် မူလဘူတ ကန်ပေါင်နှင့်တူသော ပရိယတ္တိ သာ သ နာ တည်ရှိမှသာလျှင် ပဋိပတ္တိတည်း ဟူသော ရေ၊ ပဋိဝေဓတည်း ဟူသော ကြာပန်း တို့ ပွင့်လန်းဝေဆာ ရှိနိုင်မည့် ခြင်းအရာကို မြင် သိတော်မူသည့် အလျောက် မိမိကဲ့သို့ပင် နိကာယ် ငါးရပ် ပိဋကတ်သုံးပုံ အာဂုံဆောင်နိုင်သော သာ သနာ့ အာဇာနည် သားကောင်းရတနာ များစွာ ထွန်းကားစေရန် သာသနာ့ ဥယျာဉ်ကြီး တစ်ခု ဤကုန်းမြေ၌ တည်ဆောက်ခြင်း ပြုအံ့ဟု နှလုံး ပြုတော်မူသည်။

ဤသို့ နှလုံးပြုသည်မှ စ၍ ဝါဆိုဦးကာလ၊ ဝါတွင်း ကာလများ၌ ဆရာတော် ကိုယ်တိုင် နောက်ပါရဟန်းငယ်ကလေးများ၊ သာမဏေများနှင့် မကြာခဏ ကြွသွားကာ ချုံပိတ်ပေါင်းတို့ကို ရှင်းလင်းခြင်း၊ မြက်တို့ကို သုတ်သင်ခြင်း စသည်ဖြင့် နှစ်စဉ်နှစ်တိုင်း ပြုလုပ်ခဲ့သည်ကိုတွေ့ရှိခဲ့ရပေသည်။ တစ်ရံတစ်ခါ စာရေးသူ ကိုယ်တိုင်ပင် ဦးဆောင်၍ ရှင်းလင်း သုတ်သင် ခဲ့ရသည်ကား အကြိမ်ပေါင်းများစွာပင်။

ဆရာတော်ဘုရားသည် ထိုစဉ်ကာလ ထိုရက်များကဆိုလျှင် သဲဖြူချောင်းရွာ ဒကာစောမောင်၏ လှည်းဖြင့် နံနက်မိုးမိတ်၊ နေ့လယ်မိုးမိတ်၊ ညနေမိုးမိတ် တစ်နေ့ဘစ်ခေါက် မရောက်မရှိ၊ ကျောင်းမှာ နေ၍ပင် မဖြစ်ရော့လေသလားဟု တွေ့ရလောက်အောင်ပင်....

ဆရာတော် ဘုရားသည် မိုးမိတ် ကုန်းမြေအပေါ်၌ ကာယကံ မနောကံမျှသာ မဟုတ်သေးပါ၊ စကားပြောလျှင်လည်း မိုးမိတ်မပါ စကား မပြောသလောက် ဖြစ်တော်မူခဲ့ပါသည်။

အာရုံ အာရမ္မဏိကသတိရ

ဤသို့နှင်နှင် ကျေးဇူးတော်ရင် ဆရာတော် ဘုရား၏စိတ်အစဉ်မှာ မိုးမိတ်ကုန်းမြေ၌ သဒ္ဓသန္ဓဉယျာဉ်ကြီး တည်ထောင်မည်ဟူသော အာရမ္မဏာမိပတိကိစ္စ တပ်ခိုက်ဖြစ်ပေါ် လာသော စိတ်အမူအရာ နှုတ်အမူအရာ ကိုယ်အမူအရာတွေ တွေ့မြင် သိရှိရတဲ့ စာရေးသူမှာ....

မှတ်မိပါသေးသည် ဟုသာ စကားစလိုက်ကြပါစို့ရဲ့။

ဟိုယခင် အာဒိကမ္မိက အဘိဓာ မစိုးရိမ်ဆရာတော် ဘုရာကြီး မြင်းခွာရွာက် ဆေးလုံး စားသုံးမှီဝဲချိန် အခါက တွေ့ရာကြုံရာ ရောက်ရာဌာနဌ်၌ စကားစပ်မိတိုင်း မြင်းခွာရွာက်ဆေးလုံးဟာ ရိုဖြူရိနီ ဆီးနီဆီးဝါ ဆီးအောင့် ဆီးနည်း ဟူသမျှဌ်၌ ကောင်းကြောင်း၊ သွားမကျိုး ဆံမဖြူ စသည်ဖြင့် မပြတ်မပြတ် အမိန့်ရှိသတဲ့။

ပဋ္ဌာန်းကျမ်းကြီး နည်းသစ်ထွင်၍ ချပို့စဉ် အခါကျတော့လည်း တို့မျှားချပို့သော နည်းထက် သိလွယ် မြင်လွယ်သော နည်းမျှား တွေ့ရှိလျှင် တို့မျှား လာ၍ ပြောပါဦး ဟူ၍ လည်းကောင်း၊ တို့မျှား ချပို့တဲ့နည်းဟာ သုံးလ အတွင်း ပဋ္ဌာန်းကျမ်းကြီးကို သဘော ကျနိုင်တယ် စသည်ဖြင့် မပြတ်မပြတ် အမိန့်ရှိသတဲ့၊ ကြွရောက်ရာ အရပ်ဒေသတို့၌လည်း(၅)ရက်နေနေ၊ (၆)ရက်နေနေ ရှိသမျှဘစ်ယောက်နှစ်ယောက်နှင့် ပဋ္ဌာန်းချပို့လေ့ရှိပေသည်....

ထို့ကြောင့် မစိုးရိမ် ဆရာတော်ဘုရားကြီး၏ မြင်းခွာ ပဋ္ဌာန်းဟူသော စကားသည် ရေပန်းစားခဲ့ကြောင်း ကျေးဇူးတော်ရင် ဆရာတော်အမိန့်ရှိသည်ကို မှတ်သားခဲ့ရဖူးသည်။

အဲဒီ မစိုးရိမ် ဆရာတော်ဘုရားကြီးရဲ့ မြင်းခွာပဋ္ဌာန်းကဲ့သို့ ငါတို့ ကျေးဇူးတော်ရင် ဆရာတော်ဘုရားလည်း နံနက်မိုးမိတ်ညမိုးမိတ် နှုတ်မြွက်တိုင်း မိုးမိတ်ဖြစ်နေသဖြင့်(ကိုယ်-နှုတ်-စိတ်-သုံး မိုးမိတ်ကုန်း)ဟူ၍ မှတ်ချက်ချခဲ့ဖူးလေသည်။

မှတ်ချက်။ ။အာဒိကမ္မိက အဘိဓာ မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးကား မိမိအောက် အလွန်ငယ်သော ရဟန်း သံဃာ ၃ပါးကိုနင်၊ မင်း၊ ကိုယ်တော်ဟူ၍ ရိုင်းရိုင်းပျပျ၊ မောက်မောက်မာမာ၊ ရင့်ရင့်သီးသီး ပြောဆို ခေါ်ဝေါ်သုံးနှုန်းခြင်းမရှိ။စကားပြောရာ၊ ခိုင်းစေရာ၊ စာပေပို့ချရာတို့၌....(ဆရာတို့)ဟူသော နာမ်စား စကားလုံးဖြင့် သုံးနှုန်းလေ့ ရှိကြောင်း အမြင့်စကား မှတ်သားရဖူးသည်။

ထို့အတူပင်။ ။စာရေးသူဘို့၏ ကျေးဇူးဘော်ရင် တိပိဋကဓရ ဆရာတော်ဘုရားလဲပဲ မိမိအောက် အလွန်ငယ်သော ရဟန်း သံဃာတော်

များကို (ဘုရား၊ တပည့်တော်နှင့်) သုံးစွဲခတော် မူလေ့ ရှိသည်။ ဤစာရေးသူပင် ဆရာတော်ဘုရားထံ ရဟန်း တစ်ဝါကပင် ရောက်ရှိခဲ့သည်။ ရဟန်းခံစဉ်ကလည်း ဆရာတော်ပင် အနုသာသနကမ္မ၊ ကမ္မဝါ ချီးမြှင့်မှု ပြုတော်မူခဲ့သည်။ သို့ပင် ပြုလင့်ကစား ရင့်ရင့်သီးသီး အခေါ် အဝေါ် မခံခဲ့ရပေ။ "ဘုရား၊ တပည့်တော်" ဟူ၍ပင် စာရေးသူတို့အပေါ် သုံးနှုန်းသဖြင့် ကျော်ချမ်းခဲ့ရသည်ကား များလှပေပြီ။ ဩဩ....အတုယူဖွယ်၊ လေးစားဖွယ်၊ ကြည်ညိုဖွယ် ကောင်းလေစွ။

ဆရာတော်ဘုရားသည် အထက်ပါ မိုးမိတ်ကုန်းမြေ၌ အာရမ္မဏာဓိပတိပစ္စည်း တပ်ပြီး စကားပြောခြင်း၊ ခဏ ခဏကြွခြင်း၊ ကုန်းမြေ၌ ကိုယ်ဖိ ရင်ဖိပြုခြင်း တို့ကား (တပေါင်းဆွေးမှ အရေးပေါ်ဆိုတာလို) တိပိဋကနိကာယ တည်းဟူသော စိုက်မိုး၊ ပျိုးမိုး၊ ကြဲမိုးများပင် ဖြစ်၍ နေပါပေါ့တကား။

ဝတိံသာလော-နိမ္မာလော

ထိုမှ နောက်၌ကား မိုးဦးကျနှင့် ဆောင်းလအဝင်မှာ မိမိတို့၏ လယ်ယာခွင်ကို စိုက်ပျိုးရန် ထွန်ယက်သော လယ်သမားကဲ့သို့ သာသနာ့လယ်မြေ သာသနာ့ ဥယျာဉ်ဝယ် သာသနာ့သားကောင်း၊ နိကာယ်ဆောင်တည်း ဟူသော အပင်ပျိုများ ဖြစ်ပေါ်လာစေရန် သာသနာ့လယ်သမား၊ သာသနာ့ဥယျာဉ်မှူးဖြစ်သော ကျေးဇူးတော်ရင် ဆရာတော်ဘုရားသည်လည်း သာသနာတော်ကြီး အဓွန့်ရှည်စွာ သန့်ရှင်းတည်တံ့ခိုင်ခံ့တိုးတက်စေရန် တိပိဋကဓရ နိကာယ မျိုးစေ့များ ကြဲချခြင်း၊ စိုက်ပျိုးခြင်း၊ ရေလောင်းခြင်း ကြောင့် ယခုအခါ မိုးမိတ်ကုန်းမြေ သာသနာ့ဥယျာဉ်ဝယ် ပိဋကတစ်ပုံဆောင်၊ နှစ်ပုံဆောင်၊ သုံးပုံဆောင် တည်းဟူသော ပိဋကပင်ပျိုး၊ နိကာယ ပင်ပျိုများဖြင့် စိမ်းလန်းစိုပြည် သီးပွင့်တွေ့ တဝေဝေ မြင်သူတွေ့ အံ့မခန်း၊ ဆန်းဆန်းကြယ်ကြယ် ပစ္စည်းလေးပါး ထောက်ပံ့သူ အသွယ်သွယ်တို့ဖြင့် လိုလေသေးမရှိ....

အရှင်သီဝလိရောက်ရာ ရှားနှစ်တောဝနာတွင် နတ်သိကြားတွေ့ ဖန်ဆင်းသကဲ့သို့ ရုတ်တရက် ရှောင်တခင် တွေ့မြင်ကြရသော ဤဒေသ၊ ဤနေရာသည်ကား မိုးမိတ်ကုန်းမြေမှ ဟုတ်ပါလေစ "ဝတိံသာလော-နိမ္မာလော" ဟူ၍သာ ဆိုလိုက်ချင်ပါတော့သတည်း။

ရှင်တော်မြတ်အား လျှောက်ထားပါရစေ

ခုနစ်ဆယ့် သုံးတောင် သံတောင် မြင့်မားမိုးမိတ်စေတီတော်မြတ်ကြီးဘုရား....

အရှင်မြတ်ကြီးကား တဏှာက်ရာ၊ မေဓင်္ကရာ၊ သရဏင်္ကာရ၊ ဒီပင်္ကရာ စသော ကိုယ်တော်မြတ်တို့၏ နိယတဗျာဒိတ်ပန်း ဆင်မြန်းဘော်မူခဲ့သော ရွေးရွေးသော နောင်တော့် နောင်တော် သဗ္ဗညုဗုဒ္ဓတို့၏ ကျေးဇူးတော်ကို မျော်ခေါ်၍ ဆပ်တော်မူသော အနေအားဖြင့် ကိုယ်တော်မြတ်နှင့် အတူ စံတော်မူ၍ ကွန္ဒေတော် အပြည့်အဝ လှုပဟင့်ဆန်း ရှုမခန်းအောင် ကိုယ်တော်၏ တပည့်ဟူ၍ သာ တိပိဋကနိကာယ်ဆောင် အရှင်များ ခြံရံလျက်သီဟင်းသုံးဟန်စံနေတော်မူပုံကား သံသရာခရီးဃွာ တပည့်တော်များ၏ ဖူးမြင်လို့မဝ၊ ကန်တော့၍လည်း အားမရ၊ ကြည်ညိုလို့လည်းမဆင်း တိမ်၊ သဒ္ဓါအရှိန် အရောင်ထွက်၍ ပြောင်ပြောင်လက်လက် ဖြစ်ရပါတော့သည် ဘုရား။

တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ အဘယဇာတက ဖြစ်တော်ပေါင်း များစွာဖြင့် ခြံရံတော်မူငြား စက်တော်ရာ စေတီတော်မြတ်ကြီးဘုရား....

အရှင်မြတ်ကြီးသည်ကား သက်တော်ရှိစဉ် ဟိုယခင် ဗျာဒိတ်ပွဲမှာ ဆင်နွှဲကာယဉ်သကဲ့သို့ အရှင်မြတ်၏ ဗျာဒိတ်သံ တေဇင် ရဖို့ရန်ကို ရွေးခါ

သမယ ပါရမီဖြည့်ကြသည့် သာကီယနွယ်ဖွား အရှင်ကောဏ္ဍည၊ အရှင်သာရိပုတ္တရာ၊ အရှင် မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင် ဥပါလိ စရှိ များစွာ လက်ျာတော်ရံ လက်ဝဲ တော်ရံသာဝကထေရ်မဟာတို့နှင့်လည်းကောင်း။

အရှင်မဥပ္ပလဝဏ်၊ အရှင်မ ခေမာ၊ အရှင်မ မဟာပဇာပတိ ဂေါတမီ စသည်များစွာ လက်ျာ တော်ရံ လက်ဝဲတော်ရံ ထေရီမတို့နှင့် လည်း ကောင်း။ အနာထပိဏ်၊ စိတ္တသူကြွယ် ပေါ်ယယ် များစွာ ဥပါသကာတို့နှင့်တကွ ဝိသာခါ၊ နန္ဒ မာတာ များစွာသောင်းသောင်း ဥပါသိကာမ အပေါင်းတို့နှင့် လည်းကောင်း သီဘင်းသုံးဟန် စံနေတော်မူပုံကား သံသရာခရီးသွားတပည့်တော် များ၏ ဖူးမြင်လို့မဝ၊ ကန်တော့၍လည်း အားမရ၊ ကြည်ညိုလို့မတင်းတိမ်၊ သဒ္ဓါအရှိန်အရောင် ထွက်၍ ပြောင်ပြောင်လက်လက် ဖြစ်ရပါတော့ သည် ဘုရား။

မိုးမိတ်မည်ခေါ် မြတ်ကုန်းတော်

မဟာမေဒနီ ဘေရီတလာ စည်မျက်နှာ ကဲ့သို့ ညီညာပြန့်ပြန့် ချီးအံ့မခန်း ပန်းလက်ယာရစ် ထူး မြတ်တင့်တယ် ဖွယ်ဖွယ် ရာရာ မြေတကာ တို့၏ သင်းကျစ် ခမ္မရာဇ်မှန်ကူ သယမ္ဘူတည်ရာ တေဇာ လှ ဖိတ် မြေဦးထိပ်ဇယ သန္ဓောသဘွဲ့ခံ ဘုန်းကံ ရှိသူတို့၏ စံရာ မင်္ဂလာကျက်သရေ အထွေထွေနှင့် ပြည့်စုံသော.... "အို....မိုးမိတ်ရွှေဘုန်း" မြတ်ကုန်း တော်....

သန္ဓောသဘွဲ့ခံ ဘုန်းကံရှိသူတို့၏ စံရာ နိဗ္ဗာန် ဆိပ်ဦး ကူးသူတို့၏ ပုည တိတ္ထလည်း ဖြစ်သော မိုးမိတ်မည်ခေါ် မြတ်ကုန်းတော် သည်ကား ဟို ရှေးယခင် လွန်ခဲ့သော အနှစ်(၂၀)ပင်တုန်းက စိမ်းလန်းစိုပြည် နဂိုနေအားဖြင့် ရွက်လိပ် ရွက်ဖူး ရွက်ညွန့်ထူးတို့ဖြင့် လည်းကောင်း၊ သစ်ပင်ကြီး ငယ် အသွယ်သွယ် အဝဝ လှပတင့်တယ် ရှုစချင့် ဖွယ်တို့ဖြင့် ငယ်းကောင်း၊ အောင်မဲညို ဖြူ တမူထူးဆန်း နဘူးပန်းနှင့် ပွင့်ဆန်းလှထယ် ရနံ့ ကြွယ်သော ခင်ပုပ်ပန်းနွယ်တို့ဖြင့်လည်းကောင်း၊ ထည်ဝါဆန်းဆန်း စိမ်းလန်းစိုပြည် အောင်မြေ အတိတ် မိုးမိတ်မည်ခေါ် မြတ်ကုန်းတော် ဖြစ်ခဲ့ သည် မဟုတ်ပါလော။

ယခုတမူ ဆူဆူပြာသာဒ် ဘုံရပ် အဆောင် ဆောင် မိုးခခါင် မြင့်နန်း စောင်းတန်း ခြယ်စီ မြတ်စေတီတို့ဖြင့် တစ်လီရှေ့နောက် ကုန်းမြင့်မြေ ထက် အောက်၌ ဘဝဂ်ရောက် မြင့်ကြွား ရမ္မ-သုဘ-သုရမ္မဆိုတဲ့ ပြာသာဒ် အလားကဲ့သို့ ဆန်း ပြားစွာပင် မြင်မြင်ရသူ ပီတိတွေလှိုက်ဆူဖို့ မကိုဋ္ဌ အင္ဂ မဟာဗုဒ္ဓဝင် ဆိုတဲ့ ကျောက်စာ ကမ္မဝါစုံခဲ့ နဂါးရုံနှင့် ကုလုံပိဋ္ဌကတ် စေတီမြတ်ဗောဓိ အချိန် သီ နာရီစင် တွင်တွင် မြည်ဟည်း ဗဟိုစင်ကြီးနှင့် ဝေးနီးမြင်လောက် ရေဇလာနဒီ သေလာပထဝီ မြေမဟီက ပေါက်သကဲ့သို့ ဂုဏ်မြင့်မောက်ကဲလွန် စွာ ထည်ဝါခမ်းနား ဆန်းပြားတော်မူလှသော....

အို....သန္ဓောသ ဘွဲ့ခံ နာမံတံဆိပ် ခတ်နှိပ် ခေါ်ဝေါ် မိုးမိတ်ကုန်းမြေတော်၊ အသင်မိုးမိတ် ကုန်းမြေသည်ကား မှူလာသမ္မ ခုခါသမယမှာ တော့ သုဒတ္တသုဘဒ္ဒါဘွဲ့ခံ တိပိဋကနိကာယ သာ သနာပြု သဒ္ဓါသန်သော အဖွဲ့ကြီးနှင့် ရင်းနှီး ဆက်ဆံ ပေါင်းမိပြန် သောကြောင့် (ဝတိ်သာ လော-နိမ္မာလော)ဟူ၍ပင် အံ့သြ ချီးကျူး အံ့မူး ဖွယ်ရာတစ်ရပ် နိဂုံးသတ်အနေဖြင့် ရပ်လိုက်ရပေ လေတော့သတည်း။ ။

အရှင်ကောဏ္ဍည
(ဆောင်ရင်း)
(၂၀-၁၀-၀၅)

မိုးမိတ်ကုန်းပြေသို့
တစ်ခေါက်ပြန်

ဒေါက်တာမောင်မောင်





မိုးမိတ်ကုန်းမြေသို့

တစ်ခေါက်ပြန်

ခေါက်တာမောင်မောင်

ကျွန်တော်တို့ မိသားစု၊ မိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက်များ မင်းကွန်းသို့ ၁၉၇၅ခု နှစ်ကုန်ပိုင်းတွင် တစ်ခေါက် ပြန်ရောက်ကြပါသည်။ ဘွားဦးစွန်း၊ ဘီအိုင်အေ ဦးမောင်ကြီးတို့က စတင်ထူထောင်ခဲ့သောဘိုးဘွားရိုင်းသာတွင် မော်တော်ဆိုက်ကပ်ကာ ဂေါပကလူကြီးများနှင့် နှုတ်ဆက်ကြသည်။ ဘိုးအို ဘွားအို များကိုလည်း မေတ္တာဂါရဝတရား ရှေ့ထားပြီး နှုတ်ဆက်သည်။ တစ်နေ့စာ ထမင်းစရိတ် လှူခဲ့ရသည့် အတွက် ဝမ်းမြောက်ရသည်။

မိခင် ဒေါ်အေးတင်သည် ၁၉၄၂ ခုနှစ်တွင် ဗုံးမိုး ရွာနေသော စစ်အတွင်း မန္တလေးမြို့မှ အေးချမ်းရာသို့ တိမ်းရှောင်ရင်း မင်းကွန်း၌ ကွယ်လွန်ခဲ့ရသည်။ သူသာ သက်ရှိထင်ရှားရှိပါသေးလျှင် ကျွန်တော်တို့ နှုတ်ဆက်ကြသော ဘွားဘိုးတို့ အရွယ်သို့ရောက်လောက်ပေပြီ။ထို့ကြောင့်

1 လူအိုရုံအသင်း တည်ထောင်သူ အဘွား ဒေါ်ဦးငွန်း(T.P.S.)

2 လူအိုရုံအသင်းဥက္ကဋ္ဌ ဘီအိုင်အေ ဦးမောင်ကြီး



3 မင်းကွန်း မဟာသာ လူအိုရုံ



ရိပ်သာမှ ဘွားအိုတို့ကို ရိပ်သဲ့ဘွင် မှီခိုနေသူ များအဖြစ် ကျွန်တော်မမြင်၊ မိခင်များအဖြစ်သာ မြင်ပါသည်။

ဓမ္မနာဒကျောင်းသို့ နွားလှည်းများဖြင့် ခရီး ဆက်ကြသည်။ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာ ရဋ္ဌဂုရု၊ တိပိဋကဆရာတော် ဘဒ္ဒန္တ ဝိစိတ္တာသာရ ဘိဝံသဆရာတော်အား ကန်တော့ရန် သွားကြ ခြင်းဖြစ်သည်။ ဆရာတော် ဓမ္မနာဒတွင် ဝါဆို လျက်ရှိသည်ဟု ရန်ကုန်မြို့တွင် ကြားခဲ့သဖြင့် ရောက်အောင်သွားကြဖို့ သန္နိဋ္ဌာန်ချမှတ်ခဲ့ပြီး ဖြစ်

အထက်ပုံ
တိဝိဋကရ ဆရာတော်ဘုရားကြီး
အလွန်မွေ့လျော်သော
မိုးမိတ်ကုန်းမြို့ရှိ
ဘုရား၊ တန်ဆောင်း၊ ကျောင်း၊
ကန်၊ ဇရပ်များ....

နံဘေးပုံ။
၁။ ဆဋ္ဌသင်္ဂါယနာ အမေးအဖြေ
ကျောက်စာတိုက်
၂။ ရေကန်ကြီး

မိုးမိတ်ကုန်းမြေသို့ ကျွန်တော်တို့ ခရီးဆက်လက်ကြသောအခါတစ်ခါရောက်သည်နှင့်နောက်တစ်ခါ မတူ၊ ပို၍စည်ကားသာယာလှပ်ရှိသောစခန်းသာကို တွေ့မြင်ကြည်နူးကြရသည်။ စေတီတော်၊ သောဘိဏီသိမ်တော်၊ ကျောက်စာတိုင်၊ ပိဋကတ်တိုက် စသည်တို့သည် ပြည့်စုံပြီးမြောက်လှပါပေသည်။ သုံးနှစ်ကျော်က ယခင်တစ်ခေါက် ကျွန်တော်တို့ ရောက်ခဲ့စဉ် တည်ဆောက်ဆဲဖြစ်သော တောင်ကုန်းမှ ရေကန်ကြီး သည်လည်း ပြီးစီးနေပါလေပြီ။ သံဃာတော်များနှင့် ပတ်ဝန်းကျင်အတွက်ပါ သောက်ရေကြည်ကြည်၊ အပြည့်အဝနှစ်လုံးပေါက် ဖြည့်ဆည်း ပေးနိုင်ပေတော့မည်။

မင်းကွန်း မင်းဝံတောင်ကုန်းကို မီး၊ရေ၊လမ်းပန်း၊ ဆေးရုံ၊စာသင်ကျောင်း၊ ဆွမ်းကွမ်းမကျန် ဖြင့် သံဃာတော်၊ သီလရှင်၊ ရွာသူရွာသားများအတွက် ပြည့်စုံစေခဲ့သော တိပိဋကဓရ ဆရာတော်၏ သာသနာပြုရေး ခရီးတစ်လျှောက်တွင် မိုးမိတ်ကုန်းမြေသည် အရေး ပါလှသော၊ နောင်နှစ်ပေါင်းရှည်ကြာအောင် တည်တံ့မည် ဖြစ်သော အကျိုးဆက်မပြတ် ဆက်လက်စေမည် ဖြစ်သော၊ စခန်းသာကြီး၊ အခြေစိုက်ရာကြီး ဖြစ်လာပါပေပြီ။ လွန်ခဲ့သော ငါးနှစ်၊ ခြောက်နှစ်က ဆရာသည်။ ဆရာတော်သည် သူ၏အခြေစိုက်ခဲ့ရာ ဓမ္မနာဒ၏ ကျေးဇူးကိုမမေ့။ထိုကျောင်းတွင် လွန်စွာမွေ့လျော်သည်။ မန္တလေးမြို့သို့ တရားဟောကြွသွားပြန်လျှင် ပြီးသည်နှင့် ညအချိန်အခါ လင့်စေကာမူ မြစ်ကိုဆန်၍ ပြန်လည် ကြွတတ်သည်။ ရောက်သည်နှင့် ကျောင်းသို့ လှည်းယာဉ် တစ်စီးဖြင့် ပြန်ပြီးမှ နားသည်ဟု သူ့လှည်းမောင်းလေ့ရှိသည့်ရွာသားမိတ်ဆွေက ပြောသည်။

ဓမ္မနာဒမှ မိုးမိတ်ကုန်းမြေသို့ ဆရာတော်ကြွသွားသည်။ အလှူပွဲရှိသဖြင့် ကိုယ်တိုင် တရားတစ်ပုဒ်ချီးမြှင့် ရေစက်ချပေးဖို့ဟုဆိုသည်။ ဆရာတော် ဤသို့ ကိုယ်တိုင် ချီးမြှင့်ပါမှ အလှူရှင်တို့အားရကျေနပ်ကြသည်။ ကိုယ်လက်နွမ်းစေကာမူ ရွယ်တော်အားဖြင့် ပို၍ငယ်မလော၊ ဇရာဟုလည်း မဆိုသာ၊နူပျို့သန်စွမ်းသည်ဟုကား ပြောရန်ခက်။ စိတ်ရောက်သလောက် ခန္ဓာဝန်ကို ထမ်း၍ လိုက်ပါရန် ဝန်မလေးစ ပြုချိန်တွင် မေတ္တာစေတနာမှ ပေါက်ဖွားလာသော အားမာန်ဖြင့် အလှူရှင်များ၊ ဒကာများ၏ ဆန္ဒကို လိုက်လျော်လျက်ရှိသေးသည်။ ကိုယ်တော်အတွက် စိုးရိမ်၊ ကိုယ်စားမောပေမည့် လက်မှိုင်ချရမည်ကဲ့သို့ရှိကြကုန်သော သမားတော်ကြီးများကိုလည်း တစ်ဖက်တွင်ဆရာတော် ငဲ့ညှာအားနာသည်။





မိုးမိတ်မီးစက်ကြီးမှ မင်းကွန်းတောင်ရိုး မီးလိုင်းဆက်ပုံ

တော်သည် ဤစခန်းကို စိတ်ကူးခဲ့ဖူး၏။ စိတ်ကူးကို ဒကာဒကာမတို့အား မြွက်ဟမိန့်ကြားခဲ့ဖူး၏။ မိမိအား နိုင်ငံတော်က ထိုက်ထိုက်တန်တန် ဆက်ကပ် လှူဒါန်းခဲ့သော ဘွဲ့တော်အဆူဆူ နှစ်စဉ် အလှူတော် အရပ်ရပ်ကို မ,တည်၍ စခန်းကို စတင်ခဲ့၏။ ယခုမူ သာသနာ့ အာဏာနည် တို့၏ ဖွားရာမြေအဖြစ်သို့ မိုးမိတ်ကုန်းမြေသည် ရောက်ပါမလပြီ။

ပညာဓိဂၢဆုကြီးပန် ဆရာတော်သည် ဝီရိယာဓိက ပုဂ္ဂိုလ်ထူးလည်း ဖြစ်တော်မူပါပေ၏။ ကျွန်တော်တို့ မိုးမိတ် ကုန်းမြေတွင် ယခုတစ်ခေါက် ကန်တော့ရသော ဆရာတော်သည် လုပ်ငန်းကြီးများ.မှ ခေတ္တနားနေအပန်းဖြေရခြင်းသာ ဖြစ်၏။ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီး၏ အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်ရသော တာဝန်များကား သေးငယ်သည်မဟုတ်၊ စီမံခန့်ခွဲစည်းရုံးရသည့် ကိစ္စများအပြင် ဝိနိစ္ဆယ မှုခင်းကိစ္စများပါ အကျုံးဝင်သဖြင့် စိတ်ရှုပ် ကိုယ်မောစရာများဖြစ်သည်ဘဲ။ ဓမ္မနာဒကျောင်းတွင် ကျမ်းများကို ဖတ်ရင်း၊ ပြုစုရင်း မွေ့လျော်ခဲ့သော ဆရာတော်အဖို့ တစ်ဘဝ ဖြစ်ပေလိမ့်မည်။ သို့ရာတွင် ထိုမျှသာမကသေး၊ မလွန်ဆန်လှူသင်း အတွက် ကောင်ရိုးပျော် သံဃာတော် သီလရင်များ အဖို့ အထက်အောက် နိုင်ငံလုံးတရား ဟောသာသနာပြုထွက်ခဲ့သော ဆရာတော်၊ နောက်ပိုင်းတွင်မဟာဝိဇယ စေတီတော် တည်ရေး၊ ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့တို့တွင် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးများကို တစ်ပြိုင်တည်းလိုပြည့်စုံစွာ ဖွင့်လှစ်နိုင်ရေးအတွက်ပင်း အရေးပါစွာပါဝင် ထမ်းဆောင်ခြင်း၊ ဦးဆောင်ခြင်းကို ပြုရသေးသည်။

တစ်ခါက ရန်ကုန်မြို့တွင် ဆရာတော်အား ကန်တော့ရန် သွားရောက်ရင်း ဤသို့သော လုပ်ငန်းကြီးများကို ဆရာတော် အဓိကကျရာနေရာမှ

တာဝန်ယူ ဦးဆောင်ရသဖြင့် ပင်ပန်းနေပါမည် လားဟု ဆရာတော်ကိုယ်စား စိုးရိမ်စွာ မေးလျှောက်ခဲ့ဖူးသည်။ ဆရာတော်က ''ဒကာကြီး၊ ဘုန်းကြီးမပင်ပန်းဘူး၊ ဒီသာသနာပြု လုပ်ငန်းကြီးများကို ပါဝင်လုပ်ဆောင်ခွင့်ရတာကိုပဲ ပျော်နေတာ၊ ကြီးမြတ်သော ဒုလ္လဘကြီးလို့ မှတ်ယူနေတာ၊ ပြီးတော့ ဘုန်းကြီးတစ်ဦးတည်းလုပ်ဆောင်ရတာမဟုတ်ပါဘူး၊ နာယကဆရာတော်ကြီးများလမ်းညွှန် ဩဝါဒနှင့် ဒကာကြီး ဒေါက်တာသာလှတို့ တိပိဋကနိကာယ သာသနာပြုအဖွဲ့တို့နှင့် အင်မတန် တက်ညီလက်ညီဖြစ်နေတာ၊ ဘုန်းကြီးက ကိုယ်ခွဲတွေရနေတာ၊ ပြီးတော့ ဒီလုပ်ငန်းကြီးတွေနဲ့ ပတ်သက်လို့ နိုင်ငံတော် အကြီးအကဲများ၊ ပြည်သူများရဲ့ သဒ္ဓါတရား၊ ဝိုင်းဝန်းကူညီမှုကလည်း အပြည့်အဝ ကြုံကြိုက်ခဲလှတဲ့ အခါအခွင့်ကောင်းရနေတာ၊ ပြီးစီးမှာဗျ၊ ပြီးစီးမှာဗျ''ဟု အားရဝမ်းသာ မိန့်ကြားတော် မူပါသည်။

ကျွန်တော့်မှာ ဤမျှ ကြီးမားသော လုပ်ငန်းတာဝန်များကို လုပ်ဆောင်ရသည်မဟုတ်၊ အိမ်လေးတစ်ဆောင်လောက်ကိုပင် ဆောက်လုပ်ရာတွင် အိမ်သူ လုပ်နိုင်လွန်း၍ ပြီးမြောက်သင့်သလောက် ပြီးမြောက်ရသည်။ကျွန်တော်က ဘေးမှ ဝေဖန်ရုံ၊ မောနေရုံဖြင့်သာ ကူညီနိုင်ခဲ့သည်။ ဆရာတော်ဘုရားနှင့် တပည့်ကျွန်တော် ဝီရိယချင်း၊ သဒ္ဓါယုံကြည်မှုချင်း၊ သန္နိဋ္ဌာန်ချင်း ကွာခြားပါဘိခြင်းဟု မနှိုင်းယှဉ်ရာ၊ နှိုင်းယှဉ်မိပါသေးသည်။ မိမိ၏ လောကီ၊ လောကုတ္တရာရေးရာတို့တွင် အားငယ်မိလျှင်၊ အားလျော့မိလျှင်ဆရာတော်မိန့်မှာစကား၊ဆရာတော်၏ ဝမ်းပန်းတသာ အောင်စိတ်၊ အားမာန်ထားရှိခြင်းတို့မှ စံနမူနာယူအားယူရပါသည်။

သည်တစ်ခေါက် မိုးမိတ်ကုန်းမြေသို့ အိမ်သူဖြင့် မိသားစု မိတ်ဆွေများ ရောက်လာကြသော အခါကြေကွဲဝမ်းနည်းစရာ၊ လွမ်းစရာလေးတစ်ခုကိုကား တွေ့ရှိ ခံစားခဲ့ရပါသည်။ အခြားမဟုတ် မင်းကွန်း တိပိဋကနိကာယ သာသနာပြု အဖွဲ့နာယက ဆရာတော်တစ်ပါး ဖြစ်ခဲ့ပါပေသော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအရိန္ဒမ၊ အရိယ မဂ္ဂင်ချောင် ဆရာတော်ကြီး ကွယ်လွန်ခဲ့ပြီးဖြစ်ကြောင်း ကြားသိရ၍ဖြစ်သည်။ ဆရာတော်ကြီးသည် သက်တော် ၉၀ကျော်အထိ သန်မာတုန်း၊ မင်းကွန်း



နိုင်ငံတော် ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ အရိယမဂ္ဂင် ဆရာတော်ဘုရားကြီး ပုံတော်



အရိယမဂ္ဂင် ဆရာတော်ဘုရား ကိုယ်တိုင်တော် ကြီးကြပ်ကွပ်ကဲလျက်....

တောင်ရိုးကို ခြေကျင်ကြွတုန်း၊ ကျွန်တော်တို့ ဓမ္မနာဒကို သွားကြလျှင် မဂ္ဂင်ချောင်မှ ဓမ္မနာဒ ကျောင်းသို့ သဲလမ်းကြောင်းကို ဖြတ်ကျော်၍ ကြွလာကာ ဆုပေး ချီးမြှင့်တုန်း၊ မိုးမိတ်ကုန်းမြေကို ကြည့်ရှု ကွပ်ကဲတုန်း၊ ဂိုဏ်းပေါင်းစုံ သံဃာ့ အဖွဲ့ကြီး၏ ဦးဆောင်အဖွဲ့များ ညီလာခံများသို့ ကြွလာတုန်းဖြစ်လေသည်။

မဂ္ဂင်ဆရာတော်ကြီး၏ ဆုပေးကို အသံရောအနက်အဓိပ္ပာယ်ပါ ကျွန်တော်နှစ်သက်လှသဖြင့် ထိုစဉ်က သာသနာရေး ဦးဗိုဒ္ဓဇန ညွှန်ကြားရေးမှူးချုပ်၊ ယခု ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်ညွှန့်နှင့်အတူ ဆရာတော်ဘုရားကြီး ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ ကြွရောက်စဉ် ဆရာတော်၏ ဆုပေးကို တိတ်ခွေဖြင့် အသံ သွင်းခဲ့သေးသည်။ အသံသြဇာကောင်းကောင်းဖြင့် ဖြည်းဆေးစွာ အသံသွင်းပေးရာတွင် မဏိဇောတရ ပတ္တမြား မျက်ရှင်ရသဖြင့် လိုရာဆန္ဒ အဝဝ ပြည့်ဝအောင် မြင်သည့်နည်းတူ၊ ရန်အပေါင်း "ဖြူ၊ နီ၊ကြောင်ကြား ဗကပများ" အပါအဝင်ကိုပါ အောင်နိုင်၍ လိုရာပြီးမြောက် ပြည့်စုံစေ ဆုပေး၍ လည်းကောင်း၊ နိုင်ငံတော် အကြီးအကဲ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် အဆင့်ဆင့်မှ နိုင်ငံ ခေါင်းဆောင်များသည်ကာယသုခ၊ စိတ္တသုခဖြင့် အများပြည်သူ အကျိုးကို ပြုနိုင်ကြစေဟူ၍ "ယထာ ရက္ခိ သုပေါရာဏာ" အစချီ ဂါထာဖြင့် ဆက်၍ လည်းကောင်း ဆုတောင်းပေးသေးသည်။ အဆုံးတွင် ကျွန်တော်တို့အား "ဓံ-ဟောတု" ပေးတော်မူသောဆုဖြင့် ပြည့်ပါစေဟု လိုက်၍ ဆိုစေသည်၊ သာဓု သုံးကြိမ် ခေါ်စေသည်။

မဂ္ဂင်ဆရာတော် ဘုရားကြီးက မိမိ ပျံလွန်တော်မူလျှင် တစ်ပတ်တာထက်ပို၍ မခစာင့်ဘဲ စျာပနတွင် အခမ်းအနား ပကာသန မပါစေဘဲ၊ စရိတ်မကုန်သင့်ရာ မကုန်စေဘဲ ဆောင်ရွက်ကြရန် တပည့်တို့အားမှာကြားခဲ့သည်။ မဂ္ဂင်ချောင်ကိုသာ မူမပျက် ညီညွတ်စွာ ထိန်းသိမ်း၍ သာသနာပြုရစ်ကြဟု မိန့်မှာသဖြင့် ရိုးရိုးယဉ်ယဉ်

ဈာပနမှုကို ဆရာတော်ကြီး ဆန္ဒအရ ထိုအတိုင်း ပင် နေထိုင် ကျင့်သုံးသော တိပိဋ္ဌက ဆရာတော် က ကြီးမှူး၍ သူနှင့်အတူ သာသနာပြု ခရီး တစ်လျှောက် ညီရင်း အစ်ကိုကဲ့သို့ လုပ်ဆောင်ခဲ့ ကြသော ဆရာတော်ကြီးကို သင်္ဂြိုဟ်ခဲ့သည်ဟု သိရပေသည်။

တိပိဋ္ဌက ဆရာတော်ကိုယ်တိုင်လည်း ပင်ပန်း နွမ်းနယ်ရသည့် ဒဏ်ကြောင့် ၁၉၇၄ခုနှစ် ကုန် ပိုင်းတွင် သက်တော် စိုးရိမ်လောက်သည့်အထိ ရောဂါ၊ဝေဒနာ ခံစားခဲ့ရသည်။ ထိုသတင်းကို ကြားရသော မန္တလေးမြို့၊ ရန်ကုန်မြို့တို့မှသမား တော်များသည် အဖွဲ့ ဖွဲ့ကာ ဖိဖိစီးစီး ကုသ၍ အသက်လုခဲ့ကြသည်။ ဆရာတော်က ဝိနည်းတော် နှင့် တိကျ ကိုက်ညီသော ကုသမှုကိုသာ ခံယူသဖြင့် အတော်ပင်စိတ်ရှည်စွာ အမျိုးမျိုးသော နည်းတို့ ဖြင့် ကုသခဲ့ရာမှ ပြန်၍ ထူလာခြင်းဖြစ်သည်။တိုက် တိုက် ဆိုင်ဆိုင် ကျွန်တော်သည်လည်း တော်အချိန် လောက်တွင်ပင် ဆီးချိုရောဂါ၏ ချုံခို တိုက်ခိုက် ခြင်းကို ငိုက်မိ ခံလိုက်ရသောကြောင့် ဗုန်းဗုန်း လဲခဲ့ရသည်။ မြောက်ဥက္ကလာပဆေးရုံ၊တပ်မတော် စစ်ဆေးရုံတို့မှ သမားတော်များ၊ သူနာပြု ဆရာ၊ ဆရာမများ၏ ကျေးဇူးကြောင့်သာ နဂိုမူမပျက် ပြန်၍ ထူထူထောင်ထောင် တစတစ ဖြစ်လာရပါ သည်။ ဆေးရုံမှနေ၍ ဆရာတော် ကျန်းမာပါစေ၊ လုပ်ငန်းလက်ငုတ်များ ပြီးမြောက်သည်အထိစိတ် တိုင်းကျ ဆောင်ရွက်နိုင်ပါစေဟု ဆုတောင်းခြင်း



အထက်ပုံ။ ။၁၃၁၈-ခုနှစ်ကပင် အသင့်ပြုလုပ် စီ
ထားခဲ့သော အရိယမဂ္ဂင် ဆရာတော်
ဘုရားကြီး၏ အရိုးအိုးစေတီ

အောက်ပုံ။ ။နိကာယ် သံဃာများ ကိုယ်တိုင်
အလောင်းတော်ကို ထမ်း ဆောင်
လာတော်မူကြစဉ်

ဖြင့်လည်း မိမိ၏ ဝေဒနာကို မေ့နိုင်သမျှမေ့၊ ပေါ့နိုင်သမျှ ပေါ့စေရပါသည်။

မန္တလေးမြို့နေဖခင် ဦးဆင့် ဆုံးစဉ်ကလည်း တိုက်တိုက်ဆိုင်ဆိုင်ပင် ဆရာတော် မန္တလေးသို့ ကြွနေခိုက် ကြားသဖြင့် ကြွရောက်၍ ကျွန်တော်တို့ မောင်နှမများအား တရားပြ အားပေးမှု ပြုခဲ့ပါသည်။ ဆွမ်းသွတ်ပွဲသို့လည်း မင်းကွန်းမှကြွရောက်၍ တရား ချီးမြှင့်ခဲ့ပါသည်။ ဆရာတော် အားပေး တရားပြကာမှ ကျွန်တော့်မှာ မျက်ရည်မဆည်နိုင်ဖြစ်ခဲ့မိပါသေးသည်။ ကျွန်တော် ၁၆နှစ်၊ ၁၇ နှစ်ခွဲယ်ဘွင် မိခင် မင်းကွန်းသို့ စစ်ဘေးမှ ခိုလှုံရန် သွားရောက်ရင်း ဆုံးသွားရာတွင် အသက်မမှီလိုက်။ ထိုမှနေ၍ တပ်မတော်ထဲလိုက်၊ ရန်ကုန်မြို့တွင် ဟိုဌာန ဒီဌာန၊ နိုင်ငံတော် ကျေးဇူးဖြင့် နိုင်ငံခြားသို့ ပညာသင်သွား၊ ဟိုရောက် ဒီရောက်နှင့် လေလွင့်ရွက်ဝါဖြစ်ခဲ့ရသည်။ ဖခင်ကို စောင့်ရှောက် ကူညီခြင်း မပြုလိုက်ရ၊ ရောဂါသည်းလာသောအခါ ဆွဲသည်း မပြုစုလိုက်ရ၊ ရောက်သွားသောအခါ ဆွဲလည်း အသက်ပင် မီစေကာမူ စကားမေးမရ၊ တစ်နှစ်လျှင် တစ်ခါခန့် သွားရင်း လာရင်း ဝင်ရောက် နှုတ်ဆက်သော အခါ၌လည်း စကားကားများများ မပြောတတ်၊ အိမ်သူမြင့်မှ တဆင့် ဖခင်က မေးစရာ မေးသည်ကို ဖြေကြားပြောဆိုကြပြီး၊ ကျေနပ် ဂမ်းသာစွာ ပြုံးရွှင်သော ဖခင် နေတတ်သည်ဘို့ကို ပြန်လည် သတိရ၍ ဆရာဘော်၏ အားပေး တရားပြသည့် ကြားမှပင် မျက်ရည်ကျခဲ့မိခြင်း ဖြစ်ပါသည်။

သို့ရာတွင် ယခင်ယခင်ကပင် ဆရာတော် ကျွန်တော့်အား ဆုံးမခဲ့ဖူးသော စကားကိုမူ အမြဲမပြတ် ဆင်ခြင်ပါသည်။ "ဒကာ၊ မီးပုံထဲမှာ လန်းဆန်း ဝေဆာစွာပွင့်သော ပဒုမ္မာ ကြာပန်းလိုဖြစ်အောင်ကျင့်" ဟူသောအဆုံးအမဖြစ်ပါသည်။ပတ်ဝန်းကျင်တွင် ဒေါသမီး၊ လောဘ၊ မာန်မာန မီးလျှံတို့သည် တောက်လောင် ပူပြင်းလျက်သာ ရှိနေမည်သာတည်း။ ထိုမီးလျှံတို့မှ ပြေး၍လည်း လွတ်မည်မဟုတ်၊လုပ်ငန်းဆောင်တာတို့၏ တာဝန်ကြောင့် မယား၊ သားသမီး၊ ယခုမူ သူတို့ ခေါ်ဆောင်လာကြသော သမီးခွေးမ၊ သားသမက်၊ သူတို့က ကျွန်ဘော်တို့နှစ်ဦးအား လက်ဆောင်ပေးကြသော မြေးများတာဝန်ကြောင့် ပူလောင်သော မီးတို့မှ ဝေးမည် ကင်းမည်လည်း မဟုတ်သေး။ ထို့ကြောင့် မီးပုံထဲတွင် ပွင့်သောကြာပမာ အေးချမ်း တည်ငြိမ်စွာသာ တတ်နိုင်သမျှ နေထိုင်နိုင်ရန် ကျင့်ရပါသည်။ လောဘမီး၊ ဒေါသမီးတို့ မိမိတွင် တောက်လောင် လာပြန်လျှင်လည်း တတ်နိုင်သရွေ့မြန်မြန်၊ တတ်နိုင်သရွေ့ အပြီးအငြိမ်း ငြိမ်းသတ်ရန် ကြိုးစားရပါသည်။ မိခင်၊ ဖခင်တို့၏ ရုပ်ကလာပ်ကိုရှု၍ မျက်ရည် ကျဆင်းကာ ငိုယိုမိသည့် အဖြစ်မျိုးကား မဖြစ်တော့ပါ။ ငိုချင်လျှင် မစိုသော မျက်ရည်ဖြင့်၊ မရှိုက်သော သက်ပြင်းတစ်ချက်ဖြင့်သာ ကျိတ်၍ ငိုပါသည်။ တရားဖြင့်သာ ဖြေပါသည်။

ခိုးမတ်ကုန်းမြေသည်ကား ငြိမ်းချမ်းရာ စမန်းသာ၊ လောဘ၊ ဒေါသတို့ ပါးသော အေးရိပ်သာ၊ သာသနာ့ အာဇာနည်တို့ ဖွားမြင်ရာ၊ အားယူရာ၊ သာသနာ့ အမွေအနှစ်တို့ကို ထိန်းသိမ်းပျိုးထောင်ရာ၊ အေးမြသော နိဗ္ဗာန်လမ်းကို ညွှန်ရာ ထူးမြတ်သော မင်္ဂလာနေရာ ဖြစ်ပါပေသည်။ ထိုနေရာကို စိတ်ကူးမှသည် တကယ်အဖြစ်သို့ ရောက်အောင် ပို့ဆောင် ဖန်တီးပေးခဲ့သော တိပိဋကဆရာတော်ဘုရား ချီးမြှင့်သော သံလကို ခံယူကြပြီး ကျွန်တော်တို့ မိသားစုနှင့် မိတ်ဆွေများ၊ ကျေးဇူးတင် ကြည်နူးစွာ ကန်တော့ကာ မိုးမိတ်ကုန်းမြေမှတစ်ခါတစ်ခေါက် ပြန်ခဲ့ကြပါသတည်း။

ခေါက်တာ မောင်မောင်။

ပလီတော ရဂဝထွန်း

“ငါနှင့် ငါ့ဆရာအတူ ပြန်သွားသော် ဆွေမျိုးတို့၏ ကြောင့်ကြ ပလီဗေဒဖြင့် ပါဠိအဋ္ဌကထာ စာပေကျမ်းဂန် ကောင်းစွာ မသင်ကြားရလတ္တံ့၊ သီဟိုဠ်ကျွန်း၌ နေရစ်၍ သင်ကြားပြီးမှသာ ပြန်သွားရသော် ကောင်း၏။”

အထက်ပါစကားကို သာသနာဝင် ကျမ်းစာတို့တွင် တွေ့ရ၏။ သာသနာနှစ် ၁၇၁၄၊ မြန်မာသက္ကရာဇ် ၅၃၂-တွင် ပုဂံပြည်မှ အရှင် ဥတ္တရာဇီဝမထေရ် သီဟိုဠ်သို့ကူးရာတွင် အသက်-၂၀ ပြည့် ဆပ္ပဒ္ဒ (ဆပ္ပဒသည်းဟူ) သာမဏေပါသွားသည်။ အရှင်ဥတ္တရာဇီဝမထေရ် သီဟိုဠ်မှ မြန်မာနိုင်ငံသို့ ပြန်ကြွသောအခါ အသက်ပ၊အတိုင်း ဆပ္ပဒ္ဒ (ထိုအခါ ရဟန်းဖြစ်စ)မထေရ်ငယ် အကြံဖြစ်ကာ သီဟိုဠ်တွင် နေရစ်၍ ပါဠိအဋ္ဌကထာ သင်ကြားနေလေ၏။

အမှန်အားဖြင့် ထိုသက္ကရာဇ် ၅၃၂ အချိန်အခါသည် မြန်မာနိုင်ငံ ပုဂံပြည်၌ သာသနာတော် ဧကလွန်တရာ ထွန်းလင်းနေသော အချိန်အခါ ဖြစ်၏။အလောင်းစည်သူဟု မြန်မာလူမျိုးတို့သိနေကြသော နဒုပတိစည်သူ (ပဏမစည်သူ)မင်းကြီးနန်းတက်ချိန်ဖြစ်၍ ပရိယတ္တိ သာသနာတော်၏

ရွှေဆောင်ဖြစ်ခဲတော်မူကုန်သော အရှင်ဥတ္တရာဇီဝ မထေရ်အပြင် ယင်းနှင့် တခေတ်တည်းလိုလို ဖြစ် တော်မူကြသည့် သဒ္ဒနီတိကျမ်းပြုဆရာတပည့်များ ဟု ဆိုရသော အရှင်အဂ္ဂပဏ္ဍိတ၊ အရှင်မဟာအဂ္ဂ-ပဏ္ဍိတ၊ အရှင်အဂ္ဂဝံသတို့လည်း သက်တော် ထင် ရှား ရှိနေကြသေးဦးမည်။ ရဟန္တာ ဖြစ်သည့် သာသနာပြု အရှင်အရဟံမထေရ်မြတ် လွန်တော် မူ၍ဖြား၍ အချိန်များစွာမကြာသေးမီကာလဖြစ်သော ထီးလှိုင်ရှင် ကျန်စစ်မင်းကြီးခေတ်နှင့် တဆက် တည်းဖြစ်သဖြင့် အာနန္ဒာဘုရားခေါ် နန္ဒာဂူဟု လည်း ခေါ်သော ဂူဘုရားကို ဟိမဝန္တာ ဂန္ဓမာဒန တောင်ရှိ နန္ဒမူလယိုဇော်ကို တုပ၍ တည်စေတော် မူခဲ့သည့်ရဟန္တာအရှင်မြတ်ကြီးများပင် သက်တော် ထင်ရှား တည်ရှိတော်မူနိုင်ပေသေးသည်။ အထူး အားဖြင့် "ချာသော ဝိမလဗုဒ္ဓိနာ" ဟုသဒ္ဒါသမိုင်း ထိုးရသော ချာသကျမ်းပြု အရှင် ဝိမလဗုဒ္ဓိနှင့် လည်း တခေတ်တည်းပင်ဖြစ်ကြောင်း သိရပေ သည်။

ပရိယတ္တိသင်ကြားရေး၌ မြန်မာနိုင်ငံအနေဖြင့် လက်ပမ်းပေါက်ခတ် ပြတ်ပြတ်သားသားပြိုင်ဖက် ရှားမျှ သင်ကြားပေးနေနိုင်သော အချိန်ဖြစ်လင့် ကစား အရှင်ဆပွဋ္ဌသည် မြန်မာနိုင်ငံသို့ မပြန်ဘဲ သီဟိုဠ်တွင် ပရိယတ္တိသင်ကြားရန် နေရစ်ခဲ့ခြင်း မှာ အထက်ပါစကားအရ ပလိဗောဓကို ရှောင်လွဲ ခြင်းသာဖြစ်ကြောင်း သိသာပါ၏။ ဆိုလိုသည် ကား မြန်မာထက်သာလွန်၍ သီဟိုဠ်တွင် စာပေ သင်ကြားနေခြင်းမဟုတ်။ ပလိဗောဓ ကင်းကင်း ရှင်းရှင်း လင်းလင်းနှင့် ပြင်းပြင်းထန်ထန် ကြိုး စား လိုသောကြောင့်သာ ဖြစ်ပါခြေ၏။

ထိုသို့ ပလိဗောဓကင်းရှင်းစွာ ကြိုးစား သင် ကြားခဲ့ခြင်းကြောင့်ပင် အရှင်ဆပွဋ္ဌသည် ၁၀-နှစ် မျဖြင့် ပိဋကသုံးသွယ် ပင်လယ်ကူးမြောက် တဘက်

ကမ်းပေါက် အဖြစ်ဖြင့် မြန်မာနိုင်ငံသာသနာတွင် ဆရာတစ်ဆူ ဖြစ်တော်မူခဲ့ပေသည်။

ဆိုပါဦးအုံ....

သာသနာနှစ် ၁၈၉၅၊ မြန်မာ သက္ကရာဇ် ၇၁၇ တွင် နန်းတက်သည့် ဆင်ဖြူလေးစီးရှင် ကျော်စွာမင်း လက်ထက်၌ ''ဆူးတွင်းပစ် ဆရာတော်'' ဟူ၍ ပေါ်ပေါက်ခဲ့ဖူးသည်၊ ထိုမင်း၏ နန်းရင်းဝန် မင်းတိုင်ပင်အမတ်ကြီးမှာ အဘိဓာန်ဋီကာပြု စတုရဂ်ဗလ အမတ်ကြီးဖြစ်သည်။ ယင်း အမတ်ကြီးကပင်....

> ''ရွှေဖဝါးတော်အောက်၊ကွန်၏လျှောက်ဖြင့်၊ မလျှောက်ဝံ့ဝံ့၊ လျှောက်ဝံ့ဝံ့တည့်၊ ကြောက်ရွံ့လျက်ပင်၊စက်ရွေစင်ကို၊ထိပ်ပြင်ပန်းနှယ်။ ဆင်စမွယ်လျက်၊ နိကာယ်လုံးစုံ၊ ကျမ်းသုံးပုံဝယ်....''

စသည်ဖြင့် ပိဋကတ်နိကာယ်လာ ခဲရာခက်ဆစ်တို့ကို မေးမြန်းရလောက်အောင် တတ်ကျွမ်းတော်မူသော ဖော်ပြပါ ဆူးတွင်းပစ် ဆရာတော်ကား ပုဂံဆရာတော် ဟူ၍လည်းကောင်း၊ သဒ္ဒသာရတ္ထဇာလိနီ သဒ္ဒါကျမ်းပြု အရှင်နာဂိတ ဟူ၍လည်းကောင်း ထင်ရှား ကျော်ကြားလှသည်။ ယင်း ဆရာတော်ဘုရား၏ ထေရုပ္ပတ္တိ ဖြစ်စဉ်မှာလည်း ပလိဗောဓကို ရဲရဲတောက် ရှောင်ခွာ၍ စာပေ ပရိယတ္တိတို့ကို သင်ယူခဲ့ကြောင်း တွေ့ရပေသည်။

ဆရာတော်ငယ်စဉ် ကျောင်းသား ဘဝက ကျောင်းမသွားလိုဟု မိဘအနီးတွင်ကပ်၍ နေရာ ဖခင်က ကျောင်းသွားရန် အတန်တန်ပြောသည်။ ပြောမရ၍ ဆူးချုံဆူးတွင်းထဲသို့ တွန်းချလိုက်၏။ ဖခင်၏ ဆူးချုံဆူးတွင်းထဲသို့ တွန်းခြင်းကို ခံရသဖြင့် စိတ်နာ၍ ထွက်ပြေးသွားလေရာ ဘယ်မှာမှ သတင်းမရ ဖြစ်နေလေ၏။ အမှန်မှာ သူငယ်သည် သူ့ဇာတိ ပင်းယ သာစည်မှ ပုဂံပြည်အရောက် ပြေးသွားပြီး ပရိယတ္တိ ကျောင်းတိုက်တစ်တိုက်တွင် ကျောင်းသားမှရှင်, ရှင်မှ ရဟန်းဖြစ်သည့်အထိ နေ၍ ပလိဗောဓကင်းရှင်းစွာ စာပေသင်ကြားနေလေသည်။ ဉာဏ်ပညာရှိ၍ စာပေ ရမိလှသော

ကြောင့် ရောက်ရာအရပ်တိုင်းမှာ ဓာရာတို့ ခိုးမြွင့်မစသဖြင့် ကျော်စောထင်ရှား၍ နေလေသည်။

ထိုအခါ မိဘတို့သည် ကာလ ကြာမြင့်သဖြင့် သေသည်၊ ရှင်သည် မသိ။ မြော်ခေါ်လွမ်းတလျက် သတင်းကိုသာ စုံစမ်း၍နေရာ ပုဂံပြည်တွင် ပင်းယပဉ္စင်းပျိုတစ်ပါး ကျမ်းဂန် တတ်မြောက်လှသည်ကြား၍ ငါတို့သားဖြစ်မည်မသိဟု အဖဒကာကြီး လိုက်သွား စုံစမ်းလေလျှင် သားပဉ္စင်းပင် ဖြစ်ကြောင်း တွေ့ရ၍ ကပ်ပိယအဖြစ်ဖြင့် လုပ်ကျွေးပြုစု၍ နေလေ၏။ စာပေကြိုးစားစဉ် မည်သို့မျှမဆို၊ ကျွေးမွေးတိုင်းသော ဆွမ်းပန်းကို သုံးဆောင်၏။ အခါတပါး၌ ဆွမ်းလုပ်ကျွေးသော အဖကပ်ပိယဒါယကာကြီးကို "ယနေ့ဆားငန်သည်၊ ယနေ့ဆားပေါ့သည်" စသည်ဖြင့် ပြောဖန်များလျှင် "အလျှင်ရှေး၌ မည်ကဲ့သို့မျှမဆို။ ယခု ဆိုဖန်များလှသည်"ဟု အဖဒါယကာကြီးက ဆို၏။ ထိုအခါသား ဦးပဉ္စင်းက "အလျှင်ရှေးက စာပေမကျ(စာမတတ်သေး)၊ ယခုမှ စာပေကျ(စာတတ်)၍ ကိုယ်လက် ဖြည့်တင်းလိုသဖြင့် ဆိုမိပေသည်"ဟု မိန့်ဆိုလေ၏။

ထိုစကားကို အဖကြားလျှင် "သည်လိုဆိုလျှင် ဦးပဉ္စင်းဒကာမကြီးလည်း မျှော်လှုလေပြီ၊ ရပ်ရွာသို့ ပြန်ကြကုန်စို့"ဟု ဆိုသဖြင့် ပြန်လာကြရာ ပင်းယမြို့သို့ ရောက်လာ၏။ ပင်းယတွင် ကျော်စွာမင်းသည် ရွှေကျောင်းတော်ကြီးကို ဆောက်လုပ်ပြီးစီးသော်လည်း ကျောင်းနေပုဂ္ဂိုလ် မတင်၊ သီလဝန်၊ဂုဏဝန်မှစ၍ စာပေပရိယတ်ရဲရင့်သော ပုဂ္ဂိုလ်တက်၍ နေစေဟု သတင်းစကား ဖြန့်၍ ထားလေသည်။ ပင်းယသို့ ဘုရားဖူးရင်း ဝင်ရောက်လာသောပုဂံပြန်ပဉ္စင်းငယ်သည်ထိုကျောင်းကို တွေ့၍ အကြောင်းကို သိသည်နှင့် တက်၍ နေလေတော့၏။

အစောင့်အရှောက်တို့က ရဟန်းငယ်တစ်ပါးတက်၍ နေသည်ကိုမြင်၍ မင်းအားလျှောက်ထားလေသော် မင်းကြီးသည် စတုရင်္ဂလအမတ်ကြီးကိုလွှတ်၍ စုံစမ်းမေးမြန်းစေသည်။အမတ်ကြီးသည်



ကျင်ငါးသောင်းတန် ကျောင်းဆောင်(၁၀)မှ(၁)ကျောင်း

ကျဉ်နှစ်သောင်း ငါးထောင်တန် ကျောင်းဆောင်(၂၀)မှ(၁)ကျောင်း

ပုဂံက ကြွလာသော ပဋ္ဌင်း ငယ်အား ပါဠိဘာသာဋီကာကျမ်း၀န် ခဲရာခက်ဆစ် မေးမြန်းစုံစမ်းရာတွင် မေးမြန်းတိုင်းပင် မြင်းကောင်းစိုင်းနှင့် ရေစင်ကရားလွှတ်သောလား ဖြေကြားနိုင်သည်ကို တွေ့ရသဖြင့် မင်းအား အကြောင်းပြုန်ကြား လျှောက်ထား၍ ကျောင်းတော်ကြီးကို ထိုပုဂ္ဂိုလ်အားပင် တင်လှူလေသည်။

ငယ်စဉ်က အကြောင်းကိုစွဲ၍ ဆူးတွင်းပစ်ဆရာတော်ဟုတွင်သည်။ ရဟန်းမည်ကား ရှင်နာဂိတဖြစ်၏။ ပုဂံကကြွလာသဖြင့် ပုဂံဆရာတော်ဟုလည်း ခေါ်လေသည်။ နောင်တွင် သဒ္ဒသာရတ္ထဇာလိနီသဒ္ဒါကျမ်းကို ပြုစုတော်မူလေသည်။ ထိုပုဂ္ဂိုလ်ကား မိဘတို့နှင့် ဝေးကွာစွာ ပုဂံပြည်သို့သွား၍ ကာလရှည်လျား ပလိဗောဓ ပယ်ရှားလျက် ပရိယတ္တိစာပေတို့ကို သင်ကြားသဖြင့် စာတတ်ပုဂ္ဂိုလ်တစ်ပါးအဖြစ် သာသနာ၀င်တွင် ထင်ရှားခဲ့ရပေသည်။

"ဤဌ ပလိဗောဓ" ကင်းရှင်း၍ စာပေတတ်ကျွမ်းကြသည်ဟု ထပ်ကာထပ်ကာ ဆိုခဲ့သဖြင့် စာပေတတ်ကျွမ်းမှု၏ အန္တရာယ်ကြီးဖြစ်သော ပလိဗောဓဟူသည်ကို ဖော်ပြသင့်နေပေပြီ၊ ထို့ကြောင့် ယင်းပလိဗောဓကို သိရှိနိုင်ရန် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ပါရှိသော ပလိဗောဓ ၁၀ပါးကို ဖော်ပြပါဦးမည်။

အာ၀ါသော စ ကုလံ လာဘော၊ ဂဏော ကမ္မဉ္စ ပဉ္စမံ။

အဒ္ဓါနံ ဉာတိ အာဗာဓော၊ ဂန္ထော ဣဒ္ဓိတိ ဓေ ဒသ။ (ဝိသုဒ္ဓိမဂ် ၁၊ ဂဖ)

ကျောင်း, ဒါယကာ၊ လာဘ်, ဂဏာ၊ မှတ်ပါ မှုကိစ္စ။

ခရီး, ဆွေမျိုး၊ရောဂါဆိုး၊တန်ခိုး, ကျမ်း၀န်ပ။

ပလိဗောဓာ၊ ဤဆယ်ဖြာ၊ မှတ်ပါ နှောင့်ယှက်ပြု။

ကျောင်းကန်, ဒါယကာ ဒါယိကာမ,လာဘ်လာဘ, ဂိုဏ်း၀ဏ, အမှုကိစ္စ, ခရီးသွားလာမှု, အဆွေအမျိုး, အနာရောဂါ, ကျမ်း၀န်သင်ကြား



ပြုစုခြင်းနှင့်စျာန်အဘိညာဉ်တန်ခိုးဟု ပလိဗောဓ ၁၀မျိုး ဝိသုဒ္ဓိမဂ်တွင် လာရှိသည်။ ယင်း ၁၀ မျိုးကို ဝိပဿနာဘာဝနာ ပွားများမှု၏ အနှောင့်အယှက် အဖြစ်ဖြင့် ဖော်ပြထားခြင်းဖြစ်၏။ ထို့ကြောင့်ပင် ဂန္ဆဟူသော ကျမ်းဂန်သင်ကြားခြင်း၊ ပြုစုခြင်း, ကဒ္ဒိဟူသော စျာန်အဘိ-ညာဉ်ဘန်ခိုးကို စောင့်ရှောက်ရခြင်းတို့ကို ထည့်သွင်းထားခြင်းဖြစ်လေသည်။

စာပေကျမ်းဂန် သင်ကြားသူတို့အတွက်ကား ရှေးရှစ်မျိုးကိုသာ လိုအပ်၏။ အထူးအားဖြင့် ငယ်ရွယ်သော ရဟန်းတော်များအနေဖြင့် အာဝါသ, လာဘ, ဂဏ, ကမ္မတို့ထက် ကုလနှင့် ဉာတိတို့မှာ အထူးအရေးကြီးသော ပလိဗောဓများဖြစ်လေသည်။ ဤစာ၌ ဖော်ပြသောဓက ပြုအပ်သော မြန်မာ့သာသနာဝင်လာ အရှင်ဆပ္ပဋ္ဌသည် လည်းကောင်း၊ အရှင်နာဂိတသည်လည်းကောင်း ကုလ ပလိဗောဓဟူသော မိဘတို့နှင့်အဆက်ဖြတ်၍ စာပေသင်ကြားခြင်း ဉာတိပလိဗောဓဟူသော ဆွေမျိုးတို့နှင့် ဝေးကွာရာတွင် သွားရောက်နေထိုင်၍ စာပေသင်ကြားခြင်းတို့ကြောင့် သာသနာဝင်ထင်ရှားလျက် ကျော်ကြားသော ပုဂ္ဂိုလ်ထူးများ ဖြစ်လာကြရပေသည်။

ဤ၌ ပလိဗောဓတို့ကို ဦးစားပေး၍ရေးသားဖော်ပြနေသည်မှာ စာရေးသူသည် ဤခြောက်နှစ်ခရီးစာစောင်အတွက် ဧာတစ်ပုဒ်ရေးသားရန် တာဝန်ကျစဉ် အရှင်ကုသလမထေရ်က, အခြားအကြောင်းထက် တိပိဋကနိကာယ စာသင်သားများနှင့် ပတ်သက်ရာ ပတ်သက်ကြောင်းကို ဦးစားပေး၍ ရေးသားစေချင်ပါသည်ဟူသော မိန့်ကြားချက်ကို သတိရ၍ဖြစ်ပါသည်။ ဤစာရေးခိုက်၌ တိပိဋကနိကာယ စာသင်သားတို့ အကြောင်းကို စဉ်းစား၍ ရေးသားရန် စိတ်ကူးလိုက်သောအခါ ကုလ, ဉာတိပလိဗောဓ ကင်းရှင်းစွာဖြင့် မိုးမိတ်ကုန်းမြေတွင် ကြိုးစား အားထုတ်နေကြသော စာသင်သားတို့အား မြင်ယောင်မိပေသည်။

ထိုအရှင်တို့တွင် စာရေးသူနှင့် ရင်းနှီးခင်မင်သူလည်းရှိသည်။ သာမာန်သိကျွမ်းရုံ သိကျွမ်းသူလည်းပါသည်။ လုံးဝ မသိကျွမ်း ရသေးသူကား



အများအပြား။ သို့သော် အားလုံးတူညီကြသည်ကား ထိုအရှင်အားလုံး၏ ဆရာသမား၊ ဆွေမျိုးမိဘများက ဤမျှ တစေ ဝေးကွာ လေ သော တိုပိုင်ုကနိကာယ မိုးမိတ်ကုန်းမြေသို့သွား၍နေရန် ခွင့်မပြုလိုကြပေ။ မည်သို့ပင်ဖြစ်စေ ထိုတိပိဋကနိကာယစာသင်သားအားလုံးသည် ဆွေမျိုးမိဘသံယောဇဉ်အဝဝကို ကျော်ခိုင်း၍ လာခဲ့ကြသူချည်းပင်ဖြစ်သည်၊

ဆွေမျိုးမိဘများကား စာပေသင်အံ့နေသော စာသင်သားတို့အဖို့ အမှန်ပင် ပလိဗောဓဖြစ်လေသည်။ဆွေမျိုးမိဘအနီးတွင်နေမိက ''သသောကိ သဟနန္ဒီစ၊ သုခေ သုခေါ ဒုက္ခေ ဒုက္ခော'' ဆိုသလို လူတခု ပူမျှဆယ်ကုဋေတို့ မိဘဆွေမျိုးတို့အား ပူလေတိုင်း လောင်လေတိုင်း အိမ်ရှေ့ပူ၍ အိမ်နောက်မချမ်းသာ ဖြစ်ရစမြဲပင်။ စာအုပ်ကိုချ ကူညီရ မုချစာသင်ပျက်ရုံမက ကြာသော် ကိုယ်တိုင်ဆောင်ရွက် အကူဖက်၍ လူထွက်ရသူများလည်းမရှား၊ ဤမျှကြီးမားသော ကုလပလိဗောကြီးများ ဖြစ်လေသည်။

ထို့ကြောင့်အကြောင်းအားလျော်စွာမန္တလေးမှ မင်းကွန်းသို့ ခဲခဲယဉ်းယဉ်း ကူးသွားကာ မိုးမိတ်တိပိဋကနိကာယဌာနသို့ ရောက်လေတိုင်း၊ ပလိဗောဓ ကင်းကင်းဖြင့် ရှင်းရှင်းလင်းလင်း လွတ်လွတ်ကျွတ်ကျွတ် စာပေကြိုးစား နေသော နိကာယ် စာသင်သားများကို မြင်ရလေတိုင်း၊ ပလိဗောဓကို ရှောင်ခွာ၍ နောင်အခါ သာသနာတော်ကြီး၏ ရှေ့တန်းစစ်မျက်နှာ၌ သာသနာပြုနေကြမည့် ဆရာတော်ကြီးများကို မြင်ယောင်မိတော့သည်။

ဤစာတမ်းငယ်ကား နိကာယ် စာသင်သားများထံသွားရောက်မလေ့လာနိုင်သည့်တိုင်အောင် နိကာယ်စာသင်သားတို့၏ အစဉ်တစိုက် ကြိုးစားနိုင်ရေးအတွက် အားဆေး တစ်ခွက်ဖြစ်လာနိုင်သော အကြောင်းအရာပင် ဖြစ်ပါကြောင်း ဦးကုသလ မထေရ်အား လျှောက်ထား လိုပါသဟည်း။ ။

ရဇဝဏ္ဏ်း



မိုးမိတ်ကုန်းမြေ တီ=နို ကျောင်းတိုက်သည် စစ်ကိုင်းမြို့နယ် မင်းကွန်းအုပ်စုထန်းမြင့်ရွာဦး ရောဝတီမြစ် အနောက်ဘက်ကမ်းနဖူးတွင် တည်ရှိပေသည်။ မင်းဝံ တောင်တန်းကြီးတို့နောက်ခံကာ တည်ရှိပြီး မိုးမိတ်စေတီ၊ စက်တော်ရော စေတီ၊ ရွှေဘုန်းပွင့်စေတီ၊ ကျောက်စာတိုက်၊ ပိဋကစေတီ၊ မဟာဂန္ဓကုဋိတိုက်၊ ကန်တော်ကြီး၊ မုစလိန္ဒာအိုင်၊ မဟာဗောဓိပင်ပျို၊ မဂ္ဂင်စောင်းတန်း၊ ကျောက်စာတိုက်စောင်းတန်း၊ ကန်တော်ကြီး ပန်းစောင်းတန်း၊ ကန်တော်ဦး တံတား၊ ဂဠုန်မင်းလမ်းတို့ဖြင့် တန်ဆာဆင်လျက် နိကာယ သံဃာတော်များ သီတင်းသုံးရာ ကျောင်းဆောက်ဝေါင်း ၆၀-ကျော်နှင့် ညီရိပ်သာ၊ ဇရပ်၊ တန်ဆောင်း၊ ဂူကျောင်း ပြာသာဒ် တို့ဖြင့်စည်ကားသိုက်မြိုက်လှပေသည်။ သံဃာတော်များ ဆွမ်း ကွမ်း ရေ မီးအတွက် လှူဒါန်းကြသော ဒါနရှင်များကား ရေမီးအတွက် ဝတ္ထုကျပ်ငွေ ၅၀၀ ကျပ်၊ နံနက် နေ့ဆွမ်းအတွက် ၁၀၀၀ ကျပ်ပင် လှူဒါန်းရသော်လည်း သဒ္ဓါတရား ထက်သန်စွာဖြင့် မန်းမြို့နှင့်တကွ အခြား မြို့ရွာများမှ လှူဒါန်းကြသော ကုသိုလ်ရှင်များကား ပြည့်ဝစုံလင်ပါပေသည်။

ဇနခင်းချိန်သာ လွန်သာယာ

အရှေ့ ယုဂန်စွန်းမှ ပေါ်ထွက်လာသော နေမင်းသူရိန်၏ ရောင်ခြည် တစ်ထောင်ကားတဖြည်းဖြည်းမြင့်လာချေပြီ။ နိကာယ အရှင်မြတ်တို့ကား စာကျက်ကြ၊

စာပြန်ကြ၊ စာအံသံတို့ကား အလွန်ပင်ကြည့်နှူးဖွယ် ကောင်းလှပါ၏။ ရောက်သူဖူးမြင်ရသူတို့မှာ ကြည်နှူးဖွယ်ရာ တရားဓမ္မ ရွတ်အံသံကို ကြားရ၍ မည်သူသဒ္ဓါတရား မဖြစ်ဘဲ ရှိမည်နည်း။ ဝိဝေက (ဆိတ်ငြိမ်ရာ)အရပ်ဟု ခေါ်ရလောက်အောင်ပင် ဆိတ်ငြိမ်လှပါသည်။ဘုရားရှင်တို့ကားဆိတ်ငြိမ်ရာ အရပ်တို့မှာသာ မွေ့လျော်ကြသလိုပင် နိကာယ အရှင်တို့နေရာ ကျောင်းဆောင်တို့ကား ဆိတ်ငြိမ်လှပါ၏။ဘုရားရှင်တပည့်သာဝကတို့ပီပီ ဆိတ်ငြိမ်ရာအရပ် မွေ့လျော်ကြပါပေသည်။ တစ်ခါတစ်ရံ ချိုးငှက်ကလေးများ၏ ''ကူးကူကု ကူးကူကု''ဟု ဆိုမြည်သံမှတစ်ပါး အခြားလူသူတို့ အသံမှာ အလွန်ပင် ကင်းဆိတ်လှပါ၏။ ထို့ကြောင့်လည်း ဘုရားရှင်က တောနေ ရဟန်းတို့ကို ''ရွာနီးကျောင်းမှာ ဈာန်သမာပတ်ကို ဝင်စားနေသော ရဟန်းထက် တောမှာ အိပ်နေသော ရဟန်းကိုပင် ချီးမွမ်းတော်မူသည်။'' မှန်ပါ၏၊ ရွာနီးကျောင်း ဈာန်ဝင်စားနေသော ရဟန်းမှာဈာန်မှ ထလျှင် ကလေးသူငယ်သံ၊ မိန်းမယောကျ်ားတို့ အသံကို ကြားရပါက ရုပြီးသော ဈာန်တရားထူးပင် ဆုတ်ယုတ်နိုင်လေသည်။ တောမှာ အိပ်နေသော ရဟန်းသည် ကျိန်းစက်ရာမှထလျှင် ဤမိုးမိတ် ကုန်းမြေကဲ့သို့ ချိုးငှက်ကလေးတို့၏ ''ကူးကူး'' သံ စတဲ့ ငှက်သံလေးများ ကြားရ၍ အရည်ကင်သညာဖြစ်လျှင် ၎င်းအရည်ကင် သညာကို အခြေခံထားကာ တောမှာနေခြင်းကြောင့် ဖြစ်သော ပီတိပဿဒ္ဓိစသော တရားများဖြစ်ပြီး ၎င်းတရားများကို ခယဝယ(အဖြစ်အပျက်တင်) တင်ကာ ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်တိုင်အောင် ရောက်နိုင် လေသောကြောင့် မိုးမိတ် ကုန်းမြေနိကာယသံဃာတော်တို့ စာကျက်စာပြန် စာအံဖို့ရန် နေရာရွေးချယ်တော်မူသော ဆရာတော်



မြစ်ဖြင့်မှ ရှုမြင်ရသော မိုးမိတ် ကုန်းမြေ

ဘုရား၏ ဥာဏ်အမြင်တော်ကား အလွန် ကြီးမား တော်မူပါသည်။ 'အဟော အာစရိယသဃုဏော' ဟုပင် ရေရွတ်မိပါတော့သည်။ သာယာလှသော မိုးမိတ်ကုန်းမြေမှာ နိဗ္ဗာန်လိုလားကာ လူဒါန်း ထားကြသော ဦးစကြီး ဒေါ်တင် မိသားစုတို့၏ ရေကန်တော်ပေါင်မှ နေ၍ ကြည့်ရှု ပါလျှင် မိုးသား တိမ်တောင်တို့ကား ရှစ်ခွင်ဌာနီမှ တက် လာချိန် ဖြစ်ပါ၏။ ကန်ပေါင်၏ ထီးရိပ်အောက်မှ လေးလီလေးဘက် ရှုထွက်စုံညီ ကြည့်ရှုမိပါလျှင် အရှေ့ဘက်ဆီ မှန်းမျော်ကြည့်သောအခါ မှိုင်းပြာ ဝေရီနေသည့် ရှမ်းတောင်တန်းကြီးတို့ နောက်ခံ ထားပြီး လွန်ခဲ့သည့် အနှစ်တစ်ရာကျော်ရဲ့ ကျက် သရေဆောင် မန်းမြို့နှင့် မန်းသေလာတောင် တို့ကို အဝေးမှ ခပ်ရေးရေး တွေ့မြင်ရပေသည်။ "ကုံ,စိတ်,ဥ, ဟာ ကြောင်းလေးဖြာတို့ ပြုပြင် စီရင်မှုခံရသော ရုပ်နာမ်ဓမ္မ သန်ဓါရ တို့ကား ဤသို့ အမြဲမရှိကုန်စွ" ကြက်ပျံမကျ စည်ကား လှသော ကုသဝတီ မင်းနေပြည်သည်ပင် ကုသိ-နာရုံမြို့ အနေနှင့် မြို့လက်တက်လေး ဖြစ်ခဲ့သး သည်။ သခ်ါရ ဘရားတို့ကား ဤသို့ မတည်မတ့ံ အရှည်မ့ခံ့ သော သဘောရှိပေသည်၊ နေမင်း သူရိန်သည် မိုးသားတိမ်လိပ်တို့ အုပ်ဆိုင်းရာက တိမ်တိုက်ကြားမှ နေရောင်ခြည်ဟာ ဆလိုက် မီးမောင်းထိုးထားသကဲ့သို့ ပြာလဲ့လဲ့ ရှမ်းတောင် တန်းနှင့် မန်းသေလာ တောင်တို့ကား သာယာ ရှုမောဖွယ် ရောင်ခြည် သန်းနေတာ တွေ့မြင်ရပေ သည်။ ကန်တော်ပေါ်မှကြည့်ရသည်မှာအလွန်ပင် ကြည်နူးဖွယ် ကောင်းလှပါ၏။ အနောက်တောင် ဘက်ကြည့်ပါလျှင်လည်းမိုးရာသီကြောင့်စိမ်းလန်း စိုပြည်နေသော သစ်ပင်တို့ဖြင့် အုပ်ဆိုင်းနေသော တောအထပ်ထပ် တောင်အစွယ်စွယ် လျှိုမြောင် အဆင့်ဆင့် တို့ဖြင့် တင့်တယ် လှသော မင်းဝံ

ကောအထပ်ထပ် တောင်အစွယ်စွယ် ရှိုမြောင်အဆင့်ဆင့်တို့ဖြင့်



သော မန်းသေလာတောင်နှင့် ရှမ်းရိုးမတောင်တို့ကား ညိုပြာပြာထဲတွင် ရောင်ခြည်ဖျက်သန်းပြီး နေသည်ကို ကြည့်ရသူတို့အဖို့ သဘာဝ ပန်းချီကားချပ် တစ်ခု ဖြစ်နေတော့သည်။ မှန်ပါ၏၊ ပန်းချီကားချပ်ကိုရေးဆွဲသူတို့သည် ကောင်းကင်၊ တောဟောင် ရေမြေဟူသော သဘာဝ ပန်းချီကား ချပ် ကို အတုယူ ရေးခြင်းပင် ဖြစ်သည်။ တောတောင်၊ရေမြေသမုဒ္ဒရာတို့ဟူသော သဘာဝ ပန်းချီကားချပ်ကို မည်သူမျှ ပြုပြင် ဖန်တီးသူ မရှိပါပေ။ နေ့အခါ အလင်းရောင် ပျောက်ပြီး အမှောင်ထု ကျရောက်သွားလျှင် ကမ္ဘာဦးလူသားတို့ ကြောက်ထိတ်လန့်ကြ၍ 'အရောင်အလင်းတစ်ခု ဖြစ်ပေါ် လာလျှင် ကောင်းလေစွ'ဟု သူတို့ တောင့်တကြသည်။ သူတို့တောင့်တချက် သူတို့ ဆန္ဒ အားလျော်စွာ 'ဆန္ဒ'သို့မဟုတ် 'စန္ဒ'ဟု ခေါ်သော လမင်းစန္ဒာကား အရှေ့ယု ဂန်စွန်းမှ တောင်တန်း၊ ရွှေမြင်တင် တောင်တန်းတို့ကား သဘာဝ၏ အလှပန်းချီကားချပ် တစ်ခုလို ကြည့်၍ ကောင်းလှသည်။ မိုးမိတ်စေတီတော်၊ စက်တော်ရာ စေတီတော်ဘို့နှင့် တောင်မြို့ ပုထိုးတော်ကြီးတို့ကိုပင် ကန်တော်ပေါ်မှ ကြည့်လျှင် ခပ်ရေးရေးမြင်ရပြီး နေ့ခင်းချိန်ခါ၏ရှုမျှော်ခင်းကား အလွန်ပင် သာယာရှုမောဖွယ် ကောင်းလှပါတော့သည်။

ညချမ်းချိန်ခါ ပြန်ရောက်ပါလည်း

နိကာယ ကျောင်းတိုက်၏ ညခင်းသည်ကား အလွန်ပင် သာယာလှပါ၏။ နေမင်းသူရိန်သည် အနောက် ဂေါယာကျွန်းသို့ ဝင်လုဆဲဆဲ ညနေဆည်းဆာ အချိန်လေး ဖြစ်၏။ ကောင်းကင်ပြင်တွင် ဝင်လုဆဲဆဲ နေရောင်ခြည် နုနုလေး၏ ရောင်ခြည် တိမ်နီကလေးများ ယှက်သန်း၍ နေချိန်ဖြစ်၏။ ဝင်လုဆဲဆဲဖြစ်၍ နေလုံးကား တောင်စွယ်တွင်ကွယ် ဆလိုက် မီးရောင်ထိုးသကဲ့သို့ ထိုးထား

ပေါ်ထွက်စ ပြုလာပြီ ''ဘုရားရှင်ကား တရားဓမ္မ ဖြင့် လောကဓာတ်ကြီး တစ်ခုလုံးကို အမြိုက် ရေစင် ဟူသော တရားဓမ္မဖြင့် ဟောကြား၍ နတ်လူပြဟ္မာသတ္တဝါတို့ အားမြမူ ရကြလေသည်။ စိုးရိမ်သောက ဗျာပါဒတို့မှ ကင်းဝေးရသကဲ့သို့ ပင်၊ လစန္ဒာကား ကောင်းကင်လျာမှ လောကဓာတ် တစ်ခုလုံး အားမြစေသည်၊ မိုးမိတ် ကုန်းမြေ၏ ကန်တော်ကား နေ့အခါ ကြည့်ရှုစရာ ဌာန ရှုခင်းရှုကွက် ကြည့်ရှု၍ ကောင်းသလို ညခင်း အတွက်ကား ကြည့်ရှုစရာ ဌာနဖြစ် ဖြစ်လေသည်။ ကန်တော်ပေါ်မှ ဘရှေ့ဘက်ဆီ မှန်းမျော်၍ ကြည့်ရှုပါလျှင် မြစ်မင်းရော၏ ရေ အလျဉ်ပေါ်တွင် ကျရောက် နေစဉ် များမှာ နို့ ရေအလျဉ်' သို့မဟုတ် ဘော် ငွေရောင် သွန်းဖျန်းထားသလို ဖွေးဖွေးဖြူလျက် ရှိပြီး၊ ဝင်းဝါသော အရောင် ဖျော့ဖျော့ကလေးပေါ်၍နေရာ အလွန်ပင် ညခင်း ၏ အလှကျက်သရေကို ဆောင်၍ နေတော့သည်၊ တစ်ဖန် အရပ်လေးမျက်နှာ ကြည့်ရှုပါလျှင်လည်း စိမ်းလန်းစိုပြည်နေသော သစ်ပင်တို့၏ အပေါ် တွင် ရွှေဝတ်မှုန် ရွှေရည်များ သွန်းဖျန်းထား သလိုပင် စိန်းလဲ့လဲ့ဖျော့ဖျော့ အရောင်ကလေး များမှာ ညခင်း၏ သာယာမှုကို သရုပ်ဆောင်နေ တော့သည်။လမင်းစန္ဒာရဲ့အရောင်ကား စိမ်းလန်း စိုပြည်နေသော သစ်ပင်များပေါ်တွင် ကျရောက် နေချိန်မှာ လေပြည်လေညင်းကလေး၏ဖြည်းညင်း သာယာ တိုက်ခတ်မှုကြောင့် စံပယ်၊ ဇွန်ပန်း၊ မြလေးပန်းနှင့် ညမွှေးပန်းတို့ ရနံ့ကား ကုန်းမြင့် သာယာတွင် ကြိုင်လှိုင်လျက် ရှိသည်။ ညခွဲ၏ တိတ်ဆိတ်မှုကလေးကား တရားဓမ္မဖြင့် မွေ့လျော် နေသော သူတော်စင်တို့အဖို့ အလွန်ပင် ကြည်နူး စရာ ကောင်းနေပါ တော့သည်။ ညခွဲယံမှာ ရံဖန်ရံခါ ငှက်ငယ်လေးများ၊ ဇီးကွက်လေးများ တို့၏ လရောင်ကြောင့် မြူးထူး ပျော်နေကြသည့်



စာပေဓမ္မ အားဆေးစွာ ကြည့်နိုင်ဖြို....

အသံမှတပါး အခြားဘာအသံကိုမျှ မကြားရပေ။ လေပြည်လေညင်းလေး တိုက်ခတ်မှုကြောင့် လ ရောင်အောက်တွင် အထင်းသား မြင်နေရသော ထုံးဖြူဖြူ မိုးမိတ်စေတီတော်စတဲ့စေတီတော်တို့ရဲ့ ဆွဲလဲသံ (ဆည်းလည်းသံ) ကလေးများကား ချွင်ချွင် မြည်သံနှင့် အတူ၊ ကုန်းမြင့် ပေါ်မှ မြောက်လေ သွေ့သွေ့လေးနှင့် အတူ ပါလာ သော စာပေဓမ္မ ရွတ်အံနေသော အရှင်ပညာ သာမိ၏ အသံလေးကား သဲကွဲစွာ ကြားရလေ သည်။ အရှင်ပညာသာမိသည် ဝိနယဓရတို့ ရရန် ကြိုးစားနေသော နိကာယ စာသင်သား ရဟန်း တစ်ပါးပင် ဖြစ်ပါတော့သည်။ သူကား ဤ စာရေးနေချိန် ဓမ္မက္ခန္ဓာက ချင်မဟာ ကစ္စည်း မထေရ်၏တပည့်အရှင်သောဇ ကုဋိကဏ္ဏအခန်း

ပင် ဖြစ်လေသည်၊ စာပြန်သံကလေးမှာ "အထ ခေါ်ဘဂဝါ ဗဟုဒေဝ ရတ္တိံအဇ္ဈောကာသေ ဝိတိနာမေတွာ ဝိဟာရံ ပါဝိသိ" စသည်ဖြင့် ဘုရားရှင်သည် အရှင်သောဏအား နံနက်စောစော အချိန်လေး တရားဓမ္မ ရွတ်အံရန် တိုက်တွန်းသော အခန်းပင် ဖြစ်လေသည်။ အရှင်သောဏကား အဋ္ဌကဝဂ် တရားဒေသနာ ရွတ်အံရာ၊ အဆုံးမှာ ဘုရားရှင် သာဓု သုံးကြိမ်ခေါ်၍ အနုမောဒနာ ပြုလေသည်။ ထိုအချိန်မှာ ဘုရားရှင်သည် ဥဒါန်း ကျူးရင့်တော် မူလေသည်။ကျူးရင့်တော် မူသည် ကား "အလုံးစုံသော သင်္ခါရ လေးကမ္ဘာရုပ်နာမ် ဓမ္မသင်္ခါရတရားတို့ကား မမြဲဆင်းရဲခြင်းသဘော ရှိ၏။ ဖောက်ပြန်တတ်သော သဘောရှိ၏" ဤသို့ စသည်ဖြင့် ကာမဂုဏ်တို့ရဲ့အပြစ်ကိုပညာစက္ခုဖြင့် မြင်ပြီး အလုံးစုံသော ဥပဓိတို့ကိုစွန့်လွှတ်အပ်သော ကြောင့် ကိလေသုပဓိ၊ ခန္ဓုပဓိစသော ဥပဓိမရှိ သော နိဗ္ဗာန်တရားကို နိဿရဏာ၊ ဝိဝေကသင်္ခတ၊ အမတသဘောအားဖြင့် မဂ်ဉာဏ်ဖြင့် သိမြင်ပြီး သောကြောင့် ကိလေသာ မြူမွှေးမှု ကင်းဝေး စင်ကြယ်သော အရိယာသူတော်စင်သည် အဏုမြူ မျှလောက်သော မကောင်းမှုဌ် မမွေ့လျော်၊အလွန် အကြူး အထူးစင်ကြယ်သော ကာယသမာစာရ စသည်ဖြင့် စင်ကြယ်သောပုဂ္ဂိုလ်သည် ဟသ်ာမင်း ကဲ့သို့ ကျင်ကြီးကျင်ငယ်ရှိသော ယုတ်မာသော သံကိလိဋ္ဌဓမ္မဌ် မမွေ့လျော် မနှစ်သက်တော့ပေ" ဟူသော ဥဒါန်းကျူးရင့်တော်မူသော အခန်းကို ပြန်ဆိုသံကို သားယာငြိမ့်ညောင်းစွာ ကြားရပေ သည်။ ဤသို့ နိကာယ၏ ညခင်းလေးရဲ့ သာယာ မှုကား တရားဓမ္မဖြင့် ပြီးဆုံးပေသည်။ စာပေဓမ္မ ရွတ်ပြန်သံတို့ကား တိတ်ဆိတ်စပြုပြီး ညဉ့်(၁၁) နာရီပင်ရှိပြီး၍ နိကာယသံဃာတော်တို့ရဲ့ တစ်နေ့ တာ ခရီးကား ရပ်တန့်အနားယူကြပေသည်။

တိဝိဇ္ဇကဓရ ဆရာတော်ဘုရားကြီး၏ ဘဆုံးဘမကို ခံယူကြစဉ်



အမှီးကောင်းတော့ တချက်

နိကာယသံဃာတော်တို့ရဲ့တိတ္ထာဝါသဟုခေါ်သော တရားဆရာမြတ်တို့ရဲ့ မှီရာဂါး မည့်လှပေ။ ရေးစရာပင် လိုမည်မထင်။ လေးစားအပ်သော ဆရာမြတ်တို့ကို အမှီပြုပြီး နေရသူတို့မှာ ဆရာမြတ်တို့ထံမှ ဆုံးမမှု၊ သွန်သင်တားမြစ်မှုကိုရပြီး ဆုံးမတိုင်း ကျင့်ကြသူတို့မှာ ကိလေသဝတ္ထုများမဖြစ်ရုံမျှမက ဆရာမြတ်များကို မှီဝဲဆည်းကပ်၍ နေရခြင်းသည် လောကီ လောကုတ္တရာ ပညာရေးခြင်း၏ အားကြီးသော အကြောင်း အထောက်အပံ့ ဖြစ်လေသည်။

အနုကောင်းတော့ တသက်

ပဉ္ဉာရေးခြင်း၏ အကြောင်းမှာလည်း ကိုယ်၏ ကိုးကွယ်အပေါင်းအဖော်တို့နှင့် ရောနှောပြီး တသော သော ညှဉ်း ရဟန်းတို့နှင့်မလျော်သော လူတို့နှင့် ရောနှောခြင်းဖြင့် နေခြင်းမျိုးကို ပယ်ဖျောက်၍ ရှစ်မျိုးသော အာရုံမွေ့ဝတ္ထု အားထုတ်ကြောင်း တရားများကို ပြုလုပ်ခြင်း၏ အစွမ်းဖြင့် ဆိတ်ငြိမ်စွာ တစ်ယောက်ထီးတည်း မွေ့လျော်ပျော်ပိုက်စွာ နေခြင်းဟူသော "ကာယဝိဝေက" ဤသို့နေခြင်းကား ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့ နေနိုင်ပေသည်။

တစ်ယောက်တည်းနေတတ်ရုံမျှဖြင့် ရဟန်းတို့ ပြုလုပ်ရမည့်အမှုကိစ္စကား မပြီးသေးပေ။ကသိုဏ်းပရိကမ်များပြုပြီး သမာပတ်ရှစ်ပါးကို ဖြစ်စေ၍ စိတ်၏ကိလေသာတို့မှခွာ၍ ကင်းဆိတ်စွာနေခြင်းဟူသော "စိတ္တဝိဝေက"။ ဤနေခြင်းမျိုးကား ကိလေသာအာသဝေါကုန်စင် ရဟန္တာအရှင်တို့သာ နေနိုင်ပေမည်။

သမာပတ်ဝင်စား၍ နေကျင့်မှုဖြင့် ရဟန်းတို့ အမှုကိစ္စ မပြီးသေးပေ။ ဈာန်ကိုအခြေခံပြုပြီး ရုပ်နာမ်မမှ သင်္ခါရတရားတို့ကို လက္ခဏာယာဉ်တင်သုံးသပ်မှုပြုပြီး ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်ရောက်၍ နေခြင်း၊ ဖလသမာပတ်၊ နိရောဓသမာပတ်ကို ဝင်စား၍ နိဗ္ဗာန်သို့ရောက်၍ နေခြင်းဟူသော "ဥပဓိဝိဝေက"။ ဤနေခြင်းကား ဘုရားရဟန္တာတို့သာ နေနိုင်ပေသည်။ ကလျာဏပုထုဇဉ်သိလဝန္တတို့ကား ကိုယ်၏ ဂိုဏ်းအပေါင်းအဖော်တို့နှင့် ကင်းဆိတ်စွာနေပြီး ရဟန်းတရားကို အားထုတ်၊ စာပေပရိယတ်ကို အားထုတ်နေပါလျှင် ပညာရေးခြင်း၏ အကြောင်းပင်ဖြစ်လေသည်။

ပညာရှာသူတို့ တာရိုးကြီးလေးခုကို ချိုး

ကမ္မာရာမတာ= ကမ္မ = သက်နှံ့ပဋိဆင်း၊ သတ္တဝင်းစသည် စိစစ်မှု၊ သက်နှံ့ချုပ်မှု၊ သက်နှံ့မှာ ဒုပဋိ၊ တိပဋိ စသည်ပြုမှု၊ အပ်ချည်ပြုလုပ်မှု၊ သပိတ်အိတ်ထိုးမှု၊ အံသဇဉ်၊ ခါးပန်းကြိုး၊ ဓမ္မကရိုဏ်ရေစစ်ပြုမှု၊ သပိတ်ခြေပြုမှု၊ ခြေပွတ်အိုးခြမ်း၊ တံမြက်စည်းလှည်းမှု စသော အလုပ်ကိစ္စအပေါ် စိတ်ပါဝင်စားစွာ မွေ့လျော်ပြီး ဘစ်နေ့လုံး ၎င်းကိစ္စများပြုလုပ်လျက် အချိန်ကုန်သွားခြင်းသည် အလုပ်ကိစ္စအပေါ် မွေ့လျော်ရာ ရောက်သူမည်ပေသည်။ ပညာလိုလားသူကား ဤသို့မပြုရပေ။ ၎င်းကိစ္စများကို ပြုလုပ်ချိန် ပြုလုပ်ရမည်။ ပါဠိ၊ အဋ္ဌကထာသင်ချိန်၌ ပါဠိ၊ အဋ္ဌကထာသင်၊ စာကျက်, စာပြန်, စာအံချိန် စာကျက်, စာပြန်, စာအံရမည်။ စေတိယင်္ကာ၊ ဗောဓိယင်္ကာဝတ်ပြုချိန် ၎င်းဝတ္တရားများကို ပြုလုပ်ရမည်။ ကမ္မဋ္ဌာန်းနှလုံးသွင်းချိန် ကမ္မဋ္ဌာန်းနှလုံးသွင်းရမည်။ ပညာလိုလား စာသင်သား ရဟန်းများကား ဤသို့ပြုရမည်။ ဤသို့ပြုသူကို 'ကမ္မာရာမတာ'ဟု မဆိုရပေ။

ဘဿာရာမတာ=အချို့ရဟန်းကား စကားပြောမှု၌ အလွန်မွေ့လျော်ပေ၏။ သူကား မိန်းမ

သင်္ကိုကာရာမတာ = အချို့ ရ ဟန်း ကား အပေါင်းအဖော်၌ ခင်တွယ်ပြီး အလွန်မွေ့လျော်ပေသည်။ တစ်ယောက် ရှိပြန်လျှင်လည်း တစ်ယောက်နှင့် အားမရ၊ နှစ်ယောက် တောင့်တ၊ နှစ်ယောက်ရှိပြန်လျှင်လည်း နှစ်ယောက်နှင့် အားမရ၊ သုံးယောက် ဒေးယောက်တောင့်တ၍ နေပေသည်။ အပေါင်းအဖော်များနှင့် တသောသော ညံ၍ နေတတ်ပေသည်။ ဤသို့နေခြင်းမျိုးကား 'သင်္ကိုကာရာမတာ' ရဟန်းဟုဆိုရပေမည်၊ ပညာလိုလား အမျိုးသားသည် ဤသို့မနေရပေ။

နိဗ္ဗာန်သို့သွားရန် အကျင့်လမ်းမှန်ကျင့်သော ယောဂီ ရဟန်းသည် အပေါင်းအဖော်များနှင့် မွေ့လျော်၍နေလျှင်ပင် နိဗ္ဗာန်သို့သွားရန်၊ သမ္မာပဋိပဒါလမဲ့းစဉ်သို့ရောက်ရန် မလွယ်ကူ။ ဘုရားရှင်သည်ပင်ဒုဗ္ဗစ၊ ဘဏ္ဍာနကာရကကောသမ္ဗိပြည်သား ရဟန်းတို့ကိုခွာ၍ ပါလိလေယ်ကတောအရပ်သို့ ကြွတော်မူလေသည်။ ကောသမ္ဗကဲ့နှင့်ပင် ဘုရားရှင်သည် 'ကောသ စရိတံ သေယျော နတ္ထိ ဗာလေ သဟာယတာ' စသည်ဖြင့် ဟောတော်မူလေသည်။ ထို့ကြောင့် ပညာလိုလားသောရဟန်းတော်သည် 'သစေ လဘေထ နိပကံ သဟာယံ၊ သဒ္ဓိံ စရံ သာဓု ဝိဟာရီ ဓီရံ' ဟူသည်နှင့်အညီ ပညာရှိဆရာမြတ် သီတင်းသုံးဖော်တို့ကို မြဲဖဲထုံက်၊ ဆည်းကပ် ထိုက်ပေသည်။

အချို့ပုဂ္ဂိုလ် ရဟန်းသည် ဣရိယာပုထ်လေးဖြာတို့၌ တစ်ပါးတည်း သာယာမှုရပြီး မွေ့လျော်ပျော်ပိုက် လေသည်။ ဤပုဂ္ဂိုလ် ရဟန်းမျိုးကို အပေါင်းအဖော်၌ မွေ့လျော်သူ မဆိုသုံက်ပေ။ ထို့ကြောင့် ရွာဦးကျောင်းဓာန်ဝင်စားပြီးစာန်မှ ထဘာမျှပင် မိန်းမော်၊ ယောကျ်ားသံ၊ ကလေးသံများကြားရပြီး တရားထူးဝိသေသမှ ဆုတ်ယုတ်ကလေးတစ်ယောက်၏လှုံကြောင်း၊ချောကြောင်း၊ ယောကျ်ားကလေး တစ်ယောက်၏ လှုံကြောင်း၊ မွေ့ကြောင်းပြောပြီး မနှစ်ညှဉ်းကို လွန်စေသည်။ စကားပြောခြင်း၌ အဆုံးပိုင်းခြား မရှိပေ။ ဤရဟန်းကား ဘဿာရာမတာမည်ပေသည်။ စာသင်သား ပညာဆည်းပူးသော ရဟန်းတော်သည် ဤသို့မပြုရပေ။

အချို့ရဟန်းကား နေ့ညှဉ်ပတ်လုံး တရားဟော၊ ပြဿနာဖြေ၊ စကားနည်းမှ၌ အဆုံးကို ပြုလေ့ ရှိ၏။ ဒကဲ့သို့သူတို့၏ ဝတ္တရားမှာ စကားပြောလျှင်လည်း တရားနှင့် စပ်ယှဉ်သော စကားသာပြောပြီး၊ ဆိတ်ငြိမ်စွာနေပါလျှင်လည်း အံ့ရီယာသူတော်စင်ဘို့၏ နေခြင်းမျိုးဖြစ်တဲ့ သမာပတ် ဝင်စား၍ ဆိတ်ငြိမ်စွာနေခြင်းမျိုး ဖြစ်ရမည်။ ဤရဟန်းမျိုးကို 'ဘဿာရာမတာ' ရဟန်းဟု မဆိုရပေ။ ပညာလိုချင် မြတ်ချစ်ရှင်သည် ဤကျင့်ဝတ်များ ပြုကျင့်ရမည်။

နိဒ္ဒါရာမတာ = လျောင်းထိုင်ရပ်သွား ကွာရိယာပုထ် ၄-ပါးတို့ဖြင့် ထိနမိဒ္ဓနိပ်စက်ပြီး ငိုက်မျဉ်းသူဟာည် 'နိဒ္ဒါရာမတာ' မည်ပေသည်။ အအိပ်ကြီးသူသည် သူ့အတွက် အကျိုးဆုတ်ယုတ်ပြီး ပတ်ဝန်းကျင် အနှောင့်အယှက် မဖြစ်ပါပေ။ အပေါင်းအဖော် မွေ့လျော်ပြီး တသောသော ညံသူများကား ကိုယ့်အကျိုး ဆုတ်ယုတ်သည်ထက် ပတ်ဝန်းကျင်ပါ သမာဓိပျက်ပြား၍ အလွန်ပင် ရှောင်ကြဉ်ရမည့်သူများ ဖြစ်ပါပေသည်။

ကရဇကာယကျင်နာမှုကြောင့် စိတ်ဟာ ဘဝင်ကျပြီး အိပ်ပျော်၍ သတိသမ္ပဇဉ်ဖြင့် အိပ်ထလျှင်လည်း သတိသမ္ပဇဉ်ဖြင့်ထသော ရဟန်းမျိုးကို ဧတဂ္ဂ 'နိဒ္ဒါရာမတာရဟန်း' ဟု မဆိုရပေ။ ပညာလိုလား ရဟန်းတော်များသည် သတိသမ္ပဇဉ်ဖြင့် အိပ်၍ အမြဲခပ်သိမ်း နှလုံးသွင်းမှုပြု၍ အိပ်ကျိန်းစက်ရာမှ ထသင့်ပေသည်။

လေသည်။ တောမှာအိပ်နေသော ရဟန်းသည် နို့းကာမျှပင် ခြင်္သေ့,သစ်,ကျား,ဥဒေါင်း စသော သတ္တဝါတို့ရဲ့ အသံကြားရပြီး၊ တောင်ခြဖြစ်သော ပိတိကိုရ၍ ထိုပိတိကိုပင် အဖြစ်အပျက်အား ဖြင့် သုံးသပ်ကာ အရဟတ္တဖိုလ်ကိုရပေ၏။ထို့ကြောင့် လည်း ဘုရားရှင်က ရွာနီးကျောင်း စျာန်ဝင်စား၍ နေသော ရဟန်းထက် တောထဲအိပ်နေသော ရဟန်းကိုပင် ချီးမွမ်းတော်မူသည်။ ဤသို့ ပညာလိုလားသော ပုဂ္ဂိုလ်သည် ဘုရားရှင်ဟောတော်မူသော အပရိဟာနိယဘရားလာ ဤတာရိုးကြီးလေးခု ချိုးပစ်မှသာ မိမိတို့လိုသော ပညာစခန်းသို့ အရောက်လှမ်းနိုင်ပေမည်။

ဆရာတော်ဘုရားသည် တပည့်များအားပညာရေး တိုးပွားမှုဌာလည်း ဆွမ်း,သင်္ကန်း,ကျောင်း, ဆေး ပစ္စည်းလေးပါးတို့ဖြင့်လည်း ထောက်ပံ့ခဲ့လေသည်။ မှန်ပါသည်။ ဆွမ်း,သင်္ကန်း,ကျောင်း, ဆေး ပစ္စည်းလေးပါးတို့ဟာ ပညာတိုးတက်ရေး၏ အခြေးအကြီးဆုံးသော အချက် ဖြစ်ပါသည်။ ဆွမ်း ကွမ်းစသော အာဟာရ မရှိခဲ့ပါလျှင် စာကျက်နိုင်ဖို့ မလွယ်ကူပေ။ 'သဗ္ဗေသတ္တာ အာဟာရဋ္ဌိ တိကာ'ဟူသည်နှင့်အညီ သတ္တဝါအားလုံးတို့သည် အစာအာဟာရမရှိခဲ့လျှင် အသက်၏ တည်တံ့နိုင်မှု မရှိနိုင်သောကြောင့် ဆွမ်းစသော အာဟာရသည် နံပါတ်(၁)အနေဖြင့် အရေးအကြီးဆုံးဖြစ်ပေသည်။

ဆွမ်းပြည့်စုံရုံနှင့်မပြည့်စုံသေး။နေရာကျောင်း မရှိပါလျှင်လည်း စာကျက်ရန် အာဝါသအတွက် အရေးပါလှသည့် ကျောင်းလည်း ပြည့်စုံရန် လိုအပ်ပါပေသည်။ အဝတ်သင်္ကန်း ဝတ်ရန်အတွက်လည်း ပြည့်စုံမှုရှိ၍ ကျန်းမာရေးအတွက် ပြည့်စုံရန် လိုအပ်လှပါပေသည်။ ဤပစ္စည်းလေးပါးကို ပြည့်စုံရန် ဆရာတော်ဘုရား အားထုတ်တော်မူခဲ့သည်။

ဤသို့ပညာရေး၏ အခြေခံ အရေးပါလှသည့် ပစ္စည်းလေးပါး ပြည့်စုံရုံသာ အားထုတ်တော်မူသည်မဟုတ်ပါ။ ဆရာတော်ဘုရားသည် တစ်နေ့သ၌ ညနေပိုင်းအချိန်လေး သံဃာများနှင့်တွေ့ဆုံ၍ ဩဝါဒစကား မြွက်ကြားရင်း "ဦးပဉ္ဇင်းတို့၊ စာမေးပွဲက နီးလာပြီ၊ စာအောင်မှကတော့ကိုယ့်ရဲ့ ကြိုးစားမှု အပေါ်မှာ မူတည်ပါတယ်။ ဒါပေမယ့် စာမေးပွဲရဲ့ အထောက်အကူဖြစ်စေနိုင်သည့် တပည့်တော်တို့ ငယ်စဉ်က ရွတ်ခဲ့သော ဂါထာလေးကို ကူးရေးယူကြ၊ စာမေးပွဲဖြေခါနီး ရွတ်ကြ"ဟု မိန့်တော်မူပါသည်။

ဆောင်းဥတု၏ ပဌမလ

အချိန်ကား ၄၃-ခုနှစ်၏ ဆောင်းဥတု၏ ပထမလ တန်ဆောင်မုန်းလဆုတ် ပက္ခဖြစ်ပါ၏။ ဆောင်းဝင်ခါစ ဖြစ်၍လည်း မိုးအကုန်ဆောင်းအကူး မြောက်လေကလေးက မြူးဆော့ဆော့ တိုက်လေလေ ချမ်းအေးရသော အချိန်ဖြစ်ပါ၏။ ချမ်းလို့ဖြင့် ခိုက်ခိုက်တုန် စောင်ခြုံ၍ပင်မနွေးနိုင်အောင် ရှိတော့သည်။ ဤနှစ်သည် ခါတိုင်းနှစ်နှင့်မတူ၊ မိုးတွင်းမှာ မိုးအလွန် ကောင်းသော နှစ်ဖြစ်၍လည်း ဆောင်းဝင်စမှာ အလွန် ချမ်းအေးလှပါသည်။ မိုးရာသီ၏ မိုးကြွင်း မိုးကျန် ကလေးများကျန်နေ၍လည်း ရွာမလုံလို ဟန်ပြင်နေသည့် အုံ့မည်း ညိုမှောင် သပြေရောင်သို့ မည်းမှောင်နေသော မိုးသား တိမ်လိပ်တို့ကား ရှစ်ခွင့်ဌာနီမျှ အထပ်ထပ်ပင် တက်လျက်ရှိသည်။ ဆောင်းဥတုရဲ့ ပဏာမ မြောက်လေကလေးက ရံဖန်ရံခါ ဝှေ့တိုက်နေစဉ် နွင်းဖွဲပမာ မပြောသာသော မိုးဖွဲကလေးများ ကျနေစဉ် 'ဒေါင်ဒင် ဒေါင်ဒင်'နှင့် နိကာယ၏ အချက်ပေး သံချောင်းကား ခေါက်ချေပြီ။

ဝိသာခါပမာ

ချမ်းမြေအေးစက်နေသောအချိန်မှာဆိုပြန်တော့ လည်း 'ဓမ္မရက္ခိတ'ကျောင်းအမကြီးဒေါ်ရွှေညွန့် လှူထားသော အံသကိုက်နှင့် ခေါင်းစွပ်သိုးမွေး အထည်ကလေးများကား နိကာယ သံဃာတော်တို့အဖို့ အလွန်ပင် တန်ဖိုးရှိလှပါသည်။ ကျောင်းအမကြီးသည် သံဃာတော်များအား အလွန် ကျေးဇူးများလှပါသည်။ ကျောင်းတိုက်မှ အသစ် ရောက်လာတိုင်းသော သံဃာတော် များအား အံသကိုက်နှင့် သိုးမွေးခေါင်းစွပ်ဟာ လူမြဲဖြစ်ပါသည်။ ဘုရားလက်ထက်တော်က ကျောင်းအမကြီး ဝိသာခါနှင့် အလားတူပေသည်။ ကျောင်းအမကြီးဝိသာခါသည် ဘုရားရှင်အား ဆုရှစ်မျိုးတောင်းသောအခါ ဘုရားရှင်က "ဝိသာခါ၊



ဘယ်သို့သော အကျိုးဆက်ဂုဏ်အင် အာနိသင်ကို မြင်၍ငါဘုရားကို ဆု(၈)မျိုးတောင်းပါသနည်း" ဟု မေးတော်မူသော် "အရှင်ဘုရား၊ ထက်ဝန်းကျင်အရပ်မျက်နှာတို့မှ ဝါကျွတ်၍ ဘုရားဖူးရန် သာဝတ္ထိမြို့သို့ရဟန်းတော်များကြွလာပြီး ဘုရားရှင်ကိုမေးကြလိမ့်မည်၊ 'ဤမည်သော ရဟန်းကား ပုံလွန်တော်မူပြီ၊ သူ၏ လားရာဂတိကား အဘယ်ပါနည်း'ဟု မေးလျှင် ဘုရားရှင်က 'အဲဒီပုံလွန်သောရဟန်း သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ'ဟု ဖြေကြားပါလျှင် တပည့်တော်က 'ထိုအရှင်ဟာ သာဝတ္ထိမြို့ ကြွဖူးပါသလား' ဟု မေးမြန်းမိသော် ထိုအရှင်ကား သာဝတ္ထိမြို့ ကြွဖူးကြောင်း ကြားရပါလျှင် မချွတ် ကေန် ထိုအရှင်ဟာဖြင့် လူဒါန်းသော မိုဃ်းရေခံသက်န်း အာဂန္တုကဘတ်၊ ဂိလာနဘတ်၊ ဂိလာနုပဋ္ဌာ ကဘတ်၊သူနာ၏ အထောက်အပံ့ ဆေး၊အမြဲတမ်း လှူသော ယာဂုဆွမ်းဘဉ်းပေးပြီး" ဟု အောက်မေ့ သောတပည့်တော်မှာ နူသောပီတိ၊အားကြီးသော ပီတိဖြစ်လျှင်နာမကာယ၊ရူပကာယ ငြိမ်းအေးလိမ့်မည်။ ငြိမ်းအေးသောကြောင့် သုခဝေဒနာကို ခံစားရလိမ့်မည်။ချမ်းသာပါလျှင် စိတ် တည်ကြည်လိမ့်မည်။ ထိုသမာဓိသည် ကွန်ဒြေ၏ ပွားများမှု၊ ခွန်အား၏ ပွားများမှု၊ ဇော်ဇွင်၏ ပွားများမှု ဖြစ်လိမ့်မည်။ ဤအကျိုးများကို မြင်သောကြောင့် ဆု(၈)မျိုးကိုတောင်းပါကြောင်း" လျှောက်ထားသည်။ ဝိသာခါ ကျောင်းအမကြီး ကဲ့သို့ပင် "ဓမ္မရက္ခိတ" ကျောင်းအမကြီး ဒေါ်ရွှေညွန့်သည် ရဟန်းတော်များတွေ့ပါလျှင် အရှင်ဘုရား မိုးမိတ်ကုန်းမြေ နေဖူးပါသလား လျှောက်ထားပါလျှင်၊ နေဖူးကြောင်း ကြား လျှင် မုချ အရှင်ဘုရား တပည့်တော် လူသော အံသကိုက်၊ သိုးမွေးခေါင်းစွပ်အထည် သုံးစွဲဖူးပြီဟု အောက်မေ့ပြီး ပီတိပဿဒ္ဓိ တရားများ ဖြစ်မှာ မုချပင် ဖြစ်ပါသည်။



ဖြင်ဆင်ကြဖြီ

နိကာယစာဖြေ အရှင် တို့သည် သက်နှံးရုံ ယပ်တောင် ကိုင်ဆောင်ကြပြီး၊ မော်တော်ဆိုင်ကယ် ဆင်းကြလေပြီ။ မန်းမြို့ တပတ်လှည့်ရန် အတွက် ဖြစ်၍ စောစော (၂)နာရီ အချိန်လောက်ပင် ကျောင်းတိုက်မှ ထွက်ကြရလေသည်။ မန်းမြို့ ဆိပ်ကမ်းရောက်သည်နှင့် တစ်ပြိုင်နက်ပင် ဓမ္မ ရက္ခိတ ကျောင်းဒကာကြီး ဦးဖိုးမှိ အမှူးပြုသော မန်းမြို့မှ ဂေါပက ဒါယကာများ၊ ကျောင်း ဒါယကာများ ကား(၅၀)ကျော်တို့ဖြင့် မန်းမြို့ကို လှည့်လည်ကြလေသည်။ လှည့်ပတ် ပြီးဆုံးချိန်တွင် ဒေါကြိုင် မိသားစုတို့အိမ်တွင် စတုမဓူ အဖျော်ယမကာများ ဘုဉ်းပေး၊ ပရိတ်တရားများ ရွတ်ပြီး ဘူတာသို့ ဆင်းကြသည်။ရထားကား ည(၆)နာရီ အမြန်ရထား ဖြစ်လေသည်။ မန်းမြို့မှ ထွက်ချိန်မှာ နေဝင်ပြီးဖြစ်၍ဘေးပတ်ဝန်းကျင်ကြည့်ရှုလေ့လာခွင့် မရှိပေ။ နံနက်လင်းချိန်မှာ ကား တောင်ငူ အောက်ပင် ရောက်နေပေပြီ။ ရွှေဝါရောင် လွှမ်းနေသော လယ်ကွင်းပြင်ကို တွေ့ရ တော့သည်။ ဝင်းဝါနေသော လယ်ကွင်းပြင်ကား တမျှော် တခေါ် ကြည့်ရှု ငေးမော၍ပင် မဆုံးနိုင်တော့ပေ။ နိုင်ငံ တစ်နိုင်ငံ၏ အချက်အချာ အကျဆုံးမှာ စားဝတ်နေရေးပင် ဖြစ်၍ စားသောက်ဖွယ် အတွက်ကား အပြည့်အဝ အခိုင်အလုံဆုံး ဖြစ်သော ရွှေဝါရောင် လွှမ်းနေသည့် လယ်ကွင်းပြင်တို့ တည်ရာဌာန ဖြစ်တဲ့ ပဲခူးမြို့သို့ ဆိုက်ရောက်လေ ဘော့ သည်။ ပဲခူးမြို့မှသည် အချိန်မကြာလှသော ကာလ အတွင်း မှာပင် မျော်လင့်တောင့်တနေကြသော ခရီးဆုံးဖြစ်သည့် ရန်ကုန်မြို့သို့ ဆိုက်ရောက်လေတော့သည်။ ဆိုက်ရောက်လျှင်ပင် ဆရာဝန်ကြီး ဦးသာလှ အမှူးပြုသော တိ=နိ ဂေါပက သာသနာပြုအဖွဲ့ ဒါယကာများ

သည် မြို့တော်ဘူတာမှ ကြိုလင့်နေသည်ကို တွေ့ရပေသည်။ ''စိရပ္ပဝါသိ' ပုရိသံ၊ ဒုရတော သောတ္ထိ မာဂတံ'' ဟူသကဲ့သို့ပင် ဖြစ်တော့သည်။ ဒါယကာကြီးများသည် တက်တက်ကြွကြွ အားတက်သရော ရှိပုံကို တွေ့ရ၍ အလွန်ပင် ကြည်နူးဝမ်းမြောက်စရာပင် ဖြစ်တော့၏။ ဆရာတော် ဘုရား၏ တပည့် ဒါယကာ ဒါယိကာမများကား 'သဟပုညကာရီ' ကောင်းမှုပြုဖော်ပြုဖက်တွေ ဖြစ်၍လည်း အလွန်ပင် ညီညွတ်လှ၏။ ဤကမ္ဘာမြေဆုံးတောင် တိုက်ခိုက်သာသနာပြုအဖွဲ့၏ ညီညွတ်မှုပျက်ပြားမည်မဟုတ်ချေ။ ဆရာဝန်ကြီးဦးသာလှသည် လက်အုပ် ချီကာ ပင့်ဆောင်ရာ သံဃာတော်များသည် တန်းစီလျက်ပင် ဘူတာတွင်ဝန်ကြီးများ ထွက် ဝင်ရာ အဝေါက်မှပင် ပင့်ဆောင်သည်။ကားများသည်အောင်ဆန်းအားကစားကွင်း အဦးမှ ကျောက်တိုင်၊ ဘုရားလမ်း အတိုင်း မောင်းနှင်လာရာ ရွှေတိဂုံစေတီတော် တောင်ဘက်မှ အနောက် ဖြတ်မောင်းပြီး အချိန် မကြာမီပင် နယူးလင်းလမ်း တိပိဋကကျောင်းတော်သို့ ရောက်ရှိပေသည်။



အဆင်သင့်တွေ့ရသော ဆရာတော်ဘုရား

ဆရာတော် ဘုရားသည် ဆွမ်းစားကျောင်း ဓမ္မာသန ပလ္လင်ပေါ်တွင် အဆင်သင့် သီတင်းသုံးတော် မူသည်ကို တွေ့ရပေသည်။ နိကာယ ရဟန်းတော်များသည် ဆရာတော် ဘုရားကို ဝတ်ပြုကာ ထိုင်နေကြသည်၊ ဆရာတော်ဘုရားသည် ''ရွက်ချပ်တို့ဖြင့် ခြုံရုံအပ်သော ကြာဝတ်ဆံလို၊ ကြာဝတ်ဆံတို့ဖြင့် ခြုံရုံအပ်သော ကြာချက်လို၊ ဆင်ရှစ်ထောင် ခြုံရုံအပ်သော ဆဒ္ဒန်ဆင်မင်းလို၊ ဟင်္သာ ကိုးသောင်း ခြုံရုံအပ်သော ဓတရဋ္ဌမည်သော ဟင်္သာမင်းလို၊ စစ်အင်္ဂါ လေးပါးတို့ဖြင့် ခြုံရုံအပ်သော စကြာမင်းလို၊ နတ်အပေါင်း

ခြံရံအပ်သော သိကြားမင်းလို၊ ဗြဟ္မာအပေါင်း ခြံရံအပ်သော ဟာရိတ မည်သော ဗြဟ္မာမင်းလို၊ ကြယ်တာရာအပေါင်း ခြံရံအပ်သော လမင်းလို ကိုယ်တော်တိုင် တိပိဋကဓရ ဖြစ်တော်မူ၍ တိ-ပိဋကဓရ ဖြစ်မှန် အားထုတ်နေကြသော တပည့် သံဃာတော်တို့ဖြင့် ခြံရံကာ ထိုင်နေတော်မူလျက် အလွန်ပင် တင့်တယ်ခြင်းသို့ ရောက်တော်မူသည်။

မျက်နှာအဆင်းတော်ကြည်လင်

ဆရာတော် ဘုရား၏ မျက် နှာ တော် ကား လောဘ ဒေါသ မောဟ အားနည်း၍ မေတ္တာ တော် ဓာတ်ရေတို့ဖြင့် သွန်းဖျန်း၍ ကြည်လင် အေးမြသော မျက်နှာတော်ကို ဖူးတွေ့ရလေသည်။ ''ဩော် ဤကဲ့သို့သောဆရာတော်ဘုရားကိုဖူးတွေ့ ရခြင်းသည် လူအဖြစ်ကို အရတော်လေပြီ'' ဒေါသ အားနည်း၍ မေတ္တာ ဓာတ်အား ကြီးသော သူတော်ကောင်းတို့၏ မျက်နှာအဆင်းသည် ကြည် လင် အေးမြလှသည်။

ပဋိသန္ဓာရကထာ

ဘုရားရှင်သည် အဝေးအရပ်ဒေသမှ ရောက် လာကြသော တပည့် သာဝကတို့အား ''ခမနီယံ ဘိက္ခဝေ ယာပနီယံ'' စသည်ဖြင့် ပဋိသန္ဓာရ စကား မိန့်ကြားတော် မူသို့က်လျှင်ပင် ခရီးသွား လာရခြင်းကြောင့် ဖြစ်သော ညောင်းညာ ပင်ပန်း ခြင်းကို ပဋိသန္ဓာရကထာဖြင့် ပင်ပန်းမှုအား လုံး ကို ပယ်ဖျောက်သလို ဆရာတော်ဘုရား၏ မေတ္တာ တော် လွှမ်းနေသာမျက်နှာတော်ဖြင့် ကြည်လင် အေးမြသော အသံတော်သည် ခရီးဝေးမှ လာ သော တပည့် ရဟန်းတို့အား ခရီးသွားခြင်း ကြောင့် ဖြစ်သော ပင်ပန်းခြင်းကို ပြေပျောက် စေသည်။

ဦးပဉ္စင်းတို့ အလွန်ကံကောင်းတယ်

ဆရာတော်ဘုရား၏ အသံတော်သည် တည် ငြိမ်လေးနက် ပြတ်သားစွာ မိန့်တော်မူသည်မှာ ''ဦးပဉ္စင်းတို့ အလွန်ကံကောင်းတယ်၊ သမ္မတ္တိ ခေတ်နှင့် တွေ့ကြုံရတယ်၊ ယခု ဦးပဉ္စင်းတို့ လာရတာ အလွန်ချမ်းသာတယ်။ တပည့်တော် များ တိပိဋက စာမေးပွဲ ဖြေဆိုရန် လာစဉ်က များ ဆိုပါလျှင် ကျောင်းကထွက်တယ် ဆိုပါလျှင် လှည်းကလေးနှင့် သက်နှံး ခေါင်းမြီးခြုံ အသာ လေး ထွက်ခဲ့ရဘယ်။ဦးပဉ္စင်းတို့ မင်းကွန်းမှ မန္တလေးရောက်၊ မန္တလေးမှ ရန်ကုန်ရောက်ပြန်တော့ လဲမဟာစည်ရိပ်သာထဲ ကျောင်းကလေးနှင့်အသာ ကလေး နေခဲ့ရတယ်။ ဦးပဉ္စင်းတို့ ဆွမ်းအတွက်လဲ ဘုန်းကြီးက အခြား အာဟာရတွေ မစားတော့ မန္တလေးကနေပြီး ကဗိုင်ရွာမှထွက်သော ကဗိုင်ဆံ ကလေး ယူလာခဲ့ရတယ်၊ ရန်ကုန်ရောက်တော့ ရဟန်း ဒါယကာကြီးထံ ကဗိုင်ဆံကလေး အပ်နှံ ပြီး 'ဒါယကာကြီး ဦးပဉ္စင်းကို ကန်စွန်းရွက် ဟင်းကလေးနှင့် ချက်ပြီးကပ်ပါ' ဒီလိုခိုင်းရတယ်။ ဦးပဉ္စင်းတို့၊ ယခု ဦးပဉ္စင်းတို့ လာရတာ မင်းကွန်းမှ မန္တလေး။မန္တလေးမှရန်ကုန်ခြိမ့်ခြိမ့်သဲ လှည့်ပြီးမှ လာရတယ်။ရန်ကုန် ရောက်ပြန်တော့လဲ နေရာကျောင်းမှာ သုံးထပ်တိုက် ကျောင်းကြီးနှင့် နေရတယ်။ ကိုယ်တော်တို့ ဘုန်းကံကြောင့် မဟာ စည် ရိပ်သာထဲမှာ နေရပြန်တော့လဲ သာသနာ-စာရ သုံးထပ်တိုက် ကျောင်းကြီးနှင့် ဆွမ်းအတွက် လဲ ပူစရာမလို၊ ထို့ကြောင့် ဦးပဉ္စင်းတို့ အလွန် ကံကောင်းတယ်''ဟု မိန့်ကြားပြီးလျှင် ခြေသံ့ဆီ ဟာ သိဂီရွှေခွက်နှင့်သာ ထိုက် တန် သ လို၊ ဘုရားရှင်၏ ရွှေရင်တော်မှ ထွက်ပေါ်လာတဲ့ (၄၅)ဝါ ပတ်လုံး ဟောကြားတော် မူရတဲ့ တရားခမ္မတို့ကို ဆောင်သူ တပည့်သား သာဝက

တို့သည် မွန်မြတ်သော အစာအာဟာရ နေရာ ကျောင်းသက်နှံးတို့ဖြင့် ထိုက်တန်လေသည်။ ဓမ္မ သည်ပင် သတ္တုကိစ္စ ပြီးနေသောကြောင့် တရား ဓမ္မကိုဆောင်သူ တပည့် သာဝကတို့မှာလည်း သုတဇုဒ္ဓပင်။

ဆရာတော်ဘုရား၏ဩဝါဒ

သိန္နောမြင်းနှင့်တူသောတဝည့်-

တရားဓမ္မကို ဆောင်သူသည် သိန္နောမြင်းနှင် အလားတူ၏။ သိန္နောမြင်းသည် သိန္နောမြင်း၏ အဆောင်အယောင်ကို ပေးရသည်။ ရှင်ဘုရင် တစ်ပါးသည် သိန္နောမြင်းရပြီး သိန္နောမြင်းမှန်း မသိဘဲ ဤမြင်းကို အတတ်ပညာ သင်ပေးပါဟု မြင်းဆရာအား ပေး၏။ မြင်းဆရာကလည်း သိန္နော မြင်းမှန်းမသိဘဲ ပဲကြီးစားသောမြင်းများနှင့်အတူ ထားရာ မိဓိအား မလျောက်ပတ်သောကြောင့် အကြောင်းအားဖြင့် မကျင့်ပေ။ မြင်းဆရာဟာ ၎င်း မြင်းကိုယဉ်ကျေးအောင်မဆုံးမနိုင်၍ "မင်းကြီး ဤ မြင်းဟာ ကောက်ကျစ်စဉ်းလဲသောမြင်းတည်း" ဟု လွှတ်စေ၏၊ တစ်နေ့သ၌ မြင်းဆရာ ဖြစ်ဖူးသော ပဉ္စင်းငယ်တစ်ပါးဟာ ဥပဇ္ဈာယ်ဆရာ၏ ဘက္ထာ ငယ်ကို ယူ၍ သွားစဉ် ကျုံးပြင်ကျုံးဘေးသွား နေသော မြင်းငယ်ကိုမြင်ပြီး ဆရာဥပဇ္ဈာယ်အား "အနင်္ဂေါ ဘန္တေ သိန္ဓဝပေါတကော" "အရှင် ဘုရား ဒီ သိန္နောမြင်းငယ်ကား အဖိုးမဖြတ်နိုင် အောင် ထိုက်တန်ပါ၏။ အဖိုးမဖြတ်နိုင်ပါ" လျောက်လေလျှင် ဆရာတော်က "ငါ့ရှင် ဒီမင်း ဟာ မိစ္ဆာအယူ ရှိသူတည်း။ ဘုရား သာသနာ ကြည်ညိုမည် ဆိုလျှင် သိန္နောမြင်း ဖြစ်ကြောင်း ပြောကြားလေ" ဟု မိန့်လျှင် ပဉ္စင်းငယ် သွားပြီး "မင်းကြီး အဖိုးမဖြတ်နိုင်အောင်သော သိန္နော မြင်းငယ် ရှိပေ၏" ဟု ပြောကြားသည်။ မင်းကြီး က "ချစ်ရှင်၊ သိန္နော မြင်းကို သင်မြင်ပါသလော" ဟု မေး၏၊ ပြင်ပါ၏ မင်းကြီးဟု ပြောကြားလျှင် မင်းကြီးက "ချစ်ရှင် ဘာရသင့်ပါ သလဲ" ဟု မေးလျှင် သင်မင်းကြီးတို့ စားတဲ့ ရွှေခွက်မှာ သင်မင်းကြီးတို့စားတဲ့ ဆမင်း၊သောက်တဲ့အဖျော်၊ နှမ်းရှိ။ သုံးဆောင်တဲ့ နံ့သာ၊ပန်ဆင်တဲ့ ပန်းများ ရသင့်ပါ၏- မိန့်၏။ မင်းကြီးက အလုံးစုံ ပေးလေ၏။ ပဉ္စင်းငယ်က အရာဝတ္ထု အားလုံးကို ယူသွားလေ၏။

သုံးသပ်ချက်

သိန္နောမြင်းလေးဟာ မြင်းရိုးရိုးနှင့် မတူပေ။ ကောင်းကင် ပံ့နိုင်သော လျင်မြန်ပေါ့ပါး အစွမ်း အတတ်နှင့် ပြည့်စုံပေသည်၊ ဤလို အစွမ်းသတ္တိ ရှိသော မြင်းမျိုးကို သာမန် မြေပြင်ကိုပင် အဆင့် အတန်း မီအောင် မသွားနိုင်သော မြင်းများနှင့် အတူထားခြင်း၊ ကျွေးခြင်း စသော မလျောက် ပတ်သော အကြောင်းများကြောင့် မြင်းကောင်း မှန်း မသိသော မြင်းဆရာ သင်ပြခိုင်းတိုင်း မလုပ် ဘဲ ရှိလေရာ၊ မြင်းကောင်းကိုပင် ကောက်ကျစ် စဉ်းလဲသော မြင်းဟု အစွန့်လွှတ်ခံရ လေသည်။ ဤနည်းပင် သိန္နောမြင်းပမာ အလား တူသော ထက်မြက်သော ဉာဏ်ပညာ ရှိသော အလား အလာ ရှိသော တပည့်များကို "ပုဂ္ဂလဝိသေသော ဇာနိတပ္ပေါ" ဟူသည်နှင့် အညီ သီးသန့်ထား၍ ခြီးမြှောက်ထိုက်လေသည်။ နေရာတော်လာ ရွှေ တောင်ကြီးဟာ ကျီးကန်းလာလျှင်လည်း ရွှေကျီး၊ ဟင်္သာလာလျှင်လည်း ရွှေဟင်္သာကဲ့သို့ မဖြစ်သင့် ချေ။

သိန္နောမြင်းသည် နံ့သာကိုနမ်းပြီး၍သာ 'ငါ၏ ဂုဏ်ကျေးဇူးကိုသိသော ဆရာရှိယောင်တကား'

ဟု ခေါင်းထောင်ပြီး မော်ကြည့်ကာ ရပ်တည်လေ၏၊ ပဉ္စင်းငယ်ဟာ သွားပြီး 'ထမင်း စားလော့'ဟု လက်ဖျောက် တီး၏။ သိန္နော မြင်းငယ်ဟာ လာပြီး ရွှေခွက်ထဲမှ ထမင်းစား၊ ဖျော်ရည်ကိုသောက်၏။ထိုအခါ သိန္နောမြင်းငယ်ကိုနံ့သာလိမ်းကျံ ပန်းကိုပန်ဆင်ပြီး ''ရွှေကသွားလော့'' ဟု လက်ဖျော်က်တီး၏၊ သိန္နော မြင်းငယ်ဟာ ပဉ္စင်းငယ်၏ ရှေ့မှ သွားပြီး မင်္ဂလာမြင်းထားရာ အရပ်မှာ ရပ်တည်လေ၏။ ပဉ္စင်းငယ်က''မင်းကြီး ဤမြင်းငယ်ကား အဖိုးမဖြတ်နိုင်သော သိန္နော မြင်းငယ်တည်း'' ဤနည်းဖြင့် နှစ်ရက်သုံးရက် ကျွေးလော့''ဟုဆို၍ သွားလေ၏။နှစ်ရက်သုံးရက် လွန်သောအခါ လာပြီး ''မင်းကြီး၊ မြင်းငယ်၏ အစွမ်းသတ္တိကို ကြည့်ရှုပါ'' ပြောကြားရာ''ဆရာကောင်းပြီ။ အဘယ်အရပ်က ရပ်ပြီးကြည့်ရမလဲ'' ဟု မေးရာ ဥယျာဉ်သွားပါမင်းကြီးဟု ပြောကြားရာ မင်းကြီးသည် မြင်းကိုယူစေ၍ ဥယျာဉ်သို့သွားလေ၏။ ပဉ္စင်းငယ်သည် လက်ဖျောက်တီး၍ ''သစ်ပင်ကို ကြည့်လော့''ဟု မြင်းအား အမှတ်ပေး၏။ မြင်းငယ်က ခုန်ပျံတက်၍ သစ်ပင်ကို လှည့်လည်၍ လာ၏။ မင်းကြီးသည် မြင်းသွားတာ လာတာ ဘာမျှမမြင်ရပေ။ ''မင်းကြီး မြင်ရပါ၏လော''ဟု မေးရာ မမြင်ရပါချစ်ရှင်ဟု လျှောက်ထား၏။ သင်မင်းကြီးသုံးစွဲသောတုတ်ကို ဤသစ်ပင်ကိုမှီ၍ ထားပါဟုဆို၍ လက်ဖျောက်တီး၏။သုံးစွဲရာ တုတ်ကို ယူ၍လာပါဟု အမှတ်ပေးရာ မြင်းငယ်က ခုန်ပျံတက်ပြီး ပါးစပ်ဖြင့် တုတ်ကိုယူ၍ လာ၏။ မြင်၏လော မင်းကြီးဟုမေးရာ မြင်ပါ၏ချစ်ရှင်ဟု ပြောကြားလေ၏။ နောက်တဖန် ဥယျာဉ်တံခါးတိုင်ထိပ်သွားဟု လက်ဖျောက်တီးပြန်၏။ သိန္နော မြင်းကား ခိုင်းတိုင်းပြုလုပ်၏။ မင်းကြီး မြင်ပါ၏လော။ မမြင်ရပါချစ်ရှင်။ သိန္နောမြင်းငယ်ကား လျင်မြန်လှ၏။ ဥယျာဉ်တံခါးတိုင်ပေါ် လှည့်ပတ်သွားတာ မမြင်ရချေ။ ကမ္ဘလာနီကို ဆောင်စေ

ဤသို့ဖြစ်သင့်

ကြိမ်တို့လွတ်သော မြင်း များး ကဲ့သို့ ဆရာကောင်း တပည့်များသည် ဆရာမြတ် များးက ''တပည့်တို့ ဤအမှုဤကိစ္စကို မပြုလုပ်ကြပါနှင့်'' ဟု တားမြစ်ထားသော အရာဝတ္ထုကို စေတနာသဒ္ဓါတရားရှိစွာနှင့် ဆရာတို့ရဲ့ရှေ့မှာရော ကွယ်ရာပါ ရှောင်ကြဉ်ကြမှသာ ဆရာကောင်းတပည့်ပန်းကောင်းပန် ဖြစ်ချေသည်။ ဆရာတို့အလိုဆန္ဒအတိုင်း ပြောဆိုနေထိုင်ကြပါစို့။ တိပိဋကဓရဆရာတော်ဘုရားသည် သိန္ဓောမြင်းနှင့်စပ်လျဉ်းပြီး တပည့်များအား ဥပမာထား၍ သြဝါဒပေးတော်မူသည်။ ဤ အကြောင်းအရာကို ဆုံးသည်နှင့် တပြိုင်နက် ''ကဲကဲ ဦးပဉ္စင်းတို့ ညောင်းညာပင်ပန်းလာပြီ၊ မိမိတို့ နေရာသတ်မှတ်ထားရာသို့ ကွကြ'' ဟု မိန့်တော်မူသတည်း။ ။

မြတ်ဆုမွန်
ငါန်းဇွန်

ပြီး သိန္ဓောမြင်းရဲ့ ခြေထောက်တွေ ရစ်ပတ်ပြီး ရှေးနည်းအတူ အမှတ်ပေးပြန်၏။ မြင်းကားခုန်ပျံတက်၍ တံတိုင်းထိပ်မှာ လှည့်လည်ပေ၏။ အားကောင်းသောယောကျ်ား ဆွဲငင်လှည့်သည့် ထင်းမီးစ၏အလှ့ံကဲ့သို့ ဥယျာဉ်တံတိုင်းမှာ ရဲနေသော် အရောင်ဝိုင်းကလေးသာမြင်ကာ ပြန်လာ၍ အနီးမှာ ရပ်ဘည်လေ၏။ မြင်ရ၏လော မင်းကြီး။ မြင်ရပါ၏ချစ်ရှင်။ မင်္ဂလာလေးထောင့်ကန်ထိပ်လှည့်လည်လော့ဟု အမှတ် ပေးပြန်၏။ တဖန် လေးထောင့်ကန်ဆင်းပြီးပဒုမ္မာကြာရွက်တွေပေါ် လှည့်လည်လော့ဟု အမှတ်ပြုပြန်၏။ ရေကန်ထဲဆင်းပြီး ပဒုမ္မာကြာရွက်ကြာရိုးတွေပေါ် လှည့်လည် သွားပြန်၏။ ကြာရွက်တစ်ရွက်မျှ မနင်းမိဘဲ ပေါက်ခြင်း၊ ကျိုးခြင်း၊ ပြတ်ခြင်းမရှိတာ မြင်၏လော မင်းကြီးဟု မေးရာ မြင်ပါ၏ ချစ်ရှင်ဟု လျောက်ထားလေ၏။ တဖန် လက်ဖျောက်တီး လက်ဝါးဖြန့်လျှင် လက်ဝါးပေါ် ပြေးတက်လာလေ၏။ မြင်ပါ၏လောဟုမေး၏။ မြင်ပါ၏ချစ်ရှင်ဟု လျောက်ထားလေ၏။ သိန္ဓောမြင်းငယ်ကား ဤသို့ လျင်မြန်ပေါ့ပါးသော အဟုန်ရှိ၏။



တာဝန်သိသူမှာ တာဝန် ရှိသည် ဟူသော ဆောင်ပုဒ်အတိုင်း 'တာဝန်သိသူမှာ တာဝန်ကို ဆောင်ရွက်ပါသည်။ တာဝန်သိ၍ တာဝန်ကို ဆောင်ရွက်သူမှာ တာဝန် တိုး၍ တက်ပါသည်။' ဟူ၍ ရန်ကုန်မြို့၊ မဟာစည် သာသနာ့ရိပ်သာ ဖလ်ယဉ် ဓမ္မာရုံကြီး၌ ၁၃၄၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၅-ရက်နေ့တွင် ကျင်းပသော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တော် ရရှိသည့် ၂၅-နှစ်မြောက် အောင်ဘိသေက ငွေရတု သဘင် ပူဇော်ပွဲတွင် မင်းကွန်း တိပိဋကဓရ ဆရာတော် ဘုရားကြီး အရှင်ဝိစိတ္တာသာရာ ဘိဝံသ မဟာထေရ်က မိန့်ကြားတော်မူပါသည်။

ဤဆောင်ပုဒ်နှင့်အညီ တိပိဋကဓရ ပေါ်ထွန်းရေးအတွက် အဘိဓဇ မဟာရဋ္ဌဂုရု မင်းကွန်း ဆရာတော် ဘုရားကြီး၏ စွမ်းဆောင်ချက်တို့ကို ဤ စာရေးသူသည် သူ၏ ရှုထောင့်မှ သိရှိသမျှကို ထုတ်ဖော် ရေးသားလိုပါသည်။

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရား အရှင် ဝိစိတ္တာသာရာ ဘိဝံသသည် သူ၏ ရဟန်းဒကာကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင် လွန်စွာ လိုလား တောင့်တသော ပိဋကသုံးပုံ စာမေးပွဲကြီးကို အောင်မြင်စွာ ဖြစ်ပေါ်လာရန် မင်းကွန်းမှ ရန်ကုန်သို့ ကြွရောက်၍ ကာယကံမြောက် ချီးမြှောက် စွမ်းဆောင်ခဲ့သည့် အရှင်မြတ် ဖြစ်ပါသည်။

ထိုမျှမက တိပိဋကဓရ ပေါ်ထွန်းရေး စာမေးပွဲကြီးတွင် ကိုယ်ခတော်တိုင် ဝင်ရောက် ဖြေဆို၍ ဝိနည်း ငါးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်း၊ သုတ်သုံး

မြန်မာ

တိုင်းရင်းသားပေါ်ထွန်းရေး



သတိုးသီရိသုဓမ္မ
သေဋ္ဌးကြီး ဆာဦးသွင်

ကျမ်းတို့ကိုအာဂုံ ရေးဖြွန်စ်ထွေလုံး၌ပထမဦးစွာ ထင်ပေါ်ဂုဏ်ထူး ကြိမ်ကြိမ် ခူးခဲ့သည်သာမက မြန်မာနိုင်ငံတခွင်တွင် စံတင်ရအောင် အကောင်းဆုံးအောင်မြင်တော်မူသော ပိဋကဘုံးပုံ ဆောင်ပုဂ္ဂိုလ်ထူး ဖြစ်ပါသည်။

ထိုကဲ့သို့ ရဟန်း ဒကာကြီးအား ကျေးဇူးတုံ့ပြန်သောအနေဖြင့် ရှေးဦး ပထမ တိပိဋကစာမေးပွဲကြီး ဖြစ်ပေါ်လာရေးနှင့် ထိုနောက် တိပိဋကရေ ဖော်ထုတ်ရေးအတွက် အပင်ပန်းအခက်အည့ွန့်ဆက်၍ ပဲဦးထွက် နမူနာကောင်းကြီး အဖြစ်ဖြင့် တာဝန်ကျေပွန်စွာ မိမိရရ ထုတ်ဖော်ပြခဲ့သော ရဟန်းမြတ် အရှင် ဝိစိတ္တသာရာ ဘိဝံသအား နိုင်ငံနှင့်အဝန်း ဗုဒ္ဓဘာသာဝင်အပေါင်းက သောင်းသောင်းဖြဖြ ကြည်ညိုကျော်ရော် ပူဇော်၍ အားမရနိုင်အောင် ဖြစ်ပါပေသည်။

တိပိဋကတ စာမေးပွဲကြီး စတင် ကျင်းပသည့် ၁၃၁၀ပြည့်နှစ်က ဤစာရေးသူသည် နိုင်ငံတော်အစိုးရ နှစ်စဉ်ကျင်းပသည့် ဓမ္မာစရိယ စာမေးပွဲ၊ ပထမကြီး၊ ပထမလတ်၊ ပထမငယ် စာမေးပွဲများကို ကြီးကြပ်အုပ်ချုပ်သည့် မြန်မာနိုင်ငံတော် ပါဠိဘာသာ ပညာရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ်ဖြင့် ပရိယတ္တိသာသနာကို စွမ်းအားရှိသမျှ ခြိုးမြောက်လျက် ရှိပါသည်။ ထိုအခါက ဆာဦးသွင်မှာ ပိဋကသုံးပုံ စာမေးပွဲကို မဖြစ်မနေ ကျင်းပစေလိုသည့် ဆန္ဒပြင်းပြလှ၍ အစွမ်းကုန် ကြိုးစားအားထုတ်လေသည်။

မြန်မာမင်းဆက် ပျက်ဆုံးပြီးသည့် နောက်ကာလ၌ ဤနိုင်ငံ၌ ကျင်းပခဲ့သော ပရိယတ္တိစာပြန်ပွဲများတွင် ဝိနည်းငါးကျမ်း အာဂုံပြန်ဆိုမှုကို အမြင့်ဆုံး အဆင့်ဖြင့် တင်းတိမ်ခဲ့ကြ၍ ပိဋကသုံးပုံ အလုံးစုံ စာမေးပွဲကို မည်သည့်အခါကမျှ မကျင်းပခဲ့ဖူးပေ။ သို့ဖြစ်၍ ပါဠိဘာသာ ပညာရေးအဖွဲ့ဝင် သံဃာတော် အရှင်မြတ်များနှင့် လူပုဂ္ဂိုလ်အချို့က ပိဋကသုံးပုံ စာမေးပွဲ ကျင်းပရေးတွင် စိတ်မဝင်စားကြပါ။

ထို့ပြင် ပါဠိဘာသာ ပညာရေးအဖွဲ့တွင်ဂိုဏ်းပေါင်းစုံမှ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘုရားကြီးများနှင့် သိက္ခာကြီးမားသော နာယက ဆရာတော် ဘုရားကြီးများ ရှိပါလျက် ယင်းအဖွဲ့မှအပ တိပိဋကစာမေးပွဲအဖွဲ့ သီးသန့် ပေါ်ပေါက်လာသည့် ကိစ္စကို အချို့အဖွဲ့ဝင်များက ဘဝင်မကျပင် ဖြစ်ခဲ့သည်။

ထိုအချိန်တွင် အရှင် ဝိစိတ္တာလာရာ ဘိဝံသသည် ရဟန်းဒကာကြီး ဆာဦးသွင်၏ ပင့်လျှောက်ချက်အရ မင်းကွန်းမှ ရန်ကုန်သို့ ကြွရောက်၍ ဗားကရာ ဆရာတော် အမှူးပြုသော ရန်ကုန်မှ စာချအကျော်ဆရာတော်များနှင့် ပိဋကပါရဂူ အဆူဆူတို့ သဘောပေါက်၍ စိတ်ပါဝင်စား

တိပိဋကစာပြန်ပွဲဖွင့်လှစ်သည့် အခမ်းအနားနှင့် ဥက္ကဋ္ဌကြီး ဆာဦးသွင် ကျေးဇူးတင်စကား လျှောက်ထားစဉ်

လာသည့်တိုင်အောင် ကိုယ်တော်တိုင် သွားရောက် ချဉ်းကပ် လျှောက်ထားပါသည်။ ဤကိစ္စကား လွယ်ကူလှသည့်အလုပ် မဟုတ်ပါ။ ''ပုဂ္ဂိုလ်ခင်မှ တရားမင်သည်''ဟု ဆိုရိုးရှိသည့် အတိုင်း အရှင် ဝိစိတ္တသာရာဘိဝံသ၏ သီလ၊ သမာဓိ၊ပညာတည်း ဟူသော သိက္ခာသုံးပါးကို ယုံကြည်လေးစား၍ လည်းကောင်း၊ မူလက ပိဋကသုံးပုံ ကျမ်းမျိုးစုံ စာမေးပွဲကြီးကို စိတ်ဝင်စားသော သံဃာတော် အရှင်မြတ်များ စိတ်ညွှတ်လာအောင် အရှင်ဝိစိတ္တ ၏ ဖြေရှင်း လျှောက်ထားမှု ပြေပြစ် မှန်ကန်၍ လည်းကောင်း ထို ထိပ် တန်း စာ းမေ း ပွဲ ကြီး ကျင်းပရေးမှာ တမုဟုတ်ချင်း ထမြောက် အောင်မြင် လာပေသည်။

ထိုသို့ခဲခဲယဉ်းယဉ်းကျင်းပရသည့်ပိဋကစာမေး ပွဲတွင် ၁၃၁၀ ပြည့်ခုနှစ် ပထမ အောင်ဂေဇက် ထုတ်ပြန်သည့်အခါ အောင်သူမပါဇလာအလျှင်း ဘာသာတိုင်းတွင် (၀) ကွင်း၍ ပြခဲ့ ရသည်။ တိပိဋကစာမေးပွဲ၏ ဗိသုကာကြီး ဆာဦးသွင်မှာ ဝမ်းနည်း ပက်လက် စိတ်အပျက်ကြီး ပျက်လျက် နှလုံးသားအသည်းထက်မှာ မသက်မသာ အပူလုံး ခရရှာလေသည်။ ''ထိုမှ ကြီးမား မြင့်မြတ်သော စာပလ္လင်စာမေးပွဲကြီးတွင် အောင်နိုင်စွမ်းရှိသော ပုဂ္ဂိုလ် ဘယ်မှာ ရှာရနိုင်ပါမည်နည်း''ဟု ယင်း စာမေးပွဲကို မလိုလားသူများ ဝေဖန်ပြောဆိုလာ ကြသည်။ ဤတွင် အရှင်ဝိစိတ္တသာရာ ဘိဝံသက ကောသရာဇာ ခြသေ့မင်းကဲ့သို့ ရဲတင်းသော စိတ်



အောင်မြင်နိုင်စွမ်း
ရှိသော ပုဂ္ဂိုလ်ကို
ငုံလင့် ရှာဖွေနေသော
ပလ္လင်နှင့်ထိုက်ပြု။ တော်

မာန်ဖြင့် အဓိဋ္ဌာန်ပြုကာကိုယ်တော်တိုင်တိပိဋကဓရ ပေါ်ထွန်းရေး စားမေးပွဲကြီးတွင် ဝင်ရောက်ဖြေဆိုမည့် အကြောင်း ရဟန်းဒကာကြီး ဆာဦးသွင်အား၊ ကတိက ဝတ်ပြုလိုက်တော့သည်။

ကတိ အတိုင်း ၁၃၁၂ ခုနှစ်မှ အစ ပြု၍ တိပိဋကဓရစားမေးပွဲတွင်ဦးအရှင်ဝိစိတ္တာ သာရာဘိဝံသ ဖြေဆို‌ခဲ့ရာ နှစ်မခြား‌ဘဲ နှစ်ချင်း စွဲချည်းဖြင့် ၁၃၁၅ခုနှစ်တွင် အပြီးတိုင် အောင်မြင်တော်မူ၍ ပထမဦးစွာ မြန်မာနိုင်ငံတော် အစိုးရ လှူဒါန်း‌သော 'ဗုဒ္ဓသာသန(ဝိသိဋ္ဌ) တိပိဋကဓရ(မဟာ) တိပိဋက ကောဝိဒ'ဟူသော ဂုဏ်ထူးနှစ်ထပ် ဘွဲ့ပုံတော် တံဆိပ်တုံးတို့ကို ခံယူတော် မူရသည်။ အရှင်မြတ် ပိဋကတ် အာဂုံ ပြန်ဆိုတော်မူပုံမှာ....

"နှုတ်မုခပါဋ္ဌ၊ ပိဋကတ်ကို၊ ပြန်ရွတ်သောခါ၊ ဆန်းလက်ာဖြင့်၊ ဂါထာသည်းကောင်း၊ လေးဆပေါင်းဌ၊ ခြောက်သောင်း တိုက်တိုက်၊ ခန့်သည့် ပိုဒ်ကို၊ ရပ်ကြို‌က်သင်ကူး၊ ပန်းနွယ်ခူးလျက်၊ နွယ် ခြူး ရင်း ကိုင်၊ စင်လုံးယိုင်သို့၊ တတ်နိုင် နှုတ်ဖျား၊ ရွတ်လျင်လျား၍" ဟု တေဒဂ် ငါးတန်ရသော အရှင်အာနန္ဒာ မထေရ်မြတ်အား ပါရမီတော်ခန်း ပျို့တွင် ကဗျာပါရဂူ ဖြစ်တော်မူသော ရှင်မဟာသီလဝံသက ဖွဲ့ဆို ချီးကျူး ထား‌သည့် အလဲ့၊ မခြား‌ထပ်တူ မှတ်ယူအပ်ပါသည်။

မင်းကွန်း ဆရာတော်ဘုရား၏ ပိဋကတ် အာဂုံနှင့် သိမှတ်လာပုံတို့မှာ စံတည်ရအောင် အလွန်ကြည်လွှာသဖြင့် ဂမ္ဘီရ ခေါင်မွန် တေဒဂ်မျှကိုပင် ချီးမြှင့် ထိုက်လှပါပေသည်။ လွတ်လပ်သည့် မြန်မာနိုင်ငံတော်ဝယ် "တိပိဋကဓရ အစ အရှင် ဝိစိတ္တ သာရာဘိဝံသက" ဟု ဆိုလျှင် မှား‌အံ့မထင်ပါ။

ထိုကဲ့သို့ ပဓာန ကိစ္စကြီးနှစ်ရပ်ကို တာဝန်သိသိဖြင့် အောင်မြင်စွာ ဆောင်ရွက် ပြီးမြောက်သော အခါ၊ မင်းကွန်း တိပိဋကဓရ ဆရာတော်



ဘုရားမှာ နောက်ထပ် တာဝန်တစ်ခု တက်လာပြန်ပါသည်။ထိုတာဝန်ကား အခြားမဟုတ်၊အရှင်မြတ် ကဲ့သို့ တိပိဋကဓရများ ဆက်ကာဆက်ကာ ထွက်ပေါ်လာရေးပင် ဖြစ်သည်။ထိုအရေးအတွက် ပိဋကစာမေ·ပွဲကြီးတွင် ဖြေဆိုမှု မပြုမီ ပေါင်းကူး တံတားသဖွယ် နိကာယ်စာမေးပွဲကို စီစဉ်ကျင်းပပေးရန် လိုအပ်လာပြန်သည်။

ဤကိစ္စတွင် မင်းကွန်း ဆရာတော် ဘုရားသည် အဘိဓဇ မဟာရဋ္ဌဂုရု၊ ဆဋ္ဌသံဂီတိ သံဃမဟာနာယက မစိုးရိမ် ဆရာတော်ဘုရားကြီးနှင့် စိဘ်ရောကိုယ်ပါ ပူးပေါင်း ဆောင်ရွက်နိုင်သဖြင့် ''အရှင်မွေးတော့ နေ့ချင်းကြီး'' ဆိုသကဲ့သို့ နိကာယ်စာမေးပွဲ ကျင်းပရေးမှာ နေ့ချင်းညချင်းပင် အောင်မြင်လာခဲ့သည်။ မစိုးရိမ် ဆရာတော် ဘုရားကြီးကား ရှေးမဆွကပင် နိကာယ်သာသနာထွန်းကားရေးကို လွန်စွာလိုလားခဲ့ရာ အကြောင်းတိုက်ဆိုင်၍ ဆောင်ရွက်ပေးမည့် ကလျာဏ မိတ္တပေါ်ထွက်လာသည်နှင့် ထို သာသနာမှာ တစ်ဟုန်ထိုး ပြန့်ပွားစည်ပင်လာပေသည်။

ဤမျှမကဒသး တိပိဋကဓရ ပေါ်ထွန်းရေးအတွက် မင်းကွန်းဆရာတော်ဘုရားသည် စစ်ကိုင်းမြို့နယ်၊ မင်းကွန်းတောင်ရိုး၊ မိုးမိတ် စေတီတော်ကြီးများ ကုန်းမြေ၌ တိပိဋက နိကာယ ကျောင်းတိုက်ကို ၁၃၄၀ပြည့်နှစ် ဝါဆိုလဆန်း ၅ရက် နေ့က ကိုယ်တော်တိုင် တည်ထောင် ဖွင့်လှစ်ခဲ့ပါသည်။ ထိုကျောင်းတိုက် တည်တံ့ရေး အတွက် တိပိဋကဓရ ဆရာတော်ဘုရားသည် နိုင်ငံတော်အစိုးရလှူဒါန်းထားသော တိပိဋကဓရလစဉ်ဆွမ်းဆန်းတော်ကို လည်းကောင်း၊ အဂ္ဂမဟာ ပဏ္ဍိတ နှစ်စဉ် ဆွမ်းဆန်တော်ကိုလည်းကောင်း နိကာယ် ငါးရပ် ပိဋကတ် သာသနာအား ရာသက်ပန်လှူဒါန်း လိုက်ပါသည်။ တိပိဋကဓရ ပေါ်ထွန်းရေးလုပ်ငန်းတွင် ဆရာတော်ဘုရားနှင့် အတူ ပါဝင်လှူဒါန်းကြသူ ပါရမီရှင်တို့မှာ 'ဒုနဲ့ဒေး' ဆိုသကဲ့သို့ ထုထည် ကြီးမားလှပေသည်။

မင်းကွန်း တိပိဋကဓရ ဆရာတော် အရှင်သူမြတ်သည် တိပိဋကဓရ ပေါ်ထွက်ရေး အတွက် ကိုယ်တော်တိုင် ဥဒါဟရဏ ပုံထုတ်ပြခဲ့ သည်သာမက အဘက်ဘက်မှ လိုလေသေးမရှိအောင် ရှေ့ဆောင် ဦးစီး၍ တစ်ဦးတစ်ယောက်က သတ်မှတ်ပေးအပ်သော တာဝန်တစ်ရပ်ကဲ့သို့ အခါမလပ် ဆရာဒကာ ညီညွတ်စွာ အားထုတ်မှတော် မူလျက် ရှိပါသည်။ ထို့သို့ ဆောင်ရွက်တော် မူသဖြင့် ၁၃၁၀ပြည့်နှစ်မှ ၁၃၄၂ခုနှစ်တိုင် မြန်မာတစ်နိုင်ငံလုံးတွင် တိပိဋကသုံးပုံဆောင်ရဟန်း ငါးပါး ပေါ်ထွက်ခဲ့ပါပြီ၊ဆရာတော်ဘုရားကိုယ်တော်တိုင် တည်ထောင်တော် မူသော မင်းကွန်း တိပိဋက နိကာယ ကျောင်းတိုက်မှမူ တိပိဋက စာမေးပွဲ၌ လွန်ခဲ့သည့် ခုနစ်နှစ်အတွင်း ဖြေဆိုသူ စာသင်သံဃာမြတ်များ အနက် ဝိနည်း ငါးကျမ်း အာဂုံပြန်ဆို အောင်မြင်သူ သံဃာများ၊ ပိဋကတ်တစ်ပုံ ဆောင်သံဃာများနှင့်ပိဋကတ်နှစ်ပုံဆောင်များတို့ ထွက်ပေါ်လာပါပြီ။ များမကြာမီ ကာလအတွင်း ပိဋကတ်သုံးပုံဆောင် ရဟန်းများ မင်းကွန်း တိပိဋကနိကာယ ကျောင်းမှ အစဉ်တစိုက် ထွက်ပေါ်လာတော့မည်မှာ ဗေဒင် ကြည့်ရန်ပင် လိုမည် မထင်ပါ။

ဤကဲ့သို့မင်းကွန်းနယ်မြေဗုဒ္ဓသာသနာတော်သည် ထွန်းလင်းသည်ထက် ဆွန်းလင်းလာသည် သာမက ပဘ်ဝန်းကျင် အခြေအနေနှင့် ဒေသပုဂ္ဂလ စသော ဥပနိဿယ ပစ္စည်းအထောက်အပံ့ဖြင့် ရှေးကာလကခြောက်ကပ်နေသော မင်းကွန်း တောင်ရိုး မိုးမိတ် စေတီတော်များ ကုန်းမြေသည် ယခုအခါ ဘုရားသာသနာတော်၏ မြို့တော်ကြီး သဖွယ် ကြီးကျယ် ခမ်းနား ကျော်ကြားရှိ လာပေသည်။

ဤသည်ကား မရေပ်မနား ရှေးရှေးက ပါရမီရှင်ကြီးများကဲ့သို့ ထူးခြားသော ဝီရိယဖြင့် မင်းကွန်း ဆရာတော် အရှင် ဝိစိတ္တာသာရာ ဘိဝံသ၏ စွမ်းဆောင်မှုနှင့် ကိုယ် တော် ပိုင် တည်ဆောင်သော တိပိဋကနိကာယ အဖွဲ့ကြီးနှင့် ဆရာဒကာ ညီညွတ်စွာ ကြိုးပမ်းမှုတို့၏ အောင်ခြင်းကြီးတစ် ရပ်ပါပေတည်း။

ထို့ပြင်တစ်ဖြာ ပြည်တွင်း ပြည်ပ သာသနာ ပြုနိုင်မည့် သာသနာ့အာဇာနည်များ ပေါ်ထွက် ရေးအတွက် မန္တလေးနှင့် ရန်ကုန်မြို့တို့တွင် ဘာသာငါးမျိုးဖြင့် ပိဋကသုံးပုံကို သင်ကြား ပို့ချနိုင် ရန် ဖွင့်လှစ်မည့် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများ တည်ထောင်ရေး ကိုလည်း အဘိဓဇ မဟာရဋ္ဌဂုရု မင်းကွန်းဆရာတော်ဘုရား ကြီးက ဦးစီးနာယကပြု၍ ဆောင်ရွက်လျက်ရှိပါ သည်။ ကမ္ဘာနှင့်ချီ၍သာသနာပြုမည့် ဤနှစ်ရှည် စီမံကိန်း အတွက် ယခု ရက်ဘိုင် အထ မြောက် အောင်မြင်မှုတို့မှာလည်း နှစ်ထောင်း အားရဖွယ် ကောင်းလှပါပေသည်။

ဤအောင်မြင်မှု အဖြာဖြာတွင် ကျေးဇူးဥပ ကာရပြုကြသော အခကြောင်းတို့ကို ပံ့လွန်တော် မူသော အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ် ပဋ္ဌာန်း ဆရာတော်ဘုရားကြီး ညွှန်ပြတော်မူလေ ရှိသော ပဋ္ဌာန်းနည်းအရ ဆင်ခြင်သုံးသပ်ပါက....

ဆရာဒကာအချင်းချင်း၊ တစ်မိဝမ်းတွင်း ရှေ့ နောက်ဆင်းကြသော ညီရင်း အစ်ကိုရင်း၊ ညီမ ရင်း၊ အစ်မရင်းတို့ဖြင့် တူပုံကလည်း တစ်ဖြာ၊ သဲမွာဒေဝ နတ်ကောင်း နတ်မြတ် တို့နှင့် တူပုံ ကလည်း တစ်မျိုး၊ အဖိုးထိုက်တန်သည့် ရတနာ များအပ်နှံ၍ နတ်ဌာန်ကြွလေသော စကြာမန္ဓာတ် မင်းကြီးနှင့်တူပုံကလည်း ဘစ်ပါး၊ ရုပ်သားတက် လာပုံကလည်း တစ်ဖုံ၊ ကောင်းသော အာရုံဟူ သမျှကို ဘယ်သူကမှ မတောင်းမခံ၊ ပဋိသန္ဓေပဝတ္တိ အကျိုးတို့ကို တစ်မျိုးပြီး တစ်မျိုး အရိပ်ပမာ အလားကဲ့သို့ တံဆိပ်ခါမနား ပေး၍ ပေး၍နေ သည့် နာနာကွဏိက ကမ္မသတ္တိကလည်း ခဏတိုင်း ခဏတိုင်း ဘဂတံတိုင်းကြီးများ ဘယ်လိုပင် ပိတ် ကြသော်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဘုရား၊ တရား၊ သံဃာ၊ ရတနာ မြတ်သုံးပါး တို့က ကူလားကြ သည့် ပကတူပနိဿယ ပစ္စည်းတည်း ဟူသော အစောင့်အရှောက်တို့နှင့် ကူပုံကလည်း တစ်နည်း၊ ကိုယ်တော်တိုင် ပြုလုပ်ခဲ့သည့် ကောင်းမှုကုသိုလ် ကံတွေကြောင့် တိပိဋကဓရ မင်းကွန်းဆရာတော် ဘုရားကြီးကား ဘုန်းသမ္ဘာ ကြီးလိုက် သည်မှာ တစ်ခါတည်းနှင့် လူ့ရပ် နတ်ဌာန် တိုင်အောင် မကွာ အပြီးလိုက်ပါ စောင့်ရှောက် ကြလေကုန် သတည်း။

ပတ္ထနာ

သဒ္ဓမ္မရံသိ သပ္ပုလ္လေ၊ မိုးမိတ် စေတိယင်္ဂဏ-
သုန်ရဇေ။
ရမန္တာ သတတာ သန္တ၊
ဇနာရေဏု ပိတာလိနော။ ။

ဓမ္မရံသီ၊ လင်းရောင်ခြည်ဖြင့်၊ ဂုဏ်ရည်မြတ် မြင့်၊ ကားကား စွင့်လျက်၊ တင့်တင့် တယ်တယ်၊ ပွင့်စုံခြယ်သား၊ စက်နယ်မြင့်စွာ၊ သာသနာ၌၊ နံ့သာ ပေါင်းဖုံး၊ မိုးမိတ်စေတီများ ကုန်းတွင်၊ ပြည်လုံး ပျံ့ပြော၊ ကြ-မြတ် တောဝယ်၊ ဓမ္မော ဇဂုဏ်၊ ပန်းဝတ်မှုန်ကို၊ အာရုံစွဲငြိ၊ သုံးလိုဘိ၍၊ မုနိမွေတော်၊ ရကြောင်း မျော်သည့်၊ သူတော် အားလုံး၊ ပျားပိတုန်းတို့၊ စုရုံးကြကာ၊ ပီတိဖြာ လျက်၊ အခါမစဲ၊ တသဲသဲလျှင်၊ အောင်ပွဲ ဆင်နိုင် ကြပါစေ၊ အောင်ပွဲဆင်နိုင်ကြပါစေသော်။ ။

ဦးကြင်
သတိုးမဟာ သရေစည်သူ
အငြိမ်းစား သံအမတ်ကြီး

''ရဟန်းတို့ ထက်မြက်သော ပညာနှင့် ပြည့်စုံ၍ ယဉ်ကျေးသိမ်မွေ့သော ရဲရင့်သောဉာဏ်ရှိ၍ အကြား အမြင်နှင့် ပြည့်စုံသော ပရိယတ္တိဓမ္မကို ဆောင်နိုင်၍ မဂ်ဖိုလ်ရကြောင်း သူတော်ကောင်း တရားကို ကြိုးစားကျင့်ကြံအားထုတ်သော ရဟန်း သည် သံဃာကိုဘင့်တယ်စေသူမည်၏။(၀၇)သံဃာ့ ကျက်သရေဆောင်ဖြစ်၏။''

(အံ၊စတုက္ကနိပါတ်၊သောဘနသုတ်)

မြတ်ဗုဒ္ဓသည် သံဃာ့ကျက်သရေဆောင်ရဟန်း တော်၏ ဂုဏ်အင်္ဂါ အရည်အချင်းတို့ကို အထက် ပါအတိုင်း မိန့်ကြားတော် မူခဲ့၏။ သာသနာနှင့် သံဃာ၊ သံဃာနှင့် သာသနာသည် ခွဲခြား မရ အောင် တစ်သားတည်း ကျနေကြောင်းကို သာ သနာ့ သမိုင်းကြောင်းတွင် ထင်ရှားခဲ့ ပေသည်။ ယင်းသို့ ဆိုခဲ့သည့် ဂုဏ်အင်္ဂါ အရည်အချင်းနှင့် ပြည့်စုံသောရဟန်းတော်သည် သံဃာကိုတင့်တယ် စေသည့် သံဃာ့ကျက်သရေဆောင် ပုဂ္ဂိုလ်မျှသာ မဟုတ်။ သာသနာတော်တစ်ရပ်လုံးကို တင့်တယ် စေသည့် သာသနာ့ ကျက်သရေဆောင် ပုဂ္ဂိုလ် ဖြစ်ပေတော့သည်။

ဆိုခဲ့ပြီးသော စကား တော်၌ သာသနာ၏ အဓိက လုပ်ငန်းကြီး နှစ်ရပ် ထင်ဟပ်လျက် ရှိနေ ပေသည်။ ထက်မြက်သော ပညာရှိခြင်း၊ ရဲရင့် သော ဉာဏ်ရှိ၍ အကြားအမြင်နှင့် ပြည့်စုံခြင်း၊ ပရိယတ္တိဓမ္မကို ဆောင်နိုင်ခြင်းဟူသော ဂုဏ်အင်္ဂါ များသည် ပရိယတ္တိလုပ်ငန်းဆိုင်ရာ အရည်အချင်း များဖြစ်၍ ယဉ်ကျေး သိမ်မွေ့ခြင်း၊ မဂ် ဖိုလ် ရကြောင်း သူတော်ကောင်း တရားကို ကြိုးစား ကျင့်ကြံ အားထုတ်ခြင်း ဟူသော ဂုဏ်အင်္ဂါများ မှာ ပဋိပတ္တိဆိုင်ရာ အရည်အချင်းများ ဖြစ်ပေ သည်။

အမှန်စင်စစ် ဤဂုဏ်အင်္ဂါအရည်အချင်းများဟာ သာသနာ့လုပ်ငန်းကြီးနှစ်ခုကို ထမ်းဆောင်ရာမှ ရရှိလာသော ဂုဏ်အင်္ဂါများ ဖြစ်ပေသည်။ ထို့ကြောင့် ထိုဂုဏ်အင်္ဂါအရည်အချင်း ရှိသော ရဟန်းတော်သည် သံဃာ့ကျက်သရေဆောင် ဖြစ်သည်ဟူသော မြတ်ဗုဒ္ဓမိန့်ကြွားချက်ကို ခြွင်းချက်မရှိမှန်ကန်ကြောင်းထောက်ခံကာ ဦးထိပ်ပန်ဆင်ရပေမည်။

ဆိုခဲ့ပြီး ဂုဏ်အင်္ဂါများနှင့်ပြည့်စုံသော ရဟန်းတော်သည် သံဃာ့ကျက်သရေဆောင် (၀၂)သာသနာ့ကျက်သရေဆောင်ဟု ဆိုပါလျှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးနှင့် တိုက်အုပ်စာချ ဆရာတော်များနှင့် တိပိဋက လောင်းလျာသောတုဇနကြီးများပါ သာသနာ့ ကျက်သရေဆောင်ပုဂ္ဂိုလ်များဖြစ်သည်ဟု မှတ်ယူရပေမည်။

မှန်၏။ မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီးနှင့် တပည့် သံဃာတော် များသည် စာပေကျမ်းဂန်တို့ကို နှေးညှဉ်မပြတ် ပို့ချသင်အံ လေ့လာနေကြသည့် ပုဂ္ဂိုလ်များဖြစ်၍ ထက်မြက်သော ပညာနှင့်ပြည့်စုံခြင်း၊ ရဲရင့်သောပညာရှိ၍ အကြားအမြင် များခြင်း၊ ပရိယတ္တိဓမ္မကို ဆောင်နိုင်ခြင်းဟူသော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံနေပေသည်။

ယနေ့ မြန်မာနိုင်ငံ သာသနာရေး နယ်ပယ်၌ မင်းကွန်း တိပိဋကနိကာယသာသနာပြု ကျောင်းတော်ကြီး၏ အမည်သည် ထင်ရှား လှပေသည်။ တကယ်အလုပ်လုပ်၍ အဟုတ်အောင်မြင်နေသော ကျောင်းတိုက်အဖြစ် ယနေ့ သာသနာတော်တွင် ရပ်တည် နေပေသည်။ တကယ်လုပ်က အဟုတ်ဖြစ်သည်ဟူ၍ စာပေ ပရိယတ္တိနယ်ပယ်၊ စာပေလောက တစ်ခုလုံးကို တပ်လှန့် သတိပေးသကဲ့သို့ ဖြစ်သည်။

ဤမျှအထိ အောင်မြင်မှုသရဖူကို ဆောင်းနိုင်ကြခြင်းမှာ မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး၏ ပညာထက်မြက်မှု၊ အစီအမံ မကောင်းမှု၊ ဇွဲ

နိုးဒိတ်ကုန်းပြေရှိ ဆဋ္ဌကုန်း၏ ကျောင်း(၆)ဆောင်ရုံခင်း





ဆရာ-ဒကာ တက်ညီလက်ညီ သာသနာ့ဝန်ကိုကြိုးပမ်းရာ မိုးမိတ်ကုန်းမြေ

လုံ့လ ကောင်းမှုတို့ကြောင့် ဖြစ်သလို တိ-နိ သာသနာပြု အဖွဲ့ဝင်တို့၏ တက်ညီလက်ညီ အားထုတ်မှုကြောင့်ပင် ဖြစ်သည်။

တာဝန်သိသူမှာ တာဝန်ရှိသည်

ယနေ့ သာသနာတော်ကြီး မယိမ်း မယိုင်၊ မတိမ်းမစောင်း သန့်ရှင်းတည်တံ့ရေးသည် သာသနာ့ဦးသျှောင် ဆရာတော်ဘုရားမျှားနှင့် သာသနာဝင် သူတော်စင် ဥပါသကာ၊ ဥပါသကီတို့၏ တာဝန်ဖြစ်ပေသည်။ သူတော်စင် တို့သည် ထိုတာဝန်ကြီးကိုသိသည်နှင့်အမျှ မိမိတို့မှာတာဝန်ရှိကြောင်းသိရပေမည်။ ထိုအကြောင်းကို တိပိဋကမင်းကွန်း ဆရာတော်ဘုရားကြီးသည် တာဝန်သိသူမှာ တာဝန်ရှိသည်ဟု အလျဉ်းသင့်သလို မိန့်ကြားခဲ့ပါသည်။

ဒကာ-ဆရာ၊ ပစ္စယာ နုဂ္ဂဟ - ဓမ္မာ နုဂ္ဂဟ အပြန်အလှန် ရကြလျှင် ယောဂ လေးတန် ကုန်ကြောင်းမှန် အလွန် မွန်မြတ်သော သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ်ကို အရဟတ္တဖိုလ်တိုင် ပြီးစေနိုင်၏-ဟူသော ဒေသနာတော်အရ ဆရာတော်ကြီးနှင့် တပည့် စာချစာသင်တို့ကလည်း နံနက် (၆)နာရီမှ (၁၀)ရီတိုင်အောင် စာကျက်စာအံခြင်း၊ နေ့ ၁-နာရီမှ နေဝင်ဖျို့အချိန်ကျအောင် စာကျက်စာအံ၊ စာကြံ စာကြည့် ကြခြင်း၊ ညဉ့် ဘုရား၀တ်တက်ပြီးမှ(၁၀)နာရီ (၁၁)နာရီတိုင်အောင် စာကြည့် စာပြန်ခြင်းဖြင့် ပရိယတ္တိ သာသနာ့တာဝန်ကို အားသွန်ထမ်းဆောင်တော်မူကြပါသည်။

ထို့အတူ ဒါယကာ ဒါယိကာမတို့ ဘက်ကလည်း ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတို့ကိုလိုလေသေးမရှိအောင် တိပိဋကဓရသောင်းလျာတို့ မပင်မပန်း သာသနာ့တာဝန်ကို ထမ်းဆောင်နိုင်ရန် ဆက်ကပ်လှူဒါန်းကြပါသည်။

တိပိဋကနိကာယ် ကျောင်းတိုက်ကြီးသည် ထို သို့သော မိမိတို့ တာဝန်ကို ဆရာ ဒကာများ သိကြပြီး ဆရာ တပည့် ဒကာ ဒကာမ များ၏ တက်ညီ လက်ညီ ကြိုးစားမှုကြောင့် ယနေ့တိုင် အောင်မြင်မှုသရဖူကို ရယူနိုင်ကြခြင်း ဖြစ်သည်ဟု ဆိုလျှင် မှားမည် မထင်ပေ။

သာသနာပြုရာ၌ ပရိယတ် သက်သက်ဖြင့် လုံ လောက်မှုမရှိသကဲ့သို့ ပဋိပတ်သက်သက်ဖြင့်လည်း ပြည့်စုံမှု မရှိနိုင်ပေ။ ပရိယတ် ပဋိပတ် နှစ်မျိုးလုံး ကျင့်သုံးမှ လုံလောက်သောကြောင့် ပရိယတ်ကို သင့်ယူလေ့လာရင်း အခြားတစ်ဘက်တွင်လည်း ပဋိပတ်လုပ်ငန်းကို လုပ်ကိုင်ကြကြောင်းကို တိ-နိ စာသင်သားကြီးတို့အဖို့ အထူး ပြောစရာ မလို။ ပဋိပတ်လုပ်ငန်းတွင် ကြိုးစားကြသလို ပရိယတ် ဘက်တွင်လည်း ကြိုးစားကြ ကြောင်းကို နှစ်စဉ် စာမေးပွဲ အောင်စာရင်းကို ကြည့်ခြင်း အားဖြင့် သိနိုင်ပေသည်။ သာမန်ပုဂ္ဂိုလ်တို့ မမှန်းဝံ့သော၊ စာမေးပွဲတို့၏ ထိပ်ခေါင် ဖြစ်သော၊ သာသနာ့ အာဇာနည်တို့၏ အရာသာ ဖြစ်သော နိကာယ် စာမေးပွဲ များနှင့် တိပိဋက စာမေးပွဲကြီးတို့တွင် သမာဓိအား ကောင်းစွာဖြင့် ဖြေသောကြောင့် အောင်ပန်း အလီလီ ဆင်မြန်းနိုင်ခြင်းတို့က သက် သေခံလျက်ရှိပေသည်။

ထို့ကြောင့်ပင် မင်းကွန်း တိပိဋကဆရာတော် ဘုရားကြီး၊ တိပိဋက လောင်းလျာ အာဇာနည် များနှင့် တိပိဋကနိကာယ် သာသနာပြု အဖွဲ့ဝင် သူတော်စင်တို့သည် ထူးချွန်မသာ သံဃာ့ ကျက် သရဆောင်(၀၁)သာသနာ့ ကျက်သရဆောင် မှားဟူဆိုပါက လွန်အံ့မထင်ပေ။ ။

မင်းဘူး-မျိုးသက်အောင်



တိုဝိဉကဓရဆရာတော်ဘုရားကြီး၏
မေတ္တာ-ဝေတာနာ

မင်းယုဝေ

လွန်ခဲ့သော ၂၅-နှစ်၊ ၁၃၂၂-ခုနှစ်က ဖြစ်သည်။ တစ်နေ့သ၌ မန္တလေးမြို့မှ အလှူရှင်ကျောင်းဒါယကာ ဒါယိကာမ ဇနီးမောင်နှံနှစ်ဦးသည် မင်းကွန်းရှိဆရာတော်ကြီးတစ်ပါးထံ သွားရောက်ဖူးမြော်သည်။ ဆရာတော်ကြီး သီတင်းသုံးရာ ကျောင်းတိုက် အဝင်ဝ၊မုခ်ဦးရှေ့ဘေးနှစ်ဖက်တွင် နာမည်ကျော် ပန်းပုဆရာကြီး တစ်ဦး၏ လက်ရာဖြင့် ခြင်္သေ့ရုပ်ကြီး နှစ်ကောင် ထုလုပ်လှူဒါန်းလိုကြောင်း လျှောက်ထားသည်။

ထိုအခါ ဆရာတော်ကြီးက ရင်းနှီးသော ဒါယကာ ဒါယိကာမများဖြစ်၍အကျိုးအကြောင်း မေးမြန်းသည်။

"ခြင်္သေ့ကြီး တစ်ကောင်ဆိုလျှင် ဘယ်လောက် ကုန်ကျမှာလဲ ဒကာကြီးရဲ့"

"ပစ္စည်းဖိုးရော၊ လက်ခပါအပါအဝင်ဆိုရင် ခြင်္သေ့ရုပ်တစ်ကောင်ကို ၄၀၀၀-ကျော်လောက် ကုန်ကျပါမယ်၊ နှစ်ကောင်ဆိုတော့ ၈၀၀၀-ကျော် ၉၀၀၀-လောက် ကုန်ကျပါမယ်ဘုရား"

"ဒကာကြီးရယ် ဒီလောက် အကုန်အကျခံပြီး ပြုလုပ်ပေမယ့် ခြင်္သေ့နှစ်ကောင်အောက်မှာ မိုးရွာနေပူလို့မှ လှူတစ်ယောက် ခိုလှုံလို့မရပါဘူး။ မသုပ်ချင်ပါနဲ့ ဒကာကြီးရာ"

"သဘာဝ ခြင်္သေ့ကြီးတွေဆိုတော့ လူအများ အလှူကြည့်ရတာပေါ့ ဘုရား"

"သဘာဝခြင်္သေ့ရုပ်ကို အလှူကြည့်ချင်တာဖြင့် မန္တလေးက ဘုရားကြီး မြောက်မုခ်ကို သွားကြည့်နိုင်ပါတယ်။ ဘုန်းကြီးတို့ ကျောင်းတိုက်မှာတော့ ဒါလောက်တန်ဖိုးများပြီး လူတစ်ယောက်မျှ အရိပ်

မခိုမနားရတဲ့ ဒကာကြီးရဲ့ သဘာဝခြေသွေ့ နှစ်ကောင်ကို မလုပ်ချင်ပါနဲ့ ဒကာကြီးရယ်''

''ဒါဖြစ်ရင် တပည့်တော်တို့ ဘာဆောက်လုပ်လှူရမလဲဘုရား။ တပည့်တော်တို့ အလှူဒါန ပြုချင်လို့ပါ''

''သည်လိုဆိုရင် မင်းကွန်းမှာ ကျေးလက်ကျန်မာရေးဆေးခန်း အဆောက်အအုံတစ်ခု ခိုင်ခိုင်ခံ့ခံ့ ဆောက်လုပ်လှူဒါန်းရင် အလွန် သင့်မြတ်မယ်။ ကျေးရွာလူထုကျန်းမာရေးအတွက် အထူးအကျိုးများမယ် ဒကာကြီး''

ဤတွင် ဆရာတော်ကြီး၏ ညွှန်ပြဆုံးမချက်ကို ဝမ်းမြောက်ဝမ်းသာ နှစ်သက်လက်ခံကာ



မင်းကွန်းဆေးရုံ

မင်းကွန်း မိုးမိတ်ကုန်းမြေ၌ ဆရာတော်ဘုရား၏ ဆေးဝါးလှူဒါန်းပွဲမှ

ကျောင်းဒကာ ဇနီးမောင်နှံသည် အုတ်ပတ်ကား၊ သွပ်မိုး၊ သစ်မာတို့ဖြင့် ထိုခေတ်ကျပ်ငွေ ၃၀၀၀ဝိ (သုံးသောင်းကျော်) တန် စံချိန်မီ ကျေးလက်ကျန်းမာရေး ဆေးပေးခွဲခန အဆောက်အအုံကို အခိုင်အခံ့ ဆောက်လုပ်လှူဒါန်းခဲ့ပေသည်။

အဆိုပါ အလှူရှင်ကျောင်းဒကာ ဇနီးမောင်နှံကား မန္တလေးမြို့မှ ကျောင်းဒကာကြီး ဦးဖိုးမှိန့်နှင့် ဒေါ်ရွှေညွှန့်တို့ ဖြစ်သည်။ ဆရာတော်ကြီးကား တိပိဋကဓရဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသပင် ဖြစ်ပေသည်။

ဆရာတော်ကြီးသည် မေတ္တာရှင် ကရုဏာရှင် စေတနာရှင်ကြီး ဖြစ်သည်။ ထို့ကြောင့် သာသနာပြန့်ပွားရေးအတွက် အမျိုးမျိုး ကြိုးပမ်းဆောင်ရွက်စဉ် တစ်ဖက်ကလည်း လူထုအတွက် လူမှုရေးအလှူဒါနများကို အားပေးဆောင်ရွက်တော်မူခဲ့သည်။

လွန်ခဲ့သော ၁၄-နှစ်၊ ၁၃၃၃-ခုနှစ်က မိုးကုတ်မြို့မှ ကျောင်းဒကာကြီး ဦးဘရှင်းနှင့်သားသမီးတို့က ဆရာတော်ကြီး၏ ဓမ္မနာဒကျောင်းတိုက်တွင် သီနှံးကျော်ဘန် ဓမ္မာရုံကြီး ဆောက်လုပ်လှူဒါန်းလိုခကြောင်း လျှောက်ထားကြသည်။

ထိုအခါ ဆရာတော်ကြီးက ''ဓမ္မနာဒကျောင်းတိုက်မှာ ဓမ္မာရုံရှိပြီးဖြစ်နေတယ်။ နောက်ထပ်ပြီး ဆောက်လုပ်ရင် အဟောသိက် ဖြစ်နိုင်တယ်။ လူထုအတွက် အကျိုးများမယ့် တိုက်နယ်ဆေးရုံတစ်ခု ဆောက်လုပ်နိုင်ရင် ပိုအကျိုးကူးမယ်'' ဟူ၍ မိန့်တော်မူသည်။

ဦးဘရှင်းနှင့် သားသမီးတို့လည်း နှစ်သက်ဝမ်းမြောက်စွာပင် ဆရာတော်ကြီး၏ ဆန္ဒအတိုင်း 'မင်းကွန်းတိုက်နယ် ဆေးရုံ'ကို ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ တိုက်နယ်ဆေးရုံနှင့် တကွ ဆရာဝန်နေရန်အိမ်၊ အမှုထမ်းများနေရန် အိမ်များ၊ဂိလာနသံဃဆောင်၊ကူးစက်ရောဂါဆောင်၊ လူနာရှင် ဧည့်ရိပ်သာဆောင်၊ သောက်ရေကန် စသည်တို့အပါအဝင် အားလုံးအတွက် ကျပ်ငွေ ၅-သိန်းကျော် တန်ဖိုး ရှိလေသည်။ ထို့ပြင် တိုက်နယ်ဆေးရုံ ထောက်ပံ့ရေး ရန်ပုံငွေကိုလည်း အမြဲ ဖွင့်လှစ် ထားရှိရန် ဆရာတော်ကြီး ကပင် ဦးဆောင် ညွှန်ပြတော်မူခဲ့သည်။

ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကို လွန်စွဲကြည်ညိုလှသဖြင့် အနယ်နယ် အရပ်ရပ်မှ ဒကာ ဒကာမများသည် ဆရာတော်ကြီးကို ဝတ္ထုပစ္စည်းများဖြင့် စေတနာသဒ္ဓါထက်သန်စွာ လှူဒါန်းပူဇော်ခဲ့ကြသည်။ ဆရာတော်ကြီးသည် ယင်းတို့ကို သာသနာအတွက် အကျိုးရှိမည့် ပုဂ္ဂိုလ်၊ အရပ်၊ ဌာနတို့သို့ တဖန်ပြန်လည် စွန့်ကြဲလှူဒါန်းခဲ့သည်။ ထို့ပြင် လူထုအတွက်လည်း လူမှုရေးဆိုင်ရာ အလှူများ အံ့ချီးဖွယ် ပြုတော်မူခဲ့သည်။

ဆရာတော် ကြီးသည် မင်းကွန်း တိုက်နယ်အတွင်းရှိ လူငယ်လူရွယ်တို့ ပညာရေး အတွက် လိုအပ်သော မူလတန်း စာသင်ကျောင်း ကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့သည်။

အုတ်နံရံကပ်နှစ်ထပ်အလယ်တန်းကျောင်းကြီးကိုလည်း လှူဒါန်းခဲ့သည်။ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများအတွက် သောက်ရေကန် တည်ဆောက်၍လည်း လှူဒါန်း ခဲ့သည်။ ယခုအခါ မင်းကွန်း အလယ်တန်းကျောင်းသည် ဆရာတော်ကြီး၏ အကူအညီ အထောက်အပံ့ဖြင့်

တွဲဖက် အထက်တန်းကျောင်းကိုပါ ဖွင့်နိုင်နေပြီ ဖြစ်ပါသည်။

ဆရာတော်ကြီးသည် မိမိဇာတိဖြစ်သော မြင်းခြံမြို့နယ်၊ ကျည်းပင်ရွာကျောင်းအနီး ချောင်းရိုးကိုလည်း သွားရေး လာရေးလွယ်ကူရန် ကျောက်တံတား၊ ကျောက်လမ်း ခင်းပေးခဲ့သည်။

သဖြူဝရွာနှင့်သဘော်ဆိုင်အသွားတွင်ချောင်းရိုးကိုဖြတ်၍ တံတား တစ်ခုလည်း ဆောက်လုပ်လှူဒါန်းခဲ့သည်။ သဖြူဝနှင့်ကျည်းပင်ရွာကလေးများ စာသင်ရာ' မူလတန်း နှစ်ထပ်ကျောင်း နှစ်ဆောင်ကိုလည်း ဆောက်လုပ် လှူဒါန်းတော် မူခဲ့သည်။

ဆရာတော်ကြီးသည် မိမိအတွက် မရှိလျှင်မဖြစ်သော့ရဟန်းအသုံးအဆောင်တို့ကိုသာ သုံးဆောင်တော်မူသည်။ ရိုးရိုးပင် နေထိုင်စားသောက်ဘုဉ်းပေးတော်မူသည်။

၁၃၁၈-ခုနှစ် သင်္ကြံယနာ အောင်ပွဲနှင့် သာသနာ ၂၅၀၀ ပြည့် ဗုဒ္ဓဇယန္တီပွဲတော် ကျင်းပချိန်တွင် နိုင်ငံတော်အစိုးရက ဆရာဘော်ကြီးအား မှန်လုံရုရှကားကြီးတစ်စီး အပြီးအပိုင် လှူဒါန်းသည်။ ဆရာတော်ကြီးက လက်မခံပေ။

"ဘုန်းကြီးဟာ တောမှာနေတဲ့ ဘုန်းကြီးပါ။ ဒီလိုကားမျိုးစီးလို့ မလျော်ပါဘူး။ အပြီး အပိုင် အလှူမခံပါရစေနဲ့။ အစိုးရစေတနာကိုငဲ့ပြီး သင်္ကြံယနာအောင်ပွဲ ပြီးရုံအထိသာ အသုံးပြုပါရစေ" ဟူ၍ မိန့်တော်မူကာ ၅-ရက်မျှသာအသုံးပြုတော်မူခဲ့သည်။ ထိုနောက် နိုင်ငံတော်အား ပြန်၍စွန့်လှူလိုက်လေသည်။

ဆရာတော်ကြီးသည် သူ ကိုယ်တိုင် ခြိုးခြံစွာ ကျင့်သုံးနေထိုင်သော်လည်း ဆင်းရဲနွမ်းပါးသော ရဟန်းရှင်လူများကိုမူ တတ်စွမ်းသမျှ ပေးလှူလေ့ ရှိပေသည်။

လွန်ခဲ့သော ဂ-နှစ်၊ ၁၃၃၉-ခုနှစ်၊ တန်ခူးလက မန္တလေး တောင်ပြင်တွင် မီး အကြီးအကျယ် လောင်ကျွမ်းခဲ့သည်။ ဘုန်းဇော်ကြီး ကျောင်းအတော်များများ မီးထဲ ပါသွားသည်။ မီးဘေးသင့်သံဃာတော်များ အတိဒုက္ခရောက်ခဲ့ကြသည်။ ထိုအခါ ဆရာတော်ကြီးသည် စုစုပေါင်း သံဃာတော် ၂၅၀-ကျော်အတွက် မိမိ၌ ရှိသမျှသော သင်္ကန်း၊ ထီး၊ ဖိနပ်၊ စောင်၊ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာ၊ ဆန်၊ဆီ၊ ဆား၊ ပဲတို့ကို အချို့းကျခွဲဝေ၍ လှူဒါန်းခဲ့သည်။ စုစုပေါင်းတန်ဖိုး ကျပ်၆၀၀၀၀ ကျော်ခန့်ရှိလေသည်။

လွန်ခဲ့သော ၄-နှစ်၊ ၁၉၇၁-ခု၊ မေလတွင် မန္တလေး၌ မီး အကြီးအကျယ် လောင်ကျွမ်းစဉ် ဘုန်းတော်ကြီး ကျောင်းတိုက်ပေါင်း ၁၅-တိုက်၊ ကျောင်းပေါင်း ၆၂-ကျောင်း မီးသင့်ခဲ့သည်။ သံဃာတော်ပေါင်း အပေါင်း ၄၀၀-ခန့် အတိဒုက္ခ ရောက်ရှာသည်။ ထိုအခါ မေတ္တာရှင် ဆရာတော်ကြီးသည် မီးဘေးသင့် သံဃာတော် များအား ပလာတာဆွမ်းကပ်ပြီ လျှင် သံဃာစေ့ သင်္ကန်း ဒွိစုံ၊ ထီး(သို့မဟုတ်)ဖိနပ်၊ ဆွမ်းဆန် စသည်တို့ကို အချို့းကျခွဲဝေ၍ လှူဒါန်းခဲ့ပြန်သည်။ စုစုပေါင်း တန်ဖိုး ကျပ်-၉၀၀၀၀ ကျော်ခန့် ရှိပေသည်။

တိပိဋကဓရ ဆရာတော်ဘုရားကြီး ဦးဝိစိတ္တ သာရာဘိဝံသသည် သာသနာရေးအတွက်သာမက လူမှုရေးအတွက်ပါ အလှူဒါနများပြုခဲ့သည်။ မရေမတွက်နိုင်လောက်အောင် များပြားလှသည်။ ယခုတင်ပြချက်တို့မှာ လူမှုရေးအလှူများအနက် အချို့အဝက်သာလျှင် ဖြစ်ပါသည်။ ။

မင်းယုဝ

တပေါ်သုခအာရုံ ဝိုင်ကြေစေ

တက္ကသိုလ်မောင်စောလွင်

ကျွန်တော့်ဆီကို(၈-၇-၈၅)နေ့က အစည်းအဝေးဖိတ်စာ တစ်စောင် ရောက်လာပါတယ်။ ဒါဟာ မင်းကွန်း တိပိဋကတ-နိကာယ သာသနာပြုအဖွဲ့ အဖွဲ့ငယ်မှာ တိုးခဲ့ခန့်ထားတဲ့ အမှုဆောင်လူကြီးအဖြစ် ပထမဆုံးအကြိမ် တက်ရမယ့် အစည်းအဝေး ဖြစ်ပါတယ်။

အကြောင်းက မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေမှာ (၂၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နဲ့ တိပိဋက-နိကာယ စာအောင်သံဃာတော်တွေကို ဂုဏ်ပြုပူဇော်ပွဲအတွက် တာဝန်ခွဲဝေဆောင်ရွက်ဖို့၊ ညှိနှိုင်းတိုင်ပင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

အစည်းအဝေးကို မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ ဗဒေါ်မဇ္ဈိမာကျောင်းမှာ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် တက်ရောက်ပြီး၊ အဖွဲ့ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်းကြီး ဦးသာလှက အဖွင့်မိန့်ခွန်းချီးမြှင့်ပါတယ်။ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူးဦးပါက ဆောင်ရွက်ပါတယ်။

အဲဒီမှာ သြဝါဒကထာအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ရဲ့အကျိုးဇော်ဆောင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီးက မိန့်ကြားတာဟာ နည်းယူလိုက်နာဖွယ် ကောင်းလှလွန်းလို့ ပြန်လည်တင်ပြပါရစေ။

ဆရာတော်ဘုရားကြီးက' သြဝါဒအနုသာသနီဆိုတာ ပါဠိစကား။ သြဝါဒဆိုတာက ပထမဆုံးအကြိမ် တရား လမ်းကြောင်း ပြောပြတာကို သြဝါဒလို့ခေါ်တယ်။ နောက် ဒုတိယ-တတိယ၊ နောက်တစ်ကြိမ် - နောက်တစ်ကြိမ် - နောက်တစ်ကြိမ်-နောက်အကြိမ်ကြိမ်မှာ လိုက်နာဖို့၊ ရှောင်ကြဉ်ဖို့ အချက်အလက် ပြောတာကို အနုသာသနီလို့ စာထဲမှာခေါ်တယ်။ သြဝါဒနဲ့ အနုသာသနီ

ကို ထူးအောင်ပြောပါဆိုရင် ဘုန်းကြီးတို့စာထဲမှာ ဥပမာပုံ ဩဝါဒနဲ့ အနုသာသနီ အထူးကို ရေးခဲ့ပါဆိုရင် အခုနက ပြောသလို ပထမဆုံး အကြိမ် ဆုံးမခြင်းသည် ဩဝါဒ၊ နောက် ထပ်၍ ထပ်၍ ဆုံးမခြင်းသည် အနုသာသနီလို့ အဲဒီလို ဤကဲ့သို့ ထူးပါသည်။ ဒီလိုပဲ ဖြေရပါလိမ့်မယ်။

တစ်နည်းအားဖြင့်ဩဝါဒနဲ့ အနုသာသနီသည် မထူးပါဘူး။ အကျိုးလိုလားလို့ အကျိုးမဲ့ပယ်ရှားဖို့၊ အကျိုးရှိဖို့ပြောတဲ့ အကျိုးမဲ့ပယ်ရှားဖို့ပြောတဲ့ စကားအားလုံးသည် ဩဝါဒလည်း မည်တယ်၊ အနုသာသနီလည်းမည်တယ်လို့ အဲဒီလို ဩဝါဒနဲ့ အနုသာသနီ နှစ်ပါး အထူး ရှေးဦးစွာ မှတ်သားရပါမယ်။ မထူးဘူးလို့လည်း ပြောဖြစ်တယ်။ ထူးတယ်လို့လည်း ပြောဖြစ်တယ်။ ဤတွင် ဘုန်းကြီးများပြောဖို့ မိမိတို့လုပ်ဆောင်တဲ့ ကိစ္စမှာ ညီညီညွတ်ညွတ် ဆောင်ရွက်ရင် သာမဂ္ဂီသုခလို့ ခေါ်၏။ ညီညွတ်ခြင်းသည် သာမဂ္ဂီသုခ။ ညီညွတ်တဲ့ အတိုင်း ထိုထိုကိစ္စတို့ကို ဆောင်ရွက်တာကို တပေါသုခလို့ ချမ်းသာလေးမျိုးမှာ နောက် နှစ်မျိုးအနေနဲ့ လာရှိတယ်။ ဆိုကြစို့၊ သုခလေးပါး

‘သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ၊
သုခါ သဒ္ဓမ္မဒေသနာ။
သုခါ သံဃသ္သ သာမဂ္ဂီ၊
သမဂ္ဂါနံ တပေါ သုခေါ။’

လို့ သုခလေးပါး။

မြတ်စွာဘုရားများ ပွင့်ထွန်း လာခြင်းသည် ပထမသုခပဲ။ ဘာပြုလို့တုန်းဆိုတော့ ဘုရား ပွင့်လာတော့ ဝေနေယျတကာ နတ်ရွာ ရောက်ကြောင်း၊ လူ့ရွာရောက်ကြောင်း၊ပြီးတော့ နိဗ္ဗာန် ရောက်ကြောင်း အဲဒီတရားတွေ နာရဖို့ ဘုရားပွင့်လာတာ ဖြစ်တော့မြတ်စွာဘုရား ပွင့်လာခြင်းသည် ပထမဦးဆုံး ချမ်းသာတဲ့ ဗုဒ္ဓုပ္ပါဒသုခ လို့ခေါ်တယ်။ သုခရဲ့အကြောင်းကို သုခလို့ပဲဆိုတယ်။ (၂)သုခံ၊ သုခေါ ဗုဒ္ဓါန မုပ္ပါဒ၊ သုခါသဒ္ဓမ္မ ဒေသနာတဲ့။ (၂)က သဒ္ဓမ္မဒေသနာသုခလို့ ခေါ်တယ်။

အကယ်တိ မြတ်စွာဘုရားသည့် ကိုယ်တော်တိုင် ဘုရားဖြစ်ပြီးတဲ့နောက် ဘုရားအနေနဲ့ အရဟတ္တဖိုလ် သမာပတ် ဝင်စားပြီးတော့သာ နေမယ်ဆိုလည်း နေနိုင်တယ်။ နေနိုင်တဲ့ အခြေအနေမှာ ရှိတယ်။ ဘုရားရဲ့ မိမိကိုယ်ရေး အတွက်ကတော့ အရဟတ္တဖိုလ် ပေါက်ရောက်တဲ့ အချိန်က စပြီးတော့ အချိန်ရသမျှ အရဟတ္တဖိုလ်သမာပတ် ဝင်စားပြီးတော့ နေချင်တယ်။ သို့သော် ‘ငါပွင့်လာခြင်းသည်၊ ငါဘုရားဖြစ်လာခြင်းသည် ငါတစ်ဦးတည်း ကောင်းစားရေးအတွက် မဟုတ်ဘူး။ အားလုံး လူနတ်ဗြဟ္မာ သတ္တဝါတွေအတွက် ကောင်းသော နတ်ရွာနိဗ္ဗာန် လူ့ရုပ် နတ်ရွာနိဗ္ဗာန်ကောင်းကျိုး ရအောင် ဆောင်ရွက်ဖို့ ပွင့်လာတာဖြစ်တယ်။ ဒီတော့ ဒီလူတွေ နတ်တွေကို တရားဟောမှဘဲဆိုတဲ့ အနေနဲ့ မြတ်စွာဘုရားဟာ (၄၅)ဝါခွဲ (၄၅)ဝါ ကာလပတ်လုံး သတ္တဝါရဲ့ စရိုက် အားလျော်စွာ တရားဒေသနာတွေ ဟောခဲ့တယ်။

ဟောခဲ့တဲ့ တရားဒေသနာတွေကို ပိဋကတ် အနေနဲ့ပြောရင် သုံးပုံ။ နိကာယ်အနေနဲ့ ပြောရင် ငါးရပ်။ အဲဒီတရားဒေသနာကို နှုတ်ကမ္ဘက်ပြီး ဟောတော် မူခဲ့ခြင်းသည် ဒုတိယမြောက် သတ္တဝါတွေ ချမ်းသာရဖို့ အကြောင်းဖြစ်လို့ သဒ္ဓမ္မဒေသနာသုခ လို့ခေါ်တယ်။

အဲဒီ သုခ(၂)ပါးသည် ဘုရားနဲ့ဆိုင်တဲ့ သုခ။ မြတ်စွာဘုရားဘက်က ကြည့်ရင် ဘုရားပွင့်ခြင်း ဆိုတဲ့ ပထမသုခ ကိုတော့ ပါရမီ စာဂ ကြိုယ လေးခု။ တကတဲ လေးသခြေ့ ကမ္ဘာတစ်သိန်း ဖြည့်ပြီးတော့ ဘုရားဖြစ်ခြင်းဆိုတဲ့ ဒီ ပထဝသုခ သည် ကိုယ်တော်အတွက် ရယူရတဲ့သုခ။ တဖန် သဒ္ဓမ္မဒေသနာ သုခလဲပဲ ၄၅-ဝါ ဟောကြားလို့ တကတဲ သဒ္ဓမ္မဒေသနာအပြည့်အစုံဖြစ်ခဲ့ပြီ။အဲဒီလို ကိုယ်တော်က ညွှတ်ပေးရမယ့် သုခနှစ်ပါးပြီးပြီ။

ဒီတော့ ကိုယ်တော် အနေနဲ့ ကတော့ ကိုယ့် ကိစ္စပြီးလို့ ဒီကုသိနာရုံပြည် မလ္လာမင်းတို့ရဲ့ အင်ကြင်းတောမှာ ပရိနိဗ္ဗာန်စံသွားပြီ။ ဘုရား ကတော့ ကိုယ့်သုခကိုယ် အပြည့်အဝပြုပြီးတော့ ပရိနိဗ္ဗာန်စံသွားပြီ၊ ကျန်တဲ့သာဝကတို့ ပြုလုပ် ရမယ့် သုခက 'သုခ၊ သံဃသ သာမဂ္ဂီ'တဲ့။ သာဝက ဖြစ်ကြတဲ့ ရှင်အပေါင်း၊ လူအပေါင်း၊ ရှင်လူအပေါင်းတို့သာ ညီညွတ်နေရင် သာမဂ္ဂီ သုခရတယ်။

အေး....ဆိုကြပါစို့ရဲ့ ဘုရားပွဲပဲ လုပ်လုပ်၊ ဘာပဲလုပ်လုပ်၊အဖွဲ့အစည်းအနေနဲ့ပြုလုပ်လို့ရှိရင် သာမဂ္ဂီ ညီညွတ်ဖို့ရာ ပထမ အရေးကြီးပါတယ်။ ညီညွတ်ရင် စိတ်ချမ်းသာတယ်။ ဒါဟာ ဘယ်သူ လုပ်ရမယ့် ကိစ္စလဲ၊ ဘယ်သူ လုပ်ယူရမယ့် ကိစ္စလဲ ဆိုရင် ဗုဒ္ဓရဲ့သားတော်၊ သမီးတော်ဖြစ်ကြရတဲ့ ဗုဒ္ဓဘာသာဝင် အမျိုးသား အမျိုးသမီးများ ရယူဖို့သုခပါ။

အဲဒီ ညီညွတ်ခြင်းဆိုတဲ့ သုခကိုရနိုင်အောင် တစ်ဦးနဲ့တစ်ဦး သည်းခံပြီးတော့ တစ်ယောက် ပြောမှားရှိရင်လည်း စိတ်မနာဘဲ 'သြော်....သူ ဖြုန်းခနဲ အမှတ်တမဲ့ ပြောလိုက်လို့သာ ရိုင်းသွား တာပဲ'။ ဒီလို ယောနိသောနဲ့ထားပြီးတော့ တစ် ယောက်နဲ့တစ်ယောက် သည်းခံနှုလုံးကို သုံးပြီး တော့ ညီညီညွတ်ညွတ်နေရင် ဒါ သာမဂ္ဂီသုခလို့ ခေါ်တယ်။ အဲဒီသုခက တပည့်သာဝကမျှား ရယူ ရမယ့် ပထမသုခ။

ကျန်တာ ညီညွတ်ရုံပဲ ညီညွတ်တယ်၊ကိလေသာ ခေါင်းပါးအောင် ကျင့်ရမယ့် အကျင့်ကိုတော့ မကျင့်ဘူးဆိုရင် တပေါသုခ မဖြစ်ဘူး။ ညီလည်း ညီညွတ်ဘယ်။ ပြီးတော့ ကိလေသာ ခေါင်းပါး ကြောင်း အကျင့်ကောင်းကိုလည်းပဲ ကျင့်တယ် ဆိုတဲ့နေရာမယ် ဒါနကောင်းမှု၊ သီလကောင်းမှု၊ ဘာဝနာကောင်းမှု၊ ဒါန ကောင်းမှုပြုခြင်းသည် ဒီ လောဘ ကိလေသာကို ပယ်နိုင်အောင် ကျင့် ခြင်း ဖြစ်ပါတယ်။ သီလ ကောင်းမှုကုသိုလ်ကို ဖြည့်ကျင့်ခြင်းသည် ဒေါသ ကိလေသာကို ပယ် ဖျောက်နိုင်အောင် ကျင့်ခြင်းဖြစ်ပါတယ်။ ဘာ ဝနာ ကောင်းမှု ကုသိုလ်သည် မောဟကိလေသာ ကို ပယ်ကြောင်းဖြစ်တဲ့ အကျင့်ကောင်းဖြစ်ပါ တယ်။

အဲဒီတွင် ဒါနမှု၊ သီလမှု၊ ဘာဝနာမှု သုံးမျိုး ဖြစ်ဖြစ်၊ နှစ်မျိုးဖြစ်ဖြစ်၊ တစ်မျိုးဖြစ်ဖြစ် မိမိ အကြောင်း ညီညွတ်ရာကို ပြုလုပ်ရင် စာအခေါ် က....'တပေါသုခ'လို့ ခေါ်တယ်။အေး....ကောင်း မှု ကုသိုလ်ပြုလို့ရတဲ့ ချမ်းသာသုခကို တပေါသုခ လို့ ခေါ်တယ်။ မိမိတို့ရဲ့ လုပ်ဆောင်ရမယ့် သုခ နှစ်ပါးမှာ သာမဂ္ဂီသုခ၊ တပေါသုခ ဒီနှစ်ခုဟာ ငါတို့ ငါတို့ တာဝန်ပဲလို့ သိပြီးတော့ ဆောင် ရွက်တဲ့ ကိစ္စမှာ ကိုယ် စိတ် နှစ် ပါး ညီ ညီ ညွတ်ညွတ် ထားပြီးတော့ ဆောင် ရွက် နိုင် ကြ ပါစေ။

သာမဂ္ဂိသုခ စိတ်နှလုံးညီညွတ်ကြပြီးသကာလ လောဘငြိမ်းကြောင်း၊ ဒေါသငြိမ်း ကြောင်း၊ မောဟငြိမ်းကြောင်း ဒါန ကောင်းမှု၊ သီလ ကောင်းမှု၊ ဘာဝနာကောင်းမှု ကုသိုလ်ပြုခြင်း ဟာ၊ တပေါသုခလို့ ခေါ်တယ်။ အဲဒီလို မိမိတို့ ရပိုင်ခွင့်ရှိသော သာမဂ္ဂိသုခ၊ တပေါသုခကို အရ ယူမယ်ဟဲ့လို့အဲဒီလို စိတ်ထဲအောက်မေ့ကြပါ။အဲဒီ လို သုခ (လေး)ပါး....

ဗုဒ္ဓပွါဒံ လဘိတ္ဝာန၊
သဒ္ဓမ္မဒေဿနာ သုခံ။
သာမဂ္ဂီ အဓိဂစ္ဆထ၊
ဟပေါသုခဿ သာဓဝေါ။

သာဓဝေါ-နှလုံးပျော့ပျောင်းသူတော်ကောင်း တို့။တုမ္ဟေ-သင်တို့သည်။ဗုဒ္ဓပွါဒံ-ဗုဒ္ဓပွါဒ ပထမ သုခကိုလည်းကောင်း။သဒ္ဓမ္မဒေဿနာသုခဿ-သဒ္ဓမ္မ ဒေသနာ သုခကို လည်းကောင်း၊ လဘိတ္ဝာ-လဘိယ-ရကြကုန်သည်ဖြစ်၍။ သာမဂ္ဂီ-ကိုယ်စိတ် နှစ်ရပ်ညီညွတ်ခြင်းတည်းဟူသော သာမဂ္ဂီသုခကို လည်းကောင်း။ တပေါသုခဿ - ညီညီညွတ်ညွတ်နဲ့ လောဘငြိမ်းကြောင်း ဒေါသငြိမ်း ကြောင်း၊ မောဟငြိမ်းကြောင်း၊ ကုသိုလ်ကောင်းမှုကို အား ထုတ်ခြင်းတည်း ဟူသော တပေါသုခကို လည်း ကောင်း။ အဓိဂစ္ဆထ- အရဟတ္တဖိုလ်တိုင် ရနိုင် ကြပါစေကုန်သတည်း။

အရဟတ္တဖိုလ်တိုင် အရကျင့်ဆောင်နိုင်ကြပါ စေလို့ ဆုမွန်ကောင်း တောင်း ရင်း သြဝါဒ ကထာ၊သုခ(လေး)ဖြာ သြဝါဒကထာ ဤတွင်ပဲ နိဂုံး အဆုံးသတ်ကြပါစို့။

မိမိတို့ ကျင့်ရမယ့်အကျင့်ကတော့ ဘုန်းကြီး ပြောတာ ညီညီညွတ်ညွတ်နဲ့ ကုသိုလ်ကိုပြုကြပါ ဒါပဲ။ အဲဒီ ၂-ခုဟာ ငါတို့အလုပ်ပဲ။ ဘုရားပွင့် ပြီးတော့တရားဟောဖို့က မြတ်စွာဘုရားရဲ့အလုပ်။ သာဝကတို့ရဲ့ အလုပ်က ကိုယ်စိတ်နှစ်ပါး ညီညီ ညွတ်ညွတ်နဲ့ ဒီ အချုပ်ပြောတော့ နိဗ္ဗာန်ရောက် ကြောင်းပေါ့လေ။ နိဗ္ဗာန်ရောက်ကြောင်း အား ထုတ်ရင်း နတ်ပြည် လူ့ပြည် သံသရာလည်ပြီး တော့မှ နိဗ္ဗာန်ရောက်ကြောင်းဟရား အားထုတ် ရတယ်။ ဒုဂ္ဂတိဘုံမှာ နိဗ္ဗာန်ရောက် ကြောင်း ဟရား မပွားနိုင်ဖူး။

အဲဒီတော့ မိမိတို့အကျဉ်းချုပ်အားဖြင့် ကိုယ် စိတ် နှစ်ရပ် ညီညီညွတ်ညွတ်နဲ့ လောဘ ဒေါသ မောဟ ငြိမ်းကြောင်း ကောင်းသော အကျင့်ကို ကျင့်ခြင်းဆိုသော ဟပေါသုခ ဤနှစ်ဝကို အရ ပိုင်ကြပါစေ။ ရအောင် ငါတို့ ကြိုးကုတ် အား ထုတ်မယ်ဆိုတဲ့ စိတ်နှလုံး သား ယောနိသော မနသိကာရ အမြဲမပြတ် ပွားများအားထုတ်နိုင် ကြပါစေလို့ မိမိတို့ဆိုင်ရာ သုခနှစ်ပါးကို ညွှန်ပြ ပြီးတော့ သြဝါဒကထာ နိဂုံး ဤတွင်ပင် အဆုံး သတ် အပ်ပါသည်။ ဒါယကာ ဒါယိကာမ အပေါင်း သူတော်ကောင်းတို့"

အထက်ပါ ဆရာတော်ဘုရား ဟော ကြား တော်မူတဲ့ တရားအဆိုအနှစ်ဟာဖြင့် ဖရဏာပ်တိ ဂွမ်းဆီထိဆိုသလို ဒေလွန်ကြည်နူး ဝမ်းမြောက် နာယူဖွယ် ဖြစ်ကြရပါတယ်။

ဗုဒ္ဓရှင်တော်မြတ်ထုံး နှလုံးမွေ့ပိုက် မိန်မြွက် လိုက်တဲ့ တိပိဋကာ ဆရာဘေဘီဘုရားကြီးရဲ့ စကား ကြားရဘော့ ဗုဒ္ဓသက်ထက်ဒဘင်က ဗုဒ္ဓ ကိုယ် တော်တိုင် မိန့်မြွက်တဲ့ တရားစကားလို ကြား ယောင်မိလာပါတယ်။

ဗာရာဏသီမြို့သား ယသသေဋ္ဌေးသားဟာ စည်းစိမ်ချမ်းသာကြီးမျိုးစုံ ခစားစံစား နေရပေ

မယ့် စိတ်ချမ်းသာမှုမရဘဲ ဖြစ်နေပါတယ်။မြတ်စွာဘုရားရဲ့ တရားဘာဝနာကို ပွားများအားထုတ်တဲ့အခါမှ ငြိမ်းချမ်းမှု အစစ်အမှန်ကို ရသွားပါတယ်။

နောက်ပြီး အပိုင်း အခြားမရှိ စည်းစိမ်ချမ်းသာ ခံစားပြီး ငြီးငွေ့ပြီးနေကြတဲ့ စိတ်နှလုံး ငြိမ်းချမ်းမှုကင်းနေကြတဲ့ သေဒ္ဓေးသား(၅၀)ဟာလဲ မြတ်စွာဘုရားဟောကြားတော်မူတဲ့ တရားဘာဝနာ ပွားများအားထုတ်လို့ ရဟန္တာဖြစ်ကုန်ကြပါတယ်။

ရဟန္တာ(၆၀)နဲ့ ဝါကပ်ဘော်မူပြီးတဲ့နောက် ဗုဒ္ဓ မြတ်စွာက ဝါကျွတ်ချိန်မှာ ရဟန်းတော်များကို....

"အနေရာရာမှာ ဓမ္မဆောင်ခြည် ထွန်းလင်းစေဖို့၊လူအများ အကျိုးဖြစ်ထွန်းစေဖို့ လှည့်လည်သွားကြလော့။ ဓမ္မခရီး လှည့်လည်သွားကြလော့။ လူအခပါင်းတို့အပေါ် မေတ္တာ ကရုဏာထားပြီး လှည့်လည်သွားလာ ဟောပြောကြလော့။"
လို့ မိန့်မြွက်တော် မူပါတယ်၊

မဟာကရုဏာတော်ရှင် ဗုဒ္ဓလမ်းကို မင်းကွန်းတိပိဋကဆရာတော်ဘုရားဟာ လိုက်နာ ဆောင်ရွက် နေတယ်ဆိုတာ ထင်ထင်ရှားရှား မြင်တွေ့ရတဲ့အတွက် အနာဂတ် သာသနာဟာ မီးရှူးတန်ဆောင် ထွန်းပြောင်ပြီး လူအများအတွက် ကောင်းကျိုး ချမ်းသာ မင်္ဂလာ ဖြစ်ကြောင်းမို့ နှစ်ထောင်းအားရ ဖြဲစ်မိပါတော့တယ်။ ။

ဓာတ္တာဆိုလ် မောင်စောလွင်



ဝဏ္ဏစျေ်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှ+ဒေါ်ခင်ညွန့် ဓိသားစုကောင်းမှု
အဘိဓဇ အဘိဓမ္မာကျောင်းဆောင်

တိပိဋကာ=နိကာယ သာဿနာပြုအဖွဲ့ ၏

မိုးမိတ်ကုန်းခြေထွင်၊ ၁၃၇၇၊ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၈)ရက်နေ့တွင်ကျင်းပခဲ့သော

စာအောင်သံယာတော်များအား

ဂုဏ်ပြုစီးကျူးပွဲ

တွင်ဘတ်ကြားပျံဇော်အင်သော

ဒေါက်တာပဉ္ဇာဝံသ

ရတုပိုဒ်စုံ

(၁) **ကျူးလေ့ဒေဝါ။** ။ဗေလုဝါနှင့်၊ ပဇ္ဇာသိဉ် စောင်း၊ သာငြိမ့်ငြောင်းသား၊ ရှစ်သောင်း လေးထောင်၊ အမြင့်ဆောင်သည့်၊ ထွတ်ခေါင် ညွန့်ကြွား၊ မြင်းမိုရ်ဖျားမှ၊ သိကြားစေယုံ၊ ဝိသကြုံလျှင်၊ သက် တုံ လာ ရောက်၊ သာ ဝင် လျှောက်တွင်၊ စံမြောက်စံဝင်၊ မော်ကွန်းတင် ရန်၊ မြတ်ရှင်သာသနာ၊ ထွန်းတောက်ရာဟု၊ ထောင်ဝါနေရောင်၊ လကြွယ်ရောင်တို့၊ သုံးရောင် ရုံးဆင့်၊ မိုးလုံးပွင့်လျှက်၊ ရောင်ဖွင့်လျှ ထွန်း၊ ဆယ်ရပ်ကျွန်းမျှ၊ မင်း ကွန်း မိုး မိတ်၊ မိုးမြေ မိတ်တွင်၊ ဖိတ်ဖိတ်ရောင်ညီး၊ ဆောင်ဆောင် ထီးတို့၊ အုံကြီးအုံလောက်၊ မြေမှပေါက်လျက်၊ တည်ဆောက်ဖန်ဆန်း၊ ရှုမခန်းတည့်၊ ဘုန်း တန်းတန်းဝေ၊ ကုန်းနန်းမြေ၌၊ စိန္ဒေကိုယ်စား၊ စေတီများနှင့်၊ ဆင့်ပွားဓမ္မ၊ စေတီယတို့၊ တည် ထဖန်ဆင်း၊ ပူဇော်လျှင်းတည့်၊ မင်းကွန်း မိုးမိတ်၊ အောင်အတိတ်ဖြင့်၊ တိဟိတ်တဖြာ၊ တိတိကွာနှင့်၊ ထွတ်ချာတိပိဋကာ၊ မြတ်ဓရှုနှင့်၊ဓမ္မဘဏ္ဍာ၊ ဂါရိ ကာဟု၊ မဟာအဂ္ဂ၊ ပဏ္ဍိတက၊ ထေရဇာနည်၊ ပေါ်ထွန်းစည်ဟု၊ လေးမည်ပစ္စယ၊ ထောက်ကူ မတည့်၊ မာဃကွန္ဒာ၊ ကူညီလာသည်၊ **ဒေဝါခြွေ ညွန်း မိုးမိတ်ထွန်းရ ကို။**



(၂) **မြူးလော့ဇော**။ ။ကောင်း ချီး ညာ ဟု၊ ကွန္ဒာ မိုးဖျား၊ မိန့်တော်ထား၍၊ မြင့်ကြွားမင်းကွန်း၊ မိုးမိတ်စွန်းမှ၊ပေါ်ထွန်းရောင်ဝါ၊သာသနာတွင်၊ ဇာနည်မြတော၊ မိုးလုံးဝေလိမ့်၊ သုံးထွေပိဋကတ်၊ ငါးမြတ်နိကာယ်၊နိဒါန်းသွယ်၍၊ကြယ်နှင့်တာရာ၊ ငွေစန္ဒာသို့၊ ဝေဆာကွန့်မြူး၊ မိုးမိတ်ဦးမှ၊ဘွဲ့ထူးကုဏ်ရောင်၊ ဝင်းထိန်ပြောင်လျက်၊ တစ်ထောင့်သုံးရာ၊ လေးဆယ်သာ၍၊ စွန်းကာ နှစ် နှစ်၊ သက္ကရာဇ်တွင်၊သုံးနှစ်စုစု၊ ဖြေဆိုမှုတွင်၊အောင်ဆုကိုးဆယ်၊ရာနှုန်းကြွယ်လျက်၊အံ့ဖွယ်တိုနိ၊ စံတင်ဘိတည့်၊ စံရှိဆက်ကုံး၊ လေးဆယ်သုံးတွင်၊ ပြည့်လုံးတိုနိ၊အောင်နှုန်းရှိ၌၊အောင်ဘိရာဝံက်၊မိုးမိတ်ထွက်တည့်၊ အံ့ချက်အံ့မော၊ အံ့လှသြဟု၊ ထောမနာတင်၊ ဆုထူးဆင်သည့်၊ မြန်ခွင်တလွှား၊ ရေးဖြေကြားတွင်၊တစ်ပါးထီးတည်း၊ဝိနည်းနှစ်ကျမ်း၊ အောင်ဆုလှမ်း၍၊ချီးမွမ်းချီးမြောက်၊ ပေါ်ပေါက်ပေါ်ထွန်း၊စံကျွန်းစံရွှေ၊ထူးလှပေ၍၊ ရောရေမှူး၊ ချီးအံ့ကျူးလော့၊ ကွန့်မြူးသရေ၊ တက်ဖြိုးဝေသည်၊ **ဇောရေသွန်း မိုးမိတ်ကွန်းက ကို**။



(၃) **ထူးလော့သေလာ။** ။မြန်မြေချာ၌၊ ဝေဆာဆန်းဆင့်၊ ဘုန်းတော်တင့်သည့်၊ တောင်မင့်စစ်ကိုင်း၊ မင်းဝံလှိုင်းလျက်၊ မြောက်ပိုင်းမင်းကွန်း၊ ရောဝန်းသား၊ ရေသွန်းသီတာ၊ ဦးညွှတ်ကာနှင့်၊ သေလာဂန္ဓမူ၊ နှိုင်းသင့်ထူ၍၊ မြူလည်း ဆင်းဆင်း၊ နှင်းလည်းဝေဝေ၊ လေပြည်လည်းလောင်း၊ ရွက်ဟောင်းလည်းကြွေ၊ မိန်ခွေရာသီ၊ ခါတော်မှီအောင် ရွှေဖီအင်ကြင်း၊ ရဂုံတွင်းဝယ်၊ ထုံသင်းကြိုင်လှိုင်၊ ရွှေရည် ခိုင်သို့၊ စုံမြိုင်လှဝင်း၊ ပင်မြေ မှင်းသား၊ တောင်မင်းတောရွှေ၊ ပတ်ကုံးဝေလျက်၊ ရေမြေမဆုံး၊ ရပ်ရွှစ်ဖုံးမျှ၊ မြကုံးရော၊ ကျူးရင့်ကာနှင့်၊ သာစွာဘော်ရောင်၊ သဲငွေသောင်တည့်၊ ပြာခေါင်သာရွှင်၊ ရိပ်ပြန်ထင်သည့်၊ ကောင်းကင်နီလာ၊ မြရေသာတွင်၊ စိမ်းပြာရောင်ယှက်၊ သိဂီဖက်လျက်၊ သောင်ထက်ပုလဲ၊ နေရောင်ဝဲသော်၊ ပိုက်ဆွဲငင်ငင်၊ ပိန်းကောရှင်နှင့်၊ ငွေစင်ရော်ရော်၊ မောင်မေခေါ်လျက်၊ ရွှမျော်သာမော၊ သည်တော သာခေါင်၊ သည်တောင် သာဝေ၊ သည်ရေသာကြည်၊ ရောင်တွေစည်က၊ ရောင်ခြည်ရောင်သွေး၊ နတ်တို့ရေးသို့၊ စုတ်ဆေးပန်းချီ၊ တုနိုင်ပြီထင့်၊ သိရီမြူတေ၊ အောင်ဘွဲ့ဝေသည်။

သေလာဝေရွှန်း မိုးမိတ်စွန်းက ကို။ ။

မှတ်ချက်။ ။(ပေါက်ပြချီ-ရွှေလောင်းပြန်ချ၊ စံပယ်ချီချ၊ မြင်းဇက်ခွဖျောက်ဆိတ်လလယ်ချ၊ သော်သာရောင်၊ မဏိစံကျင်၊ ၉-လုံးချ)

လက်ဝဲမင်းညီ
(၂၅-'၇-၈၂)



ဆုံး မ မြဲ က် ဟ ဩ ဝါ ဒ

"ဦးပဉ္စင်းတို့ လူတွေကတော့ နှစ်ဆန်း တစ်ရက်နေ့မှာ ရတဲ့ ပိုက်ဆံကို သိမ်းဆည်းထားကြ၊ အမြတ်တနိုးထားကြတယ်။ ဦးပဉ္စင်းတို့လဲ နှစ်ဆန်းတစ်ရက်နေ့ကျတက်တဲ့ စာကို မမေ့အောင် ထိန်းသိမ်းထား၊ ပြန်ထားရတယ်"

မင်းကွန်းဆရာတော်ဘုရားကြီးအား နှစ်ဦးနှစ်ဖျားဦးခိုက်ကော်ရော် ပူဇော်ကန်တော့ရာ တွင်နာယူခဲ့ရသော ဩဝါဒ။

အရှင်ဥန္ဒာဝရ (ဓမ္မဒါယကျောင်း)
မနိုးရိုမဲတိုက်သစ်၊ မန္တလေး

ရေငြကြာငး်အလှူတော်ပဝတ္ထု
ပုံဖော်ခဲ့လေသူ
အိကျာဝရုပေါ
(မင်းကွန်း)

ပန်းချီကောင်းစံ

'ရေကြောင်းအလှူတော်ပဲပူဇော်ပုံဖော် ခဲ့လေသူ' လို့ ဆောင်းပါးခေါင်းစဉ် တပ်လိုက် တာက ဆယ် တာဆရာတော့် အကြောင်း ရေးချင်လို့ပါ။ ဒီဆရာတော့် အကြောင်း ရေးတော့မယ်ဆိုတော့ ကနဦး သူ့ရဲ့ အခြေအနေကို သုံးသပ် ကြည့်မိတယ်။ သည် ဆရာတော်ဟာ တို့က ဘုံဆောက်ပေးမှ ဂုဏ်မြောက်မယ့် ပုဂ္ဂိုလ်လား၊ တို့က ဂုဏ်တင်မှ ဂုဏ်ထင်မယ့်ပုဂ္ဂိုလ်လား ဆိုတော့ ဘယ်ဟုတ်လိမ့်မလဲ၊ သူ့အဝန်း သူ့အဝိုင်းမှာ သူဟာ သောက်ရှူးကြယ်ကြီးပါလို့ ပြောရမတတ် မန္တလေး၊ စစ်ကိုင်း၊ ပုသိမ်ကြီး စတဲ့ ဘာသာရေး အသိုက်အဝန်းတွေမှာ သူ့ရဲ့ ဂုဏ်သတင်းက သင်းလွှတယ်လေ။ နော့–မသင်းဘဲကော ရှိပါ့မလား။ သူ့ရဲ့ စေတနာ၊ သူ့ရဲ့ အပင်ပန်း

ဟောဒီဆောင်းပါးကလေးနဲ့ ဆယ်
ခံနိုင်မှု၊ သူ့ရဲ့ အနစ်နာ ခံနိုင်မှု၊ တာဆရာတော်ကို ဘုံ ဆောက်ပေး
သူ့ရဲ့ စည်းရုံး ဆောင်ရွက် ချက်၊ တယ်၊ ဂုဏ်တင်ပေးတယ် ထင်ရင်
သူ့ရဲ့ ဂါရဝ-နိဝါတ တရားတွေ ထင်တဲ့ဖယ်ရဲ့ အမြင်မရှင်းမှုသာ ဖြစ်
က မြင်တွေ့ရ သူတွေ အဖို့ တယ်— မှာပါ။ ဒါဖြင့်—ဒီဆောင်းပါးဘာ
အံ့ဘနန်း၊ လန့်ဘနန်းရှိလှတာကိုး။ ကြောင့်ရေးသလဲမေးရင် အဖြေက
ဒီတော့ သူ့ အရည်အချင်း တွေက ရှင်းရှင်းလေးပါ။ ဆယ်တာ ဆရာ
သူ့ဘဝကို မော့ကြည့်ရတဲ့အမြင့်သို့ တော်ရဲ့ လုပ်ဆောင်ချက် အချို့ကို
ရောက်စေခဲ့ပြီ။ သူ့ရဲ့ဂုဏ်ကို ထွန်း မီးမောင်း ထိုးပြ ပေးချင် တယ်။
လင်းစေခဲ့ပြီဆိုတော့ ဘာမဟုတ်တဲ့ တိ-နိသာသနာပြုအဖွဲ့ကြီးရဲ့အဝန်း





အဝိုင်းလဲမှာ ဒီလိုပုဂ္ဂိုလ်တွေ ရှိနေတယ်ဆိုတာ သိစေချင်တယ်။

ဒီတော့-ပထမဦးဆယ်တာဆရာတော်ကို စာဖတ် ပရိသတ်နဲ့ မိတ်ဆက် ပေးချင် ပါတယ်။ မန္တလေးမရမ်းခြံဆိပ် ကနေ ရောဝတီ မြစ်ကြောင်းအတိုင်း အထက်ကို ဆန်တက်ခဲ့ရင် (၁)မိုင်လောက် ရောက်တဲ့အခါ လက်ယာဘက် ကမ်းပါးပေါ်မှာ ဆယ်တာဆိုတဲ့ရွာကလေး ရှိပါတယ်။ ရွာဦးကျောင်းကို ရွှေမန်းကျောင်းလို့ ခေါ်ပြီး ကျောင်းထိုင် ဘုန်းကြီးက ဝါတော်(၃၃) ရှိပြီဖြစ်တဲ့ ဆရာတော် ဦးသုမနပါ။ အခု ဒီဆောင်းပါးမှာ တင်ပြမယ့် ပုဂ္ဂိုလ် ဖြစ်ပါတယ်။ ဒီလောက်ဆို မိတ်ဆက်ပေးတဲ့ကိစ္စ လုံလောက်ပြီထင်ပါတယ်။

တိုက်အုပ် ဆရာတော်(ဦးဥက္ကံ–သာဘိဝံသ)ရဲ့ ဂုဏ်တော်ကို ဖွဲ့ဆိုရာမှာ ''စေတနာ-ဝါသနာ-အနစ်နာဆိုတဲ့ နာသုံးနာနဲ့ပြည့်စုံတဲ့ဆရာတော်'' ဆိုပြီး ရန်ကုန် နယူးလင်းလမ်း တိပိဋကကျောင်းတော် က အရှင် ရာဇိန္ဒထေရ် ဖွင့်ဆို သီကျူးသွားတာ မှတ်သားခဲ့ရဖူးတယ်။

လွန်တော်မူတဲ့ တိုက်အုပ် ဆရာတော်ကို အသာထားပြီး၊ တိပိဋကဆရာတော်ဘုရားကြီးရဲ့ ခု လက်ရှိ တပည့်တွေထဲမှာ ဆရာတော်ဘုရားကြီးရဲ့ သာသနာပြုလုပ်ငန်းကြီးတွေ အပေါ် နာသုံးနာ အပြည့်အဝ ထားပြီး အားတက်သရောဆောင်ရွက်နိုင်တဲ့ ပုဂ္ဂိုလ် ရှာကြည့်တော့ ထိုက်သင့်တဲ့အရေအတွက်ကို ရမယ်ထင်ပါတယ်။ အဲဒီ အရေ အထွက်ထဲမှာ ထုံးအိုးတွင်း လက် နှိုက်ပြီး နှုတ်လိုက်တဲ့အခါ မြင်လိုက်ရ သလို

ဆယ်တာဆရာတော် ဘဒ္ဒန္တသုမန (သာသနဟိတဓရ)





ဒေါင်ဖြင့်ပူဇော်
မြစ်ဖြင့်ပေါ်

ထင်းခနဲ မြင်လိုက်ရ တာက အခု ဆယ်တာဆရာတော်ပါ။

ဟုတ်မှလဲလုပ်ပါ ကိုယ်တော်ရာ၊ ဒါတော့ 'သိပ်''မွန်း''လွန်းပြီ ထင်တယ်လို့ ဆိုလာရင် ပုံစံအချို့ ထုတ်ပြပါရစေ။

ကျေးဇူးရှင် တိပိဋကမရ ဆရာတော်ဘုရားကြီးဟာ တိပိဋက စာမေးပွဲအောင်လို့ ဆဋ္ဌ သင်္ဂါယနာတင်ပြီဆိုတဲ့ အချိန်က စပြီး မြန်မာနိုင်ငံ ဗုဒ္ဓသာသနာတော်ရဲ့ ထိပ်တန်း ခေါင်း ဆောင် ဆရာတော် အဆင့်ကနေ ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံ မျာ်းရဲ့ ခေါင်းဆောင် ဆရာတော်အဆင့်ကိုတစ်ဟုန်ထိုးရောက်ရှိသွားပြီး ကမ္ဘာသိ ထင်ရှား ကျော်ကြားခဲ့ ပါတယ်။ အဲဒါ ကြောင့် ဆရာတော် ဘုရားကြီးဟာ ပညာဉာဏ်ကြီးသလောက် အစဉ်အလာကြီးတယ်၊ သမိုင်းကြောင်းတောင့်တင်း ခိုင်ခံ့ သလောက် ဘုန်းတန်ခိုးကြီးလှတယ်လို့ ဆိုရင် ဘယ်သူငြင်းနိုင်မှာ တဲ့လဲ။ ဒီ ဂုဏ်ကြီး တွေနဲ့ ပြည့်စုံလေတော့ ဒီ ဂုဏ်ကြီးတွေနဲ့ လိုက်လျော ညီထွေစွာ ဆရာတော် ဘုရားကြီးရဲ့ သာသနာပြု လုပ်ငန်းကြီးတွေလဲ ကြီးထွား ကျယ်ပြန့်ရ ဘေးတာပါပဲ။

ထူးထွေ များ‌ပြား လှတဲ့ ဆရာတော်ဘုရားကြီးရဲ့ ဂုဏ် ကြီးမား ကျယ်ပြန့် လှတဲ့ သာသနာပြု လုပ်ငန်းကြီးတွေနဲ့ ဆီလျော်မှုရှိအောင် ဆရာတော်ဘုရားကြီးရဲ့ သာသနာပြုလုပ်ငန်းတွေမှာ မိမိတတ်နိုင်သမျှ ခမ်းနား ကြီးကျယ် စွာ ပါဝင်ဖို့ သင့်တယ်-လို့ ဆယ်တာဆရာတော် သဘော ပေါက်ပုံ ရပါ‌ဘယ်။ ဒါ ကြောင့်လဲ ဆရာတော်ဘုရားကြီးရဲ့ သာသနာပြု လုပ်ငန်းကြီးမား ကျယ်ပြန့် ရေးဖြေ နှစ်ရပ်လုံး ဂုဏ်ထူးတွေတစ်သီကြီးနဲ့ ကွင်းလုံးကျွတ် ပြီးဆုံး အောင်မြင်ခဲ့တာ ဆို‌တာ့ ၁၃၄၀-ခုနှစ်မှာ (၂၅)နှစ် ပြည့်ခဲ့တယ်။ ဒါကို အကြောင်းပြုပြီး တိပိဋကမရ ငွေရတု သဘင်ရယ်လို့ ရန်ကုန် မဟာစည် ရိပ်သာ ဖလ်ယာဉ့် ဓမ္မာရုံကြီးမှာ သာသနာပြုလုပ်ငန်းမှာ ရေကြောင်းခရီး သယ်ယူ ပို့ဆောင်ရမယ့် အခမ်းအနား‌မျိုးဆိုရင် ဆယ်တာဆရာတော်နဲ့ သူ့ဒကာ-ဒကာမတွေသာ ဒိုင်ခံ ပြုလုပ်ခဲ့တာ များ‌ပါတယ်။

ဓမ္မာင်ဖြင့်ပူဇော် မြစ်ဖြင့်ပေါ်

ကျေးဇူးရှင် ဆရာတော် ဘုရားကြီးဟာ ၁၃၁၅-ခုနှစ်မှာ တိပိဋက စာမေးပွဲကြီးကို သဘော ရေးဖြေ နှစ်ရပ်လုံး ဂုဏ်ထူးတွေတစ်သီကြီးနဲ့ ကွင်းလုံးကျွတ် ပြီးဆုံး အောင်မြင်ခဲ့တာ ဆို‌တာ့ ၁၃၄၀-ခုနှစ်မှာ (၂၅)နှစ် ပြည့်ခဲ့တယ်။ ဒါကို အကြောင်းပြုပြီး တိပိဋကမရ ငွေရတု သဘင်ရယ်လို့ ရန်ကုန် မဟာစည် ရိပ်သာ ဖလ်ယာဉ့် ဓမ္မာရုံကြီးမှာ

ဆယ်တာဆရာတော် သီတင်းသုံးသည့် ဆယ်တာရွာဦး၌ ရွှေမန်းကျောင်း

တစ်ကြိမ်၊မန္တလေးသက္ကသီဟဘုရား ဝင်းတွင်း၁၀ဇယန္တာခမ္မာရုံကြီးမှာ တစ်ကြိမ် ခမ်းနားစွာ ပူဇော်ခဲ့ကြတယ်။ မင်းကွန်း မိုးမိတ် ကုန်းမြေနဲ့ ဓမ္မနာဒ မှာလဲ ကျင်းပ ခဲ့ကြပါသေးတယ်။

ဆရာတော် ဘုရားကြီးရဲ့ တိပိဋကဋ္ဌ ငွေရတု သဘင်ဟာ ပြီးပြီးပျောက် ပျောက် မဖြစ်စေ ရဘူး၊ အထိမ်းအမှတ်အစ်ခု ခိုင်ခံ့စွာကျန်သင့်တယ်ဆိုပြီး တိ-နို ဥက္ကဋ္ဌကြီး ဆရာဝန်ကြီး ဦးသာလှနှင့် လူကြီးမင်းများ အစုံအလင်ကျယ်ခဲ့ကြပါ့။ မိုးမိတဲ့ ကုန်းမြေမှာ ပိဋကတ် တိုက်တော်တစ်ခု တည်ဆောက်ဖြစ်ခဲ့ကြတယ်။ ကုန်ကျစရိတ်က အဓဆာက် အအုံရော၊ စာအုပ် တန်ဖိုးတွေပါ (၈)သိန်းဖြစ်ပါသတဲ့။ အဲဒီပိဋကတ် တိုက်ဟာ ဆရာတော် ဘုရားကြီးရဲ့ ငွေရတုပူဇော အထိမ်းအမှတ်ပါ။

ဒီ ပိဋကတ်တိုက်ကို ၁၃၄၂-ခု၊ တော်သလင်း လပြည့်ကျော် (၄) ရက်နေ့မှာ ဆရာတော်ကြီး လက်တော် ရောက် အပ်နှင်း ပူဇော်တဲ့ အခါ ပိဋကတ် တိုက်မှာ အထွတ်တင်ရမယ့် ရွှေထီးကြီး (၃)လက်နဲ့ ပိဋကတ် ကျမ်းစာအုပ်တွေကို ကရဝိက်ဖောင်ကြီးပေါ် တင်၊ ရွှေဝင်း နောက်ဝင်း တွေနဲ့ ရောဝတီ မြစ်ကြောင်း အတိုင်း မန္တလေး ဆိပ်ကမ်းကနေ မိုးမိတ် ကုန်းမြေ အရောက် ခမ်းခမ်း နားနားကြီး ပို့ဆောင်ပူဇော်ခဲ့တာ ဆယ်တာဆရာတော်ဦးစီးတဲ့ သူ့ ဒကာ-ဒကာမတွေဖြစ်ပါတယ်။ ဒီအခမ်းအနားကို မြင်လိုက်ရတဲ့ လက်ဝဲမင်းညိုအမည်ခံ ဆရာကြီး ဦးချမ်းသာက ပထမ သုံးနှစ်ခရီးမှာ ဟောဒီလို မှတ်တမ်းတင်ဆားပါတယ်။

"နံနက်ပိုင်းတွင် ရွှေထီးဖော် (၃)စင်းကိုအရှေ့ဘက်မန္တလေးကမ်းမှ ကရဝိက်ဖောင်ပေါ်တွင်တင်ပြီး အတီး အမှုတ်၊ အက အခုန်မျိုးစုံဖြင့်ပင့်ဆောင်လာရာ မြစ် တစ်ခုလုံး ခြိမ့် ခြိမ့် သဲ သဲ

ပင် ဖြစ်သည်။ ဖောင်တော် ၏ ဝဲ-ယာ/ဘက်မှ လောင်း လှေ၊ လှော်လှေ များ ခြံရံကာ စည် တေ်သံ၊ရေကင်းသံ၊ နရည်းသံ များ၊ ဖောင်လားကြိုး၊ ဖောင် ငင်ကြိုး စသည်များကို ကြား ရသောအခါ မြန်မာ ရှေးရိုး စဉ်လာ ထုံးဓလေ့ များ၏ အရ သာကို တဝကြီး ခံစား လိုက်ရ ပါသည်။''

ဆရာကြီးဦးချမ်းသာရဲ့ဒီအရေး အသားကို ဆယ်တာဆရာတော်ထံ ပြကြည့်တော့ ဆရာတော် တုံ့ပြန်ပုံ ဘယ်လိုလဲဆိုရင် ''ဒါဘာဟုတ်သေး လဲ၊ ဟိုတုန်းက မြင်ကွင်းတွေ ဆရာ ကြီး မှတ်မိသေးလား မဆိုနိုင်ဘူး။ အမှန်က ၁၃၂၂-ခုနှစ်၊ မိုးမိတ် စေတီကြီး ထီးတင် တုန်းက ရယ်၊ အဲဒီနောက် ၁၃၂၅-ခုနှစ် စက် တော်ရာ ထီးတင်တုန်းကရယ်၊ အဲဒီ နှစ်ကြိမ်တုန်းကမှ ဒီထက်ပိုပြီးကြီး ကျယ် ခမ်းနားခဲ့တာပဲ''လို့ ဆိုပါ တယ်။

ဟုတ်ပေမှာပဲ၊ ဘာပြုလို့လဲ ဆို ရင် ဆယ်တာရွာက လူကြီးအချို့ ကို မေးကြည့်တော့ ''အဲဒီအခါတွေ တုန်းက တကတဲ့ လောင်း လှေ၊ လှော်လှေတွေ တစ်ခုနဲ့တစ်ခု တိုက် မိခမန်း မြစ်ထဲမှာ ပြည့်ညပ်နေတာ ပဲ''တဲ့။ မန္တလေးဆိပ်ကမ်းက ပထ မဦး ကရဝိက်ကြီးခွာလာလို့ တစ် မျော်တစ်ခေါက်ကြီး ဝေးသွား ပေ မယ့် နောက်လိုက် မော်တော်တွေ၊ လှေတွေဟာ ဆိပ်ကမ်းက တိုးတိုး ဝှေ့ဝှေ့ ထွက်လာ နေကြ တုန်းပဲ၊ ရှေ့ဝင်း နောက်ဝင်းတွေ ခင်းထား လိုက်ပုံကလဲ တကယ့် မင်းခင်း မင်း နားကြီးတွေလို ဖြစ်ပြီး အဝတ် အ စား အဆောင်အယောင်တွေ ဆိုလဲ နေရောင်ထဲမှာ ပြိုးပြိုး ပြက်ပြက်၊ ပြောင် ပြောင် လက် လက် တွေမို့ ကြည့်လို့ သိပ်ကောင်းတာပဲ''လို့ ပြောကြပါတယ်။

ဒီလိုဆိုတော့ မြစ်ပြင် တစ်ခုလုံး ဖွေးဖွေးလှုပ်နေတဲ့ ဒီအခမ်းအနား ကြီးကို ကမ်းလုံးညွတ် ကြည့်နေကြ မယ့် ပရိသတ်ကိုလဲ မှန်းဆ နိုင်ဖို့ မလွယ်ဘူး ပေါ့။ အဲဒီ အချိန်က ဆယ်ဘာဆရာတော်ဟာ (၁၀)ဝါ လောက်ပဲ ရသေးတဲ့အချိန်ပါ။ သူ့ အသက်အရွယ်နဲ့ ဒီလောက် ကြီး ကျယ်တဲ့ အခမ်းအနား မျိုး၊ ဒီ လောက် များတဲ့ ပရိသတ်ကို ဦး ဆောင် စည်းရုံး ကျင်းပ နိုင်ခဲ့တာ သိရတော့ ကြားလိုက်ရသူတွေအဖို့ ဘယ်—မအံ့မသြဘဲ ရှိပါ့မလဲ၊ လက် ဖျားခါမိ ကြတော့ တာပေါ့။ ဒါ ကြောင့်ပဲ ထင်ပါရဲ့ ၁၃၂၆-ခုနှစ်၊ မိုးမိတ် ဘုရားပွဲ ကြီးမှာ ဂေါပက အဖွဲ့က ဆွမ်းတော်ကြွပွဲတွေ လာ ရောက်ပို့လှူကြတဲ့ ကျေးရွာ အသီး သီးကိုပထမ၊ ဒုတိယ၊ တတိယဆိုပြီး ဆုပေးစနစ် တီထွင် လိုက်တဲ့ အခါ ထီးတော် စိန် ဖူး တော် တွေ ပင့် ဆောင်တာနဲ့ပတ်သက်ပြီး ဆယ်တာ ဆရာတော်ရဲ့ စွမ်းဆောင် ချက်ကို နှစ်ထောင်းအား ရ ရှိကြ လွန်းလို့ ဒီဆရာတော်ကို ''အထူးဆု''ပေး သင့်တယ်လို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ဒါ့ကြောင့် အဲဒီတုန်းက ဂေါပက လူကြီးမင်းများ ဖြစ်ကြတဲ့ ဗန္ဓုလ ဦးဆိုင်တို့၊ အငြိမ်းစားမြို့တော်ပန် ဦးစံရွှေ၊ ရတနာပုံ ဦးမိုးတို့နှင့်ကကွ ယခုလက်ရှိ တိ-နိ ဥက္ကမ္မကြီး ဆရာ ဝန်ကြီး ဦးသာလှတို့ ကြီးမှူးပြီး ဓမ္မာနာဒတိုက် ပင် လုံဓမ္မာရုံကြီး ပေါ်မှာ ဂုဏ်ပြုပွဲကို တခမ်းတနား ကျင်းပပေးခဲ့ပါတယ်။ အဲဒီ ပွဲမှာ ကျေးဇူးရှင် တိပိဋကဆရာတော် ဘုရားကြီးက ခြင်္သေ့ (၃)ကောင် ခံတဲ့ကလပ် အပါအဝင် သာသနာ့ အောင်လံတော် စိုက်ထူထားတဲ့ ငွေ ဖလားကြီးကို ဆယ်တာဆရာတော် အား ချီးမြှောက်ဂုဏ်ပြု အပ်နှင်းခဲ့ ပါတယ်။

အဲဒီနောက် မှာလဲ အကြောင်း အား လျော်စွာဆိုသလို ဆောင်ရွက် ခဲ့တာတွေရှိသေးတယ်။ ပြောရမယ် ဆိုရင် ၁၃၄၄-ခုနှစ်က ဆရာတော် ကြီးရုပ်တုတော်ပင့်ဆောင်ပွဲ၊ ဗောဓိ ပင်(၆)ပင် ပင့်ဆောင်ပွဲ တွေမှာလဲ ဟိုတုန်းကပုံစံတွေ မမီတော့ပေမယ့် အချိန်အခါနဲ့ အခြေအနေ ပေးသ လောက်တော့ ကရဝိက်ဖောင်တော် ရှေ့ဝင်း-နောက်ဝင်း တွေနဲ့ ခမ်း နားသိုက်မြိုက်အောင် ရှေ့ဆောင် ပေးနိုင်ခဲ့တာပါပဲ။

နောက်ပြီး ဆယ်တာဆရာတော် အဖို့ တစ်သက်တာ ပြောစမှတ်တွင် လောက်တဲ့ ပွဲတစ်ပွဲ ရှိသေးတယ်။ ဘာလဲဆိုတော့ မကွာသေးမီ(၁၃-၄၇-ခု၊ တော်သလင်းလဆန်း ၁၁-ရက်နေ့) ကမိုးမိတ်စေတီတော်ကြီး ရဲ့(၂၅)နှစ်မြောက် ငွေရတုသဘင် ပွဲတော်မှာ မိုးမိတ်စေတီ၊ စက်တော် ရာစေတီနှင့် အရံစေတီငွေ့ကို ထီး တော်များ မွမ်းမံ ပြန်ဟင်ဟာတို့၊ ပိဋကတ်စေတီ၊ ကမ္မဝါစေတီတို့ကို ထီးတော်သစ်များ တင်လှူ တာတို့ ကျင်းပ ပြုလုပ် တော့ ထီးတော် (၉)စင်းကို ပင့်ဆောင် ပူဇော်တဲ့ပွဲ ဖြစ် ပါတယ်။ ဒီ အကြောင်း ကို ဆောင်းပါးရှင် တစ်ဦးက သီးသန့် ရေးမှာဖြစ်လို့ ဒီလောက်ပဲ ပြော



၁၃၂၂-ခု၊ တော်သလင်းလပြည့်
မိုးမိတ်စေတီတော်မြတ်ကြီး
ပထမ ထီးတော်တင်ပွဲ

ထီးတော်တင်ပွဲသို့
မိုးမိတ်ရှမ်းလူမျိုးများ
လာရောက်ပူဇော်
ကြစဉ်



ပါရစေ။ အဲဒီပွဲအပြီးမှာ ဆယ်တာ
ဆရာတော်နဲ့တွေ့လို့ "ဘယ်လိုလဲ
ဘုန်းကြီး၊ အတွေ့အကြုံလေး ရှင်း
စမ်းပါဦး ဘုရား" လို့ ဆိုတော့
ကြည့်ပါဦး၊ အမိန့်ရှိပုံကို-

"ပန်းချက်တော့ မကျန် ဘူး
ဦးပဉ္ဇင်းရေ၊ တပည့်တော်မယ်
တန်းကျောင်းတွေ သွားပြောရ၊
မြို့နယ် ပါတီ ကောင်စီတွေဆီ
သွားမေတ္တာရပ်ခံရ၊ ဆိပ်ကမ်း
ကော်ပိုရေးရှင်းတို့၊ သစ် လုပ်
ငန်း ကော်ပိုရေးရှင်းတို့၊ ရေ
ကြောင်းရုံးတို့ကို သွားပြီး စည်း
ရုံးရ ၊တရားဟောရ၊ ကိုယ်လုပ်
ချင်တဲ့ ခွင်ကိုချပြရနဲ့ အလုပ်
ရှုပ်လိုက်ပုံများ ဘုရား၊ တပည့်
တော် ဆွမ်း(၃)နပ် လပ်တယ်
ကိုယ်တော်ရေ၊ ပြေးဟယ်လွှား
ဟယ်နဲ့ ကိုယ့် ကျောင်းဝင်းထဲ
ဝင်နေတဲ့ မြစ်ရေ ဘယ်အချိန်



ထီးတော်သစ်တင်ပြီး
တင့်တယ် သပ္ပာယ်တော်မူလှသော
မိုးမိတ်စေတီတော်မြတ်....

မိုးမိတ်စေတီတော်
ပထမ ထီးတော်တင်မွေ့၌
ဆရာဝန်ကြီးဦးသာလှ
စိန်ပန်းတော်ပင့်ဆောင်လာစဉ် ...

၁၃၂၄-ခု၊
တော်သလင်း လပြည့်နေ့၊
စက်တော်ရာ အုတ်မြစ်ချပွဲ

◄ စက်တော်ရာ အုတ်မြစ်ချပွဲသို့
ဘဘိဝဇ မဟာရဋ္ဌဂုရု
မဒိုးရိန်ဆရာတော်ဘုရားကြီး
ဘဒ္ဒန္တသူရိယာဘိဝံသ
ကြွတော်မူလာသည်ကို
တိဝိဋ္ဌကဓရ ဆရာတော်ဘုရား၏
တိဝိဋ္ဌကဓရထီးဖြူတော်ဖြင့်
ပင့်ဆောင်တော်မူကြစဉ်....

ဘဘိဝဇ
မဒိုးရိန်
ဆရာတော်
ဘုရားကြီး၏
တရားတော်



မင်းကွန်း
ဘိဒုံကဓရ
ဆရာတော်ဘုရားကြီး၏
တရားတော်....





စက်တော်ရာအုတ်မြစ်ချပွဲ၌
ဆရာဝန်ကြီးဦးသာလှ
စိန်ဘောင်မင်း
ရွှေမန်းတင်မောင်....

ဆရာကြီးဦးဆန်းထွန်း

စက်တော်ရာအုတ်မြစ်ချပွဲ၌
ဤသံပရာဖျော်ရည်
ရာဝင်အိုးများမှာ
၁-နာရီလျှင်(၁၀)အိုး
တိုက်ကျွေးခဲ့ရ၏။

၁၃၂၆-ခု
စက်တော်ရာ ထီးတော်တင်ပွဲ



တည်ဆောက်ပြီးစီးလု
စက်တော်ရာဂန္ဓကုဋီစေတီ



စက်တော်ရာထီးတော်များ
ကရုဝိက်ဖောင်တော်များဖြ
ပင့်ဆောင်လာစဉ်...

စက်တော်ရာ
စိန်ဖူးတော်ကို
ဆရာကြီးဦးသာလှ
ပင့်ဆောင်လာစဉ်....

ထီးတော်တင်ပွဲ၌
ရွှေမန်းတင်မောင်၊
စိန်ဆောင်မင်း၊
ကက်နက်စိန်၊
ရွှေနန်းတင်၊
ရွှေကိုတင်မောင်....

ရတနာပုံ အုတ်သင်းဆွမ်းအုပ်(၁၀၀) လှည့်လည်၍ စက်တော်ရာ ထီးတော်တင်ပွဲသို့။

ပန်းပန်လျက်ပါဇာတ်ကား ရိုက်သည့် အပွဲကလည်း မန္တလေးမှ မင်းကွန်းသို့ကူး၍ ပါဝင်ပူဇော်ကြစဉ်။



သစ်ပင်တစ်ထောင်
စိုက်ပွဲ....

ခန်းသွားမှန်းတောင် မသိဘူး၊ ကျောင်းကလေတွေ ရေထဲမျောပြီး ရှဲဖွက်ထဲနစ်နေလို့ မနေ့ကမှ ပြန်ဆယ်ထားရတယ် ဘုရား၊ ကဲ....အဲဒါသာကြည့်တော့ ဦးပဉ္စင်းရေ''

''နော့....နေပါဦး၊ ဘာအခက်အခဲတွေ တွေ့ရသေးလဲဘုရား''

''စည်းရုံးရေး အပိုင်း ဆိုပါတော့ဘုရား၊ အများစုကတော့ တပည့်တော်အပေါ်မှာ အမြင်ရှင်းကြပါတယ်။ ဒါပေမယ့် တစ်ချို့ကြတော့ တစ်မျိုးပေါ့လေ၊ အစပိုင်းမှာ ဒူးတုပ်အရိုအသေ ပေးနေရာက တပည့်တော် တင်ပြတဲ့အချက် တစ်ချက်လောက် မကြိုက်ဘူးလဲဆိုလိုက်ရော တကတဲဘုရား ကိုယ်ကို တစောင်းလှည့်၊ မျက်နှာတွေ မဲ့ရွဲ့ပြီး ဒူးထောင် ပေါင်ကားဖြစ်ကုန်တော့တာပဲ ကိုယ်တော်ရေ၊ ဒါပေမယ့် သူတို့ သဘောပေါက်သည်အထိ တပည့်တော်က ရှင်းလင်းပြတော့လဲ နောက်ပိုင်းမှာ လက်ခံလာကြပါတယ်။ အားလုံးကို တစ်စည်း တစ်ရုံးထဲဖြစ်အောင် လုပ်လို့ ရတာကတော့ တပည့်တော်ရဲ့ စွမ်းရည်ထက် ဆရာတော် ဘုရားကြီး ဘုန်းကံကြောင့်ဆိုရင် ပိုမှန်ပါတယ်''

ရယ်သလို မောသလိုနဲ့ ''ဒီပွဲမှာ ဘုန်းကြီးအဖို့ အမြတ်တွေ ကျန်မှာပေါ့နော်''လို့ ဆိုတော့ ဆယ်တာဆရာတော်ကလဲ သူ့ကို စမ္ပန်းသိတယ်လေ။ ''မကျနဲ့ဘဲလား ကိုယ်တော်၊ ဆရာတော်ကြီးနဲ့ လူကြီးစုံရာရွှေမှာ ဒီအလုပ်ကြီးကို ဆောင်ရွက်ပါ့မယ်လို့ တပည့်တော်တာဝန် ယူလိုက်ချိန်မှာ တပည့်တော်ရဲ့ ကိုယ်ပိုင် နဝကမ္မဟာ (၁၅၀)လောက်ပဲ ရှိတယ်။ တကယ် အလုပ် လုပ်လိုက်တော့ (၃၆၀၀)လောက် ပေါက်သွားတယ် ဘုရား။ အဲဒါ ရန်ကုန် ဌာနခွဲက (၄၀၀၀)နဲ့ တပည့်တော် ဒကာ+ဒကာမတွေက ကိုယ့်စရိတ်ကိုယ်စား၊ ကိုယ့်ပိုက်ဆံ ကိုယ်ထုတ်ပြီး စေတနာ သဒ္ဓါတရားအပြည့်နဲ့ ဆောင်ရွက်ခဲ့ကြလို့ အသားတင် (၃၀၀၀)လောက်ပဲ ကြွေးတင်ပါတယ်။ ဒီကြွေးတင်တာဟာ အမြတ်ပေါ့ ဘုရား။ နောက်ပြီး ပွဲအပြီးမှာ ပန်းဖျာဖျာလို့ အိပ်ရာထဲ (၄)ရက်လောက် လဲတာလဲ အမြတ်ပဲပေါ့၊ ဟဲ....ဟဲ....ဒါတွေက ဦးပဉ္စင်းမေးလို့ စကားအဖြစ် ပြောရတာပါနော်၊ တကယ်ကတော့ ဆရာတော်ကြီးရဲ့ သာသနာပြု ပူဇော်ပွဲမှာ ကိုယ်ဝတ်နှိုင်တဲ့ဘက်က စွမ်းစွမ်းတမံ ထမ်းရွက်ခွင့်ရလို့ ကျေနပ် ပီတိဖြစ်ရတဲ့ အမြတ်က တပည့်တော် အဖို့ ဘာနဲ့မှ အဖိုးဖြတ်လို့ မရပါဘူး။''

ဒီနေရာမှာ ဆယ်တာဆရာတော် ဦးစီးတဲ့ အခမ်းအနားတွေ ကြီးကြီးကျယ်ကျယ်နဲ့ ဘာဖြစ်လို့ အောင်မြင်ရသလဲ တွေး မိတယ်။ မင်းကွန်း တိပိဋကဓရ ဆရာတော် ဘုရားကြီးပေါ် ကြည်ညိုလွန်းတဲ့ စေတနာ သဒ္ဓါတရားကြောင့် ဆယ်တာ ဆရာတော်ရဲ့ စည်းရုံးရေး လက်နက်က ထက်မြက်လာတယ်။ သူထက်မြက်သလောက် သူ့ရွာသူ ရွာသား၊ သူ့ဒကာ+ဒကာမတွေကလဲ အတိုင်းမသိ အနှိုင်းမရှိတဲ့ စေတနာ သဒ္ဓါတရားတွေ ပြည့်ဝလှုံလာတယ်။ ဆရာနဲ့ ဒကာနှစ်ဦးရဲ့ ဒီအင်အားနှစ်ခုက အခမ်းအနားကြီးတွေကို အောင်မြင်အောင် ဖေါ်ဆောင် ပေးနိုင်ခဲ့တာလို့ တွေးမိပါတယ်။

အခုတင်ပြတာတွေက တိပိဋကဆရာတော်ဘုရားကြီးရဲ့ သာသနာပြု ပူဇော်ပွဲတွေမှာ ရေကြောင်းခရီးနဲ့ ပတ်သက်တဲ့ ဆယ်တာဆရာတော်ရဲ့ ပါဝင်ပံ့ပိုးမှုအပိုင်း ဖြစ်ပါတယ်။

ရှင်လူနဲ့ပျော် ပဲပူဇော်

တဆက်တည်း ပဲပူဇော်ပွဲတွေ အကြောင်းတင်ပြချင်ပါသေးတယ်။ မင်းကွန်းဆိုတဲ့ တောအရပ်ဒေသ တောင်ရိုးကြီးရဲ့အခြေမှာ ဓမ္မနာဒနဲ့ တိပိဋကနိကာယ-ဆိုတဲ့ စာသင်တိုက်ကြီး နှစ်တိုက် ထီးထီးမားမား ရှိနေပါတယ်။ ဒီနှစ်တိုက်မှာ ရှိနေကြတဲ့ စာသင်သားတွေဟာ သာသနာတော်ရဲ့ အမှူး၊ အမှုန်၊ အငုံ၊ အပွင့်တွေလို့ ဆိုရင် ဘယ်မှားနိုင်ပါ့မလဲ။ ပန်းကောင်းဓော မြို့မှာ ပေါတာမှန်ပေမယ့် အဲ့ဒီပန်းတွေရဲ့ အခြေခံဇာစ်မြစ်ဟာ တောပဲမဟုတ်လား။ ဒီတော့ ဒီတောပန်း ကလေးတွေ ရေရှည် ပွင့်လန်းနိုင်ဖို့ ထိန်းသိမ်းပြုစုရသလို၊ ဟောဒီ တောစာသင်တိုက်ကြီး နှစ်တိုက်ရဲ့ စာသင်သားတွေကိုလဲ သာသနာမှာ ရေရှည်တည်တံ့နိုင်အောင်ပစ္စည်းလေးပါးထောက်ပံ့ဖို့ ဆရာတော်ဘုရားကြီးနဲ့ ဒကာ+ဒကာမတွေမှာ (တာဝန်သိကြတဲ့အလျောက်) တာဝန်ရှိလာကြပါတယ်။ ဆိုတော့-ဆွမ်းတစ်ခုတည်း ထမ်းဆောင်ရတဲ့ တာဝန်

ကိုက တယ်ကြီးလှတာကိုး။ မနက် တစ်ထပ်၊ နေ့လယ်တစ်ထပ် ဖြစ်တဲ့ အပြင် တစ်ရက်၊ နှစ်ရက်နဲ့ ပြီးတဲ့ ကိစ္စ မဟုတ်လေတော့ နေ့လယ်မှာ ဖွယ်ရာအောင်စီစဉ်နိုင်ပေမယ့် မနက်မှာတော့ ဆွမ်းနဲ့ပဲဟာ ပင်တိုင် ဖြစ်ရတော့တာပေါ့။ အဲ....ဒီနေရာမှာ ဆယ်တာဆရာတော်နဲ့ အခြားဘုန်းတော်ကြီးများ အပါအဝင် ပဲအလှူရှင်များရဲ့ အခန်းကဏ္ဍ ဝင်လာခဲ့တာပါ။

၁၃၄၃-ခုနှစ်က စပြီး နှစ်စဉ် နှစ်တိုင်း နှစ်သစ်ကူးပြီးစ အချိန်ဘွေဟာ ရောဝတီမြစ်အတွင်း ကျွန်းထဲက ရွာများရဲ့ ပဲလှူပွဲရာသီ ဖြစ်ပါတယ်။ ပဲလှူပွဲဆိုတာက ဒီကျောင်းတိုက်ကြီး နှစ်တိုက်အတွက် မြေပဲ၊ မတ်ပဲ၊ ထောပတ်ပဲ၊ စွန်တာနီစတဲ့ ပဲမျိုးစုံ လှူဒါန်းတဲ့ပွဲကို ပြောတာပါ။ ပါဝင်လှူဒါန်းကြတဲ့ ရွာတွေကို အုပ်စုအလိုက်ဖော်ပြပါမယ်။ ဒီမှာ-ပဲလှူပွဲကို အကြောင်းပြုပြီး ဖွဲ့စည်းထားတဲ့ ရွာတွေကို အုပ်စုလို့ ခေါ်တာပါ။ ပထမ ဖော်ပြချင်တာက-

(က) ညောင်ပင်သာ၊ ဟင်းရွက်စု၊ ဓားမကျ၊ ဖိုးလှကုန်း၊ သံဗိုလ်ကျွန်း၊ ဆင်ရွာ၊ ဒီရွာတွေက တစ်အုပ်စုဖြစ်ပြီး၊

(ခ) ဆယ်တာ၊ ရဲလှ၊ သမင်ခြံတောင်/မြောက် ရွာ၊ ပေါက်ဝဲ၊ သရက်တစ်ပင်၊ ပုဂံဘပ်ငါးရွာ ဒီရွာတွေက တစ်အုပ်စုဖြစ်ပါဘယ်။

(ဂ) နောက်တစ်ခါလှိုင်ကျွန်း၊ ရွာသစ်၊ ပျော်ဘွယ်၊ သုံးဆယ်ပေး၊ ရွာသာအေး၊ ဆင်ကျွန်း၊ နှန်းတော်ကျွန်း၊ စွန်းလွန်း၊ မြသီတာ၊ ဥဒေါင်း၊ အာလောင်၊ သပြေသာ ဒီရွာတွေက တစ်အုပ်စုဖြစ်ပြီး၊

(ဃ)ဆူးလေကုန်း၊ ကြိမ်တော၊ ကုန်းတန်းကြီး၊ ကုန်းတန်းလေး၊ ရွှေဖောင်၊ ဘုရားအမကုန်း၊ သနပ်ကုန်း၊ ဒင်္ဂါးကျွန်း၊ ဒေါင်းကျွန်း၊ ဘူမိန္ဒြ၊ ကွဲခြံကုန်း၊ ဗိုလ်ကုန်း၊ သဖန်းဒေါင့်၊ငယ်တိုး၊ကျီရွာ၊ ဒီရွာတွေကတစ်အုပ်စုဖြစ်ပါတယ်။

ဒီ(၄)အုပ်စုမှာ ပဲလှူအခြေစိုက်စခန်းဖွင့်ဖို့ ကိုယ့်အုပ်စုနဲ့ကိုယ်ကျေးရွာတစ်ရွာစီ မဲနှိုက် ရွေးချယ်ကြရပါတယ်။ ဒီတော့ မဲကျတဲ့ရွာဟာ ပဲလှူအခြေစိုက်စခန်း ဖွင့်ပေတော့ပေါ့။ ခုလို မဲစနစ်နဲ့ ဘာဖြစ်လို့ ရွေးသလဲဆိုတော့ အခြေစိုက်စခန်း ဖွင့်ဖို့အရေးမှာ သဒ္ဓါတရားမတွေ အားကောင်း မောင်းသန် ဖြစ်ပြီး၊ သူ့ရွာ ငါ့ရွာ လုကြလွန်းလို့ ဖြစ်ပါသတဲ့။ ဒီတော့ အုပ်စု(၄)အုပ်စု ရှိလို့ ပဲလှူအခြေစိုက် စခန်းဖွင့်ထားတဲ့ရွာကလဲ ၄-ရွာ(၄)ဌာနပဲ ဖြစ်ရတော့တယ်။ သဘောကတော့ မဲပေါက်လို့ ပဲလှူစခန်းဖွင့်ထားတဲ့ ရွာကို အုပ်စုတူ အခြားရွာတွေက သွားရောက် ပူးပေါင်းပြီး၊ မိမိတို့ပဲများကို ဆရာတော် သံဃာတော်များထဲ ရေစက်ချ လှူဒါန်းရတာ ဖြစ်ပါတယ်။ မဲစနစ်နဲ့ စီစဉ်ထားလေတော့ အုပ်စုတစ်ခုမှာ ပဲလှူအခြေစိုက်စခန်း ဖွင့်တဲ့ရွာဟာ ဒီနှစ်မှာ ဒီရွာဖြစ်ပေမယ့်၊ နောက်နှစ်မှာ ဟိုရွာ ဖြစ်တတ်ပါတယ်။ ဒီလို ပြောင်းလဲတာလဲ ရှိပေမယ့်၊ မပြောင်းလဲတဲ့အချက်က ဘယ်ရွာမှာ စခန်းဖွင့်ဖွင့် အတိုင်းမဲ့ စေတနာ အနှိုင်းမဲ့ သဒ္ဓါတရား တွေနဲ့ ခမ်းခမ်းနားနားကြီး လုပ်တတ်ကြတာပါပဲ။

ဒီနေရာမှာ သူတို့ဆောင်ရွက်ကြပုံ အစီအစဉ်ကို အကြမ်းဖျင်းဖော်ပြချင်ပါတယ်။ ရေကြောင်း ခရီးအတိုင်း သာသနာ့အလံတွေလွှင့်ထူထားတဲ့ မော်တော်တွေနဲ့ အထက်က ပြောခဲ့တဲ့ ကျောင်းတိုက်ကြီး နှစ်တိုက်က သံဃာတော် များကို တိပိဋကဆရာတော်ဘုရားကြီး ဦးဆောင်ပြီး ကြွခဲ့တဲ့အခါ ဆိပ်ကမ်းမရောက်မီ အဝေးကပဲ ကမ်းလုံးညွတ် ကြိုဆိုနေကြတဲ့ ဒေသခံဆရာတော်တွေနဲ့ ပဲအလှူရှင် ဒကာဒကာမတွေကို ဖွေးဖွေးလှုပ်မြင်နေရလေ့ရှိပါတယ်။ အဲ....မော်တော်တွေလဲ ကမ်းကိုကပ်ပြီဆိုရော ကမ်းပေါ်ရှိသမျှ ရှင်ရှင်လူလူ အားလုံးဟာ မော်တော် တွေဆီကို အစုလိုက် အပြုံလိုက် ပြိုဆင်းလာကုန်ကြတော့တာပါပဲ။ အဲဒီမှာ ကြိုဆိုပင့်ဆောင်ရေး တာဝန်ယူထားတဲ့ဆရာတော် သံဃာတော်တွေ၊ ခေါင်း ပေါင်း ဖြူ ဖော့ လုံးပေါင်းထားတဲ့ ဝတ်ဖြူ စင်ကြယ်ညီပါသကာကြီးတွေက ဆရာတော် ဘုရားကြီး အမှူးပြုတဲ့ သံဃာတော်များကို အခမ်းအနား ကျင်းပရာဌာနရောက်အောင် ပင့်ဆောင်ပါတယ်။ လမ်းတစ်လျှောက်လုံးမှာတော့ အိုးစည် ဗုံမောင်း အကအခုန်တွေနဲ့ မြိုင်မြိုင်ကြီး ကြိုဆိုတာကို မြင်နိုင်သလို ယောဂီအမျိုးသမီးကလေးတွေရဲ့ ပဋ္ဌာန်း ရွတ်ဖတ်သံကိုလဲ စိတ်ကြည်နှူးဖွယ် နာကြားရတတ်ပါတယ်။ နောက်ပြီး စည်တော်ကြီးတွေ ရွမ်းတဲ့ရွမ်းတဲ့ပြီး ကြိုဆိုတာကို စိတ်ရှင်လန်းဖွယ် တွေ့နိုင်သလို ဝတ်အသင်းသူအမျိုးသမီးကလေးတွေရဲ့ ဓမ္မစကြာ

ချီးမြှောက်သင့်ရာ ချီးမြှောက်ပါ

မူလအခြေတည်ခဲ့တဲ့ စကားကို ပြန်ဆက်ပါ့မယ်။ ခမ်းခမ်းနားနား ကျင်းပလေ့ရှိကြတဲ့ ဒီ ပဲလူပွဲကြီးတွေရဲ့ အခြေအမြစ်ကို ပြန်လည် ငဲ့စောင်းကြည့်ကြရင် ဆယ်တာဆရာတော်ရဲ့ ဆောင်ရွက်ချက် များကို မျက်ကွယ်ပြုလို့ ရမှာ မဟုတ်ပါဘူး။

ပဲလူပွဲတော်မပေါ်ခေသးခင် ပထမ အကြိမ် ပဲလူပွဲရဲ့ အကြုံကာလများမှာ တစ်ရွာဝင် တစ်ရွာထွက် နှီးဆော် တိုက်တွန်းမှု၊ တရားဟောလှုံ့ဆော်မှုတွေကို ဆယ်တာ ဆရာတော် ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ဘယ်လို အမိန့်ရှိဖူးသလဲ ဆိုရင်–

"တပည့်တော် တစ်ရွာဝင်တစ်ရွာထွက် ဆော်သြခဲ့တာကို ယေဘုယျသဘော ပြန်ပြော ရရင် ပထမ ရွာဦးကျောင်းဘုန်းကြီး ဆီကိုဝင်ပြီး အကျိုးအကြောင်း လျှောက်တယ်။တာဝန်ကြီးတယ် ထင်လို့ အဲ့ဒီ ဘုန်းကြီးက အင်တင်တင်ဖြစ်နေရင် ရွာထဲသွားပြီး ပါတီ ကောင်စီ၊ ဂေါပကလူကြီး စတဲ့ ရွာလူကြီးတွေကို တိုက် တွန်း နှိုး ဆော် ပါတယ်။ ရွာက လိုလို လားလား လက်ခံရင်'ကဲ–ကောင်းပြီ၊ ဒကာကြီးတို့ရဲ့ဘုန်းကြီးကိုလဲ ညှိနှိုင်းတိုင်ပင်ပါဦး'လို့ ပြောခဲ့ရပါတယ်။ ဒီလိုပါပဲ၊ ရွာက လက်ခံရမှာ ဝန်လေးနေပြီး ရွာရဲ့ဘုန်းကြီးက အားတက်သရော ရှိနေရင် အဲ့ဒီဘုန်းကြီးကိုပဲ အရှင်ဘုရားရဲ့ရွာကိုလဲ နှိုးဆော်တိုက်တွန်း မဆံ့လို့ အပြင်ဘက် လျှံထွက်နေတဲ့ ပရိသတ်အဆုံး အားလုံးရဲ့ မျက်နှာပာ ကြည်လင်ဝင်းပနေကြတာပါပဲ။ နှလုံးသားမှာ အိုင်ကျင်းဖွဲ့မြစ်ဖျားခံပြီး စိမ့်ယို စီးထွက်နေလို့ သူတို့မျက်နှာများပေါ်မှာ ထင်ဟပ်နေတဲ့ သဒ္ဓါတရား ထုထည်ကို လောကရဲ့ ဘယ်လို့ စံချိန်စံညွှန်းနဲ့မှ တိုင်းတာလို့ ရမှာ မဟုတ်ဘူး။ ဒါကြောင့် သူတို့ ဆောင်ရွက်ထားချက်တွေ အားတက်ရှင်လန်းနေတဲ့ သူတို့မျက်နှာ အမူအရာတွေကို မြင်ရရုံနဲ့တင် မြင်လိုက်ရသူအဖို့ သဒ္ဓါတရားတွေ ကူးလူး ပွားတိုးပြီး ကြက်သီးတွေ စိမ့်ခနဲ ဖြန်းခနဲထမိရင်တော့ဘယ်။

ဒီလိုနဲ့ အားလုံး နေရာယူပြီးပြီဆိုတဲ့အချိန်မှာ အခမ်းအနားမှူးက အစီအစဉ်ကိုကြေညာ အခမ်းအနားဖွင့်ပြီး တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက စီမံ ဆောင်ရွက် လှူဒါန်း ကြပုံကို အကျဉ်းချုပ် လျှောက်ထား ပါတယ်။ အဲဒါပြီးတော့ သီလယူ ပရိတ်တရားနာ ပဲတွေကို ရေစက်ချ လှူဒါန်း အမျှအတန်း ဝေပြီး အခမ်းအနားကို ရုပ်သိမ်းကြလေ့ရှိပါတယ်။ သံဃာတော် တွေရဲ့ အပြန်ခရီးမှာလဲ ခမ်းနားစွာ ပို့ဆောင်ကြတာပါပဲ။ အလှူခံရတဲ့ ပဲတွေကိုတော့ နောက်ရက်တွေကျမှ တာဝန်ရှိ ပုဂ္ဂိုလ်တွေက စနစ်တကျ ထုပ်ပိုးပြီး ကျောင်းတိုက်ကြီးတွေအရောက် လာရောက်ပို့လှူကြပါတယ်၊ လေးအုပ်စု လေးဌာနရဲ့ အခမ်းအနားအစီအစဉ် အကြမ်းဖျင်းကတော့ ဒီပုံစံချည်း ဖြစ်ပါတယ်။

သီကျူးသံကိုလဲ စိတ်အေးချမ်းဖွယ်ကြားရမှာမလွဲပါဘူး။

ဒီပုံစံအတိုင်း တဖြည်းဖြည်း တရွေ့ရွေ့ ပင့်ဆောင်လာကြရာက မကြာခင် သာသနာ့အလံတွေ လွှင့်ထူပြီး ခမ်းခမ်းနားနား ပြင်ဆင်ထားတဲ့ ဘုန်းတော်ကြီးကျောင်း (ဒါမှမဟုတ်) ဓမ္မာရုံကြီး (ဒါမှမဟုတ်) ဟီးနေအောင် မွမ်းမံဆာတဲ့ မဏ္ဍပ်ကြီးကို ဆိုက် ရောက် မှာဖြစ်ပါတယ်။ အဝင်ဝ ဝဲယာမှာ ငှက်ပျောဖင်ရှင်ကြဲပင်ရှင်တွေစိုက်၊ ရာဇမတ်ကာပြီး သဲဖြူခင်ထားတဲ့ လမ်းကို ဖြတ်ကျော်ပြီးရင် သံဃာတော်များအဖို့ မျက်နှာသုတ်ပဝါ၊ လက်ကိုင် ပဝါတွေ ဖြန့်ခင်းပြီး ပန်းတွေ ကြဲထားတဲ့ မင်းလမ်းအတိုင်း သံဃာစင်အပေါ် တက်ကြရတာပါ။ သံဃာစင်ရဲ့ ရှေ့မှာတော့ ရိုင်ပတ်တို့၊ ပုတ်တို့နဲ့ ထည့်ထားတဲ့ပဲတွေ၊ ပဲထည့်ပြီး ထပ်ပုံထားတဲ့ အိတ်တွေကို မြင်တွေ့ရမှာဖြစ်ပါတယ်။ အပေါ် ဘက်ကို ကြည့်ဦးမလား၊ စိတ်ကူး ရသလို သွယ်တန်းထားတဲ့ စက္ကူသာသနာ့အလံလေးတွေ၊ ဆပ်တွန့်လို့ ခေါ်တဲ့ စက္ကူကြိုးလိမ်ကလေးတွေ၊ ပူစီဖောင်းတွေ၊ ပန်းပွင့်ကလေးတွေကို ကြိုးနဲ့တစ်ချောင်းချင်းသီ၊ အရောင်ခွဲပြီး စာလုံး သရုပ် ဖော်ထားတဲ့ ပန်းဆည်းလည်း ကြိုးလေးတွေကို မြင်ရမှာပါ။

ပရိသတ်ကိုကြည့်ပြန်ရင်လဲ ရှင်ရှင်လူလူ ဖြူဖြူမဲမဲ သွင်ပြင်တွေ ဘယ်လိုကွဲပေမယ့် အားလုံးတူညီတဲ့ အချက်ကတော့ ဘယ်သူ့ကို ကြည့်မလဲ ဒေသခံ ဆရာတော်တွေအစ ထိုင်နေတဲ့ ပရိသတ်အလယ် နေရာ

ပေးပါဦး ဘုရား'လို့ ပြန်ပြီး လျှောက်ထားခဲ့ပါတယ်။ ဒါပေမယ့် အဲဒီလို အညှိခိုင်းရတာက အတော် နည်းပါတယ်။ ရွာအများစုကတော့ ရှင်ရော လူပါ အားတက်သရော လက်ခံကြတာများပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ဘာတစ်ခု တပည့်တော် အထင်လွဲ ခံရသလဲ ဆိုရင် 'တိပိဋကက ဆရာတော်ကြီးရဲ့ အရှိန်အဝါ၊ ကျောင်းတိုက်ကြီး နှစ်တိုက်ရဲ့ကျောင်စောမှုကို အသုံးချပြီး ဆယ်တာ ဘုန်းကြီး ကိုယ်ကျိုးရှာတယ်'လို့ အထင်လွဲခံရပါတယ်။ ဒါပေမယ့် ဒါလဲ လူနည်းစုပါပဲ။ အခု နောက်ပိုင်းမှာတော့ အားလုံးက တပည့်တော် အပေါ်မှာ နားလည်မှုရှိကြပါပြီ။ ဒီလိုနဲ့ တိုတို ပြောကြပါစို့ရဲ့၊ တိုက်တွန်းနိုးဆော်လို့ အားလုံး လက်ခံကြပြီ ဆိုတဲ့အခါ ညှိနှိုင်း ဆွေးနွေးပွဲတွေ အကြိမ်ကြိမ်လုပ်၊ အုပ်စုတွေဖွဲ့၊ တာဝန်တွေ အသီးသီး ယူပြီး ဆောင်ရွက်ကြလို့ ပထမအကြိမ် ဒီလူပွဲကို ၁၃၄၃ - ခု နှစ် မှာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။''

ဆယ်ဘာဆရာတော်စကားနားထောင်ပြီး ဟုတ်ပေမှာပဲလို့ တွေးရင်း 'အဲဒီဘုန်းက ပထမအကြိမ်ဆိုတော့ အတွေ့အကြုံ မရှိသေးလို့ ဘုန်းကြီးတို့ တော် တော် ပင်ပန်းမှာပေါ့နော်-လို့ ဆိုတော့-

''ဒါပေါ့! ဘုရား၊ ဆွေးနွေးပွဲတွေ အကြိမ်ကြိမ်လုပ်ပြီး၊ ဆွေးနွေး ပွဲ ပြီး ပြီ ဆို တိုင်း ဘယ်လောက်ဝေးဝေးကုန်းကြောင်း လျှောက်၊ တစ် ယောက် တည်း ပြန်လာခဲ့ရတာ၊ ကိုယ့်ရွာ ကိုယ့်ကျောင်း ရောက်တယ် ဆိုရင်ပဲ ည(၁၀)ရီ၊(၁၁)နာရီ ဖြစ်နေတာ များပါတယ်''လို့ ပြောပါတယ်။

'နောက်ပိုင်း နှစ်တွေမှာ ဘုန်းကြီးအနေနဲ့ တာဝန်ယူ ဆောင်ရွက်ရတာတွေ ရှိဦးမှာပေါ့' လို့ မေးတော့-

''ရွာ အလိုက်၊ အုပ်စု အလိုက် ရှင်ရော လူပါ အား လုံး ဟာ အားတက် သရောနဲ့ ဝိုင်းဝန်း ဆောင်ရွက်ကြပြီမို့လို့ တပည့်တော်အဖို့ ဟိုတုန်း ကလောက် အားမစိုက်ရတော့ ပါဘူး၊ ဒါပေမယ့် ဆွေးနွေးပွဲ ကျင်းပပေးရတာတို့၊ ဆရာတော်ကြီးအမှူးပြုတဲ့ သံဃာ တော်များ ပင့်ဆောင်ရေး တာဝန်ယူရတာတို့ စတဲ့ လိုအပ်တဲ့ကိစ္စကို လိုအပ်တဲ့ကဏ္ဍကနေ ပါဝင် ဆောင်ရွက်နေတုန်းပါပဲ'တဲ့။

မိုးမိတ် ကုန်းမြေနဲ့ ပတ်သက်တဲ့ အခမ်းအနား တွေမှာ ဆယ်တာဆရာတော်ရဲ့ စွမ်းစွမ်းတမံ ဆောင်ရွက်ချက်တွေကို အကြိမ်ကြိမ်တွေ့ရလို့ ဒီလိုဆောင်ရွက်တာ ဘာရည်ရွယ်ချက်ရှိသလဲ သိချင်တာနဲ့ မေးကြည့်တော့ 'တိ-နိသာသနာပြုအဖွဲ့ကြီးရဲ့ ဝန်ထုပ် ဝန်ပိုးကြီးကို တတ်အားသမျှ ဝင်ထမ်းတဲ့ သဘော၊ နောက်ပြီး တိပိဋကက စာဖြေသံဃာညီဘွား များရဲ့ ပညာ ပါရမီကို ဖြည့်ဆည်းပေးတဲ့ သဘောပါ'တဲ့။

ဒီစကား ကြားရတော့ မလေးစားဘဲ မနေနိုင်အောင် ဖြစ်ရတော့တယ်။ တိ-နိအဖွဲ့ ကြီးရဲ့ အဝန်းအဝိုင်းမှာ ဒီလိုပုဂ္ဂိုလ်တွေများများရှိနေပါစေလို့လဲ ဆန္ဒပြုမိရတော့တယ်။

နိဂုံးချုပ် အနေနဲ့ ပြောပြရရင် ရေကြောင်းခရီး ပို့ဆောင်ပုဇော်တဲ့က်စ္စမျိုးဖြစ်ဖြစ်၊ ပဲလှူပွဲလိုက်စ္စမျိုးဖြစ်ဖြစ် ဘယ်လိုကိစ္စမျိုးမဆို မိုးမိတ် ကုန်းမြေနဲ့ ပတ်သက်ပြီးလား ဆိုမှဖြင့် ဆယ်တာ ဆရာတော် စွမ်းစွမ်းတမံ ဆောင်ရွက်သလို အလားပူဆောင်ရွက်နေတဲ့ပုဂ္ဂိုလ်လဲ ရှိပါတယ်။ ဒီပုဂ္ဂိုလ်တွေဟာ တိ-နိ သာသနာပြုအဖွဲ့ကြီးအတွက် နာသုံးနာအပြည့် အဝထားပြီး ဆောင်ရွက်လေတော့ သူတို့ဟာ တိ-နိအဖွဲ့ကြီးရဲ့ အမာခံကျောရိုး (ဒါမှမဟုတ်) တင်းပြည့်အဖွဲ့ဝင်တွေလို့ ဆိုရင် မမှားနိုင်ပေဘူး။ ဒီတော့ သူတို့ဆောင်ရွက်ကြလို့ ဆောင်ရွက်နိုင်တာနဲ့ အမျှ တိ-နိအဖွဲ့ကြီးအနေနဲ့ ဂုဏ်နှင့် ဩပဟပ်စေရမည့် ဆိုတဲ့မူကိုချပြီး ထိုက်သင့်သလို ဆုပေးတာမျိုး၊ ဂုဏ်ပြုဘွဲ့ဂုဏ်မှတ် အပ်နှင်း တာမျိုးတွေ ပြုလုပ်နိုင်ရင် အဖွဲ့ကြီးအဖို့ သာသနာပြု လုပ်ငန်းတွေ ပိုမို ကျယ်ပြန့်အောင် ဆောင်ရွက်နိုင်လိမ့်မယ်လို့ ယုံကြည်မိကြောင်း တင်ပြ လိုက်ရပါတယ်။

ဘိက္ခု ဝေရဇ္ဇ
(မင်းကွန်း)



မင်းကွန်းကျန်းငြိမ်

သမိုးတို့၏ အမျှဝေသံ

ရတနာမာန်အောင်ထေရ်•မေမြို့•

■ ပန်းချီ • မောင်ကျော်တင်၊ ၈၇၊

'ဒေဝဒေဝါ၊ ရှိပူဇော်တည့်၊ မြတ်စွာကိုယ်စား၊ စေတီမျှားတို့၊ ရှည်လျားမြင့်ဖန်၊ ငလျင်ဒဏ် ကြောင့်၊ ဖောက်ပြန်ပြုန်းတီး၊ ပြိုပျက်စီးသော်၊ ရှစ်ထီးမင်္ဂင်၊ ဖွင့်စေချင်၍၊ အရှင်ဝိစိတ္တာ၊ တိပိဋကဟု၊ ဓရမြိုက်ပျိုး၊ ဘဏ်တိုက်စိုးနှင့်၊ ကျော်ဟိုးပညာ၊ ဆေးဝိဇ္ဇာတည့်၊ ဒေါက်တာသာလှ၊ ရှေ့ဆောင်ပြု၍၊ ဗုဒ္ဓဘာသာ၊ ဒါယကာတို့၊ သဒ္ဓါလှုလှု၊ အားသစ်မှုကြောင့်၊ သတ္တုံကိုယ်စား၊ စေတီမျှားတို့၊ ငွေးငွေးစွင့်စွင့်၊ ရွှေထီးဖွင့်လှက်၊ ယခင်ထက်ကြွယ်၊တင့်စံပယ်ခဲ့'၊ (မေဓယာဉ်ပုံ)

ချုံပိတ်ပေါင်းတို့၏ အပူဇော်ခံ

ဘိုးတော်ဘုရား၏ သားတော် မိုးမိတ် မင်းသားကြီးသည် ခမည်းတော် အလယ်ကျွန်း–(နန်းတော်ကျွန်း)ဝယ် ယာယီစံစဉ်က စောင့်ရှောက် နေထိုင်ခဲ့ရာ ကုန်းမြေတွင် စေတီတော်ကြီး တစ်ဆူ တည်ထား ကိုးကွယ်ခဲ့ပါသည်။ ကြင်ရာတော် မင်းကင်း မင်းသမီး ကလည်း စက်တော်ရာ၏ တည်ရာ အုတ်ပြာသာဒ် တစ်ဆူ တည်ထားပြီး၊ ဝင်းတော်မှူးမင်းတေဇ-မင်းဗလ တို့ကလည်း အသီးသီး စေတီတော်များ တည် ထားကြပါသည်။

ကာလ ရှည်လျားသဖြင့် ထိုစေတီတော်များ တစ်စတစ်စ ပျက်စီးကြရာ လူအများ၏ ပူဇော် မှုကို မခံရတော့ဘဲ ချုံနွယ်ပိတ်ပေါင်းတို့၏ဝိုင်းအုံ ပူဇော်မှုကိုသာ ခံနေကြရပါတော့သည်။ ၁၉၅၆ (၁၃၁၈)ခုနှစ်၊ စစ်ကိုင်း ငလျင်ဒဏ်ချက်ကြောင့် ချွတ်ယွင်း ပျက်စီးနေရာမှ ပြိုကျ၍ အုတ်ပုံ အုတ် ဆွေးဘဝသို့ ရောက်နေရပါတော့သည်။ လူတို့၏ ပူဇော်ခံရမှုမှ ပိုမို ဝေးသွား၍ ချုံနွယ်တို့၏ တိုး၍ တိုး၍ ပူဇော်မှုကိုသာ ခံနေရကြပါတော့သည်။

လောကံ အလှည့်အပြောင်း

၁၃၂၁ခုနှစ်တွင် ကျေးငှားတော်ရှင် မင်းကွန်း တိပိဋကမရ ဆရာတော်ဘုရားကြီးနှင့် အထူးကု ဆရာဝန်ကြီး ဒေါက်တာဦးသာလှတို့ ဦးဆောင် ပြုပြင်ရာ ၁၃၂၂ခုနှစ်တွင် ထီးတော်တင်ပွဲ ဆင်နွှဲ နိုင်ခဲ့ပါသည်။ ၁၃၂၃ခုနှစ်တွင်မူ စံနစ်တကျ ဂေါပကအဖွဲ့ကို ဖွဲ့စည်းပြီး အရံစေတီတော်များ ကိုပါ ဆက်လက် ပြင်ဆင်ကာ ဗုဒ္ဓပူဇနီယ ဘုရား ပူဇော်ပွဲကြီးကိုပါ စတင် ကျင်းပနိုင်ခဲ့ပါသည်။

၁၃၄၀ခုနှစ်တွင် တိပိဋကဓရ နိကာယ ကျောင်းတိုက်ကြီးကိုပါ တည်ထောင်၍ သာသနာပြု လုပ်ငန်းကြီးကို တိုးခဲ့ခဲ့ရာ ယခုအခါတွင် 'ဝတိ သာလောနိမ္မာလော'ဟုပြောရမတတ် အဆောက်အအုံတို့ဖြင့် ပြည့်ကြပ် စည်ကားလျက်ရှိပါသည်။ လူတို့က တိုး၍တိုး၍ ပူဇော်လာရာ ချုံပိတ်ပေါင်းတို့ ပူဇော်ခွင့် မရကြတော့ပါ၊ လောကခံ၏ အလှည့် အပြောင်းကား ဘုရားပင် မကင်း စကောင်းပါတကား။

မပြုဘဲ ညဘက်တွင် ဆွမ်းအလှူရှင် ရမည်းသင်းရွှေလမင်းအဖွဲ့သား ညီမတော်များအား စီတ်ပါလက်ပါ တရားဓမ္မများကို ဟောကြားပေးနေပါသည်။ နေ့ဘက်တွင် တစ်နေကုန် တစ်နေခန်း ပင်ပန်းကြ၍ ဓမ္မနာဒ တစ်တိုက်လုံး တိတ်ဆိတ်နေပါသည်။ လူနေအိမ်များနှင့် ဝေးခြားသည့် တောရကျောင်းဖြစ်၍ အပြင်မှဆူသံ ညံသံများ လုံးဝ မကြားရပါ။ ဆရာတော်၏ နှုတ်တော်မှ တစ်လုံးချင်း ဘစ်လုံးချင်း ထွက်ပေါ်လာသည့် တရားတော်သံ ရေယဉ်ကြောင်္သာ၊ အားလုံး မျောပါကာ ဆိတ်ငြိမ်စွာ နာယူနေကြပါသည်။

ဌေရတု ပူဇော်ပွဲ

၁၃၂၃-ခုနှစ်မှ စတင် ပူဇော်ခဲ့သော ဗုဒ္ဓပူဇနီယ ပွဲတော်သည် ၁၃၄၇-ခုနှစ်တွင်(၂၅) ကြိမ်မြောက် ဌေရတုခေတ်သို့ ရောက်ခဲ့၍ ပူဇော်ပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲ အကြီးအကျယ် ဆင်နွှဲကြပါသည်။ဗုဒ္ဓမြတ်စွာ၏ ပါရမီတော် ဖြည့်ဆည်းပူးခဲ့ရာငါးရာငါးဆယ် ဇာတ်တော်ကို ကြည်ညိုအား ကျအတုယူနိုင်ရန် ပင့်သံဃာ ငါးရာ့ ငါးဆယ် ကျော်တို့အား ဒွိစုံသင်္ကန်းစသည်များကို လှူဒါန်းကြပါသည်။ သာသနာတော်နှစ်(၂၅၂၉)နှစ်ကို ရည်မှန်း၍ သီလရှင် (၂၅၀၀) ကျော်တို့အား ဝတ်စုံများကို လှူဒါန်းကြပါသည်။

၁၃၄၂ခုနှစ် တော်သလင်းလပြည့်နေ့ နေ့ခင်းဘက်တွင် ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲသည့် ဗုဒ္ဓပူဇနီယ ပွဲတော်ကို မြင်ကြရ၍ သဒ္ဓါစိတ်များ တက်ကြွရသလို ညဘက်တွင် အေးအေးချမ်းချမ်း ဆင်ယင်သည့် ဌေရတု ဆွမ်းရေစက်ချ ပွဲကလေးကို တွေ့မြင်ရ၍ နှလုံးစိတ်ဝမ်း အေးချမ်း ကြည်နူးရပြန်ပါသည်။

တိပိဋကဓရဆရာတော်ကြီးကား နေ့ဘက်တွင် တစ်နေကုန် တစ်ခနခန်းပင်ပန်းရမှုကို အလေး

ထိုအချိန် သာသနာ့ မိခင်ကြီး ရွှေလမင်း ဒေါ်ဒေါ်တင် လှူခဲ့သော လေယပ်ကြီးကလည်း အထက်မှ အသာအယာ လှုပ်ရှားလျက် အအေးဓာတ် ပေးဇနပါသည်။ ဆရာတော်၏ တရားဓမ္မကြောင့် စိတ်ဓာတ်များ အေးချမ်းသကဲ့သို့ မိခင်ကြီး၏ လေယပ်ကြောင့် ရုပ်ဓာတ်များလည်း အေးချမ်းနေပါသည်။ ဆရာတော်ဘုရားနှင့်မိခင်ကြီးတို့မှာ ရွှေလမင်း အဖွဲ့သားများအား ယခုတိုင် အအေးဓာတ်ကို ပေးနေတုန်းပါကလား၊ဟု စိတ်ကူးရင်း အတိတ်က အရိပ်များသည် စာရေးသူ၏စိတ်တွင် တလိပ်လိပ် ဝင်လာပါတော့သည်။

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော် သင်္ဂါယနာတင်ချိန်က မီးရထားများ ပျဉ်းမနားဘူတာမှာ ညဉ့်အိပ်ကြရသည်။ခရီးသွားရင်း ညတရားပွဲတရားဟောကြွဖို့ သင်္ကန်းရုံနေသော တိပိဋကရေဆရာဘော်၏ တွဲပေါ်သို့ အသင်္ကာခြောက်ဆယ်ကျော်လောက်ရှိသည့် ဥပါသိကာမကြီး တစ်ယောက်တက်၍ ရှိခိုး ဝတ်ချလိုက်လျှင် တိပိဋကရေ ဆရာတော်က "ဒကာမကြီး ရမည်းသင်းကရွှေလမင်း ဒေါ်တင် မဟုတ်လား"ဟု စတင်မေးလိုက်ပါသည်။

ဒကာမကြီးက ''မှန်လှပါဘုရား'' ဟု လျှောက်ထားလျှင် ''ဒကာမကြီး စိတ်ချချနေ ဒကာမကြီး ပင့်စာရပါတယ်'' ဟု အမိန့်ရှိလေသည်။ထိုအချိန်မှစ၍ တိပိဋကဓရ ဆရာတော်ဘုရားနှင့် ရမည်းသင်းရွှေလမင်း ဒေါ်တင်တို့ ဆက်သွယ်မိကြပါသည်။

သား-အမိ စိတ်

ဒကာမကြီး ကလည်း သား အရင်းကဲ့သို့ သဘောထားသည်။ ဆရာတော်ကလည်း မိခင် အရင်းကဲ့သို့ သဘောထားသည်။ ဒကာမကြီးမှာ မန္တလေးသူ ဖြစ်သော်လည်း ငှက်လှေစီးရမှာ ကြောက်၍ မင်းကွန်းဘက်သို့ မရောက်ဖူးခေ။ ယခုမူ ငှက်လှေမကြောက် မင်းကွန်းသို့အခေါက် ခေါက် ရောက်သည်မှာ မိခင်စိတ်ကြောင့် ဖြစ်ပါသည်။ ဆရာတော်ကလည်း သားအရင်းကဲ့သို့ စိတ်ရောက်လျက် ရှိပါသည်။ ဆရာကြီး ဒေါ်ဓမ္မစာရီ ရှိစဉ်က ''အရှင်ဘုရား ရမည်းသင်း ရွှေလမင်း ဒေါ်တင်ကို ဘဝဟောင်းက မိခင်ဖြစ်ဖူးတယ်လို့ ဘယ်လို အထောက်အထားဖြင့် သိပါသလဲ'' ဟု လျှောက်ထားဖူးသည်။ ရမည်းသင်းမြို့မှာမဟုတ်ဘဲ၊ပျဉ်းမနားမြို့မှာမြင်လျှင်မြင်ချင်း ''ရွှေလမင်းဒေါ်တင်ပဲလို့ သိပြီးဖြစ်သည့်ပြင် မိခင်တစ်ယောက်အနေ စိတ်ရောက်နေတယ်'' ဟု ဆရာတော်က ပြုံနဲပြောကြားဖူးပါသည်။

ဆွမ်းကျွေးပွဲ

၁၃၂၃ခုနှစ်တွင် မိုးမိတ် ဘုရားပွဲတော်ကို စတင် ကျင်းပပါသည်။ ပွဲတော် ကျင်းပရာ မိုးမိတ်ကုန်းမြေမှာ တည်းခိုစရာ နေရာဆောင်ခင်း မရှိသေး၍ ဘုရားပွဲလာ ရပ်ဝေးဧည့်သည်များ ဓမ္မနာဒတိုက်မှာ လာရောက် အိပ်ကြရပါသည်။ အနယ်နယ်မှ ဆန်လှူ သင်းထောက်များလည်း မလွန်ဆန်လှူပွဲအပြီး မိုးမိတ် ဘုရားပွဲတော်ဖက် ဆက်လက် လာရောက်ကြပါသည်။ လူဧည့်သည်၊ ရဟန်း အာဂန္တုများ၏ စားမေးသောက်ရေးကို ဓမ္မနာဒ ကျောင်းတိုက်က တာဝန်ယူရမည်ဖြစ်ပါသည်။ ကျောင်းတိုက်ရှိ သံဃာတော်များမှာ ချက်ရေးပြုတ်ရေး မကျွမ်းကျင်ရုံမျှမက လူတို့ကို ဧည့်ခံရမည်မှာ မသင့်တော်သလို ဖြစ်နေပါသည်။ ရပ်သူ ရွာသားများကို ခိုင်းဖို့မှာလည်း စုစည်းမှု အသင့်မရှိ၍ အဆင်ပြေမည် မဟုတ်ပါ။

ထိုအခါ ဆရာတော်က ရမည်းသင်း ရွှေလမင်း ဒကာမကြီးအား အမိန့်ရှိပါသည်။ ''ဒကာမကြီး တပည့်တပန်းများကို ခေါ်ခဲ့၍ ဘုရားပွဲတော်အတွင်းမှာ ဝေယျာဝစ္စ ကုသိုလ်ပြုပါ။ ကျောင်းက ဆန်ဆီစသော ချက်ပြုတ်စရာများ ထုတ်ပေးပါမည်။ ဧည့်ခံ တာဝန်ယူပါ'' ။

ဒကာမကြီးမှာ မဆွတ်ခင်က ညှတ်နေသူဖြစ်၍ ''မှန်လှပါဘုရား'' ဟု ဝမ်းမြောက် ဝမ်းသာ တာဝန်ယူပါသည်။

ဘုရားပွဲအချိန် ရောက်လျှင် ဆန် ဆီ စသည် အပြည့်အစုံ သယ်ယူကာ ဝေယျာဝစ္စ ကုသိုလ်မှ မက ဒါန ကုသိုလ်ကိုပါ ယူပါသည်။ ရွှေလမင်းအဖွဲ့၏ ဧည့်ဝတ် ကျေပွန်မှုကို ဘုရားပွဲလာ အနယ်နယ်မှ ပရိသတ်များက ချီးကျူးကြပါသည်။ အစိမ်း အကျက်၊ ဂုဏ်ရှိ ဂုဏ်မဲ့မရွေး တပြေးတည်းကျွေးမွေးသည်။ညဉ့်နက်သန်းခေါင် အချိန်မရွေး ဖော်ရွေစွာ ဧည့်ခံသည်။ မောရမှန်း ပန်းရမှန်းမသိ။ပျော်ရွှင်စွာ သွက်လက် လှုပ်ရှားအလုပ်များနေပုံကို မြင်ရသူတိုင်း ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်ကြသည်။ မိုးမိတ်ဘုရားပွဲ

၁၃၂၃ခုနှစ်တွင် မိုးမိတ် ဘုရားပွဲတော်ကို စတင် ကျင်းပပါသည်။ ပွဲတော် ကျင်းပရာ မိုးမိတ်ကုန်းမြေမှာ တည်းခိုစရာ နေရာဆောင်ခင်း မရှိသေး၍ ဘုရားပွဲလာ ရပ်ဝေးဧည့်သည်များ ဓမ္မနာဒတိုက်မှာ လာရောက် အိပ်ကြရပါသည်။

တိဝိဋ္ဌကရ
ဆရာတော်ဘုရားကြီး၏
ကံကြောင့် ရံလာရသည်ဟု
ဆိုသော်....

ကုသိုလ်အမွေခံ

ရွှေလမင်း မိခင်ကြီး အသက် (၉၀) အရွယ်လောက်မှ စ၍ သမီး ဒေါ်အမ နှစ်စဉ်လိုက်ပါကြည့်ရှု စောင့်ရှောက်ပေးပါသည်။ မိခင်ကြီးမရှိသည့် နောက်ပိုင်းတွင် ကုသိုလ်အမွေကို ဆက်ခံယူရန် ဖြစ်ပါသည်။ ၁၃၄၃ ခုနှစ်တွင် မိခင်ကြီး ကွယ်လွန်သွားရာ ဒေါ်အမက မိခင်ကြီး၏ ခြေရာလက်ရာမပျက် ကုသိုလ်အမွေကို ဆက်လက်ခံယူပါသည်။ ဓမ္မနာဒ ဆရာတော်ကြီးနှင့် နာယက ဆရာတော်များ၊ သံဃာတော်များက မိမိတို့ကိုယ်စား ယခုလို လာရောက်ည့်ခံပေးသည်ကို ကျေးဇူးတင် မဆုံး ဖြစ်နေကြသည်။ နှုတ်ကပင် ထုတ်ဟပြောဆိုကြပါသံည်။

ဆွမ်းရေစက်ချပွဲ

၁၃၄၂ ခုနှစ် တော်သလင်းလပြည့်နေ့၌ကား မိုးမိတ်စေတီတော်ကြီးများ ဘုရားပွဲကြီး(၂၅)နှစ် မြောက် ငွေရတုခေတ် ရောက်ခဲ့သလို ရွှေလမင်း

တော် မတိုင်မီကပင် ဆန် ဆီ ပုဇွန်ခြောက် စသည် စုဆောင်း၍ နှစ်စဉ်မပျက် လာရောက် လှူဒါန်းည့်ခံပါသည်။ နောက်ဆုံး ကွယ်လွန် သည့် အသက်(၉၃)နှစ် အရွယ်အထိ သွားရေး လာရေး၊ နေရေး ထိုင်ရေး ဆင်းရဲမှုကို အရေး မစိုက်ဘဲ နှစ်စဉ်မပျက် လာရောက်နိုင်သည်မှာ သာမည စေတနာ မဟုတ်ပါ။ တိဝိဋ္ဌကရ ဆရာတော် ဘုရားကြီး၏ ကံကြောင့် ရံလာရသည်ဟု ဆိုသော် သင့်တန်ရာပါသည်။

ဆွမ်းကျွေးပွဲလည်း(၂၅)နှစ်ပြည့်မြောက် ငွေရတု ခေတ်တိုင် ရောက်ခဲ့ပါသည်။ နေ့ခင်းဘက် ဘုရားပွဲတော်မှအပြန် ညဦးတွင် တိပိဋ္ဌက ဆရာတော်ဘုရားက ဘောဇနသုတ္တန် တရားတော်ကို မကျဉ်းမကျယ် ရှင်းလင်း ပြတ်သားစွာ ဟောကြားပြီး 'မိမိတို့၏ (၅)ရက်တာ ဝေယျာဝစ္စဆွမ်းဒါန အကျိုး ဆုမွန်ကောင်း အောင်အောင်မြင်မြင် တောင်းရအောင် လိုက်ဆိုကြ'ဟု တိုက်တွန်း၍ ရေစက်ချပေးပါသည်။

'လွန်ခဲ့သော (၂၅)နှစ်မှ အစပြု၍ မွေးသမိခင် ကျေးဇူးရှင်သည် တည်ထောင်အပ်သော ဒါနဝတ်ကို ပြုလိုကြသဖြင့် ဤမမွနာဒ ကျောင်းတိုက်သို့ တညီတညွတ် ရောက်လာကြ၍ ဤမိုးမိတ်စေတီတော် ဘုရားပွဲ ငါးရက်တာ အခါဝယ် ဤမမွနာဒသံဃာတော်များအား လည်းကောင်း၊ လာရောက်ကြသော ကလျာဏမိတ် ဧည့်ပရိသတ်အား လည်းကောင်း ငါးရက်တိုင်တိုင် မြိန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ်အလှူ ကြည်ဖြူရွှင်လန်း ဝမ်းပန်းတသာ လှူဒါန်းကြပါကုန်၏။' ဟူသော ဆရာတော် ချပေးသည့် ရေစက်ချတရားက ဤဆွမ်းကျွေးပွဲ အနေအထားကို ထင်ရှားပေါ်လွင်စေပါသည်။

ဆရာတော်က ကုသိုလ်ပြုကြောင်း စကားများနှင့် ဆုတောင်း အမျှဝေကိုပါ လိုက်ဆိုစေပါသည်။

၁-အာယုဒါန၊မြတ်ပုညကြောင့်၊ဒေဝမနုဿာ၊ ဘုံနှစ်ရွာဝယ်၊ နှစ်ဖြာဇီဝ၊ကောင်းကျိုးရ၍၊ဘဝသံသရာ၊ လျင်မကြာပဲ၊ ခေမာအထွတ် တိုင်လို သောဝ်။

၂-ဝဏ္ဏဒါန၊မြတ်ပုညကြောင့်၊ဒေဝမနုဿာ၊ ဘုံနှစ်ရွာဝယ်၊ နှစ်ဖြာဝဏ္ဏ၊ ကောင်းကျိုးရ၍၊ ဘဝသံသရာ၊ လျင်မကြာပဲ၊ ခေမာအထွတ်တိုင် လိုသောဝ်။

၃-သုခဒါန်၊မြတ်ပုညကြောင့်၊ဒေဝမနုဿာ၊ ဘုံနှစ်ရွာဝယ်၊ ချမ်းသာနှစ်ဝ၊ ကောင်းကျိုးရ၍၊ ဘဝသံသရာ၊ လျင်မကြာပဲ၊ ခေမာအထွတ် တိုင် လိုသောဝ်။

၄-ဗလဒါန၊မြတ်ပုညကြောင့်၊ဒေဝမနုဿာ၊ ဘုံနှစ်ရွာဝယ်၊ နှစ်ဖြာဗလ၊ ကောင်းကျိုးရ၍ ဘဝသံသရာ၊ လျင်မကြာပဲ၊ ခေမာအထွတ်တိုင် လိုသောဝ်။

၅-ပညာဒါန၊ မြတ်ပုညကြောင့်၊ ဒေဝမနုဿာ၊ဘုံနှစ်ရွာဝယ်၊ပညာနှစ်ဝ၊ကောင်းကျိုးရ၍၊ဘဝသံသရာ၊ လျင်မကြာပဲ၊ ခေမာ အထွတ်တိုင်လိုသောဝ်။

အမျှဝေ

ဤ ကုသလ ဖို့ဘာဂကို မိ-ဖ- ဘိုးဘွား အမှူးထား၍ သုံးပါးဘုံသူ ဟိန္ဒဂူအား ရည်တူရရန် ပတ္တိဒါန်ဖြင့်မှုမကျန်စေရ ပေးဝေ၄၏။မိ-ဖ-ဘိုးဘွား အမှူးထား၍ များပြားလှစွာ သတ္တဝါတို့သည် အကျွန်ုပ်တို့နှင့် အညီအမျှ ဤကောင်းမှုအစုရ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ကြသည်ဖြစ်ပါစေ ကုန် သ တည်း။ (အမျှ- အမျှ-အမျှ ယူတော်မူကြပါကုန်လော့။ သာဓု-သာဓု-သာဓု)

ရွှေလမင်း သာသနာ့ မိခင်ကြီးကား မိမိစတင်တည်ထောင်ခဲ့သော ဒါနဝတ်ကို မပျက်စေဘဲ ဆက်လက် အားထုတ်ကြသော သမီးလိမ္မာတို့၏ ငွေရတုခေတ် အမျှဝေသံကို အထက်နတ်ဘုံမှ ဝမ်းပန်းတသာ သာဓုအနုမောဒနာပြုရင်း ရွှေရုတု၊ စိန်ရတု၊ ရာပြည့် စသည့်ခေတ် အဆက်ဆက်-အ မျှ ဝေ သံ များကိုလည်း စောင့်မျှော်ကြိုဆိုနေမည်သာတည်း။ ။

မေမြို့ ရတနာမာရ်အောင်ထေရ်



ဦးဝိုဝိုဝို

မင်းကွန်း
တိုပင့်ကရဆရာတော် ဘုရားကြီး
တည်ထောင်တော်မူသော
သာသနာတော်ကြီး၏
ဘဏ္ဍာရေးအခြေအနေ

ကောင်းစံ



အရှေ့ပြုဗွာကျွန်းမှ ထွန်းလင်း ပေါ်ထွက်လာသော ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ရှင်နေမင်း၏ အရုဏ်ဦး ရောင်ခြည်နှင့် အတူ ညံ့သက်နူထွေးသော လေပြေအေးကလေးက ဖြည်းညင်းစွာ တိုက်ခတ်နေပါသည်။ ရောဝတီမြစ်ရေအလျဉ်ကို ဖြတ်သန်းပြီး မင်းကွန်းစခန်းသို့ ခုတ်မောင်းနေသော စိန်ရတုသဘင် မော်တော်၏ ဦးခန်းတွင် ကျွန်တော်သည် မိုးမိတ် ဂေပြက အဖွဲ့နှင့်အတူ လိုက်ပါလာပါသည်။

ဟိုအဝေးဆီတွင် လိမ္မော်ရောင် နေခြည်နူ၏ ယှက်ဖြာနေသော ရောင်ခြည်အောက်တွင် စိမ်းညို့ညို့ မင်းဝံတောင်တန်းသည် ထီးထီးမားမား တည်ရှိနေသည်။ ထုံးဖြူဖွေးဖွေးနှင့် ဘုရားစေတီများမှာ တောင်တန်း ကုန်းမြင့်များပေါ်တွင် အသီးသီး တင့်တယ် သပ္ပါယ်စွာ တည်ရှိပြီး၊ မြစ်မင်းရောနှင့် ပဏာရလှပေသည်။ မင်းဝံတောင်တန်းကို ဖြတ်သန်းလာသော လေပြေလေညင်းသည် ပို၍ အေးမြနေ၏။

ကျွန်တော်၏ အမြင်တွင် အရာအားလုံးသည် ငြိမ်းအေး ချမ်းမြေ့စွာ သာယာလှပနေပါသည်။ ရင်တွင်းမှ ဖြစ်ပေါ်လာသော သဒ္ဓါစိတ်နှင့် ဘုရားရိပ်တို့ ပေါင်းဆုံလိုက်သောအခါ ကြည်လင်အေးမြခြင်း ပီတိကို အားပါးတရ ခံစားလိုက်ရပါသည်။ အမှန်မှာ ပုထုဇဉ်တို့၏ လောဘ၊ ဒေါသ၊ မောဟ၊ မာန စိတ်များကို ကြည်ညိုသဒ္ဓါစိတ်က တွန်းလှန် အနိုင်ရလိုက်သောကြောင့် ဖြစ်ပေါ်လာသော ခံစားချက်ဟူက မှားမည် မဟုတ်ချေ။

မကြာမြင့်မီတွင် မြသား ရည်မှောင်နေသော မင်းဝံတောင်တံတိုင်းကို နောက်မှီခိုင်းလျက် မှိုင်းညို့စွာတည်ရှိနေသော မင်းကွန်း တောင်တန်း၏ ကုန်းမြင့် မိုမိုတွင် နှစ်လိုဖွယ်သော မိုးမိတ်စေတီတော်ကြီးကို ကြည့်နူးစွာ ဖူးမြော်လိုက်ရပါသည်။ ယင်း မိုးမိတ်စေတီတော်ကြီးသည် မန္တလေးမြို့၏ အနောက်မြောက် ယွန်းယွန်း စစ်ကိုင်းမြို့၏ မြောက်ဘက် မင်းဝံတောင်တန်းကို နောက်ခံပြုကာ ရောဝတီမြစ် ကမ်းနဖူးရှိ မင်းကွန်းနယ်

မြေ တောင်ပိုင်း၊ ထန်းမြင့်ရွာနီးတွင် တည်ထား သော မိုးမိတ်မင်းသားကြီး၏ ကောင်းမှုတော် အမှန် သာသနာ့ ဘူမိနက်သန် အစစ် ဖြစ်ပေ သည်။

မိုးမိတ်ကုန်း၏ အရှေ့ဘက် ရောဝတီမြစ် လယ်တွင် နန်းတော် ကျွန်းရွာရှိပြီး သင်ပင်များ ဖြင့် ညို့မှိုင်း အုံ့ဆိုင်းလျက် ရှိပေသည်။နန်းတော် ကျွန်း၏ မလှမ်းမကမ်းတွင် သမင်ခြံရွာကို မြင်ရ သည်။ သမင်ခြံရွာသည် အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော်ဘုရားကြီး၏ ဖွားရာဇာတိ ဖြစ်ပေသည်။ ထို့ပြင် သာသနာ့ဘူမိနက်သန် နေရာဖြစ်သော ဤမင်းကွန်း ဒေသသည်ကား သာသနာတွင် ထင်ရှား ကျော်ကြား၍ ရဟန္တာဟု သမုတ်ခြင်း ခံရသော ကင်းတောရဆရာတော်၊ သီးလုံးဆရာတော်၊ မင်းကွန်း ဇေတဝန် ဆရာ တော်၊ ရေထွက်ဆရာတော် စသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးများ သီတင်းသုံး၍ ပဋိပတ္တိ သာသနာတော်ကြီးကို တင့်တယ်ထွန်းလင်းစေခဲ့ပုံ ကို စိတ်အစဉ်တွင် ပြန်လည် မြင်ယောင်လျက် ရှိစဉ် ပရိယတ္တိ သာသနာတော်အတွက် နိမိတ် ကောင်းနှင့် သတင်းကောင်းကို စိန်ရတုသဘင် မော်တော်ပေါ်တွင် လိုက်ပါလာသော မိုးမိတ် ကုန်း ဂေါပကအဖွဲ့ထံမှ ကြားသိလိုက်ရပါသည်။ ယင်းမှာ တိပိဋကဓရ ဆရာတော်ဘုရားကိုယ်တိုင် ဦးဆောင် ပဓာန၊ တာဝန်ခံ ဆရာတော်အဖြစ် ဆောင်ရွက်ပြီး တိပိဋက နိကာယ ကျောင်းတိုက် ကြီးကို ဖွင့်လှစ်မည့် သတင်းပင် ဖြစ်ပါသည်။ ထိုကျောင်းတိုက် ဖြစ်မြောက်ရေးတွင် ကျွန်တော့် အား ပါဝင်ကူညီရန်လည်း ကမ်းလှမ်း ဖိတ်ခေါ် ကြပါသည်။

ထိုသတင်းကို ကြားကြားချင်း လောကကြီး၌ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာသုံးပါး ဖြစ်ထွန်းပေါ် ပေါက်နေပြီ ဖြစ်ကြောင်း ကြားသိရသဖြင့် ဖြစ်

သာသနာ့ ဘူမိနက်သန်မှန်လှသော သစ္စောသဂျိကုန်းမြေ



၂၉၀ ဒဋ္ဌ မင်းကွန်း တိုင်းနိ သာသနာပြုအဖွဲ့

ပေါ်လာခဲ့သော ပုက္ကုသာတိ မင်းကြီး၏ ပိတိမျိုးသည် ကျွန်တော့်နှလုံးသားကို လှုပ်ခတ်ကာ ကြည်နူး ချမ်းမြေ့စေခဲ့ပါသည်။ ထို့ကြောင့် မိုးမိတ်ဂေါပကအဖွဲ့၏ ကမ်းလှမ်း ဖိတ်ခေါ်ချက်အရ ယင်းသာသနာ့ပြု လုပ်ငန်းတွင် ကိုယ်စိတ်နှလုံး သုံးပါးလုံး မြှုပ်နှံဆောင်ရွက်ရန် သံဓိဋ္ဌာန်ချမှတ်ခဲ့ပါသည်။

တိပိဋ္ဌကဓရ ကျောင်းသို့ ပထမဆုံး ရောက်သွားသောအခါ မိုးမိတ်စေတီတော်ကြီးနှင့် တိပိဋ္ဌက=နိကာယအဖွဲ့ကြီး၏ ဥက္ကဋ္ဌကြီး ဦးသာလှမိသားစုတို့ဆောက်လုပ်လှူဒါန်းယော သာလာယံဇရပ် တစ်ဆောင်သာလျှင် ရှိသေးသည်။ သို့ပင်ဖြစ်သော်လည်း သာသနာ ထွန်းကားမည့် ဘူမိနက်သန် မြေစစ်မှန်၍လောမသိ၊ထူးခြားမှု တစ်ခုခု ရှိနေဦးမည်ဟူ၍ စိတ်မှာ ခံစားမိပါသည်။

ထိုအချိန်မှာပင် တိပိဋ္ဌက ဆရာတော်ကြီး ကွယ်လာသည်ကို ဖူးတွေ့ရပါသည်။ ဆရာတော် ဘုရားကြီးကို ယခု အကြိမ်မှသာမဟုတ်၊ လွန်ခဲ့သော နှစ်အဝိတ်ခန့်ကလည်း ဖူးမြော်ခဲ့ရပါသည်။ ထိုစဉ်က ဆရာဘော် ဘုရားကြီးသည် တိပိဋ္ဌကဓရဘွဲ့ကို ပထမဆုံး ရယူပြီး ပြန်လာစဉ်က မိုးမိတ်ဂေါပကအဖွဲ့ ဥက္ကဋ္ဌဖြစ်သော ဦးလေးမိုး၏ မေတ္တာ ရပ်ခံချက်အရ ကျွန်တော်၏ကားနှင့် ဆရာတော်အား ပင့်ဆောင် ပူဇော်ခွင့် ရခဲ့ပါသည်။ ယခုအကြိမ်တွင်လည်း ဆရာတော်ကြီးနှင့် ဆုံတွေ့ပြီး ရင်းရင်းနှီးနှီး လျှောက်ထား ဆွေးနွေးခွင့် ရပြန်ပါပြီ။ ဆရာတော်သည် ကျွန်တော်နှင့် အာလာပ သလ္လာပ စကားပြောဆို မိန့်ကြားပြီးနောက် ကျွန်တော်၏အဘိုးမှာ မန္တလေးအနောက်ထီးလင်းကိုက် ဝါဆိုကျောင်းကြီး၏ ဒါယကာဖြစ်၍ ယောကျ်ားမ ဘက်မှလည်း မန္တလေးမြို့အဘယာရာမတိုက် ဒါယကာများ ဖြစ်ကြကြောင်း သိရှိရသောအခါ "အိမ်း မင်းကလည်း သာသနာ

ရတနာပုံဦးနိုး
နိုးဗိတ် စေတီတော်ကြီးမျှော်
မြဝတီစောင့်ရှောက်ရေးအဖွဲ့
ဥက္ကဋ္ဌ(၁၃၆-၄၀)

မျိုးပေပဲ၊ ဒကာလေးတို့ ပါဝင်ဆောင်ရွက်နိုင်လျှင် ဒီသာသနာရဲ့ တစ်စိတ်တစ်ဒေသ အထောက်အပံ့ဖြစ်မှာပဲ" ဟု နိမိတ်ဖတ်ပြောကြားပါသည်။

ထို့နောက် မိုးမိတ်ဂေါပကအဖွဲ့ အစည်းအဝေးတွင် သံဃာတော်များ ကောင်းစွာနေထိုင်သီတင်းသုံးနိုင်ရန် ပထမဦးစွာ တစ်သုံးလျှင် ၂၅၀၀၀ကျပ် တန်ဖိုးရှိပြီး သံဃာ(၂)ပါးကျသီတင်းသုံး နေထိုင်သော တိုက်ထပ်တိုက်ကလေးများကို အလှူခံလေ၁ အစည်းအဝေး တစ်ထိုင်တည်းနှင့်ပင် တိုက်အလုံး(၂၀)အတွက် အလှူရှင်ပြည့်သွားပါသည်။ထို့ပြင် သံဃာတော် လေးပါးစီ သီတင်းသုံး နေနိုင်သော နှစ်ထပ်တိုက်ကြီးများကို တစ်တိုက်လျှင် ငွေ၅၀၀၀၀ကျပ်နှင့် အလှူခံရာ အတော်များများ ရရှိသွားပါသဖြင့် ဝမ်းသာ ကြည်နူးစွာနှင့် သာဓုအနုမောဒနာ ခေါ်မိပါသည်။



ဗိုလ်မှူးမင်းတေဇတည်ထားသော စေတီတော်မြတ်

နောက်တကြိမ် မင်းကွန်းသို့ ကျွန်တော် စာရင်းစစ်ရန် တာဝန်နှင့် သွားရောက်သော အခါ သီကြားမင်း၏ စေခိုင်းချက်အရ ဝိသကြံ နတ်မင်း ဖန်ဆင်း ဆောင်ရွက်ထားသလောဟု ထင်မှတ်ရအောင် သံဃာတော်များ သီတင်းသုံး ရန် ကျောင်းတိုက်များ များများမတ်မတ်ပေါ် ထွက်နေသည်ကို တွေ့ရပါသည်။ထို့ပြင် နောက် အခေါက်များ၌နာရီစင်ကြီး၊ဗဟိုစင်ကြီး၊သောက် ရေကန်ကြီး၊ ခေျာက်စာရုံကြီးများ၊ ကျိုက်မရော ဘုရား၊ ပဋ္ဌကတ်စေတီတော်တို့မှာ တည်ဆောက် ပြီး ဖြစ်နေသဖြင့် ယခင်ရှိရင်းစွဲဖြစ်သော မိုးမိတ် မင်းသားကြီး၏ကုသိုလ်တော် မိုးမိတ်စေတီတော် ကြီး၊ တို့ပြင် မိဖုရား၏ ခြေတော်ရာစေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်၊ မိုးမိတ်မင်းသားကြီး၏ ဗိုလ်မှူးများဖြစ်သော မင်းဗလနှင့် မင်းတေဇတို့၏



နာရီစင်ကြီး

စေတီတော် အသီးသီးတို့နှင့် တပေါင်းတစည်း ပဃာရလျက်ရှိနေပါသည်။

ဤသို့ဖြင့် ယခုအခါတွင် သမိုင်းဝင် စေတီတော်များ၊ဗုဒ္ဓရှင်တော်၏ ဓမ္မစေတီဒတော်ပိဋကတ်များ၊စာကျက်,စာအံ,စာကြံ,စာကြည့်ကြမည့် တိပိဋကနှင့်နိကာယ်ဆောင် ရဟန်း သံဃာတော် အရှင်သူမြတ်များအတွက် ပိဋက စာပေများကို သင်ကြား ပို့ချပေးနိုင်မည့် တိပိဋက နိကာယ ကျောင်းတိုက်ကြီး သည် ထီးထီး မားမား ပေါ်ထွက်လာပြီ ဖြစ်သည်။ ထိုသို့သော ရှုခင်းများကို ကြည့်နေရင်း သုဘ၊ ဝိနည်း၊ အဘိဓမ္မာတည်း ဟူသော ပိဋကသုံးပုံအာဂုံဆောင်နိုင်မည့် တိပိဋက အလောင်းအလျာများလည်း တိုးတက်ထွန်းကား လာတော့မည်။ဗုဒ္ဓမြတ်စွာ၏ အနာဂတ်သာသနာတော်ကြီးလည်း အရှည်တည်တံ့ခိုင်မြဲစည်ပင်စေတော့မည် ဟူသော ပီတိဖုံးသော အတွေးများက ကျွန်ုပ်ဘဝ်အား ဝမ်းသာကြည်နူး စေပါသည်။

ကျွန်တော်သည် မိုးမိတ်ကုန်း ဂေါပကအဖွဲ့၏ တာဝန်ခံပေးချက်အရ၊ တိပိဋကနိကာယ ကျောင်းတိုက်ကြီး၏ စာရင်းစစ်အဖြစ် ၁၃၄၀-ခုနှစ်မှစ၍ တာဝန်ယူခဲ့ရပါသည်။ ထိုသို့ တာဝန်ယူခဲ့ရသည့် အတိုင်း အဆက်မပြတ် အခါအားလျော်စွာ ကျွန်တော်၏စာရင်းစစ်အဖွဲ့နှင့်အတူ စစ်ဆေးခဲ့ရပါသည်။ကျွန်တော်စစ်ဆေးရသောစာရင်း ဇယားများအရ၊ ဥပါသကာ၊ ဥပါသကီများ သိသင့်သိထိုက်သော အချက်အလက်များကို အောက်တွင် ဖော်ပြအပ်ပါသည်။

၁။ ။အဆောက်အအုံ ၁၀၀ကျော် အတွက် တန်ဖိုးငွေ သိန်း ၁၀၀ကျော် ကုန်ကျခဲ့ပြီး၊ ထိုသို့ ကုန်ကျရာ၌ ကုန်ကျစရိတ်ကို အတတ်နိုင်ဆုံး ခြိုးခြံ၍၊ ကုန်သင့်သမျှသာ ကုန်ကျစေရန် ကြိုးပမ်းခဲ့ကြကြောင်း သိရပါသည်။

၂။ ။ယင်း အဆောက်အအုံများကို ထိန်းသိမ်းရန်၊ သံဃာ့ ဆွမ်းကွမ်း ဝေယျာဝစ္စနှင့် ရေမီးတာဝန်တို့ကိုအစစ အရာရာ၊ တိပိဋက=နိကာယ သာသနာပြုပင်မအဖွဲ့ကြီးမှ တာဝန်ယူဆောင်ရွက်ရပေသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အဖွဲ့ဝင် (၉)ဦးတို့ ပါဝင်ဖွဲ့စည်းထားသည်။

၃။ ။ထို အဖွဲ့ဝင် ၉ဦးကို ပံ့ပိုးရန် အဖွဲ့ခွဲ ၃ဖွဲ့ ဖွဲ့ထားပြီး (က)စစ်ကိုင်း၊ (ခ) မန္တလေးနှင့် (ဂ) ရန်ကုန် အဖွဲ့ခွဲများဟု ထား၍ ယင်းအဖွဲ့များတွင် အမှုဆောင် ၉ဦးစီပါရှိပေသည်။ ယင်းတို့ထဲမှတစ်ဖွဲ့လျှင် သုံးဦးစီ ထပ်မံရွေးချယ်၍ ထို ၉-ဦးကို ပင်မအဖွဲ့အဖြစ် ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။

၄။ ။ထိုကုန်ကျစရိတ်များကို စီမံ ခန့်ခွဲနိုင်ရန် ပင်မရန်ပုံငွေကို မန္တလေး အဖွဲ့ခွဲမှ တာဝန်ယူ ထိန်းသိမ်းသည်။

ပင်မရန်ပုံငွေနှင့်ပတ်သက်သော အချက်အချို့ကို အောက်တွင် ဖော်ပြထားပါသည်။

မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေ၊ တိပိဋကာ=နိကာယ သာသနာပြုအဖွဲ့၊ ၁၉၇၆ခုနှစ် မတ်လ

(၃၁)ရက်နေ့ထိ ပေးရန်တာဝန်များ

	ကျပ်ပြား
အထွေထွေရန်ပုံငွေ	၀၄၃၆၅၀-၄၅
ငွေပဒေသာပင်ရန်ပုံငွေ	၂၃၂၁၉၂၉-၁၀
ဆွမ်းပဒေသာပင်ရန်ပုံငွေ	၃၃၀၅၂၀-၀၀
ဆုန္ဒင်းပဒေသာပင်ရန်ပုံငွေ	၁၀၀၅၁၀-၀၀
ရေမီးစိမ်ကိန်းပဒေသာပင် ရန်ပုံငွေ	၂၃၁၀၆-၀၀
အခြားရန်ပုံငွေ	၁၁၀၈၁၀-၂၅

	၃၀၃၈၅၄-၅၀

ရရန်ပိုင်ခွင့်များ

	ကျပ်ပြား
ပုံသေပိုင်ပစ္စည်း	၄၃၆၆၁၂-၁၁
ရရန်ရှိအတိုး	၅၂၈၅၉-၂၆
ငွေစုဘဏ် (အထွေထွေ) - ၃၃၈	၃၀၃၈၃၁-၀၁
" (ပဒေသာပင်) - ၅၅၃	၄၁၅၆၉၃-၉၀
ငွေစုလက်မှတ်များ	၂၀၀၀၀၀၀-၀၀
ငွေသားလက်ကျန်	၁၃၈၅၉-၁၄

	၃၂၂၆၈၅၅-၄၂

ဆရာတော်ကြီး၏ဆောင်ပုဒ်မှာ 'မလှူဖူးသော ဒါနကိုလှူလျှင် မရဖူးသော ကုသိုလ်ကို ရရှိမည်' ဟူသော ဆောင်ပုဒ်အရ သာသနာတော်တွင် ကြုံကြိုက်ခဲလှသော ဤသို့သော တိပိဋကာ= နိကာယ ကျောင်းတိုက်ကြီးသို့ ပါဝင်လှူဒါန်းရန် ဓမ္မမိတ်ဆွေများအား တိုက်တွန်းနှိုးဆော်အပ်ပါ၄၀က သည်။

တစ်နေ့တာအတွက် ဒါနပြုလိုလျှင် အောက်ပါနှုန်းထားအတိုင်း လှူဒါန်းနိုင်ပါသည်။

ဆွမ်း .... တစ်နေ့စာ (၁၀၀၀)
မီး .... တစ်နေ့စာ (၃၀၀)
ရေ .... တစ်နေ့စာ (၃၃၀)

အထွေထွေဝယ်ယူစရိတ်.... တို့ဖြစ်ပါသည်။



အရိယမဂ္ဂင် ဆရာတော်ဘုရား၏ကျောင်းသို့ မိုးလိုင်းတစ်ဆင်ထားပုံ

ဆရာတော်၏ အခြေးသာသနာပြု လုပ်ငန်းများမှာ ရှိရင်းစွဲကျန်တိပိဋကနိကာယသာသနာပြု ကျောင်းတိုက်ကြီး အဖြစ် ဆရာတော် သီတင်းသုံး နေထိုင်သော ဓမ္မနာဒချောင်တွင် သံဃာ ၂၀၀နီးပါးကိုလည်း ပရိယတ်သာသနာအတွက် ပြုစုထားပါသည်။ ထို့ပြင် အခြေးလုပ်ငန်းများမှာ....

၁။ မင်းကွန်းတိုက်နယ်ဆေးရုံ၊
၂။ မင်းကွန်း အထက်တန်းကျောင်း၊
၃၊ မိုးမိတ်ကုန်းမြေ တည်ရှိသော ထန်းမြင့်ရွာဦး မူလတန်းကျောင်း၊
၄။ မင်းကွန်းတောင်တန်းသို့ ရေမီးလှုဒါန်းခြင်း။

ဤမျှနှင့် မတင်းတိမ်နိုင်သေးပဲ နိုင်ငံတော်သံဃမဟာနာ ယကအဖွဲ့မှ တာဝန်ပေးချက်အရ မန္တလေး ပရိယတ္တိ တက္ကသိုလ်ကြီးကို စတင် တည်ထောင် ဖန်ဆင်းတော်မူပါသည်။ ယင်းတက္ကသိုလ်ကြီးအတွက် ကုန်ကျမည့်ငွေမှာ သိန်း၈၀၀ခန့်ကုန်ကျမည်ဟု ခန့်မှန်းရပြီး အဆောက် အအုံ ကြီး ၆၆ လုံးခန့် ပါဝင်မည်ဖြစ်၍ အလှူငွေမှာလည်း အတော်များများ ရရှိမနဲပြီဖြစ်ပါသည်။

ထို့ပြင် တစ်နိုင်ငံလုံးရှိ ရဟန်း သံဃာများ ဆေးဝါး ကုသနိုင်ရန်၊ မန္တလေးမြို့တွင် ဇီဝိတဒါန သာသနာ့ဆေးရုံကြီးကို ဖန်တီးရာတွင် ပင်မအဆောက်အအုံကြီးကို အလှူရှင်တစ်ဦးတည်းက လှူဒါန်းကြောင်း သိရပါသည်။ ထို့ပြင် အထူးကုဆေးခန်းများ၊ အထူးကု ဆေးရုံကြီး အဆောက်အအုံ၊ နာလန်ထသံဃာများအတွက် နာလန်ထဆောင် တို့အပြင် ဗိန္ဓောဆေးရုံ ပြင်ပလူနာခန်း ၃ဆောင်(ရဟန်းယောကျ်ား၊သီလရှင်နှင့် မိန်းမ) တို့ ပါဝင်ပြီး ဆေးရုံကြီးအတွက် ကုန်ကျငွေ အရပ်ရပ်မှာ သိန်း ၁၅၀၀ကျော်မည်ဟု ခန့်မှန်းရပါသည်။

မိုးမိတ်ကုန်းမြေ၏ မီးလိုင်းတသွယ်...

ဆရာတော်ကြီးသည် ဤမျှနှင့်အားမရသေးပါ။ သာယာနားရေးအတွက် အစဉ်အမြဲဆောင်ရွက်နေလိုသော ဆန္ဒရှိပေသည်။ တဇ်နေ့တွင် ဆရာတော်က အမှုဆောင် အဖွဲ့ဝင်လူကြီးများအား 'ဒကာကြီးတို့ရေ... ဘုန်းကြီးတော့ ရေ ချမ်း အိုး ကြီး တစ်လုံး ရလာပြန်ပြီ' ဟု အမိန့်ရှိပါသည်။ ထို အဓိပ္ပာယ်ကို ဒကာများ အဖြေမသိ ဖြစ်နေစဉ် မှာပင် နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့က ရန်ကုန်မြို့ ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးကို တိပိဋကဆရာတော်ကိုယ်တိုင် ဦးစီး၍ဆောက်လုပ်ရန် မေတ္တာရပ်ခံခဲ့သဖြင့် လက်ခံခဲ့ရကြောင်းနှင့် ကုန်ကျငွေမှာ သိန်း-၅၀၀ခန့် ရှိကြောင်းပြောပြပါသည်။

ယင်းဟက္ကသိုလ်ကြီးတွင် အဆောင်ကြီး ၁၄ ဆောင် ပါဝင်ပြီး တိုင်းနှင့်ပြည်နယ် ၁၄-ခုကို ရည်ညွှန်း၍ တည် ဆောက် ခြင်း ဖြစ် သည်။ ထို ကျောင်းဆောင်များ ဆောက်လုပ်လှူဒါန်းနိုင်ရန် တိုင်းနှင့်ပြည်နယ်တွင် အဖွဲ့များဖွဲ့၍ အလှူငွေများ ကောက်ခံလျက်ရှိပါသည်။

ဆရာတော်ဘုရားကြီး၏ တပည့် သံဃာနှင့် ဒကာ၊ ဒကာမများ၏ ကြိုးပမ်းချက်အရ ရန်ကုန်မြို့နိုင်ငံတော် ပရိယတ္တိတက္ကသိုလ်ကြီးကို ၁၃၄၈ ခုနှစ် ဝါဆိုလတွင်လည်းကောင်း၊ မန္တလေးမြို့နိုင်ငံတော် ပရိယတ္တိတက္ကသိုလ်ကြီးကို ၁၃၄၈ ခုနှစ် ဝါခေါင်လတွင် လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ယခုအခါတွင် တက္ကသိုလ်တဇ်ခုစီ၌ သင်တန်းတက်၍ စာသင်နေကြသော သံဃာ ၆၀ ခန့်စီ သီဘင်းသုံ နေထိုင်လျက် ရှိပါသည်။ ထို တက္ကသိုလ်ကြီးများ ရေရှည် တည်တံ့ခိုင်မြဲနိုင်ရန် အာဘွက်ရန်ပုံငွေများ ဖွင့်၍၊ ဥပဒ္ဒာကအဖွဲ့များက စီမံဆောင်ရွက်လျက် ရှိပါသည်။

ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ဥပဒ္ဒာက ငွေပုဒေသာပင်မှာ ၃၁-၃-

၈၇ နေ့အထိ ၂၉၇၅၂၂၅ကျပ်-၉၅ပြား ရှိပါသည်။ တက္ကသိုလ်ဖွင့်သည့်နေ့မှ ၁၉၈၇ခု မတ်လ ကုန်အထိ ဆင်မ်း ကွမ်း ကပ် လှူ ရာ ရက်ပေါင်း ၃၁၇-ရက်တွင် ရက်ပေါင်း (၁၀၀)ဆွမ်းဒကာ မပေါ်ပေါက်၍ ဥပဋ္ဌာကအဖွဲ့မ ကပ်လှူရာ၌ ကျပ် ၇၇၅၃ - ၃၅ပြား သုံးစွဲပါသည်။ ပိဋ္ဌကတ် စာအုပ်များအနေဖြင့် ၄၉၉၈၁ ကျပ်ဖိုးဝယ်ယူ ပူဇော် လှူဒါန်းခဲ့ပါသည်။ ဆွမ်းကွမ်း၊ သေနာသနပစ္စည်း ၇၇၀၈၄ကျပ်-၄၀ပြားဖိုး မ,တည် လှူဒါန်းထားပါသည်။

မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် ဥပဋ္ဌာကအဖွဲ့တွင်လည်း ငွေပဒေသာ ပင် ၂၃၀၇၅၅-ကျပ်၁၂ ပြား ရှိပြီး၊ ဆွမ်း ကပ်လှူရာတွင် ဆွမ်းအလှူရှင် (၇)ရက် လိုသဖြင့် ၈၄၀၀-ကျပ် သုံးစွဲလှူဒန်းခဲ့ပါသည်။ ပိဋ္ဌကတ် စာအုပ်များ ၁၇၃၅၄-ကျပ်ဖိုး ဝယ်ယူလှူဒါန်း ပြီးလျှင် သေနာသနပစ္စည်း ၂၀၆၀၃-ကျပ် ဖိုး လှူဒါန်းခဲ့ပါသည်။

နှစ်စဉ် တစ်နှစ်လျှင် သုံးကြိမ် သာသနာ့ တက္ကသိုလ်ကြီး နှစ်တိုက်မှ သံဃာတော်များအား သင်္ကန်း ကပ်လှူခဲ့ပါသည်။

ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် ဆောက်လုပ် လှူဒါန်းရေး အဖွဲ့တွင် ၁၉၈၇ခု မတ် (၃၁)ရက်နေ့ ကုန်ဆုံးချိန်အထိ ရရှိခဲ့သော အလှူငွေများမှာ ကျပ် ၂၄၉၅၆၇၉၁ ကျပ်၉၇ပြားဖြစ်ပြီး ဝယ်ယူ သိုလှောင်ထားသော ဆောက်လုပ်ရေး ပစ္စည်းများ အပါအဝင် သုံးစွဲ ငွေပေါင်းမှာ ကျပ် ၂၁၂၈၉၂၁ကျပ် ၅၀ပြား ဖြစ်သည်ကို တွေ့ရှိရပါသည်။

မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် ဆောက်လုပ် လှူဒါန်းရေးအဖွဲ့တွင် ၁၉၈၇ခု မတ်လ(၃၁)ရက်နေ့အထိ ရှိပြီးသော အလှူငွေပေါင်းမှာ ကျပ် ၂၁၃၂၀၄၄၃-ကျပ် ၄၅ပြား ဖြစ်ပြီး ဝယ်ယူသိုလှောင်ထားသော ပစ္စည်းများ အပါအဝင် သုံးစွဲငွေပေါင်းမှာ ကျပ် ၂၁၂၈၉၂၁ကျပ် ၅၀ပြား ဖြစ်သည်ကို တွေ့ရှိရပါသည်။

မန္တလေးမြို့ ဇီဝိတဒါန သာသနာ့ အထူးကု ဆေးရုံကြီး ဆောက်လုပ်လျက်ရှိရာ ပြင်ပ သူနာဌာနဆောင်များနှင့် နာလန်ထဆောင်များ ပြီးစီးပြီ ဖြစ်ပါ၍ ပြီးခဲ့သော တပေါင်းလပြည့် ဥနှကနေ့ချင်းပြန် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးနှင့် အဖွဲ့ဝင် ဆရာတော်များအား လေယာဉ်ဖြင့် ပင့်ဆောင်၍ ရေစက်ချ လှူဒါန်းခဲ့ပါသည်။ဆေးရုံကြီး၏အတွင်း သူနာဆောင်များ ဆောက်လုပ် ပြီးစီးသော အခါမှ နိုင်ငံတော်အစိုးရ ကျန်းမာရေး ဝန်ကြီး ဌာန၏ ချမှတ်သော မူများနှင့်အညီ ဆေးရုံ ကော်မတီတစ်ရပ် ဖွဲ့စည်းပြီး ဆောင်ရွက်ကြရန် စီစဉ်လျက် ရှိပါသည်။

မန္တလေးမြို့ ဇီဝိတဒါန သာသနာ့ အထူးကု ဆေးရုံ ပင်မအဆောက်အအုံကြီးကို အလှူရှင် တစ်ဦးတည်းက လှူဒါန်းခဲ့သော်လည်း အခြား အဆောက်အအုံများနှင့် ရေမီးတို့အတွက် ရရှိ သော အလှူတော်ငွေ စုစုပေါင်းမှာ ငွေကျပ် ၃၉၁၃၆၉၂ကျပ် ၂၆ပြားဖြစ်ပါသည်။ထို့အပြင် ဆေးရုံကြီး ဖွင့်လှစ်သောအခါ၌ လိုအပ်သော စရိတ်များကို ကာမိနိုင်ရန်အတွက်ငွေပဒေသာပင် ကျပ် ၄၇၉၃၆၀ကျပ်-၉၀ပြား ရရှိပြီးသည်ကို တွေ့ရှိရပါသည်။

တိပိဋ္ဌက=နိကာယ ဆရာတော် ဘုရားကြီး မျိုးထောင်တော်မူသော သာသနာတော်မြတ်ကြီး သည် သာသနာတည်သမျှ ကာလပတ်လုံး နေလို လလို ထင်ရှား၍ တိုးတက်ကြီးပွားပါစေရန် ဆန္ဒ ပြုအပ်ပါသည်။

ဦးကိုကို

တိပိဋကရ ဘွဲ့တံဆိပ်တော်ရ
ဗွေရတုပျံဇာဇော်မှတ်တိုင်များ
အထူးကုဆရာဝန်ကြီး ဦးသာလှ

မင်းကွန်း တိပိဋ္ဌက=နိကာယ သာသနပြုအဖွဲ့မှ ဦးစီး၍ (၂၅-၆-၇၀)၊ ၁၃၄၀ပြည့်နှစ် နယုန်လပြည့်ကျော် (၆)ရက်နေ့တွင် ဆရာတော်ဘုရား တိပိဋ္ဌကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရရှိခဲ့သည့် (၂၄)နှစ်ပြည့်၍ (၂၅)နှစ်သို့ရောက်သည့်နှစ် အထိမ်းအမှတ် တိပိဋ္ဌကဓရဘွဲ့တံဆိပ်တော်ရ ငွေရတုပူဇော်ပွဲကို ရန်ကုန်မြို့မဟာစည် သာသနာ့ရိပ်သာ ဖလ်ယဉ် ဓမ္မာရုံကြီးအတွင်း၌ ကျင်းပ ပူဇော်ခဲ့သည့် အကြောင်းကို ပထမ သုံးနှစ်ခရီး စာအုပ်တွင် ရေးသား ဖော်ပြပြီး ဖြစ်ပါသည်။ ထိုပူဇော်ပွဲ၏ မှတ်တိုင် အထိမ်းအမှတ်အဖြစ်....

(၁) တိပိဋ္ဌကဓရ ငွေရတုပူဇော သြဝါဒကထာ၊
(၂) သြကာသနှင့် သီလပေး အာကျယ်၊ ဗုဒ္ဓနေ့များတွင် ဖာသံလွှင့်ဟောပြော ချက်များ၊
(၃) ရာဟုလောဝါဒသုတ္တန်၊ ဝိဇယသုတ္တန်မြန်မာပြန်၊ ခန္ဓာအာယတနဓာတ် သစ္စာကျမ်း၊ ဓာတ်ခြောက်ပါး သိမ်းဆည်းပုံတို့ကို စာအုပ်ရိုက်နှိပ်၍ ဓမ္မဒါနအဖြစ် ထုတ်ဝေ လှူဒါန်းခဲ့ပါသည်။

မင်းကွန်း တိပိဋ္ဌကဓရ ဆရာတော်ဘုရားကြီး ငွေရတု သြဝါဒကထာချီးမြှင့်ပေးတော်မူစဉ် ⬇

ဘုံပျံဆရာတော် ဘုရားကြီး၏အန္တရိယကထာ ချီးမြှင့်တော်မူစဉ် ⬇



ဒုတိယ သုံးနှစ်ခရိုး ပွဲ့ ၃၀၇

၁၃၄၀-ပြည့်နှစ်
နယုန်လပြည့်ကျော် (၆)ရက်နေ့
ဖလယဉ်ဓမ္မာရုံ
ငွေရတုဖူဇော်ပွဲသို့
အဂ္ဂမဟာပဏ္ဍိတ၊ ပထမကျော်၊
ကဉ္စုံဒုဇ္ဇသာသနာဖြိုး
ဘဒ္ဒန္တ သေဋ္ဌလာဘိဝံသ
မဟာထေရ်နှင့်
အဂ္ဂမဟာပဏ္ဍိတ
မူလ ပဋ္ဌာန်းဆရာတော်ကြီးတို့
ကြွတော်မူစဉ်...

ကျေဖွယ်ဝထ္ထုများ
ဆက်ကပ်ကျွေးဒါန်း
ကြစဉ်....

ရန်ကုန်မြို့
အဘိဓမ္မာပြန့်ပွားရေး
အသင်းကြီးမှ
ဆွမ်းတော်ဝန်ယူ၍
ဆက်ကပ်ကျွေးဒါန်းစဉ်

ဌေရတုတ်၏
ဌေရတု
ပူဇော
အထိမ်းအမှတ်
ဝိဇ္ဇကတ်တိုက်

ထိုသို့ ထုတ်ဝေလှူဒါန်းရန် စီစဉ်ကြသည့် အခါတွင် ဆရာတော်ဘုရားအား သင်္ဃတော်ရာ ကျော်ရှည်၍ သာသနာတော်ကြီးအား အထူးပြု စုနှိုင်ပါစေရန် ရည်သန်၍ ပူဇော်ပွဲများကို ဆက်လက် ကျင်းပရန် ဆုံးဖြတ်ကြပါသည်။ ဆုံးဖြတ်ချက်များမှာ....

(က) ဌေရတုပူဇော်ပွဲနေ့မှ ၂၅လ မြောက်သောအခါ ဌေရတု၏ ဌေရတုပူဇော်ပွဲ၊

(ခ) ဌေရတု၏ ဌေရတုပူဇော်ပွဲနေ့မှ ၂၅လ မြောက်သောအခါ ဌေရတု၏ ရွှေရတုပူဇော်ပွဲ၊

(ဂ) ဌေရတု၏ ရွှေရတုပူဇော်ပွဲနေ့မှ ၂၅လ မြောက်သောအခါ ဌေရတု၏ စိန်ရတုပူဇော်ပွဲ၊

(ဃ) ဌေရတု၏ စိန်ရတုပူဇော်ပွဲမှ ၂၅လ မြောက်သောအခါ ဌေရတု၏ ပတ္တမြားရတုပူဇော်ပွဲများ ကျင်းပပြုလုပ်ပူဇော်ကြပြီးလျှင် အမှတ်တရ အထိမ်းအမှတ် တစ်ခုခု ထားရှိကြရန် ဆုံးဖြတ်ကြပါသည်။

ဆုံးဖြတ် ထားရှိခဲ့ကြသည့်အတိုင်း ဌေရတု၏ ဌေရတုမူဇော်ပွဲကို ၁၃၄၂-ခု ဘော်သလင်းလပြည့်ကျော်(၄)ရက်နေ့တွင် မင်းကွန်းတောင်ရိုးမိုးမိတ် စေတီတော်ကြီးများကုန်းမြေတွင် ရှိသော တိပိဋကဓရ—နိကာယကျောင်းတိုက်အတွက် ပိဋကတ်တိုက်တော်နှင့် ပိဋကတ်စာအုပ်၊ စာတိုက်၊ ဗီရိုများနှင့် အပြည့်အစုံ တိပိဋကနိကာယ အထိမ်းအမှတ်လှဘဲး ဖြစ်စေရန် ကျပ်ငွေ ၃+၅=၈သိန်း ကျော်ဖိုးမျှ လှူဒါန်းကြ၍ ဌေရတု၏ ဌေရတုပူဇော်မှာတိုင်အဖြစ် ထားရှိကြပါသည်။

ငွေရတု၏ ရွှေရတုပူဇော်

ငွေရတု၏ ရွှေရတု ပူဇော်ပွဲကြီးကို ၁၃၄၄-ခုဘန်ဆောင်မုန်းလဆန်း(၁၁)ရက် သောကြာနေ့(၂၆-၁၁-၈၂)ခုနှစ်တွင် မဟာဒါနအလှူပွဲကြီးကို ဆရာတော်ဘုရား၏မွေးနေ့တွင် ကျင်းပပြုလုပ်ကြ၏။



(၁) ဆရာတော်ဘုရား ဦးစီး ရေးသားတော်မူသော မဟာဗုဒ္ဓဝင် ကျမ်းကြီး ခြောက်တွဲ၊ ရှစ်အုပ်အား ကျောက်ထက် အက္ခရာ တင်၍ ကျောက်စာတိုက် (၁၄) တိုက်တွင် ထားရှိပူဇော်ခြင်း၊

(၂) အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီးနှင့် အမေးအဖြေ ပြုတော် မူခဲ့သော ဆဋ္ဌသင်္ဂါယနာ အမေး အဖြေများကို ကျောက်ထက် အက္ခရာတင်၍ ကျောက်စာတိုက်များဖြင့် ထားရှိပူဇော်ခြင်း။ ထို့အပြင်ထိုကျောက်စာတိုက်များ၏ထိပ်၌ ဗုဒ္ဓပူဇာအဖြစ် ပါရှိစေရန် မန္တလေးမြို့ ခေါ်ဒေါ်သန်းနှင့် သမီး ဒေါ်ခင်မြင့်တို့က ဂန္ဓကုဋီ တိုက်တော်နှင့် ကျိုက်မရော ထိုင်တော်မူ ဗုဒ္ဓဆင်းတုတော်၊ သင်္ဂါယနာ ခြောက်ကြိမ်တင်လှူသည့် အကြောင်းအရာများ ပါရှိသည့် ပန်းချီကားများတို့ကို ဂန္ဓကုဋီတိုက်တော်တွင် ထားရှိ ပူဇော်ကြပါသည်။

ကျိုက်မရော ထိုင်တော်မူ
ဗုဒ္ဓဆင်းတုတော်



သင်္ဂါယနာခြောက်ကြိမ်တင် ပန်းချီကားတို့ကို
မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး ကြည့်ရှုတော် မူစဉ်

မဟာဗုဒ္ဓဝင်နှင့် ဆဋ္ဌသင်္ဂါယနာ အမေးအဖြေ ကျောက်စာချပ်များ



(၃) ငွေရတုပူဇော်ပွဲ ကျင်းပပြုလုပ်စဉ်က ဆရာတော်ဘုရားဟောကြားတော်မူသော သြဝါဒ ကထာ တရားဒေသနာများကို ကျောက်ထက် အက္ခရာတင်ပြီး သီးသန့် ကျောက်စာတိုက်ဖြင့် ရန်ကုန်မြို့ အမှတ်-၄၊ ဂွတ္တလစ်လမ်း၊ ကျောင်းအစ်မကြီး ဒေါ်ဒေါ်ပုံ၊ သားသမီး မြေးတစ်စုတို့က တည်ဆောက် ပူဇော်ကြပါသည်။







(၄) မန္တလေးမြို့၊ ၂၇လမ်း၊ စာဘူတန်းမှ ဦးစကြီး၊ ဒေါ်တင်နှင့် သမီး ဒေါ်သောင်း၊ ဒေါ်လှမေ တို့ကလည်း ဆရာတော်ဘုရား၏ ရုပ်တု တော်နှင့် ထေရုပ္ပတ္တိတို့ကို ထုလုပ်ပြီး ကျောက်စာတိုက်သီးသန့် ဆောက်လုပ်ပြီး စက်တော်ရာ စေတီဝင်းနှင့် ကပ်လျက် ဆောက်လုပ်လှူဒါန်းပူဇော်ကြပါသည်။

ဒုတိယ မြို့ မင်းကွန်း တိ=နို သာသနာပြုဘုရား



အထက်ပုံ။ ။မင်းတေဇကုန်းရှိ ကျောက်စာတိုက်များ
အောက်ပုံ။ ။မင်းတေဇကုန်းနှင့်မိုးမိတ်ကုန်းကို ဆက်စပ်ရာ ကန်တော်ဦးတံတား

ကျောက်စာများ၊ ကျောက်စာတိုက်များနှင့်မိုးမိတ်ကုန်းမြေ၏နယ်ပယ်အတွင်း ပါဝင်သော်လည်း မိုးမိတ် စေတီတော်ကြီးနှင့် ကွင်းပြင်တစ်ခုခြား၍ တည်ရှိသော သီးသန့်တောင်ကုန်းဖြစ်သည့်အားလျော်စွာ ထိုတောင်ကုန်းထိပ်တွင် မင်းတေဇစေတီတော် တည်ရှိသဖြင့် မင်းတေဇကုန်းဟု ခေါ်တွင်လျက်ရှိပါသည်။

မင်းတေဇကုန်းနှင့် မိုးမိတ်စေတီတော်ကြီးများကုန်းနှစ်ခုကိုဆက်စပ်ရန်အတွက် တံတားတစ်ခု ဆောက်လုပ်ရန် စီစဉ်ကြရာတွင် ထိုကုန်းနှစ်ခု အစပ်တွင် မုစလိန္ဒာအိုင်နှင့် နဂါးရုံ ဘုရားတို့ကို ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှနှင့်ဒုဥက္ကဋ္ဌများဖြစ်ကြသော ဦးစိန်မောင်၊ စစ်ကိုင်း ဦးညီတို့က တည်ထား ကိုးကွယ် ကြပါသည်။ ထိုတံတားကိုကန်တော်ဦးတံတားဟု ကမ္ဘည်းတပ်ဆင်ကာ ပူဇော်ပွဲဦး ပင်ဖွင့်ပွဲ ကျင်းပပြုလုပ်ကြပါသည်။



ထူးခြားမှုတရပ်မှာ....

၁။ ရန်ကုန်မြို့. စက်မှုတက္ကသိုလ်မှ အငြိမ်းစား ပါမောက္ခချုပ် ဒေါက်တာအောင်ကြီး အိန္ဒိယ နိုင်ငံ ဗုဒ္ဓဂယာမှ ပင့်ဆောင်လာသော မဟာ ဇောဓိပင်ပျို့ နှစ်ပင်၊

၂။ သီရိလင်္ကာနိုင်ငံ မြန်မာသံရုံးမှ ပထမ အတွင်းဝန် ဦးဖေအောင်နှင့် ဇနီး ဒေါ်တင်တင် အေးတို့ ပင့်ဆောင်လာသော သဃ်မိတ္တာဇောဓိ ပင်ပျို့ နှစ်ပင်နှင့်

၃။ အိန္ဒိယပြည် ဇေတဝန် ကျောင်းတော်မှ ရန်ကုန်မြို့ ၁၁ လမ်း ဦးမောင်စိန်၏ သမီး ဒေါ်လှယဉ် ပင့်ဆောင်လာသော အာနန္ဒာဇောဓိ ပင်ပျို့ နှစ်ပင်တို့ကိုလည်း စိုက်ပျိုးကြပါသည်။

ဇောဓိပင်များ စိုက်ပျိုးကြရာတွင် မဟာ ဇောဓိပင်ပျို့နှစ်ပင်ကို အဂ္ဂမဟာပဿိတ အရိယ-မဂ္ဂင် ဆရာတော်ဘုရားကြီးနှင့် အဘိဓဇမဟာရဋ္ဌ ဂုရု စစ်ကိုင်း ရွှေဟသ်ာဆရာတော် ဘုရားကြီး တို့က လည်းကောင်း၊ အာနန္ဒာဇောဓိပင်ပျို့ နှစ်ပင်ကို အဂ္ဂမဟာပဿိတ ရွှေစေတီ ဆရာတော် ဘုရားကြီးနှင့် အဂ္ဂမဟာပဿိတ ပဌာန်းသိပ္ပံဆရာ တော် ဘုရားကြီးတို့ကလည်းကောင်း စိုက်ပျိုး တော် မူကြပြီး သဃ်မိတ္တာ ဇောဓိပင်ပျို့နှစ်ပင် ကိုမူ အဂ္ဂမဟာပဿိတ ဆရာတော်ဦးနန္ဒမဉ္ဇုနှင့်

ဖော်ဖြပါ ကျောက်စာများ ထွင်းထုထားရှိရန် ကိစ္စ၊ ကျောက်စာတိုက်များ ဆောက်လုပ် ရန် ကိစ္စ၊ ဤမျှကြီးကျယ်ခမ်းနားလှသော မဟာဒါန ဗုဒ္ဓ၊ဓမ္မ၊သံဃ၊အာစရိယ ပူဇော်ပွဲကြီးကို ပြီးပြည့်စုံ အောင် သုံးနှစ်ခန့်အချိန်ယူ၍ ဆောင်ရွက်ကြသူ များတွင် တိပိဋကဓရ=နိကာယ သာသနာပြုအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးစိန်းမောင်၊ အကျိုးတော်ဆောင် မန်းခေတ် ဦးလှရွှေ၊ တွဲဖက်အကျိုးတော်ဆောင် ဦးမောင်နှင့် ဗိသုကာပုံဆွဲ ဆောင်ရွက်ပေးသူ ရန်ကုန်မြို့ကအင်ဂျင်နီယာဦးခင်အောင်၊ဗုဒ္ဓ ဆင်း တုတော်လုပ်သူ ရန်ကုန်မြို့က မောင်ဝင်းထင်နှင့် မဟာ ဗုဒ္ဓဝင်ကျမ်းကြီး ခြောက်တွဲ၊ရှစ်အုပ်နှင့် တိပိဋကဓရ မမ္မဘဏ္ဍာဂဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဝိစိတ္တ သာရာဘိဝံသ ဆရာတော် ဘုရားတို့က စိုက်ပျိုးတော်မူကြပါသည်။

မူလ ပထမဆုံးဖြတ်ချက်အရ ကျောက်စာတိုက် များ ဖွင့်ပွဲတွင် ရန်ကုန်မြို့ မဟာစည်ရိပ်သာ အဂ္ဂမဟာပဏ္ဍိဘ မဟာစည် ဆရာတော် ဘုရား ကိုယ်တော် ကြွရောက်ဖွင့်လှစ်တော် မူရန် စီစဉ် ခဲ့သော်လည်း မဟာစည်ဆရာတော် ဘုရားကြီး သည် ၁၃၄၄-ခု၊ဒုတိယဝါဆိုလဆုတ် ၁၀-ရက် (၁၄-၈-၈၂) နေ့တွင် ပျံလွန်တော် မူသည့် အတွက် အစီအစဉ်တွင် မပါဝင်ဘော့ပါ။

ငွေရတု၏ ငွေရတုပူဇော အထိမ်း အမှတ် တိပိဋက ပိဋကတ် တိုက်တော် ဖွင့်ပွဲတွင် အဘိဓဇ မဟာရဋ္ဌဂုရု ဆရာ တော်ဘုရားကြီးများ ဖြစ်တော် မူကြ သော စစ်ကိုင်း ရွှေဟင်္သာ ဆရာတော် ဘုရားကြီး၊ မန္တလေးမြို့ မစိုး ရိမ် ပဋ္ဌာန်း ဆရာတော်ဘုရားကြီး၊ ဝန်းသို မြို့ ခန္ဓီး ဆရာတော် ဘုရားကြီးတို့ အနက် ယခုအခါ စစ်ကိုင်းရွှေဟင်္သာ ဆရာတော်ဘုရားကြီး တစ်ပါးသာလျှင် ကျန်းမာစွာ သက်တော်ရှည် အဘိဓဇ မဟာရဋ္ဌဂုရု ပြည့်သူ့ ဆရာအဖြစ် ရှိနေပါတော့သည်။



အဂ္ဂါဘိဓဇ
ဝန်းသို၊ ခန္ဓီး
ဆရာတော်ဘုရားကြီး
ပိဋကတ်တိုက်ဖွင့်ပွဲသို့
ကြွတော်မူစဉ်

၃၁၈ ခွဲမှ မင်းကွန်း တိ=နိ သာသနာပြုအဖွဲ့

ဆဋ္ဌသင်္ဂါယနာအမေးအဖြေများကို ကျောက်ထက် အက္ခရာတင်ထုရာတွင် တိပိဋကဓရ=နိကာယ ကျောင်းတိုက်မှ အနုနာယက ဘုန်းတော်ကြီးများဦးစီး၍ ၎င်းသင်္ဃာများအားလုံး ပါဝင်ပြီး တည်းဖြတ်ပြင်ဆင် သုတ်သင်ပေးကြပါသည်။

ဌေရတု၏ စိန်ရတုပူဇော, ဌေရတု၏ ပတ္တာမြားရတုပူဇောပွဲများနှင့် ဆရာတော်ဘုရား၏သက်တော် ၂၅ နှစ်ပြည့် စိန်ရတု ဝိဇာတ မင်္ဂလာပူဇော်ပွဲများ ကျင်းပပြုလုပ်သည့် အကြောင်းခြင်းရာများကို တတိယ သုံးနှစ်ခရီး စာစောင်နှစ်များအတွင်းသို့ ရောက်ရှိသည့် အားလျော်စွာဆက်လက် ဖော်ပြပါမည်။

ဒုတိယ သုံးနှစ်ခရီး စာစောင်နှင့် တတိယ သုံးနှစ်ခရီး စာစောင်တို့တွင် ဆရာတော် ဘုရားကြီး၏ သာသနာပြုလုပ်ငန်းကြီး များမှာ ပိုမို ကျယ်ပြန့်၏။ ကမ္ဘာသို့ပင် နှုံ့လောက်အောင် ဖြစ်ပေါ်လာပါသဖြင့်တိပိဋကဓရ=နိကာယသာသနာပြုအဖွဲ့၏ ဤဒုတိယသုံးနှစ်ခရီး စာစောင်အတွက် အကျဉ်းချုံး၍ ရေးသားဖော်ပြအပ်ပါသည်။

မြန်မာ့ရိုးရာ ဒီဇိုင်း အနုပညာရှင် ပန်းချီဆရာ ဦးအေးမြင့်၏ သင်္ဂါယနာ (၆)ကြိမ်၏သမိုင်းကို ဖော်ပြသော ပန်းချီကားခြောက်ချပ်တွင် ဆဋ္ဌ သင်္ဂါယနာပွဲကြီးမှ မိုးမိတ် ကုန်းမြေသို့ အရောက် ကျောက်ထက် အက္ခရာတင်ပုံကို ဖော်ပြထားရာ ယခုအခါ ဤဆောင်းပါးကို ရေးသားသော အချိန်အခါတွင် မိုးမိတ်ကုန်းမြေမှသည် ဆဋ္ဌ သင်္ဂါယနာတင်ရာ ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြင့်သို့ တစ်ပတ် လှည့်၍နေသည့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ ဆောက်လုပ် လှူဒါန်းရန်အတွက် ဆောင်ရွက် နေကြရသည်ကို သတိပြုမိပါကြောင်း တင်ပြအပ်ပါသည်။ ။

ဦးသာလှ

(၁၅-၆-၈၇)

မင်းကွန်းတောင်ရိုး တိပိဋကနိကာယကျောင်းတိုက်တွင်
ပူဇော်ထားရှိသည့်

တေဒင်္ဂရပုဂ္ဂိုလ်များ

ရုပ်ထုရုပ်လုံးတော်များ

၁၃၄၀-ပြည့်နှစ် ဝါဆိုလဆန်း (၅)ရက်နေ့တွင် မန္တလေးမြို့ အနောက်ဘက်ကမ်း မင်းကွန်းတောင်ရိုးရှိ မိုးမိတ်စေတီတော်ကြီးများ ကုန်းမြေ၌ "တိပိဋကနိကာယကျောင်းတိုက်"ကို စတင်ဖွင့်လှစ် တည်ထောင်ခဲ့ကြပါသည်။

ဤမင်းကွန်း မိုးမိတ်ကုန်းမြေတွင်-

(၁) မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်များ ကိန်းဝပ်ရာဖြစ်သော မိုးမိတ်စေတီတော်ကြီးများအား ဗုဒ္ဓပူဇာအဖြစ် ပူဇော်နိုင်ကြရန်၊

(၂) ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်တို့ကို ကျက်မှတ် အာဂုံဆောင်လျက် ရှိကြသဖြင့် ဓမ္မစေတီ ထိုက်တော်မူကြသော သာသနာ့ အာဇာနည် လောင်းလျာ သံဃာတော်များနှင့် ဆောက်လုပ်ဆဲဖြစ်သော "တိပိဋကဓရ ငွေရတုပူဇာ ဓမ္မစေတီ ပိဋကတ်တိုက်တော်"၌ ထားရှိမည့် ပိဋကတ်ကျမ်းစာ ဓမ္မစေတီဓာတ်များကို ဓမ္မပူဇာအဖြစ် ပူဇော်နိုင်ကြရန်၊

(၃) သြဝါဒါစရိယ နာယက ဆရာတော်ဘုရားများ၊ တိပိဋကနိကာယ စာသင်သား သံဃာတော်များတို့နှင့် အစိန္တေယျ သုံးလောကထွတ်တင် ရှင်ပင်မြတ်ဘုရားကိုယ်တော်တိုင် ထိုထိုတေဒင် ဘွဲ့ထူးတို့ဖြင့် ချီးကျူးချီးမြှောက်သည်ကို ခံယူ ရရှိတော် မူကြသော တေဒင် ဘွဲ့တော်ရ

(ဂ)ရဟန္တာ မထေရ်မြတ်ကြီးများ၊ (ခ)ရဟန္တာထေရီ အရှင်မကြီးများ၊ (ဂ)ဥပါသကာ လူအမျိုးသားများ၊ (ဃ)ဥပါသိကာ လူအမျိုးသမီးများတို့၏ ရုပ်တုတော်ပေါင်း (၃၅)ဆူ တို့ကို သံဃပူဇော အဖြစ် ပူဇော်နိုင်ကြရန် ရည်သန် ရိုးရင်းနှလုံးသွင်း ရှိကြပါသည်။

သီးသန့် ဂန္ဓကုဋီကျောင်းဆောင် ဆောက်လုပ်၍ တေဒဂ် ရုပ်တုတော်များ ထားရှိ ပူဇော်မည့် အကြောင်းကို ကျေးဇူးရှင် တိပိဋကဓရ မင်းကွန်း ဆရာတော် ဘုရားကြီးထံသို့ ခွင့်ပန် လျှောက်ထားကြလေသည်။

တိပိဋကဓရ မင်းကွန်းဆရာတော် ဘုရားကြီးကလည်း ထို တေဒဂ်ရ မဟာသာဝက အရှင်တို့၏ ရုပ်သွင်တော် ကိုယ်စား ရုပ်တု ပုံတော်များကို ထုလုပ် ပူဇော်ခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးကို စဉ်းစားတော် မူသောအခါ....

(၁) တိပိဋကာ၊ နိကာယ စာတော် ပြန်ဝင်ထေရ်အရှင်တို့ ကြည်လင် ဝမ်းသာ အတုယူကာ သဒ္ဓါတရား ပွားများထက်သန် ကြလျက် စာအံစာကျက် စာကြံ စာကြည့် အဘန်တန်တို့၌ ဥပနိဿယပစ္စည်း အားကြီးစွာ အထောက်အပံ့ ဖြစ်ခြင်းငှာ တစ်ချက်၊

(၂) ထိုရုပ်လုံး ရုပ်တု ပုံတော်တို့ကို ဖူးမြော်ကြရသော ရဟန်းရှင်လူ သူတော်စင် အပေါင်းတို့မှာလည်း မိမိတို့နှင့် သင့်လျော်ရာရာ အာသာဆန္ဒ တောင့်တကာ အတုယူကြပြီးလျှင် ပါရမီ အဆင့်ဆင့် ဖြည့်ကျင့် အားကျ သာဓက ဖြစ်စိမ့်သောငှာ တစ်ချက်၊ ဤ နှစ်ချက်သော အကျိုးစီးပွား တိုးတက်ရေး အတွက် သဒ္ဓေတရာတူ ခွင့်ပြုတော် မူခဲ့ပါသည်။

ဆရာတော် ဘုရားကြီးက သဘောတူ ခွင့်ပြုတော်မူပြီဆိုလျှင် ဆိုချင်းပင် ဆရာ

ဝန်ကြီး ဦးသာလှနှင့် ဒါယကာအပေါင်း တို့သည် ရုပ်ပွားတော် အဆူဆူတို့ကို ဝမ်းသာအားရ ဒါယကာ ခံယူကြလျက်၊ ကျောက်အင်္ဂတေ ပန်းပုဆရာတို့ကို ခေါ်ပြီး၊ အမြန် ထုလုပ်စေရာ ၁၃၄၀ပြည့်နှစ် ဝါဆိုလ မတိုင်မီမှာပင်....

၁။ တေဒင်္ဂတော်ရ ရဟန္တာအရှင်မြတ်(၄၁)ပါး
၂။ တေဒင်္ဂတော်ရ ဘိက္ခုနီ ရဟန္တာထေရီ(၁၃) ပါး
၃။ တေဒင်္ဂတော်ရ ဥပါသကာ လူယောကျ်ား (၁၁)ဦး
၄။ တေဒင်္ဂတော်ရ ဥပါသိကာ လူအမျိုးသမီး (၁၀) ဦး၊ လေးမျိုးလေးဖြာ (၂၅)ပါးတို့ ထုလုပ် ပြီးစီးကာ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မိုးကောင်း ဘုရားကြီးဝင်းအတွင်းရှိ အရိယာ ဓမ္မာရုံကြီး၌ အသင့် ပူဇော်ထားရှိနိုင်ခဲ့၏။

ထိုတေဒင်္ဂတော် ဂုဏ်ထူးရ ပုဂ္ဂိုလ်ထူးများ၏ ရုပ်ပုံ ရုပ်တုတော်တို့ကို တစ်ပါးလျှင် ကားတစ်စီးကျစီဖြင့် ၁၃၄၀ပြည့်နှစ်၊ ဝါဆိုလဆန်း ၅ရက်နေ့မှစကာလမ်းခရီး၌ ၁၅ရက်ကြာမျှ ဒေသစာရီကြွချီပြီး ပင့်ဆောင်ရာ၊ မန္တလေးမြို့၊ သကျသီဟ ဘုရားဝင်းရှိ ဝေဇယန္တာ ဓမ္မာရုံကြီးသို့ ဆိုက် ရောက်လေ၏။ မန္တလေးမြို့မှ တဖန် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ ယာဉ်တော်ပုံ အုတ်ပြာသာဒ်တော်ကြီး အတွင်း၌ ပါဒနက် သန်စက်တော်ရာကို ခြံရံ လှည့်ပတ်ကာ မွမ်းမံပြင်ဆင် စီစဉ်ကာ ပူဇော်ထားရှိကြပါသည်။

တေဒင်္ဂတော် ဂုဏ်ထူးရ ပုဂ္ဂိုလ်များ၏ ဘွဲ့အမည်နှင့်ရရှိကြသော တေဒင်္ဂဘွဲ့အမည်တို့ စာရင်းပြု၍ ရုပ်ပုံတော်တို့နှင့်အတူ ကြည်ညိုသဒ္ဓါ ဆတက်တိုးပွားနိုင်စိမ့်သောငှာ စီစဉ် တင်ပြရပါသည်။ ။



ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း ဂျပန်စစ်သားများ ဗုံးကြဲလေယာဉ်ပေါ်သို့ တက်နေကြစဉ်



ဒဂုံ အိုင် မြေစျေးကွက် တည်ဆဲ

မင်းကွန်း
မိုးမိတ်ကုန်းဖြေ
ဒေတဒဂ်ရ
ပုဂ္ဂိုလ်များ၏
ရုပ်လုံးရုပ်တူတော်
အခမ်းအနားပွင့်
ပုံတော်ပါ



မင်းကွန်းတောင်းရိုး၊ မိုးမိတ်ကုန်းမြေ၊ စက်တော်ရာစေတီ

ဂန္ဓကုဋီအတွင်း ပူဇော်တည်ထားလျက်ရှိသော

တေဒင်္ဂဘွဲ့ရ ပုဂ္ဂိုလ်များ၏ ဘွဲ့အမည်

(တေဒင်္ဂဘွဲ့ရပုဂ္ဂိုလ်များကို ရဟန္တာမထေရ်ကြီးများကဟူ၊ ရဟန္တာထေရီမကြီးများကဟူ၊ ဥပါသကာများကဟူ၊ ဥပါသိကာမများကဟူနှင့် မိုးမိတ်ကုန်းမြေ၏ မူလဒါယကာ ဒါယိကာမများကဟု ဟူ၍ လေးကဏ္ဍခွဲခြားတင်ပြပါသည်။ ဤဌ ဖော်ပြထားသော ဂဏန်းစဉ်များအတိုင်း နောက်ပိုင်းဌဖော်ပြထားသည့် တေဒင်္ဂဘွဲ့ရပုဂ္ဂိုလ်များ၏ ရုပ်လုံးရုပ်တုတော်များကို တိုက်ဆိုင်ကြည့်ရှုကြည်ညိုပူဇော်နိုင်ကြပါသည်။ ။)

တေဒင်္ဂဘွဲ့ရ ရဟန္တာမထေရ်ကြီးများ (၄၁)ပါး

၁။	အရှင်ကောဏ္ဍည။	။ရတ္တညူအရာ၌ တေဒင်္ဂဘွဲ့။ (ညွှန်အပိုင်းအခြားကို သိခြင်း၊ ရဟန်း၀ါကြီးရင့်ခြင်းတို့ဌ အသာဆုံးတေဒင်္ဂဘွဲ့ဖြစ်သည်။)
၂။	အရှင်သာရိပုတ္တရာ။	။ဉာဏ်ပညာအရာ၌ တေဒင်္ဂဘွဲ့။
၃။	အရှင်မဟာမောဂ္ဂလာန်။	။တန်ခိုးကုဋ္ဌိပါဒ်အရာ၌ တေဒင်္ဂဘွဲ့။
၄။	အရှင်မဟာကဿပ။	။ဓူတင်ဆောင်ရာ၌ တေဒင်္ဂဘွဲ့။
၅။	အရှင်အနုရုဒ္ဓါ။	။ဒိဗ္ဗစက္ခုအဘိညာဉ်အရာ၌ တေဒင်္ဂဘွဲ့။
၆။	အရှင်ဘဒ္ဒိယ။	။အမျိုးမြတ်ခြင်းအရာ၌ တေဒင်္ဂဘွဲ့။
၇။	အရှင်လကုဏ္ဍကဘဒ္ဒိယ။	။အသံသာယာခြင်းအရာ၌ တေဒင်္ဂဘွဲ့။
၈။	အရှင်ပိဏ္ဍောလဘာရဒ္ဓါဇ။	။ရဲတင်းသောစကားကို ဆိုရာ၌ တေဒင်္ဂဘွဲ့။
၉။	အရှင်ပုဏ္ဏ။	။ဓမ္မကထိကအရာ တရားဟောကြားခြင်း၌ တေဒင်္ဂဘွဲ့။
၁၀။	အရှင်ကစ္စာန(အရှင်မဟာကစ္စည်း)။	။ဓမ္မဒေသနာ အကျဉ်းကို အကျယ် ဟောရာ၌ တေဒင်္ဂဘွဲ့။
၁၁။	အရှင်နဠကပါန။	။မနောမယအဘိညာဉ် ဖန်ဆင်းခြင်းအရာ၌တေဒင်္ဂဘွဲ့။
၁၂။	အရှင်မဟာကပ္ပိန။	။အရူပါ၀စရ ဈာန်မှထ၍ ရဟန္တာ ဖြစ်ခြင်းအရာ၌ တေဒင်္ဂဘွဲ့။
၁၃။	အရှင်သုဘူတိ။	။အပြစ်မရှိသောနေခြင်းနှင့် အလှူခံ ထိုက်ခြင်းအရာ၌ တေဒင်္ဂဘွဲ့။

၁၄။ အရှင်ခဒိရဝနိယ–ရေဝထ။ (အရှင်ရေဝထ) ။တောရဆောက်တည်ခြင်းအရာ၌ တေဒဂ်ဘွဲ့။

၁၅။ အရှင်ကဒ်ဂိရေဝတ။ ။စျာန်ဝင်စားခြင်းအရာ၌ တေဒဂ်ဘွဲ့။

၁၆။ အရှင်သေဏကောဋိဝိသ။ ။လုံ့လဝီရိယကြီးခြင်းအရာ၌ တေဒဂ်ဘွဲ့။

၁၇။ အရှင်သောဏကုဋိကဏ္ဏ။ ။အဟောအပြောကောင်းခြင်းအရာ၌ တေဒဂ်ဘွဲ့။

၁၈။ အရှင်သီဝလိ။ ။လာဘ်ပေ၊များခြင်းအရာ၌ တေဒဂ်ဘွဲ့။

၁၉။ အရှင်ဝဏ္ဏလိ။ ။သဒ္ဓါတရားလွန်ကဲခြင်းအရာ၌ တေဒဂ်ဘွဲ့။

၂၀။ အရှင်ရာဟုလ။ ။သိက္ခာသုံးပါးကျင့်ဆောင်ခြင်းအရာ၌ တေဒဂ်ဘွဲ့။

၂၁။ အရှင်ရဋ္ဌပါလ။ ။သဒ္ဓါ၌ ရဟန်းပြုခြင်းအရာ၌ တေဒဂ်ဘွဲ့။

၂၂။ အရှင်ကုဏ္ဍဓာန။ ။စာရေးတံမဲ ပထမယူခြင်း၌ တေဒဂ်ဘွဲ့။

၂၃။ အရှင်ဝင်္ဂီသ။ ။ဖွဲ့ဆိုသီကုံးမှု၌ ဉာဏ်ပဋိဘာန်ရှိခြင်းအရာ၌ တေဒဂ်ဘွဲ့။

၂၄။ အရှင်ဥပသေန။ ။ကြည်ညိုဖွယ်ရာဖြစ်ခြင်း၌ တေဒဂ်ဘွဲ့။

၂၅။ အရှင်ဒဗ္ဗမထေရ်။ ။သံဃာတော်များအတွက် နေရာချထားခြင်းအရာ၌ တေဒဂ်ဘွဲ့။

၂၆။ အရှင်ပိလိန္ဒဝစ္ဆ။ ။နတ်တို့ ချစ်မြတ်နိုးခြင်းအရာ၌ တေဒဂ်ဘွဲ့။

၂၇။ အရှင်ဗာဟိယ ဒါရုစီရိယ။ ။မင်္ဂုလ်အာသီဉာဏ်ကို လျင်မြန်စွာ ထိုးထွင်း၍သိခြင်း အရာ၌ တေဒဂ်ဘွဲ့။

၂၈။ အရှင်ကုမာရကဿပ။ ။ဆန်းကြယ်စွာ တရားဟောကြားခြင်း၌ တေဒဂ်ဘွဲ့။

၂၉။ အရှင်မဟာကောဋ္ဌိတ။ ။ပဋိသမ္ဘိဒါလေးပါးရခြင်း၌ တေဒဂ်ဘွဲ့။

၃၀။ အရှင်အာနန္ဒ။ ။၁။ အကြားအမြင်များခြင်း၊ ၂။ သတိကောင်းခြင်း၊ ၃။ ဉာဏ်ကောင်းခြင်း၊ ၄။ လုံ့လကြီးခြင်း၊ ၅။အလုပ်အကျွေး အပြုအစု ဤငါးချက်၌တေဒဂ်ဘွဲ့။

၃၁။ အရှင်ဥရုဝေလကဿပ။ ။အခြံအရံများခြင်းအရာ၌ တေဒဂ်ဘွဲ့။

၃၂။ အရှင်ကာဠုဒါယီ။ ။ဆွေတော် မျိုးတော်တို့ကို ကြည်ညိုစေခြင်း အရာ၌ တေဒဂ်ဘွဲ့။

၃၃။ အရှင်ဗာကုလ။ ။ကျန်းမာရေးနှင့် ပြည့်စုံခြင်းအရာ၌ တေဒဂ်ဘွဲ့။

၃၄။ အရှင်ဆောဘိတ။ ။ပုဗ္ဗေနိဝါသ အဘိညာဉ်အရာ၌ တေဒဂ်ဘွဲ့။

၃၅။ အရှင်ဥပါလိ။ ။ဝိနည်းဆောင်ခြင်းအရာ၌ တေဒဂ်ဘွဲ့။

၃၆။ အရှင်နန္ဒကမထေရ်။ ။ဘိက္ခုနီတို့အား ဆုံးမခြင်းအရာ၌ တေဒဂ်ဘွဲ့။

၃၇။ အရှင်နန္ဒမထေရ်။ ။ကလေးစောင့်စည်းခြင်းအရာ၌ တေဒဂ်ဘွဲ့။

၃၈။ အရှင်မဟာကပ္ပိန။ ။ရဟန်းများအား ဆုံးမခြင်းအရာ၌ တေဒဂ်ဘွဲ့။

၃၉။	အရှင်သာဂတ။	။တေဇောဓာတ်သမာပတ်ဝင်စားရာ၌ တေဒဂ်ဘွဲ့။
၄၀။	အရှင်ရာဓမထေရ်။	။တရားဟောကြားသော (ဒေသက) ဘုရားရှင်အား ဒေသနာတော်ဉာဏ်အဆင့်ဆင့်ပွားစေခြင်း၌ တေဒဂ်ဘွဲ့။
၄၁။	အရှင်မောဿရာဇ။	။ခေါင်းပါးသောသင်္ကန်းကို ဆောင်ခြင်းအရာ၌ တေဒဂ်ဘွဲ့။

တေဒဂ်ဘွဲ့ရ ရဟန္တာထေရိမများ (၁၃) ပါး

၁။	မဟာပဇာပတိဂေါတမီ။	။ရတ္တညူ(သိက္ခာဝါအကြီးဆုံး)အရာ၌ တေဒဂ်ဘွဲ့။
၂။	ခေမာထေရီ။	။ပညာကြီးသောအရာ၌ တေဒဂ်ဘွဲ့။
၃။	ဥပ္ပလဝဏ္ဏာထေရီ။	။တန်ခိုး၊ကြွဒ္ဓိပါဒ်အရာ၌ ဧဝံဒဂ်ဘွဲ့။
၄။	ပဋာစာရီထေရီ။	။ဝိနယဓရ–ဝိနည်းဆောင်ရာ၌ တေဒဂ်ဘွဲ့။
၅။	ဓမ္မဒိန္နာ။	။ဓမ္မကထိကအရာ၌ တေဒဂ်ဘွဲ့။
၆။	နန္ဒာထေရီ။	။ဈာန်ဝင်စား မွေ့လျော်သည့်အရာဝယ် တေဒဂ်ဘွဲ့။
၇။	(ဇဟုပုတ္တိက)အရှင်မ သေဏာထေရီ။	။လုံ့လပြင်းထန်ထက်သန်သည့်အရာ၌ တေဒဂ်ဘွဲ့။
၈။	သကုလာ(ဇကုလာ)ထေရီ။	။ဒိဗ္ဗစက္ခု အဘိညာဉ်အရာ၌ တေဒဂ်ဘွဲ့၊
၉။	ကုဋ္ဌကုလကေသာထေရီ။	။ခိပ္ပါဘိည–လျင်မြန်သော မဂ်ဖိုလ်အသိဉာဏ်ရှိသော အရာ၌ တေဒဂ်ဘွဲ့။
၁၀။	ဘဒ္ဒါကာပိလာနီထေရီ။	။ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်အရာ၌ တေဒဂ်ဘွဲ့။
၁၁။	ဘဒ္ဒကစ္စာနာ(ယသောဓရာ)ထေရီ။	။ကြီးကျယ်သော အဘိညာဉ် ပညာသို့ ရောက်သည့်အရာ(မဟာဘိညာပ္ပတ္တ)၌ တေဒဂ်ဘွဲ့။
၁၂။	ကိသာဂေါတမီထေရီ။	။ခေါင်းပါးသောသင်္ကန်းကို ဆောင်ခြင်း(လူ့ခစီဝရဓရ) အရာ၌ တေဒဂ်ဘွဲ့။
၁၃။	သိင်္ဂါလကမာတုထေရီ။	။သဒ္ဓါဘရား ကြီးမားထက်သန်သည့်အရာ၌ တေဒဂ်ဘွဲ့။

တေဒဂ်ဘွဲ့ရ ဥပါသကာများ (၁၁) ဦး

၁။	တပုဿ။	။ရှေးဦးစွာသရဏဂုံခံယူသောအရာဝယ် တေဒဂ်ဘွဲ့။
၂။	ဘလ္လိက။	။ရှေးဦးစွာသရဏဂုံခံယူသောအရာဝယ် တေဒဂ်ဘွဲ့။
၃။	အနာထပိဏ်သေဋ္ဌီး။	။လူဒါန်းပေးကမ်း စွန့်ကြဲခြင်းအရာ၌ တေဒဂ်ဘွဲ့။

၄။	စိတ္တသူကြွယ်။	။တရားဟောကောင်းသူ(ဓမ္မကထိက)အဖြစ် တေဒဂ်ဘွဲ့။
၅။	ဟတ္ထကာဠဝက သီတင်းသည်။	။ပရိသတ်ကို ချီးမြှောက်သောအရာ၌ တေဒဂ်ဘွဲ့။
၆။	မဟာနာမသာကီဝင်မင်း။	။အကောင်းအမွန်ကို လှူဒါန်းသောအရာ၌ တေဒဂ်ဘွဲ့။
၇။	ဥဂ္ဂသေဋ္ဌေး။	။နှစ်ခြိုက်ဖွယ်သောဝတ္ထုပစ္စည်းကို လှူဒါန်းသည့်အရာ၌ တေဒဂ်ဘွဲ့။
၈။	ဥဂ္ဂတသေဋ္ဌေး။	။သံဃာအား စိတ်တူမျှစွာထား၍ ပြုစုလုပ်ကျွေးသော အရာဝယ် တေဒဂ်ဘွဲ့။
၉။	သူရမ္ဗဋ္ဌသေဋ္ဌေး။	။သာသနာတော်၌ သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုသောအရာဝယ် တေဒဂ်ဘွဲ့။
၁၀။	ဆရာဒိဝ်က။	။မြတ်စွဲဘုရားအပေါ်၌ ပုဂ္ဂိုလ်စွဲ ကြည်ညိုသောအရာဝယ် တေဒဂ်ဘွဲ့။
၁၁။	နကုလပိတုသေဋ္ဌေး။	။ဘုရားရှင်ကိုယ်တော်မြတ်နှင့် အကျွမ်းတဝင် ခင်မင်ရင်နှီးသောစကားကို ပြောကြားသည့်အရာ၌ တေဒဂ်ဘွဲ့။

တေဒဂ်ဘွဲ့ရ ဥပါသိကာအမျိုးသမီးများ(၁၀)ဦး

၁။	သုဇာတာဒေဝီသေဋ္ဌေးကဲတော်။	။ရွှေးဦးစွာ သရဏဂုံဆောက်တည်သောအရာ၌ တေဒဂ်ဘွဲ့။
၂။	ဝိသာခါကျောင်းအမ။	။အလှူအဘန်းပေးကမ်းခြင်း၌ မွေ့လျော်သောအရာဝယ် ဒေဒဂ်ဘွဲ့။
၃။	ခုဇ္ဇုတ္တရာရှင်မ။	။ဗဟုသုတ အကြားအမြင်များသောအရာ၌ တေဒဂ်ဘွဲ့
၄။	သာမာဝတီမိဖုရား။	။မေတ္တာဖြင့် နေလေ့ရှိသောအရာ၌ တေဒဂ်ဘွဲ့။
၅။	ဥတ္တရာနန္ဒမာတာ။	။စျာန်တရားဖြင့် နေလေ့ရှိသောအရာ၌တေဒဂ်ဘွဲ့။
၆။	သုပ္ပဝါသာ(ကောလိယ)မင်းသမီး။	။မွန်မြတ်သည်ကို လှူသောအရာ၌ တေဒဂ်ဘွဲ့။
၇။	သုပ္ပိယာဥပါသိကာ။	။ဂိလာနသူနာရဟန်းကို ထူးခြားစွာ ပြုစုသောအရာ၌ တေဒဂ်ဘွဲ့။
၈။	ကာတိယာနီဥပါသိကာ။	သာဃနာတော်ဝယ် မတုန်မလှုပ် သက်ဝင် ယုံကြည်သောအရာ၌ တေဒဂ်ဘွဲ့။
၉။	နကုလမာတုဥပါသိကာ။	။ဘုရားရှင်နှင့် အကျွမ်းတဝင် ခင်မင်ရင်းနှီးသောစကားကိုပြောကြားရာ၌ တေဒဂ်ဘွဲ့။
၁၀။	ကာဠီဥပါသိကာ။	ကိုယ်တိုင်ဘုရားရှင်ကို မဖူးတွေ့ရဘဲ တစ်ဆင့်ကြားဖြင့် ဘုရားဂုဏ်ကို သက်ဝင်ယုံကြည်သည့်အရာ၌ တေဒဂ်ဘွဲ့။



၁ အရှင်ကောဏ္ဍည



၂ အရှင်အဿဇိပုဗ္ဗဏှ



၃ အရှင်ဗာဟိယဒါရုစီရိယ



၄ အရှင်မဟာကဿပ



အရှင်သုဘူတိ

၁၃

အရှင်မဟာကပ္ပိန

၁၄



အရှင်ကာမိါရေျာဝ

၁၅

အရှင်သောဏကောဋိကဏ္ဍ

၁၆

အရှင်ဆီဝမ်ထေ

၁၈

အရှင်သောဏကုဋိကဏ္ဏ

၁၇

အရှင်ရာဟုလ

၂၀



အရှင်ဝက္ကုလ

၁၉

၄၄-၈၁


ဆံထုံးပုံစံ
၆၄


ထဘီဝတ်ပုံ
၆၃

ဘေးထိုးဝတ်ပုံ
၆၂

၆၁
လုံချည်ဝတ်ပုံ

ဘေးထိုးဝတ်ပုံ
၆၂


၆၁
လုံချည်ဝတ်ပုံ



အရှင်ဝဇိရ



အရှင်ဗိမုတ္တဝဏ္ဏ



အရှင်ဒီပင်္ကရမဟာထေရ

အရှင်ထေရာရုဏသာဝ

ဓာတုဗေဒဘာသာ
၂၄

ဂဏန်းသင်္ချာဘာသာ
၂၃

၁၄
ပထဝီဝင်ဘာသာ

၁၅
သဒ္ဒါဘာသာစကားဘာသာ



အာဂျင်ဒေဝသိဒ

၂၄



အာဂျင်ဟာကုလ

၂၅

အာဂျင်ဥပါလိ

၂၆

အာဂျင်နန္ဒက

၂၇




၁
ဟာရိုင်မဟောဘုရားပထမဒေါတမီအရှေ့


၎
အရှင်အောသဂုတ


၂
အရှင်မဇ္ဈောတေရီ

၃
အရှင်ဘဒ္ဒါကုဏ္ဍလကေသာတေရီ

အရှင်မပဉ္စာစံကုထေရီ



အရှင်မဓမ္မဒိန္နာထေရီ



အရှင်မနန္ဒာထေရီ

အရှင် မဇဇာပုဏ္ဏိကသောဏထေရီ

၁ သျှင်မဟာကုလာထေရီ



၉ သျှင်မကုလုပကောဘာထေရီ



၁၀ သျှင်မဘဒ္ဒကာပိလာနီထေရီ



၁၁ သျှင်မဘဒ္ဒကာဇေဠုဂါယာဒေဝီထေရီ





၁

မဟာနာမသာကီဝင်ဓင်း

၂

ဟတ္ထကာဠဝတသီတင်းသည်

၄

စိတ္တသူတြွယ်ကြီး

၅

အနာထပိဏ်သူဌေးကြီး







၁ ဘုရားကဲ့သို့မြွေးတာတော်



၁၁ နဂါးလမိတ်သူငြေး



၂ ခုဇ္ဇုတ္တရာ

၂ ဝိဿာခါကျောင်းအစကြီး

45B

မင်းကွန်း+မိုးမိတ်ကုန်းမြေ ဗောဓိသုံးစုံ ပူဇော်ပွဲ

ကေပိုဒ်ရတု

ဗောဓိသုံးစုံ၊ သိဒ္ဓိပုံကို၊ အောင်ဘုံမင်းကွန်း၊ မိုးမိတ်စွန်းတွင်
ရည်ညွှန်း သာသနာ၊ ငါးထောင်ကြာဟု၊ ဒေဝါနတ်တို့၊ ဆောင်လာပို့၍
အောင်မျိုမင်္ဂလာ၊ သရေဖြာသား၊ မဟာအဂ္ဂ-ပဏ္ဍိတဟု၊ တိပိဋကခေါ်၊
မထေရ်ကျော်၏၊ သက်တော်ဘုန်းသစ်၊ ခုနစ်ဆယ့်တစ်တွင်၊ ရွှေနှစ်ရတု၊
ဇေယျဘုမ္မ၊ရတုကုန္ဓနီ၊ စိန်ဝဇီသို့၊ချိန်မီကောင်းနိုက်၊ ခါတော်ကြိုက်သော်၊
သောင်းထိုက်ကျော်ဘိ၊ တုမရှိသား၊ဗောဓိမဟာ-အာနန္ဒာနှင့်၊ မိတ္တာသဃီ၊
ခြောက်ဆူလှကို၊ နာယကဂုဏ်ဖြာ၊ အောင်+ချမ်းသာတို့၊ ဗြဟ္မာသိကြား၊
စောင့်ရှောက်ငြား၍၊ မြင့်ဖျားဝေဟင်၊ထက်ကောင်းကင်မှ၊လေယျဥ်ခရီး၊
ပင့်ဆောင်ပြီး၍၊ ကြိုဆီးရွှေမန်း၊အံ့မခန်းတည့်၊ ရှိုပန်းပူဇော်၊ တည့်ဦးပျော်
ပြီး၊ ဖောင်တော်ကရဝိက်၊ ရောင်လှဖိတ်တွင်၊ ဆွဲချိတ်လှေလောင်း၊ မော်
တော်ပေါင်းလျက်၊ မြစ်ကြောင်းပြည့်နှက်၊ မိုးမိတ်ဘက်သို့၊ ကျူးလျက်ငါး
ဖြာ၊ တူရိယာနှင့်၊ တာရာရံသန်း၊သေနံတာစန်းသို့၊ သာဆန်းစုံစွာ၊ရောက်
သောခါဝယ်၊ မင်္ဂလာဝင်းခင်း၊ ကြိုပွဲကျင်း၏၊ နေမင်းသူရိန်၊ နောက်နေ့
ထိန်သော်၊ကွန္ဒာနတ်တို့၊ပင့်ဆောင်ပို့သည့်၊အောင်မျိုညောင်ရွှေ၊ဗုဒ္ဓဟောကို၊
သရေညွန့်စည်၊သက်တော်ရှည်သား၊မထေရ်အရိန္ဒမ၊အဂ္ဂမဟာ-ပဏ္ဍိတာဟု၊
ကြေညာနှံ့သိ၊ မြတ်ဘုန်းရှိနှင့်၊ "အဘိဓဇ+ရဋ္ဌဂုရု၊ ပြည်သူ့ဆရာ"၊ ဂုဏ်
ပေါင်းဖြာသား၊ သိက္ခာကာမ၊ "ပဏ္ဍိတသီရိ"၊မြတ်ဘုန်းရှိတို့၊ ဗောဓိစိုက်
ပျိုး၊ ရာသက်ဖြိုးတည့်၊ ကျော်ဟိုးပေါက်ပြ၊ ထေ+ထေရတို့၊ "အဂ္ဂမဟာ
ပဏ္ဍိဘာ"ဟု၊ ဇာနည်နှစ်ပါး၊ တံခွန်လွှားတည့်၊ တင့်ကြွားဘုန်းခြီ၊
"ရွှေစေတီ"နှင့်၊ ရောင်ညီဝေရွှန်း၊ ဇေယျာကွန်းမှ၊ "ပဌာန်းသိပ္ပံ"၊
ဂုဏ်ထူးလှတို့၊ အောင်သံဖွင့်ကာ၊အောင်ဇေယျာဖြင့်၊ အာနန္ဒာဗောဓိ၊
စိုက်ထူဘိတည့်၊တိပိဋကခိုရ်၊ ထေရ်ပုဂ္ဂိုလ်နှင့်၊ ဝိခိုရ်ပေါက်ပြ၊ သင်္ကာတတွင်၊
"နန္ဒမဠ္ဍ"စံပြသူဟု၊ ဘွဲ့ယူအဂ္ဂ၊ ပဏ္ဍိတတို့၊ သဃ်မိတ္တာ၊ ဂုဏ်လှဖြာသား၊
ဒက္ခိဏာဗောဓိ၊ စိုက်ပျိုးဘိရှင့်၊ သီရိလှမြိုး၊ "ကန်တော်ဦး"ဟု၊ မုခ်ဦး
တံတား၊ ဖွင့်တုံဂြားက၊ သိကြားဗြဟ္မာ၊ ကောင်းတင်းငြာခဲ့၊ မင်္ဂလာသျှစ်၊
ခါကောင်းညီ၍၊ ကျူးသီ "ဇယန္တော-ဗောဓိယာမူလေ"၊ အောင်သံဝေ
လျက်၊ ဇေယျာသိဒ္ဓိ၊ မဟိဒ္ဓိနှင့်၊ ကိတ္တိလှဖြိုး၊ ဘုန်းတော်တိုးသည်....
မိုးမိတ်သီရိ ဗောဓိသုံးစုံတည်း။

စာဆိုတော်
လက်ဝဲမင်းညို
မဟာသရေစည်သူ
ဦးချမ်းသာ
စီကုံးရေးသားသည်

ဖောဓိသုံးမျိုး ပင်ပျိုခြောက်ဆူ

၁၃၄၄ ခုနှစ်၊ သီတင်းကျွတ် (၁၉၈၂ ခု-အောက်တိုဘာလ) အတွင်း မမှတ်မိသော နေ့တစ်နေ့၊ နံနက်(၁၁)နာရီခန့်အချိန်တွင် တိပိဋကနိကာယ သာသနာပြု အဖွဲ့ကြီး၏ ဥက္ကဋ္ဌဖြစ်သူ အထူးကုဆရာဝန်ကြီး ဦးသာလှ၏ ဗိုလ် ချုပ်လမ်းရှိ ရုံးခန်းသို့ ရောက်သွား၏။ ရှင်ပျသော အပြုံးဖြင့် ဆရာကြီး ဦးသာလှက စာရေးသူအား ဆီးကြိုနှုတ်ဆက်ရင်း သူ ဖြစ်စေချင်သော လုပ်ငန်းတစ်ခုကို တင်ပြလာသည်။ ဆရာကြီးဦးသာလှကား စိတ်ကူးကောင်းသူ၊ အစီအစဉ်ကောင်းသူ၊ သူ့နေရာနှင့်သူ အကွက်စေ့အောင် စီစဉ်တတ်သူ၊ စီမံခန့်ခွဲတတ်သူဟူ၍ မိတ်ဆွေရင်းချာများက သိမှတ်ထားကြသည်။ သူ၏ အစီအမံအတိုင်း မိတ်ဆွေများကလည်း ခင်မင်သောစိတ်၊ သဒ္ဓါကြည်ညိုသော စိတ်ဖြင့် သူ၏ဆန္ဒကို ပြည့်ဝအောင် ဖြည့်ကြသည်။ စာရေးတတ်သူက စာရေးသည်။ ပန်းချီဆွဲတတ်သူကပန်း ချီဆွဲသည်။ ကဗျာ ရေးတတ်သူက ကဗျာရေးဖွဲ့သည်။ အဆိုတတ်သူက သီဆိုသည်။ အတီးအမှုတ် တတ်သူက တီးမှုတ်သည်။ အဟောအပြော၊ အရွတ် အဖတ် တတ်သူက ဟော ပြောရွတ်ဖတ်သည်။ သူ့တွင် လိုရာ ဖြစ်နိုင်သည့် ဘက်စုံလူစုံရှိသည်။ ထို ဘက်စုံလူစုံ အသိုင်းအဝိုင်းတွင် စာရေးသူလည်း တစ်ယောက် အပါအဝင်ဖြစ်ပါသည်။

တိပိဋကခံရေ ဌေရတုသဘင်

ဆရာကြီး ဦးသာလှ တင်ပြလာသော ကိစ္စမှာ မင်းကွန်း မိုးမိတ်ကုန်းမြေဝယ် ၁၃၄၄ ခု တန်ဆောင်မုန်း လဆန်း ၁၁ ရက် (၁၉၈၂ ခုနှစ်၊ နိုဝင်ဘာလ ၂၆) ရက်နေ့ဘွင် ကျင်းပမည့် ဌေရတု၏ ရွှေရတု ပုဇော်ပွဲသဘင်၌ ရန်ကုန်မှ ပင့်ဆောင်သွားမည့် ဗောဓိသုံးမျိုး၊ ပင်ပျိုခြောက်ဆူတို့ကို စိုက်ပျိုးမည် ဖြစ်၍ ထိုဗောဓိပင်များအကြောင်း အကျဉ်း ရေးသား ပေးရန် ဖြစ်သည်။

မှတ်မိပါသေးသည်။ မင်းကွန်း မမ္မနာဒကျောင်းတိုက်၏ ဦးစီး နာယက ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် တိပိဋကဓရ မမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ကို ၁၃၁၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်နေ့တွင် ရှေးဦးပထမ ဆက်ကပ်လှူဒါန်းခြင်း ခံယူရရှိလျက် ၁၃၄၀ ပြည့်နှစ်၊ တပို့တွဲလတွင် ၂၅ နှစ်ပြည့်မြောက်ပါသည်။ ၂၅ နှစ်ပြည့် မြောက်သည့် အထိမ်းအမှတ် ဌေရတုသဘင်ပွဲ ကျင်းပနိုင်ရန်အတွက် ၁၃၄၀ ပြည့်နှစ်၊ ကဆုန်လပြည့် ကျော် ၆ ရက် (၂၃-၅-၇၈)စနေနေ့တွင် ရန်ကုန်မြို့ မဘတင်ရိပ်သာလမ်းရှိ ဆရာဝန်ကြီး ဦးသာလှ၏ ဇနီး ဒေါ်ခင်ညွှန့်တို့၏ တိုက်အိမ်၌ ၂၅ ဦးပါဝင်သော ဌေရတုသဘင် ပူဇော်ပွဲ ကျင်းပရေးကော်မတီ တစ်ရပ်ကို ဖွဲ့စည်း၍ နာယက လူကြီး ၃ ဦးကိုလည်း တင်မြှောက်ခဲ့ကြသည်။ ၁၃၄၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၆ ရက် (၂၅-၆-၇၈)

ဓမ္မယောသက ဦးမောင်မောင်

နေ့တွင် ရန်ကုန်မြို့ ကုက္ကိုင်း မဟာစည် သာသနာ့ ရိပ်သာ ဖလ်ယဉ် ဓမ္မာရုံကြီး၌ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားအား ဂုဏ်ပြု ပူဇော်သည့်အနေဖြင့် ၂၅ နှစ်မြောက် ဌေရတု ပူဇာသဘင်ကို မကြုံစဖူး ထူးကဲ သိုက်မြိုက်စွာဖြင့် ဆင်ယင် ကျင်းပခဲ့သည်။ ဤသည်ကား တိပိဋက နိကာယ သာသနာပြု အဖွဲ့ကြီး၏ ပထမဆုံး ခြေလှမ်း တစ်ရပ်ပင် ဖြစ်ပါသည်။

ဌေရတုမှသည် ဌေရတုသို့

ဌေရတုသဘင်ပွဲ ဆင်နွှဲပြီးသည့် နောက် ပူဇော်ပွဲ ဖြစ်မြောက်ရေး ၂၅ ဦးကော်မတီ၏ တာဝန်ပေးချက်အရ စာရေးသူသည် ဌေရတုသဘင် အထိမ်းအမှတ်ပူဇော်ပွဲ အစီရင်ခံစာတစ်စောင် ရေးသားလျက် ၁၉၇၈-ခု၊ အောက်တိုဘာလတွင် အုပ်ရေ(၂၅၀၀)ပုံနှိပ် ဖြန့်ဖြူးပါသည်။ ၁၉၇၉-ခု၊ ဇန်နဝါရီလတွင် ဆရာတော်ဘုရား၏ ထေရပွဲတို့ အကျဉ်းနှင့် ဌေရတုဩဝါဒက်ထာ အပြည့်အစုံကို စာရေးသူကပင် ရေးသားလျက်(၂၅)ဦးကော်မတီ အဖွဲ့ဝင် ဗမာ့ခေတ် ဦးထွန်းအိ က ၁၉၇၉-ခု၊ ဖေဖော်ဝါရီလတွင် အုပ်ရေ(၁၀၀၀၀)ပုံနှိပ်၍ မန္တလေးမြို့၊ မလွန်ဆန်လှူအသင်း၏ ဂုဏ်ပြု ပူဇော်ပွဲအမီ ဓမ္မဒါနအဖြစ်ဖြင့် ဖြန့်ဖြူးခဲ့ပါသည်။

တေဒဂ်ပုဂ္ဂိုလ်မြတ်များ ပူဇော်ပွဲ

ရန်ကုန်နှင့် မန္တလေးတွင် ဌေရတု ပူဇာသဘင် ဆင်နွှဲကျင်းပကြပြီးနောက် ၎င်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေနှင့် မိုးမိတ်စေတီတော်ကြီးများ ပြုပြင် စောင့်ရှောက်ရေးနှင့် တိပိဋက နိကာယ ကျောင်းတိုက်ကြီး ဓာတ်ထောင်ရေးကို တိပိဋက နိကာယ သာသနာပြုအဖွဲ့အနေဖြင့် ဆရာဝန်ကြီး ဦးသာလှကပင် ဦးဆောင်၍ ဆက်လက် ဆော်သြဆောင် ရွက်ခြင်း ပြုကြပါသည်။ ၁၃၄၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၅ ရက်(၉-၇-၇၈)(တနင်္ဂနွေ)နေ့တွင် မိုးမိတ်ကုန်းမြေ၌ တိပိဋက-နိကာယကျောင်းတိုက်ကို စတင်ဖွင့်လှစ်ပါသည်။ တစ်ချိန်တည်းမှာပင် "တိပိဋကဓရ ဌေရတုပူဇာခမ္မစေတီ ပိဋ္ဌကတိုက်"ကို ဓမ္မပူဇာအနေဖြင့် တည်ဆောက် ထားရှိရန်နှင့် မြတ်စွာဘုရား ရှိစဉ်က ဇေတဝန်တွဲဖြင့် ခြီးမြှင့်ခြင်း ခံရသောရဟန္တာ၊ ရဟန္တာထေရ်အရှင်မကြီး များနှင့် လူဥပါသကာ၊ ဥပါသကီ (၃၅) ပါးတို့၏ ရုပ်တုတော်များကို သံဃ ပူဇာအနေဖြင့် ထားရှိ ပူဇော်ရန် စီစဉ်ကြပါသည်။

ဇေတဝန်တွဲရ ပုဂ္ဂိုလ် မြတ်များ၏ ရုပ်တုတော်(၃၅)ဆူကို မိုးမိတ်စေတီ ရင်ပြင်တော် တန်ဆောင်းအတွင်း၌ အများပြည်သူတို့ ကြည့်ရှု ကြည်ညိုနိုင်ရန် ပြသထားမည် ဖြစ်ရာ ဇေတဝန် ပုဂ္ဂိုလ်မြတ်များ၏ ကြောင်းရာအတ္ထုပ္ပတ္တိကို ရဟန်းရှင်လူတို့ သိရှိရန် လိုအပ်လာပြန်ပါသည်။ သို့အတွက် မင်းကွန်း တိပိဋ္ဌ

ကခရ ဆရာတော်ဘုရား၏ ခွင့်ပြု ချက်နှင့် တိပိဋကနိကာယ သာသနာပြုအဖွဲ့ ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှ၏ မေတ္တာရပ်ခံချက်အရ "မြတ်ဗုဒ္ဓ၏တေဒင်္ဂဘွဲ့ရပုဂ္ဂိုလ်မြတ်များ" ဟူသောခေါင်းစီးဖြင့်စာအုပ် တစ်အုပ်ကို တာဝန်ယူ ရေးသားပြုစုလျက် တိပိဋကနိကာယ သာသနာပြုအဖွဲ့မှ အုပ်ရေ(၃၀၀၀၀) အထိ သုံးကြိမ်တိုင် ပုံနှိပ် ဖြန့်ဖြူးခဲ့ပါသည်။ တေဒဂ်ရပ်တုတော် ၇၅ ဆူကို ရန်ကုန်မြို့ကံဘဲ၊မိုးကောင်း ဘုရား အရိယာဓမ္မာရုံ၌ ခေတ္တထား ရှိ ပူဇော်ကြပြီးနောက် ၁၃၄၀ ပြည့်နှစ် ဝါဆိုလဆန်း ၅ ရက်နေ့ တွင် စတင်၍ ရန်ကုန်မှ မန္တလေး သို့ မော်တော်ယာဉ်များဖြင့် ပင့် ဆောင်ကြပါသည်။ ခရီးလမ်း တစ် လျှောက်ရှိ မြို့ကြီးများသို့ ၁၅ရက် ကြာ ဒေသစာရီ ကြွချီပြီးနောက် မန္တလေးမြို့၊ သကျသီဟ ဘုရား၀င်း အတွင်း ဝေဇယန္တာ ဓမ္မာရုံကြီး၌ တစ်ရက်ကြာ ရပ်နား အပူဇော်ခံ လျက် မင်းကွန်း မိုးမိတ် သို့ ပင့် ဆောင်ကာ မိုးမိတ် စေတီတော် တန်ဆောင်းအတွင်း၌ ထား၍ ပူ ဇော်ကြပါသည်။

ဗောဓိသုံးမျိုး ပင်ပျိုခြောက်ဆူ

၁၃၄၀ ပြည့်နှစ် နယုန်လပြည့် ကျော် (၆)ရက်(၂၅-၆-၇၈) တွင် ငွေရတုသဘင် ပူဇော်ပွဲကျင်း ပကြပြီးနောက် ဆရာဝန်ကြီး ဦး သာလှက လပေါင်း(၅၀)မြောက် ၁၃၄၄ခု၊ တန်ဆောင်မုန်းလဆန်း (၁၁)ရက် (၂၆-၁၁-၈၂)နေ့တွင် မိုးမိတ်ကုန်းမြေ၌ ဆရာတော်ဘုရား၏ သက်တော် (၇၁) နှစ်မြောက် မွေးနေ့ပူဇော်ပွဲအဖြစ်ဖြင့် ငွေရတု၏ လပေါင်း(၅၀)မြောက် ရွှေရတု ပူ ဇော်သဘင် ဆင်ယင်ကျင်းပရန် စီစဉ် ပါသည်။ ထိုအစီအစဉ်တွင် မိုးမိတ် ကုန်းမြေ၌ စိုက်ပျိုး ပူဇော်မည့် ဗောဓိပင် (၆)ဆူအတွက် သမိုင်း အကျဉ်းရေးရန် စာရေးသူက တာ ဝန်ယူရပြန်ပါသည်။ ၁၃၄၄ ခု၊ ဝါခေါင်လ(၁၉၈၂-ခု၊ စက်တင် ဘာလ)တွင် ရေးသားပြီးစီးလျက် ၁၉၈၂-ခု၊ နိုဝင်ဘာလတွင် စောင် ရေ(၃၀၀၀)ရိုက်နှိပ်ကာ တိနိသာ သနာပြုအဖွဲ့မှ ဓမ္မဒါန အဖြစ်ဖြင့် ထုတ်ဝေဖြန့်ချိပါသည်။

ဗောဓိပင် ဒါယကာများ

(၁) ဗုဒ္ဓဂယာမှ မဟာဗောဓိ ပင်ပျိုနှစ်ဆူကို အိန္ဒိယပြည် နယူးဒေလီမြို့မှ ဒေါက်တာ ဦးအောင်ကြီး - ဒေါ်မြမြ ကြည်တို့နှင့်ရန်ကုန်မြို့ လမ်း ၃၀၊ အမှတ်-၂၃၆ မှ အစ်မ ဒေါ်ကြည်ကြည်၊ ဒေါ်ဌေး ဌေးမြင့်တို့ကလည်းကောင်း၊

(၂) သာဝတ္ထိပြည်၊ ဇေတဝန် ကျောင်းတော်မှ အာနန္ဒာ ဗောဓိပင်ပျို နှစ်ဆူကို ရန် ကုန်မြို့(၁၁)လမ်း၊ဦးမောင် စိန်၏သမီး ဒေါ်လှယဉ် မိ သားစုတို့ကလည်းကောင်း။

(၃) သီဟိုဠ်(သီရိလင်္ကာ)မှ သယ်မိတ္တာ စိုက်ပျိုးသော ဒက္ခိဏာသာခါ ဗောဓိပင်ပျိုနှစ်ဆူကို သီရိလင်္ကာနိုင်ငံ မြန်မာသံရုံးမှ ပထမ အတွင်းဝန်ဦးဖေအောင် ဒေါ်တင်တင်အေးတို့က လည်းကောင်း၊ တိပိဋကနိကာယ သာသနာပြုအဖွဲ့သို့ ဝင်ဆောင် ပေးပို့ လှူဒါန်းကြပါသည်။ ထို ဗောဓိပင် သုံးမျိုး ခြောက်ဆူကိုရန်ကုန်မြို့ နယူးလင်းလမ်း အမှတ် ၂၊ တိပိဋက ကျောင်း တိပိဋက ဓမ္မသာလာအတွင်း၌ တခမ်းတနား ပြင်ဆင်ထားရှိကာ ၁၃၄၄ ခု၊ သီတင်းကျွတ် လပြည့် ကျော် ၁၄ ရက်နေ့မှ စ၍ ၁၃၄၄ ခု၊ တန်ဆောင်မုန်း လဆန်း ၉ ရက်နေ့ အထိ ရှင်လူအများ၏ အပူဇော်ကို ခံယူပါသည်။

ဓိုးမိတ်တုန်းခြေဆို့ဝင့်ဆောင်ခြင်း

၁၃၄၄ ခု၊ တန်ဆောင်မုန်း လဆန်း ၉ ရက် (၂၄-၁၁-၈၂) နေ့ နံနက်တွင် နယူးလင်းလမ်း တိပိဋက ကျောင်းတော်မှ တိ-နိ သာသနာပြုအဖွဲ့ နာယကလူကြီးများနှင့် အမှဆောင်လူကြီးများက ဦးဆောင်၍ မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့ အနောက်ပိုင်း ရပ်ကွက်တွင်း၌ လှည့်လည် အပူဇော်ခံပြီး နောက် ဘုန်းကြီးလမ်းနှင့်ပြည်လမ်းမကြီး တစ်လျှောက်မှ မင်္ဂလာဒုံလေ

ဆိပ်သို့ တခမ်းတနား ပင့်ဆောင်ကြ ဝါသည်။ မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံလေဆိပ်မှ လေယာဉ်ဖြင့် ပင့်ဆောင်ကြလျက် မန္တလေး ခရိုင်မြို့သာစည် လေဆိပ်သို့အရောက်တွင် သာသနာရေးအသင်းအဖွဲ့များက သောင်းသောင်းဖြဖြ ကြိုဆိုကြပါသည်။ ထို့နောက် ဗောဓိပင်ဟိုဖြောက်ဆူကို မော်တော်ယာဉ်အသစ်များဖြင့် မန္တလေးမြို့အတွင်းသို့ တခမ်းတနား ပင့်ဆောင်ကာ တစ်လမ်းမှ တစ်လမ်းသို့လှည့်လည်၍ အပူဇော်ခံပါသည်။ ထိုညတွင် မန္တလေးမြို့ သက္ကသီဟဘုရားကြီးအတွင်း ဝေဇယန္တာ ဓမ္မာရုံကြီး၌ ရပ်နားတိန်းဝပ် စံဃယ်တော်မူလျက် မန္တလေး နေပြည်တော်မှ ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင် အပေါင်းတို့က ဗောဓိပင်ဟို ဖြောက်ဆူအား လာရောက်ကြည်ညိုပူဇော်ကြသည်မှာ တိုးချဲ့မပေါက်အောင်ပင် စည်ကားလှပါသည်။

ဆယ်တာရွာအဖွဲ့ဆို ထွဲဆစ်

သက္ကသီဟဝေဇယန္တာဓမ္မာရုံကြီးတွင် ဗောဓိပင်ဟို ဖြောက်ဆူအား မန္တလေးမှ မိုးမိတ် ကုန်းမြေသို့ အရောက် တာဝန်ယူ ပင့်ဆောင်ရမည့် ဆရာတော် ဦးသုမန ခေါင်းဆောင်သော ဆယ်တာရွာအဖွဲ့သို့ လွှဲအပ်ရပါသည်။ဆရာတော်ဦးသုမနသည် မင်းကွန်း တစ်ဘက်ကမ်း (ရောဝတီအနှေ့ဘက်) ပုသိမ်ကြီးမြို့နယ်၊ ဆယ်တာရွာ၊ ရွှေမနုံးကျောင်းမှ နာယကဆရာတော် တစ်ပါးဖြစ်ပါသည်။ မင်းကွန်းတိုင်္ဂုက ဆရာတော်ဘုရား၏ တပည့်ရင်းတစ်

ဦးဖြစ်လျက် သာသနာ ရေးဆိုင်ရာ အခမ်းအနားတိုင်း၌ လိုလိုပင် အနု ပညာပိုင်းဆိုင်ရာမှ တက်တက်ကြွကြွ တာဝန်ယူ ဆောင်ရွက်လေ့ ရှိပါ သည်။ ဇာတ်ဆရာ ရွှေမန်း ဦးတင် မောင်တို့၏ ဇာတိနယ်သား တစ် ဦးဖြစ်သည့်အလျောက် ကဗျာရေး တတ်သည်။ သီချင်းစပ်တတ်သည်။ အဆို၊ အတီး၊ အက စည်းဝါးမှ စ၍ ကျွမ်းကျင် နားလည်သည်။ ဆယ်တာရွာမှ မိန်းမငယ်၊ ယောကျ်ားငယ်ကလေးများ အား လုံးလိုလို ဆိုတတ်သည်။ ကတတ် သည်။ တီးတတ်သည်။ ဤ အနု ပညာအတတ်ကို ပြုစု ပျိုးထောင် ပေးသူမှာ ဆရာတော် ဦးသုမနပင် ဖြစ်ပါသည်ဟု ဆိုလျှင် မှားမည် မထင်။

ဇာမိပင် ခြောက်ဆူကို ဝေဖန် ယူသော ဓမ္မာရုံကြီးမှ မင်းခမ်း မင်း နားဖြင့် စွေး ချို့တော်ကို ပတ်၍ မရမ်းခြံ မော်တော်ဆိပ်သို့ ပင့်ရ မည်။ မရမ်းခြံဆိပ်မှ ရောဝတီမြစ် ကြီးကိုဖြတ်ကျော်၍ အနောက်တက် ကမ်း မင်းကွန်းမိုးမိတ်သို့ ကရဝိတ် ဖောင်ဖြင့် ပင့်ဆောင်ရမည့် အခမ်း အနားအတွက် ဆရာတော် ဦးသု မန၌ နောက်ပါ ပရိသတ်(၂၀၀) ကျော် ဆယ်တာရွာမှ ပါလာသည်။ အမျိုးသမီးကလေးများအား ဆင် ယင် ထုံးဖွဲ့မှုန့်ဖွဲ့ မိတ်ကပ်အလှ ပြု ပြင်ရေးအတွက် မန်းခေတ် အလှ ပြင်ဌာနမှ ညွှဲလုံးပေါက် မနား မနေ လုပ်ကိုင် ပေးရသည် ဟူ၏။ အလှ ပြုပြင်ရသည့်စရိတ်၊ အဝတ် အစား၊ အဆောင်အယောင် ငှားရ သည့်စရိတ်၊ စည်တော်၊ ဆိုင်းဝိုင်း

စသည် ဌားရမ်းခန့် မြင်းသည်တော်၊ စစ်သည်တော် ဌားရမ်းခ စသည်ဖြင့် ဝင်းခင်းရသည့် စရိတ်သည်ပင်လျှင် ဆရာတော် ဦးသုမန အဖို့ ကျပ်ငွေ သောင်းဂဏန်းမျှ ကုန်ကျသည်ဟု သိရပါသည်။ ဆယ်တာအဖွဲ့၏ ကုန်ကျစရိတ်ကို ဆရာတော် ဦးသုမန၏ ဆယ်တာရွာအဖွဲ့ ကပင် ကျခံကြောင်း သိရပါသည်။ ဆရာတော် ဦးသုမန၏ စေတနာ၊ သဒ္ဓါတရား နှင့် ဇွဲစိုရိယတို့ကား အံ့မခန်းပင် ဖြစ်ပါသည်။

တိုင်းရင်း မြန်မာ ပုဏ္ဏားတော်အဖွဲ့

ဝေဇယန္တာ ဓမ္မာရုံ၌ ဗောဓိပင် ခြောက်ဆူကို ပူဇော် ကြည်ညိုရန် လာသူများအား ညဉ့်ဦးပိုင်းတွင် ဆိုင်းဖြင့် သွေ့ခံလျက်၊ နံနက်ပိုင်း တွင်မူ မန္တလေးမြို့ ရွှေဘုန်းရှိန်ရပ်မှ ဆရာဦးမြင့်ထွန်း၊ ဆရာ ဦးတင်လှိုင်တို့ ခေါင်းဆောင်သည့် ပရိသတ် ၅၀ ကျော် ပါဝင်သော တိုင်းရင်းမြန်မာ ပုဏ္ဏားတော် အဖွဲ့က ဘတ်တက် ဝတ်ကပ်ပြု၍ ဗောဓိပင် ခြောက်ဆူအား ပူဇော်ကန်တော့ ကြပါသည်။ ပုဏ္ဏားတော်အဖွဲ့တွင် ဘွဲ့ရ ခေတ်ပညာတတ် အမျိုးသမီး၊ အမျိုးသားငယ် အမျာအပြား ပါဝင် ကြလျက် သာသနာတော် အတွက် ရိုးရာမယ်က ကြည်ညိုလေး စားမှု ရှိကြသည်ကို တွေ့ရသဖြင့် ဝမ်းမြောက်ဖွယ်ပင် ဖြစ်ပါသည်။ ပုဏ္ဏားတော်အဖွဲ့ ခေါင်းဆောင် ဆရာ ဦးမြင့်ထွန်းမှာ တိပိဋကရ ဆရာတော်ဘုရား၏ ဒကာရင်းချာ တစ်ဦးဖြစ်ကြောင်း သိရပါသည်။

မရမ်းခြံမှ မိုးမိတ်ကုန်းခြေဆို့

ဆရာတော် ဦးသုမန၏ အစီအစဉ်ဖြင့် မန္တလေး၊ ပိုက်ကျုံးမရမ်းခြံ မော်တော်ဆိပ်မှ အသင့်ဖြင်ဆင်ထားသော ကရဝိတ် ဖောင်တော်၌ ဗောဓိပင်ခြောက်ဆူကို တင်ဆောင်၍ ပင့်လာကြရာ ဆရာတော် ဦးသုမန္နင့် ဆယ်တာရွာ ဗောဓိပင် ပင့်ဆောင်ရေးအဖွဲ့ဝင်များ၊ တိုင်းရင်းမြန်မာ ပုဏ္ဏားတော် အဖွဲ့ဝင်များနှင့် ရန်ကုန် မန္တလေးမှ တိပိဋကနိကာယ အဖွဲ့ဝင် လူကြီးအချို့တို့လည်းအတူ လိုက်ပါလာကြသည်။

တန်ဆောင် မုန်းလ ဖြစ်သဖြင့် မြစ်ရေကလည်း ပြည့်ဆဲ၊ လှိုင်းလေကလည်း ငြိမ်သက်နေချိန်တွင် ကရဝိတ်ဖောင်တော်၏ ဝဲ၊ ယာနှစ်ဘက်မှ အမျိုးသမီးကလေးများ၏ လှေတော်ယိမ်းမှ လှော် ခတ် ဟန် နှင့် သီဆိုသံ၊ ဖောင်တော်နောက်မှ ပါလာသော ဆိုင်းအဖွဲ့၊ စည်တော်အဖွဲ့နှင့် အဆိုအက အဖွဲ့တို့မှ ဆိုသံ၊ ကသံ၊ တီးမှုတ်သံတို့မှာ သာယာငြိမ့်ညောင်းလှက်၊ သာသနာ့အလံတော်တွေ တလူလူလွင့်ထူကာ ရေဆန်တွင် တဖြည်းဖြည်းခုတ်မောင်း၍ လာသော ကရဝိတ်ဖောင်တော်ကို ရှုမြင်ရသူတိုင်း ဝမ်းသာကြည်နူး၍မဆုံး ဖြစ်ကြရသည်။

ညနေ လေးနာရီခန့်အချိန် မင်းကွန်း သဲဖြူခြောင်း ဆိပ်ကမ်းသို့ ကရဝိတ်ဖောင်တော် ဆိုက်ရောက်သည်။ ရဟန်းတော်များ၊ သီလရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ လုံခြုံရေး အဖွဲ့ဝင်များက စောင့်ကြို နေကြသည်။ ကရဝိတ်ဖောင်တော်မှ ဆယ်တာရွာ ဆရာ

တော် ဦးသုမနက ပထမ၊ ထို့နောက် ဆရာဦးထွန်းမြင့် ဦးဆောင်သော ပုဏ္ဏားတော် အဖွဲ့၊ ထို့နောက် ဗောဓိပင် ပင့်ဆောင်သည့် လူကြီးများ၊ ထို့နောက်မှ ဖောင်တော်တွင် လိုက်ပါ လာကြသော ပရိသတ်နှင့် ဝင်းအဖွဲ့ စသည်ဖြင့် စနစ်တကျ တန်းစီ၍ ကမ်းပေါ်သို့ တက်ကြသည်။ ထို့နောက် တစ်မိုင်နီးပါးမျှဝေးသော သဲဖြူချောင်းဝရွာမှထန်းမြင့်ရွာအနီး မိုးမိတ်ကုန်းမြေသို့ နေဝင်ရီတရောအချိန်၊ ခြေကျင်လျှောက်၍ အခမ်းအနားဖြင့် ပင့်ဆောင်သွားကြပါသည်။

စိုက်ပျိုးတော်မူခြင်း

မိုးမိတ်ဘုရားရင်ပြင်တော်၌ တစ်ညဉ့်တာ ထားရှိပူဇော်ကြပြီးနောက် ၁၃၄၄ ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ (၂၆-၁၁-၇၂)နေ့ နံနက် ကိုးနာရီအချိန်တွင် (၁)အဂ္ဂမဟာပဏ္ဍိတ အရိယမဂ္ဂင်ဆရာတော်၊ (၂) အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ စစ်ကိုင်းရွှေဟင်္သာ ဆရာတော်၊ (၃) အဂ္ဂမဟာ ပဏ္ဍိတ ရွှေစေတီ ဆရာတော်၊ (၄) အဂ္ဂမဟာ ပဏ္ဍိတ ပဋ္ဌာန်းသိပ္ပံ ဆရာတော်၊ (၅) အဂ္ဂမဟာပဏ္ဍိတ ဦးနန္ဒမဉ္ဇုနှင့်(၆)တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ မင်းကွန်းဆရာတော် အရှင် ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီး ခြောက်ပါးတို့က ဗောဓိသုံးမျိုး၊ ပင်ပျိုခြောက်ဆူတို့ကို မိုးမိတ်ကုန်းမြေတွင် အသင့်စီမံထားသော ပလ္လင်များ၌ စိုက်ပျိုးတော်မူကြပါသည်။

ဗောဓိပင်ဟူသည်

သစ္စာလေးပါးနှင့် ဥယျတရား တို့ကို သိမြင်တော်မူသော သဗ္ဗညုတဉာဏ်တော်ကို ဗောဓိ ဉာဏ်ဟု ခေါ်သည်။ ဗောဓိဉာဏ်ကို ရရှိတော်မူရာဖြစ်သော သစ်ပင်ကို ဗောဓိပင်ဟု ခေါ်ပါသည်။ ဒေသဘူမြတ်စွာဘုရား ပွင့်တော်မူရာ အင်ကြင်းပင်ကို အင်ကြင်းပင် ဗောဓိ။ ကကုသန်၊ ကောဏာဂုံ၊ ကဿပ မြတ်စွာဘုရားရှင်တို့ ပွင့်တော်မူရာ အပင်များကို ကုက္ကိုပင်ဗောဓိ၊ ရေသဖန်းပင် ဗောဓိ၊ ပဒျောင်ပင် ဗောဓိဟုခေါ်ပါသည်။ ယခု ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူရာ ဗောဓိပင်သည် ညောင်နီပင် ဖြစ်လျက် ညောင်ဗုဒ္ဓဟေ ဗောဓိဟု ခေါ်ဝေါ် သိမှတ် ပူဇော် ကြပါသည်။

မဟာသက္ကရာဇ် (၁၀၃) ခုနှစ်၊ ကဆုန်လပြည့်ကျော် တစ်ရက်နေ့ မိုးသောက် ယံတွင် မြတ်စွာဘုရား သည်မဟာဗောဓိပင်အောက် အပရာဇိတပလ္လင်ထက်၌ မာရ်ငါးပါး ကို အောင်မြင်လျက် သမ္မာသမ္ဗောဓိဉာဏ်ကို ရရှိတော်မူသည်။ ထို့ဉာဏ်တော်ရရှိရာ ဌာနနေရာ ဖြစ်သော မဟာဗောဓိပင်ကို ဗုဒ္ဓဘာသာဝင်တို့က မြတ်စွာဘုရားကိုယ်တော်စား ပရိဘောဂစေတီ အဖြစ် ဖြင့် သိမှတ် ပူဇော်ကြခြင်း ဖြစ်ပါသည်။

(၁) မဟာဗောဓိပင်သည် မြတ်စွာဘုရား၏ဖွားတက်တော်(၇ပါး) အနက် တစ်ပါး အပါအဝင်ဖြစ်ရာ ဒုတိယတမ်းမှာ မြတ်စွာဘုရား ဖွား

မြင်တော်မူသည့် မဟာ သက္ကရာဇ် (၆၇)ခု၊ ကဆုန်လပြည့်နေ့မှ စ၍ ပရိနိဗ္ဗာန် စံယူ တော် မူပြီး သည့် နောက် ယနေ့ သာသနာတော်နှစ် (၂၅၃၁)ခွန်စ် ကဆုန်လပြည့်နေ့ အထိ နှစ်ပေါင်း(၂၆၁၁)နှစ်ခန့်မျှ ကြာ ရှိခဲ့ပေပြီ။ ယခု ဗုဒ္ဓဂယာဘုဉ် ရှိနေသော ဗောဓိပင်သည် မူလ မဟာဗောဓိပင်။

(၂) သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော် ဘုံ အရှင် မဟာ မောဂ္ဂလာန် မထေရ်မြတ်သည် မူလ မဟာဗောဓိပင်မှမျိုးစေ့ကို တန်ခိုး အာဘိညာဉ်ဖြင့် ယူဆောင်၍ မြတ်စွာ ဘုရား၏ ခွင့် ပြု ချက် အရ အရှင် အာနန္ဒာ မထေရ်မြတ် စိုက်ပျိုး သော ဗောဓိပင်ပွား(တစ်နည်း)အာနန္ဒာဗောဓိပင်။

(၃) သီရိ ဓမ္မာ သော က မင်း လက်ထက် (ဘီစီ-၂၆၈)တွင် မူလ မဟာဗောဓိပင်၏ လက်ယာတော်ကိုင်းကို အဓိဋ္ဌာန်ဖြင့် ဖြတ်ပိုင်းယူ စေ၍ သီဟိုဠ် (လင်္ကာဒီပ)ကျွန်းဘုံ သမ်းတော် သယ်မိတ္တာထေရီ အရှင် မ စိုက်ပျိုးသော ဗောဓိပင်ပွားကို ဒက္ခိဏာသာခါဗောဓိ (တစ်နည်း) သယ်မိတ္တာဗောဓိပင်ဟူ၍ ဗောဓိပင် သုံးမျိုးကို ဗုဒ္ဓဘာသာဝင်အပေါင်း တို့ကအသိအမှတ်ပြုလျက်ပရိဘောဂ စေတီအဖြစ်ဖြင့် ကမ္ဘာ အရပ်ရပ် တွင် ပင်ပွားများ စိုက်ပျိုးကာ အမြတ်တနိုးပူဇော်လျက်ရှိကြောင်း ဖော်ပြအပ်ပါသတည်း။ ။

ဓမ္မဃောသက

ဦးမောင်မောင်

၁၃၄၉ ခု၊ ကဆုန်လပြည့်နေ့

(၁၂-၅-၈၇)



ကျေးဇူးတော်ရှင်
မင်းကွန်း တိပိဋကရ
ဆရာတော်ဘုရားကြီး၏
ဟဒိယဂ်ကထတ်



ဗောဓိယဂ်ကထတ်

မင်းကွန်း တိပိဋကရ ဆရာတော်ဘုရားကြီး ဗောဓိယဂ်ကထတ် ဆောင်ရွက်တော်မူရာ ဗောဓိပင်သည်ကား ၁၂၉၀ပြည့် အချိန်က သတိုးသီရီသုဓမ္မသေဋ္ဌေးကြီးဆာ ဦးသွင် စိုက်ပျိုးခဲ့သော ဗောဓိပင် ဖြစ်ပါသည်။ သာသနာ့ မိခင်ဆရာကြီး ဒေါ်ဓမ္မစာရီ ဘဝဖြစ်စဉ် စာအုပ်တွင် ထို ၁၂၉၀-ပြည့် အချိန်က ဒေါ်သိန်း၏မိခင် ဒေါ်ကလေးကို အမှူးထား၍ သားသမက် ဆာဦးသွင်-ဒေါ်သိန်းတို့က စေတီတော်များ အနေကဇာတင် ရေစက်ချခြင်း၊ ဘုရားကျောင်း ခေါင်းလောင်းနှင့် ဂူတို့ရေစက်ချခြင်း၊ ဗောဓိပင် စိုက်ပျိုးခြင်းတို့ ပြုလုပ်ခဲ့ကြကြောင်း သိရ၏။ တစ်ဖန် တိပိဋကရ ဆရာတော်ဘုရား ရဟန်း ၂-ဝါ ရစဉ်က (၁၂၉၅ ခု) ရေးစီတော်မူသော ကဆုန် ညောင်ရေသွန်းဘွဲ့ စည်တော်သံ တစ်ပုဒ်မှာလည်း ဤသို့ဖြစ်ပါ၏။ "ထက်အောက်နယ် ဂယက်ပြေးပါဘိ၊ စက်သေဋ္ဌေးဘွဲ့ ဂုဏ်ရှင်။ ရွှေတိဂုံ ဘဏ္ဍာထိန်းရယ်၊ ထိန်းသူတော်စင်။ ထူးတလင် ဦးသွင်နှင့် ဒေါ်သိန်း။ မြို့က်မျိုးမှန်၊ စိုက်ပျိုးကာ သဒ္ဓါသန်လို့၊ နာဂတံ လူ ရှင်များရယ်၊ အားကျဖို့ ကိုန်း။" (ကဗျမာလာ-၂၅)



မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီးချီးမြှင့်အပ်သော

မဟာဇောဓိဝန္ဒနာ

(၄) ဂါထာ

ပါဠိ+အနက်

ကျေးဇူးရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ၁၃၄၄ ခု၊ တန်ဆောင်မုန်းလဆန်း (၁၁)ရက်နေ့၊ နံနက် (၉) နာရီအချိန်၊ မင်းကွန်း တောင်ရိုး မိုးမိတ်စေတီတော်ကြီးများ ကုန်းမြေတွင် မဟာဇောဓိ၊ ဏာနန္ဒာ ဇောဓိ၊ သယ်ဓိတ္တာဇောဓိ ဇောဓိပင် သုံးမျိုး၊ ပင်ပျို (၆)ဆူတို့ကို အသင့် စီမံထားသော ပလ္လင်များပေါ်တွင် စိုက်ပျိုးတော်မူကြရာဝယ်၊ ပူဇော်နိုင်ကြ စေခြင်းငှာ ဤ မဟာဇောဓိဝန္ဒနာ (၄) ဂါထာတို့ကို အနက် နိဿယတို့နှင့် တကွ ချီးမြှင့် ပေးသနားတော်မူပါသည်။ ထို မဟာဇောဓိဝန္ဒနာ (၄)ဂါထာ နှင့် အနက် နိဿယတို့သည် ကျေးဇူးရှင် ပထမ ဓမ္မနာဒ ဆရာတော် ဘုရား ဘဒ္ဒန္တပညာစက္ကာ၊ အဘိဓဇမဟာရဋ္ဌဂုရု ပဒ္ဓာန်းဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသ (မစိုးရိမ်)၊ သာသနာ့မိခင်ကြီး ဒေါ်ခမ္မစာရီနှင့် မင်းကွန်း တိပိဋကဓရ ဆရာတော် ဘုရားတို့ ပါဠိဋီရေးစီခြင်း၊ မြန်မာအနက် နိဿယ ပြန်ဆိုတော် မူခြင်း ပြုတော်မူသော ဂါထာနှင့် အနက်နိဿယ စာတော်များ ဖြစ်သည်။ ကြိုးစား ရွတ်ဖတ် ပူဇော် ဝန္ဒနာတော်မူကြပါကုန်။ ။

သစ္စဝါဒီဋ္ဌိကာ ကျမ်းပြုဆရာကြီး ဒေါ်မမူစာရီ

၁။ ဝန္ဒေ ဝန္ဒေ+ဟ+မသာတ္ထိုး၊ ယတ္ထ သန္တိဇီတော ဇီတော။
ကာမော ကာမောဃ-တိဏ္ဏော၊ ဗုဒ္ဓေန ဝသတာ သတာ။

ယတ္ထ၊ အကြင် စိမ်းလဲ့မြရောင် ပင်ညောင်ဗောဓိ သီရိရွှန်းဝေ ဗုဒ္ဓဟော်၌ ဝသတာ၊ဝသန္တေန၊ကြည်လင်ရွှင်ပြုံး သီတင်းသုံး စံနေတော်မူသော်။သတာ၊ သန္တေန၊ သူတော်ကောင်း အပေါင်းတို့၏ အထွတ်ဦးသျှောင် အခေါင်အဖျား သူတော်ကောင်း အမြတ်စားကြီးလည်း ဖြစ်တော်မူပေထသော်။ ကာမေဃတိဏ္ဏော၊ ရူပ+သဒ္ဒစသည် ဖုံဖုံ ကာမဂုဏ်ဝဲ သြဃထဲမှ ခွာရှဲ ကူးမြောက်တော် မူပြီးထသော်။ ဗုဒ္ဓေန၊ သစ္စာ+ဉေယျ ဓမ္မအပုံ အလုံးစုံကို အကုန်သိမြင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ကာမော၊ ညောင်ဗုဒ္ဓဟေ ပလ္လင်ဗေဒဝယ် ကြိတ်ချေနှိပ်နင်း ရဲတပ်ခင်းရှဲ အတင်းတိုက် ခိုက်ရန် ချီတက်ရှဲလာသော ဝသဝတ္တီ ပုရိစိုးအုပ် မာရ်နတ်အယုတ်ကို။ သန္တိဇီတော၊ ပါရမီဆယ်ပါး တရားလက်နက် ဘုန်းတော်စက်ဖြင့် ဖြိုဖျက် ခြောက်လှန့်အပ်သည် ဖြစ်၍၊ ဇီတော၊ ကမ္ဘာမြေကြီး ပဲ့တင်ဟည်းလျက် အောင်ခြင်းကြီး အောင်တော် မူလေပြီ....။ တံအဿတ္ထိုး၊ ထိုမာရ်နတ်မင်းကို နှိမ်နင်းအောင်မြင်ရာ မဟာဗောဓိ သီရိ ဖြိုးလှိုင် မက္ကိုင်အောင်ခန်း ရွှေညောင်နန်းကို။ အဟံ၊ ဘေးအတန်တန် ရန်မာရ် အပေါင်း အောင်ကြောင်းရည်ရော် တပည့်တော်သည်။ ဝန္ဒေ ဝန္ဒေ၊ အကြိမ် အကြိမ် သဒ္ဓါဒိန်ဖြင့် ဦးနှိမ်ညွတ်ကျိုး တုံ့ဝပ်လျှိုး၍ ရှိခိုးပူဇော်ပါ၏အရှင်ဘုရား....။ ။

[ပါဠိကို ရွေးဆရာကျော်တို့ ရေး၍ အနက်ကို သစ္စဝါဒီဋ္ဌိကာ ကျမ်းပြုဆရာကြီး ဒေါ်မမူစာရီ ရေးသား သည်။]

ပထမ ဓမ္မနာဒ ဆရာတော်



တိပိဋကဓရ အဂ္ဂ ဝံဝိတ္တဿာဘိဝံသ

၂။ ဗုဒ္ဓါတုလရဝိန္ဒဿ၊ ဒိပ-မာဇေဒါဒယာလယံ။
ဃနန္ဓကာရ လောကမ္ဗိ၊ ဇေဝမိရကွဲ နမာမ+ဟံ။

ဃနန္ဓကာရ လောကမှိ၊ အဝိဇ္ဇာမှိုင်း ပိတ်ကာဆိုင်း၍ ဟုတ်တိုင်းမကြံ မှန်တိုင်းမသိ လောင်မီးငြိသို့ မျောင်အတိပြီး လောကကြီး၌။ ဗုဒ္ဓါတုလရဝိန္ဒဿ၊ သစ္စာလေးချက် တရားနက်ကို ပြက်ပြက်ကုန်စင် သိမြင်ထိုးထွင်း ဉာဏ်အလင်းကို အပ်နှင်း ပေတတ် ဘုရားမြတ်ဟု နှိုင်းအပ်သည်မူ မပြူပကင်း ရှင်နေမင်း၏။ ဒီပံ၊ ရှစ်သောင်း လေးထောင် တရားရောင်ကို ပြောင်ပြောင်ရွှန်းဝေ ပထွန်းစေလျက်။ အာဒေါ-ဒယာလယံ၊ အစပကတူး ကွန့်မြူးရွှန်းစက် ကျွန်းလုံးလက်အောင် ထွန်းတက်တော် မူရာ အပရာဇိတ ဌာနပညတ် မြတ်သောနေရာလည်း ဖြစ်ပေထသော။ ဇေဝိရကွဲ၊ မြအလှိုင်ယုက် ဗိတာန်ခက်သို့ အရွက်ဝေဖား သရေကြွားရှ ငွေသားပင်စည် ဖူးတိုင်း ကြည်သည့် စေတီတော်ဝင် ဇေဝိပင်ကို။ အဟံ၊ ရုပ်နာမ်နှစ်ရပ် ပရမတ်ကို အတ္တ မှည့်ခေါ် တပည့်တော်သည်။ နမာမိ၊ ငါးချက်တည်မျိုး ပြည့်ပြည့်ဖြိုးခြံ ရှိခိုးဦးညွှတ် ပါ၏ ဘုရား....။ ။

(ပါဠိကို ပထမ ဓမ္မနာဒ ဆရာတော်ရေး၍ အနက်ကို တိပိဋကဓရ အဂ္ဂ ဝံဝိတ္တဿာဘိဝံသ ရေးသားသည်။)

ပထမ ဓမ္မနာဒ ဆရာတော်

ပဌာန်းဆရာတော် အဘိဓဇ အရှင်ဝိသုဒ္ဓဇော်

၃။ နဝဒွါဝေဏိကေ ဓမ္မော၊ ပဘာဝေတံ မဟာလယံ။
အတုလုသဝ-သခ်ိါရံ၊ ဇေဝဓိရက္ခ နမာမ+ဟံ။

နဝဒွါဝေဏိကော၊ မည်သူမဆိုင် ကိုယ်တော်တိုင်လျှင် ပိုင်နိုင်သီးခြား ကြီးမား မြင့်မြတ် လွန်တင့်အပ်သား ဆင့်ထပ်ဖြိုးညီ ကိုးနှစ်လီ ပေါင်းစပ်၍ တည်ကုန်သော။ ဓမ္မော၊ အာဝေဏိက ဘုရားကျေးဇူး ဂုဏ်အထူးတို့ကို။ ပဘာဝေတံ၊ မည်သူတစ်ဦး မရဖူးလျက် ပကတူး ရှေ့ဖျား ထုံပွားရာလည်း ဖြစ်ပေထသော။ မဟာလယံ၊ မဟာ ပုရိသ မဇ္ဈိမလောင်းလျာ သူတော်စွာတို့ နေရာထိုင်ရာ ဘာဏ်ကြည်ရာလည်းဖြစ်တော် မူပေထသော။ အတုလုသဝ-သခ်ိါရံ၊ အတုလတွဲနှင် အောင်သဘင်ကို ဆင်ယင်ခင်းပြ ကျင်းပ စီရင်ရာလည်း ဖြစ်ပေထသော။ ဇေဝဓိရက္ခံ၊ မြသား မြရွက် မြက် မြညှာ ဝေဆာတင့်ဆန်း ပညောင်နန်းကို။ (ဝါ) သဗ္ဗညုဉာဏ် ရင့်သန်ပွင့်လင်း ငါးသင်း မာရ်နှင် ဇေဝဓိပင်ကို။ အဟံ၊ ညောင်စေ့ပမာ စေတနာကြောင့် ခေမာသဘင် ညောင်ပင် အလား ဖွံ့ထွားစေမှု အောင်ဆုရည်ရော် တပည့်တော်သည်။ နမာမိ၊ ကိုယ် ရော+နှုတ်ပါစေတနာဖြင့် သဒ္ဓါရိုကျိုး လက်စုံမိုး၍ရှိခိုးဦးတင်ပါ၏ အရှင်ဘုရား....။ ။

(ပထမ ဓမ္မနာဒ ဆရာတော် ရေးသားသော ပါဠိကို ပဌာန်းဆရာတော်
အဘိဓဇ အရှင်ဝိသုဒ္ဓဇော် စစ်အတွင်းကာလက အနက်ပြန်သည်။

ပထမ ဓမ္မနာဒ ဆရာတော်



တိပိဋကဓရ အရှင်ဝိစိတ္တသာရာဘိဝံသ

၄။ ဝရေ ဗုဒ္ဓကရေ ဓမ္မေ၊ ပဘာဝေတံ သုခါလယံ။
ဓမ္မသဘာယ-သခ်ါရံ၊ ဗေဘမိရက္ခံ နမာမ+ဘံ။

ဝရေ၊ လွန်ကဲထူးမြတ် တောင့်တအပ်ကုန်သော။ ဗုဒ္ဓကရေ၊ သဗ္ဗညုတ ဘုရား အဖြစ်ကို စင်စစ်ပြုတတ်ကုန်သော။ ဓမ္မေ၊ ဆ အသာဓာရဏဉာဏ်တော်+ဒသဗလ ဉာဏ်တော်+စတုဒသသာရဇ္ဇဉာဏ်တော် အစရှိသော ဘုရားဘုန်းဂုဏ် အလုံးစုံတို့ကို။ ပဘာဝေတံ၊ မည်သူတစ်ဦး မရဖူးလျက် ပကတူးရွေ့ဖျား ထုံပွားရာလည်း ဖြစ်ပေထသော။ သုခါလယံ၊ အမတမာတ် ချမ်းသာမြတ်ကို ရက်သတ္တကြာ ခံစံကာဖြင့် နေရာထိုင်ရာ ဉာဏ်ကြည်ရာလည်း ဖြစ်ပေထသော။ ဓမ္မသဘာယသခ်ါရံ၊ တစ်ထောင်ငါးရာ ကိလေသာစက်အဓမ္မစစ်မက်ကို ကြိတ်ဖျက်မှုန်းခြေ ရှုံးပ, စေလျက် ဘုန်းတေဇော် အား ကာဖြန့်လွှားရ တရားသဘင် ဆင်ယင်ခင်းပြ ကျင်းပ စီရင်ရာလည်း ဖြစ်ပေထသော။ ဗေဘမိရက္ခံ၊ မြအလျှံယှက် ဗိဘာန်ခက်သို့ အရွက်ဝေဖား သရေကြွားရ ငွေသားပင်စည် ဖူးတိုင်းကြည်သည့် စေတီတော်ဝင် ဗောဓိပင်ကို။ အဟံ၊ ရုပ်နာမ် နှစ်ရပ် ပရမတ်ကို အတွေ့မှည့်ခေါ် တပည့်တော်သည်။ နမာမိ၊ ငါးချက်တည်မျိုး ပြည့်ပြည့်ဖြိုးရ ရှိခိုးဦးညွတ်ပါ၏ဘုရား။ ။

(ပထမ ဓမ္မနာဒ ဆရာတော် ရေးသားခဲ့သော ပါဠိကို တိပိဋကဓရ အရှင်ဝိစိတ္တသာရာဘိဝံသ စစ်အတွင်းကာလက အနက်ပြန်သည်။)
မဟာဗောဓိဝန္ဒနာ (၄) ဂါထာ ပါဠိ+အနက် ပြီး၏။

မင်္ဂလာခေါင်တည့်၊ မျို့ပေါင်းစည်၍၊ ဝွန်ရှည်သာသနာ၊ ငါးထောင်ကြာသား၊ မဟာအဂ္ဂ၊ ပဏ္ဍိတနှင့်၊ အဘိဓဇ၊ မဟာရဋ္ဌဂုရု၊ ဂုဏ်ပေါင်းစုသည်၊ ပြည်သူ့ဆရာ၊ ထွေရ်မဟာဟု၊ လူ့ရွာနတ်သိ၊ ကျော်ကိတ္တိ တည့်၊ တိပိဋကရေ၊ ဓမ္မဘဏ္ဍာ၊ ဂဠိကာလျှင်၊ ရှစ်ခါတစ်သောင်း၊ လေးထောင်ဆောင်းသား၊ ဆူပေါင်းဒေသနာ၊ ဓမ္မက္ခန္ဓကို၊ ကိုယ်မှာထည့်သွင်း၊ ကိန်းဝပ်ခြင်းကြောင့်၊ မင်းမင်းညွတ်ခ၊ ပူဇော်ကြတည့်၊ ဂဏနတူစွာ၊ ယူဇနာဖြင့်၊ သခ်္ခာအပေါင်း၊ လေးသောင်းနှစ်ထောင်၊ နှစ်ဆဆောင်သည့်၊ ရွှေတောင်မြင်းမိုရ်၊ လေးရောင်ပျိုထက်၊ ဆ-ပို-ဆပေါင်း၊ မြတ်လှတောင်းတည့်၊ ရှစ်သောင်းလေးထောင်၊ သခ်္ခာဆောင်သား၊ ဘုန်းခေါင်သာသနာ၊ ဓမ္မက္ခန္ဓာကို၊ စေတိယာထူးမြတ်၊ ပိဋကတ်ဟုံ၊ လူနတ်ပြဟ္မာ၊ တင်ဉီးပြာလျက်၊ ပူဇော-ပူဇီ၊ တုမရှိကို၊ ထူးဘိသာဝင်၊ မော်ကွန်းတင်တည့်၊ "စိန်ဆင်ရတဲ့"၊ ကောင်းမှုမှု၏၊ မြတ်ဆုထိပ်ဆူ၊ သရဖူသို့၊ ပူဇော်ထွတ်မြတ်၊ "ပိဋကတ်စေတီ"၊ အုတ်မြစ်စီလျက်၊ သွင်းပြီဌာပနာ၊ နတ်ကူလာ၍၊ အောင်ချာမင်းကွန်း၊ မိုးမိတ်ကွန်း၏၊ မော်ကွန်းမဟာ၊ မဂ်လာကို၊ မဟာသရေ၊ စည်သူဝေသား၊ ဆုခြွေပန်ကာ၊ ဦးချမ်းသာ၊ ကမ္ဘာကျွန်းအောင်၊ မော်ကွန်းထောင်လျက်၊ ငွေရောင်သာခွာ၊ ဘော်ကျောက်လွှာတွင်၊ ရွှေစာကျောက်ထက်၊ နတ်ကူသက်၍၊ ပတ်လျက်ထောင်ကာ၊ စေတိယာ၏၊ မျက်နှာလေးရပ်၊ လက်စပ်ဖြင့်၊ ကျောက်ချပ်တစ်ဆယ်၊ ဉာဏ်ပဉ်ကြွယ်တည့်၊ တဖြာရွေ့သွား၊ "နောင်တော်ဘုရား"ဟု၊ ငွေသားပုံတူ၊ ပူဇော်မှုလျက်၊ ဗိုလ်လူပေါင်းစု၊ "စိန်ရတု"တွင်၊ ကောင်းမှုထွေထွေ၊ များလှပေ၍၊ ရေသော်မဆုံး၊ စာစီကုံးလည်း၊ အရှုံးရကာ၊ လက်ပမ်းရှာလိမ့်၊ မဟာအဂ္ဂ၊ ဘိဓဇဟု၊ ဝိစိတ္တာသာရ၊ တိပိဋကဓ၏၊ မဟာတ္တဂုဏ်ကြီး၊ အံ့ချီးချီးကို၊ အပြီးဆိုပိုင်၊ မကုန်နိုင်တည့်၊ ဘုန်းလိုင်တောက်ပ၊ ကိုးမျက်လှည့်၊ ရတုစိန်ခဲ့၊ ဣန္ဒနီမှ၊ ကျောက်စီပတ္တမြား၊ ငမောက်ကြားမည်....မိုးဖျားသိကြား တာဝန်တည်း။

တိဝိဋကဓရ
ငွေရတု+ရွှေရတု
စိန်ရတုဂုဏာ
သမိုင်းလင်္ကာ(၅)ပုဒ်မှ
ပိဋကတ်ဒေတီ
သမိုင်းလင်္ကာ

စာဆိုတော်
မဟာသရေစည်သူ
ဦးချမ်းသာ
(လက်ဝဲမင်းညို)
စပ်ဆိုသီကုံးသည်။

ဖတ်ကြားပူဇော်သူ
အဆိုကျော်–မာမာအေး

ထူးဉဇဝတီ
ဖူးရဖေပြီ ကျူးလွှာဘေရီ

လက်ရာစံထား

သက္ကရာဇ် ၁၃၄၇ ခု၊ တော်သလင်းလဆန်း (၁၁)ရက်မှ လပြည့်နေ့အထိ မင်းကွန်း မိုးမိတ်ကုန်းတော်တွင် ဗုဒ္ဓပူဇနီယပွဲတော်ကိုခါတိုင်းအခါများနှင့်မတူ(၂၅)နှစ်မြောက် ငွေရတု ပူဇော်ပွဲလည်းဖြစ် သော ကြောင့် ထူး ခြား စွာ ကျင်းပကြသည်။ ဆယ်တာ ဆရာတော်က ထီးတော် အစရှိသော လှူဖွယ်ပစ္စည်းများနှင့်တကွ တိပိဋ္ဌကဓရ၊ဒွိပိဋ္ဌကဓရ၊ ကေပိဋ္ဌကဓရ နှင့် နိကာယ်စာအောင်ကျမ်းစွဲဘွဲ့ရ အာဇာနည်လောင်းများကို အခမ်းအနား သိုက်မြို့က်စွာဖြင့် မန္တလေးဘက်မှ မင်းကွန်း မိုးမိတ် ကုန်းတော်ဘက်သို့ ကရဝိက် ရေယာဉ်များဖြင့် ပင့်ဆောင်လာရာ ကမ်းနဖူးက ဦးညွတ်ကာ ကြိုဆို ကြပါသည်။ အာဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋ္ဌကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ မင်းကွန်းဆရာတော်ဘုရားကြီး အမှူးပြုသော တိပိဋ္ဌကနိကာယ သာသနာပြု အဖွဲ့ကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် မန္တလေး၊ စစ်ကိုင်း၊ ရန်ကုန်ဌာနများမှ အမှုဆောင်များ၊ စစ်ကိုင်းတိုင်း ကောင်စီ ဥက္ကဋ္ဌကြီးနှင့် တိုင်းရဲမင်းကြီးတို့က ဦးဆောင်ကျင်းပသော ပွဲကြီးဖြစ်သည်။ မိုးမိတ်စေတီတော်၊ ခြေတော်ရာစေတီတော်၊ ရွှေဘုန်းပွင့် စေတီတော်များတွင် ရွှေထီးတော်များကို တင်လှူခြင်း၊ရွာအများက အတီးအမှုတ်

ဖြင့် အစဉ်အလာ မပျက် အလှည့်ကျလာကြကာ ဆွမ်းတော်ကြီးကပ်လှူခြင်းများကို စည်ကားသိုက်မြိုက်စွာ ပြုလုပ်ကြပါသည်။

တိပိဋကရ ဆရာတော်ဘုရား တိပိဋကရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော် ခံယူရရှိသော နှစ်ဆယ့်ငါးနှစ်မြောက် ငွေရတုပူဇော ပွဲ၏ လပေါင်း (၇၅) လမြောက် ငွေရတုမှ စိန်ရတုပူဇော်ပွဲ အထိမ်းအမှတ်အဖြစ် ပိဋကတ် စေတီတော်နှင့် ကမ္မဝါကျောက်စာတိုက် စေတီတော် များတွင်လည်း ရွှေထီးတော် အသစ်များကို တင်လှူကြသည်။

တိုပိဋကရ၊ ဒုတိယပိဋကရ၊ ကေပိဋကရ အရှင်မြတ် (၁၀) ပါးတို့အား ဂုဏ်ပြုပူဇော်ပွဲနှင့် တိပိဋကနှင့် နိကာယ စာအောင်ကျမ်းစွဲဘွဲ့ရ အရှင်မြတ် များကိုလည်း ဂုဏ်ပြုပူဇော်ပွဲကို စည်ကားစွာ ကျင်းပကြပါသည်။



ကမ္မဝါစေတီ

စက်တော်ရာပြာသာဒ်



?[illegible] ခရိုမှ မင်းကွန်း တိ=နိ သာသနာပြုအဖွဲ့

စစ်ကိုင်း၊ မင်းဝံ့၊ မင်းကွန်း တောင်ရိုးမှ ရဟန်းတော် အပါး (၅၅၀) ပါး၊ သာမဏေ အပါး (၄၅၄) ပါး၊ သီလရှင် အပါး (၂၃၆၀)ပါးတို့ကိုဆွမ်းကပ်လှူပြီး သက်ဒန်းဝတ်စုံများ လှူ၍ စာရေးတံ မဟာဒါန အလှူပွဲကြီးကိုလည်း ပူဇော်ကျင်းပကြပါသည်။ မင်းကွန်း ဓမ္မနာဒတိုက်အုပ်ဆရာတော်ဦးဥက္ကံ သာဘိဝံသ၏ ရုပ်တုတော်ကိုလည်း ပင့်ဆောင်၍ ရွတ်ဖတ်ပူဇော်ကြပါသည်။ ရှင်(၄)ရှင် ပူဇော်ပွဲနှင့် မဟာဒါနပွဲကြီးတွင် အနုပညာရှင်များ ပါဝင်ကာ ဆင်ယင်ကျင်းပကြပါသည်။

ထူးမြတ်လှသော တိပိဋကဓရ ဆရာတော် ဘုရားကြီး၏ ထူးစွာ့စေတီကို ဖူးကြရပေပြီဖြစ်ကြောင်းကို ဘေရီကျူးကာ အနည်းငယ် တင်ပြလိုပါသည်။ ရှေးဦးစွာ ထူးမြတ်လှသော ပထမဦးဆုံးဖြစ်သော တိပိဋကရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော်နှင့် ပတ်သက်၍ထူးခြားချက်များကို အကျဉ်းမျှ တင်ပြလိုပါသည်။ သာသနာတော်စက် ငါးထောင်ဝက်သို့မရောက်မီနှစ်အနည်းငယ် ကာလအတွင်း သာသနာ့အောင်လံအဆူဆူကို ဆွတ်ခူကာ ဆွတ်ခူးပြီးနောက် တိပိဋကရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကာ (၄)နှစ်အတွင်းဂဏ်ထူး ဝိသေသလေးချက်ဖြင့် တံခွန်လေးဆူ စိုက်ထူအောင်မြင်တော်မူခဲ့ခြင်း၊ ဆထသင်္ဂါယနာတင် ဓမ္မသဘင်ကြီးတွင် ပဌမသင်္ဂါယနာတင်ပွဲမှာ အရှင်ဥပါလိ၊ အရှင်အာနန္ဒာ မထေရ်မြတ်တို့ တာဝန်မျိုးကို ဝိသဇ္ဇကအဖြစ်တာဝန်ထမ်း



ဆောင်ခဲ့ခြင်း၊ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးတွင်လည်း အရှင်မောဂ္ဂလိပုတ္တာ၊ အရှင်အရဟံစသော အရှင်မြတ်များကဲ့သို့ ဆောင်ရွက်ခြင်း၊ အဆက်မပြတ်ပဲ သာသနာ့ အာဇာနည် အမြုတေများ ပေါ်ထွက်နိုင်ရေးကိုမျှော်မှန်း၍ တိပိဋကဟူသောနိကာယတကွဲသိုလ်ကို မိုးမိတ်ကုန်းတော်တွင် စတင်ဖွဲ့စည်းတည်ထောင်ခြင်း၊ ရန်ကုန်မန္တလေးမြို့များတွင် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် ဆောက်လုပ်ရေးအတွက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ တာဝန် ပေးချက်များကို ခံယူကာ ကမ္ဘာတွင် ဗုဒ္ဓသာသနာ ပြန့်ပွားရေးကို မျှော်မှန်းပြီး ဆောင်ရွက်နေခြင်း၊ မဟာဗုဒ္ဓဝင်တော်ကြီးကို ပြည့်စုံစွာ ပြုစုခြင်းစသည့် ဂုဏ်များစွာတို့ကြောင့် တိပိဋကရ ဆရာတော် ဘုရားမှာ အလွန်ထူးမြတ်သော ပုဂ္ဂိုလ် ဖြစ်ကြောင်း အကျဉ်းမျှတင်ပြခြင်း ဖြစ်ပါသည်။

ထိုပိဋကတ်စေတီမှာ ထူးမြတ်သော ပထမဆုံး တိပိဋကရဘွဲ့တော်ရ ဆရာတော်က တည်ထားသော ပထမဆုံး မြေစိုက်စေတီဖြစ်၍လည်း ထူးလှပေသည်။ မြေစိုက်မမှစေတီမှာရှားပါးလှသော စေတီမျိုးဖြစ်၍ ပိဋကတ်သုံးပုံကို အာဂုံဆောင်သော ပထမ တိပိဋကရ ဆရာတော် ဘုရားက တည်ထားသောကြောင့်လည်း ထိုပိဋကတ် စေတီမှာ ထူးလှပေသည်။ မိုးမိတ်ကုန်းတော်တွင်ထူးခြားသောစေတီကိုရှာလျှင် ပိဋကတ်စေတီကို တွေ့မြင်ဖူးမြော်ရပေမည်။ အနူ ပညာဂုဏ်မြောက် တည် ဆောက် ထားသော စေတီကို ညွှန်ပြပါဆိုလျှင်လည်း ထိုပိဋကတ် စေတီကိုပင် ညွှန်ပြရပေကော့မည်။ ခေတ်အဆက်ဆက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုဂုဏ်ရည်ကို ဆောင်သော စေတီကို ညွှန်ပြပါဆိုလျှင်လည်း မိုးမိတ်ကုန်းတော်တွင် ထိုပိဋကတ်စေတီကိုပင် ညွှန်ပြရပေတော့မည်။

အကြောင်းကား ဤသို့တည်း။ ပိဋကတ်စေတီတော်မှာ (က)ဥာဏ်တော်အား ဖြင့် ပဋ္ဌာန်း ၂၄ပစ္စည်းအရ ၂၄ တောင်၊ ပေအား ဖြင့် ၃၆ ပေ၊ ကိုးနဝင်းကြေ စေတီဖြစ်ခြင်း၊ (ခ) စေတီတော်၏ကွန်းတောင်လေးဘက်မုခ်ဦး လေးခုတွင် မုဒြာလေးမျိုးဖြင့် ဆင်းတုတော်လေးဆူထား၍ ပူဇော်ရာတွင် ဤဘဒ္ဒကမ္ပာတွင် ပွင့်တော်မူပြီးသော ဘုရား ၄ ဆူဖြစ်၍ ခေတ် ၄ ခေတ်ဖြစ်သော သရေခေတ္တရာ၊ ပုဂံ၊ အင်းဝ၊ ကုန်းဘောင်ခေတ်က ပုံတော်မျိုးကို ထုလုပ် ထား ခြင်း၊ (ဂ) ပစ္စယာ သုံးဆင့်တွင် စကျင်ကျောက်ဖြင့် ထုလုပ်၍ ပိဋကတ် သုံးပုံ၊ အဋ္ဌကထာ၊ ဋီကာနိဿယ

ထီးတော်တင်ပွဲသို့ ဆရာတော်ဘုရား မျှားကြွတော်မူစဉ်

ဝိဋ္ဌကတ်စေတီ ထီးတော်စိန်ဖူးတော်တို့ကို

အစုံ စာအုပ်ရေ ၅၀၀ ကျော်ကို ကြည်ညိုဖွယ်ရာ ထောင်၍ စီထား သကဲ့သို့ ပါရှိခြင်း၊ (ဃ) ပစ္စယာသုံးဆင့်၏ ခါးလယ် (ပတ်လည်) တွင် ကျောက်ပြားများ၌ တိပိဋကရ ဆရာတော်ကြီးအား လှူဒါန်းပူဇော်ခဲ့ကြသည့် တံဆိပ်တော်များ ပုံတူကို ထွင်းထုဖော်ပြ ထားခြင်း၊ (င) ရင်ပြင်တော် နှစ်ဆင့်ဖြစ်ပြီး ဒုတိယ ရင်ပြင်တော်တွင် စာဆိုတော် မဟာသရေစည်သူ ဦးချမ်းသာ ရေးသားပူဇော်သော မင်းကွန်း+မိုးမိတ်+မဟာ မင်္ဂလာမော်ကွန်း ကျောက်စာများကိုပတ်လည်၍ ထားရှိခြင်း၊ (စ) ထိုစေတီနှင့် ကျောက်စာများကို နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗရုပ် ၂ ရုပ်နှင့် စတုမဟာရာဇ်နတ်မင်းကြီး ၄ ရုပ်၊ သိကြားမင်းနှင့် မြဟွာမင်း ၂ ရုပ်စီ၊ ပေါင်း ၁၀ ရုပ်ကို လှေကား(၉) စင်း၏ ဝဲယာတွင် ထားရှိခြင်းတို့

တိဝိဋ္ဌကဓရ ဆရာတော်ကြီး ဘွဲ့တံဆိပ်ဝင် တော်များ စုဝေးပြသထားပုံ



အလှူရှင်များက ပင့်ဆောင်လာကြပုံ

ကြောင့် အနုပညာ ဂုဏ်ရည် ၆ ချက်ဖြစ်သော ထိန်းသိမ်းချုပ်ကိုင်ခြင်းသဘော၊ မဲတင်းညှိပေးခြင်းသဘော၊သဘာဝယုတ္တိမှန်ကို သက်ရောက်စေခြင်း သဘော၊ အချိုးအစားကျန ပြေပြစ်ခြင်း သဘော၊ စည်းလုံး ညီညွတ်ခြင်း သဘော၊ ကာလဒေသနှင့် လျော် ကန် ခြင်း သဘောများနှင့် ပြည့်စုံ ညီညွတ်လှသောကြောင့် 'သိကြားစေယုံ၊ ဝိသကြုံက၊ စွမ်းကုန်စီမံ၊ လုံမကျန် အောင်၊ မွမ်းမံ ဖန်တီးခြင်း ဖြစ်လေသလော' ဟု တွေးဆ ဖွယ်ပင်။

မင်းကွန်း တိပိဋ္ဌကဓရ ဆရာတော် ဘုရားကြီးက အထူးအလေးထားကာ မိန့်ကြားတော် မူလေ ရှိသော မြန်မာ့ အနုပညာကို ထိန်းသိမ်းသည့် စနစ်ဖြစ်သော ရင်ပြင်၂ဆင့်၊ ပစ္စယာ ၃ ဆင့်၊ ကွန်းတောင်တက်စေတီဖြစ်ပါသည်။ဓမ္မကွန်ရာ ဂ၄၀၀၀ကို ပူဇော်သော



မမွစေတီ ဖြစ်သော်လည်း မာတ်တော် မွေတော်များနှင့် ရုပ်ပွားတော်များ ပါရှိ၍ မာတု စေတီ၊ ဥဒ္ဒိဿ စေတီလည်း ဖြစ်ပါသည်။

သက္ကရာဇ်၁၃၄၃ခုတော်သလင်းလပြည့်နေ့ နံနက် အခါတော်ပေးသည်နှင့်အညီ မင်းကွန်းတိပိဋကဓရ ဆရာတော် ဘုရားကြီး အမှူးပြု၍ တိ=နိသာသနာပြုအဖွဲ့ သြဝါဒါစရိယ ဆရာတော်ကြီး များနှင့် သာသနာ့ အာဇာနည် လောင်း ၁၅၀ ကျော်က ရွှေဆောင်ကာ စစ်ကိုင်းတိုင်း ကောင်စီ ဥက္ကဋ္ဌကြီး နှင့် တိ=နိအဖွဲ့ နာယကကြီးများ၊ ဥက္ကဋ္ဌကြီး ဦးသာလှခေါင်းဆောင် သော အမှူဆောင်များ၊ ထီးတော် အလှူရှင် ဦးချမ်းသာ၊ ဒေါ်တင်တင်မေ၊ ငှက်မြတ်နား အလှူရှင် ပင်လုံ ဒေါ်ကြည်ကြည်၊ စိန်ဖူးတော် အလှူရှင် အမေဖုံ၊ သား ဦးမြင့်နှင့် အလှူရှင် များစွာတို့က ထီးတော်၊ ငှက်မြတ် နားတော်၊ စိန်ဖူးတော် စသည်များကို ဝင်းတော်ခင်းကျင်းကာ အခမ်းအနား ဖြင့် မင်းတေဇကုန်း ပိဋကတ်စေတီ ရှိရာသို့ ပင့်ဆောင်ပြီး၊ ထီးတော်ကို တင်လှူကြသည်။ ဆရာတော် ဘုရားကြီး များနှင့် အာဇာနည် လောင်းလျာ(၁၅၀) ကျော်က ဗုဒ္ဓ အာဘိသိက်တော်ကို သွန်းလောင်း၍ အနေကဇာ တင်တော် မူကြသည်။ ထူးလှသော မင်းကွန်း တိပိဋကဓရ ဆရာတော် ဘုရားကြီး၏ ဦးစွာ စေတီမှာ ထူးလှပေ၍ ဖူးမဝနိုင်သဖြင့် အကြိမ်ကြိမ် ဦးချကာ နှုတ်ဆက်၍ ရည်စူး၍ ဘေရီကျူးလိုက်ရပါသတည်း။ ။

လက်ျာစံထား

မင်းကွန်း
တိပိဋကဝရဆရာတော်ကြီး၏
တိပိဋကဓရ မဟာဃောသာဘိဓာန်
ဘွဲ့တံဆိပ်တော်ရ
အထိမ်းအမှတ်
တည်ထားသော
ပိဋကတ်စေတီတော်
မှတ်တမ်းတင်စာတိုက်ကြီး

ပထမဌာပနာတိုက်
ပိတ်ပွဲ အခမ်းအနား



အလယ်ဌာပနာကြွတ်
ဌာပနာတော်မျှားနှင့်



ကွမ်းတောင်မှမ်လေးမှမ်ဌ
ဒေတ်လေးဒေတ်ဟန်
ဆင်းတူတော်လေးဆု
အနုတရတင်

ပဋ္ဌာကတ်စေတီတော်
ဗိန္ဓပူးတော်
ထီးတော်တင်ပွဲ
အခမ်းအနား

ရွှေထီးတော်ကို၊ နတ်ဆော်မြူးကြွ၊ သိန္နောကသည့်၊ ဟာတလိန္ဒင်၊
ဆယ်နှယ်ဥပြင့်၊ တင်ဆောင်ဆက်ရာ၊ ထေရ်မဟာက၊ ခေမာကိုဩန်း၊
ထီးတော်ထွန်းတည့်။ ။

< လက်ဝဲမင်းညီ၏ သိရိမင်္ဂလာ ရတုပုဒ်စုံမှ>



မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဘွဲ့တံဆိပ်တော်ရ အထိမ်းအမှတ်

ပိဋကတ်စေတီတော် အင်ကြင်း

သိင်္ကောင်းပွယ်ရာအဖြာဖြာ

မောင်အေးမြင့်၊ မြန်မာ့ရိုးရာဒီဇိုင်း၊

ထည်ထားကိုးကွယ်ရာ

မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေ၊ မင်း တေ ဇ ကုန်း (ကျောက်စာတိုက်များ တည်ရှိရာ)တွင်တည်ထား ပူဇော်လျက်ရှိသည်။

ရည်စမ်းခြင်း

တည်ထား ကိုးကွယ် ရခြင်းသည် မင်းကွန်း တိပိဋကရ ဆရာတော် ဘုရား ကြီး၏ 'တိပိဋကရ ဓမ္မဘဏ္ဍာဂါရိက' ဘွဲ့တံဆိပ်တော်ရခြင်းကို အစဉ်မပြတ်ဦးခိုက်ပူဇော်လျက်ရှိသည့် အထိမ်းအမှတ်ပင်ဖြစ်ပါသည်။

ဘွဲ့တံဆိပ်တော်ရရှိခြင်း

မင်းကွန်း တိပိဋကရဓမ္မ-ဘဏ္ဍာဂါရိက၊ အဘိဓဇမဟာ-ရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော် ဘုရား ကြီး သည် တိပိဋကရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ကို "ဝိသိဋ္ဌ" နှင့် "မဟာ" အဆွတ် တင်ကာ၊ ၁၃၁၅-ခု၊ တပို့တွဲလ ဆန်း ၁၀-ရက်၊(၁၃၊၂၊၁၉၅၄)နေ့တွင် အောင်မြင် ရရှိတော်မူခဲ့ပါသည်။



တိဝိဋ္ဌကစရ ဘွဲ့ကပ်ပြားပုံ

တိဝိဋ္ဌကစရတံဆိပ်တုံးပုံ



ဒဋ္ဌရတုပူဇော်

ဘွဲ့တံဆိပ်တော်ရရှိပြီး၊ ၂၅-နှစ်တိုင်သည့်ကာလ၊ ၂၅-ဦးသော ဒါယကာ၊ ဒါယိကာမများက ရွှေဆောင်၍၊ ဋ္ဌေရတုပူဇော်ပွဲကို ၁၃၄၀-ခုနှစ်၊ နယုန်လပြည့်ကျော်(၆)ရက်၊(၂၆၊ ၆၊ ၁၉၇၈) နေ့တွင် ရန်ကုန်မြို့ မဟာစည်ရိပ်သာ၌ ကျင်းပပူဇော်ခဲ့ကြပါသည်။

ဋ္ဌေရတု၏ ဋ္ဌေရတုပူဇော်

ထိုဋ္ဌေရတုပူဇော်ပွဲပြီးသည့်နောက် (၂၅)လ တိုင်သည့်အခါ ဋ္ဌေရတု၏ ဋ္ဌေရတုပူဇော်ပွဲ အဖြစ် သတ်မှတ်ကာ မိုးမိတ်ကုန်းမြေတွင် 'ငိဋ္ဌကတဲတိုက်' ကို လှူဒါန်းပြီးနောက်၊ ၁၃၄၂-ခု၊တော်သလင်းလပြည့်ကျော် ၄-ရက်(၂၈၊ ၉၊ ၁၉၈၀)နေ့တွင် စစ်ကိုင်း ရွှေဟသ်ာ ဆရာတော်ကြီး၊ မန္တလေးမစိုးရိမ်ဆရာတော်ကြီး၊ဝန်းသိုခန္ဓိးဆရာတော်ကြီး တို့က ရေစက်သွန်းချကာ ဖွင့်လှစ်လှူဒါန်းပူဇော်ခဲ့ကြပါသည်။

ဋ္ဌေရတု၏ ရွှေရတုပူဇော်

ဋ္ဌေရတုပူဇော်ပွဲမှ နောက်(၅၀)လ တိုင်သည့် အခါ ဋ္ဌေရတု၏ရွှေရတုပူဇော်ပွဲ သတ်မှတ်ကာ၊ မဟာဗုဒ္ဓဝင်တော်ကြီး၊ ဆဋ္ဌသင်္ဂါယနာ အမေးအဖြေများ၊ ကံမဝါကျမ်းများ၊ သြဝါဒကထာနှင့် ထေရပွတ္တိတို့ကို ကျောက်ထက်အက္ခရာတင်၍၊



အထိမ်းအမှတ်အဖြစ် မိုးမိတ်ကုန်းမြေ၊ မင်းတေဇ ကုန်းပေါ်တွင် ကျောက်စာတိုက်များ တည်ထား ကာ ၁၃၄၄-ခု၊ တန်ဆောင်မုန်းလဆန်း(၁၁) ရက်(၁၉၊၁၁၊၈၂)နေ့တွင် စစ်ကိုင်း၊ မင်းကွန်း မင်းဝံတောင်ရိုးမှ ဆရာတော် ဘုရားကြီးများ ထံမှောက်၊ ရေစက်ချ လှူဒါန်းပူဇော်ခဲ့ကြပါ သည်။



ဌေရတု၏ စိန်ရတုပူဇော

ဌေရတုပူဇောပွဲမှနောက်(၃၅)လမြောက်သည့် အခါ၊ ဌေရတု၏စိန်ရတုပူဇောပွဲကို ရန်ကုန်မြို့၊ တိပိဋကကျောင်းတော်တွင် ဆရာတော်ဘုရားကြီး၏ တရားတိတ်ခွေများ ထိန်းသိမ်းထားရှိ၍ ''တိတ် ဘဏ္ဍာ တိုက်'' နှင့် ပိဋကတ် စေတီ၏ နောင်တော်ကြီးဘုရား ''ဌေစေတီတော်'' အား အထိမ်းအမှတ်အဖြစ် ၁၃၄၆-ခုနှစ်၊ တန်ဆောင် မုန်းလဆန်း ၁၁-ရက်နေ့တွင် ဖွင့်လှစ်ပူဇော်ကာ မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေ၊ မင်းတေဇ ကုန်းတွင် ''ပိဋကတ်စေတီတော်'' ကို ၎င်းနှစ်ဝါဆို လဆန်း၇-ရက်တွင်စတင် အုတ်မြစ် ချပြီးနောက်၊ ၁၃၄၇-ခု၊ တော်သလင်းလဆန်း ၁၄-ရက်နေ့ (၂၀-၉-၈၅) နေ့တွင် ထီးတော်နှင့် စိန်ဖူး တင်လှူဒါန်း ပူဇော်ကြပါသည်။





ဉာဏ်တော်

ပိဋကတ်စေတီတော်၏
ဉာဏ်တော်သည်
(၂၄)တောင်
(=ပဋ္ဌာန်း ၂၄ ပစ္စည်း)
၃၆ ပေ
၉ နဝင်းကျော
ဖြစ်ပါသည်။ ။

စိန်ဟူးတော်
ငှက်မြတ်နား
နှင့်ထီးတော်
တို့ကို
ဟူးမြင်ရပါသည်

ခေတ်လေးခေတ် ဗုဒ္ဓဆင်းတုလေးဆူ

(ကြေးသွန်း ပန်းတဉ်းလက်ရာ)

ခေတ်	မုခ်(အရပ်)	ဟွဲ့တော်
၁။ ပျူခေတ်	အရှေ့	ကောဏာဂုံမြတ်စွာဘုရား
၂။ ပုဂံခေတ်	တောင်	ကဿပမြတ်စွာဘုရား
၃။ အင်းဝခေတ်	အနောက်	ဂေါတမမြတ်စွာဘုရား
၄။ ကုန်းဘောင်ခေတ်	မြောက်	ကကုသန်မြတ်စွာဘုရား



ကွမ်းတောင်နှင့် မုခ်လေးမုခ်





မှန်လေးမှန်ပါသော
ကွန်းတောင်၏
အောက်ဝိုင်းတွင်
ပစ္စယာသုံးဆင့်
တည်ရှိပါသည်





ပန္းယာသုံးဆင့်တွင်
ပန္းယာအဆင့်များ၏
အကြားခံ့ တိဝိဋ္ဌကဓရ
ဆရာတော်ဘုရားကြီး၏
နှုတ်ဆုံဆောင်ပါဦး၊
အဋ္ဌကထာစသော ကျမ်းပေါင်း(၅၂၉)ကျမ်း၏
ကျမ်းအမည်တို့သို့ ကမ္မည်းတင်ကာ
ကျမ်းစာအုပ်များကိုထောင်ပြီး စီထားသကဲ့သို့
ပြုလုပ်ပူဇော်ထားပါသည်။



ရင်ပြင်တော်နှစ်ဆင့်
ပထမဆင့်-၇၀ပေပတ်လည်စတုရန်း
ဒုတိယဆင့်-၅၀ ပေပတ်လည် စတုရန်း
ဖိနပ်တော်၃၀-ပေ
ခိုနန်းချိုး၊





ပထမရင်တော်ပေါ်တွင်
လှည့်လည်ဖတ်ရှုရ၍
ကြည်ညိုသဒ္ဓါ
ပွားစေနိုင်သော
မော်ကွန်းကျောက်စာ
၁၀ ချပ်မှ
၁ချပ်သောမြင်ကွင်း

မော်ကွန်း ကျောက်စာတို့သည်ကား မဟာသရေစည်သူ ဦးချမ်းသာ ရေးဖွဲ့သီကုံး ပူဇော်သော မင်းကွန်းမိုးမိတ်မဟာမင်္ဂလာမော်ကွန်းပင် ဖြစ်ပါသည်။

ထို မဟာမင်္ဂလာ မော်ကွန်းကျောက်စာချပ်၏ အထက်တွင် ပန်းရန်၊ ပန်းတော့ ဦးကြည်ဝင်း နှင့်အဖွဲ့(မင်းကွန်း)တို့က ဖန်တီးအလှဆင်ထားသည့် ပန်းတော့မုခ်အား လက်ရာ။



ပထမရင်ပြင်တော်ရှိ
တံတိုင်းနံရံတို့၏ပတ်လည်၌
မင်းကွန်းတိုင်္ဂကဓရ
ဆရာတော်ဘုရားကြီး၏
သြဝါဒကထာ၌ကောက်နှုတ်ချက်တို့ကို
အောက်ပါအတိုင်းဖတ်ရှုကြရပါသည်



ခန္ဓာငါးပါး ဝိပဿနာ တရား
လေ တီ

ဝိညာဏ်ခြောက်ည်း၊ခန္ဓာသည်ငါးည်း၊မြင်
ရှည်ကာလ၊ဓာတည်ထဲ၊ခဏခြစ်လျက်၊ခ
ဏပျက်၏၊ခြစ်ပျက်နှစ်တန်၊ဖြစ်စက်ခဏ
ခြင်းတရံမစဲ၊လွန်ဆင်းရဲ၏၊ဝိုင်ပြီးကျော်မာ၊
နှစ်ဝေါ်ဘူး၊ပညာစက္ခုမြင်ထောက်ရှုသော်
သူသဘာဝ၊အစိုးမသည်ဒုက္ခ အနတ္တ
ပါတကား။



ထိုနိမိတ္တ(ငိုက်မျည်းခြင်း) - ဝထ
ဖျောက်ကြောင်းတရား စုနှစ်ပါး

ပထိဖျောက်သည်းစာနှလုံးထွင်း။
စာအံလျင်းတည်၊နားဖျင်းကိုယ် သင်
အရင်ရှုမြော်၊အောလောကာယား။
ကြောသား၊စုနှစ်ပါးငိုတ်ချည်းဖျောက်
ကြောင်းတည်း။

ရင်ပြင်တော်နှစ်ထပ်
မကန်းလှကား ၉ စင်း
နတ်ရုပ် ၁၈ ရုပ်
တို့ဖြင့်တန်ဆာဆင်
မွမ်းမံမှုတို့ကိုလည်း
ရှုမြင်ရပါသည်။

နတ်မင်းလေး ၄ပါး

၁။ ဝိရူဠ္ဟကနတ်မင်းကြီး
၂။ ဓတရဋ္ဌနတ်မင်းကြီး
၃။ ကုဝေရနတ်မင်းကြီး
၄။ ဝိရူပက္ခနတ်မင်းကြီး

နဂါး၊ဂဠုန်၊ကုမ္ဘဏ်၊ယက္ခ
ဂန္ဓဗ္ဗ၊စတုမဟာရာဇ်လေးပါးနှင့်
သိကြား၊ဗြဟ္မာတို့၏သံသွန်းပန်းတဉ်း
ရုပ်လုံးများ ၁၈ ရုပ်

ပြဟ္မာမင်း

ဂန္ဓဗ္ဗ

နဂါးပင်

ကုဗ္ဘဏ်


ယက္ခ

ဒုတိယရင်ပြင်တော်ပေါ်တွင်
ဂဠုန်မင်း၊ဆင်မင်း၊ခြင်္သေ့မင်း
တံခွန်တိုင်များနှင့်

မော်ကွန်းပုရပိုက်ရေးမှတ်ဟန်ရှိ
နတ်ပြဟ္မာရုပ်များကိုလည်း
မြင်တွေ့ရပါသည်။



ဆင်မင်းတံခွန်တိုင်

(ပန်းတေ့လက်စု-အမြင့် ၁၃ ပေနှစ်)



ဂဠုန်မင်းတံခွန်တိုင်
(ပန်းတေ့လက်ရာ အမြင့် ၁၃ ပေခွဲ)



သူငယ်တော် ၄ဦး
ဆွမ်းတင်ခုံကို
မှီချမြောက်တင်ဟန်
(ပန်းရုပန်းခတ်ပန်းချီလက်ရာ)

ပုဂံခေတ်ဟန် အာရုံခံဇရပ် မိသုကာ ပန်းပုလက်ရာ



ပိဋကတ်စေတီတော်ပုံ ဟန်ခွင့် လိုက်လျောညီစေရန် အာရုံခံဇရပ်ကို ပုဂံခေတ်ဟန်ဖြင့် တည်ဆောက်ထားသည်။ ။ရေးဆွဲထားသော ပုံစံအတိုင်း ဆောက်လုပ်ရေးဆိုင်ရာ ပညာသည်များကလည်း မဖြစ်မနေ ကြိုးစားဆောင်ရွက်ထားသည်မှာ ပေါ်လွင်လျက်ရှိသည်။

ဝသုန္ဓရီနှင်သဘီးခွပ်
(ပန်းရန်၊ ပန်းတော့၊ ပန်းခြံ)

ခေါင်းလောင်းတိုင်နှင့် ခေါင်းလောင်း
(ကြေးသွန်းပန်းတဉ်းနှင့် ပန်းရန်၊ ပန်းတော့)

မှတ်သား၊ဖွယ်အကျဉ်း

၁။ စေတီတော် ပန္နက်ရိုက် ၁၃၄၅-ခု၊ နယုန်လပြည့်ကျော် ၁၃(၁-၁-၀၄)
၂။ ပထမဌာပနာတိုက်ပိတ်ပွဲ ၁၃၄၆-ခု၊ ဝါဆိုလဆန်း ၇(၄-၇-၀၄)
၃။ ဒုတိယဌာပနာတိုက်ပိတ်ပွဲ ဝ၃၄၇-ခု၊ တန်ဆောင်းမုန်းလဆန်း ၁၄ (၆-၁၀-၀၄)
၄။ တတိယဌာပနာတိုက်ပိတ်ပွဲ ၁၃၄၇-ခု၊ ဒုတိယဝါဆိုလဆန်း ၁၂(၂၉-၇-၀၅)
၅။ ထီးတော်။ စိန်ဖူးတော်တင်ပွဲ ၁၃၄၇-ခု၊ တော်သလင်းလဆန်း ၁၄

ဤစေတီတော်ကို တိပိဋကနိကာယသာသနာပြုအဖွဲ့ ဥက္ကဋ္ဌဦးသာလှ ဦးဆောင်သော တိပိဋက ဌေရတုပ္ပဇာ(၂၅)ဦးအဖွဲ့မှ စုပေါင်းမ,တည်၍ဘည်ထားသည်။ကြပ်မတ်တည်ဆောက်သူဦးစိန်းမောင် ဒုဥက္ကဋ္ဌ၊ တိ=နိ သာသနာပြုအဖွဲ့။ ပုံစံထုတ်ပညာရှင် မောင်အေးမြင့်(မြန်မာ့ရိုးရာဒီဇိုင်း)၊ ပန်းတဉ်း ပညာရှင် ဦးလှအောင်၊ တမွဝတီ၊ မန္တလေးမြို့။ ပန်းရန် ပန်းတော့ပညာရှင် ဦးကြည်ဝင်းအဖွဲ့နှင့်၊ ဦးဘဆန်းနှင့်အဖွဲ့၊ မင်းကွန်း ပန်းပုဗိသုကာပညာရှင် ဦးစံဌေးနှင့်အဖွဲ့၊ မင်းကွန်း။ ပန်းခြံပညာရှင် မောင်ကြည်မောင် မန္တလေးမြို့။ ပန်းတဓမ့ပညာရှင် ဦးဇော်ဇော် ကျောက်ဆစ်တန်း၊ မန္တလေးမြို့။

မောင်စအေးမြင့်(မြန်မာ့ရိုးရာဒီဇိုင်း)

ဝိဏ္ဏယ်

ငွေစေတီတော်...



ကောင်းစံ

မင်းကွန်းတောင်ရိုး ဓမ္မနာဒ ကျောင်းတိုက်ကြီး၏ ဦးစီး နာ-ယက၊ တိပိဋကာ=နိကာယ သာသနာပြု အဖွဲ့ကြီး၏ပဓာန နာ-ယက ဖြစ်တော်မူသော တိပိဋက ဓရဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာ ပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစိတ္တ သာရာ ဘိဝံသ မင်းကွန်း တိပိဋကဓရ ဆရာ တော် ဘုရားကြီး၏ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ် တော် ရသည့် (၂၅) နှစ်ပြည့် ရွှေ ရတု မဟာဓမ္မသဘင် ပူဇော်ပွဲ ကြီးမှသည် လအားဖြင့် (၇၅) လ ပြည့်မြောက်သော စန်ရတု ကာလ (တစ်နည်း) ရွှေရတု၏ စိန် ရတု အထိမ်းအမှတ် အဖြစ်ဖြင့် မင်း ကွန်း တောင်ရိုး မိုးမိတ် စေတီတော်များ တည်ထားရာ သန္တောသကုန်းမြေရှိ မင်းတေ ကုန်းတော်၌ပိဋကတ်စေတီတော် ကို တည်ထား ကိုးကွယ် ပူဇော် ရန် အစီအစဉ် ပြုခဲ့ကြပါသည်။



ဒွေစေတီတော်ကို
ဦးစံသိန်းနှင့်သားများ ဒွေထည်
လှဝင်းမှာတာဝန်နှစ်ဦး

အနောက်ဂေါတမပွဲ
အခမ်းအနားအစဉ်

အနောက်ဂေါတမတော်
ဟကြုံများ

ဤ ပိဋ္ဌကတ် စေတီ တွင် မင်းကွန်း တိပိဋ္ဌကရ ဆရာ တော်ဘုရားကြီး အာဂုံ ဆောင် ထားတော်မူသော ပိဋ္ဌကတ်ပါဠိ တော်၊ အဋ္ဌကထာ၊ ဋီကာမှစ၍ ဂန္ထန္တရ ကျမ်းဂန်အုပ်ရေပေါင်း (၅၂၉) အုပ်တို့ကို မှတ်တမ်း တင် ပူဇော်ထားခြင်း ဖြစ်ပြီး မင်းကွန်း တိပိဋ္ဌကရ ဆရာ တော် ဘုရားကြီး ဆက်ကပ် လှူဒါန်း ခံယူရတော်မူသော ဘွဲ့ တံဆိပ် အသီးအသီးတို့ကိုလည်း ပစ္စယံ အဆင့်ဆင့်၌ ကျော်က် သားဖြင့် ရေးထွင်းပုံဖော်ပူဇော် ထားရှိပါသည်။

ထိုအခါ တိပိဋ္ဌကရ ဆရာ တော် ဘုရားကြီး၏ ရန်ကုန်မြို့ နေ တပည့်အပေါင်းတို့ကလည်း မိမိတို့မြို့၌ အထူးအားဖြင့်တိ=နိ သာသနာပြုအဖွဲ့၊ ရန်ကုန်ဌာနခွဲ တည်ရာ ကျောင်းတိုက်အတွင်း၌ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး နှုတ်ငုံဆောင် ကျမ်းစာ တို့ကို ပူဇော်ရာ ဤ ပိဋ္ဌကတ် စေတီ တော် တစ်ဆူကို အလားတူစွာ တည်ထားလိုပါသည် ဟု ဆန္ဒ ဖြစ်ပေါ်လာကြသည်။ ရန်ကုန် ဌာနခွဲတည်ရာ ကျောင်းတိုက် အတွင်း၌ မြေနေရာ ကျဉ်း မြောင်းသည်လည်းတမဲ့ ဖြစ်ရ ကား မိုးမိတ် ကုန်းမြေမှာကဲ့သို့ ကျောက်ဖုတ်တို့ဖြင့် တည်ထား ပူဇော်သော စေတီတော်ကြီးမျိုး မဖြစ် စေကာမူ မှန်ကျောင်း ဆောင်တွင်း ပူဇော် ထားရှိနိုင်ရန် ငွေသားပကတိ စေတီမျိုး ကိုပူဇော်ပါကသင့်လျော်သည်ဟု အကြံကောင်း ရကြ ပြန်သည်။ သို့ဖြင့် တိပိဋ္ဌကရ ဆရာတော် ဘုရားကြီး၏ တိပိဋ္ဌကရ ဘွဲ့ တံဆိပ်တော်ရ(၂၅)နှစ်မြောက် ငွေရတုမှသည် ငွေရတု၏ ငွေ ရတုပူဇော၊ ငွေရတု၏ ရွှေရတု ပူဇော၊ ငွေရတု၏ စိန်ရတုပူဇော စသည့် ပူဇောအထိမ်းအမှတ်(၃) မျိုးလည်းပေါ်လွင်စေရန် စေတီ တော် အထည်ကို ငွေသားပက-တိ၊ ထီးတော်ကိုမူ ရွှေသား အစစ်၊ စိန်ဖူးတော်ကို မူကား စိန်အစစ်ဖြင့် တည်တား ပူဇော် ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

ထို တိပိဋကတ် ငွေစေတီ တော်ကို မိုးမိတ် ကုန်းမြေဦး တည်ထား အံ့သော ပိဋကတ် စေတီတော် ပုံသွင် အတိုင်းပင် ပြု လုပ် ဆောင် ရွက် ပေး ရန် အတွက် ရန်ကုန်မြို့၊ ရေကျော် ရပ်၊ မြန်မာ့လက်မှုပညာ ဦးစီး သိန်းနှင့် သားများ ငွေထည် လုပ်ငန်းဌာနသို့ (၁၉၇၄ ဇွန်လ ၂၃)ခုနှစ်-ခု၊ နယုန်လဆုတ် (၁၀)ရက်နေ့တွင် အပ်နှံခဲ့ပါ သည်။ ထို လုပ်ငန်း ဌာ န မှ ၁၃၇၆-ခု၊ တန်ဆောင်မုန်း လဆန်း(၁)ရက်၊ (၁၉၁၄-ခု၊ အောက်တိုဘာလ ၂၄)ရက်နေ့ တွင် ငွေသား ၂၄၀၅တိုလာချိန် ရှိသည့် နောင်တော် ငွေစေတီ ကို တီ=နိ သာသနာပြုအဖွဲ့သို့ ပြန်အပ်နှံနိုင်ခဲ့၏။

တဖန် ထိုပိဋကတ်ငွေစေတီ တော်ကို မင်းကွန်း တိပိဋကဓရ ဆရာတော် ဘုရားကြီး၏ သက် တော် (၇၃)နှစ် ပြည့်မြောက် သော မွေးနေ့ပူဇော်ပွဲ၌ ဆရာ တော် ဘုရားကြီး ဟောကြား တော် မူ သော တ ရား တို့ ၏ အခွေများ ဘက္ကာတိုက် တည် ထားသော တိတ် ဘက္ကာတိုက် ဖွင့်ပွဲနှင့် အတူ ငွေခစေတီတော် အနေကဇာတင်ပွဲကို ပြုလုပ်နိုင်ခဲ့ ကြ၏။



ကြေးဝါတောင်ပေါ်ရောက်ဇာတ်



ငွေရတု၏ ဖွဲ့ရတုပုဂ္ဂာနှင့်

တိပိဋကဓရဆရာတော်ဘုရား

၇၁ နှစ်ပြည့် မွေးနေ့ပူဇော်ပွဲတွင်

တင်ဆက်အပ်သော

မင်္ဂလာရတုပိဒိစုံ



(၁) ငွေရတုမှ၊ ငွေရတုခြီခြိန်၊ ဇေယျသီရိတည့်၊ ဒေဝိန်ဣန္ဒာ၊ ပင့်ဆောင်လာ၍၊ အောင်ချာနက်စွန်း၊ မိုးမိတ်ကွန်းဝယ်၊ ရောင်ဝန်းသာသနာ၊ ငါးထောင်ကြာဟု၊ သုံးဖြာပိဋကာ၊ မြတ်ဓရန္ဒင့်၊ ဓမ္မဘဏ္ဍာ-ဂါရိကာဟု၊ ဝိစိတ္တသာရ၊ ဘိဝံသက၊ သာသနာ့ဇောနည်၊ ပွားပြန့်စည်အောင်၊ လေးမည်ပစ္စယ၊ ကူထောက်မ၏၊ ပဥ္စနိကာယ်၊ သုံးသွယ်ပိဋကာ၊ ကျက်အံ့ကြလျက်၊ နှေးညမပြတ်၊ ကြည့်+ကြံလတ်၍၊ ရွတ်ဖတ်အာဂုံ၊ မေးပွဲကြုံက၊ နှုတ်ငုံ+ရေးဖြေ၊ အောင်ပန်းဝေခဲ့၊ ထွေထွေမြားမြောင်၊ ကျောင်းဆောင်ဆောင်နှင့်၊ မြင့်ခေါင်တင့်ကြား၊ စေတီမျှားဝယ်၊ ရုပ်ပွားဆူဆူ၊ မျှားရှင်လူတို့၊ နှိမ့်ချဆုပန်၊ တည်ထားဖန်၏၊ ဗိမာန်အုတ်ကျောင်း၊ သာတိတောင်း၌၊ တသောင်းရှစ်ပြန်၊ လေးထောင်လွန်သား၊ မြတ်မွန်ဓမ္မက္ခန်၊ သုံးတန်ပိဋကာ၊ စေတီယဟု၊ ဗုဒ္ဓကိုယ်စား၊ ပူဇော်ထားသော်၊ သိကြားအာဟိန်၊ ပဉ္စသိင်္ဂနှင့်၊ မေဃိန်ဒေဝါ၊ ဝိသုကာတို့၊ ဝဋ္ဋာကျော်ကျူး၊ ဆံပြိုင်ကျူး၍၊ ရင့်ကျူးပဇ္ဇုန်၊ မြူးကခုန်လျက်၊ ဝိဇ္ဇုန်လျှပ်ပြက်၊ အာကာပွက်သည်....ထက်ပြဟ္မာအောင်ညွှန်း တရေသွန်း၍ ရွှာဘိသို့။



(၂) ငွေရတုမှ၊ ရွှေရတုသီရိန်၊ ချီတက်ချိန်တွင်၊ မုန်နှင်းဈာ၊ မြတ်+ မြတ်စွာ၏၊မဟာဗုဒ္ဓဝင်၊ ကျမ်းထွတ်တင်ကို၊ ငွေစင်ကျောက်တော်၊ ချပ်ထောင် ကျော်၍၊ ဇမ္ဗော်ရွှေလီပ်၊ စာတော်နှိပ်သား၊ ဆောင်ရိပ်ဆယ့်လေး၊ ဘုံငွေ ရေးတည့်၊ ငွေသွေးတမျှ၊ ကျောက်ဖြူလွတွင်၊ ဆင်္ခသင်္ဂါ၊ မေးဖြေစာနှင့်၊ မဟာ ထေရပုတ်၊ မထေရ်မြတ်၏၊ ညွှန်လတ်ဩဝါ၊ ငွေရတုခါမှ၊ ကောဇာ သက္ကရာဇ်၊ တစ်ထောင့်သုံးရာ၊ လေးဆယ်သာ၍၊စွန်းလာလေးခု၊ရွှေရတုတွင်၊ မိုးဥတုဆုံး၊ နှင်းနုဖုံးသည့်၊ သာရုံးပြိစ္ဆာ၊ ကြတ္တိဟာနှင့်၊ ပုဏ္ဏာစန္ဒီ၊ ယှဉ်တွဲမှီ သား၊ ခဝဲပွင့်စီ၊ မြိုင်ထဲဝင်းလျ၊ သင်းကျကျတည့်၊ လွတ်စံထေရ်ကျော်၊ တို့ဘုန်းမော်လည်း၊ ရာပေါ်ညွှန့်တိုး၊ ခန့်ကျန်းဖြိုးလျက်၊ ဘုန့်းနှိုးဆင့်ကာ၊ သာသနာကို၊ သန်ျာငါးထောင်၊ နှစ်ရှည်အောင်ဟု၊ ကျိုးဆောင်သယ်ပိုး၊ နတ်ရှင်နှိုး၏၊ ထက်မိုးမဟာ၊ ဝတိံသာနှင့်၊ ယာမာ+တုသိ၊ နိမ္မာချီလျက်၊ ဝတီဝသ၊ ပေါင်းဆုံကြ၍၊ ဇီနသာသနာ၊ မြင့်ရှည်ကြာအောင်၊ ကွန္ဒာသိကြား၊ သုံးကျိပ်သားအား၊ ပေးငြားနတ်စက်၊ ဝင်းလျ ထွက်သည်....ထက်ဝဋ္ဌာရောင် ဝှန်း တထွေရွှန်း၍ သာဘိသို့။

ရွတ်ဖတ်ပူဇော်သူ=အဆိုကျော် ရီရီသန့်



(၃) ငွေရတုမှ၊ ဇေယျတုစီစိန်၊ တေဇသိရ်တွင်၊ လျှထိန်ဝင်းဝါ၊ သာသနာလည်း၊ မြင့်ကြာငါးထောင်၊ ခရီးဆောင်ဟု၊ သုံးဆောင်ပိဋကာ၊ မြတ်ဓရတည့်၊ဓမ္မဘက္ကာ၊ ဂါရိကာက၊ မဟာအဂ္ဂ၊ ပဏ္ဍိတဟု၊ ဘွဲ့ရထင်ပေါ်၊ ဆရာဘော်လျှင်၊ ဇီနော်မြတ်စွာ၊ မိန့်ခဲ့မှာသား၊ သုံးဖြာပိဋကတ်၊ စာရားမြတ်မှ၊ လူနတ်နီဗ္ဗာ၊ ကျိုးမြတ်ယူဟု၊ ဇမ္မူမြန်ချာ၊ ရှစ်မျက်နှာတွင်၊ မြို့ရွာမလွတ်၊ ပြည်လုံးပတ်လျက်၊ ဖွင့်လတ်ဟောကြား၊ မြတ်တရားတို့၊ ဆင့်ပွားဒေသနာ၊ နောင်သောခါတွင်၊ နာလိုယူလို၊ လူဗိုလ်+ဗိုလ်တို့၊ ကြည်ညိုရှေးရှု၊ သံကူးယူဟု၊ ဆူဆူသံခွေ၊ တရားတွေကို၊ သံဝေသံထွက်၊ မပျောက်ပျက်ပဲ၊ ဖိုးနက်ဇောတ၊ မကြီမြနှင့်၊ သကမဋ္ဌ၊ နှုန်းနှိုင်းမှုလျက်၊ နာယူပူဇော်၊ တိ-ကျောင်းတော်၌၊ ကော်ရော်ဆင့်ပွား၊ အသင့်ထားတည့်။ ဘုရားသာသနာ၊ နှောင်းကြွင်းခါဝယ်၊ နေဝါလလို၊ ခြောက်ဂုဏ်ပျိုလျက်၊ မြင်းမိုရ်အထက်၊ ကျော်လွှကက်မည်....စက္ကဝါ ခေါင်စွန်းတနေထွန်း၍ ဖြာတိသို့။

မှတ်ချက်။ ။(ပေါက်ပြချီ၊ လည်ကုပ်ချီ၊ ပုလဲသွယ်ချ၊ ရွှေလောင်းပြန်ချီ+ချ၊ နေရောင်ခြည်ပြေးချ၊ (ညွှန့်လန်း)သော်တာရောင်ချ၊ ၁၂-လုံး စက်ဝန်းမိုးစွေချနည်း)

သာသနာတော်ကို ကိုးစားကြစို့

ဘဒ္ဒန္တကုသလသာမိ

မဟာဝတ္ထုကံ ကျောင်းတိုက် မော်လမြိုင်ကျန်း

ဖြစ်သော မြတ်စွာဘုရား၏ စကားတော်ကို သာသနာလို့ ခေါ်ဆိုတာပါပဲ။ အတိုချုပ် ဆောင်ပုဒ်ကဆိုရင် "မြတ်စွာဗုဒ္ဓ၊ဆုံးအမ၊ ခေါ်ကြ သာသနာ" ဖြစ်ပါတယ်။

ဗုဒ္ဓမြတ်စွာ ဆုံးမပုံမှာ....

သဗ္ဗပါပဿ အကရဏံ=မကောင်းတာ မှန်သမျှ မပြုကြရဘူးကွယ်။

ကုသလသူပသမ္ပဒါ=ကောင်းတာမှန်သမျှ ပြည့်စုံရမယ်။

သစိတ္တ ပရိယောဒါပနံ=ကိုယ့်စိတ်ကိုပင် ပြုပြင်ကြ စင်ကြယ်ကြယ်၊

တေံ ဗုဒ္ဓါန သာသနံ=အဲဒါက အဆုံးအမ ဗုဒ္ဓသာသနာ တကယ်။

သာသနာပွားမှု အားပြုဆောင်ပါ၊
စာပေတည်တံ့ ကြည်ပျံ့ကြိုင်စွာ၊
ရေမြင့်ကြာတင့် သာခွင့် ပမာ၊
လင့်မနှေး ကျင့်ရေး ကိုယ့်တွက်တာ။

သာသနာဆိုတာ လုံးစုံများစွာ သတ္တဝါ အပေါင်းတို့အား အသုံးကျအောင် ဆုံးမကြောင်း

ဤဆိုခဲ့ပြီးသော သဘောအနက် စသည်တွေ ပါဝင်နေတဲ့ သာသနာဆိုတာ ပင်ကိုယ်ဆိုင်ရာ ဂုဏ်သက္ခဏာ အသိုအားဖြင့်ဆိုရင် ပရိယတ္တိ သာသနာ၊ ပဋိပတ္တိ သာသနာ၊ ပဋိဝေဓ သာသနာ ဟူ၍ သုံးဖြာရှိပါသည်။ထိုသဒ္ဓမ္မသုံးဖြာ သာသနာသည် အခြေ မူလဘူတ ဖြစ်ပါသည်။ ပရိယတ္တိ သာသနာ မှန်ကန် သန့်ရှင်း တည်တံ့ ပြန့်ပွား ပါမှ ပဋိပတ္တိ သာသနာ၊ ပဋိဝေဓ သာသနာ နှစ်ပါး အမှန်ထင်ရှား သန့်ရှင်းသွားနိုင်မည် ဖြစ်ပါသည်။

ပရိယတ္တိ သာသနာဟူသည် 'ချစ်သားဒါနန္ဒာ ငါဘုရားသည် ဓမ္မဝိနယတော်ကို ဟောလည်း ဟောခဲ့ပြီးပြီ။ပညတ်လည်း ပညတ်ခဲ့ပြီ။ထိုဓမ္မဝိနယ သာသနာသည် ငါဘုရား ပရိနိဗ္ဗာန်စံလွန်တော် မူသောအခါ၌ သင်ချစ်သားတို့၏ ဆရာ ဘုရား ရတနာ ဖြစ်ရစ်လိမ့်မည်'ဟု မဟာ ပရိနိဗ္ဗာန သုတ်၌ ဘုရားရှင် မှာကြားခဲ့သော စကား တော်နှင့်အညီ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတည်း ဟူသော ပိဋကသုံးပုံပင် ဖြစ်ပါသည်။ မြတ်စွာ ဘုရား ဟောကြား မြွက်ဖော် စကားတော်များ သည် ပိဋက အမည်အားဖြင့် ဝိနယပိဋက၊ သုတ္တန္တ ပိဋက၊ အဘိဓမ္မပိဋက ဟူ၍ သုံးပုံဖြစ်ပါသည်။ ယင်းတို့၏ အနက် ဘယ်လို ပေါ်ထွက်ပါသလဲဆိုရင်....

ဝိနည်းဟူသော သင်အပ်တဲ့စာပေဟာ (သို့မဟုတ်) ဝိနည်းဟူသော အနက်၏ တည်ရာ စာပေဟာ ဝိနယပိဋကအမှန်ပါ။

သုတ္တန်းဟူသော သင်အပ်တဲ့ စာပေဟာ (သို့မဟုတ်) သုတ္တန်းဟူသော အနက်၏ တည်ရာ၊ စာပေဟာ သုတ္တန္တ ပိဋက အမှန်ပါ။

အဘိဓမ္မ ဟူသော သင်အပ်တဲ့စာပေဟာ (သို့မဟုတ်) အဘိဓမ္မ ဟူသော အနက်၏တည်ရာ စာပေဟာ အဘိဓမ္မပိဋက အမှန်ပါ။

အဲဒီလို အဓိပ္ပါယ်အနက်တွေ ပေါ်ထွက်လာတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

မြဘဲစွာဘုရား ဟောကြားအပ်သော ပိဋကတ် စာပေတို့ကို မှန်မမှန် သင်္ဂါယနာခြောက်တန်ဖြင့် စစ်ဆေးပြီး မှန်ကန်သန့်ရှင်းသော ဆဋ္ဌမ ပိဋကတ် စာပေများကို ပျောက်ပျက်မသွားအောင် အဆက်ဆက် ထိန်းသိမ်းခဲ့ပုံ တို့ကို နှလုံးသွင်း၍ ဆရာဒကာ ယုဉ်တွဲပြီး ဆောင်ရွက်ဆဲ၊ ဆောင်ရွက်လတံ့ ဖြစ်ကြ ပါသည်။ ဆောင်ရွက်ကြရာတွင် အခြေခံ မူလဘူတဖြစ်သော ပရိယတ္တိ သာသနာ ပညာသင်ကြားရေးစနစ်၊ ထို့ထက် ကောင်းမွန်အောင် ဦးသွေ့ဉာဏ် ဆရာတော်များက တိုက်တွန်းတော်မူကြ၍ ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီးက ပရိယတ္တိ စာပေသင်ကြားရေး မူလေးရပ် ချမှတ်ပေးခဲ့ပါသည်။

ယင်းတို့မှာ....

၁။ အက္ခရာသိက္ခာ မြင့်မားစေရေး၊

၂။ ကျမ်းဂန် ပိဋကတ်နှံ့စပ်စေရေး၊

၃။ ပါဠိဘာသာ တတ်မြောက် ကျွမ်းကျင်စေရေး၊

၄။ မြန်မာစာပေ အရေးအသား တော်စေရေးတို့ ဖြစ်ပါသည်။

ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီး ကျင်းပပြီးနောက် သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်းအရ ပေါ်ပေါက်လာသော နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့က ပရိယတ္တိ ပညာရေး စီမံကိန်းကို အချက်ကြီး ခြောက်ချက် ဖော်ပြ၍ တစ်နိုင်ငံလုံးမှ ပညာရပ်ဆိုင်ရာ ထူးခြား ကောင်းမွန်သော အကြံဉာဏ်များကို ရယူကာ မူကြမ်းကို သုံးကြိမ်မက တင်ပြ၍ ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး

က အတည်ပြုခဲ့သော ၁၉၇၂-ခု၊ ဇွန်လ ၄ ရက်နေ့မှ စ၍ အတည်ဖြစ်လျက်ရှိပြီး ဖြစ်ပါသည်။

ယင်း ပရိယတ္တိ ပညာရေးစီမံကိန်း၌ တိပိဋကဓရ ရွေးချယ်ရေး စာဆေးပွဲစနစ် ပြုပြင်ကျင်းပရန်၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းများ ဖွင့်လှစ် သင်ကြားပေးရန်၊ ပထမပြန်စာမေးပွဲ ပြုပြင်ကျင်းပရန်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ပရိယတ္တိ ပညာရေး တက္ကသိုလ်ကျောင်းကြီး တစ်ကျောင်းစီ တည်ထောင်ဖွင့်လှစ်ရန်ဟူသော စီမံကိန်းလေးရပ် ပါရှိပါသည်။

နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့က စီမံကိန်းကို အကောင်အထည်ဖော်ရန် အလို့ငှာ ကော်မတီလေးရပ်ကို ဖွဲ့စည်းပေးခဲ့ပေသည်။ ယင်း ကော်မတီတို့ ရေးဆွဲတင်ပြသော စည်းမျဉ်းတို့ကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က အတည်ပြုပြီးဖြစ်၍ ယင်းစည်းမျဉ်းတို့နှင့်အညီ....

၁။ တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲစနစ် ပြုပြင်ကျင်းပလျက် နေပေပြီ၊

၂။ ကျောင်း ထိုင် ဘုန်းကြီး သင် တန်း ကျောင်းများလည်း ဖွင့်လှစ် သင်ကြားလျက် နေပေပြီ၊

၃။ ပထမပြန် စာမေးပွဲလည်း ပြုပြင်ကျင်းပလျက် နေပေပြီ၊

၄။ ရန်ကုန်နှင့်မန္တလေးတို့၌ ပရိယတ္တိ ပညာရေး တက္ကသိုလ် ကျောင်းကြီး တစ်ကျောင်းစီ တည်ထောင် ဖွင့်လှစ်ရန်မှာလည်း ဖွင့်လှစ်ဆဲ ဖြစ်နေပါပြီ။

ယင်းသို့ ဖော်ဆောင်ရာတွင် သာသနာရေးကို စိတ်ဝင်စား ကြသော သံဃာတော်များ နှင့် ဒါယကာ ဒါယိကာမများ၏ အကူအညီရယူ၍ ဆောင်ရွက်သွားမည်ဟူသော ခံယူချက်အားလျော်စွာ သာသနာရေးရာ ဘွဲ့လက်မှတ် များစွာတို့ကို ရရှိ အလှူခံတော်မူပြီးသော နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မင်းကွန်း ဆရာတော်ဘုရားကြီး၏ ဩဝါဒခံ၍ ဗုဒ္ဓသာသနာဘက်၌ သဒ္ဓါထက်သန်သော နိုင်ငံသူ နိုင်ငံသားတို့ကို အခြေခံကာ သာသနာပြုအားမာန် အပြည့်အဝရှိသော ပညာရှင်ပေါင်းစုံ ပါဝင်စေလျက် ဖွဲ့စည်းထားသော တိပိဋကနိကာယ သာသနာပြုအဖွဲ့ကြီးကို နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် စည်းမျဉ်းနှင့် အညီ ကူညီ လှူဒါန်း ဆောင်ရွက်စေခဲ့ရာ ရန်ကုန်၊ မန္တလေးမြို့ကြီးများ၌ ဗုဒ္ဓသာသနာတွင် အမှန်တကယ်လိုအပ်နေသော နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ ထီးထီးမားမား ဖန်ဆင်းသည့်အလား ခန့်ညားစွာ ပေါ်ပေါက်လာပါပြီ။

ထိုထိုမူလကျောင်းများနှင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်းကြီးများမှ အကျင့်သိက္ခာမြင့်မားစေရေး စသောမူအရ အခြေခံအားဖြင့် ဘာသာလေးမျိုး ခွဲခြားသတ်မှတ်ပြီး စာတွေ့လက်တွေ့ သင်ကြားရေးစနစ်ကို ဖော်ညွှန်းထားသည့် အတိုင်း သင်ကြား တတ်မြောက်လာသော သာသနာ့သားကောင်းများ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်၌ ဘာသာငါးမျိုးခွဲခြား၍ သင်ကြား တတ်မြောက်လာသော သာသနာပြုကိစ္စများအတွက် အလွန်အဖိုးတန်သော ခေတ်မီ သာသနာ့သားကောင်းနှင့် အများပြည်သူတို့ကို....

၁။ ရှင်ရဟန်းဘဝဖြင့်သာသနာကိုဝင်ရောက်ရန် တောင်းပန်ခွင့်တောင်းစဉ်က ရည်ရွယ်ချက်ကို ပေါ်စေ၍ 'သီလံအဝိပဉ္ဇိသာရတ္ထာယ' အစရှိသော အဆင့်ဆင့် အကျိုးများကို ရစေ၍ သာသနာ့အရသာကို ခံစားရစေမှာ ဖြစ်ခြင်း၊

၂။ နိကာယ်ငါးရပ် ပိဋကတ် တော်များကို မြန်မာ ပြည်သူများထံမှ ဆုတ်ခွာကွယ်ပျောက်တစ်နယ်သို့ ရောက်မသွားရအောင် ဆောင်ရွက်စေနိုင်မှာဖြစ်ခြင်း၊

၄၁၀၆ ခုနှစ် မင်းကွန်း တိ=နို သာသနာပြုဘဲ့

နိုင်ငံတော် ပရိယတ္တိတက္ကသိုလ်ကြီး ဖြစ်မြောက်ရေးအတွက်
တိဝိဇ္ဇာဘဝရ ဆရာတော်ဘုရားကြီး၏ နိုင်ငံအဝန်း ခရီးစဉ်အချို့မှ
မှတ်တမ်းဝင် စာတမ်းတိုတစ်ပုဒ်....

၃။ မိမိနှင့်အဘူ သူတစ်ပါးကို သာသနာ ပြုလိုသော ရပ်ရွာ ဆရာဘုန်းကြီးများ၏ ပါဠိ မြန်မာနှစ်ဘာသာ ဖတ်ရွတ်ရေးသားမှု စနစ်ကျ မှန်ကန်စွာ ဖြစ်စေသည့်ပြင် ရှိသင့်သော ကျောင်း ထိုင် အင်္ဂါ ပြည့်စုံစွာဖြစ်ပေါ်လာစေမှာ ဖြစ်ခြင်း၊

၄။ 'ဂန္ဆေ ဉာတေပိ နော ကာယေ၊ ဂါဟော ဂါဟတိပုဂ္ဂလံ' အစရှိသော ဂါထာအရ 'ဒိဋ္ဌိ၊ တဏှာ၊ မာန၀ါ၊ သုံးဖြာဂါဟဆို။ ဂါဟဆိုညား၊ ထိုတရား၊ ဖမ်းစားတတ်သကို။ ဂါဟမသတ်၊ စာဘာဝတတ်၊ ဝဋ်ခတ်ဆင်းရဲပို'ဟူသော ခြေသံ့ မင်းနှင့် တူသော ရှေး ဆရာတို့၏ သြဝါဒကို အကောင် အထည် ဖော်ရာ ရောက်သည့် အပြင် ရဟန်း ရှင်လူများကို အမြဲ မပြတ် ဖမ်းစားတတ်သော ဂါဟသုံးပါး တရားဆိုးများကို ခေါင်းပါးပယ်ရှား တွန်းလှန်နိုင်မှာ ဖြစ်ခြင်း၊

၅။ မိမိနိုင်ငံ မိမိတို့ သန္တာန်၌ သန့်ရှင်း တည်တံ့ ပြန့်ပွားစေပြီးသော သာသနာကို ကမ္ဘာ သို့ ပြန့်ပွားစေနိုင်မှာဖြစ်ခြင်း အစရှိသော အကျိုး တရားများစွာတို့ကို ရစေမှာ ဖြစ်သည့် အတွက် ဆက်လက်၍....

သာသနာရေး အားပေးစရာ၊
ဆရာလမ်းပြ စွမ်းလှဒကာ၊
ကိုင်းကျွန်းမှိပြု ညီမှုသေချာ၊
ညီးမပျက် တိုးတက်သာသနာ။

ဟူသော ဒေသနာစကားဇာတိုင်း သာသနာ့ ရေးရာ ကိုယ်တွက်တာ၌ လိမ္မာပါးနပ် မလစ် လပ်အောင် စေ့စပ်မြင်သိ ပညာရှိဟု ကဝိခေါ်တွင် တိပိဋကနိကာယ သာသနာပြု အဖွဲ့ဝင် သူတော်စင် ဒကာ ဒကာမများတို့သည် ပြည်သူတို့နှင့်အတူ ကြည်ဖြူစွဲလာ တက္ကသိုလ်ကြီးများ ပြီးစီးရေးမှစ၍ သာသနာ၌ လိုနေသေးသမျှ ဆက်လက် ဆောင်ရွက် နိုင်ကြပါစေ။

ဘဒ္ဒန္တကုသလသာမိ

ဘဒ္ဒန္တ ဝိမလာဘိဝံသ

ဒါဂုယျပုဒ် နှုပ်ယျပုဒ်

ရွှေတံခါးပိတ်၊ ဆွေရှင်
သုခမြသူနိုး ခင်

ဒဿ်နကာမောသီလဝတံ၊
သဒ္ဓမ္မံ သောတုမိစ္ဆတိ။
ဝိနယေ မစ္ဆေရမလံ၊
သ ဝေ ဃဒ္ဒေါတိဝုစ္စတိ။

လူ'ကြည်ညိုသူဟု နည်းယူသတ်မှတ် အမှန်ဆိုအပ်ပါပေ၏။

အထက်ပါဂါထာမှာ....

ဗုဒ္ဓသာသနာကို ယုံကြည်လေးစား အားထား ကိုးကွယ်သူ၊ နှုတ်ဝမှ ထုတ်ဟ ပြောလေ့ရှိသော သဒ္ဓါတရားကောင်းသူ ရတနာသုံးပါး အလွန်လေးစားသူ၊ ကြည်ညိုသူဟူသော စကားလုံးဖြင့် ပြောဆိုသုံးစွဲထိုက်သူကို ရွေးချယ်နိုင်ရန် သဒ္ဓါတရားကောင်းသူ၊ ရတနာသုံးပါး လေးစားကြည်ညိုသူ၌ ပြည့်စုံရမည့် ဂုဏ်အင်္ဂါ အရည်အချင်းတို့ကို ဗုဒ္ဓရှင်တော်မြတ် ကိုယ်တော်တိုင် စုဏ္ဏိယစကားပြေဝါကျတို့ဖြင့် ရှေးဦးစွာ ဟောပြပြီးနောက် အကျဉ်းချုပ်ပြဂါထာဗန္ဓဖြင့် အရကျက်မှတ်ထား လိုသူတို့အတွက် အကျဉ်းချုပ်ဂါထာဖြင့် ဟောကြားအပ်သော ဂါထာဖြစ်ပေသည်။

ဖော်ပြပါ စုဏ္ဏိယစကားပြေနှင့် ဂါထာကို ပထမအကြိမ်မှစ၍ သင်္ဂါယနာ တင်တော်မူကြသော အရှင်မဟာကဿပ၊ အရှင်အာနန္ဒာအစရှိသော သဗ္ဗညုရိယတ္တိဓရ ဆဋ္ဌသင်္ဂါယနာ အရှင်မြတ်တို့သည် ပိဋကသုံးသွယ်တွင် သုတ္တန်ပိဋကဂေါနိကာယ်ငါးရပ်တွင် အင်္ဂုတ္တရနိကာယ်၊ တိကနိပါတတွင် ထည့်သွင်းကာ တိဋ္ဌာနသုတ္တဟု အမည်နာမကို ထုတ်ပြတော်မူခဲ့ကြသည်။

အကြင်သူတစ်ယောက်သည် မိဖိုကိုယ်ကို မိမိအသိဉာဏ်ဖြင့် စစ်ဆေးကြည့်ရှုလတ်သော် မိမိ၏ အဇ္ဈတ္တအတွင်းသန္တာန်၌....

၁။ သီလနှင့်ပြည့်စုံသော ရဟန်းတော်တို့ကို ဖူးမြော်လိုသောဆန္ဒ၊

၂။ သူတော်ကောင်းတရားကို ကြားနာမှတ်သား ဆောင်ထားလိုသောဆန္ဒ၊

ယောပုဂ္ဂလော၊ ရဟန်းရှင်လူ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်။ သီလဝတံ- သီလဝန္တာနံ၊ ကိုယ့်ကျိုးအတွက် မြော်လင့်ချက်ဖြင့် တိုးတက်စေငြား သူဘပါး၏ မြောက်စားဖွင့်ဟ ပကာသနဝါဒဖြန့်ကင်း နဂိုရင်းဖြင့် သန့်ရှင်းပြည့်ဝ သီလကြည်လင် ရဟန်းရှင်တို့အား။ ဒဿနကာမော၊ ခရီးမည်ရွေ့ ကွာဝေးစေ့လည်း သွား၍ပျော်ပျော်ဖူးမြော်လို၏။

သဒ္ဓမ္မံ၊ သူတော်အများ လိုလားအမှန် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်အဆင့် မြင့်ရန်ချင့်၍ ထုတ်ဖွင့်ဟောကြား မြတ်တရားကို။ သောတုမိစ္ဆတိ၊ အန္တရာယ်တစ်ကွက် ကြုံလာဖျက်လည်း အသက်ကိုပင် ပယ်ကြဉ်စွန့်ရ ငါမထဟု အာဂစိတ်ဖြင့် နာကြားလို၏။

မစ္ဆေရမလံ၊ပေးမယ်လှူမယ် စိတ်ကြုံရွယ်သော် ဟယ်ဟယ်နေဦး သက်မဆုံးမီ သုံးရေးစွဲရေး သမီးလေးနှင့် သားလေးမြေးလေး နောင်အရေးကို ဆည်ဆွေးပါဦး ဘဝတုံးအောင် မသုံးပါနဲ့ဟု ပေး လှူ အ လဲ့ ခွင့် မ တဲ့ အောင် ခနဲ့ဟစ်ပေး မစ္ဆေရအညစ်အကြေးကို။ ဝိနယေ-ဝိနယတိ၊'ကျွဲသက်'ကိုယ်ပိုင်ဉာဏ်ဖြင့် တော်လှန်ရေးဆင် ဆေးကြောသုဘ်သင်နိုင်လေ၏။

သ-သော-ပုဂ္ဂလော၊ကတပုည ပုဗ္ဗေစကြောင့် ဘဝစုရှိ သပ္ပုရိနှင့် နာသိရှုသိ သင့်စွာပြည့်သဖြင့် ဖူးခွင့်ကိုမြော် နာသော်မဝ ဒါနမိမိ အတ္တာသမ္မာ မဏီမိမည်ရှိလေးလုံး ဘဝဆုံးတိုင် သုံးစွဲနိုင်သည့် စက်ပိုင်ခေါ်ဆို ထိုပုဂ္ဂိုလ်ကို။ သဒ္ဓေါတိဝေဝုစ္စတိ၊ရတနာသုံးတန်ကံ,ကံအကျိုးအား ကိုးသည့် အသိဉာဏ်ဖြင့် စစ်ဆေးကြည့်ရှုလတ်သော် မိမိ၏ အဇ္ဈတ္တအတွင်းသန္တာန်၌....

၃။ စွန့် ကြဲ ပေး ကမ်း လှူ ဒါန်း နိုင် သော စေတနာစိတ်ထားတို့ကို တွေ့မြင်လျှင်

'သြော်-ငါသည် သဒ္ဓါ ပသန္နရတနာသုံးတန် ကွဲ့,ကံအကျိုးကို ယုံ ကြည် အား ကိုး သူ ဖြစ်ပါ ကလား'ဟု မိမိကိုယ်ခံမိ သိမြင်ဆုံးဖြတ်ရာ၏။

ပုဏ္ဏားနှစ်ယောက်ဝတ္ထု

အိန္ဒိယနိုင်ငံပါဋလိပုတ် မြို့တံခါးအနီးရှိဇရပ်၌ ပုဏ္ဏားနှစ်ယောက်တို့နေကြသတတ်။ထိုပုဏ္ဏားတို့သည် သီဟိုဠ်ကျွန်း၊အနုရာဓမြို့နယ်၊ရောဟဏဇနပုဒ်နွယ်နက်မဏ္ဍပ်၌သီဘင်းသုံးတော်မူခဿာမဟာနာဂထေရ်၏ဂုဏ်သဘင်းကိုကြားကြသဖြင့် မဟာနာဂ ရဟန်းတော်ကို ငါတို့ သွားရောက် ဖူးမြော်သင့်သည်ဟု တိုင်ပင်ကြပြီး၊ မဟာနာဂ ရဟန်းတော်ကို ဖူးမြော်ရန် ခရီးထွက်လာကြသည်။ ပုဏ္ဏား တစ်ယောက်သည် သီဟိုဠ်ကျွန်း မရောက်မီ လမ်းခုလတ်တွင် ကွယ်လွန်ရှာသည်။

ကျန်ပုဏ္ဏား တစ်ယောက်သည် သီဟိုဠ်ကျွန်း ဘက်သို့ ကူးပြီး အနုရာဓမြို့သို့သွားကာ နွယ်နက်မဏ္ဍပ် အဘယ်မှာ ရှိလေသနည်းဟု စုံစမ်းမေးမြန်းရှင်း ခရီးဆက်သွားရာ မဟာနာဂထေရ် သီဘင်းသုံးရာ အရပ်အနီး စူဠနာဂရရွာသို့ ရောက်၍ အိမ်ဘစ်အိမ်၌ တည်းခိုသည်။

နံနက်လင်းသော် မဟာနာဂထေရ် သီတင်းသုံးရာ အရပ်သို့ သွားရောက်ပြီး ပရိသတ်အစွန်၌ ရပ်၏။ အဝေးမှ ကြွလာသော မဟာနာဂထေရ်ကို တွေ့မြင်လေသော် ရပ်လျက် ရှိခိုးပြီး အနီးသို့ ချဉ်းကပ်၍ မဟာနာဂထေရ်၏ ခြေဖမျက်တို့၌ မြဲမြံစွာ ကိုင်ကာ ''အရှင်ဘုရား။ အရှင်ဘုရားတို့သည် မမြင့်လွန်း၊ မပုလွန်းသော အရပ်တော် ရှိကြသည်မှာ မှန်ပါသော်လည်း အရှင်ဘုရားတို့၏ ဂုဏ်သတင်းတို့သည် မဟာသမုဒ္ဒရာ၏ တစ်ဘက်ကမ်း ဇမ္ဗူဒီပါ တစ်ကျွန်းလုံးကို လွှမ်းမိုး အုပ်လျက် တည်ပါကုန်၏။ ပါဋလိပုတ်မြို့ တံခါးအတွင်းကပင် အရှင်ဘုရားတို့၏ ဂုဏ်သတင်းကို ကြားသိခဲ့ရပါသည် ဘုရား''ဟု လျှောက်ထားလေ၏။

ထိုပုဏ္ဏားသည် မဟာနာဂထေရ်၏ အဆုံး အမ၌ တည်လျက် ဝိပဿနာတရား ပွားများ အားထုတ်လေရာ အရဟတ္တဖိုလ်သို့ ရောက်လေ၏၊

ဤ ဝတ္ထုကား သီလနှင့် ပြည့်စုံသော ရဟန်းတော်တို့ကို ဖူးမြော်လိုသူတို့၏ စံပြဝတ္ထု ဖြစ်သည်။

ရတန်းငယ်တစ်ပါးဝတ္ထု

တိသရွာကြီး၌ တိသကျောင်းကြီးနေ ရဟန်းငယ် တစ်ပါးသည် ဒီဃဝါပိအရပ်၌ ဇာတ်တော်ကြီးများကို ရွတ်ဆို ဟောပြောလေ့ ရှိသော မဟာဇာ တကဘာဏကထေရ်သည် ဂါထာ တစ်ထောင်ရှိသော မဟာဝေဿန္တရဇာတ်ကို ဟော လိမ့်မည်ဟု ကြားသိရသဖြင့် တိသရွာကြီးမှ ကိုးယူဇနာ ဝေးကွာသော ဒီဃဝါပိအရပ်သို့ တစ်ရက်တည်းဖြင့် အရောက်လာခဲ့လေ၏။ ရောက်ရောက်ချင်းပင် မဟာ ဇာတကဘာဏကထေရ်သည် တရားဟော စလေတော့သည်။ ရဟန်းငယ်သည် ခရီးဝေးမှ လာခဲ့ရသဖြင့် ခန္ဓာကိုယ်ပင်ပန်းရကား အစဆုံး ဂါထာနှင့် အဆုံးသတ် ဂါထာကိုသာ နာယူ မှတ်သားနိုင်တော့သည်။ အဆုံးသတ်ဂါထာကို နာယူပြီးနောက် ဘာဏက ထေရ်၏ ''ကာဒမဝေါ=ဤ တရားတော်ကို ဟောတော်မူလေပြီ''ဟု ရွတ်၍ နေရာမှထကာ ပြန်ကြွသွားသောအခါ ရဟန်းငယ်သည် ငါလာခဲ့ရခြင်းသည် အကျိုးမဲ့ပြီး အချည်းနှီးဖြစ်ရချေပြီ'ဟု ပြောဆို ငိုကြွေးနေလေ၏။ထိုသို့ငိုကြွေးသံကိုဒကာ တစ်ယောက် ကြားလေသဖြင့် ဘာဏက

ထေရ်ထံသွားလျှင် ''အနှင် ဘာဏာကထေရ်ဘုရား။ အနှင်ဘုရားများ ဟောသည့် တရားတော်ကို နာယူမည်ဟု ရဟန်းငယ်တစ်ပါး တိသကျောင်းကြီးမှ လာခဲ့ရာ ခန္ဓာကိုယ် ပင်ပန်းမှုကြောင့် ငါလာခဲ့ရခြင်းသည် အကျိုးမပြီး အချည်းအနှီး ဖြစ်ချေပြီဟု ငိုကြွေးနေပါသည် ဘုရား'' ဟု လျှောက် ထား လေ၏။ ဘာဏာက ထေရ်သည် ''နက်ဖြန်တွင် ထပ်၍ ဟောပေးမည် ဖြစ်ကြောင်း သွားပြောကြပါ''ဟု မိန့်တော်မူလေ၏၊

ရဟန်းငယ်သည် နောက်နေ့တွင် ဘာဏာက ထေရ်၏ မဟာဝေဿန္တရ ဇာတ်တော်ကို ကြား နာရ၍ သောတာပတ္တိဖိုလ်သို့ ရောက်ခဲ့လေ၏၊

ဤဝတ္ထုကား သူတော်ကောင်း တရားကို နာကြားမှတ်သားလိုသော ဆန္ဒရှင် ရဟန်းငယ် တစ်ပါး၏ စံပြဝတ္ထုဖြစ်လေသည်။

ပုဏ္ဏားတစ်ယောက်ဝတ္ထု

သာဝတ္ထိမြို့နေ ဧကသာဋက ပုဏ္ဏားအား ဇနီးပုဏ္ဏေးမအတွက်ပါမှ အပေါ်ရုံ အဝတ် တစ်ထည်သာရှိသည်။ ညဉ့်အချိန် မြတ်စွာဘုရား တရားဟောရာသို့ တရားနာရောက်၍ တရားနာနေခိုက် အပေါ်ရုံအဝတ်ကို လှူဒါန်းမည်ဟု ကြံစည် မိလေသည်။ 'ဒီအပေါ်ရုံ အဝတ်ကို လှူလိုက်လျှင် ငါ့ဇနီးမှာလည်း အပေါ်ရုံအဝတ် ရှိတော့မည်မဟုတ်။ ငါ့မှာလည်း အပေါ်ရုံအဝတ် ရှိတော့မည်မဟုတ်'ဟု စိတ်ကူးမပြန်သည်။ ဤသို့ သဒ္ဓါတရားနှင့် မစ္ဆေရတရား အပြန်အလှန် သုန် ဖြစ်နေသည့်အတွက် ပထမယာမ် အချိန်၊ မဇ္ဈိမယာမ်အချိန် ကုန်လွန်လာသော်လည်း မလှူ ဖြစ်ပဲ ဖြစ်နေသည်။

ပစ္ဆိမယာမ်အချိန်သို့ ရောက်လာသောအခါ ပုဏ္ဏားအား နောက်ဆုံးစိတ်အကြိမ် ဖြစ်လာသည်မှာ....'ဤမျှ အပြစ်များသော မစ္ဆေရစိတ်သည် တိုးပွားနေခဲ့လျှင် ငါ့အား အပါယ် လေးဘုံမှ ဦးခေါင်းပေါ်ခွင့်ကို ပေးဘော့မည်မဟုတ်။ လှူ ဖြစ်အောင် လှူမှ ဖြစ်မည်' ဖြစ်သည်။ အပေါ်ရုံ အဝတ်ကိုခွာကာ မြတ်စွာဘုရား ဓမ္မတေဇောရင်းခဲ့ ချလှူပြီး 'ဇီတံမေ၊ ဇီဘံမေ=ငါနိုင်ပြီ၊ ငါနိုင်ပြီ' ဟု သုံးကြိမ်တိုင်တိုင် အော်ဟစ်လေ၏။

''ထင်ရှားကျော်ဟိုး၊ဘိညာဉ်စိုးသား၊ တန်ခိုးကြီးစွာ၊ ရဟန္တာလည်း၊ဥစ္စာအသက်၊ ဤနှစ်ချက်ကို၊ မပျက်စေရာ၊ ဝန်ခံပါလျက်၊ သဒ္ဓါဟူငြား၊ ဤတရားကား၊ ဖောက်ပြားယွင်းသွေ၊ မစ္ဆေဖိသွမ်း၊ ပျက် လွယ် စွမ်းကြောင့်၊ ခံထမ်းပိုင်ပိုင်၊ မပြုနိုင်ဘူး၊ မြဲခိုင်စိမ့်ငှာ၊ ထိုသဒ္ဓါကို၊ ပညာကွန့်ထွေ၊ မတွန့်စေနှင့်။ သက်ဂေမင်းဖြူ၊ မှတဲနည်းယူလော့၊ ဆယ်ဆူပုည၊ ယွင်းမခွဲဘဲ၊ ဒါနဟူသည်၊ ပြုအံ့ရည်သော်၊ မလည် မသုန်၊ သဒ္ဓါဟုန်ဖြင့်၊ မတုန်မလှုပ်၊ထိန်းအုပ်မစ္ဆေ၊ မတွန့်စေနှင့်။''(မဃဒေဝလင်္ကာ)၊ ဤကား မစ္ဆေရကို အောင်ခြင်း ဝတ္ထုဖြစ်သည်။

တိပိဋကနိကာယ သာသနာပြုအဖွဲ့ဝင် ဥပါသကာ၊ ဥပါသိကာမတို့သည် ရတနာသုံးတန်ကံ ကံအကျိုးကို ယုံကြည်အားကိုးကြသော သဒ္ဓါပဃန္ဓ ပုဂ္ဂိုလ်များ ဖြစ်ကြသည်နှင့်အညီ မင်းကွန်း တိပိဋက နိကာယ သာသနာပြုအဖွဲ့၏ ဒုတိယသုံးနှစ်ခရီး စာစောင်တွင် 'အတုယူဖွယ် နည်းယူဖွယ်'ဟူသော အမည်ဖြင့်ဤစာဘမ်းကို ရေးသားအပ်ပါသည်။

ဘဒ္ဒန္တဝိမလာဘိဝံသ
ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ၊ ပါဠိပါရဂူ
(နိုင်ငံဘော် သံဃမဟာနာယကအဖွဲ့ဝင်)
ပုခန်းကျောင်းတိုက်
ရွှေဘိုမြို့။

တိပိဋကက=နိကာယ သာသနာပြု အဖွဲ့ ဥက္ကဋ္ဌ (ဒကာသာလှ)ထံမှ တိပိဋကနိကာယသာသနာပြု ဒုတိယသုံးနှစ်ခရီးစာစောင်ထုတ်ဝေလိုပါ၍ စာမူများ ရေးသား ခြီးမြင့်ပါရန် တောင်းပန်လျှောက်ထားသည့်စာ ရောက်လာပါသည်။

ပထမသုံးနှစ်ခရီးစာစောင် ထွက်စဉ်ကလည်း ကြည့်ရှုရပါသည်။ ယခု ဒုတိယ သုံးနှစ်ခရီး စာစောင် ထုတ်ဝေဦးမည်ဟု သိရပြန်ရာ သုံးနှစ်ခရီး စာစောင် တစ်ထောင်ကျော် ထွက်ပေါ်ပါစေ ဟု ဆန္ဒပြုမိပါသည်။ ဆန္ဒပြုမိခြင်းနှင့် အတူ အနာဂတ်တွင် ထွက်ပေါ်လာမည့် 'ဒုတိယသုံးနှစ်ခရီး' စာစောင်၊ နောက်ထပ်သုံးနှစ်ပြည့်ပြန်သောအခါ 'တတိယသုံးနှစ်ခရီး'စာစောင်၊ နောက်ထပ် သုံးနှစ်ပြည့်ပြန်သောအခါ 'စတုတ္ထ သုံးနှစ်ခရီး'စာစောင်....ဤသို့ စသည်ဖြင့် သုံးနှစ် ပြည့်တိုင်း၊ သုံးနှစ် ပြည့်တိုင်း 'သုံးနှစ်ခရီး'စာစောင် တစ်စောင်ကျ၊ တစ်စောင်ကျ ထွက်ပေါ် လာမည်ကိုလည်း မှန်းမျော်တောင့်တ နေမိသည်။

ယခု သာသနာနှစ် ၂၅၃၁-ခုနှစ်ဖြစ်၏။ ဗုဒ္ဓသာသနာ ၂၀၀၁-ခုနှစ်တွင် (၈၂၅)စောင်မြောက် 'သုံးနှစ်ခရီး' စာစောင် ထွက်ပေါ်လာမည်ဖြစ်၏။

"နှစ်ပေါင်း ငါးထောင် ကျော်အောင် သာသနာ ဇာည် နိုင် ပါ မည် လား" ဟု မေးစရာအကြောင်း ရှိ၏။ "ဤအဖွဲ့ကြီး ရှိနေသေးလျှင် တည်နိုင်ပါသည်" ဟု ဖြေဆိုရမည်ဖြစ်ပေသည်။

မှန်ပေသည်။ ဤ အဖွဲ့ကြီးသည် သာသနာဘော်ကို ကြုံကြုံ ခံထမ်းဆောင်ကြမည့် သာသနာ့အာဇာနည်၊ သာသနာ့ ခေါင်းဆောင်တို့ ထွက်ပေါ်လာရေးအတွက် ပြုစု ပျိုးထောင် နေသည့် အဖွဲ့ကြီးဖြစ်၏။ ဤအဖွဲ့ကြီး တည်ရှိရေး၊ မတည်ရှိရေးမှာ တိပိဋကာသင်သားများနှင့် နိကာယ စာသင်သားများ ရှိ-မရှိ အပေါ်တွင် မူတည်ပေသည်။ တိပိဋကနှင့် နိကာယ် စာသင်သားများရှိမှ ဤအဖွဲ့ကြီး၏ရည်မှန်းချက်များ ပေါက်မြောက်၍ အဖွဲ့ကြီး ဆက်လက်တည်ရှိနိုင်မည် ဖြစ်ပေသည်။ တိပိဋကနှင့် နိကာယ်စာသင်သင်းများ မရှိခဲ့လျှင် ဤအဖွဲ့ကြီး ပေါ်ပေါက် လာခဲ့မည် မဟုတ်သလို ဆက်လက်၍လည်း ရပ်တည်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် တိပိဋကနှင့် နိကာယ် စာသင်သားများ စဉ်ဆက်မပြတ် ထွက်ပေါ်ရေးသည် ဤအသင်းကြီး ဘည်ရှိရေးနှင့် တဆက်တည်း ဆက်ပယ်လျက်ရှိနေပေသည်။

သို့ဖြစ်လျှင် တိပိဋကနှင့် နိကာယ်စာသင်သားများ စဉ်ဆက်မပြတ် ထွက်ပေါ်ရေးကို အဖွဲ့ကြီးအနေဖြင့် ယခုသက်မက တိုး၍ အားထုတ်ရပေမည်။ ယခု မျက်မှောက် အနေအထားတွင် တိပိဋကခရ မင်းကွန်းဆရာတော်ဘုရားကြီး၏ ဘုန်းကုဏ်သည် ဤ အဖွဲ့ကြီးအတွက် ကြီးမားသော အဆောက် အပံ့ကြီး ဖြစ်နေသည်ကို မည်သူမျှ စောဒက ဘက် ဖွယ် မရှိ ပါပေ။ ဆရာတော်က နောင် အရှည်တည်တံ့ သာသနာပြုနိုင်ကြစေရန် ရည်ရွယ်မြော်၍ လုံလောက်သောအစီအမံများ ချမှတ်ပေးနေသည်ကိုလည်း အမျာ်း အသိပင် ဖြစ်၏။ သို့ဖြစ်ရာ လက်ရှိအနေအထားတွင် ဤအဖွဲ့ကြီး အခြေအနေ ကျေနပ်ဖွယ်ရှိသကဲ့သို့ နောင်အစဉ်အဆက် အလားအလာကောင်းများ ရှိနေဖို့လည်း ရည်မြော်၍ စီမံသင့်ပေသည်။

ဘိပိဋကခရရွှေးချယ်ရေးစာမေးပွဲဝင်လိုသည့် ပုဂ္ဂိုလ်တို့သည် အစိုးရပါဠိ ပထမပြန် စာမေးပွဲ၊ ပထမကြီးတန်းကို အောင်မြင်ရမည်ဟု စည်းကမ်းသတ်မှတ်ချက် ရှိပေသည်။ ဤသည်မှာ လွန်စွာကောင်းသည့် စည်းကမ်း ဖြစ်၏။ ဆူလွယ်၊ နပ်လွယ် အလွယ်လမ်းကို လိုက်လိုက်သည့် စာသင်သားများကို အကောင်းဆုံး ထိန်းမတ်ပေးသည့် စည်းကမ်းဖြစ်၏။

စာသင်သား တစ်ပါးအဖို့ ပထမကြီး တန်း အောင်မြင်မှသာ တိပိဋကစာပေ အခြေခံ ရနိုင်ပေသည်။ ထို ပထမကြီးတန်း အောင်မြင် ရန် အတော် ကြိုးစားကြရသည်။ ထို ပထမကြီးတန်း သို့ရောက်အောင် အခြေပြု မူလတန်းမှ တစတစ တက်ခဲ့ရ၏။ ပထမငယ်၊ ပထမလတ်တန်းတို့ဖြတ်သန်းခဲ့ရ၏။ သို့ဖြစ်ရာ အခြေပြု မူလတန်းမှစ၍ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်း တို့ကို အောင်မြင်ရေးသည် တိပိဋကနှင့်နိကာယ်စာသင်သားများ ပေါ်ထွက်လာရေး၏ ပင်မရေသောက်မြစ် ဖြစ်ပေသည်။

မင်းကွန်း တိပိဋကနိကာယ သာသနာပြုအဖွဲ့သည် ယခုလက်ရှိအနေအထားတွင် အဘက်ဘက်က အင်အား အတောင့် အတင်း ဆုံးသော အဖွဲ့ကြီးဖြစ်၏။ ရှိသည့်အင်အားကို ဖြည့်ဖြည့်ဖဝအသုံးချလျှင် ဖြစ်နိုင်စရာ အလားအလာများစွာရှိနေ၏။ ဤအဖွဲ့ကြီး တည်တံ့ခိုင်မြဲရေးသည်-

(က) တိပိဋက နိကာယ စာသင်သားများ စဉ်ဆက်မပြတ်ထွက်ပေါ်လာရေး

(ခ) အဖွဲ့ကြီး၏ ညီညွတ်စည်းလုံးရေး

ဤ နှစ်ချက် ပေါ်တွင် မူတည် နေပေသည်။

တိပိဋကစာသင်သား၊ နိကာယ်စာသင်သားများ စဉ်ဆက်မပြတ် ထွက်ပေါ်လာရေးအတွက် အခြားကျောင်းတိုက်များမှ ပထမကြီးတန်း အောင်မြင်ပြီး ရောက်ရှိလာသည့် စာသင်သားများကိုသာ ငံ့မျှော်မနေဘဲ အခြေခံမူလတန်းမှ စ၍ ပထမကြီးတန်း အောင်မြင်သည်အထိ ပြုစုပျိုးထောင် ပေးခြင်း၊ မိမိတို့ ဆန္ဒအလျောက် ကျက်အံရုံသာ ကျက်အံရသည် မဟုတ်ဘဲ၊ သင်ကြားပို့ချမှုပါဝင်သော ပညာသင်ကြားရေး တစ်ရပဲ ရှိစေခြင်း စသည့် အရှည်တည်တံ့ခိုင်မြဲမည့် 'အောက် ခြေသိမ်း အလုပ်များ' ကိုလည်း လုပ်နိုင်ရန် ကြိုးစားသင့်ပေသည်၊

ဒံပေါက် ထမင်း၊ အုန်း ထမင်း၊ ဟောပတ် ထမင်းဖြစ်အောင် ဦးစွာပထမ ထမင်းဖြစ်အောင် ချက်ရ၏။ ထမင်းဖြစ်အောင် ဆန်၊ ရေ၊ ထင်း၊ မီး၊ချက်ဘတ်သူလို၏။ ထို့အတူ တိပိဋကနိကာယ သာသနာပြု အဖွဲ့သည် ဆန်၊ ရေ၊ ထင်း၊ မီးနှင့် တူသော အခြေခံပြုမူလတန်းမှစ၍ ပထမကြီးတန်း အောင်သည်အထိ ကြိုးစားအားထုတ်သည့် လက်ရွေးစင် စိတ်တိုင်းကျစာသင်သားများ ပေါ်ထွက်လာရေးကိုကြိုးစားသင့်၏။ တိပိဋကစာသင်သား နိကာယ် စာသင်သား၊ ပိဋက ဆောင်၊ နိကာယ် ဆောင်များ ဖြင့်သာ ကျေနပ် မနေဘဲ အခြေခံပထမပြန်စာသင်သားများ မွေးမြူစောင့်ရှောက်ရေးကိုလည်း ကြိုးစား အားထုတ် သင့်သည်ဟု သဘောရပေသည်။

အခြားကျောင်းတိုက်များမှ ရောက်ရှိလာမည့် တိပိဋကနိကာယ်စာသင်သားများကိုသာ ငံ့မျှော်နေလျှင် မကြာမီဖွင့်လှစ်တော့မည့် ပရိယတ်တိသာသနာ့ဘက္ကသိုလ်၏ အရှိန်ဟပ်မှုကို တစ်စုံတစ်ခုသော အတိုင်းအဆ်တာအထိ ခံနဖွယ် ရှိနေသည်။ သို့ဖြစ်ရာ မအောက်ခြေသိမ်းလုပ်ငန်းများ လုပ်နိုင်မှသာ တိပိဋကနိကာယ် စာသင်သားများ ပေါ်ထွက်၍ အဖွဲ့ကြီး၏ 'သုံးနှစ်ခရီး' စာစောင်များ ဆက်ကာ ဆက်ကာ ထွက်ပေါ်လာမည် ဖြစ်ပေသည်။ထို့ကြောင့် "သုံးနှစ်ခရီး စာစောင် တစ်ထောင်ကျော်ထွက်ပေါ်နိုင်ပါစေ" ဟု ဆန္ဒပြုရပါသတည်း။ ။

ဒီဆုဒ္ဓါရုံ ဥုးဇင်္ဂီယ

နာမ်ရုပ်ကို ဗိုင်းခြား၍ ဝိပဿနာတင်ရန်

နာမ်ရုပ်တရား၊ ဤနှစ်ပါးလည်း၊ ရှည်လျားကာလ၊ မတည်ကြဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၍၊ နှိပ်စက်ခြင်းရာ၊ မလိုပါဘူး၊ သဘာဝအား၊ ဤသုံးပါးကြောင့်၊ ဖြစ်ပွားသမျှ၊ အနိစ္စသည်၊ ဒုက္ခ-အနတ္တ ချည်းသာတည်း။ ။

တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီး



“ဒုတိယ သုံးနှစ် ခရီး” စာစောင် အတွက် ဆောင်းပါး စသော အကြောင်းအရာထောမနာ စာတမ်းများ ရေးသားပေးပို့ရန် တောင်းခံစာ ရောက်ရှိခဲ့၍ ကပင် မရေးလိုဘူးလို့ ဆုံဖြတ်ပြီး မရေးဘဲ နေခဲ့ ပါတယ်။ · နောက် တစ် ကြိမ် တောင်းခံစာ ရောက်လာတော့ ငြင်းလို့မကောင်း သည့်အတွက် ‘တတ်သမျှရေးဦးမှသင့်တော်မည်’ ဟု စဉ်းစားမိလို့ ရေးရခြင်း ဖြစ်ပါတယ်။

အကြောင်းက ငါရေးမည့်အကြောင်းအရာက “တိပိဋကတ ဆရာတော်ဘုရားကြီးနှင့် ဆောင်ရွက်

မင်းကွန်း တိပိဋကနိကာယ သာသနာပြုအဖွဲ့ကြီးသို့ ဆရာတော်အရှင်စန္ဒောဘာသ

ပန်းချီ ကြည်သိန်း

ချက်များ''ဖြစ်နေ၍ အလွန် ကြီးမားသော ကိစ္စ များကို ငါ့ရဲ့ ဉာဏ်လေးနှင့် ရေးပါက ခဲ်းကျူး ရာမရောက်၊ ဂုဏ်မမြောက်ဘဲ ဂုဏ်နိမ့် သွားမှာ စိုးသည့်အတွက် ဖြစ်ပါတယ်။ ဘယ်လိုပင်ရေးရေး ဘကယ်တော့ ဂုဏ်နိမ့်ကျ မသွားနိုင်ပါဘူး။ ပြီး တော့ စာပေတုံးစံအတိုင်း သာယာနာပျော်ဖွယ် ဖြစ်အောင် ကိုယ်က ဖွဲ့နွဲ့ပြီး မရေးတတ်။ ရေးရ မည့် အကြောင်း အရာက ကြီးမားဆိုးတော့ ဒါ မရေးချင်ခြင်းရဲ့ အကြောင်းတစ်ခုပါ။

မော်တော်ကားကို မမြင်ဖူးတဲ့ ဘောကလူကြီး တစ်ယောက် မော်ဘော်ကား ခဲ်းကျူးသလို ဖြစ် မှာစိုးလှပါတယ်။ တောကလူကြီး မြို့ရောက်တော့ ဝင်းထိန်နေတဲ့ကားကြီးကို လက်နှင့်ပွတ်သင်ရင်း လှည့်ပတ် ကြည့်ပြီးတော့ ''ကောင်း ချက် တော့ မကျန်ဘူးဟေ့၊ နှီးနဲ့ တုပ်ထားတာ တစ်ချက်မှ မပါဘူးနော်''လို့ ခဲ်းကျူးသတဲ့၊ ခုလဲ ဒီလို ဖြစ် မှာစိုးလို့ မရေးလိုတာပါ။

ကမ္ဘာ့အမြောင်ကို ခွင်းနိုင်မယ့် သာသနာရောင်

ဘုန်းကြီး၏ဆန္ဒကို အမှန်အတိုင်း ပြောရမည် ဆိုရင် သုဝဏ္ဏ ဆရာတော်များ အမှူး ထားပြီး ဆရာဝန်ကြီး ဒေါက်တာ ဦးသာလှ ဦးစီးနေတဲ့ သာသနာပြုလုပ်ငန်းကြီးဟာ ပြည်လို့မကုန်နိုင် အောင် ခရီး ရောက်နေ ပါပြီ။ သာသနာ တော် ကြီးလဲ မြန်မာ သာမက ကမ္ဘာ ကပါ သိနေကြ ပါပြီ။ အရှိန်လဲကောင်းနေပါပြီ၊ ဆတက်ထမ်းပိုး တိုးပြီးကြိုးစားကြမည်ဆိုပါက သာသနာ ရောင် ဟာ နေလို့၊ လလို့ ကောက် ပြောင်ပြီး ကမ္ဘာ့ အမှောင်ကြီးကိုဖြိုခွင်းနိုင်မှာအမှန်ပင်ဖြစ်ကြောင်း အကြွင်းမဲ့ ယုံကြည်မိပါတယ်။

'ခါးတောင်းကျိုက် မဖြုတ်ဘဲ ဆက်ကြိုးစား ကြပါ'လို့တိုက်တွန်းလိုပါတယ်။ ဆရာတော်ဘုရား ကြီးအား ကြည်ညိုအားထား လေးစားကြပါလို့ တိုက်တွန်းလိုပါတယ်။ ဆရာတော်ဘုရားကြီးအား ကြည်ညို အားထား လေးစားကြသူ များတွင် ထိပ်ဆုံးကနေသူ တစ်ယောက်လို့ ကိုယ့်ကိုယ်ကို သတ်မှတ်ပါတယ်။ ဆရာတော်ဘုရားကြီး၏ သာ သနာရေးဆောင်ရွက်ချက်များကို အလွန်မွန်မြတ် နှစ်သက်လှုန်းလို့ အားရကျေနပ်ပါတယ်။ ခြွင်း ချက်မရှိ ဝမ်းမြောက်လှပါတယ်။

ဆရာတော်ဘုရားကြီး၏ မေတ္တာ

လွန်ခဲ့သော နှစ်များက ဆရာတော်ဘုရားကြီး မကျန်းမာတော် မူစဉ် ကျန်းမာ ချမ်းသာ စေ ကြောင်း နေ့စဉ် ဆုတောင်း ခဲ့ရပါသေးတယ်။ ဆရာတော် ဘုရားကြီး၏ ဒကာ၊ ဒကာ မ တွေ အပေါ်ထားရှိတဲ့ မေတ္တာ စေတနာတွေကို အားရ ယုံကြည်လွန်းလို့ လေးစား မြတ်နိုးပါတယ်။

တစ်ချိန်တုန်းက (လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က) မိုးကုတ် ဗဟန်းပို (က ပြင်)မှ တရားချီး မြှင့်တော် မူစဉ် အသက်ရှူ မှားလောက်အောင် ခံစားရပါသေးတယ်။ တရားပွဲကို ချက်ချင်း ရုပ် ဆိုင်းလိုက်စေချင်တာက တစ်ဖက်၊ ဆက်ပြီးဟော

စေချင်တာက တစ်ဖက် စိတ်ထဲမှာ နှစ်မျိုးဖြစ်ပြီး တရားနာရတာ စိတ် မတည်ငြိမ်လို့ အသက်ရှူ မှားခဲ့ရဘာပါ။

ဆရာတော် ဘုရားကြီး၏ စေတနာကို ကြည့်စမ်းပါ။ ဒကာ၊ ဒကာမတွေ အပေါ် ထားရှိတဲ့ မေတ္တာ စေဘနာအရ ည(၇)နာရီက စဟော လိုက်ဘာ ရပ်နားခွင့် မရှိ၊ တစ်ဆက်ဘည်း(၁၂) နာရီထိ ကြာပါတယ်။ မေတ္တာကား ကြီးမား တော် မူလှပါတယ်။ တရားပွဲ နာရီ (၅)ပတ် ကြာပါ တယ်။ အဲဒီတော့ ဆရာတော်ဘုရားကြီးကိုလည်း ကြာရှည်လေးမြင့် ဖူးမြော်နေချင်ပါတယ်။ အဆုံး အမ တရားတော်တွေ ကိုလဲ အမြဲတမ်း နာယူ မှတ်သားနေချင်ပါတယ်။ အကျိုးရှိလွန်းလို့ ဒကာ ဒကာမများကိုလဲ ကြာရှည် လေးမြင့်စွာ နာယူ စေချင်ပါတယ်။

ဒါကြောင့် 'ကြာကြာ ဝါးမည့်သွား၊ အရိုး၊ ကြည့်ရှောင်'ဆိုသလို သက်တော်ရာကျော် ကျန်းမာ ချမ်းသာစွာ ရှည်နေစေချင်တဲ့ဆန္ဒက ပြင်းပြလွန်းသည့် အဘွက် မပင်ပန်း ရအောင် တိုတို ဟောစေလိုလို့ တရားပွဲကို ရပ်နားစေချင်တာပါ၊ ဆက်ဟောစေလိုတာက နာလို့မဝ အများအကျိုး ကုသိုလ်ပွား တိုးစေလိုတာကြောင့်ပါ။

စိတ်ထဲ တစ်မျိုး ဖြစ်မိပါ သေးတယ်။ ဆရာ တော် ဘုရားကြီးကို ဂုဏ်နဲ့ လိုက်အောင်လို့သာ 'ကြီး'ဆိုတဲ့ စကားလုံးကို ထည့်သုံးရ တာပါ။ အမှန်က မဆည့်ချင်ပါဘူး။ ဘာပြုလို့လဲဆိုတော့ သက်တော်ကြီးသွားမှာ စိုးပါတယ်။ ဖြစ်နိုင်ရင် ပြန်ပြီး ငယ်စေချင်လွန်းလို့ပါ။ သက်တော် ငယ်မှ အချိန် များများ ကြည့်ညှိခွင့် ရမှာကိုး။ ဒါက အကြောင်း တစ်ခုပါ။ နောက်ပြီးတော့ သာသနာဘော် အတွက် ယခုထက် ပိုပြီး များများ အရှိန်အဝါ ပေးတော်မူနိုင်အောင် ရည်ရွယ်တာ ကဘစ်ကြောင်းပါ။

ရွှင်သော ညောင်တော်

ရွှင်သောညောင်ကော်ကိုလဲ တစ်ဆင့် ကြားဖူးလို့ နှစ်သက်ရပြန် ပါတယ်။ အကြောင်းက ဒီလိုပါ။ ဆရာတော်ဟာ ဆေးလိပ် ကြိုက်တတ် ပါတယ်။ ဆရာတော်က အမိန့်ရှိပါသတဲ့။ ''တပည့်တော် ဆေးလိပ် သောက်တာဟာ အခြားအကြောင်းကြောင့် မဟုတ်ပါဘူး'' တဲ့။ ''တပည့်တော်ကို တချို့ပုဂ္ဂိုလ်တွေက ရဟန္တာလို့ထင်နေကြဘယ်၊ အဲဒါရဟန္တာမဟုတ်ပါဘူးလို့သိအောင် သောက်ပြတာပါ''တဲ့။ ရိုးရိုးလေးနဲ့ယဉ်တဲ့ဟာသ ဉာဏ်တော်ပါ။ နှစ်ဘက်ရ အဓိပ္ပာယ်လို့ ဆိုရမှာပါ။

ပြီးတော့ နောက်တစ်ခုရှိပါသေးဘယ်။ ဆရာ တော်ဟာ ဆံပင်ကို တော်တော်ရှည်မှ ရိတ်လေ့ ရှိပါတယ်။ တော်တော်ရှည်အောင်ထားတာဟာ ''ဆံပင် မဖြူ သေးမှန်း အများ သိအောင် အရှည်ခံထားတာပါ'' တဲ့။ ပြုံးရင်း ကြည်ညို ရတာမို့ ပျော်စရာကောင်းတဲ့ အကြောင်း တစ်ခု ပါ။ ဆံပင် မဖြူတော့ ငယ်သေးတဲ့ သဘောပါ။ ဒီအတိုင်း ဖြစ်ပါစေလို့ တောင့်တမိရိုး အမှန်ပါ။ ဆရာတော်၏ ဂုဏ်တော် များကား ရေးလို့ကုန် နိုင်မည် မထင်ပါ။

တိုက်တွန်း ပ၇ရ၈

ဒကာ ဒေါက်တာ ဦးသာလှ အမှူးပြုတဲ့ ဒဖွဲ့ဝင် ဒကာကြီးများရဲ့ သီလ၊ သမာဓိ၊ သစ္စာများကို နိုင်ငံတော်က အမြင် ကြည်လင် ပြီးသားပါ။ အခွင့်ရတဲ့ဘဝမှာ ပါရမီဖြည့်တဲ့ အနေနဲ့ မမှိတ်မသုန် ယုံကြည်ချက်ချပြီး သာသနာပြုလုပ်ငန်းကို ဆောင်ရွက်နေကြတယ်ဆိုတာ အကြွင်းမဲ့ လက်ခံ နေကြတာကြောင့် မေးနေစရာ လိုမယ်မထင်ပါ။

ဒါဟာဒကာကြီးများအတွက် သာယာလှတဲ့ အခွင့်ထူးကြီးတစ်ခုလို့ဆိုရင် မှားမယ်မထင်ပါ။

ဆက်ပြောချင် တာက အခြား ဆောင်ရွက်မှုများသာ မက ဆရာတော်၏ ကျန်း မာ ရေး ကို စောင့်ရှောက် နေကြတယ် ဆိုတာလဲ သိကြပါတယ်။ ဒါ့ထက် အနီးကပ်ပြီး ဝတ်ကြီး ဝတ်ငယ်များ ပြုနေကြတာ ကိုလဲ သာသနာ့ အတွက်မို့ တစ်မျိုး ပိုပြီး ကျေနပ်ရပြန်ပါတယ်။ ဆွမ်း ဘုဉ်းပေးတဲ့နေရာမှာလဲ လိုအပ်ပါလိမ့်မယ်။ သင့်မြတ်သော အစားအစာများကို ညွှန်ကြားပြီး၊ မသင့်မြတ်တာကို ဖယ်ရှားပေးသည်ထိ အနီးကပ် ပြုစုနိုင်ပါစေလို့ အဓိဋ္ဌာန်ပြုလိုက်ပါတယ်။

တိပိဋကလောင်းလျာ ဖြစ်တော်မူကြတဲ့ (စာသင်သား)အရှင်မြတ်များကိုလဲတိုက်တွန်းပါတယ်။ 'လသာတုန်း ဗိုင်းငင်'ဆိုသလို အရွယ် ကောင်းတုန်း ကြိုးစားတော်မူကြပါ။ 'မိုးလွန်မှထွန်ချ'လို့ မဖြစ်နိုင်ပါဘူး။ အရှင်မြတ်များ ကြောင့်ကြစရာ ဘာမှမလိုပါ။ စားစရာလဲ ရှေ့မှောက်ရောက်လာတဲ့ ခဲဖွယ် ဘောဇဉ်များကို လက်ဆေးနှိုက်ရုံပဲလို့ တောင် ပြောစရာမလို။ လက်မဆေးရအောင်စိမ်းပေးထားဘာမို့ သိပ်ကို မျှမ်းသာ လွယ်ကူလှပါတယ်။ ဝတ်စရာလဲ မပူရ၊ နေစရာလဲ အဆင်သင့်။ ကျန်းမာရေးအတွက်လဲ လိုလေသေးမရှိ ပြည့်စုံလှပါတယ်။ ဆရာတော်ဘုရား၏ ဘုန်းရိပ် ကံရိပ်ကို ခိုလှုံကြရတာမို့ အလွန် ချမ်းမြေ့လှပါတယ်။

ဒါကြောင့် ဆရာတော်ဘုရား ကိုယ်တော်တိုင် သော်မှ ဒီလို နေတော်မူခဲ့ရမယ် မထင် ပါဘူး။ ဆရာတော်ဘုရား၏ ရည်မှန်းချက်ကို စိတ်စိုက်ပြီး ကြိုးစားတော်မူကြပါ။ ယခုလို ညီညီညွတ်ညွတ် တိပိဋကတပ်ဖွဲ့ကြီး၏အင်အားနဲ့ သာသနာတော် စစ်မြေပြင်သို့ ချီတက် တိုက်ပွဲဝင်သွားကြမည် ဆိုပါက ကိုယ်ကျိုးရော၊ သာသနာတော် အကျိုးပါ အောင်ပွဲ ခံနိုင်ကြရမှာ အမှန်ပါ။ ဒါကြောင့် ဆရာတော်၏ ခြေရာကို မီအောင် နင်းဟော်မူကြပါ။ ဖနောင့်ကွဲတော့ မနင်းမိအောင် သတိရှိတော်မူနိုင်ကြပါစေဟု ဆန္ဒပြုပါကြောင်း။ ။

တိပိဋကအောင်ပန်း ဆွတ်လှမ်း နိုင်ကြပါစေ။
သာသနာအကျိုး သယ်ပိုးနိုင်ကြပါစေ။
နှလုံးစိတ်ဝမ်း အေး ချမ်း သာ ယာ ကြပါစေ။

အရှင်စန္ဒောဘာသ

တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီး ချီးမြှင့်တော်မူသော အဟိတာ ပနယနာအဓိပ္ပာယ ဓမ္မဟာပဌာန်း

၁။ လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ

၂။ အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ

၃။ ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

အဏ္ဍရိယ အတ္ထုတပုဂ္ဂိုလ်
အာဂုဝတ္ထုသိဒီ

အရဟံဂုဏ်ရှင်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဘုရားသခင်ပွင့်ထွန်းပေါ်ပေါက်လာခြင်းကြောင့် လက်ဖျစ်တီး၍ ခုံးကျူးထိုက်ကုန်သော၊ မဖြစ်စဖူး ထူးထူးကဲကဲ ဖြစ်ပေါ်လာကုန်သော အစ္ဆရိယ၊ အဘွုတ တရားငါးမျိုးတို့ ထင်ရှားဖြစ်ပေါ်လာကြကုန်၏။

ယင်း တရား ငါးမျိုးကား....

၁။ ဗောဓိသတ္တ အလောင်းတော်မြတ် တုသိတာနတ်ပြည်မှ စုတေ၍ မယ်တော်မာယာ ဝမ်းကြောတိုက်၌ ပဋိသန္ဓေ တည်နေတော် မူသောအခါ၊

၂။ မယ်တော်မာယာ ဝမ်းကြောတိုက်မှ အလောင်းတော်မြတ် မီးရှူးသန့်စင် ဖွားမြင်တော်မူသောအခါ၊

၃။ အလောင်းတော်မြတ် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝိသာခါနက္ခတ်နှင့် စန်းယှဉ်သော ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ အရုဏ်တက်သည်နှင့် တပြိုင်နက် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ် တော်တို့ကို ရတော်မူ၍ ဘုရားဖြစ်တော်မူသောအခါ၊

၄။ အာသဠှိနက္ခတ်နှင့် စန်းယှဉ်သော ဝါဆိုလပြည့် စနေနေ့ဝယ် ဓမ္မစက္ကာတရား ဟောတော်မူသောအခါတို့ ဖြစ်သည်။

တလောကလုံးဝယ် အလှန့်အလွန် မျှားလှုစွဲသော အရောင်အလင်းများ ထွန်းတောက်ပခြင်းဟူသော အစ္ဆရိယ၊ အဘွုတတို့ ဖြစ်ပေါ်လာခဲ့ပါသည်။

တထာဂတသဿ ဘိက္ခဝေ အရဟတော သမ္မာ သမ္မဒ္ဓဿ ပါတုဘာဝါ စတ္တာရော အစ္ဆရိယာ အဗ္ဘုတာ ဓမ္မာ ပါတုဘဝန္တိ။

ကတမေ စတ္တာရော?

၁။ ယဒါ ဘိက္ခဝေ ဗောဓိသတ္တော တုသိတာ ကာယာ စဝိတ္ဝာ သတော သမ္ပဇာနော မာတုကုစ္ဆိသ္မိံ ဩက္ကမိ။

၂။ ပုန စ ပရံ ဘိက္ခဝေ ယဒါ ဗောဓိသတ္တော သတော သမ္ပဇာနော မာတုကုစ္ဆိမ္ဟာ နိက္ခမတိ။

၃။ ပုန စ ပရံ ဘိက္ခဝေ ယဒါ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဇ္ဈတိ။

၄။ ပုန စ ပရံ ဘိက္ခဝေ ယဒါ တထာဂတော အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တေတိ။

(စတုက္ကနိပါတပါဠိ-၄၄၆)

ဘုရားရှင်၏ လက်ျာတော်ရံ အရှင်သာရိပုတ္တရာ မဃေရမြတ် ဇောတဝန် ကျောင်းတော်မှ ရာဇဂြိုဟ်ပြည်သို့ တပည့်ရဟန်း ၅၀၀ ခြံရံလျက် ကြွတော်မူသည့်အခါ ရာဇဂြိုဟ် မြို့သူ မြို့သား များက နှစ်ဦးပေါင်း၊ သုံးဦးပေါင်း၍ လည်း ကောင်း၊ အများ စုပေါင်း၍ လည်းကောင်း အာဂန္တုက အလှူဒါနကို ပေးလှူကြပါသည်။

ဆွမ်း အနုမောဒနာ တရားကို အရှင်သာရိပုတ္တရာက အောက်ပါအတိုင်း ဟောကြားခဲ့ပါသည်။

ဥပါသကာ ဒါယကာတို့....

၁။ အလှူရှင်ဒါယကာတစ်ဦးသည် မိမိ ကိုယ်တိုင်တော့ လှူပါတယ်။ သူတပါးကို လှူဖို့ရာ နှိုးဆော်တိုက်တွန်းမှု မပြုပါ။ယင်းဒါယကာသည် ဖြစ်လေရာဘဝတိုင်းမှာ စည်းစိမ်ဥစ္စာနဲ့ ပြည့်စုံခြင်းအကျိုးကိုရပါတယ်။ အခြံအရံနဲ့ ပြည့်စုံခြင်း အကျိုးကို မရပါ။

၂။ အလှူရှင် ဒါယကာဘဝစ်ဦးကတော့ မိမိ ကိုယ်တိုင်လဲ မလှူပါ။ သူတပါးကိုလဲ လှူဖို့ရာ မတိုက်တွန်းပါ။ ယင်းဒါယကာသည် ဖြစ်လေရာ ဘဝတိုင်းမှာ ဝမ်းပြည့်ရုံမျှ စားစရာမရှိ။ အခြံ အရံမဲ့၊ ကိုးကွယ်ရာမဲ့ ဖြစ်ရပါတယ်။

၃။ အလှူရှင် ဒါယကာ တစ်ဦးကတော့ မိမိကိုယ်တိုင်လဲ လှူပါတယ်။ သူတပါးကိုလဲ လှူဖို့ရာ နှိုးဆော် တိုက်တွန်းပါတယ်။ ယင်းဒါယကာသည် ဖြစ်လေရာဘဝတိုင်းမှာ စည်းစိမ်ဥစ္စာ ပေါများ ကြွယ်ဝချမ်းသာရုံမျှမက အခြံအရံ ပရိသတ်စုံစုံလင်လင်နဲ့ နေရခြင်းအကျိုးကို ရပါတယ်။

ယင်းတရားပွဲ၌ အသိဉာဏ်နဲ့ပြည့်စုံတဲ့ အမျိုး ကောင်းသားတစ်ယောက်ဟာ တရားဟော်ကိုနာ ရသောကြောင့်....

''အချင်းတို့ အရှင်သာရိပုတ္တရာ မထေရ်မြတ် ဟောကြားတော်မူတဲ့ တရားတော်ဟာ လက်ဖျစ် တီး၍ ခဲ့းကျူးထိုက်သော၊ မဖြစ်စဖူး အထူး ဖြစ် သော အစ္ဆရိယ၊အဗ္ဘုတဓမ္မဖြစ်ပါပေ၏'' ဟုကြွေး ကြော်လျက် အကျိုး(၂)မျိုးကို ပြီးစေနိုင်တဲ့ 'မိမိ လဲလှူ၊ တစ်ပါးသူကိုလဲ နှိုးဆော်တိုက်တွန်းခြင်း အမှုကို ပြုတော့မယ်'ဟု ဆုံးဖြတ်ချက်ချခဲ့ပါသည်။

ဤဒွိ တရားတော်၏ အစ္ဆရိယဓမ္မ၊ အဗ္ဘုတဓမ္မ ဖြစ်ပုံကို ပြပါသည်။

တမေကော ပဏ္ဍိတပုရိသော ဓမ္မံ သုတ္ဝာ အစ္ဆရိယာဝတဘော၊ အဗ္ဘုတာ ငတဘော ဓမ္မဒေသနာ၊ သုကာရဏံ ကထိတံ၊ မယာ ဣမာသဲ ဒွိန္နံ သမ္မတ္တိနံ နိပ္ပါဒကံ ကမ္မံ ဂၢာတုံ ဝဋ္ဋတိ။

(ဓမ္မပဒဋ္ဌ၊ ဒေဝဒတ္တဝတ္ထု၊ ၄၉)

ဘုရားရှင် ကိုယ်တော်မြတ် ရုဇ်ကြိုဟ်မှ ဗာရာဏသီသို့ ဒေသစာရီ ကြွတော်မူရာ ဗာရာဏသီပြည် ဣသိပတန မိဂဒါ ဝုန်တောဘွဲ့ သီတင်းသုံးတော် မူသည့်အချိန် ဗာရာဏသီပြည်ခွဲ ဃံဃာ့အလုပ်အခကျွေး ရတနာသုံးပါး ကြည်ညိုကြသည့် သုပ္ပိယ ဥပါသကာနှင့် သုပ္ပိယာ ဥပါသိကာမ ဇနီးမောင်နှံတို့ နေကြပါသည်။

သုပ္ပိယာ ဥ ပါ သိ ကာ မကြီး သည် ဘုရားကျောင်း ပရိဝုဏ်အတွင်း ကျောင်းတစ်မကျောင်းမှ တစ်ကျောင်းသို့ လှည့်သည်ကြည့်ရှုရာ ဝမ်းလျှောသဖြင့် မကျန်းမမာဖြစ်နေသော ရဟန်းတော် တစ်ပါးကိုတွေ့၍ ဘုံးပေးလိုရာ မိန့်ကြားပါရန် လျှောက်ထားသဖြင့် အသာဟင်း ဘုဉ်းပေးလိုကြောင်း သိရှု၍ ချက်ပြုတ်ပို့ဖို့ရာ တာဝန်ယူလာခဲ့ပါသည်။

ဈေးဦးပဝဏ်မသ အသား(ခုံတင်သား၊ပုံသကူသား)ဝယ်ခိုင်းရာ ဘစ်မြို့လုံး ဝယ်မရသဖြင့် မိမိပေါင်သားကို ချက်ပြုတ်ပြီး ရဟန်းထံ ဧးလွှတ်လှူဒါန်းခဲ့ပါသည်။

ခင်ပွန်း သည် သုပ္ပိယဥ ပါသကာက မေးမြန်း၍ အကြောင်းစုံ ပြန်ကြားပြောဆိုရာ–

ခင်ပွန်းသည်က "အချင် တို့ အံ့ဖွယ် ရှိပါပေစွ။ အချင်းတို့ မဖြစ်စဖူး ဖြစ်ပါပေစွ။ ဤသုပ္ပိယာသည် ရဟန္တာသုံးပါး၏ ကျေးဇူးကို အလွန်ပုံကြည်၏။ ရဟန္တာသုံးပါးကို ကြည်ညိုး၏။ မိမိ၏ အသားကို သော်လည်း စွန့်လှူ နိုင်သေး၏။ ဤသုပ်ယာအား အခြားတစ်စုံတစ်ခုသော မလှူနိုင်သော အရာကား အဘယ်မှာ ရှိတော့အံ့နည်း'ဟု ရွှင်လန်းနှစ်သက် တက်ကြွသော စိတ်ဖြင့် ဘုရားထံ သွားခဲ့ပါသည်။

အထခေါ သုပ္ပိယော ဥပါသကော

"အစ္ဆရိယံ ဝတဘော၊ အဗ္ဘုတံ ဝတ်ဘော၊ ယာဝ သဒ္ဓါယ သုပ္ပိယာ ပသန္နာ၊ ယတြဟိ နာမ အတ္တနောပိ မံသာနိ ပရိစတ္တာနိ၊ ကိ ပိမာယ အညံ ကိဉ္စိပိအဒေယျံဘဝိဿတီတိ အစ္ဆာ ဥဒဂ်ါ ယေနဘဂဝါ တေနုပသင်္ကမိ။

(ဝိနည်း မဟာဝဂ် ပါဠိ-၃၁၁)

ဤဥ်ဒွ် ရတနာသုံးပါး၏ ကျေးဇူးကို ယုံကြည်မှုတရား ဖြင့် အလှူရဲရင့်ပုံ အစ္ဆရိယဓမ္မ၊ အဗ္ဘုတဓမ္မ သဒ္ဓါဖြစ်ပုံကို ပြပါသည်။

သာဝတ္ထိပြည်၌ အ လှူ အ တန်း လုံးဝ ဝါသနာ မပါသော ပုဏ္ဏားကြီးသည် လွန်စွာ ချစ်မြတ်နိုးသော တစ်ယောက် တည်းသော သားကလေး မကျန်းမာသည့်အခါ ပိုက်ဆံကုန်မှာ ကြောက်သဖြင့် ဆေးမကုပဲ နေခဲ့ပါသည်။

သေအံ့ဆဲဆဲ ဘုရား ရှင် ကိုယ် တော် တိုင် ကြွရောက်ပြီး ရောင်ခြည်တော်ကိုလွှတ်၍ ဖူးမြော်စေခဲ့ပါသည်၊ မိမိသက်ကို မ,ချိနိုင်သည့် အားမရှိတော့သဖြင့် စိတ်ဖြင့်သာ ကြည်ညိုလိုက်ရသည်။

ယင်းစိတ်ဖြင့် ကြည်ညိုလိုက်ရသည့် ကုသိုလ်ကြောင့် တာဝတိံသာ နတ်ပြည်၌ ယူဇနာ ၃၀ ရှိသည့် ရွှေဗိမာန်၌ သွားဖြစ်ရပါသည်။

မကျန်းမာစဉ် ဆေးကုသ မပေးနိုင်ပဲ သေပြီးမှ သုသာန်မှာ အလွမ်းလာသယ်နေတဲ့ ဖခင်ပုဏ္ဏား ကြီးနှင့် ပြန်လည်တွေ့ဆုံစဉ် နတ်သားက....

ပြောဟမ္မာ ကသ္မာ မံ ပုစ္ဆသိ၊နနုတေပုတ္တေန မက္ကာကုက္ကာလိနာ မယိ မနံ ပသာဒေတွာ အတ္တနော သဂ္ဂ နိဗ္ဗတ္တဘာဝေါ ကထိတောတိ။

(ခုမ္မပဒ၊ဋ္ဌ၊ပ-၂၂)

ဤဥဒ္ဒါဘုရားအား စိတ်ဖြင့်ကြည်ညိုရသည့်ကုသိုလ်တန်ဖိုး သို့မဟုတ် လက်အုပ်ချီရသည့် ကုသိုလ်ဘန်ဖိုးတို့ အစ္ဆရိယဓမ္မ၊ အဘ္ဘုတဓမ္မတို့ ဖြစ်ပုံကိုဖော်ညွှန်းလျက် ရှိပါသည်။

အထက်၌ တင်ပြခဲ့သောအချက်များကို ချုပ်လိုက်သည့်အခါ....

(က) ဘုရားရှင်ပွင့်ဘော်မူလာခြင်း အစ္ဆရိယဓမ္မ၊ အဘ္ဘုတဓမ္မတို့ ဖြစ်ပေါ်လာပုံ၊

(ခ) အရှင် သာရိပုတ္တရာ၏ တရား နာရသောကြောင့် တရားတော်၏ အစ္ဆရိယဓမ္မ၊ အဘ္ဘုတမမ္မဖြစ်ရပုံ၊

(ဂ) သုပ္ပဿာ၏ ရတနာသုံးပါးယုံကြည်မှုသဒ္ဓါတရားထက်သန်၍ အလှူ ရဲရင့်ခြင်း အစ္ဆရိယဓမ္မ၊အဘ္ဘုတဓမ္မဖြစ်ရပုံ၊

(ဃ) မက္ကာကုက္ကာလိနတ်သား၏ ဘုရားရှင်အား စိတ်ဖြင့်ကြည်ညိုရသည့်ကုသိုလ်တန်ဖိုး သို့မဟုတ် လက်အုပ်ချီရသည့် ကုသိုလ် တန်ဖိုးတို့ ၏ အစ္ဆရိယဓမ္မ၊ အဘ္ဘုတဓမ္မဖြစ်ရပုံတို့ကို ရှုမြင်သုံးသပ်နိုင်ကြပါသည်။

ယင်းကဲ့သို့ အစ္ဆရိယအဘ္ဘုတဓမ္မဟူသော အံ့ဩဖွယ် အထူးအဆန်းကို မြင်ရသည့်အခါ ရနိုင်ခဲ့သော၊ ရဖို့ရာ ခဲယဉ်းသော(အကျိုး)ပစ္စည်းကို ရသည့်အခါ ချစ်ခင်သူများကို အမှတ်ရခြင်းသည် လောကထုံးစံဖြစ်သည်။ဤထုံးစံအရဤစာရေးသူကျွန်ုပ်တို့မှာလည်း ချစ်ခင်လေးစားမြတ်နိုးသည့် ပုဂ္ဂိုလ်ကိုသတိရလျက် ရှိပါကော့သည်။

"ဖခင်ပုဏ္ဏားကြီး၊ ကျုပ်သည် ဝမ်းမြောက်ကြည်ညိုသောစိတ်ဖြင့် ဘုရားရှင်အား လက်အုပ်ချီခဲ့သော ကုသိုလ်ကြောင့် တာဝတိံသာ နတ်ပြည်မှာ ဖြစ်ရပါ၏"

ပုဏ္ဏားကြီးက "အံ့ဖွယ်ရှိပေစွတကား၊ မဖြစ်ဖူးမြဲ ဖြစ်ပေစ့တကား၊ လက်အုပ်ချီခြင်း ကုသိုလ်ကလည်း ဤသို့သော အကျိုးဖြစ်တုံ ဘိသေး၏" ဆိုပါသည်။

သား၏ ပြောဆိုမှုကြောင့် အမြင်မှန် သဘောပေါက်ပြီး ဘုရားရှင်နှင့်တကွ သံဃာတော်များအား ဆွမ်းကျွေးပွဲ ပြီးဆုံးသည့်အခါ....

"အရှင်ဂေါတမ၊ အရှင်ဘုရားတို့အား အလှူလမပေး၊ ပူဇော်ခြင်းလမပြု၊ တရား လမနာ၊ ဥပုသ်လမစောင့်ဘဲ စိတ်ထဲ ကြည်ညိုရုံသက်သက်ဖြင့် နတ်ပြည်ရောက်တယ်ဆိုတာဖြစ်နိုင်ပါ့မလား" ဟု လျှောက်ရာ–

ဘုရားက "ပုဏ္ဏားကြီး၊ ငါ့ကို မေးလျှောက်နေဖို့ လိုသေးသလား၊ သင့်သားကိုယ်တိုင် သက်သေခံသွားပြီ မဟုတ်လား" ဟု ပြန်လည် မိန့်ကြားရပါသည်။

သွာဟံမုဒိတမနော ပသဒ္ဓစိတ္တော၊
အဉ္ဇလိံ အကာရိံ တထာဂတဿ၊
တာဟံ ကုသလံ ကရိတ္ဝာန ကမ္မံ၊
တိဒသာနံ သဟဗျတံ ဂဒေဘာ။
အစ္ဆရိယံ ဝတ အဘ္ဘုတံ ဝတ၊
အဉ္ဇလီ ကမ္မဘာ အယမီဒိသော ဝိပါကော။

အထခေါ ဗြာဟ္မဏော ကတဘတ္တကိစ္စံ တထာဂတ မုပသင်္ကမိတွာ နိစ္စာသနေ နိသိန္နေ ပဥ္စံ ပုစ္ဆိ။

"ဘော ဂေါတမ တုမှာကံ ဒါနံ အဒတွာ ပူဇံ အကတွာ ဓမ္မံ အသုတွာ ဥပေါသထံ အခဏိတွာ ကေဝလံ မနောပသာဒမတ္တေနေဝ သဂ္ဂေ နိဗ္ဗတ္တာနာမ ဟောန္တီတိ"။

ယင်းကဲ့သို့ အမှတ်တရ အဖြစ်အပျက် တစ်ခုကို တင်ပြလိုပါသည်။

အခါတစ်ပါး ဘုရားသခင် ကိုယ်တော်မြတ် ရာဇဂြိုဟ်မြို့၏အနီး ဇီဝကဓ၏ သရက် ဥယျာဉ်၌ ရဟန်းတော်ပေါင်း (၁၂၅၀)ဘို့နှင့် အတူ သီဘင်းသုံးနေတော် မူပါသည်။

မဂဓတိုင်းကြီး၏ ပြည့်ရှင် ဝေဒေဟီ မိဖုရားကြီး၏သားတော် အဇာတသတ်မင်းသည် ကုမုဒြာကြာပန်းများ ပွင့်လန်း ဝေဆာလျက် ရှိသော တန်ဆောင်မုန်း လပြည့်နေ့ ည၌ အမတ်များ ခြံရံလျက် ပြာသာဒ်အဆက်ဝယ် ထိုင်နေစဉ် 'ဆီး နှင်း, မြူ, တိမ်, သူရိန်, မီးခိုး,ဟူသော ည၏ အပြစ်များ ကင်းစင် ဝင်းပ သာယာလှသော ည၌အခါသည် စိတ်နှလုံးကို မွေ့လျော်နိုင်ပါပေစွ'စသည်ဖြင့် ဥဒါန်း ကျူးရင့်လျက် ရှိပါသည်။

ယင်းကဲ့သို့ သာယာလှသော အခါ သမယမှာ 'ဘယ်လို သမဏ ဗြာဟ္မဏများထဲ ခုဥ်းကပ်ရပါ့မလဲ'ဟု ဆင်္ကာ ဥဒါန်း ကျူးရင့်လျက် ရှိပါသည်။

အမတ်အသီးသီးက လျှောက်တင်သည့်အနက် ဆရာဇီဝက ဘုရားဂုဏ်ဒေါ်များကို ဖော်ညွှန်း လျက် တင်လျှောက်သည်ကို သဘောကြိုက်သည် သဖြင့်....

ဆင်မြသာဥသာ ငါးရာနှင့် စီးတော်ဆင်ကို ကကြိုးတန်ဆာ ဆင်မြန်းလျက် လည်းကောင်း၊ ကြီးကျယ် ခမ်းနားသော မင်း၏ အာနုဘော်ဖြင့် ဆင်များကိုဦးလျက် ဇီဝက၏ သရက်ဥယျာဉ် ဘော်သို့ ထွက်ခွာလာခဲ့ပေသည်။

ရဟန်းတော်ပေါင်း (၁၂၅၀) ခြံရံလျက် သီဘင်းသုံးနေသော မြတ်စွာဘုရား၏ ပတ်ဝန်းကျင်ကို အကဲခတ်၍ လှုမ်းကြည့်သည့်အခါ...,

ယင်း(၁၂၅၀)သော ရဟန်း ပရိသတ်ဝယ် လက်လှုပ်၊ ခြေလှုပ်နေသော ရဟန်း တစ်ပါး တစ်လေမျှ မရှိသည်ကို လည်းကောင်း၊ ရဟန်း တစ်ပါးတလေ၏ ချဆပ်နေသော အသံကို လည်းကောင်း၊ အဆင်တန်ဆာများ အပြည့်အစုံ ဆင်မြန်းပြီးသား ကခေသည်များ ခြံရံလျက် ဘုရားရှင် ရှိရာသို့ ရှေ့ရှုလာသော အဇာတသတ် မင်းကြီးကိုသော် လည်းကောင်း၊ မင်းပရိသတ်ကို လည်းကောင်း လှမ်းပြီး ကြည့်ရှု နေသည့် ရဟန်း တစ်ပါးတလေကိုမျှ မမြင်ရဘဲ ဘုရားရှင်ကိုသာ ကြည့်ရှု ဖူးမြော်နေကြ ကုန်သော ညွှန်ကင်းသဖြင့် အထူး ကြည်လင်နေသော ရေအိုင်ကြီးပမာ ပဂတိ တည်ကြည် ငြိမ်သက်နေသော ရဟန်းတော် များ ကို ဖူး မြင် ရသဖြင့်....

'ယခုအခါ ရဟန်းသံဃာတော်အပေါင်းသည် ကိုယ် နှုတ် စိတ်တို့၏ ငြိမ်သက်ခြင်းနှင့် ပြည့်စုံပါ၏ပေ၏။ ငါ၏ သားတော်ကလေး ဥဒယဘဒ္ဒ မင်းသားလဲ ဤကဲ့သို့ ငြိမ်သက်ခြင်းနှင့် ပြည့်စုံစေပါသဘည်း'ဟု ဝမ်းမြောက် နှစ်လို မွှက်ဆိုခြင်း ဥဒါန်းဓကားကို ပြောကြားခဲ့ပါသည်။

အဇာတသတ်မင်းကြီးသည် ဤမျှ များပြားလှသော ၁၂၅၀သော ရဟန်းတော်များ၏ ငြိမ်သက် တည်ကြည်နေပုံ အစွမ်းရှိယ၊ အဘူတတို့ကို ဖူးမြင်ရသဖြင့် အချစ်ဆုံး သားတော်ကလေးကို မှတ်မှတ်ရရ သတိရသွားပါသည်။

တတ္ထ ဟိ ကောဘိက္ခဝေ သုပိ ဟတ္ထကုက္ကုစ္စံ
ဝါ ပါဒကုက္ကုစ္စံ ဝါ ဓိပိတသဒ္ဒေါ ဝါ
နတ္ထိ၊ သဗ္ဗာလင်္ကာရပဋိမဏ္ဍိတံ နာဋကံ
ပရိဝါရံ ဘဂဝတော အဘိမုခေ ဋ္ဌိတံ
ရာဇာနံ ဝါ ရာဇမဟာမတ္တံ ဝါ ကောဘိက္ခဝေ
နဿလောကေသိ။

သဗ္ဗေ ဘဂဝန္တိယေဝ ဩလောကယမာနာ နိသီဒိံသု။

ရာဇာ တေသံ ဥပသမေ ပသီဒိတ္ဝာ ဝိဂဘပက်တာယ ဝိပ္ပသန္နရဟဒမိဝ ဥပသန္တိန္ဒြိယံ ဘိက္ခုသံဃံ ပုနပ္ပုနံ အနုဝိလောကေတ္ဝာ ဥဒါနံ ဥဒါနေသိ။

အယံ ပန ဘိက္ခုသံဃော ဒိဋ္ဌော ပသန္နော ပုတ္တံ အနုသရိ။

"ဒုလ္လဘဉ္စိ လဒ္ဓါ အစ္ဆရိယံ ဝါ ဒိဋ္ဌော ပိယာနံ ဉာတီမိတ္တာဒီနံ အနုသရဏံနာမ လောကဿ ပကတိယေဝ။

(သီလက္ခန္ဓဝဂ္ဂဋ္ဌ-၁၃၉)

အဇာတသတ်မင်းကြီးသည် ငြိမ်သက် တည်ကြည်ခြင်း အစ္ဆရိယ၊ အဘွဲ့တဓမ္မတို့ကို ဖူးမြင်ရသဖြင့် အချစ်ဆုံးသားတော်လေးကို မှတ်မှတ်ရရ သတိရသွားသလို ဤ စာရေးသူ ကျွန်ုပ်သည် မှတ်မှတ်ရရ သတိရနေသော ပုဂ္ဂိုလ်ကြီးတစ်ပါး ရှိပါသည်။ ယင်းပုဂ္ဂိုလ်ကြီးကား....

တေန နံ ဘဂဝါ၊

"ကတ္ထ ပ ရိ နိ ဗ္ဗာ ယိ သ သိ သာရိပုတ္တာ"တိ ဝုတ္တာ၊

"အတ္ထိ ဘန္တေ မဂမေသု နာလကဂါမေ ဇာတဝရတ္တော၊တတ္ထာဟံ ပရိနိဗ္ဗာယိဿာမီ" တိ ဝုတ္တေ၊

"ယဿ ဒါနိ တွံ သာရိပုတ္တ ကာလံ မညသိ၊

ကွဒါနိ ပန တေ ဇေဋ္ဌကနိဋ္ဌဘာတိကာနံ

တာဒိသဿ ဘိက္ခုနော ဒဿနံ ဒုလ္လဘံ ဘဝိဿတိ၊

ဒေသေဟိ နေသံ ဓမ္မံ" န္တိအာဟ။

မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ တန်ဆောင်မုန်းလမပြည့်မီ (၇)ရက်ခန့်အလို ပရိနိဗ္ဗာန်ပြုတော့မည့်အကြောင်း ဘုရားရှင်အား လျှောက်ထားရာ၌ ဘုရားရှင်က အရှင်သာရိပုတ္တရာထေရ်အား

"ချစ်သား သာရိပုတ္တရာ သင်လို ပုဂ္ဂိုလ်မျိုးကို သင့်ရဲ့ ညီတော် နောင်တော်များ အား ယခု နောက်ဆုံး မြင်ရခြင်းဖြစ်သည်။ နောင် သင်လို ပုဂ္ဂိုလ်မျိုးကို တွေ့မြင်ဖို့ရာ များစွာခဲယဉ်းလုပါ၏။ သင့်ရဲ့ ညီနောင်တို့အား တရားဟောကြားသွားပါလော့"-ဟု မိန့်ကြားတော်မူပါသည်။

သင်လိုပုဂ္ဂိုလ်မျိုးကား ငါဘုရား သာသနာတော်မှာ အစားထိုး မရသော ပုဂ္ဂိုလ်မျိုးဖြစ်သည်ဟု ဆိုလိုပါသည်။

ဘုရားရှင် လက်ထက်တော်က အရှင် သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် အစားထိုးရနိုင်သလို၊ စာရေးသူတို့ယခုလက်ရှိ သာသနာတော်မှာလဲ အစားထိုး မရနိုင်သော ပုဂ္ဂိုလ်ကြီးကား တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးဖြစ်ပါတော့သည်။

မှတ်မှတ်ရရ သတိရလျက်ရှိသော ဆရာတော်ကြီး၏ အစ္ဆရိယ အဘွဲ့ တဓမ္မတို့ကား....

(၁) ၁၂၉၃-ခုနှစ်၌ ရဟန်းဖြစ်စ ဝါမရမီ အစိုး၊ ပထမကြိမ်တန်းကိုလည်းကောင်း၊

(၂) ၁၂၉၄-ခုနှစ်၌ တစ်ဝါအရတွင် အမျိုးသား ပထမကြိမ်တန်းကို လည်းကောင်း၊

(၃) ၁၂၉၅-ခုနှစ်၌ နှစ်ဝါအရတွင် မန္တလေးသက္ကသီဟ စာသင်တန်း၌ ဒုတိယရလျက် သည်းကောင်း၊

(၄) ယင်း ၁၂၉၅ခုနှစ်၌ပင် အစိုးရ ပထမကြိမ်တန်းကိုဒုတိယအကြိမ် ခရေပွင့်အမှတ်ပြလျက် လည်းကောင်း အောင်မြင်ခဲ့ပါသည်။

(၅) ၁၂၉၆-ခုနှစ် သုံးဝါ အရတွင် အစိုးရ ပဆမကြီးတန်းကို တတိယအကြိမ် ဝင်ရောက် ဖြေဆိုရာ မြန်မာ တစ်နိုင်ငံလုံး အောင်မြင်သူများ အပေါ် လွှမ်းကျော်လျက် (နံပါတ်တစ်)ရ၍ ပထမကျော်ဘွဲ့ထူးကို ဆွတ်ခူးခဲ့ပါသည်။

(၆) ပထမကျော် အောင်မြင်သည့်နှစ်၊ သက္ကသီဟ စာသင်သား အောင်မြင်ပြီးသည့် ဒုတိယနှစ်ဖြစ်သည့် ၁၂၉၆ခုနှစ် မှာပင် မန္တလေး သက္ကသီဟ စာချတန်းကို ဝင်ရောက် ဖြေဆိုရာ နှစ်မခြားဘဲ အဋ္ဌကထာကြီး သုံးကြမ်းကို တစ်နှစ်တည်းနှင့် အပြီးတစ်ပြိုင်နက် အောင်မြင်ခဲ့ပါသည်။

မန္တလေး သက္ကသီဟ စာမေးပွဲကြီးစာင် ပြုလုပ်တည်းက တစ်ကြိမ်မျှ မပေးရဖူးသေးသော "ဦးဆောက်ပန်း" ဟု အဓိပ္ပါယ်ရသည့် "ဝဠုံသကာ" ဘွဲ့ထူးဖြင့် ခီးကျူးကာ အာဒိကမ္မိက "ပရိယတ္တိသာသနဟိတ မမ္မာစရိယ ဝဠုံသကာ" ဟူသော ဘွဲ့ထူးဖြင့် အပ်နှင်းပူဇော်ခြင်း ခံခဲ့ရပါသည်။

(၇) အစိုးရ ပထမကျော်နှင့် သက္ကသီဟစာချတန်းကို တစ်ပြိုင်နက် တစ်နှစ်တည်းနှင့် အပြီး အောင်မြင်သည့်အတွက် ရန်ကုန်မြို့ ဂျူဗလီဟော ရုံကြီးတွင် ဓမ္မပူဇာထုတိမဂ်သာ ညြာသဘင် ဆင်ယင် ကျင်းပလျက် ရန်ကုန် ပါဠိဆရာ မြန်မာပညာရှိ အသင်းကြီးက ဆရာဝေါ်အား "သက္ကသီဟ အဋ္ဌကထာပြန် အကျော်" အတွဲ(၁) ၊ အမှတ်(၉) ရွှေစကြာ ဆရာကြီး ဦးစိုးမြင့် ရေးသားသည့် စာပိုဒ်ကို ဖော်ပြလိုပါသည်။

ငရုပ်ကျည်ပွေ့ အတက်ပေါက်ခြင်း

စကျာသီဘ စာမေးပွဲသက်မှာ ထိုအချိန်၌ နှစ်ပေါင်း (၃၁)နှစ် ရှိပြီဖြစ်ရာ စာသင်တန်း အောင်ပြီး နှစ်မခြားဘဲ နောက်တစ်နှစ်တွင် နှစ်ဆက် တစ်နှစ်တည်း တပြိုင်နက် အောင် ၃ချက်ထိုးကာ ပိဋကတ်သုံးပုံကို အသုံးစုံ အောင်မြင်သော ပုဂ္ဂိုလ်ဟူ၍ တပါးမျှ မပေါ်ခဲ့ဘူး သေးရာ စကျာသီဟ စာမေးပွဲနယ်တွင် "ငရုပ်ကျည်ပွေ့ အတက်ပေါက်လျှင်သာ ပေါက်မည် ဒီလိုပုဂ္ဂိုလ်မျိုးတော့ ဘယ်တော့မှ မပေါ်နိုင်ပါဘူး" ဟု၊ ငြောစမှတ်ပြု၍ စံချိန်တစ်ခု ထားခဲ့ကြရလေသည်။စကျာသီဟ စာချတန်း၏အမြင့်ဆုံး စံချိန်ကား တစ်နှစ်တည်းနှင့် တပြိုင်နက်တည်း ၃ကျမ်း ကိစ္စ ပြီးအောင်သည်ဖြစ်စေ. ၂ ကျမ်းနှင့် တကျမ်း ခွဲခြားအောင်မြင်၍ ကိစ္စပြီးသည်ဖြစ်စေ၊ စာသင်တန်း အောင်ပြီး ၂-နှစ်မြောက်တွင် အောင်မြင်ခြင်းကို အမြန်ဆုံး၊ အမတော်ဆုံး ပထမတန်း ပုဂ္ဂိုလ်ဟုသတ်မှတ်ထားရှိခဲ့လေသည်။ သို့သော် ဦးဝိစိတ္တကား ထိုစံချိန်ကို ချိုးဖောက်၍ ပစ်ခါ စကျာသီဟ သာသနာဝင်ကို တစ်မျိုးတဖုံ ပြောင်းလဲယှက် ငရုပ်ကျည်ပွေ့ကို အတက်ပေါက်အောင် လုပ်ပြလိုက်လေသည်။

(ဆရာကြီးရေးသည့်အတိုင်းသာ ဖြစ်ပါသည်။)

"ပထမကျော်"ဘွဲ့နှင့် အာဒိကမ္မိက"ပရိယတ္တိသာသနဟိတ မမ္မာစရိယ ဝဠုံသကာ' ဘွဲ့ထူးကို ဆွတ်ခူးပြီး ၆-နှစ်အကြာ ၁၃၀၂ ခုနှစ်တွင် ပထမဆုံးအကြိမ် စတင် ကျင်းပသော အစိုးရ ဓမ္မာစရိယ စာချတန်း စာမေးပွဲကို ဝင်ရောက်

၁၃၀၃-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၆) ရက် နေ့စွဲဖြင့် ထုတ်ဝေသော ဟံသာဝတီဂျာနယ်

ဖြေဆိုရာ နှစ်ချင်းစွဲ ဂုဏ်ထူးကျမ်းများပါ မောင်မြင်တော် မူသဖြင့် ''သာသနဓဇ သိရိပဝရမမွာစရိယ'' ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော် မူခဲ့ပြန်ပါသည်။

ဝိသိဋ္ဌ ဝိနယဓရ မဟာဝိနယ ကောဝိဒ

၁၃၁၂-ခုနှစ်၊(၃)ကြိမ်မြောက် ကျင်းပသော တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီး၌ (နှစ်မခြားပဲ)ဝင်ရောက်လျက် အဘိဓမ္မာပိဋကတို့ ပထမပိုင်း ၅ကျမ်းကို ပြန်ဆို ရေးဖြရာ အောင်ပြန်ဆိုပွဲဌာနေးနည်.တူ အသောက်အမ လွတ်ကင်းစွာ ပြန်ဆိုနိုင်ခြင်းကြောင့် ဂုဏ်ထူးဖြင့် အောင်မြင်သည့် အပြင် သဘော ရေးဖြေ စာမေးပွဲဌာလည်း ကျမ်းတိုင်းမှာပင် အောင်မှတ် ရာခိုင်နှုန်း (၉၄)မှတ် ရရှိသောကြောင့် ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော် မူပါသည်။

၁၃၁၄-ခုနှစ်၊ (၅) ကြိမ်မြောက် ကျင်းပသော တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီး၌ အဘိဓမ္မာပိဋကက ဒုတိယပိုင်းကျမ်း(၂)ကျမ်း၊ အုပ်ရေ(၈)အုပ်ကို အာဂုံ ပြန်ဆိုပွဲဌာ ရွေးနည်းတူ အထောက်အမ လွတ်ကင်းစွာ ပြန်ဆိုတော် မူနိုင်ခြင်းကြောင့် ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော် မူသည့်ပြင် သဒ္ဒာရေးဖြပွဲဌာလည်း ကျမ်းတိုင်းမှာပင် အောင်မှတ်ရာခိုင်နှုန်း(၈၉)မှတ် ရရှိ၍ ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော် မူခဲ့ပါသည်။

ယင်းသို့ အဘိဓမ္မာ(၇)ကျမ်း၊ အုပ်ရေ(၁၂)အုပ်၊ စာမျက်နှာ(၄၉၈၈)မျက်နှာရှိ အဘိဓမ္မာပိဋကကို အထောက်အမ လွတ်ကင်းစွာ ပြန်ဆို၍ ဂုဏ်ထူးဖြင့်ပင် အောင်မြင်၍ သဘောရေးဖြေပွဲဌာလည်း ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော်မူခြင်းကြောင့် နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့ဂ၊ လွှဒါန်းသော 'ဝိသိဋ္ဌ အာဘိဓမ္မိက မဟာအဘိဓမ္မကောဝိဒ' ဘွဲ့တံဆိပ်တော်နှင့် ဘွဲ့ပုံ လက်မှတ်တော်၊ နိုင်ငံတော် အစိုးရက လွှဒါန်းသည့် အရိုးဝါ(ဂ)နက္ကဒဏ် ထီးဖြူတော်(၂)လက် အမှတ်တံဆိပ် ပါရှိသော သာသနာ့အောင်လံတော်တို့ကို အလှူခံရရှိတော် မူပြန်ပါသည်။

ဝိသိဋ္ဌ ဝိနယဓရ မဟာဝိနယ ကောဝိဒ

၁၃၁၂-ခုနှစ်၊(၃)ကြိမ်မြောက် ကျင်းပသော တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီး၌ (၅)ကျမ်း၊ စာမျက်နှာ(၂၂၆၀)ကို ဝင်ရောက်ပြန်ဆိုရာ သန့်သန့်ရှင်းရှင်း ပီပီသသ ပြတ်ပြတ်သားသား နာယက ဆရာတော်များနှင့် တကွ စာထောက်စာမ၊စာနာ ပရိသတ်ရဟန်းရှင် လူတို့၏ စိတ်နှလုံးကိုရွှင်ပြုံးနှစ်သိမ့်စေလျက် အထောက်အမ လွတ်ကင်းစွာ အာဂုံပြန်ဆိုတော် မူနိုင်သောကြောင့် ယည်းကောင်း၊

သဘောတရား ရေးဖြေ စာမေးပွဲဌာလည်း

(က)	ပါရာဇိက	၈၉-မှတ်၊
(ခ)	ပါစိတ်	၉၉-မှတ်၊
(ဂ)	မဟာဝဂ္ဂ	၉၂-မှတ်၊
(ဃ)	စူဠဝဂ္ဂ	၉၈-မှတ်၊
(င)	ပရိဝါရ	၁၀၀-မှတ် ရရှိ

အောင်မြင်တော် မူခြင်းကြောင့် လည်းကောင်း၊ ဗုဒ္ဓသာသနာ နှဂုဟ အဖွဲ့က လွှဒါန်းသော 'ဝိသိဋ္ဌ ဝိနယဓရ မဟာဝိနယကောဝိဒ' ဘွဲ့တံဆိပ်နှင့် လက်မှတ်တော်၊ နိုင်ငံတော်အစိုးရက လွှဒါန်းသော အရိုးဝါကနက္ကဒဏ် ထီးဖြူတော်တစ်လက် အမှတ်တံဆိပ် ပါရှိသော သာသနာ့ အောင်လံတော်နှင့် တပည့်နှစ်ဦးနှင့်တကွ မီးသင်္ဘော၊ မီးရထား ပထမတန်း အခမဲ့ စီးနင်းခွင့်လက်မှတ်တို့ကို အလှူခံရရှိတော်မူပါသည်။

ဒိဋ္ဌဝိသုဒ္ဓိဝါဒကထာ ဒီဃနိကာယကောဝိဒ

၁၃၁၅-ခုနှစ်၊(၆)ကြိမ်မြောက်ကျင်းပသော တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲ၌ စာမျက်နှာ (၂၃၉)မျက်နှာရှိ သုတ္တန္တ ပိဋကံ(ဒီဃနိကာယ်) သုဘ(၃)ကျမ်းကို ဝင်ရောက် ဖြေဆို+ရေ·ဖြေရာ ရွှေးနည်းတူ အဆောက်အမ ယွတ်ကင်းစွာ ပြန်ဆို နိုင်ခြင်းကြောင့် ဂုဏ်ထူးဖြင့်ပင် ဒုအောင်မြင်တော် မူသည့်ပြင် သဘော ရေးဖြပွဲ၌သည်း....

(က) သုဘသီလက္ခန် ၉၃-မှတ်၊
(ခ) သုဘမဟာဝါ ၉၂-မှတ်၊
ဂ) သုဘပါဒထယျ ၉၂-မှတ် ရရှိ၍ ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော် မူသည့် အတွက် နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့က လှူဒါန်းသည့် 'ဝိသိဋ္ဌ ဒီဃ ဘာဏက မဟာဒီဃနိကာယ ကောဝိဒ' ဘွဲ့တံဆိပ်တော်နှင့် ဘွဲ့ပုံလက်မှတ်တို့ကို အလှူခံရရှိတော် မူခဲ့ပါသည်။

ဗုဒ္ဓဃောသန ဒိဋ္ဌိသီဋ္ဌ တိပိဋကဓရ မဟာတိပိဋက ကောဝိဒ

ယင်းသို့ အာဂုံ သဘောရေးဖြ ၂-ပါး၌ ပြန်ဆိုပွဲ၊ ရေးဖြပွဲ အာဇာနည် စိတ်ဇဉ်ဖြင့် ရဲရဲဘောက် အံ့မကုန် ဂုဏ်ထူး ၂-ဆင့်ဖြင့် အောင်မြင်ရကား ပိဋကသုံးပုံ စုံလင်ပြီဖြစ်ပါ၍ တိပိဋကဓရ ရွှေးချယ်ရေး စည်းမျဉ်းဥပဒေ အပိုဒ် (၄၀) အရ နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့က လှူဒါန်းသည့် 'ဗုဒ္ဓသာသန ဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋက ကောဝိဒ'ဟူသော တံဆိပ်တော် အောင်လက်မှတ်တော်တို့ကို အလှူခံရရှိတော်မူပါသည်။

ဝိစိတ္တသာရ ဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

နိုင်ငံတော် အစိုးရက လှူဒါန်းသည့် ကုန်းရေ-လေ ဥဒ္ဒါနတို့၌ အခမဲ့ ပထမတန်း စီးနင်းနိုင်သည့် လက်မှတ် အရိုး ဝါ ကနက္ကဒက် ထီးဖြူတော်(၃)လက် အမှတ် တံဆိပ် ပါရှိသော သာသနာ့အောင်လံတော်တို့နှင့်တကွ....

"ဝိစိတ္တသာရ ဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဟူသော အက္ခရာတံဆိပ် ပါရှိသော ဆင်စွယ်ယပ်ဝန်းတော်နှင့် ဆင်စွယ် တံဆိပ်တုံးတို့ကို အလှူခံရရှိတော်မူပါသည်။

တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲလောက၌ ပိဋကသုံးပုံကို နှစ်မခြားဘဲ ဝင်ရောက်ပြန်ဆိုနိုင်ခြင်း၊ ပြန်ဆိုတိုင်း ဂုဏ်ထူးဖြင့်ပင်အောင်မြင်ခြင်း၊ ဖြေဆိုတိုင်း ဂုဏ်ထူးအမှတ်ဖြင့်ပင် အောင်မြင်တော်မူနိုင်ခြင်းတို့ကား နောက်တုန်းကလဲမဖေါ်ဖူးခဲ့၊ ပစ္ဆုပ္ပန်လဲ မပေါ်သေး၊ နောင်အနာဂတ်ကော မပေါ်ဖို့ရာ ခဲယဉ်းလှပါသည်'ဟု ဆိုရသော် လွန်ရာကျအံ့မထင်ပါ။

တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲသမိုင်း၌ ဆရာတော်၏ အောင်မြင်ချက်၊ ကြိုးစားချက်တို့ကား 'အစ္ဆရိယ-အဗ္ဘုတ'တို့ပင် ဖြစ်ပါတော့သည်။

ဤစာရေးသူကိုယ်တိုင် တိပိဋကဓရ သဘောရေးဖြပွဲ နှစ်တစ်နှစ်၌ ဝင်ရောက်ကြည်ညိုရာ ဆရာတော်သည် အခြားစာဖြေသူများနှင့် မတူဘဲ ထူးကဲစွာ မေးခွန်းဖတ်လိုက်ပြီးနောက် အဖြေကို တေးမှတ်နေငြင်း မပြုရဘဲ သက်နိပ်စက်ဖြင့် တစ်ခါတည်း ဖြေဆိုနေသည်ကိုတွေ့မြင်ရာ ဆရာတော်၏ ဉာဏ်ပညာကား အစ္ဆရိယ၊ အဗ္ဘုတဓမ္မပင်ဖြစ်ပါတော့သည်။

ဆဋ္ဌသင်္ဂါယနာခေတ်

ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ရပြီး၊ နောက်တစ်နှစ်ဖြစ်သော သာသနာနှစ် (၂၄၉၀)၊ ကောဇာ (၁၃၁၆)၊ ကဆုန်လပြည့် နေ့၌ ပြည်တွင်းမှ(၂၄၂၃)ပါး၊ပြည်ပမှ(၁၄၄) ပါးနှင့် ပရိသတ် နှစ်သိန်းကျော် တက်ရောက်သည့် မဟာပါသာဏ လိုဏ်ဂူတော်ကြီးအတွင်း စတင်ကျင်းပသော ပထမ သန်္ဒိပါတ ဆဋ္ဌသင်္ဂါယနာပွဲကြီး၌ ဘဒ္ဒန္တဇဝန(အဂ္ဂမဟာပဏ္ဍိတ)ပခုက္ကူ ဆရာတော် ဘုရားကြီးက ပုစ္ဆက ဒေဖြစ်ဆောင်ရွက်တော်မူ၍တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသဆရာတော်ဘုရားက ဝိဿဇ္ဇက ပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်တော်မူခဲ့ပါသည်။

ပထမ သန်္ဒိပ်တ ဒုတိယနှေ့ ညနေပိုင်း၌ ဘဒ္ဒန္တသောဘန (အဂ္ဂမဟာပဏ္ဍိတ) မဟာစည် ဆရာတော်ဘုရားကြီးက ပုစ္ဆက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တ ဘာရာဘိဝံသက ဝိဿဇ္ဇကအဖြစ် ဆောင်ရွက်တော် မူခဲ့ပါသည်။

ပထမ သန်္ဒိပါတ တတိယ ညနေပိုင်း၌လည်း မဟာစည် ဆရာတော် ဘုရားကြီးနှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်တို့ပင် ပုစ္ဆက၊ဝိဿဇ္ဇကအဖြစ် ဆောင်ရွက်တော် မူခဲ့ပါသည်။

၁၃၁၆ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၅ရက်နေ့မှ တပို့တွဲလဆန်း ၆ရက်အထိ ကျင်းပသော သံဃာအပါး ၅၀၁ကျော် တက်ရောက်သည့် ဒုတိယသန်္ဒိပါတ၌လည်း မဟာစည် ဆရာတော်ဘုရားကြီးနှင့်တိပိဋကဓရ ဆရာတော်ကြီးတို့ ၂ပါးပင် ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်တို့ကို ပုစ္ဆက၊ဝိဿဇ္ဇကအဖြစ် ဆောင်ရွက်တော်မူခဲ့ပါသည်။

၁၃၁၇ ခုနှစ်၊ ကဆုန်လဆန်း (၇)ရက်နေ့၌ ကျင်းပသော သံဃာအပါး(၅၉၀)ပါး တက်ရောက်သော တတိယသန်္ဒိပါတပွဲ၌လည်း အဂ်ုတ္တရနိကာယနှင့် အဘိဓမ္မာအောက် ၆ ကျမ်းတို့ကို ဆရာတော်ကြီး ၂ ပါးတို့ပင် ပုစ္ဆက၊ ဝိဿဇ္ဇက မထေရ်များအဖြစ်ဖြင့် ဆောင်ရွက်တော်မူခဲ့ပါသည်။

၁၃၁၇ နှစ်၊ နတ်တော်လဆန်း (၂)ရက်နေ့ ၌ကျင်းပသော သံဃာအပါး ၆၀၀ ကျော်တက်ရောက်သည့် စတုတ္ထသန်္ဒိပါတပွဲ၌လည်း အဘိဓမ္မာပိဋကပဋ္ဌာန်းကျမ်းနှင့် ခုဒ္ဒကနိကာယ တို့ကို သင်္ဃနာယကဘွဲ့ရာ (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တနာဂဝံသမထေရ်က ပုစ္ဆကအဖြစ် ဆောင်ရွက်တော်မူ၍ တိပိဋကဓရ ဆရာတော် ဘုရားကြီးက ဝိဿဇ္ဇကမထေရ်အဖြစ် ဆောင်ရွက်တော်မူခဲ့ပါသည်။

၁၃၁၈ ခုနှစ်၊ တန်ခူးလဆန်း (၁၃)ရက်နေ့ ၌ကျင်းပသော ပဉ္စမသန်္ဒိပါတပွဲ၌လည်း ဇာတက ပါဠိ၊ ပဋိသမ္ဘိဒါမဂ္ဂ၊ နေတ္တိပေဋကောပဒေသ၊ မိလိန္ဒပဉ္ဟာတို့ကို သင်္ဃနာယကဘွဲ့ရာ မဟာစည် ဆရာတော်ဘုရားကြီးနှင့် တိပိဋကဓရ ဆရာတော် ဘုရားဘို့ပင် ပုစ္ဆက၊ ဝိဿဇ္ဇကအဖြစ် ဆောင်ရွက်တော်မူခဲ့ပါသည်။

ဆဋ္ဌ သင်္ဂါယနာပွဲကြီး၌ ဝိဿဇ္ဇက မထေရ်အဖြစ် ထူးကဲအောင်မြင်သော အသံတို့ဖြင့် ကြားနာရသူတို့ 'ပဿန္နာနံ ဘိယ္ယောဘာဝါယ' ဖြစ်အောင် ဆောင်ရွက်တော်မူခြင်းသည်လည်း ဆရာတော်၏ အစ္ဆရိယ၊ အဘ္ဘုတဓမ္မတို့ပင် ဖြစ်ပါသည်။

မဟာဗုဒ္ဓဝင်ကျမ်းကြီး

ဆိုင်ရာ ပုဂ္ဂိုလ်တို့က အကြိမ် ကြိမ် လျှောက်ထားတောင်းပန်ချက်အရ စေတနာ့ဝန်ထမ်းသက်သက်ဖြင့် ပို့ဆောတ်သုံးသွယ်၊ နိကာယ်ငါးရပ်တို့ကို မွေနှောက်ရွာဖွေလျက် အတွဲပေါင်း ၆ တွဲ၊ အုပ် ရေ ပေါင်း ဂ အုပ်၊ စာ မျက် နှာ ပေါင်း

(၅၅၁၆)ခန့်ရှိသော မဟာဗုဒ္ဓဝင် ကျမ်းကြီးကို ပြုစုရေးသားဘော်မူရာ ပြီးဆုံး အောင်မြင်ခဲ့ခြင်း မှာသည်း ဆရာတော်၏ပညာပါရမီ၊ ဇီရိယပါရမီ တို့၏ အဖွဲ့ရိယ၊ အင်္ဂါတဓမ္မတို့ပင် ဖြစ်ပါသည်။

သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး

၁၉၇၉ ခုနှစ်၊ နိုဝင်ဘာလ(၂၆)ရက် နေ့စွဲဖြင့် ပြည်သဲရေးနှင် သာသနာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးလက်မှတ်ဖြင့် ပြည်နယ်တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌများထံသို့ သာသနာတော် သန့်ရှင်းဘည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို ဆောင်ရွက်ရန် သံဃာ့ဝန်ဆောင် ၆၆ ပါး ရွေးချယ်ရန် ကိစ္စတို့ကိုလည်းကောင်း၊

၁၉၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော်(၁၂)ရက် (၁၅-၁၂-၇၉)နေ့တွင် ရန်ကုန်မြို့ သာသနာရေးဦးစီးဌာန စည်းဝေးခန်းမ၌ ရန်ကုန်တိုင်းအတွင်းရှိ သုဓမ္မာဂိုဏ်းဝင် သံဃာတော်များကိုယ်စား ကြွရောက်တော် မူလာကြသည့် ဆရာတော်ကြီးများအား ယခင် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်စိန်လွင် (နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး) လျှောက်ထားသည့် အခမ်းအနားမှ စတင်၍ ဆောင်ရွက်ပုံကြရာ ၁၃၄၁-ခုနှစ်၊ တပို့တွဲလဆန်း(၁၃ရက်)(၂၉-၁-၈၀)နေ့မှ စတင်၍ သံဃာ့ဝန်ဆောင် ဆရာတော် (၆၆)ပါး ကြွလာဘော် မူကြ၍ ပဌမသန္နိပါတ အစည်းအဝေးကို ကျင်းပခဲ့ကြပါသည်။

၁၃၄၁-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၂)ရက် (၂-၂-၈၀)နေ့ ပဌမအစည်းအဝေးက ဆုံးဖြတ်ချက် (၆)ချက် ဆုံဖြတ်ခဲ့ရာ နံပါတ်(၂)ဆုံးဖြတ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်

(၂) တိပိဋကဓရမဟာဂန္ထာဂါရိက (၃)ပါး ပါဝင်သည့် သံဃာ့ဝန်ဆောင် အကြံပေးအဖွဲ့ ဖွဲ့စည်းရန်။

ယင်းဆုံးဖြတ်ချက်အရ တိပိဋကဓရဆရာတော်ဘုရားကြီးသည် သာသနာရေးဌာန သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အတွက် လိုအပ်သော အကြံဉာဏ်များကို ပေး၍ ဆောင်ရွက်တော် မူခဲ့ပါသည်။

သံဃာ့ဝန်ဆောင် ၆၆ပါးတို့ ဒုတိယသန္နိပါတ၊ တတိယ သန္နိပါတတို့ကို အစဉ်အတိုင်း ကျင်းပပြီးနောက်-

သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးပွဲကြီးကို ၁၃၄၂-ခု၊ နယုန်လဆန်း (၁၁)ရက်၊(၂၄-၅-၈၀)စနေနေ့မှ စတင်၍(၄)ရက်တိုင်တိုင် ကျင်းပရာ၊(၂၇-၅-၈၀) စတုတ္ထနေ့ အစည်းအဝေးပွဲပြီး၍ သန်လျင် အခြေခံဒေသဖားကူးအထက်ရွာ၊ ဘုရားသုံးဆူကျောင်း အရှင်ဝဏ္ဏသာရက-

(၁) အကျင့်သိက္ခာ မြင့်မားစေခြင်း၊
(၂) ပိဋကတ်ကျမ်းဂန် နှံ့စပ်စေခြင်း၊
(၃) ပါဠိ ဘာသာ တတ်မြောက် ကျွမ်းကျင်စေခြင်း၊
(၄) မြန်မာစာပေ အရေးအသား တော်စေခြင်း၊

ဟူသော အချက်(၄)ချက် တင်ပြလှုက်ငင်ရသည်တို့ စာမေးပွဲများကို ပြုပြင်ကျင်းပသွားရန် အဆိုတင်သွင်း၍ မန္တလေးတိုင်း၊ မြေမြို့၊ ရတနာမာန်အောင်ကျောင်း ဦးပညာသီဟက ထောက်ခံဆွေးနွေးပြီး၊ အစည်းအဝေးပွဲကြီးက သာဓု သုံးကြိမ်ခေါ်၍ အတည်ပြုခဲ့ကြပါသည်။

(၁၂-၁၀-၈၂)ဗုဒ္ဓဟူးနေ့ ညနေ ၅ နာရီ အချိန် ဇမ္ဗူဒီပကျောင်းဆောင်၌ တိပိဋကဓရ ဆရာတော်ဘုရားကြီး ကြွရောက်ပေးပြီး မန္တလေး

(က) ပရိယတ္တိ ပညာရေးစီမံကိန်းနှင့်အညီ မန္တလေးမြို့၌ ပရိယတ္တိ ပညာရေး တက္ကသိုလ်ဘည်ထောင်နိုင်ရန်အတွက် လိုအပ်သော ကျောင်းမြေနေရာနှင့် ကျောင်းအဆောက်အအုံများရရှိရေး အတွက် အောက်ဖော်ပြပါ အချက် များနှင့်အညီ တိပိဋကဓရ မဟာဏ္ဍာဂါရိက ဆရာဘော် ဦးဝိစိတ္တာသာရာ ဘိဝံသ ဦးဆောင်သော တိပိဋက နိကာယ သာသနာပြု အဖွဲ့အား မေတ္တာရပ်ခံ တာဝန် ပေးအပ်ရန် တညီဘည့်တ်တည်းသဘောတူဆုံးဖြတ် တော်မူကြပါသည်။

အထက်ပါ ဆုံးဖြတ်ချက်အရ မန္တလေးမြို့၌ တည်ထောင်မည့် ပရိယတ္တိ ပညာရေးတက္ကသိုလ် အတွက် လိုအပ်သော မြေနေရာနှင့်တကွ ခေတ်မီ ကျောင်း အဆောက် အအုံများ ဆောက်လုပ် လှူဒါန်းပေးပါရန် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီး အနေဖြင့် မေတ္တာရပ်ခံစာကို တိပိဋက နိကာယ သာသနာပြုအဖွဲ့ထံပေးပို့ခဲ့ပါသည်။

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့က တာဝန်ပေးချက်အရ တိပိဋကဓရဆရာတော်ဘုရားကြီး ဦးဆောင်သော တိပိဋကနိကာယ သာသနာပြုအဖွဲ့ကြီးက အလှူရှင်များ၏ အင်အားကို အရအမီ ယူဆောင်ကာ စာစ်စဘစ်စ အားကြိုးမာန်တက် ဆောင်ရွက်လာခဲ့သည့် အတွက် နတ်ဝိသုကံ စီမံထားသည့်အလား ပေါ်ထွက်လာသည့် အဆောက်အအုံများမှာ ဖော်ပြလတ်တပါအတိုင်း ဖြစ်ပါလိမ့်မည်။

မြို့၌ ပရိယတ္တိပညာရေးတက္ကသိုလ် ထူထောင်နိုင်ရန်အတွက်မြေနေရာနှင့်အဆောက်အအုံများရန်ိုင် တော့မည်ဖြစ်ကြောင်း၊ အရှေ့ပြင်မှနံကျောင်းတိုက်ကြီးကို အသုံးချနိုင်ပြီး ကျောင်းမှာ ဆောက်လုပ် လှူဒါန်းရန် အလှူရှင်များလည်း ဆုဆောင်သင့် ရှိနေပြီဖြစ်ကြောင်း၊ အရေးအကြီးဆုံးမှာ အစိုးရစွေးနှုန်းနှင့် သွပ်၊ သံ၊ ဘိလပ်မြေ စသော ဆောက်လုပ်ရေးပစ္စည်းများ မြန်မြန် ရရှိရန်ပင် ဖြစ်ကြောင်း၊ အဆောက်အအုံများ တက္ကသိုလ် ဖွင့်လှစ်နိုင်သည့် အခြေအနေအထိ ပြီးစီးသော အခါ ကျောင်းမြေနှင့်တကွ မြေပေါ်ရှိအဆောက်အအုံ ပရိဘောဂအားလုံးကို နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့အား အပြီးအပိုင် ပေးအပ် လှူဒါန်းမည်ဖြစ်ကြောင်း အလှည့်ကျ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၊ ဒုတိယ ဥက္ကဋ္ဌ (အဂ္ဂမဟာပဏ္ဍိတ)ပုသိမ် ဆရာတော်နှင့် တွဲဖက် အကျိုးတော်ဆောင် ဘဒ္ဒန္တဝဏ္ဏသိရီ၊ ဘဒ္ဒန္တ ဉာဏာဘိဝံသ အမှုးရှိသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များအားလျှောက်ထား တာဝန်ယူခဲ့ပါသည်။

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး၏ အကျိုးတော် ဆောင်ချုပ် ဖြစ်တော်မူသော တိပိဋကဓရဆရာတော်ဘုရားကြီး၏ မိန့်ကြားချက်ကို ဤအဖွဲ့ခွဲက ဝမ်းမြောက်ဝမ်းသာ လက်ခံခဲ့ကြပါသည်။

၁၃၄၄ ခု၊ တော်သလင်း လပြည့်ကျော် ၁၃ ရက်၊ (၁၅-၁၀-၈၂)၊ သောကြာနေ့၌ ကျင်းပသောတတိယအဖွဲ့ခွဲ၏ ကောဒသမအစည်းအဝေးက ဖော်ပြပါအတိုင်း ဆုံးဖြတ်တော်မူကြပါသည်။

(၁)	မမွေရသာသနသောဘိဏီ ပိ့ကာတ်တိုက် သိမ်တော်ကြီး၊ (စိန်ဖူးတော်မပါ)			ကျပ်ငွေ ၁၃၃၅၀၀၀
(၂)	အလယ်ဗဟို'ဘွဲ့နှင်းဓမ္မာရုံကြီး'			
(၃)	နာယကချုပ်မဟာထေရ်ကျောင်း၊			၂၅၀၀၀၀
(၄)	ဒုတိယနာယကချုပ်မဟာထေရ်ကျောင်း			၂၀၀၀၀၀
(၅)	အာဂန္တုမဟာထေရ်ကျောင်း			၁၅၀၀၀၀
(၆)	နိုင်ငံခြားအာဂန္တုသံဃာများကျောင်းဆောင်			၂၀၀၀၀၀
(၇)	ပြည်တွင်းအာဂန္တု သံဃာများကျောင်းဆောင်			၂၀၀၀၀၀
(၈)	မော်ကွန်းထိန်းမဟာထေရ် ကျောင်းဆောင်		(လို)	၂၀၀၀၀၀
(၉)	နာယကဆရာတော်များ ကျောင်းဆောင်	(၁)	(လို)	၂၀၀၀၀၀
	″	(၂)	(ရှိ)	၂၀၀၀၀၀
	″	(၃)	(ရှိ)	၂၀၀၀၀၀
(၁၀)	ကထိက၊ လက်ထောက်ကထိကကျောင်းဆောင်	(၁)	(ရှိ)	၂၀၀၀၀၀
	(၃)ဆောင်	(၂)	(လို)	၅၀၀၀၀
		(၃)	(လို)	၂၀၀၄၀၀
(၁၁)	တက္ကသိုလ်ဖြစ်ပေါ်လာပုံ ကျောက်စာတိုက်			
(၁၂)	စာသင်သံဃာအပါး(၁၀၀)ဆံ့ မဟာဌာနများ (၃)ဆောင်၊ တစ်ဆောင်လျှင် (သုံးသိန်း)			၂၁၀၀၀၀၀
(၁၃)	စာပေစုပေါင်းဆွေးနွေးကျောင်းဆောင်			၂၀၀၀၀၀
(၁၄)	နည်းပြတစ်ပါး၊စာသင် ၅၀၀ဆံ့ကျောင်း (၂၄)ကျောင်း တစ်ဒသဆောင်လျှင် ငါးသောင်း၊ တစ်ကျောင်းလျှင် ကျပ်ငွေ ခြောက်သိန်း၊		(ရပြီ ငွေ)	၃၄၅၀၀၀၀
(၁၅)	စာကြည့်တိုက်			၅၀၀၀၀၀
(၁၆)	ဓမ္မသာလာအမှတ် (၁)			၁၅.၀၀၀၀
(၁၇)	ဓမ္မသာလာအမှတ် (၂)			၁၅၀၀၀၀
(၁၈)	ဆွမ်းစားကျောင်းအမှတ်	(၁)		၂၅၀၀၀၀
(၁၉)	″ အမှတ်	(၂)		၂၅၀၀၀၀
(၂၀)	ဆွမ်းပြင်ဆောင်အမှတ်	(၁)	(လို)	၃၅၀၀၀
(၂၁)	ဆွမ်းပြင်ဆောင် အမှတ်	(၂)	(လို)	၃၅၀၀၀
(၂၂)	ဆွမ်းချက်ဆောင်အမှတ်	(၁)	(လို)	၆၀၀၀၁

(၂၃)	။ အမှတ်(၂)	(လို) ၆၀၀၁၀
(၂၄)	ဘဏ္ဍာဂဂါရသိုလျှောင်ကျောင်း	(မရှိ)
(၂၅)	ကျုံးရေနှင့် အဝိစိတွင်း၊ ရေစုပ်စက်၊ ရေမှုတ်စက် စက်တိုင်၊ လျှပ်စစ် မီးစက်၊ရေစင် တစ်သိန်းကျအလှူရှင် ၃ဦး	၃၀၀၀၀၀
(၂၆)	မော်တော်ကားထားရန်ကားရုံ	(လို)
(၂၇)	နိုင်ငံခြားဘာသာသင် ပြည်တွင်းပြည်ပ ပါမောက္ခရိပ်သာ	(လို)
(၂၈)	ဆောက်လုပ်ရေး၊ ထိန်းသိမ်းရေး ပစ္စည်းကိုဒေါင်	(လို)
(၂၉)	ဗဟိုရေစင်နှင့်ရေလှောင်ကန်ကြီး	၁၀၀၀၀
(၃၀)	အုပ်ချုပ်ရေးအဖွဲ့နေရန် နှစ်ဦးတွဲနေအိမ်များ	(လို)
(၃၁)	လူပုဂ္ဂိုလ်များအတွက် ဧည့်ရိပ်သာတစ်ဆောင်	(လို)
(၃၂)	အမျိုးသား (၁၀)ဦးဆံ့ သုဒတ္တဇရပ်တစ်ဆောင်	(လို)
(၃၃)	အမျိုးသမီး (၁၀)ဦးဆံ့ သုဘဒ္ဒါဇရပ်တစ်ဆောင်	(လို)
(၃၄)	အုပ်ချုပ်ရေး၊ ဆောက်လုပ်ရေး၊ ထိန်းသိမ်းရေးအဖွဲ့ရုံး	(လို)
(၃၅)	ဝန်ထမ်းလုပ်သားများအတွက်(၄)ခန်းတွဲနေအိမ်များ	(လို)
(၃၆)	ဗဟိုမုခ်ဦးကြီးနှင့် ကျောင်းတိုက်ကြီး အမည်စာတမ်း	၅၀၀၀၀
(၃၇)	ကျောင်းတိုက်ကြီးအလယ်ရောက်အလှူနှင့် ပန်းဥယျာဉ်မြက်ခင်းပြင်များ၊ ဗဟိုလျှပ်စစ်မီးခလုတ်နှင့် ဓာတ်အားဖြည့်ရုံ	(အလှူရှင်ရှိ)
(၃၈)	ကျောင်းတိုက်ဘောင်၊ မြေးက်ဝင်ပေါက်မုခ်ဦးနှင့် တံခါးများ	၅၀၀၀၀
(၃၉)	လမ်းမကြီး၊ လမ်းသွယ်၊ စင်္ကြံနှင့်ရေမြောင်း၊	(ရှိ)
	မော်တော်ကား ရပ်ရန်နေရာ	(မရှိ)
(၄၀)	ကျား-မ အိမ်သာ၊ရေချိုးခန်းများ	၁၀၀၀၀
(၄၁)	မဟာရာမ်တံတိုင်းများ	(မရှိ)
(၄၂)	မန္တလေးမြို့၊ ဇီဝိတဒါန သာသနာ့ဆေးရုံကြီး၊ ခန့်မှန်း(၁၅) သိန်းမှ သိန်း(၂၀)လှူပြီး	(လို့သေး) ၁၅၀၀၀၀
(၄၃)	မင်းကွန်း မိုးမိတ်ကုန်းမြေမှ သံဃာများ တည်းခိုဆောင်	(လို)
(၄၄)	မင်းကွန်း တိုနိုအဖွဲ့၊ ရန်ကုန်ဌာနခွဲ၊ သုဒတ္တ ကျောင်းဒကာများ တည်းခိုဆောင်	(မရှိ)
(၄၅)	သာသနာ့ပါလ သုဘဒ္ဒါကျောင်းအစ်မများ တည်းခိုဆောင်	(မရှိ)

(တစ်ရာတစ်ဆယ့် တစ်သိန်း ခုနစ်သောင်း ငါးထောင်) ၁၁၁-၂၅၀၀၀/

တိပိဋကဓရ နိကာယ သာသနာပြုအဖွဲ့ ရန်ကုန်ဌာနခွဲရှိ ဒွေပဒေသာပင်နှင့် အလှူတော်ငွေများ (၂၉-၂-၈၄) နေ့အထိ၊

(၁)	တိနိ ပစ္စည်းလေးပါး အလှူတော်ငွေပဒေသာပင်	၂၄,၂၁၂၃၀/၆၅ါး၊
(၂)	ဆွမ်းပဒေသာပင် အလှူတော်ငွေ	၁၉၅၃၃၃၀/၅၀ါး၊
(၃)	ဆုန္ဒင်းပဒေသာပင် အလှူတော်ငွေ	၂၄၂၃၅၀/၀၀ါး၊
(၄)	(မန်း) ပရိယတ္တိ ပစ္စည်းလေးပါးငွေပဒေသာပင်	၉၂၂၉၀၃၀/၆၀ါး၊
(၅)	(ရန်ကုန်) "	၁၀၄၄၀၉၀/၉၀ါး၊
(၆)	ရန်ကုန် ပရိယတ္တိ တက္ကသိုလ် အဆောက်အအုံ အတွက်	၆၄၅၅၄၆၀/၆၀ါး၊
(၇)	(မန်း) ဇီဝဘဒါန သာသနာ့ ဆေးရုံအလှူငွေ	၂၁၅၀၂၅၉၀/၀၀းါ၊
		၆၆,၀၃၆၆၂/၂၅ါး

ရန်ကုန် ပရိယတ္တိ တက္ကသိုလ် အတွက်လည်း များစွာ အကုန်အကျခံ တည်ဆောက်ပေးနေဆဲဟု သိရပါသည်။မိုးမိတ်ကုန်းမြေ၌လည်း သိန်းပေါင်း များစွာအကုန်အကျခံ၍တည်ဆောက်ပြီး၊လုပ်ငန်း အဆောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

ဤကဲ့သို့ သိန်းပေါင်းများစွာ သာသနိက အဆောက်အဦများ ပေါ်ထွက်ပြီး ဆဲ၊ လတ်တံ့တို့ကို အကဲဖတ် သုံးသပ်ရသော် အခြားမည်သည့် ပုဂ္ဂိုလ်ကမျှ ဦးဆောင်မည် မဟုတ်ပါ။ ဆရာတော်ဘုရားကြီး၏ ဘုန်းကံဘော်၏အစွမ်းရှိယ၊အင်္ဂါတမမှ ဖြစ်ခြင်းကြောင့်သာဟု ဆိုပါက မည်သူမျှ ငြင်းဝံ့သူ ရှိမည်မဟုတ်ပါ။

သာသနာဘော် သန့်ရှင်း တည်တံ့ပြန့်ပွားရေး ပထမအကြိမ် နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့ကြီး၌ အကျိုးတော်ဆောင်ချုပ် တာဝန်ကိုလည်းကောင်း၊ ဒုတိယအကြိမ် နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့ကြီး၌လည်း အကျိုးတော်ဆောင်ချုပ်တာဝန်ကိုလည်းကောင်း ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

သာသနာတော် အတွက် တစ်ခုတည်း ကိုသာဦးစားပေးလျက် ဆောင်ရွက်တော် မူလာခဲ့သော ဆရာတော် ဘုရားကြီး၏ သီလဂုဏ်၊သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ပူဇော်သည့် အနေဖြင့်-

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံတော် ကောင်စီက

၁၃၄၀ပြည့်နှစ်၊ ၁၉၇၈ ခုနှစ် 'အဂ္ဂမဟာပဏ္ဍိတ'ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊၁၃၄၆ ခုနှစ်၊၁၉၈၄–ခုနှစ်၌ 'အဘိဓဇ မဟာရဋ္ဌဂုရု' ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အသီးသီး ဆက်ကပ်လှူဒါန်းခဲ့ပါသည်၊ ယင်းကဲ့သို့ ဘွဲ့တံဆိပ် တော်များ ဆက်ကပ်လှူဒါန်းခြင်း ခံရခြင်းသည်လည်း ဆရာတော်၏ အစွမ်ရှိယ၊ အင်္ဂါတမမှတို့ပင် ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး၏ ရှေးဘုန်းရှေးကံကြီး မားမှု အစ္ဆရိယ၊ အဘ္ဘုတ မမှု၊ ပညာပါရမီ၏ ပြည့်စုံမှု အစ္ဆရိယ၊ အဘ္ဘုတမမှု၊ ရာခိုင်နှုန်းမျှား စွာသော ရဟန်းရှင်လူတို့၏ အကြည် ညိုခံရမှု အစ္ဆရိယ၊ အဘ္ဘုတမမှု၊ တရားဟောရာ၌ ခန္ဓာ အသက် ငဲ့ကွက်မှုမရှိဘဲ တစ်နေ့တည်း၌ တရားပွဲ နှစ်ပွဲ၊ သုံးပွဲဆက်ပြီး ဟောကြား ချီးမြှင့်သည့် ဇွဲ လုံ့လ ဝီရိယတို့၏ အစ္ဆရိယ၊ အဘ္ဘုတမံမှု၊ မည်သည့် ပုဂ္ဂိုလ်နှင့် တွေ့ကြုံဆုံရစေကာမူ အမြဲ တမ်း နိဝါဘ၊ နိမာနတို့၏ အစ္ဆရိယ၊ အဘ္ဘုတ မမှု စသည် စသည်တို့ကား ရေးသား၍ ကုန်နိုင် ဖွယ် ရှိတော့မည်မဟုတ်ပါ။ ဤ စာရေးသူ သာမည ပုဂ္ဂိုလ်မျိုးကား ဆရာတော်ဘုရားကြီး၏ အစ္ဆရိယ၊ အဘ္ဘုတခမ္မတို့ကို ကုန်စင်အောင် ဖော် ညွှန်းနိုင်မည် မဟုတ်ပါ။

စလေဆရာကြီးဦးပုည၏ "ရတနာနဒီမော်ကွန်း" ပါ အဘိုင်းသာဖြစ်ပါလိမ့်မည်။

"တကမ္ဘာလျှင်၊ မဟာဗြဟ္မာ၊ လျှာကုဋေဖြင့်၊ ဆန်းနေဂိုဏ်းညီ၊ ဂါထာသီ၍၊ ကျူးချီမြွက်ဖော်၊ ဆိုလှသံ့သော်လည်း၊ ဘုန်းတော်ကဲလွန်၊ အနေကန်ကို၊ ဝေဖန်ချီးမြှောက်၊ ပြီးမရောက်လိမ့်"

ဆရာတော်ဘုရားကြီးကား ယခုမျက်မှောက် ခေတ် သာသနာတော်ကြီးမှာ အစားထိုးမရသော ပုဂ္ဂိုလ်ကြီးသာ ဖြစ်ပါတော့သည်။ သာသနာ တော်ကြီးအတွက် ဆောင်ရွက်စရာ လုပ်ငန်းအဝဝ ကား များစွာပင် ကျန်ရှိပါသေးသည်။ဆရာတော် ဘုရားကြီး ဦးဆောင် ဦးရွက်ပြုမှသာ ပြီးစီးမည့် လုပ်ငန်းများကား အများအပြားပင်။ ဆရာတော် ဘုရားကြီး မကျန်းမာစဉ်က 'ဘုရား....ဘုရား' ဟု တကြပါတော့သည်။သို့ဖြစ်ပါ၍ ရှေးသာသနာပြု လုပ်ငန်းစဉ်များကိုဆရာတော်ဘုရားကြီးဦးဆောင် နိုင်ဖို့ရာ ကျန်းမာဖို့ အထူးလိုအပ် နေပါသည်။ ကျန်းမာရေးအတွက် အစားအသောက်၊ အနေ အထိုင်၊ အသွားအလာ၊ ခန္ဓာကိုယ်နှင့်စပ်သမျှ ဆရာတော်ဘုရားကြီး ကိုယ်တိုင်ကလည်း ပြုပြင် နေထိုင်တော်မူသလိုကြည်ညိုသူများကပေးဆရာ တော်ဘုရား ကျန်းမာရေး ချွတ်ယွင်း လာသည် အထိ မကြည်ညိုကြဖို့လည်း အရေးကြီးပါသည်။ သတိပြုကြရမည် ဖြစ်ပါသည်။ ဆုလည်းတောင်း ကြရပါမည်။

ဆရာတော်ဘုရားကြီးခန့်ကျန်းမာတော်မူလျက် ရာသက်ရှည်တော်မူပါစေ။ သာသနာတော်ကြီး၏ အကျိုးကို ယခုကဲ့သို့ ဆက်လက်ဆောင်ရွက်တော် မူနိုင်ပါစေဟု ဖော်ပြပါ လက်ာဖြင့် ပတ္ထနာပြုရ ပါသည်။

လောကီလူ့ဘောင်၊ အမှောင်တွေတိုးလို့၊
အရောင်ညှိုးခဲ့ သာသနာတော်၊
ဗုဒ္ဓစာပေ မထင်ရှားသဖြင့်၊
အရှင်ဘုရားတို့၊ လိုအပ်သနော်၊
ဘဝသံသရာ၊ လမ်းမှန်ရအောင်၊
ကျန်းဂန်ညွှန်ပြ၊ ရှေ့ဆောင်ခေါ်၊
နောက်လာ နောက်သား၊ လူငယ်များ၊
တရားအမှန်ပေါ်၊
ရဟန်းတော်ဖြစ်၊ ကျန်းခန့်သာလျက်၊
ရာသက်ရှည်စေသော်....။

(ဒဂုန်ဦးထွန်းမြင့်ရေး)

အရှင်ဝဏ္ဏသိရီ
(ဒ.ဂ္ဂမဟာအက္ကေါ်)
တွဲဖက်အကျိုးတော်ဆောင်-၁
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့
မင်းကျောင်း၊ ပထမပြုန်စာသင်တိုက်
သံန်လျင်မြို့၊ ရန်ကုန်တိုင်း

မေတ္တာကရဏာ အားနေကာင်းသော ပုဂ္ဂိုလ်သည် ဒုက္ခကို မမှုခေ။ မိခင်သည် သားကြောင့် ရောက်သောဒုက္ခကို ပြုံးရွှင်စွာ ရင်ဆိုင်၏။ ဘစ်ကမ္ဘာလုံးရှိ မိခင်တို့၏ မေတ္တာကရုဏာ စုပြုံထားကာထက်ပိုသည့် ဘုရားရှင်၏ ကရုဏာမတော်သည် သတ္တဝါတို့၏ ဒုက္ခကိုဖယ်ရှား လိုတော်မူ၏။

"အို....ရဟန်းတို့၊ တပည့်သာဝကတို့၏ အကျိုးစီးပွားကို လိုလားပြီး သနားကရုဏာရှိတော်မူသော ငါဘုရားသည် သနားကရုဏာ၏ စေ့ဆော် တိုက်တွန်းမှုတို့ကြောင့် သင်တို့အတွက် ပြုသင့်သည်ကိုပြုလုပ်ပြီးပြီ၊ ဟောပြောသင့်သည်ကို ဟောပြော၍ပြီးပြီ။"

ဘုရားရှင်သည် သူ့တာဝန် ရှိသမျှ လိုလေသေး မရှိအောင် ဆောင်ရွက်တော်မူပြီး၊ တပည့်တို့ဘက်ကား ဆက်လက်ဆောင်ရွက်ရမည့် တာဝန်ကိုလည်း ညွှန်ပြတော်မူခဲ့သည်။ ညွှန်ပြထားသည့် တာဝန်ကို ဆုံးခန်းတိုင်အောင် ဆောင်ရွက်ရန် သာ ဘပည့်တော်တို့ဘက်က လိုပေတော့သည်။

စိတ်ချမ်းသာမှုအတွက် ဘူမိနက်သန်နေရာမှန်သည် ငြိမ်းချမ်းမှု ရယူလိုသူတို့ အတွက် အရေးကြီးသောအရာ ဖြစ်ခဲ့ကား အောက်ပါ ဘူမိနက်သန်နေရာမှန်ကို ညွှန်ပြတော်မူခဲ့သည်။

"အို....ရဟန်း၊ ဤသည်တို့ကား သစ်ပင်အနီးအောက်ဟု ဆိုအပ်သော ကျောင်းတို့တည်း။ ဤသည်တို့ကား လူသူကင်းဆိတ်သော နေရာဌာနတို့ဘည်း။"

စစ်မြေပြင်ရောက်လျှက် ရန်သူတို့ကို လက်ပိုက်ကြည့်နေပါလျှင် တိုက်ပွဲတွင် ကျရှုံးခြင်း နှင့်သာ ရင်ဆိုင်ရပေလိမ့်မည်။ ရန်သူတို့ကို တိုက်ခိုက်ရန် အတွက် လက်နက်ကောင်းတို့ ကိုလည်း မပေးဘဲ နေတော်မမူခဲ့ခေ။ ပေးတော်မူခဲ့သည်။ ဤကား-

"ရဟန်းတို့....တရားရှုမှတ် ပွားများအားထုတ်ကုန်လော့၊ မမေ့ကုန်ကြလင့်"

မှန်၏။ တရားရှုမှတ်ပွားများခြင်းသည် ရန်သူကို ဖြိုခွင်းရာ၌ အထိရောက်ဆုံးသော လက်နက်ဖြစ်သည်။

ဘုရားရှင်၏ တရားပန်းတို့သည် မကွင့်သုံးသူအတွက် မမွေးကြိုင်။ ပေါက်ပန်းနှင့် တူနေပေလိမ့်မည်။ ကျင့်သုံးသူအတွက်မူ စံပယ်၊ မြတ်လေးပန်းပမာ မွေကြိုင်သင်းပျံ့နေလေလိမ့်မည်-ဟု ဟောတော်မူခဲ့သည်။ ရှေးဦးစွာ ကိုယ်တွင်းငြိမ်းချမ်းမှု ပြည့်ပြည့်ဝဝ ခံစားစေလိုတော် မူသည်။ တစ်ကိုယ်ရေ သာသနာ့ခကောင်းမွန် စေတော်မူသည်။ ထို့မှတစ်ဆင့် စွမ်းနိုင်လျှင် ပတ်ဝန်းကျင် လက်လှမ်းမီရာ၌ ငြိမ်းချမ်းမှု ဖြန့်ဝေ ပေးစေလိုတော်မူသည်။ လက်လှမ်းမီ သာသနာ ပြုစေလိုတော်မူသည်။

လည်ပင်းအထိ ညှန်ထဲ၌နစ်နေသူက အလားတူ လည်ပင်းအထိ ညှန်ထဲနစ်နေသူကို ညှန်ထဲမှ ကယ်ယူ ထုတ်ဆောင်ရန် မစွမ်းသည့် ပမာ တစ်ကိုယ်ရေ သာသနာ ပင်လျှင်မှ မပြည့်စုံသူသည် ပတ်ဝန်းကျင် လက်လှမ်းမီရာ သာသနာ အတွက် စွမ်းနိုင်လိမ့်မည် မဟုတ်ပေ။

တရားရှုမှတ်ခြင်းဖြင့် တစ်ကိုယ်ရေသာသနာ၊ ကိုယ်တွင်း သာသနာ ပြည့်စုံအောင် ရှေးဦးစွာ ထူထောင်စေလိုတော် မူသည်။ ခိုင်မာစွာ စိုက်ထူထားသော တစ်ကိုယ်ရေ ပဋိပတ္တိ သာသနာနဲ့ ပရိယတ္တိသာသနာပေါင်းစပ်ရန်နှင့် "ပရိယတ်မကင်းသော ပဋိပတ်၊ ပဋိပတ် မကင်းသော ပရိယတ်ဖြစ်ရန်" အတွက် သာသနာမှာ များစွာ လိုအပ်ပေသည်။

အရှင်ပဏ္ဍိတာဘိဝံသ
ဓမ္မဝိဟာရီ

ဘဝတြင် နေဝင်ခြိန်ရှိ၏။ နေမဝင်ခင် စပါး လှန်းထားရမည်။ မိုးသည် မိုးအခါမှာသာရွာ၏။ မိုးမကုန်ခင် ထွန်ချထား်ရမည်။ လမသာသည့် လ မိုက်ညမှာ ဗိုင်းငင်လို့ မရဧပ။ လသာ တုန်းမှာ ဗိုင်းငင်ထားရမည်။ ဘဝ၌ နေရောင် လင်းခြိန်၊ မိုးရွာခြိန်၊ လသာခြိန်တို့တွင် ပြုလုပ်သင့် သည်ကို ပြုလုပ်ထားရပေမည်။ ထို့ကြောင့် ဤသို့ သင်တိ ပေးတော်မူခဲ့သည်။

"ရဟန်းတို့၊ နောင်သောအခါမှ နောင်တမရ ကြစေလင့်"

ဘုရားရှင်သော်မှ ရှောင်၍မရသော ဤအရာ တို့ကို အဘယ် မည်သော သူသည် ရှောင်နိုင်ပါ အံ့နည်း။ မည်သူမဆို အိုရမည်။ နာရမည်။ သေ ရမည်။ ထိုအခါရောက်လျှင် လက် ခြေ ကိုယ်တို့က စကားကို နားမထောင်ကြတော့ပေ။ ငြင်းဆန်ကာ ပမာမခန့် ပြုမူကြတော့သည်။ ဘဝ၌ ပစ္စုပ္ပန်ကို ရင်ဆိုင်နည်း၊ အနာဂတ်အတွက် ကြိုတင်နည်းကို ဘုရားရှင် ညွှန်ပြတော်မူခဲ့သည်။

"ရဟန်းတို့....ရှုမှတ် ပွားများ အား ထုတ် ကြလော့၊ မဒမေ့ကြလင့် ဟူသော ဤအဆုံးအမသည် သင်တို့အတွက် ငါဘုရားရှင်တို့၏ အဆုံးအမ ပေ တည်း။"

အကြင်အဆုံးအမကို ဤဘုရားရှင်လည်း ဆုံးမ၏။ ရှေးဘုရားရှင်တို့လည်း ဆုံးမခဲ့ကြ၏။ နောက် နောင် ဘုရားရှင် တို့လည်း ဆုံးမ ကြလိမ့်မည်။ ဘုရားရှင်တိုင်း ဆုံးမသော ထို အဆုံးအမသည် အဘယ်မျှ အရေးကြီးကြောင်းမှာ သိသာလှ ပေ သည်။

ယခု ဤအဆုံးအမ သြဝါဒကထာ ဖြစ်ပေါ် လာရ သည်မှာ တစ်ခြိန်က ရဟန်း တစ်ပါးသည် ဘုရားထံ လာရောက် ကန်တော့ကာ သင့်တော် သောအရပ်၌ ထိုင်ပြီး-

"မြတ်စွာဘုရား၊ 'ဓမ္မဝိဟာရီ တရားနှင့် ပဓာ သောပုဂ္ဂိုလ်၊ ဓမ္မဝိဟာရီ တရားနှင့် နေ သော ပုဂ္ဂိုလ်'ဟု ပြောဆိုနေကြပါတယ်ဘုရား၊ အဘယ် ကဲ့သို့သော အကြောင်း တို့ကြောင့် ဓမ္မဝိဟာရီ တရားနှင့် နေသောပုဂ္ဂိုလ် ဖြစ်ပါသနည်း အရှင် ဘုရား"ဟု လျှောက်ထားခဲ့သည်။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းအမျိုး အစား ငါးမျိုးခွဲခြားကာ ဟောပြတော်မူခဲ့သည်။

၁။ တရားစာပေများစုံတတ်ကျွမ်းသော ရဟန်း၊
၂။ စာပေတတ်ကျွမ်းပြီး ဟောအားသန် သော ရဟန်း၊
၃။ သင်ယူ လေ့ကျက်ပြီး စာပေများကို ရွတ်အံသဖျာယ်မှုများသောရဟန်း၊
၄။ သင်ယူ လေ့ကျက်ပြီး စာပေများကို ဆင်ခြင် စဉ်းစား တွေးခေါ်မှု အား သန်သော ရဟန်း၊

သို့သော် ဤရဟန်းတို့ကား ဝိပဿနာ အား ထုတ်မှုဖြင့် ကိုယ်တွင်း တဒင်္ဂ ငြိမ်းချမ်းမှုကို မရ။ မဂ်ပညာဖြင့် ထာဝရ ငြိမ်းချမ်းမှုကို မရ။ ဤ ရဟန်း တို့သည် တရားနှင့် နေသော ဓမ္မဝိဟာရီ ပုဂ္ဂိုလ်မမည်ပေ။

၅။ အကြင်ရဟန်းသည် ဘုရားရှင်၏ စကား တော်ဖြစ်သော အင်္ဂါကိုးတန်, မွမ္ဘန္ဓာ ပေါင်း ရှစ်သောင်း လေးထောင်သော တရားတော်တို့ကို သင်ယူ လေ့ကျက်၏။ ဝိပဿနာ အားထုတ်၍ ကိလေသာငြိမ်းချမ်းမှု ချမ်းသာကို ခံစားရ၏။ မဂ် ပညာဖြင့် ထာဝရငြိမ်းချမ်းမှုကို ရောက်ရှိ၏။ ဤ ရဟန်းသည် တရားနှင့်နေသော ဓမ္မဝိဟာရီရဟန်း မည်ပေ၏။

သင်ယူသူ၊ ပို့ချသူ၊ ဟောပြောသူ မရှိလျှင် ပရိယတ္တိသာသနာ ကွယ်မည်သာ၊ ထိုနည်းတူစွာ ကျင့်သုံးပွားများသူမရှိလျှင်ပဋိပတ္တိသာသနာကွယ်

သည်မည်ကြောင်းကို အောက်ပါ(ပဏ်-၂-၄-၁၀၈၊ ပါ-၁၀၈)အဆိုအမိန့်အရ သိနိုင်သည်။

"ပဋိပတ္တိ သဒ္ဓမ္မောပိ ဟိ ပဋိပတ္တိ ပုဂ္ဂလကေသု အသတိ အန္တရဓာယတိနာမ။" မှန်၏၊ ပဋိပတ္တိသာသနာတော် သည်လည်း ပဋိပတ် ကျင့်သုံးသူ မရှိလျှင် ကွယ်သည်မည်၏။

ကိလေသာသည် ဘုရားအဆုံးအမ မကိန်းဝပ်သူ၏ရင်ကို ပူလောင် စေ၏။ ကိန်းဝပ်သူ၏ ရင်တွင်မူ မခိုအောင်းနိုင်။ မပူလောင် စေနိုင်။ ထို ကိလေသာ အပူဝေး၍ အအေးဓာတ် ပေးကာ ချမ်းသာစေနိုင်သည်မှာ ဘုရားအဆုံ အမ အကျင့်သာ ဖြစ်ကြောင်းကို(နဋ္ဌကပါနသုတ်-ပါ-၁၂၅၊ ဋ္ဌ-၁၂၄၊ ၁၂၇)၌ မိန့်တော်မူထားပေသည်။

ထိုဘုရားအဆုံးအမ၏ အဓိကအနှစ်သာရသည် အတွင်းငြိမ်းချမ်းမှု ပဋိပတ်အနှစ် ဖြစ်သည်။

"ပဋိပတ္တိသာရံ ဟိ သာသနံ။"(သုတ္တ-ဋ္ဌ-ဒု၊ ၂၁၅၊ ပါ၊ ၃၉၀။)

"သာသနံ=သာသနာသည်။ ပဋိပတ္တိသာရံ=ပဋိပတ်ကျင့်သုံးမှု ဟူသော အနှစ်သာရ ရှိ၏။"

မည်မျှပင် ပြင်ပရုပ်ဝတ္ထုတွေ တိုးတက် ကြီးကျယ် နေစေကာမူ အတွင်း ငြိမ်းချမ်းမှု ပဋိပတ် အနှစ် မ တိုး တက် ပါ လျှင် ဘဝ တိုးတက်သည် မမည်ပေ။

"ပဋိပတ္တိယာ ဟာယ မာနာယ သတ္တဝါ ဟာယန္တီနာမ။" (ခန္ဓ-သံ-ဋ္ဌ-၂၉၃။)

"ပဋိပတ္တိယာ=ဘုရားအဆုံးအမကိုသတ္တွာတို့၏ လိုက်နာ ကျင့်သုံးမှုသည်။ ဟာယမာနာယ=ဆုတ်ယုတ်လာသည်ရှိသော်။ သတ္တာ=သတ္တဝါတို့သည်။ ဟာယန္တီနာမ=ဆုတ်ယုတ်သည် မည်ကုန်၏။"

ဤစကားဘော်များအရ ဗုဒ္ဓဘရားတော်တို့ကို သင်ရုံ၊ ဟောရုံ၊ ရွတ်အံရုံ၊ ကြုံရုံတို့တွင်မရပ်နားဘဲ ရွေ့ဆက်လက် လျှောက်လှမ်းရမည့် ခရီးတစ်လှမ်း ကျန်ရှိသေးကြောင်းနှင့် ထိုခရီးလှမ်း သည်လည်း အောက်ပါ စကားတော်အရ ပရိယတ္တိ လေ့လာဆည်းပူး တတ်ကျွမ်းသော အရှင်မြတ်တို့အတွက် အထူး အားစိုက်ဖွယ် မရှိကြောင်း အခြေခံ အင်အားကောင်းသည် ဖြင့်၍ စိတ်အားရုံ ပြောင်းလွဲပေးရုံတဲ့တဲ့(တည်းတည်း)ကလေးမျှသာရှိကြောင်းမှာ ထင်ရှားနေပါသည်။

"ပရိယတ္တိ အကြားအမြင်သုတတည်းဟူသော လက်နှက်ကောင်းရှိသော ပုဂ္ဂိုလ်သည် အပြစ်ရှိသည်ကို ရှောင်ရှား၍ အပြစ်ကင်းသည်ကို ဆောင်ပွားကာ မိမိကိုယ်ကို စင်ကြယ်စွာ ထိန်းသိမ်းစောင့်ရှောက်၏။" (အံ-ပါ-၂၊ ၄၈၀+၁။)

လက်နက်ကောင်း ကိုင်ထားသော စစ်မြေပြင် ရောက်စစ်သားသည် တဘက် ရန်သူတို့က တိုက်ခိုက် ပစ်မင်နေပါလျက် ပြန်လည် မခုခံ မတိုက်ခိုက်လျှင် သူ့ အတွက် ထို လက်နက်သည် လက်နက်ကောင်းမမည်။ ပရိယတ္တိ အရှင်မြတ်တို့အား လက်နက်ကောင်း ရှိ၏။ ကိလေသာ ရန်သူတို့က ဝိုင်းရံတိုက်ခိုက် နှိပ်စက် နေပါလျက် ထိုလက်နက် ဖြင့်မတိုက်ခိုက်ပါလျှင်သူ့ အတွက်ထိုလက်နက်သည် လက်နက်ကောင်းမမည်။ လက်နက်ကောင်းလည်း ရှိ၏။ ရန်သူတို့ကိုလည်း တိုက်ခိုက်၏။ ထို ပုဂ္ဂိုလ် အတွက် ထိုလက်နက်သည် လက်နက်ကောင်းမည်ပေ၏။ (မ-ဋ္ဌ-၄-၁၁၇။)

ဤ အကြောင်းကို အရှင်ဘုရားတို့နှင့် တပည့်တော်တို့သည် ဘုရား သားတော်ချည်း ဖြစ်ကြ ဧသင်္ကာလည်း နေရာဒေသချင်း မနီးသဖြင့် တွေ့ဆုံကာ ဓမ္မပဋိသန္ထာရ ပြုခွင့် မကြုံကြိုက် ခဲ့ပေ။ ထို့ကြောင့် ဓမ္မပဋိသန္ထာရ ပြုခွင့်ကြုံခိုက် ဒုတိယ ဓမ္မဝိဟာရီသုတ် ယောဇဉဝဂ် ဒုတိယ ပဏ္ဏာသကို ပဠကနိပါတ အင်္ဂုတ္တရ နိကာယ–ကိုအခြေပြုကာ ဓမ္မပဋိသန္ထာရ ပြုလိုက်ပါသတည်း။ ။

အရှင်ပဏ္ဍိတာဘိဝံသ
မဟာစည်သာသနဒူရိပ်သာ

သာသနာ့ထိပ်ခေါင်တင်

ဓမ္မနာဒ အရှင်ဆရာတော်ဘုရားကြီး၏

သာသနာပြုလုပ်ငန်းများဆိုင်ရာ ကန်တော့ပန်းလွှာ

အရှင်ကောသလ္လ (ပြည်)

ဗောဓိသမ္ဘာရဂုဏ်၊ ပုဒ္ဓဂုဏ်တို့ဖြင့်မည်သူနှင့်မျှ မတူသောကြောင့် အသဒိသ၊သတ္တဝါအားလုံးတို့ ထက် ဂုဏ်ထူးရှိ၍ ဂုဏဝိသိဋ္ဌ၊အတူမရှိသော ရှေးဘုရားရှင်များနှင့်မှ နာမကာယ၊ ရူပကာယဂုဏ်တူ၍ အသမသမ ဖြစ်ဘော်မူသော တစ်ဦးတည်းသော ဘုရားရှင် လောကဋ္ဌ ပွင့်တော်မူလာလျှင် လူနတ်ဗြဟ္မာ သတ္တဝါများစွာ ပစ္စုပ္ပန်၊ သံသရာစီးပွားချမ်းသာများသာမက အတူမဲ့လော ကုတ္တရာချမ်းသာအထိ ရရှိခံစားကြရသည်။

သုံးဆောင်ခံစားရကြသူများ

(၁) ဗောဓိမဏ္ဍိုင်၌ ၇ရက် ၇လီ သီတင်းသုံးပြီး ကြာသိပတနကြွ၊ ဓမ္မစကြာသုတ်တော်ဟောပြီး၊ အရှင်ကောဏ္ဍညနှင့် ဗြဟ္မာ (၁၈)ကုဋေ၊

(၃) ထို့နောင် ယသသဘို့သားအမှူးရှိသော(၁၅)ဦး အရဟတ္တဖိုလ်ရ၊

(၄) ကပ္ပါသိကတောအုပ်၌ ဘဒ္ဒဝဂ္ဂိညီနောင် ၃ကျိပ် အနာဂါမ်ဖြစ်ကြ၊

(၅) ဂယာသီသ၌ အာဒိတ္တပရိယာယသုတ်တန် အဆုံး ရသေ့ညီနောင် ရှင်တစ်ထောင်တို့ အရဟတ္တဖိုလ်ရကြ၊

(၆) ထန်းတောဥယျာဉ်၌ ဗိမ္ဗိသာရ အမှူး ရှိသော ပုဏ္ဏားသူကြွယ် တစ်သိန်း တစ်သောင်း သောတာပန်၊ တစ်သောင်း သရဏဂုံတည်၊

(၇) တိရောကုဋ္ဋ အနုမောဒနာအဆုံး သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်၊

(၈) သုမနာပန်းသည်အစည်းအဝေး သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်၊

(၉) ဓနပါလ အစည်းအဝေး သတ္တဝါပေါင်း တစ်သောင်း၊

(၁၀) ခဒိရင်္ဂါဇာတ် သတ္တဝါပေါင်းရှစ်သောင်း လေးထောင်၊

(၁၁) ဇမ္ဗုကတဉ္စတွန်း သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်၊

(၁၂) အာနန္ဒ သေဋ္ဌီး သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်၊

(၁၃) ပါရာယနသုတ္တန် ဟောသောနေ့ သတ္တဝါပေါင်း တစ်ဆယ့်လေးကုဋေ၊

(၁၄) အစုံစုံ တန်ခိုးပြာဋိဟာပြရာနေ့ သတ္တဝါပေါင်း နှစ်သောင်း၊

(၁၅) တာဝတိံသာ အဘိဓမ္မာ ဟောရာ၌ သတ္တဝါပေါင်း ကုဋေရှစ်ဆယ်၊

(၁၆) တာဝတိံသာမှ ဆင်းလာ သော နေ့ သတ္တဝါပေါင်း ကုဋေသုံးဆယ်၊

(၁၇) သင်္ကာဇုသုတ်ဟောရာ၌ သတ္တဝါပေါင်း ရှစ်သောင်း၊

(၁၈) မဟာသမယ၊ မင်္ဂလ၊စူဠရာဟုလောဝါဒ၊ သဗ္ဗစိတ္တ ပဋိပဒါ ၄-ဌာနတို့၌ သတ္တဝါပေါင်း မရေမတွက်နိုင် တရားထူးရကြ၊ အမြိုက်ရည်သောက်ကြရသည်။

(၁၉) ယနေ့ထိလည်းကောင်း၊ နောင်၌ လည်းကောင်း သာသနာမှီ၍ နှတ်ရွာ နိဗ္ဗာန် ရမည့်သူများ အားလုံး သုံးဆောင်ခံစားကြရသည်။

သတ္တဝါများ ချမ်းသာရာရကြောင်း

အလောင်းတော်မြတ် ဗောဓိသတ်သည် လေးအသင်္ချေ ကပ်ရေ တစ်သိန်း တွက်ကိန်းများစွာ ၁၀ဖြာ ပါရမီ၊ အလှူ၁၀၊ စွန့်ဖွယ်ကြီး ငါး၀၊ စရိယာ၃ဆူ၊ သဗ္ဗညုဖြစ်ကြောင်း တရားများ ဖြည့်သိပ် အထွတ်အထိပ် ရောက်ကာ၊ ဝိပဿီ စသော ရှေးဘုရားရှင်များအား အတူ အတူမဲ့ဉာဏ် တော်သခင် ဘုရားရှင် ဖြစ်တော်မူပြီးနောက် ဓမ္မစက္ကာ၀တ္တနသုတ်တော် စသော တရားစက်ကို သွက်သွက်လည်စေကာ ဝေနေယျကြာ သတ္တဝါတို့အား ဆုံးမ ဟောကြားတော် မူအပ်သော ၂-ဖြာဓမ္မဝိနယ ပိဋကတ ၃-သွယ် နိကာယ် ၅-ဆောင် ၈၄၀၀၀သော ဓမ္မက္ခန္ဓာ (သာသနာတော်)ကြောင့်ပင် ဆိုပြီးများစွာ သတ္တဝါတို့ ချမ်းသာကြရပါသည်။

မြတ်ဗုဒ္ဓ၏တရားစက်ကို ဘုရာအနေ လည်စေနိုင်သူ

"မြတ်စွာဘုရား လည်စေအပ်သော အတုမရှိသော ဓမ္မစက်ကို ကောင်းစွာသာလျှင် အတုလိုက်၍ သင်္ဘင်္ဂဝါများ စီးပွားချမ်းသာဖြစ်အောင် သာရိပုတ္တရာသည် လည် စေ နိုင် သည်" ဟု ဟောတော်မူရာ ဗုဒ္ဓ လက် ဝက်တော် အခါတွင် ဗုဒ္ဓမှလွဲ၍ အ လေး ထား အပ် ဆုံး၊ အပူဇော် အပ်ဆုံး၊ အချီးမွမ်းအပ်ဆုံး ပုဂ္ဂိုလ်မှာ အမြင့်ဆုံး ပညာရှင် အရှင်သာရိပုတ္တရာဟုပင် သာသနာဝင်၌ မှတ်တမ်း တင်အပ်ပါသည်။ ယခုအခါ သာသနာတော်နှစ် ၂၅၀၀ ကျော် ခေတ်တွင် အရှင်သာရိပုတ္တရာ မရှိတော့ပြီဖြစ်၍ အလားတူ ကြည်ညိုလေးမြတ် ပူဇော်အပ်သော ဂုဏ ဝိသိဋ္ဌ ပုဂ္ဂိုလ်သူမြတ်မှာ ရဟန်းရှင်လူ ပြည်သူမှန်သမျှ ထေရဝါဒ ပြည်သူများ အပါအဝင် အားလုံး သိပြီးပင် ဖြစ်ကြပါသည်။ မည်သည့်အရှင်ဟု ညွှန်ရန်ပင် မလိုတော့ပါ။

ခုခါဒုလ္လဘ၊ အာဒရိယဂိုဏ်းဝင်၊ မြတ်ဆရှင်

ပစ္စုပ္ပန်ကိုကြည့်၍ အတိတ်ကို မျှော်နိုင်သော် လည်း အနာဂတ်ရေးအပေါ် ကောင်းတော်ရှား ပါးပုဂ္ဂိုလ်များတွင် ဓမ္မနာဒဆရာတော်ဘုရားကြီး ကား ယှဉ်စရာ ရှာမရ၊ ဒုလ္လဘပုဂ္ဂိုလ်စစ် ကောန်ပင် ဖြစ်သည်ဟု မိမိတို့မှာ ယုံကြည်မြတ်နိုး လွန်အားကိုး၍ ရိုကျိုးရပါသည်။ ထိုစကားမှန်၏ မည်သူနှင့်မျှ မတူသော ဆရာတော်ဘုရားကြီး၏ ပစ္စုပ္ပန်အကျိုးပေးပုံကို ကြည့်၍ အတိတ်ပါရမီတော် သမ္ဘာရဂုဏ်ကို သိရပါသည်။ အသောင်း အသိန်း ကိန်းဂဏန်းသည် ဘယ်မျှများများ ပြိုင်ဖက်ရှားသည့် ဆရာတော် ဘုရားကြီး၏ ပစ္စုပ္ပန် သာသနာပြုစိတ်ဓာတ် လုပ်ငန်းရပ်တို့ကား အနာဂတ်အပေါ် ကောင်းတော်ပြည့်စုံမှုချပင် လောက်လုံပါ၊တော့မည်။

သာသနာခေတ်၊ လက်ဖျစ်တီးရာ၊ အုံချီးကြ

ဆရာတော်ဘုရားကြီးကား သမ္မတ္တိစက်၄-ရပ် ဖြောင့်မတ်ကုန်စင် ဂုဏ်တင်ဖွယ်ရာ ပြည့်ဝလှပါသည်။ ပုဗ္ဗစကာဘုညတာ သမ္မတ္တိစက် ကောင်း၍ ဆရာကောင်း၊ သမားကောင်း၊ ဥယျာဉ်မှူးကောင်း မြေသြဇာနှင့် ရေလောင်းသူများ ပြည့်စုံကာ ပတိရူပဒေသဝါသသမ္မတ္တိစက်၊ သပ္ပုရိသူပနိဿယ သမ္မတ္တိစက်တို့ဖြင့် သာသနာတော်တွင် အဖက်ဖက်မှ ထိပ်တန်း တက်ခဲ့ရပါသည်။ တစ်တစ်လီတစ် အမှန်ဆုံးပင် ဖြစ်ခဲ့ရပါသည်။

သာသနာတော်၏ ထိပ်တန်းဘွဲ့တော် အားလျော်စွာ နိုင်ငံတော်က ပူဇော်သော အမြင့်ဆုံး မော်တော်ယာဉ် (နိုင်ငံတော် သမ္မတ စီးနင်းသော မော်တော်ယာဉ်နှင့် အလားတူယာဉ်)ကိုပင် လက်သင့်မခံ တွန်းလှန်ပယ်မြစ်၍ သိန်းဂဏန်းများစွာ လက်တော်သို့ ရောက်လာသော လာဘ်သပ်ပကာများကိုလည်း သာသနာတော်နှင့် အလျော်တော်ရာသို့ လှူစေနိုင်ပါသည်။ ဆရာတော်ဘုရားကြီး အတ္တာသမွာ ပဏိဓိစက်ဆိုင်ရာ နှလုံးသွင်းစိတ်ထားကို မည်မျှပင် ရေးသားရေးသား စာသား လုံလောက် ဂုဏ်မြောက်အောင် တတ်နိုင်မည်မဟုတ်ပါ။ ဆရာတော်ဘုရားကြီး၏ နှလုံးသွင်း စိတ်အစဉ်ကို မည်မျှဂုဏ်တင်စေကာမူ ပီပြင်ပြည့်စုံမည်မဟုတ်ပါ။

လျှောက်လွှာဝါကျ ဆုံးပါရစေ

ဆရာတော်ဘုရားကြီး သာသနာပြု လုပ်ငန်း အသိုးသီးကို ဤစာဆောင် နေရာ များစွာတို့၌ ဆိုင်ရာပုဂ္ဂိုလ်များ ရေးသားကြမည်။ တိုင်းပြည်ကလည်း သိပြီးဖြစ်နေကြပြီဖြစ်၍ မိမိက ဘာမျှ မရေးသားတော့ပါ။ မိမိသည် ဆရာတော်ဘုရားကြီး၏ ခြေရင်းနီးနား အတူနေတပည့်သားမဟုတ်သော်လည်း နှစ်ကာလများစွာ၊ အကြိမ်များစွာ နောက်တော်က လိုက်ပါခဲ့ရသဖြင့် ဆရာတော်ဘုရားကြီး၏ ကိုယ်မှုနှုတ်မှု ဓမ္မဒေသနာအစုတို့ကို မိမိအဆင့်မီသမျှ လိုက်နာပြုပြင် မိမိကိုယ်ဝယ် တန်ဆာဆင်ခဲ့ရပါသည်။ ထို့ကြောင့် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ သာသနာပြု လုပ်ငန်းများအတွက် "ဗုဒ္ဓမြတ်စွာ သာသနာဝယ် ကြည်ညိုဆပွား ရှင်လူများတို့အား ထားကြည်ညိုမှီခိုဖွယ်ရာ မြတ်ဆရာ၏ ဖြာဖြာဂုဏ်အင် လုပ်ရပ်စဉ်ကို လူရှင်များစွာ နတ်ဗြဟ္မာသည် ဘယ်မှာရေးသား ပြည့်စုံအောင်ဟောကြားနိုင်ပါအံ့နည်း။ လျှာပေါင်းကုဋေ ဆိုပါလေလည်း အခြေမပါ သေသာ သေကြရမည်ဘကား။ စာပေါင်းကုဋေ ရေးပါလေလည်း အခြေမပါ သေသာ သေကြရမည်တကား" ဟု ကန်တော့ပန်းလွှာ စကားရပ်ကို ကမ္ဘတ်နိဂုံး လုံအောင်ဖုံး၍ ချုံးလိုက်ရပါတော့သတည်း။

ပြိုင်တူရှိဖူး လွန်ထူးစွမ်းရည် မြတ်မထေရ်

သာသနာတော်လောကဌ် ဘွဲ့ထူးဂုဏ်ထူးများ အလားတူသော်လည်း ဆရာတော်ဘုရားကြီး ဘွဲ့ဂုဏ်တော်ကား တစ်မျိုးမဟုတ် တစ်မျိုး အများထက် ထူးခြားသာလွန် ချွန်ထက်ချွန်သည်သာဖြစ်ပါသည်။ ခေတ်ကာလ အမျိုးမျိုး အုပ်စိုးသူ အဆက်ဆက် ပြည်သူဘက်အားလုံးပါ ညီညာဖြဖြ အကြည်ညိုအပူဇော်ခံရ၍ သာသနာတော်အဆင့် အမြင့်ဆုံးတာဝန်များကို သူမတူအောင် ထမ်းဆောင်တော် မူနိုင်ရကား "အဘိဓဇမဟာဒတစ်ပါးတည်း၊ ဆရာတော်ဘုရားကြီးဌ် လောကဓမ္မ ၂ ဌာနပုံ ကျေးဇူးဂုဏ်တို့သည် စုံညီစုပေါင်း ခုံအောင်းနားနေ စုကြလေကုန်ပြီ" ဟုပူဇော်ညွတ်နူး ရင့်ကျူးရပါတော့သည်။

ထို့ကြောင့်ပင် ဆရာတော် ဘုရားကြီးအား အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆိုင်ရာ တိပိဋကနိကာယဂုဏ်ပြုပွဲ အခမ်းအနားဌ် "ဤအဘိဓဇဘွဲ့တော်ထက် အဆင့်မြင့် ဘွဲ့တော်ရှိပါကလည်း ဓမ္မနာဒ ဆရာတော် ဘုရားကြီးသည် ထိုက်တန်လှပါသည်ဘုရား" ဟု သာသနာတော်ကို ကြည်ညိုသူအဆင့်မြင့် ပုဂ္ဂိုလ်ကြီးတစ်ဦး ကြည်နူးဆပွား လျှောက်ထားသည်ကို မိမိတို့ မုဒိတာတိုးပွား ကုသိုလ်များရလိုက်ပါသည်။

အနှစ်သုံးပါးတရား

၁။ စည်းစိမ်ဥစ္စာ၊ အနှစ်ရှာ၊ ပြုပါဒါနမှတ်၊
၂။ မိမိခန္ဓာ၊ အနှစ်ရှာ၊ စောင့်ပါသီလမှတ်၊
၃။ အသက်ဇီဝါ၊ အနှစ်ရှာ၊ ဘာဝနာဟုမှတ်၊
၄။ လှူပါစောင့်ပါ၊ ပွားများပါ၊ သုံးဖြာအနှစ်မှတ်။

မင်းကွန်းတော်ပိဋကဓရဆရာတော်ဘုရား



အာရိယပန်းကုံး

ဘဒ္ဒန္တသဟမ္မတိထေရ်

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ချုပ်ကြီး၏ပရိယတ္တိ သာသနာပြုလုပ်ငန်း၌ ရှေ့တန်းမှဦးဆောင်ယှက် အပတ်ဘကုတ် စေတနာထက်သန်စွာ အားထုတ်လုပ်ဆောင်နေကြကုန်သော သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကြီးများ၏အမြင့်မားဆုံး ပရိယတ္တိသာသနာ့တက္ကသိုလ်ကျောင်းတိုက်ကြီး နှစ်တိုက်ကို တည်ထောင်နိုင်စွမ်းရှိခြင်းသည်သာသနာနုဂ္ဂဟအရာတွင် ကြီးကျယ် မြင့်မြတ်လှစွာသော အောင်မြင်မှု တစ်ရပ်ပင် ဖြစ်ကြောင်း။

'မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီးသည် နိကာယသာသနာပြုအဖွဲ့'သည် ရှင်တော်မြတ်ဘုရား၏ အံ့သြချီးမွမ်း၍ မကုန်နိုင်သော ဂုဏ်ကျေးဇူးတော်နှင့် တိပိဋကဓမ္မက္ခန္ဓာ တရားတော်၌ ကြည်ညိုကုန်သည်ဖြစ်၍ အံ့သြချီးမွမ်း၍ မကုန်နိုင်သောအကျိုးသည် မုချမသွေ ရရှိစေနိုင်ပေသည်ဟူသော

ဗုဒ္ဓ၏ဟောပြချက်ကို ယုံကြည်ကိုးစား အားထား ချက်အပြည့်အဝရရှိခြင်းကြောင့်သာ ဤသာသနာပြုအဖွဲ့ကြီးကို ဖွဲ့စည်း တည်ထောင်ကြကာ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ကျိုးစားမယုတ် အားထုတ်ပူဇော်နေကြခြင်းပင်ဖြစ်သည်ကို သိရှိကြပြီးဖြစ်ပါသည်။

ရည်မှန်းချက်မှာ 'ဤကမ္ဘာကြီး၌ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး လွှမ်းမိုးပြန့်ပွားသွားစေရမည်' ဟူ၍ပင်ဖြစ်ပါသည်။

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အကျိုးဟော်ဆောင် အရှင်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရား ဦးဆောင်ပဓာန နာယကအဖြစ်ဆောင်ရွက်တော်မူသည့် မင်းကွန်း တိပိဋကနိကာယ သာသနာပြုအဖွဲ့ကြီး၏ ရည်မှန်းဦးတည်ချက်မှာလည်း ပိဋကတ္တယအာဂုံဆောင် အရိယာနွယ်ဝင် သူတော်စင်အရှင်မြတ်တွေ'အရိယမာလာ' ထိုသို့မဟုတ် 'အရိယာပန်းကုံး'သဖွယ် ပေါ်ပေါက်စေရန် ရည်သန်ခြင်းဖြစ်ပါသည်။

ဤ ရည်သန်ချက် အတိုင်း ပေါ်ထွက် လာသည်ကိုလည်း တွေ့မြင်ကြည်ညိုကြရပါပြီ။ မင်းကွန်း တိပိဋကနိကာယသာသနာပြုအဖွဲ့ကြီးသည် ရည်မှန်းဦးတည်ချက်ပန်းတိုင်သို့ မရောက်ပါက နောက်သို့မဆုတ် မတန့်မနား ယုံကြည်ချက်သဒ္ဓါအား အပြည့်အဝထားရှိကြလျက် ဘုရားသာသနာတော်မြတ်ကြီးကို ပြုစုနေကြကုန်သော 'ဥပထမ္ဘက' အဖွဲ့ကြီးဖြစ်သည်ဟု မိမိ (ဘဒ္ဒန္တသဟမ္မတိ) က ယူဆကြည်ညိုလျက်ရှိပေသည်။

ထိုသို့သော ကြည်ညိုခြင်းကြောင့်....

ဝေ၀ံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

ဝေ၀ံ-ဤသို့အပြားအားဖြင့်။ , ဗုဒ္ဓါ-ဘုရားဖြစ်တော်တို့သည်။ အစိန္တိယာ-အံ့ဩခြီးမွမ်းရှိ မကုန်နိုင်။ ဗုဒ္ဓဓမ္မာ-ဘုရားဂုဏ်ကျေးဇူးတော်တို့သည်။ အစိန္တိယာ- အံ့ဩခြီးမွမ်းရှိမကုန်နိုင်။ (ဤအနက်သည် သာရတ္ထဒီပနီဋီကာအဖွင့်နှင့်အညီ ယောဇနာခြင်းတည်း)။ (တစ်နည်းအနက်) ဗုဒ္ဓါ-ဘုရားဂုဏ်ကျေးဇူးတော်ဘို့သည်။ အစိန္တိယာ-အံ့ဩခြီးမွမ်းရှိမကုန်နိုင်။ဗုဒ္ဓဓမ္မာ-ဘုရားတရားတော်တို့သည်။ အစိန္တိယာ- အံ့ဩခြီးမွမ်းရှိမကုန်နိုင်။ (ဤ အနက်သည် အပါဒါန်အဋ္ဌကထာနှင့်အညီ ယောဇနာခြင်းတည်း။) ဝေံ-ဤသို့ခြီးမွမ်းရှိမကုန်နိုင်သော ဘုရားဂုဏ်တော်၊ ဘုရားဩပ်တော်၌ (ဝါ) ဘုရားဂုဏ်ကျေးဇူး၊ ဘုရားတရားတော်၌။ ပသန္နာနံ- သဒ္ဓါကြည်ညိုကုန်သောသူတို့အား။ အစိန္တိယော-အံ့ဩခြီးမွမ်းရှိမကုန်နိုင်သော။ ဝိပါကော-အကျိုးသည်။ ဟောတိ-မုချမသွေဖြစ်နိုင်ပေ၏။

ရှင်တော်မြတ်ဘုရား ဟောကြားတော်မူအပ်သော ဒေသနာတော်အတိုင်းပင် မင်းကွန်း တိပိဋကနိကာယ သာသနာပြုအဖွဲ့ကြီးကို ဦးဆောင်၍ ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်လျက်ရှိကြကုန်သော သာသနာပြုခေါင်းဆောင်ပုဂ္ဂိုလ်များအား လည်းကောင်း၊ ထိုအဖွဲ့ကြီးနှင့်အတူ ကူညီပံ့ပိုး သဒ္ဓါဖြိုးလျက် ပစ္စယာနုဂ္ဂဟတို့ကို တိုးတက်ရွှင်လန်း လှူဒါန်းကြကုန်သော သာသနာ့ဒါယကာ ဒါယိကာမ သာသန မာမကပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်တို့အား လည်းကောင်း ကြံစည်အံ့ဩ ပြောဟော၍မကုန်နိုင်သော (အံ့ဩခြီးမွမ်း၍ မကုန်နိုင်သော)အကျိုးသည် မုချမသွေ ဖြစ်နိုင်ကြပါစေဟု-ဆုမွန်မြတ်ဆုမွန်ကောင်း ဓတောင်းကာ ဤ'အနုမောဒနာစာသား'ကို ရေးသားပေးပို့အပ်ပါသတည်း။

ဘဒ္ဒန္တသဟမ္မတိထေရ်

"ကမ်နှင့်အကျိုး ဆက်နွယ်ကာ သတ္တဝါ ဖြစ်လှာသည်ဟု ယုံကြည်သူသာ ဗုဒ္ဓဘာသာဝင် ဖြစ်နိုင်သည် ဟူသော ဆိုရိုးစကားစဉ် တွင်နေခြင်း၏ အကြောင်းရင်းခံသည် ပဋိစ္စသမုပ္ပါဒ ပါဠိတော်တွင် 'ဘဝပစ္စယာ ဇာတိ = ကမ်ကြောင့်သတ္တဝါ (ခေါ်)ရုပ် + နာမ် ဖြစ်သည်" ဟု မြတ်ဗုဒ္ဓ၏ ဟောညွှန်တော်မူခဲ့ကြောင်း ပေတည်း။

ထိုစကားစဉ်တွင် "ကမ်" ကို အဓိပ္ပာယ် ရှင်းလင်းစွာ သိမှတ်ထားရန် အထူးလိုအပ်သည်။ ပါဠိဘာသာ "ကမ္မ" မှ "ကမ်" ဟူသော မြန်မာစကား ဖြစ်လှာသည်။ "ကံ" ဟူ၍လည်း ရေးကြပြောကြသည်။ ကမ္မ = ကမ်ဟူသည် အလုပ်တည်း။ သို့သော် အလုပ်ဟူသမျှ ကမ် မဟုတ် ဟူ၍လည်း သိမှတ်ကြရာသည်။

သာမန်အားဖြင့် ဆိုရသော် အလုပ်အားလုံး၌ ပျက်စီးမြဲ အကျိုးကို ဖြစ်ခစနိုင်သည့် စွမ်းရည် (သတ္တိ)သည် အဆိုက်အလျောက် ရှိသည်သာ ဖြစ်သည်။ သို့သော်လည်း ရုပ်ဝတ္ထုတို့၏ အလုပ် အားလုံးနှင့် သတ္တဝါတို့၏ စိတ်စေဘနာမပါဘဲ ပြုသည့် အလုပ်အားလုံးကို ကမ်ဟူ၍ဗုဒ္ဓဘာသာ၌ ဆိုရိုးမရှိချေ။ သတ္တဝါတို့၏ စိတ်စေတနာပါပါ ပြုသည့် အလုပ်ကိုသာ ကမ်ဟူ၍ ဗုဒ္ဓဘာသာ၌ ဆိုရိုးရှိသည်။ ''စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ''။ (မြော်ဗုဒ္ဓ၏ မိန့်ခွန်းတော်)

ထို့ကြောင့် စိတ်မရှိသည့် ရေ၊ မြေ၊မီး၊လေ၊ သစ်ပင်၊ အိမ်၊ အဝတ် အစရှိကုန်သော ရုပ်ဝတ္ထု တို့၏ အလုပ်အားလုံးနှင့် သတ္တဝါတို့၏ စိတ် စေတနာ မပါဘဲ ပြုသည့် အလုပ်အားလုံးကို စိတ်နှင့် ဆက်စပ်မှု မရှိသောကြောင့် မြတ်ဗုဒ္ဓက အပြစ်မဆို။ သဘာဝအတိုင်း ဖြစ်ယည်ဟူ၍သာ မိန့်တော်မူသည်။ စိတ္တေန နိယျတေ လောကော။

မြတ်ဗုဒ္ဓ ရှင်တော်သည် သတ္တဝါတို့၏ စိတ် စေတနာပါပါ ပြုကြသည့် အလုပ်တို့ကိုသာ မကောင်းကံ+ကောင်းကံဟု ခွဲခြားသတ်မှတ် လျက်၊ မကောင်းကံ(အကုသိုလ်) မဖြစ်အောင် လုပ်ဖို့ ဇွဲရှိကြရန်၊ ကောင်းကံ (ကုသိုလ်)ထပ် တလဲလဲဖြစ်အောင် လုပ်ဖို့ ဇွဲရှိကြရန် ညွှန်ကြား တော်မူသည်။ယင်းညွှန်ကြားချက်တို့ကို သမ္မပ္ပဓာန် တရားတော်ဟု အမည်ပေးတော်မူခဲ့သည်။

ကမ်သုံးမျိုး

လောက၏ ပင်ကိုယ် သဘာဝမှန် အရ အဖြစ်အကူပစ္စည်း ရှိမှသာ အလုပ် ဖြစ်နိုင်သည်။ အထောက်အကူ ရှိမှသာ ကမ်ဖြစ်နိုင်သည်။ ကမ်ဖြစ်ဖို့ အထောက်အကူ (ကြိယာသာခဘ တမဝတ္ထု)သည် ကိုယ်-နှုတ်-စိတ်ဟူ၍ သုံးမျိုးရှိသည်။ ယင်း အထောက်အကူ သုံးမျိုးတို့ကို အစွဲပြု၍

အလုပ်နှစ်မျိုး

အလုပ်ကို ဖန်တီးသည့် ကတ္တားကို အစွဲပြု၍ (၁) အဝိညာဏက(စိတ်မဲ့)တို့၏ အလုပ် (၂) သဝိညာဏက(စိတ်ရှိ)တို့၏ အလုပ်ဟူ၍ အလုပ် နှစ်မျိုး ကွဲပြားသည်။ ထိုတွင် ရုပ်ဝတ္ထု(သစ်ပင်၊ သေနတ်၊ အိမ်၊ အဝတ် စသည်)တို့ကို စိတ်မရှိ သောကြောင့် အဝိညာဏကဟု ပါဠိဘာသာဖြင့် ဗုဒ္ဓဘာသာ၌ ဆိုကြပေသည်။သတ္တဝါ(လူ-နတ်-ဗြဟ္မာ-တိရစ္ဆာန်စသည်)ကို စိတ်ရှိသောကြောင့် သဝိညာဏကဟု ပါဠိဘာသာဖြင့် ဆိုကြသည်။

အဝိညာဏက = သက်မဲ့၊ သဝိညာဏက= သက်ရှိဟု ဘာသာပြန်ခြင်းသည် ဗုဒ္ဓဘာသာဝင် (အနတ္တဝါဒီ)တို့၏ ဘာ သာ ပြန် မ ဟုတ် ချေ။ သတ္တဝါတိုင်း၌ အတ္တ + အသက် + လိပ်ပြာ+ ဝိညာဉ် ရှိသည်ဟု အယူလွဲ စွဲနေကြသူ (အတ္တ ဝါဒီ)တို့၏ ဘာသာပြန်ချက်သာ ဖြစ်သည်။

အနတ္တဝါဒီ မြတ်ဗုဒ္ဓရှင်တော်၏ ဝါဒမှန်နှင့် ညီအောင် အဝိညာဏကကို သဒ္ဒါနက်အားဖြင့် ''စိတ်မဲ့'' ဟူ၍၊ အဓိပ္ပာယ်နက်အားဖြင့် ''ရုပ်ဝတ္ထု'' ဟူ၍ ဘာသာပြန်သည်။သဝိညာဏကကို သဒ္ဒါနက်အားဖြင့် ''စိတ်ရှိ'' ဟူ၍၊ အဓိပ္ပာယ်နက် ဖြင့် ''သတ္တဝါ'' ဟူ၍ ဘာသာပြန်သည်။

လောကီ အကျိုးဟူ၍ ပါဠိနှင့် မြန်မာကို တွဲဆက် ပြောကြ ရေးကြသည်။ ထိုတွင် လောကီ ဟူသောပါဠိကို လုဇ္ဇနသီလောဟူသော အဓိပ္ပါယ် ရှင်းချက်နှင့်ညီစွာ ''ပျက်စီးမြဲ'' ဟု မြန်မာဘာသာ ပြန်ရသည်။

(၁) ပျက်စီးမြဲ အကျိုးကို ဖြစ်စေနိုင်စွမ်း ရှိခြင်း၊

(၂) စိတ်စေတနာပါပါ ပြုခြင်း၊

ဤအချက် နှစ်ရပ်လုံးနှင့် ပြည့်စုံသည့် အလုပ် ကို ကမ်ဟူ၍ ဗုဒ္ဓဘာသာ၌ ဆိုသည်။

ကာယကမ်-ဝစီကမ်-မနောကမ်ဟူ၍ ကမ်သုံးမျိုး ခွဲခြားရသည်။သိုတွင် မနော(ခေါ်)စိတ်သည်သာ ကမ်ဖြစ်ဖို့ လိုရင်း (ပဓာန)ဖြစ်သည်။ ထို့ကြောင့် စိတ်စေတနာ ပါပါပြုသည့် အလုပ်သည်သာ ကမ်ဟုတ်သည်ဟု သိမှတ်ကြစေရန် ''စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ''ဟူ၍ မြတ်ဗုဒ္ဓရှင်တော်က ဟောညွှန်တော်မူသည်။

ကဓ်ဆန်းကြယ်သည်

ကောင်းကျိုး ဖြစ်စေချင်သော စိတ်စေတနာ ကောင်းထားကာ ပြုသည့် အလုပ်'ကောင်းကမ်' ကြောင့် ယခုဘဝ လေးလောဆယ် အချိန်တွင် ကောင်းကျိုး ဖြစ်သည်လည်း ရှိသည်၊ မကောင်းကျိုး ဖြစ်သည်လည်းရှိသည်။ ဤသို့ ကမ်အကျိုးပေးပုံ ဆန်းကြယ်သောကြောင့်လည်း ကမ် ဆန်းကြယ်သည်ဟု ပြောရိုး ပြုကြသည်။

ကောင်းကျိုး ဖြစ်စေချင်သော စိတ်စေတနာ ကောင်း ထားကာ ပြုလုပ်ပါလျက် မကောင်းကျိုး ဖြစ်လာခြင်းသည် မကောင်းကျိုး ဖြစ်စေသည့် အလုပ်ကို ကောင်းကျိုးဖြစ်စေသည့် အလုပ်ဟု အယူအဆ လွဲချော်ခြင်း (မိစ္ဆာဉာဏ)ကြောင့် သော်လည်း ဖြစ်သည်။အလုပ်လွဲချော်ခြင်း 'မိစ္ဆာပဋိပတ္တိ'ကြောင့်သော်လည်းဖြစ်သည်။ထို့ကြောင့် အယူအဆနှင့် အလုပ် မလွဲချော်စေရန် နည်းမှန်စနစ်မှန်ကို အလုပ် မလုပ်ခင်ကြိုတင်သိဖို့ တကယ်လိုအပ်သည်။ယင်း လိုအပ်ချက်ပြည့်စုံစေရန် ပညာရှိထံ နည်း ခံယူရသည်။နည်းကောင်း စနစ်မှန်ကို သိဖို့ ဆရာ၏ သင်ပြမှုနှင့် တပည့်၏ သင်ယူသိမှတ်မှုတို့ကို ''ပရိယတ္တိ''ဟု ပါဠိဘာသာ၌ ဆိုသည်။ သင်ယူသိမှတ်ထားသည့်အတိုင်း ပြုလုပ်မှုကို ''ပဋိပတ္တိ''ဟု ပါဠိဘာသာ၌ ဆိုသည်။ ယင်းသို့ ပြုလုပ်မှုကြောင့် မကောင်းကမ် (အကုသိုလ်)တွေ ဖြစ်ဖို့ စွမ်းရည် အပြီးအပြတ်ပျက်စီးချုပ်ငြိမ်းသွားသည့် အကျိုးကို ပါဠိဘာသာဖြင့် ''ပဋိဝေဓ''ဟု ဗုဒ္ဓဘာသာ၌ ဆိုသည်။

တာဝန်နှစ်ရပ်

ထိုသုံးမျိုးတွင် နည်းကောင်းစနစ်မှန်ကို သိဖို့ သင်ပြမှု၊ သင်ယူမှု (ပရိယတ္တိ)အလုပ်နှင့် သင်ယူသိမှတ်ထားသည့်အတိုင်း ပြုလုပ်မှု (ပဋိပတ္တိ) အလုပ်တို့ကိုသာ လုပ်ရန် တာဝန်ထမ်းဆောင်ရန် တာဝန် ရှိသည်။ ပဋိဝေဓသည် အကျိုးဖြစ်၍ အလုပ်မဟုတ်သောကြောင့် ယင်း ပဋိဝေဓကို လုပ်ရန် တာဝန်၊ ထမ်းဆောင်ရန် တာဝန်သည် မည်သူ့မှာမျှ မရှိချေ။ ထို့ကြောင့် မြတ်ဗုဒ္ဓရှင်တော်က တပည့်တို့အား ပရိယတ္တိအလုပ်နှင့် ပဋိပတ္တိအလုပ်ဟူသော အလုပ်နှစ်မျိုးကို ဇွဲသန်သန်ဖြင့် လုပ်ကြရန်၊ ထမ်းဆောင်ကြရန်(၄၅)နှစ်ပတ်လုံး လမ်းညွှန်တော်မူခဲ့သည်။ တာဝန် ပေးတော်မူခဲ့သည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း၏ နိဒါန်း၌....

သံဃာတော်များ တာဝန်....

မြတ်စွာဘုရားသည် တပည့်သား သံဃာတော်များအား မလွဲမသွေ ကောန်မုချ ထမ်းဆောင်ကြရမည့် တာဝန်များကိုလည်း ပေးအပ်တော်မူခဲ့ပါသည်။

ထိုတာဝန်များသည်ကား....

(၁) ပိဋကတ်တော်များကို သင်ယူပို့ချ ဟောပြဆောင်ထားခြင်းဟူသော ဂန္ထဓုရ။

(၂) သမထ ဝိပဿနာတရားများ အားထုတ်ခြင်းဟူသော ဝိပဿနာဓုရ ဟူ၍ နှစ်မျိုးနှစ်စား ရှိကုန်၏။

ဟူ၍ ယင်းတာဝန်နှစ်ရပ်ကိုသိမှတ်သတိမလပ် ကြစေရန် ရည်သန်လျက် အတိအလင်း ရှင်းရှင်း ဖော်ပြထားတော်မူကြသည်။

အတိုင်းအတာ

ပြခဲ့ပြီး အလုပ်နှစ်တန် တာဝန်နှစ်ရပ်၌ သင်ပြသူ ဆရာနှင့် သင်ယူသူ တပည့်တို့အတွက် အတိုင်းအတာ သတ်မှတ်ချက် ရှိသည်။ ဆရာဖြစ်ချင်သူ ဆရာလုပ်ချင်သူသည် ဆရာ့အရည်အချင်း ပြည့်အောင် ပိဋကတ်တော်ကိုသင်ယူမှတ်သား ဆောင်ထားရမည်။ တပည့်လည်း တပည့် အရည်အချင်း ပြည့်အောင် ပိဋကတ်တော်ကို သင်ယူ မှတ်သား ဆောင်ထားရမည်။ တပည့်သည် ဆရာလောက် ပိဋကတ်ဉာဏ်ရှိရန် မလို။ဆရာသည် ပိဋကတ်ဉာဏ် သာမန်ရှိရုံမျှဖြင့် ဆရာမလုပ်ထိုက်ချေ။ ဆရာမလုပ်ထိုက်ဘဲ ဆရာလုပ်သူသည် 'မြတ်ဗုဒ္ဓရှင်တော်၏ စကားတော်ကို ပယ်ရှားသူ၊ ယုတ်ညံ့ဖျင်းချာသူ၊ သာသနာဖျက်သူ' စစ်စစ်သာ ကောန်ဖြစ်သည်။

ပဋိပတ်အလုပ်

ပဋိပတ် အလုပ်အတွက် အကျယ်ရေးကွက် မကြိုးစားသေးသောကြောင့် အနည်းငယ်မျှသာ ဖော်ပြမည်။မြန်မာနိုင်ငံတော်မှာ ယခုအခါအမျှား သိနေသော ဝိပဿနာ ရှုပွားနည်းသည် သတိပဋ္ဌာန်ရှုပွားနည်း ဖြစ်သည်။ သတိပဋ္ဌာန်နည်း လေးတန်ကို ဟောညွှန်တော်မူသော မြတ်ဗုဒ္ဓ၏ ရည်ညွှန်းတော်မူချက်မှာ....

(၁) ရုပ်ကို အကျယ် ရှုပွားလိုသူနှင့် မကျဉ်း မကျယ် ရှုပွားလိုသူတို့အတွက် ကာယာနုပဿနာ သတိပဋ္ဌာန်နည်းကို ဟောညွှန်တော်မူသည်။

(၂) ဝေဒနာကို ဝေဒနာဟု သိမှတ်ရှုပွားလိုသူတို့အတွက် ဝေဒနာနုပဿနာ သတိပဋ္ဌာန်နည်းကို ဟောညွှန်တော်မူသည်။ ဆင်းရဲဝေဒနာ တစ်မျိုးတည်းကိုသာ ရှုပွားရန် ဟောညွှန်တော်မူသည် မဟုတ် သောကြောင့် ဆင်းရဲ၊ ချမ်းသာ၊ ဥပေက္ခာ ဟူသော "ဝေဒနာသုံးမျိုးလုံး"ကို ရှုပွားမှသာ နိဗ္ဗာန်ရခွင့် ရှိသည်ဟု စွဲမှတ်ကြရာသည်။

(၃) စိတ်ကို စိတ်ဟု သိမှတ် ရှုပွားလိုသူတွေအတွက် စိတ္တာနုပဿနာ သတိပဋ္ဌာန်နည်းကို ဟောညွှန်တော်မူသည်။

(၄) အကျဉ်းချုပ် သိမှတ် ရှုပွား လိုသူတွေအတွက် ရုပ်၊ နာမ် ဟု သိမှတ် ရှုပွားရန် ဓမ္မာနုပဿနာ သတိပဋ္ဌာန်နည်းကို ဟောညွှန်တော်မူသည်။

ဤသည် သတိပဋ္ဌာန်ပါဠိတော်ကိုသာ ထောက်ရှု၍ ခွဲခြားခြင်း ဖြစ်သည်။

ဓမ္မာနုပဿနာ

(က) ပထဝီ တေဇော ဝါယော စသည်ဖြင့် သော်လည်းကောင်း၊ ပူအေးလှုပ်တွန်း တိုက်တိုး စသည်ဖြင့်သော်လည်းကောင်း၊ သိမှတ်ရှုပွားလျှင် ကာယာနုပဿနာ ဖြစ်သည်။ ရုပ်ဟု သိမှတ်ရှုပွားမှသာ ဓမ္မာနုပဿနာ ဖြစ်သည်။

(ခ) ဆင်းရဲချမ်းသာ ဥပေက္ခာဟု သိမှတ်ရှုပွားလျှင် ဝေဒနာနုပဿနာဖြစ်သည်။ဝေဒနာကို နာမ်ဟု သိမှတ်ရှုပွားမှသာ ဓမ္မာနုပဿနာ ဖြစ်သည်။

(ဂ) စိတ်ဟု သိမှတ်ရှုပွားလျှင် စိတ္တာနုပဿနာ ဖြစ်သည်။ စိတ်ကို စိတ်ဟု မမှတ်ဘဲ နာမ်ဟု သိမှတ်ရှုပွားမှသာ ဓမ္မာနုပဿနာဖြစ်သည်။

ဟူ၍ သတိပဋ္ဌာန် နည်းလေးတန်ကို မြတ်ဗုဒ္ဓ၏ ရည်ညွှန်းတော်မူချက်နှင့်ညီအောင် ပြတ်ပြတ်သားသား ခွဲခြားသိမှတ်ကြရာသည်။

ပဋိပတ်၏ အခြေခံရင်းမြစ်ပိဋကတ်အသိဉာဏ် ဤလောက်မျှ မရှိလျှင် ကာယ၊ဝေဒနာ၊ စိတ္တာတို့

သည် ဧမ္မာနုပဿနာတွင် ပါဝင်ကြသည်ဟူ၍ လည်းကောင်း၊ သတိပဋ္ဌာန်လေးပါးလုံး ရှုပွားရမည်ဟူ၍ လည်းကောင်း ယောင်ချာချာအပြောကို ဟုတ်မှန်သည်ဟု ယုံကြည်မှုလွဲ အလုပ်ချော်ကာ ကောင်းကျိုးများ ဆုတ်ယုတ်ပျက်ပြားသည်။

ယင်းသို့စသည် အလွဲအချော် အဓမ္မဝါဒတွေ မဖြစ်ပေါ်အောင်၊ ပျောက်ကင်းအောင် စောင့်ကြပ်ကွပ်ကဲနိုင်ရန် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို ဖွဲ့စည်းကြကာ မြတ်ဗုဒ္ဓက ပေးအပ်ထားသည့် တာဝန်ကို အသိုးသီးထမ်း ဆောင်နေကြသည်။ မြန်မာနိုင်ငံရှိ သံဃာတော်အားလုံးတို့က အဘည်ပြု ပြဋ္ဌာန်း ထားသည့် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်းစာအုပ်တွင် သံဃာ့အဖွဲ့အစည်း ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်တို့ကို ဖော်ပြထားကြသည်။

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၂)မှ ကောက်နုတ်ချက်များ။

၁၂။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များ။

(က) သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရန် ဖြစ်သည်။

(ခ) သံဃာတော်များ ဝိနည်းတော်နှင့် အညီကျင့်ကြံ သီတင်းသုံး နေထိုင်ရေးအတွက် သံဃာအချင်းချင်း ကြီးကြပ်ထိန်းသိမ်းနိုင်ရန် ဖြစ်သည်။

(ဂ) ပရိယတ္တိသာသနာတော် တိုးတက်စည်ပင်ပြန့်ပွားစေရန်နှင့် ပိဋကတ်တော်နှင့် မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသပြုလုပ်ခြင်းများကိုတားဆီးကာကွယ်ရန် ဖြစ်သည်။

(ဃ) ပရိယတ္တိနှင့် လျော်ညီသော ပဋိပတ္တိသာသနာတော်ကို တိုးတက်စည်ပင် ပြန့်ပွားစေရန် ဖြစ်သည်။

(င) သံဃာတော်များ ဂန္ဆဓုရနှင့်ဝိပဿနာဓုရနှစ်ပါးလုံးကိုသော်လည်းကောင်း တစ်ပါးပါးကိုသော် လည်းကောင်း ဆောင်ရွက်ကြစေရန် ဖြစ်သည်။

(စ) သံဃာတော်များသည် ဓုရနှစ်ပါးကိုအေးချမ်းသာယာစွာ ထမ်းဆောင်တော်မူခွင့်ရသဖြင့် ပဋိဇဝဓသာသနာတော်ကို ရရှိခံစားနိုင်ကြစေရန် ဖြစ်သည်။

(ဆ) သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်ရာ၌ သံဃာဂိုဏ်းများသည် ကြီးသည်ငယ်သည်မဟူ စည်းလုံးညီညွတ်မှုကိုရှေးရှု၍ ဆောင်ရွက်ကြရန် ဖြစ်သည်။

အာဇာဝရုင်အဖွဲ့အစည်း မဟုတ်

ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နှင့် သံဃာတော်အားလုံး၌ မြတ်ဗုဒ္ဓပေးအပ်တော်မူခဲ့သည့် လုပ်ငန်းနှစ်ရပ်ကို သတိမလပ် ထမ်းဆောင်ရန် တာဝန်ရှိသည်။ မြန်မာနိုင်ငံရှိ သံဃာတော်များက အတည်ပြုပြဋ္ဌာန်းထားသောသံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများဖြင့် ဘောင်ခတ် သတ်မှတ်ပေးအပ်ထားသော လုပ်ပိုင်ခွင့် ရှိသည်။ အာဇာဝရုင် အဖွဲ့အစည်း အဆင့်ဆင့် မဟုတ်ပါချေဟူ၍ စွဲမှတ်ကြရာသည်။

ဦးကုမာရ
(ဆရာတော် ဦးကုမာရာဘိဝံသ)
နိုင်ငံတော် သံဃမဟာနာယက၊
ရွှေ-ပရိယတ္တိစာသင်တိုက်၊ ပန်းဘဲတန်း
မော်လမြိုင်မြို့။

ဗဟုသုတ ရဟန်းတော်များ ကွယ်ပမသွားဒေါင်

အဋ္ဌကထာ ဆရာကြီးများက ကျွန်ုပ်တို့ ဘုရားမြတ်ကို

"နမော မဟာကာရုဏိကဿ တဿ"

ကရုဏာဂုဏ်တော်ဖြင့် ခွီးကျူးဖော်ပြ ပူဇော်ကြပါသည်။

ဋီကာဆရာကြီးများကလည်း ဘုရားမြတ် ၏ ကရုဏာ ဟာ သူတစ်ပါးတို့နှင့်မဆက်ဆံ၊ သူတစ်ပါးတို့မှာ လုံးဝမရှိသော ကရုဏာ ဖြစ်ကြောင်း ဖွင့်ပြကြပေသည်။

ယင်းသို့ သူစာစ်ပါးတို့နှင့်မဆက်ဆံ၊ သူတစ်ပါးတို့မှာ လုံးဝမရှိသည့် အလွန် မြင့်မြတ်ကြီးကျယ်သော ကရုဏာ တော် ရှိ တော်မူ သည့်အတွက် ဘုရားမြတ်ဘစ်ပါးတည်းကိုသာ "မဟာကာရုဏိက" ဟူသော ဂုဏ် ပုဒ် ဖြင့် ခွီးကျူးဂုဏ်ပြု ပူဇော်ကြပေသည်။

သုမေဓာရှင်ရသေ့ဘဝက မဟာကရုဏာဓာတ်

လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းထက်က သံသရာ ဒုက္ခသည်များအပေါ် လွန်စွာသနားကြင်နာသော မဟာကရုဏာ တော် မြတ် တိုက်တွန်းနှိုးဆော်အပ်ရကား လက် ဘော် သို့ ရောက် ပြီးသော သန္တိသုခဓာတ် နိဗ္ဗာန် ချမ်းသာမြတ်ကို ယူတော်မမူ၊ စွန့်လွှတ်တော်မူ၍ သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်အောင် ကျင့်ဆောင်အံ့ဟု လွန်ကဲထက်မြက်သော ယုံကြည်ချက် ရှိ တော် မူ သည့် အတွက် သုမေဓာရှင်ရသေ့ အဖြစ်ဖြင့် ဒီပင်္ကရာမြတ်စွာဘုရားထံမှ နိယတ ဗျာဒိတ်ပန်းကို လက်လှမ်း ခံယူတော်မူစဉ် ဒီပင်္ကရာမြတ်စွာဘုရားသည် သုဓမ္မာရသေ့မြတ်ကို ပန်းရှစ်ဆုပ်တို့ဖြင့် ခွီးမွမ်းကော်ရော် ပူဇော်တော်မူလျက် လက်ယာရစ်လှည့်လည်ကာ ဖဲကြွတော်မူသည်။ နောက် တော် ပါ ရဟန္တာချည်း ဖြစ်တော်မူကြသည့် အရိယာသံဃာတော်လေးသိန်းတို့ကလည်း ပန်း နှံ့ သာ တို့ ဖြင့် ခွီးကျူးဂုဏ်ပြော်ကြားကော်ရော် ပူဇော်လျက် လက်ယာရစ်လှည့်လည်ကာ ဖဲကြွတော်မူကြလေသည်။ ဒီပင်္ကရာဘုရာ မြတ်စွာနှင့် ရဟန္တာအရှင်မြတ်များ၏ ခွီးကျူးဂုဏ်ပြု ပူဇော်မှုကို ဉာဏ်ဖြင့် သက်ဝင်ဆင်ခြင်ကြည့်သူတို့အား ကျွန်ုပ်တို့မြတ်စွာဘုရား(သုမေဓာ ရသေ့)၏ မဟာကရုဏာဓာတ်ကြီးကျယ်မြင့်မြတ်ကြောင်း ပေါ်လွင်ထင်ရှား ပေလိမ့်မည်။(ဇာတ်ဋ္ဌ၀ဏ္ဏနာ၊ ၁-၃၁၀-၁-။ ဇာတ်ဋ္ဌ၀ဏ္ဏနာ၊ ၁-၁၁၉။ အပ၊ ၁-၁။၂၁။ဇာ၊ ၁-၁။၂၀) ၁ ချက်။

အချက်နှစ်ရပ်

ထို့ပြင် ပရိနိဗ္ဗာန်စံတော်မူရာ ညောင်စောင်းထက်တွင် လျောင်းစက်နေတော်မူစဉ် ယခုဘဝ၌ပင် ရဟန္တာ ဖြစ်ဆိုက်သော သုဘဒ္ဒပရိဗိုဇ်က လောကမမှ နှစ်ဝရေးရာ လိမ္မာကျွမ်းကျင် ရှင်အာနန္ဒာအား သူ့အား ယုံမှားခြင်းတရား ဖြစ်ပွားနေသဖြင့် ဆိုယုံမှားခြင်းတရား ကင်းပျောက်သွားရန်အတွက် သူရားရှင်အား ဖူးမြော်ခွင့်ပြုပါရန် လျှောက်ထားတောင်းပန်ရာ ရှင်အာနန္ဒာ၏ တားမြစ်စကား ဘုရားသခင်ညု ကြားတော်မူလေရာ သုဘဒ္ဒပရိဗိုဇ်အား ငါဘုရားအား ဖူးမြော်ခွင့်ပြုရန် ရှင်အာနန္ဒာအား မိန့်ကြားတော်မူပြီး နောက် မိမိ၏ ပင်ပန်းနွမ်းနယ် ဆင်းရဲမှုကို မရှုမငဲ့ ကရုဏာတရားရှေ့ထားကာ တရားစကား ဟောကြားခွီးမြှောက်တော်မူသဖြင့်သုဘဒ္ဒပရိဗိုဇ် ရဟန္တာအဖြစ်သို့ ရောက်လေသည်။

ဤဖော်ပြချက်ကို ဉာဏ်ဖြင့်သက်ဝင် ဆင်ခြင်ကြသောသူတို့အားလည်း ဘုရားမြတ်၏ ကရုဏာဂုဏ်တော်မြတ်ကို ကြည်ညိုဦးချ ပူဇော်မှုပြုကြပေလိမ့်မည်။ (ဒီ၊ ၂။၁၂၂-၃။ဒီ၊ဋ္ဌ၊ ၂။၁၇၉-၈၀။) ၁ ချက်။

အချက် နှစ်ရပ်

ထို့ပြင် ပရိနိဗ္ဗာန်စံတော်မူရာ ညောင်စောင်းထက်တွင် လျောင်းစက် နေတော်မူစဉ် ဘုရားသခင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် လူနတ်ဗြဟ္မာသတ္တဝါတို့ အထူးအလဲ စိုးရိမ်သောက စိတ်ဆင်းရဲကြမှာကို မြင်တော်မူသဖြင့် ထိုသူများအား သင်္ဃာရာ ရစိမ့်သောငှာ-

"ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ။"

ဟူသော စိုးရိမ်သောက ကင်းပျောက်ရေး တရားဆေးကို တိုက်ကျွေးတော်မူပေသည်။

"လောကဓံမှ နှစ်ဌာနတွင် ကျွမ်းကျင်လိမ္မာ အာနန္ဒာ။ ငါဘုရားဟောကြားတော်မူအပ်သော၊ ပညတ်တော်မူအပ်သော သုတ္တန်၊ အဘိဓမ္မာဟရားနှင့် ဝိနည်းတရားတော် (ပိဋကတ် သုံးသွယ်၊ နိကာယ်ပဉ္စာ၊ အင်္ဂါကိုးဖြာ၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်)သည် ငါဘုရားပရိနိဗ္ဗာန်ဝင်စံကွယ်လွန်တော်မူသောအခါ သင်တို့ဆရာ (ဘုရား) ဖြစ်ပေလိမ့်မည်"။ (ဒီ၊ ၂။ ၁၂၆-၇။ ဒီ၊ ဋ္ဌ၊ ၂။ ၁၇၂-၃) ၁ ချက်။

အထက်ပါ စကားသည် တိုက်ရိုက် ဖြောင့်ဖြောင့် ပြောသောစကားမျိုး မဟုတ်။ သွယ်ဝိုက်၍ ဥပစာအားဖြင့် ပြောသောစကားမျိုး ဖြစ်သည်။ ကျောက်ပြားပေါ်၌ ရေးထုထားသော ဓမ္မက္ခန္ဓာ စသည်များက ဆုံးမကံမြစ်ကြလိမ့်မည် မဟုတ်။

ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်တို့ကို အနက်သဒ္ဒါအားဖြင့် လိမ္မာ ကျွမ်းကျင်အောင် သင်ယူထားသည့် ဗဟုသုတ ရဟန်းတော်များက မြတ်ဘုရား ပရိနိဗ္ဗာန် ဝင်စံကွယ်လွန်ပြီးနောက် ဆုံးမကံမြစ်ကြပေလိမ့်မည်။ "ဝိနည်းနှင့်ပတ်သက်သော ကိစ္စအဝဝကိုလည်းကောင်း၊ သုတ္တန်နှင့် ပတ်သက်သော ကိစ္စအဝဝကို လည်းကောင်း၊ အဘိဓမ္မာနှင့်ပတ်သက်သော ကိစ္စအဝဝကိုလည်း ကောင်း ဖြေရှင်းဆုံးဖြတ်ပေးလိမ့်မည်" ဟု ဆိုလိုပေသည်။

ဖော်ပြအပ်ပြီးသော ဗဟုသုတဂုဏ်နှင့်ပြည့်စုံသော ရဟန်းတော်သည် ဘုရားအရာ၌ ဘည်ပေ၏။ "ချစ်သား စုန္ဒ။ ဤဗဟုသုဘဂုဏ်နှင့် ပြည့်စုံသော ရဟန်းဘော်သည် သင်တို့တပည့်မဟုတ်ချေ၊ ဗဟုသုဘဂုဏ်နှင့် ပြည့်စုံသော ရဟန်းတော်သည် သင်တို့၏ ဘုရားမည်ပေ၏" ဟု မြတ်ဘုရား ကိုယ်တိုင် ဗဟုသုဘဂုဏ်နှင့်ပြည့်စုံသော ရဟန်းတော်ကို မိမိအရာ၌ ထားတော်မူခဲ့ပေသည်။ (ဒီ၊ ၃။ ၁၀၆-၇။ ဒီ၊ ဋ္ဌ၊ ၃။ ၉၅-၆။ ဒီ၊ ဋ္ဌီ၊ ၃။ ၉၁-၂။ သာရတ္ထ၊ ၂။ ၁၆၇)။

မင်းကွန်း တိပိဋကာ=နိကာယသာသနာပြုအဖွဲ့စသောအသင်းအဖွဲ့များသည် အဆိုပါဗဟုသုတ ရဟန်းတော်ဘုရားများလောကတွင်ကွယ်ပမသွားရအောင်၊ အစဉ်မပြတ် ဖြစ်ပေါ် နေအောင်၊ ပွင့်နေအောင် ပြုလုပ်ပေးနေကြသော အသင်းအဖွဲ့များဖြစ်ကြပေသည်။ ယင်းသို့ ပြုလုပ်ပေးနေကြသဖြင့် ဖြစ်ပေါ်လာကြသော၊ ပွင့်လာကြသော ဗဟုသုတရဟန်းတော်ဘုရားများ ပြုလုပ်သလောက် ကုသိုလ်ကောင်းမှုနှင့် အလားတူညီမျှသော ကုသိုလ်ကောင်းမှုများကိုလည်း မင်းကွန်းတိပိဋကာ=နိကာယ သာသနာပြု အဖွဲ့ စသော အသင်းအဖွဲ့ဝင် ဒါယကာ ဒါယိကာမများ အမှုန်မုချရနိုင်ကြပေသည်။ အဘယ်ကြောင့်နည်းဟူမူ အဆိုပါ ဗဟုသုတရဟန်းတော်ဘုရားများ ဖြစ်ပေါ်လာအောင် ပြုလုပ်(မွေးထုတ်) ပေးနေကြသောကြောင့် ဖြစ်ပေသည်။

ဦးမေဝိယာဘိဝံသ

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏
ထူးထူးခြားခြား
အဓိပ္ပာယ်ဝေါဟာရများ

ညောင်ကန်အေးဆရာတော်
ရေးသားပူဇော်သည်

ပန်းချီမြင့်မောင်ကျော်



ခွင့်ပြုလျှင် ဘုန်းကြီးကျောင်းမြေတွင် ဖိနပ်စီးကောင်းသလော

နေ့ကား ၁၃၃၆-ခု၊ ဘပေါင်းလဆုတ် ၁၀-ရက်၊ စနေနေ့။ အချိန်ကား နံနက် ရနာရီ အချိန်။ ဌာနကား ရန်ကုန်မြို့ မဟာစည် သာသနာ့ ရိပ်သာတွင်းရှိ သာသနာ့ ဒါယကာကြီး ဆာ ဦးသွင် တို့က်အိမ် အောက်ထပ်။

စာရေးသူသည် ''အညာတခွင် တရား ဟောထွက် ခဲ့စဉ်က'' အမည်ရှိ ခရီးသွား မှတ်တမ်းစာအုပ်ကို မင်းကွန်း တိပိဋကဓရ ဆရာတော် ဘုရားကြီးအား ဆက်ကပ် လှူဒါန်းပါသည်။

ဆရာတော် ဘုရားကြီးသည် ရန်ကုန်မြို့ကို တရား ဟောရောက်တိုင်းပင် မိမိ၏ ''တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ တံဆိပ်တော်ပန်း ဆင်မြန်းခံယူရာ အောင်မြေလဲဖြစ်၊ သာသနာ့ ဒါယကာကြီးလဲ ဖြစ်သော မဟာစည် သာသနာ့ရိပ်သာ ဆာ ဦးသွင်၏ အိမ်သို့ ဝင်ရောက် ချီးမြှင့်တော်မူမြဲ ဖြစ်သည်။ ဆာ ဦးသွင် ကွယ်လွန်ပြီးသော်လည်း သမီး ဒေါ်ထားထားအေး အား ဆက်လက် ချီးမြှောက်လို၍ ကြွရောက်တော်မူ ခြင်းဖြစ်သည်။

ထိုသို့ ကြွရောက်လာတော်မူတိုင်းပင် မင်းကွန်း တိပိဋကဓရ ဆရာတော် ဘုရားကြီးသည် သာသနာ့ ဒါယကာကြီး ဆာ ဦးသွင်၏ ကိုးကွယ်ခံ ဒါယကာတူ အမှာညီနောင်အလား သာသနာပြုဖက် နောင်တော်ကြီးဖြစ်သော မဟာစည် ဆရာတော် ဘုရားကြီးအားလည်း ဦးတိုက်၍ သာသနာရေး စကားများကို ပြောကြား ဆွေးနွေးလေ့ ရှိပါသည်။

ထို့ကြောင့်ပင် မဟာစည် ဆရာတော် ဘုရားကြီး ကလည်း တိပိဋကဓရ ဆရာတော် ဘုရားကြီးအား ဝမ်းပန်းတသာ ပျူငှာစွာ ဆီးကြိုတော်မူ၍ သတော ကျ သီတင်းသုံးနိုင်ရန် သီးသန့် အထူးနေရာပေးခြင်း၊ သက်ဆိုင်ရာ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့အား လိုအပ် သလို ပြုစုလုပ်ကျွေးကြရန် ညွှန်ကြားခြင်းတို့ဖြင့်မြတ် နိုးလေးစား တော်မူပါသည်။

ထိုဆရာတော်ကြီး နှစ်ပါးကား ယနေ့ပြည်ထောင်စု မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓသာသနာ ဆဋ္ဌသင်္ဂါယနာ ခေတ်တွင် ဆဋ္ဌသင်္ဂီတိပုစ္ဆက ဆရာတော်, ဆဋ္ဌသင်္ဂီတိ ဝိဿဇ္ဇက ဆရာတော်ကြီးများ အဖြစ် ကမ္ဘာ မဆံ့ ပြန့်နှံ့ ကျော်ကြားတော်မူကြသလို ကမ္ဘာ့ (ပဋိပတ္တိ) သာသနာပြု ဆရာတော်နှင့် နိုင်ငံတော် သံဃမဟာနာယက အကျိုးတော်ဆောင်၊ အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော် ဘုရားကြီး နှစ်ပါးအဖြစ် လည်း သမိုင်းမော်ကွန်း ထူတော်မူကြပါ လေသည်။

စာရေးသူကား မဟာစည် ဆရာတော် ဘုရားကြီး ထံ ပဋိပတ္တိ ဥပနိဿယခံယူ၍ နယ်လှည့် ကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိကအဖြစ် သာသနာ့ တာဝန်ကို ထမ်း ဆောင်ရင်းပင် မိမိအထုံပါရမီ ဝါသနာအရ စာပေ ရေးသားမှုကိုလည်း သွားရင်း ဟန်လွဲဆိုသလို ဆောင် ရွက်လေ့ရှိပါသည်။

မဟာစည်ဆရာတော်ဘုရားကြီး၏ ချီးမြှောက်မှုဖြင့် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော် ဘုရားကြီး၊ ယခုမင်းကွန်း တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘုရားကြီးစသော ဆရာတော်ကြီးများ၏ နှုတ်ထွက် သြဝါဒများကိုလည်း နာယူ မှတ်သား မှတ်တမ်းတင် ခွင့် ရရှိခဲ့ပါသည်။

စာရေးသူ လူဒါန်းသော ''အညာတခွင် တရား ဟောထွက်ခဲ့စဉ်က'' ခရီးသွား မှတ်တမ်းကို ခံယူ တော်မူပြီး မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရား ကြီးက သာမု အနုမောဒနာ ခေါ်တော်မူပါသည်။

ထို့နောက် စာရေးသူက ''လျှောက်ထားခွင့်ပြု ပါဘုရား၊ မအူပင်မြို့က ဒါယကာ တစ်ယောက်က ဘုန်းတော်ကြီး ကျောင်းတွင်း တရား အားထုတ်ပွဲ ကျင်းပရာ ဘာသာယဉ်ကျေးမှု အလေးပြုတဲ့ အနေ ဖြင့် ဖိနပ်မစီးဘဲ ဆောင်ရွက်ရသဖြင့် ဝေယျာဝစ္စ ဆောင်ရွက်သူတစ်ဦး မျက်စိ ကွယ်ရကြောင်း၊ ထို့ ကြောင့် ဘုန်းတော်ကြီးကျောင်းတွင်း ဖိနပ်စီးခွင့်ရှိ မရှိ လျှောက်ထားချက်ကို ဆရာတော် ဘုရားကြီးထံ စာဖြင့်လျှောက်ထားခဲ့တာ ယခုထိ အဖြေစာမရရှိသေး ပါဘုရား''ဟု လျှောက်ထားပါသည်။

ထိုအခါ ဆရာတော် ဘုရားကြီးက ဤသို့ မိန့်ကြား တော်မူပါသည်။

''နှုတ်ဖြင့်ပဲ ဖြေပါရစေ၊ ဖိနပ်စီးခွင့်ပြုတဲ့ နေရာ မှာ သာသနာ့ရိပ်သာတွေဟာ နေမူနာပါပဲ။ မန္တလေး မြို့၊ စိန်ပန်းရပ်၊ ရတနာပုံ သာသနာ့ရိပ်သာ ရေ စက်ချ လူဒါန်းစဉ် ညောင်ရမ်း ဆရာတော် ဘုရား ကြီးက ''သံယေ ဒိန္နံ မဟပ္ဖလံ-သံဃာလှူ အကျိုးများ တယ်၊ သံဃာကိုလှူ'' ဟု မိန့်ကြားရာ သာသနာ့ ဒါယကာကြီး ဆာ ဦးသွင်က သံဃာလှူရင် အကျိုး ကြီးမှန်း သိပါရဲ့ဘုရား။ ဒါပေမယ့် အရှည် တရား ကျင့်ပွား၊ ရေးတွင် ဖိနပ်စီးခွင့် ရဲရင့်အောင် အဖွဲ့ပိုင် ရေစက်ချပေးတော်မူပါ ဘုရား''လို့ လျှောက်ထား သဖြင့် အဖွဲ့ပိုင် ရေစက်ချပေးတော်မူခဲ့တယ်။

''ပြီးတော့ မင်းကွန်းဓမ္မနာဒတိုက်၌ဗန္ဓုလသက်နှံ တိုက်ပိုင်ရှင် ဒကာကြီးက ဓမ္မာရုံ ၈ရပ်ကြီး ဆောက်လှူ ရာ၊ ရဟန်းရှင်လူများ မဆေးသော ခြေ၊ မခြောက် သော ခြေတို့ဖြင့် နင်းခွင့်၊ ခွေးဖြင့် ကိုယ်လက်ထိပါး ခွင့်၊ ဖိနပ်စီး၊ ထီးဆောင်းခွင့်၊ ရေချိုးခွင့်ဖြင့် ရေ စက်ချပေးရန် လျှောက်ထားရာ၊ ရွှေကျင် ပတ္တမြား ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် ရေစက်ချပေး ဖူးတော်မူပါတယ်။

''နောက်ပြီး ဘုန်းကြီးတို့ မင်းကွန်း ဓမ္မနာဒတိုက် မှာ နွေရာသီ အလွန်ပူပြင်းချိန်တွင် သံဃာအား ပန် ကြားပြီး ''ဖိနပ်စီးခွင့်ပြုသည်''လို့ ကျောင်းတိုက် တွင်း သဲပြင်ကြီး၌ ဆိုင်းဘုတ်တိုင်လေးများ ချိတ်ဆွဲ စိုက်ထူထားရတယ်။

''အခြား မိုးဆောင်း ကာလအခါ အကြောင်း အားလျော်စွာ 'ပဒုဋ္ဌစေတနာ'မပါဘဲ ဖိနပ်စီးလာသူ တွေ့လျှင်လဲ သံဃာများအား မငြိုငြင်ကြရန် ခွင့် ပန်ပြီးခွင့်ပြုထားရတယ်။

''စေတီရင်ပြင်မှတစ်ပါး သံဃာ့အာရာမ် တွင်းမှာ ခွင့်ပြုရင် ဖိနပ်စီးကောင်းပါတယ်။ ဝိနည်းရှိသော် ကုက္ကုစ္စဖြစ်သည် ဆိုသော်လည်း ကိုယ်ပင်ပန်း ဆင်းရဲ အောင် အလွန် ကုက္ကုစ္စမဖြစ်သင့်ပါဘူး၊ ကုက္ကုစ္စလွန် က ကုက္ကုစ္စကြောင့်ပင် အာပတ်သင့်ပါသေးတယ်။''

ဤကား မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘုရားကြီး၏ ဘုန်းတော်ကြီး ကျောင်း အတွင်း လူများ ဖိနပ်စီးအပ်၊ မစီးအပ် အဆုံးအဖြတ် အမိန့်စကားတော်ပါပေတည်း။

ဗုဒ္ဓဘာသာရယ်၊ ကွန်မြူနစ်ရယ်၊
ခရစ်ယာန်ရယ်

နေ့ကား ၁၃၃၀-ခု၊ ဝါဆိုလဆုတ် ၃-ရက်၊ သောကြာနေ့။ အချိန်ကား နံနက် ၉ နာရီ ၃၀ မိနစ်။ နေရာကား မန္တလေး အနောက် ဘက် ကမ်း မင်းကွန်းတောင်ရိုး၊ ဓမ္မနာဒကျောင်းတိုက်၊ မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘုရားကြီး၏ စံကျောင်းတော် အောက်ထပ်။

စာရေးသူသည် မန္တလေးမြို့ စိန်ပန်းရပ်၊ ရတနာ ပုံသာသနာ့ ရိပ်သာ၌ ကျေးဇူးရှင် မဟာစည် ဆရာ တော် ဘုရားကြီး၏ ချီးမြှောက်မှုဖြင့် နာယက ကမ္မ-ဋ္ဌာနာစရိယ ဆရာတော် အရှင်သုဇာတမထေရ်၏ ဥပ-ထမ္ဘက၊ ကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိကအဖြစ် ဆောင် ရွက်လျက် ရှိသည်။

ဆရာတော် ဦးသုဇာတ၏ တာဝန်ပေးချက်အရ ထိုနေ့ ဝါတွင်းသီတင်းနေများတွင် ရတနာပုံရိပ်သာ၌ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးအား တရားဟောကြားနိုင်မည့် ရက်ကို လျှောက်ထားရပါ သည်။

ခရစ်ယာန်ဘာသာဝင်များဟာလဲ ဗုဒ္ဓဘာသာဝင်များနှင့် ဆက်ဆံရေးတွင် လိုက်လျောညီထွေ ပြေပြစ်တာတွေက များတယ်။

"ဘေးက မပြောတာထက် သွေးက ပြောတာ မှန်တယ် ဆိုတာလို ဖြစ်နေတယ် ထင်တယ်။ သဘောထားကြီးစွာနဲ့ သူ့ဘာသာ ကိုယ်လေ့လာ၊ ကိုယ့်ဘာသာ သူလေ့လာကြရင်းက ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာကြတာတွေလဲ ရှိတယ်။ ဘုန်းကြီးတော့ ခရစ်ယာန်ဘာသာဝင်ကို တွေ့ရင် ညီအစ်ကို မောင်နှမငဲ့ပဲ ခင်မင်တယ်။

"ဘိကွဲ့ အရိယဓမ္မရေးသားတဲ့ ဗုဒ္ဓဝါဒပြဿနာများ" စာအုပ်ဘွင် ပါရှိတဲ့ မေးခွန်းအမှတ် ၁၂-ရဲ့ အဖြေကို ဖတ်ရတော့ ပိုပြီး စိတ်ဝင် စားမိတယ်။ ဘာသာဝင် အချင်းချင်း အချိန်ကာလတွေ ကြာညောင်း၊ နေရာဒေသတွေ ဝေးကွာနေကြလို့သာ ခပ်စိမ်းစိမ်း ဖြစ်နေကြပေမယ်လို့ သမုဒ်းဖြစ်ရပ် အတ္ထုပ္ပတ်တွေကို တွေ့ရတော့ ယခင်က ခရစ်တော်ဟာ တပ်ဗက်က ဗုဒ္ဓသာဝကရဟန်းတစ်ပါးထံ တပည့်ခံနည်းယူခဲ့တယ် ဆိုတာလဲ သိရော ရင်းနှီး ကျွမ်းဝင်ခင်မင်သွားကြတော့တာပဲ။

"ဇယဒိသ ဇာတ်တော်တွင် ဘီလူးမ ဆောင်ယူသွားပြီး တောတွင်းကြီးပြင်းလို့ လူသားစားသော လူဘီလူး (ပေါရိသာဒ) ဖြစ်နေသူဟာ တူတော်မောင် အလီနသတ္တုမင်းသား၏ ပညာအစွမ်း၊ ဒိဗ္ဗစက္ခုရဿေ၏ ဉာဏ်စွမ်းဖြင့် အစ်ကိုတော် ဇယဒိသမင်းနှင့် တွေ့ဆုံဇာတ်ပေါင်းမိသောအခါ လူဘီလူးဘဝမှ ကျွတ်တမ်းဝင်ကာ ရဿေ ရဟန်းပင် ပြုသွားခဲ့ဖူးပါတယ်။

"ထိုနည်း အတူပင် ခရစ်ယာန် အချို့လဲ ဗုဒ္ဓဘာသာဝင်များနှင့် ကျွမ်းဝင် ရင်းနှီးပြီး မူရင်း ဗုဒ္ဓဘာသာကို လေ့လာမိတော့ ဗုဒ္ဓဘာသာဝင် ရဟန်းပင် ပြုသွားကြတာလဲ ရှိတယ်။"

ဤကား ဆရာတော် ဘုရားကြီး၏ ထူးထူးခြားခြား အမိန့်စကားများပေတည်း။

ဘုရင့်ဂုဏ်က

ညောင်ကန်အေးဆရာတော်

တရားပွဲရက် အချိန်းအချက်ကိစ္စ ပြီးသောအခါ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးက စာရေးသူနှင့် နောက်ပါယောဂီ ၂၀ ခန့်တို့အား သာသနာပြုတရားစကားများကို ဤသို့ မိန့်တော်မူ ပါသည်။

"ကွန်မြူနစ်ကို ချစ်ခင်ချင်တယ်"

"ဗုဒ္ဓသာသနာပြု လုပ်ငန်းတွင် တချို့က ကွန်မြူနစ်ကို ဗုဒ္ဓဘာသာရဲ့ ရန်သူလို သဘောထားပြီး မုန်းတီးချင်ကြတယ်။ ဘုန်းကြီးကတော့ မမုန်းတဲ့အပြင် ချစ်ပင် ချစ်ခင် ချင်ပါသေးတယ်။ ဘာကြောင့်လဲဆိုရင် ဒီဃနခသုတ်နှင့်အဖွင့်၌သဿတဒိဋ္ဌိလက်ယာသမားနှင့် ဥစ္ဆေဒဒိဋ္ဌိ လက်ဝဲသမားများတွင် ဥစ္ဆေဒဒိဋ္ဌိ လက်ဝဲသမားဟာ မဇ္ဈိမပဋိပဒါအလယ်လမ်းစဉ်ကို ရောက်လာတဲ့အခါ သဘောကျသိမြင် လွယ်တယ်လို့ တွေ့ရလို့ ကွန်မြူနစ်ကို ချစ်ခင်ချင်တယ် ပြောတာပါ။"

ဤကား ဆရာတော် ဘုရားကြီး၏ အမိန့်စကားတည်း။ စာရေးသူတို့ ရိပ်သာများတွင် တရားဝင်ကြသူ လူချမ်းသာများနှင့် လူဆင်းရဲ များတွင်လဲ လူဆင်းရဲများက မြန်စွာ တရား ရလွယ်ကြတာ တွေ့ရတယ်။သဿတဒိဋ္ဌိမျိုး လူချမ်းသာများသည် ကိုယ့်ကိုယ်ကို ညှာပြီး အဆင်းရဲ မခံနိုင်ကြ၍ တရားရ နောက်ကျကြပုံရသည်။ ထို့နောက် ဆရာတော်ကြီးက ဤသို့ ဆက်လက် မိန့်ပါသည်၊

ခရစ်ယာန်ကို ညီအစ်ကို မောင်နှမလို ခင်တယ်

"ဘုန်းကြီးကတော့ အနုမတဂ္ဂသုတ္တန်အရ သံသရာခရီးသွား လောကသားချင်းဟာ ဆွေမျိုးမတော်ဖူးတဲ့သူ မရှိကြဘူး၊ အားလုံး ဆွေမျိုးတော်ဖူးသူချည်းပဲ။ ဒီနေ့ ကမ္ဘာမှာထင်ရှားတဲ့ ဘာသာကြီးလေးရပ်တို့တွင် ခရစ်ယာန်ဘာသာ ဟောပြောချက် အချို့ဟာ ဗုဒ္ဓဘုရား ဟောချက်နှင့် ခပ်ဆင်ဆင် တူတာတွေလဲ ရှိတယ်။

ပိဋကတ်၏အဓိပ္ပာယ်အခြေအမြစ်

ဥပမာနိဒါန်းကထာ

သာသနာတော်၏ အခြေအမြစ်ကား ပိဋကတ်၊
ပိဋကတ်၏ အခြေအမြစ်ကား ဗုဒ္ဓ၊
ဗုဒ္ဓ၏ အခြေအမြစ်ကား ဇာတိ ဇရာ မရဏ။

သာသနာတော်၏အခြေအမြစ်

သာသနာတော်သည် 'ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ' ဟူ၍ အဆင့် သုံးဆင့်ရှိသည်။ ထိုတွင် နာယူ, သင်အံ၊ လေ့လာခြင်းသည် ပရိယတ္တိ အဆင့်မည်၏။ ထိုနာယူ, သင်အံ, လေ့လာထာ.သည့်အတိုင်း လက်တွေ့ကျကျ ကျင့်သုံးခြင်းသည် ပဋိပတ္တိ အဆင့်မည်၏။ ထိုပဋိပတ္တိ ကျင့်စဉ်ကြောင့် သစ္စာ ၄-ပါးကို ထိုးထွင်း၍ သိမြင်ခြင်း၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရှိခြင်းသည် ပဋိဝေဓ အဆင့် မည်၏။ ထိုသုံးဆင့်သော သာသနာတို့တွင် ပရိယတ္တိအဆင့်သည် အခြေခံ အကျဆုံးဖြစ်သည်။

ထင်ရှားစေအံ့။ ပဋိဝေဓဆိုက်ရောက် သံသရာဝင်္ဂ ဒုက္ခမှ လွတ်မြောက်ခြင်းကို လိုလားသော အမျိုးကောင်းသားသမီးတို့သည် မိမိတို့၏ အလိုအကြိုက်၊ စရိုက် ဝါသနာနှင့် သင့်လျော်သော ပဋိပတ်ကျင့်စဉ်ကို သုံးနှိုင်ရန် နာယူသင်အံ့, လေ့လာခြင်း ပရိယတ္တိအလုပ်ကို အားထုတ်ကြရလေသည်။ သမ္မာသမ္မဒ္ဓနှင့် ပစ္စေကဗုဒ္ဓတို့မှ တစ်ပါး မည်သူ တစ်ဦး တစ်ယောက်မှ နာယူသင်အံ့, လေ့လာခြင်း ပရိယတ္တိအလုပ်နှင့် ကင်း၍ မိမိနှင့် အံဝင်ခွင်ကျ ကျင့်စဉ် လမ်းမှန် ပဋိပတ်အဆင့်သို့ မရောက်နိုင်ပေ။

ဤဘုရား သာသနာတော်၌ ဉာဏ်ပညာ အကြီးကျယ်ဆုံးဖြစ်တော်မူသည့် အရှင်သာရိပုတ္တရာလျာ ဥပတိဿသည်ပင် အရှင်အဿဇိထံမှ....

''ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။'' နာကြား သင်ယူရလေ၏။

အကြင်တရားတို့သည် အကြောင်းလျင် အမွန်အစ ရှိကုန်၏။ ထိုတရားတို့၏ အကြောင်းတရား အမြွက်ကို နာယူသည့် ပရိယတ် အလုပ်ကို အားထုတ် မိပါမှ ဝိပဿနာ ဉာဏ်စဉ်ဆယ်ပါး ပဋိပတ်တရားတို့ အစဉ်အတိုင်း ဖြစ်ပွားကာ သစ္စာ ၄-ပါးကို ပထမမဂ်ဉာဏ် အင်အားဖြင့် ထွင်းဖောက် ပဋိဝေဓအဆင့်သို့ ဆိုက်ရောက်ခဲ့ရပေသည်။

ဤသို့လျှင် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဟူသော သုံးဆင့်သော သာသနာတို့တွင် ပရိယတ္တိသည်အခြေခံဖြစ်ကြောင်း ထင်ရှားလေသည်။

ဘုရားရှင်သည် ဝေနေယျသတ္တဝါတို့၏ သန္တာန်၌ သာသနာသုံးရပ် အစဉ်အတိုင်း ဖြစ်ပွားတည်ရှိစေခြင်းငှာ ၄၅-ဝါ ကာလကြာအောင် အမျိုးမျိုးသော အလိုအကြိုက် စရိုက်ဝါသနာ ပါရှိကြသည့် ဝေနေယျ သတ္တဝါတို့၏ နား၌ သက်ဝင်ခြင်းငှာ လျောက်ပတ်သော အမျိုးမျိုးသော နည်းတို့ဖြင့် တန်ဆာဆင်ထားသဖြင့် အလွန်နာချင်ဖွယ်၊ ကြည်ညိုဖွယ် ဆန်းကျယ်နက်နဲလှသည့်....

''ဘိက္ခု ပါတိမောက်၊ ဘိက္ခုနီ ပါတိမောက်၊ ဘိက္ခုဝိဘင်း၊ ဘိက္ခုနီဝိဘင်း၊ ခန္ဓက ၂၂-ပါး၊ ပရိဝါရ ၁၆ ပါးဟူသော ဝိနယပိဋကဓိ

ဗြဟ္မဇာလစသော ၃၄-သုတ်တို့ ပါဝင် စုစည်းထားသော ဒီဃနိကာယ်၊ မူလပရိယာယသုတ်စသော ၁၅၂-သုတ်တို့ပါဝင်စုစည်းထားသော မဇ္ဈိမနိကာယ်၊ သြဃတရဏာသုတ်စသော ၇၇၆-သုတ်တို့ ပါဝင် စုစည်းထားသော သံယုတ္တနိကာယ်၊ စိတ္တပရိယာဒါန သုတ်စသော ၉၅၇-သုတ်တို့ ပါဝင် စုစည်းထားသော အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကပါဋ၊ ဓမ္မပဒ၊ ဥဒါန်း၊ ဣတိဝုတ်၊ သုတ္တနိပါတ်၊ ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ၊ ထေရီဂါထာ၊ ဇာတက၊ နိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ်၊ အပဒါန်၊ ဗုဒ္ဓဝင်၊ စရိယာပိဋကတို့ ပါဝင်စုစည်းထားသော ခုဒ္ဒကနိကာယဟူသော သုတ္တန္တပိဋက။

''ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းတို့ ပါဝင်သော အဘိဓမ္မပိဋကဟူသော ပိဋကတ်သုံးပုံ''တို့ကို ဟောကြားတော်မူခဲ့ပေသည်။

သံသရာဝင်္ဂဆင်းရဲမှ လွတ်မြောက်လိုသော အမျိုးကောင်း သားသမီးတို့သည် ထိုပိဋကတ်သုံးပုံ တရားစုံမှ မိမိ၏ အလိုအကြိုက် စရိုက်ဝါသနာနှင့် သင့်လျော်မည့် တရား ဒေသနာတို့ကို နာယူ, သင်အံ့, လေ့လာကာ လက်တွေ့ကျကျ ကျင့်သုံးခြင်းဖြင့် သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ တို့ကို ပြည့်စုံစေကာ ပဋိဝေဓအဆင့်သို့ ဆိုက်ရောက် ကြရပေလိမ့်မည်။

ဤသို့လျှင် ဗုဒ္ဓပါဝစန ဂိဠကတ်တော်သည် ပဋိပတ္တိသာသနာ၊ ပဋိဝေဓ သာသနာ တို့၏ အခြေခံဖြစ်သည့် ပရိယတ္တိသာသနာ၏ အမြစ်ပမာ ဖြစ်ပြန်ကာ သာသနာတော်သုံးရပ်လုံး၏ အခြေအမြစ်အဖြစ် တည်ရှိနေတော့၏။

မှန်၏။ အကယ်၍သာ ပိဋကတ်မရှိလျှင် နာယူ, သင်အံ့, လေ့လာမှု ပရိယတ္တိမရှိနိုင်။ ပရိယတ္တိမရှိလျှင် လက်တွေ့ကျကျ ကျင့်သုံးမှု ပဋိပတ္တိမရှိနိုင်၊ ပဋိပတ္တိမရှိပြန်လျှင်လည်း မိမိသန္တာန်၌ ပဋိဝေဓသာသနာ ပွင့်လင်းရန် မဖြစ်နိုင်တော့ပေ။ ထို့ကြောင့် ''သာသနာတော်၏ အခြေအမြစ်ကား ပိဋကတ်''ဟု ဆိုရခြင်း ဖြစ်ပေသည်။

ပိဋကတ်၏ အခြေအမြစ်

ဓမ္မဝိနယခေါ်သော ပိဋကတ်သုံးပုံသည် ဘုရားရှင်တို့ ပွင့်ပေါ်ရာ သာသနာတွင်းအခါ၌လည်းကောင်း၊

ဘုရားရှင်တို့ မပွင့်ပေါ်ရာ သာသနာပအခါဦးလည်း၊ ကောင်း အမြဲရှိနေသည်သာဖြစ်သည်။

မိုးတိမ်တို့၏အကြားဦး လှည့်ပယ်သည် ရသော လ ရထား၊သည် မိုးတိမ်ကင်းခိုက် ပွင့်လင်း ထွန်းပခွင့်ကို ရ၍ မိုးတိမ်တို့၏ ဖုံးအုပ်ကာကွယ်မှုကို ခံရသည့်အခါ ပွင့်လင်း ထွန်းပခွင့်ကို မရ၊ တိမ်မြုပ်ပျောက်ကွယ်၍ နေရသကဲ့သို့ ဘုရားရှင်တို့ ပွင့်ပေါ်ရာ သာသနာတွင်းအခါဦး ပွင့်လင်းထွန်းပခွင့်ရကြ၍ သာသနာပအခါဦး ပွင့်လင်း ထွန်းပခွင့်ကို မရ၊ တိမ်မြုပ် ပျောက်ကွယ်၍နေကြရခြင်းသာထူးသည်။

သူတော်ကောင်းတရားတည်းဟူသော ဓမ္မဝိနယခေါ် သာသနာတော်၏ ဘည်တံ့ခြင်း၊ မမေ့မပျောက်ခြင်း၊ မကွယ်ပခြင်းအကြောင်းတို့ကို အဂုံတွရပါဠိတော်၊ ကေနိပါတ်၊ ဒုတိယပမာဒသုတ်၌ ဟောတော်မူထားပေသည်။ ယင်းတို့ကား-

၁။ မမေ့မလျော့ခြင်း အပွမာဒ၊
၂။ ဝီရိယစိုက်ထုတ်ခြင်း ဝီရိယာရမ္ဘ၊
၃။ အလိုနည်းသူ၏အဖြစ် အပ္ပိစ္ဆတာ၊
၄။ ရောင့်ရဲကျေနပ်မှုရှိသူ၏ အဖြစ် သန္တုဋ္ဌိတာ၊
၅။ အကြောင်းမှန် အတိုင်း နှလုံး သွင်းခြင်း ယောနိသော မနသိကာရ၊
၆။ ကောင်းစွာခွဲခြားသိမြင်သူ၏အဖြစ် သမ္မဇ်ည၊
၇။ မိတ်ဆွေကောင်း ရှိသူ၏ အဖြစ် ကလျာဏ မိတ္တတာ၊
၈။ အကုသိုလ် တရားတို့ကို အာ၊းမထုတ်ခြင်း အနနုယောဂါကုသလဓမ္မတို့ ဖြစ်လေသည်။

ဆိုခဲ့ပြီးသော အပ္ပမာဒ စသောတရားတို့နှင့် ပြည့်စုံသော သူခတော်ကောင်း ရဟန်းသာမဏေ ဥပါသကာ ဥပါသကီတို့က ဓမ္မဝိနယခေါ်သော ပိဋကတ်သုံးပုံ ပြန်လည်တိမ်မြုပ် ပျောက်ကွယ် မသွား၊ရအောင် စောင့်ရှောက်နိုင်ကြသည်ဟု ဆိုလိုပေသည်။ သို့သော် ထိုအပ္ပမာဒစသောတရားတို့သည် ပွင့်လင်း ထွန်းပပြီး ပိဋကတ်တို့၏ တည်တံ့ခြင်း အကြောင်းတို့သာဖြစ်၍ စတင် ပွင့်လင်း ထွန်းပခြင်း၏ အကြောင်းတို့ကား မဟုတ်ကြပေ။

ဓမ္မဝိနယခေါ် ပိဋကတ်သုံးဖြာ သာသနာတော်၏ သူတော်ကောင်းတို့သန္တာန်၌ စတင် ပွင့်လင်း ထွန်းပခြင်း၏ အကြောင်းရင်း အခြေအမြစ်ကား ဗုဒ္ဓတည်း။ လောကဌ် ဗုဒ္ဓသာ ပွင့်တော်မမူလျှင် ရှိနေပါလျက် နာယူ, လေ့ကျက်, ဆောင်ရွက်ခြင်းမပြု၊ လက်တွေ့ကျင့်သုံးမှုမပြုဘဲ ပြဿပယ်ဓမ္မလျော့ခြင်းခံနေရသဖြင့် တိမ်မြုပ် ပျောက်ကွယ်နေကြရသည့် ဓမ္မဝိနယခေါ် သုံးဖြာသော ပိဋကတ်တို့သည် ပြန်လည် ပွင့်လင်း ထွန်းပခွင့်ရရန်အခကြောင်းမရှိပေ။ ဗုဒ္ဓပွင့်တော်မူလာခြင်းကြောင့်သာ ပြန်လည်ပွင့်လင်း ထွန်းပခွင့်ရခဲ့ကြပေသည်။

မှန်၏။ ဗုဒ္ဓပွင့်တော်မူသောအခါ ဗုဒ္ဓက ပြန်လည် ထုတ်ဖော် ဟောကြားတော်မူလိုက်ပါမှ ရှိနေပြီး ဓမ္မစက္ကပဝတ္တန စသော ဓမ္မဝိနယခေါ် ပိဋကတ်တော်တို့၊ အပ္ပမာဒစသော တရားတို့နှင့်ပြည့်စုံသည့် အရှင်ကောဏ္ဍည စသော သူတော်ကောင်းတို့ သန္တာန်၌ ပြန်လည်ပွင့်လင်း ထွန်းပခွင့် ရခဲ့ကြရပေသည်။

ထို့ကြောင့် ''ပိဋကတ်၏ အခြေအမြစ်ကား ဗုဒ္ဓ'' ဟူ၍ ဆိုအပ်ပေတော့သည်။

ဗုဒ္ဓ၏အခြေအမြစ်

လောကကြီး၌ ပဋိသန္ဓေနေရသည့်ဘေး အချိန်တိုင်း အနှိပ်စက်ခံနေရ၏။ အိုရသည့်ဘေး အချိန်တိုင်း အနှိပ်စက် ခံနေရ၏။ သေရသည့်ဘေး အချိန်တိုင်း အနှိပ်စက် ခံနေရ၏။ လွန်စွာ ငြီးငွေ့စိတ်ပျက်ဖွယ်ကောင်း၏။ အကယ်၍သာ ပဋိသန္ဓေ မနေရ၊ မအိုရ၊ မသေရလျှင် လွန်စွာ ပျော်ရွှင်ဖွယ်ကောင်းပေလိမ့်မည်။ ယခုသော်ကား ထိုဘေးကြီး ၃ ပါးက အမြဲမပြတ် နှိပ်စက်လျက် ရှိချေ၏။ ထို့ကြောင့် အသိဉာဏ် လွတ်မြောက်ရာကို ရှာကြံခဲ့ကြ၏။ လွတ်မြောက်ရေး ကျင့်စဉ်တို့ကို ဖြည့်ကျင့်ခဲ့ကြသဖြင့် လွတ်မြောက်ရာကို မျက်မှောက်ပြုသွားခဲ့ကြသူတို့ မရေမတွက်နိုင်အောင် ရှိခဲ့ပြီ။ ဂန် ၂မြစ်တွင်းရှိ သဲစုနှင့်အမျှ ပွင့်တော်မူကြသည့် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့လည်း ဤဘေးကြီး ၃ ပါးကို မြင်၍ ဘေးလွတ်ရာနိဗ္ဗာန်ကို ကိုယ်တိုင် မျက်မှောက် ပြုနိုင်ရေးအတွက်သာမက ဝေနေယျသတ္တဝါတို့ကိုပါ အပါခေါ်နိုင်ရေးအတွက် ပါရမီဆယ်ပါး အပြားသုံးဆယ်ကို ဖြည့်ကျင့် ခဲ့ကြသဖြင့် သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူခဲ့ကြပြီ။ ဘုရားအဖြစ်သို့ ရောက်တော်မူကြသည့်အခါ၌လည်း တစ်

ကိုယ်တည်း ငြိမ်းအေးချမ်းသာစွာ စံတော်မမူကြဘဲ မူလရည်ရွယ်ရင်း ရှိခဲ့သည့်အတိုင်း ရှိနေပါလျက် တိမ်မြုပ်နေရသည့် သူတော်ကောင်း တရားတို့ကို ပြန်လည်ထုတ်ဖော် ဟောတော်မူခဲ့ကြကုန်၏။

အကယ်၍သာ လောကဌာတိ၊ ဇရာ၊ မရဏ ဘေးကြီး၃ပါး မရှိလျှင် လောကကြီးသည် နိဗ္ဗာနသုခ၏ တည်ရာ နိဗ္ဗာန်ဘုံကြီး ဖြစ်နေပေလိမ့်မည်။ သမ္မာသမ္ဗုဒ္ဓရှင်တော်ဘုရားတို့လည်း ပွင့်ပေါ်ရန်အခြောင်းမရှိတော့။ ဗုဒ္ဓရှင်တော် ဘုရားထို့ ပွင့်တော်မမူကြလျှင်လည်း သူခတော်ကောင်းတရားတို့ ပြန်လည် ထွန်းလင်းတောက်ပခွင့်ကို မရ၊ တိမ်မြုပ်မြဲ တိမ်မြုပ်နေကြရမည်သာ ဖြစ်သည်။ ထိုအကြောင်းကို အဂုတ္တရနိကာယ်၊ ဒသကနိပါတ်၊ တယောဓမ္မသုတ်၌ ဖော်ပြပါအတိုင်း ဟောကြားတော် မူထားပေသည်။

"ရဟန်းတို့။ ပေါကဉ်ဤဆိုလတ်ကုန်သော တရားသုံးမျိုးတို့ မရှိကုန်အံ့၊ ပူဇော် အထူးကို ခံတော်မူထိုက်သော သစ္စာ-၄ပါးကို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသောမြတ်စွာဘုရားသည် လောကဌ ပွင့်တော်မမူရာ။ ဘုရားရှင်တို့သာဟောကြားမြဲဖြစ်သည့် ဓမ္မဝိနယသည်လည်း လောကဌ မထွန်းပရာ။"

အဘယ်တရားသုံးမျိုးတို့နည်း၊ ဇာတိ ဇရာမရဏတို့တည်း။

"ရဟန်းတို့ လောကဌ ဤတရားသုံးမျိုးတို့စင် စစ်ထင်ရှားမရှိကုန်အံ့၊ ပူဇော်အထူးကို ခံတော်မူထိုက်သော၊ သစ္စာ ၄ ပါးကို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသော မြတ်စွာဘုရားသည် လောကဌ ပွင့်တော်မမူရာ။ ဘုရားရှင် တို့သာ ဟောကြားမြဲဖြစ်သည့် ဓမ္မဝိနယ သည်လည်း လောကဌ မထွန်းပရာ။"

"ရဟန်းတို့၊ စင်စစ် ဤတရားသုံးမျိုးတို့သည် လောကဌ ထင်ရှားရှိကုန်၏။ ထို့ကြောင့် ပူဇော်အထူးကို ခံတော်မူထိုက်သော သစ္စာ ၄-ပါးကို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသော မြတ်စွာဘုရားသည် လောကဌ ပွင့်ပေါ် တော်မူရ၏။ ထို့ကြောင့် ဘုရားရှင်တို့သာ ဟောကြားမြဲဖြစ်သော ဓမ္မ၊ဝိနယသည်လည်း လောကဌ ထွန်းပလဲ့ရတော့၏"

ဤပါဠိတော်ကို ထောက်ထား၍ "ပိဋကတ်၏ အခြေအမြစ်ကား ဗုဒ္ဓ" ဟု ဆိုရသည့်နည်းတူ "ဗုဒ္ဓ၏ အခြေအမြစ်ကား ဇာတိ၊ ဇရာ၊ မရဏာ" ဟုဆိုရပေတော့သည်။

ဤသို့ဖြင့် ဇာတိဇရာ၊ မရဏတို့ကို အခြေခံ၍ ပွင့်ပေါ်တော်မူရသော ဘုရားရှင်၏ ဇာတိ၊ ဇရာ၊ မရဏ ဘေးဒုက္ခတို့မှ လွတ်မြောက်ကြောင်း လမ်းကောင်းကျင့်မှန်ဖြစ်သည့် သဒ္ဓမ္မသုံးဖြာသာသနာတော်ကြီး ပြန်လည်ညှိုးမှိန် ကွယ်ပျောက် မသွားရအောင် သာသနာတော် သုံးရပ်၏ အခြေအမြစ်ဖြစ်သည့် ဓမ္မ၊ဝိနယခေါ် ပိဋကတ်တော်တို့ကို အပွမာဒ စသော တရားတို့နှင့် ပြည့်စုံသည့် ရဟန်း၊သာမဏေ၊ ဥပါသကာ၊ ဥပါသိကာတို့က နှုတ်တက်ရွတ် ကျက်မှတ်ဆောင်ထားခြင်း၊ လက်တွေ့ကျကျ ကျင့်သုံးခြင်း၊ ပိဋကတ်ဆောင်ပုဂ္ဂိုလ်တို့ ပေါ်ထွက်ရေးအတွက် အားထုတ်ခြင်း၊ပိဋကတ်ကျက်မှတ်သင်သူတို့ သင်ယူမှုအဆင်ပြေစေရန် ဆွမ်း၊ သင်္ကန်းစသော လိုအပ်သော ပစ္စည်းတို့ဖြင့်စောင့်ရှောက်ခြင်း စသည်တို့ဖြင့် သာသနာတော်ကို စောင့်ရှောက်ထိန်းသိမ်းရန် လိုအပ်လျက်ရှိကြောင်း ထင်ရှားတော့သတည်း။

ဥးမာနိတသိရီ

၁၃၄၇-ခု၊ ပြာသိုလပြည့်ကျော် ၁၀-ရက်

ကျေးဇူးရှင်တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရုမင်းကွန်းဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တသာရာဘိဝံသ

ပရိတ္တာဏအရှင်ကေသော



ယခု ပစ္စက္ခ ဘုရားမြတ်စွာ သာသနာ၌ အံ့မခန်း အလုပ်လုပ် အံ့မခန်း အောင်မြင်သည့် ဆရာတော်တစ်ပါးကို ပြောပါဆိုလျှင် တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ကျေးဇူးရှင် မင်းကွန်း ဆရာတော် ဘုရားကြီး အရှင်ဝိစိတ္တသာရာဘိဝံသကို ဖြေဆိုရာ၏။

"ကံရင်းမူလ၊ ဝီရိယနှင့်၊ ဉာဏထောက်ကူ၊ ရှိသည့်သူမှ၊ လူလွန်လူလွန်၊ လွှားတံခွန်သို့၊ လူမွန် တစ်ယောက်၊ ဘစ်ခေါ်လောက်အောင်၊ ခါရောက်ချိန်ဆုံး၊ တုံ့နှုန်း၍၊ ရွှေဘုန်းမော် ရမည်ကိုကား" ဟူသည့် မဃဒေဝလက်ာနှင့်အညီ ဆရာတော် အရှင် ဝိစိတ္တသာရာဘိဝံသသည် "ပုဗ္ဗေစ ကတပုညတာ" အဟိုရွေးခါ ဘဝများစွာက ဒါန, သီလ,

သမာဓိ, ပညာ အနုဂါမိက ဥစ္စာရတနာ သုံမြိုး မြှုပ်နှံခဲ့သည့် ပုဂ္ဂိုလ်ထူး ဖြစ်ရာ ဖြစ်တိုင်း လုပ်လုပ်တိုင်းဖြစ် ဆေးစက်ကျရာ အရပ်ထင် အလွန်လျှင် အောင်မြင်သည့် တစ်ခေတ်တစ်ယောက် တစ်ခေါ်လောက်သည့် သာသနာပြု ပုဂ္ဂိုလ်ထူး ဖြစ်တော်မူခဲ့လေသည်။

လင်္ကာ။ ။အရှင်ဝိစိတ္တာသာရ၊ အဘိဝံသကား၊ အဟိရှေးက၊သံသာရက၊ပုညကောင်းမှု၊ဆောင်းစုဆည်းပူး၊ကုသိုလ်ထူးနှင့်၊ ယခု ဆည်းပူး၊ထူးသည့် ဝီရိယ၊ မြတ်ဉာဏ်ကြောင့်၊ကြံသမျှလုပ်၊ လုပ်သမျှ အောင်၊သမိုင်းပြောင်သည်၊ အခေါ်ငှက်ကြီးလှ မိမုိင်းတည်း။

(ခိုင်ဆွန့်ခက်ဖြာချနည်း)

မြန်မာနိုင်ငံသူ နိုင်ငံသားတို့ အံ့သြကြမြင်း

ဆရာတော် အရှင်ဝိစိတ္တာသာရာ ဘိဝံသသည် သာမဏေဘဝယ် ၁၃-နှစ်သားအရွယ်တွင် ဒီမိုင်းဆိုက် စာမျက်နှာ ၃၀၀-ကျော်ရှိ ကစ္စည်းသဒ္ဒါကြီးကျမ်းကို ကရားရေလွှတ် အာဂုံ ပြန်ဆိုတော်မူခဲ့ခြင်း၊သက်တော် ၁၄နှစ်သားအရွယ်တွင် ကရောင်း ဆယ့်ခြောက်ချိုးဆိုက် စာမျက်နှာ-၁၆၀-ကျော်ရှိ အဘိဓမ္မတ္ထ သင်္ဂြိဟ် ကျမ်းကို နှုတ်အာဂုံ ပြန်ဆိုတော်မူခဲ့ခြင်း၊ ၁၅နှစ်သားအရွယ်တွင် ပထမငယ်တန်း စာမေးပွဲကို ဖြေဆိုအောင်မြင်တော်မူခြင်း၊ ၁၆ နှစ်သား အရွယ်တွင် ပ.ဆ.လတ်ဘန်း စာမေးပွဲကို ဖြေဆို အောင်မြင်ဘော် မူခဲ့ခြင်း၊ ၁၂၉၃ ခုနှစ်တွင် အစိုးရပထမကြီးတန်း စာမေးပွဲကို ဖြေဆို အောင်မြင်တော် မူခဲ့ခြင်း၊ ၁၂၉၄ ခုနှစ်တွင် အမျိုးသား ပထမကြီးတန်း စာမေးပွဲကို ဖြေဆို အောင်မြင်တော် မူခဲ့ခြင်း၊ တစ်ဖန် ၁၂၉၅ခုနှစ်တွင် အစိုးရပထမကြီးတန်း စာမေးပွဲကို ခရေပွင့်ဖြင့် အောင်မြင်တော် မူခဲ့ခြင်း၊ ၁၂၉၅ ခုနှစ်မှာပင် မန္တလေးမြို့ ပရိယတ္တိ သာသနဟိတအသင်း စာသင်တန်းစာမေးပွဲ ဖြေဆိုအောင်မြင်တော် မူခဲ့ခြင်း၊ ၁၂၉၆ ခုနှစ် ရဟန်းသိက္ခာ ၃၀ အရံတွင် ပထမကျော်အောင်မြင်တော်မူခြင်း၊ ရဟန်းသိက္ခာ ၃၀၁ ရရှိရာ ၁၂၉၆ ခုနှစ်တွင် မန္တလေးမြို့ ပရိယတ္တိသာသနဟိတ အသင်း စာချတန်း စာမေးပွဲတွင် ပထမဦးဆုံး စံမရှိ ထုံးမရှိ နှစ်ချင်းပေါက် ဖြေဆိုအောင်မြင်တော် မူသဖြင့် ''ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယဝဋ်သကာ'' ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခြင်း၊ ၁၃၀၂ ခုနှစ်တွင် နိုင်ငံတော် အစိုးရတို့ ပထမဆုံးအကြိမ် စတင် ကျင်းပသည့် စာချတန်းစာမေးပွဲတွင် နှစ်ချင်းစွဲ ဂုဏ်ထူးဆောင် ကျမ်းများနှင့်တကွ ကျမ်းရင်း၃ကျမ်းတို့ကို ဖြေဆိုအောင်မြင်တော် မူသဖြင့် ''သာသနဓဇသိရီပဝရ ဓမ္မာစရိယ'' ဘွဲ့ကို အလှူခံ ရရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံသူ နိုင်ငံသား ရဟန်းရှင်လူ အများတို့ အံ့သြခဲ့ကြလေသည်။

လင်္ကာ။ ။သာမဏေဘဝ၊ ငယ်စဉ်ကလျှင်၊စတင် ကြိုးကုတ်၊အားထုတ်သမှု၊ အကြောင်းစုကြောင့်၊အောင်ဆုအပေါင်း၊အောင်ကြောင်း မင်္ဂလာ၊ အဖြာဖြာကို၊ ကောင်းစွာ မသွေ၊ရရှိလေသည်၊ ပရမေ မြတ်စွာ သာသနာတော် တခေတ် ဆန်းပြီ တကား။

(ဇကိဉ်းပြည်းချနည်း)

မြန်မာနိုင်ငံနှင့် ကမ္ဘာအရပ်ရပ် အံ့ဘာသင့်ခြင်း

''ယောက်ျားတကာအားထုတ်ရာသည့် ကြီးစွာလုံ့လ ဝီရိယကား မချကောင်းချေ'' ဟူသည့်နှင့်

အညီ ဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသသည် ဆာဝစဉ် ထက်သန် တက်ကြွသော ဝီရိယဖြင့် သာသနာ့ကိစ္စတို့ကို အားသစ်ကြိုးပမ်းတော် မူခဲ့လေသည်၊

သာသနာ ၅ရာစုလောက်က စ၍ ကွယ်ခဲ့သော တိုင်းဋ္ဌကရဋ္ဌ ပုဂ္ဂိုလ်ကို မိမိကိုယ်တိုင် ဖော်ဆောင်မည် ဟူသော သမ္မာဆန္ဒဖြင့် ပိဋကသုံးပုံကို နှုတ်ငုံဆောင်၍ ပိဋကသုံးပုံ ပါဠိအဖွင့် အဋ္ဌကထာ၊ ဋီကာတို့ကိုပါ ချင်းနင်း ကြည့်ရှုလေ့လာ၍ ၁၃၁၂-ခုနှစ်၊ ၃-ကြိမ်မြောက် တိပိဋကရဋ္ဌကဓရ ရွှေးချယ်ရေး စာမေးပွဲတွင် စာမျက်နှာ ၂၂၆၀-ရှိ ဝိနည်း ၅-ကျမ်း ပါဠိတော်ကြီးကို ဝင်ရောက်နှုတ်လွတ်ပြန် ဖြေဆိုရာတွင် အောင်မြင်တော်မူသည့်ပြင် သဘောရေးဖြေပွဲကိုလည်း ဝင်ရောက်ဖြေဆိုရာ ပါရာဇိကဏ် ၈၉-မှတ်၊ပါစိတ် ၉၉-မှတ်၊ မဟာဝါ ၉၂-မှတ်၊ စူဠဝါ ၉၈-မှတ်၊ ပရိဝါ အမှတ်-၁၀၀ အသီးသီး ရရှိအောင်မြင်ကြောင်းမူသဖြင့် "ဗုဒ္ဓသာသနာနုဂ္ဂဟ ဝိသိဋ္ဌဝိနယဓရမဟာဝိနယကောဝိဒ" ဘွဲ့ တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

တစ်ဖန် ၁၃၁၃-ခုနှစ်၊ ၄-ကြိမ်မြောက် ကျင်းပအပ်သော တိပိဋကဓရ ရွှေးချယ်ပွဲနှင့် ၁၃၁၄ခုနှစ် ၅-ကြိမ်မြောက် ကျင်းပအပ်သော တိပိဋကဓရ ရွှေးချယ်ပွဲ၌ ကျမ်းစာအုပ်ပေါင်း ၁၂-အုပ် စာမျက်နှာ ၄၉၀၀-ရှိ အဘိဓမ္မာ ခုနစ်ကျမ်းကို အထောက်အမလွတ်ကင်းသန့်ရှင်းစွာပြန်ဆိုတော်မူခြင်း၊ သဒ္ဒါဓရသဘောရေးဖြေပွဲ၌ နှစ်စဉ် အောင်မြင်တော်မူခဲ့ရာ ၉၁-ကျော်ရရှိပြီး ဂုဏ်ထူးဖြင့် အောင်မြင်ခြင်းတို့ကြောင့် နိုင်ငံတော်အဖိုးရ လှူဒါန်းသည့် "ဝိသိဋ္ဌ အာဘိဓမ္မိကမဟာအဘိဓမ္မဓဇဝိဒ" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

ထို့ပြင် ၁၃၁၅-ခုနှစ် ၆ - ကြိမ်မြောက် ကျင်းပအပ်သော တိပိဋကရဋ္ဌ ရွှေးချယ်ပွဲ စာမျက်နှာ ၂၃၉-မျက်နှာရှိ သုတ္တန္တပိဋက (ဒီဃနိကာယ်) သုတ် ၃-ကျမ်းကို အထောက်အမလွတ်ကင်း သန့်ရှင်းစွာ ပြန်ဆိုနိုင်ခြင်း၊ သဘောရေးဖြေပွဲ၌လည်း သီလက္ခန် ၉၃-မှတ်၊ မဟာဝါ ၉၇-မှတ်၊ပါထိကဝဂ်)၉၇-မှတ် ရရှိ၍ ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော်မူသည့် အတွက် နိုင်ငံတော် အစိုးရတို့ လှူဒါန်းဆက်ကပ်သည့် "ဝိသိဋ္ဌ ဒီဃဘာဏက မဟာဒီဃနိကာယ-ကောဝိဒ" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

ယင်းသို့ ပိဋကသုံးပုံကို နှုတ်ငုံဆောင် ပြန်ဆိုအောင်မြင်ခြင်း၊ သဘောရေးဖြေပွဲတွင် အလွန်အမင်း ထူးခြားစွာ ဖြေဆို အောင်မြင်ခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရတို့ ဆက်ကပ် လှူဒါန်းသည့် "ဗုဒ္ဓသာသန ဝိသိဋ္ဌ တိပိဋကရေ မဟာတိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်နှင့်ဘဒ္ဒန္တဝိစိတ္တာသာရာဘိဝံသ တိပိဋကရ ဓမ္မဘဏ္ဍာဂါရိက" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

ထိုအခါ မြန်မာ့အသံ ရေဒီယို၊ သတင်းစာ၊ ကမ္ဘာ့အသံရေဒီယို၊သတင်းစာတို့မှ ထုတ်ပြန်ဖော်ပြသဖြင့် တစ်နိုင်ငံလုံး တစ်ကမ္ဘာလုံးသိရှိကြလေရာ မြန်မာ နိုင်ငံနှင့် တကွ ကမ္ဘာ့ နိုင်ငံများကပါ အံ့အားသင့်ကြရကုန်၏။

။ထေရ်မြတ်မဟာ၊ ပိစိတ္တာဂကား၊ သုံးဖြာ ပိဋကတ်၊ ခဲအကတဲကို၊ ပြတ်သားကြည်လင်၊နှုတ်ဝယ်ထင်ခဲ့၊ သတင်ဖြေဝယ်၊ ဖြေဆဲနိုင်စွမ်း၊ အခေါင် လွှမ်းကာ၊ အောင်ပန်းဆင့်ဆင်၊ လွန်ထူးတင့်သဖြင့်၊ မင်းမင့်မြန်မာ၊ လူထွတ်ချာတို့၊ ဝိစိတ္တာသာရာဘိဝံသ၊ တိပိဋက

မဟာဗုဒ္ဓဝင်ကျမ်းကြီးခြောက်တွဲရှစ်အုပ်နှင့် ဆုံးမစာရတုလက်ဝများ ပြုစီရင်တော်မူခြင်း

ဆရာတော် အရှင် ဝိစိတ္တာသာရာဘိဝံသသည် ဆန္ဒ စိတ္တ ဝီရိယ ဝီမံသတို့ စီရရီခြံရံ၍ စာမျက်နှာ ၅၅၁၆-မျက်နှာခန့်ရှိ ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင် ကျမ်းကြီးခြောက်တွဲ၊ ရှစ်အုပ်နှင့် ဆုံးမစာ ရတုလင်္ကာ မြောက်မြားစွာတို့ကိုလည်း ပြုစီရင်တော်မူခဲ့ရာ အမျိုးဘာသာ သာသနာအား လွန်စွာ ကျေးဇူးများလှပါသတည်း။

လင်္ကာ။ ။ဝိစိတ္တာသာရာ၊ထေရိန္ဒာကား၊ ပွန်စွာ လွန်စွ၊ ထူးခြားလှ၏၊ ဗုဒ္ဓသာသနာ၊ ပြုအံ့ငှာဟု၊ ကြံတိဟာသ၊ ဝံသဓိမိုင်း၊ သမိုင်းမေးကာ၊ ပေါ်ထွန်း လာ၏၊ မဟာဗုဒ္ဓဝင်၊ထို့ပြင်တစ်ဖြာ၊ ကထာ ဆုံးမ၊သြဝါဒနှင့်၊ ဘာဗျလင်္ကာ၊ကျမ်း များစွဲကို၊မဟာဥယျာမ၊ဇွဲလုံ့လဖြင့်၊ လိခနမှု၊ ပြုစီရင်သည်၊ လူရှင်အံ့ဖွယ် မဆုံးတည်း။

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု

ဆရာတော်သည် ၁၃၄၀-ပြည့်နှစ်တွင် နိုင်ငံတော် ကောင်စီကလူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အလှူခံရ၍ တစ်ဖန် ၁၃၄၅-ခုနှစ်တွင် နိုင်ငံတော်ကောင်စီကပင် ဆက်ကပ်လှူဒါန်းသည့် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော် မူခဲ့လေသည်။

လင်္ကာ။ ၊အဂ္ဂမဟာ၊ပဏ္ဍိဘာနှင့်၊ တဖြာဥပါဓိ၊ အဘိဓဇာ၊မဟာရဋ္ဌ၊ထူးလှဂုဏ်ဟိတ်၊ ဘွဲ့တံဆိပ်ကို၊ ရဋ္ဌသာရာ၊ ရာဇာဆက်ကပ်၊ ပူဇော်လတ်သည်၊ ထူးမြတ်ထေရအကျော်တည်း။

ခ်ရ၊ ဓမ္မဟလ္လာဂါရိကာ-ဟု၊ လည္ဆာတံဆိပ်၊ ရွှေပေလိပ်ကို၊ ခပ်နှိပ်ကော်ရော်၊ ပူပူဇော်သည်၊ အဟော်ကမ္ဘာ့အံ့ဖွယ်မှန်ပါပေတကား။

(အာသာဝတီချုနည်း)

တစ်ကမ္ဘာလုံးရဟန်းရှင်လူ အုံသြကြရပြန်ခြင်း

ဆရာတော် အရှင်ဝိစိတ္တ သာရာဘိဝံသးယည် ၁၃၁၆-ခုနှစ်မှစ၍ ၁၃၂၃-ခုနှစ် တိုင်အောင် ပြုလုပ်ကျင်းပသည့် ပါဠိတော်,အဋ္ဌကထာ,ဋီကာ ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မ သဘင်ကြီး၌ အဂ္ဂမဟာပဏ္ဍိတ-မဟာစည် ဆရာတော်ဘုရားကြီး အရှင် သောဘန မဟာထေရ်,မေးသမျှ တစ်လုံးတစ်ပါဒ မျှမကျန် အထစ်အငေါ့မထင် သိန္ဓောနှင်သကဲ့သို့ ဖြေဆိုတော်မူခြင်း၊ စိ စစ် လျှောက် ထား ခြင်း၊ ဆဋ္ဌသင်္ဂါယနာတင်မည့် ပါဠိ,အဋ္ဌကထာ,ဋီကာ ကျမ်းဂန်များကို သုတ်သင်ခြင်းစသည်ဆောင်ရွက် တော်မူခဲ့ရာ တစ်ကမ္ဘာလုံးရဟန်းရှင်လူတို့ အုံသြ ကြရပြန်လေသည်။

လင်္ကာ။ ။ဆဋ္ဌ သင်္ဂါ ယ နာ၊ ပွဲ မဟာ တွင်၊ မဟာစည်ထေရ၊မေးသမျှကို၊သိန္ဓော ဝ နှင်၊ပုံအသွင်သို့၊လျင်မြန်တောက်တပို၊ ဖြေဖြေဆို၏၊ ထို့ပြင်တဆစ်၊ စိစစ် လျှောက်ထား၊ကိစ္စများနှင့်၊ များပြား ထူးဆန်း၊ ကျမ်းဂန်သုတ်သင်၊ ခဲခက် အင်ကို၊ ငြိုငြင်မရှိ၊ ဆောင်ရွက်ဘိ သည်၊ အဟော်လောက အုံခိုးဖွယ်ပါ တကား။

နိုင်ငံတော် သံဃမဟာနာယက အကျိုးတော်ဆောင်

ဆရာတော် အရှင် ဝိစိတ္တသာရာဘိဝံသသည် ၁၃၄၂-ခုနှစ် နယုန်လဆန်း ၁၃ရက် နေ့မှစ၍ စတင် ပေါ်ပေါက်ခဲ့သော နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့ကြီး၏ အကျိုးတော် ဆောင် ဖြင့်၍ ဘုရားမြတ်စွာ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို မဟုသာဟ ဇွဲလုံ့လဖြင့် ဆောင်ရွက်တော်မူခဲ့လေသည်။

လက်ံာ။ ပြည်ထောင်စုသမ္မတ၊ အစိုးရတို့၊ လုံ့လ ဥာဏ၊ ဘုန်းတေဇာကြောင့်၊ ပေါ်လာ ထွန်းလာ၊ မဟာသံဃ၊ နာယက အဲ့ခ်ျီး၊ အဖွဲ့ကြီးတွင်၊ လွန်လျှင်ပခာန်၊ ချက်ချာ ကျသည့်၊ လေခွဒိကာရီ၊ ဂုဏ်ရည်ဖွံ့ဖြိုး၊ အကျိုးတော်ဆောင်၊ ဉာဏ်ရောင်လျှမ်းလွှာ၊ ဆောင်ဆောင် ရွက်သည်၊ လက်ဖျံတီး၍အံ့ဧစဆသော်။

တိပိဋကရေ သာသနာ့ အာဇာနည်ပျား ပေါ်ထွန်းရေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၄၀-ပြည့်နှစ်မှ စ၍ မန္တလေးမြို့ အနောက်ဘက် မင်းကွန်း မိုးမိတဲ့ ကုန်းခြေ၌ တိပိဋကနိကာယ သာသနာပြုကျောင်း တိုက်ကြီးကို ဘည်ဆောင်မောင်မူ၍ တိပိဋကရေ လောင်းလျှာ သာသနာ့ အာဇာနည် တရား ငါးဆယ်ခန့်တို့ကို အနေအထိုင် အစား အဝတ် ပြည့်စုံစွာ စီစဉ် လှူဒါန်းစေတော်မူကာ သာသနာ ပြုကျမ်း စာစွာ အောင်မြင်ခဲ့လေသည်။ ဆရာတော် ဆောင်ရွက်တော် မူခြင်းသည် သိဟိုဠ်ကျွန်း (သီရိလင်္ကာ နိုင်ငံ) အနုရာဓပြိုတော်၌ ရှိခဲ့ဖူးသော မဟာဝိဟာရ ကျောင်း တိုက်ကြီး ကို စတင် တည်ထောင်တော် မူခဲ့သည့် သီရိဓမ္မာသောကမင်းနှင့် ဝေဒိသာ ဒေဝီတို့၏ သားတော် သီဘိုဠ်သာသနာ့ဖခင် အရှင် မဟိန္ဒထေရ် ဆောင်ရွက်ချက်နှင့် တူလေသည်။

ဘဒ္ဒန္တ ဝိစိတ္တော ထေရော၊ ဒီဃဒဿီ မဟာယတီ။

ဂေါရိယံ တဿ ထေရဿ၊ 'မဟိန္ဒဿေဝ ကာရိယံ။

ရန်ကုန်မန္တလေး ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများ ပေါ်ထွန်းအောင် ဆောင်ရွက်တော် မူခြင်း

ဆရာတော်သည် ပြည်တွင်း ပြည်ပ သာသနာ ပြုနိုင်မည့် သာသနာ့ အာဇာနည် ပုဂ္ဂိုလ်များ ပေါ်ထွက်နိုင်ရေးအတွက် ရန်ကုန်မြို့နှင့် မန္တလေး မြို့တို့၌ ဘာသာငါးမျိုးဖြင့် ပိဋကသုံးပုံကို သင်ကြားပို့ချမည့် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး နှစ်ခု တည်ဆောက်ရေး အတွက် ဒါယကာ, ဒါယိကာမတို့သည် ဆရာတော်၏ သီလ, သမာဓိ, ပညာ အရှိန်အဝါ ဘုန်းကံ ပါရမီ သာသနာတော်၏ ဘုန်းကံကြောင့် ငွေ အသပြာ ကျပ်သိန်းပေါင်း တစ်ထောင်ခန့်ကို ဆရာတော် ကိုယ်တိုင် ရေစက်ချ၍ ပရိယတ္တိ သာသနာတော်အား လှူဒါန်းစေတော် မူခဲ့လေသည် ဆရာတော် အရှင်ဝိစိတ္တသာရာ ဘိဝံသကား အံ့မခန်း အလုပ်လုပ် အံ့ဖွယ်ခန်း အောင်မြင်သည့် ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်ချွန် ပုဂ္ဂိုလ်လွန် ပုဂ္ဂိုလ်တံခွန် ဖြစ်တော်မူပါပေသတည်း။

ဆရာတော် ဦးကေလာသ
မမ္မာဧရိယ, ဂဏဝါစက, ဘိအေ ဂုဏ်ထူး
(သီရိလင်္ကာ)
မဟာဝိသုတာရာမတိုက်
ပခုက္ကူမြို့။



မြင်းခြံမြို့အောင်ဇာတိနှယ်မြေမှ ပူဇော်လျက်

ဦးကျော်ဒင်၊ အာကျူးတော်ဆောင်၊
ပိဋကတိုက်ဓမ္မာရုံဆေတက်လှပ်ဇရေး
ကော်မတီ၊ မြင်းခြံမြို့.

+

အထက်ပုံ။ ။မြင်းခြံမှူး မင်းကျောင်း ဆရာတော်ဘုရားကြီး(လယ်တီဆရာတော်ကြီးနှင့် အတူ မန္တလေးမှူး၊ မြောက်ပြင်စံကျောင်းတိုက်၌ စာသင်ဘက် ဖြစ်ပါသည်။)

အောက်ပုံ။ ။သာမဏေဥပဇ္ဈာယ်ဦးသောဘိတ

မြင်းခြံမြို့နယ်မြေ ဇာတိဌာနေမှ ပေါ်ထွန်းလာခဲ့သော သာသနာ့အာဇာနည် တိပိဋကဆရာတော် အရှင်သူမြတ်သည် မြင်းခြံ မင်းကျောင်းတိုက် ဆရာတော် ဦးသောဘိတ အထံတွင် (၇) နှစ်သား အရွယ်မှ စ၍ ပရိယတ္တိစာပေများကို သင်ကြားခဲ့လေသည်။ (၁၃)နှစ်သား အရွယ်တွင် သဒ္ဒါကြီး(၈)ဆောင် အာဂုံပြန်၍ဝိနည်းစာမေးပွဲ အောင်ပါသည်၊(၁၄)နှစ်သားတွင် သင်္ဂြိုဟ်(၉) ပိုင်း အာဂုံပြန်ဆိုအောင်မြင်ပါသည်။ (၁၅) နှစ် (၁၆)နှစ်တွင် အစိုးရပထမငယ်၊ ပထမလတ် ကို အောင်မြင်ခဲ့သည်။

ဆရာဖြစ်သူ ဦးသောဘိတ မကျန်းမမာဖြစ်၍ ပြုစုကုသပါသော်လည်း ပံ့လွန်တော် မူသွားပါသဖြင့်(၁၉)နှစ်သားအရွယ်တွင်မင်းကွန်းမ်မှနာဒကျောင်းတိုက် ဆရာတော် ဦးပညာဇင်္ကထံတွင် ပညာဆည်းပူးခဲ့သည်။ စာမေးပွဲအဆင့်ဆင့်များ အောင်မြင်ပြီး အဆင့် အမြင့်ဆုံးဖြစ်သော ပိဋကသုံးပုံကို အာဂုံရော သဘောရေးဖြေပါ ဂုဏ်ထူးအဆင့်ဆင့်ဖြင့် ၁၃၁၅ ခု၊ သက်တော်(၄၂)တွင် အောင်မြင်ပြီး တိပိဋကရေမ်မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်၊အရိုးဝါကနက်ဒဏ်ထီးဖြူတော် သုံးလက်ပါရှိသော သာသနာ့အောင်လုံတော်၊ ဆင်စွယ်ယပ်ဝန်း၊ ကုန်း၊ ရေ၊ လေ အထက်တန်းဖြင့် တပည့် (၂)ယောက်နှင့်အတူ အခမဲ့သွားလာခွင့် လက်မှတ်တို့ကို တပို့တဲ့လဆန်း (၁၀)ရက်နေ့တွင် အများပူဇော်နိုင်အောင် နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့က ဆက်ကပ်ထားပါသည်။ အထွတ်အထိပ်သို့ ရောက်ရှိခဲ့ပါသည်။

မြင်းခြံ မြို့သူမြို့သား တို့သည် ဆရာတော်ကြီးအား ဂုဏ်ပြုပူဇော်သောအားဖြင့် မြင်းခြံမြို့ နှစ်ကျိပ်ရှစ်ဆူ ဝိနယာနုဂူဟာအဖွဲ့ တိပိဋကမရနေ့ အထိမ်းအမှတ်၊ ဝိနယာနုဂူဟာစာလျှောက်မေးပွဲကြီး တပို့တဲ့လဆန်း(၁၀)ရက်နေ့တိုင်းစ၍ ကုိင်း

ပပါသည်။ ဤစာမေးပွဲ၌ မူလ သာမဏေအဆင့်မှ ဝိနည်း (၅)ကျမ်း၊ဓမ္မာစရိယအဆင့်ထိ အဆင့်မြင့် စာမေးပွဲဖြစ်ပါသည်။ ဤအမေးပုစ္ဆာများကို တိပိဋကဓရ မင်းကွန်းကျောင်းမှ ပို့ပါသည်။ တိပိဋကဓရဆရာကော်ကလည်းတပို့တွဲလဆန်း(၁၀)ရက်နေ့တိုင်း ဤစာမေးပွဲတွင် တရားတော်များ ချီးမြှင့်ပါသည်။

တိပိဋကဓရ ဆရာတော်ကြီးသည် ဇာတိဌာနေမြင်းခြံမြေမင်းကျောင်းတိုက်ရာဟူထောင့်ကျောင်းတွင် ငယ်စဉ်က ပညာရှာခဲ့ရသောကျောင်းမှာ စာသင်သားများ မနေလောက်၍ နှစ်ထပ်ကျောင်းတိုးခဲ့ဆောက်လုပ်ပေးပါသည်။ ၎င်းစာသင်သားသံဃာတော်များအတွက် တစ်နှစ်လျှင် ဆွမ်းဆန်အတင်း(၆၀)တင်းမှ တင်း(၁၀၀)အထိ နှစ်စဉ်

လှူဒါန်းပါသည်။ ပရိယတ္တိစာသင်သား သံဃာများ တိုးပွားလာနေပါသဖြင့်ဆရာတော်ကြီးသည် နှစ်ဘ၁်ဘိုက်ခကျောင်း ဆောက်လုပ်ပြီး 'မဟာဓမ္မပါလအုတ်ကျောင်း' အမည်ဖြင့် လှူဒါန်းထားပါသည်။

ၔင်းပြင် ၁။ သဲဖြူဝန္ရာတွင်တိပိဋကကျောင်းတော်၊ ၂။ ကျီးပင်ရွာတွင် အဘိဓဇကန့်ကူလက်လှည့်ကျောင်းတော်များ ဆောက်လုပ်လှူဒါန်းပါသည်။ လူမှုရေးအတွက်၊ ကလေးသူငယ်များအဘွက် မူလတန်းကျောင်းဆောင်လည်း သဲဖြူဝကျေးရွာတွင် ဆောက်လှက် လှူဒါန်းခဲ့ပါသည်။

ပြီးနောက် မြန်မာပြည်အနှံ့တိုင်းသူပြည်သားများအား အပါယ်ဒုဂ္ဂတိဘေးမှ လွတ်မြောက်ပြီး လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို ရကြ ရောက်ကြစေရန် ရည်သန်၍ လှည့်လည် ဟောကြားနေဆဲ ဖြစ်ပါသည်။

ရန်ကုန်မြို့ ဆဋ္ဌသင်္ဂါယနာတင်စဉ်က ရဟန္တာအရှင်သူမြတ် အရှင်ဥပါလိမထေရ် ဖြေဆိုခဲ့သော ဝိနည်း ပိဋကဘော်၊ အရှင်အာနန္ဒာမထေရ် ဖြေဆိုသော သုတ္တန္တပိဋက၊ အဘိဓမ္မာပိဋကဘော်များကို တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ မထေရ်မြတ်သည် တစ်ပါးတည်း အမှန်အတိုင်း ဖြေဆိုနိုင်ခြင်းကြောင့် ဝမ်းမြောက်စွာ ကြွေးကြော်ခဲ့ကြရပ်သည် အရှင်သူမြတ်ဘုရား။

ထိုမျှကသေး ဆရာတော်ကြီးသည် ဆဋ္ဌသင်္ဂါယနာတင်စဉ်က ပိဋကတ်ပါဠိတော်များ၌ ကာလကြာလာပါသဖြင့် အရေးအကြီး တိမ်းစောင်းခဲ့သော ပုဒ်ပါဠိအက္ခရာ ချွတ်ယွင်းချက်များကို ပထမသုတ်သင်ရသော မူလဝိဆာခကပုဂ္ဂိုလ်အဖြစ်သည်းကောင်း၊ ကစ်ဖန်ထင်၍ သုတ်သင်ရသော ပဋိဝိသောခကပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ နောက်ဆုံးအပြီးသတ် သုတ်သင်ရသော ဩသာနသောခကပုဂ္ဂိုလ်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ရပါသည်။

ဤသို့ ဆောင်ရွက်ခဲ့စဉ်က အချို့သော ဆရာတော်ကြီးများမှာ စာပြင်လျှင် မှက်စိကွယ်တတ်သည်ဟု အယူအစွဲရှိနေကြ၍ ''ဆရာတော် ဦးဝိစိတ္တာဘုရား၊ တပည့်တော်တို့မှာ မျက်စိတွေပူလာပြီ၊ စာတွေ သိပ်မပြင်ပါနှင့်တော့'' ဟု ပြောသည့်အခါ တိပိဋက ဆရာတော်က ''မှားမှန်းသိလျက်နှင့်တော့ မထားခဲ့ပါရစေနှင့်ဘုရား'' ဟု လျှောက်ထားတယ်လို့ မှတ်သားခဲ့ရပါသည်။

ထိုမှနောက်၌ မဟာဗုဒ္ဓဝင်ကျမ်းကြီးကို မဂ္ဂင်ရှစ်ပါးကို ရည်စူး၍ အုပ်ရေ(၈)အုပ်၊ ဆဋ္ဌသင်္ဂါယနာကို ရည်စူး၍ အတွဲ(၆)တွဲဖြင့်ဗုဒ္ဓအကြောင်းအရာ မှတ်သားဖွယ်ရာများ အပြည့်နှင့် ပိဋကတ်စာပေသမိုင်းတွင် အကြီးအကျယ်ဆုံးကျမ်းကြီးကို လူအများ နားလည်အောင် ရေးသားပြုစုခဲ့ခြင်း။

ၔင်းပြင် တိပိဋကဓရ ဆရာတော်ကြီးသည် ပရိယတ္တိသာသနာ့အမွန်ရှည်စွာ တည်ပါစေခြင်းအလို့ငှာ ၁၃၄၀ ခုနှစ် နှစ်ဆန်း(၁)ရက်နေ့မှစ၍ တိပိဋကနာယသာသနာပြုအဖွဲ့ကြီး ဖွဲ့စည်းပြီး တိပိဋက နိကာယကျောင်းတိုက်ကြီး တည်ထောင်ကာ မိမိအား နှိုင်ငံတော် အစိုးရက ရာသက်ပန်လှူဒါန်းသော တိပိဋကဆွမ်းဆန်တော်ဝတ္ထု၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့အဘွက် ဆွမ်းဆန်တော်ဝတ္ထုများကို နိကာယ်ငါးရပ် ပိဋကတ် သာသနာအား လှူဒါန်း၍ တိပိဋကနိကာယကျောင်းတိုက်ကြီးမှ ပိဋကတ်သုံးပုံကို ဖြေဆိုမည့် စာသင်သားအာဇာနည်များ ပေါထွန်းလာအောင် အထူးကူဆရာဝန်ကြီးဦးသာလှည့်ကွင်္ဘအဖြစ် ဆောင်ရွက်နေသော တိပိဋကနိကာယ သာသနာပြုအဖွဲ့ကြီးအား ကပ္ပိယကာရကအဖြစ် အပ်နှင်းပြီး၊ တိပိဋက

လောင်းလျာ အရှင်သူမြတ် (၁၅၀)ကျော်တို့အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်း (၄)ပါး အတွက် မှတည်လှူဒါန်းပါသည်။

ထိုအခါ တပည့်ဒကာများကပါ ပစ္စည်း(၄) ပါး အလှူကို လှူလိုက်ကြသည်မှာ သိကြား နတ်များ ဖန်ဆင်းလိုက်သလို ရုပ်ချည်း များပြားလာသဖြင့် သာသနာတော်ကြီး၏ တန်ခိုး၊ ဆရာတော်ကြီး၏ တန်ခိုးပင် ဖြစ်သည်ဟု အထူးဝမ်းမြောက် ပီတိသောမနဿ ဖြစ်ရပါသည်။

စာရေးသူ ကိုယ်တိုင်လည်း ဤ သံဃာတော်များ အတွက် တိနိရာသက်ပန် အသင်းသားအဖြစ် ခံယူကာ ဝါဆိုလဆန်း(၈)ရက်နေ့တိုင်း ရာသက်ပန် ဆွမ်းကုသိုလ်ရှင် အဖြစ် ကပ်လှူလျက် ရှိပါသည်။ ပင်မ ငွေပဒေသာပင်များလဲ လှူဒါန်းပြီး ဖြစ်ပါသည်။ ဆရာတော်ကြီး သီတင်း သုံးရန် ရန်ကုန်မြို့နယူးသင်းလမ်း၊အမှတ်(၁၂)ရှိ တိပိဋကနိကာယ သာသနာပြုအဖွဲ့ ရန်ကုန်ဌာနခွဲ ကျောင်းတော် ကြီးကို ၁၃၄၂ခု တန်ဆောင်မုန်းလပြည့် ကျော်(၁)ရက်နေ့က သာသနာရေး ဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွန့်(ယခုသာသနာရေး ဌာန ဒုဝန်ကြီး)သည် ဖွင့်လှစ်၍ ပေးခဲ့ပါသည်။

ဆရာတော် ဘုရားကြီးသည် ပရိယတ္တိသာသနာခိုင်မြဲစေရန်နှင့်ကမ္ဘာသူ ကမ္ဘာသားများ ဗုဒ္ဓသာသနာကိုသိရှိသက်ဝင်နိုင်ရန်အတွက်နိုင်ငံတော်ပရိယတ္တိ တက္ကသိုလ်ကျောင်းတိုက်ကြီး တည်ဆောက်ရန် မန္တလေးတွင် သိန်း(၈၀၀)ခန့် ကုန်ကျမည့် ကျောင်းဆောင်များ ရန်ကုန်မြို့တွင်သိန်း(၅၀၀) ခန့် ကုန်ကျမည့် ကျောင်းဆောင် အဆောက်အအုံများ ဆောက်လုပ် နေပါသည်။ ထို တက္ကသိုလ် ကျောင်းများ၌ ပါဠိ၊မြန်မာ၊ သင်္ကတ၊ အင်္ဂလိပ်၊ ဟိန္ဒူ၊ ဘာသာများကို ပို့ချပြီး၊ ကမ္ဘာသူ၊ ကမ္ဘာသားများ ဘုရား၏ အဆုံးအမတော်များကို သိ၍ ချမ်းသာသုခ ရရှိခစေရန် ဖြစ်ပါသည်။

ဤကဲ့သို့ သာသနာ အတွက် ထူးထူး ကဲကဲ ဆောင်ရွက်နိုင်ခြင်းသည် တိပိဋကဓရ ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များကြောင့် ဖြစ်ပါတယ်။ သို့အတွက် တိပိဋကဓရမဟာဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ မထေရ်မြတ်ကြီးအား အကြိမ်ကြိမ် ရှိခိုးပူဇော်လျက် ရှိပါသည် အရှင်သူမြတ် ဘုရား။

ဤကဲ့သို့ သာသနာအတွက် အဘက်ဘက်မှ ထူးထူးကဲကဲ ဆောင်ရွက် နေသော သာသနာ့အာဇာနည် အရှင်သူမြတ်အား မြင်းခြံမြို့နယ်၊ မြင်းခြံမြို့ မင်းကျောင်းတိုက်မှ ပေါ်ထွန်း လာခဲ့သော တိပိဋက ဆရာတော်ကြီးအား သမိုင်းပေး တာဝန်အရ မြင်းခြံမြို့ မင်းကျောင်းတိုက်ဒုတွင်း ဇာတိနယ်မြေမှ သမိုင်းတွင်အောင် ဆောင်ရွက်လျက် ရှိပါသည်။

ဆောင်ရွက်ပုံ၊ဆောင်ရွက်ဆဲများမှာ ၁၃၄၀ခု တပေါင်းလပြည့်ကျော် (၁)ရက်၊ (၂၃-၃-၃၉)နေ့က(၂၅)နှစ်မြောက် ငွေရတုပူဇော်ပွဲကြီး ခြိမ့်ခြိမ့်သဲသဲ ကျင်းပပူဇော်ပြီးခဲ့ပါသည်။ နောက် ထပ် ရွှေရတုပူဇော်ပွဲ ပြုလုပ်ရန် နှစ်(၅၀)ပြည့် အောင် စောင့်ဆိုင်းရပါကဆရာတော်ဘုရားကြီး၏ သက်တော်(၉၅)နှစ်ခန့် ရှိသွားမည် ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးလည်း သက်တော်ထင်ရှားရှိချင်မှရှိမှာ ဖြစ်ပါသည်။ကျွန်တော်တို့သည်လည်း အသက်နှင့်ကိုယ် မြဲချင်မှမြဲမှာ ဖြစ်ခြင်းကြောင့် 'ပူဇော်စပူဇော်နေယျာနံ' ဘုရား အဆုံးအမ တိုင်း 'ပူဇော်ဆိုက်သူကို မပူဇော်လိုက်ရဘဲ' နေမည်စို၍ ရွှေရတု အကြိုပူဇော်ပွဲ၊ ပုလဲရတု ပူဇော်ပွဲ၊ အဘိဓဇ မဟာရဋ္ဌဂုရု ပူဇော်ပွဲကြီးကို ၁၃၄၅ခု ပြာသို

လဆန်း (၂)ရက်၊ (၄-၁-၈၅)နေ့တွင် တိပိဋကဆရာတော်ကြီး၏ ပုံတူရုပ်တုတော်ကြီးကို မန္တလေးမြို့မှ စဘင်ပူဇော်ရပါသည်။ မန္တလေးမှ အခမ်းအနားဖြင့် ပင့်ဆောင်လာရာ လမ်းခရီး တစ်လျှောက် ကျောက်ဆည်မြို့၊ မြစ်သားမြို့၊ နွားထိုးကြီး မြို့များမှ ထွက်ကြိုပူဇော်ကြပြီး၊ ပင့်ဆောင်လာကြသော သူတော်ကောင်းများကို ကော်ဖီ၊မုန့်မုန်းဖြင့် ကျွေးမွေးဧည့်ခံကြပါသည်။

မြင်းခြံမြို့သို့ ရောက်သောအခါ သိဟဠလပဲရုံပိုင်ရှင်များ ဖြစ်ကြသော ဦးစံတင့်၊ ဒေါ်ထင်ကြည် မိသားစုတို့၏ကောင်းမှု ခေတ္တစံကျောင်း၌ (၂)ရက် အပူဇော်ခံပါသည်။ ည့ဲခံပွဲ အမျိုမျိုးတွင် ဦးဘသီ ဦစီးသော ယိုးဒယားအက အော်ပဒါ၊ စိန်မြင့်အောင်ဆိုင်း၊နတ်ပြည်မှ စောင့်မျှော်နေကြသော နတ်ယိမ်း၊ စံမတူ ဆိုင်းအဖွဲ့တို့ဖြင့် ဧည့်ခံကြပြီး၊ နံနက် (၇)နာရီမှစ၍ စံကျောင်းတော်မှ မင်းခမ်းမင်းနားဖြင့် ဝင်းခင်း၍ မြို့တွင်းသို့တီးမှုတ်ကခုန်ကာ ဓမ္မဇတ်းများဖြင့် လှည့်လည်အပူဇော်ခံပါသည်။

၁၃၄၅ခု ပြာသိုလဆန်း (၅)ရက်၊ (၇-၁-၈၅)နေ့တွင် နံနက်အချိန် ဦးရွှေနိုင် ဒေါ်သန်းရီ မိသားစုက ဆရာတော်ကြီးနှင့် သံဃာတော်များအား ပဿဘာဖြင့် ကပ်သူပူဇော်ပါသည်။နံနက် (၈)နာရီအချိန်တွင် တိပိဋကဓရ ဆရာတော်ကြီး၏ ပုံတူ ရုပ်တုတော်ကြီး သီဘင်းသုံးရန် ပိဋကတ်တိုက်အဟောက် မြေနှုတ်ခြင်းကိစ္စ ပြုလုပ်ရာ ဆရာတော်ကြီး ကိုယ်တိုင် ရွှေပန္နက်၊ ငွေပန္နက်များ ရိုက်ပါသည်။

နံနက် (၉)နာရီအချိန်တွင် အခမ်းအနားကို ဦးသောင်းရွှေက ဖွင့်လှစ်ပြီး စိန်မြင့်အောင်ဆိုင်းအဖွဲ့နှင့် မအေးမိစ၊ မလှစန်းကြည်၊မသီတာဝင်း၊ မဒေါင်းယဉ်ကြည်တို့က ဓမ္မတေးဂီတများဖြင့် ပူဇော်ကြပါသည်။ နံနက်(၁၀)နာရီတွင် ဦးစန်းလွင် ဒေါ်ခင်သန်းရွှေ မိသားစုတို့က ဆရာတော်ကြီးနှင့် သံဃာတော်များအား ဆွမ်းကပ်လှူပြီး ပဒါတီ, ကောင်စီ, သမ, လူကြီးများနှင့် ဂေါပကလူကြီးများအား ကျွေးမွေး၍ ကုသိုလ်ပြုပါသည်။ (၁၂) နာရီ ဒုတိယပိုင်း အခမ်းအနားကို ဦးကျော်ဒင်က အခမ်းအနားမှူးပြုလုပ်၍ လူပရိသတ်၊ နတ်ပရိသတ်တို့အား ကရားနာ ဖိတ်ကြားကာ ကျန်းကျန်းမာမာ ဘရားနာနိုင်ရန် မေတ္တာပို့သပြီး 'နမောတဿ(၃)ကြိမ်'ရွတ်ဆို၍ အခမ်းအနားကြီး ဖွင့်လှစ်ပေးလိုက်ပါသည်။

အစီအစဉ် (၂)အရ မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဦးသူရိယထံမှ ငါးပါးသီလ ခံယူကြပါသည်။

အစီအစဉ်(၃)အရ ပူဇော်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းရွှေ လျှောက်ထားပူဇော်ပါသည်။

အစီအစဉ်(၄)အရ အကျိုးတော်ဆောင် ဦးကျော်ဒင်က ဆရာတော် ဘုရားကြီး၏ သမိုင်းကျောက်တိုင် စိုက်ထူမည့် ကျောက်စာ ဇီတ္တူကို ဖတ်ကြား လျှောက်ထားပါသည်။

အစီအစဉ်(၅) အရပါတီကောင်စီလူကြီးများ ပူဇော်ရန်ဖြစ်သော်လည်း ရှေးလွန် အချိန်မရ၍ မပူဇော်ဖြစ်ပါ။

အစီအစဉ်(၆)အရ ကော်မတီဝင် ဦးငြိမ်း ပူဇော်ပါသည်။

အစီအစဉ် (၇)အရ တန်ဆောင်းကြီးတိုက် ဓမ္မဒီပကျောင်း ဆရာတော် ဦးစက္ကိန္ဒက ရွှေရတု ပူဇော်ရခြင်းအကြောင်း ဂါထာဖြင့် ပူဇော်ပါသည်။

အစီအစဉ် (၈)အရ ရန်ကုန်မြို့ တိပိဋကကျောင်းတော်မှ ဆရာတော်ကြီး၏တပည့် ဒီဃဘာဏကအရှင်နန္ဒိယမှ အဘိဓမ္မာရဋ္ဌဂုရု

ဂုဏ ပူဇာဥဒါန်းဂါထာကို ရွတ်ဖတ် ပူဇော်ပါသည်။

အစီအစဉ်(၉)အရ ဒုဥက္ကဋ္ဌ ဦးတင်အုန်းက ဒဂုန် ဦးစန်းငွေ ရေးသားအပ်သော ထုတိသြဘာစာတမ်းကို လျှောက်ထားပူဇော်ပါသည်။

အစီအစဉ် (၁၀)အရ ဦးအောင်မြတ် စီမံသော ဦးသောင်းရွှေအဖွဲ့နှင့် အဆိုတော် စိန်စိန်မြိုင်က မဟာသရေစည်ဒူ, စာဆိုတော် လက်ဝဲမင်းညို ရေးသားသော ဆရာကော်ကြီးအား ဂုဏ်ပြုတေးထပ်ဖြင့် ပူဇော်ပါသည်။

အစီအစဉ်(၁၁)အရ ကျေးဇူးရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ကြီးက တရားရေအေး တိုက်ကျွေးပြီး 'မြင်ခြံမြို့နယ် အနေဖြင့် ပူဇော်ပွဲများသည် လိုသည်ထက် ပိုနေပါပြီ'ဟု အမိန့်ရှိပြီး လိုအပ်နေသည်မှာ မြင်ခြံမြို့မှာ သီတင်းသုံး နေထိုင်ကြသော သံဃာတော်များ နံနက် အရုဏ်ဆွမ်းအဘွက် လိုအပ်နေပါ၍ ပုညသဟာယဆွမ်းလောင်းအသင်းအမည်နှင့် စနစ်တကျ ဖွဲ့စည်းပြီး လောင်းလှူပါ။ လှူလိုသော ကုသိုလ်ရှင်များ ပေါ်လာပါလိမ့်မည်'ဟု သြဝါဒ ပေးပါသည်။

ယခုအခါ မြင်းခြံမြို့တွင် ပုညသဟာယ ဆွမ်းလောင်းအသင်း အနေဖြင့် နံနက် အရုဏ်ဆွမ်းလောင်းလှူလာခဲ့တာ ၈စ်နှစ်ကျော် နှစ်နှစ်နီးပါး ရှိနေပါပြီ။ နေ့စဉ် သံဃာ ဝါတွင်း၌ (၁၂၀၀ ခန့်၊ ဝါပမာဆိုလျှင် (၉၀၀)ခန့် လောင်းလှူ နေရပါသည်။ နေ့စဉ် အနည်းဆုံး (၁၅၀၀)ကျပ်မှ (၃၅၀၀)ကျပ်အထိ မြင်းခြံမြို့သူမြို့သား၊ နယ်သူ နယ်သားများ ကုသိုလ်ရလွှက်ရှိ၍ ဆရာတော်ကြီးအား ကျေးဇူးတင်စွာ ပူဇော်လှူက် နိုင်ကြပါသည်။ သံဃာတော် အရှင်သူမြတ်များကလည်း နံနက် အရုဏ်ဆွမ်းအတွက် ပြည့်စုံသွားပါသဖြင့် ဆရာတော်ကြီး သက်တော်ရှည်ပါစေဟု ဆုတောင်းမေတ္တာ ပို့သလျက်ရှိကြပါသည်။

ဤမြင်းခြံမြို့ ပုညသဟာယ ဆွမ်းလောင်း အသင်းကြီးသည် ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် ငင်မ ငွေ ပဒေသာပင် (၃၇၀၀၀၀)ကျပ်ကျော် နဝကမ္မ ငွေ တစ်သိန်း လေးသောင်းခန့်နှင့် မြင်းခြံမြို့ ဘုရားလမ်းနေ ဦးသာအေး ဒေါ်သိန်းတို့က မိမိတို့ နေထိုင်သော မီးခံနှစ်ထပ်တိုက်နှင့်ဝိုင်းမြေပါသံဃာတော်များ ဆွမ်းလောင်း လှူနိုင်အောင် ပုညသဟာယ ဆွမ်းလောင်း အသင်းအား စာချုပ်စာတမ်းနှင့် လွှဲပြောင်းပြီး သံဃာတော်များထံ ရေစက်ချလှူဒါန်းပါသည်။

ယခုခေတ် တန်ကြေး ငါးသိန်းခန့်ကို လှူလိုက်ပါသဖြင့် ပုညသဟာယ အသင်းသူအသင်းသားများသည် သာဓု အကြိမ်ကြိမ် ခေါ်လျက် ရှိပါသည်။ ဤကဲ့သို့ သာသနာတော် အတွက် ကျေးဇူးကြီးလှသော ဆရာတော်ကြီးအား လည်း အကြိမ်ကြိမ် ရှိခိုးပူဇော်လျက် ရှိပါသည် အရှင်မြတ်ဘုရား။ ရွှေရတုအကြိုပူဇော်ပွဲ၊ အဘိဓဇ မဟာရဋ္ဌဂုံရု ပူဇော်ပွဲတွင် ဆရာတော်ကြီးသည် ဝိနည်းပိဋကတ်ဆောင်တော်မူသော အရှင်ဥပါလိမထေရ်သည် နေ့စဉ်ရွတ်ဆိုသော ဂါထာကို မြွတ်ကြားပါသည်။

> ဝိနယော အာသယော မယှံ၊ ဝိနယော ဌာန စက်မံ။
>
> ကပ္ပေမိ ဝိနယေ ဝါသံ၊ ဝိနယော မမ ဂေါစရော။

ဝိနယော၊ ဝိနည်းခေါ်မှတ် ပိဋကတ်သည်။ မယှံ၊ ဥပါလိမထေရ်ငါ၏။ အာသယော၊ စိတ်ဓာတ်ကိန်းကဉ်ရာ မှန်လှပါပေ၏။ ဝိနယော၊ ဝိနည်းခေါ်မှတ် ပိဋကတ်သည်။ မမ၊ ဂေါစရော၊ နေ့နေ့ညည ကျက်စားရာ အာရုဏ်ဂေါစရမ် မှန်လှပါပေ၏။' လို့ ရွတ်တော်မူသည်။

တိုနည်းအတူ တိပိဋကာနိကာယ စာသင်သားများသည် အချိန်ရှိသရွေ့ နောင်တော်ကြီး အရှင်ဥပါလိ မထေရ်ကဲ့သို့ ''နိကာယော အာသယော မယှံ၊ နိကာယောဌာနစက်မံ။ ကပ္ပေမိ နိကာယေ ဝါသံ၊ နိကာယော မမ ဂေါစရော။ ဥပမာ နိကာယ်စာသင်သားက ဦးဥတ္တမဆရာလျှင် နိကာယော၊ နိကာယ်ငါးရပ် ပိဋကတ်သည်။ မယှံ၊ ငါဥတ္တမ မထေရ်၏။ အာသယော၊ စိတ်ဓာတ်ကိန်းတည်ရာ မှန်လှ ပါပေ၏။ နိကာယော၊ နိကာယ်ငါးရပ် ပိဋကတ်သည်။ မယှံ၊ ငါဥတ္တမ မထေရ်၏။ ဌာနစက်မံ၊ ရပ်ရာစက်ကြသွားရာ မှန်လှပါပေ၏။ အဟံ၊ ဥတ္တမမထေရ် ငါသည်။ နိကာယေ၊ နိကာယ်ငါးရပ် ပိဋကတ်၌၊ ဝါသံ၊ နေထိုင်မှုကို။ ကပ္ပေမိ၊ ပြု၏။ ဂိနယော၊ နိကာယ်ငါးရပ် ပိဋကတ်သည်။ မမ၊ ငါဥတ္တမထေရ်၏။ ဂေါစရော၊ စိတ်ဓာတ်ကိန်းတည်ရာ ဂေါစရဂါမ် မှန်ပေ၏' လို့ နေ့စဉ် (၃)ခေါက်ထက် မနည်း ရွတ်ကြပါဟု စာသင်သားများကို ဩဝါဒပေးပါသည်။

နောက် ဆရာတော်ကြီးက မိမိသည်လည်း ပရိယတ္တိသာသနာ့တက္ကသိုလ် ရန်ကုန်၊ မန္တလေးမှာ ဆောက်လုပ်နေတော့ ''တက္ကသိုလ်အာသာယောမယှံ၊ တက္ကသိုလ်ဌာနစက်မံ။ ကပ္ပေမိ

တက္ကသိုလ်ဝါသံ၊ တက္ကသိုလ် မမ ဂေါစရော။ တက္ကသိုလ်၊ မန္တလေး၊ ရန်ကုန် နှစ်ဖုံသော တက္ကသိုလ်သည်။ မယ့်၊ ငါဝိစိတ္တာမထေရ်၏။ အာသယော၊ စိတ်ဓာတ်ကိန်းတည်ရာ မှန်လှပါပေ၏။ တက္ကသိုလ်၊ မန္တလေး၊ ရန်ကုန် နှစ်ဖုံသော တက္ကသိုလ်သည်။ မယ့်၊ ငါဝိစိတ္တာမထေရ်၏။ ဂေါစရော၊ နေ့နေ့ညည စိတ်၏ ကျက်စားရာ ဂေါစရဂါမ်၊ စားကျက်မှန်လှပါပေ၏'' လို့ ရွတ်ဆိုပြီး အဲဒီအဆောက်အအုံတွေထဲမှာပဲ စိတ် ကျက်စားနေတယ်။

မန္တလေးက ဘယ်လောက်ရပြီ၊ ရန်ကုန်ကလဲ ဘယ်လောက်ရပြီ၊ ဘယ်အခြေအနေရှိပြီလို့ ဤအထဲမှာသာ အာရုံကျက်စားနေတယ်လို့ ဟောကြားတာ နာရေတွ့ ကျွန်တော်တို့ စိတ်ထဲမှာ ကြည်ညိုလို့ဆုံးနိုင်၊ ဖူးမြော်လို့ မဆုံးနိုင်၊ ပူဇော်လို့မဆုံးနိုင် ဖြစ်ရပါတော့သည်။

ဤပူဇော်ပွဲမှာ ဦးကျော်ဒင်-ဒေါ်ခင်ထွေး မိသားစုမှ တိပိဋကဓမ္မယက်ဆောင် စာအုပ်များ ကုသိုလ်ပြုပါသည်။ အစမှ အဆုံးအထိ ဗီဒီယို တိပ်ခွေ (၃)ခွေရိုက်၍ ပူဇော်ပါသည်။

ဤကဲ့သို့ သာသနာအတွက် ကျေးဇူး အထူးကြီ လှသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ကြီး၏ အဂ်ကျိုးတော်ဆောင်၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တာသာရာဘိဝံသမထေရ်မြတ်ကြီး အား ဇာတိဌာနေ မြင်းခြံမြေမှ သမိုင်းတွင်အောင် ဆောက်လုပ်လျက်ရှိသော ဆရာတော်ဘုရားကြီး၏ပုံတူ ရုပ်တုတော်ကြီး သီဘင်းသုံးရန်နှင့် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော စာပေများ၊ အရေးကြီးသော စာပေများထားရှိရန် အနံ(၆၅)ပေ၊အလျား(၉၃)ပေ ရှိသော အဆောက်အအုံကို 'တိပိဋကာ အဘိဓဇ ပိဋကတ်တိုက် ဓမ္မာရုံ' အမည်ဖြင့် သမိုင်းကျောက်စာတိုင် စိုက်ထူကာ သမိုင်းတွင်အောင် ဆောက်လုပ်ပြီး၊ ၁၃၄၇ ခုနှစ် တပို့တွဲလဆန်း (၁၀)ရက်နေ့တွင် နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့မှ 'တိပိဋကနေ့' လို့ သတ်မှတ်သောနေ့မှာ တိပိဋက ဆရာတော်ကြီးအား ဤအဆောက်အအုံကြီး ပြီးသွေ့ဖြင့် ပူဇော်ပြီး ရေစက်ချသူဒါန်းမှုဖြစ်ပါသည်။

လိုအပ်နေသေးသော နေရာများ ကိုလည်း တပည့်ဒါယကာ၊ ဒါယိကာမများက လူဒါန်းဆဲရှိကြပါသည်။ တပို့တွဲ လဆန်း (၁၀) ရက် တိပိဋကနေ့ ဆရာတော်ကြီးအား ပူဇော်ပွဲကျင်းပသော ပူဇော်ပွဲကြီးတွင် ပိဋကဘဏ်ပုံဆောင်၊ နှစ်ပုံဆောင်၊ သုံးပုံဆောင် ပုဂ္ဂိုလ်ထူးများက တရားရေအေး တိုက်ကျွေးမှာဖြစ်ပါဘယ်။ သို့ပါသော ကြောင့် သမိုင်းပေးတာဝန်အရ ဇာတိဌာနေ မြင်းခြံမြေမှ သမိုင်းတွင်အောင် ပူဇော်လျက်ရှိပါကြောင်း ထပ်လောင်း၍ ဝန္ဒနာပြုလိုက်ပါသည်

ကျေးဇူးရှင် သက်တော်ရှည် အရှင်သူမြတ်ဘုရား။

ဦးကျော်ဒင်
အကျိုးတော်ဆောင်
တိပိဋက အဘိဓဇ ပိဋကတ်တိုက်ဓမ္မာရုံ
ဆောက်လုပ်ရေးကော်မတီ
မြင်းခြံမြို့။

ဆရာ တပည့်-ဒကာနှင့် သာသနာ

မာဂဓိ (သာစည်)

ပရိယတ်တို့ သာသနာတော်ကို ပြုစုပျိုးထောင်ရာ၌၊

(က) သာသနာရှေ့သွား ဆရာသမားများ၏ တာဝန်၊

(ခ) သောတုဇန စာသင်သားများ၏ အားထုတ်မှု၊

(ဂ) ဒကာ-ဒကာမများ၏ ဝတ္တရား၊

ဤသုံးဦးသား တက်ညီလက်ညီ ကြိုးစားအားထုတ်နိုင်ဖို့ အရေးကြီးပါသည်။ တစ်ဘက်မှ ချွတ်ယွင်းအားနည်းနေလျှင် မှန်းမျော်သည့် ပန်းတိုင်သို့ ရောက်ဖို့ရန် မလွယ်ပါ။

ဆရာသမား တာဝန်

ဘာလက်ကျွေးရွာမှ ဘုန်းကြီးကျောင်းများနှင့် မြို့ပေါ်ရှိ ဘုန်းကြီးကျောင်းများတွင် ကိုရင်သာမဏေကလေးများရှိတတ်ကြရာ အမြော်အမြင် ကြီးမားသော ဘုန်းတော်ကြီးများကသာ အခြေခံ စာပေများကို သင်ကြား ပေးကြ၏။ အချို့ ဘုန်းကြီးများကမူ ကိုရင်သာမဏေကလေးများကို သင့်လျော်သော စာပေများ သင်ကြားပေးရန် စိတ်ကူးမျှ မဝင်ကြ။ ခိုင်းစေဖို့ လောက်သာ သဘောထားနေ၍ သာသနာ အတွက် အနုတ်လက္ခဏာ အသွင် ဆောင်နေ၏။

ခြီးမြောက်ထောက်ပံ့ရန် နှမြောစေးနဲပြီး တွန့်ဆုတ် တွန့်ဆုတ် လုပ်နေတတ်သော ဆရာသမားများ၊ ကိုယ်ကလည်း စာသင်ပေးနိုင်သော အရည်အချင်း မရှိ၊ ရှိပြန်သော်လည်း စာသင်မပေးချင်။ သင့်ရာဌာနကိုလည်း ပို့မပေးသော ဆရာသမားများ၏ လက်တွင်းရောက် တပည့်ကလေးများအဖို့ အလားအလာ ရှိပေမယ့် ဆရာသမား ပိုင်းက တာဝန်မကျေ၍ အညွှန့်တုံးသွားတတ်ကြ၏။ ပရိယတ်တို့ သာသနာတော်ကို ပြုစုရာ၌ ဆရာသမားကောင်း(အမှီကောင်း)ရဖို့ အင်မတန် အရေးကြီးပါသည်။

တပည့်တော်၊ တပည့်ခွန်၊ တပည့်ထူး ကလေးများ မပေါ်ပေါက်အောင် ပြုစုကြရသော ဆရာသမား များ၏ တာဝန်မှာလည်း မသေးလှချေ။ တတိယ သင်္ဂါယနာခေတ်ဦးကို သုံးသပ်ကြည့်ပါလျှင် သာသနာ့ အညွန့်အညှောက် ရဟန်းကောင်း တစ်ပါး ပေါ်ပေါက်အောင် ဘယ်ပုံဘယ်နည်း ခဲခဲယဉ်းယဉ်း ဆောက်ရွက်ခဲ့ရသည်ဆိုသော အချက်ကို ကွက်ကွက်ကွင်းကွင်း မြင်နိုင်၏။

ဒုတိယ သင်္ဂါယနာတင်ပြီးနောက် သာသနာရေးနှင့် ပတ်သက်၍ မထေရ်ကြီးများ စည်းဝေးတိုင်ပင်ကြ၏။သာသနာတော်ကို ဘယ်ပုံဘယ်နည်း ပြုစု စောင့်ရှောက်သင့်သည်ဟူသော အစီအစဉ်များကို စနစ်တကျ ချမှတ်ပြီး၊ သိဂ္ဂဝ မထေရ်နှင့် စန္ဒဝဇီ မထေရ်တို့ကို တာဝန် ပေးအပ်ကြ၏။ သိဂ္ဂဝမထေရ်က မောဂ္ဂလိ ပုဏ္ဏားမ၏သား တိဿဆိုသော ဗြာဟ္မဏလူငယ်တစ်ယောက်ကိုသာသနာ့ဘောင်သို့ ရောက်အောင် (၇)နှစ်တိုင်တိုင် ဆွမ်းတစ်စေ့မျှ လောင်းခဖော်မရသော ဘာသာမတူဘာသာကွဲအိမ်၌ သည်းခံ အောင့်အည်းပြီး သာသနာ့ဘောင် ရောက်အောင် စည်းရုံးရေး တာဝန် ယူခဲ့ရပါသည်။

စန္ဒဝဇီမထေရ်က တိဿ ကိုရင်ကလေးအား ပိဋကစာပေသင်ကြားပေးရန် တာဝန်ယူခဲ့ရ၏။ ဤသို့အားဖြင့် ဟတိယ သင်္ဂါယနာတင် ခေါင်းဆောင် မောဂ္ဂလိ ပုတ္တတိဿဆိုသော ပုဂ္ဂိုလ် တစ်ပါး ထူးထူးခွန်ခွန် ထွက်ပေါ်လာခဲ့ရ၏။ အကယ်၍သာ သိဂ္ဂဝနှင့်စန္ဒဝဇီတို့လိုဆရာကောင်းမျိုးနှင့် မတွေ့ခဲ့ရလျှင် (မရခဲ့ပါလျှင်)သာသနာမှာ မောဂ္ဂလိ ပုတ္တတိဿ ဆိုသော အာဇာနည် ပုဂ္ဂိုလ်မျိုး မပေါ်ပေါက်နိုင်ပါ။ မောဂ္ဂလိပုတ္တတိဿ မပေါ်ခဲ့လျှင် တတိယသင်္ဂါယနာတင်ကိစ္စကြီးသည်လည်း ပေါ်ကောင်းမှ ပေါ်ပါလိမ့်မည်။

မောဂ္ဂလိပုတ္တတိဿကို ခဲခဲယဉ်းယဉ်း မွေးမြူရ သကဲ့သို့ နိဂြောဓ သာမဏေ ကလေးကိုလည်း အရှင်ရောဟဏဆိုသော မထေရ်မြတ်က ခဲခဲယဉ်းယဉ်း စောင့်ရှောက်ပြုစုခဲ့ရလေသည်။ သူတောင်းစားများ လောင်းလှူသော ဆွမ်းကို မရွံမရှာ (၇)နှစ် တိုင်တိုင် ဆွမ်းခံပြီး၊ နိဂြောဓ သူငယ်ကို သာမဏေဘဝ ရောက်အောင် သိမ်းသွင်းစည်းရုံးခဲ့ရသော ရောဟဏမထေရ်မြတ်၏ ဇွဲသတ္တိနှင့် စိတ်ဓာတ် မျိုးမှာလည်း အသည်းအူ ယားလောက်အောင် ဂုဏ်ယူထိုက်ပါပေသည်။

သို့ဖြစ်၍ ပရိယတ္တိ စာပေသင်ကြားရေး ကိစ္စမှာ ဆရာသမားများ၏ အမြော်အမြင်ကြီးမားမှု၊ စေတနာပြည့်ဝမှု၊အနစ်နာခံမှု၊ သာသနာကြီးပွားရေးကို ရှေးရှုမှုစသော ဆရာပိုင်းတာဝန်ကျေပွန်ဖို့ အထူးပင် အရေးကြီးလှပါပေသည်။

စာသင်သားတပည့် တာဝန်

စာတတ်လိုသော၊ ပညာရလိုသော ပုဂ္ဂိုလ်သည် ရပ်ရွာကို စွန့်ရမည်။ ဆွေမျိုးညာတိကို ခွဲခွာရမည်။ မိတ်ဆွေအပေါင်းအသင်းများကို ခွဲခွာရမည်။ ဆွေဝေးမျိုးကွာ ရေခြားမြေခြား ဒေသ၌ အစားဆင်းရဲခြင်း၊ အနေဆင်းရဲခြင်း၊ အဝတ်ဆင်းရဲခြင်းဆိုသော ဒုက္ခများနှင့် ရင်းနှီး၍ ပညာကို သင်ကြယူကြရ၏။ ပညာရှာမှီးခြင်းနှင့် ပတ်သက်၍ ပင်းယခေတ် စတုရင်္ဂလ အမတ်ကြီးက

“ပဏ္ဍိတော သုဘသမ္မန္နော၊
ယတ္ထ အတ္ထိတိ စေ သုတော။
မဟုဿာဖေန တံဌာနံ၊
ဂန္တ္ဗဝံ သုတေသိနာ”
ဟူသော ဂါထာဖြင့် လမ်းညွှန် ထားပါသည်။

ပေါ်ကြွယ်နည်းနှာ၊ ပညာရှိအား
နေသည်ကြားမူ၊ မြေခြားဝေးစွာ
ဥဒေါ်မှာသို့၊ ရှာ၍ရောက်အောင်
မြားမြောင်သုတ၊ ဆည်းပူးကြလော့။

(အမှာတော်ရေး ဦးရှင်ကလေး)

စာတတ်ခြင်း အကြောင်း(၈)ချက်

ဤ နေရာ၌ စာသင်သားကလေးများအတွက် စာတတ်ခြင်းအကြောင်း (၈)ချက်ကို ဖော်ပြလို၏။ အင်းဝခေတ် စာဆိုကျော် ရှင်မဟာရဋ္ဌသာရက....

'သုစိပုဘာ၊ ဝိလိသိဓာ
အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို
သိကုံးပန်းလွှင်၊ နေ့တိုင်းဆင်လော့။
စာသင်ပျိုနု၊ အခြေပြုတို့
ဥဇုဘူဘာ၊ လုံးလပြင်းစွာ
သူ့ယက်ငါဟု၊ နှုတ်မှာရွှန်း
ကြိုးပမ်းကလျှင်၊ သိပ္ပံကျွေးဇူး
အထူးသိမြင်၊ ပညာရှင်ဟု
မသင်္ခယော၊ ကျော်မစောဘဲ
တီမှာလွဲအံ့'ဟူ၍ လမ်းညွှန်ခဲ့ပါသည်။

သု-သုဏောယျ=ကြားနာမှတ်သားရာ၏။
စိ-စိန္တေယျ=ကြံစည် တွေးတောရာ၏။
ပု-ပုစ္ဆယျ=မေးမြန်းရာ၏။
ဘာ-ဘာဝေယျ = ပြန်ကြားဖြေဆိုရာ၏။
ဝိ-ဝိစာရေယျ=စုံစမ်းရာ၏။
လိ-လိခေယျ=ရေးမှတ်ရာ၏။
သိ-သိက္ခေယျ=သင်ကြားရာ၏။
ဓာ-ဓာရေယျ=အာဂုံဆောင်ရာ၏။

ဤအချက် (၈)ချက်သည် စာတတ်မြောက်ခြင်း၏ အခြေခံ အကြောင်းတရားများ ဖြစ်ပါသည်။ စာတတ်လိုသော စာသင်သားကလေးများအဖို့ ရှင်မဟာရဋ္ဌသာရ ညွှန်ကြားခဲ့သော ဆောင်ပုဒ်အတိုင်း လိုက်နာကျင့်သုံးဖို့ အရေးကြီးပါသည်။ တကယ်ကျင့်သုံးကြည့်လျှင် တကယ်ပင် စာတတ်ပါမည်။

စာတတ်အင်္ဂါ(၃)ပါး

ဗြတိသျှ အစိုးရခေတ်က ထူးထူးခြားခြား ပညာကျော် စာတတ်ပုဂ္ဂိုလ်ကြီး တစ်ဦးဖြစ်သော အရှင် အာဒိစ္စဝံသက စာတတ်အင်္ဂါ ၃ ချက်ကို-

ဝိနာ ဟတ္ထေန လေခန်၊
မုခေန ပဌန် ဝိနာ။
ဝိနာ စိတ္တေန ဇာနန်၊
နပဒံ ဉာယတေ ဂဒံ။
ဟူ၍ ကောက်ချက်ချ ပြထားပါသည်။

လက်ကမရေး၊ နှုတ်ကမအံ၊ စိတ်ကမကြံဘဲ အကြောင်းအရာတစ်ရပ်ကို မည်သည့် နည်းနှင့်မျှ သိနိုင်မည် မဟုတ်ပါ။ သို့ဖြစ်၍ စာတတ်လိုသော စာသင်သားများသည်

၁။ လက်က ရေးပါ။
၂။ နှုတ်က ရွတ်ပါ။
၃။စိတ်ကသိ အောင်ကြံပါ။

ဤသုံးမျိုး ဟန်ချက်ညီလျှင် စာတတ်ပုဂ္ဂိုလ် ဖြစ်နိုင်ပါ၏။ အောက်ပါ ကဗျာကလေးကို အရ ဆောင်ထားပါ။

* လက်ကရေးပြန်၊ နှုတ်ကအံ၊
  တွေးကြံစိတ်ကသိ။
* လက်ရော နှုတ်ရော၊ စိတ်သွေဘော
  နှီးနှော့တိုက်ဆိုင်ဘိ။

ဒကာမျှား တာဝန်

စာသင်သား ရဟန်း သာမဏေဆိုသည်မှာ မျှားသောအားဖြင့် ကောရပ်တေးဘွဲ့ကဲ့သို့ အမှုး ဆုံး ထွက်ရှိ၍ တောကိုပင် ရည်ညွှန်းပါသည်၊ စာသင်ထွက်ကြရသော ကိုရင်၊ဦးပဉ္စင်း ကဲ့သို့ မျှားမှာ မိဘအားကိုး၊ ဆွေမျိုးအားကိုးနှင့် စာသင် ထွက်ကြရပါသည်။ ရပ်ရွာအကူအညီဖြင့် စာသင်ထွက်ရသော စာသင်သား ဆိုသည်မှာ တစ်ရာလျှင် တစ်ပါး မရှိကတ်ပါ။

စာသင်ထွက်တော့ မိဘဆွေမျိုးက ထောက်ပံ့ ရသည်။ စာတတ်လို့ ရွာပြန်လာတော့ တစ်ရွာ လုံး၏ အကျိုးကို ဒီကိုယ်တော်ကလေးမျှားက ထမ်းဆောင်ကြရသည်။ သို့ဖြစ်၍ တစ်ချို့ ကိုယ် တော်ကလေးမျှားက စိတ်နာပြီး၊ ရွာကို ပြန်မကပ် ချင်ကြ။ ဤသဘောတရားကို ရွာသူရွာသားမျှား သဘောပေါက်ထားသင့်ကြပါသည်။ ကိုယ့်ရပ် ကိုယ့်ရွာမှ ကိုရင်၊ ဦးပဉ္စင်းကလေးမျှား စာသင် သွားသောအခါ 'နောင်တစ်နေ တို့ရွာကို ပြန်ပြီး အကျိုးပြုလိမ့်မည်'ဆိုသော မျှော်မှန်းချက်ထားရှိ ပြီး၊ တစ်ရွာလုံးက အချို့ကြဖြစ်စေ၊ အင်အား အလိုက် ဖြစ်စေ၊ ဆွေမျိုးများနည်းတူ ဖြစ်စေ ဝိုင်းဝန်းပြုစု ထောက်ပံ့ ကူညီသင့်ကြပါသည်။ မိဘ ဆွေမျိုးများကချည်း ထောက်ပံ့ရမည်ဆိုလျှင် ရေရှည်မှာ မသွယ်လှပါ။ တတ်နိုင်သော မိဘအဖို့ မထောင်းသာသော်လည်း ဆင်းရဲနွမ်းပါးသော မိဘများအဖို့ဝန်မရုန်းနိုင်သော နွားကဲ့သို့ ပင်ပန်း လှပါသည်။

အကယ်၍သာ တစ်ရွာလုံးက နည်းများမဟူ ဝိုင်းဝန်း ကူညီကြမည်ဆိုပါက စာသင်ထွက်ကြ သော ကိုယ်တော်ကလေးများ ဘာနေဖြင့် ရပ်ရွာ အပေါ် သံယောဇဉ် တွယ်တာပြီး၊ ဇာတိရွာကို ပြန်လာကြပါမည်။ ပြန်ခဲကြပါမည်။ 'ရွာငဲကျိုး

* စာတတ်အော်ဂါ၊ ဤသုံးဖြာ၊ မှတ်ပါ ဆွေကဝိ။

ခေါင်းနှုံခွေး

'စာသင်သားဆိုသည်မှာ ခွေးငယ်ကလေးများ နှင့် မတူစေရ။ ခေါင်းငယ်ကလေးများနှင့် တူစေ ရမည်'ဟု ရှေး ဆရာတော်ကြီးများက ဥပမာ စကား ဆိုရိုးထားခဲ့ကြသည်။ ခွေးငယ်ကလေး များသည် နူနယ်စဉ် အခါက ချစ်စရာကောင်း ပေလောက် ကြီးလာသောအခါ ဝဲကွဲ့၊ အနာ တွေပေါက် ရှုံစရာဒကာင်းတော့၏။ ထိုနည်းတူ ပင် စာသင်သားကလေးများသည် ငယ်ရွယ်နုနယ် ချိန် စာသင်သားဘဝမှာ လတ်လျားလတ်လျား ဖြင့် မနေသင့်ပါ။ ပညာကို မကြိုးစားဘဲ လတ် လျား လတ်လျားဖြင့် အချိန်တွေ ဖြုန်းခဲ့ပါလျှင် ပညာရေးမှာ မတွင်ကျယ်ရုံမျှမက ကြီးလာသော အခါ၌ ခွေးဝဲစား၊ခွေးအိုကြီးများလို လူတောသဲ အဝင်မခံသည့် ဘဝမျိုးသို့ ရောက်တတ်ပါသည်။

ခေါင်းကလေးများသည် အတောင်အလက် မစုံခင် ငယ်စဉ်ကာလ၌ လှုပမှုမရှိ၊ အရုပ်ဆိုး သော်လည်း အတောင်အလက် စုံလင်သောအခါ အလွန်လှုပပြီး မြင်သူတိုင်းက နှစ်သက်မြတ်နိုး သော ဘဝသို့ ရောက်ရှိမြဲဖြစ်၏။ ထိုနည်းတူ စာ သင်သားတို့၏ ဘဝမှာ ပညာရှာခိုက် လူတွေက အာရုံစိုက်ခြင်း မခံရသေးသော်လည်း ပညာစုံ လာသောအခါ လူကိုင်းမက်သော ခေါင်းကဲ့သို့ ကြည်ညိုအားပေးသူ ရှိလာမြဲ ဖြစ်ပါသည်။ သို့ဖြစ်၍ အချိန်ကို မဖြုန်းတီးဘဲ ပရိယတ္တိစာပေ ကို ကြိုးစားအားထုတ် သင့်ကြပါသည်။ စာသင် သား တာဝန် အောက်သက်က ကျေပွန်မှ အနာ ဂတ် သာသနာမှာ ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်လာနိုင်ပါသည်။ သတိရှိတော်မူကြပါ။

သယ်ပိုးရန် တို့မှာ တာဝန်ရှိနေပါကလား'ဟူ၍ သဒ္ဒါပေါက် လာကြပါမည်။ ဤအချက်ကို တောလက်ကျေးရွာမှ ဒကာ-ဒကာမများ သတော ပေါက်ထားသင့်ကြပါသည်။

တောဒကာ မြို့ဒကာ ၂မျိုး ရှိသည့် အနက် တော ဒကာတွေက စာသင်သားကို မွေးထုတ်ပေးကြ၏။ မြို့ဒကာများက တောမှ တက်လာသော စာသင်သား ကိုယ်တော်ကလေး များကို ဆွမ်းလောင်းလှူ၍ ထောက်ပံ့ကူညီကြ၏။ နှစ်ဦးလုံး တာဝန်ကျေသည်ဟုပြောနိုင်၏။ စာသင် သား ဘဝ၌ လိုအပ်သော သက်နှံး၊ ပရိက္ခရာ စသည်တို့ကို ဆရာသမားများက အတတ်နိုင်ဆုံး ထောက်ပံ့သင့်၏။ စာအုပ်စာတမ်း စသည့် လိုအပ် သော ကိစ္စများကို တောရောမြို့ပါ ဒကာနှစ်ဦး လုံးက ဝိုင်းဝန်းကူညီသင့်ကြ၏။ စာသင်သားတို့ အနေဖြင့် ပရိယတ် စာပေသင်ကြားမှုကို ပေါ့ပေါ့ ဆဆမနေဘဲ သတိ ဝီရိယ ဇွဲမာန်အပြည့်ဖြင့် ကြိုးစားသင့်ကြ၏။ အထူးသဖြင့် မိဘဆွေမျိုးနှင့် ရပ်ရွာ ဒကာဒကာမများ၏ စားဝတ်နေရေးကို ထည့်တွက်စေချင်၏။ ရာသီဥတုအခြေအနေ၊ သီးနှံ ရမှု၊မရမှုစသည်တို့ကို အလဟဿ မဖြစ်စေဘဲ စေ့စေ့စပ်စပ် လေ့လာကာကြိုးစား အားထုတ် သင့်ကြပါသည်။

ဤကဲ့သို့ ဆရာဒကာနှင့် တပည့်စာသင်သားတို့ အသီးသီး တာဝန်ကိုယ်စီ ထမ်းဆောင်သွားကြ မည် ဆိုပါက ပရိယတ္တိသာသနာတော်ကြီး နေလို လလို ထွန်းလင်းတောက်ပပါလိမ့်မည်ဟု ယုံကြည် ချက်အပြည့်ဖြင့် ဤဆောင်းပါးကို ရေးသား လိုက်ရပါသတည်း။ ။

မဂဓိ–သာစည်

အဓိပတိလေးပါးဆောင်ပုဒ်

၁။ ဆန္ဒကဲ့မို့၊ ငါသို့သသူ၊ ပြုမူဆောင်ရာ၊ အဖြာဖြာသည်၊ ဘယ်မှာမပြီး၊ရှိအုံနည်း။
၂။ ဇီရိယကဲ့မို့၊ ငါသို့သသူ၊ ပြုမူဆောင်ရာ၊ အဖြာဖြာသည်၊ ဘယ်မှာမပြီး၊ရှိအုံနည်း။
၃။ စိတ်ဓာတ်ကဲ့မို့၊ငါသို့သသူ၊ပြုမူဆောင်ရာ၊ အဖြာဖြာသည်၊ ဘယ်မှာမပြီး၊ရှိအုံနည်း။
၄။ ပညာကဲ့မို့၊ ငါသို့သသူ၊ ပြုမူဆောင်ရာ၊ အဖြာဖြာသည်၊ ဘယ်မှာမပြီး၊ ရှိအုံနည်း။

မင်းကွန်းတိပိဋကဓရရာတော်ဘုရားကြီး

ရုပ်ပြကာတွဲ ၂၃

ဇာတကတွင် မိထိလာပြည့်ရှင် ဘုရင် ဝိဒေဟ ရာဇ် နန်းစံစဉ်က အမတ်လိမ္မာ သုခမိန် မဟော သဓသည် မင်းနှင့်တိုင်းပြည်ကိစ္စအဝဝကို ချော မောအောင်မြင်ရန် စွမ်းဆောင်နိုင်သဖြင့်ခြီးကျူး မြောက်စားခံရသည်။ စာဖတ်သူ ခေတ္တသတိချပ် ၍ မှတ်သားပါ။

မန္တလေးမြို့တွင် မစိုးရိမ်ပရိယတ္တိစာသင်တိုက် ကြီးသည် ထင်ရှားကျော်ကြား၍ မြန်မာတစ်ပြည် လုံး မြို့ကြီးမြို့ငယ်အသွယ်သွယ်တွင် မစိုးရိမ်ထွက် ဆရာဘော်များ သာသနာပြုလျက်ရှိကြရာအောင် မြင်မှုပန်း အစဉ်ပွင့်လန်းလျက်ရှိပါပေသည်။ အဘိ ဓဇမဟာရဋ္ဌဂုရု မစိုးရိမ်သာသနာပိုင် ဆရာတော် ကြီးသည် သက်တော် ၉၀ စွန်း၍ အိုမင်းမစွမ်း ရှိလာသောအခါ အေးလွန်းပူလွန်း အစွန်းရောက် သော ရာသီဥတုဒဏ် နှိပ်စက် မခံစေလိုသော ကြောင့် တပည့်ရင်း လူပျံတော်ပတ္တမြားဦးမောင် မောင် က ခယရိုကျိုးစွာ ပင့်ဆောင်၍ ရန်ကုန် မြို့တွင် သီဘင်းသုံးစေပါသည်။ တပည့်၏ ဆန္ဒကို လိုက်လျောရန် ဆရာတော်ကြီးက ပဓာနလိုအင် တစ်ခု တောင်းဆိုမှုပြုသည်။

ယင်းမှာ ဗုဒ္ဓမြတ်စွာ၏ နိကာယ်တော်များ မပျောက်မကွယ် တည်တံ့နေစေရန် ရန်ကုန်တွင် သံဃာတော်များ စာပြန်ပွဲလုပ်ပေးနိုင်ဖို့ဖြစ်သည်။ ဒကာတော် ဦးမောင်မောင်သည် ဝမ်းမြောက် ရိုသေစွာခံယူ၍ ရန်ကုန်သို့ ပင့်ဆောင်ပြီးလျှင် ဆရာတော်ကြီးအဘွက် သပွါယ အမျှဆုံး နေရာ ရှာဖွေရင်း သူ့အိမ်ဝင်းမှာပင် သီတင်းသုံးရန် စီစဉ်ခဲ့ပါသည်။

ဆရာတော်ကြီး၏ ဆန္ဒ စာပြန်ပွဲ ကျင်းပရန် အတွေ့အကြုံရှိသူ ဦးမောင်မောင်သည် ဦးဉာဏ် နှင့် တိုင်ပင်သည်။ ဦးဉာဏ်သည် 'ဝိနည်းသည် သာသနာ့အသက်' ဟု ခံယူချက် အသည်းစွဲခဲ့၍ ရွှေ ကျင်စံကင်းဆရာတော်၊ ပခုက္ကူဆရာတော်၊ မစိုး ရိမ်ဆရာတော်၊ တောင်မြို့ ဂန္ဓာရုံဆရာတော်တို့၏

ဩရိယစွမ်းသလောက် ထုမြောက်မည်။ ဤအသိဖြင့် ဆရာတော်ကြီးထံ ခွင့်ပန်သည်။

ဆရာတော်ကြီး၏ စေတနာမှာ ဖြည့်စွမ်းသူဒကာများအား ငဲ့ညှာ၍ တာဝန်မကြီးစေလိုပေ။ ယင်းသို့ ညှိနှိုင်းဆွေးနွေးမှုဖြင့် ဝိနည်းငါးကျမ်း ပြန်စာလုပ်သာအား အမိုဆော်၍ စာပြန်ပွဲ အားကုံရေးဖြေ ဆယ်ရက် သတ်မှတ်ကြကာ ဆန္ဒရှိသူ ပုံပိုးကူညီသူကို စုပေါင်း အကြုံးဝင်ဖြင့် ဆရာတော်ကြီး သပ္ပါယမျှ၍ သီတင်းသုံးရာ ရန်ကုန်မြို့တွင် နိကာယ် စာပြန်ပွဲ ဖြစ်မြောက်ရန် သေချာ၍ ကြေညာနိုင်ပေပြီ။

နိကာယ်ကျမ်းများ ကျမ်းအိပ် မဖြစ်စေလိုသူ မဒုံးရိုမ်ဆရာတော်ကြီး၊ ဆရာ့ အလိုဆော်ကျင်စဉ်ပေးသူ ဒကာ ပတ္တမြား ဦးမောင်မောင်၊ ဖြစ်မြောက်အောင် ဆောင်ရွက်သူ ဦးညွှတ်၊ ယင်းသုံးဦးစီ ဆွေးနွေးညှိနှိုင်းမှု အခြေခံကြောင်း နိကာယ် စာပြန်ပွဲ အကျိုးဆက်ပေါ်လာပေပြီ။ ဆောင်ရွက်ဖြစ်မြောက်နိုင်ရန်အခုစိုင်ကားများလှပေသေး၏။

ကျေးဇူးရှင် ဆရာတော်ကြီးသည် စာပြန်သံဃာများနိုကာယ်ကျမ်းများကိုလေ့လာသင်ဘုံ ကျက်မှတ် ပြန်ဆိုနေသူငှင် တရားဟော်များ မကွယ်ပျောက် တည်တံ့မည်။ တစ်နှင်လျှင် တစ်ကျမ်းမျှ ပြန်ဆိုနိုင်ကကျေနပ်မှုသည်။ သို့သို့ပြန်ဆိုနိုင်ရေးအတွက် ဦးစွာ လုံဆောင်ရသူများတွင် တာဝန်ကြီးသည်။ သို့ကြောင့် တစ်နှစ်တစ်ကျမ်း သင်လောက်ပြီ ယူဆသည်။

စာမေးပွဲဆောင်ရွက်သာ ဦးညွှတ်တွင် အောက်မြင်စွာဆောင်ရွက်နိုင်သည့် သူနှင့် သဒ္ဓါဘူး၊ စေတနာတူ၊ ဝါသနာတူရောင်းရင်းများရှိ၍ ဆွေးနွေးကြရာ နိကာယ် ငါးရပ်တွင် ဝိနည်းငါးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်း၊ ဒဓခြား နိကာယ်များ သုံးကျမ်း၊ အုပ်ရေအားဖြင့် ၅ အုပ်၊ ၄ အုပ်၊ ၃ အုပ် အသီးသီးရှိ၍ တစ်နှစ်တစ်ကျမ်း၊ တစ်နှစ် တစ်နိကာယ် ပြန်ဆို သွားနိုင်ပါလျှင် စာပြန် သံဃာအတွက် ကြာဏ် မင်းကွန်းဆရာတော် ဦးဝိစိတ္တသာရ ပုဂ္ဂိုလ်သည်ကား ဆိုလျှင် အလုပ်တစ်ခု ဆောင်ရွက်ဖွယ်ပေါ်ပေါက် လာပါက စေတနာထား၍ ကြည့်သည်။ ဆောင်ရွက်နိုင်မည်များကို သုံးသပ်သည်။ ဆောင်ရွက်နိုင်ရန် စီစဉ်သည်။ အားလုံးခြုံ၍ ဝေဖန်သည်။အပြစ်အနာအဆာများကို ဖယ်ထုတ်သည်။ စင်းလုံးချောဖြစ်အောင် ကြစည်သည်။

ကြီးအား ဆန္ဒအား ဖြစ်ခြင်းက် အောင်မြင်စေရန် လုံးပန်းစွမ်းဆောင်ပါဟု မင်းကွန်း ဆရာတော်အား ဘာဝနာပေးအပ်ခဲ့ပါသည်။

ထိုသို့မိန့်မြွက်တော်မူသည့် စကားလုံးကို ထုတ်နုတ်၍ ''ရှင်မဟာသဓာ'' ခေါင်းစဉ် အမည်တပ်လိုက် ရပါသည်။

စွမ်းဆောင်အောင်မြင်မှုပေါင်း များစွာတို့အောင် များပြားထွေထူးလှသော ဆရာတော်၏ လုပ်ဆောင်ချက်များထဲမှ တစ်ကွက်သော အောင်မြင်မှုကို ရွေးထုတ်ကာ ကျေးဇူးရှင် ဆရာတော်ဘုရား၏ ''ဒုတိယ သုံးနှစ်မြောက် စာစောင်'' တွင် ရိုးသေ ဦးညွတ်ကာ နိကာယ် သာသနာတော် ထွန်းကားရေးအသင်းက ကန်တော့ပန်းဆင်လိုက်ရပါသည်။

ဦးဒိုး
အတွင်းရေးမှူး
နိကာယ်သာသနာတော်
ထွန်းကားရေးအသင်း၊ရန်ကုန်မြို့။

မရွှော်နိုင်က အပြစ် အနည်းဆုံး မဆိုစလောက် ရောက်အောင် ဆန်ကာတင်သည်။အားလုံးသန့်စင်ပြီ ဆိုမှ အဓကောင်းဆုံး မှတ်မံ၍ အသုံးချရန် ပေးအပ်သည်။ ယင်းသို့ တာဝန်သိ၍ တာဝန်ရှိစွာ တာဝန် မငြိစေဘဲ တာဝန် ဖြည့်ဝတ်သော မင်းကွန်းဆရာတော်၏ လက်ရာကို မစိုးရိမ် ဆရာတော် ကြီးသည် နှစ်ခြိုက်စွာ လက်ခံ ဆောင်ရွက်တော် မူခဲ့ပေသည်။

ဤသို့ဖြင့် ရန်ကုန်မြို့တွင်ဆရာတော်ဦးဝိစိတ္တ-သာရ သွန်းထုကာ စင်တင်၍ထင်ပေါ်လာခဲ့သော် နိကာယုဇ္ဇောတကသမ်တိ၊ နိကာယ် သာသနာတော် ထွန်းကားရေး အသင်း၊ နိကာယ်ငါးရပ် စာလျှောက်မေးပွဲ၊နိကာယဘာဏက၊ ဓမ္မတ္ထဝိသာရဒ၊ နိကာယ ဓမ္မာစရိယ၊ နိကာယ အဂ္ဂမဟာ ဓမ္မာစရိယဟူသော အမည်တော်၊ ဘွဲ့တော်များဖြင့် နှစ်စဉ် ကျင်းပသာခဲ့သော စာလျှောက်မေးပွဲတစ်ခုသည် ကျေးဇူးရှင် မစိုရိမ်ဆရာတော်ဘုရားကြီး လူ့ပြည်ငြီး၍ သုဂတိ ဘုံနန်း စံမြန်းတော်မူခဲ့ပြီးသော်လည်း၊ စဉ်ဆက်ပြတ် ကျင်းပဆင်နွှဲကာ ဆယ်စုနှစ် လွန်မြောက်၍ ဒုတိယ ဆယ်စုနှစ်တွင်း ချဉ်းနင်း ဝင်ရောက် လာခဲ့ပါပြီ။

စာရှူသူ။ဇာတက အစ စာကြောင်းကလေးကို ပြန်၍ သတိပြုပါ။ ဝိဒေဟရာဇ်ဘုရင်၏ လိုအင်ကို သုခမိန် မဟာသဓာ အောင်မြင်အောင် ဆောင်ရွက် နိုင်သကဲ့သို့ နိကာယ် သာသနာတော် ထွန်းကားရေး အသင်း ပေါ်ထွန်းလာရန် ကျေးဇူးရှင် အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော်ဘုရားကြီးသည် မင်းကွန်း ဆရာဘော် အဘိဓဇမဟာရဋ္ဌဂုရု ဦးဝိစိတ္တသာရာဘိဝံသ (တိပိဋကဓရမဟာဇလ္လာဂ ရ်က)အား' ဘုရင်ဝိဒေဟရာဇ် အလိုတော်ကျ-မဟောသဓာ အမတ်လိမ္မာ ဆောင်ရွက်သလို'' ယင်းစကားလုံး အတိုင်း ထွတ်ခေါ်ခဲ့၍ ဆရာတော်

‘‘မင်းကွန်းတိပိဋကနိကာယ သာသနာပြုအဖွဲ့ကြီး တည်ထောင်၍ သာသနာ ပြုခဲ့သည်မှာ ခြောက်နှစ်ခရီးသို့ ရောက်ခဲ့ပေပြီ။ ဤသို့ တိပိဋကခရတွေ၊ နိကာယဓရတွေ ပေါ်ပေါက်လာအောင် ပြုစုပျိုးထောင်ပေးခဲ့ကြောင့် ဘယ်လိုမျှား သာသနာဘော်ကို ကျေးဇူးပြုနိုင်ပါ့မည်နည်း။’’

ကျွန်တော်သည် ဉာဏ်ထောက်မိသမျှ ကြံစည်တွေးဆလေ့လာကြည့်ပါသည်။ အဖြေကို ရရှိပါသည်။ သို့သော် ကျွန်တော်ကြံစည်၍ ပေါ်ထွက်လာသော လူပြိုန်းတွေး တွေးကြံထားသည့် အဖြေသည် ဟုတ်ပါသည်၊ မှန်ပါသည်-ဟု ကျွန်တော်

မဆုံးဖြတ်နိုင်သေးဘဲ ဖြစ်နေပါသည်။ သို့ဖြစ်နေသောကြောင့် ကျွန်တော်၏အဖြေကို တိပိဋကနိကာယသာသနာပြုအဖွဲ့ကြီး၏ ဒုတိယသုံးနှစ်ခရီးစာစောင်မှတစ်ဆင့် စာရှူသူ ပညာရှင်များထံသို့ တင်ပြ အစီရင်ခံလိုက်ရပါသည်။

သာသနာရေး ဦးစီးဌာန၏ အဓိကအလုပ်

ကျွန်တော်သည် သာသနာရေးဦးစီးဌာနတွင် အထူးအရာရှိ၊ သာသနာ့ ညွှန်ကြားရေးဝန် ညွှန်ကြားရေးမှူးချုပ်စသည်ဖြင့်နှစ်ပေါင်းများစွာ တာဝန်များကို ထမ်းဆောင်ရသူဖြစ်သောကြောင့် သာသနာရေးဦးစီးဌာန၏ အဓိကအလုပ်တာဝန်၊ တစ်ခုဖြစ်သည့် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ မြန်မာပြန်နှင့် အထွေတွေကျမ်းစာများကို စိစစ်လေ့လာကြည့်ပါသည်။ ရိုက်နှိပ်ပြီး မည်မျှရှိသနည်း။ မည်မျှကျန်သေးသနည်း။ မည်မျှ ထပ်မံရိုက်ရဦးမည်နည်း စသည်ဖြင့် စိစစ်သောအခါ ပါဠိတော် မြန်မာပြန်ကျမ်း နှစ်ဆယ့်ရှစ်အုပ်ရှိသည်။ ယင်းတို့ကို အပြီးသတ် အချောရိုက်နှိပ်ပြီးဖြစ်သည်။

အဘိဓမ္မာ ပိဋကမှ ဓမ္မသင်္ဂဏီ ပါဠိတော်နှင့် ကထာဝတ္ထုပါဠိတော်၊ ကထာဝတ္ထုပါဠိတော် မြန်မာပြန်ကျမ်းများ ရိုက်နှိပ်ပြီးဖြစ်သည်။

ဝိဘင်းပါဠိတော်မှာ ပထမတွဲရိုက်နှိပ်ထုတ်ဝေပြီးဖြစ်၍ ဒုတိယတွဲကို အချောသပ် တည်းဖြတ်ပြင်ဆင်၍ ရိုက်နှိပ်ရန် ပုံနှိပ်တိုက်ပို့ထားဆဲ ဖြစ်သည်။

ပုဂ္ဂလပညတ်ပါဠိတော်ကို မတည်းဖြတ် မပြင်ဆင်ရသေးကြောင်းနှင့် ဓာတုကထာပါဠိတော်၊ ယာမကပါဠိတော်၊ ပဋ္ဌာနပါဠိတော်များမှာ ပြည့်စုံလွန်းသည့် အရကောက်ကျမ်းများ ရှိပြီး ဖြစ်သောကြောင့် မြန်မာပြန်ကျမ်းအဖြစ် သီးသန့်ပြန်ဆိုရိုက်နှိပ်ခြင်း မပြုကြောင်း သိရသည်။

ဝိနည်းပိဋကက မြန်မာပြန်မှာ အားလုံး အပြည့်အစုံ ရိုက်နှိပ်ပြီးဖြစ်သည်။

သုတ္တန်ပိဋကမှ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရ နိကာယ်နှင့် ခုဒ္ဒကနိကာယ်ဝင်ခုဒ္ဒကပါဌ၊ဓမ္မပဒ၊ကွတ်ဝုတ္တက၊ဥဒါန်၊ သုတ္တနိပါတ၊ ဝိမာန်ဝတ်၊ ပေတဝတ်၊ ထေရဂါထာ၊ ထေရီဂါထာ၊ အပဒါန်၊ စရိယပိဋကက၊ ပဋိသမ္ဘိဒါမဂ္ဂ၊ မိလိန္ဒ ပဉ္ဟာဟူ၍ ပါဠိတော် ကျမ်းကြီးများစွာ မြန်မာပြန်ဆို ရိုက်နှိပ်ပြီး ဖြစ်သည်။

ဇာတကပါဠိတော် မြန်မာပြန်ဆို ရိုက်နှိပ်ရန် ပုံနှိပ်တိုက်ပို့ထားဆဲဖြစ်သည်။

မဟာနိဒ္ဒေသ ပါဠိတော်မှာ မြန်မာပြန်ဆိုပြီး အချောသပ် ပြင်ဆင်နေဆဲမှာ ရပ်ထားရသည်။

စူဠနိဒ္ဒေသ ပါဠိတော်ကို မဆက်ရသေးကြောင်း သိရှိရပါသည်။

နေတ္တိပါဠိတော်နှင့် ပေဋကောပဒေသ ပါဠိတော်တို့မှာ ဝေးလှသေးကြောင်းကိုလည်း သိရှိရပါသည်။

တန်ဖိုးရှိလှသော မဟာနိဒ္ဒေသ

ဤတွင် အချောသပ် ပြင်ဆင်နေဆဲ ရင်ထားရသည့် ဟူသော မဟာနိဒ္ဒေသ ပါဠိတော်အကြောင်းကို ကျွန်တော် လေ့လာစိစစ်သော အခါ အံ့မခန်းအောင် ထူးဆန်းလှသော သမိုင်းဇာတ်လမ်းကို သိရှိခွင့် ရရှိပါတော့သည်။

ယင်း မဟာနိဒ္ဒေသပါဠိတော် ကျမ်းကြီးမှာ မြင်စွာဘုရားရှင်ဟောကြားတော်မူသည့် သုတ္တန်-ပါဠိတပါဠိတော်လာ ကာယသုတ် စသော သုတ်

တော်(၁၆)ဆူကို မြတ်ဗုဒ္ဓ၏ တပည့်သာဝကများ ထင်ရှားပေါ်လွင် သိမြင်နိုင်ကြစေရန် လက်ယာတော်ရံ တရားစစ်သူကြီး အရှင် သာရိပုတ္တရာကိုယ်တော်တိုင် ဖွင့်ဆို ဟောကြားတော်မူသည့် ကျမ်းကြီးဖြစ်ကြောင်း သိရှိရပါသည်။

မြတ်စွာဘုရားရှင်က လူနတ်ဗြဟ္မာ သတ္တဝါတို့အား တရားရအောင် အမြိုက်ဆေးကို တိုက်ကျွေးဟောကြားတော်မူရာတွင် အခြားဘာသာဟူသမျှကား များဖြင့် မဟော်ဘဲ မာဂဓ(ပါဠိ)ဘာသာဖြင့် ဟောကြားတော်မူခြင်းမှာ မာဂဓ(ပါဠိ)ဘာသာသည် အခြားဘာသာဝေါဟာရများထက် ပရိယာယ် ဝေါဟာရ ကြွယ်ဝပေါများသော ဘာသာစကား ဖြစ်သောကြောင့် 'ဂမ္ဘီရနိပုဏသုခုမ' နက်နဲသိမ်မွေ့ နူးညံ့သည့် အဓိပ္ပါယ်သဘောတရားအတိုင်းလျှင် ဖြစ်သော တရား တော် များကို မာဂဓ(ပါဠိ)ဘာသာဖြင့် ဟောကြားတော်မူခြင်း ဖြစ်ကြောင်းကို မဟာနိဒ္ဒေသ ပါဠိတော်ကြီး၊က သက်သေခံထားသည်ကို တွေ့ရှိရပါသည်။

မှန်လှပါသည်။ မဟာနိဒ္ဒေသပါဠိတော်ကြီး၌ မြတ်စွာဘုရားရှင် ဟောကြားတော်မူသော ပါဠိတော် ဝေါဟာရတစ်လုံးကို အရှင်သာရိပုတ္တရာက ထင်ရှားမပေါ်လွင်သည့် အခြားပါဠိဝေါဟာရ ပေါင်းများစွာဖြင့် ထပ်ကာထပ်ကာ ဆင့်ကာဆင့်ကာ ဖွင့်ဆိုဟောကြားထားသည်ကို ဖတ်ရှုကြည့်က သိနိုင်ကြပါသည်။

ယင်းသို့ ပရိယာယ် ဝေါဟာရ ကြွယ်ဝပေါများလှသော မာဂဓဘာသာ (ပါဠိ) ဝေါဟာရဖြင့် အဘူမဲ့ ပညာရှင် တရားဘုရင်ကြီး ဟောကြားတော်မူသည်ကို ဒုတိယအမြတ်ဆုံးပညာရှင် တရားစစ်ဗိုလ်ချုပ်ကြီးက ဖွင့်ဆိုတော်မူသည် ဖြစ်မပရာပရိယာယ်ဝေါဟာရ ကြွယ်ဝ များပြားလှသော မဟာနိဒ္ဒေသပါဠိတော်ကြီးကို (မာဂဓ ပါဠိဘာသာနှင့် နိုင်းစာလျှင်) ကျဉ်းမြောင်းသိမ်ငယ်ပေါကြွယ်သည့် ပရိယာယ် ဝေါဟာရ ရှိသော မြန်မာဘာသာဖြင့် ထိထိမိမိ ပိုင်ပိုင်နိုင်နိုင် ပြန်ဆိုနိုင်ရန် မလွယ်ကူဘဲ ခက်ခဲနေခြင်း ဖြစ်နိုင်သည်ဟု ကျွန်တော် တွေးမိပါသည်။

မဟာနိဒ္ဒေသပါဠိတော်ကြီး၏ အံ့သြဖွယ်ကောင်းသည့် သမိုင်းကြောင်း

ယင်းမဟာနိဒ္ဒေသပါဠိတော်ကြီး၏ သမိုင်းကြောင်းကို လေ့လာကြည့်သောအခါ လွန်စွာထူးဆန်း အံ့မခန်းနိုင်အောင် ဖြစ်ရပါတော့သည်။ အကျဉ်းချုပ်ကို ထုတ်ဖော်ပြပါအံ့။

သာသနသမိုင်း၌ ထင်ရှားလှသော တတိယသင်္ဂါယနာပွဲ ဆင်နွှဲပြီး စတုတ္ထသင်္ဂါယနာသဘင် မဆင်ယင်သေးမီအချိန် (သာသနာနှစ် ၃၅၀ မှ ၄၀၀)ခန့်အတွင်း၌စက္ကာလတိုဿခေါ် သာသနာမျက်ရှင် ဘုရားတစ်ပါး သီဟိုဠ်ကျွန်း၌ ပေါ်ပေါက်လာခဲ့ဖူးပါသည်။ (အဋ္ဌ၊ ၁၊ ၇၁) အချို့မှတ်တမ်းများ၌ စောရတိဿ-ဟု မှတ်သားကြပါသည်။ ဗြာဟ္မဏတိဿ ဟူ၍လည်း အမှတ်အသားရှိပါသည်။ (အဘိဋ္ဌ ၂-၄၂၇)။

ယင်း စက္ကာလတိဿသည် သတ်ဖြတ်ခိုးဆိုးလုယက်တိုက်ခိုက်ခြင်း အလုပ်များကို ပြုလုပ်ပြီး ရှင်ဘုရင် ဖြစ်လာခဲ့သည်ဖြစ်သောကြောင့် သူ၏ အသက်ကို သတ်ဖြတ်လျှင် အပြစ်ဖြစ်သည်။ သူတပါးပစ္စည်းကို မပေးဘဲ ယူလျှင် အပြစ်ရှိသည်။ သူတပါး ဇနီးမယား သားသမီးများကို မတရားကျင့်ကြံလျှင် အပြစ်ရှိသည်။ သေရည် သေရက်

မူးယစ်စာကို စားသုံးလျှင် အပြစ်ရှိသည်ဟူ၍ ဆုံးမညွှန်ကြားသောဗုဒ္ဓသာသနာတော်ကိုမကြည်ညို မလိုလားပေ။ သာသနာ့ဝန်ဆောင် ရဟန်းသံဃာများကို မကြည်ညို မလိုလားချေ။ ထို့ကြောင့် သာသနာကို ဖျက်ဆီးသည်။ သာသနာ့ဝန်ဆောင် ရဟန်းသံဃာများကို ညှဉ်းဆဲနှိပ်စက်သတ်ဖြတ်သည်။ ယင်းသို့ သာသနာတော်ကို ဖျက်ဆီးသည့် မင်းလက်ထက်၌ မိုးကြိုးစွာ ခေါင်၍ အစာရေစာ ရှားပါးသည့် ငတ်မွတ်ခြင်းဘေးလည်း ဆိုက်ရောက်လာသည်။

သာသနာ့ဝန်ထမ်း ရဟန်း သံဃာတော်များစွာသည် အိန္ဒိယပြည်ဘက်သို့ သမုဒ္ဒရာ ကူး၍ ကြွသွားကြရသည်။ အချို့ သီဟိုဠ်ကျွန်းမှာပင် နေခဲ့၍ တောတောင်များအတွင်း ပုန်းအောင်းနေကြရသည်။ ရဟန်းသံဃာများစွာ ပျက်စီးပျံလွန်တော်မူကြသည်။ ရဟန္တာပုဂ္ဂိုလ်ကြီးများစွာ ပရိနိဗ္ဗာန်စံတော်မူကြရပေသည်။

ယင်းသို့သော အခက်အခဲ အကျပ်အတည်းဘေးရန်အန္တရာယ် ထူပြောလှသော တစ်ဆယ့်နှစ်နှစ်တိုင်တိုင် ကြားမြင်စ့ဖွာသော အချိန်၌ မြတ်စွာဘုရားရှင်၏ ဒေသနာ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးဖြာ သာသနာဘော်ကို မပျောက်မပျက်စေရန် ခက်ခက်ခဲခဲဖြင့်ဆင်းရဲပင်ပန်းစွာ ရွက်ဆောင်တော်မူကြရပေသည်။

(အဘိဒ္ဓ ၂၊၄၂၆၊၄၃၂)။

ယင်း တရားဒေသနာတော်များအတွင်းမှ ဤဆောင်းပါး အစဉ် ဖော်ပြခဲ့သော တရားဘုရင်ဘုရားရှင်၏ ပါဠိတော်ကို တရားစစ်သူကြီး အရှင်သာရိပုတ္တရာ ဖွင့်ဆိုတော်မူသော မဟာနိဒ္ဒေသပါဠိတော်ကြီးမှာ ပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့ရပါသည်။ မဟာနိဒ္ဒေသကျမ်းကို အလင့်ရဟန်းကြီးတစ်ပါးသာလျှင် ဆောင်ထား နိုင်ခဲ့ပါသည်။ အခြားရဟန်းတော်များ တစ်ပါးမျှပင် ဆောင်ထားခြင်း မရှိပါ။ ယင်း အလင့်ရဟန်းကြီးသာ ဆောင်မထားပါမူ မဟာနိဒ္ဒေသကျမ်းကြီး ပျောက်ကွယ်ရတော့မည် ဖြစ်ပါသည်။

ဤတွင် အလင့်ရဟန်းဟူသော စကားလုံး အဓိပ္ပာယ်ကို အနည်းငယ်မျှ ရှင်းပြပါရစေ။ အလင့်ရဟန်းဟူသည်မှာ 'အရှက်မဲ့ရဟန်း'ဟု မြန်မာပြန်ရပါမည်။ ပါရာဇိက အာပတ်မှတစ်ပါး အခြားအာပတ်များ သင့်ရောက်နေလျက် ဝိနည်းသိက္ခာပုဒ်များကို ကျူးလွန် ချိုးဖောက်နေသည့် ရဟန်းဟူ၍ ဆိုလိုပါသည်။

ယင်းသို့ အလင့်ရဟန်းတော်ကြီး တစ်ပါးတည်းသာ မဟာနိဒ္ဒေသ ပါဠိတော်ကို ဆောင်ထား၍ အခြားပုဂ္ဂိုလ်များ မဆောင်နိုင်ကြောင်းကို သိရှိတော်မူသော မဟာတိပိဋကထေရ်ကြီးက မိမိတပည့်ဖြစ်သူမဟာရက္ခိတမထေရ်ကုံအလင့်ကြီး ထံသွား၍ မဟာနိဒ္ဒေသကျမ်းကို သင်ယူရန် တိုက်တွန်းတော်မူသည်။

မဟာရက္ခိတ ထေရ်က ''အလင့်ရဟန်းထံ တပည့်ခံ၍ မသင်ယူလိုပါ'' ဟု ငြင်းဆိုလျှောက်ထားသည်။

ထိုအခါ မဟာတိပိဋကထေရ်ကြီးက ''ငါ့ရှင် သင်ယူပါ၊ သင်ယူနေချိန်မှာ တပည့်တော် သင်၏အနီးမှာ နေပါမည်'' ဟု အားပေးစကား မိန့်ကြား၍ တိုက်တွန်းတော်မူသည်။

ထို့ကြောင့် ''ယင်းသို့ဆိုလျှင် သင်ယူပါမည်ဘုရား'' ဟူ၍ မဟာနိဒ္ဒေသပါဠိတော်ကို အလင့်ရဟန်းကြီး ထံမှာ သင်ယူသည်။ သင်ယူခဲ့၍

နောက်ဆုံးနေ့တွင် ယင်း အလင်္ဂီရဟန်းတော်ကြီး ခုတင်အောက်မှာ မိန်းမ တစ်ယောက်ကို တွေ့မြင်ရသည်။

ထိုအခါ သင်ယူခဲ့သော မဟာရက္ခိဘထေရ်က "အရှင်ဘုရား တပည့်တော် ယခင်က ကြားဖူးရုံမျှသာ ဖြစ်ပါသည်။ ယခုလို မျက်မြင်မဟုတ်ပါ၊ ယင်းသို့သာ သိခဲ့လျှင် မသင်ယူပါဘုရား" ဟူ၍ ပြောဆို လျှောက်ထားလေသည်။

နောင်သောအခါ၌ မျှားစွာသော မဟာထေရ်ကြီးတို့သည် မဟာရက္ခိတ ထေရ်ထံမှ တစ်ဆင့် မဟာနိဒ္ဒေသပါဠိတော်ကို အဆင့်ဆင့် သင်ယူတော်မူကြပြီး အစဉ် အဆက် ယနေ့ ထက်တိုင် မဟာနိဒ္ဒေသပါဠိတော်ကို တည်ရှိနေစေခဲ့ကြခြင်း ဖြစ်သည်ဟူ၍ မှတ်သားခဲ့ရပါသည်။

(ဝိဇ္ဇ ၂-၂၇၇)

ဤတွင် ကျွန်တော် လေးလေးနက်နက် ဆင်လက် တွေးတောမိသည်မှာ သာသနာတော်၌ အည့်ဆုံး အမျိုးအစားဖြစ်သည့် အလင်္ဂီ ရဟန်းကြီးသည်ပင်လျှင် မဟာနိဒ္ဒေသ ပါဠိတော်ကို ဆောင်ထားကာ သာသနာ့အကျိုးကို သယ်ပိုး၍ သာသနာတော်အကျိုးတရားကို ဖြစ်ပွားစေနိုင်ခဲ့သေး၏။ လင်္ဂီပေသလ သိက္ခာကာမ သီလဝန္တ ဖြစ်တော်မူကြသော တိပိဋကဓရ၊ နိကာယဓရ ပုဂ္ဂိုလ်ကြီးများကမူ အဟော၀တ ပြောပြ၍မကုန်နိုင်အောင် သာသနာတော်အကျိုးကို သယ်ပိုးရွက်ဆောင်တော်မူနိုင်ပေလိမ့်မည်တကား--ဟူ၍ ဆင်ခြင်မိပါကြောင်းကို စာရှုသူ ပညာရှင် သူတော်စင်တို့အား ရေးသား တင်ပြအပ်ပါသတည်း။

ဦးကြည်ညွှန့် (စစ်ကိုင်း)

သပ္ပုရိသဒါန (၅) ပါး

၁။ သဒ္ဓါကြည်ရွှင်၊ လှူဒါန်းလျှင်၊ ရုပ်သွင်အဆင်းလှ။
၂။ ရိုသေလှူငြား၊ သူ့စကား၊ အများနာယူကြ။
၃။ အခါသိသဖြင့်၊ လှူတုံလင့်၊ ချိန်သင့်ကောင်းကျိုးရ။
၄။ မစွန်းငြိတောင်း၊ လှူတုံရှောင်း၊ အကောင်းသုံးဆောင်ရ။
၅။ မထိမပါး၊ လှူတုံငြားမူ၊ ထိုသည့်သူ၏၊ ပြောထူမျှားပြား၊ စည်းစိမ်အား၊ ငါးပါး ရန်မခ။

သပ္ပုရိသ ဒါနကျိုးဆက်၊ ဤငါးချက်၊ နှုတ်တက်ဆောင်ကုန်ကြ

မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး
(၂-၃-၅၂)

ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော် မူပြီးသည့် နောက် နှစ်ပေါင်း ၄၉၅နှစ်၊ (မဟာဝင်ကျမ်း နှင့် သာရသင်္ဂဟ ကျမ်းအလို ၄၅၀)ရောက်သော အခါ သီဟိုဠ်ကျွန်း မင်းဆက် (၁၈)ဆက်မြောက် သဒ္ဓါတိဿ မင်း၏ သားတော် ဝဋ္ဋဂါမဏိမင်း လက်ထက်တွင် ရဟန္တာ၅၀၀တို့သည် သီဟိုဠ်ကျွန်း မလယဇနပုဒ် အာလောကလိုဏ်ဌာ အဋ္ဌကထာနှင့် တကွသော ပိဋကသုံးပုံကို ပေထက်အက္ခရာ(စတုတ္ထ သင်္ဂါယနာ) တင်ခဲတော်မူခဲ့ကြသည်။ ဤ စတုတ္ထ သင်္ဂါယနာ ပေထက်အက္ခရာတင်ရခြင်း၏ရည်ရွယ် ချက်မှာ နောင်လာနောက်သားတို့ သတိပညာနှင့် သမာဓိဘာရား နည်းပါးဆုတ်ယုတ်ကြမည်ကို သိမြင် တော်မူကြသဖြင့် ယခုကဲ့သို့ ပေထက်အက္ခရာ (စတုတ္ထသင်္ဂါယနာ) တင်တော် မူခဲ့ကြသည်ဟု ဆို၏။

ထိုအရှင်တို့သည် အမြော်အမြင် ကြီးမားတော် မူကြပါပေသည်။ ဤကဲ့သို့သာ ပေထက်အက္ခရာ တင်၍ မဆားခဲ့လျှင် စာရေးသူတို့ခေတ် ဖြစ်သည့် ယခု အချိန်အခါထိအောင် ပိဋကသုံးပုံသည် ရှိကောင်းမှ ရှိခဲပေတော့မည်။ ကျန်ကောင်းမှ ကျန်ပေ လိမ့်မည်။ မြတ်စွာဘုရား ဟောကြားတော် မူသော တရားဒေသနာတော်ကို တစ်ဂါထာမျှ ရွတ်ဆိုနိုင်လျှင် အသပြာ တစ်သိန်း ပေးမည်ဟု မောင်း၊ စည်တီး၍ ကြေညာရမလောက် ဖြစ်ခဲ့ လိမ့်မည်။အကြောင်းမှာ ဤ စာရေးသူတို့ခေတ်၌ များသောအားဖြင့် အဋ္ဌကထာနှင့် တကွသော

ညီညီညာညာ
သာသနာပြုကြပါစို့
ဘဒ္ဒန္တအာစရ၊ ဝန်းသို

ပိဋကသုံးပုံကိုမဆိုထားဘိ ဝေယ်၊ လတ်၊ ကြီး စာမေးပွဲများ၌ ပြဋ္ဌာန်းသော ကျမ်းစာမျှလောက်ကိုပင် ကောင်းစွာ ကြိုးစားယူကြရပေသည်။

ထို့ပြင် သတိ၊ ပညာ၊ သမာဓိတို့သာ နည်းပါးသည် မဟုတ်။ သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယတို့လည်း နည်းပါးလာပါသည်။ ဥပမာ စာရေးသူတို့ခေတ်၌ စာသင်သား တစ်ယောက်သည် ပညာ သင်ကြားလို၍ စာသင်တိုက်သို့ ရောက်လာခဲ့၏။ သို့သော်လည်း ထို စာသင်သားအား စာအံ၊ စာကျက်ဖို့ကို အမြဲတမ်း လိုလို နှိုးဆော်တိုက်တွန်းနေကြရ၏။ အချို့သော စာသင်တိုက်များ၌ ဥပဒေဖြင့် တင်းတင်းကျပ်ကျပ် ဆောင်ရွက် ကြရသည်ကို တွေ့ဖူးကြပေလိမ့်မည်။

ဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ်က ရဟန်းတော်ဘို့မှာ ဘုရားရှင် ဟောကြားတော်မူသော တရားတော်တို့ကို တစ်ကြိမ်တစ်ခါ ကြားနာ ရုံဖြင့် ဘစ်လုံးဘစ်ပါဒ မကျန်အောင် မှတ်သားတော် မူနိုင်ကြသည်။ ရဟန်းတော်များကို မဆိုထားဘိ လူပုဂ္ဂိုလ်တို့ပင်လျှင် သတိပညာ ကောင်းသည့်အဆုံး၌ ယခုခေတ်ထက် သာလွန်ကြပေသည်။ ဥပမာ အဇာတသတ်မင်းကြီးသည် တိတ္ထိဆရာကြီးခြောက်ယောက် ဟောသော တရားများကို ဘစ်လုံးတစ်ပါဒ မကျန်အောင် ဘုရားရှင်အား လျှောက်ဘားနိုင်ခဲ့သည်။ အံ့သြဖွယ်ပင်။ ထိုစဉ်က အဇာတသတ်မင်းကြီးမှာ အသက် နှစ်ဆယ် ပတ်ဝန်းကျင် မျှသာ ရှိသေးသည်။ လူပုဂ္ဂိုလ်များပင် ဤမျှ သတိကောင်းလျှင် အရိယာ ပုဂ္ဂိုလ်တို့မှာ ဆိုဖွယ်မရှိခေတ်ဟုပြီ။ ယခုခေတ် အသိဉာဏ်(သတိပညာ)နှင့် နှိုင်းစာလျှင် ကွာချင်တိုင်းကွာ၍ နေခေပြီ။

အန္ဒရဓာန(ကွယ်ခြင်း)ငါးမျိုးတို့တွင် နံပါတ် (၁) အဝိဂမအန္ဒရဓာနခေါ် အသိဉာဏ်ကွယ်ပျောက်ခြင်းသည် တစ်စတစ်စနက်ရှိုင်းလာခဲ့ရာ ယခုစာရေးသူကို့ခေတ်၌ ပို၍နက်ရှိုင်းလာခဲ့သည် (၀၇) ပို၍ကွယ်ခဲ့သည်ဟု ဆိုစရာဖြစ်နေပေသည်။ ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရား အဘိညာဉ် သမာပတ် ဝိဇ္ဇာ စသည့်တရားများကို မဆိုထားဘိ ဘုရားရှင် ဟောကြားတော်မူသော တရားတော်တည်းဟူသော ပိဋကသုံးပုံကို မပင်မပန်း ခုမ်းချမ်းသာသာဖြင့် ရွက်ဆောင်နိုင်သူပင် ရှာမှရှားဖြစ်၍ နေပေပြီ။ စတုတ္ထသင်္ဂါယနာ (ပေထက်အက္ခရာ) တင် အရှင်မြတ်တို့သာ့ မပြေးကြည့်သကဲ့သို့ သိမြင်တော်မူကြပေသည်။

ယခုအခါ ကျွန်ုပ်သို့ သတိ၊ ပညာ၊ သမာဓိတရား နည်းပါးကြရသည်မှာ အရှင်သာရိပုတ္တရာ မထေရ်မြတ်အား ဘုရားရှင်ဟောကြားတော်မူသည့် အာသဝဋ္ဌာနိယတရားလေးပါး(အာသဝေါတရား တိုးပွားကြောင်းလေးပါး)တို့သည် ယခုအခါတွင် ဟိုတစ်ချိန်တစ်ခါကထက် ပိုမိုပေါများလှပေသလော့ဟု တွေးတောစရာ ဖြစ်ပါသည်။

သို့သော်လည်း အချိန်အခါအရ ကွယ်ပျောက်လေပြီးသော အသိဉာဏ်တို့ကို ပြန်လည်ဖြစ်ပေါ်လာရန် တောင့်တ၍ ရကောင်းသည်မဟုတ်။ ယခုခေတ် ယခုအခါ မိမိတို့၌ ရှိသမျှသော အသိဉာဏ်တို့ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန်သာ ဖြစ်ပါသည်။ ယခုအခါမင်းကွန်း တိပိဋကနိကာယသာသနာပြုအဖွဲ့ကြီးမှ ကမကထပြု၍ ပိဋကသုံးပုံဆောင်(တိပိဋက)ပုဂ္ဂိုလ်များ များများပေါထွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် များစွာ ဝမ်းသာအားရ ဖြစ်ရပါသည်။ တိပိဋကပုဂ္ဂိုလ်များလည်း ပေါထွက်ဆဲ၊ ပေါထွက်လတ္တံ့လည်း ဖြစ်ပါသည်။

"သာသနံပုညဝန္တသ၊ ပုညဝန္တာဝလဇ္ဈရေ" နှင့်အညီ ဘုရားရှင်၏ သာသနာတော်မြတ်ကြီးအား ပစ္စယ၊ ဓမ္မ နှစ်ဝ လုံလောက် ထောက်ပံ

"ကွတိ ခေါ ဘိက္ခဝေ နယ်ဒံ ဗြဟ္မစရိယံ လာဘသက္ကာရသိလောကာနိသံသံ" (မူလပဏ္ဏာသ၊ မဟာသရောပမာသုတ်-၂၅၇)

"ရဟန်းတို့ ဤဗြဟ္မစရိယတည်းဟူသော သာသနာတော်သည် လာဘ်ပူဇော်သက္ကာနှင့် ပြည့်စုံရုံအကျိုးမျှသာ မဟုတ်" ဟု ဟောတော်မူသည်နှင့်အညီ ထိုရဟန်းတော် ၆၀ တို့သည် ဇမ္ဗူဒီပ်(အိန္ဒိယ)သို့ ကြွတော်မူကြမည်ဆိုလျှင် ပစ္စည်းလေးပါးတို့၌ မငြိုငြင် မပင်မပန်းကြမည်ကို သိတော်မူကြသည်။ သို့သော်လည်း ပစ္စည်းလေးပါးကို မငဲ့ကွက် မိမိအသက်ကိုပင် မငဲ့ကွက်မူ၍ ဆင်းရဲငြိုငြင်ပင်ပန်းစွာဖြင့် သာသနာတော်ကြီးကို စောင့်ရှောက်တော်မူခဲ့ကြသည်။ ထိုရဟန်းတော်တို့အား မည်သူသည် မကြည်ညိုဘဲ ရှိပါအံ့နည်း။

ယခုအခါ စာရေးသူတို့ခေတ်၌ ပရိယတ်သင်ကြားကြရသည်မှာ ပစ္စည်းလေးပါးနှင့် ပတ်သက်၍ ပင်ပန်းမှုမရှိလှဘဲ ချမ်းသာလှပါသဲ့ဟု ဆိုရပါမည်။ များသောအားဖြင့် ပစ္စည်းလေးပါးတို့၌ ပြည့်စုံရုံတွင်သာမက ပိုလျှံသည်ကိုသာ တွေ့မြင်ရပါသဲ့။ ထို့ကြောင့် မိမိတို့ ရဟန်းတော်များဘက်မှ ပစ္စည်းလေးပါးအတွက် ကြောင့်ကြစိုက်စရာမလိုလှဘဲ ဘုရားရှင်၏ ပိဋကကျမ်းဂန်မကွယ်မပျောက် ထွန်းတောက်ပစေရန်အတွက် ကောင်းမြတ်သော သင်္ခါ၊ ဆန္ဒ၊ ဝီရိယတို့ဖြင့် သင်ကြားလေ့ကျက် ဆောင်ရွက်မှတ်သား၍ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားရန် ဆောင်ရွက်တော်မူကြဖို့ ဖြစ်ပါသည်။

ပစ္စည်းလေးပါးတို့၌ မတွယ်မတာ သာသနာပြုပုဂ္ဂိုလ်တစ်ဦး ပုံစံထုတ်ပြလိုပါသည်။ သီဟိုဠ်ကျွန်း၊ ပုနမ္မသုက မည်သော သူကြွယ်၏သား အရှင်တိဿသည် ပညာသင်ကြားလို၍ ငယ်စဉ်ကာလကပင် သီဟိုဠ်မှ ဇမ္ဗူဒီပ်(အိန္ဒိယ)သို့ ကူးသူတို့မှာ ဘုန်းကံကြီးမားသူဘို့အရာသာ ဖြစ်သည်ဟု ဆိုပါသည်။ မှန်လှပေ၏။ ဘုရားရှင်၏ သာသနာတော်ကို သန့်ရှင်း တည်တံ့ ပြန့်ပွားအောင် အားထုတ် လိုသူတိုင်းသည် သင့်တော်ရုံ စိတ်စေတနာမျိုးနှင့် မဖြစ်နိုင်။ ကြံ့ခိုင်သောစိတ်ဓာတ်၊ ကောင်းမြတ်သောသမ္မာဆန္ဒ၊ ဝီရိယရှိသူ၊ အဓိပတိပစ္စည်းတပ်သူတို့အရာသာ ဖြစ်သည်။ အကြောင်းမှာ ဤကဲ့သို့ ဘုရားရှင်၏ သာသနာတော်ကို သန့်ရှင်းတည်တံ့ပြန့်ပွားအောင် အားထုတ်လိုသူတိုင်းသည် ရဟန်း၊ ရှင်လူ မည်သူမဆို ကိုယ်ကျိုးစွန့်နိုင်သူသာ ဖြစ်နိုင်ပါသည်။

မိမိတို့ ရဟန်းတော်များဘက်မှ ကြည့်လျှင် လူဒါယကာများထက်ပင် ကိုယ်ကျိုးစွန့်နိုင်ရမည် ဖြစ်ပါသည်။ ဘုရားဟော ပိဋကတည်းဟူသော ပရိယတ်တိမမှကို ပုဒ်၊ ပါဠ် အကွာရာ မှန်ကန်စွာဖြင့် အပိုအလိုမရှိ၊ မယိုယွင်းရအောင် ဆောင်ရွက်ရသောအရာသည် လွယ်ကူသောအရာမဟုတ်။ အခက်တကာ့ အခက်ဆုံးဟု ဆိုချင်ပါသည်။ ထို့ကြောင့် မိမိတို့ ရဟန်းတော်များအနေဖြင့် ပလိဗောဓနည်းနိုင်သမျှ နည်းမှသာ တော်ကာကျပေမည်။

သီဟိုဠ်ကျွန်း၌ တစ်ချိန်သောအခါက စက္ကာလတိသဘေးကြောင့် ရဟန်းတော် ၂၀၀ တို့ ဇမ္ဗူဒီပ် (အိန္ဒိယ) သို့ ကြွတော်မူကြသော်လည်း ၆၀ မျှသော ရဟန်းတော်တို့သည် ဇမ္ဗူဒီပ် (အိန္ဒိယ)သို့ကြွတော်မမူကြဘဲ သီဟိုဠ်ကျွန်းမလယဇနပုဒ်သို့ ပြန်ကြွတော်မူကြပြီး ရသမျှသော အမြစ်အပွင့် အသီးတို့ဖြင့် မျှတခုံ ဘဉ်းပေးဇတ်မူကြလျက် ၁၂ နှစ်တိုင်တိုင် အဋ္ဌကထာနှင့်တကွသော ပိဋကသုံးပုံကို နှုတ်ဖြင့် သရဇ္ဈာယ်တော်မူကြရသည်ဟု ဆို၏။ ထိုဆရာတော်တို့ သာသနာတော်ကို စောင့်ရှောက်ဘော်မူကြပုံမှာ အံ့ချီးဖွယ်၊ ကြည်ညိုဖွယ် ဖြစ်ပါသည်။

ပြီးလျှင် အရှင်ယောနကဓမ္မရက္ခိတမထေရ်ထံ၌ ပရိယတ္တိဘည်းဟူသော ပိဋကသုံးပုံကို သင်ကြားတော်မူသည်။ အရှင်တိဿသည် ကာလအတန်ကြာ သင်ကြားပြီးမှ တတ်မြောက်ပြီအထင်ဖြင့် သီဟိုဠ်သို့ ပြန်ကြွတော်မူသည်။လျှဆိပ်သို့ရောက်မှ တစ်ခုသောပုဒ်၌ ယုံမှားသံသယရှိလာပြီးလျှင် မိမိဉာဏ်ဖြင့် မကျက်စား မထွင်းဖောက်နိုင်၍ သီဟိုဠ်သို့ မကြွသေးဘဲ လျှဆိပ်မှပင် ယူဇနာဘစ်ရာဝေးသော မိဒိဆရာ အရှင် ယောနကမဓမ္မရက္ခိတမထေရ်ကြီ ထံသို့ ပြန်ကြွတော်မူခဲ့သည်။

လမ်းခရီး၌ သူကြွယ်တစ်ယောက်က ပြဿနာတစ်ခုကို ဒမးမြန်းရာ ယင်းသူကြွယ်ကျေနပ်အောင် ဖြေဆိုဘော်မူသဖြင့် ထိုသူကြွယ်သည် ကြည်ညိုလှသဖြင့် အဖိုးတစ်သိန်းထုံကဲတန်သော ဂမုလာကို အရှင်တိဿအား လှူဒါန်းလေသည်။ အရှင်တိဿလည်း ထို အဖိုးတစ်သိန်း ထုံကဲတန်သော ဂမုလာကို ယူဆောင်ခဲ့၍ မိမိ၏ ဆရာတော် အရှင်ယောနကရက္ခိတအား လှူဒါန်းတော်မူသည်။

ဆရာတော် အရှင် ယောနကရက္ခိတသည် ယင်းဘစ်သိန်းဘုန် ကမ္မလာကို မားနှင့်နုပ်နုပ်စဉ်းပြီးလျှင် နေရောထုင်ဝင်း တိုက်ခန်းနံရံတို့တွင် အဂ်တေ သရွတ်မဲသကဲ့သို့ လိမ်းကျံတော် မူသည်။ အဘယ်ကြောင့် ဤကဲ့သို့ ပြုတော်မူသနည်းဟူမူ၊ ငါ၏ တစ်သိန်းဘုန် ကမ္မလာကို မခင်မတွယ်စင်ကြယ်စွာပြုပုံကို ဆင်ခြင်ကြ၍ နောင်အနာဂတ်သာသနာဝင် လူပျင်ရဟန်းတို့သည် ငါကဲ့သို့ပင် ပစ္စည်းကို မခင်မင်ဘဲ အကျင့်ကို ဖြူစင်အောင် ထားလျက် သာသနာတော်ကို ပြုစုနိုင်ကြပါစေဟူသော ရည်ရွယ်ချက်ဖြင့် နောင်လာ နောက်သားစဉ်အား ဓိုးမြွာက် လိုသောကြောင့် ဤကဲ့သို့ တစ်သိန်းတန် ကမ္မလာကို ရက်စက်စွာ ဓားနှင့် နှုပ်နှုပ်စဉ်းတော်မူသည်ဟု ဆို၏။ ကြည်ညိုဖွယ်၊ နည်းယူဖွယ်ပင် ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ယခုအခါ ဘုရားရှင်၏အမွေအနှစ်ဖြစ်သော သုတ္တန်၊ ဝိနည်း၊ အဘိမမ္မာတည်းဟူသော ပရိယတ္တိ ကန်ဘောင် ကန်ရိုးကြီးသည် စားရေးသူတို့ မြန်မာနိုင်ငံ၌ အခိုင်အမာတည်တံ့လျက်ပင် ရှိနေပေသည်။ ယင်းပရိယတ္တိကို အခြေခံလျက် ပဋိပတ်နှင့်ပဋိဝေဓနှစ်မျိုးတို့ကို နှစ်ဆောင်းအားရစွာ သုံးဆောင်နိုင်ကြပါသည်။ သို့သော်လည်း ယင်းပရိယတ္တိ ကန်ဘောင်ကန်ရိုးဘည်းဟူသော ဘုရားဟောမမ္မာန်တို့မှာ နက်နဲခြင်း၊ များပြားခြင်းတို့ကြောင့် လူပုဂ္ဂိုလ်တို့အနေဖြင့် တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ရန်မှာ မလွယ်ကူလှပါ။ မိမိတို့ ရဟန်းတော်များ၏ တာဝန်သာ ဖြစ်ပါသည်။

ယခုနကမ္ဘာကြီးဘစ်ခုလုံးကို လှုပ်းမျော်ကြည့်လိုက်သည်ဆိုလျှင် ပရိယတ္တိ၊ ပဋိပတ်တိုနှစ်မျိုးစလုံးစွပ်စွဲရှိနေသည်မှာ ဤမြန်မာနိုင်ငံဘစ်နိုင်ငံတည်းပင် ရှိနေပေတော့သည်။ ထို့ကြောင့် "အနာဂတေ လင့်ခ် ရက္ခိဿန္တိ" နှင့်အညီ မြန်မာနိုင်ငံအတွင်းရှိ ဗုဒ္ဓဘာသာဝင် သူတော်စင်ဖြစ်တော်မူကြကုန်သော ရဟန်း ရှင်လူအားလုံးတို့သည် ဘုရားရှင်၏ သာသနာတော်ကြီး သန့်ရှင်းတည်တံ့ခိုင်မြဲအောင် ညီညွတ်စွာ အားထုတ်ကြိုးပမ်းကြပါစို့ပါ တိုက်တွန်းလိုက်ရပါသတည်း။

အရှင်ဘာစရ
(ဝန်းသို့)

နှစ်သက်ပိတိဖြာလောက်ပါသည်ဘို့

ပရဟိတကျောင်းကောလိပ်

အဘိဓမ္မာ ခုနစ်ကျမ်းအစ ဓမ္မသင်္ဂဏီ ပါဠိတော်၏ အဋ္ဌကထာဋ္ဌ ပိတိဝါးမျိုး ပြထားပါသည်။

ကိုယ်ဋ္ဌ ကြက်သီးမွေးညင်း ထခြင်းမျှကိုသာ ဖြစ်စေသော ဥဒ္ဒါကာပိတိဘစ်မျိုး၊ လျှပ်စစ်လက်သလို ခဏဖြစ်၍ ခဏပျက်သော ခဏိကာ ပိတိတစ်မျိုး၊ သမုဒ္ဒရာကမ်းသို့ လှိုင်းတံပိုးသက်ရောက်၍ ပျက်သလို ကိုယ်သို့ သက်၍ ပျက်တတ်သော ဩက္ကန္တိကာပိတိတစ်မျိုး၊ အားရှိသည်

ဖြစ်၍ ကိုယ်ကို အထက်သို့ တက်သည်ကို ပြု၍ ကောင်းကင်သို့ ပြန်တက် စေခြင်း ဟူသော အဘိုင်း အရှည်ရှိသော ဥဇ္ဈဂါပိတိ တစ်မျိုး၊ လေဖြင့်မှုတ်၍ ပြည့်စေအင်သော စည်ပေါင်းလို တစ်ကိုယ်လုံး ပွဲနှံ့တည်နေသော ဖရဏာ ပီတိ တစ်မျိုးဟူ၍ (အဘိ။ ဋ္ဌ၊ ၁။ ၁၅၉၊ ၁၆၀)၌ ဟောကြားပါသည်။

သီဟိုဠ်ကျွန်း၌ အမျိုးသမီး တစ်ယောက်သည် ကိုယ်ခန္ဓာလက်ဝန် ရှိနေသည်ဖြစ်၍ မိဘများ စေတီပူဇော်ပွဲသို့ သွားကြသော်သည်း မသွားနိုင်ဘဲ ဖြစ်နေရာသည်၊ အိမ်မှာ ကျန် ရစ်သော ကိုယ်ဝန်ဆောင် အမျိုးသမီးသည် အိမ်တံခါး၌ ရပ်၍ ရှေ့လမင်းအရောင်ဖြင့် စေတီရင်ပြင်ကို ကြည့်ရှုဖူးမြင်နေပါသည်။ ပေတီကို မီးပူဇော်ထားသည်ကဲ့သို့လည်း မြင်ရပါသည်။ ပရိသတ်တွေ့ စေတီကို သက်သေးရစ်သည့်လည်ခန့်ကြသည်တို့ကဲ့သို့လည်း မြင်ရပါသည်။ ရဟန်းသံဃာတွေ့ တရားတော်ရွတ်ဆို မြွက်သံတို့ကိုလည်း ကြားရပါသည်။

'ဤသို့သော စေတီရင်ပြင်၌ လှည့်သည်ခွင့် ရသော သူတို့သည်လည်းကောင်း၊ တရားနာခွင့် ရသော သူတို့သည်လည်းကောင်း ဘုန်းကံပါရမီ ပြည့်ဝံ့ကြပါပေကုန်စွ' ဟူ၍ စိတ်ကူးကြစည်ရင်း ဥဇ္ဈဂ ပီတိ ဖြစ်ပေါ်လာပါသည်။

ထို အမျိုးသမီးသည် တစ်ခဏာခွင်းကောင်းကင်သို့ ပျံတက်၍ မိဘတို့၏ ရှေးဦးစွာ ကောင်းကင်မှ ဆင်းသက်၍ စေတီကိုလည်း ရိုခိုးဦးချပါသည်။ တရားတော်ကိုလည်း နာကြားနေပါသည်။

'သင်ဟာ မည်သည့်လမ်းဖြင့် လာ၍ ဤဌာနကောက်နေဘာလဲ''

''ချန်မ ကောင်းကင်ဖြင့် သာလာ၍ လာရိုးလမ်းဖြင့် လာတာ မဟုတ်ပါ''

''နင် မည်ပါနဲ့ဟာ၊ ကောင်းကင်ဖြင့် လာတယ်ဆိုတာ ရဟန္တာများသာ လာနိုင်တာပါ''

အမျိုးသမီးက သူ၏ ဖြစ်ကြောင်းကုန်စင်ကို ဤသို့ ပြောပြပါသည်။

''ကျွန်မရွှေလမင်းကြီးရဲ့အရောင်ဖြင့် စေတီကို ကြည့်ရှု၍ ကြည်ညိုရပ်တည်စဉ် မြတ်စွာဘုရား အပေါ်မှာ အာရုံထား သော အား ရှိသော နှစ်သက်မှု ပီတိဖြစ်ပေါ်လာပါတယ်ရှင်။ ကျွန်မ ရပ်တည်တာ၊ ထိုင်နေတာကို မသိမမြင်တော့ပါ။ ယူအပ်သော မြတ်စွာဘုရား စေတီနိမိတ်ဖြင့်သာ ကောင်းကင်သို့ ပြန်တက်၍ စေတီရင်ပြင်မှာရောက် ရှိတော့တာပါပဲ ရှင်'' တဲ့။

ဥဇ္ဈဂါပိတိသည် ကောင်းကင်သို့ ပျံတက်နိုင်သော သဘောရှိသည်ဟု ဆိုထား သည် မဟုတ်ပါလား။

ပဆမအဦးဆုံးတိပိဋကရေမံမဘဏ္ဍာဂါရိကဘွဲ့ တံဆိပ်တော်နှင့် အဂ္ဂမဟာဇင်္ဂီတ၊ အဘိဓ မဟာရဋ္ဌဂုရုတွဲတံဆိပ်တော်ရအရှင်ဝိစိတ္တသာရ-ဘိဝံသ မဟာထေရ် ဆရာတော် ဘုရား ကြီး၏ ကုသိုလ်ဘော် ကောင်းမှုမျှားလည်း ပီတိငါးမျိုး ဖြစ်လောက်ပါသည်။

ပီတိငါးမျိုးဖြစ်လောက်သော ဆဋ္ဌသင်္ဂါယနာ အဖြေ ဆရာတော် ဘုရား ကြီး၏ လောကဓမ္မ ကုသိုလ်ကောင်းမှုတွေ့ကို ပီတိဖြာဝေ ကြည်ညိုစေလိုပါသည်။

၁။ တိပိဋကရေ အစို့ရ ဆွမ်း ဆန် တော် မှ တစ်လ ၃၁၁-ကျပ်၊ တစ်နှစ်လျှင် ၃၇၃၂ ကျပ်ကို နိကာယ် သာသနာတော်အား လှူဒါန်းခြင်း၊

၂။ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့ တံဆိပ် တော် အ တွက် တစ်နှစ်လျှင် (၁၀၀၀)ကျပ်ကို နိကာယ်ငါးရပ် ပိဋကသာသနာတော်အား လှူဒါန်းခြင်း။

၃။ ငွေရတုပူဇော်ပွဲများ လှူ ဒါန်း ကြ သော နဝကမ္မ အားလုံးကို ကိုယ်ကျိုးအာဇွက်လုံးဝအသုံးမပြုဘဲ၊ မန္တလေး ပရိယတ္တိသာသန ဟိတအသင်း၊ မ လွန် ဆန် လှူအသင်းတို့အား ငွေကျပ် သုံးသောင်းစီ၊ ရန်ကုန်စေတီယင်္ဂဏ အသင်း၊ အဘိဓမ္မာ အသင်း၊ နိ ကာယ် အ သင်း တို့ အား တစ်သောင်းစီ လှူဒါန်းခြင်း၊ကျန်ငွေများကို အစိုးရဘဏ် အပ်နှံစေ၍ တိပိဋကနိကာယ သာသနာပြုရန် ငွေ ပဒေသာပင် ၂ ပင်ခွဲ၍ လှူဒါန်းခဲ့ခြင်း။

၄။ မင်းကွန်း ဟိုက်နယ် ဆေး ရုံ အ တွက် ပင်မ ငွေ သုံးသိန်းကျော် မ,တည်လှူဒါန်းခဲ့ခြင်း။

၅။ မင်းကွန်း ရဲဌာနနှင့်မင်းကွန်းအလယ်တန်းကျောင်းတို့ကို ဖြစ် မြောက် သည် အ ထိ ဦးဆောင် စီမံ၍ လှူဒါန်းခြင်း။

၆။ မြင်းခြံနယ် မွေးရပ်မြေ ကျည်း ပင် ရွာ ကျောင်းအနိုး တံတားခင်း၍ လှူဒါန်းခြင်း။

၇။ မြင်းခြံနယ် သဲ ဖြူ ဝ၊ ကျည်း ပင် ရွာ မူလတန်းကျောင်းနှစ်ထပ်ကျောင်းဆောင်ကို လှူဒါန်းခြင်း။

၈။ သဲ ဖြူ ဝ ရွာ ဦး ဌ နှစ်ထပ်ကျောင်းကြီးကို ဆောက်လုပ်၍ တိပိဋကကျောင်းဟု ကမ္ဘည်းသတ်မှတ်ခြင်း။

၉။ ကျည်းပင်ရွာဌ ၂သိန်းကျော်တန် ၂ထပ် ကျောင်းကြီး ဆောက်လုပ် လှူဒါန်းခြင်း။

၁၀။ မြင်းခြံမြို့ ဆရာရင်း နေထိုင်ရာ မင်း ကျောင်းတိုက်ဌ မဟာဓမ္မပါလ ဓမ္မာရုံကြီး ၄သိန်းကျော်တန် ဆောက်လုပ် လှူဒါန်း ခြင်း။

၁၁။ သိန်းပေါင်း(၃၁)ကျော် တန်ဖိုးရှိသော မင်းကွန်း မိုးမိတ် တိပိဋက [illegible] ကျောင်းတိုက်ကြီးကို ဦးစီး၍ တည်ထောင်ခြင်း။

၁၂။ သိန်းပေါင်း(၂၀)ကျော် တန်ဖိုးရှိသော ရန်ကုန် နယူးလင်းလမ်းရှိ တိပိဋက နိကာယ တိုက်ခွဲကို ဦးစီး၍ တည်ထောင်ထားခြင်း။

၁၃။ သိန်း ပေါင်း များ စွာ တန်ဖိုးရှိသော မန္တလေး ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးကို ဦးစီး ဆောင်ရွက်နေခြင်း။

၁၄။ သိန်းပေါင်းများစွာတန်ဖိုးရှိသော ရန်ကုန် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးကို ဦးစီး ဆောင်ရွက်နေခြင်း။

နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် ဆရာတော် ဘုရားကြီး၏ နှစ်သက်မှု ပိတိဖြာလောက်သော ကုသိုလ် စာရင်းများကို ဤမျှဖြင့် တင်းတိမ်စေလိုပါသည်။

ထူးခြားသော တိပိဋကဓရ၊ ထူးခြားမှု လွန်ကဲသော မဟာဓမ္မကထိက၊ ရဟန်းရှင်လူများအပေါ် မည်သူနှင့်မျှမတူခြားနား မြတ်စွာ ထား

၅၀၄ ဒေါ်ဇီး မင်းကွန်း တိ=နို သာသနာပြုဘုန်းကြီး

တော်မူသော မေတ္တာဝိဟာရီ ဆရာတော် ဘုရားကြီး၏ ပါရမီကုသိုလ်တွေကို သိရှိ ကြည်ညိုရ၍ ဝမ်းမြောက်မှု၊ အကြည်ညို တိုးပွားမှု၊ နှစ်သက်မှု ပီတိတွေ ဖြစ်ကြရပါသည်။

ပီတိ အဆင့်မြင့် ရင့်လာလျှင် ကိုယ်ငြိမ်းအေးမှု ကာယပဿဒ္ဓိအဆင့်မြင့်၍၊ ရင့်လာသော် ကိုယ်ချမ်းသာခြင်း ကာယိကသုခ၊ စိတ်ချမ်းသာခြင်း စေတသိကသုခ ကောန်မလွဲ ဖြစ်လာရပါတော့သည်။ သုခ အဆင့်မြင့်၍ ရင့်ကျက်လာလျှင် ခဏတိုင်း ခဏတိုင်း တည်ကြည်သော ခဏိကသမာဓိ၊ အပွနာ၏ အနီးခံ့ ဖြစ်သော ဥပစာရသမာဓိ၊ အထွတ်အထိပ်သို့ ရောက်သော အပွနာသမာဓိ ကောန်ဖြစ်လာရတော့သည်။

"ငါတို့ကိုမြားခမြောက်၊ ချမ်းသာ ရောက်ဖို့၊ ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး၊ ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊ ရောင်ဝါနေဝန်း၊ ထိန်ထိန်ထွန်းဖို့၊ စွန့်စွန့်စားစား၊ ငါကြိုးစားသည်၊ စိတ်ထား ငါ့မှာ အမြဲတည်း" ဟု အဓိဋ္ဌာန် ပြုထားလောက်သော ထိပ်တန်း သာသနာပြုကုသိုလ်ရှင် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ ဆရာတော် ဘုရားကြီးအား သက်ဇတော်ရာကျော် ရှည်စေကြောင်း ပူဇော်ကန်တော့ရင်း ဆုမွန်ခကောင်း တောင်းလိုက်ရပါသည်။

ပခုက္ကူ။ ။ အရှင်ကေသရ

မြင်းခြံမြို့နယ် သဲဖြူဝန်ရွာ အုပ်စု၊ ကျီးပင်ရွာတွင် ဖွားမြင်တော်မူသော တိပိဋကလောင်းလျာသည့် ကျီးပင်ရွာ ကျောင်းတွင် အစ ပညာရင်နှံ့သောက်စို့ခဲ့ပြီး၊ မြင်းခြံမြို့ မင်းကျောင်းတိုက်ကြီး၌ ရှင်သာမဏေဘဝဖြင့် ဗုဒ္ဓစာပေများကို သင်ကြား လိုက်စားခဲ့သောကြောင့် သာသနာ့ အာဇာနည် ပေါ်ထွန်းရာနယ်မြေ ကျောင်းတိုက်ကြီးသည် မြင်းခြံမြို့ မင်းကျောင်းတိုက်ဖြစ်ကြောင်း ထင်ရှားလှပါသည်။

ဆရာတော်သည် မင်းကျောင်းတိုက်မှ မင်းကွန်းမမှနာဒတိုက်သို့ ပြောင်းရွှေ့ပြီး ပိဋကတ်စာပေများကို ဆက်လက် ကြိုးစားအားထုတ်တော် မူ၍ တိပိဋက စာမေးပွဲကြီးကို နှစ်မခြားဘဲ မလေးနှစ် ဆက်တိုက် အာဂုံရော၊ ဒသဘောရေးဖြေပါ အထူးဂုဏ်ထူးများဖြင့် အောင်မြင်တော် မူပါသည်။ ထို့ကြောင့် ဤ ဘုရားသာသနာတွင် ပထမဦးဆုံး တိပိဋကဓရမဟာဂဏ္ဌာဂါရိက ဘွဲ့တံဆိပ်ဘော် ရရှိသော ပုဂ္ဂိုလ်ထူးအဖြစ် နိုင်ငံတော် အစိုးရနှင့် တကွ အမြို့မြို့မှာ ပူဇော်ပွဲများ ကျင်းပ၍ ပူဇော်လာခဲ့ကြပါသည်။

မြင်းခြံမြို့နှင့် နယ်သူ နယ်သားများကလည်း မိမိတို့မြို့နယ် ဇာတိသားသည် ပထမသာသနာ့ အာဇာနည် တိပိဋကဓရ အရှင် ဖြစ်တော်မူသော ကြောင့် ဂုဏ်ယူဝင့်ကြွားစွာ ချီးကျူးပူဇော်ပွဲများ ကျင်းပခဲ့ပါသည်။

ၛင်းပြင် တိပိဋကဓရ အရှင် လေးပါးအား ပူဇော်ပွဲနှင့်အတူတိပိဋကဘွဲ့တော်ရသည့် နှစ်ဆယ့်ငါးနှစ်မြောက် ငှေရတု ပူဇော်ပွဲ၊ အဂ္ဂမဟာပဏ္ဍိတ ပူဇော်ပွဲကိုသည်း ကျင်းပပူဇော်ကြပါသည်။

မြင်းခြံမြို့နှင့် နယ်သူ နယ်သားများသည် တိပိဋက ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ် ပညာဂုဏ်များကို ချီးကျူးပူဇော် ဖူးမြော်မဝ အားရကျေနပ် ရောင့်ရဲ တင်တိမ်ခြင်း မရှိကြပါသောကြောင့် (၂-၁၀-၇၂)နေ့တွင် နာယက ဆရာတော်များနှင့် မြို့သူမြို့သားများ တိုင်ပင်ညီညွတ်ကြပြီး၊ ရွှေရတု အကြို၊ ပုလဲရတု သဘင်

ပူဇော်ပွဲကြီး ဆင်ယင်ကျင်းပ ပူဇော်ကြရန် ဆုံးဖြတ်ကြပြီး၊ ပူဇော်ပွဲ၌ ဆရာတော်၏ရုပ်ဘုံ၊ပုံတူနှင့် သမိုင်းကျောက်စာ(၃)ချပ် စိုက်ထောင်ပူဇော်ကြရန် အပြင် ပူဇော်ပွဲ၌ စည်ကား သိုက်မြိုက်စွာ ဖြစ်ခြောက်စေရန် ကော်မတီ အဖွဲ့များ ဖွဲ့စည်းခဲ့ကြပါသည်။

အကြိုပူဇော်ပွဲနေ့

၄-၁-၈၄နေ့ နံနက်-၄နာရီတွင် ပူဇော်ရေး အဖွဲ့ဝင်များသည်ကားငယ်လေးများဖြင့်မန္တလေးသို့ သွားခဲ့ကြသည်။ ဆရာတော်ကြီး၏ ရုပ်တုပုံတူ ခေတ္တ သီတင်းသုံးရာ ဆုတောင်းပြည့် ဘုရားသို့ ရောက်သောအခါ မန္တလေး ဂေါပကနှင့် အမျိုးသား၊ အမျိုးသမီးများက ကြိုဆိုနှုတ်ခွန်းဆက်ပြီး နံနက်စာဖြင့် ကျွေးမွေး ည့်ခံပါသည်။

ပူဇော်ရေး အဖွဲ့ဝင်များနှင့် မန္တလေးမှ ဂေါပက အဖွဲ့ဝင်များသည် ဆုတောင်းပြည့် မြတ်စွာဘုရားအား ဗုဒ္ဓ၏ဂုဏ်တော်ကို ရွတ်ဆိုပူဇော်ကြပြီးမှ ဆရာတော်ကြီး၏ ရုပ်တုပုံတော်ကြီးကို ဓမ္မဂုဏ်၊ သံဃဂုဏ်များဖြင့် ပူဇော်ကြသည်။ ထို့နောက် အသင့် ပြုလုပ်သာသော ကားပေါ်ရှိ သင္ဘောလီပေါ်သို့ ပင့်ဆောင်ကြပြီး ပေါက်ပေါက်များကြဲ၍ နှုတ်သိုက်ကား၊ ဖြဟ္မာအသွင် ဝတ်ဆင်ထားသူများက ထီးဖြူသုံးလက် မိုးပြီးလျှင် ရှေ့ဆုံးမှ လမ်းရှင်းဆိုင်ကယ်(၂)စီး၊ ဆော်သြရေးကား၊ မြင်းခြံနှင့် မန္တလေးမှ ပူဇော်ရေးအဖွဲ့ဝင်တို့၏ ကားများ၊ ကဗျာရွတ်ဆိုပူဇော်သောကား၊ ဓမ္မစကြာရွတ်ဆိုပူဇော်သော ကားများဖြင့် စည်ကားသိုက်မြိုက်စွာ မန္တလေးမြို့တွင်း၌ အပူဇော်ခံယူကြပါသည်၊ မန္တလေးမြို့မှ ဂေါပက၊ အမျိုးသား၊ အမျိုးသမီးများက မန္တလေးမြို့နယ်အဆုံးအထိ လိုက်ပါပူဇော်ကြပါသည်။

ကျောက်ဆည်မြို့၌လည်းကောင်း၊မြစ်သားမြို့၌ လည်းကောင်း ခေတ္တရပ်နား အပူဇော်ခံရာ ဆရာတော်ကြီး၏ တပည့် ဒါယကာ၊ ဒါယိကာမများက ကော်ဖီ၊ စတုမဓူများဖြင့် ကျွေးမွေးည့်ခံကုသိုလ်ပြုကြပါသည်။ ဆရာတော်ကြီး၏ ဂုဏ်ဇာတ်၊ ကျေးဇူးတော်ကိုလည်း ရွတ်ဆိုပူဇော်ကြပါသည်။

ပူဇော်ရေး အဖွဲ့ဝင်များသည် ကျေးဇူးတင်စကား ပြောကြားပြီး နှုတ်ခွန်းဆက်သ၍ ဆက်လက်ပင့်ဆောင် ခဲ့ကြရာ၊ နွားထိုးကြီးမြို့မှ ပါတီ၊ ကောင်စီနှင့် မြို့မိ၊ မြို့ဖများသည် မြို့အဝင်မှ အသင့်စောင့်ကြို၍ ခမ္မစေတီ ထိုက်တော်မူသော ဆရာတော်ကြီး၏ ရုပ်တုပုံတူ ကားရှေ့မှ ငွေဖလားများကိုင်၍ ပန်းနုံသာများ လိုက်ပါပူဇော်ကြပါသည်။ မြို့တွင်း၌ လမ်းဘေး ဝဲယာမှ သောင်းသောင်းဖြဖြ ပူဇော်လှူဒါန်းကြသည်မှာ သာဓုသံလွှမ်းမိုး၍ သွားပါသည်။ မြို့နယ်ခန်းမရှေ့တွင် ခေတ္တရပ်၍ အပူဇော်ခံပါသည်။ ဆရာတော်ကြီး၏ ရုပ်တုပုံတူတော်ကြီးအား မြို့နယ်လူထုကြီးက ပူဇော်နေစဉ် ပူဇော်ရေး အဖွဲ့ဝင်အပေါင်းတို့အား မြို့နယ် ခန်းမတွင်းသို့ ဖိတ်ခေါ်၍ ကော်ဖီ၊ စတုမဓူ၊ စီးကရက်များဖြင့် ကျွေးမွေးည့်ခံ ကုသိုလ်ပြုကြပါသည်။

အဖွဲ့ဥက္ကဋ္ဌ ဦးတင်အုန်းနှင့် အကျိုးတော်ဆောင်ချုပ်ဦးကျော်ဒင်တို့က ကျေးဇူးတင်စကား ပြောကြားပြီး ဆက်လက် ပင့်ဆောင်လာခဲ့ရာ မြင်းခြံမြို့၊ သီဟဗသပဲရုံပိုင်ရှင် ဦးစံတင့် ဒေါ်တင်ကြည်တို့၏ စံကျောင်းတော်သို့ ည(၈)နာရီတွင် ရောက်ရှိပါသည်။ ဆရာတော်ကြီး၏ ရုပ်တုပုံတူတော်ကြီးကို ရှိခိုးပူဇော်ရန် စောင့်မျှော်နေကြသော မြို့ရော နယ်ပါ ည့်ပရိတ်သတ်များမှာ ကြက်ပျံမကျ စည်ကားလှပါသည်။

ဌင်းညတွင် ဦးဘသီ ခေါင်းဆောင်သော ယုံးဒယားအက၊ အော်ပဒါအကကို စိန်မြင့်အောင် မင်္ဂလာဆိုင်း အဆိုဇတော်များနှင့် သီဆို ဘိုးမှုတ် ပူဇော်ကြပါသည်။

ပြာသိုလဆန်း (၃)ရက်၊ (၅-၁-၆၄)နေ့ တွင် စံဒကျောင်းဘော်ဒွဲ့ တစ်ခနကုန် အပူဇော်ခံ ယူရာတွင် ပူဇော်လှူဒါန်းကြသော ကုသိုလ်ရှင် များအား ဆရာတော်ကြီး၏ ပုံတော် မေတ္တာလက် ဆောင် ပေးပါသည်။ ဦးကျော်ဒင် ဒေါ်ခင်ထွေး တို့က တိပိဋကမမ္မလက်ဆောင်စာအုပ်များ ဝေငှ လှူဒါန်း ကုသိုလ် ပြုပါသည်။ ဌင်းညတွင် ဦးသန်းမြင့်၊ ဦးသောင်းရွှေ ခေါင်းဆောင်သော နတ်ယိမ်းအကနှင့် စံမတူဆိုင်းအဖွဲ့ အဆိုတော် များက သီဆိုတီးမှုတ် ပူဇော်ကြပါသည်။

ပြာသိုလဆန်း (၄)ရက်၊ (၆-၁-၆၄)နေ့ နံနက်(၇)နာရီအချိန်တွင် မြို့တွင်း လှည့်လည် အပူဇော်ခံရာတွင် လိုက်ပါကြသော အမျိုးသား၊ အမျိုးသမီးတို့အား စံကျောင်းတော်မှ နံနက်စာ ထမင်းကြော်၊ အကြော်ဘူးဖြင့် ကျွေးမွေးည့်ခံကြ ပြီး၊ (၈)နာရီအချိန်တွင် စံကျောင်းမှ စတင်ထွက် ခွာရာ ဆော်သြရေးကား၊ လမ်းရှင်းမော်တော် ဆိုင်ကယ်(၃)စီး၊ အမျိုးသား၀တ်စုံဖြင့် မော် တော်ဆိုင်ကယ် အသစ်(၂၀)စီး၊ ပေါက်ပေါက် ကြဲသော ဂေါပကအဖွဲ့၊ အလံကိုင်အဖွဲ့၊ တံမြက် စည်းလှည်း၍ လိုက်ပါလာသော ကမ္ဘာစောင့်နတ် မင်းကြီးနှစ်ပါး၊ မင်းခမ်းမင်းနားဖြင့်လိုက်ပါလာ ကြသောအမျိုးသမီး ဝင်းခင်းအဖွဲ့၊ ငွေဖလားကိုင် ဂေါပကအဖွဲ့၊ ဆရာတော်ကြီးအား ဓမ္မတေးဖြင့် သီဆိုကပြ တီးမှုတ်ပူဇော်ကြသော စိန်မြင့်အောင် ဆိုင်းအဖွဲ့၊ မုခ်ကိုးဆောင် ဝတ်အင်းမှ အမျိုး သမီးယောဂီအဖွဲ့၊ ငွေဖလားကိုင် ဂေါပကအဖွဲ့၊ ဗုဒ္ဓဘာသာ ဟိန္ဒူယဉ်ကျေးမှု တီးဝိုင်းနှင့် အမျိုး သမီးအဖွဲ့၊ သဖြူဝကျီးပင်ရွာ ဂေါပကနှင့် ဓမ္မ စကြာ အမျိုးသမီး ယောဂီအဖွဲ့၊ ဦးထွန်းအောင် ခေါင်းဆောင်သော နေဝန်းပိတ်လှုပ်တော် အတီး အဖွဲ့နှင့် ယောဂီအမျိုးသမီးအဖွဲ့၊ ရွှေစေတီ ဂေါ ပကအဖွဲ့၏ အဆိုအကနှင့် တီးဝိုင်းအဖွဲ့၊ ဆရာ တော်ကြီး၏ ပုံတူရုပ်တုဘော်ကြီးနှင့် နတ်သိကြား ပြဟ္မာများ၊ ဦးစောလှိုင် ခေါင်းဆောင်သော ဆရာတော်ကြီး၏ ထေရုပ္ပတ္တိကဗျာရွတ်ဆို ပူဇော် သော ကျောင်းသူကျောင်းသားအဖွဲ့၊ ငွေဖလား ကိုင် ဂေ ပကအဖွဲ့၊ မသန်းသန်းအေး ခေါင်း ဆောင်သော ဓမ္မစကြာ အမျိုးသမီး ယောဂီအဖွဲ့၊ ဦးဘကျော် ခေါင်းဆောင်သော ချောင်းဒေါင်း အမျိုးသမီးအဖွဲ့၊ နဟ်သမီးယိမ်းနှင့် စမတူဆိုင်း အဖွဲ့တို့ ဖြစ်ပါသည်။

ပူဇော်ခံလမ်း ဘစ်လျှောက်တွင် မြေးမွေး ညီခံ ပူဇော်ကြသော ကုသိုလ်ရှင်များမှာ—

ဒေါ်ကျင်လှ မိသားစု၊ ဦးကျော်သိန်း ဒေါ် လှတင်(ရှမဝ မိသားစု)၊ သမားတော်ကြီး ဦး ကျော်မင်း မိသားစု၊ ဦးစောလှိုင်-ဒေါ်အုးညြည် မိသားစု၊ ဦးအေးချိုမိသားစု၊ ဦးသောင်းတင်-ဒေါ်အေးမြင့် မိသားစု၊ သုံးဆူဘုရား ဂေါပက အဖွဲ့၊ နွားကူးတန်းဓမ္မာရုံ ဂေါပကအဖွဲ့၊ ဦးတိုး ကျော်-ဒေါ်တင်ဥ မိသားစု၊ ဦးသောင်းထိုက်-အောက်ဆန်တန်း မိသားစု၊ နှင်းကျိုင်ရှင်ဆူ ဘုရား ဂေါပကအဖွဲ့၊ ဘုရားလမ်း ဂေါပကအဖွဲ့၊ (တိုးသံဂဟေဆက်) မိသားစု၊ ဦးတိုး-ဒေါ်သန်း မိသားစု၊ ဦးတင်အောင်မိသားစု၊ ဦးကျော်ဒင်-ဒေါ်ခင်ထွေး မိသားစု၊ ဒေါ်လုံး မိသားစု၊ မုခ် အဝင် ဦးစိုးလှ-ဒေါ်ညွန့်မေ မိသားစုတို့ ဖြစ်ပါ သည်။

၁၃၄၅-ခုပြာသိုလဆန်း(၄)ရက်(၂၃-၁-၆၄) နေ့ နံနက်အရုဏ်တွင် ဆရာတော်ကြီးနှင့် ဂုဏ် သံဃာတော်များအား ဦးရွှေနိုင် ဒေါ်သန်းရီ မိသားစုတို့က ပလာတာ ကပ်လှူပြီး၊ ဂေါပကအဖွဲ့

ဝင် အခေပါင်းသွဲ့အော၊ ဧည့်ခံကျွေ မွေး ကုသိုလ်ပြုပါသည်။ နနှက်(၇)နာရီတွင် ဆရာဘော်ကြီး၏ ရုပ်ဘုံဘူဧဘဝဲကြီး သီဘင်းသုံးရန်နှင့် ကျောက်စာပိုင်ရှာဘဲကို ဆောက်လုပ်ရန်အတွက် သံဃာဘောဇဉ်းသိမ်မဲ့ကာခြေသန့်ပြီး၊ ဆရာဘော်ဘုရားကြီးကိုယ်ဘိုင်းရွှေပန္ဒကဲ၊ ငွေပန္ဒက်ရိုက်ပေးပါသည်။ နံနှက်(၉)နာရီပူဧော်ပွဲပသမဦိုင်းကိုအခမ်းအနားမှုခ ဦးဧသာင်းရွှေက ခဆာင်ရွက်ပြီး၊ မအေးမိစ၊ မလွစန်းကြည်၊ မသီဘာဝင်း၊ မဒေါင်းယဉ်ကြည်ဘို့က စိန်မြဲငဲ့အောင် ဆိုင်းအဲ့ဖြင့် ရွတ်ဆုပူဧော်ကြပါသည်။

နနှက် (၁၁)နာရီခွဲတွင် သံဃာဘော်များအား ဦးစန်းလွင်၊ ဒေါ်ခင်သန်းရွှေ မိသားစုတို့မှ ဆွမ်းနှင့်အဖျော်များ ကပ်လှူပူဧော်ကြပြီး၊ ပူဧော်ပွဲသို့ ကြွဧောက်ပေးကြသော ပါတီ၊ ကောင်စီ၊ သမဂ္ဂကြီးများနှင့် ဂေါပကအဖွဲ့များအား နှုတ်စာဖြင့် ကျေးမွေးဩဇ္ဈာ ကုသိုလ်ပြုပါသည်။

တွဲဘက်အကျိုးဧတော်ဆောင် ဦးအေးမောင်နှင့် အဖွဲ့ဝင်ဦးဘဆွန်းတို့က အလှူခံဥာနတွင် အချိန်ပြည့် တာဝန်ယူ ကုသိုလ်ပြုပါသည်၊ ပူဧော်ပွဲလာကြဧသော ဧည့်သည် ဂိုဏ်းသား များအား ဦးဧကျော်ဒင် ဒေါ်ခင်ထွေးမိသားစုက တံပိုင်္ဂကရေစံမွှလက်ဆောင်စာအုပ်များ ဝေငှ၍ ကုသိုလ်ပြုပါသည်။

နေ့(၁၂)နာရီအချိန် ဒုတိယပိုင်း ပူဧော်ပွဲအခမ်းအနားကို အကျိုးဧတော်ဆောင် ချုပ်ဦးဧကျော်ဒင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အစီအစဉ်ကို ကြေညာပါသည်။

အကျိုးဧတော်ဆောင်က လူပရိသတ်၊ နှတ်ပရိသတ်တို့အား မေတ္တာပို့သပြီး၊ တရားနာ ဖိတ်ကြား၍ နမောတဿ (၃)ကြိမ်ရွတ်ဆိုကာ အခမ်းအနား ဖွင့်လှစ်ပေးပါသည်။

မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဦးသူရိယထဝါးပါးသီလခံယူကြပါသည်။ ပူဧော်ရေးအဖွဲ့ ဥက္ကဋ္ဌကြီးဦးသိန်းရွှေက လျှောက်ထားပူဧော်ပါသည်။ ဖဆကျိုးဘော်ဆောင်ချုပ် ဦးကျော်ဒင်က ဆရာဘော်ကြီး၏သမိုင်းကျောက်စာ မိတ္တူကို ဖတ်ကြားလျှောက်ပါသည်။ ပါတီဥက္ကဋ္ဌနှင့် ကောင်စီဥက္ကဋ္ဌကြီးတို့အချိန်မရှည်၍ ကြိုတင်ပူဧော်ပြီး မေတ္တာရပ်ခံသွားပါသည်။ ပူဧော်ပွဲအဖွဲ့ဝင် ဦးငြိမ်းပူဧော်သည်။ဆရာတော် ဦးဥက္ကိန္ဒက ရွှေရတုအကြိုပူဧော်ရခြင်းအကြောင်း ဂါထာဖြင့်လျှောက်ထားပူဧော်ပါသည်။ ရန်ကုန်မြို့၊ တိပိဋကနိကာယသာသနာပြု ဌာနခွဲကျောင်းတော်မှ ဆရာဘော်ကြီးတပည့် ဒီဃဘာဏက အရှင်နန္ဒိယက အဘိမင်္ဂလာရဋ္ဌဂုရု ဂုဏပူဇာ ဥဒါန်းဂါထာကို လျှောက်ထားပူဧော်ပါသည်။

ဥက္ကဋ္ဌဦးတင်အုန်းကရန်ကုန်မြို့ ဒဂုန်ဦးစန်းငွေရေးသားအင်သော ထုတ်ဩဘာ စာအမ်းကို ဖတ်ကြားလျှောက်ထားပူဧော်ပါသည်။ဦးအောင်မြတ် ဒေါ်မြင့်မြင့်ဟိန်းတို့စီမံသော ဦးသောင်းရွှေပတ္တလားအဖွဲ့နှင့် အဆိုကျော်စိန်စိန်မြိုင်က မဟာသရေစည်သူ စာဆိုတော်လက်ဝဲမင်းညို ရေးသားအပ်သော ဆရာတော်ကြီးအား ဂုဏ်ပြုတေးထပ်ဖြင့် ပူဧော်ပါသည်။

ကျာရွှတ်အဖွဲ့သည် အချိန်မရ၍ မပူဧော်ရဘဲပါ။ ဆရာတော်ကြီးက သြဝါဒမိန့်ကြား၍ စုပေါင်းကုသိုလ်များ ရေစက်ချ အမျှပေးဝေပြီး၊ အခမ်းအနားကို သာဓုသံဖြင့် ရုပ်သိမ်းသိုက်ပါသည်။

မြင်းခြံမြို့သူမြို့သားများသည် ပါရမီကုသိုလ်ထူးကြသူများ ဖြစ်ကြပါသည်။အကြောင်းမှာတိပိဋကဆရာတော်ဘုရားကြီးသည်မြင်းခြံမြို့၏ငွေရတု

ပူဇော်ပွဲမတိုင်မီ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် ရရှိခြင်း၊ ရွှေရတုအကြိုပူဇော်ပွဲ အကြိုနေ့တွင် အဘိဓမ္မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ရရှိခြင်းဖြင့် ဦးဦးဖျားဖျား ပူဇော်ရခြင်းသည် ပါရမီကုသိုလ်ထူးကြသူများ ဖြစ်ကြောင်း ထင်ရှားလှပါတော့သည်။

ပုညသဟာယ နေ့စဉ် အရဏ် ဆွမ်းလောင်းအသင်း

ကျေးဇူးတော် ရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓမ္မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်ရရှိတော်မူသော အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်သည် မြင်းခြံမြို့သူမြို့သား၊ နယ်သူနယ်သားနှင့် အနယ်နယ်အရပ်ရပ်မှ ဒါယကာဒါယိကာမများ၏ ကောင်းကျိုးချမ်းသာ ပါရမီကုသိုလ်ထူးများကို ဆည်းပူး အားထုတ်နိုင်ကြစေခြင်းငှာ ရည်သန်၍၊ ၎င်းမြို့ပေါ်ရှိ ကျောင်းတိုက်ပေါင်း (၁၁၀)ကျော်မှ၊ သံဃာတော်(၁၃၀၀) ခန့်တို့ ပရိယတ်၊ ပဋိပတ်အလုပ် ကြိုးစား အားထုတ်နိုင်ကြစေရန် မေတ္တာမစေတနာရှေ့ထားကာ အမည်ပေး ဖွဲ့စည်းစေအပ်သော 'ပုညသဟာယ နေ့စဉ် ဆွမ်းလောင်းအသင်းကြီး'ကို ၁၃၄၅-ခုနှစ် ပြာသိုလပြည့်(၁၇-၁-၈၄)နေ့တွင် မြင်းခြံမြို့၊ မဟာဓမ္မပါလ ကျောင်းတိုက်ကြီး အတွင်း အောင်မြင်စွာ ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ ကြပါသည်။

အသင်းသူ အသင်းသား အပေါင်းတို့သည် မိမိတို့လက်ထက်တွင် တိပိဋကာ ဆရာတော်ဘုရား အမည်ပေး ဖွဲ့ စည်း စေ သော ဤအသင်းကြီး လျင်လျင်မြန်မြန် လုပ် ကိုင် ဆောင် ရွက် နိုင် ရန် ဩဝါဒါစရိယ ဆ ရာ တော် များ၏ နည်းပေး လမ်းညွှန်ပြသမှုကို ခံယူကြပြီး အောက်ပါ ဆပ်ကော်မတီ အဲသီးသီးကို ဖွဲ့စည်း၍....

၁။ ပင်မပဒေသာပင် အလှူငွေ၊
၂။ နဝကမ္မအလှူငွေ၊
၃။ နေ့စဉ်လောင်းလှူမည့် ကုသိုလ်ရှင်များ၊
၄။ ဆွမ်းလောင်းရုံ-ဆွမ်းချက်ရုံမြေနေရာနှင့် အဆောက်အအုံ၊
၅။ ဆွမ်းချက်ပစ္စည်း-ဆွမ်းဟင်းချက်ပစ္စည်းများ၊
၆။ ဆွမ်းလောင်းပစ္စည်း ကိရိယာ ပန်းကန်-ဇွန်းအစရှိသည်များ၊
၇။ ပရိဘောဂများ၊
၈။ အခြေခံဥပဒေ ရေးသားပြုစုရေး၊
၉။ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအထိ စည်းရုံးလှုံ့ဆော်ရေး၊နည်း များ မ ဆို လှူဒါန်းနိုင်ရေး၊
၁၀။ ချက်ပြုတ် လောင်းလှူ ရေး အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးတို့ကို အောင် မြင် စွာ လုပ်ကိုင်နိုင်ကြပါသည်။

ထိုတွင် ပင်မအလှူရှင်များ၊ နဝကမ္မအလှူရှင်များ၊ နေ့စဉ်လောင်းလှူမည့် အလှူရှင်များ၊ဆွမ်းလောင်းရုံ၊ ဆွမ်းချက်ပစ္စည်း ပရိဘောဂမှ အစရေတွင်း၊ ရောကန်မှုး အထိ၊ ကုသိုလ်ရှင်များ အသီးသီး ထွက် ပေါ် လာ ပြီး ၁၃၄၆-ခုနှစ်၊ တန်ခူးလပြည့်ကျော်(၂)ရက်၊ နှစ်ဆန်း(၂)ရက် နေ့မှစ၍ စတင်လောင်းလှူခဲ့ကြပါသည်။

အသင်းသူ အသင်းသားများသည် သြဝါဒါစရိယ ဆရာတော်တို့၏ ညွှန်ကြားပြသမှုကို ခံယူ၍၊ဆန်တစ်ပြည်လျှင် သံဃာ(၁၀)ပါး၊ပဲတစ်ပြည်လျှင် သံဃာအပါး(၄၀)ကျ အခြေခံမူထားပြီး၊ နေ့စဉ်ကြွလာတော်မူသော သံဃာဂဏ(၉၀၀)(၁၀၀၀)ခန့်တို့ကို ဆန်(၅)တင်းခွဲမှ(၆)တင်းခွဲအထိ၊ ပဲတစ်ဘင်း(၄)ပြည်မှ တစ်ဘင်း(၁၂)ပြည်၊ ဆီ(၃)ပိဿာမှ(၅)ပိဿာအထိ ဖြစ်ပေါ်လာသော ကုန် စျေး နှုန်း ပေါ် မှာ တွက်ချက်၍

သံဃာတစ်ပါးလျှင် (၁)ကျပ် ကျဖြင့် လောင်းလှူနိုင်ရန် ငွေမံလျာထားကြပါသည်။

သံဃာတော်(၈၀၀)မှ(၁၀၀၀)ကျော်အထိ၊ ဆန် (၅)ဘင်းခွဲမှ (၆)ဘင်းခွဲအထိ ဝါပတ်တွင် လောင်းလှူကြရန်၊ ဝါတွင်းတွင် (၆)တင်းခွဲမှ (၇)တင်းခွဲအသို လိုဘိုးပိုလျှော့ဖြင့် ချက်ပြုတ်လောင်းလှူရန် စီစဉ်ကြပါသည်။

ဆွမ်းချက်ရာတွင် ရေနုံချောင်း ဆွမ်းလောင်းအသင်းမှ ဆွမ်းကို ပေါင်း၍ ချက်ပုံကို လာရောက်ပြသလုပ်ကိုင် သင်ကြားပေးသွားရှိပါသည်။ ၎င်းအလုပ်သမား များအား လခစားအဖြစ်၊ သတ်မှတ်ပေးပါသည်။ ဆွမ်းဟင်းအတွက် ပဲပြုတ်ကိုလည်း ၎င်းအလုပ်သမားများက လုပ်ကိုင်ပေးပါသည်။ အခြားဆွမ်းဟင်းများကိုတော့ အလှူရှင်၏ ဆန္ဒအတိုင်း သီတင်းပတ် တာဝန်ကျ ဆပ်ကော်မတီက တာဝန်ယူ လုပ်ကိုင်ပေးကြခြင်းဖြင့် အလှူရှင်များမှာ ကိစ္စ မများကြဘဲ၊ သက်သက်သာသာဖြင့် လောင်းလှူနိုင်ကြပါသည်။

လောင်းလှူမည့် နံနက်တွင်လည်း မန္တလေးတိုင်း သံဃနာယကရုံးမှ ထုတ်ပြန်ထားသော အရဏ်ဘက်ခြံန် လဆန်းဇယားဖြင့် လောင်းလှူပါသည်။

နံနက်အခြိန်တိုင်း အသင်း၏ အမှုဆောင်များ သီတင်းပတ် လုပ်အားကုသိုလ်ရှင် အမျိုးသား အမျိုးသမီးများ၊ အလှူရှင်၏ မိသားစုနှင့်ဆွေမျိုးမိတ်သင်္ဂဟများ စုံညီတို့က သံဃာတော်များ နှစ်ဘန်းခွဲ၍ တန်းစီရောတွင် ရှေ့နောက်ညီမျှ စေရန် လတ်မှတ်များ သပ်တပ်ပေါ်သို့ ဆက်ကပ်ပါသည်။

ဆွမ်းစလောင်းရန် ကြေးစည် ကြေးမောင်းတို့ဖြင့် အချက်ပေးသောအခါ အလှူရှင်များက သပိတ်ကိုယူပြီး ဆွမ်းလောင်းရန် ခံပေးပါသည်။ ကျွမ်းကျင်သော အမှုဆောင် အမျိုးသားများက မည်သို့မည်ပုံ လောင်းရမည်ကို လက်တွေ့လောင်းလှူကြပါသည်။ အလှူရှင်များသည် ဆွမ်းဟင်း လောင်းလှူရာ၌ သီတင်းပတ် အမျိုးသမီးများက ရှေ့နောက်မျှတရန် ဝေဖန် ထည့်ပေးသည်ကို ယူ၍ လောင်းရန်ဖြစ်ပါသည်။ အလှူရှင်နှင့် မိသားစုများ၊ ဆွေးမျိုး မိတ်သင်္ဂဟ များသည်း ကိုယ်တိုင်ကိုယ်ကျ သက္ကစ္စမြောက် လောင်းလှူနိုင်ရန် စီမံခန့်ခွဲပေးပါသည်။

ပုည်သဟာယနေ့စဉ် အရဏ်ဆွမ်းလောင်းအသင်းကြီးသည် ဆရာဒါယကာ နှစ်ဦးနှစ်ဘက် ကျေးဇူး များလှပြီး သာသနာတော် အတွက် တစ်ဘက်ဘစ်လမ်းမှ အဆောက်အကူပြုနေသော အသင်းဖြစ်သည်ဟု ယုံကြည်ကြပ်၍ စေတနာသဒ္ဓါအား များစွာဖြင့် အနယ်နယ် အရပ်ရပ်မှ သံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များတို့သည် မိမိတို့စွမ်းအားရှိသလောက် ပင်မငွေပဒေသာပင်၊ အလှူငွေ၊ နဝကမ္မအလှူငွေ၊ ဝတ္ထုပစ္စည်းအလှူ၊ တစ်နေ့တစ်ရက် လောင်းလှူကြသူတွေ ပေါ်ပေါက်လာပါသည်။

တိပိဋကဆရာတော်ဘုရားကြီး၏ ဩဝါဒနှင့် အညီ မြို့ပေါ်ရပ်ကွက် အသီးသီးမှ သဒ္ဓါတတ်အားနည်းများမဆို လောင်းလှူနိုင်ရန် ရပ်ကွက်များတွင် ဆွမ်းခံအဖွဲ့များ ဖွဲ့ပေးပြီး တစ်လတစ်ကြိမ်-သို့မဟုတ် (၂)လ (၃)လ တစ်ကြိမ် စသည် လောင်းလှူနိုင်ရန် အသင်းမှစီစဉ်ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ သို့ဖြင့် ပထမတစ်နှစ်ဘာ ကာလအတွင်း နှစ်ပတ်လည် စာရင်းဘျုပ် ပြုလုပ်သောအခါ အသင်း၏ရန်ပုံငွေမှ တစ်ရက်မျှ မလောင်းလှူရသေးဘဲရှိသည်ကို တွေ့ရပါသည်။ စေတနာရှင်များကမျည်း လောင်းလှူကြ၍ ပြည့်စုံ လုံလောက်ခဲ့ရပါသည်။

အသင်းကြီး အရှည်ဘည်တံ့ရေးအတွက် ပင်မငွေပဒေသာပင် (၃) သိန်းကျော် (၄) သိန်းနီး

ပါး ရရှိပြီး၊ နဝကမ္မဌေ တစ်သိန်းကျော်ရှိပါသည်။

ထို့အပြင် မြင်းခြံမြို့ ဘုရားလမ်းနေ ဦးသာအေး-ဒေါ်သန်းရင် တို့ကလည်း မိမိတို့နေ ထိုင် သော နှစ်ထပ် တိုက်နှင့် ဝိုင်း မြေကို စာချုပ်စာတမ်းချုပ်ဆို၍ အသင်းသို့လှူထား ပါသည်။ နှစ်စဉ် တစ်နှစ်လျှင် တစ်ရက်ကျ ဆွမ်းလောင်းလှူကြမည့် ရာသက်ပန် ဆွမ်းအလှူရှင် (၁၄၅) ရက်ရရှိပြီးဖြစ်ပါ၍ အောင်မြင် သောဆွမ်းလောင်းအသင်းဖြစ်မြောက်ပြီးယုံကြည် ရသော အခြေအနေရောက်လာပါပြီ။

ဤကဲ့သို့ အောင်မြင်ရခြင်းမှာလည်း ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး၏ကုဏ်တော်၊ ကျေးဇူးဘော်တို့ကြောင့်လည်းကောင်း၊ ကျေးဇူး တော်ရှင် တိပိဋကမရ ဆရာတော်၏ စေတနာ မေတ္တာတို့ကြောင့် လည်းကောင်း၊ သံဃာတော် တို့၏ ဘုန်းဘန်ခိုးတေဇော် အာနုဘော်တို့ကြောင့် လည်းကောင်း၊ မြို့သူမြို့သားနှင့်တကွ အနယ်နယ် အရပ်ရပ်မှ ကုသိုလ်ရှင်များ၏ စေတနာ သဒ္ဓါ အားမျှားကြောင့် လည်းကောင်း၊ အသင်း သူ အသင်းသား တို့၏ ကြိုးစား အားထုတ် လုပ်ကိုင် ဆောင်ရွက် ကြသည်တို့မှာ နည်းမှန် လမ်းမှန် စည်းကမ်းတကျရှိကြသောကြောင့်လည်းကောင်း အောင်မြင်ရခြင်းဖြစ်ရပါသည်။ တစ်နှစ်တာကာလ (၃၉၅)ရက်ဘွင်လောင်းလှူကြသော ဆွမ်းဟင်း များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ကြက်သား၆-ကြိမ်၊ (၂) ဝက်သား ၁၅-ကြိမ်၊ (၃) ဝက်သားနှင့်အသီးအရွက်၁၄-ကြိမ်၊ (၄)ဆိတ်သားနှင့်ပဲ ၁၉-ကြိမ်၊ (၅)ငါး သလောက်၄-ကြိမ်၊ (၆)ဘဲဥ၃ကြိမ်၊ (၇)ငါးပိ ကောင် ၁၆-ကြိမ်၊ (၈)ဝက်အူတောင့် ၁-ကြိမ်၊ (၉)ကြာဇံ ၁-ကြိမ်၊ (၁၀)ခေါက်ဆွဲ ၁ကြိမ်၊ (၁၁)ချဉ်ပေါင်ကြော် ၁-ကြိမ်၊ (၁၂)ငါးပိချက်+ငါးပိကြော် ၁၁၅-ကြိမ်၊(၁၄)ငါးခြောက်ကြော်၊ပုစွန်ခြောက် ကြော်-၇၇ကြိမ်၊ (၁၅)နှမ်းမနဲ-၁ကြိမ်၊ (၁၆) ကောက်ညင်းပေါင်း-၅-ကြိမ်၊ (၁၇)ဃနာ နို့ ဆွမ်း-၁ကြိမ်၊(၁၈)ထောပတ်ဆွမ်း ၁ကြိမ်၊(၁၉) ပဲပြုတ်သက်သက်-၆၅ကြိမ်၊(၂၀) အခြား ဟင်း နှင့် ရောလျက် ပဲပြုတ်-၁၉၂ကြိမ်။

၁၂ကြိမ် လောင်းလှူသူ တစ်ဦး၊ ၉-ကြိမ် လောင်းလှူသူ တစ်ဦး၊ ၇-ကြိမ်သံဃာတော်များ၊ ၄-ကြိမ် သီလရှင်များ၊ ၃-ကြိမ် သီလရှင်များ ၅ဦး၊ ၂-ကြိမ် သီလရှင်များ ၁၂ဦး၊

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှ တစ်ကြိမ်၊မြန်မာ နိုင်ငံ မန္တလေး၊ ပဲခူး၊မလှိုင်၊သာစည်၊ ဘိုကလေး၊ ကျောက်ပန်းတောင်း၊ တောင်ငူမှ တစ်ကြိမ်စီ၊ ပခုက္ကူ၊ ရေနံချောင်း၊တောင်ကြီး၊ တောင်တွင်း ကြီးမှနှစ်ကြိမ်စီ၊ နွားထိုးကြီးမြို့မှ ၃ကြိမ်၊ရန်ကုန် မြို့မှ ၅-ကြိမ်၊တောင်သာမြို့နှင့်နယ်မှ ၁၇ကြိမ် လောင်းလှူကြပါသည်။

တိပိဋကဆရာတော်၏ စေတနာမေတ္တာတို့ဖြင့် အမျည်ပေး၍ ဖွဲ့စည်း စေသော ပုည်သဟာယ ဆွမ်းလောင်းအသင်းကြီး ပေါ်ပေါက် လာပါသဖြင့် စေတနာရှင် ကုသိုလ်ရှင်များ အလွယ် တကူ လောင်းလှူနိုင်ကြခြင်း၊ ပင်မ အလှူငွေ လှူဒါန်းနိုင်ခြင်း၊ ပရိဘောဂ အသုံးအဆောင်များ လှူဒါန်းနိုင်ကြခြင်း၊ နေ့စဉ်လုပ်အားကုသိုလ် ရရှိ ကြခြင်း၊ သံဃာတော်များအတွက်၊ အရက်ဆွမ်း အတွက် ပြည့်စုံလုံလောက်စွာ ရရှိကြ၍၊ ပရိယတ်၊ ပဋိပတ် အလုပ်များကို ကြိုးစား အားထုတ် နိုင်ကြပါသောကြောင့် များစွာမှ ဆရာဒါယကာ အကျိုးများသော ဆွမ်း လောင်း အသင်း ဖြစ်ပါကြောင်း တင်ပြ အပ်ပါတယ် ခင်ဗျား။ ။

အဘိဓေ ပိဋကတိုက် ဓမ္မာရုံ

မြင်းခြံမြို့သူ မြို့သား‌တို့သည် မိမိတို့ မြို့ရွာ ဇာတ်ဖြစ်တော်မူသော တံပိဋက ဓရ ဆရာတော် ဘုရားကြီးအား ငွေရတုပူဇော်ပဲ့၊ ရွှေရတုအကြို ပူဇော်ပွဲများဖြင့် ပူဇော်ခဲ့ကြပါသည်။

ရွှေရတုအကြို၊ ပုလဲရတုပူဇော်ပွဲ၏ နောက် ဆက်တွဲ ပူဇော်ပွဲအဖြစ် ဤ ဘုရားသာသနာ တော်တွင်း မြင်းခြံမြို့ မင်း ကျောင်းတိုက်သည် ပထမဆုံး တိပိဋက–လောင်းလျာ၊ ပညာရင်နှီ စဉ် သောက်စို့ခဲ့သော ကျောင်းတိုက်ဖြစ်ခြင်း ကြောင့် သမိုင်း တွင်ရစ်စေရန် ရည်သန်၍ ကျောက်စာသုံးချပ်ဖြင့် ဆရာတော်ဘုရားကြီး၏ ထေရပွတ္တိ နေးသားစိုက်သူထားရန်၊ဆရာတော်၏ ပုံတူရုပ်တု သီတင်းသုံးရန်၊ ပိဋကကျမ်းစာများ ထားရှိရန်နှင့် အဘိဓေဘွဲ့ရသည့် အထိမ်းအမှတ် ဖြင့် အဘိဓေ ပိဋကတ်တိုက် ဓမ္မာရုံကြီးကို အလျားပေ(၇၀)ကျော်၊ အနံပေ (၄၀)ကျော်ရှိ ဓမ္မာရုံကြီးကို ဆရာတော်ဘုရားကြီး ကိုယ်တော် တိုင် ရွှေရတုအကြို ပုလဲရတုပူဇော်ပွဲနေ့က ပန်ဒက် ရိုက်ပေးခဲ့ပါသည်။

၎င်း ဓမ္မာရုံကြီးကို ငွေရတု၊ ရွှေရတု ပူဇော်ပွဲများမှ ဓင့်ကိုမတည်၍ စေတနာရှင်၊ ကုသိုလ်ရှင်များ ပါဝင်လှူဒါန်းကြပြီး ဆောက်လုပ် လျက် ရှိရာ၊ ယခုအခါတွင် ဒိုင်းမြားများ တင်၍ အမိုးမိုးပြီး အခြေကိုင်ရန်သာ ကျန်ပါတော့ သည်။ ၁၃၄၂–ခု တပို့တွဲလဆန်း (၁၀)ရက် တိပိဋကနေ့တွင် ဤ တိပိဋက အဘိဓေ ပိဋကတ် တိုက် ဓမ္မာရုံကြီး ပြီးသလောက်ဖြင့် ဆရာတော် ဘုရားကြီးအား ပူဇော်ရန် စီစဉ် ဆောင်ရွက် လျက် ရှိပါကြောင်းကို သတင်းကောင်း ပါးအပ် ပါသည်သူဘော်ကောင်းအပေါင်းတို့ခင်ဗျား။ ။

ဦးစောလှိုင်

ချီးမွမ်းအပ်သည့်ဝိပဿနာ

ရုပ်နာမ်နှစ်သင်း၊ဖြစ်,ပျက်ခြင်းကို၊လင်းလင်းထင်ထင်၊ မသိမြင်ဘဲ၊လူတွင်ရှည်ကြာ၊ နှစ်တစ်ရာလျှင်၊ စားကာ, ဝတ်ကာ၊ ပျော်ရွှင်ကာဖြင့်၊ အကာအဖျင်း၊ သက်ရှည် ခြင်းထက်၊ ကိုယ်တွင်းသန္ဓာန်၊ အဖန်ဖန်လျှင်၊ ဖြစ်ပြန်,ပျက်လျှင်း၊ ရုပ်,နာမ် နှစ် သင်းကို၊ လင်းလင်းဉာဏ်ကူ၊ သိမြင်သူ၏၊ လူတို့အသက်၊ တစ်နေ့ရက်မျှ၊ အားတက် ဖွယ်လျှင်း၊ သက်ရှည်ခြင်းက၊ ဝဋ်ခင်းဖြုတ်ပယ်၊ လေးကုတ်နယ်သို့၊ အလွယ်နှင့် ရောက်၊ ကျေးဇူးဆောက်သည်၊ အံ့လောက်ချီးမွမ်းဖွယ် တကား။ ။

ကြိုးစားကျင့်သုံး ဆောက်တည်နိုင်ကြ ပါစေသော်

(ပုံ) ဦးဝိစိတ္တသာရာဘိဝံသ

တိပိဋကသဆရာတော်ဘုရားမြတ်

(၇၂) နှစ်ပြည့် မွေးနေ့ပူဇော်ပွဲတွင် တင်ဆက်သော

အောင်မင်္ဂလာရတနာသိဒ္ဓိမဟာရတုပိဋိစံ



(၁) စက္ကဝါဋ္ဌေ၊ တွက်ဖွဲ့ရေတည့်၊ကုဋ္ဌေတစ်သောင်း၊
ဆယ်ပြန် လောင်းရ၍၊ ဘုန်းပေါင်းခြောက်ဖြာ၊ ဘဂဝါ၏။
အာဏာရွှေစက်၊ လျှံဝေထွက်လျက်၊ ဘဝင်လွန်ကြူး၊
ခြောက်ရောင်မြူးသား၊ ဘုန်းထူးဝေဆာ၊အစိန္တေယျာ၏၊
သာသနာတွင်း၊ ညစ်ကြေးကင်းရ၍၊ သန့်ရှင်းတည်တံ့၊
ပွားစေဆဲဟု၊ ဝုံဝုံစားစား၊ ဝန်ဆောင်ပြားသည့်၊ မြင့်
မားသံဃာ၊ မဟာနာယက၊ တို့မြတ်လှ၏၊ ဟိတကျိုး
ဆောင်၊ သာဝင်ပြောင်သည့်၊ မြင့်ခေါင်စိတ်ဆား၊ ထေရ်
ဘုရားတည့်၊ သက်ကားခုနစ်ဆယ်၊ နှစ်နှစ်ကြွယ်က၊ လူ
နယ်ခေါလစ်၊ သက္ကရာဇ်ကို၊ တွက်စစ်ရေဖြောင့်၊ ဂဏန်း
စောင့်သော်၊တစ်ထောင့်သုံးရာ၊ လေးဆယ်သာ၍၊ စွန်းလာ
ငါးခု၊ သည်ရက္ခကား၊ သာစုပြိုစွာ၊ ကြွတို့ကာနှင့်၊ ပုဏ္ဏာ
စန်း၊ တွဲယှဉ်မှီက၊ ကျွှးသီဂုဏ်ထင်၊ မော်ကွန်းတင်ဟု၊
သာဝင်တလျောက်၊ တံခွန်ဆောက်သား၊ မိုးမောက်တင့်
နွဲ့း၊ နိဒါန်းပျိုးသော်၊ ကျော်ဟိုးဆဋ္ဌ-ဓမ္မသံဂါယနာ၊
တင်ဆောင်ရာဟု၊ မဟာမမှ၊ သဘာယဝယ်၊"ဆဋ္ဌသံဂီတိ-
ဝိသဒ္ဒက"၊ မမှအရာ၊ "အာနန္ဒာ"ဟု၊ မြတ်စွာညီရှင်၊
ထေရ်သခင်၏၊ မေ့စဉ်ကျိုးသက်၊ ခံယူဆက်၍၊ နဲနက်ဖြေ
ရာ၊ ဝိနည်းမှာလည်း၊"ဥပါလိ"အမေ့၊ ခံယူပေ၍၊"အဖြေ
ဘုန်းရှိ"၊ ရှင်လူသိသား၊ "တိပိဋကမမှတဏ္ဍာ-ဂါရိကာ
က၊ ဝိစိတ္တာသာရာ ဘိဝံသ" တည့်၊ သာသနာ့သန့်ရှင်း၊
တည်တံ့ခြင်းနှင့်၊ ပွင့်လင်းပြန့်ရေး၊ အားသွန်ပေးလျက်၊
စည်းဝေးစုစွာ၊ ကိုက်းသံဃာ၌၊ "မဟာမောဂ္ဂလိပုတ္တာ၊
ထေရ အရှင်"၊ မေ့ဆက်ခံသည်....

ဘုန်းကံပါရမီ တိုးတက်ချီ၍ ဖြာပွန်းသော်။
ဘုန်းလှဖြာသရီ ဖြိုးသက်မှီ၍ ရာစွန်းသော်။
ဘုန်းစံရာမမီ ကိုးမျက်စိ၍ သာထွန်းသော်။

စာဆိုတော်
မဟာသရေစည်သူ
ဦးချမ်းသာ
(လက်ဝဲမင်းညို)
စပ်ဆိုသိုက်သည်။

ရှုတ်ပတ်ပူဇော်သူ
အဆိုကျော်
ဇင်မိုသန့်

မှတ်ချက်

ဤရတုကို "စက်ဝန်းမိုးဇော" ၁၂-သုံးဖြင့် ချပါသည်။ ဇမ္ဗူ၊ တံခွန် ၃-ဆင့်ချွန်၍ ချသော် ကြောင့် ၃-ပိုဒ် စုပေါင်းသော ၃x၃x၁၂=၁၀၈ လုံး ရပါသည်။

(၂) ထက်ပြဟ္မာတွေ၊ အောင်ဆုခြွေသား၊ ဇေယျာသီရိ၊ ဘုန်းကံရှိ၍၊ ဝီရိသဒ္ဓါ၊ ငါးဖြာဗလ၊ စုံပြည့်ဝလျက်၊ "ဗုဒ္ဓသာသနံ-စိရံ တိဋ္ဌတု" ဓိဋ္ဌာန်မူဖြင့်၊ စတုလေးဖြာ၊ သီလဝါနှင့်၊ သိက္ခာသုံးပါး၊ မြင်းမိုရ်လား်းတည့်၊ ဘုရား သာသနာ၊ ရောင်နေဝါသို့၊ ရှည်ကြာငါးထောင်၊ ဝင်းထိန်ဖြောင်ဟု၊ ရှေ့ဆောင်"ပိဋ္ဌက=နိကာယ"တည့်၊ ဓမ္မဝိဟာ၊ ကျောင်းတိုက်သာနှင့်၊ ရှေ့မှာပရိယတ်၊ နတ်ဖန်လတ်သို့၊ ထူးမြတ်"တက္ကသိုလ်"၊ မန်းရိပ်ခိုသား၊ မြင်းမိုရ်ထိပ်ဖျား၊ သိကြားစေယုံ၊ဝိသကြုံနှင့်၊ စေ စုံတမန်၊ ဝေယန်မာတလိ၊ လာရောက်ဘိသို့၊ "သီဝလီ"မြတ်ရှင်၊ လာတ်ကောင်းရှင်၏၊ ညီခင်းဆိုရ၊ "ဝိစိတ္တာတွင်-သာရဆက်ကာ-ဘိဝံသာဟု၊ မဟာအဂ္ဂ-ပဏ္ဍိတ"တည့်၊ဒုလ္လဘငါးမည်၊ကြုံတောင့်သည်တွင်၊ ထူးလည်"သဒ္ဓမ္မ-သဝန"ကို၊ ထေရမြတ်ထံ၊ နာယူခဲလျက်၊ "သပ္ပုရိသသံသေဝေါ"၊ ကြီးသောပညာ၊ ထေရိန္ဒာအား၊ မကွာဆည်းကပ်၊ ရခဲလာဘ်ကို၊ ကြုံရပ်ထူးပုံ၊ ရခဲတုံဟု၊ ကြုံတောင့်ကြုံစွဲ၊ဒုလ္လဘတည့်၊ သာသနာ့စံဝင်၊ ဂုဏ်ထူးရှင်အား၊ပီပြင်ဆိုခြိမ့်၊ နားဝယ်သိမ့်လည်း၊ ဆိုပိမ့်မဆုံး၊ ရွှေနှစ်တုံးလိမ့်၊ သီကုံးကျူးရင့်၊ ဂုဏ်ကိုဖွင့်လည်း၊ သံဆင့်သံကျူး၊ ဝေယန်ကြူးလိမ့်၊ ဂုဏ်ထူးသမိုဂ်၊ မော်ကွန်းစိုက်လည်း၊ ဆိုထိုက်ပြည့်စုံ၊ မကုံလုံအံ့၊ သုံးပုံသိက္ခာ၊ ကျင့်အာစာလည်း၊ စာမရီကျွတ်မွေး၊ မခံသေးဟု၊ စွန့်ရေးသက်ပင်၊ တွယ်မခင်တည့်၊ ထေရ်ရှင်မြတ်ဘုန်း၊ စံပြည့်နှုန်းသည်....

ဘုန်းလျှံဖြာသရီ ဖြိုးသက်မှိ၍ ရာစုံနှံးသော်။
ဘုန်းစံရာမမီ ကိုးမျက်စီ၍ သာထွန်းသော်။
ဘုန်းကံပါရမီ တိုးတက်ချီ၍ ဖြာဝှန်းသော်။

ရည်ရွယ်ရင်းမှာ-

(၁) မြတ်စွာဘုရား၏ တစ်ရာ့ရှစ်ပုံစက်တော်စုံကို အာရုံပြုကာ ငုံကြာ ဆယ်လက် ဦးတိပ်ရွက်သော အားဖြင့်လည်းကောင်း၊

(၂) ဆရာတော် ဘုရား ဦးဆောင်ထားသော သာသနာ့ ကိစ္စအဝဝတွင် ပင်ဖိတ်အပ်သော သက်တော်ရှည်လျား တစ်ရာ့ရှစ်ပါးသော ယေရှဘုရားကြီးများအား ညွှတ်တွား ကော်ရော် ပူဇော်သော အားဖြင့်လည်းကောင်း၊

(၃) သက္ကရာဇ် မရမ္မေမှ၊ သာခြွေ မိန့်ခွန်း၊ အောင်စေည္ဆန်းသား၊ တည်ထွန်းသာသနာ၊ ငါးထောင်ကြာအောင်၊ ပါရမီဘုန်းကံ၊ ပြည့်ဖြိုးလျှံသည့်၊ ကြယ်ရံစန္ဒာ၊ ပုဏ္ဏာမာသို့၊ "ဝိစိတ္တာသာရ"၊ မြတ်ထေရလျှင်၊ သာသနာ့တန်ဆောင်၊ မော်ကွန်းထောင်မည့်၊ အောင်မြေမြနန်း၊ တောင်ရွှေမန်းတွင်၊ *စန်းရောင် ယှက်ကာ၊ "သာသနာ့တက္ကသိုလ်၊ ပေါ်ထွန်းလို"ဟု၊ ညွှန်းဆိုမိန့်ဟာ၊ ပြည့်ပြည့်ဝအောင်၊ ဆန္ဒလှလှ၊ ဦးဆောင်ပြု၏၊ ရတုရာသီ၊ သိင်္ဃသီဂီမှ၊ ကွန္ဒန်ထိန်ဝါ၊ စိန်ဝဇီရာသို့၊ ချိန်ခါချီချိန်၊ ဇေယျာသိရိတွင်၊ ရာဇိန်မြင့်နန်း၊ သာတင့်ဆန်းဟု၊* မန်းတောင်လက်ယာ၊ "မှန်ကျောင်း"ရာဋ္ဌ၊ မင်္ဂလာသီရိ၊ ဘူမိနက်သန်၊ မြေမြတ်ကြန်တွင်၊ နတ်ဖန်ညွှန်ပြ၊ "ဓမ္မရဟု၊ သာသနည္ဇန်ချီ၊ သောဘိဏီ"မည်ရ၊ သိမ်ဗဒ္ဓကို၊ ဦးစွာသိမ်နှုတ်၊ သိမ်သမုတ်၍၊ သိမ်အုတ်မြစ်ချ၊ ပန္နက်ပြသော်၊ ဒေဝညီနောင်၊ သုံးကျိပ်မောင်တို့၊ တောင်မြင်းမိုရ်တွင်၊ ဝေယန်ရှင်နှင့်၊ နတ်ခင်လေးညီ၊ သုဒေဝီတို့၊ ပီတိလျှံဖြာ၊ ကောင်းကြီးညာလျက်၊ ကျူးကာရင့်ညောင်း၊ ပဉ္စသိင်္ဂစောင်းတည့်၊ "ထေရ်ပေါင်းကျန်းမာ၊ ကျော်သက်ရာ"ဟု၊ ဒေဝါညွှန်ပြ၊ သိဒ္ဓိရ၍၊ "သာသနာ့ဆေးရုံ"၊ မျှဝေယျကို၊ လှစုံလှရုံး၊ မဉ္ဇူကုံးသို့၊ "စိန်တုံးမိဖုရား"၊ မြေညွှန့်ကြွားတွင်၊ ချထားပန္နက်၊ ရွှေအုတ်ဆက်လျက်၊ ကနက်ဖြန့်ဝန်း၊ ဆေးရုံထွန်းဟု၊ *နန်းအောင်ချက်ချာ၊ ကောင်းကြီးညာက၊ ဇေယျာအောင်သံ၊ သောင်းလုံးညံသည်....

ဘုန်းစံရာမမီ ကိုးမျက်စီ၍ သာထွန်းသော်။
ဘုန်းကံပါရမီ တိုးတက်ချီ၍ ဖြာဝှန်းသော်။
ဘုန်းလျှံဖြာသရီ ဖြိုးသက်မှီ၍ ရာစွန်းသော်။

(၃) အထူးသဖြင့် တိပိဋကရေဆရာတော်ဘုရား၏ရာကျော်သက်ရှစ်ပြည့်အောင်ဖြစ်ဖို့ ခုနှစ်ဆယ့်နှစ်နှစ်မြောက်၊ ပြည့်မြောက်သည့်နေ့တွင် ပူဇော် ကန်တော့ပန်းဆင် သော အား ဖြင့် လည်းကောင်း၊

ဤ "အောင်မင်္ဂလာ ရတနာသိဒ္ဓိ မဟာရတုပိုဒ်စုံ"ကို(၁၀၈)လုံးဘို့ဖြင့် ချပါသည်။ အချွတ်တွင် "ဘုန်း" ကိုးချက် ရှိပါသည်။ (ပုလဲသွယ် သော်တာရောင်ချဖြစ်ပါသည်။)

(အထူး)အပိုဒ် (၃)တွင် (*) ခရေပွင့် ပြထားသည့် ပိုဒ်တွင်း အချို့(၃)ခု ပါဝင်သည်ကို သတိမူကြရန် ဖြစ်ပါသည်။



တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂပဝိဒိတ္တသာဂရာဘိဝံသ
အတ္ထဝေက် ဒွေးရွာအကြီးဟူသော်ငါ့
အတ္ထဝေက်ကြီးသက်တော်ကျော်ကျော်ရှည်ပါစေ—
သာသနာတော်ကြီးထွန်းပင်ပြန့်ပွားစောင်ကြာအောင်နှိုင်ပါစေ
သာသနာတော်ကြီးခိုင်မြဲပါစေ

ဘုဒ္ဓဓာတိသာဝဒုတောင်းမှ
မြင်းမိုးကြီး
နတ်ဟူသာဒူဇော်စေခဲ့၏

ဤဂါထာတော်သည်သာသနာယကအဖွဲ့၏အကျိုးတော်ဆောင်
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ
ဘဒ္ဒန္တဝိစိတ္တသာဂရာဘိဝံသ
မဟာဆေရိမြတ်၏ သက်တော် (၇၁) နှစ်ပြည့်
ပွဲးနေ့ မင်္ဂလာယူဆော်ပွဲ / ၄၆ ပုဂ္ဂန်၊ အကောဗိသိုရ်

ဆူးလေစေတီတော် နှင့်
တိုပဋ္ဌကစရဆရာတော်

ဆူးလေစေတီဘုရားမြတ်ကြီးတွင် နိုင်ငံတော် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဦးတည်ချက်ဖြင့် စေတီတော်မြတ်ကြီး၏ ဝေယျာဝစ္စလုပ်ငန်းအဝဝကို စနစ်တကျ စီမံကွပ်ကဲ ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းပြည်သူ့ကောင်စီနှင့် ရန်ကုန်တိုင်း သာသနာရေးမှူးရုံးတို့က တိုင်းပြည်သူ့ကောင်စီခန့် ကိုယ်စားလှယ် ၃ ဦး၊ တိုင်းသာသနာရေးမှူး၏ မတ္တာရပ်ခံချက်ဖြင့် ပါဝင်သော ကိုယ်စားလှယ် ၂ ဦး၊ ပြည်သူတို့ရွေးချယ် တင်မြှောက်သော ကိုယ်စားလှယ် ၂ ဦး စုစုပေါင်း ကိုယ်စားလှယ် ၇ဦး ပါဝင်သော ဂေါပကအဖွဲ့ဖြင့် ၁၉၈၁ ခုနှစ်မှ စတင် ဆောင်ရွက်လျက်ရှိပါသည်။

ဆူးလေစေတီတော် ဂေါပကအဖွဲ့စည်းမျဉ်းအခန်း ၂၊ အပိုဒ် (၃)အရ ဤဂေါပက အဖွဲ့ဝင်များအား ကြီးကြပ်လမ်းညွှန်မှုနှင့် သြဝါဒပေးနိုင်ရန် သြဝါဒါစရိယ ဆရာတော် ၃ ပါးကို ရန်ကုန်တိုင်း ပြည်သူ့ကောင်စီမှ ခန့်အပ် တာဝန်ပေးထားပါသည်။ ယင်းသို့ဆောင်ရွက်နေစဉ် သြဝါဒါစရိယ ဆရာတော် ၁ပါးဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ မူလပဋ္ဌာန်းဆရာတော် ဦးနာရဒသည် (၁-၁-၈၃) ရက်နေ့တွင် ဘဝနတ်ထံပျံလွန်တော် မူခဲ့ရာ ယင်းလစ်လပ်သော သြဝါဒါစရိယ ဆရာတော် နေရာတွင် ဂေါပကအဖွဲ့၏ (၂၉-၁-၈၃) ရက်နေ့၌ ကျင်းပပြုလုပ်သည့် လပတ်ပုံမှန်အစည်းအဝေးမှ တိပိဋကဓရ ဆရာတော် တစ်ပါး ပါဝင်သင့်ကြောင်း ဆွေးနွေး ဆုံးဖြတ်ကာ တိပိဋကဓရ မမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာ ပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု

ဘဒ္ဒန္တဥဝိစိတ္တာသာရာ ဘိဝံသအား ဩဝါဒါစရိယ ဆရာတော်အဖြစ် လက်ခံဆောင်ရွက်တော်မူရန် ဂေါပက အုပ်ဝင်ထိုးဖြစ်သူ ဦးဟန်စိန်အား လျှောက်ထားပေခဲ့သည်။

ဆက်ဘော် ဘုရားကြီးမှ ဂေါပကအဖွဲ့၏ လျှောက်ထားချက်ကို လက်ခံ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း မိန့်ကြားချက်အရ လစ်လပ်လျက် ရှိသော ဩဝါဒါစရိယ ဆရာတော်အတွက် မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘုရားကြီးအား ဖြည့်စွက် ခန့်ထားပေးပါရန် ဂေါပကအဖွဲ့မှ တိုင်းသာသနာရေးမှူးရုံးသို့ မေတ္တာရပ်ခံ တင်ပြခဲ့ပါသည်။

ဤသို့ဖြင့် တိုင်း သာ သ နာ ရေး မှူး ရုံး မှ (၂၄-၈-၈၃)ရက်စွဲပါစာအမှတ် ၅၆၃/၅၆၄/၂၃/၇/ဘသန/မူခင်းဖြင့် ရန်ကုန်တိုင်း ပြည်သူ့ကောင်စီသို့ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ (သုခ)၏ (၁၅-၇-၈၃)နေ့တွင် ကျင်းပသော အဆူးအဘည်းအဝေး၏ ဆုံးဖြတ်ချက် အပိုဒ်(၈) အရ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂ မဟာပဏ္ဍိတ၊ ဘဒ္ဒန္တ ဝိစိတ္တာသာရာဘိဝံသအား ဆူးလေစေတီတော် ဩဝါဒါစရိယ ဆရာတော်အဖြစ် ခန့်ထားရန် ဆုံးဖြတ်ကြောင်းကို သိသာရန်နှင့် လိုအပ်သည်ကို ဆောင်ရွက်နိုင်ရန် တင်ပြခဲ့ပါသည်။

တိုင်း ပြည် သူ့ ကောင် စီ ရန် ကုန် တိုင်း ၏ (၂၂-၉-၈၃) ရက်စွဲပါ စာအမှတ် ၉၃၄၈/၁၇၈/သူ့ခရေးဖြင့် တိုင်းပြည် သူ့ကောင်စီအလုပ် အ၊ဆောင်အစည်းအဝေး အမှတ်စဉ်(-၆၀/၈၃) ဆုံးဖြတ်ချက် အပိုဒ်(၂၀)အရ တိပိဋကဓရ ဓမ္မ-ဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဝိစိတ္တ-သာရာဘိဝံသအား ဆူးလေစေတီတော် ဂေါပက အဖွဲ့ ဩဝါဒါစရိယ ဆရာတော်အဖြစ် ဖြည့်စွက် ခန့်ထားရန် သဘောတူကြောင်း ဆုံးဖြတ်ချက်ကို တိုင်းသာသနာရေးမှူးရုံးသို့ တိုက်ရိုက် ပေးပို့ပြီး ဤ ဂေါပကအဖွဲ့ရုံးသို့ မိတ္တူ ပေးပို့ခဲ့ပါသည်။

ဆက်လက်၍ တိုင်း သာသနာရေးမှူးရုံး၏ (၂၀-၉-၈၃)ရက်စွဲပါစာအမှတ် ၆၄၀/၆၄၉/၂၃/၇/တသန/မူခင်းဖြင့် ဤဂေါပကအဖွဲ့ရုံးသို့ ဆရာတော် ဘုရားကြီးအား ဆူးလေစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်အဖြစ် ဖြည့်စွက် ခန့်ထားရန် သဘောတူညီပါကြောင်း အကြောင်းပြန်ကြားခဲ့ပါသည်။

ဤသို့ တိုင်းပြည်သူ့ကောင်စီ၊ တိုင်းသာသနာရေးမှူးရုံးတို့၏ သဘောတူညီကြောင်းအကြောင်းပြန်ကြားချက်များအရ ဤ ဂေါပက အဖွဲ့သည် (၅-၁၀-၈၃)ရက်စွဲပါစာအမှတ် ဆလ/စံမံ/၂(၄၅၀)ဖြင့် ဆရာတော် ဘုရားကြီးထံ ဆူးလေစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်အဖြစ် ပါဝင် ဆောင်ရွက်တော် မူပါရန် ခြေတော်ဦးခိုက် လျှောက်ထား ဆက်ကပ်ခဲ့ပါသည်။

ကျေးဇူးတော်ရှင် ဆရာတော် ဘုရားကြီးသည် ဆူးလေစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်အဖြစ် ခံယူပြီးနောက် ဤဂေါပကအဖွဲ့၏ (၂၅-၃-၈၄)ရက်နေ့တွင် ကျင်းပပြုလုပ်သော ဩဝါဒခံယူပွဲ အခမ်းအနားသို့ ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် ပထမအကြိမ်အဖြစ် ကြွရောက်တော်မူပြီး ဦးအေးကြိုင်၊ ဦးရဲအောင်၊ ဦးမြမောင်၊ ဦးခင်ဇော်၊ ဦးဟန်စိန်၊ ဦးသန်းမြင့်တို့ ပါဝင်သည့် ဂေါပကအဖွဲ့အား ကရုဏာရေ့ထား မေတ္တာပွားမှု ဩဝါဒဂါထာများ မိန့်ကြားတော် မူခဲ့ပါသည်။

သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့နှင့် ပြည့်စုံ ကျော်ကြား မြင့်မြတ်တော်မူ၍ သာသနာပြုတော်မူသော တိပိဋကဓရ မေဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်

သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဘဒ္ဒန္တ ဝိစိတ္တာသာရာဘိဝံသ ဆရာတော်ဘုရားကြီး၏ ပထမအကြိမ် ဆူးလေစေတီတော် ဂေါပက အဖွဲ့အား ခွီးမြှင့်တော်မူသော ကြည်ညိုဖွယ်ရာ သြဝါဒကထာကို သဒ္ဓါတရား ဦးထိပ်ထား၍ ပြည့်စုံစွာ ဖော်ပြအပ်ပါသတည်း။

(၂၅-၃-၀၄) ရက်နေ့တွင် ပြုလုပ်သည့် ဆူးလေစေတီတော် ဂေါပကအဖွဲ့ သြဝါဒခံယူပွဲတွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစိတ္တာသာရာဘိဝံသ ဆရာတော် ဘုရားကြီးမှ ပထမအကြိမ် ခွီးမြှင့်တော်မူသည့် သြဝါဒကထာ။

"စာပေဘာသာ၊ ယဉ်ကျေးမှု သင်တန်း ဖွင့်လိုလို့ရှိရင် အဘိဓံမှာ ပြန့်ပွားရေးအသင်းကြီးမှာ ပညာအရည်အချင်း ပြည့်ဝတဲ့ လူပညာရှိကြီးတွေ ရှိပါတယ်။ သူတို့မှာလဲ အကူအညီ ရယူနိုင်ပါတယ်။ ယဉ်ကျေးမှုသင်တန်း သင်ကြားဖို့ ဘယ်လို စာအုပ်တော်မယ်။ ဘယ်ဟာ သင်ကြားရမယ် ဆိုတာက သာသနာရေး ဦးစီးဌာန နိုင်ငံတော် အစိုးရ သဘောကျ သာသနာရေးစာပေ သင်ကြားမှုကို လွဲလာလျှင် တရား ဝင်ရုံတင်မက ဒီစာပေ သင်ကြားရတဲ့ ကလေး သူငယ်များဟာ ဘာသာရဲ့ အမွေအနှစ်ကို ငယ်ငယ်က ရပြီးတော့ လူကောင်း သူကောင်းဖြစ်ဖို့ သေချာ ပါတယ်။ အဲဒါ ဘုန်းကြီးများ ဘာသာရေးနဲ့ တိုင်ပင်ပြီး ဘော့ ဘာသာယဉ်ကျေးမှု စာပေ သင်ကြားပေးဖို့ ကိစ္စကို သာသနာရေးနဲ့ တိုင်ပင်ပြီး ဆောင်ရွက်ဖို့ ဒကာကြီးများ အကြံပြုချက်ကို ထောက်ခံပါကြောင်း။

"အကြံပေးဖို့ အချက် နှစ်ချက်၊ ဘာသာရေး စာအုပ်ဆိုင်ဖွင့်လှစ်ဖို့ သင့်မသင့်ဆိုတဲ့ တစ်အချက်၊ လိုက်ဂူများကို တိုးချဲ့ဖွင့်လှစ်ဖို့ သင့် မသင့်ဆိုတဲ့ နှစ်အချက်၊ အဲဒီ အချက် နှစ်ချက်မှာ စာအုပ်ဆိုင်သည် ဆူးလေစေတီတော် ဂေါပက အဖွဲ့က အုပ်ချုပ်၍ အလုပ်သမားနဲ့ ပုဂ္ဂိုလ် တစ်ဦး တစ်ယောက်၏ စီးပွားရေး မဟုတ်ဘဲ ဆူးလေစေတီတော် ဂေါပက၏ စေတီယ ပရိဘောဂ၊ ဗုဒ္ဓ မမွှ သံဃ ဝေယျာဝစ္စအတွက် ရွက်ဆောင်ရင် ကောင်းပါကြောင်း။ ဒီလိုမဟုတ်ဘဲ ပုဂ္ဂိုလ် တစ်ဦးရဲ့ အကျိုးငှာ ရွက်ဆောင်ရင် ဒီဆူးလေစေတီတော် ဂေါပကနဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေ အများကြီး ဘော်ဒတော်ကြာတော့ သူ့ဘက် ငါ့ဘက် ပြဿနာ ပေါ်နိုင်ပါတယ်၊ ဒါကြောင့် ဂေါပကအဖွဲ့က ပိုင်သော စာအုပ်ဆိုင်ဆိုရင် အင်မတန် ကောင်းပါတယ်။ ဘာသာရေးစာအုပ်၊ ဗုဒ္ဓဘာသာရေးစာအုပ် ရောင်းဝယ်ရင် အင်မတန် ကောင်းပါတယ်။ ၎င်းပြင် ဘာသာရေးယဉ်ကျေးမှု သင်တန်းဖွင့်ဖို့ ဆိုတာလဲပဲ အင်မတန်ကောင်းသော အကြံဉာဏ် ဖြစ်ပါတယ်။

"ခြင်လုံခန်းပြုလုပ်မယ်ဆိုတဲ့ဤကိစ္စမှာ စေတီတော်ကြီးအား ဖြိုဖျက်ပစ်ရမယ့်သဘော မရှိပါဘူး။ တစ်နည်းအားဖြင့် စေတီတော်ကြီးရဲ့ ပူဇော်ရမယ့် ပူဇနီယဝတ္ထုနဲ့ ဒီဘက်ကရှိတဲ့ စေတီတော်ကြီးအား မှုန်းမုံထားတဲ့ အုတ်နဲ့ ဒီလိုရှိကြတဲ့ ကိစ္စမှာ နည်းနည်းလေး ပြုပြင်ဖို့၊ ပြင်ရတယ်ဆိုတာက နှစ်မျိုးရှိပါတယ်။ ဒီစေတီရဲ့ အုတ်သားကို ပြင်ရတာ နှစ်မျိုးရှိပါတယ်။ တစ်မျိုးက သက်သက်ကို ဖရုသ စေတနာနဲ့ ပျက်လိုပျက်စီးလုပ်တဲ့ အဲဒါမျိုး၊ ဒါမျိုးကတော့ လူသူတော်ကောင်းတွေ ပြုလဲ မပြုလုပ်ပါဘူး၊ ပြုလဲ မပြုကောင်းပါဘူး။ အခု မိမိတို့ ကြုံစည်ဘာက ကမ္မဋ္ဌာန်းနှလုံးကျင့်သုံးတဲ့ ပုဂ္ဂိုလ်များ ချမ်းချမ်းသာသာ အသံတိတ် အာရုံဆိတ်ပြီးတော့ ကျင့်သုံးနိုင်ဖို့ရာ ရည်သန်ချက်၊ မွန်မြတ်တဲ့ ရည်သန်ချက်နဲ့ ပြုတာ ဖြစ်လို့ ဘုန်းကြီးများ သဘောတူပါတယ်။

''ဒီမှာ အထောက်အထားပြရရင် အသောက မင်းတရားလက်ထက်က မာတ်တော် ဌာပနာ ထားတဲ့၊ အဇာတသတ် ဌာပနာပြီးတော့ တည်ခဲ့ တဲ့ ဧတီကို ဖြိုဖျက်တယ်၊ တိုတို ပြောကြပါစို့ ဖြိုတာပဲ၊ ဖျက်တာပဲ။ အဲဒီ ဖြိုတာ ဖျက်တာဟာ ဘာလုပ်ဖို့လဲ၊ အဲဒီထဲက ရှိတဲ့ မာတ်တော်များကို ဇမ္မူဒိပ်ကျွန်းအလုံး အနှံ့အပြား ကိုးကွယ်ကြပါ စေဆိုတဲ့ စေတနာနဲ့ ရှိရင်းစွဲ ထူပ ခေါ်သော စပါးပုံနဲ့တူတဲ့ စေတီကို ဖြိုဖျက်ခြင်းဖြစ်ပါတယ်။ အဲဒီ ဖြိုဖျက်ခြင်းဟာ ဧတီကိုပြစ်မှားလိုသော၊ ပျက်စီးလိုသော စေတနာ မပါပဲနဲ့ ဒီအထဲကရှိတဲ့ ပူဇော်ရဟ မာတ်တော်များကို ငါတို့ ပါဠိလိပုတ် ပြည်က လူတွေတင် မဟုတ်ပဲနဲ့ ဇမ္မူဒိပ် တစ်ကျွန်း လုံးမှာရှိတဲ့ လူတွေ ပူဇော်နိုင်ဖို့ ဖြန့်ဖြူးမယ်၊ ဒီရည်ရွယ်ချက်နဲ့ ဖြိုဖျက်တဲ့အတွက် အသောက မင်းတရားကြီးမှာ ဘာမှ အပြစ်မရှိပါဘူး၊ အပြစ် မရှိလို့လဲပဲ ဒီတုန်းက ခေါင်းဆောင်ဖြစ်တဲ့ ဆရာ တော်များက မတားဖြစ်တာ ဖြစ်ပါတယ်။

''အဲဒါကိုထောက်သဖြင့် မိုဇိတို့သည် သူတော် စင်များ ဘုရားအာရုံ ဘေးကင်း၊ ရန်ကင်း၊ ခြင် အန္တရာယ်ကင်းရှင်း အသံတိတ်ဆိတ်စွာ တရားနှလုံး ကျင့်သုံးနိုင်ရေး အတွက်ဆိုတဲ့ စေတနာနဲ့ ပြုလုပ် တာဖြစ်လို့ ဆရာတော်များသြဝါဒါစရိယက ကန့် ကွက်ဖွယ်မရှိပါဘူး။ အငဲမဘန် သင့်တင့်လျောက် ပတ်ပါတယ်။ အဲဒါ ပြုသင့်သော အမှုလို့ပဲ ဘုန်း ကြီးများ ဖြေလိုပါတယ်။ သြဝါဒ အနေနဲ့ ဤမျှ လောက်ပဲ ပြောခွင့်ရှိပါတယ်။ ကျန်တဲ့ ကိစ္စတွေ ကတော့ ဘုန်းကြီးတို့ ဆရာတော်၊ သံဃာတော် တွေဆိုတာ 'နမောဘဃဲ၊သုဏာတုမေ'လောက်၊ ဒီလောက် ကျွမ်းကျင်ကြတာ ဖြစ်ပါတယ်။ ကျန် တဲ့ ကိစ္စတွေ၊ တည်ဆောက်တဲ့ ကိစ္စအဝဝ အကုန် လုံးကတော့ သြဝါဒါစရိယတွေက သာဓုခေါ်ဖို့ နဲ့ မတော် အပြစ်ဖြစ်မှာ တွေ့ရင် ဒါမလုပ်နဲ့၊ ဒီ လောက် ပြောဖို့ ရှိပါတယ်။ ကျန်တဲ့ အစီအမံ တွေက ဒကာကြီးတို့ လုပ်ကိုင်ထားတာ ဘုန်းကြီး တို့ သြဝါဒါစရိယက သာဓုခေါ်ပေးရမယ့် အင် မတန် စည်းကမ်းတကျ ဆောင်ရွက်ချက်တွေ ဖြစ် လို့ အထူး သြဝါဒပေးဖို့ မလိုပါဘူး။ ဂေါပက အဖွဲ့၏ ဆောင်ရွက်ချက်သည် တကယ့် စေတနာ၊ တကယ့် သဒ္ဓါနဲ့ ဆောင်ရွက် ထားတာ ဖြစ်လို့ ဘုန်းကြီးတို့ သြဝါဒါစရိယအဖွဲ့ အနေနဲ့ သာမု အနုမောဒနာ ကောင်းချီး ခေါ်ပါတယ်။ တစ် နည်းအားဖြင့် အခုလဲ အကြံပေးဖို့ရှိရင် ထပ်၍ ပေးတော်မူပါ။ တပည့်တော်များကဘော့ အ,လို့ လား လူအမို့လား မသိဘူး၊ ဒီ ဂေါပကအဖွဲ့ရဲ့ ဆောင်ရွက်ချက်ဟာ သာဓုခေါ်ဖို့မှတစ်ပါး ဒီပြင် ဘာမှအပြစ်ဘင်စရာမရှိဘူးလို့ မြင်ပါတယ်ဘုရား၊ ဆရာတော်များ ပြောစရာရှိလို့ရှိရင် ဆက်လက် မိန့်ကြားတော်မူပါ။ ဆောင်ရွက်ချက်ကို ကောင်း မွန်တဲ့အတွက် တပည့်တော်များ သာဓု သုံးကြိမ် ခေါ်ပြီးတော့ သြဝါဒကထာ နိဂုံး အုပ်ပါရစေ ဘုရား။''

ဂေါပကအဖွဲ့

ဆူးလေစေတီတော်

ရန်ကုန်မြို့။

တိုပိုင္ငကရေသရာတော်ဖြစ်စာပေစိတ်နှင့်
စာပေဒဿနသား



ဒဂုန်တာရာ

၁၃၄၀-ပြည့်နှစ်၊ ဝါဆိုလဆန်း (၅)ရက်နေ့။

ဤခရီး၊ ဤရက်သည် ကား မြန်မာ့သာသ၊နာဝင်တွင် "အမှတ်ရစွဲမက်ဖွယ်" တင်ရမည့် နေ့ထူးနေ့မြတ်တည်း။ ဗုဒ္ဓသာသနာတော် ရှင်သန်ကြီးပွားခိုင်မာရေးအတွက် အုတ်မြစ်ချလိုက်သောနေ့ ဖြစ်သတည်း၊

တိပိဋကဓရ မဟာဇျောဂဂရိက ဆရာတော်အရှင် ဝိဝံသာသရသည် သာသနာ့ သမိုင်းကွင်း တစ်ကြိမ် ဘစ်ခါမျှ မပေါ်ပေါက်ဖူး သေးသော "တိပိဋကနိကာယ ကျောင်း တိုက် ကြီး" ကို မင်းကွန်းဘာင်ဝိုင်း မိုးမိတ်ကုန်းမြေ၌ ထူထောင်ခဲ့စဉ်ကပင်လျှင် ဝိဝံဘောဒိမှသည်။

ဆရာတော်သည် တိပိဋကဓရမဟာဇျောဂရိကဘွဲ့ကို မြန်မာနိုင်ငံ၌ အာဒိကမိုက ပထမဆောင် ဖြင်ရလူဘော်မှခဲ့သည်။ မိမိ တစ်ပါးတည်း ပရိယတ်၊ ဘာဝနာ ကျေပွန်ရုံမျှဖြင့် သာသနာတော်အစဉ်မပျက် ဆက်လက် တည်ရှိမည်ဟု ဆရာတော်က မယူဆပေ။ သာသနာတော်၏ မူလ ဘူတဖြစ်သော ပရိယတ္တိဘာဝနာကို လက်ဆင့်ကမ်းကာ ထမ်းဆောင်နိုင်သော သာသနာ့ အာဇာနည် အစဉ်အဆက်ကို အဆက်မပြတ် ထွက်ပေါ်လာမှသာ သာသနာ့ အသက်ရှည်သည် ထွန်းပြောင်စည်ပင်ဝေဟိမ့်မည်။ ပရိယတ်ဆိုသော်လည်း ပရိယာယ်စာပေ အခြေခံကျ စာမေးပွဲများ၊ စာပြန်ပွဲများကို အားထုတ်အောင်မြင်ရုံမျှဖြင့် ဗုဒ္ဓသြဝါဒဖြစ်သော သာသနာ့ အနှစ်သာရဟူသော အပြည့်အဝ ခံစားရမည် မဟုတ်ပေ။ စာမေးပွဲပေါင်းစုံကို ကိုယ်တိုင်ဝင်ရောက် ဖြေဆိုခဲ့သော မိမိဘဝအတွေ့အကြုံအရ ကောင်းစွာ သိရှိခဲ့သည်။

တိပိဋကဓရ စာမေးပွဲကြီးကို ဝင်ရောက် ဖြေဆိုလိုက်သောအခါ ဗုဒ္ဓနှင့် ကိုယ်တိုင် တွေ့ရသည်ကို မမှုရသများကို အပြည့်အဝ ခံစားရသည်။ ဤသည်ပင် သာသနာဖြစ်သည်။ ဤသည်ပင် သာသနာတော်၏ အနှစ်သာရဖြစ်သည်။ ဤသည်ပင် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး၏ ပဓာန ဖြစ်သည်။

ဤစေတနာ၊ ဤဆန္ဒတို့က ဆရာတော်၏ နှလုံးသားတွင် ကိန်းအောင်းနေသည်။ ထို့ကြောင့်ပင် ဆရာတော်သည် ထိုနေ၊ ထိုရက်တွင် တိပိဋကခန့်ကာယ ကျောင်းတိုက်ကြီးကို ဖွင့်လှစ် တည်ထောင်တော်မူလိုက်ပေသည်။

ဤကျောင်းတိုက်၌ နိကာယ်ငါးရပ်၊ ပိဋကသုံးပုံကို အာဂုံပြန်ဆို၊ ရေးဖြေကြမည့် သာသနာ့အာဇာနည် ရဟန်းတော်များကို ဖိတ်ခေါ်သီတင်းသုံးစေသည်။ ပစ္စည်းလေးပါးဖြင့် လိုလေသေးမရှိအောင် ထောက်ပံ့သည်။ ဤကျောင်းတိုက်မျိုး ဘယ်ခေတ်၊ ဘယ် တိုင်း ပြည် တွင်မှ မပေါ်ပေါက်ခဲ့ဖူးသေးပေ။

ဆရာတော်၏ စေတနာ၊ ဆရာတော်၏ ရည်ရွယ်ချက်ကား မွန်မြတ် ထက်သန် လှပါသည်။ သာသနာအတွက် အားတက်ဖွယ်ဖြစ်သည်။ သာသနာတော် တည်တံ့ရေး၏ အရေးပါလှသော စီမံကိန်းကြီးဖြစ်သည်။ 'ပရိယတ်သည် သာသနာတော်၏ မူလ' ဟု အဋ္ဌကထာ အဆူဆူတို့က ဖွင့်ပြမိန့်ဆိုတော်မူခဲ့သည် မဟုတ်ပါလော။

ရည်ရွယ်ချက်နှင့် လုပ်ငန်းကား သာမန် ပုဂ္ဂိုလ်တို့ ဆောင်စွမ်းနိုင်ရန်မလွယ်ပါပေ။ အချို့ လုပ်ငန်းများသည် ကြီးကျယ်သော စီမံကိန်းများကို ချဘားပါသော်လည်း အကောင်အထည် မပေါ်လာပေ၊ ရှင်းရှင်းရေးရသော် ဟန်ရေးပြ လုပ်ငန်းများသာ ဖြစ်လာကြသည်။

ဆရာတော်၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းကား မွန်မြတ်ကြီးကျယ်သလောက် အကောင်အထည် ပေါ်လာသည်။ ဤကျောင်းတိုက်ကြီးကိုဖွင့်လှစ်၍

ပထမသုံးနှစ်ခရီးတွင်-

ပိဋကတစ်ပုံဆောင် သုံးပါးနှင့် ဘွဲ့ရ ကျမ်းစဲ့ (၁၈၀)ကျော်တို့ ထွက်ပေါ်တော် မူခဲ့ကြသည်။ သုံးနှစ်ခရီးဝယ် ဤမြအောင်မြင်ခြင်းကား အံ့ချီးဖွယ်ကောင်းလှပါဘိသည်။ဆရာတော်၏စေတနာမေတ္တာ၊သဒ္ဓါ၊ဝီရိယ၊ စိတ်ဆန္ဒတို့ကြောင့် ဤမြအောင် မြင် ခဲ့ သည် ဟု ဆိုရသော် လွန် အံ့ မထင်ပါ။

ဤ အောင်မြင်မှုကို အခြေခံလျက် တိပိဋကနိကာယ သာသနာပြုအဖွဲ့သည် ၁၃၄၄ခု ဒုတိယဝါဆိုလဆန်း(၁၂)ရက်[၁၉၈၂-ဩဂုတ်လ-၁] ရက်နေ့တွင်"ပထမသုံးနှစ်ခရီး" စာ စောင် ကို တခမ်းတနား ဂုဏ်ပြုထုတ်ဝေခဲ့သည်။ ၎စောင်ကို ကြည့်ရှုရသူတိုင်း သဒ္ဓါရွှန်းအိ ပီဘိလွမ်းခဲ့ကြရသည်။

တိပိဋကနိကာယ သာသနာပြုအဖွဲ့သည် ယခု-ဒုတိယသုံးနှစ်ခရီး၏ အောင်မြင်မှုဟုံကို ဂုဏ်ပြုမှတ်တမ်းတင်ရန် ဤစာစောင်ကို ထုတ်ဝေလိုက်ပြန်သည်။စာစောင်ထုတ်ဝေခြင်း၏ ရည်ရွယ်ချက်ကလည်း ထူးခြားလှပါသည်။ သာသနာအတွက် အားတက်ဖွယ်ပင်ဖြစ်သည်။ ရန်ကုန်မြို့၊ ကမ္ဘာအေး ကုန်းမြေ၌ တည်ဆောက်သော ကမ္ဘာ့အဆင့်မီ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး ဖွင့်လှစ်ခြင်းကို ဂုဏ်ပြုကြိုဆို ထုတ်ဝေခြင်းဖြစ်သည်။

ထိုစာစောင်အတွက် စာမူဘောင်းခံလွှာ စာလေး တစ်စောင် စာရေးသူထံ ရောက်လာသဖြင့် ဝမ်းသာရွှင်မြူး ကြုံ နှူးမိပါသည်။ ကြုံတောင့်ကြုံခဲ့ပူဇော်ခွင့်၊ရေးသားခွင့်ကို ရရှိသောကြောင့် ပင်ဖြစ်ပါသည်။ ဤဝမ်းမြောက်မှု ပီတိကြောင့် "တိပိဋကနိကာယကျောင်းတိုက်ကြီး" ဖွင့်လှစ်ခဲ့ခြင်းကို စွတ် ဝမ်း ရွှင် မြူး ဥဒါန်းကျူးကာ နိဒါန်းပျိုးမိခြင်း ဖြစ်ပါသည်။

စာရေးသူ ရေးသားလိုသည်မှာ ကိပိဋကဓရ ဆရာတော်ဘုရားကြီး၏"စာပေ အရေးအသား" ပင်ဖြစ်ပါသည်။

"တိပိဋက ဆရာတော်ဘုရားကြီး၏ စာပေ အရေးအသား"ကို သင့်လို သာမည ကလောင် သမားက ဘာမျှးရေးစရာ၊ ဝေဖန်စရာ လိုသလဲ ဟု စောဒနာချင်ပေလိမ့်မည်။

စာရေးသူ ဝေဖန်ရန်လည်း မဝံ့ပါ။ ဝေဖန်နိုင်စွမ်းလည်း မရှိပါ။ ကျွန်တော်၏ ခစားချက် စာရေးသူအမြင်ကို တင်ပြလိုခြင်း သာ ဖြစ်ပါသည်။

ဆရာတော်သည် သာမဏေဘဝ (၁၃) နှစ်သား အရွယ်ကစ၍ စာမေးပွဲလောကသို့ ဝင်ရောက်ခဲ့သည်။ ပရိယတ္တိသာသနာတိတဓမ္မာစရိယ၊ အစိုးရ ပထမကျော်၊ အ စိုး ရ ဓမ္မာစရိယဘွဲ့ကို သက်တော်(၂၉)နှစ် အရွယ်ကပင် အောင်မြင်ဆွတ်ခူး ရရှိခဲ့ပါသည်။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ထူးကိုလည်း ပထမဦးဆုံး ဆွတ်ခူး အောင်မြင်တော်မူခဲ့သည်။ ဤသို့ဤနှယ်မျှားပြားလှသော စာမေးပွဲမျှားကို အောင်မြင်တော်မူခဲ့ရာ ဆရာတော်၏ ပိဋကတ္တယကောဝိဒ၊ ပိဋကတ္တယဝိဒူ ဂုဏ်ဘိုးကား အားလုံးသိပြီးဖြင့်၍"ငြဟ္မာ-ငြဟ္မေလျာကုဋ္ဌေ"ဖြင့်ချီးကျူးခန်း ဖွင့်သော်လည်း ဆုံးအံ့ မထင်ပါ။

စာပေကို မည်မျှ တတ်မြောက်သော်လည်း စာပေရေးသားမှုကား တစ်ဘာသာဖြစ်ပါသည်။ စာတတ်ပုဂ္ဂိုလ်တိုင်း စာရေးဆရာ၊ ကျမ်းပြုဆရာ ဖြစ်လာမည် မဟုတ်ပါ။

ဆရာတော်ကား စာပေရေးသားပြုစုရာ၌လည်း ကခုလာင်ထက်လှပါသည်။ ရတု၊ ကဗျာ၊လက်ာ၊ တေးဆပ်စသော အ နု စာ ပေ များ ကို ဖွဲ့နွဲ့ရေး



တိဝိဋ္ဌကဓရ ဆရာတော်ဘုရားကြီး ကျန်းစာပြုစုနေတော်မူပုံ

သားရာဇ်ခံလည်း ကျွမ်းကျင်သည်။ ရသ မြောက် အောင် ဖဲ့စွမ်း နိုင် သည်။ ဩဘာစာ၊ သံပိုင်း မော်ကွန်း စသော စာခန့်စာသန့်များကို ရေးဖွဲ့ ရာဇ်ခံလည်း လေးနက်ခန်ညားသည်။ ပါဠိဂါထာ၊ စုဏ္ဏိယပါဠိစာပေအရေးအသားဥာဏ်လည်းချောမော ၍ သဒ္ဒါလက်ာရ၊အတ္ထာလက်ာရနှင့် ပြည့်စုံသည်၊ မြန်မာစာပေ အရေးအသားဥာဏ်လည်း ဝါကျ ဘည်ဆောက်ပုံ၊ရေးဖွဲ့ပုံရှင်းလင်းပြတ်သားသည်။ စာကိုဖတ်လိုက်ရလျှင် ထင်းခနဲ၊ ရှင်းခနဲ မြင်စေ သည်။ မဟာဇုဒ္ဓဝင်ကျမ်းကြီးကား ထင်ရှားသော သာဓကပင် ဖြစ်ပါသည်။

ဆရာတော်၏ စာပေဇီဇကား သာမဏေဘဝ ကပင် အစပျိုးခဲ့ပါသည်။ သာမဏော ဘဝကပင် စာပေ ဝါသနာထုံလှသော ရှင်ဝိစိတ္တ သာရသည် ပေါရာဏ ဒီပနီ စသော မြန်မာစာပေ ဆိုင်ရာ ကျမ်းများကို လေ့လာဖတ်ရှုခဲ့သည်။ ပေါရာဏ ဒီပနီသည် ရှင်ဝိစိတ္တသာရ၏ ပဋိဘာန်ဉာဏ်ကို ကဗျာလမ်းကြောင်းပေါ်သို့ တင်ပေးလိုက်သည်။ ထို့ကြောင့်ပင်(၁၄)နှစ်သား အရွယ်ကပင် ကဗျာ များ ရေးလာခဲ့သည်။ မြန်မာမှု အနုပညာ၌ ဝါ သနာ ထုံလာသည်။

ရှင်ဝိစိတ္တ သာရ၏ ပဋိသန္ဓေက ပါလာသော စာပေဇီဇသည် မင်းကွန်းသို့ ရောက်သောအခါ ဥပဇ္ဈာယ် ဆရာဖြစ်တော်မူသော အရှင်ပညာစက္က ထေရ်ကြောင့် ရှင်သန်တိုးတတ်ခဲ့သည်၊ ရှင်ဝိစိတ္တ သာရအဖို့ ပရိယတ်စာပေ အခြေခံ တိုးတက်လာ သလို စာပေ ရေးသားမှုလည်း အဆင့်မြင့်လာ သည်။

ဓမ္မနာဒ ဆရာတော် အရှင် ပညာစက္ကသည် စာပေရေးသားရာ၌ ဝါသနာထုံလှ၏။စာပေများ

ကို ရေးသားစုပြုခဲ့သည်။ ဆရာတော်သည် မိမိ၏ ဘွဲ့မည်ဖြစ်သော "ပညာစက္က" သဒ္ဒါနှင့် ပရိယာယ်တူ ဖြစ်သည့် "မေဓာဉာဉ်ပဲ့" ဟူသော ကလောင်အမည်ကို ခံယူကာ စာပေများရေးသားခဲ့၏။

ဆရာတော် အရှင်ဝိစိတ္တသာရသည် မိမိ ဆရာတော်၏ ကလောင်အမည်ကို အမြတ်တနိုးထားကာ ထို'မေဓာဉာဉ်ပဲ့'ဟူသော ကလောင်အမည်ကိုပင် ဆက်လက်ခံယူခဲ့၏။ ဆရာတော်၏ လက်ရာကဗျာအချို့ကို ထုတ်နုတ် တင်ပြလိုပါသည်။

ဒုတိယကမ္ဘာစစ်အတွင်းက ဖြစ်၏။ မန္တလေးမြို့ မစိုးရိမ် ဆရာတော်ဘုရားကြီးသည် စစ်ဘေးစစ်ဒဏ်ကို တိမ်းရှောင်ရင်း မင်းကွန်းသို့ကြွရောက်ဝါကပ်တော်မူသည်။ သီတင်းကျွတ်သော အခါ တိပိဋကမယ်တော်ကြီးဒေါ်မမွစာရီသည် မစိုးရိမ် ဆရာတော်ကို ပူဇော်ကန်တော့ရန် ငါးကျပ်တန် ငွေစက္ကူများကို ဒေါင်းရုပ်ပြုလုပ်၏။ဒေါင်းရုပ်၏ နှုတ်သီးတွင်ကား ဓမ္မပူဇာ တေးထပ် တစ်ပုဒ်ကို ရေးဆွဲထားသည်။ ယင်း တေးထပ်ကား 'မေဓာဉာဉ်ပဲ့' အမည်ခံ ဆရာတော် အရှင်ဝိစိတ္တသာရ၏ ရေးသားသော တေးထပ် ဖြစ်သည်၊

* ကွန်းရွှေမြိုင် သောင်းကေတုဆီက၊
သြောင်းဟေတု ဟေတူ၊ ဒေါင်းရွှေဥ
နေတဆူငယ်၊ ဇေယျတူသံရင့်၊
ကျောင်းဆောင်တော့် ဝေဇယန်မှာ၊
နေရဗာန်လမ်းဖြောင့်ကိုဖွင့်။
ပစ္စည်းနှင့် ပစ္စယုပ္ပန်၊ နှစ်ရုပ်နာမ် ဒွန်
ဖွင့်၊ ဖြစ်ချုပ်ဟန် ညွှန်သဖြင့်သာပ၊
ခုနှစ်ဆင့်ဗောဇ္ဈင်၊စက်ဘုန်းရောင်သာ
ရှင်မြူးသောကြောင့်၊ ကြာခင်ဖူး ပွင့်
မည့် အရှင်။
မစိုးရိမ့် ဂုဏ်သခင်ကို၊စုံအလင် ဆုခွဲ
သန့်ပါလို့၊ ဥဒေတယဲ့ မောရဗျာဂီ၊



ဟော-ဘုရဉ်လာပြီ၊ နိဗ္ဗာန်နန်းမှူးမယ်
ထေရ်ကို၊ ဦးငဲ့ခြီ-ရွှေဒေါင်း ဘုရား
လေး။

ဤတေးထပ်ကား ပူဇော်ကန်တော့ခံ မစိုးရိမ်
ဆရာတော်၏ဘဝသရုပ်ကို ကဗျာဖြင့် ပုံဖော်လိုက်
ခြင်းပင် ဖြစ်သည်။မစိုးရိမ် ဆရာတော်၏ ဘွဲ့တော်
မှာ ဦးသူရိယ(နေ)ဖြစ်ရာ နေ၏ အမှတ် အသား
ဖြစ်သော'ဒေါင်း'ဖြင့် စခြို၍ဖွဲ့လိုက်သည်၊ မစိုးရိမ်
ဆရာတော်သည် ပဋ္ဌာန်းပို့ချရာ၌ လှန်စွာ နာမည်
ကြီးလှသည်။ ထို့ကြောင့်ပင် ''သြောင်း ဟေတု၊
ဒေါဟတု'' ဟူသော ကျူးရင့်သံ ထွက်ပေါ်လာ
သည်။ ပစ္စည်း ပစ္စယုပ္ပန်၊နာမ်ရုပ် စသော ပဋ္ဌာန်း
ဆိုင်ရာသဘောဘရားတို့ဖြင့် အားဖြည့်ထားသည်။
'ဥဒေဘယံ မောရဗျာဂီ၊ ဟော ဘုရဉ်လာပြီ'
ဟူသော အဖွဲ့သည် တေးထပ်အစတွင် ချီခဲ့သော
ရွှေဥဒေါင်းနှင့် ဟပ်မိလှပါသည်။ မစိုးရိမ် ဆရာ
တော်ကို ဤတေးထပ်ဖြင့် ဖွဲ့နွဲ့ ပူဇော်ခြင်းကား
ဆရာတော်၏ဘဝသရုပ်ကို ဖော်ကျူးရာ၌ ပီပြင်လှ
ပါသည်။

မစိုးရိမ် ဆရာတော်ဘုရားကြီး ပျံလွန်တော်
မူသောအခါ ဤတေးထပ်ခံလေးကိုပင် 'မန်ဂိရိန်
သောင်းကေတုအိုက'ဟု အနည်းငယ် ပြင်ဆင်ပြီး
တတိယပိုဒ်ကို ပြင်ဆင်ရေးသား၍ ရေးဖွဲ့ပူဇော်
ထားသည်။

ရတု ကဗျာ ဖွဲ့ဆိုရာ၌လည်း ဆရာတော်၏ရတု
များသည် အဖွဲ့အနွဲ့ ဝေါဟာရ ပြောင်မြောက်
နွဲ့ခနှာင်း၍ ရတုစံမီလှပါသည်။ ရတုဟု ခေါ်ရုံ
ကဗျ မျိုး မဟုတ်ပေ။ မိုးမိတ်စက်တော်ရာ စေတီ
တော်ကြီး အုတ်မြစ်ချပွဲတွင် ဆရာတော်သည်-

ပိတရောင်ရွှေ
ဇိနသျှောင်တေ .
သိဝဆောင်မြေ....စခြိသော သတ်စေ့နှက်,သုံး
ချက်ညီ ရတုပိုဒ်စုံကိုရေးဖွဲ့တော်မူခဲ့သည်။ထိုစေတီ
တော်ကြီး ထီးတော်တင် အခမ်းအနားတွင်လည်း
မြတ်တေဇသီ၊
ဓာတ်မွေသရီ၊
နတ်ဒေဝရီ.... စခြိသော ရတုပိုဒ်စုံဖြင့် ရေးဖွဲ့
ပူဇော်ခဲ့သည်။ယင်းရတုပထမပိုဒ်၌ အလျှံညီးညီး၊
ရွှေရောင်စီး၍နေသောစက်တော်ရာစေတီတော်ကို၊
မြင့်ဖြူးဝယန်၊ မိုးရုပ်ဌာန်၌၊
နေတန်ဆောင်လော ရွှေရောင်လေးဟု၊
တွေးတောလှုရှင်၊ စွဲမှတ်ထင်သား--ဟုဖွဲ့ဆိုပြီး
လျှင် ဒုတိယပိုဒ်၌ မိုးမိတ်ကုန်းမြေ၏ ဗိမာန် တိုက်
တာ အဆောက်အအုံတို့ဖြင့် သာယာ တင့်ဆန်း
ဟန်ကို-

''ဤတွင် ဒေသ၊ ရောက်သမျှပင်၊
အားရတင်းတိမ်၊ ဂွမ်းဆီစိမ်သို့၊
ဝတိန်သာလော နှိမ့်မှာလောဟု၊
စိတ်စောထင်မှား'' ဟူသော အဖွဲ့အနွဲ့ကား
အလင်္ကာဂုဏ်မြောက်၍ ရသပေါ်လွင်လှပါသည်။
ဩဘာစာ၊မော်ကွန်းသံပိုင်းစသောစာခန့်စာသန့်
များကို ဖွဲ့ဆိုရာ၌ ပေါရာဏ၊ ဝေါဟာရ စကား
လုံးများ ခန်ညားလေးနက်၍ အသက်ဝင်လှပါ
သည်။ ဆိုလိုချက်ကို ကွက်ကွက်ကွင်းကွင်း ပေါ်
လွင်စေပါသည်။ ဗုဒ္ဓသာသနာ နှုဂ္ဂဟ အဖွဲ့ကြီး
နှင့် မူလ သာသနာရိပ်သာ တည်ပုံ သံပိုင်း
မော်ကွန်းကို ဆရာတော်သည် တိပိဋကဓရဘွဲ့
ရပြီး(၁၉၅၈)ခုနှစ်တွင် ရေးသားတော်မူခဲ့၏။
သိဒ္ဓမ်။
အနုဂ္ဂဏှန်္တိဗုဒ္ဓဿ၊ သာသနံ သာဓုနန္ဒိတာ၊

နိုင်ငံတော် သံဃမဟာနာယက ကြီးဖွဲ့၏ အကျိုးတော်ဆောင် မင်းကွန်းတော်ပိုင်ဦးကဗရ ဆရာတော် ဦးဝိစိတ္တ သာရ ဘိဝံသက 'မိမိမှာ သုဒ္ဓမာဂဓိက ပုဂ္ဂိုလ်ဖြစ်သောကြောင့် လည်းကောင်း၊ သဒ္ဒါကျမ်းဟူသည်မှာ လောကီဗျာကရဏ်း ကျမ်းများလျှင် အမွန်အစ ပဘဝရှိသောကြောင့် လည်းကောင်း.....ဟု အကြောင်းပြကာ မန္တလေးမြို့၊ တောင်ပြင်ဗန်းမော်ကျောင်းတိုက်ဆရာတော် အရှင်ကုမာရာ ဘိဝံသ – B.A အားတောင်းပန်တိုက်တွန်းခဲ့သည်။ ဆရာတော်သည် စာပေများကို ကိုယ်တိုင် ရေးသားပြုစုရုံမျှမက လိုအပ်သော ကျမ်းစာများကိုလည်း ပေါထွက်လာရန် တိုက်တွန်းတောင်းပန်ခဲ့သည်။

ယင်းကျမ်းကို တိပိဋကနိကာယ သာသနာပြုအဖွဲ့ကို ရိုက်နှိပ်စေလျက်မမွေဒါနပြုတော်မူခဲ့သည်။ ဆရာတော်၏ စာပေစိတ်ဓာတ်ကား မွန်မြတ် သန့်ရှင်း လှပါသည်။ ရှားပါးနေသော သာဇနုတ္ထဒီပနီဋီကာ တစ်စုံကိုလည်း ရိုက်နှိပ်၍ မမွေဒါန ပြုတော်မူသည်။

ဆရာတော်သည် ကျမ်းပြုဆရာ၊ စာရေးဆရာ သတ်သတ် မဟုတ်ပေ။စာပေပြန့်ပွားစေရး၊ စာပေတည်တံ့ရေးတို့ကိုလည်း အလေးအနက်ထားကာ စောင့်ရှောက်တော်မူသော စေတနာရှင်၊ ပညာရှင် တစ်ပါး ဖြစ်တော်မူပါသည်။

ဌေးလွင် (ဆားလင်းကြီး)

အနာကုလံ စိရံဌာတု၊သံဟတိ သာဓုဗဒ္ဓိတာ။ ဟု ဂါထာပါဠိဖြင့် စချီပြီးလျှင် လေးနက်ခန့်ညားသော ဝေါဟာရ စကားလုံးများဖြင့် ဖွဲ့ဆိုထားသည်။ ''ကြားလော့ရှင်လူ၊ မော်ကွန်းထူပ်မှ်၊ ဇမ္ဗူကျောက်မျက်၊ မြန်ဘုံစက်လျှင်'' စသော သံပိုင်းလက်ဝဲသည်လည်း အဖွဲ့အနွဲ့ ကျစ်လျစ်၍ ကဗျာ့စံမီလှသည်။

ဆရာတော်၏ ဂါထာပါဠိ၊ စုဏ္ဏိယ အရေးအဖွဲ့များကိုလည်း သဒ္ဒါလက်ဝဲရ၊ အတ္ထာလက်ဝဲရဂုဏ် မြောက်လှသည်ဟု ပါဠိစာပေပညာရှင်များက မိန့်ကြားတော် မူကြသည်။ မြန်မာစာပေရေးသားရာ၌ ဝါကျ တည်ဆောက်ပုံ၊ ဝေါဟာရသုံးနှုန်းပုံ၊ ရှင်းလင်းပြတ်သား တိကျမှု ရှိပုံ တို့ကိုကားမဟာဗုဒ္ဓဝင် ကျမ်းကြီးများက သက်သေထူးလျက် ရှိပါသည်။

ဆရာတော်သည် စာပေရေးသား ပြုစုရာ၌ ကျမ်းကျင်၍ ဝန်မလေးသော်လည်း မိမိကျွမ်းကျင်သော ဘာသာရပ် မဟုတ်လျှင် ရေးသားတော် မမူပေ။ နိုင်ငံဘော် သံဃမဟာနာယက အဖွဲ့သည် ပဌမပြန် စာမေးပွဲတွင် ကဝိလက္ခဏာ သဒ္ဒါ ဘာသာ အတွက် က စ္စည်း သဒ္ဒါ ကျမ်း နှင့် မောဂ္ဂလာန် သဒ္ဒါကျမ်းတို့ကို နှစ်သက်ရာ ဖြေဆိုရန် ပြဋ္ဌာန်းခဲ့သည်။ မောဂ္ဂလာန် သဒ္ဒါကျမ်း၏ အခြံအရံ အဖွင့်ကျမ်းစာမှာ ''ပယောဂသိဒ္ဓိကျမ်း'' ဖြစ်သည်။ ယင်းကျမ်းကို သာသနာရေး ဦးစီးဌာနမှ မြန်မာအက္ခရာစာလုံးဖြင့် ပထမဆုံး(၁၃၄၃)ခု နှစ်၌ပုံနှိပ်ခဲ့၏၊ သို့သော် ထိုကျမ်း၏ နိဿယကျမ်းစာကား လိုအပ်လျက်ရှိသည်။ ဆရာတော်သည် ထိုကျမ်း၏ နိဿယ ထွက်ပေါ် ရေး အတွက် ဆောင်ရွက်ဘော်မူသည်။ ကိုယ်တိုင် မရေးသားဘဲ ကျွမ်းကျင်သောပုဂ္ဂိုလ်ကို တောင်းပန် တိုက်တွန်းတော် မူသည်။ ထိုကျမ်း၏ နိဒါန်းကို ရေးသားတော်မူရာတွင်–

တင်ထွန်းဝိုလ်၊
ဗုဒ္ဓဟူးအာနန္ဒာလော
တူဝဟူတွာ

ကြီးမားလှသော အဆောက် အအုံကြီး။ အဆောက်အအုံ အပြင်သို့ ရောက်သည်အထိ လူတွေက လျှံနေသည်။ လူတွေ အားလုံးကလည်း ငြိမ်သက်လျက် အသေအချာ နားစွဲငှဲ့ နေကြသည့် အသွင်သဏ္ဌာန်။ ကျွန်ုပ်လည်း လာရင်းကိစ္စကို မေ့လျက် အဆောက်အအုံဆီသို့ ချဉ်းကပ်သွားမိသည်။ ထိုစဉ်အခမ်းအနားမှူး၏ ကြေညာသံကို ကြားလိုက်ရ၏။

"အစီအစဉ်အရ ဆရာတော်ဦးဝိစိတ္တာ တိပိဋကရေ စာမေးပွဲဖြေဆိုခဲ့စဉ်က စာထောက် စာမဆရာတော်အဖြစ် ဆောင်ရွက်ခဲ့သော ဘုံပျံဆရာတော်ကြီးက ချီးကျူးထောမနာစကားမြွက်ကြားတော်မူပါလိမ့်မယ်"

အခုမှ အဆောက်အအုံကြီးထိပ်ရှိ နဖူးစည်း စာတန်းကို မော့ကြည့်မိသည်။

"ဆရာတော် ဦးဝိစိတ္တာသာရာဘိဝံသ တိပိဋကရေ ငွေရတု ပူဇော်ပွဲ"

ဘုံပျံ့ ဆရာတော်ကြီး၏မြွက်ကြားမှုကိုပြန်လည် အာရုံပြုမိသောအခါ....

"ဦးဝိစိတ္တာတို့ စာဖြေစဉ်က ယခုအခါမှာလို ဆဋ္ဌသင်္ဂါယနာတင်မူဆိုပြီး ကမ္ဘာအေးသာသနာရေးဦးစီးဌာနကထုတ်တဲ့ ပြဋ္ဌာန်းစာအုပ်ရယ်လို့ အတိအကျမရှိသေးဘူး။ ပုံနှိပ်တိုက်များအလိုက် ထုတ်ဝေထားတဲ့ စာအုပ်များသာ ရှိသေးတယ်။ ဒါကြောင့် အချို့နေရာတွေမှာ ထုတ်ဝေတဲ့တိုက်ကိုလိုက်ပြီး မူအနည်းငယ်ကွဲနေတာတွေ ရှိတယ်။ အဲဒီလိုနေရာကိုရောက်ရင် ဦးဝိစိတ္တာကရပ်ပြီးတော့ ဘယ်မူနဲ့ ပြန်ဆိုရပါမလဲလို့မေးတယ်။ ဘုန်းကြီးတို့က သုဓမ္မဝတီဘိုက်မူနဲ့ ပြန်ဆိုဖို့ပြောရင် အဲဒီမူနဲ့ ပြန်ဆိုဘယ်။ ဘုန်းကြီးတို့က ဦးဝိစိတ္တာရဲ့ဉာဏ်စွမ်းကို သိချင်လို့ ဦးဝိစိတ္တာ ကြိုက်တဲ့မူနဲ့ ပြန်ဆိုပါလို့ပြောရင် ဦးဝိစိတ္တာက ဇံသာဝတီဘိုက်ရဲ့မူက ဘယ်လို ဆိုပါတယ်။ ဇမ္မူမိတ်ဆွေတိုက်ရဲ့မူကတော့ ဘယ်လို ဆိုပါတယ် စသဖြင့် တိုက်အလိုက် မူများကိုပြန်ဆိုပြီးတပည့်တော်ရဲ့သဘောအရတော့ ဘယ်မူဟာ အသင့်တော်ဆုံး ထင်ပါတယ်။ ဘာကြောင့်ဖြစ်ပါတယ် စသဖြင့် ဝေဖန်ပြောပြပြီး ပြန်ဆိုသွားတာဟာဖြင့် အံ့မခန်းစရာဖြစ်ပါတယ်"

ကျွန်ုပ် ပြန်၍ သတိပြုမိသောအခါတွင် ဘုံပျံ့ဆရာတော်က ဆက်လက်၍....

"ဦးဝိစိတ္တာတို့ စာပြန်စဉ်က စာထောက်ပေးရတယ်ဆိုတာ လုံးဝ မရှိဘူး၊ အထစ်အငေါ့ မရှိပြန်နိုင်ရုံမက ရွတ်ဆိုပုံကလည်း သန့်ရှင်း ပီသပြတ်သားပြီး နာကြားရသူတိုင်း ကြည်ညိုသဒ္ဓါဖြစ်ဖွယ်ကောင်းလွန်းလို့ ဦးဝိစိတ္တာ စာပြန်တာကို လာရောက်ကြည်ညိုကြတဲ့ ရဟန်း ရှင်လူ ငရဲသတ်ဟာ နေ့စဉ် အများအပြားပါပဲ။ ဆရာတော်ကြီး တစ်ပါးဟာ မဖြစ်နိုင်ပါဘူးလို့ မယုံကြည်တဲ့ အတွက် ကျောင်းနေ ဦးပဉ္စင်းများက တင်ပရိကော်တာနဲ့ ဦးဝိစိတ္တာပြန်ဆိုဘာကိုးဆိုသွင်းသွားကြပြီး ဆရာဟော်ကြီးကို ပြန်ပွင့်ပြတယ်။ အဲဒီမှာ ဆရာတော်ကြီးက တိပ်ခွန့် နာကြားရတာ အားမရဘော့လို့ အဲဒီတုန်းက စာပြန်ပွဲကျင်းပနေတဲ့ ဒီဖလ်ယဉ် ခမ္မာရုံကြီးကို ဆရာတော်ကြီးကိုယ်တိုင် ကြွသွားတယ်။ ဦးဝိစိတ္တာပြန်ဆိုနေတာကို အသေအချာနာကြားပြီး 'မင်းတို့ချီးကျူးတာနည်းတောင် နည်းသေးသကွာ' လို့ ပြောသွားတာ ဘုန်းကြီးတို့ကိုယ်တိုင် တွေ့ခဲ့ရဘဲပဲ"

ကျွန်ုပ်ကားတသိမ့်သိမ့်ကြည့်နှု့ မှုဝမ်းမြောက်မှု၊ အားကျမှုတို့ခကြောင့် မျက်ရည်များပင် လည်လာမိသည်။ အာဂုံပြန်ဆိုရသည်မှာလုံးဝလုပ်ကူသည် မဟုတ်ပေ။ တစ်ခါပြန်ဆိုလျှင် ဘစ်ခု (၅) ကြိမ်သာ ထောက်ပေးခွင့်ရှိသည်။ သည်သတ်မှတ်ချက်ဖြင့် ထောက်ပေးရပါက မနေ့အောင်တော့ပေ။ ထောက်ပေးပြီးနောက်လည်း တစ်မိနစ်မျှသာ စဉ်းစား

ခွင့်ရှိသည်။ ဤသို့ ထောက်ပေး ရလျှင်လည်း ဂုဏ်ထူး(ဝိသိဋ္ဌ) မရဘော့ပေ။ နိယာမလေး တစ်ပုဒ်၊ သီအိုရီလေးတစ်ခုမျှကိုပင် အတိအကျရဖို့ များစွာကြိုးစားကျက်နေရသော ကျောင်းသား များအတွက် ကျမ်းစာအုပ်ကြီး ပေါင်း (၄၀)ကို အာဂုံ ဆောင်ထားနိုင်သည့် ဆရာတော်ကြီး၏ ဉာဏ်ပညာမှာ အတိုင်းမသိပင် မဟုတ်ပါလော။

* * *

တစ်နေက ကျွန်ုပ်သည် ကျွန်ုပ်တို့ ရန်ကုန် တက္ကသိုလ်(ဗိုလ်ဘဆောင်နယ်ခြမ်း) ဗုဒ္ဓဘာသာ အသင်းက ကြိုးမှူး၍ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်မည် ဖြစ်သောကြောင့် အကြဉာဏ်များ ရယူရန်နှင့် တိပိဋကက စာပြန်ပွဲ အခမ်းအနားတွင် လုပ်အားပေးကြမည်ဖြစ်သော ကြောင့် အစီအစဉ်များသိရှိရန် ဆရာ ဦးကျော်လွင်(နှစ်ဖက်သွ)ထံ သွားရောက်ခဲ့သည်။

ဆရာနှင့် စကားစပ်မိရင်း မမဉာဏ္ဘာဂါရိက ဟူသော အခကြောင်းအရာအား မေးကြည့်မိသည်။

"ဂေါတမဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးလို့ (၁)လေ (၅)ရက် အကြာ မဟာ သက္ကရာဇ် (၁၄၀၀)ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၅)ရက်နေ့မှာ အဇာတသတ်မင်းရဲ့ အားပေးကူညီမှုနဲ့ ရာဇဂြိုဟ်ပြည်မှာ ရှင်မဟာ ကဿပကို အမှူးပြုထားပြီး ပဌမ သင်္ဂါယနာတင်ခဲ့ကြတယ်။ အဲဒီမှာ ရှင်ဆာကပဌပ ကိုယ်တော်ကြီးက မေးပြီး ရှင်ဥပါလိက ဝိနည်းပိဋကတ်နဲ့ ရှင်အာနန္ဒာက သုတ်နဲ့ အဘိဓမ္မာ ပိဋကတ်တို့ကို ဖြေဆိုခဲ့တယ်၊ တကယ်လို့ ဝိနည်းပိဋကတ်ကို ရှင်အာနန္ဒာ ဖြေဆိုမယ်ဆိုလဲ ဖြင်တာပဲ။ ရှင်ဥပါလိက ဝိနည်း အားလုံးမှာ တေဒင် ရဆားသူမို့သာ ရှင်ဥပါလိက ဖြေဆိုခြင်း ဖြစ်တယ်။ ဗုဒ္ဓမြတ်စွာ(၄၅)ဝါ ပတ်လုံး ဟောခဲ့တဲ့ တရားတော်အားလုံး ပိဋကတ်သုံးပုံကို အတိအကျ နှုတ်ငုံရရှိထားသူဟာ ဘုရား ရဲ့ အလုပ်အကျွေးဖြစ်တဲ့ ရှင်အာနန္ဒာ တစ်ပါးတည်းပဲရှိတယ်။ ဒါကြောင့် ရှင်အာနန္ဒာကို ဓမ္မဘဏ္ဍာစိုးလို့ ခေါ်တယ်"

"ရှင်အာနန္ဒာဟာ ဗုဒ္ဓရဲ့ တရားဓမ္မအားလုံးကို ဘဏ္ဍာတိုက်မှာ သိမ်းဆည်းထိန်းသိမ်းထားသူ သဖွယ်ဖြစ်လို့ပေါ့နော် ဆရာ"

"ဒ ပေါ့၊ အဲဒီ ဓမ္မဘဏ္ဍာစိုးဆိုတာကို ပါဠိလိုဆိုတော့ ဓမ္မဘဏ္ဍာဂါရိကပေါ့။ မင်းကွန်းဆရာတော် ဦးဝိစိတ္တတို့ဆိုလဲ ပိဋကတ်သုံးပုံကို နှုတ်ငုံရထားသူပဲ။ ပြီးတော့ ဆဋ္ဌသင်္ဂါယနာတင် စဉ်ကလဲ အဖြေဆရာတော် (ဝိဿဇ္ဇက)အဖြစ်နဲ့ မဟာစည်ဆရာတော် မေးသမျှကို ရှင်အာနန္ဒာလို အားလုံးဖြေဆိုခဲ့ဘယ်။ ဒါကြောင့်လဲ ဆရာတော် ဦးဝိစိတ္တကို ဓမ္မဘဏ္ဍာဂါရိကဆိုတဲ့ ဘွဲ့တံဆိပ်တော် စတင် ဆပ်ကပ်ခဲ့တာပေါ့"

ကျွန်ုပ်သည် ရှင်အာနန္ဒာ မထေရ်မြတ်၏ အကြောင်းကို တွေးကြည့်လိုက်မိသည်။ ရှင်အာနန္ဒာကား ဂေါတမဗုဒ္ဓမြတ်စွာ၏ ညီတော်လည်း ဖြစ်၍ ဖွားဖက်တော်လည်း ဖြစ်ပေသည်။ ဂေါတမဗုဒ္ဓ မြတ်စွာ၏ သာသနာဝယ် တေဒင်အများဆုံး ရခဲ့သည့် ပုဂ္ဂိုလ်ထူးလည်း ဖြစ်ပေသည်။

(၁) သတိမန္တတေဒင် = မှတ်သားနိုင်မှု သတိရှိခြင်း အရာ၌ အထူးချွန်ဆုံး။

(၂) ဂတိမန္တတေဒင် = ရွတ်ဖတ်မှုအတိအကျ သင်စွမ်းနိုင်မှု အသိပညာ အရာ၌အထူး ချွန်ဆုံး။

(၃) မိတိမန္တဘေဒင် = လုံ့လဝိရိယကြီးခြင်း အရာ၌အထူးချွန်ဆုံး။

(၄) ဗဟုသုဘတေဒင်= အကြား အမြင် များခြင်း အရာ၌ အထူးချွန်ဆုံး။

(၅) ဥပဋ္ဌာကတေဒင် = ဗုဒ္ဓ၌ အလုပ်အကျွေး သိမ်မွေ့ခြင်း အရာ၌ အထူးချွန်ဆုံး။

ဟူသည့် တေဒင်(၅)ဖြာပင် ရခဲ့ပေသည်။

ကျွန်ုပ်သည် မင်းကွန်းဆရာတော် ဦးဝိစိတ္တ သာရာဘိဝံသမထေရ်မြတ်၏ အကြောင်းကို ဆက်၍ စဉ်းစားကြည့်မိသည်။

ဆရာတော်ကြီးသည် ပိဋကတ်သုံးပုံကို အာဂုံရော၊ ရေးဖြေပါ ဂုဏ်ထူးနှစ်ဆင့်စီဖြင့် အောင်မြင်တော်မူခဲ့သည်ဖြစ်၍ ဗုဒ္ဓသာသနဝိသိဋ္ဌတိပိဋကဓရ၊ မဟာတိပိဋကကောဝိဒ၊ တိပိဋကမဟရမမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ကို ရရှိခဲ့ပြီးဖြစ်၍ မှတ်ဉာဏ်အရာ၌ ပြောဖွယ်ရာ မရှိပြီ။

ဆရာတော်ကြီးသည် ရွှတ်ဆိုမှု၌ သန့်ရှင်းပီသပြတ်သား၍ ကြည်ညိုဘွယ်ဖြစ်ဖွယ် ရှိလှကြောင်း ဘုံပျံဆရာတော်ကြီးပင် ချီးကျူးပြောဆိုပြီး ဖြစ်ပေပြီ။

ဆရာတော်ကြီးသည် လုံလဝိရိယကြီးမားစွာဖြင့် ကျမ်းဂန်များ ပြုစုခြင်း၊ သာသနာအကျိုးဆောင်ရွက်ခြင်းများကို ပြုလုပ်ခဲ့၍ အဂ္ဂမဟာပဏ္ဍိတနှင့် အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်များကိုလည်း ရရှိခဲ့ပေပြီ။

ဆရာတော်ကြီးသည် အသိအမြင် ကြွယ်ဝစွာဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးဆောင်အဖြစ် သာသနာ့တာဝန်ကို ထမ်းလျက် ရှိသည့်ပြင် မင်းကွန်း တိပိဋကနိကာယသာသနာပြုအဖွဲ့ကြီး၏ ပဓာနဆရာတော် ဘုရားကြီးအဖြစ် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေနှင့် ရန်ကုန်မြို့ နယူးလင်းလမ်းတွင် တိပိဋကနိကာယကျောင်းတိုက်ကြီးများ ထူထောင်၍ တိပိဋကဓရ အလောင်းအလျာများ အမြဲ ရှင်သန်နေအောင် ပရိယတ္တိ ရေသောက်မြစ်ကို အမြဲမပြတ် ရေလောင်းပေးလျက်လည်း ရှိနေပေသည်။

ပရိယတ္တိစာပေဆိုင်ရာ အမြင့်ဆုံး ဘွဲ့တံဆိပ်တော်(တိပိဋကဓရ)၊ သာသနာ့အကျိုးဆောင်ရွက် လုပ်ကိုင်မှုဆိုင်ရာ အမြင့်ဆုံး ဘွဲ့တံဆိပ်တော်(အဘိဓဇမဟာရဋ္ဌဂုရု) နှစ်မျိုးစလုံးကို ပိုင်ဆိုင်ထားသည့် မထေရ်မြတ်မှာ ယနေ့ မျက်မောက်ခေတ် သာသနာတွင် ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ဖထေရ်ပြုပဲ့ကစ်ပါးသာ ရှိပါကလားဟု ဂုဏ်ယူမှု၊ အားကျမှု၊ ဝမ်းမြောက်မှု၊ ကြည်ညိုမှုဟူသည့်သဒ္ဓါ၊ ပီတိရေယဉ်ကြောတွင် အဓိဋ္ဌာန်မသတ်နိုင်အောင် မျောနေမိသည်။

ဗုဒ္ဓမြတ်စွာသာယခုအခါသက်တော်ထင်ရှားရှိခဲ့သော် ဆရာတော် ဦးဝိစိတ္တအား မည်သို့မျှားမိန့်ဆိုလေမည်နည်း။ ဗျာဒိတ်မျှား ပေးလေမည်လော။ တေဒဂ်မျှား ပေးလေမည်လော ဆောင့်မေးခွန်းတို့ ခေါင်းထဲသို့ ဝင်လာစဉ် ကျွန်ုပ်တို့ငယ်စဉ် ကျောင်းသားဘဝက ကွက်ခဲ့ရသည့် မြကန် ကဗျာလေးကို သွား၍ သတိရမိသည်။ ဤကဗျာလေးတွင် မြကန်သည် တာဝတိံသာကနန္ဒာဥယျာဉ်နှင့်တူကြောင်း ဖွဲ့ဆိုထားပေသည်။

မြကန်သာ၊ တောင်ကျခြောင်းတေး။
ရေဝင်ပြေးလှည့်၊ ရေအေးကြည်စွာ
ကန်ပိုင်မာလျက်၊ ကြာပေါင်းထုံထုံ
ငှက်မျိုးစုံသည်၊ ဘုံဝတိန်က နန္ဒာလော။
တူစွဟုတ္တာ။

ဤကဗျာလေး၏ တိုတိုနှင့် ထိမိလှပုံ၊ ပုဂံခေတ်စာဆို၏ စာလုံးရွေးခွယ်မှု လှပပုံတို့ကို နှစ်သက်လှ၍ ကျွန်ုပ်သည်း မင်းကွန်းဆရာတော်ဦးဝိစိတ္တသာရာဘိဝံသ မထေရ်မြတ်ကြီး၏ ဂုဏ်ရည်ထူးကို ဤသို့ ခွီးကျူးမိပါသည်။

တိပိဋကဓရ၊ မမ္မဘဏ္ဍာဂါရိကတည်း။
ဦးစွာရဘီ၊ ထူးသည့်ဂုဏ်ဖြင့်၊
သင်္ဃနာယိကဿဇ္ဈက၊ မဟာနာယက အကဲ့
တော်ဆောင်၊
ဘွဲ့ဆောင်အဂ္ဂ၊ မဟာအဘိဇဲ၊ တိပိဋက
နိကာယ ပဓာနမူသည်
ဗုဒ္ဓညီဖွား အာနန္ဒလော။
တူစွဟုတ္တာ။

တင်ထွန်း(ဇုံလ်)

မန္တလေးမြို့ ပရိယတ္တိသာသနဟိတ [သကျသီဟ]
အသင်းကြီး၏ လျှောက်ထားလွှာ

နိဒါန်း

မင်းကွန်း မိုးမိတ် တိပိဋကနိကာယ သာသနာပြုအဖွဲ့နှင့် ရန်ကုန် တိပိဋကနိကာယ သာသနာပြုအဖွဲ့ကြီးတို့၏ ဩဝါဒ၊ နာယက၊ ပဓာနိက ဆရာတော် ဘုရားကြီးတို့နှင့်တကွ နိကာယ ဝန်ဆောင်ရဟန်းတော်တို့အား မန္တလေးမြို့ ပရိယတ္တိ သာသနဟိတ(သကျသီဟ)အသင်းကြီးက ရှိသေရှိခိုးဦးညွတ်ပါ၏ ဘုရား။

ထို့မှတစ်ဖန် နှစ်ဌာန တိပိဋကနိကာယ သာသနာပြုအဖွဲ့ဝင် ဥပါသကာ၊ ဥပါသကီကြီးတို့ အားလည်း လေးစားစွာ ဂါရဝပြုပါ၏။

တိပိဋကနိကာယ သာသနာပြုအဖွဲ့၏ ပထမသုံးနှစ်ခရီး၊ ဒုတိယ သုံးနှစ်ခရီးတို့၌ အတ္ထ၊ ပဗ္ဗ၊ ဥဘယဟိတ ပဋိပန္နပုဂ္ဂိုလ်သူမြတ် တို့အား လည်းရှိသေစွာ ဂါရဝပြုပါ၏။

ပါမောဇ္ဇဟုလော ဘိက္ခု၊ ပဿန္နော ဗုဒ္ဓသာသနေ။

အဓိဂစ္ဆ ပဒံ သန္တံ၊ သင်္ခါရူပသမံ သုခံ။

ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား၏ သာသနာ သုံးပါး၌။ ပါမောဇ္ဇဟုလော၊ ဝမ်းမြောက်လွန်းအားကြီးသော။ ဘိက္ခု၊ ရဟန်းတော်သည်။ တစ်နည်း ဗုဒ္ဓမြတ်စွာ ပိဋကနိကာယ သာသနာတော်၌၊ ပဿန္နော၊ ကြည်သို့သော။ ပါမောဇ္ဇဟုလော၊ ဝမ်းသာအားရ လွန်အားကြီးသော။ ဘိက္ခု၊ တိပိဋကဓရ၊ နိကာယ အာဂဏက ရဟန်းတော်သည်။ သင်္ခါရူပသမံ၊ ပြုပြင်ခြင်း၊ ဆင်းရဲငြိမ်းအေးရာ

ဖြစ်သော။ သုခံ၊ သု သုခဝတဖြစ်သော။ သန္တံ၊ ငြိမ်သက်သော။ ပဒံ၊ အရိယာတို့သည်သာ ရောက်အပ်သော အနေကြာင်းတဏှာ အကျိုးခန္ဓာအပြီး အနုပ္ပါဒ နိဗ္ဗာန်ကို။ အဓိဂစ္ဆေ၊ အပြီးအပိုင် ရနိုင်ပါ၏။

နိကာယ သာသနာပြု အဖွဲ့ဝင် သူတော်စင် အပေါင်းတို့၊ အားထုတ် ခိုးမြောက် ပူဇော်အပ်သော တိပိဋကာ သုံးဖြာ နိကာယသာသနာတော် မြတ်သည်စင်စစ် အာဂမ၊ အဓိဂမ အနှစ်ပါသော ပရိယတ္တိသာသနာ၊ပရိယတ္တိဘရားတော် ဖြစ်ပါ၏။

ကျွန်တော်တို့ မင်းကွန်း မိုးမိတ် နိကာယ စာသင်တိုက်ကြီးသို့ မကြာမကြာ သွားရောက် ကြည်ညို ပူဇော်ကြပါသည်။ မိုးမိတ် တိပိဋကနိကာယ စာသင်တိုက်ကြီးမှာ စည်းကမ်းသေဝပ်၍ နိကာယဘာဏက သံဃာတော်(၁၀၀)ကျော် (၂၀၀) နီးပါး ဗုဒ္ဓနိကာယ သာသနာ အရှည်ခန့်၍ တည်ရန် ကြိုးစားနေတော်မူကြသည်ကို မြင်ရသဖြင့် အားရဝမ်းသာ ကြည်ညိုခဲ့ကြပါသည်။ 'ပါသာဒိကေန သမ္မာဒေထ' ဆိုတဲ့ ပဓာနိက ဥပဇ္ဈာယ်ဆရာတော်၏ အဆုံးအမကို လေးစားလိုက်နာကြတဲ့ အရှင်တို့ ဖြစ်ကြသည်ကို တွေ့မြင်ကြည်ညိုကြရပါသည်။ နိကာယဇာသင်သား ရဟန်းများ၏ ဆွမ်းစသော အထောက်အပံ့ လေးပါးတို့မှာလည်း အားလုံး အပြည့်အစုံ ရှိကြပါသည်။

အထူးကတော့ ယခင်-ယခင် နှစ်တုန်းကထက် တစ်မျိုး တိုးတက်မှု တွေ့ရပါတယ်။ ထူးတာကယခင်နှစ်တွေတုန်းက နိကာယစာသင်သားသံဃာတော်ဆွမ်းအာဟာရအတွက် တစ်နေ့ နံနက်ဆွမ်းဆန်ပြုတ်၊ လက်ဖက်ရည်၊ နေ့ဆွမ်း လက်ဖက်ရည်၊ ညနေ အဖျော်၊ စတုမဓူ။ တစ်နေ့အတွက် ကုန်ကျငွေ ၁၀၀ဝိ၊ ၁၅၀ဝိ ထိရှိပါသည်။ ဒါနေ့စဉ် တာဝန်ဖြစ်ပါသည်။ ပစ္စည်းအား၊ သဒ္ဓါအား သန်သူတို့သာ လုပ်နိုင်ကြပါသည်။ ရေဖိုးကိုပဲ တစ်နေ့ ၁၀ဝိ၊ ၁၅ဝိ ကုန်ကျပါသည်။ တချို့ တတ်နိုင်သူများက တစ်နေ့ဒေါတွက် ဆွမ်းခဲဖွယ် အဖျော်အပြီး တစ်နှစ်တွင် ကြိုက်ရာရက် တစ်ရက်အတွက် ရာသက်ပန် အဖွဲ့တာဝန်ယူကြပါတယ်။ တချို့လည်း ကြုံသလို ကြိုက်သလို တာဝန်ယူကြပါတယ်။

ယခုနှစ် ၁၃၄၂-ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၁-ရက်နေ့ ကျွန်တော်တို့ ရောက်ကြတော့ ကုသိုလ်စာရင်းဇယားမှာ အားလုံး နိကာယ သံဃာအတွက် တစ်နေ့တာ ၁၅၀ဝိ၊ တစ်ပါးအတွက် ၁ဝိ ဟု ရေးထားတာတွေ့ရပါသည်။ ဒီနည်း ဒီစနစ်ကို ကျွန်တော် အတော် နှစ်မြို့ခဲ့ပါတယ်။ အကြောင်းဆိုတော့ ၁၅၀ဝိ မနိုင်လို့ အားငယ်စွာ ဖြစ်သွားရတဲ့ သူတွေကို အားငယ်သူများအတွက် ဆို တော့ မဟာဒုက်တို့လို အားတက်လာနိုင်တဲ့ နည်း စနစ် ကောင်း ဖြစ်ပါတယ်။ အလွန်ကောင်းတဲ့ ညွှန်ကြားချက်ပါပဲ။

နောက်တစ်ခု အထူး စိတ်ဝင်စားတာကတော့ နိကာယသို့ လာရောက်ကြတဲ့ ကုသိုလ်ရှင်၊ ဒါနသီလပေးရာ၊ခံယူရာ၊ တရားဟောရာ၊ရေစက်ခံရာ ဓမ္မဝိဟာရမှာ ဆရာဝန်ကြီး ဦးသာလှ ဓမ္မဝိဟာရပင်ဖြစ်ပါသည်။ ထိုကျောင်းမြောက်ဘက် အမြင့်မျက်နှာစာမှာ အားလုံး မြင်နိုင်လောက်တဲ့နေရာတွင် ဆိုင်းဘုတ် ရှည်ကြီးတစ်ခုဆွဲခိုတ်ထားပါသည်။ မမေ့နိုင် စာလုံးကြီးနဲ့ စာတမ်းကြီးကတော့(နိကာယဗုဒ္ဓစာပေကို တင်သူ,ဟောသူ, ပြောသူ,ရေးသူ,နာသူသာည် ဘုရားရှင်နှင့် တွေ့သူဖြစ်သည်)ဆိုတဲ့ အဓိပ္ပာယ် စာတန်းပင် ဖြစ်ပါသည်။

ထိုစာတမ်းကိုဝိဒေဟရာဇ်ဘုရင်နှင့်အလောင်းတော်မဟောသဓာ သုခမိန်ပုံကို ပြု၍ ၎င်းတို့တိုက်တွန်းတော်မူခဲ့သော နိကာယဖြင့်ရန် အဘိဇ္ဈာမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်နှင့် အလောင်း

တော် မဟော်အတူ ဆရာနှစ်ဖော် ရဟန်းတော်တို့၏ အဆုံးအမ ညွှန်ကြားခြင်း စာဘော် ဖြစ်ပါသည်။ ကျွန်တော် သဘောအပေါက်ဆုံးစာဖြစ်၍ ယနေ့တိုင် မမေ့နိုင်တော့။ ကျေးဇူးကြီးလှပါ၏။ ဒီလိုစာမျိုး ပုညဝန္ဓန ကုသိုလ်ပွားစေချင်တဲ့ သဘောပင်ဖြစ်ပါ၍ နိကာယဌာန၊ဘာသာရေးဌာနတိုင်း ရှိသင့်၊ထား၊သင့်သည်ဟု ထင်ပါသည်။

'ဟိဘတ္ထိကော ဝိစက္ခဏော မောဃကာလံ နခေပယေ'

ဟူသော နှိုးဆော်တိုက်တွန်းချက် ပရိဘာသာနှင့် အညီ တိပိဋကနိကာယ သာသနာပြု အဖွဲ့ဝင်တို့ ဥဘယတ္ထ ကျိုးနှစ်ဝကို လိုလားကြကာ နေ့စဉ်နေ့တိုင်း ပြဟ္မစရိယအနုဂ္ဂဟခေါ်တဲ့ တိပိဋကနိကာယသာသနာအလုပ် ပစ္စယဓမ္မာနုဂ္ဂဟ နှစ်မျိုးတို့ဖြင့်သာ အတိုအရှည်ကာလကို ကုန်လွန်စေရာ၏။ အကျိုးမပြီး အချည်းနှီးသော အချိန်ကာလကို မကုန်လွန်ခစေရ။ အတိုချုပ်ကတော့ ဗုဒ္ဓ၏တိပိဋကနိကာယ၊ ဓမ္မဝိနယ ပရိယတ္တိ သာသနာတော်၌ သုတ္တဓမ္မက္ခန္ဓ- အဘိဓမ္မဓမ္မက္ခန္ဓ- ဝိနည်းဓမ္မက္ခန္ဓဟု တိပိဋကဓမ္မက္ခန္ဓာ သုံးမျိုး ဖြစ်ပါသည်။ ထို ဓမ္မက္ခန္ဓာတို့သည် သုတ္တန်မှာ ၂၂၀၀၀ အဘိဓမ္မာမှာ ၄၄၀၀၀၊ဝိနည်းမှာ ၂၂၀၀၀ ပေါင်းလိုက်တ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ဖြစ်ပါသည်။

ဆိုသို့ရင်းက ဓမ္မက္ခန္ဓံ၁ အားလုံးကိုသော် လည်းကောင်း၊ နိကာယ်ငါးကျမ်း တစ်ကျမ်းကျမ်းကိုသော်လည်းကောင်း၊ ဘာဏဝါရ တစ်ခုမျှလောက်ကိုသော် လည်းကောင်း၊ ဓမ္မက္ခန္ဓာ ၈၄၀၀၀ ထဲမှ တစ်ဂါထာ တစ်ပါဒ အနည်းဆုံး အက္ခရာ တစ်လုံးကိုပင် ယောနိသောမန-သိကာရ၊ဝိပ္ပဿနာစိတ်ဓာတ်ဖြင့် ဟောပြောသော်, နာသော်, ရေးသော်, ဖတ်သော် ထိုသူသည် ထို ခဏမှာ၊ ထိုစိတ္တက္ခဏမှာ ဘုရားနှင့် တွေ့သူ ဖြစ်ပါ၏။

ဘာကြောင့်-ဗုဒ္ဓဟောတော်မူတဲ့ သွာက္ခာတဂုဏ်ရှိ တရားစာပေအကွရာနှင့် တွေ့ရှိသူဖြစ်လို့။ ဒါ့ကြောင့် နေ့ရှိဘိုင်း ပထမသုံးနှစ်ခရီး၊ ဒုတိယသုံးနှစ်ခရီး တိပိဋကနိကာယ သာသနာနှင့် အမြဲတမ်း တွေ့ရှိ၍ ဥဘယတ္ထ နှစ်ဝအကျိုးကို ဖာချိန်ရှိတိုင်း အားထုတ်နေတော်မူကြတဲ့ အသိပညာရှင်သူတော်စင်တို့ဖြစ်ကြ၍၊ ဖြစ်ကြသည်ကို ကျွန်တော်တို့ မန္တလေး ပရိယတ္တိ(သက္ကသိဟ) သာသနဟိတအသင်းကြီးက အားရဝမ်းသာ အထူးလေးစားစွာဖြင့် ဂုဏ်ပြုလိုက်ကြပါသည်၊ နိကာယ သာသနာပြုဂိုဏ်းဝင် သူတော်စင်တို့။

စာမျက်နှာအမှတ် (၁)နှင့် (၂)မှာ (ရဟန်းတော်)ဟုပါရှိတဲ့ စာပိုဒ်ဗဟိုကွ၂၊မြန်မာပြန် ရဟန်းတော်၏ မူလ ဘိက္ခုဖြစ်ပါသည်။ ထိုဘိက္ခုပါဋိပုဒ်ကို စာရေးသူ ပါဋိ မြန်မာစာပေနှင့် လေ့လာခဲ့ရာက သတိရရှိပါ၍ ဤစာစောင်တွင် ဘိက္ခုပုဒ် ဓမ္မဂီတိမဟာကဗျာတစ်ပုဒ်ကို ဖော်ပြ အစီရင်ခံပါရစေ။

ကဗျာဆိုပေမည့် နဋ္ဌဂီတ မဟုတ်ပါ၊ ဓမ္မဂီတ ကဗျာ ဖြစ်ပါသည်။

ဘိက္ခု-ပုဒ် မဟာကဗျာ

ကိလေသာ ဖြိုကာဖျက်လို့၊ လိုရာမင်္ဂလာ
ထိုသဒ္ဓါအချက် မူမှန်ပါတယ်၊
သူတတန်မှတ်သား။
တရားသဖြင့် တောင်းခံပါတယ်၊
အကြောင်းမှန်စွာ ဟုတ်လှပေတကား။ ။
ဘိက္ခုနအကြောင်းခံ၊ ဖြောင်းဆန်တဲ့ အလား။
တောင်းသံကို လူမကြားစေဖို့၊
အမူအား နုံတ်ပယ်။

ကိုယ်ကာယေ အသွင်သာပြပါဟု၊
သခင်ဘုရ့ ဆုံးမသပွာယ်။
တသီလာဒီ သုံးအတ္ထကို၊
ဆုံးဖြတ်သမလေ ဘိက္ခုပုဒ်ကိုလ၊
ကိ ံသရုပ် ထုတ်ခါပြန် သိစိမ့်အမှန်။
နိရုတ္တိ ကဗျာဆန်ဘယ်၊
သဒ္ဒါဥာဏ်ကွန့်မြူးလို့လေး....အာရောဟနံသံ
။ —လေး.... ဩရောဟနံသံ
။ —လေး... နိက္ခေပနံသံ။

(ခုဒ္ဒကနိကာယ၊ဘိက္ခုဝဂ်မှီး)

မှာကြားခြင်း

'ဘိန္နတ္တာဘိက္ခု'စသည်ဖြင့်ဝိဂြိုဟ်ပြုလာသော ကြောင့် ဘိက္ခုပါဠို – မာဂဓပုဒ်ကို ဝိဂြိုဟ် (၁၅၀၀)မက ဖြစ်နိုင်ပါသည်။ တိပိဋကဓရ နိကာယ ဝိသိဋ္ဌဘာဏက ရဟန်းတော်မျိုးကို ဆိုလိုပါသည်။ ဒီကဗျာဖတ်သူ၊နာသူ စိတ်ဘရိတ် နိုင်ဖို့လိုပါသည်။ စိတ္တဿ ဒမထော သာဓု-ဖြစ်ဖို့ လိုပါသည်။ အကယ်၍ အားလွန် သွားပါက မေတ္တာသုတ်ဖြင့် ဖြေပါ။

တိပိဋကဓရ နိကာယ ဝိသိဋ္ဌ ဘာဏကဆိုတာ သာသနာတော်(၃)ပါး ပါဝင်သော ပရိယတ္တိ သာသနာတော်ကို ဟောတော်မူလိုရင်း၊ဆိုလိုရင်း ဖြစ်ပါသည်။

ဆိုလိုရင်းကတော့ ဌာနီဖြစ်သော နိကာယ အမည်ကို ဒ္ဌာနဖြစ်သော ရဟန်းတော်ကိုလည်း ဆိုရာရောက်ပါသည်။ ဒါကြောင့် ပါထိကဝဂ်၊စုန္ဒ သုတ္တန်ကို-

"ဧဝံ တေ ဘိက္ခုပသံသထ။ ယော ဟိ ဘိက္ခု နာ တုမ္ဟာကံ သာဝကော၊ ဗုဒ္ဓေါနာမေသ စုန္ဒောတိ"ဟူ၍ ဟောတော်မူပါသည်။အားလုံး သိလွယ်ရန်-

အနက်

စုန္ဒ၊ချစ်သားစုန္ဒ။ဝံ တေံဘိက္ခု၊ တိပိဋကဓရ၊ ပဉ္စနိကာယအာဂမ၊ ဝိသေဋဘာဏက ဤလို ရဟန်းတော်မျိုးကို။ တုမ္ဟေ၊သင်ချစ်သားတို့သည်။ ပသံသထ၊ ပူဇော်ကြ-ချီးမွမ်းကြ- ဂုဏ်ပြုကြကုန်လော။ စုန္ဒ၊ စုန္ဒ။ ဟိ၊ ဂါပြောတာမှန်တယ်။ သော ဘိက္ခု၊ ဤရဟန်းဟော်သည်။ တုမ္ဟာကံ၊ သင်တို့၏၊သင်တို့လို။ နသာဝဇကော၊တပည့်မဟုတ်တော့ဘူး။

စုန္ဒ၊စုန္ဒ။ ဟိ၊ ဂါပြောတာ အမှန်ပဲ။ သော ဘိက္ခု၊တိပိဋကဓရ၊ ပဉ္စနိကာယဝိသေဋဘာဏက ဤရဟန်းတော်မျိုးသည်။ ဗုဒ္ဓေါနာမ၊ ဗုဒ္ဓမည်ပါ၏။

ဣတိဝဒါမိ၊ ဣတိဘဂဝါအာဟ-ဤသုတ္တန် အရဆိုလျှင် ဘုရားရှင်ကိုယ်တော်တိုင်က ချီးမွမ်းတော် မူတယ်။ မျှားစွာသော တပည့်သာဝက လူနတ် ပရိသတ် လေးပါးတို့ကိုလည်း ချီးမွမ်းဂုဏ်ပြုပူဇော်စေပါတယ်။ ယခုလဲပဲ ဘုရားရှင် ဩဝါဒ အတိုင်း တိပိဋကဲ၊ပဉ္စနိကာယသည် ပရိယတ္တိ သာသနာဖြစ်ပါတယ်။ဒီ ပရိယတ္တိ သာသနာတော်ကို တိပိဋကနိကာယ စာသင်တိုက်ရှိ ရဟန်းတော် သံဃာတော် အရှင်များက အချိန်ရှိတိုင်း နေ့ည၌ မနံ့း မအား၊အောင် အဓိဂမရရန် ရည်မှန်းမျှော် ရှုအာရုံပြုကြ၍ အာဂမ အလွတ်ရ၊အောင် သင်အံ ရွတ်ဖတ်သရဇ္ဈာယ်ကြပါသည်။ ဤရဟန်းတော် တို့၏နှလုံးစိတ်ဓာတ်အတွင်း၌ နိကာယဓမ္မရတနာ တို့သည် အမှန်တည်ရှိကြပါ၊သောကြောင့် အရှင် မြတ်ဘုံသည် ဓမ္မဒေတီဆုက်ကြ၍ သာသနာနှုဂ္ဂဟ သူတော်စင်တို့နှင့်တကွ အားလုံး လူနတ်တို့ဦးခိုက် ပူဇော်ကြပါကုန်၏။ ။

ဓမ္မဝိနယ၊တိပိဋက၊ပဉ္စနိကာယအာဂမရှိသော ရဟန်းတော်သည် ဗုဒ္ဓဖြစ်သည်၊ ဆရာဖြစ်သည်ကို

အသော်က်အသားဖြင့် ဟော တော်မူသည်မှာ 'ယောခဝါ အာနန္ဒ မယာ ဓမ္မောစ သုဒေသိ၊ ဝိနယောစ သုပညတ္တော၊ သောဝေါမမစ္စယေန သတ္ထာ' (ဒီဃနိကာယ၊သုတ်မဟာဝါပါဠိတော်၊ ပရိနိဗ္ဗာနကထာ။)

ဆိုလိုရင်းအဓိပ္ပာယ်မှာ– ချစ်သားအာနန္ဒာ မဋိပါနဲ့၊ မပူပါနဲ့။ဓမ္မဝိနယ-ငါဟောဆားခဲ့ပါပြီ။ ၎င်း ဓမ္မဝိနယဆိုတာ ဓမ္မက္ခန္ဓာ (၈၄၀၀၀)ပါရှိတဲ့ နိကာယ် ငါးရပ် ပိဋကတ် သုံးပုံကို ဆိုလိုပါတယ်။ ငါမရှိတဲ့နောက်မှာ ဓမ္မက္ခန္ဓာ(၈၄၀၀၀) သည် သင်တို့ ဆရာပဲ။ ငါ ဘုရား၏ကိစ္စအားလုံးကို ဆောင်ရွက်ရစ်ပါလိမ့်မည်။ ဒါကြောင့် သင် မဋိပါနဲ့၊ မပူပါနဲ့၊ အားမငယ်ပါနဲ့ဟု ဟောတော်မူခဲ့ပါသည်။

ဓမ္မက္ခန္ဓာသည် ဘုရားအစားဖြစ်သည်။ဓမ္မက္ခန္ဓာ (၈၄၀၁၀)ဆိုတာ အပြောင်းအလဲ မရှိဘူး တည်မြဲ မှန်ကန်တဲ့ တရားတွေပဲ။

သုတ္တန်မှာ-၂၂၁၁၀၊ အဘိဓမ္မာမှာ-၄၄၀၀၀၊ ဝိနည်းမှာ-၂၂၀၀၀၊ (၈၄၀၀၁)၊ ရှစ်သောင်းလေးဆောင်ဖြစ်၏။ ပေရွက်ပေါ်တင်လို့ ဓမ္မက္ခန္ဓာပေစာအပေါင်း (၈၄၀၀၀)ဟု ဝေါဟာရပြုကြပါသည်။

သို့ဖြစ်ပါ၍ တိပိဋကပဉ္ဇနိကာယ သာသနာပြုအဖွဲ့ အားလုံးဘို့သည် ဘုရား–တရား–သံဃာရတနာဘို့အား အမြဲဆည်းကပ်ကြသူ နိကာယဒါယကာ-ဒါယိကာမတို့ဃည် ဥပါသကာဂုဏ် ပြည့်စုံသူဘို့ချည်း ဖြစ်ကြ၍ တိပိဋက နိကာယဝန်ဆောင်ပြီး သြဝါဒါစရိယ ဖြစ်တော်မူကြကုန်သော သီလသက်ဇတော်ရှည်၊ သမာဓိသက်ဇတော်ရှည်၊ ပညာသက်ဇတော်ရှည် ဆရာသခင်အရှင်တို့၏ နောက်သို့ မျက်ခြည်မပြတ်ညီညီညွတ်ညွတ် သြဝါဒနာခံ ဇွဲအားသန်မာလျက် ဉာဏ်ဖြင့် လိုက်ကြပါကုန်ဗို့....။

ဤသို့ သြဝါဒခံယူကြပြီးတော့ ကျွန်တော်တို့ တိပိဋက နိကာယ ဗုဒ္ဓသာသနာနှဂ္ဂဟအသင်းဝင် သူဇတော်စင်တို့သည် သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်နည်းဖြင့် မရဏသေးသော သာသနာနှဂ္ဂဟ ကုသိုလ်တရားရရှိအောင်၊ရရှိပြီး သာသနာနှဂ္ဂဟ ကုသိုလ်တရားမမေ့ မပျောက် တိုးပွားအောင် ကြိုးစား လုံ့လ ပြုကြပါကုန်စို့။ 'အနုပ္ပန္နာနံကုသလာနံ ဥပ္ပါဒါယ ဝါယာမော၊ဥပ္ပန္နာနံကုသလာနံဘိယျောဘာဝါယ ဝါယာမော'ဖြင့်အဆုံးချုပ်၍ နိဂုံးအုပ်လိုက်ကြပါကုန်စို့ သပ္ပုရိသအပေါင်း သူတော်ကောင်းတို့ ခင်ဗျား....။

ဇနသာသန၊ ဒေဝပုတ္တရန်၊ကိလေသရန်၊ခန္ဓရန်၊ မစ္စုရန်၊အဘိ သင်္ခါရရန်၊အဖျက်သမားရန်သူများကို၊ ဝါ၊ဒေဝပုတ္တဝေရ၊ ကိလေသဝေရ၊မစ္စုဝေရ၊ အဘိသင်္ခါရဝေရ အဖျက်ဆိုးဆိုး ရန်သူမျိုးဘို့ကို တုတ်ခွားမဆောင် ကြိုးမနှောင်ဘဲ ပါရမီဘုန်းခေါင်ဖြင့် ဓအောင်တော်မူသောကြောင့် ဇနမည်တွင် ဘုရားရှင်၏ သီလနိကာယ သာသနာ၊ သမာဓိနိကာယသာသနာ၊ ပညာနိကာယ သာသနာ၊ တိပိဋကသာသနာသုံးဝ အဆုံးအမသည်။ စိရံ၊ ကြာမြင့်စွာ။ စိရံ၊ကြာမြင့်စွာ။ စိရံ၊အနှစ် (၅၀၀၀)မက ကြာအောင်၊ တည်ပါစေသတည်း။ တိဋ္ဌတု– စတူဟိဝါတေဟိ အသမ္မာကမ္မိယော– သေလထမ္ဘော–သေလပဋ္ဌတောဝိယ၊ အရပ်လေးမျက်နှာမှ ပြင်းစွာ တိုက်ခတ်လာသော လေမုန်တိုင်းကြီးတို့ကြောင့် အနည်းငယ်မျှ တုန်လှုပ်ခြင်း မရှိ၊ ကျောက်တိုင်ကျောက်ဆောင် ကျောက်ဘောင်ကြီးပမာကဲ့သို့ မိမ္ဆာ ရန်သူ မလိုသူတို့ ဘယ်သူဖျက်ဖျက် အနည်းငယ်မျှ မပျက်မူ၍ နှစ်ပေါင်း (၅၀၀၀)ခန့က ကြာအောင် အရှည်ခန့်၍ တည်တံ့ပါစေသတည်း။ တည်တံ့ပါစေသော်။

ဦးတင်လှိုင်

အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ မဟာထေရ၏ဖြတ်တော်

သက်တော်(၇၃) နှစ်ပြည့် မွေးနေ့၊ စိန်ရတု ပူဇော

အောင်မင်္ဂလာရတုပိုဒိစံ

၁။ အာကာဘောင်ဝေ၊ အာဏာခြွေသား၊ ကုဋ္ဌေ
သိန်းဖြာ၊ စက္ကဝါမှ၊ သခ်ၤာသင်္ချေ၊ များဝေနေကို၊ ခေမာ
နိဗ္ဗု။ ပို့ဆောင်ယူသည့်၊ သုံးလူဦးသွေ့ာင်၊ ငါးမာရ်အောင်
၏၊ သုံးရောင်သာသနာ၊ ထွန်းနေဝါလျှင်၊ ငါးရာနှစ်ထောင်၊
နှစ်ဆယ်ဆောင်လျက်၊ ရွှန်းပြောင်ခုနစ်၊ ဘုန်းရောင်လွှစ်က၊
နှတ်ချစ်ဘုန်းနှီး၊ ဘုန်းတော်တိုးသား၊ ဂုဏ်ကိုးဖော်ရှင်၊
တိ+သုံးရှင်ဟု၊ လူရှင်ကလို၊ မင်းလည်းလို၍၊ နှတ်လိုထူးလှ၊
တိပိဋကဓရ၊ ဓမ္မဘဏ္ဍာ-ဂါရိကာနှင့်၊ မဟာအဂ္ဂ၊ ပဏ္ဍိတမှ၊
မဟာအဘိဓာ-ရဋ္ဌဂုရု၊ ဂုဏ်ပေါင်းစုသည့်၊ ပြည့်သူ့ဆရာ၊
ထေရ်မဟာဟု၊ ဝိစိတ္တာသာရ၊ ဘိဝံသလျှင်၊ သက်လှခုနစ်ဆယ်၊
သုံးနှစ်ကြွယ်တည့်၊ မြန်လယ်ဘုံနန်း၊ အောင်ရွှေမန်းမှ၊ သိုက်
ညွှန်းဗျာဒိတ်၊ အောင်နိမိတ်နှင့်၊ အောင်တိတ်ဆောင်ရာ၊
အောင်ဇေယျာဟု၊ တေဇောရိပ်ကြီး၊ ခိုလှုံပြီး၍၊ အံ့ချီးလူနတ်၊
သောင်းလုံးပတ်မျှ၊ ပရိယတ်ဂုဏ်ဖြာ၊ တက္ကသိုလ်တွင်၊ မွှာ
ဂုဏ်ပြု၊ ဓမ္မဓရနှင့်၊ သာသနာ့ညွှန်ချို၊ သောတိဏီဟု၊ သိုဂုဏ်
တမျှ၊ သိမ်ဗဒ္ဓတွင်၊ ဗြဟ္မ+ဗြဟ္မာ၊ ဒေ+ဒေဝါတို့၊ မာတလိ
နှင်၊ နတ်မြင်းယာဉ်ဖြင့်၊ ဝေဟင်ခရီး၊ ပင့်လာပြီး၍၊ ရွှေထီး
ထွတ်ချာ၊ တင်ဆက်လာသည်....

အာကာဇော်စွန်း ခေါင်နေထွန်း၍ ဖြာတကား။
တာရာခြွေဝန်း ရောင်ငွေသွန်း၍ သာတကား။
သာခါရွှေကွန်း အောင်စေညွှန်း၍ ပါတကား။

ဖတ်ကြားပူဇော်သူ
ရန်ကုန်တွင်
တေးသံရှင်
မောင်မောင်ကြီး
ဖတ်ကြားပူဇော်၍။

၂။ တာရာရောင်ငွေ၊မိုးလုံးဝေသား၊ အောင်ဇေ
အောင်ဆု၊ငွေရတုမှ၊ရတုသိဂီ၊ စိန်စိန်စိန်သော်၊ပုဏ္ဏားမိစန္ဒာ၊
ကြတ်ကာနှင့်၊ ဗီဇနာပါဒ်ကိုက်၊ နန်းချင်း ဆိုက်သည့်၊
သည်ကြိုက်မာသ၊ တန်ဆောင်လဟု၊ သကြာဇ် တစ်
ထောင်၊ သုံးရာဆောင်လျှတ်၊ ရွှန်းပြောင် လေးဆယ်၊
ခြောက်နှစ်ကယ်သော်၊ သုံးသွယ်ပိဋ္ဌက၊ မြတ်မရှင့်၊ ဓမ္မ
ဘဏ္ဍာ၊ ဂါရိကာ၏၊သုံးဖြာပေါင်းစု၊ ဂုဏ်ပေါင်းစုသည့်၊
ထိပ်စုသီရိန်၊ရတုစိန်ဟု၊ကွန္ဒနီလာ၊ စိန်စီကာဖြင့်၊ မဟာ
ထေရ်ကျော်၊မြတ်ဘုန်းမော်ကို၊ကော်ရော်ဦးတင်၊ရှိုပန်ဆင်
တည့်၊ ဂုဏ်အင်ထူးဘိ၊ ကျော်ကိတ်တို့နှင့်၊ တိပိဋ္ဌက၊ ဝိဟာရ
တွင်၊ပိဋ္ဌကတ်သည်၊မြတ်စေတီ၏၊ရှေ့ချီနောင်မှတ်၊ပုံတူမြတ်
ကို၊ သွန်းခတ်ဘော်သွင်း၊ ဘိသိက်ကျင်းလျက်၊အောင်ခင်း
စုံလှ၊ မြတ်ဒါနဟု၊ ကထိနလူပွဲ၊ ပူဇော်မြဲတည့်၊ထူးကဲမြတ်
လှ၊ဓမ္မဒါနဟူ၊လက်မချနိုင်၊ဂုဏ်ပေါင်းလိုင်သည့်၊ လက်ကိုင်
စာချ၊ပယောဂသိဒ္ဓိ၊ကျမ်းထူးဘိကို၊ တိ–သုံးတိဖြာ၊ ထေရ်
မဟာက၊ ရှကာသုတ်သင်၊သိဒ္ဓိတင်လျက်၊ ထေရ်ရှင်သံဃာ၊
ရာထောင်သာအောင်၊ ဖြန့်ကာမမှ၊ မြတ်ဒါနတည့်၊ သွန်းချ
ရေစက်၊မျဝေဆက်က၊တက်ထွန်းစန္ဒာ၊ မိုးလုံးဖြာသည်....။

တာရာခြွေဝန်း ရောင်ငွေသွန်း၍ သာတကား။
သာခါရွှေကွန်း အောင်စေညွှန်း၍ ပါတကား။
အာကာမွေ့စွန်း ခေါင်နေထွန်း၍ ဖြာတကား။

မန္တလေးတွင်
အဆိုကျော်
ရီရီသန့်
ဖတ်ကြားပူဇော်သည်။

အပိုဒ်တိုင်းတွင် (၆၃) ပဒစီရှိ၍ မင်္ဂလာရတုဟု ခေါ်သည်။

ဂုဏ်ရည်များ (၁) စပယ်ချီစပယ်ချ၊ (၂)မြင်းဆက်ခွ၊ (၃)အဖျားကောက်၊ (၄)ပုလဲသွယ်၊ (၅)ရွှေလောင်းပြန်၊ (၆)နေရောင်ခြည်ပြေး၊ (၇) သော်တာ ရောင်၊ (၈) ဖျောက် ဆိပ် လ လယ်၊ (၉) အာသာဝတီ ဝတ်ဆံ ၁၁ လုံး ၃ဆင့်ချွန်၊ကိုးနဝင်းချနည်း။

စာဆိုတော်
မဟာသရေစည်သူ
ဦးချမ်းသာ
(လက်ဝဲမင်းညို)
စပ်ဆိုသီကုံးသည်။

၃။ သာခါညောင်ရွှေ၊ ဗုဒ္ဓဟေ၏၊သက်ဝေပင်လှ၊ ဒကို့ဏာနှင့်၊ညောင်မြအာနန္ဒာ၊ကျွန်းသီဟာမှ၊ မိတ္တာသဃီ၊ ညောင်မြတ်စွဲတို့၊စံကြနေရာ၊ကုန်း"တေဇာ"တွင်၊ ထူပါပိဋ္ဌက၊စေတီယဉ်၌၊ သရီရဓာတ်မွေ၊ ဌာပနာပေ၍၊ ထေရ်ရှင်မဟာ၊ဝိစိတ္တာဟု၊အဂ္ဂါဘိဓာ၊တိပိဋ္ဌက၏၊သက်လှ ခုနစ်ဆယ်၊ သုံးနှစ်ကြွယ်က၊ လနှယ်ရောင်ထွန်း၊ ပုဏ္ဏာဝန်းသို့၊ "မင်းကွန်း+မိုးမိတ်+မဟာ" ဟိတ်ဖြင့်၊ အောင်တိတ်မင်္ဂလာ၊ မော်ကွန်းစာကို၊ကျောက်ဖျာငွေဖြူ၊စိုက်ဖွင့်ထူ၍၊ "စည်သူ သရေ၊ မဟာ"ဝေက၊တည်ဇေရည်ညွှန်း၊ကမ္ဘာကျွန်းဟု၊ လောင်းသွန်းညောင်ရေ၊ အောင်သပြေတည့်၊ အောင်ဇေယျတု၊ စိန်ရတုဟု၊ ရတုဖြိုစ္ဆာ၊ ကြတ္တိကာနှင့်၊ ပုဏ္ဏာစန်းပွင့်၊ ရောင်ပြိုင်တင့်က၊မိုးမြင့်ဝဋ္ဌာ၊ကြယ်တာရာလည်း၊ လွန်စွာကြည်လင်၊ ကွဒ္ဒိရှင်လျက်၊ သဘင်ညီလာ၊ ထွန်းလင်းဖြာ၍၊ အာကာပွင့်မျှ၊ ပြောင်တောက်ပသော်၊ "ကဆိနစီဝရံ"၊တောင်လုံးညံမျှ၊ ခယံဝိရာဂ၊ အမတကို၊ မြတ်လှဆုခွေ၊တောင်းဆုဝေတည့်၊ မိုးမြေကုန်းမိတ်၊ ဂုဏ်လှဖိတ်ကို၊မဆိတ်ခြီးပိုင်၊မကုန်နိုင်၍၊ မဏ္ဍိုင်မွေကွန့်၊နန်းညွှန့်ဝေယန်၊ နှင်းဆိုပြန်တည့်၊နီဗွာန်အောင်ချ၊ တောင်းဆုဖြာသည်....

သာခါရွှေကွန်း အောင်စေညွှန်း၍ ပါတာကား။
အာကာပွေစွန်း ခေါင်နေထွန်း၍ ဖြာတကား။
တာရာခွေဝန်း ရောင်ငွေသွန်း၍ သာတကား။

တိုင်းရေးမှူးဌာနချုပ်ရိုက အဂ္ဂမဟာပဏ္ဍိတ
ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်
သက်တော်(၇၃)နှစ်ပြည့်ရောက်(၇၄)နှ

တိုင်းဒေသကြီး
ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီး၏
သက်တော်(၇၃)နှစ်ပြည့်မြောက်(၇၄)နှစ်သို့အရောက်ဂုဏ်ပေးပွဲ



ဒုတိယ သုံးဖွင့်ခရိုး ဇွန် ၁၄၇

မန္တလေးမြို့ တည်နန်းတည်မင်းတုန်းမင်းတရား ကြီးလက်ထက်တော်အခါက ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးကို အားပေး ချီးမြှောက်တော်မူသည့် အတိုင်း ရွှေမြို့ဘော် လေးပြင်လေးရပ်တို့၌ ကျောင်းတိုက်ကြီးပေါင်း(၁၇၀)ကျော်ကျောင်းပေါင်း(၁၀၀၀)ကျော် ရှိခဲ့သည်။ ၎င်းတို့တွင် စာချ၊ စာသင် ဆရာတော် သံဃာတော်ပေါင်း(၆၀၀၀၀)ခြောက်သောင်းကျော်မျှ သီတင်းသုံးတော်မူခဲ့ကြသည်။ကမ္ဘာကြေမှ ပရိယတ္တိသာသနာကွယ် ပ စေ ရ မည် ဟု ကြံ့ စည် တော် မူ လျက်၊ မင်းတုန်းမင်းတရားကြီး၏ လျှောက်ထားချက်အရ သံဃာတော်အပေါင်းက ပဋ္ဌမသင်္ဂါယနာတင်ခဲ့ကြသည်။

သီပေါမင်းတရား နန်းစံ(၇)နှစ်၊ သက္ကရာဇ် ၁၂၄၇-ခုနှစ်၊ တန်ဆောင်မုန်းလတွင် မြန်မာတို့ဦးစွန်းဖြစ်သောမင်း၊မိဖုရားနှစ်ပါးသည် ထီးနန်းဆုံးပါးသော သခ်ါရသဘောကို မလွန်ဆန်နိုင်သဖြင့် အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ ကြွယွန်းစံမြန်းတော်မူခဲ့ရလေသည်။

ထိုစဉ်အခါက တိုင်းရေး ပြည်ရေး မသာယာဘဲ မြန်မာများ ထိပ်ထက်၌ မြွေဆိပ်တက်၊မီးလောင်၊ သာသနာတော်အရောင်ကမှေး၊ထောက်

ပံ့မည့် ဒါယကာကင်းဝေး မိစ္ဆာမင်းတို့၏ ရန်ဘေးကိုလည်း မတွေးတတ် မမြင်နိုင် ပြည့်မလွှိုင် ပြိုကွဲ၍ ပမ်းနည်းစိုးရိမ် မြန်မာတို့တန်ခိုးမှိန်သော အချိန်အခါကြီးသို့ ကျရောက်နေတော့သည်။

အတုမရှိ ကျောင်းတော်ကြီးမှ စ၍ မြန်မာ့ယဉ်ကျေးမှုအနုပညာများတည်ရာ ကျောင်းတိုက်ကြီးများ မီးဘေး သင့် ပျက် စီး ခဲ့ ကြ သည်။ ဆရာ တော် ကြီး များ နှင့် တကွ သံ ဃာ တော်များသည် တစ်ရပ်ဘစ်ပါးသို့ ကြွေသွား သီတင်းသုံးဘော်မူကြသည်။ သို့ဖြင့် မန္တလေးမြို့တွင် တစ်နေ့တခြား ရဟန်းတော်သံဃာတော် နည်းပါးခြင်း ဖြစ်ခဲ့ရလေသည်။

ထိုကဲ့သို့ဖြင့် (၁၃)နှစ် ကြာသော အခါ ပရိယတ္တိအရာ မာတင်မံသောက် ပြောင်မြောက် ခိုင်ဖြီးတစ်ဖက်ကမ်းရောက်ဘတ်မြောက်တော်မူကြသော မန္တလေးမြို့တွင် ကျန်ရစ်သည့် ဆရာတော်ကြီး (၁၈)ပါးကို အမှူးထားလျက် တံဆိပ်တော်ရ၊ မရ ဆရာတော်များကို သဒ္ဓါတရား ထက်သန်ကြသော မန္တလေးမြို့နေ ပုဂ္ဂိုလ်ကြီး (၁၂)ဦး အမှူးပြုသည့် လူပုဂ္ဂိုလ်ဒါယကာများက ပရိယတ္တိမမှကို ထိန်းသိမ်းစောင့်ရှောက် မပျောက်ဧရန် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ဟု မိန့်ကြားပါရန် ပြောက်ဆားကြသည်။ ဆရာနှင့်ဒကာ စည်းဝေးညှိနှိုင်းလျက် မန္တလေးမြို့ ပရိယတ္တိသာသနဟိတ အသင်းကြီးကို ၁၂၆၀ပြည့်နှစ် ဝါဆိုလပြည့်နေ့၌ စဘင်တည်ထောင်ခဲ့ကြသည်။

မူလရည်ဆန်ချက် ငါးခု....

(က) ကျမ်းဂန်ပို့ချခြင်း၊ဂန္ထဓုရဝန်ကိုဆောင်ရွက်တော်မူကြကုန်သော သံဃာတော်မြတ်တို့အား ဆွမ်းဆန်၊ ဆွမ်းဟင်းလျာနှင့် သပ္ပာယ ဖြစ်သော ဆေးများကို လှူဒါန်းဝတ်ပြုခြင်း။

(ခ) ပရိယတ္တိသာသနာစောင့် စာချ ပုဂ္ဂိုလ် အဆက်မပြတ် ဖြစ်စေခြင်းငှာ သီးခြားရွေးချယ်သည့် စာသင် ပုဂ္ဂိုလ်များကို ကိုးကွယ်ခြင်း။

(ဂ) သာမဏော စာလျှောက် မေးခန်းတွင် ဖြေစွမ်း အောင်မြင်တော် မူကြသော သာသနာလက်ံာရ သာမဏောကျော်တို့အား ဆွမ်းဆန်ဝတ်ပြု လှူဒါန်းခြင်း။

(ဃ) စာချ ကျောင်းဆောင် အဆောက်အအုံ မလုံလောက် မကောင်းရှိသော အခါ ပြင်ဆင်ဆောက်လုပ် လှူဒါန်းခြင်း။

(င) စာသင်သားတို့ အသုံးပြုသော သင်ရိုးပိဋကတ်သင်စာများကို ရေးသားခြင်းဖြင့်လည်းကောင်း၊ အပ်နှံလှူဒါန်းသည့်မည်သည့် သာသနာ ကျမ်းစာများကို မဆို လက်ခံခြင်းဖြင့် လည်းကောင်း ပိဋကတ်တိုက် တည်ထောင်ဖွင့်လှစ်ထားခြင်း။

ဖွင့်ဆိုချက်။ ။မည်သည့်စာချပုဂ္ဂိုလ်(သို့မဟုတ်) စာသင်ပုဂ္ဂိုလ် တစ်ပါးပါးကိုတွင်မဆို ရဟန်းတို့ လိုရင်းဖြစ်သည့် သင်္ကန်း၊ သပိတ်စသည့် အသုံးအဆောင်များချို့တဲ့လျှင် မည်သည့် အခါတွင်မဆို လှူဒါန်း နိုင်ခွင့်ရှိသည်။

ဤအသင်းကြီးမှ မူလရည်သန်ချက် ငါးခုဖြင့် နှစ်စဉ် နယုန်လ ရဟန်းတော်များ စာလျှောက်မေးခန်း ပြုသို့လ သာသနာလက်ံာရ သာမဏော စာလျှောက်မေးခန်းများ နှစ်စဉ်နှစ်တိုင်း ကျင်းပလာခဲ့ကြပါသည်။

စအောင်လက်မှတ်ဆက်ကပ်ပူဇော်ပုံ

နယုန်လ ရဟန်းတော်များ စာလျှောက်မေးခန်း၊စာချတန်းနှင့် စာသင်တန်း အောင်မြင်တော်မူသော သံဃာတော် အရှင်မြတ်များအား ပရိယတ္တိ သာသနဟိတအသင်းကြီးက မြို့ပြပြည့် ရွာမှ ဝတ္ထုမျိုးစုံ ပဒေသာပင်များ ဆက်ကပ် လှူဒါန်းကြသည်။ စာသင်တန်းအောင် သံဃာတော် များအား အသင်းကြီးမှ(၅)နှစ် ကိုးကွယ်၍ ဆွမ်းဆန် တော်များ လှူဒါန်း ပါသည်။ မန္တလေးမြို့ မြူနီစီပါယ်အတွင်း သီဘင်းသုံးကြ၍ စာချတော် မူကြသော စာချတန်းအောင် သံဃာ တော် များကိုလည်း အသင်းကြီးက နှစ်စဉ်ဆွမ်း ဆန်တော်များလှူဒါန်းကြပါသည်။

ပြာသိုလ သာမဏေစာလျှောက်မေးခန်းတွင် (၁)ပထမဆင့် (၂)ဒုတိယဆင့် (၃)တတိယဆင့် ဟု သုံးဆင့်ခွဲထား၍ ကျင်းပသည်။ အောင်မြင်တော်မူကြသော သာမဏေများအား ဘွဲ့ပုံတော် အောင်လက်မှတ်နှင့်တကွ (၁)ပထမဆင့်အောင် သာမဏေ တစ်ပါးတွက် နဝကမ္မ ဝတ္ထု၄ွေ ၁၀၀ကျပ်စီ၊ (၂)ဒုတိယဆင့်အောင် သာမဏေ တစ်ပါးလျှင် နဝကမ္မဝတ္ထု၄ွေ ၂၀၀ကျပ်–စီ၊ (၃)တတိယဆင့်အောင်မြင်သော သာမဏေကျော် တစ်ပါးလျှင် နဝကမ္မဝတ္ထု၄ွေ ၃၀၀ကျပ်–စီ၊ အသီးသီး လှူဒါန်းကြပါသည်။

နယုန်လ ရဟန်းတော်များ စာလျှောက်မေးခန်းတွင် ဖြေဆိုကြသော သံဃာတော် ၁၃၄၇–ခုနှစ်ထိ သီးခြား စာသင်တန်းအောင် သံဃာ (၄၇၉)ပါးနှင့် သီးခြားစာချတန်းအောင် သံဃာ (၂၉၄)ပါးရှိပါသည်။

ပြာသိုလ သာမဏေစာလျှောက်မေးခန်းတွင် ယခု ၁၃၄၇ ခုထိ အောင်မြင်တော်မူကြသော ပထမဆင့်အောင် သာမဏေ (၁၂၂၂) ပါး၊ ဒုတိယဆင့်အောင် သာမဏေ (၃၉၈) ပါး၊ တတိယဆင့်အောင် သာမဏေ (၁၂၀) ပါး ရှိပါသည်။

ပိဋကတ်သုံးပုံ စာတော်ပြန်ပွဲ

၁၃၁၃-ခု တပိုတ်လပြည့်နေ့တွင် ရန်ကုန်မြို့ ကုက္ကုိင်းသာသနာ့ရိပ်သာ မဂ်လာမဏ္ဍောင်ကြီး၌ ဆဋ္ဌသင်္ဂါယနာတင် ဖြစ်မြောက်ရေး သြဝါဒါစရိယ သံဃနာယက အစည်းအဝေး ကြီးမှ သြဝါဒနာယကအဖွဲ့ဝင်ဆရာတော်ကြီး ၂ ပါးကို ရွေးကောက်တင်မြှောက်ကြပါသည်။ ၎င်းအဖွဲ့ဝင် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော်သည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီတော်အနီး မဟာ ပါသာဏလိုဏ်ဂူတော်အနီး၌သီဟိုဠ်၊ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာ၊ မြန်မာ ထေရဝါဒ ငါးနိုင်ငံ ခြောက်ကြိမ်မြောက် ဆဋ္ဌသင်္ဂါယနာ တင်ရာဝယ် စာအုပ်ကိုဖတ်၍တင်သည်ကို အားရ ကျေနပ်တော်မမူဘဲ ပိဋကတ်တော်များကို အာဂုံ ကျက်၍ ပြန်ဆိုရွတ်ဖတ်ခြင်းပြုရန် အဆိုပြုတော် မူသည်။ တာဝန်ပေးချက်အရ မစိုးရိမ်ဆရာတော် ဦးစီးသော ဆရာတော်ကြီးငါးပါး ပါဝင်သော အဖွဲ့ငယ်သည် သင်္ဂီတိကာရက ဘာဏက အဖွဲ့ များကို ဖွဲ့စည်းစေကာ ပါဠိတော်အုပ်ရေ(၄၀)မှ တာဝန်ကျပါဠိတော်များကို နှုတ်တက် အာဂုံ အရဆောင်စေလျက် နှစ်နှစ်တိုင်တိုင် ပါဠိတော် သင်္ဂါယနာတင်တော်မူကြပါသည်။

အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်သည် မျက်မှောက်ခေတ်အသုံးပြုနေကြသည့် အဘိဓာန် သည် ပါဠိတော်၊အဋ္ဌကထာ၊ဋီကာလာဝေါဟာရ များအားလုံး စုံလင်စွာပါဝင်သည်ဟုဆိုရန်ခက်ခဲ ကြောင်းကို လည်းကောင်း၊ ထို့အဘိဓာန်သည် ကျက်မှတ်ရန် ခက်ခဲပုံကိုလည်းကောင်း၊ ခေတ်

စာသင်သားများသည် သဒ္ဒါ၊ သဂြိုဟ် စသော အဖြေပြု ကျမ်းစာများဖြင့်သာ အချိန်ကုန်၍ စာသင်စခန်းသိမ်းရသည်ကို တွေ့ရသဖြင့်လည်း ကောင်း. ဘုရားနှင့်လည်း တိုက်ရိုက်တွေ့၊ အနက်သင်ရေးအတွက်သည်းအထောက်အကူပြု ကျင့်ကြံအားထုတ်မှုအတွက်လည်း အားထား‌ရ၊ကျက်မှတ်၍လည်း လွယ်ကူလှသည့်ပါဠိတော်များကို သံဃာတော်များအား အာဂုံဆောင်စေရလျှင်ပိုမိုအကျိုးများမည်ဟု သိမြင်တော်မူလာသည်။

ဉာဏ်ထူးသောပုဂ္ဂိုလ်များအတွက် အစိုးရက ကျင်းပသော တိပိဋကဓရ ရွေးချယ်ပွဲသည် သင့်လျော်သော်သည်း သာမန်ဉာဏ်သာရှိသူ ပုဂ္ဂိုလ်များအတွက် များပြားလှသော ပါဠိတော်များကို မကျက်မှတ်နိုင်ကြပါ။ ထို့ကြောင့် မစိုးရိမ်ဆရာတော်သည် သဒ္ဒါတရားကောင်း၍ သာမန်ဉာဏ်ရှိသူ ပုဂ္ဂိုလ်များအား နိကာယ်ငါးရပ်တွင်ပါဝင်သော ကျမ်းစာအုပ်များကို တစ်နှစ်လျှင်တစ်အုပ်စီ ဖြေဆိုနိုင်သော နိကာယ်ငါးရပ် စာတော်ပြန်ပွဲများ ကျင်းပပေးရလျှင် ပိုမိုအကျိုးများမည်ဟု သာသနာပြုတရားများ ဟောခဲ့ပါသည်။

တစ်နေ့သောအခါ မန္တလေးမြို့ ပရိယတ္တိသာသနဟိဘအသင်းသာသနာ့ဝိမာန်တော်ဓာတ်သေ့ကားဒါယကာ စက်သေဋ္ဌေး ဦးသာဌေးသည် ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားထံသို့ရောက်သွားခဲ့ပါသည်။ ဆရာတော်နှင့် ဒကာ ဦးသာဌေးတို့ စကားအပြန်အလှန် ခပြောဆို လျှောက်ထားကြရင်း ကျေးဇူးရှင် ဆရာတော်ကြီးသည် ကြီးမားသော ဆန္ဒတော် ရှိတော်မူသည့်အတိုင်း စက်သေဋ္ဌေးဦးသာဌေးအား နိကာယ်သာသနာပြုရည်မှန်းချက်ဖြင့် တိုက်တွန်းစကား ပြောကြားတော်မူပါသည်။

ဆရာတော်။ ။ဘုန်းကြီးတို့နိုင်ငံမှာ သင်္ဃာယနာတင်ပြီးပေမယ့် နိကာယ်ကျမ်းစာများဟာ စာအုပ်ဗီရိုထဲမှာပဲ ကိန်းအောင်းနေပါသေးတယ်၊ နိကာယ်ပါဠိတော်များ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့ရဲ့ နှုတ်ဝမ်းထဲမှာ ကိန်းအောင်းဖို့ လိုနေသေးတယ်၊ နှုတ်ဝမ်းထဲမှာ ကိန်းအောင်းတည်နေအောင်လုပ်ဖို့ကလဲစာမေးပွဲစနစ်နဲ့ ထုတ်ဖော်ပေးမှဖြစ်နိုင်တယ်၊ နိကာယ်စာမေးပွဲကို ပရိယတ္တိသာသနဟိတ အသင်းက တာဝန်ယူပြီး ကျင်းပပေးနိုင်ရင် သိပ်ကောင်းမယ်၊ နိကာယ်စာမေးပွဲ တိုးခဲ့ ကျင်းပပေးဖို့ ပရိယတ္တိအသင်း အစည်းအဝေးမှာ ဒကာကြီးအနေနဲ့ အကြံဉာဏ်ပေးလျှင်ကောင်းမယ်၊အသင်းက တာဝန်ယူ ကျင်းပပေးရင်တော့ နိကာယ်စာမေးပွဲဟာ ခိုင်မြဲသွားမှာပဲ၊ နိကာယ်စာမေးပွဲခိုင်မြဲတည်ရှိနေမှလဲ သာသနာ ရေသောက်မြစ်ဟာ ခိုင်မြဲတည့်တံ့မှာပဲ။

မစိုးရိမ်ဆရာတော်ဘုရားကြီး၏ တိုက်တွန်းသော သြဝါဒကိုခံယူလျက် စက်သေဋ္ဌေး ဦးသာဌေးသည် ၁၃၃၀ ခု တော်သလင်းလဆန်း(၁၁) ရက်၌ကျင်းပသော မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး၏ (၉၅၇)ကြိမ်မြောက် မူလအစည်းအဝေးတွင် စာဖြင့်ရေးသားလျက် တင်သွင်းပါသည်။ စာ၏အဓိပ္ပာယ်မှာ-

"အသင်းကြီးမှလက်ရှိကျင်းပနေသောစာမေးပွဲများအပြင် နိကာယ်သာသနာ ထွန်းကားရေးအတွက် နိကာယ်ငါးရင်ပိဋကတ်သုံးပုံ စာတော်ပြန်ပွဲများ ကျင်းပပြုလုပ်ပေးရန်ဟုဖြစ်ပါသည်။"

ဆက်လက်၍ စက်သေဋ္ဌေး ဦးသာဌေးက စာမေးပွဲစရိတ်နှင့်တကွ စာအောင် ဆုနှင်းသင်္ဘာကုန်ကျစရိတ်၊ စာအောင်ပုဂ္ဂိုလ်တို့အား နဝကမ္မလှူဒါန်းရန်အတွက် ကုန်ကျစရိတ် အားလုံးကို လှူဒါန်းမည့် ဒါယကာ ရှိသဖြင့် ဖော်ပြသော စာမေးပွဲကျင်းပပေးသင့်သည်ဟု တင်ပြပါသည်။

(ပစ္စယာနုဂ္ဂဟ အဓိကတာဝန်ကို စက်သေဋ္ဌေး ဦးသာဋ္ဌေးက တာဝန်ယူခြင်း ဖြစ်ပါသည်။)

အသင်းအစည်းအဝေးမှ အသင်း ကိုးကွယ်သော ဆရာတော်ကြီးများထံ ဤအဆိုနှင့် ပတ်သက်၍ သြဝါဒခံယူရန် ဆုံးဖြတ်ကြပါသည်။

အသင်းကြီးမှဆရာတော်များကိုသင့်တင့်သော နေ့တွင် ပင့်ဖိတ်လျက် ဖော်ပြခဲ့သောအဆိုနှင့် ပတ်သက်၍ တင်ပြလျောက်ထားပြီး သြဝါဒခံယူကြပါသည်။

ဆရာတော်အားလုံး၏ကိုယ်စား ဟံသာဝတီ ဆရာတော်က အောက်ပါအတိုင်း ပရိယတ္တိသာသနဟိတအသင်းဒါယကာလူကြီးများအား သြဝါဒမြွက်တော်မူပါသည်။

"ပဋိပတ္တိပူရကာပိ ကဒါစိ ဗဟူဟောန္တိ၊ကဒါစိ အပ္ပာ ပဋိဝေဓောစ : ပဋိပတ္တိစဟောတိပိ နဟောတိပိ သာသနဒ္ဒိတိယာ ပန ပရိယတ္တိပ္ပမာဏံ။လ။ တသ္မာ ပရိယတ္တိ ယာဒ္ဒိတိယာ ဒ္ဒိတာယ သာသနဒ္ဒိတံ ဟောတိ" ဤသို့ အဋ္ဌကထာဆရာတို့ မိန့်မြွက်တော်မူချက်အရ ပရိယတ်တည်သော် ပဋိပတ်နှင့် ပဋိဝေဓ သာသနာတော်နှစ်ပါး တည်နိုင်သည်။ အကယ်၍ ပရိယာ်သာသနာတော် ကွယ်ပျောက်စီးခဲ့သော် ဤပရိယတ်ကို အမှီသဟဲပြု၍ တည်နေသော ပဋိပတ်နှင့် ပဋိဝေဓ သာသနာတော် နှစ်ပါးသည် အကြွင်းမဲ့ ချုပ်ငြိမ်းကွယ်ပျောက်မည်ကောန် ဖြစ်သည်။ တစ်နည်းသော် ပဋိပတ်ဖြည့်ကျင့်ဆည်းပူးသောပုဂ္ဂိုလ် ဘယ်မျှလောက်များသည် ဖြစ်စေ၊ နည်းသည်ဖြစ်စေ ထိုပဋိပတ်ကြောင့် ပဋိဝေဓကပုဂ္ဂိုလ် များသည် ဖြစ်စေ၊ နည်းသည် ဖြစ်စေ ဗုဒ္ဓသာသနာတော်ကြီး ကာလမြင့်ခေါင်ငါးထောင်ရှည်ကြာ ခိုင်ခံ့တည်တံ့ခြင်း၏ အကြောင်းရင်းမူလ ပဘဝမှန်ကား ပရိယတ္တိသာသနာတော်ကြီးသာ ကောန်စစ်မှန်သော မူလအကြောင်းရင်းဖြစ်သည်ဟု အဋ္ဌကထာဆရာတို့ မိန့်တော်မူသည်နှင့်အညီ ဒါယကာတို့၏ လျောက်ထားချက် ဖြစ်သော နိကာယ်ငါးရပ် ပါဠိတော်အား၎ုံ ရေးဖြေနှင့်ပတ်သက်၍ ဗုဒ္ဓ သာသနာတော် စည်ပင်ပြန့်ပွား မြဲမြံခိုင်မာမှုကိုသာ ရှေးရှုပဓာနပြု၍ သြဝါဒ ပေးသနားတော်မူပါသည်။

ဆဋ္ဌသင်္ဂါယနာတင်သော် မြန်မာနိုင်ငံရှိဆရာတော် သံဃာတော်များအပြင် အခြားသောထေရဝါဒ နိုင်ငံများရှိ ဆရာတော်များကို ပင့်ဖိတ်၍ (ကံယသာမဂ္ဂီ)အဖြစ်ဖြင့် အတူတကွဆောင်ရွက်တော်မူလို၍ သီဟိုဠ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လောနိုင်ငံများသို့ ဆရာတော်များ ကြွရောက်ညှိနှိုင်းတော်မူကြသည်။ ထိုင်း၊ ယိုးဒယား သာသနာပိုင်ထံ လျှောက်ထားသောအခါ မြန်မာနိုင်ငံသံဃာတော်များသည် အကြောင်း အမျိုးမျိုးကြောင့် ပရိယတ္တိအားနည်းနိုင်သဖြင့် သင်္ဂါယနာတင်နိုင်ရန် ခက်ခဲနိုင်သည်ဟု မိန့်ဟော်မူပါသည်။ ထိုအခါ မြန်မာနိုင်ငံမှ ဆရာတော်များက (၁) မြန်မာ့ သံဃာတော်များ ဆရာစဉ်ဆက်၊ တပည့်အဆက်ဆက် ချပို့သင်ယူခြင်း၊ (၂) မန္တလေးမြို့တွင် ပရိယတ္တိ သာသနဟိဘ အသင်းကြီးကို ၁၂၆၀—ခုတွင် တည်ထောင်၍ ၁၂၆၄-ခုမှ စ၍ စာသင်တန်း၊ စာချတန်း စာမေးပွဲများကိုကျင်းပခဲ့ကြသည်။စာချတန်းအောင်သံဃာတော်(၂၀၀) ကျော် ရှိပြီး အသင်းကြီးမှ ပစ္စည်းလေးပါး အမြဲလှူဒါန်းလျက် ရှိခြင်း၊ (၃) မြန်မာနိုင်ငံအစိုးရကလည်း ပထမငယ်၊ ပထမသတ်၊ ပဉ္စမကြီး၊ စာချတန်းဟု သတ်မှတ်၍ စာမေးပွဲများ ကျင်းပပြုလုပ်လျက်ရှိခြင်း၊ (၄) ရန်ကုန်မြို့၌ နိကာယ်ငါးရပ် အာဂုံ ရေးဖြေ....စာမေးပွဲပြုလုပ်ကျင်းပလျက်ရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံ သာသနာ့ဝန်ထမ်း ရဟန်းတော်များသည် ပါဠိတော်နှင့်တကွ အဋ္ဌကထာများကို တတ်မြောက်ကျွမ်းကျင်မှု ရှိကြပါသည်။ သင်္ဂါယနာတင်နိုင်စွမ်းရှိကြပါသည်ဟု

ပြန်လည်လျှောက်ထားသောအခါတွင်မှယိုးဒယား သာသနာပိုင်က သာဓုသုံးကြိမ်ခေါ်တော်မူသည်။

ဟံသာဝတီ ဆရာတော် ဩဝါဒအတိုင်း ကြွရောက်တော်မူကြသော် ဆရာတော်များကလည်း သဘောတူညီတော်မူကြသည်။ ဆရာတော်များ၏ ဩဝါဒကို ခံယူလျက် ၁၃၃၁ ခု၊ ကဆုန်လဆန်း (၈)ရက် ဗုဒ္ဓဟူးနေ့တွင် အသင်း၌ ကျင်းပ ပြုလုပ်သော (၇၁)ကြိမ်မြောက် အစည်းအဝေးကြီး မူလရည်သန်ချက် ၅ ခုအပြင် ဆဋ္ဌမမြောက်ဖြစ်သော ဤ(စ)နိကာယ်ဆောင်ပုဂ္ဂိုလ်များ အဆက်မပြတ် ပေါ်ထွက်စေရန် နိကာယ်ငါးရပ် ပါဠိတော် အာဂုံ ရေးဖြစာမေးပွဲ ကျင်းပခြင်းအချက်ကို အဘည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။ တစ်ဆက်တည်း မှာပင် နိကာယ်ငါးရပ်ပိဋကတ်သုံးပုံစာတော်ပြန်ပွဲ ဥပဒေကြီးလည်း ထွက်ပေါ်လာပါတော့သည်။

မန္တလေးမြို့ ပရိယတ္တိသာသနဟိတ အသင်းကြီးမှ ဘပေါင်းလ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာလျှောက်မေးခန်း စာမေးပွဲကြီးကို (၁၃၃၁)ခုမှ ယနေ့တိုင် နှစ်စဉ် ကျင်းပခဲ့ပါသည်။

နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာလျှောက်မေးခန်း စာမေးပွဲဝင် ပုဂ္ဂိုလ်များ စာရင်းနှင့် အောင်စာရင်းများမှာ ၁၃၃၁ ခုမှ ၁၃၃၉ ခုနှစ်အထိ (၉)ကြိမ်တွင် ၁၁၂၅ ပါး ဖြေဆို၍ ၃၀၅ ပါး အောင်မြင်ပါသည်။ အောင်ချက်ရာခိုင်နှုန်း (၂၇ ဒသမ ၁၁)ဖြစ်ပါသည်။

၁၃၄၀-ခုမှ ၁၃၄၃-ခုအထိ (၄)ကြိမ်တွင် ၆၄၁ ပါး ဖြေဆို၍ ၁၂၈ ပါး အောင်မြင်ပါသည်။ အောင်ချက်ရာခိုင်နှုန်း (၂၀ ဒသမ ၀၆)ဖြစ်ပါသည်။

၁၃၄၄-ခုမှ ၁၃၄၆-အထိ (၃)ကြိမ်တွင် ၄၉၂ ပါး ဖြေဆို၍ ၁၀၀ ပါး အောင်မြင်ပါသည်။ အောင်ချက်ရာခိုင်နှုန်း (၂၀ ဒသမ ၄၁)ဖြစ်ပါသည်။

၁၃၄၀-ခုမှ ၁၃၄၆-ခုအထိ (၆)ကြိမ်တွင် ဝင်ရောက်ဖြေဆို၍ အောင်မြင်ကြသော သံဃာတော် ၂၆၂ ပါးတွင် တိပိဋကနိကာယ ကျောင်းတိုက်မှ (၂၂၃)ပါး အောင်မြင်ခဲ့ပါသည်။

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသနှင့် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းတို့ ဆက်နွယ်ပုံနှင့် တိပိဋကနိကာယကျောင်းတော်ကြီးနှင့် ဤပရိယတ္တိအသင်းတို့ ဆက်နွယ်ပုံမှာ–

တိပိဋကဓရ မင်းကွန်းဆရာတော် ဘုရားသည် ၁၂၉၆ ခုနှစ်၊ ကျင်းပသော နယုန်လ ရဟန်းတော်များ စာလျှောက် မေးခန်းတွင် သီးခြားစာချတန်းကို တစ်နှစ်ဘည်းဖြင့် အောင်မြင်တော်မူသည်။ ထို့ကြောင့် (ဝဋ္ဌသကာ)ဘွဲ့ထူးကို ပထမဦးဆုံး ရရှိတော် မူပါသည်။ ဆရာတော်က မန္တလေးမြို့ ပရိယတ္တိသာသနဟိတ အသင်းသည် သာသနာ ဖခင်နှင့်တူသည်၊ မလွန်ဆန်လှူအသင်းသည် သာသနာ မိခင်နှင့် တူသည်ဟု မိန့်တော်မူလေ့ရှိပါသည်။ ဤပရိယတ္တိသာသနဟိတအသင်း၏ တိုးတက်ရာ တိုးတက်ကြောင်းကို အစဉ်အမြဲ အခါအခွင့်သင့်တိုင်း ချီးမြှောက်တော် မူလေ့ရှိပါသည်။

အဂ္ဂ မဟာ ပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီးကပထမအကြိမ် နိကာယ်စာတော်ပြန်ပွဲအလှူရေစက်ချပေးစဉ်က အောက်ပါအတိုင်း ဩဝါဒ မိန့်မြွက်တော်မူခဲ့ပါသည်။

"အေး....ခု ကျေးဇူးရှင် မစိုးရိမ်ဆရာတော် ဘုရားကြီးတို့၊ ဒကာကြီးတို့ ကျင်းပပေးကြတယ် ဆိုတဲ့ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာမေးပွဲမှာက ဒီဃနိကာယ်ဖြေရင် ဒီနှစ် သုတ်သီလကွန်၊ နောက်နှစ် သုတ်မဟာဝါ၊ အဲ နောက်နှစ်ကျ

တော့မှ သုတ်ပါထေယျ၊ သုံးနှစ်တိုင် တစ်နှစ် တစ်ကျမ်း ပြန်ရတာဆိုတော့ စာသင်သားရဲ့ နှုတ်ထဲမှာပေါ့လေ သုံးနှစ်ပြည့်ရင် ဒီဃနိကာယ် တစ်ခါတည်းရတယ်။ အမှန်လဲပဲ ဒုါမှ စွဲတယ်၊ ဒီဃဘာဏကလို့လဲ ခေါ်လောက်တယ်။ စာသင်သားအဖို့လဲ ပြန်ရတာ အင်မတန် လွယ်ကူသွားတယ်။ လွယ်ကူရုံတင်လားလို့ ဆိုတော့ မဟုတ်ဘူး၊ စာသင်သားရဲ့ ဝမ်းထဲမှာလဲပဲ အဲဒါ စွဲသွားတယ်။

''တိပိဋကရ စာမေးပွဲမှာတော့ သုတ်သီလက္ခန်ရော၊ သုတ်မဟာဝါရော၊ သုတ်ပါထေယျရော တစ်နှစ်တည်းနဲ့ ပြန်ရတယ်ဆိုတော့ ပြန်နိုင်ဖို့ မနည်းခဲရတယ်။ ပြန်ပြီးတော့လဲ အင်မတန် မောပြီးတော့လေ သုံးခုစလုံးကို နောက်တစ်နှစ် ဆက်ပြီး ဆောင်ထားဖို့ ဆိုတာကလဲ မလွယ်ပြန်ဘူး။ ခုတော့ ကစ်နှစ်ကို သုတ်သီလက္ခန် တစ်ကျမ်းတည်းလဲ ပြန်နိုင်တယ်။ သုတ်မဟာဝါ တစ်ကျမ်းတည်းလဲ ပြန်နိုင်တယ်။ သုတ်ပါထေယျတစ်ကျမ်းတည်း ပြန်နိုင်တော့ စာသင်သားဟာ ရာနှုန်းပြည့် နိကာယ်ထဲကို ခြေစုံပစ်ပြီး ဝင်လာနိုင်တယ်။ ဒါဟာ စာသင်သားတွေကို မေးကြည့်ဖို့ကိုမလိုဘူး။ အလွန်ထင်ရှားပါတယ်။ ဒါကြောင့် တို့တတွေဟာ ဒီပရိယတ္တိသာသနာကို အောင်အောင် မြင်မြင် ပြုရတယ်လို့ စိတ်ထဲကမှတ်''

(အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်း ဓမ္မနာဒ ဆရာတော် ပထမအကြိမ် နိကာယ် စာတော်ပြန်ပွဲ အလှူရေစက်ချ တရားမှ)။

တိပိဋကနိကာယကျောင်းမှ စာဖြေ သံဃာတော်များသည် ဤအသင်းကြီးက ကျင်းပသော နိကာယ်ငါးရပ်ပိဋကတ်သုံးပုံစာလျှောက်မေးခန်းကို တစ်နှစ်ထက်တစ်နှစ် တိုးတက်ဖြဆိုလာကြပုံနှင့် တိုးတက်အောင်မြင်လာကြပုံတို့ကို ပြဆိုခဲ့ပြီးသည့် စာရင်းများအရ ထင်ရှားလှပါသည်။ ဤတိပိဋက နိကာယကျောင်းမှ ဖြေဆိုတော်မူကြသော အရှင်မြတ်တို့နှင့် အခြားကျောင်းမှ ဖြေဆိုကြသော အရှင်သူမြတ်တို့ အချို့အဆကို ယှဉ်တွဲကြည့်ခြင်းအားဖြင့်လည်း နိကာယကျောင်းနှင့် ဤအသင်းကြီးတို့ ဆက်နွယ်ပုံ ကြီးမားကြောင်း ထင်ရှားလှပါသည်။

မှတ်ချက်။ ။ပရိယတ္တိသာသနဟိတ အသင်းမှ ထုတ်ဝေသော နိကာယ်ငါးရပ်ပိဋကတ်သုံးပုံ စာတော်ပြန်ပွဲ(၁၀)နှစ်မြောက် အထိမ်းအမှတ် စာစောင်တွင် ပါဝင်သော မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး ပေါ်ပေါက်လာပုံနှင့် နိကာယ်ငါးရပ် စာတော်ပြန်ပွဲများ ပေါ်ပေါက်လာပုံတို့ကို အကျဉ်းချုပ်ဖော်ပြခြင်းအမှု ပြုလိုက်ပါကြောင်းကောင် မြတ်သော ယောနိသောမနသိကာရဖြင့် ရေးသားတင်ပြ ပူဇော်အပ်ပါသည်။ ။

မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်း
သင်းမလူကြီးများစုပေါင်း၍
ရေးသားပူဇော်ပါသည်။

အာချင်းအာညံ့
စာလွှာတင်ဆက်ပါ၏။



ရန်အောင်

ကျွန်ုပ်
ရှင်
ဆရာ
တင်
အိုယ်
စိတ်
နှစ်
ဖြာ
ချမ်း
သာ
စေ
ခြောင်း
ဆု
တောင်း
ပါ
သည်

ဗူးတော်အစုံ အဖုံဖုံထပ်လို့၊
စမ်းပါလတ် လျှောက်မကုန်။
တော်မြတ်၏ ပရိယတ်ဂုဏ်မှာ၊
ပွားဉာဏ် လွန်မြောက်မြား။
စု သည်ခေတ် ခြိန်အခါတွင်၊
မျိုးစုံစွာ တော်လည်းတော်လှဘုရား။ ။
တော် အရှင်ဘုရား ထူးမြတ်ပုံကို၊
အာရုံတွင် ထင်လာငြား။
သက် ကြည်ညို သဒ္ဓာပွားလို့၊
ဖြာထိပ်ဖျား လက်တင်ချီ။
သာပါစေ ဆုမွန်ကောင်း၊
လွန်ငြိမ့်ညောင်း စုပေါင်းမြွက်ကြမည်။
တနာ ဗသဝ ရှိတော်မူသည်ကို၊
ကျိုး အလီလီ ရှုမျှော်တွေးလို့။
တော်ပေးဖို့ အဘိဝန္ဒနာ၊
ပန်ပါ၏ ဘုရား
ဒို့ ပါဌ်ဃား အလျှင်းမပါသည်၊
အဖျင်းအညံ့စာလွှာ မစုံမရဲ့ တင်ဆက်ပါ၏ ဘုရား။ ။

ရန်အောင်

ကဗျာများ

ဇော်ဂျီ

ဓမ္မဘဏ္ဍာဂါရိကမာတာနိဒါန်း

ရေသည် တိမ်ယောင်နှင့်လည်း နက်တတ်၏။ နက်ယောင်နှင့်လည်း တိမ်တတ်၏။တိမ်ယောင်နှင့် တိမ်၍၊ နက်ယောင်နှင့် နက်သည်လည်းရှိ၏။ရေ၏ အခြေအနေကို ပကတိ မျက် စိ ဖြင့် ကြည့်၍ အကဲခြတ်နေ မလွယ်လှ။ သိနိုင်ခဲ့၏။

သို့သော်....ဉာဏ်ဖြင့်ဆ၍ ရေ၏အတိမ်အနက် သိနိုင်ကြောင်းကို ဓမ္မနီတိကျမ်း၌ ပြဆိုထား၏။ ယင်းကျမ်း၏ နိဿယကို ဘိုးတော်မင်းတရားကြီး လက်ဆက်၊ မင်းမိန့်ဖြင့်– နေ မျိုး ကျော် ထင် အမတ်ကြီး၏ ဘောင်းပန်ချက်အရ "တိပိဋကာ လက်ဝရ မဟာဓမ္မရာဇာဂုရု" ဘွဲ့တံဆိပ်တော်ရ ပဌမ ပဝေးကရာဆရာတော်ဘုရားကြီး ပြုစုတော်မူ၏။ ကျမ်းပြီးသက္ကရာဇ်ကား(၁၁၄၅)ခု၊ ကဆုန် လပြည့်ကျော် တစ်ရက်၊ ဗုဒ္ဓဟူးနေ့ ဟူပေ၏။

ယင်း ဓမ္မနီတိပါဠိ နိဿယ၊ ဉာဘဇ္ဈကထာ၌ ဉာဏ်ဖြင့် ဆ၍သိအပ်သော အကြောင်းအရာများကို ဂါထာအမှတ် ၂၅၃-၌....

"ဇလပွမာဏံ ကုမုဒနာဠံ၊
ကုသပွမာဏံ ကရဏကမ္မံ။
ပညာပမာဏံ ကထိတဝါကျံ၊
ဘူမိပွမာဏံ တဇ္ဇလတိဏံ။

ကုမုဒနာဠံ-ကြာရိုးသည်။ဇလပွမာဏံ-ရေတိမ်ရေနက် ပမာဏကိုပြတတ်၏။ ကရဏကမ္မံ-ပြုကျင့်သော အမူအရာသည်။ ကုသပွမာဏံ-အမျိုးယုတ်မြတ် ပမာဏကို ပြဘတ်၏။ ကထိက ဝါကျံ-ပြောဆိုသော စကားသည်။ ပညာပမာဏံ-တိမ်နက်သော ပညာပမာဏကို ပြတတ်၏။ တဇ္ဇလတိဏံ-ဆိုမြကို မှီသော ရေ, မြက် သည်။ ဘူမိပွမာဏံ-မြေကောင်း မကောင်း ပမာဏကို ပြတတ်၏။

ကြာသည် ရေ၌ ပေါက် ရောက် ကြီး ပွား ၍ ရေနှင့်အမြဲထိတွေ့နေသော (၉လ၈)အပင်မျိုးဖြစ်သောကြောင့် ရေနက်လျှင် နက်သည့်အလျောက် ကြာ ရိုး သည် ရှည် ၏။ တိမ် လျှင် တိမ် သည့် အလျောက်ကြာရိုးသည်တို့၏။ရှည်သောကြာရိုးကို မြင်ကာမျှဖြင့် "ဤရေသည် နက်၏" ဟူ၍ လည်းကောင်း၊ တိုသော ကြာရိုးကို မြင်ကာမျှဖြင့် "ဤရေသည် တိမ်၏" ဟူ၍ လည်းကောင်း ရေ၏ အတိမ်အနက်ကို ဆ၍သိနိုင်ကြသည်။ သိကြရမည်။ ရေ၏ အတိမဲအနက် ပမာဏကို ကြာရိုးများက ပြောပြသတည်းဟု ဆိုလိုသည်။

မြန်မာစကား၌ "အသွေးကိုမြင်၊ အသွင်ကိုသိ။ အပွေးကိုမြင်၊ အပင်ကိုသိ" ဟူသော ဆိုရိုးစကား ရှိ၏။ ထိုစကားသည်လည်း ဓမ္မနီတိကဲ့သို့ပင် ဆ၍သိအပ်သည်ကို ဆိုသောစကား ဖြစ်ပေသည်။ ကြာရိုးသည် အသွေး။ ရေကား အသွင်တည်း။ကြာရိုးတည်း ဟူသော အသွေးကို မြင်သဖြင့် ရေတည်း ဟူသော အသွင်၏ အတိမ်အနက်ကို သိရ၏။ ကြာရိုးတည်းဟူသော အပွေးကို မြင်သဖြင့် ရေတည်း ဟူသော အပင်၏အတိမ်အနက်ကို သိရ၏ ဟု ဆိုခြင်းပင်တည်း။

ထိုမှတစ်ပါး ဆ၍ သိအပ်သော အရာတို့သည် များစွာ ရှိပေကုန်၏။ဓမ္မနီတိ၌ဆိုသော တဇ္ဇလတိ-ဏံ စကားအရ မြက်၊ သစ်၊ ဝါး စသောအပင်များကို မြင်ရခြင်းအားဖြင့် လည်းကောင်း၊ ဖွံ့ဖြိုးသော အသီးအနှံများကို မြင်ရခြင်း အားဖြင့် လည်းကောင်း ထိုသီးနှံများ ဖြစ်ပွားရာ ရေမြေ၏ အခြေအနေကို ရိပ်စား မိနိုင်ပေသည်။ ဖွံ့ဖြိုးအောင်မြင်သော အသီးအနှံတို့ မည်သည်ကား မိုးခေါင် ရေရှား၊ မြေသြဇာခတ် ညံ့ဖျင်းသော ဒေသများ၌ ဖြစ်လေ့မရှိကုန်၊ ကျောက်စရစ်

ကုန်းမြေ၊ ကျတ်တီးဒေသ၊ ဖွတ်ချေးမြေ စသော အဆီအစေး ခန်းခြောက်သည့် အညံ့စားမြေများ၌ ဖြစ်ရိုးမဟုတ်ကုန်။ အာဘောဓာတ်ထူပြောရ၍ အဆီဩဇာ ရှိသည့် မြေ၌သာ ဖြစ်လေ့ရှိကုန်၏။ ဤကား ဆရ၍သိအပ်သည်နှင့် ပတ်သက်သည့်စကားရပ်များ တည်း။ ဓမ္မဘဏ္ဍာဂါရိက မာတာ အတွက် နိဒါန်းလည်း ဖြစ်သတည်း။

မှန်၏။ ဤသာသနာတော် သမိုင်း၏ ရှေ့ပိုင်း တွင် ''ဓမ္မဘဏ္ဍာဂါရိက'' ဟူ၍ အရှင်အာနန္ဒာ တစ်ပါးတည်း ရှိခဲ့သည်။ ပထမ သင်္ဂါယနာတင်စဉ် အခါက ရဟန္တာ အရှင်မြတ်ကြီး တို့၏ ကြားတွင် တစ်ပါးတည်းသာလျှင် ဖြစ်သော ဓမ္မဘဏ္ဍာဂါရိက (အရှင်အာနန္ဒာ)ကို တွေ့ရပြီး၊ အရှင် အာနန္ဒာ မရှိတော့သည့်နောက် ဓမ္မဘဏ္ဍာဂါရိက အဆက်ပြတ်သွား၏။ ဒုတိယ သင်္ဂါယနာမှ ပဉ္စမ သင်္ဂါယနာ တင်ပွဲကြီးများ အထိ ဓမ္မဘဏ္ဍာဂါရိက အရှင်ကို မတွေ့ရတော့ချေ။ ရှည်လျားလှစွာသော ယင်းကာလများအတွင်း၌ ဓမ္မဘဏ္ဍာဂါရိက, မြုပ် ပျောက်နေခဲ့သည်။

ဓမ္မဘဏ္ဍာဂါရိကတစ်ပါး ထူးခြားစွာ ပေါ်လာခြင်း

သာသနာတော်သက် ထက်ဝက်ရောက်သည့် ခေတ် နှစ်ပေါင်း နှစ်ဆောင်ကျော်မှ အရှင် အာနန္ဒာ၏ ဓမ္မဘဏ္ဍာဂါရိကအမွေကိုဆက်ခံသည့် ပုဂ္ဂိုလ်သူး တစ်ပါး ထင်ရှားစွာ ပေါ်လာသည်။ ထိုအရှင်ကား— တိပိဋကဓရ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓမ္မဟာရဋ္ဌဂုရု ဆရာတော်ဘုရား အရှင် ဝိစိတ္တသာရာဘိဝံသ, ဖြစ်ပါသတည်း။ ဆဋ္ဌသင်္ဂါယနာ တင်သောအခါတွင် ဓမ္မဘဏ္ဍာဂါရိက အရှင်ကို ဖူးမြင်ကြရပြီတည်း။

'အသွေးမြင် အသွင်သိ' အထက်၌ ဆိုခဲ့သော အတိုင်း ဆရာတော်၏ ထူးခြားသော သီလဂုဏ် သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် တောက်ပသည့် အသွေးကို မျက်စိဝါးထင်ထင် ဖူးမြင်နေကြရပြီ ဖြစ်ပါသည်။ ဆရာတော်၏ သီလ၊ သမာဓိ၊ ပညာ ရနံ့တို့ဖြင့် တပုံ့ပုံ့ကြွေးမွှေးသည့် အပွေး ကိုလည်း မျက်စိဝါးထင်ထင် ဖူးမြင်နေကြရပြီဖြစ်ပါသည်။ အသွင်နှင့် အပင်ကိုလည်း သိအပ်ကောင်းသည် မဟုတ်ပါလော။

မြေဩဇာညံ့သော ဒေသများ၌ သစ်ကောင်း၊ ဝါးကောင်းနှင့် ဖွံ့ဖြိုးအောင်မြင်သော အသီးအနှံများ ဖြစ်လေ့ မရှိသကဲ့သို့ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက တည်းဟူသော သားထူး သားမြတ် သည်လည်း မိဘတိုင်းတွင် ဖြစ်လေ့ မရှိချေ။

— လင်က မေယျ၊
ဒါရ လယ်မြေ၊
ပုံနှုန်းချေ၏၊
မိုးမြေနှစ်ပါး၊
ကောင်းတုံငြားမှ၊
စပါးနှံသီး၊
ဩဇာဖြိုးသို့။

ဝေဿန္တရာဇာတ်တော်ကြီးနိဂုံး၌ဆို၏။ အကြင် လင်မယားရှိသည့်အနက် လင်သည် မိုးနှင့်တူ၏၊ မယားသည် မြေနှင့် တူ၏။ သားသမီးသည် အသီးအနှံနှင့် တူ၏။ မိုးလည်းကောင်းပါမှ မြေဩဇာလည်း ကောင်းပါမှ အသီးအနှံကောင်းသည်။ အောင်မြင်သည်ဟု ဆိုလိုသည်။

ဆရာတော် ဘုရား၏ ခမည်းတော် မယ်တော် (မိုး-မြေ နှစ်ပါး)တို့ကား အသို့ပါနည်း။ ဤသို့သော- ဓမ္မဘဏ္ဍာဂါရိက သားထူး သားမြတ် ဖွားမြင် ရရှိနိုင်ရန် အခြေခံ ကိုယ်ကျင့်ဘရား အာဘယ်မျှ မြင့်မားကြလေသနည်း။ အာဃဲအကျင့် တရားကို ပွားများ အားထုတ်ကြလေသနည်း။

* * *

ဓမ္မဘက္ကာဂါရိက ဆရာတော်၏ မိဘများအခြေအနေ

မြင်းခြံမြို့၏ ဆင်ခြေဖုံးအရပ်တွင် ကျည်းပင်ရွာ ဟူသော အမည်ဖြင့် ရွာတစ်ရွာ ရှိလေ၏။ နှလုံးမွေ့လျော် ပျော်မွေ့ဖွယ်ရာ ရွာသာယာဟု ဆိုနိုင်ပါ၏။ ထိုရွာ၌ ဦးဆုံ၊ ဒေါ်ဆင့် ဟူ၍ ရွာသူကြီး ဇနီးမောင်နှံတို့ နေထိုင်ကြသတည်း။

ထို သူကြီး ဇနီးမောင်နှံတို့သည် ရှေ့သွား နောက်လိုက် ကိုက်ညီကြ၏။ ကုသိုလ်ရေးဘက်တွင် အလှူရေစက် လက်နှင့်မကွာ ဖက်မိလှ၏။ ရတနာသုံးပါးကို ကြည်ညိုကိုင်းရှိုင်းကြ၏။ နံနက်မှာ ဆွမ်း၊ ညနေပန်း၊ ညချမ်းမှာ ဆီမီး၊ တညီးညီး နှင့် လင်းထိန်နေ၏။....ဘုရား ညောင်ရေအိုးတွင် ပန်းညှိုးသည်ဟူ၍ မရှိခေ။

– ပဥ္စက္ခန္ဓဒုက္ခပရိညာပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
– ပဥ္စက္ခန္ဓဒုက္ခပရိညာပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
– ပဥ္စက္ခန္ဓဒုက္ခပရိညာပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

ကျေးဇူးတော်ရှင် လယ်တီဆရာကြီး ရေးသား စီစဉ်တော်မူသော ''မဟာသရဏကုံတော်ကြီး'' ကို နှုတ်တက် အလွတ် အမြဲရွတ်ဖတ် ပွားလေ့ ရှိကြ၏။

''ဘန္တေ-မြတ်စွာဘုရား။ အဟံ-ဘုရားတပည့်တော်သည်။ ပဥ္စက္ခန္ဓဒုက္ခပရိညာ ပရိယန္တံ- ခန္ဓာငါးပါးတည်းဟူသော ဒုက္ခသစ္စာတုံးကြီးကို ပိုင်ပိုင်နိုင်နိုင် ဒုက္ခမှန်း သိခြင်းလျှင် အဆုံးရှိသည် တိုင်အောင်။ ဗုဒ္ဓံ-မြတ်စွာဘုရားကို။ သရဏံ-ကိုးကွယ်ရာ၊ မှီခိုရာ၊ ပုန်းအောင်းရာ ဟူ၍။ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။ဓမ္မံ-တရားတော်မြတ်ကို။ သရဏံ-ကိုးကွယ်ရာ၊ မှီခိုရာ၊ ပုန်းအောင်းရာ ဟူ၍။ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။ သံဃံ-သံဃာတော် အရှင်မြတ်ကို။ သရဏံ-ကိုးကွယ်ရာ၊ မှီခိုရာ၊ ပုန်းအောင်းရာ ဟူ၍။ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

တိဋ္ဌံ စရံ နိသိန္နော၀ ယထာနော-ဟူ၍ လာရှိသော မေတ္တာသုတ် ဒေသနာတော်အတိုင်း ဤမဟာသရဏကုံတော်ကြီး ဘုရားရှိခိုးသည်ထိုဇနီးမောင်နှံတို့၏ ထိုင်လျောင်းရပ်သွား ကျက်ယာပုထိလေးပါး စလုံး၌ အမြဲတည်နေ၏။

ရတနာသုံးရပ်,ဆည်းကပ်သူ၊ သရဏကုံတည်နေသူကို ဥပါသကာ,ဟု ဆိုရ၏။ ထို့ကြောင့် ရတနာသုံးပါး ဦးထိပ်ထား၍ အမြဲဆည်းကပ်သော သူကြီး ဦးဆုံအား ဥပါသကာ ဟူ၍ လည်းကောင်း၊ သူကြီးကတော် ဒေါ်ဆင့်အား ဥပါသိကာမဟူ၍ လည်းကောင်း ဆိုအပ်ပေ၏။ ဗုဒ္ဓ၏ လက်ရင်းကျကျ ဥပါသကာ၊ ဥပါသိကာမတို့ ပေတည်း။

သူတော်ချင်းချင်း သိတင်းလေ့လေ့ ပေါင်းဖက်တွေ့

ထိုမှတစ်ပါး သူကြီးမင်းဦးဆုံမှာ ရွာမိ၊ ရွာဖ ရွာအကြီးအကဲဖြစ်သည့်အလျောက်၊ အကြီးအမှူးဖြစ်သူတို့ လိုက်နာ ကျင့်သုံးအပ်သည့် ခြောက်ရပ်သော နာယကဂုဏ်နှင့်အညီ သူကြီးပြု၏။ ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ အထုံပါသူဖြစ်သည့်အားလျော်စွာ သြဝါဒကထာ ဆုံးမစာများ၊ ဓမ္မပဒ၊ ငါးရာငါးဆယ်၊ ရာဇဝင်၊ မဟာဝင် ကျမ်းများနှင့် ဖြတ်ထုံးဓမ္မသတ် စသည်ကျမ်းများဂ်ုလည်း တီးမိခေါက်မိရှိသည်အထိ လေ့လာ ထားပြီးဖြစ်၏။ ထို့ကြောင့်....

ဒုကို ပစ်၊ သုကို ချစ်၊
ဒုကို မပစ်လျှင် နစ်,တတ်သည်၊
သုကိုမချစ်လျှင် လစ်,တတ်သည်၊
ဒုကို ချစ်က အပြစ်များသည်၊
သုကို ချစ်က အနှစ် ပွားသည်၊
ဒုကို ချစ်က အပြစ်ပေါ်သည်၊
သုကို ချစ်က အနှစ်ပေါ်သည်၊
ဒုကိုလည်း မချစ်ရာ၊ သုကိုလည်း မပစ်ရာ။

(ဩဝါဒကထာဆုံးမစာ)

ဤဩဝါဒကထာ လူမှုရေး ဆုံးမစာမျှား အတိုင်း လိုက်နာကျင့်လုံးလျက် ဒု,အရ ဒုစရိုက် ဆယ်ပါးကို လွတ်လွတ်ကြီး ရှောင်၏။ သုအရ သုစရိုက်ဆယ်ပါးကို ကောင်းကောင်းကြီး လိုက် နာကျင့်သုံး၏။

ညချမ်းအချိန်သို့ရောက်သောအခါ ဆီမီးရောင် ရှိန် ထိန်နေသည့် ဘုရားခန်းဆီမှ သူကြီးကတော် ၏ ဘုရားရှိခိုးသံကို ကြားရတော့၏။ တစ်ညမဟုတ် နှစ်ညမဟုတ်၊ ညစဉ်အလုပ်ဖြစ်၏။

ကလုတိပိ ဒသာ ဘဂဝါ အရဟံ၊

သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ (ဝါ) အသမ္ဘိန္နေ၊ ခတ္တိယဟု၊ သမ္မာဘမင်းရိုး၊ အမျိုး သာကီ၊ ပြည်ကပ္ပိမှ၊ လေးလီနိမိတ်၊ သံဃဝစိတ် ကြောင့်၊ တောရိပ်စိုးစံ၊ ကျင့်ခြိုးခြံလျက်၊ မြလျှ ရွက်စိပ်၊ ရွှေမရောင်ရိပ်ဝယ်၊ ဖိတ်ဖိတ်ရောင်ရှင်၊ ရွှေပလ္လင်ထက်၊ ငါးအင်မာရ်စစ်၊ ရန်အညစ်ကို၊ ခေတ်ဇာတိလုံး၊ ပဲ့တင်ချုန်းလျက်၊ ဘုန်းဖြင့် လွယ်ကူ၊ အောင်တော်မူ၍၊ လူမင်းတကာတို့၏ ဥက္ကင့်၊ နတ်မင်းဘကာတို့၏ မဏ္ဍိုင်၊ အမြိုက် ခေါင်ဖျား၊ သောင်းတိုက်သားတို့၏၊ ပတ္တမြား ရောင်ရှင်ကြီးတစ်ဆူ၊ ဖြစ်တော်မူပေသော ထို မြတ်စွဲဘုရားသည်။ကလုတိပိ၊ဤသို့လျှင်ဘည့်၊ ရှိရှင် မြတ်နှုး၊ တစ်ကြိမ်ပျိုးက၊ ကောင်းကျိုးအသခ်ျ၊ ပေးနိုင်ပေ၍၊ မြေမှအထက်၊ ဘဝဂ်တိုင်မြောက်၊ နယ်တစ်လျှောက်ဝယ်၊ တစ်ယောက်အတူ၊ ဖက် မပြုသည့် အလှူခံမြတ်ကြီး ဖြစ်တော်မူပေသော ကြောင့်လည်း။ အရဟံ၊ အရဟာဟု၊ သညာပြန့် ဖြူး၊ ဂုဏ်ကျေးဇူးဖြင့်၊ အထူးပွင့်လင်း၊ ဘဝဂ် ထွင်းအောင်၊ သတင်းကြီးမြတ်တော် မူပါပေ၏။ တံ၊ ထိုအရဟံဂုဏ်တော်သခင်၊ ဘုရားရှင် ကိုယ် တော်မြတ်ကြီးကို။ အဟံ၊ နာမ–မိဆင်၊ ခေါ်တွင် ကုန်ကြ၊ ဘုရားတပည့်တော်မသည်။ ဝန္ဒာမိ၊ ရှိခိုး ပါ၏ဘုရား။

ကိစ္စများမြောင် သူကြီးဘောင်

သူကြီးမင်း ဦးဆုံမှာမူ သူကြီးကတော်ကဲ့သို့ လွတ်လပ်မှုမရှိလှ။ ရွာမိရွာဖဖြစ်သည့် အလျောက် ရွာ့ကိစ္စကတစ်ဘက်၊ အထက်မင်းကိစ္စ စိုးက်စ္စက တစ်ဘက်နှင့် ရှုပ်ယှက်ခတ်နေ၏။ အလုပ်ကိစ္စ တာဝန်တွေကြားမှာ နစ်မြုပ်နေ၏။ ထို့ကြောင့် လည်း တစ်ခါတစ်ခါ ရတနာသုံးပါးဆည်းကပ် မှု လစ်ဟင်းခဲ့ရသည်များပင် ရှိနေ၏။ ထိုမှ တစ် ပါး အချားနှင့်ဆက်ဆံရာဘွင် အားလုံးသဘော ကျအောင် ဆောင်ရွက်နိုင်ဖို့ ဆိုသည်မှာလည်း လွယ်ကူသော ကိစ္စမဟုတ်ချေ။

သို့သော်....ကိုယ့်အောက် တန်းတူ၊
အဆက်လူဟု
မှတ်ယူပိုက်သို့၊ သုံးပုဂ္ဂိုလ်တွင်
အောက်ကိုသနား၊ တန်းတူငြားမူ
မြောက်စားအမျှ၊ မရှုတ်ချနှင့်
ထက်ကလူမှာ၊ ရှိသေရာ၏။

ဟူ၍ ဆုံးမသော မန်လည်ဆရာတော်ဘုရားကြီး၏ သြဝါဒကို လက်ထိုင်ပြုလျက်၊ လူအမျိုးမျိုးနှင့် သင့်တင့်အောင်၊ အလိုက်ဖြစ်အောင် ဆက်ဆံနိုင်သဖြင့် ပတ်ဝန်းကျင်တွင် လူချစ်လူခင်များသော၊ အများ၏ လေးစားခြင်းခံရသော သူကြီးဟူ၍ ထင်ရှားသတည်း။

အမိဝမ်းတွင်းကတည်းက သရဏဂုံတည်သော ဗောဓိမင်းသား

ဤသို့အားဖြင့် မြင်းခြံမြို့၊ကျည်းပင်ရွာသူကြီး ဦးဆုံနှင့် သူကြီးကတော် ဒေါ်ဒေါ်ဆင့် တို့မှာ အိမ်ရာတည်ထောင် လူ့တို့ဘောင်တွင်....

၁။ ပါဏာတိပါတာ-သူ့အသက် သတ်ခြင်း၊ ၂။ အဒိန္နာဒါန-သူ့ဥစ္စာကိုခိုးခြင်း။ ၃။ ကာမေသု မိစ္ဆာစာရ-သူ့အိမ်ရာ ကျူးလွန်ခြင်းစသော ဒုစရိုက်တရားဆယ်ပါး။

၁။ ပါဏာတိပါတာ ဝေရမဏီ-သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်မှု၊ ၂။ အဒိန္နာဒါနာ ဝေရမဏီ-သူ့ ဥစ္စာကိုခိုးခြင်းမှ ရှောင်ကြဉ်မှု၊ ၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ-သူ့အိမ်ရာကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်မှုစသော သုစရိုက်တရားဆယ်ပါးနှင့်....

၁။ ဒါနပေးလှူခြင်း ၂။ သီလ-သီလ သီတင်းဆောက်တည်ခြင်း ၃။ ဘာဝနာ-ကမ္မဋ္ဌာန်းစီးဖြန်းခြင်း ၄။အပစာယန-သက်ကြီးပုဂ္ဂိုလ်တို့၌ အရိုအသေပြုခြင်း ၅။ ဝေယျာဝစ္စ-သူတပါး၏ အမှုကိစ္စကြီးငယ်တို့ကို ကြည်ဖြူစွာ ဆောင်ရွက်ခြင်း ၆။ပတ္တိဒါန-မိမိပြုသော ကောင်းမှု၏ အဖို့ကို သူတစ်ပါးတို့အားအမျှပေးဝေခြင်း ၇။ပတ္တာနုမောဒန - သူတစ်ပါးတို့က ပေးဝေသော အမျှကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခြင်း ၈။ဓမ္မဿာဝနာ-တရားတော်ကို ကြားနာခြင်း။ ၉။ ဓမ္မဒေသနာ-မိမိသိသမျှ တရားကို သူတစ်ပါးအား ဟောပြောခြင်း - ၁၀။ ဒိဋ္ဌိဇုကမ္မ-ကံ ကံ၏ အကျိုးကို ယုံကြည်၍ ဖြောင့်မတ်သော အယူကို ယူခြင်း....ဟူသော ပုညကြိယဝတ္ထု ဆယ်ပါး။

ဤသို့ အစရှိသော မြတ်စွာဘုရားဟောကြားတော်မူသည့် တရားတော်များ အနက်မှ ရှောင်သင့်ရာရာတို့ကို ရှာသက်ပန် ကြဉ်ရှောင်၍၊ဆောင်သင့်ရာရာတို့ကို ကျင့်ဆောင်ကာ၊ဗုဒ္ဓ၏ဥပါသကာ၊ဥပါသိကာမအဖြစ်ဖြင့် နေ ထိုင် လာ ခဲ့ ကြ စဉ် အတွင်း မိုးကောင်း မြေကောင်း၊ နှစ်ထွေစလုံး ကောင်းကြသည့် အခါသမယတွင် သူကြီးကတော်၏ ဝမ်းကြာကိုက်၌ ''ဓမ္မဘဏ္ဍာဂါရိက လောင်းလျာ'' သည်ကိန်းပုံက်သန္ဓေတည်လာလေသတည်း။

သူကြီးမင်း ဦးဆုံသည် ဇနီး၏ဝမ်း၌ ရေကြည်ကလလ သန္ဓေခမှန်းသိလျှင် မိမိ ဖတ်၊ မှတ်ထားဖူးသော ဗောဓိမင်းသားအကြောင်းကို သတိရလာသဖြင့် ဇနီးအား ပြောပြလေ၏။

သူကြီး။	။ရှင်မ....၊ ဗော ဓိ မင်း သား ဆိုတာ ကြားဖူးပါစ။
သူကြီးကတော်။	။မကြားဖူးပေါင်ပါ....။
သူကြီး	။အဲဒီ မင်းသားဟာ ဥဒါန်း တွင်ရစ်အောင် တော် တော် ထူးဆန်းတဲ့ မင်းသားဗျ။
သူကြီးကဇော်။	။ဘယ်လိုထူးဆန်းတယ်ဆိုတာ။
သူကြီး။	။ထူးဆန်းတယ်ဆို ဒီမင်းသား က အမိဝမ်းတွင်းကတည်းက သ ရ ဏ ကုံ တည် လာ ခဲ့တဲ့ မင်းသား။
သူကြီးကတော်။	။ဆန်းတော့ ဆန်းပါ့၊ဝမ်းထဲမှာ ဘယ်လို သရဏာကုံတည်မှာတုံး။

ထိုအခါ သူကြီးမင်းက ဗော ဓိ မင်း သား ရာဇဝင်ကို ရွင်းပြ၏။ဗောဓိမင်းသားလောင်းလျာ

သန္ဓေကို လွယ်ထားသည့်မိခင်က သူ၏ ဝမ်း၌ တည်ရှိသန္ဓေ၏ ကိုယ်စား ဘုရားသခင်၏ရှေ့တော်တွင် သရဏကုံဆောက်တည်ခဲ့ရပုံ၊ မိခင်က သား၏ ကိုယ်စား ဆောက်တည်သော ထို သရဏကုံ သည် ဝမ်းတွင်းရှိ သန္ဓေ(ဗောဓိမင်းသား)၌ တည်ပုံ၊ ထို့ကြောင့် ဗောဓိမင်းသားမှာ အမိဝမ်းတွင်းကတည်းက သရဏကုံ တည်သောမင်းသားဟူ၍ အံ့တစ်ပါး အဖြစ် သမိုင်းတွင် ထင်ရှားပုံမျှားကို သား၏ ကိုယ်စား မယ်တော်က သရဏကုံ ဆောက်တည်ခြင်းနှင့်တကွ ပြောပြလေသည်။

ထိုအခါ သူကြီးကတော်သည် ဗောဓိမင်းသား၏ အတ္ထုပ္ပတ္တိ ဤဖြစ်ရပ်ဆန်းကို စိတ်ပါဝင်စားလာသည်သာမက ဗော ဓိ မင်းသားမယ်တော်၏ လုပ်ထုံးကို အားကျလာသည်။ ယင်းသို့ အားကျမိသည် အားလျော်စွာ ဗောဓိမင်းသားမယ်တော် သရဏကုံတည်ဆောက်ပုံကို သူ့အား သင်ကြားပေးရန် သူကြီးမင်းထံ ပန်ကြားလေ၏။ ထိုအခါ သူကြီးမင်းက....

"ကဲ....ဒါဖြင့် ငါ ဆိုသလို လိုက်ဆို" ဟူ၍ ရေစက်ချသကဲ့သို့ ရွှေ့ကတိုင်ကာ ပို့ချလေ၏။

ကဲ....ဆို....

သူကြီး။ "ယော မေ အယံ ဘန္တေ"

ဇနီး။ "ယော မေ အယံ ဘန္တေ"

သူကြီး။ "ကုစ္ဆိဂတော"

ဇနီး။ "ကုစ္ဆိဂတော"

သူကြီး။ "ကု မာ ရ ကော ဝါ ကုမာရိ-ကာဝါ"

ဇနီး။ "ကုမာရကော ဝါ ကုမာရိကာဝါ"

ဤသို့ စသည်ဖြင့် သရဏကုံကို ဆုံးသည်အထိ ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုပုံနှင့်တကွ သင်ပေးလေသတည်း။

ဤသို့ သင်ကြားပေးလိုက်ပြီးနောက်၊ နောက်ရက်များတွင် ကျည်းပင်ရွာ သူကြီးအိမ်ဂေဟာ ဘုရားခန်းဆီမှ ကြားနေကျ ဖြစ်သော "လယ်တီမဟာ သရဏကုံကြီး" အပြင်၊ သူကြီးကတော် ဒေါ်ဒေါ်ဆင့်၏ ဝမ်းတွင်းသန္ဓေ (ဓမ္မဘဏ္ဍာဂါရိက လောင်းလျာ)၏ကိုယ်စား သရဏကုံကို ဆောက် တည် သံ များ ကို ပါ နေ့စဉ် ကြားရလေ၏။

မင်းကွန်းရှိ ဓမ္မဘဏ္ဍာဂါရိက လောင်းလျာ ကိုယ်စား မယ်တော် ဒေါ်ဒေါ်ဆင့် သရဏကုံ ဆောက်တည်ပုံ-

"ယော မေ အဟံ ဘန္တေ ကုစ္ဆိဂတော၊
ကုမာရကော ဝါ ကုမာရိကာဝါ
သောဘဂဝန္တံ သရဏံ ဂစ္ဆတိ၊ဓမ္မဘဏ္ဍာဂါရိကာ
သံဃဉ္စ"
ဥပါသကံ တံ ဘန္တေ ဘဂဝါ ဓာရေတု
အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ။

(မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ၃၀၀)

အနက်ဖွင့်။ ဘန္တေ၊ ဘုန်းတော်ခန့ဝန်း၊ ထွန်းတထိန်ထိန်၊ သာကိန်ဥက္ကဋ္ဌ၊ ရှင်တော်မြတ်ကြီး ဘုရား။ ယောအယံ ကုမာရကောဝါ၊ အကြင် သတို့သားသည်သော် လည်းကောင်း။ ယာအယံ ကုမာရိကာဝါ၊ အကြင် သတို့သမီးသည်သော် လည်းကောင်း။ မေ-မိဆင်မည်ထ၊ ဘုရားတပည့်တော်မ၏။ ကုစ္ဆိဂတော၊ ဝမ်း၌ သန္ဓေ၊ ကိန်းအောင်း တည်လျက် ရှိပါ၏။ သော-ထို သားဖြစ်မည်လား၊ သမီးလားဟု၊ မခွဲခြားနိုင်သော သန္ဓေက။ ဘဂဝန္တံ၊ သုံးလောက ဦးသွားခင်၊ အခေါင်ထွတ်ဖျား၊ ရှင်တော်မြတ်ဘုရားကို။ သရဏံ၊ ကိုးကွယ်ရာ၊ မှီခိုရာ၊ ပုန်းအောင်းရာဟူ၍။ ဂစ္ဆတိ၊ ဆည်းကပ်ပါ၏။

ဓမ္မဉ္စ၊ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ်ဟု ဆိုအပ်သော ဆယ်ပါးသော တရားတော် မြတ်ကို လည်းကောင်း။ ဘိက္ခုသံဃဉ္စ၊

သာကီယဇာတ်၊ အမြတ်နွယ်လာ၊ ရဟန်း သံဃာ အပေါင်းကို လည်းကောင်း။ သရဏာ၊ ကိုးကွယ်ရာ၊ မှီခိုရာ၊ ပုန်းအောင်းရာဟူ၍။ဂစ္ဆတိ၊ဆည်းကပ်ပါ၏။

ဘန္တေ၊ ရွှေဘုန်းတော်သခင်၊ အရှင်မြတ်ကြီးဘုရား။ဘဂဝါ၊ ရှင်ဘော်မြတ်ဘုရားသည်။တံ-ထို ဝမ်းအတွင်းမှာ အောင်းလာသည့် သားလောင်းသမီးလျာကို။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍၊ ပါဏုပေတံ၊ အသက်ထက်ဆုံး။ သရဏံ ဂတံ၊ ကိုးကွယ်ရာ၊မှီခိုရာ၊ပုန်းအောင်းရာဟူ၍ ဆည်းကပ်သော။ဥပါသကံ၊ ဥပါသကာ ဟူ၍။ ဓာရေတု၊ မှတ်တော်မူပါဘုရား။

အမိဝမ်းတွင်းကတည်းက သရဏာကုံတည်သော ဓမ္မဘဏ္ဍာဂါရိက လျော်းလျာသတို့သား

ဝမ်းတွင်းရှိ သန္ဓေသားကို မိန်းမ၊ ယောကျ်ားမခွဲနိုင်။ယောကျ်ားဖြစ်မည်လည်းမသိ။ မိန်းမ ဖြစ်မည်လည်းမသိ။ထို့ကြောင့် သားသမီးနှစ်ဦးစလုံးပါအောင် ကုမာရကောဝါ ကုမာရိကာဝါ ဟူ၍ ရွတ်ဆိုသည်။ ဆရာတော်ဘုရား၏ မယ်တော်သည် မိမိဝမ်းလိုဏ်ခေါင်းတွင်အောင်းလာသော ဓမ္မဘဏ္ဍာဂါရိက လောင်းလျာ သတို့သားအား နေ့စဉ် သရဏာကုံဖြင့် ထုံမွှမ်းလာခဲ့သည်။

ဤ သရဏာကုံ၏ အကျိုး၊ တန်ခိုးအာနိသင်ကြောင့် "ငါ့သား ကျန်းမာပါစေ၊ အန္တိရာယ်ကင်းစွာ ဖွားနိုင်ပါစေ။ ဖွားမြင်လာသောအခါ လူတွင်ထင်ရှား သားထူးမြတ် ဖြစ်ပါစေ။ လူခပ်သိမ်းတို့၏ အာဃာတရာ၊ မှီခိုရာ ဖြစ်ပါစေ။ အမျိုးဘာသာ သာသနာတော်အကျိုး သယ်ပိုး၊ ရွက်ဆောင်နိုင်သော သားရွှေကောင်း ဖြစ်ပါစေ"ဟူသော မိခင်၏အေးမြလှစွာသော မေတ္တာကရုဏာရိပ် ဆာယာအောက်မှ 'ဓမ္မဘဏ္ဍာဂါရိက လောင်းလျာ သတို့သား'ကို မြန်မာသက္ကရာဇ် ၁၂၃၃ ခု၊ တန်ဆောင်မုန်းလဆန်း (၁၁)ရက်နေ့တွင်"မီးရှူးသန့်စင် ဖွားမြင်တော်မူသတည်း၊

"လင်ကားမေဃ၊ ဒါရလယ်မြေ၊ ပုံနှုန်းချေ၏။

မိုး,•မြေနှစ်ပါး၊ ကောင်းတုံငြားမှ၊
ဧပါးနှံသီး၊ သြဇာဖြိုးသို့။

ဟူသော ဝေဿန္တရာ နိဂုံးစာပိုဒ်အတိုင်း အဖတည်းဟူသော မိုးရေကောင်း၊ အမိတည်းဟူသော မြေသြဇာကောင်းမှ ဖွားလာသော ထိုသတို့သားကား အဘယ်မှာလျှင် မအောင်မြင်ဘဲ မကြီးပွားဘဲ ရှိပါမည်နည်း။ အသွေးကိုမြင်သဖြင့် အသွင်ကိုလည်း သိကြရပြီတည်း။

ဓမ္မဘဏ္ဍာဂါရိက မာတာ

ကျန်းဂန်တို့၌ မာတာ ဟူသော အမည်ဖြင့် ထင်ရှားသော အမျိုးသမီးများ ရှိခဲ့၏။ တစ်စုံတစ်ရာသော ထူးခြားချက်ကို အမှတ်ပြု၍ ခေါ်တွင်သော အမည်ဖြစ်၏။ သား- ရာဟုလာကို အကြောင်းပြု၍ ရာဟုလမာတာဟူ၍ လည်းကောင်း၊ မိုက်မဲသော သားနန္ဒကို အကြောင်းပြု၍ နန္ဒမာတာ၊ မျက်မမြင် ဒုက္ခိတ သမီးကို အကြောင်းပြု၍ ကာဏမာတာ၊ နေရာဒေသ (မြောင်းကြီးရွာ)ကို အကြောင်းပြု၍ မာတိကာမာတာ၊ယောဂ္ဂမ မိဂါရ သေဋ္ဌီးက အမိအရာ၌ ထားသည်ကို အကြောင်းပြု၍ မိဂါရမာတာဟူ၍ လည်းကောင်း၊ ဤသို့လျှင် မာတာသည် သူ့အကြောင်းနှင့်သူ ဂုဏ်ဘင်၍ ပေါ်ထင်လာသော ဝိသေသ အမည် ဖြစ်လေသည်။

မြင်းခြံမြို့၊ ကျည်းပင် ရွာသူကြီး ဦးဆုံ၏ဇနီး သူကြီးကတော် ဒေါ်ဒေါ်ဆင်သည် ပုဂ္ဂဝိသေသ၊ ဤမျှထူးခြားသော သားအာဇာနည်၏ မွေးမိခင်ဖြစ်ခြင်းကြောင့် "ဓမ္မဘဏ္ဍာဂါရိကမာတာ"ဟူ၍ ဆိုအပ်ပါသတည်း၊ ဆိုသင့်ပါသတည်း၊ ဆို ထိုက်ပါသတည်း။

ဒဂုန်ဦးစန်းဌေး



မယ်ဆောက်ကြီး ဒေါ်ခမ္ဘာစာရို့

ဦးဆန်းထွန်း

ဇရော်ဒီ

(၁)

တေဒင်္ဂတော်တင် အရှင်ထေရိများနှင့် ဘိက္ခုနီ အကျော်အမော် ရဟန်းမများကို ထေရီဂါထာ၊ ထေရီအပဒါန် ပါဠိတော်များ၌ မှတ်တမ်းတင်ခဲ့သည်။

ထေရီများအကြောင်းကို ဖတ်ရှုရတိုင်း ကြည်ညိုသဒ္ဓါ ပွားရသည်နှင့်အမျှ ကာလာတိပတ္တိသဘောတစ်မျိုး စိတ်အစဉ်တွင် ပေါ်ပေါက်လာပြီး စိတ်မကောင်းခြင်း ဝေဒနာတစ်ခုကိုလည်း ခံစားရသည်။

"ကာလာတိပတ္တိ" ဆိုသည်မှာ အချိန်ကောင်းမမီလိုက်ခြင်း၊ အချိန်ကောင်းမီသော်လည်း အလုပ်ကောင်းတစ်ခု မပြုလိုက်မိခြင်းပင်ဖြစ်သည်။

ယနေ့ခေတ်ကား ဘုန်းကံပါရမီ အဘယ်မျှ ပါလာစေကာမူ အမျိုးသမီးများ ဘိက္ခုနီမ ဘယ်လို

မှ မဖြစ်နိုင်တော့သော ခေတ်ပေတည်း။ ဖြစ်နိုင်သော နည်းလမ်းမျာ်းကို တမ်းတ ရှာကြံကြသည် မှာလည်း လူလယ်ကောင် ချပြောဖို့ပင် မကောင်းသော နည်းလမ်းမျာ်း ဖြစ်နေပါသည်။

ယနေ့ အမျိုးသမီး လောကကြီး တစ်ရပ်လုံး ဆုံးရှုံးနေရသော အချက်ကာ်း 'ဘိက္ခုနီမ ဘဝကို မရနိုင်တော့ပြီ'ဟူသော အချက်ပင် ဖြစ်သည်။

ဘိက္ခုနီမဘဝကို မရနိုင်တော့သော ယနေ့ ခေတ်တွင် တပည့်တော်မျာ်း၏ မယ်တော်ကြီး၊ အဆူးအာ်းဖြင့် တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတာ၊ အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် အရှင် ဝိစိတ္တသာရာဘိဝံသ၏ မယ်တော်ကြီး ဒေါ်မမွှစာရီသည် သီလဝတီ(သီလရှင်) ဘဝနှင့်ပင် ဘဝနိဂုံး အဆုံးသတ်ခဲ့ရလေသည်။

ဤနေရာ၌ မိခင် (၁၆)မျိုးရှိကြောင်း မှတ်တမ်း တင်ထာ်းခဲ့ခြင်းကို ကျေးဇူးသာ တင်ပါတော့။ 'အတိတ္ထ ပ.ဘ္ဒန္တန'ဟု အပြစ်မမြင်ပါနှင့်တော့။

(၁) ထနဒါတြီ ဂဇ္ဈခါတြီ
ဘက္ခဒါတြီ ဂုရုပ်ပိယာ
အဘိဋ္ဌ ဒေဝ ပတနိစ
ပိတုပတနိစ ကညကာ
(၂) သဂဇ္ဈဇာ ယာ ဘဂိနီ
ပုတ္တ ပတနီ ပိယာပသူ
မာတု မာတာ ပိတု မာတာ
သောဒရသ ပိယာ တထာ
(၃) မာတု ပိတုစ ဘဂိနီ
မာတုလာနီ ဓာဃထေဝစ
ဇနာနံ ဝေဒ ဝိဟိတာ
မာတရော သောဋ္ဌသာ မတာ။

(ဗြဟ္မဝေဝတ္တ ပုရာဏ်)

၁။ နို့တိုက်သူ
၂။ ကိုယ်ဝန်ဆောင်သူ
၃။ အစာကျွေးသူ
၄။ ဆရာ့ဇနီး
၅။ ကိုးကွယ်ရာနတ်၏ ဇနီး
၆။ ဖခင်၏ ဇနီး
၇။ ဖခင်၏ သမီး
၈။ အစ်မရင်း၊ နွှစ်မရင်း
၉။ ချွေးမ
၁၀။ ခယ်မ
၁၁။ အမိ၏ အမိ(အဘွား)
၁၂။ အဖ၏ အမိ(အဘွား)
၁၃။ အစ်ကိုအရင်း၊ ညီအရင်း၏ ဇနီး
၁၄။ အမိ၏ အစ်မ,ညီမ
၁၅။ အဖ၏ အစ်မ,နှမ
၁၆။ ဦးရီး၏ ဇနီး

တစ်မုဟုတ်မျှ မွှတ်သိပ်ခြင်းကို ငြိမ်းစေတတ်သော ပကတိနို့ရည်ကို တိုက်သော ပကတိ အမိသည်ပင် ကျေးဇူးဆပ်၍ မကုန်နိုင် ဖြစ်ခဲ့လျှင် ဓမ္မဒီရ တရာ်းနို့ရည်တိုက်ခဲ့သော 'ဓမ္မမာတာ၊ ဓမ္မမယ်တော်'၏ ကျေးဇူးတော်ဥကာ်း စကာ်းဆိုဖွယ် အဘယ်မှာ ရှိပါတော့အုံးနည်း။

(၂)

တောစိုးသစ်ပင်ကြီးတစ်ပင် စည်ကာ်းခိုင်ဖြီးကြီးကျယ်နေသည်ကို တွေ့ရလျှင် အဖျက်အဆီးကြီးမာ်းသော အန္တရာယ်မျာ်းကို ဖြတ်ကျော်ခဲ့ရကြောင်း ဆမှန်းနိုင်ပါသည်။

မယ်တော်ကြီး ဒေါ်မမွှစာရီသည် သာ်းတော်တိပိဋကဆရာတော်အာ်း စာပေတတ်မြောက်အောင် အခြေပြုပျိုး အမျိုးမျိုး အကြောင်းပြုခဲ့ပေလိမ့်မည်။ ဘဝအလယ်တွင် တွယ်တတ်၊ ကပ်တတ်၊ ကျရောက်တတ်သော အန္တရာယ်အမျိုးမျိုး

မရောက်အောင်လည်း အတတ်ဘက်မှ ဧ ဧစောင့်ရှောက်တော်မူရှာလိမ့်မည်။

တိပိဋကဆရာတော်၏ ထူးခြားသော သာသနာပြုကိစ္စကြီး အောင်မြင် လာရေးအတွက် အထက်ကျော် ကာရိကပင် တစ်စုံတစ်စ ထောက်မပြုစု ပစ္စည်းပြုခဲ့ဒသာ မယ်တော်ကြီး ဒေါ်ခမ္မစာရီသည် သားတော်၏ သာသနာပြု လုပ်ငန်းတစ်စိတ် တစ်ပိုင်းမျှကိုသာ မြင်သွား၊ သိသွားရရှာပေသည်။

ယနေ့ ကမ္ဘာကပင် ချီးမွမ်းအံ့ဩဖြဲ ထောမနာနေရသော ‘ရှင်တစ်ဆူ-လူတစ်ယောက်’ စကား ဥဒါန်းအရ အစိုးရနှင့် ပြည်သူ ညီမူဘက်ကွစွာ ဆောင်ရွက် နေကြသော ပရိယတ္တိ သာသနာ့ တက္ကသိုလ် သာသနာပြုလုပ်ငန်းကြီးများကို တုသိတာပျော် မယ်တော်ဘုရား ငဲ့စောင်း၍ ကောင်းချီးနုမော် သာဓု-သာဓု-သာဓု ခေါ်တော်မူပါရော့ ဘုရား....။

မယ်တော်ဘုရားသည် “သားကောင်း တစ်ယောက်၊ ကျောက်ကောင်း တစ်စေ” သားကောင်း တစ်ပါး၏ မယ်တော်တစ်ပါး ဖြစ်ရခြင်းကြောင့် ပဒေသရာဇ်၊ ကေရာဇ်၊ လေးကျွန်းသနင်း စကြာမင်းကြီး မယ်တော် ဖြစ်ရသည်ထက်ပင် သာလွန်မြင့်မြတ်လှပါသည်။

မယ်တော်ကြီးအား ချီးကျူးစကား ဆိုရန်ကြိုးစားအားထုတ်စက မယ်တော်ကြီး အမျိုးမြတ် ကြောင်း၊ လောကီဥစ္စာ ချမ်းသာကြီးကျယ်ကြောင်း၊ ကောမရီ ဗြဟ္မစရိယ ပထမအရွယ် ငယ်ငယ်နုနု ဘဝကပင် နေကွမ်မပါရမီကို ပီပီပြင်ပြင် ဆည်းပူးခဲ့ကြောင်း၊ စာပေနယ်ပယ်တွင် စွယ်စုံတတ်ကျွမ်းခဲ့ကြောင်း၊ ပါဠိဘာသာအရေးအသား ကောင်းခြင်းကြောင့် သစ္စဝါဒီဦးကာဆု ရခဲ့ကြောင်း စသော ထိုထိုအကြောင်းအရာများကို ခြယ်မှုန်းရေးသားဖို့ ကြံစည်မိသော်လည်း ‘ဖြူရာမှာ ဖွပ်လျှင်ဖွေးသည်’ မဖြစ်ဘဲ ‘ထူးရာမှာ ထပ်လျှင်လေးသည်’ ဖြစ်သွားလေမလား စိုးနှောင့်သည့်ပြင် တေဒင်္ဂါဝင် **မုလေးပန်း**နှင့်တူသော ဂုဏ်ကျေးဇူးများကို ဆိုရမည့် အချိန်၌ **စပယ်ပန်း**နှင့်တူသော လောကီကျေးဇူး အထူးထူးကို မြူးမြူးကြွကြွ မဆိုချင်တော့ပါ။

“မုလေးရှိလျက်
စမွယ်ခက်ကို
ငွေလျှက်ကုံကာ
မဝယ်ရာ”ဟု ရှင်အဂ္ဂသမာဓိ ဘုံခန်းပျို့၌ စပ်ဆိုခဲ့သည် မဟုတ်ပါလော။

(၃)

တစ်ယောက်လျှင် တစ်မျိုး အမျိုးမျိုးသော ဂုဏ်ကျေးဇူးကို ဉာဏ်မျက်စိကျရာ ကျရာ မြင်ကြသည်အထဲတွင် ကျွန်တော်မြင်သောမယ်တော်ကြီး ဂုဏ်ကျေးဇူးတစ်ခုမှာ ရနိုင်ခဲလှသော ‘ဣဿာမဲ့’ ဂုဏ်ကျေးဇူး ဖြစ်ပါသည်။

သောတာပန် မဖြစ်သေးသမျှ ကင်းနိုင်ခဲစွဖြစ်သော ဣဿာတရားမှာ ရပ်ကွက် မီးလောင်သလို ကျယ်ကျယ်ပြန့်ပြန့် အနှံ့လောင်တတ်သော သဘောဆိုးတစ်မျိုး ဖြစ်ပါသည်။ ဣဿာမီးခိုးလိုက်ထနေချိန်၊ ထိုအချိန်၌ ‘ကောင်းကွက်’ ‘တော်ကွက်’ကို မမြင်နိုင်ဘဲ မှုန်ဝါးကြီး ဖြစ်နေတတ်သည်။

မယ်တော်ကြီးသည် ‘ရှင်တစ်ဆူ - လူတစ်ယောက်’ ရွေးကောက်နိုင်သည်။ အကောင်းကို ရှာဘတ်သည်။ အတော်ကို တွေ့တတ်သည်။

ဤသို့အားဖြင့် သူတော်ကောင်း တစ်ပါး၊ ထူးခြားသော ပါရမီရှင်၊ တိပိဋကလောင်းလျာ ပုရိသာဇဉ်ရတနာတော် ရှင် ဝိစိတ္တသာရကို သားတော် တစ်ပါးအဖြစ် ရွေးကောက်နိုင်ခဲ့သည်။

မယ်တော်ကြီးသည် မိမိ စွမ်းဆောင်နိုင်သော

စာပေဆိုင်ရာကို ကိုယ်တိုင် တာဝန်ယူ၍ ပစ္စည်း လေးပါးဆိုင်ရာတွင် မိမိထက် တာဝန်ယူနိုင်မည့် သေဋ္ဌေးကြီး ဆာသွင်လို ဒကာကောင်းကောင်း ရှာပေးခဲ့သည်။ အကျိုး ဆိုနိုင်ခဲ့သည်။ ရှုဆိတ် သည်။ လိုလားသည်။

"သားချင်းမျိုးဘော်
ဆွေဖြစ်သော်လည်း
ကျော်ကျော်ထင်ထင်
ဂုဏ်အင်ပွားတိုး
ကောင်းလေနိုးက
အကျိုးဆိုဆို
ရှုဆိတ်လိုလျက်
ကြည်ညို ဝမ်းထဲ
ရှိခဲစွ။ (နေမိဘုံခန်းပျို့)

လူ့သဘောကား ကွာသာ ကင်းနိုင်ခဲသည်၊ စီးပွားရေးသမားချင်း မျက်နှာချင်း အဆိုင်ရ ခက်သည်၊ ပညာရေးသမားချင်း မျက်နှာချင်း အဆိုင်ရ ခက်သည်။ မျက်နှာ မျက်ခွက် 'ငူ-စူ' လာသည်။ စီးပွားရေး၊ ပညာရေးသမား တစ်ယောက် အောင်မြင်ကြောင်း၊ တိုး တက်ကြောင်းကို အခြား စီးပွားရေးသမား ပညာရေး သမားတစ်ယောက်က နားမထောင်လို၊ 'မနာလို' ဖြစ်တတ်သည်။အပြစ်တစ်ခုခုရှာရှာဖွေဖွေ မပြော ဘဲ မနေနိုင်။ တိတ်ဆိတ်စွာ ရှုကြည့်မနေနိုင်။ **မရှုဆိတ်**နိုင် ဖြစ်ရသည်။ မယ် တော် ကြီး သည် အ လွန် ဆိုးဝါး ယုတ်မာသော **ပဏ္ဍိတမာန်** ပုဂ္ဂိုလ်မျိုးမဟုတ်၊ အလွန်ကြည်ညိုဖွယ်၊ အတုယူ ဖွယ် ကောင်းသော **ပဏ္ဍိတမာမက** ပုဂ္ဂိုလ်မျိုး ဖြစ် သည်။ဆ ရာ ကြီး ကား တကယ့် **ပဏ္ဍိတမာမိက**ာ မယ်တော်ကြီးတစ်ပါးပေတည်း။

(၄)

ဆရာကြီး ဒေါ်ခမ္မစာရီ မြန်မာနှစ် ၁၂၄၀ ပြည့်၊ တပို့တွဲ လဆန်း (၄) ရက်၊ စနေနေ့ည (၇)နာရီ အချိန်၊ မန္တလေးမြို့၊ ရသာတန်းရပ် ပဒေသာပင်လမ်း၊ ဂ၂လမ်းနှင့်ဂ၃လမ်း၊ထောင့် တိုက်ကြီးတွင် ပိုးကုန်သည်ကြီး ဦးလူပိန်၊ ဒေါ် ရွှေသီးတို့မှ ဖွားသည်။

၁၂၅၇ခု၊ တန်ဆောင်မုန်းလဆန်း (၂)ရက်၊ သောကြာနေ့တွင် မင်းကွန်း ဂူကလေးချောင်၌ သီလရှင်ဝတ်သည်။ ဒေါ်ခမ္မစာရီခေါ်တွင်သည်။

၁၂၉၃-ခု၊နှစ်ဦးလောက်၊ဆရာကြီး ဒေါ်ခမ္မ စာရီ (၅၃နှစ်)တွင် တိပိဋကလောင်းလျာ ကိုရင် ဝိစိတ္တ မင်းကွန်း ဓမ္မနာဒကျောင်းတိုက်ဆရာတော် ဦးပညာစက္ကထံသို့ ပညာသင်ရန် ရောက်လာသည်။

၁၂၉၂-ခုနှစ်၊ ဝါဦးလောက်မှာ သေဋ္ဌေး ဦးသွင်၊ သေဋ္ဌေးကတော် ဒေါ်သိန်းတို့ကို ဆရာ ကြီး ဒေါ်ခမ္မစာရီက ရဟန်းလောင်း အာဇာနည် တစ်ပါးရှိကြောင်း ပြောဆို ဆက်သွယ် ပေးပြီး နောက်....၁၂၉၂-ခု၊ ကုန်ခါနီး နှောင်းတန်ခူး လဆန်း(၆)ရက်နေ့တွင် မင်းကွန်း ငွေတောင် တော ရ ကျောင်း တိုက်၊ ခက္ကသိမ်၌ ဓမ္မနာဒ ဆရာတော် အရှင် ပညာစက္ကကို ဥပဇ္ဈာယ်ပြု၍ ရှင် ဝိစိတ္တ ရဟန်းဖြစ်ခဲ့သည်။

၁၃၃၃-ခု ဝါခေါင်လဆုတ်(၆)ရက်၊ည(၇) နာရီ၊ သက်တော် ၉၃နှစ်တွင် မယ်တော်ကြီး ဘဝပြောင်းတော်မူသည်။

ဤစာရေးသူသည် မယ်တော်ကြီး ဒေါ်ခမ္မ-စာရီအား အကြိမ်ကြိမ် ပူ ဇော် ခဲ့ ဖူး ပါ သည်။ ပူဇော်တိုင်း ပူဇော်တိုင်း ဤမျသော ပူဇော်ခြင်း ကြောင့် ကျေးဇူးကြွေးတွေ ပြေပါစေဟု အစဉ် ဆုတောင်းမိပါသည်။

ဆန်းထွန်း
၁၃၄၉၊ တန်ခူးလဆန်း (၇)ရက်၊ တနင်္ဂနွေနေ့။

ဆရာတော်ဘုရားကြီး၏

ဥာဏပဒီပ

"ဤစာရှုသူ သူတော်စင်အပေါင်း သူမြတ်လောင်းတို့....

အကျွန်ုပ်၏ တရားဓမ္မ ကျမ်းဂန်စာပေ အယူအဆ အဝဝသော အရေးတို့၌ မူလ ပကတိသဓာတ်ထား စိတ်ရင်းအလေ့အကျက်မှာ မည်သူနှင့်မျှ ငြင်းခုံခြင်းမပြုဘဲ အေးဆေးစွာဖြင့် ပြီးစီးအောင်မြင်စေခြင်းဖြစ်ပါသည်။ ထို့ကြောင့်ပင် တရားဓမ္မ ကျမ်းဂန်စာပေ အယူအဆ အဝဝသော အရေးအခင်းတို့နှင့်ရင်ဆိုင်တွေ့ကြုံခဲ့လျှင် ငြင်းခုံခြင်းကို အလျှင်းမပြုဘဲ အေးဆေးစွာဖြင့်ပင် ပြဿနာတို့ကို ပြီးစေခဲ့ပါသည်။

အထူးအားဖြင့် သီတင်းသုံးဖော်တို့နှင့် စပ်၍ ငြင်းခုံဖွယ်ရာ တစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့လျှင် လက်အုပ်ချီမိုး တိုးလျှိုးတောင်းပန်၍ တွေ့ကြုံသော ကိစ္စအဝဝကို ပြီးပြေစေခဲ့ပါသည်။ ထို့ကြောင့်ပင်လျှင် ကျွန်ုပ်ကို ရင်းနှီး ခင်မင်သော သီတင်းသုံးဖော် ဆရာတော်တို့က "ဦးဝိစိတ္တက လက်ယာဓမ္မာစရိယ လူပျော့ပါကွာ" ဟူ၍ပင် အဝေဖန်ခံခဲ့ရပါသည်။ ထိုဝေဖန်ချက် ကိုလည်း နှစ်နှစ်သက်သက် အကျွန်ုပ်သည် ခံယူခဲ့ပါသည်။

(၁၉၇၇) ခုနှစ်တွင် ဆရာတော် ကိုယ်တိုင် တည်းဖြတ်သုတ်သင် ထုတ်ဝေရိုက်နှိပ်ပေးခဲ့သော မအူပင်မြို့နယ် လက်ခုပ်ပင်ရွာ သာသနာ့ ရောင်ခြည်အဖွဲ့၏ "သာသနာ့ကြယ်ရောင် စာတမ်း" စာအုပ်၌ စာမူတည်းဖြတ် ပြင်ဆင်သူ အနေဖြင့် ဤသို့အစချီ၍ ရေးသားတော်မူခဲ့ပါသည်။

(၎င်းစာအုပ်ကို ပြုစုရေးသားသူ ဒေါက်ကြင်မြို့ရိုင်က ပရိယတ္တိသာသနာဿည် သာသနာသုံးရပ်အနက် အရေးကြီးသော မူလဘူတဖြစ်ခြင်းကျမ်းဂန်အကိုးအကား ဘုရားဟော ပါဠိတော်အထောက်အထားများဖြင့် ရေးသား ထားပါသည်။)

ဆရာတော်၏အာဘော်သည် မိမိ၏ ယောနိသော မနသိကာရကို တစ်စိတ်တစ်ဒေသ ဖော်ပြထားသလိုရှိပါဘိသည်။ ဆရာတော် ဘုရားသည် 'သက္ကော, ဥဇုစ, သုဟုဇုစ, သုဝစောစဿ, မုဒု, အနတိမာနိ' ဆိုသော ဂုဏ်တို့သည် ဆရာတော်၏ သန္တာန်၌ တစ်လုံးတစ်စည်းတည်းစုဝေးတည်နေတော်မူသည်ဟု ရေးလိုက်ချင်ပါသည်။

၁။ သုတ္တန်, ဝိနယာ, ဘိဓမ္မာဟု သုံးဖြာ မုခပါဋ္ဌ ပိဋကတ်ကို ပြီးမြောက်အောင် မြင်သည်အထိ ဆောင်ရွက်နိုင်ခြင်း။

၂။ သဘော်ဖြူအူစင်း ဖြောင့်မတ်မှုရှိတော်မူခြင်း။

၃။ ရိုးသားပွင့်လင်းတော်မူခြင်း။

၄။ သာသနာ့မိခင်ကြီး၏ အဆုံးအမမှအစ အာစရိယ အဆူဆူတို့၏ မိန့်မှာသော အနုသာသန သြဝါဒတို့ကို တရိုတသေ တလေးတမြတ် ခံယူ လိုက်နာတော်မူခြင်း။

၅။ နှုးညံ့ ပျော့ပျောင်း သူတော်ကောင်း တရားလည်း အပြည့်အဝရှိမတော်မူခြင်း။
၆။ အစဉ်ထာဝရ နှိမ့်ချအပ်သော မာန တရားလည်း ရှိတော်မူခြင်း။

မှန်ပါသည်။ ဆရာတော်၏ နာမတော်နောက်မှ ဘွဲ့ပုံဘော်များကို ကပ်ရမည်ဆိုလျှင် (၁၉၂၅) ခုနှစ် ရှင်သာမဏေဘဝက သဒ္ဒါကြီးရှစ်စောင် အာဂုံပြန် အောင်လက်မှတ်မှသည် အာဒိကမ္မိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် တကွ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့ပုံတော်အထိ ဘွဲ့ထူး ဂုဏ်ထူး တော်မြတ်များသည် နှစ်ဆယ့်ကိုးဘွဲ့နှင့်နှင့် အဆက် အကပ် လက်ခံတော်မူခဲ့ရပါသည်။

ဤမျှသော အဓိကာရ ဓမ္မဘဏ္ဍာဂါရိက (သုတဗုဒ္ဓ)ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးက သီတင်းသုံးဖော်တို့နှင့်စပ်၍ ငြင်းခုံဖွယ်ရာ အကြောင်းဘစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့လျှင် လက်အုပ် ချီမိုးတိုးလျှိုးတောင်းပန်၍ တွေ့ကြုံသော ကိစ္စအဝဝကို ပြီးစေခဲ့ပါသည်ဆိုသည့် စကားမှာ လင်္ကာမမွာစရိယ ရွှေပြည်အေးဆရာတော် ပီသလှပါသည်။ အနှစ်ဖြီးဖြီး အသိုးလိုင်စွာသော ခိုင်ရွှေဝါစပါးနှံတို့သည်ကား မြေသို့ ညွတ်စမြဲပင် မဟုတ်ပါလား။

ရွှေပြည်အေးဝါဒကို လက်ကိုင် ပြုလိုသော အကြောင်းတစ်ရပ်ကလည်း ရှိပေလိမ့်ဦးမည်။ ပြောက်တိပြောက်ကျား အချို့သောနေရာများမှ စကားသံထွက်လာတတ်ကြသော "တရားထိုင်ရာ စာတတ်ဖို့မလိုပါဘူး၊ စာတတ်လျှင် စာကခံနေလိမ့်မည်" တဲ့။ ထိုအချေအတင်စကားများအတွက် ဆရာတော်သည် ပရိယတ်နှင့် ပဋိပတ် တည်းဟူသော ရွှေနှစ်ပြားကို ဂဟေသားချ၍ အခြားမထင်နိုင်အောင် နူညက်စွာ စေ့စပ်တော်မူလိုက်ခြင်းဖြစ်းသည်ဟု ရိပ်စားနိုင်ဖွယ်ရာလည်း ရှိပါသည်။ ဤကား ဆရာတော်ဘုရား၏ဉာဏပုဗ္ဗင်္ဂမ၊ ဉာဏာနုပရိဝတ္တ အရာများသာတည်း။

တိပိဋကဓရ=နိကာယ သာသနာပြုအဖွဲ့မှ ထုတ်ဝေသော သြဝါဒကထာနှင့် ထေရုပ္ပတ္တိအကျဉ်းစာအုပ်တွင် ဆရာတော်ကိုယ်တိုင် ဖွင့်ဟရေးသားတော်မူခဲ့သည်ကို ဤသို့ဖတ်ရှုကြည့်ညိုခဲ့ရပါသေးသည်။

"အရှင်ဝိစိတ္တသာရာဘိဝံသသည် တိပိဋကရွေးချယ်ရေးစာမေးပွဲကြီး ဖွင့်လှစ်သည့် အခမ်း အနားတွင် နိုင်ငံတော်သမ္မတကြီး အမှူးပြုသော လူထုပရိသတ်ကြီး၏ ဦးညွတ်ကြည်ယုံ မချေသော လက်အုပ်ဖြင့် လက်အုပ် ချီနေကြပုံကို အာရုံထင်ထင် တွေ့မြင်ရသောအခါ ဤကဲ့သို့ ပရိသတ်စုံညီ လက်အုပ်ကုံယ်စီချီ၍ရှိခိုးကြခြင်းသည် ပရိတ်တရား နာယူလို့၍ ရှိခိုးတောင်းပန် ကြသည့် လက်အုပ်ချီခြင်းမဟုတ်ပါပေ။ တိပိဋကရေ ပုဂ္ဂိုလ်ကို လိုလားတောင့်တ ရှာဖွေကြသည့် လက်အုပ်ချီခြင်းဖြစ်သည် ဟု အလေး အနက်ဆင်ခြင်၍ ဤတိပိဋကရေ ရွေးချယ်ပွဲကြီးမှ တိပိဋကရေ ပုဂ္ဂိုလ်သူမြတ် တစ်ပါး၊ နှစ်ပါး ပေါ်ထွက်လာလျှင် ကောင်းပါ၏။ မပေါ်ထွက်လျှင်ကား ငါတို့ သံဃာတော်များအပေါ်၌ တိပိဋကဓရ ရှာပုံတော် လက်အုပ်ကြွေးကား တင်ရှိချေတော့မည်။ ထိုသို့တင်ရှိခဲ့လျှင် ထိုလက်အုပ်ကြွေးကို တစ်နေ့နေ့၌ ငါပြန်ဆပ်ရလိမ့်မည်' ဟု စိတ်ထဲတွင် ကြစည် ကြိုးစားဆောက်တည်ထားခဲ့ပါသည်" ဤသို့လျှင် ရေးသားထားသည်ကို ဖတ်ရှုရပါသည်။

ထိုသို့ သန္ဓိဋ္ဌာန်ချမှတ်ဆုံးဖြတ်တော်မူပြီးသည်မှစ၍ ပိန်လှိသော ခန္ဓာတွင် သဒ္ဓါ၊ ဝီရိယ၊ သတိ၊

သမာဓိ၊ ပညာတည်းဟူသော ဗိုလ်ကြီးငါးပါးကို တင်လျက် တိပိဋကတ စာမေးပွဲအတွက် ပြင်ဆင်တော်မူရာ အချိန်ကာလဝယ် ဆရာတော်တွေ့ကြုံခဲ့သည့်နှစ်လိုဖွယ်မဖြစ်သောအတွေ့အကြုံတစ်ရပ်ကို ဝေဝေမသုတံ့ စကားအရ မရေးဝံ့ဝံ့ ရေးဝံ့ဝံ့နှင့် ရေးပြလိုက်ချင်ပါသေးသည်။

''အမယ်....ကြီးကျယ် လိုက်လေကွာ၊ ဝါကလေးက နုနု၊ လူကိုကြည့်လိုက်တော့လဲ နွားပစ်တဲ့ တုတ်လောက်နဲ့ တိပိဋကစာမေးပွဲ ဝင်ဖြေမလို့တဲ့လား'' ထိုစကားကို ပြောကြားရရွံတဲ့လိုက်သော ပုဂ္ဂိုလ်မှာ ဓမ္မနာဒတိုက်အနီးတွင် သီဝင်းသုံးသော ဆရာတော်တစ်ပါး ဖြစ်သောဟူ၏။ (ယခုမူထိုဆရာတော် ပျံတော်မူခဲ့ပါပြီ။)

ထိုပုဂ္ဂိုလ်က မိမိအပေါ် အထင်အမြင် သေးခြင်း၊ မလိုဘမာ ဖြစ်ခြင်းတို့ဖြင့် အမြဲပင် ဝေဖန်တိုက်ခိုက်နေသဖြင့် ဆရာတော်မှာ အမြဲပင် စိတ်ဆင်းရဲ နေရပေသည်။ လောကတွင် မိတ်ဆွေဆယ်ယောက် တိုးပွားမလာလျှင် နေပါစေ၊ ရန်သူတစ်ယောက် ပေါ်မလာပါစေနှင့်ဟူသော ဝါဒလက်ကိုင်ဆောင်သော ဆရာတော်သည်ထိုပုဂ္ဂိုလ်နှင့် သမာဘာဂဖြစ်အောင် ချိုသာစွာ နှိမ့်ချ ဆက်ဆံသော်လည်း အငြိုးမပြေချေ။

ထို့ကြောင့် ဆရာဘော်လည်း မေတ္တာဝါဒကို အားကိုးကာ စူးစိုက်စွာ မေတ္တာပို့သည့်အပြင် အကောင်းအမွန် ပစ္စည်းများကို ပို့လွှတ် ကပ်လှူစေသည်။ကိုယ်တိုင်လည်း သွားရောက် ကပ်လှူပြီး ပိဋကတ်ဆိုင်ရာများကို (သိပြီးဖြစ်သော်လည်း) ကပည့်ခံ တောင်းပန် စေလျှောက်လေသည်။ ထိုသို့လရက်ရှည်ကြာ ကျင့်သုံးသောအခါမှ ဆရာတော် အပေါ် မလိုတမာစိတ်များ လျော့ပါး၍ တကယ့် မေတ္တာစစ်နှင့် ရင်းနှီးသူများ ဘဝသို့ ရောက်ခဲ့ရသည်။

ပိဋကတ်သုံးပုံကို အာဂုံဆောင် ကျက်မှတ်နိုင်ဖို့ အရေးမှာတောင် သမာဓိ လိုပေသည်။ ပုဂ္ဂိုလ်တစ်ဦးဦးခကြောင့် စနိုးစနောင့် စိတ်မပြောင်းခဲ့သည် ရှိယော် အနှောင့်အယှက်ကြီးတစ်ခု ဖြစ်ရမည်ကား မုချ။ ထို့ကြောင့် ဆရာတော်သည် တိပိဋကစာပြန်ပွဲကြီးအတွက် ရှေးရှုရာလမ်းကို ဆူးငြောင့်ခလုတ်များ ရှင်းရှဲ့ မေတ္တာသံမံတလင်း စင်္ကြန်လမ်းခင်းလိုက်ခြင်း ဖြစ်တော့သည်။ဤကား ဆရာတော်ဘုရား၏ ဉာဏပုဗ္ဗင်္ဂမ၊ ဉာဏာနုပရိဝတ္တ အရာများသာတည်း။

ဆရာတော်၏ အမြော်အမြင်ကြီးမားပုံကို ကိုယ်တွေ့ကြုံသမျှ ရေးပြလိုပါသေးသည်။လွန်ခဲ့သော အနှစ်နှစ်ဆယ် ကျော်ကျော် (၁၉၆၄)ခုနှစ်တွင် ကျွန်တော့်ကို မန္တလေးမြို့ လူထုဦးလှက မင်းကွန်းဓမ္မနာဒတိုက် တိပိဋကဓရ ဆရာတော်ဘုရားထံ ဖူးမြော်ရန် လိုက်ပို့ပေးပါသည်။

ဆရာတော်ဘုရားအား ပထမဆုံး အနေဖြင့် တွေ့ရှိ ဖူးမြော်ရခြင်းဖြစ်ရာ အချိန်အတန်ကြာ အောင်ပင် ဆရာတော်ဘုရားက စပ်ရာစပ်ရာတရားတို့ကို ဟောပြောတော် မူပါသည်။

ထိုအချိန်၌ ကျောင်းရှေ့တွင် ဆယ်ကျော်သက် သာမဏေငယ် သုံးလေးပါးနှင့် ကျောင်းသားသူငယ် သုံးလေးယောက်တို့ ဆော့ကစားရင်း ငြင်းခုံ ခိုက်ရန်ဖြစ်နေကြပါသည်။ ကျွန်တော့်မှာ နာရခဲလှသော ဆရာတော်၏ တရားမျက်နှာကြားနေရင်းက စိတ်အနှောင့်အယှက် ဖြစ်မိပါသည်။ ဆရာတော်က ငေါက်ငမ်း ဟန့်တားလိုက်လေ မည်လားဟု ကျွန်တော် မျှော်လင့်ပါသည်။ သို့သော်ဆရာတော်ဘုရားကား စကားပြောမပျက် တရားဟော မပျက်ပါလေ။ ထို့ကြောင့် ''ဆရာတော်နှယ် အလိုလိုက်ရန်ကော''ဟု ကျွန်တော် အောက်မေ့လိုက်မိသည်ကိုလည်း ဝန်ခံရမပါမည်။

ထိုအချိန်မှ ဆယ်နှစ်ကျော်ခန့် လွန်သောအခါ မင်းကွန်း မိုးမိတဲဘုရားပွဲတော်သို့ ဆရာဝန်ကြီး ဦးသာလှ (ယခု တိပိဋကာ=နိကာယ သာသနာပြု ဖေဖေ့ကြီး၏ ဥက္ကဋ္ဌ)နှင့် ပထမဆုံးအကြိမ် လိုက်ပါ သွားခဲ့ဆရာတော်၏ ရှင်လေးရှင်ပူဇော်လှူဒါန်းပွဲ ဟူ၍သာ ဝိသေသ အလှူတော်ကြီးကို မျက်မြင်တွေ့ကြုံခဲ့ရပါသည်။

ရှင်လေးရှင် ဟူသည်မှာ (၁) သာသနာ့ ကျေးဇူးရှင်ကြီးများ (၂) ရှင်ရဟန်းတော်များ (၃)ရှင်သာမဏေများ (၄)သီလရှင်များ ဖြစ်ကြပါသည်။

ထို ပူဇော်ပွဲကြီးနှင့် နီးနွယ်၍ ရှင်သာမဏေငယ်များ အပေါ်ဝယ် ဆရာတော်ဘုရား၏ မျှော်လင့်ချက်၊ရည်ရွယ်ချက်တို့ကို တစ်စွန်းတစ်စ ကြားနာရသည့် အခါမှ,ဆရာတော်ဘုရား၏ အလိုလိုက်ပုံကို သဘောပေါက် နားလည် ရပါတော့သည်။

"သာမဏေငယ်ကလေးများဟာ လူ့စကားနဲ့ ပြရရင် ကလေးတွေပဲပေါ့၊ ကလေးဆိုတာ ဆော့ချင်တယ်၊ကစားချင်တယ်၊ ပျော်ပျော်ပါးပါး နေချင်တယ်၊ ဒါဟာ သဘာဝပဲ၊ ဒီသဘာဝအတိုင်း မထားဘဲ ချုပ်ချယ်လွန်းလျှင် လူထွက်ပြီး အိမ်ပြန်ပြေးကြမှာပေါ့။

"ကစားတတ်တဲ့ ကလေးအရွယ်၏ အသိမှ အသက် ကြီးရင့်လာတဲ့အခါ တဖြည်းဖြည်း ရင့်ကျက်ပြီး နေတတ်ထိုင်တတ်၊ စားတတ်သောက်တတ်၊ ကျင့်ကြံတတ်လာကြတာပေါ့၊ စာတို့ပေတို့လဲ တတ်လာကြတာပေါ့။

"သာသနိက အဆောက်အအုံများ ဖြစ်ကြတဲ့ ကျောင်းဇရပ်၊ ပြာသာဒ် တို့ ကို အသားကောင်း၊အပွေးကောင်း၊ အရောင်ကောင်း၊ အနှစ်ရှိတဲ့ ကျွန်းသားကြီးများနဲ့ ဆောက်လုပ် ကြရတယ်၊ ကျွန်းကြီး ကျွန်းကောင်း ရဖို့ဆိုတာ ကျွန်းပင်ပေါက်ကလေးတွေက စပြီး ပြုစု ပျိုးထောင်ပေးရတယ်။

"သာသနာတော်မှာလည်း ထို့အတူပဲ၊ သာမဏေလေးတွေ များသည်ထက်များ၊ တိုးသည်ထက် တိုးပွားလာအောင် မွေးမြူပေးကြရမယ်၊ပျော်အောင်ထားနိုင်ရမယ်၊ ဒါမှ အနာဂတ်မှာ စုလစ်မွမ်းခွန်ပြာသာဒ်ကြီးတွေ ပေါ်သလို သာသနာတော်မှာလည်း ဆရာတော် အကျော်အမော်တွေ ထွက်ပေါ်လာကြမှာ ဖြစ်တယ်"

ဆရာတော်ဘုရား၏ သဘောထားကို ကြားနာရသည့် နေ့မှ စ၍ ကျွန်တော်သည် ရှင်သာမဏေကလေးများ အပေါ်ဝယ် သနားချစ်ခင် ခွင့်လွှတ်ချင်သည့် စေတနာမျိုး ပေါ်ပေါက်ခဲ့ရပါသည်။

မှန်ပါသည်။လွန်ခဲ့သောအနှစ်နှစ်ဆယ်ကျော်က ဆရာတော်ဘုရား၏ ဓမ္မနာဒတိုက် ပရိဝုဏ်အတွင်း၌ မြူးထူးပျော်ပါး ကစားခဲ့ကြသော သာမဏေငယ်များသည် ယခုအခါ မင်းကွန်း မိုးမိတ် တိပိဋကာ=နိကာယ ကျောင်းတော်ကြီးမှနေ၍ ပိဋကတ်တစ်ပုံဆောင်၊နှစ်ပုံဆောင် သာသနာ့ အာဇာနည် ဆရာတော်ကလေးများ ဘယ်နှစ်ပါး ထွန်းပေါက်နေလိမ့်မည်လဲဟု တွေးမိပါတော့သည်။ မြန်မာနိုင်ငံ လုံးတွင် တိပိဋကာ စာမေးပွဲ အောင်နှုန်းမှာ ဆရာတော်ဘုရား၏ ကျောင်းတိုက်ကသာ အများဆုံး ဖြစ်နေသည် မဟုတ်ပါလား။

ဤကား ဆရာတော်ဘုရား ၏ ဉာဏပုဗ္ဗင်္ဂမ၊ ဉာဏာနုပရိဝတ္တ အရာများသာတည်း။

သုခီ အတ္တာနံ ပရိဟရန္တု။

သုခ

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားနှင့်
အနာကြီးရောဂါသည်များ

ဆရာဝန်တာဝန်ဂရုစိုက်

ထောက်ကြွန့် အနာကြီးရောဂါ အထူးကု ဆေးရုံတွင် ဂိလာန သံဃာတော်များ အတွက် အွန်ဆောင် သီးသန့် ရှိသင့်သည်ဟု ၁၉၇၅ ခုနှစ်တွင် ဆေးရုံကြီးကြပ်မှုကော်မတီက ဆုံးဖြတ်ကြသည်။ ထို့ကြောင့် ဆေးရုံဦးစီးဌာနမှ ခံယူနေသော ဌေးကြေးတတ်နိုင်သည့် ဝေဒနာရှင်များထံမှ အလှူငွေကို စတင် ကောက်ခံသည်။ ဆေးရုံပြင်ပ၌ တည်ရှိသော ဝေဒနာသည်များစုပေါင်းတည် ထောင်ထား သည့် ဆေးရိပ်သာ ကျေးရွာမှာလည်း ကောက်ခံသည်။ ရရှိသောငွေဖြင့် သံဃာ့အဆောင် တစ်ဆောင် ဖြစ်မြောက်ရေးအတွက် ကြိုးစားကြသည်။

လက်တွေ့ကျတော့ ငွေကြေးပြည့်စုံဖို့ မလွယ်။ 'အနာကြီး ရောဂါသည်များအပေါ် ငွေကြေး သွားဒါန်းပါက နောက်ဘဝများလည်း သူတို့နှင့် တစ်နည်းတစ်ဖုံ ဆက်သွယ်နေရလိမ့်မည်'ဟု အချို့သော သူများတွင် ရှိသော အတွေးအခေါ်ကြောင့်လား မသိ။

သို့ရာတွင် ကော်မတီက ဇွဲမလျှော့၊ ဝေဒနာရှင် တွေဘက်ကလည်း အထူးလိုလားကြသည်နှင့်အညီ လုပ်အား အကြိမ်ကြိမ်ပေးကြသည်။ မြေတူး၊ အုတ်သယ်၊ မြေဖို့ စသည့် လုပ်ငန်းများကို ငွေကြေးတစ် ပြား တစ် ချပ်မှ မကုန်ခဲ့ရပါ။ ဦးလေး ဓမ္မဃောသက ဦးမောင်မောင်စသည့် ပုဂ္ဂိုလ်တွေကလည်း ပြင်ပမှ ငွေကြေး ကောက်ခံပေးကြသည်။



ထောက်ကြန့် အနာကြီးဆေးရုံဝင်းအတွင်း တည်ဆောက်ထားခဲ့သော ဂိလာန သံဃာဆောင်

ဆေးရုံဖွင့်ပွဲအခမ်းအနားနှင့် ပူးတွေ့ရသော ပဓာန်းမြို့မ ဆရာတော်ဘုရားနှင့်
မင်းကွန်း တိဝိဠကဝရ ဆရာတော်ဘုရား

ဤသို့ဖြင့် ငါးနှစ် အတွင်း တစ်သိန်းခွဲတန် လုပ်အားတန်ဖိုး ကိုပါ ထည့် ပေါင်း ပါက ငွေ ၂ သိန်းတန် ဂိလာန သံဃာ့ အ ဆောင် သည် မားမားမတ်မတ် ပေါ်လာခဲ့ပါသည်။

အဆောက်အအုံကြီးမားမားမတ်မတ်ပေါ်လာသောအခါ ဝေဒနာရှင်များက ဖွင့်ပွဲအခမ်းအနားကို ပြုလုပ်ပို့ကြသည်။ ဖြစ်နိုင်လျှင် မြန်မာနိုင်ငံမှ ထိပ်သီး ဆရာတော်ကြီးများကို ပင့်ဖိတ်လိုကြသည်။

စာရေးသူက အနာကြီးဆေးရုံတွင်းသို့ မဟာစည် ဆရာတော်ဘုရားကို ပင့်ဖိတ် ပေးခဲ့ဖူးပြီ ဖြစ်၏။ ယခု တစ်ဆင့် ဇာတ်၍ ဗဟို သံဃာဝန်ဆောင် အဖွဲ့မှ ဆရာတော်ကြီး တစ်ပါးပါးကို ပင့်ပေးရန် ပူဆာကြသည်။ ဆဋ္ဌ သင်္ဂါယနာတင်စဉ်က အမေး ဆရာတော်ကို ဖူးခွင့်ရပြီးပြီဖြစ်၍ အဖြေဆရာတော် ဖြစ်သော မင်းကွန်း တိပိဋကဓရ ဆရာတော်ကို ဖူးမြော်လိုကြပါသည်ဟု ဆိုလာကြသည်။

သူတို့ အကြောင်းပြချက်က ဆရာတော်ကြီးကို ဖူးတွေ့လိုပေမယ့် သူတို့က ဆရာတော်ကြီးတွေ သီဘင်းသုံးရာ ကျောင်းများသို့ သွားရောက် ဖူးမြော်ရန် မဖြစ်နိုင်ပါ။ ဝါတွင်းကာလ သီလ ဆောက် တည် လို လျှင် ပင် ရောဂါသည် ဆရာ ဘုန်းကြီးများ ရှိသော ရွာထဲက ဘုန်းကြီးကျောင်း ကိုသာ သွားဝံ့သည် မဟုတ်ပါလား။ သူတို့ အကြောင်းပြချက်က လုံလောက်သလို ရှိ၏။

နောက်ပြီးစာရေးသူတို့ကြိုးစားတည်ဆောက် ခဲ့ရသော အဆောက် အအုံကိုလည်း မျက်နှာ ထောက်စရာရှိ၏။ တန်ဖိုးအားဖြင့် ဇာစ်သိန်းခွဲဟု ဆိုပေမယ့် မူးစုပဲစုပြီး တည်ဆောက် ထားသော အဆောက်အအုံကြီး ဖြစ်၏။ ရှင်းရှင်းပြောရလျှင် လမ်းဘေးက တောင်းစားသူများက တစ်ဆင့် ပြန် လှူသော ငွေလည်း ပါ၏။

မရှိသောလက်၊ မသန့်စွမ်းသော ခြေထောက်တို့ဖြင့် ရင်းပြီးထားသောချွေးလုပ်အားတွေလည်း ပါ၏။ ထို့ကြောင့် တန်ဖိုးအားဖြင့် များလှသည် မဆိုနိုင်ပေမယ့် စေတနာအားဖြင့် မြင့်မားလှ၏။

ထို့ကြောင့်စာရေးသူနှင့်အဘဦးမောင်မောင် ဓမ္မဃောသကတို့ တိုင်ပင်ကြသည်။လူတိုင်းလူတိုင်း သည် အထိုက်အလျောက်အလုပ်များ၏။ တည်နေ အခြင်းပေးဖို့ ဆိုဘာ လွယ်သောကိစ္စ မဟုတ်ပါ။ မင်းကွန်း ဆရာတော်တို့လို ပုဂ္ဂိုလ်များဆိုလျှင် ဆိုဖွယ်ရာမရှိ။မြန်မာနိုင်ငံ တစ်ဝန်းလုံးမှ သံဃာ့ ကိစ္စများကို အတွင်းရေးမှူးအဖြစ် ဘာဝန်ယူလျက် ရှိ၏။ မရေမတွက်နိုင်အောင် များပြားလှသော သာသနာပြု ဘာဝန်တွေက ရှိသေး သည်။ ထို့ကြောင့် တစ်နှစ်အတွင်း ရက်တစ်ရက်ကို ပေးလျှင် ကျေနပ်ပါပြီ။ ဆရာဘဲဘဲကို ဘာ့ရအောင် ပင့်ပေးဖို့ ဓမ္မဃောသကဦးမောင်မောင်ကို မေတ္တာရပ်ခံမိသည်။

ရသောအဖြေက အနာကြီး ရောဂါသည်များကျင်းပလိုသောရက်ကို ဆရာတော်များက ကြွလာဖို့ လက်ခံကြသည်။ အားလပ်သည့် သံဃ မဟာနာယကအဖွဲ့ဝင်များပါ ကြွလာကြမည်ဟုဆိုသည်။ ဝမ်းသာလှသည့် ဖြစ်ခြင်း။

စာရေးသူတို့ ဆေးရုံတွင်း၌ အကြိမ်ကြိမ် ဆွေးနွေးကြသည်၊ တိုင်ပင်ကြသည်။ သီး ဖိနပ် သက်နှံး စသည့် လှူဖွယ်ရာ ပစ္စည်းများကို အသီးသီး တာဝန်ယူကြသည်၊ ပျော်ကြသည်။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ဆွမ်းခံကြွသည့်

အခါ မြို့သူမြို့သားတွေ ဝမ်းသာ ကြ ပုံ များ ကျိကဲ့သို့လား မသိ။

သဲဖြူ။ ခင်းသူက ခင်းကြသည်။ရာဇမတ်ကာကြ သည်။ဌာပ်ပျောပင် ကြီးကိုလည်း ခုတ်လာသူက ခုတ်လာသည်။ကြံပင်တွေလည်း ပါသေးသည်။

ဆေးရုံထဲတွင်အဖြူရောင်ပန်းပွင့်သော စကြာ ပန်းပင်တွေ အမြောက်အမြား ပေါက်နေကြ သည်။ ထိုနေ့က ဆေးရုံဝင်းထဲမှာ ပန်းတစ်ပွင့်မှ ကျန်သည်မထင်။ လူနာ ၅၀၀လောက်က သူတို့ ဆီမှာ မရှိသော လက်မှားဖြင့် ခူးပြီးသောကြောင့် ဖြစ်သည်။ ပန်းများကို ဆရာတော်များ ကြွလာ မည့် လမ်းတွင် ခင်းထားကြသည်။ ဝေဒနာသည် တစ်ဦး ဆိုလျှင် သူမ၏ ဆံပင်ကို ဖြုတ်လိုက်သည်။ ဆရာတော်တို့ ကြွလာ မည့် လမ်းမအောက်မှာ ခင်းဖို့ ဖြစ်သည်။

(၉၊ ဂ၊ ၁၉၇၀)နေ့ ညနေ ၃နာရီ တိတိ အချိန်တွင် ဥက္ကဋ္ဌ ပဲခူးမြို့မ ဆရာတော်ကြီး ဦး ဆောင်ပြီး မင်းကွန်း တိပိဋကဆရာတော်၊ ယခု ပုံလွန်တော်မူပြီ ဖြစ်သော အဂ္ဂ မဟာ ပဏ္ဍိတ ပဌာန်းဆရာတော်၊ ကြည့်မြင်တိုင် ဘုံပုံဆရာတော် စသည့် နိုင်ငံအကျော် ဆရာတော်များ ကြွရောက် လာကြသည်။

လူ ပရိသတ်ထဲကဆိုလျှင် ညွှန်ကြားရေးမှူး (အုန္နာကြီး)၊ ရန်ကုန်တိုင်း ကောင်စီ- လူမှုရေး တာဝန်ခံ၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးမှူး စသည့် ပုဂ္ဂိုလ်ကြီးများလည်း ကြွရောက်လာကြ သည်။ ပျော်လိုက်သည့် ဖြစ်ခြင်း။

ဆရာတော်ကြီးများ ကြွရောက်တော်မူလာကြ သောအခါ ရောဂါသည်တစ်ယောက်က "ဆရာ၊ ကျွန်တော်တို့ ကိုးကွယ်ထားတဲ့ ညတိုင်း ဝတ် တက်နေကြတဲ့ ရုပ်ပွားတော်ကို ဆရာဘော်ကြီး တွေ ကန်တော့ပါ့မလား" ဟု မမျှော်လင့်ပဲ မေး လာသည်။

ဒါလည်း ဟုတ်တုတ်တုတ်။ အကယ်၍ ကျွန် တော် တို့၏ဘုရားဆောင်ကို ဆရာတော်ဘုရားတို့ က မမြင်မိလို့ ဆရာတော်ဘုရားတွေက ဝတ်မပြုမိ လျှင် သူတို့ အားငယ် ကြတော့မည်။ သံဃာ့ အဆောင်အတွင်း ထားရှိသော ဘုရားက ငယ် ငယ်ကလေးမဟုတ်၊ ရွှေတိဂုံစေတီတော်မှ ဘုရား လူကြီးတစ်ဦး၏ ကျေးဇူးဖြင့် လက်ခံရရှိထား သော ကျောက်ဆင်းတုတော်ကြီးဖြစ်၏။ သို့ရာ တွင် အခန်းက သေးငယ်နေသည်။ ဘုရားကို ဆရာတော်များ မမြင်လျှင်ဖြင့်....။ သူတို့ပြောမှ စိတ်ပူနေမိသည်။

ဒီလိုနှင့် ဆရာတော်များ ကြွလာကြသည်။

စာရေးသူတို့ စိတ်ပူမိသော အနာကြီးရောဂါ သည်များ ကိုးကွယ်သည့် ရုပ်ပွားတော်ကို ဆရာ တော်တို့ ဦးချကြသည်။ သံဃ မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မြို့မဆရာတော်ဘုရားက ဆိုဆုံးမစကား ပြောသည်။ မင်းကွန်းဆရာတော်က နာရီဝက် လောက် တရားချီးမြှင့်သည်။

မိမိတို့ ခံစားနေရသော ရောဂါကို အသာ မေ့ထားပြီး လူဘဝ ရခိုက် ငါးပါးသီလကို မပေါက်ရအောင် ကြိုးစား ဆောက်တည်ကြဖို့ အသေးစိပ် ရှင်းပြသည် ပရိသတ် အားလုံးက ကျေနပ်မှုရကြသည်။

ပြီးလျှင် ဝေဒနာရှင်များထဲမှ လူကြီးအချို့ နှင့် မင်းကွန်းဆရာတော်၊ ဥက္ကဋ္ဌ မြို့မဆရာတော် တို့ ၁၀-မိနစ်ခန့် ဆွေးနွေးဖို့ အချိန်ရလိုက်သည်။ ဆရာတော်များက အနာကြီးရောဂါသည် ဘုန်း ကြီးများကိုစွန့်ပတ်သက်၍ ရောဂါမဖြစ်သေးမီ သံဃာဝတ်ကို ကူးပြောင်းပြီးသူ ဖြစ်ပါက ဝိနည်း

ဖြင့် ငြိစွန်းသည် မဆိုနိုင်၊ ရော ဂါသည် များ အကြား သာသနာပြုသည်ကို အာပတ်ထိုက်ပါ သည်။ လိုအပ်ရင် ဤကိစ္စနှင့်ပတ်သက်၍ စိစစ်ပြီး အဖြေ အတိအကျပေးမည်ဟု မိန့်မြွက်ကြသည်။

တနားပွဲပြီးသောအခါ ဝေဒနာရှင်များ လှူ ဒါန်းသော ငွေ ၅၀၀ ခန့်ကို သံဃာ့အဆောင် တည်ဆောက်ရေးတွင် အသုံးပြုရန် သပိတ်၊ သင်္ကန်း စသည်တို့ကိုလည်း ဆေးရိပ်သာရွာတွင်း ရှိ ဘုန်းကြီးကျောင်း၌ သံဃာများ အသုံးပြုရန် ပြန်လည် လှူဒါန်းသွားကြသည်။ စတုမဓူ တစ် ပုလင်းကိုသာ ဆရာတော်များက လက်ခံယူကြ သည်။

ဝေဒနာရှင်အားလုံး ပီတိ ဖြစ်ကြလေသည်။ ဝမ်းသာလွန်းလို့ မျက်ရည်များပင် ကျခဲ့ကြသည်။ သံဃာတော်များ ပြန်ကြွသောအခါ မင်းကွန်း ဆရာတော်ဘုရားက စာရေးသူအား တိုးတိုးတိတ် တိတ် မှာသွားသော စကားမှာ....

"ဤ သံဃာ့အဆောင်အတွက် လိုအပ်သော ငွေကြေးကို ပြောပါ၊ ဆရာတော်လူလိုပါသည်" ဟု ဖြစ်၏။

သည်နောက်ပိုင်း၌ စာရေးသူက ထောက်ကြန့် မှ ပြောင်းရွှေ့ အမှုထမ်းရသည်။ ဆေးရုံမှာ လည်း လမ်းမကြီးဘေးတွင် တည်ရှိသဖြင့် မြင် လို့မတော်သောကြောင့် မန္တလေးသို့ ပြောင်းရွှေ့ လိုက်ကြသည်။ လက်ရှိဆေးရုံတွင်း၌ အမှီအခိုမဲ့ ဝေဒနာရှင်များသာ ကျန်ရှိခဲ့သည်။ ထို့ကြောင့် သံဃာ့ဆေးရုံကို တိုးချဲ့စရာ မလိုအပ်ခဲ့ပါ။ မင်း ကွန်း ဆရာတော်ထံမှလည်း ငွေအလှူမခံခဲ့ရပါ။ တည်ဆောက်ပြီး အဆောက်အအုံမှာတော့ ဂိလာ န သံဃာတော်များ သီတင်းသုံးနေကြဆဲ...။

ထောက်ကြန့် ပတ်ဝန်းကျင်ရှိ ဝေဒနာရှင် များ မမေ့နိုင်သော နွေမှာ (၉၊ ဂ၊ ၁၉၇၀) ရက်နေ့ ဖြစ်သည်ဟု ပြောဆိုနေကြဆဲ ဖြစ်ပါ သည်။

ဆရာဝန်တင်ရွှေ

အဘိဏှံရာဟုလောဝါဒသုတ် အချုပ်လင်္ကာ

၁။ မိဘ်ကောင်းမှီစေ၊ တောရပ်နေ၊ သုံးလေမတ္တညူ။
၂။ ပစ္စည်းလေးဖြာ၊ မတွယ်တာ၊ တဏှာငြိမ်းအောင်ပြု။
၃။ ပါတိမောက္ခ၊ သံဝရ၊ သီလလုံစေမှု။
၄။ တံခါးခြောက်ထွေ၊ ကွန်ရှော်၊ ငြိမ်စေပိတ်ဆို့ပြု။
၅။ သတိမြဲရာ၊ ကိုယ်၌သာ၊ ခန္ဓာငြီးငွေ့မှု။
၆။ သုဘန်မိတ်၊ ခွာရှောင်ဆိတ်၊ ဈာန်စိတ်ပိုင်အောင်ရှု။
၇။ အနိမိတ္တ၊ ထင်စေမှ၊ မာနကွာအောင်ပြု။
၈။ ဤနည်းကျင့်ပေ၊ ဝဋ်သုံးထွေ၊ ငြိမ်းလေမှန်သည်ဟု။
၉။ ရာဟုလာအား၊ ဒို့ဘုရား၊ ဟောကြားနေ့နေ့မှု....

မင်းကွန်း တိပိဋကဓရဆရာတော်

"နေ့စဉ် နေ့တိုင်း ပိဋ္ဌကသုံးပုံကို ရွတ်ဖတ်ပူဇော်သည်" ဟူသော စကားကို ကြားရရုံမျှဖြင့် အတုယူစရာ၊ အံ့သြစရာများ တသီကြီး ထွက်ပေါ်လာ၏။

၁။ ဘုရားဟော ပိဋကပါဠိတော်များကို ယေဘုယျအားဖြင့် စာကြည့်တိုက် ဗီရိုများ၌ တရိုတသေ ပူဇော်ထားရုံသာ ထားကြ၏။ အာဂုံဆောင်ဖို့ကို ထား၍ စာကြည့်ပြီး ရွတ်ဖတ် ပူဇော်ရန်ပင် စိတ်ကူး အာရုံမပေါ်ကြ။ "ဤသို့ ပြုလုပ်ရသော် ကောင်းလေစွ" ဟု အကြံဖြစ်သူ ရှားပါးလှ၏။

၂။ ထိုစိတ်အကြံ ဖြစ်ပေါ်သည့်တိုင်အောင် ပိဋကသုံးပုံ ပါဠိတော် အုပ်ရေ ၄၀ကို အစမှ အဆုံးတိုင် တစ်ခေါက် ပေါက်ရုံမျှ ရွတ်ဖတ် ပူဇော်ဖို့ပင် တော်တော့် သဒ္ဓါ၊ ဝီရိယနှင့် မလွယ်ကူ၊ အဓိဋ္ဌာန်ပါရမီ ပြည့်ညီမှသာ အောင်မြင်နိုင်၏။

၃။ ထို့ထက် နေ့စဉ်ဝတ်ထား၍ ရွတ်ဖတ်ပူဇော်ရန်မှာ သာ၍ပင် ခက်ခဲလေပြီ။ နေ့စဉ်နေ့တိုင်း ဝတ်မပျက်၊ တစ်သက်လုံး ပူဇော်သည် ဟုဆိုလျှင် ကား လူသာမန်တို့ ယုံကြည်ရန်ပင် မလွယ်ကူတော့ချေ။

ထိုသို့သော အာဇာနည် အရှင်မြတ်ကား မြန်မာနိုင်ငံ၌ အမှန်တကယ် ရှိခဲ့၏။ အာဇာနည်တို့ မည်သည် အကြောင်းအရာ တစ်ခုကို ရှုမြင်ရာ၌ လူသာမန်တို့ မြင်သလို မမြင်၊ ထို့ကြောင့်လည်း....

၁။ လူသာမန်တို့ ကြုံသော အကြုံမျိုးကို မကြုံ၊

၂။ လူသာမန်တို့ကဲ့သို့ မပြော၊

၃။ လူသာမန်တို့ လုပ်သလိုမလုပ်၊

ထို့ကြောင့်ပင် အာဇာနည်မည်၍ ထိုအာဇာနည်တို့၏ စိတ်နေ၊ သဘော၊ အပြော၊အလုပ်တို့ကို လူသာမန်တို့ အတုယူလိုက်နာဆောင်ရွက်ဖို့ကို မဆိုထား၊ ယုံရမည်ကိုပင် ဝန်လေးနေတတ်ကြသည်မှာ လောက၏ ဓမ္မတာပင်။

ရွှတ်ဖတ်ပူဇော်ပုံ အစီအရင်

ဈာန် မဂ်ဖိုလ် နိဗ္ဗာန်ရကြောင်း သမထ, ဝိပဿနာအလုပ်ကို မဆိုထား၊ ဝတ်တက်ဝတ်ကပ် ရွှတ်ဖတ်ပူဇော်သော အခြေခံအပိုင်းမှာပင် လူသာမန်တို့နှင့် ကွာခြားချင်တိုင်း ကွာခြားနေ၏။ လူသာမန်တို့ကား ဒအသက်ကြီးသောအခါ ဘုရားရှေ့သွားပြီး ဩကာသကန်တော့ခန်း၊ သီလတောင်းကုန်ဘော် ပါဠိအနုက်မျှလောက်ကိုပင် မရ။ ဘာသာစာပေများကို တစ်အုပ်ပြီးတစ်အုပ် ဝယ်ယူဖတ်ရှု မလုလာနိုင်သူ၊ ဘာသာရေးသင်တန်းကြီးများ တက်ရောက်နေသူတို့ပင် ပရိတ်ကြီး ၁၁-သုတ်ကိုမျှ အာဂုံမရ။ ဓမ္မာစရိယတန်းလောက် ပေါက်မြောက်သူ ပါဠိဆရာကြီး များပင် ဓမ္မစကြာ၊ အနတ္တလက္ခဏာ၊ သတိပဋ္ဌာန်များကို အမိအရ ရှိဖို့ထား၍ ဂုဏ်တော်ဖွင့်နှင့် ပရိတ်လောက်ကုပင် မေ့ပျောက်နေဘတ်ကြရာ ပဋ္ဌကသုံးပုံကို နေ့စဉ်ရွတ်ဖတ်ပူဇော်သော ဆရာတော် အကြောင်းကို ပြောပြရသည်မှာ ပြောရသူကိုပင် အားပျက်စရာကောင်းနေပေတော့သည်။

သို့သော် မြတ်စွာဘုရားရှင် ဘုရားဖြစ်တော်မူဦးစ တရားဟောရန် စိတ်အကြံတော် တွန့်ဆုတ်နေသောအခါ သဟမ္မတ်ဗြဟ္မာမင်းကြီး လျှောက်သော "ဟောလျှင် သိမြင်နိုင်မည့်သူများ ရှိပါသေးသည်"ဟူသကဲ့သို့ မူလက စိတ်ကူးအကြံရ၍ မလုပ်မိခဲ့သော်လည်း 'တုယူအားကျမည့်သူများ ရှိနိုင်ကောင်း၏'ဟု အားဗင်းကာ ရေးသား ဖော်ပြရပါသည်။ အနည်းဆုံး ထိုဆရာတော်ဘုရားကြီး၏ ကျေးဇူးဂုဏ်ကို ထုတ်ဖော်ပူဇော်ရ၊ ဖတ်ရှုကြည်ညိုရသော ကုသိုလ်စိတ်ကိုမူ ရေးသူ၊ ဖတ်သူ နှစ်ဦးနှစ်ဝ ရရှိကြမည်မှာ မလွဲပါချေ။

ထိုဆရာတော်ဘုရားကြီးကား ကျေးဇူးရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇ မင်းကွန်းဆရာတော်ဘုရားကြီး၏ ငယ်ဆရာ မင်းကွန်း မူလ ဓမ္မနာဒ ဆရာတော်ဘုရားကြီး ဦးပညာစက္က (၁၂၄၇-၁၂၉၉)ပင် ဖြစ်ပါသတည်း။

မူလ ဓမ္မနာဒ ဆရာတော်ဘုရားကြီးသည် သက်ရွယ်တော် ခပ်ငယ်ငယ်ကပင် ကျောင်းရှိ ပိဋကသုံးပုံ ပါဠိတော်စာအုပ်များ၊ ဓမ္မဇောတ်များကို ဘုရားရှေ့၌ စားပွဲများ ခင်းလျက် စားပွဲပေါ်၌ စနစ်တကျ အမြဲ ပူဇော်ထားရှိ၏။

ဝိနည်း ၅-ကျမ်း ပါဠိတော်၊ သုတ္တန် ၃-ကျမ်းပါဠိတော်၊အဘိဓမ္မာ ၇-ကျမ်းပါဠိတော်၊ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊အင်္ဂုတ္တရနိကာယ်၊ခုဒ္ဒကနိကာယ်၊နိကာယ်အလိုက်စားပွဲပေါ်တန်းဝိသဒ္ဓိစလျက် မြတ်စွာဘုရားရှင်အား ပူဇော်သကဲ့သို့ ပန်း၊ ဆီမီးမှအစ သီးခြားပူဇော်၏။ အထူးသဖြင့် နံ့သာ ရေမွှေးများဖြင့်လည်း တုံမွှမ်းဆွတ်ဖျန်း ပူဇော်တော်မူ၏။ "မွှံ ပူဇေမိ"ကို လက်တွေ့အမြဲပွားယဖွင့်ပြနေသကဲ့သို့ ရှိသည်။ နှစ်ဆန်း ၁-ရက်နေ့မှ စတင်၍ ရွတ်ဖတ်ပူဇော်ရာ တစ်နှစ်တာကုန်ဆုံးသောရက်တွင် ပဋ္ဌကသုံးပုံ အစအဆုံး ရွတ်ဆိုပူဇော်ပြီး ဖြစ်၏။

ဆရာတော်၌ တစ်နေ့တာ ရွတ်ဖတ်ပူဇော်မှု စံနှုန်းရှိနေပြီး ဖြစ်သည်။ တစ်ဖန် နှစ်ဆန်း ၁-ရက် ရောက်ပြန်လျှင် ဝိနည်း ၅-ကျမ်းမှစကာ တစ်ကြော့ပြန်၍ တစ်နှစ်တာ စပြန်လေသည်။

"ဓမ္မနာဒ-တရား ရင့်ကျူး ကြွေးကြော်ရာ ကျောင်းတိုက်" ဟူသော အမည်သည် မည်ကာမတ္တ၊ မှည့်ကာမတ္တ မဟုတ်။ အလုပ်နှင့်အပြော တသဘောတည်း ဖြစ်သကဲ့သို့ အမည်နှင့်အရည်၊ အသံနှင့်အဆံလည်း တစ်ကြုံဟည်း ကိုက်ညီကာ အနွှတ္ထသညာ ဖြစ်လေတော့၏။

ပိဋကသုံးပုံဆောင်ဆန္ဒ နှိုးဆွသယောင်

ဆရာတော် နေ့စဉ် ဓမ္မဒေတီ ပါဠိတော်များကို ဖုန်သုတ်ခြင်း၊ အမွှေးနံ့သာများဖြင့် ပူဇော်ခြင်းများ ပြုလုပ်နေသည်ကို တွေ့မြင်နေရတာပင်လျှင် ကြည်နူးဖွယ်ကောင်းလှ၏။ ဆရာတော့် အမူအရာမှာလည်း တည်ငြိမ် အေးချမ်းလှဘိသည်။

အမွှေးနံ့သာ၊ ပန်း၊ ဆီမီး၊ ရေချမ်းများ ပူဇော်ပြီးလျှင် ဓမ္မဒေတီများအနီး ကြမ်းပြင်၌ ကျုံ့ကျုံ့ကလေးထိုင်ကာ လက်အုပ်ချီလျက်က စာတင်ခုံ အမြင့်၌ အနေတော် လှန်ချထားသော ပါဠိတော်များကို တစ်လုံးချင်း ပီပီသသ၊ လေးလေးပင်ပင် ရွတ်ဖတ်ပူဇော်လေ့ရှိ၏။

နေ့စဉ်နှင့်အမျှ မြင်တွေ့နေရသော ထိုမြင်ကွင်းမှာ ယေဘုယျ ကံ့ရင်၊ ဦးပဉ္စင်းများအဖို့ ကြာညှိုရသည်မှအပ မထူးခြားလှသော်လည်း ကံ့ရင် ဝိစိတ္တာသာရ၊ ဦးပဉ္စင်းကလေး အရှင် ဝိစိတ္တာသာရာဘိဝံသ အတွက်ကား ဖော်မပြနိုင်သော ခံစားချက်များကို ဖြစ်ပေါ်စေခဲ့၏။ အခိုက်အတံ့အား ဖြင့် ငုပ်ကွယ်နေသော မြင့်မြတ်သည့် ဆန္ဒဓာတ်တစ်ခုကို နှိုးဆွပေးနေသယောင် ရှိတော့သည်။

အရှင်ဝိစိတ္တာသာရာဘိဝံသသည် အစဉ်အလာ စာမေးပွဲများ အဆင့်ဆင့် အမြင့်ဆုံးနေရာကချည်း ဖြေဆိုအောင်မြင်ပြီးသောအခါ မိမိငယ်ဆရာ နှိုးဆွပေးလိုက်သော သဒ္ဓါဆန္ဒများ တစ်နေ့တခြား ကြီးထွားလာ၏။ သို့နှင့် အထူးကြည်ညိုလျက်ရှိခဲ့သော ပါဠိတော် သုတ္တန်ကြီး အချို့ကို အာဂုံကျက်၍ပင် နေ့စဉ် ရွတ်ဖတ်ပူဇော်နေခဲ့၏။

ပိဋကမှော်ပေါက်တာ သူများကိုမပြောနှင့်

ရွတ်ဖတ်ပူဇော်ဖန်များလာသောအခါ အရှင်ဝိစိတ္တာသာရာဘိဝံသ၌ ထူးခြားသော အသိအမြင် ဒဿနအခေါ်များ ဝင်လာ၏။ မြတ်စွာဘုရားရှင် အပေါ် ကြည်ညိုမှု၊ ရွတ်ဖတ်ရင်း၊ ရွတ်ဖတ်ရင်း ယခင်က မဖြစ်ဖူးသော အသိဉာဏ်များ လျှင်စစ်ဘဝ်သီး ပွင့်သလို ပွင့်လာမှုများ တစ်နေ့တခြား ဖြစ်ပေါ်လာ၏။ နှစ်,လ,ချီ၍ ကြာသည်ထက်ကြာလာသောအခါတွင်ကား ထိုမျှလောက်မက နေမှု၊ စားမှု၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်က မိမိအပေါ် ခင်မင်လေးစား သဘောထားမှု၊ မိမိ ဖြစ်လိုလုပ်လိုသောအရာများ အထူး ကြောင့်ကြမဖိုက်ရဘဲ အလွယ်တကူပြီးစီး အောင်မြင်မှု စသည်ဖြင့် မိမိကိုယ်ကိုယ် မိမိ အဆင်ကြီးလောက်အောင်၊ အတွေးအယူ မဘည့်မတ် သူများအဖို့ တန်ခိုးကြီးသော ပုဂ္ဂိုလ် တစ်စုံတစ်ယောက်က အမြဲတမ်း စောင့်ရှောက်ကူညီပြီး လိုဘာတွေ အကုန်ပြည့်

အောင် ပါရမီဖြည့်နေ၊ မ စနေသလား၊ တိပိဋကမှော်ပင် ပေါက်နေရော့သလား' ထင်ရလောက်ပင် စဉ်းစားစရာတွေ၊ ထူးခြားသော ခံစားမှုတွေ များစွာ ဖြစ်ပေါ်လာလေသည်။

အရှင်ဝိစိတ္တာသာရာဘိဝံသသည် ထိုအသိအမြင် ခံစားချက်များကို မျိုသိပ်မနေနိုင်ဘဲ ဓမ္မနာဒ ဆရာတော်ဘုရားကြီးအား ဖွင့်ဟ၍ပင် လျှောက်ထားမိလေတော့၏။ ပထမတွင် ဆရာတော်ကြီးကား ကြည်နူးစွာပြုံးလျက်ပင် နေတော်မူ၏။ ပိဋကကို ရွက်ဖတ်ပူဇော်ရခြင်း၏ အကျိုးကျေးဇူးကို အတန် အသင့် ရိပ်စားမိလာသော တပည့် တစ်ဦး ပေါ်လာ၍ များစွာလည်း အားတက်တော် မူဟန်ရှိသော အပြုံး၊ နှလုံးငြိမ်းချမ်းသော အကြည့်ဖြင့် ရွှန်းရွှန်းကြီး ကြည့်တော်မူကာ....

"အင်း....ဦးပဉ္ဇင်း၊ ဒီအကြောင်းကို သူများတွေ လျှောက်မပြောနှင့်၊ မလုပ်တဲ့သူတွေက ဘယ်လိုမှ ယုံကြမှာ မဟုတ်တော့ ငရဲကြီးတတ်တယ်၊ ဒါတင်မကဘူး ဦးပဉ္ဇင်း ယောနိသောမနသိကာရ မထားတတ်တဲ့လူတွေအဖို့ ဦးပဉ္ဇင်းတို့၊ ငါတို့ ဒီလို အမြဲပူဇော်နေတာကိုပဲ 'ဘုန်း' ကြီးချင်လို့၊ သိဒ္ဓိတွေ ပေါက်ချင်လို့ထင်မှတ်ပြောဆိုမိရင် တို့များလဲ မကောင်းဘူး။ပြောတဲ့လူလဲ မကောင်းတော့ဘူး" ဟု မိန့်တော်မူလေသည်။

ကမ္ဘာပေါ်မှာ အမြတ်ဆုံးစကားလုံးများ

"သူများတွေကို မပြောပါဘူး ဘုရား၊ ဘုရားတပည့်တော် စိတ်ထဲမှာ သဘောပေါက်လာတာကိုသာ လျှောက်စမ်းကြည့်တာပါ" ဟု လျှောက်ရလေ၏။

ဤနေရာ၌ ပိဋကရွက်ဆိုပူဇော်မှု အာနိသင်ကို ကိုယ်တွေ့သဘောပေါက်နေသူ အရှင် ဝိစိတ္တာသာရာဘိဝံသ မဟုတ်မူ၍ အခြားတစ်ပါးပါးသာ ဖြစ်ပါမူ ဆရာတော်သည် အောက်ပါ စကားများကို ဆက်လက် ဖွင့်ဆို မိန့်ကြားတော်မူလိမ့်မည်ဟု မျှော်လင့်ရပါသည်။

"အေး....မပြောနှင့်၊ ကိုယ်သိ ကိုယ့်ဝမ်းထဲမှာပဲထား၊ ဒီမှာ ဦးပဉ္ဇင်း.... ပါဠိတော်သုတ်တိုင်းမှာလိုလို ဦးပဉ္ဇင်းတို့နေ့စဉ်တွေ့နေတဲ့ 'အာဒိကလျာဏံ၊ မဇ္ဈေကလျာဏံ၊ ပရိယောသာနကလျာဏံ၊ သာတ္ထံ၊ သဗ္ယဉ်နံ ကေဝလပရိပုဏ္ဏံ၊ ပရိသုဒ္ဓံ၊ ဗြဟ္မစရိယ ပရိယောသာနံ'ဆိုတဲ့ ဂုဏ်ပုဒ်တွေဟာ "ဒီဘုရားဟာ တရားတော်၊ ပါဠိတော်တွေရဲ့ ဂုဏ်တွေပဲ မဟုတ်ဟား၊အစ အလယ် အဆုံး ကောင်းတယ်။ သဒ္ဒါအနက်ဖြည့်စွက် ပယ်နုတ်စရာမရှိ၊ အပြည့်စုံဆုံး၊ အကောင်းဆုံး အကျင့်တရားအတွက် တပ်ပေးလိုက်တဲ့ တရားစကားတွေ။

"သွာက္ခာတော ဓမ္မောဆိုရင်ပဲ ပဋိပတ်သာဓက ဒီဇာဓေရိယတို့ ပါဠိတော် စကားလုံးတွေ အကုန်ပါသွားတယ်၊ သံဃ်အပြင်ဟာ မပြောပါနှင့် ပါဠိတော်စာအုပ်တွေမှာ သုတ်တစ်ခုမှာ ပထမဆုံးတွေ့ရတဲ့'ဧဝံ မေသုတံ'ဆိုတဲ့ စာပိုဒ်ကိုက ဟော....ပျက်နေတဲ့ ဝိဇ္ဇာတ္တိစက် လေးပါးစလုံး တစ်ခါဘည်း လည်ပတ်သွားစေတယ်၊ ရွှတ်တဲ့၊ ဖတ်တဲ့၊ နာကြားတဲ့ သတ္တဝါတွေ၊ လူတွေ၊ နတ်တွေ၊ ဗြဟ္မာဘွေအားလုံး အကုန်လုံး သမ္ဗတ်ဆိုက်ပြီး အစီးပွားချမ်းသာတွေ ရသွားစေနိုင်တယ်ဆိုတာကို ဖော်ပြဘာပဲ မဟုတ်လား၊ ဒီလောက် ကျေးဇူးများတဲ့ စကားလုံးတွေ။

"ဘာသာတရားတစ်ပါးမှာ ဘယ်ဘာသာစကားကို ပြောဆိုရွတ်ဖတ်လို့မှ ပဋိသမ္ဘိဒါပတ္တာ မဖြစ်စေနိုင်ဘူး မဟုတ်လား၊ မြတ်စွာဘုရားဟောတော်မူတဲ့ ပါဠိတော်တွေကျတော့ သင်ကြားရွတ်ဖတ်ရတယ်ဆိုရင်ပဲ ပဋိသမ္ဘိဒါဉာဏ် ရစေနိုင်တယ်၊ ဒီလောက် တန်ဖိုးရှိတဲ့ ဘာသာစကား၊ ခုနက ပြောတဲ့ 'သာတ္ထံ သဗ္ယဉ္ဇနံ' ဆိုတာ ဒီပဋိသမ္ဘိဒါဉာဏ်တွေပါ ပါသွားတယ်။ ဦးပဉ္ဆင်းကို အဋ္ဌကထာကြည့်ရင် ဒါတွေပဲ ထပ်ချည့်တလဲလဲ တွေ့နေရတာ၊ ဘေဒစိန္တာမှာ ဒါကိုပဲ 'သော ဟာ'နှုသဝနံ ပဋိသမ္ဘိဒါယ စ ပစ္စယော' ဆိုပြီး အာဂုံဆောင် ဂါထာ ရေးထားတာ မဟုတ်လား။

"အေး....ဒီလောက် ကြီးကျယ်မြင့်မြတ်တဲ့အကျိုးတွေ ရစေနိုင်တာ ဘာမှမဆန်းဘူး ဦးပဉ္ဆင်း၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း စီးပွားဥစ္စာ၊ အင်္ဂါခြေလက်၊ အသက်ပေါင်းများစွာ စတေးပြီး ဆည်းပူးမှ ရရှိတော်မူတဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့ ဟောထားတဲ့ စာတွေ၊ တရားတွေဆိုတော့ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းက အင်အားသတ္တိတွေ၊ တန်ခိုးတွေ စကားလုံးဝိုင်းမှာ အကုန် ပါဝင်ကိန်းအောင်းနေတာ၊ ဒါကြောင့် အဲသလို အကျိုးတွေများတာ၊ တစ်လုံးတစ်ပါဒ ရွတ်ရ၊ ဖတ်ရ၊ နာရကြားရရုံနှင့် ဒီလို ဂုဏ်ကျေးဇူးတွေ ရနိုင်တာ၊ ဒါ့ကြောင့် သုတ္တန်ပါတ် ပါဠိတော် သုဘာသိတသုတ်မှာ....

ယံ ဗုဒ္ဓေါ ဘာသတိ ဝါစံ၊
ခေမံ နိဗ္ဗာနပတ္တိယာ။
ဒုက္ခဿန္တကိရိယာယ၊
သာ ဝေ ဝါစာနုမုတ္တမာ။

"ဒါ့ကြောင့် ကမ္ဘာပေါ်မှာ ဘာသာစကားတွေအနက် ဘုရားရှင်ရဲ့ စကားလုံးတွေဟာ စကားလုံးဟိုင်း စကားလုံးတိုင်း နိဗ္ဗာန်ရောက်ကြောင်း၊ ဒုက္ခကင်းကြောင်း၊ ချမ်းသာကြောင်းဖြစ်လို့ အမြတ်ဆုံး အကောင်းဆုံး စကားလုံးတွေလို့ ဟောတော်မူတာ၊ အဂုံတို့ရဲ့၊ သောတာနုဂတသုတ်မှာ ဟောတဲ့အတိုင်းပေါ့၊ နာမိကြည့်မိတော့ ကျက်ထား၊ ဆောင်ထားပြီး(ဓာဘာ)၊ နှုတ်ကရွတ်မယ် (ဝစသာပရိစိတာ)၊ ရွတ်ဘော့ စိန္တာမယဉာဏ်နဲ့ အနက် အဓိပ္ပာယ်စဉ်းစားရော(မနသာနုပေက္ခိတာ) နောက် ဘာဝနာမယဉာဏ်နဲ့ လက်တွေ့ဖြစ်အောင်လုပ်တယ်၊ (ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ) ဒီတော့ မဂ်ဖိုလ် နိဗ္ဗာန်ဟာ အနှေးနဲ့အမြန်ရတော့တာပဲ။ဒီလောက်ကြီးကျယ်မြင့်မြတ်တဲ့ အကျိုးကျေးဇူးတွေရှိနေလေတော့ ဒီ ဘုရားစကားတွေ ရွတ်လို့ ဖတ်လို့၊ ကြားနာရလို့ ဘယ်လို အန္တံရာယ်ကင်းတယ်၊စီးပွားဥစ္စာတိုးတယ် ဆိုတာတွေဟာ အမည်တပ်ပြီး ဘာမှဒုပြောစရာ မလိုဘဲဘူး" ဟုလည်း မိန့်တော်မူးလေ၏။

ကျေးဇူးရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇ မင်းကွန်းဆရာတော်ဘုရားကြီး ပိဋကသုံးပုံဆောင်'တစ်ပါးတည်းသော တရား ဘဏ္ဍာစိုးကြီး'ဖြစ်တော်မူရာ၌ မူလ မေမနာဒ ဆရာတော်ဘုရားကြီး၏ ပိဋကသုံးပုံကို နှေ့စဉ်ရွတ်ဖတ်ပူဇော်ခြင်းနှင့် ယင်းသို့သော အဆုံးအမတို့သည် ပဓာနတွန်းအားကြီး ဖြင့်ကောင်း ဖြစ်ပေလိမ့်မည်ဟု မှန်းဆရပေသည်။

နန္ဒမူလိုဏ်ဂူတွင်းမှာ သင်းပျံ့လို့မွှေး

တစ်ဖန် "ကြည့်သောသူသည် မြင်၏" ဆိုသကဲ့သို့ ယခုအခါ လွန်စွာ တာဝန်ကြီးလေးလှသော နိုင်ငံတော် သံဃာ့ကိစ္စများနှင့် အထက်အောက် မြန်မာနိုင်ငံ ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးနှစ်ခု ဖြစ်ပေါ်လာစေရန် ကံ့ယ်အား၊ ဉာဏ်အား၊ ပညာအား၊ ပစ္စည်း(အဆောက်အအုံ)အား ရှိသမျှ အားများကိုသုံးကာ အလွယ်တကူနှင့် ဦးဆောင်တော် မူနိုင်သည်မှာ ထို လေးသခြေနှင့် ကမ္ဘာတစ် သိန်းအားများကြောင့်ပင် ဖြစ်ပေလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့သည် အလွန်တရာ ရခဲ့သော ဝရဇိန် လက်နက်ကြီးကို သား မုဆိုးလိုက်ရာ၌ သုံးစွဲနေသကဲ့သို့ ကြုံတောင့်ကြုံခဲ ထူးကဲလွန်မြတ်သော ဆရာ တော် ဘုရားကြီးထံမှ မဟာဗုဒ္ဓဝင်ကဲ့သို့သော ကျမ်းစာများ၊ တရားစကားများ၊ အဆုံးအမများကို အချိန်ပြည့် နည်းခံမှတ်ယူပူဇော်နေကြရမည့်အစား လေးသခြေနှင့် ကမ္ဘာတစ်သိန်းအားကြီးကို ဗဟိုဒ္ဓ သာသနာ(အုတ်၊ သစ်၊ ကျောက်ရရေး)၌ ရှေ့တန်းတင် သုံးစွဲနေကြရသည်မှာ ဝမ်းနည်းဖွယ် ကောင်းလှပေသည်။

တိပိဋကဓရ၊ လမ်းပြရှေ့သွား၊ ဓမ္မနာဒ ဆရာတော်ဘုရားကြီး (ဦးပညာစက္က)အကြောင်း ကျွန်ုပ်တို့ မှတ်သိနာကြားဖူးသမျှ အနည်းငယ် ဆက်၍ ပြဆိုပါဦးအံ့။

ဆရာတော်ဘုရားကြီးသည် မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက်ကြီး၌ သံဃာ လေးပါး ဆယ်၏ ပရိယတ္တိပညာရေး(ပရဟိတ၊ သာသနဟိတ)အတွက် (ဥစ္စာသော ပိဋကသူရဲကောင်း ကြီး တစ်ဦး ထွက်ပေါ်နိုင်သည့်တိုင်အောင်) အလေးပေး စွမ်းဆောင်တော်မူသည့်ကြားက အတ္တ ဟိဘ၊ သာသနဟိတပြဆိုခဲ့သော ဓမ္မပူဇာအလုပ်ကိုလည်း ရာသက်ပန် ဝတ်မပျက် ဆောင်ရွက်တော် မူခဲ့၏။

စာဝါများ အားလပ်ခိုက်တွင်လည်း နေ့စဉ်လိုပင် အရည်ဝါ ကေစာ နေတော်မူလေ့ရှိ ကြောင်း သိမှတ်ရ၏။ ဓမ္မနာဒခြောင်၏ အနောက်မြောက်ဘက်တွင် ဥရုဝေလခြောင်ဟူ၍ ရှိသည်။ (ယခု ဗောဓိပက္ခိယခြောင် မြောက်ပိုင်း)။ ယင်းခြောင်သည် ဓမ္မနာဒခြောင်နှင့်စာလျှင် လူသံသူသံ ကင်းဝေးဆိတ်ငြိမ်၏။တောင်ကမ်းပါးယံတွင် တစ်ပါးနေ လုံဏ်ဂူ တစ်ခုကိုလည်း ဖန်တီးတော်မူထား သည်။ "နန္ဒမူလိုဏ်ဂူ" ဟု သမုတ်တော်မူထား၏။

"နန္ဒမူ ဖန်ဂူရိပ်မှာ၊ ပစ္စေကာ ချွေးတော်သိပ်တယ်" ဟူသော ဂဇျာကဲ့သို့ ဆရာတော်သည် နေ့စဉ်ပင် နန္ဒမူလိုဏ်ဂူ၌ ဧကစာသီတင်းသုံးက၊ ဘာဝနာတရားဖြင့် မွေ့လျော် တော်မူလေ့ ရှိ၏။ ဗုဒ္ဓါနုဿတိ ဘာဝနာ၌ များစွာ လေ့ထုံတော်မူတတ်၍ ဆရာတော် ကေစာ သီတင်းသုံးသော နန္ဒမူလိုဏ်မှာ အမြဲတမ်း မွှေးကြိုင်သင်းပျံ့သော ရနံ့များ လှိုင်နေသည်ဟု ဆိုပါသည်။

"ဓမ္မနာဒဆရာတော်ကား သက်တော်မရှည်ရှာပါ။ ၁၂၉၉–ခုနှစ်၊ တော်သလင်း လပြည့် ကျော် ၉–ရက်၊သက်တော်(၅၂)နှစ် ပျံလွန်တော်မူခဲ့၏။ ပျံလွန်ခါနီး တရားနှင့် စပ်၍ ဆရာတပည့် ပြောဆိုကြသော စကားများမှာ အလွန်မှတ်သားဖွယ်ကောင်း၏။

အရှင် ဝိစိတ္တာသာရာဘိဝံသသည် မိမိဉာဏ်ဩဇာယ်ဆရာ သေရာညောင်စောင်း၌ လဲလျောင်းလျက်နေ လျက် ရုက်ပိုင်းမျှသာရှိနေချိန် ရောဂါဒဏ်ချက်ကြောင့် တရားနှလုံးသွင်းမှု ပျက်ကွက် မွေ့လျော်နေမည်

ကို စိုးရိမ်နေရှာ၏။ပညာရှိတို့မည်သည် တိုက်ရိုက်လည်း ပြောရိုးမရှိ၊ဆရာတပည့်ဖြစ်၍လည်း ဇလေးစား သမှုပြု၍ အသုံးအနှုန်းဆင်ခြင်ရပြန်၏။ သို့နှင့် တခဏမျှ စဉ်းစားပြီး ဇလိုလဲလို့လဲ သတိပေးသောအား ဖြင့် အရဲစွန့် လျှောက်ထား မေးစမ်းကြည့်သည်။

တပည့်။ ။ဆရာတော်ဘုရား....၊ အသည်သင်္ဘံ ရောက်သွားကြတဲ့ ဗြဟ္မာတွေမှာ နာမ်တရားကို ရွံ.ရှာမုန်းတီးတာဟာ လမ်းမှန်တယ် မဟုတ်လားဘုရား။

ဆရာ။ ။အေး....မှန်တယ်ကွ။

တပည့်။ ။အရူပဘုံသွားကြတဲ့ ဗြဟ္မာတွေမှာ ရုပ်တရားကို ရွံ.ရှာမုန်းတီး စက်ဆုပ်ကြတာကော ဘုရား၊ လမ်းမှန်ပဲ မဟုတ်လား။

ဆရာ။ ။အိမ်း....မှန်တယ်ကွ။

တပည့်။ ။ဒါဖြစ်လျှင် ဘုရား....၊အဲဒီ အမှန်နှစ်ခုကို စုပြီးတော့ ''ဓီ....နာမရူပံ၊ (နာမရူပံ= နာမ် ရုပ် တ ရား နှစ် ပါး သည်၊ ဓီ = စက်ဆုပ်ဖွယ် ကြောက်လန့်ဖွယ်တွေပါတာကား) ဓီ.... နာမရူပံ''လို့ အဲဒီလို နှလုံးသွင်းလျှင် ပြည့်စုံနိုင်တယ်မဟုတ်လား ဘုရား၊ ဘာလိုသေးတယ်လို့ ပြောစရာ မရှိဘူး မဟုတ်လား ဘုရား။

ဆရာတော်ကား တာဝန်သိသော သူ့တပည့်ချစ်တစ်ဦးအား ပညာရှိ စကားသွားမည်သို့သော အဓိပ္ပာယ်ဖြင့် လျှောက်ထား နေ သည် ကို အဘယ်ပင် သိတော်မူ၏။ ထို့ကြောင့် ဆရာတော်က တခဏချင်းပင် တပည့်ငယ်၏ ကြောင့်ကြပူပန်ခြင်းလည်း ရှင်း စေတော့၊ နည်းလမ်းညွှန်ပြ ဓမ္မအမွေလည်း ပေးရာရောက်စေတော့ဟု နှလုံးပြုတော် မူလျက်....

ဆရာ။ ။အိမ်း....ဟုတ်ပါတယ်။ ဒါပေမယ့်ကွာ .... ဟို .... တို့ .... သံယုတ် ပါဠိမတော် ထဲမှာလာတဲ့ အသက် ၇-နှစ်မျှသာ ရှိသေးတဲ့ ဝဇီရာထေရီ ရဟန္တာမကလေးထံ မာရ် နတ်ဟ လာပြီး မဟုတ်မဟပ် ပြောဖူးတယ်။ အဲဒီလို ပြောတုန်းက ဘိက္ခုနီမကလေးက ပြန်ရွတ်ဆိုပြတဲ့ ဂါထာ တစ်ခု ရှိတယ်။အဲဒီ ဂါထာက....

(က) ဒုက္ခ'မေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာ'ညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ-လို့
ရှိတယ် မဟုတ်လား။

တပည့်။ ။ပါရှိပါဘယ်ဘုရား။
(က္လမသို့' ကာယေ= ဤကိုယ်ကာယ၊ တလံမျှ၌။ ဒုက္ခမေဝ ဟိ = ရုပ်နာမ် နှစ်ပါး၊ ဒုက္ခတရားသည်သာလျှင်။ သမ္ဘောတိ = ဥပါဒ်ထင်ရှား၊ဖြစ်ပွား၍ နေရှာ၏။ ဒုက္ခ = ရုပ်နာမ်နှစ်ပါး၊ ဒုက္ခတရားသည်။ တိဋ္ဌတိစ=ဌီ ခဏအနေဖြင့် တည်လည်း တည်ပေ၏။

ဝေတိစ=ဘင်ခဏာသို့ရောက်၍ ချုပ်လည်း ချုပ်ပျောက်၏။ ဒုက္ခာ=ရုပ်နာမ်နှစ်ပါး၊ဒုက္ခတရားကို။ အညတြ ဌပေဘွာ=ချန်လှပ်ဖယ်ရှား၊ အလွယ်ထား၍။ အည်=တစ်ပါးသော အ ဝ္တ လိပ် ပြာ၊ သတ္တဝါ သည်။ နှ သမ္ဘောတိ = ဖြစ်သည်လည်း မဟုတ်။ ဒုက္ခာ= ရုပ်နာမ် နှစ်ပါး၊ ဒုက္ခဘရားမှ။ အည် = တစ်ပါးသော အတ္တလိပ်ပြာ၊ သတ္တဝါဆိုတဲ့ သဘောသည်။ နှ နိရုဇ္ဈတိ = ချုပ်သည်လည်း မဟုတ်)

ဆရာ။ ။အေး .... ဒီတော့ ရုပ်နာမ်တရား ချုပ်ကြည့်လိုက်လျှင် ဒုက္ခပဲ။ ဒုက္ခဆိုတာ ရုပ်နာမ်တရားပဲ။ ဒီတော့ သူက (ထေရီမကလေးက) အလွန် ဉာဏ်ဆက်တဲ့ ပုဂ္ဂိုလ်ဆိုတော့ "ဒုက္ခလို့" ဆိုလိုက်လျှင် ရုပ်နာမ်တွေ အ ကုန် မြင် ကုန် တယ် ကွ။ ဒီတော့ တို့အနေနဲ့ ဆိုလျှင် အဲဒီ ဒုက္ခဆိုတဲ့ နေရာမှာ ဒုက္ခရဲ့အရတရားကိုယ်ဖြစ်တဲ့ နာမ်ရုပ်နဲ့ သွားလျှင် ပိုမကောင်းဘူးလားကွ။

နာမရူပံဝ သမ္ဘောတိ၊ တဝ တိဋ္ဌတိ ဝေတိ စ။

နာ'ညတြ တမှာ သမ္ဘောတိ၊ နာ'ညံ တမှာ နိရုဇ္ဈတိ....

အဲသည်လို နှလုံးသွင်းကွ၊သိပ်ကောင်းတာပဲဟု မိန့်ကော်မူလေရာ "နောင်အခါပရိယတ္တိသာသနာ့ တာဝန်တွေ ပိလာတဲ့ကြားမှာ ဒီ တ ရား ကို မင်းသာ မမေ့ရစ်လေနှင့်" ဟု မှာကြားသကဲ့သို့ နား, သတိ, အသိဉာဏ်ရှိသော အရှင် ဝိစိတ္တာသာရာဘိဝံသမှာ အတိုင်းထက်အလွန် ဝမ်းသာသွား၏။ တပည့်တော်တစ်ဦး၌ ထားရှိအပ်သော တာဝန်ကျေသည့်အပြင် ကြောင့်ကြစိတ်လည်း ပြေသွား၏။ တရားဘာဝနာ နှလုံးသွင်းပုံ ဓမ္မအမွေကိုပင် ရရှိလိုက်သေးသည်။

အရှင် ဝိစိတ္တာသာရာဘိဝံသကား ထိုလျှပ်တစ်ပြက် လျှောက် ထား ပြော ဆို ရ ခြင်း ကို ရာသက်ပန် မမေ့နိုင်အောင်ရှိလေ၏။ ထို့ကြောင့်လည်း ထိုဂါထာကလေးကို အနက်မြန်မာပြန်၍ သီတံသက်ာကလေ ပင် ရေးထားသည်။ သားသမီးတပည့်ကောင်းတို့မည်သည် မိဘဆရာသမားတို့ လွန်ခါနီးကာလ မြွက်ဟ မိန့်မှာသည့်စကားကို မြေဝယ်မကျ မှတ်သား နာယူကာ လိုက်နာကြမြဲ မဟတ်ပါလော။

* ဤကိုယ်ကာယ၊ တလံမျှဋ္ဌ၊ နှစ်ဝ နာမ်ရုပ်၊
ဖြစ်၍ချုပ်၏၊ နာမ်ရုပ်နှစ်ပါး၊ အလွတ်ထား၍၊
ဤကား လိပ်ပြာ၊ ဤကား ငါတည့်၊ ဤမှာ ဇီဝ၊

ဤအတ္ထဟု၊ ညွှန်ပြဖွယ်ရာ၊ မရှိပါသည်၊
ခန္ဓာ နာမ်ရုပ်မျှသာတည်း။ (ဂါထာအနက်လွယ်၏။ ရှေ့ဂါထာမှီး၍ဆို)

အရှင် ဝိဇိတ္တာသာရာဘိဝံသသည် နာမ်ရုပ်ကွဲပြားနောက် ဝိပဿနာဉာဏ်ဆိုက်စေရန် အောက်ပါ ဂါထာအနက်နှင့် သီတံကလေးကိုပါ ဖြည့်စွက်ရေးသား ဟောကြားတော်မူလေ့ရှိ၏။ (ဓာတ် ၆-ပါးသိမ်းဆည်းပုံ တရားတော်ရှု။)

တဉ္ဆ ဟုတ္ဝာ အဘာဝေန၊ ဥဒယဗ္ဗယ ပီဠနာ။
အဝသဝတ္တနာ' နိစ္စံ၊ ဒုက္ခာ' နတ္တာဝ ကေဝလံ။

တဉ္ဆ=နာမ်ရုပ်တရား၊ ထိုနှစ်ပါးသည်လည်း။ ဟုတ္ဝာ-အဘာဝေန= ဖြစ်ပြီးသည့်နောက်၊ တခဏချင်း ချုပ်ပျောက်တတ်သောကြောင့်။ ကေဝလံ အနိစ္စဝ=သက်သက်ဧကန်၊ အနိစ္စ မှန်စွဉ်တကား။ ဥဒယဗ္ဗယ ပီဠနာ=ဖြစ်ခြင်းပျက်ခြင်း၊ ဤနှစ်သင်းဖြင့်၊ ဒုဘင်းအကျပ်၊ နှိပ်စက်အပ်သောမကြောင့်။ ကေဝလံ ဒုက္ခ ဝ=သက်သက်ကေန်၊ ဒုက္ခမှန်စွဉ်တကား။ အဝသဝတ္တနာ=အလိုအကြိုက်သို့မလိုက်ပါခြင်းကြောင့်။ ကေဝလံ အနတ္တာဝ=သက်သက်ကေန်၊ အနတ္တ မှန်စွဉ်တကား။

* နာမ်ရုပ်တရား၊ ဤနှစ်ပါလည်း၊ ရှည်လျားကာလ၊ မတည်ကြဘဲ၊ ခဏဖြင်လျက်၊ ခဏပျက်၏၊ နှိပ်စက်ခြင်းရာ၊ လို မပါဘူး၊ သဘာဝအား၊ ဤသုံးပါးကြောင့်၊ ဖြစ်ပွားသမျှ၊ အနိစ္စသည်၊ ဒုက္ခအနတ္တချည်းသာတည်း။

ဆရာတပည့် ယင်းသို့ပြောဆိုကြပြီးနောက် ၄-၅ ရက်အကြာ ပထမဓမ္မနာဒဆရာတော် (ဦးပညာစက္က-မေဓာ့ယာဉ်ပျံ) ပျံလွန်တော် မူခဲ့၏။ အရှင်ဝိစိတ္တာသာရာဘိဝံသ ဒုတိယဓမ္မနာဒဆရာတော် ဖြစ်တော်မူလာ၏။

ဒုတိယဓမ္မနာဒ ဆရာတော်သည်လည်း မိမိ၏ ဥပဇ္ဈာယ် ဆရာ့အမွေဖြစ်သော၊ ဥပဇ္ဈာယ်ဆရာ နည်းပေးခဲ့သော ပိဋကတ်သုံးပုံ ရွတ်ဖတ်ပူဇော်ခြင်းနှင့် တရားဘာဝနာ နှလုံးသွင်းခြင်းများကို မလစ်မလပ် ရွတ်ဖတ် ဆင်ခြင်တော် မူကာ တပည့်ဒါယကာ, ဒါယိကာမတို့အားလည်း ဟောကြားညွှန်ပြပေးတော်မူလေ့ ရှိသည်။

မိမိဆရာ့ဂုဏ်ကျေးဇူးကို အထူးသတိတရ ရှိတော်မူလှ၍ မိမိဆရာသုံးစွဲခဲ့သော 'မေဓာ့ယာဉ်ပျံ' (မေဓာ=ပညာ+ယာဉ်ပျံ=စက္က) ကလောင်အမည်ကိုပင် ရံခါယူငင် သုံးစွဲတော်မူလေ့ ရှိပေသည်။

လူ့ဘုံလူ့ရွာသို့ တာဝန်အသီးသီးနှင့် လာကြရသော ဤဆရာနှင့် တပည့်၊ တုံ့လှည့်ကျေးဇူး၊ လက်ယှက်ကူး၍၊ ဆည်းပူးတူစုံ၊ ပွားထုံခဲ့ကြသည့်၊ ဓမ္မဒူတ၊ သာသနာ့တမန်တော် အလုပ်ကား ကျွန်ုပ်တို့အတွက် ဤမျှဖြင့်၊ ဤတစ်ဘဝဖြင့် နိဂုံးချုပ်သွားကြတော့မည်လော။

ဤလူ့ရွာတွင် တစ်ခါပြန်၍ ငတွေ့ဆုံဖူးခြော်ခွင့် သင့်မှ သင့်ပါဦးတော့မည်လောဟု တွေးတောကြံဆ သတိပြုမိကြပါမူ ခံစားမှုတစ်မျိုး ဖြစ်ကြပေလိမ့်မည်။

ပညာစက္ကနတ်သားသည် ဤလူ့ရွာသို့ တာဝန်ဖြင့် ရောက်လာ၏။ တာဝန်ပြီးပြေ၍ ဌာနေရင်းသို့ ပြန်သွားခဲ့လေပြီ။

ပါရမီဖြည့်ဖက် ဓမ္မဓရနတ်သားလည်း ၂၅၀၀ သာသနာခေတ်တွင် တာဝန်အရ လူ့အဖြစ်ကို ယူခဲ့၏။ ထိုက်သက်ရာ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်လျက် ရှိချေပြီ။

တာဝန်ကျေကွန်၍ ဤလူ့တုံမှ ပြောင်းရွှေ့ရသော် အဘယ်ဘုံ၌ မွေ့လျော်ခမျာမည်နည်း။

ဒုတိယေ အတ္တဘာဝမ်ဳိ၊
လဒ္ဓါ သပ္ပဲညနိဿယံ။
ဓမ္မဓရောတိ နာမေန၊
သောတာပန္နော မရူဘဝေ။

ဒုတိယေ အတ္တာဘာဝမ်ဳိ=ဤဘဝမှ ထောက်၊ နှစ်ခုမြောက်သော ကိုယ်၏အဖြစ်(ဒုတိယဘဝ)၌ သပ္ပဲညနိဿယံ=ပညာရှိသဟဲ၊ တံကဲ့ တရထည်၊ အမျိုးကို။ ဝါ-ပညာစက္ကဟူသော ပညာရှိနတ်သား အမျိုးကို။လဒ္ဓါ=မလွဲကောင်း၊ အမှန်ရရှိ၍။ မရူဘဝေ=တာဝတ်သာ၊ နတ်တို့ရွာ၌။ဓမ္မဓရောတိနာမေန= 'တရားဓဆောင်သူ'၊ ဓမ္မဓရဟူသော အနွတ္ထအမည်ဖြင့်။ သောတာပန္နော=အောက်သို့မလား၊ အဆင့်ဆင့် တက်သွားမည့်၊ သောတာပန်နတ်သားသည်။ (ဘဝေယျ=စင်စစ်မသွေ၊ ဖြစ်စေခလို။)

ကျေးဇူးရှင် ဓမ္မနာဒဆရာတော်ဘုရားကြီးနှစ်ပါး၏ ခြေတော်အစုံကို ဦးခိုက်လျက်....

တပည့်တော် ဌေးလိုင်
(ဓမ္မာစရိယ ဦးဌေးလိုင်)

ပဝေဒယဉ်

ဒေယျာဓမောဇ

ကောင်းစံ

အာဘိဓ မဟာရဋ္ဌဂုရု တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိုက ဆရာဘော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ မထေရ်အား ပင့်ဆောင်ခဲ့သော ကားကလေးသည် နောက်ပါ ကား ၂-စီးဖြင့် ကျောင်းတော်မှ ထွက်ခဲ့၍ နယူးလင်းလမ်း တစ်လျှောက် ခုတ် မောင်း နေ၏၊ (၂၀-၃-၀၄)နေ့တွင် ကွယ်လွန်သူ ဦးဘသိန်း(သမီးတော်)အား ရည်စူး၍ ပြုပြုသမျှသော ကုသိုလ်ကောင်းမှု အဝဝတို့အတွက် ရေစက်သွန်းချ ပေးပါရန် ဆရာဒေါ်အား လာရောက် ပင့်ဖိတ်သဖြင့် ကြွတော်မူခြင်း ဖြစ်ပေသည်။

ဆရာတော်၏ အပါးဘွင် တပည့် ဦးပဉ္စင်းတစ်ပါး လိုက်ပါလျက် ရှေ့ခန်းကား မောင်းသူ၏ နံဘေးတွင် စာရေးသူ လိုက်ပါလာခဲ့သည်။ ကားကလေးသည် ပြည်လမ်းထဲသို့ ချိုးဝင်၍ တောင်ဘက်သို့ ဦးတည် မောင်းနေစဉ် စာရေးသူသည် နောက်သို့ လှည့်၍ ဆရာတော်အား လက်အုပ်ချီကာ အောက်ပါအတိုင်း အဆက်မပြတ် လျှောက်ထားခဲ့ပါသည်။

''ဆရာတော်ဘုရား တပည့်တော်တို့ဟာ ဆရာတော်ဘုရားနှင့် အလွန်နီးလျက် အလွန် ဝေးနေခဲ့ပါသည်ဘုရား၊ တပည့်တော် မန္တလေးတက္ကသိုလ် ကျောင်းအုပ်လုပ်ခဲ့တဲ့ ဒကာ မောင်ကိုလေးပါဘုရား၊ မန္တလေးသံဖြူဟန်းက ဒကာမကြီး ဒေါ်စောတင်ဟာ တပည့်တော့် အစ်မဝမ်းကွဲပါဘုရား၊ ဆရာတော်၏ ကပ်ဒိယဖြစ်သူ ဘူသားမောင်မောင်အေးဟာ တပည့်တော်ရဲ့တူပါဘုရား၊ ဆရာဒေါ်ဘုရား မန္တလေးမှာ တရားချီးမြှင့်ဘိုင်း မနားပဲဘာ မရှိသလောက်ပါပဲ ဘုရား၊ ဒါပေမယ့် တပည့်တော် ဆရာတော်အနား တစ်ခါမှမျှ ချဉ်းကပ်ခြင်း မရှိခဲ့ပါ ဘုရား၊ အဲဒီတုန်းက တပည့်တော်မှာ အသုံး မကျောက်ဆားစရာ မရှိ၍ မချဉ်းကပ်မိခြင်းပါဘုရား။

''တိပိဋကဆရာဒေါ်(၄)ပါးကို မေမြို့ မြို့နယ်က ပူဇော်ပွဲကြီး ကျင်းပစဉ်က တပည့်တော်ဟာ ပူဇော်ပွဲစီမံရေး အဖွဲ့ဝင်အဖြစ် ပါဝင် ဆောင်ရွက်ခဲ့ဖူးပါတယ်ဘုရား၊ ၎င်းနောက် မေမြို့ ရွှေဧတီကျောင်းတိုက်ခွဲ ဒီယဘာဏာက ပူဇော်ပွဲကွင် ဆရာတော်ကြွရောက်ချီးမြှင့်တုန်းကလည်း ဆရာတော်အား နီးနီးကပ်ကပ် ဖူးမြော်ခဲ့ရပါသည်ဘုရား။

''ယခု ရန်ကုန်တွင် ဒကာကြီး ဦးနု၏ ပိဋကတ်ဘာသာပြန်အဖွဲ့တွင် ဝင်ရောက် ဆောင်ရွက်နေပြီးမှ ဆရာတော်အား အနီးကပ် အကြိမ်များစွာ ဖူးမြော်ခဲ့ရပါပြီဘုရား၊ မိတ်ဆွေများ၊ ဆွေမျိုးများ၊ တပည့်များက အလှူအတန်း ပြုကြ၊ ရေစက်ချပွဲ ပြုလုပ်ကြ၍ ဆရာတော် ကြွရောက်ချီးမြှင့်တိုင်းလိုလို တပည့်တော် ဖူးမြော်ရပါသည်ဘုရား၊ ယခုအခါမှာ တပည့်တော်တွင် လျှောက်ထားစရာများ ရှိပြီ ဖြစ်သော်လည်း အလှူရှင်များ၏ အချိန်အခါကို ဝင်ရောက် မစွက်ဖက်သင့်၍ တစ်ကြောင်း၊ ဆရာတော်ဘုရား၏ တန်ဖိုးရှိလှသော အချိန်များကို ငွတ် အ တင်း လု ယူ ရာ မရောက်စေလို၍ တစ်ကြောင်းတို့ကြောင့် ဆရာတော့်ထံပါး အရောက် မချဉ်းကပ်ခဲ့ရပါဘုရား။

''ဆရာတော်ဘုရား မှတ်မိတော် မူပါလိမ့်ဦးမည်။ ဥက္ကဋ္ဌကြီး ဦးနု၊ ပါမောက္ခ ဦးမျိုးမင်း၊ တပည့်တော်နှင့် ဓမ္မာနရိယ ဆရာကြီး ဦးအောင်မိုးတို့ ဆရာတော်ဘုရားထံ လာရောက် ဖူးမြော်ပြီး ပေါင်္ဘပါဒသုတ်တွင် ပါရှိသော ''နေဝသညာ နာသညာယတနစျာန်ကို ဖြတ်ပြီး နိရောဓ သမာပတ် ဝင်စားပုံနှင့်''ပတ်သက်၍ မရှင်းလင်းသည့်အချက်ကို လျှောက်ထားခဲ့ ကြပါသည်ဘုရား။

''အဲဒီလို စာပေနဲ့ ပတ်သက်၍ မရှင်းလင်းသည့် အချက်၊ ဗဟုသုတဖြစ်ဖွယ် အချက်များ တပည့်တော်တွင် ယခု ရှိနေပါသည်ဘုရား၊ သို့ပါသော်လည်း တပည့်တော် လျှောက်ထားသည့်အတိုင်း ဆရာတော်၏ ရှေ့မှောက် ရောက်လျက် ဆရာတော်၏ အချိန်ကို လုမယူထိုက်ပါသောကြောင့် မလျှောက်ခဲ့ရပါဘုရား။

''ယခု လာရောက် ပင့်သော ကိစ္စတွင် ကွယ်လွန်သူ ဒါယကာကြီး ဦးဘသိန်းမှာ တပည့်တော်၏ ငယ်သူငယ်ချင်းပါဘုရား၊ ဆရာတော်အား ပင့်ဆောင်ရန် ကား စီစဉ်နေစဉ် တပည့်တော် ယခုကဲ့သို့ လိုက်ပါလာခြင်း ဖြစ်ပါသည် ဘုရား၊ ကားနှင့် ဧရိယာသွားစဉ် အချိန်ကလေးတွင် လျှောက်ထား စရာ လေးများ လျှောက်ထားလိုပါ၍ အခွင့် တောင်းယူ ခဲ့ခြင်းပါဘုရား။''

ဤကဲ့သို့ မရပ်မနား အဆက်မပြတ် ဆရာတော်အား လျှောက်ထားစဉ် ကားကလေးသည် ပြည်လမ်းမပြိုးမှ အရှေ့ဘက်သို့ချိုး၍ ငိုလ်ချင်ဈေးလမ်းတွင်း

သို့ ဝင်ရောက်ခဲ့လေပြီ၊ ဆရာတော်ဘုရားသည် ဆိတ်ဆိတ်နေ၍ တစ်စုံတစ်ရာကိုမျှ မြွက်တော် မမူပေ။ ဤသို့ ဆိတ်ဆိတ်နေခြင်းသည် ''ပိဋ္ဌကတ်တော်လာ ဆိတ်ဆိတ်နေသော ခွင့်ပြုချက်'' ဟု ရုတ်တရက်သတိရသဖြင့်....

''တပည့်တော်မှာ ပိဋ္ဌကတ် လမ်းညွှန်စာအုပ် ပြုစုရန် တာဝန်ကျခဲ့ပါတယ်ဘုရား၊ ခုဒ္ဒကနိကာယ် အဝင် အပါ ကျမ်းများကို ပြုလုပ်ရာတွင် ခုဒ္ဒကနိကာယ်တွင် ပါဝင်သော ကျမ်းများမှာ ဆင္ဒသင်္ဂါယနာတင် ကျမ်းစာရင်းများအရ(၂၀)အုပ် ရှိကြောင်း တွေ့ရပါသည် ဘုရား၊ စတုတ္ထသင်္ဂါယနာတင် အချိန်အထိ ခုဒ္ဒကနိကာယ်တွင် ကျမ်းစာ(၁၅)သာ စာရင်းပေါက်ပါသည် ဘုရား၊ ပဉ္စမသင်္ဂါယနာတင်စဉ်က မည်သို့ရှိခဲ့သနည်း၊ ဆင္ဒသင်္ဂါယနာ စာရင်းအတိုင်းလော၊ သို့မဟုတ်လျှင် ဆင္ဒသင်္ဂါယနာပွဲတွင် သံဂီတိကာရက အရှင်များက နောက်တိုးကျမ်း သုံးကျမ်း ဖြစ်သော နေတို့+ပေဋကောပဒေသ(နှင့်)မိလိန္ဒ ပဉ္ဟာတို့ကို မည်သို့သော အကြောင်းထူးများကြောင့် ထည့်သွင်း၍ သင်္ဂါယနာတင်ခဲ့ကြပါသနည်းဟု မေးမြန်းစရာ ပေါ်ပေါက်နေပါသည်ဘုရား။

''ဘာသာပြန် အဖွဲဝင်များက''ပဉ္စမသင်္ဂါယနာတွင် ပါ-မပါသိရန် မန္တလေးသားအတွက် အလွယ်ကလေး ပါ၊ မန္တလေးတောင်ခြေမှာ ကျောက်ထက် အက္ခရာ တင်ထားတာ သွားဖတ်ပေါ့'' ဟု ပြောကြပါသည် ဘုရား၊ တပည့်တော်က မန္တလေးတောင်ခြေကို တကူး တကန့် မသွားရအောင် ဆရာတော် ဘုရားထံ ဖြတ်လမ်းက ယခုလို မေးလျှောက်ရခြင်းပါဘုရား၊တပည့်တော် အထူး သိလိုတာကတော့ နေတို့၊ ပေဋကောပဒေသလို ကျမ်းငယ်များကို ဘာကြောင့် သင်္ဂါယနာတင်ခဲ့ကြပါသနည်း ဘုရား၊ ဘုရားဟော ဒေသနာတော် ပါဠိဘော်လဲ မဟုတ်၊ ပါဠိတော်ပုံလို လေးနက်သော သဒ္ဓမ္မအကြောင်းအရာများလဲ မဟုတ်၊ အဋ္ဌကထာကျမ်း ရေးလိုလျှင် ရေးနိုင်ရန် နည်းလမ်းပြသော ကျမ်းမျှသာ ဖြစ်တယ်၊ အထူးသဖြင့် ပေဋကောပဒေသကျမ်းမှာ အလွန်သေးငယ်ပြီး ကျမ်းတွင်အမှား မြောက်မြားစွာ ပါနေတယ်လို့ ဆိုပါတယ်၊ ပြီးတော့ဆင္ဒသင်္ဂါယနာတင်ပွဲသို့ကြွရောက်တော် မူလာကြတဲ့ သီဟိုဠ် သံဃာများက ယင်းကျမ်းကို သင်္ဂါယနာ မတင်ကြရန် ကန့်ကွက်တော် မူကြတယ်လို့ ကြားသိရပါတယ်ဘုရား၊ သူတို့ ကန့်ကွက်တဲ့ကြားက နောက်ဆုံး သန္နိပါတဖြစ်တဲ့ သီဟဠသန္နိပါတမှာပဲ နေတို့၊ ပေဋကောပဒေသ(နှင့်)မိလိန္ဒပဉ္ဟာတို့ကို သင်္ဂါယနာတင်တော်မူခဲ့ကြလို့ သီဟဠအဖွဲဝင်များ အတော် မကျေမနပ် ဖြစ်သွားကြတယ်လို့ သိရပါတယ် ဘုရား၊ ဟုတ်မှန်ပါသလား ဘုရား''

ကားကလေးသည် ဆေးရုံကြီး၏ ရှေ့တည့်တည့်တွင် ခုတ်မောင်းနေလေသည်။ စာရေးသူ၏ လျှောက်ထားချက် ပြီးဆုံးသွားပြီးနောက် ဆရာတော်သည် ခေတ္တမျက်စိမှိတ်၍ စဉ်းစားနေတော်မူသည်။ ထို့နောက် မျက်စိဖွင့်၍ စာရေးသူအား တစ်ချက်လှမ်းကြည့်လိုက်ပြီးနောက် ဤသို့ အမိန့်ရှိပါသည်။

''အဲဒီ သုံးကျမ်းအနက် ပေဋကောပဒေသပါဠိကို ပဉ္စမသင်္ဂါယနာမှာ ထည့်သွင်းရွတ်ဆိုခြင်းမပြုဟူ၍သာ ဘုန်းကြီးတို့ ယူဆကြပါတယ်၊ ဒါပေမယ့် မှတ်တမ်းအတွက် မပျောက်ရုံ မန္တလေးမှာ ကျောက်ထက် အက္ခရာ တင်ခဲ့တယ်လို့ပဲ ဘုန်းကြီးများအနေနဲ့ ယူဆ၍ ဝန်ဆောင် အစည်း အဝေးမှာ တင်ပြခဲ့ပါတယ်၊ ဆင္ဒသင်္ဂါယနာ တင်ရာမှာ ပေဋကောပဒေသပါဠိကို သင်္ဂါယနာတင်သည်ကို သီဟိုဠ်အဖွဲခေါင်းဆောင် အရိယဝံသမထေရ်က ဤကိစ္စနှင့်ပတ်သက်ပြီး နောက်အခါတွင် သီဟိုဠ်ဌဲ့ဖြစ်စေ၊ ယိုးဒယား(သျှမ)၌ ဖြစ်စေ သတ္တမ သင်္ဂါယနာကင်ပွဲ ဖြစ်လိမ့်မည်ဟု ''နာ စိရေနေဝ လင်္ကာယံ ဝါ သျှာမေဝါ သတ္တမီ ဓမ္မသံဂီတိ ဘဝိဿတိ'' ဟူ၍ မကျေမချမ်း မိန့်ကြားသွားတော် မူခဲ့ပါတယ်။

''မြန်မာပြည်မှလဲ ပေဋကောပဒေသကျမ်း သင်္ဂါယနာတင်ခြင်းကို သဘောမတူသော မော်လမြိုင် ပန်းဘဲတန်း မင်းကျောင်း ဆရာတော်ကြီး၊ မဟာစည် ဆရာတော်ကြီး၊ အမရပူရ မဟာဂန္ဓာရုံဆရာတော်ကြီးနှင့် ဘုန်းကြီးတို့လဲ သဘောမတူကြပါဘူး။''

''အရှင်ဘုရားနှင့်တကွ မဟာစည် ဆရာတော်၊ အမရပူရဆရာတော်၊မော်လမြိုင် ဆရာတော်ကြီးတို့က သဘောမတူတာတောင် သင်္ဂါယနာတင်သွားကြတယ် ဆိုဟော့တပည့်တော်အတွက်ပြဿနာပိုကြီးသွားပြန်ပြီ ဘုရား၊ ဘယ်လို အကြောင်းများကြောင့် ဆရာတော်တို့ လေးပါးက မတားမြစ်နိုင်ကြပါသလဲ ဘုရား။''

သီဟဠသန္နိပါတအခန်းအနားဖွင့်စဉ်

''ဒကာကြီးရေ၊ ဆဋ္ဌသင်္ဂါယနာတင် ကျင်းပစဉ်က ဒီကိစ္စတင် မကဘူး၊ ဒီပြင် ပြဿနာတွေလဲ ရှိသေးတယ်၊ ဘုန်းကြီးတို့ ဘာမှ မတတ်နိုင်ဘဲ ကြည့်နေကြရတာ၊ မဟာစည်ဆရာတော်နှင့် အမရပူရဆရာတော်တို့ကတော့ နှုတ်ဖြင့်သာ သဘောမတူကြောင်း ပြောပြတော် မူကြပါတယ်၊ ဘုန်းကြီးကတော့ စာဖြင့်ရေးပြီး အပြစ်(၁၄)ချက်ပြပြီး ကန့်ကွက်ခဲ့ပါတယ်၊ဒါပေမယ့် မအောင်မြင်ခဲ့ဘူး၊ အလျှော့ပေးခဲ့ရတယ်၊ ပေဋ္ဌကောပဒေသကို သင်္ဂါယနာတင်ရန် အဆိုပြုတာက ပခုက္ကူဆရာတော်ကြီး ဦးနန္ဒဝံသ၊ဘုန်းကြီးတို့ထက် ဝါတော်ကြီးတယ်၊ အခြေကနေ အရှိန်အဟုန် မြင့်မားတယ်၊ အဲဒီတုန်းက ဘုန်းကြီးက အသက်၊ ဝါ အလွန်ငယ်သေးတာပဲ၊ ဒါကြောင့် မစိုးရိမ်ဆရာတော်ဘုရားကြီးနှင့် ဘုရားကြီးတိုက် ဆရာတော်ဘုရားကြီး ဦးကျယ်တို့က 'ဦးပဉ္စင်း ပေဋ္ဌကောပဒေသ သင်္ဂါယနာတင်မှုကို မကန့်ကွက်ပါနှင့်တော့၊ အလျှော့ပေးလိုက်ပါ'ဟု တားဖျန်ဖြေကြသဖြင့် ဆက်၍ အငြင်းမပွားတော့ဘဲ ရပ်လိုက်ပါသည်။''

မော်တော်ကားသည် ရေကျော်ရပ်ကွက်သို့ ရောက်လာ၍ ကရိလမ်းဘက်သို့ ချိုးဝင်လာလေပြီ။ လျှောက်ထားစရာတွေလည်း စုပြုံလျက် ရှိသေးသည်။ လောလောဆယ် ခေါင်းထဲ ပေါ်ပေါက် လာတာက ဆရာတော် ရေးသားတင်ပြခဲ့သော ချွတ်ယွင်းချက်(၁၄)မျိုးကို ဖတ် ကြည့် ချင် သည်။ ''ဆရာတော် ဘုရား တင်သွင်းခဲ့တဲ့ ချွတ်ယွင်းချက် ဆိုသည်များကို ကပည့်တော် ဖတ်ချင်လှပါသည် ဘုရား၊ ယခု အထိများ ရှိပါသေးသလား ဘုရား''ဟု လျှောက်ထားရင်း မော်တော်ကားသည် ကရိလမ်း နံပါတ်(၂၁၃-၂၁၇)သို့ ရောက်လေပြီ။ ကားသည် ပလက်ဖောင်းပေါ်သို့ တက်၍ အိမ်ပေါက်ဝ တည့်တည့် ရပ်လိုက်သည်။ စာရေးသူသည် ကားမှ အလျင်ဆင်း၍ ဆရာတော် ဘက်က ကားတံခါးကို ဖွင့်ပေးကာ လက်အုပ်ချီ ရပ်နေသည်။ နောက်ဆုံး လျှောက်ထားချက်ကို ဖြေကြားချိန် မရလိုက်သော ဆရာတော်သည် စာရေးသူအား တစ်ချက် လှည့်ကြည့်လိုက်ပြီး ''လာ'' ဟု တစ်ခွန်းတည်း မိန့်မြွက်ပြီး တိုက်ထဲသို့ ဝင်ကြွသွားတော်မူသည်။

စာရေးသူသည် ဆရာတော်အပါးမှာ ထက်ကြပ်မကွာ လိုက်ပါသွားသည်။ ညှဉ့်ပရိသတ်များကို ပတ်၍ ဆရာတော်သည် ခင်းကျင်းထားသည့် နေထိုင်ရာသို့ ကြွသွားသည်။ စာရေးသူသည် ဆရာတော် နောက်ပါးမှ လိုက်၍ ဆရာတော် အနားမှာ နီးကပ်စွာ နေရာယူလိုက်သည်၊ ဆရာတော်အား ယပ်ခပ်ပြုစုသော ဦးပဉ္စင်းအတွက်ပင် နေရာမရှိတော့ပေ။ ဆရာတော်သည် ခင်ကျင်းထားသည့် နေရာတွင် ထိုင်တော်မူပြီး နောက် ဝတ်ပြု ကန်တော့နေကြသည့် ပရိသတ်အား တစ်ချက်မျှ လှမ်းကြည့်ပြီးနောက် စာရေးသူအား အဆက်မပြတ် ဤသို့ မိန့်မြွက်တော်မူသည်၊

အဲဒီ ချွတ်ယွင်းချက် (၁၄)ချက်ကို ဘုန်းကြီး ကိုယ်ကိုင် လက်နှိပ်စက်ဖြင့် ရိုက်ထားတာ မိတ္တူများ ရှိကောင်း ရှိပါလိမ့်မည်၊ ရှာကြည့်ရသေးတာပေါ့၊ မှတ်မိသေးတော့တယ်၊ အဲဒီ ချွတ်ယွင်းချက်(၁၄)ချက် ရိုက်နှိပ်တဲ့ လက်နှိပ်စက်အကြောင်း မှတ်မိသေးတာတယ်၊ အလှူရှင်ဦးစံမောင် (အိုင်၊ စီ၊ အက်)လူလို့ လက်နှိပ်စက် ကျောင်းသို့ ရောက်လာတဲ့ အချိန်မှာ ရဲဘော်ဖြူ ကွန်မြူနစ်တို့က မင်းကွန်းမှာ ကြီးစိုး

ဘုရားကြီးဆရာတော်

ပဒုက္ကူဆရာတော်ကြီး



မစိုးရိမ်ဆရာတော်ကြီး

နေချိန် ဖြစ်ပါတယ်၊ သူတို့က လက်နှိပ်စက်ကို လာပြီး အလှူမခံ ကြခင် လူဒါန်းသူရဲ့ ကုသိုလ်တန်ဖိုး ကျေပါစေဆိုတဲ့ စေတနာနဲ့ သင်္ဃာယနာအဖွဲ့သို့ တင်ပြရမယ့် တာဝန်ကျ သုတ်သင်ပြီးသော ဝိနည်းမဟာဝါ ပါဠိတော်(နှင့်) ပေဠကော ပဒေသကျမ်း ချွတ်ယွင်းချက် (၁၄)ချက်တို့ကို ရိုက်နှိပ်ခဲ့ပါတယ် ဒကာကြီး။''

အလှူရှင်များသည် ဆရာတော်နှင့် သံဃာ ငါးပါးအား နှန်းကြီးမုန့်တီဆွမ်း ကပ်လှူရန် ပြင်ဆင်လျက်ရှိကြသည်။ ဆရာတော်ကား ဆက်လက် မိန့်ဆိုလျက်ပင် နှန်းကြီးမုန့်တီ ဆွမ်းပွဲများ စားပွဲပေါ် ရောက်သော၍ ဦးပဉ္စင်းလေးပါးအား ဆက်ကပ်နေကြလေပြီ၊ ဆရာတော်က စကားမပြောသေး။ ပရိသတ်ကလည်း စောရေးသူအား လှမ်းမျော်ကြည့်ရင်း 'ဘယ်က[illegible]က ဆရာတော် အနားကပ်လိုက်လာပြီး ဘာတွေများ လျှောက်ထား[illegible] ဆရာတော်က ဒါလောက် စိတ်ပါလက်ပါ ပြောပြနေပါသလဲ'ဟု တွေးတော နေကြပေလိမ့်မည်။ ဆရာတော်အတွက် ယိုးဒယားခေါက်ဆွဲပြုတ်ကို ဒန်ချိုင့်ကလေးဖြင့် ယူသော၍ ဆက်ကပ်လေပြီ။ ဆရာဘော်၏ ကပ်ပံုယက ယူလာနေကျ ဒန်ချိုင့်ကလေးမှ စားသောက်ဖွယ်များကိုလည်း ဆရာတော်အား ဆက်ကပ်ပါလေပြီ။

ဓာတ်အထက်—မဟာဂန္ဓာရုံဆရာတော်အရှင်ဇနကာဘိဝံသ
ဓာတ်အောက်—မော်လမြိုင်၊ မင်းကျောင်းဆရာတော်



၁။ မိုးပြင်ကြီးဆရာတော်ဘုရား

ဆရာတော်သည် ခေါက်ဆွဲပြုတ်ရည် အနည်းငယ်ကို ဘဉ်းပေးရင်း လက်အုပ်ချီလျက် ငြိမ်သက်နေသော စာရေးသူအား ''ဒီအပြင် ဘာ လျှောက် ချင်သေးသလဲ''ဟု မေးပြီး မျက်လုံးများဖြင့် လှမ်း၍ ကြည့်နိုက်ပါသည်။ စာရေးသူကလည်း မဆိုင်းမတွဘဲ အစဉ် ဦးခေါင်းခွဲ ကိန်းအောင်းနေသော ပြဿနာ တစ်ခုကို ရုတ်ဘရက် ပြန်၍ လျှောက်လိုက်မိပြန်ပါသည်။

''နောက်တစ်ချက်က ဘုရား 'ဂန္ဓိရာဂန္ဓိရ မဟာနိဒ္ဒါတ ဒီပနီကျမ်း' အကြောင်းပါဘုရား၊ ကျမ်းပြုဆရာတော်ကလဲ နှယ်နှယ်ရရ မဟုတ်၊ ရွှေကျင်နှံကာယ အာဒီကမ္မိက ပထမ ရွှေကျင် ဆရာတော် ဘုရားကြီးဘုရား၊ ရေးထားခဲ့ အကြောင်းအရာက နိဒ္ဒာန်၊ တပည့်တော် ဖတ်ကြည့်တော့ တပည့်တော် ဖတ်ကြည့်တော့ တပည့်တော်ဘဲ ဇာတ်ကြောင်းနားမလည်ဖြစ်ရှိထားတဲ့ နံဒ္ဒာန် အယူအဆနဲ့မတူ၊ တစ်မျိုး ထူးခြားနေပါတယ်ဘုရား၊ ဒါလောက်ကွဲပြားထူးခြားနေတဲ့ အယူအဆများကို အခြား ဆရာတော်ကြီးများက နှုတ်မဆိတ် လက်ခံတော်မူကြသလား၊ ပြန်လှန် ထိုးနှက် ဖြေရှင်းမှု မရှိကြလေသလား စဉ်းစားပြီး လေ့လာလိုက်တော့ ဒုတိယမြောက် မြို့ပြငဲကြီး ဆရာတော်ဘုရားကြီးက အာဘိဓမ္မတ္ထသင်္ဂဟ ဒီပကကျမ်း နံဒ္ဒာန သရုပ ဒီပက အခန်းမှာ ပြန်လည်ဖြေရှင်းထားတာကို တွေ့ရပါတယ်ဘုရား၊ တိုပိဋကကောဝိဒဖြစ်တဲ့ ဆရာတော်ကြီးများပင် နိဗ္ဗာန်နှင့် ပတ်သက်သည့် အယူအဆများ ဤမျှ ကွဲပြားနေသည်ကို တပည့်တော် တအံ့တသြ တွေ့ရပါတယ် ဘုရား၊ အခြား ထေရ်ဆရာတော်ကြီးများရဲ့ အယူအဆများ ရှိတော်မူကြ၊ ထုတ်ဖော်တော်မူကြပါသေး သလား ဘုရား။''

''အဲဒီ ဂန္ဓိရာ ဂန္ဓိရကျမ်းလာ အကြောင်း အရာများကို ရွှေကျင်ဆရာတော်ကြီးက ကျမ်းအဖြစ် အတည် မပြုသေးမီ မင်းကွန်း ငွေတောင်တောရမှာ အပိုင်းလိုက် အပိုင်းလိုက် ခွဲပြီး ဥပုသ်နေ့တိုင်း (ထိုစဉ်က စာသင်သားဘဝမှာ ရှိသေးတဲ့) နောက်တစ်ချိန်မှာ 'တောင်ဖီလာ ဆရာတော် ဦးပဏ္ဍဝံသ' ဟု ထင်ရှားတဲ့ 'ဒုလ္လဘသဂြိုဟ်ကျမ်းပြု' ဆရာတော်ဟာ အခွင့်ပြင် မဟာဝိသုဒ္ဓါရုံတိုက်ကြီးမှ နေပြီး မင်းကွန်းသို့ ဥပုသ်နေ့တိုင်းလာပြီး ရွှေကျင်ဆရာတော်ကြီး ရေးသားထားတဲ့ ဂန္ဓိရာဂန္ဓိရ ကျမ်းလာ အကြောင်းအရာတို့ကို ပြင်သင့်က ပြင်ရန် နာယူ မှတ်သားရသတဲ့။

''ဒါနဲ့ ဘုန်းကြီး၏ သာသနာ့မိခင် မင်းကွန်းသီလရှင်ဆရာကြီး သစ္စဝါဒီ ဌိကာ ကျမ်းပြု ဒေါ်ခမ္မစာရီထံ တစ်ချိန်က တောင်ဖီလာ ဆရာတော်ကြီး ဦးပဏ္ဍဝံသ ကြွလာလို့ ဒီအကြောင်းအရာနှင့် ပတ်သက်ပြီး မေးမြန်း လျှောက်ထားတဲ့အခါ တောင်ဖီလာ ဆရာတော်ကြီးက'ဒါတော့ ဒါယိကာမကြီးရယ် သူ ဟောပြောရေးသားထားတော့ သူ့အယူအဆ သူ့သဘောပေါ့' လို့ ပြန်ဖြေတာကို ဘုန်းကြီး ကိုယ်ဘိုင် နားဆတ်ဆတ် ကြားနာ မှတ်သားခဲ့ရပါတယ်။

''ဒါထက် ဘုန်းကြီးရဲ့ အယူအဆသဘောကိုကော မသိချင်ဘူးလား၊ မလျှော့တော့ဘူးလားလို့'' မေးတော့ စာရေးသူက ''လွန်စွာ သိလိုပါတယ်ဘုရား၊ မလျှောက်ဝံ့လို့ ဆိုင်းငံ့နေတာပါဘုရား''လို့ လျှောက်တော့ ဆရာတော်က ''အေး.... ဘုန်းကြီးသဘောကတော့ ပဋိဝေဓ နယ်ပယ်ကိစ္စကို ပုထုဇဉ် ၂ ဂို့လ်က အကုန်အစင် မသိနိုင်ပါဘူး၊ မပြောနိုင်ပါဘူး၊ ပုထုဇဉ်ကပြောလျှင် ပုထုဇဉ်အမြင်ကိုသာ ပြောနိုင်မှာပေါ့၊ အဲဒါပဲပြောချင်ပါသည်''ဟု မိန့်ကြားတော်မူပါတယ်။

ဆရာတော်သည် ခေါက်ဆွဲအရည် တစ်ဇွန်းကို သောက်ပြီး အဖတ်အနည်းငယ်ကို ဦးပဉ္စင်းတစ်ပါး၏



ဒုလ္လဘသ္ဒြိဟ်ကျမ်းဖြိုအရှင်ပဏ္ဍိတသ

ပန်းကန်ထဲသို့ လှမ်းထည့်၍ စွန့်လိုက်၏၊ ထို့နောက် စာရေးသူအား ''ကိုင်း.... ဘာလျှောက်ဦးမလဲ''ဟု မေးသည့် အကြည့်မျိုးဖြင့် ကြည့်ပြန်သဖြင့်....

''လယ်တီဆရာတော်၏ပရမတ္ထဒီပနီနှင့်ဋီကာကျော်တို့ ပြဿနာပေါ်ရသည့် ကိစ္စပါ ဘုရား၊ဋီကာကျော်ရဲ့ ဘယ်ပုဒ်၊ဘယ်ကဏ္ဍမှာ လွဲမှားနေတဲ့ အတွက် လယ်တီဆရာတော်က ပရမတ္ထ ဒီပနီကျမ်းကို ရေးရတာလဲ ဘုရား၊ ဋီကာကျော်မှာ အမှားတွေ ပါနေလျှင် ယခု စာသင်သားတွေကို မပို့ချတော့ဘူးလား ဘုရား၊ ပရမတ္ထ ဒီပနီကို ဃာ လက်စွဲပြုတော် မူကြသလား ဘုရား။''

''ဟ....ဘယ်ဟုတ်မလဲ ဋီကာကျော်ဟာကျော်တုန်းပါပဲ ဒီပရမတ္ထဒီပနီကို သူ့အသိုင်းအဝိုင်းက ဋီကာမော်လို့ သမုတ်ပေမယ့် ဋီကာကျော်က ကျော်တုန်းပါပဲ ဒကာကြီး၊ လယ်တီဆရာဘော် ဘုရားကြီးက အဘိဓမ္မာ အချက်အလက် အချို့မှာ ဆရာတော်ကြီး၏ ယူဆချက်ကို ဖော်ပြရုံ ဖော်ပြတာပါ၊ အဲဒါကို လယ်တီဆရာတော်၏ တပည့်ကြီးသေကျွေ (သစ်ချ) တောင် ဆရာတော်ဦးတီလောကက အတွန့်တွေ၊အညွှန့်တွေနှင့် ပုံနှိပ် ထုတ်ဝေလိုက်တော့ ပြဿနာ မဖြစ်ပေါ်တန်ပဲ ဖြစ်ပေါ်ကုန်တာပေါ့ ဒကာကြီး။''

ဒုတိယ သုံးနှစ်ခန့် ခွဲမှ ၁၉၃၃

ဆရာတော်သည် စားပွဲမှ လက်ကို ရုပ်သိမ်းတော်မူလေပြီ။ အလှူရှင်များကလည်း ဆွမ်းစားပွဲကို သိမ်းသွားကြလေပြီ။ လှူဖွယ်ဝတ္ထုများကို ဆရာတော်၏ ရှေ့၌ လာရောက် ချထားကြပြီ။ ဆရာတော်သည် ယပ်ကိုကိုင်၍ ခြီးမြှင့်မြဲကိစ္စ အဝဝကို ဆောင်ရွက်တော်မူသည်၊ သင့်လျော်သည့် တရားစကား ချီးမြှင့်သည်။ ပရိတ် ရွတ်ဖတ်တော်မူကြသည်။ ထို့နောက် ရေစက်သွန်းချ အမျှဝေစေတော်မူသည်။ အလှူပွဲ ရေစက်ချပွဲ ပြီးဆုံးချေပြီ။ ဆရာတော်သည် သီတင်းသုံးတော်မူသည့် နေရာမှထ၍ အခန်းပြင်ပသို့ လှမ်းထွက်တော်မူလေပြီ။ စာရေးသူသည် လှူဖွယ်ဝတ္ထုပစ္စည်းများကိုပိုက်၍ ဆရာတော်နောက်သို့ လိုက်ပါ သွားသည်။ ဆရာတော် အတွက် မော်တော်ကားတံခါး ဖွင့်ပေးပြီး ပြန်ပိတ်ပေးလိုက်သည်။ လှူဖွယ်ဝတ္ထုများကို ကားမောင်းသမားဘေးတွင် ချထား၍ ဆရာတော်အား လက်အုပ်ချီလိုက်သည်။ မော်တော်ကားသည် စက်နှိုး၍ ထွက်ခွာပြီ။ ဆရာတော်က စာရေးသူအား လှမ်းကြည့်ပြီး ''တွေ့သေးတာပေါ့!''ဟု ဆုလာဘ်ကြီး ပေးသွားတော်မူသည်။

ဆရာတော်သည် ကြီးမားသော တာဝန်များဖြင့် ပိနေရှာတော်မူသည်။ စာရေးသူကို တကူးတကအချိန်ပေးနိုင်မည် မဟုတ်ရှာပါ။ ဘယ်လိုတွေ့ရ ဖူးမြော်ရပါမည်နည်း။ ဆရာတော် ခရီးထွက်တော်မူစဉ် မော်တော်ကား၊ ရထား၊လေယာဉ်၊သင်္ဘောခရီး ကြွသွားရင်း ရသည့်အချိန်ကလေး ပေးတော်မူပါက ဆရာတော် ချီးမြှင့်သော ဆုလာဘ်ကို အမှန်တကယ်ရ၍ ဆရာတော်နှင့် အမှန်တကယ် တွေ့ရပါမည်။ ဆရာတော်ကသာ ခွင့်ပြုပါလျှင် ဤကဲ့သို့ ခရီးမျိုးတွင် စာရေးသူသည် ဆရာတော်အပါးမှ ကပ်ပြီး ဒကာအဖြစ် လိုက်ပါရင်း မေးမြန်း လျှောက်ထားဖွယ်များကို လျှောက်ထားချင်ပါသည်။ ဤကဲ့သို့သာ ဆရာတော် အပါးမှ လိုက်ပါကုသိုလ်ပြုခွင့်ရပါလျှင် ''ဝံမေ သုတံ-ဆောင်းပါး အများ ရေးနိုင်ဦးမည်''ဟု တွေးတောရင်း ယင်းအခါအခွင့်မျိုးကို မျှော်မှန်းဆုတောင်းလျက်....။

ရေယျာမောင်

၃-၅-၈၄

ပရိယတ် အောင်လံ

တိပိဋက နိကာယဟု
ဇိနာသဘ စာသဘင်။
တိဂါရဝ ပဏာဆင်သည်
သဒ္ဓါရွင်ရွင် ဆဲလွှေခင်း။ ။
ဝိနည်းနှင့်သုတ် ဓမ္မာဘိညိသည်
ပါဠိဝစီ ချိုမြိန်သာဘိခြင်း။ ။
ဒိဃမဇ္ဈိ သံယုတ်တစ်ဖြာငယ်
အင်္ဂုတ်မကွာ ခဲ့ဒ္ဓါသွင်း။
ကုမုဒ်လွှေကြာ နုတ်အာလင်းလျှံ
ဗုဒ္ဓါသနင်း ဟောမိန့်ချေ။ ။
ကျမ်းကြီး ကျမ်းငယ် အာဂုံပေါက်တော့
ဗြဟ္မာဘုံရောက် ကောင်းချီးကျူးသံဝေ။ ။
မိုးမိတ်ကယ်တည့် သာကုန်းဗွေမှာ
သဟာဘုန်းဆွေ ထေရ်ပျို့အာပေါင်းတို့။
ကြည်ညိုဖွယ်ကောင်း သိမှတ်တောင်စမ္ဘူ
ပရိယတ်အောင်လံထူ။ ။
မင်းကွန်းထေရ်မြတ် နာယကမှူသည်
သာသနမဇ္ဈူ ဥာဏ်ပန်းလှိုင်လှလေး။ ။
နိဗ္ဗာန်ရောက်မည့် ပွဲကြီးတူသည့်
ဝဲချီးလှူလှူ ကပ်လုံးတိုင်ပလေး။ ။
ပါဠိပါမောက္ခ ဦးတင်လွင် ရေးသားပူဇော်သည်

''ဗောဓိဉာဏ်ကို ဆုမှန်း၍လှူဒါန်းပါသည်ဘုရား''
''ဗောဓိဉာဏ်ကို ဆုမှန်း၍ လှူဒါန်းပါသည်ဘုရား''

မင်းကွန်း တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဘိဓဇ မဟာရဋ္ဌဂုရုဆရာတော်၏ ဆုတောင်းမှာ ကြည်နူးဖွယ် အားရဖွယ် ကြည်ညိုဖွယ် ကောင်းလှပေသည်။

မင်းကွန်း တိပိဋကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသသည် ၁၉၇၉ ခု၊ ဇန်နဝါရီလ (၄)ရက်၊ လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အစိုးရက ဆက်ကပ် လှူဒါန်းခဲ့သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ကိုလက်ခံရရှိတော်မူခဲ့ပေသည်။ထိုအဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်အတွက်နိုင်ငံတော်အစိုးရကနှစ်စဉ်လှူဒါန်း မြဲဖြစ်သော ဆွမ်းဆန်တော်ကိုဆရာတော်အား လှူဒါန်း မည်ဖြစ်ရာ ထိုနှစ်စဉ် ဆွမ်းဆန်တော်စရိတ် ဝတ္ထု အလှူတော်ငွေ(၃၅၀)ကျပ်ကို ဆရာတော်သည် ကိုယ် ရေးကိုယ်တာအတွက် အသုံးပြုတော်မမူဘဲ နိကာယ် ငါးရပ် သာသနာတော်အား သဒ္ဓါ ထက်သန်စွာ လှူဒါန်းတော်မူခဲ့ပေသည်။

တိုသို့လှူဒါန်းကြောင်းကိုလည်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ရ အရိယမဂ္ဂင် ဆရာတော်ဘုရားကြီးနှင့် ဓမ္မစကြာ သုံးဆယ်ပေး ဆရာတော်ဘုရားကြီး နှစ်ပါးတို့ အမှူး ပြုသော ဓမ္မနာဒတိုက် နာယကအဖွဲ့ဝင် ဆရာတော် များကို သက်သေပြုကာ ၁၉၇၉ ခု၊ ဇွန်လ(၂)ရက် နေ့စွဲဖြင့် လက်မှတ်ရေးထိုး ကုသိုလ်ပြုခဲ့သည်၊ ဖော်ပြ ပါဆွမ်းဆန်တော် ကုသိုလ်စာတွင် ''ဣဒံ မေ ပုညံ ဗောဓိဉာဏသ ပစ္စယော ဟောတု'' ဗောဓိဉာဏ်ကို ဆုမှန်း၍ လှူဒါန်းကြောင်း အတိအလင်း ဆုပန် ထားပေသည်။

ဆရာတော် ဘုရားကြီးသည် ကုသိုလ်ကောင်းမှုပြု တိုင်း ''ဣဒံ မေ ပုညံ ဗောဓိဉာဏသ ပစ္စယော ဟောတု'' အကျွန်ုပ်၏ ဤကုသိုလ် ကောင်းမှုသည် ဗောဓိဉာဏ်၏ အထောက်အပံ့ ဖြစ်ပါစေဟု နှုတ်မြွက် ဆုဒါဝင်းလေ့ရှိပေသည်။ ဗုဒ္ဓသာသနာစည်ပင် ပြန့် ပွားထွန်းကားရေးအတွက် ဆရာတော်၏ ကြုံးပမ်း အားထုတ်မှု ကုသိုလ်ဒါန အစုစုသည် အလွန်တရာများ

ပြားလုပါ၏။ ကိုယ်တော်တိုင် သဗ္ဗညု ဘုရားရှင်၏ ဒေသနာတော်နိကာယ် ငါးရပ် ပိဋကတ်ကို ကျွမ်းကျင်စွာ တတ်မြောက်တော်မူအောင် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ဥာဏ ဗိုလ်ငါးဖြာကို စိုက်စိုက်မတ်မတ် အားပြုလျက် ကြိုးစားအားထုတ်ခဲ့ပေသည်။ သို့ဖြစ်၍ ပင် နိုင်ငံတော်အစိုးရက ရဟန်းတော်များအား ဆက်ကပ်သည့် အကြီးမြတ်ဆုံး ဘွဲ့ထူး ဂုဏ်ထူးများကို ရရှိတော်မူခဲ့ပေသည်။ ဗုဒ္ဓသာသန ဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ ဆဋ္ဌသင်္ဂါယနာဝိသုဒ္ဓက၊ အဘိဓဇမဟာရဋ္ဌ ဂုရုဘွဲ့ထူးများသည် နိုင်ငံတော် အစိုးရက ဆရာတော် အား ဆက်ကပ်ပူဇော်ခဲ့သော ဘွဲ့ထူး ဂုဏ်ထူးများ ဖြစ်ပေသည်။

မိမိကိုယ်တိုင် သုံးပုံပိဋကတ် ကျမ်းမြတ်ဒေသနာတော်တို့ကို ထူးခြားစွာ လေ့ကျက်မှတ်သား ကျွမ်းကျင်ခဲ့သည့်နည်းတူ သာယနာတော်မြတ်ကို မိမိ၏ ကာယ ဉာဏ ပွမ်းအား‌တို့ဖြင့် ပူဇော်ခြင်း ပြုခဲ့ပေသည်။ ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြိုးတွင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့ကိုရရှိပြီး၊ ဆဋ္ဌသင်္ဂါယနာ ဝိသုဒ္ဓက အဖြစ်နှင့် သာမက ဝိနည်းမဟာဝါ ပါဠိဝိသောဓက အကျိုးဆောင်အဖြစ်ဖြင့် ဆောင်ရွက်စဉ် သုတ်သင်ပြီး ပါဠိတော်ကို မူကောင်းမူသန့် ရရှိစေရန် မိမိ၏ ကိုယ်အား ဉာဏ်အား‌တို့ဖြင့် ဝိနည်းမဟာဝါ၊ ပရိဝါပါဠိတော်များကို ကိုယ်တိုင် လက်နှိပ်စက်ဖြင့် ရိုက်နှိပ်အပ်နှံခဲ့ရာ ထိုစာမူကို သက်ဆိုင်ရာမှ စံပြအဖြစ် သိမ်းဆည်းထား ရှိခဲ့ကြောင်း သိရပေသည်။

ဆရာတော်သည် ဗုဒ္ဓဒေသနာ တရားတော်များပြန့်ပွားစည်ပင်ရန်အတွက် ကျမ်းဂန်များ ပြုစုရေးသားခဲ့သည်ဖြစ်ရာ၊ အတွဲပေါင်း(၆)တွဲ၊ အုပ်ရေပေါင်း(၈)အုပ်၊ စာမျက်နှာပေါင်း (၅၅၁၆) ခန့်ရှိ နိုင်ငံတော် မဟာဗုဒ္ဓဝင်ကျမ်းကြီးမှာ ထည်ဝါစွာ ထွက်ပေါ်လာခဲ့ပြီး ဖြစ်သည်။ ထို့ပြင် မင်းကွန်း ပထမ ဓမ္မနာဒ ဆရာတော် နောက်ဆုံး ဧကာကြား အမိန့်ရှိခဲ့သည့် ရုပ်နာမ်ရှုနည်း၊ တရားတော် အဖွင့်ကျမ်း၊ တရား ဟောတိတ်ခွေမှု ကူးယူ ပုံနှိပ်သည့် ရာဟုလောဝါဒ သုတ်၊ဓမ္မကထာ၊သံဝေဂဂါထာလင်္ကာများ၊သာသနာတော်ဆိုင်ရာ ရတုသြဘာစာလင်္ကာကဗျာများ စသည်

တို့ကို ပြုစုတော်မူပြီး၊ မုဆိုးရွာ ကန္ဒီမြို့ ရွှေသိမ်တော်တောရ ဆရာတော် ဘုရားကြီး၏ သစ္စာပါရဂူကျမ်းကို ပြင်ဆင်ခြင်းစသည့် ဂန္ထကာရက အမှုများကို ပြုတော်မူခဲ့ပေသည်။

မြတ်ဗုဒ္ဓသာသနာတော် ပြန့်ပွားစည်ပင်ရန်အတွက် ဆရာတော်သည် ကျမ်းဂန်စာပေများ ရေးသားတော်မူခြင်းအပြင် ရဟန်းဝါ (ဂ) ဝါရစကပင် မြန်မာပြည် အရပ်ရပ်သို့ လှည့်လည်ကြွချီကာ တရားတော်များ ဟောကြားတော်မူခဲ့ရာ ဆပ္ပသင်္ဂါယနာတင်ပြီး ခို်နှ်မှစ၍ ၁၃၄၀ ပြည့်နှစ်အထိ တရားဟောခဲ့သည့် အကြိမ်ပေါင်းမှာ (၈၂၈၀) ခန့်ရှိပြီး ဖြစ်ပေသည်။ ဆက်လက်၍လည်း ယနေ့တိုင် တရားဒေသနာများကို ဟောကြားမြဲက်ဖော် ဆုံးမတော်မူလျက် ရှိပေသည်။

ဒါနမှုတွင်လည်း ဆရာတော်၏ ကုသိုလ်ကောင်းမှု အစုစုမှာ များလှပါ၏၊ ဆရာတော် ပြုသော ကုသိုလ်ကောင်းမှု များစွာအနက် သာသနာ့ အာဇာနည် လောင်းလျာ ရဟန်းတော်များအား ဆွမ်း၊ ကွမ်း၊ ဆေးဝါး၊ ကျောင်းသခ်မ်းမှ စ၍ ပိဋကတ် ကျမ်းစာအုပ်များပါ ထောက်ပံ့လှူဒါန်းလှက်၊ တိပိဋကဓရ သာသနာ့ အာဇာနည်များ အဆက်မပြတ် ပေါ်ထွန်းရေးအတွက် ဆောင်ရွက်သော ကုသိုလ်ဌာနများမှာ အားရဖွယ် ကောင်းလှပေသည်။ ထို့ပြင် ပူဇော်ပွဲအသီးသီးမှ လှူဒါန်း ရရှိသော နဝကမ္မဝတ္ထုဥစ္စာများကို တိပိဋကဓရ နိကာယကျောင်းတိုက်ကြီး အရှည်သဖြင့် ထွန်းကားတည်တံ့နိုင်ရေး အတွက် အစိုးရဘက်၌ အပ်နှံစေကာ ငွေပဒေသာပင်စိုက်ထူခဲ့တော်မူသည်။

ဆရာတော်၏ အခြား သာသနာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဆောင်ရွက်ချက်များစွာ ရှိပေသေးသည်။ အထူးအားဖြင့် ဖော်ပြလိုသည်မှာ နိုင်ငံတော် အစိုးရက တိပိဋကဓရအတွက် နှစ်စဉ် လှူဒါန်းသည့် ဆွမ်းဆန်တော်ဖိုး ဝတ္ထုငွေနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့အတွက် နှစ်စဉ် လှူဒါန်းသော ဆွမ်းဆန်တော်ဖိုး ဝတ္ထုငွေများကို ကပ္ပိယကာရကအဖြစ် တိပိဋကဓ နိကာယ သာသနာပြု အဖွဲ့သို့ အပ်နှင်း၍ နိကာယ်ငါးရပ် ပိဋကတ် သာသနာတော်အား 'ဗောဓိဉာဏ်' ကို ရည်မှန်း၍ လှူဒါန်းခြင်းပင် ဖြစ်ပေသည်။

ဆရာတော်၏ သာသနာအတွက် ကြိုးပမ်းအားထုတ်မှုမှာ သာမန်ပုဂ္ဂိုလ်များ ဆောင်ရွက်နိုင်ခဲသော စွမ်းဆောင်ချက်များ ဖြစ်ပေသည်။ မိမိကိုယ်တိုင်ပိဋကကျမ်းဂန်များ တတ်မြောက်ကျွမ်းကျင်အောင် ကြိုးပမ်းအားထုတ်ခြင်း၊ ဇာပါးသူများ ဖတ်ရှုလေ့လာနိုင်အောင် ကျမ်းဂန်များ ရေးသားပြုစုခြင်း၊ ဘုရားမြတ်၏ စကားတရားတော်တို့ကို ကိုယ်တိုင် ဟောကြားခြီးမြှင့်တော်မူခြင်း၊ ပရိယတ်တိသာသနာအတွက် ကြိုးပမ်းအားထုတ်သူများအား ထူးခြားစွာ ချီးမြှင့်ထောက်ပံ့ခြင်း၊ သတ္တဝါအများ ချမ်းသာ၍ အကျိုးဖြစ်ထွန်းစေမည့် ကုသိုလ်ဒါနများစွာကို ပြုလုပ်ခြင်းစသည်တို့အတွက် ရည်မှန်းတောင်းဆိုသော ဆုပန်ချက်မှာကြည်ညိုဖွယ် ကောင်းလှပေသည်။

တိပိဋကဓရဘွဲ့ ရရှိသည့် (၂၅)နှစ်မြောက် ငွေရတုသဘင်ပူဇော်ပွဲတွင် ဆရာတော် ကိုယ်တိုင် မိန့်ကြားသော ဩဝါဒကထာ၌....

"ဒုတိယော အတ္တဘာဝမ်ိ၊ လဒ္ဓါသပ္ပညနိ်သယံ။
ဓမ္မဓရောတိနာမေန၊ သောတာပန္နောမရူဘဝေ"

ဟူ၍ ဆရာတော်၏ ဆုပန်ချက်ကို အတိအလင်း မိန့်ကြားတော်မူခဲ့ပေသည်။ ဒုတိယကိုယ်အဖြစ်၌ မိတ်ဆွေကောင်းပညာရှိတို့၏ အမှီကိုရပြီး ဓမ္မဓရဟူသော အမည်ဖြင့် သောတာပန် နတ်သား ဖြစ်ရပါလို၏။ ဤဘုရားသာသနာတော်မှာပင် ကျွတ်တမ်း ဝင်ရပါလို၏ဟု ဆုတောင်းကြောင်း ဖော်ပြထားသည်။

ဆရာတော် ကဲ့သို့ပင် ရှေးခေတ်အခါက ကျမ်းပြုအမော် မထေရ်ကြော်တို့သည်လည်း မိမိတို့ ရေးသားပြုစုသော ကျမ်းဂန်တို့၏ နိဂုံးတွင် ရလိုသော ဆုကို တောင်းဆိုဖော်ပြထားခဲ့ကြသည်။ ဒီဃနိကာယ် သုံးကျမ်း၊ ကခ်ါဝိတရဏီ၊ ကစ္စာယန ဝဏ္ဏနာ၊ ဇိနာလင်္ကာရဋီကာစသော နိဿယကျမ်းများစွာကို ပြုစုရေးသားခဲ့သည့် နေရင်းဆရာတော် ရှင်အရိယာလင်္ကာရသည် နန္ဒမူလိုဏ်ဂူအနီးရှိ မဇ္ဈိမသကနတ်သစ်ပင်စွင့် အရိမေတ္တေယျဘုရားရှင် ပွင့်တော်မူသည့် တိုင်အောင် အသက်ရှည်လျက် ဘုမ္မစိုးနတ်ဖြစ်လိုသည်။

ဆရာတော်၏ အခြား သာသနာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဆောင်ရွက်ချက်များစွာ ရှိပေသေးသည်။ အထူးအားဖြင့် ဖော်ပြလိုသည်မှာ နိုင်ငံတော် အစိုးရက တိပိဋကဓရအတွက် နှစ်စဉ် လှူဒါန်းသည့် ဆွမ်းဆန်တော်ဖိုး ဝတ္ထုငွေနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့အတွက် နှစ်စဉ် လှူဒါန်းသော ဆွမ်းဆန်တော်ဖိုး ဝတ္ထုငွေများကို ကပ္ပိယကာရကအဖြစ် တိပိဋကဓ နိကာယ သာသနာပြု အဖွဲ့သို့ အပ်နှင်း၍ နိကာယ်ငါးရပ် ပိဋကတ် သာသနာတော်အား 'ဗော

အရိမေတ္တေယျဘုရားရှင် ပွင့်တော်မူသည့်အခါ လူ့ပြည်၌ ဖြစ်လျက် ဘုရားရှင်ထံတွင် ရဟန္တာမဟာသာဝကကြီး ဖြစ်ရပုံကြောင်း ဆုပန်တောင်းထားပေသည်။

ထို့ပြင် ဆရာတော် ရှင်ကသျှောဏသာရသည် မိမိရေးသားခဲ့သော သုစိတ္တာလင်္ကာရနိဿယကျမ်းတွင် ပဋိသန္ဓေဒါလေးမျိုး၊ အဘိညာဉ်ခြောက်ပါး၊ သမာပတ်ရှစ်ပါးနှင့် ပြည့်စုံ၍ ဥဉ္ဇဋ္ဌာနည်းဖြစ်ကာ မိတေယျသဓံ မြတ်ချစ်ရှင်၏ ထံတော်ပါး၌ 'ဟိတိက္ခုရဟန္တာ' ဖြစ်ပုံကြောင်း တောင်းဆု ပန်ခဲ့သည်။ သုဘူသင်္ဂဟနိဿယကျမ်းကို ပြုစုရေးသားသောအရှင် ဝင်္ဘရပဘာကလည်း ဂန္ဓမာဒန တောင်တွင် တန်ခိုးကြီး အသက်ရှည်သည့် နတ်ဖြစ်ကာ မေတ္တေယျဘုရားရှင်ပွင့်သွင်း ပြုပြည်တွင်ဖြစ်၍ ဘုရားရှင်၏ ညီတော်ဖြစ်ပုံသည်ဟု ဆုပန်ခဲ့ပေသည်။ နိဿယ ဆရာအဖြစ် ထင်ရှားခဲ့သော ထန်းတပင် ဆရာတော်ရှင်နန္ဒမေဓာသည်လည်း သဗ္ဗညုတဉာဏ်ကို မမျှော်ရကာ 'ပညာဓိက' ဘုရားဖြစ်ပုံကြောင်း ဘောင်းဆုပြုကာ ဖော်ပြခဲ့လေသည်။

ဆရာတော် အရှင်ဝိဇိတသာရာဘိဝံသ၏ တောင်းဆုယူပုံမှာမူ အခြားကျမ်းပြုဆရာ ထေရိမဟာတို့နှင့် မတူတမူထူးခြားချက် ရှိပေသည်။ ဆရာတော်သည်မြောက်မြားလှစွာသော သာသနာပြု ကုသိုလ်များနှင့် မိမိကိုယ်ကျင့်ထက် အများအကျိုးကို အာလေးထားဆောင်ရွက်ခဲ့သည့် ဝတ္ထုရေး ကုသိုလ်များစွာ ရှိခဲ့ပေသည်။ ဆရာပေါသည် ယမ္မာသမ္ဗန္ဓမဆုကြိုးပန်း ပုဂ္ဂိုလ်များကဲ့သို့ ဆောင်ရွက်ပေးခဲ့သူမဟုတ်သဖြင့် သမ္မာသမ္ဗောဓိဘုရားအာလေးထားဆုကြိုးကို ပန်လိမ့်မည်ဟု တွေးထင်စရာရှိပေသည်။ သို့သော်လည်း ဆရာတော်ကိုယ်တိုင် မိန့်ကြားချက်အရ ဗရင်းကြိုးဘိုးနှင့် အမြတ်နည်းနည်းကုသာ ရည်မှန်းဆုပန်ခဲ့ကြောင်း သိရပေသည်။

ဗောဓိညာဏကို ဆုမှန်း၍ လှူဒါန်း ကုသိုလ်ပြုခဲ့သော်လည်း ဟောင်းဆိုသော သာဝကဆုဖြင့် အရှင်သာဝတ္ထိ၊ မဟာသာဝကနှင့် ပကတိ သာဝကဟူ၍ ရှိသည့်အနက် မိတ်ဆွေကောင်းပညာရှိကို အမှီပြုသည့် ပကတိ သာဝက ဗောဓိ ဆုလောက်ကိုသာ ဆန္ဒပြုတောင်းဆိုခဲ့ပေသည်။

မိတ်ဆွေကောင်း ပညာရှိဆိုရာ၌လည်း ဆရာတော် ရဟန်းဘောင်သို့ ဝင်ရောက်စဉ်က ဥပဇ္ဈာယ်ပြုခဲ့ပြီး ပါဠိဋီကာကထာ၊ ဋီကာကျမ်းစာများကို ပါရဂူရောက်တတ်မြောက်အောင် သင်ကြားပေးခဲ့သော မင်းကွန်းဓမ္မနာဒတိုက် ဆရာတော် အရှင်ပညာစက္ကဿည် ပို့လွန်တော်မူပြီး ဖြစ်၍ ဓမ္မစက္ကဟူသော အမည်ဖြင့် နတ်သားဖြစ်နှင့်မည်ဟု ဆရာတော်၏ ယုံကြည်ချက် ရှိပေသည်။ ဆရာရင်းကို အမှီပြု၍ ဓမ္မဓရ အမည်ရှိသော သောတာပန် နတ်သားဖြစ်ရန် ဆုပန်ထားပေသည်။ သောတာပန် ပုဂ္ဂိုလ်၏ နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း အလွန်ထူးမြတ်လှကြောင်း ရတနာသုတ် ပရိတ်တော်ဘွင့် ဖွင့်ဆိုထားပေသည်။

'ဓမ္မဓရ'ဟူသည် တရားကို ဆောင်ခြင်းဟု အဓိပ္ပာယ်ရသည်။ ယခုဘဝ၌ပင် ဆရာတော်သည် အဓိပတိတပ်၍ ဇွဲသတ္တိဖြင့် ပိဋကတ်ကျမ်းဂန်တို့ကို သင်အံလေ့လာဆောင်ယူခဲ့ပေသည်။ ဆရာတော် ဖြည့်ဆည်းခဲ့သည့် မြတ်သောစာဂီပါရမီအဟုန်သည် ဘဝအဆက်ဆက် အကျိုးပေးမည်မှာ ယုံမှား သံသယ ဖြစ်ဖွယ်မရှိပေ။

တရားကိုဆောင်သည့် 'ဓမ္မဓရ'သောတာပန် နတ်သားသည် အမြတ်တရားကို ဟောကြားကာ သတ္တဝါအများအား ငြိမ်းချမ်းစေမည်သာ ဖြစ်သည်။ ဉာဏ်အမြင်ဆန်းကြယ်မှုကို အစွဲပြု၍ 'ရှင်ဝိစိတ္တာသာရ' ဟုဘွဲ့အမည် ရရှိခဲ့သော ဆရာတော် ဘုရားကြီးသည် နတ်ပြည်တွင် တရားစည်တော် မြို့မြို့ကျော်အောင် ရိုက်ပေါ်ဟောကြားကာ အများသတ္တဝါကို ချမ်းသာရာ နိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်အောင် ပို့ဆောင်တော်မူလိမ့်ဉီးမည် ဖြစ်သည်။ မြတ်ဗုဒ္ဓ သာသနာတော်စည်ပင် ပြန့်ပွားဆွန်းကားရေးအတွက် စွမ်းစွမ်းတမံအားထုတ်လျက်ရှိပေသော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော် သံဃမဟာနာယက အကျိုးတော်ဆောင်၊ သာသနာ့ဇာနည် ဆရာတော် ဘုရားကြီးအား လေးစား ကြည်ညိုစွာ ရှိခိုးဦးခိုက် ကန်တော့လိုက်ရပါသတည်း။

မြကေခိုင်

တိပိဋကနိကာယသာသနာပြုဘဝဖွဲ့ခြင်း
ဒုတိယသုံးနှစ်ခရီး
မော်ကွန်း

၁။ ၁၃၄၄ခု၊ တော်သလင်း လပြည့်ကျော် ၁၃ရက် (၁၅-၁၀-၈၂)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ မေတ္တာရပ်ခံ တာဝန်ပေးချက်အရ မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ်ရန် မင်းကွန်း တိပိဋကရ ဆရာတော်ဘုရားကြီးထံ အထက်ပါနေ့စွဲဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ စာပေးပို့ ဆက်သည်။

၂။ ၁၃၄၄-ခု၊ တော်သလင်းလပြည့်ကျော်(၁၅)ရက် (၁၇-၁၀-၈၂)

မန္တလေးမြို့နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ကို ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှညက္ကဒ္ဒအဖြစ် ဦးဆောင်၍တိ=နိမှ ဦးဆောင်ပြီးအဖွဲ့ဝင်(၁၅)ဦး ပါဝင်ဖွဲ့စည်းသည်။

၃။ ၁၃၄၄-ခု၊ သီတင်းကျွတ် လပြည့်ကျော် (၅)ရက် (၆-၁၁-၈၂)

အထက်ပါနေ့ ညနေ ၃နာရီ အချိန်တွင် ရန်ကုန်မြို့၊ တိပိဋက ကျောင်းတော်၊ အမှတ်-၁၂၊ နယူးလင်းလမ်း၊ သုံးထပ်တိုက်ကျောင်း မြေညီထပ်၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ဘုရားကြီးများနှင့် တိပိဋက=နိကာယ သာသနာပြုအဖွဲ့မှ အမှုဆောင် လူကြီးများတွေ့ဆုံ၍ မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကိစ္စ ဆွေးနွေးကြသည်။

တိပိဋကနိကာယသာသနာပြုအဖွဲ့၏
ဒုတိယသုံးနှစ်ခရိုး
မော်ကွန်း

၄။ ၁၃၄၄-ခု၊ တန်ဆောင်မုန်းလဆန်း (၁၁)ရက် (၂၆-၁၁-၈၂)

မိုးမိတ်ကုန်းမြေတွင် အာနန္ဒာဗောဓိ၊ မဟာဗောဓိနှင့် သဃ်မိတ္တာဗောဓိပင် (၃)မျိုး(၆)ပင်ကို အဂ္ဂမဟာပဿိတ အရိယမဂ္ဂင် ဆရာတော်ဘုရားကြီး၊ အဘ်ဓဇ မဟာရဋ္ဌဂုရု ရွှေဟသ်ာ ဆရာတော်ဘုရားကြီး၊ အဂ္ဂမဟာပဿိတ ရွှေစေတီ ဆရာတော်ဘုရားကြီး၊ အဂ္ဂမဟာပဿိတ ပဋ္ဌာန်းသိပ္ပံ ဆရာတော်ဘုရားကြီး၊ အဂ္ဂမဟာပဿိတ ဆရာတော် ဦးနန္ဒမဒြူနှင့် မင်းကွန်း တိပိဋကမရဆရာတော် ဘုရားကြီးများ အမှူးပြု၍ စိုက်ပျိုးကြပါသည်။

၅။ ၁၃၄၄-ခု၊ နတ်တော်လဆန်း (၂)ရက် (၁၇-၁၂-၈၂)

မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် မြေနေရာကို မြေ-၁၄ကေ ကျယ်ဝန်းသည့် ယခင် မှန်ကျောင်း(ရွှေကျောင်းကြီး၏ အရှေ့ဘက်) နေရာကိုမရွှေးချယ်ကြပြီး ၁၇-၁၂-၈၂နေ့ နံနက်၆နာရီ အချိန်တွင် နိုင်ငံတော် သြဝါဒါစရိယ၊ အဂ္ဂမဟာပဿိတ အရိယမဂ္ဂင် ဆရာတော်ဘုရားကြီး အမှူးပြု၍ မင်းကွန်း တိပိဋကမရ ဆရာတော် ဘုရားကြီးနှင့် မိုးမိတ်ကုန်းမြေ တိပိဋက=နိကာယ ကျောင်းတိုက်မှ စာသင်သံဃာတော် အပေါင်း(၁၅၀)ကျော်တို့သည် အန္တရာယ်ကင်း ပရိတ်တော်များ ရွတ်ဖတ်ပြီး ကျောင်းမြေနေရာကို သန့်စင်တော်မူကြသည်။

၆။ ၁၃၄၄-ခု၊ ပြာသိုလဆန်း (၁၀)ရက် (၂၃-၁-၈၃)

ပဌမအကြိမ် အထက် မြန်မာပြည်မှ အလှူရှင်များ အကြို ရေစက်ချပွဲကို မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်း ဓမ္မသာလာ အဆောက်အအုံတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ပဲခူးမြို့မ ဆရာတော်ဘုရားကြီး၊မန္တလေး၊စစ်ကိုင်း၊မင်းကွန်းတောင်ရိုးမှ ဘွဲ့တံဆိပ် တော်ရ ဆရာတော်ဘုရားကြီးများနှင့် မင်းကွန်း တိပိဋကမရ ဆရာတော် အမှူးထား၍ စုပေါင်း ရေစက်ချပွဲ ကျင်းပခဲ့သည်။

တိပိဋကနိကာယသာသနာပြုအဖွဲ့၏
ဒုတိယသုံးနှစ်ခရိုး
မော်ကွန်း

၇။ ၁၃၄၄-ခု၊ ပြာသိုလပြည့်ကျော် (၁၅)ရက် (၁၂-၂-၈၃)

အောက်မြန်မာပြည်မှ အလှူရှင်များအကြိုရေစက်ချပွဲကိုရန်ကုန်မြို့ တိပိဋကကျောင်းတော်တွင် နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌပဲခူးမြို့မ ဆရာတော်ဘုရားကြီးနှင့် မင်းကွန်း တိပိဋကဓရဆရာတော် ဘုရားကြီးများ အမှူးပြု၍ စုပေါင်း ရေစက်ချပွဲ ကျင်းပခဲ့သည်။

၈။ ၁၃၄၄-ခု၊ တပေါင်းလ (မတ်လ၊ ၁၉၈၃-ခု)

ဓမ္မဓရ သာသန သောဘိဏီ သိမ်တော် မြေနေရာ မင်းကွန်း တိပိဋကဓရ ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် မဟာ ဝိဇယပုညာ မှန်ကျောင်းအတွင်း အရှေ့မြောက် ထောင့်နေရာ(၅၉)ပေ ပတ်လည် သတ်မှတ် ပေးတော်မူပြီး ၁၃၄၄ခု တပေါင်းလဆန်း (၄)ရက် (၁၇-၃-၈၃)နေ့တွင် သိမ်နှုတ်၍ ၁၃၄၄ ခု တပေါင်း လပြည့်ကျော် (၂)ရက်(၃၀-၃-၈၃) ဗုဒ္ဓဟူးနေ့ နံနက်၈း၂၀နာရီ အချိန်တွင် အောင်မြင်စွာ သိမ်သမုတ်ပွဲ ဆင်ယင်ကျင်းပ ပြီးမြောက်ခဲ့သည်။

၉။ ၁၃၄၅ခု၊ တပေါင်းလပြည့်နေ့ (၁၆-၃-၈၄)

မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနဥတက္ကသိုလ် (၉)ဌာန အုတ်မြစ်ချသည်။

၁၀။ ၁၃၄၅-ခု၊ ဝါဆိုလ(ရူလိုင်လ၊ ၁၉၈၄)

၁၃၄၅-ခု၊ ဝါဆိုလဆန်း ၄-၅-၆-၇ရက် နေ့များတွင် ၂၄ကြိမ်မြောက် မိုးမိတ်စေတီ ဗုဒ္ဓပူဇနီယပွဲတော်နှင့် စာအောင်သံဃာ တော်များ ချီးကျူးပူဇော်ပွဲ ကျင်းပသည်။

တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှုဆိုင်ရာ
ဒုတိယသုံးနှစ်ခရီး

မော်ကွန်း

၁၁။ ၁၃၄၅ခု၊ ဝါဆိုလဆန်း (၈)ရက် (၁၇-၇-၈၃)

အထက်ပါနေ့ နံနက် မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(၉)ဌာနပန္နက်ရိုက်၍နေ့လယ် မွန်းတည့်ချိန်တွင်ဓမ္မဓရသာသနသောဘိဏီသိမ်တော်ကြီး အုတ်မြစ်ချပွဲ ကျင်းပသည်။

၁၂။ ၁၃၄၅ခု၊ ဝါခေါင်လပြည့်ကျော်(၅)ရက် (၂၈-၈-၈၃)

မန္တလေးမြို့ ဇီဝိတဒါန သာသနာ့ အထူးကုဆေးရုံကြီး ပန္နက်ရိုက်သည်။

၁၃။ ၁၃၄၅ခု၊ ဝါခေါင်လပြည့်ကျော်(၅)ရက် (၂၈-၈-၈၃)

မန္တလေးမြို့ ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီး ပြင်ပသူနာဆောင် ပန္နက်ရိုက်သည်။

၁၄။ ၁၃၄၅ခု၊ တန်ဆောင်မုန်းလပြည့်ကျော်(၅)ရက် (၂၄-၁၁-၈၃)

ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီးဦးသာလှအား ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ အဖွဲ့ဝင်(၁၅)ဦး ပါဝင်သည့် ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ်လှူဒါန်းရေး အဖွဲ့ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဖွဲ့စည်းပေးခဲ့သည်။



ဓင်းကွန်: တိပိဋကာ=နိကာယ

သာသနာပြုအဖွဲ့.

ဒုတိယသုံးနှစ်စရီး